www.burmeseclassic.com

မဂ္ဂင်း

အမှတ် - ၂၄၇ ၂၀၁၆ - ခုနှစ် စက်တင်ဘာလ

BURMESE CLASSIC .com

www.burmeseclassic.com

PHOTOGRAPHY & GRAPHIC DESIGN
YAW MINN MOUNG

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

သဗ္ဗသိန္ဓိဂါထာတော်ကြီး

ဗုဒ္ဓ ဂုဏော အနန္တော၊ ဓမ္မ ဂုဏော အနန္တော၊ သံဃ ဂုဏော အနန္တော၊
မာတာပိတု ဂုဏော အနန္တော၊ အာစရိယ ဂုဏော အနန္တော။

ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ၊ ဓမ္မော မေ သရဏံ အညံ နတ္ထိ၊
သံဃော မေ သရဏံ အညံ နတ္ထိ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

သော ဥတ္တိ၊ သဗ္ဗ သတ္တဿရာယော၊ သဗ္ဗ ရောဂဿရာယော၊
သဗ္ဗ ဒုဇ္ဇိကဿရာယော၊ ဂစ္ဆအမုမိံ ဩကာသေ တိဋ္ဌာဟိ။

အထက်ပါ ဂါထာတော်ကြီးကို "အားလုံးပြီးရာ အောင်ဂါထာ"ဟူ၍လည်း ခေါ်ကြသည်။ ယုံယုံကြည်ကြည် ရွတ်ဖတ်သူတိုင်း အသက်ရှည်မည်။ ဘေးအန္တရာယ်ကင်းမည်။ လာဘ်လာဘ ပေါများမည်။ ဘုန်းကံကြီးမည်။ လူ, နတ်, ဗြဟ္မာအပေါင်း၏ ချစ်ခင်နှစ်လိုခြင်းခံရမည်။ ကပ်ကြီးသုံးပါးမှ ချမ်းသာ လွတ်ကင်းမည်။

ကုမုဒြာကြာပန်းသည်
လရောင်ဆမ်းမှ ပွင့်လန်းရာဘိသကဲ့သို့
လပြည့်ဝန်းဟူသော မဂ္ဂင်းဖြင့်
ချစ်စွာသော စာဖတ်ပရိသတ်များ၏
အသိဉာဏ်အလင်းတန်းကို
ပွင့်လန်းလင်းလက်စေရမည်ဟု
မေတ္တာရည်သန်လျက် . . .

အမှတ် (၂၄၇)၊ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ

www.burmeseclassic.com

www.burmeseclassic.com





မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	ရောက်ဖြစ်ခဲ့ပေ ကမ္ဘာကျော်သည့် မင်းကွန်းမြေ	မင်းဇုတ် ၅
၂။	မြတ်နိုးပူဇော် ရွှေကျင်ပထမဆရာတော်	စောင်းကောင်းမြတ် ၁၄
၃။	သပိတ်တော် သုတေသနနှင့် မလွန်မြသပိတ်စေတီတော်	ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ရွှေး-သု) ၂၁
၄။	စမတောင်တော်နှင့် ဆကေသဓာတုဝင် ဆံတော်ရှင် ကမ္ဘာ့ကပ်ကျော်စေတီတော်	မရည်မွန်(ကျူးမော်) ၃၇
၅။	မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော ငါသည် မုချသေရမည်၊ အချိန်ပိုင်းသာ လိုတော့သည် ...	ဓမ္မဒါန ၄၄
၆။	ဥူးသုမင်္ဂလ(ဒယ်အိုးဆရာတော်) ဟောကြားတော်မူသော အရိုအသေ အလေးအမြတ်	ဓမ္မဒါန ၅၁
၇။	စောမွန်လှ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ပဓာနနာယက နဂါးကိုးကောင်ဆရာတော် ...	ပိုးစွဲ(အောင်ပင့်လယ်) ၅၈
၈။	ပျံလွန်တော်မူပြီး နှစ်နှစ်အကြာ ရုပ်ကလာပ်တော်အား မပုပ်မသိုးဘဲ ကျောက်သားအသွင်ပြန်လည်ဖူးတွေ့ရသည့် ကျွန်းတောကျောင်းတိုက်ဆရာတော်ကြီး	ကိုသက်(ဇီးကုန်း) ၆၄
၉။	မီးလျှံဖြစ်စဉ် ရှပွားဆင်ခြင် ဓာန်ခိုးရှင်	လင်းယုဉ်ဘာဏ် ၆၇
၁၀။	မဟာပထဝီမြေကြီးမှ လမင်းဆီသို့ စီးဆင်းသွားသော မြစ်တစင်း	တင်အောင်ထွန်း(ထူးကြီး) ၇၈
၁၁။	အမြတ်ဆုံးရတနာနှင့် အမြတ်ဆုံးကုသိုလ် .	ကောင်းဇော်ဟိန်း(ဗန်းနေဝန်း) ၈၈
၁၂။	ကာမရာဂအစွဲမ်းပြတဲ့ အလမ္ဘသ	ယောဂီတိုးအောင် ၉၁
၁၃။	အလောင်းမင်းတရား အောင်ဇေယျတဲ့ဟော့	ထွန်းလင်းသူ ၉၅
၁၄။	ပညာနှင့်အမြင်မှန်၍ အကြင်နာဖြင့်ရှင်သန်စေသော အမေဒေါ်အောင်ဆန်းစုကြည်	ကိုအေးမင်း(ပဲခူး) ၁၀၄
၁၅။	ဆင်ဖြူသည် သစ်မဆွဲပါ	မင်းလှမင်းဒေါင် ၁၀၉
၁၆။	ရှေ့မှာ ပန်းတိုင်ရှိသည်	နန္ဒာမိုးကြယ် ၁၁၆
၁၇။	အလင်္ကာကျော်စွာ အနုပညာရှင်	ဆန်းဝင်း(အောင်မြေ) ၁၂၁
၁၈။	ကျေးလူးပြုသော ဝိညာဉ်နှင့် သစ္စာရှင် လူသတ်သမား	မောင်လေးအောင်(သန့်လျင်) ၁၂၈

www.burmeseclassic.com

www.burmeseclassic.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၉။	အမွေစကား	သိုက်နွယ် ၁၃၄
၂၀။	နေရာအသစ်မှာ တစ်ရက်တာ	စောလထုဘော် ၁၃၉
၂၁။	အလွမ်းကြွယ် ဆန်းကြယ်တဲ့ဘဝစခန်း	ရနံ့သာအောင်ချမ်းဇော် ၁၄၆
၂၂။	လက်ဖွဲ့ငွေတစ်ရာဖြင့် ကြေကွဲသွားသော နှလုံးသားများ	ကြည်မင်းစန်(အောင်မြေသာယာ) ၁၅၄
၂၃။	မေတ္တာခြုံထည်	ဘိုဘို(ရွှေက်ကူ) ၁၆၅
၂၄။	တစ္ဆေဝါးဆရာကြီး	တော်မြင့်(ငှက်ဖျား) ၁၇၆
၂၅။	အမြင်မှားမိသည်ကပင် ခပ်ကောင်းကောင်း ...	တင့်ထူး(ဇေယျဝတီ) ၁၈၃
၂၆။	ပန်းခင်းသောလမ်း	သစ္စာဦး(ဇေယျာမြေ) ၁၈၇
၂၇။	ချစ်နှင်းမှုန်မှုန်	ရဲမြတ်တင် ၁၉၈
၂၈။	ကဗျာကြယ်တံခွန်လွှတ်ခဲ့သူ သို့မဟုတ် ကဗျာဆရာ ဒေါင်းနွယ်ဆွေ	သုဝဏ္ဏကျော်စိန် ၂၀၇
၂၉။	ကပွဲယက်ကောင်းနှင့် အရိုးခေါင်းတောင်ခရီး	မဟာပဲသု ၂၁၀
၃၀။	ဆူးမဲ့နှင်းဆီ	နှင်းသီရိကျက်သရေ ၂၁၈
၃၁။	မျက်နှာမပါတဲ့မိန်းမ၊ စပိန်ဘုရင့်နန်းတော် မူးရစ်မြို့ရိုးတံတိုင်းနဲ့ ဖန်နန်းတော်	ကိုအေးမြင့်(မဟာဝိဇ္ဇာဧရူး-သု) ၂၂၃
၃၂။	စိတ်ညှိုအိပ်မွေ့ချပညာ အဆင့်များ	အောင်ဘုန်းမြင့်(ကချင်မြေ) ၂၃၆
၃၃။	အွန်လိုင်းပေါ်မှ ဆေးနည်းများ	ခရာ(ကေတ) ၂၄၁
၃၄။	ငယ်ဘဝပုံရိပ်များနှင့် ဂမ္ဘီရဆန်းကြယ် ကိုယ်တွေ့ဆေးနည်းများ	ဦးပင်းဇင်(ဧရာနဝင်း) ၂၄၃
၃၅။	ချင်းတက်၏ ဆေးဖက်ဝင်ပုံနှင့် သဘာဝကုထုံး	သန်းတင်စိုး ၂၄၅
၃၆။	ရုပ်ရည်ရှုပကာနှင့်အရေပြား၏အလှတရား ..	ဒေါက်တာနိုက်တင်ဝေးလ် ၂၄၈
၃၇။	တိရစ္ဆာန်များမှ လူသားများကို အကျိုးပြုပုံ	ဒေါက်တာသက်ဆွေ ၂၅၃
၃၈။	အအေးမိရောဂါ	အောင်ဘုန်းမြင့်(ကချင်မြေ) ၂၅၇
၃၉။	စံပယ်ရွက်နှင့် သွေးတိုးရောဂါ	ရောမြေခိုင်ခန့်ကျော် ၂၆၁
၄၀။	ဆေးလိပ်ငွေ့ လက်ဝါးပြင်သန့်စင်မှုနှင့် မေတ္တာတရား	တော်မြင့်(ငှက်ဖျား) ၂၆၃
၄၁။	သိမှတ်စရာ ဆေးနည်းအဖြာဖြာ	မောင်စာဆို(ကျုံစု) ၂၆၇



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၄၂။	မိုင်းလုပ်သား၏ဂုဏ်ရည်	နိုင်မျိုးသစ္စာ(နမ္မတူ) ၂၃၀
၄၃။	ကော့ဖြိုင်တောင်စောင်းမှ ဓိဌာန်စခန်းများ ...	ဆရာကြီးဦးအောင်မြိုင် ၂၃၅
၄၄။	ပြုံးရယ်ရယ်ဟား ဟာသများ	စွမ်းဆက်အောင် ၂၃၈
၄၅။	ကာတွန်းကဏ္ဍ ...	မုဒုံ(အိမ်ဂျယ်)၊ဆောင်းသရော်မိုးမခ(စစ်ကိုင်း)၊အီးကွတာ ၂၈၀
၄၆။	အံ့ပါ့ တလွဲခင်ရယ်	ဟန်သီဇင် ၂၈၄
၄၇။	ရာနှုန်းပြည့်နီးပါး မှန်ကန်သော လက္ခဏာပညာ အဟောများ	ဆရာကြီးဦးအောင်မြိုင် ၂၈၆
၄၈။	သျှန်ခေတ်ယဉ်ကြော (၅)	အောင်ကြည်သန်း(ဗောင်တော်သီ) ၂၈၉
၄၉။	သောကဟူသမျှကင်းဝေးမှ သုခချမ်းသာ ရလိမ့်မည်	ဆရာသုခအောင်(သန်လျင်) ၂၉၂
၅၀။	သောကြာသက်ရောက် တစ်နှစ်တာ	ဆရာသက္က ၂၉၅
၅၁။	ဇရာသစ်ဆန်း မတင်သန်း	အဂ္ဂမျိုး ၂၉၈
၅၂။	ဝါစတုသျှတ္တရပညာ	ဆရာဦးခန့်ကျော် ၃၀၁
၅၃။	၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ခုနစ်ရက်သားသမီးများအတွက် ဟောစာတမ်းနှင့် ယကြာ	ဦးညွှန့်လှိုင်(ကြို့ပင်ကောက်) ၃၀၉
၅၄။	၂၀၁၆ ခုနှစ်၊ ရာသီခွင်နှင့် စက်တင်ဘာလ ဟောကိန်းများ	ဆရာဦးခန့်ကျော် ၃၁၂

ကိုယ်စားလှယ်ဖြင့် လာရောက်ထုတ်ယူသူများအတွက် အသိပေးအကြောင်းကြားခြင်း

စာမူရွေးချယ် ဖော်ပြခံရသော ဆရာ၊ ဆရာမတို့သည် မိမိတို့ စာမူအတွက် ဉာဏ်ပူဇော်ခ ထုတ်ယူရန် ကိုယ်တိုင် မလာရောက်နိုင်၍ ကိုယ်စားလွှတ်သောအခါ ကိုယ်စားလှယ်လွှဲစာ ရေးသားပေးပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်။

အယ်ဒီတာချုပ်
လဲ့ပြည့်ဝန်းမဂ္ဂဇင်း

နာယက
ဆင်ဖြူကျွန်းအောင်သိန်း
မင်းဝုက်

အကြံပေး
ဦးစိုးပိုင်
ဒေါ်ခင်ငြိမ်း

အယ်ဒီတာချုပ်
ဉာဏ်ပွင့် (စက်မှ)

တာဝန်ခံအယ်ဒီတာ
တက္ကသိုလ်တင်ဟန်ကျော်

ခရီးသွားအယ်ဒီတာ
စောင်းကောင်းမြတ်

အယ်ဒီတာအဖွဲ့
ခင်သက်နိုင်

မျက်နှာပုံးဒီဇိုင်း
ကျော်မင်းမောင်

ကွန်ပျူတာ
လပြည့်ဝန်းအဖွဲ့

ဝန်းရံပညာရှင်များ
အောင်နိုင်လတ်၊ လှသစ်အောင်၊
တောင်ငူဝိုးမြင့်လေး၊ စောတင်မောင်၊
ဖိုးအောင်၊ ဆွေမြင့်

အတွင်းဖလင်
ကိုဦး

မျက်နှာပုံးနှင့်အတွင်းပုံနှိပ်
မာကျူရီအော့ဖ်ဆက်၊ ဦးစွန့်ကော်ယူ (၀၀၃၈၇)၊
အမှတ်(၄၉)၊ ရေကျော်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဒေါ်ခင်ငြိမ်း [မှတ်ပုံတင်အမှတ်-၀၀၅၃၀၀]
အမှတ်-၄၄၊ ၁၅-လမ်း၊ (၂)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

မဂ္ဂဇင်းတိုက်နှင့် ဖြန့်ချိရေး
တိုက်အမှတ် (၇၂၄)၊ အခန်း ၁၈ (ပထပ်)
(၁၇ × ၁၈ လမ်း)ကြား၊ မဟာဗန္ဓုလလမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၅၂၂၂၈၅၀၈

ကြော်ငြာနှင့် ဖြန့်ချိရေး
နန္ဒာအောင် (၀၉-၃၁၀၆၆၀၇၄)

အခွဲရေး
အောင်ဝင်းသန့်

မန္တလေး
ထွန်းဦးစာပေ၊ နဂါးစာပေ

စာစီးစက်
ဘုံဝေ

ဖုံး
၂၄၀ ကျပ်

စာ
၁၀၀

www.burmeseclassic.com

www.burmeseclassic.com



ရောက်မြဲခဲ့ပေ ကမ္ဘာကျော်သည့် မင်းကွန်းမြေ

မခင်ခင်ဇော်

(ယခင်လမှ အဆက်)

မင်းကွန်းခေါင်းလောင်းကြီးကို လေ့လာကြည့်ရှုခဲ့ကြပြီးနောက် မြသိန်းတန်စေတီတော်ရှိရာသို့ ခရီးဆက်ခဲ့ကြသည်။ မြသိန်းတန်စေတီတော်သည် မင်းကွန်းခေါင်းလောင်းကြီး၏ မြောက်ဘက် ကိုက် ၅၀၀ ခန့်အကွာတွင် ရှိသည်။

နေမပူသဖြင့် ခရီးသွားရသည်မှာ မပင်ပန်းသော်လည်း မိုးရွာထားသဖြင့် လမ်းများမှာ စွတ်စိုလျက်ရှိသည်။ မကြာမီပင် စေတီတော် မုခ်ဦးရှေ့သို့ ရောက်ခဲ့ကြသည်။

သန့်ရှင်းစင်ကြယ်သည့်အသွင်ကို ဆောင်ကာ တောင့်တင်းခိုင်မာစွာ တည်ဆောက်ထားသည့် အဖြူရောင် ဝင်ပေါက်မုခ်ဦးကြီးမှာ မြန်မာ့မူဟန် အင်္ဂတေကန္တပ်ပန်းဖော် အနုလက်ရာများဖြင့် ကြွားကြွားဝင့်ဝင့် တင့်တယ်စွာပင် ထည်ဝါလျက်ရှိသည်။

မုခ်ဦး ကမ္ဘည်းစာတန်းကိုလည်း "၁၁၆၃ ခု မြေးတော်စစ်ကိုင်းမင်းသားတည်ထားသော ရွှေဟောင်းသမိုင်းဝင် မြသိန်းတန် စေတီတော်ကြီး" ဟူ၍ ရိုးရှင်းစွာပင် ရေးထိုးထားပြီး ကမ္ဘာလှည့် ခရီးသွားများ သိရှိနိုင်ရန်အတွက်လည်း "MYA THEIN DAN PAGODA - HSIN PHYU SHIN CETI" ဟူ၍ အင်္ဂလိပ်ဘာသာဖြင့် ရေးထိုးထားသည်။

ဝင်ပေါက်မုခ်ဦးအတွင်း ဝင်ရောက်သွားပြီးသည်နှင့် လက်ဝဲဘက်တွင် ဂေါပကအဖွဲ့ အလှူခံဌာနကို တွေ့ရသဖြင့် စေတီတော် ဘက်စုံပြုပြင်မွမ်းမံရေးအတွက် အလှူငွေများ လှူဒါန်းခဲ့ရာ ဂေါပကအဖွဲ့မှ ထုတ်ဝေသည့် လက်ကမ်းစာစောင်လေးတစ်စောင် ရရှိခဲ့သည်။ ဂေါပကအဖွဲ့ အလှူခံဌာနမှ ထွက်လာခဲ့ပြီးနောက် စေတီတော်ကြီး



မြသိန်းတန်စေတီတော် ဝင်ပေါက်မုခ်ဦး

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ခြေတော်ရင်း ပရိဝုဏ်မြင်ကွင်း

ဘက်သို့ အာရုံကျရောက်ခဲ့သည်တွင် အုပ်အုပ်ဆိုင်းဆိုင်း မှိုင်းမှိုင်းပျပျ မိုးကောင်းကင် နောက်ခံထားကာ မြန်မာမှု အင်္ဂတေပန်းတော့ အနုလက်ရာများဖြင့် ထူးထူးခြားခြား စိတ်ကူးဉာဏ်ကွန့်မြူးစွာ ထုဆစ်ပုံဖော် တည်ဆောက်ထားသည့် ဖြူလွလွအဆင်းရှိ မြသိန်းတန်စေတီတော်ကြီးကို အထင်းသား ဖူးတွေ့လိုက်ရသည်မှာ သဘာဝပန်းချီကားချပ်ကြီးသဖွယ်ပင်။

ထိုမြင်ကွင်းနှင့် တစ်ဆက်တည်းပင် စာရေးသူတို့ငယ်စဉ်က မကြာခဏကြားဖူးခဲ့သည့် "မင်းကွန်းခေါင်းလောင်းကြီးနဲ့ မြသိန်းတန်စေတီ ××× သာယာဝေစည် ××× တရားရိပ်ကြောင့် အေးချမ်းသာယာသည် ×××" ဟူသော တေးသံရှင် သန်းထွန်းလေး၏ သီချင်းသံလေးကို ပြန်လည်ကြားယောင်လာမိသည်။ ထိုစဉ်က ကြားရုံသာ ကြားခဲ့ဖူးသော မြသိန်းတန်စေတီတော်ကြီးကို ယခုအခါ ကမ္ဘာကျော်သည့် မင်းကွန်းမြေပေါ်တွင် ကိုယ်တိုင်ကိုယ်ကျ မျက်မြင်ဒိဋ္ဌ ဖူးမြင်နေရပေပြီ။

ထို တေးသီချင်းပါ စာသားအတိုင်းပင် မြသိန်းတန်ဘုရားပရိဝုဏ်ပတ်ဝန်းကျင်မှာ ဆိတ်ငြိမ်အေးချမ်းကာ သာယာသည့်အသွင်ကို ဆောင်လျက်ရှိသည်။

ဉာဏ်တော်အမြင့် ၃၂၁ ပေရှိသဖြင့် မြင့်မားသည့် အသွင်တော်ကို ဆောင်တော်မူလျက်ရှိသော မြသိန်းတန်စေတီတော်ကို တည်ဆောက်ထားပုံမှာ မြန်မာနိုင်ငံရှိ အခြားသောစေတီတော်များနှင့်မတူ တစ်မူထူးခြားနေသည်။ အခြားသော စေတီတော်များကဲ့သို့ မဟာရံတံတိုင်းကို လေးထောင့်မပြုလုပ်ဘဲ အဝိုင်းပြုလုပ်ထားသည်မှာ စကြဝဠာကို ရည်ရွယ်သည်ဟု ဆိုသည်။

စေတီတော်ကြီး၏ အောက်ခြေမှ တရွေ့ရွေ့မြင့်တက်လာသော ရေလှိုင်းအတွန့်သဏ္ဌာန် ပစ္စယာ ခုနစ်ဆင့်မှာ သီတာ ခုနစ်တန် တောင်ရံ ခုနစ်လုံးကို ရည်ရွယ်သည်။ ထိုပစ္စယာ ခုနစ်ဆင့်ကိုလည်း ဘုရားဖူးများ လှည့်သွားလာ ဖူးမြော်နိုင်ရန် ကျယ်ပြန့်စွာတည်ဆောက်ထားသည်။

သတ္တမပစ္စယာမှာ ယုဂန္ဓရိရ တောင်ထိပ်ကို ရည်ရွယ်၍ အလယ်ဗဟို အမြင့် အုတ်ခုံမှာ အာလိန်ငါးဆင့်ပတ်လျက် မြင်းမိုရ်တောင်ကို ရည်ရွယ်သည်။

အာလိန်ငါးဆင့်တွင် ပထမအာလိန်၌ နဂါး၊ ဒုတိယ အာလိန်၌ ဂဠုန်များ၊ တတိယ အာလိန်၌ ဂဇမ္ဘကာများ၊ စတုတ္ထအာလိန်၌ ယက္ခများ၊ ပဉ္စမ အာလိန်၌ ဂန္ဓဗ္ဗများ စောင့်ကြပ်ပြီး အာလိန်ငါးဆင့်မှ အထက်တွင် သိကြားမင်းစံရာ တာဝတိံသာနတ်ပြည် မြင်းမိုရ်တောင်ထိပ် ဖြစ်သည်။

အထက်တွင် ဥမင်လိုဏ် ပါသော စေတီမှာ မြင်းမိုရ်တောင်ထိပ် တာဝတိံသာနတ်ပြည်ရှိ စူဠာမဏိစေတီတော်ကို ရည်ရွယ်သည်ဟု သိရသည်။

စေတီတော် ပတ်လည်ရှိ ပြာသာဒ်များမှာ သုံးကျိပ်သုံးဦးသော နတ်မှူးများ၏ ဗိမာန်များကို ရည်ရွယ်ပြီး စောင်းတန်းသုံးသွယ်မှာ မြတ်စွာဘုရားရှင် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရား ဟောကြားတော်မူခဲ့ပြီးနောက် တာဝတိံသာမှ လူ့ပြည် သင်္ကဿနဂိုရ်သို့ ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်း တည်းဟူသော စောင်းတန်းသုံးသွယ်ဖြင့် သက်ဆင်းတော်မူပုံကို ရည်ရွယ်သည်ဟုသိရသည်။

စာရေးသူတို့လည်း တာဝတိံသာနတ်ပြည်ကို ပုံစံယူကာ တည်ဆောက်ထားသည့် မြသိန်းတန်စေတီတော်၏ ပစ္စယာ ခုနစ်ဆင့်စလုံးကို တာဝတိံသာနတ်ပြည်သို့ တစ်ခါတစ်ခေါက်အလည်



စေတီတော်ပတ်လည်ရှိ ပြာသာဒ်နတ်ဆွတ်များ

www.burmeseclassic.com

www.burmeseclassic.com

ဥမင်အတွင်း ဖူးတွေ့ရသည့် ကျောက်ဆင်းတုရုပ်ပွားတော်

ကျောက်ဆင်းတုရုပ်ပွားတော်နောက်ဘက်တွင် ဖူးတွေ့ရသည့် ရွှေအဆင်းရှိ ရုပ်ပွားတော်

ရောက်သည့်နှယ် ခံစားရင်း တက်ဖြစ်အောင် တက်ခဲ့ကြသည်။

ဓောင်းတန်းဘေး နံရံများတွင် သံမဏိပိုက်လုံးလက်ရန်းများ တပ်ဆင်ပေးထားခြင်းက သက်ကြီးရွယ်အို များအတွက် အထောက်အပံ့ရစေသဖြင့် ထိုအလှူရှင်များ၏ ကောင်းမှုကုသိုလ်ကို ဝမ်းမြောက်နုမော်သာခုခေါ်ဖြစ်ခဲ့သည်။

သတ္တမပစ္စယာ ဥမင်လိုဏ်အတွင် ဘုရိဖဿမုဒြာ ကျောက်ဆင်းတုရုပ်ပွားတော်တစ်ဆူ ကိန်းဝပ်စံပယ်တော်မူလျက် ရှိသည်ကို ဖူးတွေ့ရသဖြင့် ဘုရားရှင်ကိုယ်တော်မြတ်၏ ဂုဏ်တော်ကျေးဇူးတော်တို့ကို ရည်မှန်းကာ ရှိခိုး ပူဇော် ဖူးမြော်ဖြစ်ခဲ့သည်။ ထိုသို့ ဖူးမြော်ပူဇော်ပြီးနောက် ဘုရားရှင်၏ မေတ္တာတော်ရိပ်ကို ခိုလှုံကာ အေးချမ်းသောစိတ်အစဉ်ဖြင့် ဘုရားရှင် အလိုတော်ကျ တရားဘာဝနာ ပွားဖြစ်ခဲ့ပြီး ပြုခဲ့သမျှ ကောင်းမှု ကုသိုလ်တို့ကိုလည်း အမျှ မေတ္တာများ ပေးဝေဖြစ်ခဲ့သည်။

ထို့နောက် စေတီတော်အား လက်ယာရစ်ပူဇော်ခဲ့ရာ ကျောက်ဆင်းတုရုပ်ပွားတော်၏ နောက်ကျောဘက်ရှိ ဥမင်လိုဏ်အတွင်းဝယ် ရွှေကြာသက်နန်းကပ်လှူထားသည့် မျက်နှာတော် ရွှေအဆင်းရှိ ရုပ်ပွားတော်တစ်ဆူကိုလည်း ဖူးတွေ့လိုက်ရသည်။ ကျောက်ဆင်းတုရုပ်ပွားတော်မှာ နောက်မှ ကိုးကွယ်ပူဇော်ထားသည့် ရုပ်ပွားတော်ဖြစ်ပြီး ထိုရုပ်ပွားတော်၏ နောက်ကျောဘက်ရှိ ရုပ်ပွားတော်မှာ မူလရှိရင်းစွဲရုပ်ပွားတော်ဖြစ်မည်ဟု စာရေးသူ ထင်မြင်မိသည်။

သတ္တမပစ္စယာ ဂန္ဓကုဋိတိုက်တော်အဝင်ဝတွင် ရွှေဟောင်းအမွေအနှစ် လက်ရာဟု ယူဆရသော သံတံခါးရွက်ကြီးတစ်ချပ် တပ်ဆင်ထားသည်ကို မြင်တွေ့ရသဖြင့် မှတ်တမ်းတင်ဖြစ်ခဲ့သည်။ ထိုတံခါးကြီးမှာ သံချေးများတက်ကာ ဆွေးမြည့်နေပြီဖြစ်၍ ပြန်လည်ပြုပြင်မွမ်းမံထိန်းသိမ်း စောင့်ရှောက်ရန် လိုအပ်နေပေပြီ။

စေတီတော်မှာ အတော်ပင် မြင့်မားသည်ဖြစ်ရာ လက်ယာရစ်တစ်ပတ် ပူဇော်ရင်း မင်းကွန်းနယ်တစ်ခွင် သာမောဖွယ် ရှုခင်းအစုံအလင်ကို ရှုမြင်ခံစားခွင့် ရခဲ့သည်။ ရှုခင်းက သာယာလည်း မိုးရိပ်အုံ့ဆိုင်း ရီဝေညှိုင်းနေသဖြင့် အဆွေးဓာတ်ခံ ရှုသူများအဖို့

www.burmeseclassic.com

www.burmeseclassic.com



စာရေးသူတို့ တက်ရောက်ခဲ့သည့် စောင်းဆန်းမြင်းကွင်း



ဂန္ဓကုဋိတိုက်တော်ဝတ္ထုင် တွေ့ရသည့် သံတံခါးကြီး

လွမ်းမောဖွယ်ရာ ဖြစ်ကောင်းဖြစ်၍နေပေမည်။ အဆွေးဓာတ်ခံ မရှိသော စာရေးသူအဖို့မူ ဂ်မ္ဘာလှည့်ခရီးသွားများ၊ နိုင်ငံခြားသံတမန်များပင် တအံ့တသြ ချီးကျူးထောမနာပြုကြရသည့် ဤစေတီတော်၏ ဆမိုင်းကြောင်းနှင့် စပ်လျဉ်း၍ လေ့လာမှတ်သားခဲ့ဖူးသည်များကို ပြန်ပြောင်းသတိရနေမိသည်။

ယခုအခါတွင် 'မြသိန်းတန်စေတီတော်' ဟု လူသိများနေသော ဤစေတီတော်မှာ 'ရှင်ဖြူဘုရား'၊ 'ဆင်ဖြူမယ်ဘုရား' ဟူသော ဘွဲ့မည်တော်များလည်း ရှိခဲ့ကြောင်း။ ဖိနပ်တော် အချင်း ၂၁၄ ထောင်၊ ဉာဏ်တော်အမြင့် ၃၂၁ ပေ၊ သီတာ ခုနစ်တန်၊ တောင်ရံ ခုနစ်ထပ်၊ အာလိန် ငါးဆင့်၊ စောင်းတန်းသုံးသွယ်တို့ဖြင့် မြင်းမိုရ်တောင်နှင့် စကြဝဠာ တည်ရှိပုံအရ တာဝတိံသာနတ်ပြည်ရှိ စူဠာမဏိစေတီတော်ကို ရည်မှန်း၍ လှူဒါန်းထားသည်ဆောက်ခြင်း ဖြစ်ကြောင်း သိရသည်။

မြသိန်းတန်စေတီတော်သည် ကျောင်းကျွန်းရှိ ဘိုရိုးဒူ ခေါ် စေတီတော်ကြီးနှင့် တည်ဆောက်ပုံ ရည်ရွယ်ချက် တူညီကြောင်း ကမ္ဘာလှည့်ဧည့်သည်တော်များ၏ မှတ်တမ်းများအရသိရကြောင်းနှင့် သံမှူးဟင်နရီယူးကမူ ဤမြသိန်းတန်စေတီတော်ကြီးသည် ရောမနှင့် ခေါမဒေတ်များတွင် အက်ပါတနာနန်းမြို့တော်ကြီး တည်ဆောက်ခဲ့ပုံနှင့် တူသည်ဟုဆိုသည်။ မင်းတုန်းမင်းလက်ထက်တွင် သံမှူးစလေဒင်ကလည်း မဟာအာရှ သတင်းဂျာနယ်၌ ဤစေတီတော် အကြောင်းတခမ်းတနားရေးသားခဲ့သည်။

ရှင်ဖြူဘုရားဟူသော ဘွဲ့မည်တော် ဇာစ်မြစ်ကို ဆန်းစစ်ကြည့်ရာ ဤစေတီတော်၏ မူလဘုရားဒါယကာမှာ ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီးဖြစ်ကြောင်း သိရသည်။

သက္ကရာဇ် ၄၅၄ ခုနှစ်တွင် ပုဂံနေပြည်တော်· ထီးနန်းစိုးစံခဲ့သည့် အလောင်းစည်သူမင်းကြီးသည် တိုင်းခန်းလှည့်လည်ခြင်းကို နှစ်သက်သည့် အလျောက် သီဟိုဠ်မင်း ဆက်သသည့် သက်နန်းနက်ဖောင်ယာဉ်စကြာဖြင့် တိုင်းခန်းလှည့်လည်ရာမှ လက်ယာတောင်ကျွန်း၏ အစွန်းရှိ ဇမ္ဗူသပြေပင်ရင်းသို့ ဖောင်တော်ဆိုက်ရောက်ခဲ့သည်။

ထိုကျွန်းပေါ်သို့ ရောက်သည်တွင် မင်းကြီးသည် အလွန်လှပသော ပုလဲဖြူရောင် ကျောက်ဖျာကြီးတစ်ချပ်

www.burmeseclassic.com

www.burmeseclassic.com





မြင့်မြင့်မားမား ဝင့်ဝင့်ကြွားကြွားပူးတွေ့ရသည့် မြသိန်းတန်စေတီတော်

သတ္တမပစ္စယာ ရင်ပြင်တော်မြင်ကွင်း

ကို တွေ့လိုက်ရပြီး ထိုကျောက်ဖျာကြီးကို တစိမ့်စိမ့်ကြည့်ရင်းမှ ကျောက်ဖျာပေါ်တွင် တက်ထိုင်ကာ စံစားလိုစိတ် ပြင်းပြခဲ့သဖြင့် မင်းချင်းတို့အား တိုင်ပင်ရာ ထိုကျောက်ဖျာကြီးသည် ဘဒ္ဒကမ္ပာတွင် ပွင့်တော်မူပြီးဖြစ်သော ဘုရားရှင် လေးဆူတို့ သီတင်းသုံးတော်မူခဲ့သည့် နေရာဖြစ်ပြီး နောင်ပွင့်လတ္တံ့သော အရိမေတ္တေယျဘုရားရှင်သည်လည်း ဤကျောက်ဖျာပေါ်တွင် သီတင်းသုံးတော်မူမည်ဖြစ်၍ အရှင်မင်းကြီး ထိုကျောက်ဖျာပေါ်တွင် တက်ရောက်စံနေရန် မသင့်တော်ကြောင်း ပုဏ္ဏားဖြူ အမတ်ကြီးက လျှောက်တင်ခဲ့သည်။

ထိုအခါ မင်းကြီးက သက်သေပြရန် အမတ်ကြီးအား မိန့်ကြားရာ မင်းကြီး၏ ဦးပေါင်းတော်ကို ဤကျောက်ဖျာထက်တွင် တင်ကာ အဓိဋ္ဌာန်ပြုကြည့်တော်မူပါရန် ပုဏ္ဏားဖြူအမတ်ကြီးက လျှောက်တင်သဖြင့် -

"ဘုရားရှင်၏ စစ်မှန်သောနေရာဖြစ်တော်မူပါက ကျွန်ုပ်၏ဦးပေါင်းတော်သည် ထိုကျောက်ဖျာပေါ်တွင် မီးလောင်ကျွမ်းပါစေသတည်း"ဟု မင်းကြီး အဓိဋ္ဌာန်ပြုတော်မူခဲ့သည်။ ထိုကဲ့သို့ အဓိဋ္ဌာန်ပြုပြီးသည်နှင့် တစ်ပြိုင်နက် ကျောက်ဖျာပေါ်တွင် တင်ထားသည့် ဦးပေါင်းတော်သည် တစ်ခဏချင်းပင် မီးလောင်ကျွမ်းသွားသဖြင့် မင်းကြီးသည် လွန်စွာပင် အံ့သြခဲ့ပြီး ဘုရားရှင်များ၏ စံတော်မူရာ ကျောက်ဖျာကြီးကို တွေ့ရှိရလေပြီဟု ဝမ်းမြောက် ဝမ်းသာဖြစ်ကာ ကျောက်ဖျာကြီးကို အချိန်ကြာမြင့်စွာ ရှိစားတော်မူနေလေသည်။

ထိုအချိန်တွင် သိကြားမင်းနှင့် ဝိသကြံနတ်သားတို့ ရောက်ရှိလာကြကာ ထိုကျောက်ဖျာကြီးအား အချိန်ကြာမြင့်စွာ ကြည့်ရှုနေခြင်းအကြောင်းရင်းကို မင်းကြီးအား မေးမြန်းရာ မင်းကြီးက ဤကျောက်ဖျာကြီးနှင့် ပတ်သက်၍ မိမိကြားသိ ကြုံတွေ့ခဲ့ရသည်များကို သိကြားမင်းအား ပြောကြားခဲ့ပြီး ဤကျောက်ဖျာကို ဂေါတမဘုရားရှင်ကိုယ်တော်အစား ရုပ်ပွားတော် ထုလုပ်ကိုးကွယ်ရသော် လူနတ်နှစ်ဖြာ ဝေနေယျ သတ္တဝါများအဖို့ ကောင်းကျိုးချမ်းသာ ရယ်ရှိကြောင်း ဆန္ဒတော်ထုတ်ဖော်ခဲ့သည်။

ထိုအခါ သိကြားမင်းနှင့် ဝိသကြံနတ်သားတို့သည် အလောင်းမည်သူ မင်းကြီး၏ ဆန္ဒကို ဖြည့်ဆည်းလိုသဖြင့်

www.burmeseclassic.com

www.burmeseclassic.com

ပုလဲဖြူရောင်ကျောက်ဖျာကြီး၏ အစွန်းကို မြတ်စွာဘုရား ရွှေပွားတော်အဖြစ် ဖန်ဆင်းပြုလုပ်ပြီး မင်းကြီးထံ အပ်နှံခဲ့သည်။

မင်းကြီးသည် ထိုရွှေပွားတော်အား ဖူးမြော်ကြည်ညိုရင်း ဤရွှေပွားဆင်းတုတော်သည် အလွန်ပင် ကြည်ညိုဖွယ်ရာ သန့်ရှင်းဖြူစင်လှပေတကားဟု မိန့်ဆိုလေရာ ထိုမိန့်ဆိုချက်စကားအရ မှူမတ်ဗိုလ်ပါ မင်းချင်းအပေါင်းတို့က ထိုဆင်းတုတော်ကို 'ရှင်ဖြူဘုရား'ဟူ၍ ဘွဲ့မည်တော် ခေါ်ဝေါ်ခဲ့ကြသည်။

သို့ဖြင့် မင်းကြီးသည် ဇမ္ဗူသပြေပင်၏ အခက်အရွက်တို့ကို တစိမ့်စိမ့် ကြည့်ရှုနေပြန်ရာ သီကြားမင်းက မင်းကြီးအား ဇမ္ဗူသပြေပင် အခက်အရွက်တို့ကို လိုချင်ပါသလားဟု မေးသည်တွင် ဇမ္ဗူသပြေသားဖြင့် ထုဆစ်ထားသော ဘုရားရှင်၏ ရွှေပွားတော်ကိုလည်း လိုချင်ပါကြောင်း ပြောကြားသဖြင့် သီကြားမင်းသည် ဇမ္ဗူသပြေပင်၏ လက်ယာဘက် အကိုင်းကို ဖြတ်ကာ တန်ခိုးတော်ဖြင့် ဘုရားရှင်၏ ရွှေပွားဆင်းတုတော်တစ်ဆူ ထုဆစ်ပြီး မင်းကြီးအား ပေးလေသည်။

မင်းကြီးသည် ထိုဆင်းတုတော်ကိုလည်း တစိမ့်စိမ့်ကြည့်ကာ ဖူးမြော်ရင်း 'ဤရွှေပွားဆင်းတုတော်သည်ကား လှလွန်းပေစွတကား'ဟု မိန့်ဆိုပြန်လေသည်။ မင်းကြီး၏ မိန့်ဆိုချက်ကို အစွဲပြုကာ ဤရွှေပွားဆင်းတုတော်ကိုလည်း 'ရှင်လှဘုရား' ဟူ၍ မှူမတ်ဗိုလ်ပါ မင်းချင်းအပေါင်းတို့က ဘွဲ့မည်တော် ခေါ်ဝေါ်ခဲ့ကြသည်။

ထိုရွှေပွားတော်နှစ်ဆူကို ပင့်ဆောင်ခွင့်ရခဲ့သော အလောင်းစည်သူ မင်းကြီးသည် နှလုံးစိတ်ဝမ်း ချမ်းမြေ့ကြည်လင်စွာဖြင့် ထိုကျွန်းမှ ပြန်လည် ထွက်ခွာခဲ့ပြီး ပင်လယ်ကွန်းတန်းများသို့ ဆက်လက်၍ တိုင်းခန်းလှည့်လည်ခဲ့ရာ အထက်သို့ ဆန်တက်ခဲ့ပြီး တစ်နေရာသို့ ရောက်သည်တွင် သက်နှံးနက်ဖောင်တော်ကြီးသည် ခိုက်ကပ်ရပ်နားခဲ့လေသည်။ ဤသို့ ဖောင်တော်ဆိုက်ကပ်ရပ်နားစဉ် မင်းကြီးသည် အနီးဝန်းကျင်ကို လှည့်လည် ကြည့်ရှုတော်မူပြီးနောက် ဤနေရာတွင် 'ရှင်ဖြူဘုရား' ရွှေပွားတော်ကို ထားရှိ ပူဇော်ကိုးကွယ်လိုသည့် ဆန္ဒတော် ပေါ်လာခဲ့သည်။

သို့ဖြစ်၍ မင်းကြီးသည် ပုဏ္ဏားတော်များအား ခေါ်ယူကာ ဤနေရာသည် ရှင်ဖြူဘုရားရွှေပွားဆင်းတုတော်အား ထားရှိပူဇော်ကိုးကွယ်ရန် ကောင်းမြတ်သောမြေ ကြွန်အင်လက္ခဏာနှင့် ပြည့်စုံမှု ရှိ၊ မရှိ တွက်ချက်ကြည့်ရန် စေခိုင်းလေသည်။

ပုဏ္ဏားတော်ကြီးများလည်း မင်းကြီး၏ ဆန္ဒတော်အတိုင်း တွက်ချက်ကြည့်ကြရာ ကောင်းမြတ်သောနေရာ ဖြစ်ကြောင်း တွေ့ရှိကြသဖြင့် မင်းကြီးအား တွေ့ရှိချက်ကို လျှောက်တင်ခဲ့ကြသည်။

မင်းကြီးလည်း ဆန္ဒတော်ပြည့်ဝသည်ဖြစ်၍ ထိုကျွန်းပေါ်တွင် သစ်သားကျောင်းဆောင်တော် ဆောက်လုပ်ပြီး 'ရှင်ဖြူဘုရား' ရွှေပွားတော်ကို ထိုကျောင်းဆောင်တော်ကြီးအတွင်းသို့ ဝင့်ဆောင်ပူဇော် ကိုးကွယ်ခဲ့ကြသည်။

ဤသို့ဖြင့် ထိုအချိန်မှစကာ 'ရှင်ဖြူဘုရား' သည် ထိုနေရာတွင် ကိန်းဝပ်စံပယ်ပျော် သီတင်းသုံးတော်မူခဲ့ရာ ပုဂံခေတ်မှသည် ကုန်းဘောင်ခေတ်တိုင် ရာသီဥတုဒဏ်တို့ကို ကာလကြာရှည်စွာ ခံခဲ့ရသဖြင့် သစ်သားတန်ဆောင်းကျောင်းဆောင်တော်ကြီးမှာ မရှုမလှ ယိုယွင်းပျက်စီးလျက် ရှိနေခဲ့သည်။

ကုန်းဘောင်ခေတ် ဘိုးတော်ဘုရား(ဗဒုံမင်း)လက်ထက် ရောက်သည်တွင် မင်းကွန်းပုထိုးတော်ကြီးနှင့် မင်းကွန်းခေါင်းလောင်းတော်ကြီး တို့ကို တည်ဆောက်ခဲ့ရာ မင်းကွန်းခေါင်းလောင်းတော်ကြီး၏ မြောက်ဘက်ကိုက် ၅၀၀ ခန့်အကွာတွင် ပျက်စီးယိုယွင်းလျက်ရှိသော ရှင်ဖြူဘုရား တန်ဆောင်း ကျောင်းဆောင်တော်ကြီးကို ဘိုးတော်ဘုရား၏ မြေးတော် စစ်ကိုင်းမင်းသားလေးက တွေ့ရှိခဲ့ပြီး ထိုဘုရားတန်ဆောင်း ကျောင်းဆောင်တော်ကြီးကို ပြန်လည်ပြုပြင် တည်ဆောက်လိုကြောင်း ဘိုးတော်ဘုရားအား ခွင့်တောင်းခဲ့သည်။

ဘိုးတော်ဘုရားသည် စစ်ကိုင်းမင်းသား၏ ဆန္ဒကို ခွင့်ပြုတော်မူခဲ့သည့် အပြင် ပြန်လည်ပြုပြင် တည်ဆောက်ရာ၌ နောင်အရှည်တည့်တုံ့ရန်အတွက် အုတ်အင်္ဂတေတို့ဖြင့် ခိုင်ခံ့စွာ တည်ဆောက်ရန်ကိုလည်း မိန့်မှာတော်မူခဲ့သည်။

သို့ဖြစ်၍ စစ်ကိုင်းမင်းသားလေးသည် သက္ကရာဇ် ၁၁၆၃ ခုတွင် ရှင်ဖြူဘုရား၏ ဒုတိယဒါယကာအဖြစ် ခံယူကာ ဆန်းသစ်သောအတွေး၊ ဆန်းကြယ်သော စိမံဆောင်ရွက်မှုများဖြင့် ဘိုးတော်ဘုရား မိန့်မှာတော်မူခဲ့အတိုင်း

www.burmeseclassic.com

www.burmeseclassic.com

နောင်အရှည် တည်တံ့နိုင်စေရန် အုံသြဖွယ်ရာ ခိုင်ခံ့ထည်ဝါစွာ တည်တော်မူခဲ့သည်။ စေတီတော် တည်ပြီးသည်တွင် မူလရှိရင်းစွဲ 'ရှင်ဖြူဘုရား' ခေါ်ပွားဆင်းတုတော်ကို ပလ္လင်တော်ဖြင့် ပူဇော်ထားပြီး ရှင်ဖြူဘုရား ဟူ၍ပင် ခေါ်ဝေါ်ခဲ့ကြသည်။

စစ်ကိုင်းမင်းသားလေး ဘုရားတည်နေစဉ်အတွင်း ၁၁၆၄ ခုနှစ် တပို့တွဲလတွင် ဘိုးတော်ဘုရား၏ အမြတ်နိုးဆုံး မြေးမတော်လေး ဆင်ဖြူမယ်နှင့် စုလျားရစ်ပတ် လက်ထပ်ခွင့်ရခဲ့သည်။ စေတီတော် ဌာပနာသွင်း မင်္ဂလာတွင် ဆင်ဖြူမယ် ဝတ်ဆင်နေကျဖြစ်သော တံစိမ်သိန်းတန် မြရတနာကိုလည်း ဌာပနာခဲ့သည်။

၁၁၆၆ ခု ဝါဆိုလဆန်း ၂ ရက် သောကြာနေ့တွင် ဌာပနာ ပိတ်ပွဲကျင်းပရာ ဌာပနာတိုက်ပေါင်း ၁၆ တိုက်ရှိသည်ဟု ဆိုသည်။ ၁၁၆၉ ခုနှစ်တွင် ဘုရားပြီးစီးသဖြင့် ပထမဝါဆိုလပြည့်ကျော် ၁၄ ရက် သောကြာနေ့တွင် အနေကဇာတ်ကာ ရေစက်သွန်းချ ပွဲတော်ကြီး ကျင်းပခဲ့သည်။

စစ်ကိုင်းမင်းသားလေးသည် ဘိုးတော်ဘုရား(ဗဒုံမင်း)၏ ခီးမြှင့်ချက်အရ ၁၁၇၀ ပြည့်နှစ်တွင် အိမ်ရှေ့စံဘဝကို ရခဲ့သည်။

ကြင်ရာတော် ဆင်ဖြူမယ်သည် အိမ်ရှေ့စံမိဖုရားဘဝဖြင့် ၁၁၇၄ ခုနှစ်တွင် သားတော် စကြာမင်းသားလေးကို ဖွားမြင်ခဲ့ပြီး ခုနစ်ရက် လည်ချိန်တွင် ကံတော်ကုန်ခဲ့သည်။

သို့ဖြစ်၍ အိမ်ရှေ့စံ စစ်ကိုင်းမင်းသားသည် ဆင်ဖြူမယ်အား လွမ်းဆွတ်တသကာ သတိရသောအားဖြင့် 'ရှင်ဖြူဘုရား' အား လွမ်းစေတီသဖွယ် အမှတ်တရ ကိုးကွယ်ဆည်းကပ်ခဲ့ကာ 'ဆင်ဖြူမယ်ဘုရား' ဟူ၍လည်းကောင်း၊ ဆင်ဖြူမယ် လှူဒါန်းခဲ့သည့် တစ်သိန်းတန် မြရတနာအား ဌာပနာခဲ့သည်ကို အစွဲပြု၍ 'မြသိန်းတန်ဘုရား' ဟူ၍လည်းကောင်း ခေါ်ဝေါ်ကြခြင်း ဖြစ်သည်ဟု ဆိုသည်။

သက္ကရာဇ် ၁၂၀၀ ပြည့်နှစ် ခရစ်နှစ် ၁၈၃၈ တွင် ငလျင်ဒဏ်ကြောင့် စေတီတော်ကြီး ပျက်စီးယိုယွင်းခဲ့သဖြင့် မင်းတုန်းမင်းတရားကြီးက ၁၈၇၄ ခုနှစ်တွင် ပြုပြင်တည်ဆောက်ခဲ့ကြောင်းသိရသည်။ သက္ကရာဇ် ၁၃၅၈ ခု တပေါင်းလပြည့် ၁၅ ရက်၊ ခရစ်နှစ် ၁၉၉၇ မတ်လ ၂၃ ရက် တနင်္ဂနွေနေ့တွင် ရှမ်းပြည်နယ် တောင်ပိုင်း အောင်ပန်းမြို့နေ ဦးမြို့+ဒေါ်ပြုး၊ သမီးမခင်ဌေးမြင့်၊ ပင်းတယမြို့နေ ဦးဘမောင်+ဒေါ်သိန်းမြ မိသားစုတို့က စေတီတော်ကြီး၏ ဟောင်းနွမ်းပျက်စီးနေသော ထီးတော်ကြီးကို ကြေးထီးတော်ဖြင့် ရွှေသင်္ကန်းကပ်ကာ အသစ်တင်လှူ ပူဇော်ခဲ့ကြသည်။

ကျေးလူးတော်ရှင် မင်းကွန်းဆရာထော်ဘုရားကြီးက -

"ပုထိုးတော်ကြီးဟာ အလွန် ကြီးကျယ်ပြီး ကမ္ဘာမှာလည်း တအံ့တသြဖြစ်လို့ ဧည့်သည်တွေလာအောင် ဆွဲဆောင်ခေါ်ငင်နိုင်တယ်၊ ဒါပေမဲ့ ဘုရားဖူးတွေအတွက် အာရုံခံဇရပ် မရှိလို့ ဧည့်မခံနိုင်ဘူး၊ မြသိန်းတန်စေတီတော်ကသာ ဧည့်သည်တွေကို သာယာတဲ့ ရှုခင်း၊ နေစရာ ထိုင်စရာ ကျကျနံနဲ့ ဧည့်ခံနိုင်တယ်၊ ဒါကြောင့် ပုထိုးတော်ကြီးက ဧည့်ခေါ်ဘုရား၊ မြသိန်းတန်စေတီတော်က ဧည့်ခံဘုရားပေါ့" ဟူ၍ မိန့်တော်မူခဲ့ဖူးကြောင့် ဖတ်ရှုမှတ်သားရသည်။

စာရေးသူတို့လည်း စေတီတော်အား လှုပ်ယာရစ်တစ်ပတ် လှည့်လည် ဖူးမြော်ခဲ့ကြပြီးဖြစ်၍ စောင်းတန်းသုံးသွယ်အနက် ကျယ်ဝန်းသော အလယ်စောင်းတန်းမှပင် ပြန်လည်၍ ဆင်းခဲ့ကြသည်။ ထိုစောင်းတန်း သုံးသွယ်တွင် လှေကားထစ်ပေါင်း ၅၃ ထစ်စီရှိပြီး အလယ်စောင်းတန်းမှာ အကျယ် ၅ပေ ၆ လက်မစီရှိကြသည်။

စေတီတော်ကြီးတွင် အရှေ့ဘက်မုခ်တစ်ခုတည်းသာ ရှိသည်။

သုံးမည်ရ မြသိန်းတန်စေတီတော်အား ကြည်ကြည်နူးနူး ဖူးမြော်ခဲ့ပြီးနောက် လန်းရွှင်သောစိတ်အစဉ်ဖြင့် ပြန်လည်ဆင်းသက်ခဲ့ကြရင်းမှ 'မြသိန်းတန်စေတီတော်က ဧည့်ခံဘုရားပေါ့' ဟူသော ကျေးလူးတော်ရှင် မင်းကွန်းဆရာတော်ဘုရားကြီး၏ မိန့်ကြားချက်ကို ပြန်လည်သတိရမိလိုက်သည်။

ဆရာတော်ဘုရားကြီး မိန့်တော်မူသည့် ဧည့်ခံဘုရားဖြစ်သော မြသိန်းတန်စေတီတော်ကြီး ရေရှည်တည်တံ့စေရန် ဘက်စုံပြုပြင်မွမ်းမံ စောင့်ရှောက်ထိန်းသိမ်းနိုင်ရေးအတွက် အထူးပင် လိုအပ်ပေသည်။

သို့ဖြစ်၍ "တာဝန်ရှိ တာဝန်သိကြသော့"သံယာတော်များဦးဆောင်သည့် လေးဌာန ဂေါပကအဖွဲ့သည် ၁၃၆၈ ခု နှောင်းတန်ခူးလဆန်း ၁၁ ရက်၊ ၂၀၀၇ ခု မတ်လ ၂၈ ရက် ဗုဒ္ဓဟူးနေ့တွင် "စည်းကမ်း နည်းလမ်း" အသစ်ထွင်၍ စောင့်ရှောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်း စသော လုပ်ငန်းများ ကြိုးစားအားထုတ်ဆောင်ရွက်လျက်ရှိကြောင်း ဂေါပကအဖွဲ့၏ လက်ကမ်းစာစောင်အရ သိရသဖြင့် စာရေးသူတို့လည်း အလှူခံဌာနတွင် စေတီတော် ဘက်စုံပြုပြင် ဆောင်ရွက်ရေးလုပ်ငန်းများအတွက် တတ်စွမ်းသမျှ ကုသိုလ်ပါဝင် လှူဒါန်းခဲ့ကြပြီး မပြီးသေးသော မင်းကွန်းမြေ ခရီးစဉ်အတွက် ရှေ့ဆက်ရန် မြသိန်းတန်စေတီထံတော်ပါးမှ ထွက်ခွာခဲ့ကြသည်။

(ဆက်ရန်)

မင်းဂုဏ်

စာကိုး

၁။ မင်းကွန်းမြေမှ ကမ္ဘာကျော် ကြီးငါးကြီး၊ အရှင်စန္ဒဇောတိ (ပါဠိပါရဂူ၊ ဝိဇ္ဇာကတ်တစ်ပုံဆောင်)

၂။ နန်းမတော်မယ်နဲ့ ရှာပုံကော်၊ တက္ကသိုလ်စိန်တင်။

www.burmeseclassic.com

www.burmeseclassic.com

မြတ်နိုးပူဇော်

ဗုဒ္ဓကျင့်ဝတ်မဟာဆရာတော်



ဒေါင်းကောင်းမြတ်

www.burmeseclassic.com

www.burmeseclassic.com

သာသနာ့ဘောင်တွင် နေ တစ်ဆူ လတစ်စင်းနှယ် ထင်ရှား ကျော်စောပြီးသာသနာပြုမင်းကောင်း မင်းမြတ်များပင် ပူဇော်ခြင်းကို ခံယူ ခဲ့ရသည့်ပုဂ္ဂိုလ်မှာ ရွှေကျင်သာသနာ ပိုင် (ပထမ)ဆရာတော်ကြီး ဘဒ္ဒန္တ ဇာဂရ ဆရာတော်ကြီးပင် ဖြစ်သည်။

ပထမ ရွှေကျင်ဆရာတော် ကြီးသည် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ဖြင့်ပြည့်စုံပြီး သာသနာ တော်ကြီးအတွက် တန်ဖိုးမဖြတ်နိုင် သော သဂါရဝ၊ သပ္ပတိဿ၊ ဟီရီ ဩတ္တပ္ပ၊ ဝိရိယ၊ ပညာစသောဂုဏ်ထူး ဝိသေသတို့ဖြင့် ပြည့်စုံသော ရွှေကျင် ဂိုဏ်းကြီးကို စတင်တည်ထောင်တော် မူခဲ့သည်။ အဏာသမုဋ္ဌာပက ဆရာ တော်ကြီးပင် ဖြစ်သည်။

ဆရာတော်ကြီးကို သက္ကရာဇ် ၁၁၈၃ ခုနှစ်တော်သလင်းလပြည့်ကျော် ကာလ၏ တစ်ခုသော ညတွင် ဥပါ သိကာမကြီး ဒေါ်မယ်မိ အိပ်နေစဉ် ဝတ်ဖြူစင်ကြယ်နှင့်လူသူတော်တစ်ဦး က တန်ဖိုးမဖြတ်နိုင်သော ပတ္တမြား လက်စွပ်ကိုကိုင်၍ 'ရော့- ဝတ်ဆင် လော့' ဟုပြောပြီး ပေးသွားသည်ဟု အိပ်မက်မြင်မက်သည်။ အိပ်ရာက နိုးသောအခါ မိခင်ကြီးသည် ပကတိ ကြည်လင်သောစိတ်ဖြင့် မိမိအိပ်မက် ကို နိမိတ်ဖတ်ခဲ့သည်။ ဇကန္တ ငါ၏ ကိုယ်ဝန်သားသည် ထူးခြားမွန်မြတ် သော သားဖြစ်ရမည်ဟု ကျေနပ်မိခဲ့ သည်။

သာသနာတော်နှစ် ၂၃၆၆၊ ကောဇာသက္ကရာဇ် ၁၁၈၄ ခု၊ ဥတု ဝဿန ပထမဝါဆိုလပြည့်ကျော် ၁၂ ရက် မြန်မာနာရီ သုံးချက်တီးကျော် ၁၃ ရက်နေ့ အင်္ဂါနေ့အဝင် မိဂသိ နက္ခတ်နှင့်ယှဉ်၍သားတော်လေးအား မီးဖွား သန့်စင်တော်မူပါသည် ဟု လေ့လာဖတ်ရှုခဲ့ရသည်။

ဆရာတော်ကြီး၏ ထေရပွတ္တိ အကျဉ်းကို စာရေးသူ လေ့လာမှတ် သားမိသမျှ တင်ပြရေးသားရမည်ဆို လျှင် ဆရာတော်ကြီး၏ ခမည်းတော် ကြီးအမည်မှာ ဦးမောင်ဖြစ်ပြီး မယ် တော်ကြီးမှာ ဒေါ်မယ်မိတို့ဖြစ်ပြီး သားသမီးငါးယောက်အနက်တတိယ မြောက် သားရတနာဖြစ်သည်။ မွေး ချင်းများ၏ အမည်မှာ အစ်မကြီးမယ် ခရု၊ အစ်ကိုအမည်မှာ ဦးဆန်း၊ နှမ ငယ် မမယ်နော်၊ နှမထွေးအမည်မှာ မမယ်ဆော် တို့ဖြစ်သည်။

ဆရာတော်ကို မွေးဖွားသန့်စင် သောအခါ အမည်နာမ မှည့်ခဲ့သော နေ့၌ ပညာရှိတို့နှင့် ညှိနှိုင်းတိုင်ပင်၍ အနာဂတ်ကာလတွင် သန့်ရှင်းစင် ကြယ်သော သံဃနိကာယကြီးကို ဖြစ်ပေါ်စေသည့်အကြောင်းနှင့်ဆက် သွယ်ညီညွတ်သောကြောင့် 'မောင် သန့်' ဟူသောအမည်ကို မှည့်ခေါ်ကြ ကုန်၏။

နာမည်မှည့်ခေါ်စဉ်က နောင် တော်ကြီး၏ အမည်မှာ မောင်ဆန်း ဖြစ်၍ ကာရန်နဘေလိုက်၍ မှည့် ခေါ်သည်ဟု ထင်မှတ်ယူဆကြသော် လည်း ဘုန်းကံကြီးမားသူတို့သည် အတိတ်ကံအစွမ်းဖြင့် အမည်တော် အလိုလို ပေါ်လာတတ်မြဲ ဖြစ်သည်။ မောင်သန့် ဟူသော အမည်တော် ကြောင့်သာ အနာဂတ် သာသနာ တော်ကြီးအား ဆောင်ရွက်မှုတို့နှင့် လိုက်လျောမှု ရှိလေသည်။

မောင်သန့်ကို မွေးဖွားသော အချိန်ကာလမှာ ဘကြီးတော်ဘုရား လက်ထက်တော်ဖြစ်သည်။ ဘကြီး တော်ဘုရားသည် 'ငါ့ကို ချစ်လျှင် ပြည်သူကိုချစ်' ဟု သစ္စာပေး၍ နန်း တက်လာသော 'သီရိတြိဘဝနာဒိတျ ပဝရပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇ' ဘွဲ့တံဆိပ်နာမံ ခံယူတော်မူခဲ့သော ရတနာပူရ စံတုတ္ထမြို့တည်နန်းတည် သော မင်းတရားကြီးပင်ဖြစ်သည်။ (ဘိုးတော် ဗဒုံမင်း၏မြေးဖြစ်ပြီး မင်း တုန်းမင်းမှ ထောက်၍ ဘကြီးတော် သောကြောင့် ဘကြီးတော်ဘုရားဟု ခေါ်တွင်ခဲ့ခြင်း ဖြစ်သည်။)

ဘကြီးတော် နန်းတက်၍ (၃) နှစ်ရှိသောအခါရတနာသီခမည်သော ရွှေဘိုမြို့၏ အောက်ဘက်ခရိုး (၁၄) မိုင်အကွာ ယခု ဝက်လက်မြို့နယ် အပါအဝင် ဝက်လက်မြို့မှအနောက် လေးတိုင်အကွာ ပေါက်ကန်မြို့ ကျွ စွာမင်း၏ ဆွေတော်မျိုးတော်များဖြစ် သော ရွှေလှဲပေါ မင်းညီအစ်ကို မောင်နှမ ငါးဦးတို့ တည်ထောင်ခဲ့ သည့် ဘူမိနက်သန် မြေကောင်း မြေ သန့်ဖြစ်သောအရပ်ဒေသ၌ လှတော ရွာ၊ ကျည်းကန်ရွာ၊ မဲကုန်းရွာ၊ ရွှေ ထွက်ရွာ၊ ရွှေကျင်ရွာ ဟူသော လှ တောကြီး ရွာငါးရွာအပါအဝင် ရွှေ ကျင်ရွာတွင် ဆရာတော်ကြီး ဖွားသန့် စင်တော်မူသည်။

ငယ်စဉ်ကပင် ကိလေသာကို အောင်မြင်ရာ အောင်ပွဲ၌ လွှင့်ထူ သော သင်္ကန်းအရောင်ဖြစ်သော အဝါရောင်ကို နှစ်သက်သည်။ မိခင် ကြီးသည် မောင်သန့်ကို အလွန်အလို လိုက်သည်။ အမြဲနို့ချိုကိုတိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

နို့ဆာ၍ ငိုသည် မရှိစေရ။ သို့သော် မောင်သန့်သည် အလိုမကျသည့်ပုံစံဖြင့် ငိုကြွေးသည်။ ဖခင်ကြီးမှာ မနေသာ၍ ဗေဒင်ပညာရှင်များနှင့် ဇာတာ စစ်ဆေး ဗေဒင်မေးရာ ခမည်းလိုနေကြောင်း ပြော၍ ပိတ်ဖြူကို နန္ဒင်းဆိုး၍ ကလေးအပေါ် ဆွဲပေးမှ ပြုံးရွှင်၏။ အဝါရောင် ဆင်မြန်းမည့် ရဟန်းဘဝပင် ဖြစ်သည်။

ရွှေကျင် ဆရာတော်ကြီး၏ ငယ်စဉ်က ထူးခြားချက်တစ်ခုမှာ နို့သားချနေသော နွားမကြီးနှင့်နွားငယ် လေးအား ကြည့်ပြီး နွားငယ်စို့စဉ် နွားမကြီးအား တိုင်တွင်ချည်စေပြီး နွားနို့ညှစ်ယူသည်။ နွားကလေးက ရုန်း၍ မိခင်ထံပြေးလျှင် လူကဖမ်း ချုပ်ထားသည်။ သူညှစ်၍ နွားမကြီးက နို့ချန်လျှင် ပြန်လွှတ်ပေး၍ နွားလေးကို စို့စေ၏။ ထိုအခြင်းအရာကို မြင်လျှင် မောင်သန့် ငိုလေသည်။ နောင်အခါ မိဘများရိပ်မိသွားပြီး နို့မညှစ်ရဲကြတော့ပေ။သူတော်ကောင်းတို့ လက္ခဏာပင် ဖြစ်သည်။

မောင်သန့် (၇)နှစ်သားတွင် ရွှေကျင်ရွာ မဟာဗောဓိကျောင်း ဆရာတော် ဦးဘိုးရွှန်း ခေါ် ဦးဝရဗုဒ္ဓိထံ ကျောင်းအပ်နှံသည်။ ဘုန်းကြီးကျောင်းသားဘဝတွင် မိဘများက ထန်းလျက်ခဲနှင့် ပဲလှော်များ ထည့်ပေးလေ့ရှိသည်။ ထိုသရေစာတို့ကို မစားဘဲ အမြဲသိမ်းထားလေ့ရှိသည်။ ကျောင်းအားချိန်တွင် ကျောင်းသားတချို့က ပျားအုံလေးများကို ဖွပ်ကြ၊ ခဲဖြင့်ပေါက်ကြပြီး ရလာသော ပျားရည်ကို စားကြသည့်အခါ မောင်သန့်က ထိုသူငယ်တို့အား ထန်းလျက်နှင့် ပဲကြီးလှော်များပေး၍ ပျားအုံကိုမဖွပ်ဖို့ ပြောကြားတောင်းပန်လေသည်။ ထို့ကြောင့် တချို့လည်း မောင်သန့် ကျွေးသော မုန့်ကိုစားပြီး ပျားအုံများကို မဖျက်ဆီးကြတော့ပေ။ မောင်သန့်၏ ငယ်စဉ်က ဓလေ့စရိုက်ပင် ဖြစ်သည်။

ထို့အပြင် လယ်ယာလုပ်ကိုင်ကြရသော မိဘများအား ကျောင်းအားရက်များတွင် မိဘများကို နွားကူကျောင်းပေးသည်။ မြက်ပေါရာ နွားစားကျက်ကောင်းရာ မန်ကျည်းအုပ်စပ်ကန်တော်သို့ အဖော်များနှင့် နွားကျောင်း အတူသွားကြစဉ် အခြားကလေးများက နွားများကို ပစ်ထားခဲ့ပြီး ယုန်လိုက်၊ ပုတတ်လိုက်ကြပြီး သတ္တဝါများကို ညှဉ်းဆဲကြသည်ကို တွေ့လျှင် ပါလာသော ထန်းလျက်ခဲနှင့် ပဲကြီးလှော်ကိုကျွေး၍ ထိုသို့မပြုလုပ်ကြရန်ပြော၏။ ထိုစဉ်က မင်္ဂလသုတ် သင်ပြီးပြီဖြစ်၍ ပြောဆိုမရသောသူများအား အသေဝနာစ ဟ လာနံ စကာအရ ထိုသူမိုက်တို့အား မပေါင်းသင်းတော့ဘဲ ခပ်ခွာခွာနေတော့သည်။

ထိုမျှမက ဂုဏ်တော်ကို တစ်နေ့လျှင် တစ်ထောင်ပြည့်အောင်ရွတ်ဆိုပူဇော်လေ့ရှိသည်။ သူ့စကားကို အမြဲနားထောင်သော မောင်ဌေး ဆိုသူနှင့်သာ ပေါင်းသင်းသည်။ မောင်ဌေးသည် ရေထွက်ရွာသားဖြစ်သည်။ အထူး ချစ်ခင်ကြသည်။ တစ်နေ့ အဓိဌာန်ဖြင့် ရွတ်ပွားနေသော ဂုဏ်တော်တစ်ထောင် မပြည့်သေးသဖြင့် မောင်ဌေးနှင့် နွားများကိုထည့်ပေးပြီး သစ်ပင်တစ်ပင်အောက်တွင်ရွတ်ပွား လျက် ကျန်ခဲ့သည်။ နွားများသာ ရောက်လာပြီး လူမပါလာသဖြင့် မိဘများက စိုးရိမ်ပြီး နွားစားကျက် သို့လိုက်လာရာ သစ်ပင်အောက်တွင် သေချာစွာထိုင်လျက် နှုတ်မှ တဖွဖွဖြင့် ပြုလုပ်နေသည်ကို တွေ့ရှိရပြီး သားဖြစ်သူကို မေးရာ ဂုဏ်တော်တစ်ထောင်ပြည့်အောင်ရွတ်ဆိုပူဇော်နေကြောင်း ပြောပြလေသည်။

သစ်ပင်မှထွက်ပေါ်လာသော ဆူးကို ချွန်ထက်ရန် မည်သူကမျှ ချွန်ပေးရန် မလိုသကဲ့သို့ ပါရမီရှင် သူတော်စင်တို့ကိုလည်း မည်သူကမျှ ထူးချွန်ထက်မြက်အောင် ပြုပေးစရာ မလိုပေ။ အလိုလိုပင် ဖြစ်ပေါ်လာမြဲ ဖြစ်သည်။ (၁၄)နှစ်သားအရွယ်သို့ ရောက်သောအခါ သဒ္ဒါ၊ သင်္ကြိတ်၊ သေဒိယ၊ မဟာဝါ၊ နန္ဒကလာ ကျင့်ဝတ်များ လေ့လာသင်ယူ တတ်ကျွမ်းပြီး ဖြစ်လေသည်။ ထို့ကြောင့် ၁၁၉၈ ခုတွင် ခမည်းတော်၊ မယ်တော်တို့က ပစ္စယာနုဂ္ဂဟ ခံယူကာ ဆရာရင်း ဖြစ်သော ဆရာတော် ဦးဝရဗုဒ္ဓိကို ဥပဇ္ဈာယ်ပြု၍ ကိုရင်ဝတ်ခဲ့သည်။

သာမဏေဘဝတွင် ဘွဲ့မည်တော်မှာ ရှင်ဇာဂရ အမည်ရသည်။ ဇာဂရ ဟူသော ပါဠိအဓိပ္ပာယ်မှာ နိုးကြားသူ ဖြစ်သည်။ သံသရာ တစ်လျှောက်လုံး ကိလေသာဇောတွေနှင့် အိပ်မောကျနေရာမှ နိုးကြားလာသူ ဖြစ်သည်။ အဝါရောင်ကို နှစ်သက်ခဲ့သော ရှင်ဇာဂရသည် ရွှေကျင်ဂိုဏ်းသံဃနာယကတော်ကြီးတစ်ရပ်ထူထောင်ရန် အစပျိုးခြင်းပင် ဖြစ်သည်။

ရှင်ဇာဂရသည် ၁၁၉၉ ခုတွင် အထက်တန်းကျမ်းဂန်စာပေများသင်

www.burmeseclassic.com

ယူရန် ရွှေဘိုမြို့သို့ ထွက်ခွာခဲ့သည်။ ဝက်ပါဆရာတော်ကြီးထံ သုံးနှစ်ကြာမျှ သဒ္ဒါကျမ်းဆိုင်ရာ စာပေများ လေ့လာသည်။ နောက် သုတ္တန်နှင့် အဘိဓမ္မာဆိုင်ရာ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ တို့ကို ဆက်လက် လေ့လာသင်ယူခဲ့သည်။

အသက် (၁၈) နှစ် အရွယ် သက္ကရာဇ် ၁၂၀၂တွင် သီးလုံးတောရ ဂဏဝိမုတ် အမိန့်ရ 'စန္ဒိမာဘိဝံသ သီရိသဒ္ဓမ္မ မဟာမဂ္ဂရာဇာမိ ရာဇဂုရု သီးလုံးဆရာတော်ကြီးအထံ ဆိုက်ရောက်သည်။ သီးလုံးဆရာတော်ကြီးထံ၌ အမြတမ်း သံယာတစ်ရာ ဝန်းကျင် ရှိသည်။

မင်းတုန်းမင်းသားကြီးသည် ခမည်းတော် ရွှေဘိုမင်းလက်ထက် မင်းသားကြီးနေရာ ခံစားခွင့်ရပြီး လွတ်ရုံသို့ တက်ရောက်တံ့ရားစီရင်ရသည်။ ထိုအခါကပင် သီးလုံးဆရာတော်ကို ကြည်ညို ကိုးကွယ်ခဲ့သည်။ မင်းတုန်းမင်းအဖြစ် ရောက်ရှိသော အခါ နေပြည်တော်သို့ ပင့်ဆောင်သော်လည်း မကြွခဲ့သဖြင့် သီးလုံးရွာ၌ပင် ရတနာဘုံစံကမ္မဉ်းတပ်ကျောင်းတော် လှူဒါန်းခဲ့သည့် ဆရာတော်ကြီးပင် ဖြစ်သည်။

အရှင်ဇာဂရ သီးလုံးတောရသို့ မရောက်လာမီ ညဉ့်တွင် သီးလုံးဆရာတော်၏ တပည့်ရင်း (နောင်အခါ စက်ရုံဆရာတော်) ဖြစ်လာမည့် အရှင်သုမနသည် အိပ်မက်မြင်မက်သည်။ ကကြိုးတန်ဆာ အပြည့်အစုံ ဆင်ထားသော ဆင်ဖြူတော်ကလေး တစ်စီး ကျောင်းတွင်းသို့ ဝင်ရောက်လာသည်ဟု မြင်မက်သည်။ထိုစဉ်က သီးလုံးဆရာတော်ကြီးသည် သက်တော် (၅၄)နှစ်သာ ရှိသေးသည်။

အိပ်မက်ကို တင်လျှောက်သောအခါ ဆရာတော်ကြီးက ယနေ့ ကျောင်းတိုက်သို့ ရောက်လာမည့် ပုဂ္ဂိုလ်သည် လူဖြစ်စေ၊ သာမဏေဖြစ်စေ၊ရဟန်းဖြစ်စေ ငါထံအရောက် ပို့ရမည်ဟု မိန့်ကြားလေသည်။

ထို့နေ့မှာပင် အရှင်ဇာဂရသည် စာပလွေကို ထမ်း၍ သီးလုံးတောရကျောင်းတိုက်သို့ ဝင်ရောက်လာသည်။ စက်ရုံဆရာတော်လောင်းလျာသည် ကိုရင်ဇာဂရကို ကြိုဆိုလျက် သီးလုံးဆရာတော်ကြီးထံလိုက်ပို့သည်။ ထိုအခါ ဆရာတော်ကြီးက-

"ဤသာမဏေသည် နောင်အခါ သာသနာတော်ကြီး၌ အလွန်ထင်ရှားသော ပုဂ္ဂိုလ်ဖြစ်လိမ့်မည်" ဟု သံယာများအလယ်၌ မိန့်ကြားခြင်း ခံရလေသည်။ အရှင်ဇာဂရသည် ဆရာတော်ဘုရားကြီးထံတွင် ပရိယတ္တိဆိုင်ရာ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ စသော အထက်တန်းကျမ်းစာကြီးများကိုသာမက ပဋိပတ္တိဆိုင်ရာ လက်တွေ့ကျင့်သုံးစုံတို့ကိုလည်း သင်ကြားခွင့်ရသော တပည့်ရင်း အနွေ့ဝါသိကအဖြစ်နေခွင့်ရရှိခဲ့လေသည်။

သာသနာတော်နှစ် ၂၃၈၆ ခု၊ မြန်မာသက္ကရာဇ် ၁၂၀၄ ခုတွင် ခမည်းတော် ဦးမောင်နှင့် မယ်တော်ကြီး ဒေါ်မယ်မိတို့သည် သားကိုရင် ရဟန်းခံပွဲအတွက် အားခဲစုဆောင်းခဲ့သော ခမ်ဳယလဒ္ဓ ပစ္စည်းများဖြင့် မယ်တော်ကြီးရွာဖြစ်သော ရေထွက်ရွာ၌ ရဟန်းခံပွဲကို ပြုလုပ်လိုသဖြင့် သီးလုံးတောရ စာသင်တိုက်တွင် စာသင်နေသော ကိုရင်ကြီးဇာဂရကို သွားပင့်လာခဲ့သည်။

ထို့နောက် ရေထွက်ရွာ ဆုတောင်းပြည့်ဘုရားဝင်းအတွင်းရှိ ဗန္ဓသိမ်တော်၌ ခမည်းတော်နှင့် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ငယ်ဆရာ ဦးဝရဗုဒ္ဓိကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းတော်အဖြစ် ရောက်ရှိခဲ့သည်။

မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်ပြီးသည်နှင့်- 'ယနေ့မှစ၍ သက်န်း၌ ခြိုးခြံစွာကျင့်မှု၊ စိဝရသင္ကေတာ၊ ဆွမ်းအာဟာရ၌ ခြိုးခြံစွာကျင့်မှု၊ အရိယသံသ တရားနှစ်ပါး၌တည်စေရန် တိစီဝရိတ်ဓူတင်နှင့် ပဏ္ဍာပတ်ဓူတင်တို့ကို ဆောင်တော့မည်' ဟု ဆုံးဖြတ်ကာ သိမ်မှဆင်းသည့် အချိန်မှစ၍ ဓူတင်ဆောင်တော့သည်။

တိစီဝရိတ်ဓူတင်ဆောင်သော ရဟန်းပုဂ္ဂိုလ်သည် အပေါ်ရုံ ဧကသီ၊ ခါးဝတ် သင်းပိုင်၊ ဒုကူဋ် နှစ်ထပ်သက်န်းကြီး၊ ဤသုံးထည်ကိုသာ သုံးဆောင်ခွင့်ရသည်။ အပိုဝတ်စုံဆို၍ အံ့သကိုက်သာ ရှိရသည်။ သက်န်းအသစ်ရရှိ၍ ဝတ်ရုံလိုပါက သုံးပြီးသား သက်န်းအဟောင်းကို စွန့်ပစ်ရသည်။

ပဏ္ဍာပတ်ဓူတင်ဆောင်ပုဂ္ဂိုလ်သည် ဆွမ်းလှည့်လည်၍ ရသော ဆွမ်း၊ ဆွမ်းဟင်း၊ အချိုပွဲ စသည်တို့ကိုသာ သုံးဆောင်ရသည်။ အခြားသံယာအား လှူသောဆွမ်းနှင့် အခြားနည်း လှူဒါန်း၍ရသော ဆွမ်းစသည်တို့ကို မသုံးဆောင်ရပေ။ ဆရာတော်လောင်းလျာသည် ထိုအကျင့်နှစ်ပါး

www.burmeseclassic.com

ကို စတင်၍ ကျင့်ကြံအားထုတ်တော်မူသည်။

အရှင်ဇာဂရသည် ရဟန်းဖြစ်ပြီးနောက် ပရိယတ်၊ ပဋိပတ် ပိုမိုပြည့်စုံစေရန် သင်ကြားလိုသေးသဖြင့် ဝိနယဂရုက ဝိနည်း လေးစားပြီး သဒ္ဒါဆိုင်ရာ လွန်စွာကျော်စောတော်မူသော ကမ္ဘာမူး (မူးမြစ်ကို ခေါ်သည်၊ နတ်မူးလည်း ခေါ်သေးသည်) အနောက်ဘက်ရှိ မန်ကျည်းကန် ဆရာတော် (အရာတော်မြို့နယ် ရဲကျင်းရွာနှင့် မန်ကျည်းကန်ရဲကျင်း ဟုတွဲခေါ်နေသည့် မန်ကျည်းကန်ရွာဖြစ်သည်)ထံသို့ သဒ္ဒါဆိုင်ရာလေ့လာသင်ယူရန် ကြွရောက်လာခဲ့သည်။ အရှင်ဇာဂရ မရောက်မီ တစ်ရက်တွင် မန်ကျည်းကန်ဆရာတော်ကြီးသည် ဤသို့ အိပ်မက်မြင်မက်သည်။

ကမ္ဘာမူးအရှေ့ဘက်မှ အစွယ်ပြူထွက်စ ဆင်ဖြူတော်လေးတစ်စီးမူး၏အနောက်ဘက်သို့ ကူးလာ၏ဟု မြင်မက်တော်မူသည်။ ထို့ကြောင့် မိမိထံ ရောက်လာမည့်ပုဂ္ဂိုလ်အား သတိထားစောင့်မျှော်နေစဉ် အရှင်ဇာဂရလည်း စာပလွေထုပ်ကိုထမ်း၍ မန်ကျည်းကန်ကျောင်းတိုက်သို့ရောက်ရှိလာသည်။

ကျောင်းတိုက်ထဲသို့ ဝင်ရောက်လာသော အရှင်ဇာဂရ၏ အသွင်အပြင် အမူအရာကိုမြင်လိုက်ရသည်နှင့် ယမန်နေ့ညက အိပ်မက်တွင် မြင်ရသော ဆင်ဖြူတော်ငယ်သည် ဤပဉ္စင်း ဖြစ်ရမည်ဟု ဆရာတော်ကြီး မှန်းဆလိုက်မိသည်။

မေးကြည့်သောအခါ မူး၏ အရှေ့ဘက် လှတောကြီး (၅)ရွာ အဝင်အပါ ရွှေကျင်ရွာမှ ကြွရောက်လာကြောင်း သိရသောအခါ ဆရာတော်ကြီးသည် သံယာအလယ်တွင် အိပ်မက် မက်ပုံကို မိန့်တော်မူပြီး -

"ဒီမျှောင်ပဉ္စင်းဟာ နောင်အခါ သာသနာတော်၌ အလွန်ထင်ပေါ်ကျော်စောသော သာသနာပြုပုဂ္ဂိုလ်ထူး ဖြစ်လိမ့်မည်" ဟု ဗျာဒိတ်စကား ဆိုတော်မူသည်။

ထို့နောက် ဆရာတော်ကြီးက လာရခြင်းအကြောင်းကို မေးသောအခါ သဒ္ဒါကျမ်းဆိုင်ရာ ထပ်မံနည်းခံလို၍ ရောက်လာရကြောင်း တင်လျှောက်သည်။ ဆရာတော်ကြီးက သဒ္ဒါဘာသာရပ်ဆိုင်ရာ မေးစစ်ပြီး အားရတော်မူပြီး -

"တို့ဆီမှာနေဖို့ မလိုတော့ဘူး၊ ပညာရှိအကျော်အမော်များ စုဝေးရာ အမရပူရနေပြည်တော်သို့သွားရောက်နည်းခံလေ" ဟု လမ်းညွှန်တော်မူပြီး အမရပူရ နေပြည်တော် မသွားမီ ဒီမှာ စာချနေပါဦး မိန့်ကြားသဖြင့် တစ်နှစ်နီးပါး စာချခဲ့ရသည်။

ဆရာတော်လောင်းလျာသည် ဝိနည်းတော်ကို အသိုက်တမျှ ထိန်းသိမ်းသောပုဂ္ဂိုလ်ဖြစ်သည့်အားလျော်စွာ နေပြည်တော်သို့သွားသည့်အခါ သင်္ကန်းတစ်စုံပဲရှိသည်။ သင်္ကန်းကလည်း တောင်းနွမ်းနေပြီ ဖြစ်ရာ ရဟန်း စဖြစ်သည်မှ ပိဏ္ဍာပတ်ခုတင် တည်ဆောက်ထားခြင်း၊ ဆွမ်းအတွက် အထူးပြင်ဆင်စရာ မရှိသော်လည်း သင်္ကန်းအတွက် အခက်တွေ့နေရသည်။

ဝိနည်း သိက္ခာပုဒ်များတွင် ဖိတ်မန်ထားသူများနှင့် ဆွေမျိုးများထံသာ တောင်းခံကောင်း၏။ အခြားသူများထံတောင်းခံပါက မအပ်သော ပစ္စည်းဖြစ်၍ အာပတ်လည်းသင့်၏။ မိစ္ဆာဇီဝဖြစ်၍ အာဇီဝပါရိသုဒ္ဓိသီလလည်း ပျက်မည်။ ထိုအခါ ခမည်းတော်သည်အရေးပါလာသည်။ဝိနယကုက္ကုစ္စ ရှိတော်မူကြသော ရဟန်းတို့သည် ဝိနယ ဂရုက လဇီပေသလ သိက္ခာကာမပီပီ ဝိနည်းတော်တိကျသော ပုဂ္ဂိုလ်ဖြစ်၍ ခမည်းတော်အား ဖွင့်၍မေးစောင်းသည်။

"ဒကာကြီး၊ ဦးဇင်း နေပြည်တော်ကို ပညာသင် သွားရပါမယ်၊ သင်္ကန်းကလည်း တစ်စုံပဲရှိပါတယ်၊ စာသင်ရာ၌ ပေ၊ ပုရပိုက်၊ ကဲ့ကူဆံတွေလည်း လိုပါတယ်၊ ဒါတွေ အလှူခံဖို့ မိရင်းဖရင်း ညီအစ်ကိုမောင်နှမ အရင်းများကိုသာ အလှူခံကောင်းပါတယ်၊ မိခင်ရဲ့ နောက်အိမ်ထောင်ဖြစ်တဲ့ (ပထွေး)အား သွေးမစပ်၍ အလှူမခံကောင်း၊ မတောင်းပါ" ဟု ပြောရာ ခမည်းတော်လည်း 'ဩော် ငါတို့သားဟာ အခြားပုဂ္ဂိုလ်တို့ထက်ပို၍ ဝိနယ ဂရုကသိက္ခာ ကာမ ကုက္ကုစ္စ သံသယ ရှိပေသူပါတကား' ဟု တွေးမိသွားပြီး -

"ဖခင်အရင်း ဟုတ်၊ မဟုတ် သိလိုပါရင် အရှင်ဘုရားရဲ့မယ်တော်ကြီးကို မေးကြည့်ပါတော့ဘုရား" ဟု တင်လျှောက်ရလေတော့သည်။

သက္ကရာဇ် ၁၂၀၅ ခုတွင် အမရပူရသို့ ကြွရောက်ခဲ့သည်။ ထိုအချိန်က အမရပူရမြို့တည် ရွှေဘိုမင်းတရားကြီး လက်ထက်ဖြစ်သည်။ အရှင်ဥယျဓမ္မမှာ သာသနာပိုင် ဆရာတော် ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com

အရှင်ဇာဂရသည် အမရပူရ မြို့တော် ပဲ့ပါကျောင်းတိုက်၊ ပဲ့ပါ ဆရာတော်ကြီးထံ၌ ပိဋကတ်စာပေများ ကြိုးစား အားထုတ်လေ့လာသည်။

မင်းတုန်းမင်းသားသည် တစ်ခါတစ်ရံ တောင်သမန်အင်းစောင်း၌ အနားယူလေ့ရှိသည်။ အင်းထဲတွင် ရွှင်ရမ်းတို့ရေချိုးကြသည်။ လူငယ် သဘာဝ ရေကူးကြ၊ ဆော့ကြ၏။ ပျော်မြူးကြ၏။ ခပ်လှမ်းလှမ်း တစ်နေရာ၌ ရဟန်းငယ်တစ်ပါး ရေချိုး နေ၏။ တည်ငြိမ်၍ ကြည်ညိုဖွယ်ရှိလှပေသည်။ ရေချိုးပြီးလျှင် ဣန္ဒြေဖြင့်ပြန်ကြွသွားသည်ကို တွေ့မြင်ရသည်။

နှစ်ကြိမ်၊ သုံးကြိမ်မြင်ရသဖြင့် တစ်ကြိမ်တွင် ရေချိုးအပြီး ပြန်ကြွခါနီး မင်းတုန်းမင်းသား ရောက်ရှိလာပြီး ကျောင်းတိုက်အမည်နှင့် ဘွဲ့အမည်ကို မေးလျှောက်ပြီး အိမ်တော်သို့ ဆွမ်းခံကြွရန်ပင့်၏။ အရှင်ဇာဂရ မည်သို့မျှ အဖိန့်မရှိဘဲ ပြန်ကြွသွားသည်။ ရာဇဝင်လွှာမင်းနှင့် အကျွမ်းဝင်သူ မဖြစ်လိုပေ။

ထိုခေတ်က အမရပူရ မြို့တော်၌ အထူး ကျော်ကြားသော ဆရာတော် သုံးပါးရှိသည်။

စာပေအရာ၌ ကုန်းဘောင်မင်း၏ ဆရာတော် ပခန်းကြီးမြို့ ကျေး သဲအင်းရွာ ဇာတိဖြစ်သော သူရိယဝံသာ သီရိပဝရာ လက်ာရ ဓမ္မသေနာပတိ ဆရာတော်ဘုရားကြီး ဖြစ်သည်။ အာဘိဓမ္မာအရာ၌ ပုဒံမင်း ဆရာတော် ပုခန်းကြီးမြို့ ကျေးမြိုင် ရွာဇာတိ ပညာဇောတာဘိဝံသ သီရိ ပဝရာလင်္ကာရ ဓမ္မသေနာပတိမဟာ ဓမ္မရာဇာဓိရာဇာ ရာဇဂုရု တံဆိပ်တော်ရ ဗာဟုသုသနာပိုင်ဆရာ တော်ကြီးနှင့် သဒ္ဒါကျမ်းဂန်အရာ၌ ဒီပဲရင်းမြို့ကျေး တောင်လက် မြရိပ် ရွာဇာတိ ဇိနာဘိသဒ္ဒမဇဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု စပါးတော ဆရာ တော်ဟု ထင်ရှားသော မြသိန်းတန် ဆရာတော်တို့ဖြစ်ကြောင်း လေ့လာ ဖတ်ရှုခဲ့ရသည်။

မင်းတုန်းမင်းသားသည် သာသနာပြုလိုစိတ် မြင်းပြစွာ ဖြစ်ပေါ် နေချိန်တွင် မင်းတုန်းမင်းတရား၏ နေအိမ်သို့ ရဟန်းတော်တစ်ပါး ကြွလာသည်။ ထိုရဟန်းတော်မှာ မိမိ တောင်သမန်အင်းတွင် ကြည်ညိုခွင့် ရခဲ့သော ဆရာတော် အရှင်ဇာဂရ ဖြစ်နေသဖြင့် မင်းတုန်းမင်းသား အလွန်ပင်ဝမ်းသာသွားသည်။

အရှင်ဇာဂရမှာ ပဲ့ပါကျောင်း တိုက်မှ ပြောင်းရွှေ့၍ မိမိ၏ဆရာ ရင်းဖြစ်သော သဲအင်းဆရာတော် ကြီး၏ အမပူရကျောင်းတိုက်တွင် သီတင်းသုံးနေသည်။ဆရာတူတပည့် ချင်းဖြစ်၍ စိတ်တွင် ပိုမိုရင်နှီးသွား သည်။

ထို့ကြောင့် သာသနာတော် အတွက် ဆရာတော်နှင့် လက်တွဲ ဆောင်ရွက်ရလျှင် အနာဂတ် သာသနာတော်အတွက် အကျိုးရှိမည်ဟု ယုံကြည်မှုရရှိသွားသည်။

ဆရာတော်သည် သဲအင်း ကျောင်းတိုက်(မင်းအိုတိုက်)၊ဗာဟုကရာ ကျောင်းတိုက်၊ မြသိန်းတန်ကျောင်း တိုက် (စပါးတောကျောင်းတိုက်)တို့၌ ပိဋကတ်ဆိုင်ရာ အဝဝကို နည်းခံ သင်ကြားရင်း နယ်မှ ရောက်ရှိလာ ကြသော အာပတ္တိဓမ္မကရဏ်းအချို့ကို ဝိနိစ္ဆယချမှတ် အဆုံးအဖြတ်ပေးရာ တရားလမ်း မှန်ကန်သဖြင့် အများက ကျေနပ်လက်ခံကြသည်။

၁၂၀၉ ခု ငါးဝါ ရချိန်မှစ၍ အရည်ကင်ဓူတင်၊ ခလုပစ္ဆာဘတ္တိ တို့ကို အမြဲဆောက်တည်ပြီး ကျန်သည့် ဓူတင် ကိုးပါးအား ရံဖန်ရံခါ ဆောက်တည်ခဲ့သော ဆရာတော်ဖြစ် သည်။

ဒီလိုနှင့် ဆရာတော်လောင်း လျာနှင့် မင်းတုန်းမင်းသားတို့ တိုင်ပင်ဆွေးနွေးရာ ဆရာတော်လောင်း လျာက အနာဂတ်သာသနာပြုရေး ကိစ္စများအား တိုင်ပင်ဆွေးနွေးရာ တွင် ရှမ်းကလေးကျွန်း၌ သီတင်းသုံး နေသော အရှင်နန္ဒ စသည်တို့နှင့် တွဲ၍ သန့်ရှင်းစင်ကြယ်သော သာသနာတော်ကြီးဖြစ်ရေးကို တိုင်ပင် ဆွေးနွေးခဲ့သည်။

ထိုမှတစ်ဆင့် အရှင်ဇာဂရ သည် ငါးဝါရပြီးဖြစ်၍ နဝရဟန်း ငယ်ဘဝကိုကျော်ကာ မရွိမအရွယ် သို့ရောက်ခဲ့ပြီး ဝိနည်း ကျမ်းဂန်နှင့် တကွ ပိဋကတ်စာပေတို့ကို လေ့လာ ပြီးဖြစ်၍ သာသနာတော် စင်ကြယ် ရေးအတွက် ဆောင်ရွက်ရန် ခြေဦး လှည့်ခဲ့ရတော့သည်။

မန်ကျည်းပင်ရွာ၌ နှစ်နှစ်ခန့် နေပြီး ၁၂၀၃ ခုတွင် ရွှေဘိုတောင် လက်မစု ဝက်လက်မြို့နယ်အနောက် ဘက်ရှိ ခေါတောရွာသို့ ပြောင်းရွှေ့ သီတင်းသုံးသည်။

တစ်နေ့ အရှင်ဇာဂရသည် အရွှေ့ဧရာဝတီမြစ်အနီး သင်္ဃိမ့်ရွာ

www.burmeseclassic.com

သို့ကြွရောက်ခဲ့ပြီး ရွှေပိန်းကြီးဘုရားကြီးတိုက်အတွင်းရှိ ရွှေသာလျောင်းဘုရားကြီးကို ဖူးတွေ့မိရာ သူ့စိတ်တွင် ပုဒ္ဓါနုဿတိဘာဝနာ ထုံပြီး သည့်အလျောက် သက်ရှိဘုရားရှင်အဖြစ် စိတ်ညွှတ်တွားကာ ခြေတော်အစုံအား နှိပ်နယ်ဝတ်ပြုတော်မူခဲ့သည်။

၁၂၁၄ ခု တန်ခူးလဆုတ် ၈ ရက်နေ့တွင် အင်္ဂလိပ်-မြန်မာဒုတိယစစ်ပွဲ စတင်တိုက်ခိုက်သည်။ ရလဒ်အဖြေကား မြန်မာပြည်အောက်ပိုင်းအဆုံးရှုံးခံလိုက်ရသည်။ ထို ၁၂၁၄ ခု ပြာသိုလဆန်း ၈ ရက် (၁၇-၁၂-၁၈၅၂)ခုတွင် မင်းတုန်းမင်းတရားကြီး ထီးနန်းစိုးစံ၍ ရွှေဘိုသို့ ထွက်တော်မူသည်။ မင်းတုန်းမင်းနန်းတက်သည်နှင့် နောင်တော်လက်ထက်တွင် မပြီးမပြတ်ရှိနေသော အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲသည်လည်း အလိုအလျောက် ရပ်စဲသွားသည်။

အရှင်ဇာဂရ ၁၂၁၇ ခုတွင် ရှိမ်းမကားရွာကြီး အနောက်မြောက်အရပ်ရှိ အဘယဂီရိ တောင်ရှမ်းဒေသ ခေမာသီဝိအဘယဂီရိ မည်သော တောရကျောင်းကို တည်ထောင်၍ သာသနာပြုသည်။

မင်းတုန်းမင်းကြီးသည် အမရပူရ ပဋ္ဌမနန်းစံမင်းအဖြစ်သို့ ရောက်ပြီးနောက် ညီတော်ကနောင်မင်းသားကြီးအား အိမ်ရှေ့ဥပရာဇာအဖြစ် အရာပေးတော်မူသည်။ ထို့နောက် မြို့တော်သစ် တည်ဆောက်ရေးနှင့် အတူ သာသနာ သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အလေးထား၍ဆောင်ရွက်တော်မူသည်။ထိုအခါ သာသနာပိုင်ဆရာတော်၏ နယ်နှင်ဒဏ်အမိန့်ကြောင့် ရွှေဘိုမြို့တောင်ဘက် ခေါတာ အနောက်ဩမ်းကုန်း ခေါကောင်းပင်ကုန်းတောရကျောင်း၌ သီတင်းသုံးနေသောရှမ်းကလေးကျွန်းဆရာတော်နှင့် ရွှေကျင်ဆရာတော် အလောင်းအလျာ အရှင်ဇာဂရတို့ကို သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဆောင်ရွက်နိုင်ရန်ပင် ခေါ်တော်မူသည်။

ဘုန်းတော်ကြီး အရှင်ဇာဂရ ကလက်မခံပေ။အကြောင်းမှာ ဆရာတော်သည် ရဟန်းဖြစ်သည်မှစ၍ တိစီဝရိတ်ခူတင်နှင့် ပိဏ္ဍာပတ်ခူတင်တို့ကို အမြဲဆောင်ခဲ့သောကြောင့်ဖြစ်သည်။ ထိုအကြောင်းအရာကို သိရှိသွားသောအခါ မင်းတုန်းမင်းလည်း ဆရာတော်ကို မလျှောက်တော့ပေ။

ရွှေကျင်ဆရာတော်ကို ပင့်၍ မရသောအခါမင်းတုန်းမင်းကြီးသည် ရတနာသီခ မြောက်ဘက် မြင်းနယ်တစ်ပြင်ရဟန်းသံဃာတို့၌ သာသနာတော် ပေါ်ထွန်းအောင် အားထုတ်သုတ်သင်တော်မူပါဟုသာ လျှောက်ထားပြီး မြင်းမြေကို သာသနာပြုအပ်သည်။

ထို့နောက် မင်းတုန်းမင်းကြီးသည် ဆရာတော်အား အမျိုးမျိုး တင်လျှောက်ပင့်ဖိတ်၍ မကြွရောက်သောအခါ ဆရာတော်၏ ခမည်းတော်နှင့် မယ်တော်တို့အား မန္တလေးရတနာပုံမြို့တော်သို့ရွေးဦးစွာခေါ်ယူပြုစုရန် စီစဉ်ကူးရရှိသွားသည်။

ထိုသို့စီစဉ်ကူးပြီး ၁၂၁၇ ခုတွင် မန္တလေးမြို့ ရတနာပုံမြို့မြောက်ပြင် သူရဲတပ်အရပ်၌ မင်္ဂလာအိမ်တော် ဆောက်လုပ်စေပြီး ဆရာတော်၏ ခမည်းတော်နှင့်မယ်တော်တို့အား ခေါ်ယူ၍ ချမ်းသာစွာ နေထိုင်စေသည်။

ရှိမ်းမကားရွာ၏ တောင်ဘက် သရက်ချောင်းတောရတိုက်၌သီတင်းသုံးလျက် နေထိုင်တော်မူစဉ် တစ်ခုသော နံနက်တွင် မိမိမြင်မက်ခဲ့သော အိပ်မက်ကို ပြန်လည်စဉ်းစားလျက် ရှိသည်။အိပ်မက်ထဲတွင် မန္တလေးမြို့ အိမ်တော်ရာမြတ်စွာဘုရားအနီး ရုပ်ပွားတော် တစ်ဆူကို မျက်နှာကြက်တော် ချိတ်ဆွဲ လှူဒါန်းမည်ပြုရာ ချိတ်ဆွဲရမည့်နေရာကို မမီနိုင်ဖြစ်နေသည်။ ထိုစဉ် မင်းတုန်းမင်းကြီး ရောက်လာပြီး 'ဒကာတော်၏ ကျောပေါ်သို့တက်၍ ချိတ်ဆွဲတော်မူပါ'ဟု လျှောက်ထားပြီး ကုန်းပေးသဖြင့် ကျောပေါ်သို့တက်၍ ချိတ်ဆွဲမည်ပြုသော်လည်း မမီနိုင်ဖြစ်နေပြန်၏။

ထိုအခါ မင်းတုန်းမင်းက - 'ဒကာတော်ရဲ့ ဦးခေါင်းထက်သို့တက်ပြီး ချိတ်ဆွဲတော်မူပါ' ဟု လျှောက်ထား၍မတ်တတ်ရပ်ပေးသောကြောင့် မင်းတုန်းမင်း၏ ဦးခေါင်းအထက်သို့ တက်၍ ချိတ်ဆွဲတော်မူမှ အောင်မြင်ပြီးစီးလေသည်။

(ဆက်ရန်)

ကျမ်းကိုး

ရွှေကျင် ပထမဆရာတော် အတ္ထုပ္ပတ္တိ လက်ရေးမူမှတ်စု။

စောင်းကောင်းမြတ်

❑

www.burmeseclassic.com

www.burmeseclassic.com

သဗိတ်တော် သုတေသနနှင့် မလွန် မြဿဗိတ်စေတီတော်

ကိုအေးမြင့် (မဟာဝိဇ္ဇာ ရော်/သု)

မလွန်မြဿဗိတ်စေတီတော်မုခ်ဦးမှာ

'မလွန် မြဿဗိတ်စေတီတော်ကြီးကို ဝင်ဖူးဖို့ပါ လှည့်ပို့မေးမယ်' လို့ 'အင်းလေးချစ်သူ' ခရီးသွားအဖွဲ့ ခေါင်းဆောင် ကိုသန့်ကျော်ဇင်က ပြောတော့ အံ့ဩသွားရတယ်။ ခရီးစဉ် စာစ်လျှောက်လုံး လိုလေးသေးမရှိ စာဝန်ကျေလှတဲ့ အင်းလေးချစ်သူ ခရီးသွားအဖွဲ့သား တွေတာ ခုလည်း မမျှော်လင့်ဘဲ လက်ဆောင်မွန်တစ်ခုကို ပေးလိုက်ပြန်ပေါ့။ သူတို့ကျေးဇူးနဲ့သာ မဟုတ်ရင်တော့ မလွန်ဆိုတဲ့မြို့လေးကို ရောက်ဖြစ်လိမ့်မယ်မဟုတ်ပါဘူး။

မြသလွန်စေတီကြီးကို ဖူးပြီး မကွေးဟိုတယ်မှာ တစ်ညအိပ်ခဲ့ကာ မကွေး-မင်းလှ-မလွန်၊ အောင်လံ၊ ပြည် ကားလမ်းမကြီးတစ်လျှောက် နောက်တစ်နေ့မှာ ဆက်လက်ခရီးနှင်ခဲ့ရာ မင်းလှခံတပ်ကို အရင်ဆုံးဝင်ရောက်လေ့လာခဲ့ကြရတယ်။ ခုသွားမယ့် မလွန်မြို့ကို သိပ်မရင်းနှီးထားတော့ ဒီခရီးစဉ်ကို ရင်ခုန်မိပါရဲ့။ မလွန်မြို့ ဟောင်းဟာ မကွေးတိုင်း၊ သရက်ခရိုင်၊ မင်းလှမြို့ကနေ တောင်ဘက်ကားလမ်းအတိုင်း ၆ မိုင်ခွဲလောက် သွားရင် ရောက်တဲ့ ဧရာဝတီမြစ်အနောက်ဘက်ကမ်းက ပင်လယ် ရေမျက်နှာပြင်အထက် ၁၆၄ ပေမှာတည်ရှိတဲ့ သမိုင်းဝင် မြို့ပါ။

ပါကစ္စတန်နိုင်ငံ၊ လာဟိုးမြို့၊ ပဟိုအမျိုးသား ယဉ်ကျေးမှုပြတိုက်မှာ ပြသထားတဲ့ အေဒီ ၂ ရာစုနှစ် အစောပိုင်း ကျောက်ဆစ်ပန်းပုပညာရှင်များရဲ့ လက်ရာ ရှေးဟောင်း ကျောက်ဆစ်လက်ရာတစ်ချပ်မှာတော့ ဗုဒ္ဓ ဘုရားရှင်အား နတ်မင်းကြီးလေးပါးတို့က သပိတ်လေးလုံး ထပ်ပြီး လှူနေဟန်ကို သရုပ်ဖော်ထွင်းထုထားပါတယ်။

အိန္ဒိယနိုင်ငံ၊ မဒရပ်မြို့က အစိုးရပြတိုက်မှာတော့ ဗုဒ္ဓသပိတ်တော်ကို ပြည်သူအများက ကြည်ညိုလေးစား စွာ ပင့်ဆောင်ပူဇော်ဟန်၊ အေဒီ ၂ ရာစုနှစ်၊ အမရဝတီ (Amaravati)ကျောက်ဆစ်ပန်းပုပညာရှင်များရဲ့ ကျောက်

မလွန်မြဿဗိတ်စေတီ စောင်းဘန်းအတက် မြင်ကွင်းများ

www.burmeseclassic.com

www.burmeseclassic.com

မလွန်မြသပိတ်စေတီ စောင်းတန်းအတက် မြင်ကွင်းများ

ပြားမှာ ထွင်းထုထားတဲ့လက်ရာ ကျောက်ပြားဝိုင်းလည်း ရှိပါသေးတယ်။ အဲဒီပန်းပုတွေကို မြင်ပြီးကတည်းက ဗုဒ္ဓဘာသာ အယူအဆမှာ ဘုရားရှင်ရဲ့ သပိတ်တော်တွေကို အတော်လေး အရေးထားတယ်ဆိုတာ သတိပြုမိပါတယ်။

မြသပိတ်စေတီရဲ့ မုခ်ဦးကြီးက အတော်လှပခဲ့ညားပြီး မြရောင်သပိတ်တော်ကို နတ်သိကြားတွေက ပူဇော်နေဟန် ရုပ်တုတွေနဲ့ တန်ဆာဆင်ထားပါတယ်။ မုခ်ဦးအောက်ကနေ ကုန်းမြင့်လေးပေါ်မှာရှိတဲ့ စေတီဆီကို နှတ်လမ်းစောင်းတန်းကနေ တက်ခဲ့ကြတယ်။ နတ်လမ်းရဲ့ လက်ယာဘက်ဘေးမှာ ပုဂံကျော်စေတီလေးကို ဖူးတွေ့ရပါတယ်။ စက်ဝိုင်းပုံပစ္စယာသုံးဆင့်နဲ့ ဆင်းတုတော်ရှိတဲ့ မုခ်ပေါက်တစ်ခုပါပြီး အတော်ကို သပ်ရပ်တင့်တယ်လှရဲ့။

မြသပိတ်စေတီနား ရောက်လာတော့ လက်ယာဘက်မှာ ဗုဂံမျှော်စေတီဆိုတာကို ထပ်မံဖူးတွေ့ရပြန်ပါတယ်။

လက်ဝဲဘက်တောင်စောင်းမှာတော့ အပွေးထူထူနဲ့ အတော်လှပတဲ့ တရုတ်စံကားပင်ကြီးတွေ ရှိနေလို့ အဖွဲ့သားတွေက ဓာတ်ပုံပြေးရိုက်ကြတယ်။

အရှေ့ဘက် စောင်းတန်းဟာ အရှည်ဆုံးဖြစ်ပြီး မုခ်ဝမှ ခြေသော့်နှစ်ကောင်အထိ ၂၅၀ ပေ ရှိတယ်။

စောင်းတန်းရဲ့ လက်ယာဘက်မှာတော့ အလွန်ရှေးကျပြီး ရိုက်သံမသုံးဘဲ သပ်ရိုက် ဆောက်လုပ်ထားတဲ့ ရှေးကျကျ ဇရပ်တစ်ဆောင်ရှိတယ်။

မလွန်မြသပိတ်စေတီတော်

ရှင်ပြင်တော်ကိုရောက်တော့ အတော့်ကို သပ်ရပ်သန့်ရှင်းပြီး စနစ်ကျတဲ့စေတီတစ်ဆူဆိုတာ သတိထားမိပါတယ်။ ဒါ့ပြင် တန်ဆောင်းတွေရဲ့ နဖူးစည်းကအလှူရှင်များရဲ့ ကမ္ဘည်းတွေကိုလည်း သဘောကျမိတယ်။ 'စက်မှုဆောင်ရွက်မှုလုပ်ငန်း ကော်ပိုရေးရှင်း လုပ်သားများကောင်းမှု၊ မလွန်စခန်း'၊ 'မကွေးတိုင်း၊ မင်းလှမြို့၊ ရုံးရပ်၊ ဦးတူ၊ ဒေါ်တုတ်၊ ဒေါ်အုန်းရှင် သားသမီး မြေးမြစ်တစ်စုကောင်းမှု'၊ 'ဒေါ်ဖွားရည်၊ ဒေါ်ဖွားကြည်ကောင်းမှု'ပါတဲ့။

တွေ့နေကျ နဖူးစည်းတွေမှာလို ရာထူးကြီးကြီး အာဏာရပုဂ္ဂိုလ်တွေအမည်နဲ့ 'သူကြီးဘုရား ရွာသားကောင်းမှု' မဟုတ်လို့ ကျေနပ်သွားတာပါ။

စေတီတော်ရဲ့ မူလရင်ပြင်တော်ဟာ အလျား ၇၈ ပေ၊ အနံ ၇၈ ပေသာ ရှိခဲ့ပြီး မူလအာရုံခံတန်ဆောင်းဟာ ရင်ပြင်တော်ရဲ့ အနောက်တောင်ဘက်မှာပါ။ ၁၉၇၄ ခုမှာ ရင်ပြင်တော်ကို အလျား ၁၆၃ပေ၊ အနံ ၁၆၃ပေ အထိ တိုးချဲ့ခဲ့လို့ ခုတော့ ရင်ပြင်တော်ဟာ ၂၆၅၆၉ စတုရန်းပေ ရှိနေပါပြီ။

အနောက်တောင်ထောင့်ဘက်က မူလ အာရုံခံတန်ဆောင်းကိုတော့ အရှေ့ဘက်မုခ်ဝသို့ ပြောင်းရွှေ့

မလွန်မြသပိတ်စေတီ စောင်းတန်းအတက် မြင်ကွင်းများ

www.burmeseclassic.com

ဘည်ဆောက်လိုက်ကာ ရင်ပြင်တံတိုင်းကိုလည်း ၄ ပေ အမြင့် ကာလိုက်ပါတယ်။

စေတီတော်ရဲ့ ဗိသုကာဟာ ထူးခြားလှတယ်။ ပစ္စယာ သုံးဆင့်လုံးဟာ စက်ဝိုင်းပုံအရစ်တွေသာ ဖြစ်ပြီး ထောင့်ချိုး၊ ခိုနန်းချိုးတွေမပါပါဘူး။ အဲဒီ ပထမ ဖောင်းရစ်ရဲ့ ပစ္စယာအောက် စက်ဝိုင်းရစ်တွေရဲ့ တစ်ပတ်လည်လုံးမှာ လေးထောင့်မုခ်ကွက်ငယ်လေးတွေ ထွင်းထားပြီး ထိုင်ကိုယ်တော်ဆင်းတုလေးတွေ ထည့်သွင်းထားတယ်။ စေတီရဲ့ အောက်ခြေအဆင့်မှာသာ အရံစေတီတွေ ဝန်းပတ်နေပြီး အထက်ဘက်မှာတော့ ရှင်းနေပါတယ်။

ခေါင်းလောင်းပုံရဲ့ အထက်ပိုင်းကို လုံးယူလိုက်ပြီး အစိမ်းရောင် သုတ်ထားတော့ မြသပိတ်တစ်လုံးလို၊ ရွှေရောင်သက်နန်းကပ်ထားတဲ့ စေတီကိုယ်ထည်တစ်ခုလုံး အပေါ်မှာ ထင်းထင်းကြီး ပေါ်လွင်နေရဲ့။ အဲဒီသပိတ်လုံး ပေါ်မှာမှ ဓာတ်တော်တိုက်လို လေးထောင့်စပ်စပ် တင်ထားပြန်ပါတယ်။

စေတီတော်ရဲ့ အဲဒီအပိုင်းကတော့ ကမ္ဘာလုံးပုံနဲ့ ဓာတ်တော်တိုက်နဲ့မို့ သီဟိုဠ်စေတီတော်ပုံဟန်ပေါက်နေပေါ့။ ကုဗပုံ ဓာတ်တော်တိုက်တွေရဲ့ ထောင့်လေးထောင့်မှာတော့ သိကြားရုပ်တွေနဲ့ပါ။



မလွန်မြသပိတ်စေတီစောင်းတန်းဘေးက ပုဂံကျောက်စေတီ



မလွန်မြသပိတ်စေတီစောင်းတန်းဘေးက ပုဂံကျောက်စေတီ

အဲဒီအထက်ကမှ ယနေ့ခေတ် စေတီတွေလိုပဲ ဖောင်းရစ်တွေ၊ ကြာမှောက်ကြာလန်တွေနဲ့ ဧဂက္ခိပျောဖူး၊ ဒုက်မြတ်နားနဲ့ ထီးတော်တွေ ထပ်ဆင့်ထားပါတယ်။ ဒုက်ပျောဖူးအပိုင်းကတော့ သိပ်မရှည်လှဘဲ ခပ်တိုတိုမို့ စေတီတစ်ဆူလုံးကို ခြုံကြည့်ရင် ရှည်မျောမျောမဖြစ်ဘဲ အချိုးကျနပြီး တင့်တယ်နေပေါ့။ သြော်- ဒါကြောင့်လည်း ကျော်ကြားတဲ့ ဗိသုကာပုံကို ရတာပါပဲ။

မလွန်မြသပိတ်စေတီတော်ရဲ့ အတိုင်းအတာများ

မြသပိတ်စေတီတော်ဟာ မလွန်မြို့မှာ တန်ခိုးအကြီးဆုံးဖြစ်သလို ဗိသုကာလက်ရာလည်း ရှားပါးဆန်းကြယ်တဲ့ အံ့သြဖွယ်အကောင်းဆုံးစေတီ ဖြစ်ပါတယ်။ စေတီတော်ရဲ့ ကိုယ်လုံးတော်ကို ပတ်လုံးပတ်ခံတို့နဲ့ အချိုးကျနစွာ တည်ဆောက်ထားတာပါ။ ပုဂံက 'ဆပဒစေတီတော်'နဲ့ မလွန်မြသပိတ်စေတီတော်တို့ဟာ ပုံသဏ္ဌာန်ချင်း ဆက်နွယ်မှု ရှိပါတယ်။

စေတီတော်ရဲ့အောက်ခြေဖိနပ်တော်ဟာ စက်ဝိုင်းသဏ္ဌာန်ရှိပြီး ဖိနပ်တော်အောက်ခြေအရှည်ဟာ ပေ ၅၀ ရှိပါတယ်။ ဖိနပ်တော်ကနေ ထီးတော်အထိ အမြင့်ကတော့ ဥာဏ်တော် ၆၅ ပေပါ။

www.burmeseclassic.com

www.burmeseclassic.com



ဗိသုကာဟန် ထူးခြားလှတဲ့ မလွန်မြေသပိတ်စေတီတော်



www.burmeseclassic.com

www.burmeseclassic.com

မလွန်မြေသပိတ်ဧတီတော်ဂုံပြင်မှ ဧတီငုံများနှင့် ဂြိုဟ်တိုင်များ



မလွန်မြေသပိတ်ဧတီတော်ဘားမှ ဧတီများ

www.burmeseclassic.com

www.burmeseclassic.com



ဇီသုကာဟန်ထူးခြားလှတဲ့ မလွန်မြဿဝိတ်စေတီတော်

နဝရတ်ကိုးသွယ်(၁၆လုံး)	- လုံးပတ် - ပေ၊ အချင်း - ၇ပေ ၆လက်မ၊
ကြာနု	- လုံးပတ် - ၁၉ပေ ၄လက်မ၊ အနံ - ၇လက်မ၊
ဖောင်းရစ်	- လုံးပတ် - ၃၁ပေ ၈လက်မ၊ အမြင့် - ၁၀ပေ ၃လက်မ၊
ကလပ်	- ၃ပေ ၇လက်မ၊
နတ်ရုပ် (၄ ရုပ်)	- ၂ပေ ၁၀လက်မစီ၊
နတ်တိုက် ပထမထပ်	- အလျား- ၁၀ပေ ၂လက်မ၊ အမြင့် - ၄ပေ ၆လက်မ၊
နတ်တိုက် ဒုတိယထပ်	- အလျား- ၁၀ပေ ၇လက်မ၊ အမြင့် - ၉လက်မ၊
သပိတ်မှောက်	- လုံးပတ် - ၅၄ပေ၊ အမြင့်- ၈ပေ ၁၀လက်မ၊
ခေါင်းလောင်း	- လုံးပတ် - ၅၅ပေ၊ အမြင့်- ၆ပေ ၆လက်မ၊
ဖရုံတုံး	- အမြင့် - ၁ပေ ၆လက်မ၊
ပထမပစ္စယာ	- လုံးပတ် - ၈၂ပေ၊ အမြင့်- ၅ပေ ၅လက်မ၊
ဒုတိယပစ္စယာ	- လုံးပတ် - ၉၆ပေ၊ အမြင့်- ၆ပေ၊
တတိယပစ္စယာ(ဖိနပ်တော်အထိ)	- လုံးပတ်- ၁၁၁ ပေ ၁လက်မ၊ အမြင့် - ၇ပေ ၅လက်မ၊
ဖိနပ်တော်	- လုံးပတ် - ၁၇၄ပေ၊ အမြင့် - ၅ပေ၊
အောက်ခြေ ဖရုံတုံး	- လုံးပတ် - ၂၄၂ပေ၊
ငှက်ပျောဖူးမှ သပိတ်မှောက်အထိ	- အမြင့် - ၃၀ပေ ၈လက်မ၊

စေတီတော်ရဲ့ ပတ်လည်ထောင့် ရှစ်ထောင့်မှာတော့ ဂြိုဟ်သက်အလိုက် စေတီရှစ်ဆူ၊ စေတီတော်အပေါ်ဆင့်မှာ ရှစ်ဆူ၊ အရံစေတီ ရှစ်ဆူ စုစုပေါင်း ၂၄ဆူကို ပဌာန်း ၂၄ ပစ္စည်းကိုရည်ပြီး ဖြည့်စွက်တည်ထားပါတယ်။ အရှေ့တောင်ထောင့်နဲ့ အနောက်မြောက်ထောင့်တွေမှာ တံခွန်တိုင် နှစ်ခု စိုက်ထူထားကာ ယင်းတို့အနီးမတော့ ၈၄ ပိဿာရှိ ကြေးခေါင်းလောင်းတွေပါ။

စေတီပတ်လည်က ဂြိုဟ်တိုင်တွေကို လှေကားထစ်လို အဆင့်ဆင့်တက်သွားတဲ့ အုတ်ခုံလေးတွေဆင့်ပြီး အပေါ်ကမှ ဆင်းတုတော်နဲ့ သက်ဆိုင်ရာဂြိုဟ်ရုပ်တွေ ထုလုပ်ထားတာလည်း သတိထားမိတယ်။ ဖယောင်းတိုင်၊ အမွှေးတိုင် ထွန်းညှိပူဇော်ဖို့ သံစင်လေးတွေကိုလည်း ဟသ်ာရုပ်တွေနဲ့ လုပ်ပေးထားတော့ အတော်ပြေပြစ်ပြီး အသုံးလည်းကျလို့ ခီးကျူးလိုက်ပါတယ်။

ရင်ပြင်တစ်ခုလုံး သန့်ရှင်းသပ်ရပ်ပြီး စေတီကြီးကလည်း ရွှေရောင်တွေ ဝင်းလက်နေလို့ ကြည်နူးစရာပါ။ ရင်ပြင်တော်ကို ဝန်းရံထားတဲ့ သံတန်းလက်ရန်းတွေကနေ မျှော်ကြည့်ရင်လည်း ပတ်ဝန်းကျင်တစ်ခွင်တစ်ပြင်လုံးဟာ ရှုမောစရာကောင်းလှရဲ့။ ဧရာဝတီမြစ်ကြီးနဲ့ တောတောင်ရေမြေ သဘာဝတွေကို သာယာမျှတတဲ့ ရာသီဥတုမှာ ကြည့်ရတာ စိတ်ချမ်းသာစရာပါ။

တောင်ဘက်စောင်းတန်း လှေကားမုခ်ဝမှာလည်း အာရုံခံတန်ဆောင်းတစ်ခုရှိပြီး အဲဒီမှာ အမ်-တင်အေးရဲ့ ပန်းချီကားကို တုပဆွဲထားတဲ့ ပဉ္စဝဂ္ဂိငါးပါး ရဟန်းမဖြစ်မီ

စေတီတော်တန်ဆောင်းမှ ပန်းချီကားမျှပ်

www.burmeseclassic.com

www.burmeseclassic.com

အသွင်သဏ္ဌာန် မုတ်ဆိတ်ဆံနွယ်တွေနဲ့ ပန်းချီကားကြီး တစ်ချပ် ရှိနေရဲ့။ ဆင်းတုတော် ရှေ့မှာတော့ အကယ်ဒမီ စိုးသူတို့ မိသားစု လျှူထားတဲ့ အလှူခံပုံးကို တွေ့လိုက် ရတယ်။

စေတီတော်ရင်ပြင်မှာ 'သမိုင်းပြတိုက်' လို့ အမည် တပ်ထားတဲ့ အဆောင်သစ်တစ်ခုလည်း တွေ့ရပြန်တယ်။ ဘုရားသမိုင်းကြောင်း သရုပ်ဖော် ပန်းချီကားကြီးတွေနဲ့ ချိတ်ထားကာ မှန်တံခါးတပ်အခန်းထဲမှာ ဆင်းတုတော် အချို့နဲ့ စေတီတော်ရဲ့ ပုံတူလေးတစ်ခုလည်း ရှိနေပါ တယ်။

အဲဒီမှာ ရေးဆွဲထားတဲ့ ပန်းချီကားကြီးတွေက တော့ -

(၁) သုနာပရန္တတိုင်း၊ ဝါကိုဇွဂါမရွာသို့ ဘုရားရှင် ကြွ ရောက်တော်မူလာပုံ။

(၂) သိကြားမင်းသည် ဘုရားရှင်အား မြသပိတ်တော် ဆက်ကပ်လှူဒါန်းနေပုံ။

(၃) ဘုရားရှင်သည် မြသပိတ်တော်ကို ရောဝတီမြစ် အတွင်းသို့ ရေစုန်အတိုင်း မျှောတော်မူနေပုံ။

(၄) သိကြားမင်းနှင့် နတ်လူအများတို့သည် သပိတ် တော်အား ပဋနဂိုရိမြို့မှ ဖူးမြော်နေပုံ။



ဗိသုကာဟန်လူကြားလှတဲ့ မလွန်မြသပိတ်စေတီတော်



ဗိသုကာဟန်လူကြားလှတဲ့ မလွန်မြသပိတ်စေတီတော်

(၅) မလွန်ရေအလျဉ်တွင် ရုပ်တန့်နေသော သပိတ် တော်အား မလွန်ဘက်ကမ်းသို့ ပို့ဆောင်နေပုံ။

(၆) သိကြားမင်း ဖန်ဆင်းအပ်သော ဂန္ဓကုဋိတိုက်၌ မြသပိတ်တော်အား လူအများတို့ ဖူးမြော်နေကြပုံ။

(၇) သိကြားမင်းသည် အဓိဋ္ဌာန်ပြု ရွေးချယ်ပြီးမှ ဌာပနာတိုက် တူးဖော်ရန်နေရာကို ပြသနေပုံ။

(၈) မြသပိတ်တော်အား လိုဏ်ဂူ၏အတွင်း၌ ဌာပနာ တော်မူပုံ။

(၉) ဌာပနာတိုက်၏ အထက်၌ အထိမ်းအမှတ် ကျောက်စေတီ တည်ထားကိုးကွယ်ကြပုံ။

(၁၀) ငါတပါးမင်း မလွန်မြို့တော်သစ်စ၍တည်ထောင် ဟန်။

(၁၁) စောလူးမင်း မလွန်မြို့အား မြို့သစ်တည်၍ စေတီ တော်ကြီးအား ပြုပြင်နေပုံ။

(၁၂) တောင်တွင်းမင်းသီဟပတေ့ ကျောက်စေတီအား ငုံ၍ ရတနာစက် ဤစေတီတော်တည်ထားဟန်။

(၁၃) စတုမဟာရာဇ် နတ်မင်းကြီးလေးပါး မြတ်စွာ ဘုရားအား ကျောက်သပိတ်တစ်လုံးစီ လာရောက် ဆက်ကပ်ဟန်။

(၁၄) ကျောက်သပိတ်လေးလုံးအား အဓိဋ္ဌာန်ဖြင့် ဖိနှိပ်

www.burmeseclassic.com

www.burmeseclassic.com



စေတီထော်ရုင်ပြင်မှ ပုဂံနှင့် အရံစေတီများ

ရာ အနားလေးရစ်ဖြင့် တစ်သပိတ်တည်း ဖြစ်လာဟန်။

(၁၅) ပရိနိဗ္ဗာန်စံပြီးနောက် သပိတ်တော်အား ညီတော် အာနန္ဒာ ဇေတဝန်ကျောင်းတော်သို့ သယ်ဆောင်တော်မူခဲ့ဟန်။

(၁၆) နှစ်ပေါင်းများစွာ ကြာသောအခါ သပိတ်တော် ဝဇီရာပြည်သို့ ရောက်ရှိဟန်။

(၁၇) ဝဇီရာပြည်မှ သရေခေတ္တရာ မြန်မာပြည်သို့ သပိတ်တော်ရောက်ရှိဟန်။

(၁၈) သရေခေတ္တရာမှ သည် ပေါက္ကံပြည်(ပုဂံ)သို့ သပိတ်တော်ရောက်ရှိဟန်။

(၁၉) ပေါက္ကံပြည်မှ ရတနာပူရ(အင်းဝ)သို့ သပိတ်တော် ရောက်ရှိဟန်။

(၂၀) နောက်ဆုံး အင်းဝဖျက်သုဉ်းရာတွင် ဟံသာဝတီသို့ သပိတ်တော် သယ်ဆောင်လာကြဟန်။

(၂၁) မလွန်သို့အရောက်တွင် သပိတ်တော်စံမြန်းသည့် ဖောင်တော် ဆွဲလှော်၍လုံးဝမရဘဲ ရပ်တန့်တည်နေဟန်။

(၂၂) သိကြားမင်းလျှ သပိတ်တော်တည်ရှိရာ စေတီတော်၌ပင် အနားလေးရစ်ရှိ သပိတ်တော်အား ဌာပနာနေပုံ။

(၂၃) မူလစေတီတော်ကြီး ပြိုပျက်ရာ၌ ဆရာတော်ကြီးများ ဦးဆောင်၍ ဒေသခံပြည်သူတို့ ပြန်လည်ပြုပြင် တည်ထားကြပုံ။

(၂၄) ယခုလက်ရှိ ဖူးမြော်ရသော မလွန်မြသပိတ်စေတီတော်ပုံတွေပါ။

ပန်းချီကားများက ပြောသော ဘုရားသမိုင်းပေါ့။

ဗုဒ္ဓဘာသာအလှူအဆန့်အတူ ဆက်နွယ်နေသော သပိတ်တော်များ

မလွန်မြို့ဟာ 'မကွေး-မြသလွန်၊ မလွန်-မြသပိတ်' လို့ ဆိုစကားပြုရတဲ့ ဘုရားစေတီ အထင်အရှားနဲ့မြို့ဖြစ်ပါတယ်။ မြသပိတ်တော်ကို အကြောင်းပြုပြီး 'မလွန်' ဖြစ်ပေါ်လာတာမို့ မလွန်နဲ့ မြသပိတ်ဟာ ဒဂိုးပြားရဲ့ ခေါင်းနဲ့ပန်းလို ဒွန်တွဲနေကြပါတယ်။

မြသပိတ်စေတီနဲ့ ဆက်စပ်ပြီး ဗုဒ္ဓဘာသာနဲ့ဆက်နွယ်ပတ်သက်နေတဲ့ သပိတ်တော်တွေ ဘာသာရေးစာပေသမိုင်းတွေမှာ အများအပြားရှိနေတာကိုလည်း သတိရမိပါတယ်။

အဲဒီသပိတ်တော်တွေထဲမှာ တောထွက်စဉ်ကာလ ဗုဒ္ဓလောင်းလျာဘဝရဲ့ အသုံးအဆောင် သပိတ်တော်ဖြစ်ပြီး ဘုရားမဖြစ်မီ သုဇာတာ ယနာန္ဒီဆွမ်း ကပ်လှူခါနီးကပင် ပျောက်ကွယ်ခဲ့ရသော ယဒိုကာရ ငြဟ္မာမင်းကြီး ဆက်ကပ်လှူဒါန်းတဲ့ မူလသပိတ်တော်တွေ။

ဘုရားအဖြစ်ရောက်တော်မူပြီး လင်းလွန်းပင်ရင်းမှာ စံနေတော်မူစဉ် တဖုဿနဲ့ ဘလ္လိကတို့ ပျားမုန့်ကြွပ်တွေ လှူဒါန်းတော့ သပိတ်တော် လက်မဲ့ဖြစ်နေလို့ အဓိဋ္ဌာန်ထားတော်မူရာမှာ နတ်မင်းကြီးလေးပါး ဆက်ကပ်တဲ့ လေးလုံးသော သပိတ်တွေကို ထပ်လိုက်တဲ့အခါ ဖြစ်ပေါ်လာတဲ့ ဣန္ဒနီလာသပိတ်တော်။

ဘုရားရှင် စက္ကိန္ဒတောင်ပေါ်မှာ ကျိန်းစက်တော်မူစဉ် သိကြားမင်းဆက်သတဲ့ မြသပိတ်တော်။

မလွန်မြသပိတ်စေတီတော်ဘေးက စေတီများ

www.burmeseclassic.com

www.burmeseclassic.com

သထုံပြည် စန္ဒသူရိယမင်း လက်ထက်တွင် ဆွမ်းအလှူခံရန် ပြဟ္မာမင်းလှူတဲ့ သပိတ်တော် (ဒီ သထုံမြသပိတ်တော်ဟာ ဘုရားရှင်ရဲ့ ဗျာဒိတ်တော်အတိုင်း သထုံမှ အခြားဒေသတွေကို မရောက်ခဲ့ပါ)။

မြန်မာသက္ကရာဇ် ၇၅၆ ခုမှာ ဟံသာဝတီဘုရင် ရာဇာဓိရာဇထံသို့ သီဟိုဠ်မှဆက်သသော သပိတ်တော် (ဒီ ဟံသာဝတီသပိတ်တော်ဟာ အခိုက်အတန့်မျှသာ ဖြစ်ပြီး နောင် အလောင်းမင်းတရားကြီး ရာမညတိုင်းကို အောင်မြင်တော်မူတဲ့ခါ ရွှေဘိုသို့ပင့်ဆောင်ခဲ့ကာဌာပနာလျက် စေတီတော် တည်ခဲ့တဲ့ သပိတ်တော်၊ အဲဒီကမှ တစ်ဆင့် ယင်းသပိတ်တော်ကို မင်းတုန်းမင်းကြီးက ကိုးကွယ်ရန် ရတနာပုံ မန္တလေး ကုသိုလ်တော် မဟာလောကမာရဇိန်ဘုရားသို့ ပင့်ဆောင်၍ ရွှေဘိုမှာ သပိတ်တော် အရာမျှသာ ကျန်ပါတော့တယ်)။

အင်းဝမင်းခေါင်အား သီဟိုဠ်ကျေးမင်းက သမီးတော်နဲ့အတူ ဆက်သသော စွယ်တော်နဲ့ သပိတ်တော် (ဒီသပိတ်တော်ကတော့ အထင်အရှား မရှိပါဘူး)။

ရတနာသိမ် အလောင်းမင်းတရားကြီး ကိုးကွယ်



စေတီတော်တန်ဆောင်းမှ စေတီဆွဲပုံ

စေတီတော်ရင်ပြင်မှ ကြိုဟ်တိုင်နှင့် အရံစေတီများ

ရန် ဝေသာလီပြည်မှဆက်သသော သပိတ်တော်။

တရုတ်ခရီးသည် ရဟန်းကြီး ဖာဟီယန်ရဲ့ ခရီးသွားမှတ်တမ်းပါ ဝေသာလီမင်းများရဲ့ သပိတ်တော်။

ဘုရားရှင် သက်တော် (၈၀)၊ ဝါတော် (၄၅)ဝါ အရောက် ပရိနိဗ္ဗာန်စံဝင်ရန်အလို့ငှာ ကုသိနာရုံပြည်သို့ ကြွတော်မူစဉ် ဝေသာလီပြည်မင်းအပေါင်းတို့ ဗုဒ္ဓနဲ့အတူ လိုက်သေပါရစေရယ်လို့ ငိုကြွေးပြီး နောက်က မပြတ်လိုက်လာကြတဲ့ခါ ဘုရားရှင်က ထိုမင်းတို့မျှော်ဆွေးသောက သက်သာစေရန် ဆက်မလိုက်နိုင်စေဖို့ အလို့ငှာရေစီးသန်တဲ့ မြစ်ကြီးတစ်စင်း ဖန်ဆင်းကာ ဗုဒ္ဓကိုယ်စား ကိုးကွယ်ဆည်းကပ်နိုင်ရန် ပေးထားရစ်ခဲ့တဲ့သဖိတ်တော်။

ရှေးအခါက အေဖတာလိုက်ဘုရင်ဟာ သပိတ်တော်ကို ဆည်းကပ်ကိုးကွယ်လိုတဲ့အတွက် ပက်သျဝါပြည်ကို တိုက်ခိုက်သိမ်းယူရာ အောင်မြင်တော်မူခဲ့ပါတယ်။ ထိုမှ ဘုရားရှင်ရဲ့ သပိတ်တော်ကို မင်္ဂလာဆင်ပေါ်သို့တင်ကာ ပင့်ဆောင်ရန် ကြိုးပမ်းတဲ့အခါမတော့ ဆင်တော်ဟာ အားအင်ကုန်ခန်းသလို ဖြစ်သွားခဲ့ပြီး မအောင်မြင်ခဲ့ပါဘူး။

ထိုအခါ သပိတ်တော်ကို ဘီးလေးဘီး ရထားပေါ်သို့တင်၍ ဆင်တော် ရှစ်စီးနဲ့ ဆွဲယူပင့်ဆောင်စေပြန်တော့လည်း ရထားမရွေ့ခဲ့။ ထိုသို့ ပင့်မရသောအခါ ဘုရင်လည်း အလွန် ရှက်ရွံ့ဝမ်းနည်းခြင်းဖြစ်ပြီး 'ငါ ပူဇော်ရန် အချိန်မတန်သေး' ရယ်လို့ အားလျော့ကာ မူလနေရာမှာ ပြန်လည်ပင့်ဆောင်ထားခဲ့ရတယ်။ အဲဒီနေရာမှာလည်း အလှူကြီးပေးလှူကာ အစောင့်အရှောက်တပ်တွေ ချထားစေခဲ့ပြီး စေတီတော်တည်လာ ရဟန်း

www.burmeseclassic.com

စေတီတော်တန်ဆောင်းမှ အလှူခံဌာန

၇၀၀ သီတင်းသုံးနိုင်တဲ့ ကျောင်းတော်ကြီးလည်း ဆောက်လုပ်ခဲ့ပါတယ်။ အဲဒီကျောင်းက ရဟန်းနဲ့ ဒါယကာပြည်သူအများဟာ နေမွန်းတည့်ချိန်ရောက်တိုင်း သပိတ်တော်ကို ဒါနဝတ္ထုအစုစုနဲ့ သောင်းသောင်းဖြဖြ ပူဇော်ခဲ့ကြပြီး နေဘက်နေ့မနက် အရုဏ်မြူးသော ကာလတွင်မှ သပိတ်တော်ကို ပြန်ထားတော်မူကြပါတယ်။

အဲဒီသပိတ်တော်ဟာ နှစ်စိတ်ဝင်မှု ပမာဏရှိပြီး ညီမျှောင်သော အရောင်အမျိုးမျိုး တောက်ပပါသတဲ့။ ဝေသာလီနဲ့ ပက်သက်ပါသပိတ်တော် နှစ်လုံးဟာလည်း ခုခါမတော့ သူတို့ရဲ့ သဒ္ဓါတရား ချို့ယွင်းမှုကြောင့် မပျက်စီးရုံမျှသာ တည်ရှိနေရဲ့။

မလွန်မြသပိတ်စေတီတော်နဲ့ ဆက်နွယ်နေတဲ့ သပိတ်တော်

ဘုရားအဖြစ် ရောက်ရှိတော်မူပြီးနောက် ဝါတော်(၂၀)အရမှာ ဗုဒ္ဓဟာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူခိုက် မဟာပုဏ္ဏမထေရ်ရဲ့ လျှောက်ထားချက်အရ သုနာပရန္တတိုင်း၊ ဝါကဇ္ဇဂါမရွာသို့ ကြွရောက်တော်မူပါတယ်။

ကုန်သည်ငါးရာနဲ့ သူကြွယ်တွေက ဘုရားရှင်ကို စန္ဒကူး ဝန္ဒာခဲ့ကျောင်းတော်ကို ပင့်ဆောင်ပြီး ကပ်လှူခဲ့ကြတယ်။ . အဲဒီမှာ ခုနစ်ရက် သီတင်းသုံးတော်မူပြီး သုနာပရန္တတိုင်းရဲ့ အကျိုးစီးပွားအဖို့ဌာ အရှင်ပုဏ္ဏမထေရ်ကို ထားရစ်ကာ ဆားဘွက်တောင် (ကေလာသဖစကိန္နက)တောင်ထိပ်သို့ ဆက်လက်ကြွချီ သီတင်းသုံးပြန်ပါတယ်။

ရောဝတီမြစ် အရှေ့ဘက်ကမ်း တောအုပ်မှာ နေထိုင်ကြတဲ့ ဘောကျော်-ဘောသော် ရက္ခသာကီဘီလူးညီနောင်တို့ဟာ သတင်းကြားနဲ့ ရောက်ရှိလာကာ ကြစုဖန်ခါးသီးများကို ဘုရားရှင်အား ကပ်လှူကြတယ်။ ဘုရားရှင်လည်း သိကြားမင်းဆက်ကပ်ထားတဲ့ မြသပိတ်တော်နဲ့ အလှူခံယူရင်း သွန်သင်ဆုံးမတော်မူပါတယ်။

အဲဒီနောက် နံနက်မိုးသောက်တဲ့အခါ ဇေတဝန်ကျောင်းတော်ကို ပြန်ကြွမယ်အလုပ် ဘီလူးညီနောင်က ဘုရားရှင်ကို သူတို့ဌာနေ ရောဝတီမြစ်အရှေ့ဘက်ကမ်းကို ကြွရောက်ဖို့ ပင့်ဆောင်ကြတယ်။ ရှေးနောင်တော် ဘုရားများ ကြွရောက်လေ့မရှိတာမို့ ဗုဒ္ဓက ငြင်းဆန်တော်မူတဲ့ခါ ဘီးလူးတွေက ကိုယ်စားတော် ဖူးမြော်နိုင်ဖို့ တောင်းပန်ကြလို့ သိကြားမင်း ဆက်ကပ်လှူဒါန်းထားတဲ့ မြသလွန်တော်ကို ပေးသနားလိုက်ပါတယ်။

'မြသလွန်တည်ရာ ဤနဂုတ္တမ ဒေသတွေမှာ နောင်သောအခါ သာသနာတော် ပွင့်လင်းစည်ကားပြီး နဂရမြို့ကြီး ဖြစ်လတ္တံ့' လို့ ဗျာဒိတ်စကားလည်း မိန့်ကြားခဲ့ပါတယ်။ ဘီလူးတွေလည်း ကိုယ်စားတော်သလွန်ကို ဝမ်းမြောက်ဝမ်းသာ ပင့်ဆောင်ယူခဲ့ကြရင်း ရောဝတီမြစ်ဆိပ်မှာ ချထားနားနေခဲ့တော့ 'သလွန်ချ'စေတီ၊ သူတို့နေထိုင်ရာ မြစ်အရှေ့ဘက်ကမ်းကို ယူဆောင်ခဲ့ပြီး ဌာပနာကာ စေတီတော်တည်ပြန်တော့ 'မြသလွန်စေတီ' ဖြစ်လာပြန်ပေါ့။

ဆက်လက်ပြီး ဘုရားရှင်ဟာ သတ္တဝါဝေနေယျတို့ အိမ်ကျိုး ကြည့်ရှုဆင်ခြင်တော်မူပြီး သိကြားမင်းဆက်ကပ်ထားတဲ့ သပိတ်တော်ကို ရောဝတီမြစ်တွင်းသို့ ချကာ-

သမိုင်းပြတိုက်ဆောင်အတွင်းမှ စေတီတော် ပုံစံထုပ်

www.burmeseclassic.com

www.burmeseclassic.com

'ဤသပိတ်တော် ကိန်းဝပ်ရာဒေသတွေမှာ သာသနာ့ထွန်းကားလိမ့်မယ်' လို့ ဗျာဒိတ်ခွေရင်း မျှောတော်မူပြန်သတဲ့။ မင်းဘူး-စက္ကိန္ဒစေတီအနီးမှာ သပိတ်မျှောစေတီရယ်လို့ တည်လာခဲ့ပြန်ပေါ့။

ဘုရားရှင် မျှောတော်မူလိုက်တဲ့ သပိတ်တော်ဟာ ရောဝတီမြစ်အတိုင်း စုန်ဆင်းမျောပါလာရင်း အခုမလွန်အရပ်ရောက်တဲ့ခါ ရေအလျဉ်နဲ့ ဆက်လက် မမျောပါတော့ဘဲ ရပ်တန့်တော်မူသတဲ့။ အဲဒီအဲ့ဘနန်းအဖြစ်ကို ပဌနဂိုရိဆိပ်ကမ်းကနေ သိကြားမင်းနဲ့တကွ လူ၊ နတ်၊ ဗြဟ္မာ အပေါင်းဟာ ကမ်းလုံးညွတ်မျှ သောင်းသောင်းဖြဖြ ဖူးမြော်ကြည်ညိုကြပါတယ်။

(ဒီနေရာမှာ ပဌနဂိုရိမြို့ဟောင်း ဆိုတာကိုလည်း အရပ်ပြောစကား ကိုးကားပြီး ပြောရရင် ဗုဒ္ဓမပွင့်မီ နှစ်ပေါင်း ၃၈၅ နှစ်ခန့်က မရှိမဒေသ၊ သယ်သနဂိုရိမြို့ရှင် ဘေရိန္ဒမင်းကြီးရဲ့ သားတော်ကြီးသာဂရနဲ့ သားတော်ငယ် သာနရတို့ဟာ ဇမ္ဗူဒီပ်ကျွန်းမြေအပြင် သင့်ရာအရပ်မှာ မြို့ပြတည်ထောင်ဖို့ တပ်တော်ချီလာခဲ့သတဲ့။ ယခုတောင်တွင်းကြီးအနီး ဗိဿနိုးမြို့မရောက်မီ ဧရာဝတီမြစ် အရှေ့ဘက်ကမ်းက ဤအရပ်ကို အရင်ဆုံးရောက်ခဲ့ပြီး မြို့ပြ တည်ထောင်ခဲ့တယ်။ မြို့အမည် 'ပထမနဂရ' 'ပဌနဂိုရိ' လို့ပေးကာ အမတ်ကြီး 'ငကြမ်းတော' ကို အုပ်ချုပ်စေသတဲ့။)

အဲဒီ ပဌနဂိုရိမြို့စားနဲ့ မြို့သူမြို့သားတွေ ကမ်းပါးထိပ်ကနေ သပိတ်တော်ကို ကြည်ညိုကြတဲ့နေရာမှာ စေတီတည်ပြီး 'နတ်မျှော်စေတီ' လို့ သမုတ်ခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်က တည်ဆောက်ခဲ့တဲ့ ပဌနဂိုရိ-မလွန်

စေတီရင်ပြင်မှ သမိုင်းမြို့တိုက်ဆောင်

စေတီရင်ပြင်မှ သမိုင်းမြို့တိုက်ဆောင်

မြစ်ကူးတံတားဘေးက စေတီပေါ့။ မြသပိတ်စေတီရင်ပြင်ကနေ တစ်ဖက်ကမ်းကို လှမ်းမျှော်ကြည့်တဲ့ခါ ရောဝတီမြစ်အရှေ့ဘက်ကမ်း မျက်စောင်းထိုး ဓားလွယ်ခုတ်သာသာမှာ နတ်မျှော်စေတီကို ဖူးမြင်နိုင်ပြီး ခုတော့ ကာလရွှေ့လျောပြီး နတ်မှော်စေတီလို့ ခေါ်ကြရဲ့။

သပိတ်တော်ကို ပင့်ဆောင်တဲ့ သိကြားမင်းအစီအမံ

မိမိ ဆက်ပဝ်လှူဒါန်းခဲ့တဲ့ သပိတ်မူတော်ဟာ မလွန်ရေအလျဉ်မှာ ရပ်တန့်နေတာကို သိကြားမင်းကိုယ်တိုင် မြင်တွေ့လိုက်ရတဲ့အခါ ဒီအရပ်ဟာ သပိတ်တော် ကိန်းဝပ်မယ့်နေရာ ဘူမိနက်သန်ရယ်လို့ သိသွားပါတယ်။ အဲဒီအခါ ပဌနဂိုရိမြို့စားကို အမိဌာန်ပြုပြီး သပိတ်တော် ပင့်ဆောင်စေခဲ့တယ်။

မဂ်လာဖောင်တော်များ စီမံကာ ကြိုးကျယ်ခမ်းနားသော အစီအစဉ်နဲ့ ရေလယ်ကနေ မလွန်ကမ်းခြေသို့ ပင့်ယူခဲ့ကြကာ မလွန်တောင်ဘက်ရှိ ရတနာဇာတိတောင်ကုန်းအနီးမှာ ဂန္ဓကုဋိတိုက် ဖန်ဆင်းပေးပြီး သပိတ်တော်ကို ခေတ္တကိန်းဝပ်စေပါတယ်။

အဲဒီနောက် ဒီအရပ်မှာ သပိတ်တော် ထာဝရစံနေစေခြင်းငှာ သိကြားမင်းနဲ့နတ်ဗြဟ္မာတို့ စုဝေးတိုင်ပင်တော့ ရဟန်း၊ လူပညာရှိတွေနဲ့ ပြည်သူတွေကလည်း တစ်ခဲနက် ကျေနပ်ကြလေရဲ့။

သိကြားမင်းဟာ တောင်ကုန်းထိပ်မှာ ရပ်လျက် 'ဤနေရာတွင် ကျောက်ဖျာရှိလည်း ကွယ်စေ၊ မြေကြီးတို့လည်း စင်ကြယ်စေ၊ ရေမလွတ်သည်လည်း ဖြစ်စေ' တို့ အမိဌာန်ပြုကာ လွှေးချယ်ပြီး တောင်ကုန်းအောက်မြေမှာ

www.burmeseclassic.com

www.burmeseclassic.com

သမိုင်းပြတိုက်ဆောင်အတွင်းမှ ပန်းချီကားချပ်များ

ကြီးကျယ်သောလိုဏ်ဂူကြီးကို နတ်သိကြားများ အကူအညီနဲ့ စတင်တူးဖော်ကြတယ်။ တူးလိုက်တဲ့ လိုဏ်ဂူရဲ့ စောက်အနက်အဝိုင်းအတာ ရောဝတီမြစ်ရဲ့ ရေအကျဆုံးအချိန်ဖြစ်တဲ့ တပေါင်းလကွယ်နေ့ ရေမျက်နှာပြင်နဲ့ အညီနေရာအရောက်မှာ မြေပြင်ကို အညီအညွတ် စီရင်စေပါတယ်။ နဝရတ်ကိုးပါးနဲ့တကွ ရတနာခုနစ်ပါးစီခြယ်ထားတဲ့ ကလပ်ပေါ်မှာ သပိတ်တော်ကို အခိုင်အခဲ့ စိမ်ပြီး ဌာပနာတော်မူခဲ့ကြတယ်။

ဒါ့အပြင် လူအများလျှဒါန်းထားတဲ့ ရွှေငွေရတနာတွေကိုလည်း နောက်တစ်ခါ ဖူးတွေ့သူတွေ မြင်ရင် မွမ်းမံပြင်ဆင်နိုင်ဖို့ ကြုတ်တွေမှာထည့်ပြီး သေတ္တာတွေနဲ့ လုံခြုံစွာ စီမံထားတော်မူပါတယ်။ မြို့စားမင်းကလည်း သူဝတ်ထားတဲ့ အဖိုးတန်ရတနာတွေကို ချွတ်ကာလှူဒါန်းခဲ့ပြီး ဌာပနာတိုက်ကို လုံခြုံအောင် ပိတ်လိုက်ကြတယ်။

သိကြားမင်းစေခိုင်းချက်အရ ဝိသကြံနတ်သားကလည်း သန်လျက်ကိုင်စွဲထားတဲ့ သစ်သားဘီလူးရုပ်များ၊ သားရဲနဲ့ စက်ယန္တရားများကို ဌာပနာတိုက်ပတ်လည်မှာ စောင့်ကြပ်စေခဲ့ပါသတဲ့။ ရန်သူမျိုးငါးပါးရန်က ကင်းဝေးဖို့လည်း လိုဏ်ဂူကို လမ်းလွဲများဖောက်လုပ်ပြီး ရောဝတီမြစ်ထဲ ရောက်သွားအောင် စီရင်ထားခဲ့ပါတယ်။ ဌာပနာတိုက်ပေါ်မှာတော့ ကျောက်တုံးတွေနဲ့ အမှတ်အသားလုပ်ပြီး ဘုရားရှင် ခုနစ်ရက်တာမျှ သုံးခဲ့တဲ့ သပိတ်တော်ကို မလွန်အရပ်မှာ စတင်တိုးကွယ်ခဲ့ကြပါတယ်။

မလွန်မြသပိတ်စေတီတော်ရဲ့ ဝတ်ပါလိုဏ်ဂူ

မြသပိတ်စေတီ ရင်ပြင်အောက်ခြေမှာ ထူးဆန်းအံ့သြဖွယ်ကောင်းတဲ့ ဝတ်ပါလိုဏ်ဂူတွေကို ရှေးမင်းတွေက တည်ဆောက်ခဲ့ကြတယ်လို့ ဆိုကြပါတယ်။ လက်ရှိ ရင်ပြင်တော် တိုးချဲ့ဆောက်လုပ်မှုတွေ မလုပ်ခင်ကတော့ စေတီတော်ရဲ့ အရှေ့ဘက်မုခ်ဝ တောင်ဘက် ၁၀ ပေခန့်အကွာ ရင်ပြင်တော်အောက်ခြေမြေပြင်မှာ လိုဏ်ဂူဝတစ်ခု ရှိနေခဲ့ဖူးတယ်။ ရှေးလူကြီးတွေကတော့ အဲဒီဂူပေါက်ကနေ အုန်းသီးခြောက်တစ်လုံး ပစ်ချလိုက်ရင် အုန်းသီးဟာ မလွန်-ရွှေလဝင်းဝဲမှာ သွားပေါ်တယ်လို့ ပြောကြရဲ့။

တစ်ခါတုန်းက အဲဒီလိုဏ်ဂူထဲ ဝင်ကြည့်ကြဖူးသူတွေကလည်း ဂူဝအကျယ်ဟာ ၆ ပေခန့်ရှိပြီး လိုဏ်ဂူအရှည်ဟာ စေတီတော်အလယ်ပစ္စယာလော်အရောက်မှာ မြောက်ဘက်ကို ကွေ့သွားကာ လူတစ်ကိုယ်စာမျှ တဖြည်းဖြည်း ကျဉ်းမြောင်းသွားတယ်။ နှစ်လံလောက် ဆက်သွားပြီး မြေများဖို့ခံနေလို့ ပြန်ထွက်ခဲ့ကြတယ်။

မြေအောက်ဝတ်ပါလိုဏ်ဂူဟာ အင်္ဂလိပ်အက္ခရာ (H) နဲ့ (L) ပုံ ဆက်သွယ်ထားသလို ရှိတယ်လို့ ဆိုပါတယ်။

အဲဒီလို စေတီရင်ပြင်အောက်မှာ ရောဝတီမြစ်ထဲကို တူရွေနေတဲ့ ဥမင်လိုဏ်ပေါက်များ တည်ရှိတဲ့အတွက် 'ရွှေအုန်းပေါက်' စေတီလို့လည်း ခေါ်ခဲ့ကြဖူးသတဲ့။ ခုတော့ ဘက်စုံပြုပြင်မွမ်းမံရေးတွေကြောင့် လိုဏ်ဂူပေါက်လည်း လုံးဝပိတ်သွားပေါ့။

လာဟိုးပြတိုက်ရှိ ဘုရားရှင်အား နတ်မင်းကြီးလေးပါး သပိတ်တော်များဆက်ကပ်ပုံ ကျောက်ဆစ်လုပ်ရာ

www.burmeseclassic.com

မလွန်မြို့ တည်ထောင်ခဲ့ပုံ အဆင့်ဆင့်

ရုတနာသုံးပါး ကြည်ညိုပြီး မင်းကျင့်တရား ဆယ်ပါးနဲ့ ညီတော်မူတဲ့ ငတပါးမင်းဟာ သာသနာတော်နှစ် ၄၃၃ ခုမှာ သရေခေတ္တရာပြည်ကြီးကို အုပ်စိုးပါတယ်။ မြို့သစ်တည်ထောင်လိုတဲ့ မင်းကြီးဟာ ရဟန်းပညာရှိ၊ လူပညာရှိတွေနဲ့အတူ နေရာသစ်ရှာဖွေရာမှာ သုနာပရန္တတိုင်းကို ရောက်ရှိတော်မူခဲ့တယ်။

ဘုရားရှင်ထံ သိကြားမင်း လျှောဒါန်းခဲ့တဲ့ သပိတ်တော် ဌာပနာထားရာအရပ်ကိုလည်း ရဟန္တာများရဲ့ အဆုံးအမနဲ့ သတ္တရာဇ် ၄၈၅ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်နေ့မှာ မြို့တည်ခဲ့ပါတယ်။ ကျူး၊ ပစ္စင်၊ ရင်တား တံခါး၊ ပြအိုးတွေနဲ့ ပြည့်စုံစေပြီးတဲ့အခါ ဘုရားရှင် မျှောတော်မူအပ်တဲ့ သပိတ်တော် မလွန်ခဲ့တာကိုစွဲပြီး နောက် 'မလွန်မြို့'လို့ သမုတ်စေခဲ့တယ်။

အနော်ရထာမင်းကြီးရဲ့ သားတော် စောလူးမင်းဟာ သတ္တရာဇ် ၄၂၁ ခုမှာ နန်းတက်တော်မူပြီး ၄၂၅ခု ရောက်တဲ့အခါမှာတော့ မလွန်မြို့ကို တံခါးကြီးငါးမျက်နှာနဲ့ ထပ်မံပြင်ဆင်တော်မူခဲ့လို့ မြို့အင်္ဂါနဲ့ပိုမိုပြည့်စုံလာပြီး စစ်ရေးအရလည်း အထောက်အကူ ဖြစ်စေခဲ့ပါတယ်။

သတ္တရာဇ် ၆၅၅ခု ရောက်တဲ့အခါ တောင်တွင်းသီဟပတေ့မင်းဟာ မလွန်တောင်ဘက် သပိတ်တော် ဌာပနာရာ ရုတနာဇာတိကုန်းမြေပေါ်က ကျောက်စေတီငယ်ကို ထပ်မံတိုးပြီး 'ရတနာစက်ဂျွန်စေတီတော်'လို့ သမုတ်တော်မူခဲ့ပြန်ပါတယ်။



လာဟိုးမြို့တိုက်ရှိ ဘုရားရှင်အား နတ်မင်းကြီးလေးပါးမှ သပိတ်တော်များဆက်ကပ်ပုံ ကျောက်ဆစ်လက်ရာ

ပါကန်တန် ပက်ဂူဒါမြို့တိုက်ရှိ ဘုရားအား နတ်မင်းကြီးလေးပါးမှ သပိတ်တော်များဆက်ကပ်ပုံ ကျောက်ဆစ်လက်ရာ

အလောင်းမင်းတရားကြီး ဦးအောင်ဇေယျဟာ မြန်မာသက္ကရာဇ် ၁၁၁၇ခုမှာ မွန်တို့ကို ခြိုတက်တိုက်ခိုက် အောင်မြင်တော်မူခဲ့လို့ မလွန်ဒေသကို အောင်မြေအဖြစ် သမုတ်ပြီး ခေတ္တယာယီစံမြန်းခဲ့ပါတယ်။

ညီတော်မဟာမဂ္ဂရာဇာ (မိုးနဲ့ဒွါရဝတီမင်းသား) ဟာ သတ္တရာဇ် ၁၈၂၄ခုမှာ မလွန်မြို့ကို သစ်တပ် အခိုင်အမာပြုပြီး တပ်စွဲကာ ကိုယ်တိုင် စစ်သေနာပတိအဖြစ် ရှုံးစိုက်အုပ်ချုပ်ခဲ့ဖူးပါတယ်။ သတ္တရာဇ် ၁၁၈၄ ခုမှာတော့ မလွန်မြို့ကို မက္ခရာမင်းသားကြီး အပိုင်စားချပြီး မလွန်မင်းသားကြီးလို့လည်း အမည်တွင်ခဲ့ပါတယ်။ မန္တလေးမှာ မလွန်မင်းသားကြီး နေထိုင်ခဲ့တဲ့အရပ်ကို မလွန်အရပ်၊ စျေးကို မလွန်စျေးလို့လည်း ယခုတိုင် ခေါ်ဆိုနေကြရဲ့။ ကိုယ်တို့ မကြာခဏ ကြားသိနေရတဲ့ 'မလွန်ဆန်လှူအသင်း' ဆိုတာကတော့ အဲဒီ မန္တလေးအရပ်ကများ ဖြစ်နေမလား၊ ဒီမလွန်မြို့ကပဲလေလား။

စစ်သူကြီး သတိုးသုဓမ္မ မတာဗန္ဓုလနဲ့ မလွန်မြို့

အင်္ဂလိပ်နယ်ချဲ့တွေကို အင်္ဂလိပ်-မြန်မာစစ်ပွဲမှာ ရဲရဲရင့်ရင့် တိုက်ခိုက်ခဲ့တဲ့ မြန်မာသူရဲကောင်း စစ်သူကြီး မဟာဗန္ဓုလ ၁၁၈၆ ခုမှာ ကျဆုံးတော့ စစ်သည်ရဲမက်တွေက ညတွင်းချင်း မီးသင်္ဂြိုဟ်ပြီး အရိုးအိုးကို ရွှေထီးဖြန့်ပိုးကာ မင်းနေပြည်သို့ သယ်ယူခဲ့ကြပါတယ်။ မလွန်အရောက်မှာတော့ အမြန်ဆုတ်ခွာလာရမယ် ဆိုတဲ့ နေပြည်တော်က အမိန့်ကြောင့် အရိုးအိုးကို မင်းလှမှာ တပ်စွဲနေတဲ့ တပ်မှူး ဗိုလ်မှူးဗလမင်းထင် ဦးဆောင်ပြီး ရောဝတီမြစ်ကမ်းပါးမှာ ဂူသွင်းမြှုပ်နှံကာ စေတီတည်ခဲ့ကြရတယ်။

www.burmeseclassic.com

www.burmeseclassic.com

စစ်သူကြီး မဟာဗန္ဓုလကြေးရုပ်နှင့် သူရဲကောင်းပီမာန်

နောင်အခါ ကမ်ပါးပြိုတော့ မလွန်မြသပိတ်စေတီရဲ့ အရှေ့တောင်အရပ်ကို ပြောင်းရွှေ့ပြီး မူလပုံသဏ္ဌာန်အတိုင်း ပြန်လည်တည်ထားခဲ့ကြတယ်။ ခုခါမှာတော့ အဲဒီစေတီမှာပဲ မဟာဗန္ဓုလ မြင်းစီးကြေးရုပ်နဲ့အတူ သူရဲကောင်းပီမာန်ကို လှပသော ပန်းခြံနဲ့အတူ ထားရှိပေးပါတယ်။

ဦးစုညကလည်း 'ဗျူပ္ပတ္တိအရ မိဿကဘာသာ၊ သင်္ကေတသဒ္ဒာနှင့် ရှိပန်း၊ မလွန်မြို့ ဆိပ်ကမ်းဝယ်'၊ 'တစ်မိုယ်းခန့်စမွာယ်မှာ၊ ဆွေနွယ်နက်မြေ၊ မလွန်မြို့ချက်ကြွေက မွေးသအေမိခင်၊ ကျေးဇူးရှိအရှင်' စသဖြင့် မဲ့ထွာစာများ ရေးဖွဲ့ခဲ့တာတွေလည်း ရှိပါတယ်။

မလွန်မြို့အတွက် နောက်ထပ်သပိတ်စေတီတစ်လုံး

(ဘဂဝါ စတ္တာရော သတေ အဂ္ဂဟေသိ ဟူသော မဟာဝါအဋ္ဌကထာလာအတိုင်း) မြတ်စွာဘုရားရှင် သက်တော် (၈၀)၊ ဝါတော် (၄၅)ဝါ ကာလပတ်လုံး သုံးစွဲတော်မူခဲ့သော သပိတ်တော်ဟာ ဗုဒ္ဓပရိနိဗ္ဗာန် စံဝင်တော်မူသော အခါ (အာနန္ဒထေရောပိ၊ ဘဂဝတော ပတ္တစီဝရံ အာဒါယ ဟူသော အဋ္ဌကထာ၊ ဝဇီရာသံ ဘဂဝတော ပတ္တော ဟူသော ပရိက္ခရာ ဘာဇနီယ ပါဠိတော်တို့ကို ထောက်ရှု၍) ရှင်အာနန္ဒာမထေရ်မြတ်ရဲ့ လက်တော်တွင် ရှိတော်မူခဲ့ကြောင်း သိရှိရတယ်။ ထိုမှတစ်ဆင့် ဝဇီရာပြည်သို့ ရောက်ရှိသွားပြန်ပါတယ်။

ယင်းမှတစ်ဖန် သရေခေတ္တရာပြည်ကြီးကို စိုးစံတော်မူတဲ့ ဒွတ္တဘောင်မင်းကြီးဟာ သက္ကရာဇ် ၁၁၁ ခုနှစ်မှာ ရဟန္တာများနဲ့အတူ ဝဇီရာပြည်ကနေ ထိုသပိတ်တော်ကို ပင့်ဆောင်တော်မူခဲ့ပါသတဲ့။ သပိတ်တော်ဟာ အတိုင်းတိုင်း အပြည်ပြည်သို့ လှည့်လည် အပူဇော်ခံပြီး နောက်ဆုံးမှာတော့ အပရန္တမည်တွင်တဲ့ မြန်မာ့တိုင်းသို့ ရောက်ရှိလာခြင်း ဖြစ်ပါတယ်။

သရေခေတ္တရာမှာ ဒွတ္တဘောင်မင်းကြီး တည်ထားကိုးကွယ်ခဲ့တဲ့ စေတီတော်တွေဟာ မြင်ပါဟု၊ သာနန္တရ၊ ယောယော၊ ဆေးဆေးနှေးနှေး၊ ဗောဗော၊ ညေးညေး၊ သောကြာမန္ဒ၊ မဟာစေတီ၊ မြသိတင်စေတီနဲ့ ပဲနောက် အဆင်းရှိသော သပိတ်တော်အစစ်ကို ဌာပနာလျက် မြို့ပြင်မှာ တည်ထားတဲ့ မြစည်းခုံစေတီတော်တို့ ဖြစ်ပါတယ်။ သရေခေတ္တရာပြည်ကြီး ပျက်ပြန်တော့ မြစည်းခုံစေတီတော်က သပိတ်တော်ကို ပေါက်ကွဲပြည်သို့ပင့်ဆောင်တော်မူခဲ့ကြတယ်။ အဲဒီပေါက်ကွဲပြည် ပျက်တဲ့အခါ ယင်းမှတစ်ဆင့် အင်းဝသို့ ပြောင်းရွှေ့ကိန်းဝပ် စုံပယ်တော်မူစေခဲ့ပြန်တယ်။

သက္ကရာဇ် ၁၁၃၃ ခုမှာ အင်းဝဘုရင် မဟာမွေရာဇာမိပတိနဲ့ ဟံသာဝတီပြည့်ရှင် ဗညားဒလတို့ သမိုင်းတွင်မယ့် 'မွန်-မြန်မာစစ်ပွဲ'ကို ဆင်နွှဲကြပါတယ်။ ထိုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၆ ရက်၊ တနလ်ာနေ့ အတာတက်ချိန်မှာတော့ အင်းဝကဆုံးသွားပြီး အင်းဝဘုရင်နဲ့ မြို့အလုံးကို မွန်တို့ သိမ်းပိုက်နိုင်ခဲ့ကြတယ်။ အဲဒီနောက် တလပန်းကို အင်းဝမှာ ထားရစ်ပြီး မွန်မင်းဗညားဒလ၊ သမက်တော်စောပြု၊ ညီတော်ဥပရာဇာတို့ဟာ တပ်ပေါင်း ၃၀ နဲ့ ကြည်းကြောင်း၊ ရေကြောင်းကနေ ဟံသာဝတီကို စုန်ဆင်းခဲ့ကြပါတယ်။

စစ်အောင်မြင်ခြင်း အထိမ်းအမှတ်နဲ့ လောက သရဖူ ဒါယကာ အင်းဝမင်းကြီးနဲ့မိဖုရား၊ သားတော်၊ သမီးတော်၊ ဆွေတော် မျိုးတော်၊ ဆင်ကြီး၊ မြင်းကြီး၊ လက်နက်ကိရိယာများနဲ့ ဝိဋ္ဌကတ်တော်များ၊ မြဆင်းတုတော်နဲ့ သပိတ်တော်တို့ကိုပါ ပင့်ဆောင်ယူငင်ပြီး ပြန်ခဲ့ကြတာပါ။ မြဆင်းတု၊ သပိတ်တော်နဲ့ ဝိဋ္ဌကတ်တွေဟ်တွေ တင်ဆောင်လာတဲ့ ဖောင်တော်ဟာ ရေငတ်မြစ်ကြောင်းအတိုင်း စုန်လာခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

အလွန်ရေစီးသန်တဲ့ ရေအလျင်မှာ အခုရွှေလဝင်းဝဲသို့ အရောက်မှာတော့ လက်ဝဲလှေတော်သား ၁၅ဝပါ ဧပဲြ ပဲနင်းကွပ်ကဲတဲ့လှေနဲ့၊ လှေတော်သား ၁၅ဝပါ ဗညားနန္ဒကွပ်ကဲတဲ့လှေတို့ဟာ အပြင်းလှော်ခတ်ပေမယ့် အချည်းနှီးသာ အချိန်ကုန်ခဲ့ပြီး ဖောင်တော်မရွေ့ဘဲ တောက်တိုင်ပမာ မားမားမတ်မတ် ရပ်တည်လျက် ရှိနေပါတော့တယ်။ မွန်-မြန်မာ ပညာရှိတွေက ဒီအရပ်ကို လွန်ပြီး စုန်မဆင်းနိုင်လို့ သိကြားမင်း ဆက်ကပ်တဲ့ သပိတ်တော်လည်း ရွေးထဲက်ပင် ဒီရတနာဇာတိ တောင်ထုန်းမှာ ကိန်းဝပ်နေခဲ့ဖူးကြောင်း၊ အခုလည်း မိမိတို့ ဖောင်တော်ဟာ ယခင်က တည်ရှိနေပြီးဖြစ်တဲ့ သပိတ်တော်ကို လွန်ပြီး မလှော်ခတ်နိုင်ခြင်းသာ ဖြစ်ကြောင်း လျှောက်တင်ကြပါတယ်။

ဗညားဒလန့် ညီတော်ဥပရာဇာတို့ဟာ အမတ်တို့ ကြောင်းကျိုးခိုင်လုံစွာ လျှောက်တင်ချက်ကြောင့် သပိတ်တော်ကို လက်လျှော့ကာ မလွန်မြို့ တောင်ကုန်းပေါ်ရှိ 'ရတနာစက်ဤစေတီတော်'အတွင်းမှာပင် ဌာပနာသွင်းပြီး ရတနာရှိရာ ရတနာစုသလို ထားရစ်ခဲ့ကြတယ်။

ငါတို့၌ သပိတ်တော်ကို ပူဇော်ကိုးကွယ်ရန် ပါရမီစုံစွာမရှိသေးလို့လည်း နှလုံးသွင်းပြီး မြဆင်းတုတော်တစ်ဆူကိုသာ ပင့်ဆောင်လျက် ဟံသာဝတီသို့ ခရီးဆက်တော်မူကြရာမှာတော့ ဖောင်တော်ဟာ ဒဂုန်မှော်အထိ လှော်ခတ်ခြင်းပင် မပြုရဘဲ အလိုအလျောက် စုန်တော်မူပါသတဲ့။

အဲဒီလိုနဲ့ သုနာပရန္တတိုင်း၊ စက်တော်ရာနှစ်ဆူ အတွင်း ဘုရားရှင် အမိဌာန်နဲ့ ရေမျောခဲ့တဲ့ သပိတ်တော်စစ်ဟာ မလွန်မြို့ကုန်းထိပ်မှာ ကျန်ရစ်ကာ ကိန်းဝပ်စံပယ်နေတော်မူခဲ့ပြီး မြသပိတ်စေတီတော်ရယ်လို့ ဖြစ်လာပါတယ်။

ဒီ မလွန်မြသပိတ်စေတီတော်ကို ဘိုးတော်မင်းတရားကြီးကလည်း အောက်အရပ် ပြည်မြို့ကနေ အထက် မြင်းခြံအထိက သံဃာတော် အပါးတစ်ထောင်ကျော်တို့ ပါဝင် အနုမောဒနာပြုပြီး ထီးတင်ပွဲပြုလုပ်ခဲ့ဖူးပါတယ်။ မြသပိတ်စေတီတော်ကြီးဟာ သက္ကရာဇ် ၁၂၂၀ ခုမှာ လျှော်အပြင်းအထန် လူပ်ခတ်ပြီး ပြိုကျပျက်စီးခဲ့ရတယ်။

၁၂၃၅ ခုမှာတော့ နဂါးရုံကျောင်းဆရာတော်၊ စာကြောကျောင်းဆရာတော်တို့ ကြပ်မတ်ပြီး မလွန်မြစ်စဉ်မင်းကြီး အစရှိတဲ့ ဥပါသကာ ပြည်သူအများက ဓာတ်တော်အဆူ ၁ဝဝဝ ကျော် ဌာပနာပြီး ထပ်မံတည်ထား ကိုးကွယ်ခဲ့ကြပါတယ်။

၁၂၅၆ခု တန်ခူးလမှာတော့ မလွန်မြို့အုပ်မင်းက ဓာတ်တော်အဆူ ၂ဝဝ ကျော် ထပ်မံပင့်ဆောင်ကာ ဌက်မြတ်နားမှာ ဌာပနာပြီး မွမ်းမံပြင်ဆင်တော်မူခဲ့ပြန်တယ်။ ၁၃၂၃ ခုမှာလည်း ဆေးဝက်ပါဆရာတော်ကြီး ဦးသူရိယလည်း မလွန်ကို ကြွလာပြီး တရားပွဲတွေ ကျင်းပကာ ရလာတဲ့ အလှူတော်ငွေများနဲ့ ထပ်မံပြင်ဆင်တော်မူခဲ့တယ်။ မူလစေတီရဲ့ သပိတ်တော်နဲ့ ဖောင်းရစ်ကြားမှာလည်း ဆေးဝက်ပါဆရာတော်ကြီးက နှတ်တိုက်တစ်ခုပြုလုပ်ကာ နတ်မင်းကြီးလေးပါးပုံတော်များဖြင့် ဖြည့်စွက်ပူဇော်ပေးခဲ့ပါတယ်။

နိုင်ငံတော် ဝန်ကြီးချုပ်ဟောင်း ဦးနုကလည်း မကွေးတိုင်း ပါလီမန်အမတ် ဦးအုန်းဖေ၊ မင်းလှ ပါလီမန်အမတ် ဦးထွန်းတင်၊ အင်းဦးဆရာတော် ဦးခန္ဓိ၊ စာကြောဆရာတော်တို့ရဲ့ မေတ္တာရပ်ခံချက်နဲ့ စေတီတော်မွမ်းမံဖို့ ကူညီပံ့ပိုးပေးခဲ့ဖူးတယ်။

မလွန်-မြသပိတ်ဘုရား တျောတ်စာ

'ဇေယျတု+' အစချီတဲ့ ကျောက်စာတစ်ချပ်လည်း မလွန်မြသပိတ်ဘုရားမှာ ရှိပါတယ်။ အဲဒီမှာ ရေးထားတာက -

ချစ်ဆွေ ကြီးစိုးသည့်ကာလ ပြည်ရန်နိုင်စားခြားနားသည်ကို သွေတော်လျှက်အများနှင့် မလွန်မြို့မှာ တက်သိန်းယူ၍ ပြည်မြို့မှ ဆက်ပို့လေသည်၊ မ ့ မြို့ကိုလည်း သည်အခါ မီးရှို့လေသည်၊ ၎င်းများနာရာဆက်ပို့ဝင်သည် အဖြစ်များကြောင့် သက္ကရာဇ် ၆၉-၇ဝ ပြည်မြို့ကို အလိုတော်ပြည့်ရာတွင် အနောက်ဘက်လွန် မဟာမွေရာဇာမင်းတရား အမျက်တော်ရှိရှုယ် စက်စတင် သူကြီး ချစ်ဆွေကို နှင်မယားမိနှသားတောင်းညီ ချစ်ဘ-နှမ မိထွန်းဦးတို့ကို မလွန်မြသပိတ်ဘုရားရှင် ကျွန်သီးတော်အရာ ရေစက်တော်သွန်းရှယ်၊ မလွန်တဲနန်းတော်တွင် လှူတော်မူခဲ့ဘူး

www.burmeseclassic.com

www.burmeseclassic.com

မြသပိတ်ဘုရားရှင်ကို ရည်မှတ်ရွယ်လည်း စက်စတင်ရွာနယ်အတွင်း၊ လယ်နှင့်ကိုင်းပါ ၅-ပယ်၊ ဆီမီးဝတ်သင်ပုတ်ဝတ် လှူတော်မူခဲ့ဘိ။ ၎င်းမြေဆီ အခွန်ဆယ်ဘို့ တဘို့ပေးစေ သမုတ်တော်မူခဲ့ဘိ။ လို့ ဖြစ်ပါတယ်။

မလွန်မြို့တောင်းရဲ့ ထူးခြားချက်များ

မလွန်မြို့ဟောင်းမှာ ဝူ ၉ ဝူ၊ ကျောင်း ၉ ကျောင်း၊ သိမ် ၉ သိမ်၊ တောင်ကုန်း ၉ ကုန်း၊ မလွန်မြို့ဟောင်းကို ဝန်းရံထားတဲ့ ရွာ ၉ ရွာနဲ့ မလွန်ကို အထင်အရှား အုပ်ချုပ်ခဲ့တဲ့ သူကြီး ၉ ဦး ရှိတယ်လို့လည်း သိရပါတယ်။

မလွန်ဟာ ရှေးအခါတုန်းကတော့ တောတောင် ထူထပ်ပြီး စိမ့်ကြီးမြိုင်ကြီးတွေနဲ့ စိမ်းစိမ်းစိုစိုရှိလှပြီး သူတော်စင်တွေ တရားထိုင်ရာ ဂူတွေလည်း ပေါခဲ့သတဲ့။ ဝိဇ္ဇာပညာတွေ ထွန်းကားပြီး ဂဗ္ဘီရအတတ်နဲ့ 'အင်း' ကစားခြင်းတွေကိုလည်း အဲဒီဂူကြီးတွေမှာ ကျင့်ကြံတတ်ကြတယ်လို့ ဆိုပါတယ်။ အဲဒါကြောင့်လည်း အင်းအောင်စေတီ၊ အင်းပျက်စေတီဆိုတဲ့ စေတီပုထိုးတွေ တည်ထားခဲ့တာလည်း ဖြစ်မယ်ပေါ့။ မလွန်ရွာကြီးကိုလည်း သီပေါမင်းကိုယ်တိုင် နေပြည်တော်ကနေ စာချွန်နဲ့တကွ ခန့်အပ်ခံရတဲ့ မြင်ကွန်းသူကြီး၊ တိုင်တားမင်းကြီး ကိုယ်တိုင် လာရောက် ခန့်အပ်တဲ့ ဘုရားထူးခံ သူကြီးတွေလည်း အုပ်ချုပ်ခဲ့ကြပါတယ်။

မလွန်မြို့က ဘုရားစေတီများ

မလွန်မြို့ ဝန်းကျင်မှာတော့ ကျက်သရေဆောင် မြသပိတ်စေတီတော်ကြီးနဲ့အတူ ယင်းကို ဝန်းရံထားတဲ့ တန်ခိုးကြီး စေတီတော်တွေလည်း ၅၄ ဆူမျှတောင် ရှိသတဲ့။ မြသပိတ်စေတီတော် ရင်ပြင်က ကြည့်တဲ့အခါ အရှေ့ဘက်က ကျုံးထိပ်စေတီ (ရွှေမင်းအော်းစေတီ)၊ ပဌနဂိုရ်ရွာနဲ့ ဧရာဝတီမြစ်ကြီး၊ နတ်မျှော်စေတီ၊ အနောက်ဘက်မှာတော့ ယခင် မြို့ရိုးဟောင်းပေါ်က ရွှေတောင်ဦးစေတီကို ရခိုင်ရိုးမတောင်တန်းကြီးများရဲ့ မှိုင်းပျပျ နောက်ခံအလှနဲ့အတူ ဖူးမြင်ရသလို တောင်ဘက်မှာတော့ စေတီလှ၊ ရွှေဘုန်းသာ၊ အသစ်ထပ်မံတည်ဆောက်ထားတဲ့ သတ္တဋ္ဌာနစေတီနဲ့ မြနန္ဒာကန်၊ နဂါးရုံစေတီများကို ဖူးတွေ့ရပါတယ်။

မြောက်ဘက်စောင်းတန်း အောက်ခြေမှာလည်း ရွှေဘုရား၊ ရွှေစာရံ၊ ပုံတော်ချိုးစေတီနဲ့ မဟာဝိဇိတာဝီ (လုံးတော်ကြီးစေတီ)တို့ကို သပ္တာယ်စွာ ဖူးမြော်နိုင်ကြပါတယ်။ အရှေ့တောင်ဘက်မှာ ရှင်ပင်သက်တွဲစေတီ၊ မဟာဗန္ဓုလအရိုးအိုးစေတီနဲ့ သူရဲကောင်းဗိမာန်၊ မဟာဗန္ဓုလမြင်းစီးကြွေးရုပ်တွေကို တွေ့ရမှာပါ။

အနောက်တောင်ဘက်က အင်းအောင်စေတီ၊ အင်းပျက်စေတီ၊ အနောက်မြောက်ဘက် မြို့ဟောင်းပေါ်မှာတော့ ရွှေစည်းခုံနဲ့ဘုရားနီ၊ တောင်ခြေမှာ ကုန်းဘောင်ခေတ်က စာပေအရာမှာထင်ရှားခဲ့တဲ့ စာကြောကျော်ငြိုတော်ကြီးနဲ့ ကြောင်လိမ်စေတီ (နှစ်ကျိပ်ရှစ်ဆူ အောင်တော်မူ)တို့အပြင် အရှေ့မြောက်ဘက်မှာလည်း ရွှေမုဋ္ဌောစေတီက ဝန်းရံတည်ရှိနေရဲ့။ အနောက်တောင်ဘက်စောင်းတန်းအောက်ခြေမှာတော့ ဆူတောင်းပြည့်စေတီတို့ကို ဖူးတွေ့ရပါတယ်။

မလွန်မြသပိတ်စေတီတော်ရဲ့ ဗုဒ္ဓပူဇနိယပွဲတော်ကိုတော့ နှစ်စဉ် နတ်တော်လဆန်း ၂ရက်နေ့မှ ၁၁ရက်နေ့အထိ ၁၀ ရက်တိုင် စေတီတော်ကုန်းမြေရဲ့အခြေမှာ ကျင်းဝလေ့ရှိသတဲ့။ ဘုရားပွဲရက်များ ဟာသွေခွင့်ရချင်မိပါသေးတယ်။

မလွန်မြသပိတ်စေတီ ခြေတော်ရင်းမှ ကားကြီးဆက်လက်ထွက်ခွာလာတော့ ရှုခင်းတွေက လှပ လန်းဆတ်လျက်ရှိရဲ့။ ဝေ့ဝေ့ဝိုက်ဝိုက်နဲ့ ပဌနဂိုရ်-မလွန်မြစ်ကူးတံတားသစ်ကြီးကိုလည်း လှမ်းမြင်နေရတယ်။ လမ်းဆုံမှတ်တိုင်က 'ပဌနဂိုရ်'ဆိုတဲ့ ရှေးဆန်းဆန် အမည်လေးကိုလည်း သဘောကျမိရဲ့။ မြင်ကွန်းသို့လည်း မဝေးလှဘူးလို့ ညွှန်ပြနေပါတယ်။ တစ်နေ့နေ့မှာတော့ အဲဒီကိုသွားကြည့်ရဦးမယ်။ ကိုယ့်ပြည်ကိုယ့်မြေက စိတ်ဝင်စားစရာ နေရာတွေဟာ မကုန်နိုင်မခန်းနိုင်ပါဘဲလား။

ကိုအေးမြင့် (မဟာဝိဇ္ဇာ၊ ရွှေ/သု)

စာကိုး

(၁) ကောင်းမြတ်(ခရာတော)၊ မလွန်မြသပိတ်စေတီတော်သမိုင်း၊

(၂) Encyclopædia Britannica, 2014.Microsoft ® Encarta ® 2009.

www.burmeseclassic.com

www.burmeseclassic.com



စမတောင်မှ ဆင်ကသတဖုတ်ဝင် ကမ္ဘာ့ကပ်ကျော်စေတီတော်မြတ်ကြီး

စမတောင် သုခစံကျောင်း၌ ကိန်းဝပ်စံပယ်နေတော်မူသော သိရိလင်္ကာနိုင်ငံ ကနီပြိုမှ ဝုဒ္ဓမြတ်စွဲယိုကြွတော်ဟူး

စမတောင်တော် နှင့် ဆင်ကသ မဟာဝင်္သံတော်ရှင် ကမ္ဘာ့ကပ်ကျော်စေတီတော်

မရည်မွန် (ကျုံပျော်)

စာရေးဆရာများလည်းဖြစ်၊ ဂီတကို ဝါသနာပါကြသူများလည်း ဖြစ်ကြသော ကျွန်မ အပါအဝင် စာရေးဆရာခြောက်ယောက်တို့သည် စာရေးဆရာ မောင်ဆန္ဒ(လယ်ဝေး)၏ ဖိတ်ခေါ်မှုဖြင့် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ဥသျှစ်လှိုင်းကျေးရွာရှိ ရွှေပြည်ကြီးစာကြည့်တိုက် ဖွင့်ပွဲနှင့် အနာဂတ်ကြယ်ပွင့်လေးများသို့ အသိပညာပေး စာပေဟောပြောပွဲသို့ လိုက်ပါသွားဖြစ်ခဲ့ကြသည်။

ထိုဥသျှစ်လှိုင်းကျေးရွာရှိ ရွှေပြည်ကြီး စာကြည့်တိုက် ဖွင့်ပွဲနှင့် အနာဂတ်ကြယ်ပွင့်လေးများသို့ အသိပညာပေး စာပေဟောပြောပွဲတွင် ဆရာမောင်ဆန္ဒ(လယ်ဝေး)၊ ရုပ်ရှင်နှင့်ဗွီဒီယိုဟာသသရုပ်ဆောင်ဇေလုဝတို့မှ ဒေသခံများအား စာပေနှင့်ပတ်သက်သော အကြောင်းအရာများကို ဟောပြောကြသကဲ့သို့ ကျွန်မတို့အဖွဲ့မှလည်း တေးဂီတများဖြင့် တီးခတ်သီဆို ဖျော်ဖြေခဲ့ကြပါသည်။

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ ဥသျှစ်လှိုင်းကျေးရွာမှ အပြန်ခရီး၌ ကျွန်မတို့အုပ်စုကို ဆရာမောင်ဆန္ဒ(လယ်ဝေး)မှ လယ်ဝေးမြို့နယ် သာဝတ္ထိမြို့အနောက်ဘက် ကြံဖိုစုရွာရှိ စမတောင်သို့ ကမ္ဘာ့ကပ်ကျော်စေတီတော်မြတ်အား ဖူးမြော်ကြည်ညိုနိုင်ကြစေရန် ပို့ဆောင်ပေးပါသည်။

စမတောင်သည် ပဲခူးရိုးမ၏ အရှေ့ဘက်သို့ ဖြာထွက်နေသည့်

www.burmeseclassic.com

www.burmeseclassic.com



စမတောင်ပေါ်မှ အဘဘိုးဘိုးအောင် တရားကျင့်ကြံအားထုတ်သွားသော လိုဏ်ဂူလေးအား ပြန်လည်ပြုပြင်ထားပုံ

စမတောင်ဆရာတော်ကြီး သိတင်းသုံးရာ သော စံကျောင်းတွင်၌ တွေ့မြင်ရသော ကျောက်တုံးကြီးနှင့် စမအကွရာများ

တောင်စဉ်တောင်ကြော တောင်ငယ်တစ်ခု ဖြစ်ကြောင်းကို သိရသည်။ ကျွန်မတို့အဖွဲ့သည် စမတောင်ပေါ်တက် နှုတ်လှမ်းအတိုင်း တောင်ပေါ်သို့ တက်ရောက်ကြရာ စမတောင်တော်၏ အမြင့်ပေမှာ ၃၀၀ ခန့်မျှ ရှိမည်ဟုခန့်မှန်းရသည်။ သာသနိက အဆောက်အဦများစွာရှိသော်လည်း လူရိပ်လူသံဟူ၍မကြားရမမြင်ရပေ။ ကျေးငှက်သာရကာများ၏ တွန်ကျူးနေကြသော အသံမှလွဲ၍ ပကတိတိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ သူတော်ကောင်းဓာတ် ကိန်းဝပ်ရာ ဌာနမို့ငြိမ်းချမ်းခြင်းအသွင်ကိုဆောင်လျက်ရှိသဖြင့် ကျွန်မအနေဖြင့် တဒင်္ဂ သန္တိသုခကို ရရှိခံစားခဲ့ရသည်ကတော့ အမှန်ပင်ဖြစ်သည်။

စမတောင်ဆံတော်ရှင် ကမ္ဘာကပ်ကျော်စေတီတော်မြတ်ကြီးအား ထုံးသင်္ဂန်းများကို ကပ်လှူပူဇော်ထားသည်ကို တွေ့ရှိဖူးမြော်ရသည်။ စမတောင်တော်အား အရှေ့ဘက်၊ တောင်ဘက်၊ အနောက်ဘက်တို့မှ လှှိုမြောင်များကဝိုင်းရံလျက်ရှိသည်။

စမတောင်သည် သက်သတ်လွတ်နယ်မြေဖြစ်၍ ထိုစမတောင်ပေါ်၌သီတင်းသုံးကာ တရားအားထုတ်ကြသူ အပေါင်းတို့မှာ သက်သတ်လွတ်ကိုသာလျှင် စားသုံးကြရကြောင်းကို သိရသည်။ ထိုစမတောင်ပေါ်၌ အဓိဋ္ဌာန်စခန်း ဝင်နေကြသူများ ရှိသကဲ့သို့ ရာသက်ပန် တရားအားထုတ်နေကြသူများလည်းရှိသည်။

သို့ပါသောကြောင့် ကျွန်မအနေဖြင့် စမတောင်နှင့် ဆံတော်ရှင် ကမ္ဘာကပ်ကျော် စေတီတော်မြတ်၏ သမိုင်းကြောင်းအား လေ့လာဖြစ်ခဲ့သည်။ စမတောင်တော်မြတ်သည် လွန်စွာလှို့ဝှက်နက်နဲဆန်းကြယ်သော တောင်တစ်တောင် ဖြစ်ကြောင်းကို သိရသည်။

မြတ်စွာဘုရားရှင် လက်ထက်တော်အခါက ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ အရှင်အနုရုဒ္ဓါ အမှူးပြုသော ရဟန္တာခြောက်ပါးတို့သည် မြတ်စွာဘုရားရှင်အားသတ္တဝါအများ ကပ်သုံးပါးမှလွတ်မြောက်ရန် အကျိုးငှာ ပူဇော်ရန်အတွက် ပေးသနားတော်မူပါရန် ဓာတ်းပန်လျှောက်ထားကြသဖြင့် မြတ်စွာဘုရားရှင်မှ ဆံတော်ရှင်ခြောက်ဆူကို တစ်ဆူစီ ပေးသနားတော်မူခဲ့သည်။

ရဟန္တာ ခြောက်ပါးတို့သည် ကောင်းကင်ခရီးဖြင့် ကြွမြန်းတော်မူလာကြရာတွင် သိကြားမင်း၊ နဂါးမင်း၊ မိုးနတ်သား၊ မဏိမေခလာ၊ သင်္ဘော်သူကြီး စသည့် ဘုရားဒါယကာများကိုတွေ့၍ ရေချို၊ ရေငန် ကမ္ဘောဇသုံးဌာနတွင် တစ်ဆူနှင့်တစ်ဆူ မနီးမဝေးအရပ်တို့၌ ဆံတော်ရှင်တစ်ဆူစီ စေတီတော် တည်ထားတော်မူခဲ့ကြသည်။ သာသနာတော်နှစ် (၂၀၀၀) ကျော်ကာလများတွင် ပူဇော်မည့်သူမရှိသဖြင့် ဆံတော်ရှင်စေတီတော်များမှာတိမ်မြုပ်ပျောက်ကွယ်နေတော်မူကြရသည်။

www.burmeseclassic.com

www.burmeseclassic.com

စမတောင်ဆရာတော်ကြီးဘဒ္ဒန္တဝိမလ သီတင်းသုံးရာ အိပ်ခန်းဆောင်၌ ဆရာတော်ကြီးအား သွပ်ကပ်လှူထားပုံ



စမတောင်တော်မြတ်မှ ကျေးဇူးရှင် စမတောင်ဆရာတော်ကြီး ဘဒ္ဒန္တဝိမလ

ဗြိတိသျှနယ်ချဲ့တို့ မြန်မာနိုင်ငံအား အုပ်စိုးနေချိန်တွင် မဟိဒ္ဓိဆရာကြီးများက ဗျာဒိတ်တော်အရ သာသနာတော် တစ်ဝက်မလိမီ ဆံတော်ရှင်များကို ဖော်ထုတ်ရမည်ဖြစ်သည်။ဆံတော်ရှင်များကိုမဖော်ထုတ်နိုင်ပါက ဆကေသမာတုဝင် စေတီတော်များ ခြေရင်းအထိ ပင်လယ်ရေပြန်လည်လွှမ်းမိုးပြီး သတ္တဝါအများ ပျက်စီးမည်ကို သိရှိကြသဖြင့် ဆံတော်ရှင်များဖော်ထုတ်နိုင်မည့် ပါရမီရှင်တစ်ဦးကို မန္တလေးမြို့မှ နေမြင်လမြင် ဆရာရှင်ကြီးမှ မြန်မာပြည်အထက်အောက် ခြေကျင်ခရီးဖြင့် ရှာဖွေခဲ့သည်။

ထိုသို့ဖြင့် မန္တလေးမြို့မှ နေမြင် လမြင် ဆရာရှင်ကြီးသည် ပါရမီရှင်အားရှာဖွေရာတွင် မဲခဲ့းတိုင်းဒေသကြီး အုတ်တွင်းမြို့၌ သတ္တဝါများကို ကယ်တင်နိုင်ပြီး ရှေ့ဆောင်လမ်းပြနိုင်သည့် သာသနာပြုတာဝန်အား စွမ်းစွမ်းတမံ သယ်ပိုးထမ်းရွက်နိုင်သော ပါရမီရှင်ကြီး ဦးသာန္တိကို တွေ့ရှိလေသည်။ နေမြင်လမြင်ဆရာရှင်ကြီးသည် ပါရမီရှင်ကြီး ဦးသာန္တိအား ခေါ်ဆောင်၍ စစ်ကိုင်းမြို့ ကောင်းမှုတော်ဘုရား၌ဆံတော်ရှင်စေတီတော်များ ဖော်ထုတ်တည်ထားရန် တာဝန်နှင့် (၃၁)ဘုံ သာသနာပြုလုပ်ငန်းတာဝန်နှစ်ရပ်ကိုပေးအပ်လိုက်သည်။

ဆရာကြီးဦးသာန္တိသည် နေမြင်လမြင် ဆရာရှင်၏ တာဝန်ပေးသည့် နေ့မှစ၍ သမထ ဝိပဿနာလုပ်ငန်းစဉ်များအား ယခင်ကထက် ပိုမိုး၍ ပြင်းပြင်းထန်ထန် အားထုတ်ခဲ့သည်။ ထို့နောက် ဆရာကြီးဦးသာန္တိသည် ဆရာဖြစ်သူ ဆရာရှင်ကြီးနှင့် အတူ အုတ်တွင်းမြို့ မိုးကောင်းဘုရား ဝင်း၌ ကမ္ဘာ့ဓာတ်တံခွန်စေတီတော်ကိုဓာတ်ပန်းတိုင်တည်ထားခဲ့သည်။

၁၉၂၈ ခုနှစ်တွင် ဆကေသဓာတုဝင် ဆံတော်ရှင် တစ်ဆူအား တောင်ငူမြို့နယ် လက်ခုပ်ကုန်းရွာတွင် ရှာဖွေဖော်ထုတ် တွေ့ရှိခဲ့သည်။ ထို့နောက် လောကဓာတ်ဘုရားဘွဲ့မည်တော်ဖြင့် စေတီတော် တည်ခဲ့သည်။

ဆရာကြီးဦးသာန္တိသည် ကျန်ရှိသော ဆံတော်ရှင်များကို ဆက်လက်ရှာဖွေ ဖော်ထုတ်ရာ၌ တပည့်ဖြစ်သူ ဦးဆိုးလူနှင့်အတူ ရှာဖွေခဲ့ကြသည်။ ထိုတွင် သာဝတ္ထိ အင်းသာမှ မိဖုရားကုန်း ဆံတော်ရှင်စေတီ၊ ကျွန်းကုန်းမြို့မှ လေးထောင့်ကန်ဆံတော်

www.burmeseclassic.com

www.burmeseclassic.com

စမတောင်ဆရာတော်ကြီး ပျံလွန်တော်မူပြီး သုံးရက်မြောက်၌ ဌေးမကြားမှ တက်လုံးပေါ်နေပုံ

စမတောင်ဆရာတော်ကြီး ရုပ်ကလာပ်တော်အား မီးသင်္ဂြိုဟ်ပူဇော်စဉ် နတ်တစ်ပါးမှ လာရောက်ပူးပေါင်းနေပုံကို ကင်မရာဖြင့်ရိုက်ယူထားပုံ

ရှင် ဘုရားကြီး၊ စစ်တောင်းမြစ်အရှေ့ဘက်ကမ်းမှ မယ်နဲ့ဆံတော်ရှင်စေတီတော်နှင့် မောင်ဘုရားဆံတော်ရှင်စေတီ၊ စမတောင်မှ ကမ္ဘာကုပ်ကျော်ဆံတော်ရှင်စေတီတို့အား ရှာဖွေတွေ့ရှိခဲ့ကြသည်။

စမတောင်မှ ဆံတော်ရှင်အား ဖော်ထုတ်တွေ့ရှိရပုံမှာ ၁၃၀၃ ခုနှစ် ပြာသိုလဆန်း (၁၉၄၁ ခုနှစ် ဒီဇင်ဘာလ)တွင် ဆရာကြီးဦးသာန္တိသည် တပည့်ဖြစ်သူ ဦးဘိုးလူနှင့် ဦးပျော့ညီအစ်ကိုနှစ်ယောက်အပြင် အခြားသောတပည့်တို့နှင့်အတူ လယ်ဝေးမြို့နယ် သာဝတ္ထိအနောက်ဘက် သုံးမိုင်ခန့်အကွာ တည်ထောင်ကျေးရွာအုပ်စု၊ ကြံဖိုရွာ၏အနောက်ဘက်လေးဖာလုံခန့်တွင်ရှိသော ပဲခူးရိုးမ၏အရှေ့ဘက်ဖြာထွက်နေသောတောင်စဉ်တောင်ကြော တောင်ငယ်တစ်ခုပေါ်သို့ ရောက်ရှိလာကြသည်။

ဆရာကြီး ဦးသာန္တိသည် ထိုတောင်ငယ်ထိပ်၌ နေ့ချင်းပြီး ဝါးထရံကာ ဝါးခင်းတဲငယ်လေးတစ်လုံးကို တပည့်တို့အား တွဲ့ည်ဆောက်စေခဲ့သည်။ ထို့နောက် ဆရာကြီးဦးသာန္တိမှ ဦးပျော့၊ ဦးဘိုးလူ အစရှိသူတို့အား သမထ ဝိပဿနာတရားတို့ကို သင်ကြားပြသပေးကာ တပည့်များနှင့် အတူနေထိုင်ရင်း မိမိကိုယ်တိုင်လည်း သမထဝိပဿနာတရားတို့ကို ပို၍ကြိုးစားအားထုတ်ခဲ့သည်။ ထို့အပြင် တပည့်အုပေါင်းတို့အား ဤနေရာ ဌာနဌ မည်သည့်အခါမျှ သူတစ်ပါး အသက်ပါသော အစားအသောက်တို့ကို မစားသောက်ကြရန် သတိပေးတားမြစ်ခဲ့သည်။ ထို့အချိန်မှစ၍ ယနေ့တိုင်အောင် ထိုတောင်ပေါ်တွင် သက်သတ်လွတ်စားသောက်ကြသည်။

၁၃၀၆ ခု ဝါဆိုလပြည့်ကျော် (၁၉၄၄ ခုနှစ် ဇူလိုင်လ) တစ်နေ့သော နံနက်ခင်း၌ ဆရာကြီးဦးသာန္တိ၏ တရားပြအဆောက်အအုံကလေးရှေ့ရှိ မြေကွက်လပ်၌ 'စဓေဝ' စမအက္ခရာများနှင့် 'က' မှ 'အ' အထိ အက္ခရာမျိုးစုံ ပေါ်ထွန်းလာသည်။ သင်ပုန်းပေါ်တွင် စာရေးထားသကဲ့သို့ စာလုံးနေရာ အရေးအကြောင်း၌ မြေမှုန့်ပွပွဖြစ်ပေါ်နေသည်ကို တွေ့ရှိကြရသည်။

ထို့ကြောင့် ထိုစာလုံးနေရာ အရေးအကြောင်း မြေမှုန့်ပွပွတို့အား ဖျက်ကြည့်ကြသော့အခါ မျေးမွန်သွားသကဲ့သို့ ရှိသော်လည်း တစ်ခဏအတွင်း၌ပြန်လည်ထင်ရှားလာသည်။

လပြည့်ဝန်းမဂ္ဂဇင်း (စာပေတင်ဘာလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

နေမြင့် လမြင့် အဖေရှင်

လေးကြိုးကိုင်ဝမ္မဝိဇ္ဇာဆရာကြီး အဖေနဲ့

ဖျက်ဖန်များသောအခါတွင် စမများမှ တန်ခိုးပြသည့်အလား တစ်တောတစ်တောင်လုံးရှိသစ်ပင်များပါမကျန် စမများ ပေါ်ထွန်းပျံနှံ့နေလေသည်။ ထို့အပြင် စဓေဝ စမလေးလုံးထပ်၊ တဝမ်းပူအထပ်၊ ယပက်လက်အထပ်နှင့် အထပ်မျိုးစုံ ပေါ်ထွန်းခဲ့သည်။

စမတောင်တွင် ရွေးအခါက မြေဂူများစွာရှိခဲ့သည်။ မဟိဒ္ဓိပညာရပ်၌ အထူးထင်ရှားကြသော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့ ကိုယ်တိုင် ထိုမြေဂူများတွင် အားထုတ်အောင်မြင်သွားခဲ့ကြသည်။ စမအကွရာများ ပေါ်ထွန်းလာခြင်းသည်ဘိုးဘိုးအောင်ကိုယ်တိုင် လုပ်ငန်းလုပ်ကိုင်သွားသောကြောင့်ဟု ဆိုကြသည်။ ဘုရားကုန်း၏အောက်တွင် ယခင်က ဥ္စတစ်လုံးရှိခဲ့သဖြင့် ဂူတောင်ဟုလည်း အမည်ရှိခဲ့သည်။ ထိုတောင်တော်တွင် စမအကွရာများ ပေါ်ထွန်းလာပြီး လအတန်ကြာမှ စမအကွရာများ တဖြည်းဖြည်းလျော့နည်းသွားသော်လည်း စတင်ပေါ်ထွန်းရာနေရာ၌ ထူထပ်စွာ ပေါ်ထွန်းမြဲပေါ်ထွန်းနေသည်။

ဆရာကြီးဦးသာနွဲ့သည် ဆကေသဓာတုဝင် ဆံတော်ရှင်တို့ကို ဖော်ထုတ်နေစဉ် မိမိရောက်ရှိနေရာထိုအရပ်၌ စမများ ထူထပ်စွာပေါ်ထွန်းနေသည်ကိုမြင်တွေ့ရသောအခါ အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာဖြစ်ရလေသည်။အဘယ်ကြောင့်ဆိုသော် စမများ ပေါ်ထွန်းနေသော ထိုနေရာသည် ဂေါတမမြတ်စွာဘုရားရှင်မှ ရဟန္တာတစ်ပါးဖြစ်သော အရှင်သောဘိတအား ပေးအပ်လိုက်သည့် ဆံတော်ရှင် တစ်ဆူကို ပရိနိဗ္ဗာန်နတ်သားမှ ဆံတော်ရှင့်အား ဌာပနာတော်မူပြီး တည်ခဲ့သော ရှေးဟောင်းဘုရား တည်ရှိရာ နေရာဖြစ်ကြောင်း ဖော်ညွှန်းပြသနေသောကြောင့်ဖြစ်သည်။

ဘဒ္ဒကမ္မာဒ္ဒ ပွင့်တော်မူပြီးသော ဘုရားလေးဆူ၏ ဝိန္ဒုတော်များဖြစ်ကြသည့် စဓေဝ ကမ္ဘာဓာတ် စမအကွရာများ ပေါ်ထွန်းလာရာ ထိုနေရာ၌ ဆကေသဓာတုဝင်ဆံတော်ရှင်စေတီတော်အား တည်ရန် ဆရာကြီး ဦးသာနွဲ့မှ ဆုံးဖြတ်လိုက်သည်။ ထို့နောက် ဆရာကြီးဦးသာနွဲ့သည် သဒ္ဓါရှင်များ၏ သဒ္ဓါစစ်စစ်ဖြင့် လှူဒါန်းကြသော ပြား၊ ပဲ၊ မူး၊ မတ်တို့ကို အလှူခံ၍ ၁၃၀၇ ခု တန်ဆောင်မုန်းလပြည့်ည (၁၉၄၅ ခုနှစ်၊ နိုဝင်ဘာလ) ၌ စမများ စတင်ပေါ်ထွန်းတည်ရှိရာနေရာပတ်ဝန်းကျင်တောင်ကုန်းပေါ်တွင် ဆီမီး (၅၀၀၀) ထွန်းညှိပူဇော်ပြီး တန်ဆောင်မုန်းလပြည့်

www.burmeseclassic.com

www.burmeseclassic.com

ဇမ္ဗူတလူ အဖေလူ

ဖိနပ်တော် လေးတောင်းဘုရားတော် ရှစ်တောင်တစ်ထွာစီ ရှိတော်မူသည်။

စေတီတော်များ၌ ထူးခြားချက်တစ်ရပ်မှာ စေတီတော် အားလုံးတွင် သပိတ်မှောက်နေရာ၌ သပိတ်ကိုမှောက်မထားဘဲ လှန်ထားခြင်းပင် ဖြစ်သည်။

ထို့အပြင် ဆရာကြီးဦးသာနွဲ့သည် စေတီရုံများ၏ ခေါင်းလောင်း သပိတ်နေရာတွင် တနင်္ဂနွေထောင့် စေတီ၌ 'စ'၊ အင်္ဂါထောင့် စေတီ၌ 'ဓ'၊ စနေထောင့် စေတီ၌ 'စဓဝဝ'၊ ရာဟုထောင့်စေတီ၌ 'ဝ' စသော အက္ခရာများ ရေးသားထားခဲ့သည်။

ထို့အပြင် ဆရာကြီးဦးသာနွဲ့သည် တနင်္ဂနွေထောင့်စေတီရုံမှ စတင်ကာ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမဟု အစဉ်အတိုင်း ဘွဲ့တော်သပြီးနောက် အလယ်စေတီတော်ကြီးအား အရိမေတ္တေယျဘုဘွဲ့တော်သခဲ့သည်။

ဦးသိပ္ပအမည်ခံ ရသေ့ကြီးမှ စေတီရုံလေးဆူ ထီးတော်တင်သော နေ့တွင် ကမ္ဘာကပ်ကျော် ဆံတော်ရှင် စေတီတော် ဘွဲ့တော်သမုတ်ခဲ့ရာ ယနေ့တိုင်အောင်ပင်ထင်ရှားခဲ့သည်။ ထူးခြားမှုတစ်ခုမှာ စေတီတော်ကြီး ထီးတော်တင်လှူခြင်္သေ့ကောင်းကင်မှ အလင်းရောင်ကြီး ထိုးတက်လာပြီး အင်္ဂါထောင့်မှ ရာဟုထောင့်ဆီသို့ တော်လည်းသံကြီး မြည်ဟည်းသဖြင့် လူအများ အံ့သြမဆုံးနိုင်အောင် ရှိခဲ့ကြသည်။ ထိုတောင်တော်မှာလည်း စမတောင်ဟု အမည်တွင်လာသည်။

ဆကေသမာတုဝင် ဆံတော်ရှင်တစ်ဆူဖြစ်သော ကမ္ဘာကပ်ကျော် စေတီတော် တည်ရှိရာ စမတောင်တော်သည် ကမ္ဘာ့ဓာတ် စမများပေါ်ထွန်းရာ တောင်ဖြစ်၍ လောကီပညာ ဆိုဒွိစခန်းဖြစ်သကဲ့သို့ လောကုတ္တရာ သာသနာတော်အတွက် အဓိကဦးထိပ်ထားရာ နေရာဌာနဖြစ်သည်။ ထိုစမတောင်တော်တွင်လောကဓာတ် ဆရာဆက် သုံးဆက်သာ ရှိခဲ့သည်။ ထိုလောကဓာတ်ဆရာကြီး သုံးဦးမှာ နေမြင်လမြင်ဆရာရှင် (အဖေရှင်)၊ ဆရာကြီး ဦးသာနွဲ့ (အဘွားဖနွဲ့)၊ ဆရာဦးဘိုးလူ (အဖေလူ) တို့ဖြစ်ကြသည်။ စမတောင်တော်တွင် မဲတ္ထာဓာတ်မိသည့် ဓာတ်ဘုရား၏ တည်နေရာဖြစ်သောကြောင့် ဓမ္မဝိဇ္ဇာ ပါရမီလမ်းစဉ် သာသနာပြုစခန်းကြီး အဖြစ် တည်ထောင်ခဲ့ကြသူများလည်း ဖြစ်သည်။

ထိုစမတောင်တော်၌ ဆရာကြီးများ မရှိတော့သည့်နောက် ဆရာတော်ကြီး ဘဒ္ဒန္တဝိမလမဟာထေရ်မှ ၁၃၃၀ ပြည့်မှစတင်ကာ စမတောင်တော်မြတ်မှ ဝိဇ္ဇာဓမ္မသာသနာပြုလုပ်ငန်းစဉ်များကို ဆက်လက်စောင့်ထိန်း တာဝန်ယူလုပ်ကိုင်ခဲ့သည်။ ရဟန်းရှင်လူ အဓိဌာန်ဝင် တရားအားထုတ်ကြသူ အပေါင်းတို့အား မည်သူကိုမျှအလှူမခံဘဲ ဘဏ်သတ်

ကျော် ၂ ရက်နေ့ နံနက်နေဝန်းပေါ်စ အချိန်၌ စမအက္ခရာများကို အလယ်ဗဟိုပြုကာ ဘုရားတည်ရန် အုတ်ပန္နက်ချသည်။ ၁၃၀၉ ခု ကဆုန် လဆန်း (၁၉၄၇ ခုနှစ် ဧပြီလ) တွင် ပန္နက်ကပ်၍ ဘုရားငါးဆူတည်သည်။

၁၃၁၃ ခုနှယုန်လပြည့်ကျော် (၁၉၅၁ ခုနှစ် ဇွန်လ)တွင် စေတီရံလေးဆူအား ထီးတော်တင်လှူသည်။ ၁၃၁၃ ခု တပေါင်းလ (၁၉၅၂ ခုနှစ် မတ်လ)၌ စေတီတော်ကြီး ပထမဘုံဆင့် ထီးတော်တင်ပြီးနောက် တစ်ရက်လျှင် ဘုံဆင့်တစ်ဆင့်သာတင်၍ ထီးတော်၊ စိန်ဖူးတော်တို့ကို ငါးရက်တိုင်တိုင် တင်လှူသည်။ အလယ်စေတီတော်ကြီးမှာ ဖိနပ်တော် တစ်ဆယ့်တစ်တောင်တစ်ထွာနှင့် ဉာဏ်တော်အမြင့် တစ်ဆယ့်ကိုးတောင်ရှိသည်။ အရံစေတီ လေးဆူတို့တွင်

www.burmeseclassic.com

www.burmeseclassic.com

စမတောင်တော်အဝင်မုခ်ဦး

စမတောင်ပေါ်တက်သည့် စောင်းတန်းအား, အဝေးမှမြင်ရပုံ

လွတ် ထမင်းဟင်းတို့အား ပထမ သုံးရက်တွင် တစ်နေ့ သုံးကြိမ်ကျွေး၍ တရားဓမ္မတို့ကို ဟောဖော်ညွှန်ပြခဲ့သည်။ သုံးရက်ကျော်လွန်သောအခါ၌ ရှစ်ပါးသီလကို စောင့်ထိန်းစေခဲ့ပါသည်။ ထို့အပြင် စမတောင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် အတွက်လည်း စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည်။

ဆရာတော်ကြီး ဘဒ္ဒန္တဝိမလ မဟာထေရ်မြတ်သည် စမတောင်တော်၌ သာသနာတော်အကျိုးအား (၄၂) နှစ်တိုင်တိုင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ပြီးနောက် ၂၀၁၀ပြည့် နှစ် မေလ၌ ဘဝနတ်ထံပျံလွန်တော်မူခဲ့သည်။

ဆရာတော်ကြီး ဘဝနတ်ထံပျံလွန်တော်မူပြီး သုံးရက်မြောက်နေ့၌ ဆရာတော်ကြီး၏ခြေဖဝါးတော်မှာ သွေးလျှောက်ကာ ခြေမကြွား၌ ဓာတ်လုံးပေါ် နေခြင်း၊ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား မီးသင်္ကြိတ်ပူဇော်စဉ် နတ်တစ်ပါးနှင့် ဝတ်ဖြူစင်ကြယ်ဖြင့် ဘိုးတော် တစ်ပါးတို့ ရောက်ရှိကာ ပူဇော်နေကြသည်ကို ကင်မရာအစွင်း၌ ထင်ရှားစွာ တွေ့မြင်ကြရသည်ဟု ဆိုပါသည်။

ယခုအခါ၌ ဆရာတော်ကြီး၏ ထွက်ပွဲကို နှစ်စဉ် ကဆုန်လပြည့်နေ့တိုင်း ကျင်းပပြုလုပ်ကြကြောင်း ကိုလည်း ကြားသိခဲ့ရပါသည်။

စမတောင်တော်မြတ်၌ နှစ်စဉ် ကျင်းပပြုလုပ်ခဲ့သော အဓိကပွဲတော်များမှာ -

(၁) တန်ခူးလ မဟာသင်္ကြန်အတက်နေ့ ညချမ်း၌ အနန္တောအနန္တ ငါးပါးအားဝန်ချတောင်းပန်ကန်တော့ပွဲ ကျင်းပခြင်း။

(၂) ဝါဆိုလပြည့်နေ့ နံနက် အရုဏ်တက်ချိန်၌ ကမ္ဘာ့ကပ်ကျော် စေတီတော် ငါးဆူအား ဆွမ်း ငါးထောင် ကပ်လှူကြခြင်း။

(၃) တန်ဆောင်မုန်းလပြည့်နေ့၌ နေအလင်းရောင်ပျောက်၍ အမှောင်ဝင်စအချိန်တွင် ကမ္ဘာ့ကပ်ကျော် စေတီတော်မှအစပြု၍ တောင်တော်ရှိစေတီတော်တို့၌ ရွှေမူမပျက် ဆီမီးခွက်တို့ဖြင့် ဆီမီးငါးထောင်ထွန်းညှိ ပူဇော်ကာ အဝိဇ္ဇာဝတ္ထုရားများပျောက်၍ ဝိဇ္ဇာဉာဏ်အလင်းတရားများ ရရှိကြရန်ဆုတောင်းမေတ္တာပို့သကြခြင်း။

(၄) တန်ဆောင်မုန်း လပြည့်ညဉ့် ဆီမီးပူဇော်မှုကြောင့် စေတီတော်ကြီးနှင့် ဆီမီးပူဇော်ခဲ့ရာ နေရာများတွင် မှိုင်းများစွဲကျန် ညစ်ပတ်စေခဲ့သဖြင့် သန့်ရှင်းသောအနေဖြင့် ထုံးချေးများ ပြောင်စင်အောင်ခြစ်၍ ထုံးသင်္ကန်းကို နှစ်စဉ် နတ်တော်လပြည့်နေ့၌ နေ့ချင်းပြီး ကပ်လှူပူဇော်ပွဲ ကျင်းပခြင်းများကို ပြုလုပ်ကြောင်း သိရပါသည်။

သို့ပါသော်ကြောင့် ထူးခြားဆန်းပြားလှသော နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် သာဝတ္ထိမြို့အနီးတွင်ရှိသော စမတောင်တော်မြတ်မှ ဆကဲသဓေတုဝင် ကမ္ဘာ့ကပ်ကျော် စေတီတော်မြတ်ကြီးကို ဖူးမြော်ကြည်ညိုရင်း ဝိဇ္ဇာမွေတရားတို့အား ကျင့်ကြံပွားများ အားထုတ်နိုင်ကြစေရန် စိတ်ရည်သန်၍ ရေးသားတင်ပြလိုက်ရပါသည်။

ဝေနေယျများစွာအပေါင်း ကိုယ်စိတ်နှလုံး ရွှင်ပြုံးချမ်းမြေ့ကြပါစေ။

မရည်မွန် (ကျုံပျော်)

မှီငြမ်း

- စမတောင်တော်သမိုင်း စာအုပ်
- ကိုယ်တိုင်ရောက်ရှိလေ့လာ ဖူးမြော်တွေ့ရှိခြင်း

www.burmeseclassic.com

www.burmeseclassic.com



ကျေးဂူတော်ရှိ ဘဂုမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူခဲ့သော တရားတော်

ငါသည် မုချသေရမည်၊
အချိန်ဝိုင်းသာ လိုတော့သည်

ဒဂုန်မြည့်ဝန်းမဂ္ဂဇင်း (စက်တင်ဘာလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

သေခါနီးတွေ

သေခါနီးဆိုလို့ရှိရင်ဖြင့် ဒကာ၊ ဒကာမတို့ ကျွပ်တို့၊ ခင်ဗျားတို့သည် လောဘ၊ ဒေါသ၊ မောဟ ဆိုးမဲပြီး သကာလ သွားရာလမ်းခရီးသိဖို့ရာ အလုပ်ကိုသာ အရေးတကြီး လုပ်ပါတော့ (မှန်ပါ့)။

အခု ဒကာ၊ ဒကာမတွေကို ရှေ့ပိုင်းမှာ ဘုန်းကြီးဆုံးမချင်တာက သေကံနီးတွေက သေစဉ်းလိုနေတာ ခက်တယ် (မှန်ပါ့)။ ဘာခက်နေပါလိမ့် (သေကံနီးတွေက သေစဉ်းလိုနေတာ ခက်ပါတယ် ဘုရား)။

အသက်အတိုင်း နေရလို့ရှိရင် ဦးခင်မောင်နဲ့ ဦးခင်မောင်သားနဲ့ ဆိုလို့ရှိရင်ဖြင့် ဦးခင်မောင်က သေကံနီး၊ သားက (သေစဉ်းပါ ဘုရား)။

ဘယ်နှယ်ကြောင့် ဦးခင်မောင်ကြီးတို့ သူတော်ကောင်းအလုပ် မလုပ်နိုင်ပါလိမ့်မလဲ၊ မောင်ကိုတို့ မလုပ်နိုင်ပါလိမ့်မလဲ၊ တွင်တွင်ကျယ်ကျယ် မလုပ်ပါလိမ့်မတုံးလို့ မေးလိုက်တဲ့အခါကျတော့ လက်ညှိုးထိုးပြတာက သေစဉ်းကို ထိုးပြတယ် (မှန်ပါ့)။

သေစဉ်းတို့ ငဲ့နေတာ

ဒါဖြင့် ဒကာ၊ ဒကာမတို့ သေစဉ်းဆိုတဲ့ဥစ္စာ အသက်အတိုင်းနေရင် သူက ဝေးပါလိမ့်မယ်။ အသက်တမ်းအတိုင်း နေခဲ့ရလို့ရှိရင်ပေါ့ဟု (မှန်ပါ့)။ အဲဒါကို သေကံနီးတွေက ပြန်ငဲ့ပြီးသကာလ နေတာသည် အမိုက်တစ်မျိုးပိုတာပဲလို့ ဆိုလို့ရှိရင်လည်း မလွဲပါဘူး (မလွဲပါဘူး ဘုရား)။

ဘယ်လို ဆိုကြပါ့မယ် (အမိုက်တစ်မျိုး ပိုတာပါ ဘုရား)။ အမိုက်တစ်မျိုးပိုတယ်လို့ ဒကာ၊ ဒကာမတွေကို ဆိုလိုက်လို့ မနာပါနဲ့ (မှန်ပါ့)။ ဘာကြောင့်တုံးဆိုတော့ ကိုယ်က အသက်အတိုင်းနေတော့ သေကံနီးတယ်။ သေကံနီးတယ်ဆိုတာ ယုံမှားသံသယရှိစရာ လိုသေးလား (မလိုပါဘူး)။ သားငယ်၊ သမီးငယ်၊ မြေးငယ်တွေကတော့ အစဉ်အတိုင်းသာ၊ ကျွပ်တို့အတိုင်းသာ နေသွားရမယ် ဆိုလို့ရှိရင် သူတို့က သေစဉ်းနိုင်ပါသေးတယ် (မှန်ပါ့)။

အခု ဒတာ၊ ဒကာမတွေ ကိုယ့်အလုပ် မလုပ်နိုင်တာဟာ သေကံနီးတွေက ကိုယ့်အလုပ် မလုပ်နိုင်တာဟာ သေစဉ်းငဲ့နေလို့ (မှန်ပါ့)။ ကြားလို့မှ ကောင်းနိုင်စရာရှိကြရဲ့လား (မရှိပါဘူး ဘုရား)။

ကိုယ့်ဟာကိုယ် မရှက်ရင်လည်း မပြောတတ်ပါဘူးပေါ့ဗျာ။ ရှက်မယ်ဆိုလို့ရှိရင်ဖြင့် အို- သေကံနီးက သေစဉ်းတွေ ငဲ့နေလို့၊ သေကံနီးတို့ လုပ်ရမည့်အလုပ်ကို မလုပ်ဘူး။ အသေလွတ်တဲ့ အလုပ်ကို မလုပ်ဘူးဟော ဆိုတဲ့ဥစ္စာ ဦးဝတို့၊ မောင်ကိုတို့ အတော်လွဲပါလား (လွဲပါတယ် ဘုရား)။

ဒါကြောင့် ဘုန်းကြီးက ဥပမာပြောရတယ်၊ ကိုယ်ကတော့ဖြင့် မရဏရေတွင်နစ်လို့၊ မရဏဆိုတဲ့ ရေတွေနစ်လို့၊ ပါးနား ရောက်နေပြီ (မှန်ပါ့)။ ကလေးသူငယ်၊ ကိုယ်မွေးထားတဲ့ ကလေးသူငယ် တူသားနောင်မယ်တွေက ကုန်းပေါ်က နေတယ်။ ကိုယ်က ရေထဲနစ်နေလို့ ပါးစပ်နားတောင် ရောင်တော့မယ်။ ပါးစပ်ရောင်ရင် သေကံမနီးသေးဘူးလား (နီးပါတယ်)။

ရေနစ်နေတဲ့သူတ စိတ်မချဖြစ်နေထယ်

ဒီမှာလည်း ခင်ဗျားတို့ နေခဲ့ရတာကြာလို့ မရဏရေတွေက လွှမ်းမိုး လွှမ်းမိုးလာလို့ တစ်နေ့ထက် တစ်နေ့ မရဏရေတွေကြောင့် သေခါနီးဖြစ်လို့ ပါးစပ်နားရောက်ပြီး ရောင်လုပါပြီ (မှန်ပါ့)။ ဦးခင်မောင် မဝင်လုသေးဘူးလား (ဝင်လုပါပြီ)။ အဲဒီ ရေနစ်နေတဲ့ပါးစပ်နား ရောက်နေတဲ့လူက ကုန်းပေါ်က လူအတွက် စိတ်မချလို့ ကျွပ်ဖြင့် အခက်ကြီး ခက်ပေါ့လို့ ကုန်းပေါ်က လူတွေမျှားကြည့်ပြီးသကာလ အသံကုန်ဟစ်ပြီး အော်ပြောနေကြမယ်ဆိုရင် ရေထဲကလူ အချွေးဖြစ်လိမ့်မယ် (မှန်ပါ့)။ ကိုယ့်အသေလွတ်တော့ ကိုယ်ရှာတာ မဟုတ်ဘဲနဲ့ ကုန်းပေါ်က သေစဉ်းတွေအတွက် ကြည့်ပြီးသကာလ စကားပြောနေတယ် ဆိုကတည်းက ဦးခင်မောင် ရေထဲကလူ အချွေး (မှန်ပါ့)။ ဘယ်နှယ်ဆိုကြပါ့မလဲ (ရေထဲကလူ အချွေးပါ ဘုရား)။

ကိုယ့်အရေးကို လွတ်အောင်ရုန်းဖို့ရာက အရေးကြီးဘူးလား (မှန်ပါ့)။ ကုန်းပေါ်မှာ လွတ်နေတဲ့လူတွေက အင်မတန်မှ သူတို့မှာ ချမ်းသာ ကျန်းမာပြီး

www.burmeseclassic.com

www.burmeseclassic.com

သကာလ သူတို့သွားလိုရာသွား၊ လာလိုရာလာ၊ ကိုယ့်မှာ ဖြင့် ရေနစ်နေလို့ ပါးစပ်ထဲတောင် ရေဝင်လုပါပြီ။

ဒါတောင် ကုန်းပေါ်က လူတွေတော့ အော်တုန်း ဟစ်တုန်း၊ စိုးရိမ်တုန်း၊ ကြောင့်ကြတုန်း၊ ဗျာပါဒတွေ ဖြစ်တုန်း ဆိုလို့ရှိရင်ဖြင့် သြော်- သေကံဝေးတွေအတွက် သေကံနီးက ဗျာများနေလိုက်တာလို့ ဆိုလိုက်မြည်လိုက်လို့ရှိရင် ဒကာမတို့၊ ဦးခင်မောင်တို့၊ မောင်ကိုတို့ နာစရာ မလိုပါဘူး (မလိုပါဘူး ဘုရား)။ ကိုယ်မိုက်တာ ပေါ်လာတယ် (မှန်ပါ့ ဘုရား)။ မပေါ်ကြဘူးလား (ပေါ်ပါတယ် ဘုရား)။ သေကံနီးက ဘာငဲ့နေသတုံး (သေကံဝေး ငဲ့နေပါတယ်)။ သေကံနီးက သေကံဝေး ငဲ့နေတာယ် (မှန်ပါ့)။

မိုက်တဲ့အပေါ် အရှုံးပိုသေးတယ်

သူကတော့ ရေနစ်လို့ ပါးစပ်ထဲ ရေဝင်လုနေပြီ နော် (မှန်ပါ့)။ ကုန်းပေါ်က ကလေးတွေအတွက် သူသည်ကားလို့ဆိုရင် စိုးရိမ်နေတယ်၊ ကြောင့်ကြနေတယ်၊ သူတို့ အတွက် ကျုပ် စိတ်မချဘူးလို့များ ပြောနေမယ်ဆိုရင် ဦးခင်မောင်ရေ၊ ရေထဲကလူဟာ မိုက်တဲ့အပေါ် အရှုံးပိုသေးတယ် (မှန်ပါ့)။ ဆိုထိုက်၊ မဆိုထိုက် (ဆိုထိုက်ပါတယ် ဘုရား)။

ခင်ဗျားတို့ကတော့ သုံးတော့သုံးမှာပဲ၊ တဏှာက ခင်ဗျားတို့ဝမ်းထဲမှာ ရှေ့နေအဖြစ်နဲ့ ရှိနေတယ် (မှန်ပါ့)။ တဏှာက ခင်ဗျားတို့ဝမ်းထဲမှာ ရှေ့နေလိုက်နေတယ်။ မင်းမွေးထားတာ မင်းမပြု ဘယ်သူပြုမလဲတဲ့ (မှန်ပါ့)။ တဏှာက မင်းမွေးတာ မင်းမပြု ဘယ်သူပြုမတုံး။ မင်းတည်ထောင်ထားတာတွေ မဟုတ်ဘူးလားတဲ့ (မှန်ပါ့)။ မင်းသာသေသွားလို့ရှိရင် ဒါတွေ ဓါးစည်းဖြေလိုက်သလို ကစဉ့်ကလျား မဖြစ်ပေဘူးလားတဲ့။ အဲဒါ တဏှာက ဝင်နွှဲနေတယ် (မှန်ပါ့)။

ဘုန်းကြီးကသာ အခုသေကံနီးက သေကံဝေးတွေ အတွက် ပူနေတယ်လို့ ဘုန်းကြီးပြောတော့သာ တရားက မှန်နေတာ၊ အိမ်ကျတော့ ခင်ဗျားတို့က ဘုန်းကြီးပြောတာလည်း ဟုတ်ပါရဲ့၊ ငါ့ဟာငါလည်း စွဲလမ်းရဦးမယ်၊ မလာပေဘူးလား (လာပါတယ်)။ အင်း- ဒါ ဘယ်သူက ဝင်ပြီး တရားဟောမယ်ထင်သတုံး (တဏှာက ဟောပါတယ်)။

ကဲ- ဒါဖြင့် ဘုန်းကြီးကတော့ ဒီလာတဲ့အခါမှာ တဏှာအကြောင်း ပြောနေတာ၊ တဏှာက အိမ်စောင့် သူကြီးဖြစ်နေတော့ ခင်ဗျားတို့ ဟိုဘက်ပါမှာပါဖဲ၊ ဘုန်းကြီးက အရှုံးပေးရပုံ ရပါတယ် (မှန်ပါ့)။ အတော်ဆိုးနေ ပါလား ဒကာ၊ ဒကာမတို့ (ဆိုးပါတယ် ဘုရား)။

လိမ္မာတာလား မိုက်တာလား

အဲဒါ အိမ်ကျတော့ ငါလိမ္မာတာလား၊ ငါမိုက်တာလား ဆိုတာ ဦးခင်မောင်ရေ၊ နဖူးပေါ်လက်တင် စဉ်းစားစမ်းပါ (မှန်ပါ့)။ ဒီလူအုပ်တွေနဲ့၊ ရှေ့စားဖို့ သောက်ဖို့နဲ့၊ ဒိဋ္ဌေရှားမှုနဲ့၊ ဒီအရောင်းအဝယ်ကြီးပျက်မှုနဲ့ဖြင့် ငါဖြင့် အိပ်တောင်မပျော်ဘူးကွာ ခက်လိုက်တာဆိုတော့ သြော်- သေကံနီးက အရှုံးသံထွက်လာပြန်ပြီ (မှန်ပါ့)။

ဘယ့်နယ်ဆိုကြမလဲ (သေကံနီးက အရှုံးသံထွက်လာပါတယ် ဘုရား)။ သေလည်း သေကံနီးသေးတယ်၊ အရှုံးသံလည်းထွက်သေးတယ်ဆိုတော့ အရှုံးမသာချဖို့ရာဖြင့် အတော်နီးနေပြီ (နီးနေပါပြီ ဘုရား)။ ဘာမသာတွေ ဖြစ်ကုန်ပလဲ (အဲရှုံးမသာတွေပါ ဘုရား)။

မကောင်းပါဘူးဗျာ၊ ခင်ဗျားတို့ဟာက မသာဆိုတာလည်း အသုဘ၊ ဒီအထဲက အသုဘပေါ်မှာလည်း အရှုံးက ထပ်နေပြန်တော့ အရှုံးမသာဖြစ်နေတယ် (မှန်ပါ့)။ ဦးခင်မောင် ကောင်းသေးရဲ့လား (မကောင်းပါဘူး)။

အရှုံးလည်းဖြစ်ရပြန်၊ သေတော့လည်း မသာဖြစ်ရမှာပေါ့ဗျာ (မှန်ပါ့)။ အဲဒီတော့ အရှုံးမသာဆိုတော့ လူပို့လို့မှ ကောင်းနိုင်စရာရှိရဲ့လား (မရှိပါဘူး)။ ဦးခင်မောင်၊ အရှုံးမသာများ ခင်ဗျားပို့ချင်သေးသလား (မပို့ချင်ပါဘူး ဘုရား)။ ဟုတ်ကဲ့လား၊ ကြပ်ကြပ်စဉ်းစားကြစမ်းပါဟ ဒကာမတို့။ အရှုံးမသာနဲ့ အကောင်းမသာနဲ့ ဘယ်ဟာက များသတုံး (အရှုံးမသာက များပါတယ်)။ ဒါ မပို့ချင်ဘူးတဲ့ ဦးခင်မောင်ကြီးက၊ သူပို့ခဲ့တဲ့ မသာတွေ ဘာမသာတွေပါလိမ့် (အရှုံးမသာတွေက များပါတယ်)။ သဘောပါကြပလား (ပါပါပြီ)။

ကိုင်း- ဒါဖြင့် ဒကာ၊ ဒကာမတို့၊ ဒီဟာတွေက ရှေ့ပိုင်းကနေပြီး ဒကာ၊ ဒကာမတွေ ဆရာဘုန်းကြီးဟောတာ၊ အိမ်ကျလို့ရှိရင် တဏှာတရားဟောဆရာက ဖျက်လိမ့်မယ်ဆိုတာ သတိပေးလိုက်တယ် (မှန်ပါ့)။

www.burmeseclassic.com

www.burmeseclassic.com

ဆရာဘုန်းကြီးက အမှန်ကိုပြောတာ

ဆရာဘုန်းကြီးနဲ့တကွ အားလုံးသော မြတ်စွာဘုရား၏ ပရိယတ္တိသာသနာတော် တာဝန်ဆောင်ပြီး သကာလ လာတဲ့ပုဂ္ဂိုလ်တွေက ဒကာတို့၊ ဒကာမတို့ကို အမှန်ပြောတာ (မှန်ပါ့)။ ခင်ဗျားတို့ကို တဏှာကပြောတာ အင်မတန်ကောက်ကျစ်တဲ့စကား (မှန်ပါ့)။

တဏှာကပြောတာ (အင်မတန်ကောက်ကျစ်တဲ့စကားပါ ဘုရား)။ ဘုရားနဲ့တကွ တပည့်သာဝကတွေက ပြောတဲ့တာတော့ဖြင့် (အမှန်ပြောတာပါ ဘုရား)။ အမှန်တရားကို ဒီကနေပြီး လက်နဲ့ရေးရင် တဏှာက ဟိုကျတော့ အိမ်ကျရင် ခြေနဲ့ဖျက်လိမ့်မယ်။ အဲဒါ ကြပ်ကြပ်သတိထားစမ်းပါ (မှန်ပါ့)။ ဖျက်လိမ့်မယ်နော်။

အိမ်ရောက်သည်နဲ့ တစ်ပြိုင်နက်တည်း မော်တော်ကားပေါ်က ဆင်းကြ၊ မြင်းရထားပေါ်က ဆင်းကြ၊ ဆင်းကြသည်နဲ့ တစ်ပြိုင်နက်တည်း ဘယ်သူတွေ အိပ်နေတာ ဘယ်သူခေါင်းကလေး သွားစမ်းလိုစမ်း လုပ်ကုန်ပြီခင်ဗျားတို့ဟာ (မှန်ပါ့)။ ချောင်းဆိုးသံကလေးက မကောင်းသေးပါဘူးဆိုပြီး ဟိုနားသွား ဒီနားသွား၊ ဘာလုပ်တာတုံးလို့ မေးလိုက်တော့ ဒီက လက်နဲ့ရေးလိုက်တာ ဟိုမှာ တဏှာခြေနဲ့ ဖျက်လိုက်တာ၊ ဟိုမှာ တဏှာခြေနဲ့ ဖျက်လိုက်တာ (မှန်ပါ့ ဘုရား)။ နှလုံးကို မသွင်းမိတော့ဘူး။ ကျုပ်ဖြင့် ထိတ်ခနဲ ပျာခနဲ ဖြစ်သွားတာပဲ။ ဦးခင်မောင်၊ ဒီဘက်လှည့်မသွားဘူးလား (သွားပါတယ် ဘုရား)။ တဏှာသည်ကားလို့ဆိုရင် ဒုက္ခသစ္စာကိုပေးတတ်တယ်။ ထိတ်အောင် ပျာအောင် ပေးတတ်တယ်တဲ့၊ အလုပ်ဟာဘယ်သူအလုပ်ပါလိမ့် (တဏှာ၏အလုပ်ပါ ဘုရား)။

ရှင်းအောင် လင်းအောင် ချမ်းသာအောင်ပေးတဲ့ အလုပ်ကတော့ဖြင့် ဆရာသမားနဲ့တကွ ဘုရားဟောတော်မူတဲ့ ပညာစခန်းတွေပေါ့ဗျာ (မှန်ပါ့)။ အဲဒီတော့ ပညာစခန်းက အမှန်ပြောသော်ငြားလည်း တဏှာစခန်းက ထိတ်အောင်လုပ်တာကို ခင်ဗျားတို့က သူဘက် လိုက်လိုက်သွားတာ တယ်နာတယ်ဗျာ (မှန်ပါ့)။ တဏှာကတော့ ဘာလုပ်တတ်ပါလိမ့် (ထိတ်အောင် ပျာအောင် လုပ်ပေးပါတယ် ဘုရား)။ ထိတ်အောင် လန့်အောင်လုပ်တဲ့လူ (မှန်ပါ့)။ ဉာဏ်ကတော့ဖြင့် ရှင်းအောင် လင်းအောင် (လုပ်တတ်ပါတယ် ဘုရား)။

ဉာဏ်နဲ့ အိမ်ပေါ်တက်ပါ

အဲဒီတော့ ဉာဏ်နောက်ကိုလိုက်မှ မိမိတို့ ချမ်းသာကြမယ် (မှန်ပါ့)။ ဉာဏ်နောက်ကိုလိုက်ရင်ဖြင့် (ချမ်းသာမှာပါ ဘုရား)။ အဲဒီတော့ အိမ်အတက်ကျတော့ စဉ်းစား။ ဖြုန်းခနဲ အိမ်ပေါ်မတက်လိုက်နဲ့ဦး၊ ဘုန်းကြီးက မှာလိုက်တယ်၊ ဉာဏ်နဲ့ အိမ်ပေါ်တက်ပါ။ တဏှာနဲ့ အိမ်ပေါ်မတက်ပါနဲ့ (မှန်ပါ့)။ ဦးခင်မောင်၊ ဘယ်လိုမှာပါလိမ့်ဗျာ (ဉာဏ်နဲ့အိမ်ပေါ်တက်ပါ၊ တဏှာနဲ့အိမ်ပေါ်မတက်ပါနဲ့)။

အဲ- လှမ်းတဲ့စိတ်ကလေးသည်ကားလို့ဆိုရင် ဖြစ်ပြီး ပျက်တာပဲ၊ ကြွတဲ့စိတ်ကလေးကော (ဖြစ်ပြီး ပျက်ပါတယ်)။ ခြေချတဲ့စိတ်ကလေးကော (ဖြစ်ပြီး ပျက်ပါတယ်)။ အဲ- စိတ်ကလေးတွေ ဖောက်ပြန်မှုကို ရှုချင်ရှု၊ ရုပ်ကလေးတွေ ဖောက်ပြန်မှုကို ရှုချင်ရှု၊ ရှုပြီးသကာလ အဲဒီလိုဉာဏ်နဲ့ တက်သွားပါ (မှန်ပါ့)။ ဘယ်သူက ပြန်မလာသေးဘူးလား၊ တို့တောင့် ပြန်လာပြီ၊ ဘယ်သွားမှန်းမသိဘူး၊ အဲဒါ အခက်ဆုံးပဲလို့ လုပ်မနေနဲ့ဦး (မှန်ပါ့)။ ရိပ်မိပလား (ရိပ်မိပါပြီ)။

ခင်ဗျားတို့ ပုတီးမစိပ်ကောင်းတာကို ကြဲဖန်စိပ်တယ် (မှန်ပါ့)။ ဦးခင်မောင် စိပ်ဖူးသလား (စိပ်ဖူးပါတယ် ဘုရား)။ ကိုင်း- ဒါဖြင့် အိမ်တက်နည်းဟာ တက်တတ်ကြပလား (တက်တတ်ကြပါပြီ ဘုရား)။ ဒီကပြန်တဲ့အခါ ကျလို့ရှိရင်ဖြင့် သေခါနီး တက်တတ်ကြစမ်းပါ။ သေကံ ဝေးတွေအတွက် ထည့်ပြီးမစဉ်းစားကြစမ်းပါနဲ့ (မှန်ပါ့)။

ငါ့ဆေးတောမယ် မြန်မြန်လုပ်မှ

ဘယ်လို တက်ရမယ် (သေတံနီးတက်ရပါမယ်)။ သေကံနီးတယ်ဆိုတာ ငါသေတော့မယ် မြန်မြန်လုပ်မှ ကိုယ့်အရေးကိုယ်ဆိုပြီး၊ ငါသည် ဘယ်အခါကာလမှ သတိပဋ္ဌာန်ကို အလွတ်မခံဘူးဆိုပြီး သေခါနီး တက်တတ်ကြစမ်းပါ (မှန်ပါ့)။ ဒီအတိုင်းတက်လို့ရှိရင် သေကံဝေးတက် တက်တဲ့အဓိပ္ပာယ် ရောက်ပါလိမ့်မယ် (မှန်ပါ့)။ ကဲ- ဆုံးမတာဖြင့် တော်တော်စေ့ပြီ မဟုတ်လား (မှန်ပါ့)။

သူတော်တော့ဉီးအလုပ် မြန်မြန်လုပ်ပါ

ကိုင်း- ဒကာ၊ ဒကာမတွေ၊ "ငါသည် မုချသေရမည်၊ အချိန်ပိုင်းသာ လိုတော့သည်" ဆိုတာကိုလည်း

www.burmeseclassic.com

www.burmeseclassic.com

ညည်၌ နှလုံးသွင်းပြီးသွကာလ တစ်ခါတည်း မြန်မြန်လုပ်ပစ်ပါနော် (မှန်ပါ့)။ သူတော်ကောင်းအလုပ်ကို မြန်မြန်လုပ်ပါ (မှန်ပါ့)။

ကိုင်း- သူတော်ကောင်း အလုပ်လုပ်တဲ့အခါကျလို့ ရှိရင်ဖြင့် ရဟန္တာကြီးလေးပါး နိဗ္ဗာန်မြင်ပုံကို ယနေ့ ရှင်းပြပါ့မယ် (မှန်ပါ့)။ ရဟန္တာကြီးလေးပါး နိဗ္ဗာန်မြင်ပုံကို သဋ္ဌာယတနဝဂ္ဂသုတ် ပါဠိတော်မှာလာတဲ့ ကိုသုကော ပမသုတ်ကို ဦးခင်မောင် ဟောပါလိမ့်မယ်(မှန်ပါ့ဘုရား)။ ကိုသုကော ပမသုတ်ဆိုတဲ့ ဥစ္စာက ပေါက်ပင်အကြောင်း အရင်းခံပြီးသကာလ ဟောမည့်သုတ်ဆိုတာ မှတ်ကြဖို့ ကောင်တဲ့ (မှန်ပါ့)။

အလုပ်ကို လုပ်ကြပါစို့

ကိုင်း- ဒကာ၊ ဒကာမတို့ ဘယ်ကလာခဲ့တာ ကျေပဲ မသိခဲ့လို့ရှိရင်ဖြင့် သွားရာသိတဲ့အလုပ်ကို လုပ်ကြပါစို့ ဆိုပဲကော့ ဒီဝတ္ထုနဲ့ အလုပ် လုပ်ရလိမ့်မယ်။

ဘုရားလက်ထက်တော်က ရဟန်းတစ်ပါးက နိဗ္ဗာန်ကို တယ်မြင်ချင်တယ်၊ တယ်ပြီးရချင်တယ် ဒကာဝ (မှန်ပါ့)။ နိဗ္ဗာန်ရောက်ချင်တော့ သူ့စိတ်ထဲမှာ သူများ မြင်ပုံ၊ သူများ ဝိပဿနာတက်ပုံ၊ သူများ ဝိပဿနာတက်ပြီးသကာလ ဝိပဿနာအဆုံးမှာ နိဗ္ဗာန်ကို မဂ်ဉာဏ်နဲ့ မြင်ပုံ၊ ဒါတွေ သူ့စိတ်ထဲမှာ အင်မတန်ရချင်တဲ့ ပုဂ္ဂိုလ်ဆိုတော့ ဦးခင်မောင် သူတော်ကောင်းပေါ့ဗျာ (မှန်ပါ့)။ ဒီသူတော်ကောင်းဖြစ်တဲ့ ရဟန်းက မေးတယ်။ သို့သော် သူက ပုထုဇဉ်ဖြစ်ပြီးသကာလနေတော့ ဒကာဝတို့မောင်ကိုတို့ ပုထုဇဉ်များ လျှာရှည်တယ်ဆိုတဲ့ အဓိပ္ပာယ်မျိုး ကလေးတော့ မှတ်ထားလိုက်ဦးပေါ့ (မှန်ပါ့)။

ရတန္တာကြီး လေးပါး

ဒါနဲ့ ရဟန္တာကြီး လေးပါးကလည်း ရှိတယ်။ ရဟန္တာကြီးလေးပါးက ကိစ္စပြီးပြီးသား ကိုယ်တော်တွေ (မှန်ပါ့)။ သို့သော် သူတို့တက်လာတဲ့ လမ်းစဉ်ချင်းကတော့ ပုထုဇဉ်အနေနဲ့ ကြည့်ရင်တော့ မတူဘူးလို့ ထင်ရတယ်ပေါ့ဗျာ (မှန်ပါ့)။ ရဟန္တာအနေနဲ့ဖြင့် ဒီလမ်းနဲ့ ဒီစနစ်ဟာ အတူတူပဲဆိုတာ ပေါ်လာပါလိမ့်မယ်နော် (မှန်ပါ့)။

ဒါနဲ့ ပုထုဇဉ်ရဟန်းက ပထမရဟန္တာကြီးထံ သွားပြီး မေးတယ်။ အရှင်ဘုရား၊ ဝိပဿနာဉာဏ်ကနေပြီး နိဗ္ဗာန်တက်ပုံကလေးကို တပည့်တော်ကို အမိန့်ရှိပါ။ အရှင်ဘုရားများကတော့ ကိုယ်တိုင်မြင်ပြီး ကိုယ်တိုင်တက်ခဲ့တာဖြစ်သောကြောင့် တပည့်တော်အား သနားသောအားဖြင့် အရှင်ဘုရားတို့ အမြင်မှန်ကလေးကို တပည့်တော်ကို အမိန့်ရှိတော်မူပါတဲ့ (မှန်ပါ့)။

အမြင်မှန်ရအောင် လုပ်ထားပါ

ဘာတောင်းတာပါလိမ့် (အမြင်မှန် တောင်းတာပါ ဘုရား)။ ယနေ့ဖြင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ အမြင်မှန်တရားကိုဖြင့် မြင်ရတော့မယ်ဆိုတဲ့ဥစ္စာ မှတ်ရလိမ့်မယ်နော် (မှန်ပါ့)။ ရှင်တဲ့အခါမှာ အမြင်မှန်ရမှ သာလျှင် သေတဲ့အခါမှာလည်း အမြင်မှန်ရမယ် (မှန်ပါ့)။ နို့မဟုတ်ရင် ကြောက်ကာ လန့်ကာနဲ့ ဟိုနိမိတ်က လာထိုးပြလိုက်၊ ဒီနိမိတ်က လာထိုးပြလိုက်နဲ့ အမြင်မှန်ကို မရနိုင်ဘဲ ဖြစ်ပြီးသကာလ နေပါတယ် (မှန်ပါ့)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ၊ ယနေ့ သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် အမြင်မှန်တရားကို ဟောလိမ့်မယ်လို့ မှတ်ကြပါ (မှန်ပါ့)။

ဘယ်လို အမြင်မျိုးလဲ

က- ဒီမှာ ပုံစံကြည့်ပါ။ ဟောဒီဘက်က ဖြူဖြူ။ ကလေးက ပုထုဇဉ်၊ ဒီဘက်က လေးခုကတော့ ရဟန္တာကြီး လေးပါးလို့ မှတ်ထားလိုက်တာပေါ့ (မှန်ပါ့)။ သူက မေးလိုက်တယ်၊ အရှင်ဘုရားတို့၊ ဝိပဿနာဉာဏ်ကနေပြီး နိဗ္ဗာန်ကိုမြင်တဲ့ နေရာဌာနမှာ ဘယ်လို မြင်တဲ့အမြင်သည် အမြင်မှန်ဖြစ်ပါလိမ့်မလဲ၊ တပည့်တော်တို့ အဲဒီအမြင်မှန်ကြီးကို လိုက်ချင်ပါတယ် (မှန်ပါ့)။

ဦးဇရင်၊ ဘာလိုက်ချင်တာတုံး (အမြင်မှန်လိုက်ချင်တာပါ ဘုရား)။ ဒါဖြင့် တရားတစ်ပွဲလုံးသာ မှတ်ကြပေတော့ ဒကာ၊ ဒကာမတို့၊ အမြင်မှန်ကိုဖြင့် သေသေချာချာဖြင့် ပုထုဇဉ်ရဟန်းက မေးပြီ (မှန်ပါ့)။ ဒကာ၊ ဒကာမတွေကလည်း ဒီအတိုင်းမှတ်မိလို့ရှိရင် ဘာအမှန်ကိုရမယ် ဆိုတာလည်း ရှင်းပါလိမ့်မယ် (အမြင်မှန်ပဲ ရပါ့မလိမ့်မယ် ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com

ပထမရတ်နွာကြီး

အဲဒီမှာ ပါဠိလိုမေးလိုက်တော့ "ကိတ္တာဝတာနုခေါ အာဝုသော ဘိက္ခုနော ဒဿနံ သုဝိသုဒ္ဓံ ဟောတိ" ဘယ်လို အမြင်သည် အမြင်မှန် ဖြစ်ပါလိမ့်မလဲလို့ မေးတော့ ပထမရဟန္တာကြီးက၊ ဦးခင်မောင် ဖြေလိုက်တယ်။

အာယတန ခြောက်ပါး၏ဖြစ်ပျက်

"ယတောခေါ အာဝုသောဘိက္ခု ဆန္ဒံဖဿာယတနာနံ သမုဒယဉ္စအတ္ထင်္ဂမဉ္စ ယထာဘူတံ ပဇာနာတိ" အာယတန ခြောက်ပါး ဖြစ်ပျက်ကို မြင်လို့ရှိရင်. အမြင်မှန် ရပါတယ်တဲ့ (မှန်ပါ့)။

ဘာတုံး ဒကာ၊ ဒကာမတို့ (အာယတန ခြောက်ပါး၏ ဖြစ်ပျက်ကို မြင်လို့ရှိရင် အမြင်မှန် ရပါတယ်ဘုရား)။

ဒါက သင်္ဂါယတနသံယုတ်ပါဠိတော်၊သတိပဋ္ဌာန်နဲ့ ဝေဖန်လိုက်တော့ ခန္ဓာငါးပါးထဲက တစ်ပါးပါးကိုပဲ ဖြစ်ပျက်မြင်လို့ရှိရင် အမြင်မှန်ရပါတယ် (မှန်ပါ့)။ ဒါ သတိပဋ္ဌာန်နဲ့ ကြည့်လိုက်တာနော် (မှန်ပါ့)။

ဟိုကတော့ ဆန္ဒံဖဿာယတနာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ယထာဘူတံ ပဇာနာတိ အာယတန ခြောက်ပါး၏ ဖြစ်ခြင်းကို လည်းကောင်း၊ ချုပ်ခြင်းကို လည်းကောင်း ဆိုတော့ အာယတနလို့သာဆိုတာ ဦးခင်မောင်ရဲ့ ဖြစ်ပျက်မြင်ဖို့သာ အရေးကြီးတယ် ပြောလိုက်တာ (မှန်ပါ့)။

ဘာလို့ဆိုပါလိမ့် (ဖြစ်ပျက်မြင်ဖို့ အရေးကြီးပါတယ် ဘုရား)။ အာယတနခြောက်ပါးတော့ ဆိုတာပဲ၊ သို့သော်လည်း နောက်ဆုံးပိတ်ဖြစ်ပျက်မြင်ရမှာလား အာယတန ခြောက်ပါးမြင်ရမှာလား (ဖြစ်ပျက်မြင်ရမှာပါ)။

ပါဠိတော်ကို ကြည့်ပါ။ ဆန္ဒံဖဿာယတနာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စတဲ့ (မှန်ပါ့)။ သမုဒယဉ္စ - ဖြစ်မှုကိုလည်းကောင်း၊ အတ္ထင်္ဂမဉ္စ - ချုပ်မှုကိုလည်းကောင်း၊ ယထာဘူတံ - ဟုတ်တိုင်းမှန်စွာ၊ ပဇာနာတိ - သိ၏။ ကိတ္တာဝတာ ခေါ အာဝုသောဘိက္ခုနော ဒဿနံ သုဝိသုဒ္ဓံ ဟောတိ၊ အာယတနခြောက်ပါးထဲက သတိပဋ္ဌာန်နည်းနဲ့ ခြောကြို့ဆိုရင် တစ်ပါးပါးရဲ့ ဖြစ်ပျက်မြင်ရင် အမြင်မှန်ရပေါ့ (မှန်ပါ့)။

ဖြစ်ပျက်မြင်ရင် အမြင်မှန်

ဖြစ်ပျက်မြင်ရင် (အမြင်မှန် ရပါပြီ)။ ဒါဖြင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ခန္ဓာကိုယ် ကြည့်ပါဆိုတော့ လည်း တစ်ပါးပါးနဲ့တော့ သူတိုးရတော့မယ် (မှန်ပါ့)။ ယံဘာတယံ၊ ယံတယံဆိုရင် ဝေဒနာကွန္ဓာနဲ့ တိုးမယ်။ သိတယ်ဆိုရင် စိတ်နဲ့ ဝိညာဏကွန္ဓာနဲ့ မတိုးပေဘူးလား (တိုးပါတယ်)။ လှုပ်တယ်၊ ရှားတယ်ဆို့ရင် ဝါယောဆိုတဲ့ ရုပ်တွေနဲ့ မတိုးပေဘူးလား (တိုးပါတယ်)။ မှတ်တယ် သားတယ်ဆိုရှင်ဖြင့်. သညာကွန္ဓာနဲ့ မတိုးပေဘူးလား (တိုးပါတယ်)။

အဲဒီကဲ့သို့ ခန္ဓာထဲက တစ်ခုခုနဲ့တိုးရမှာ ဖြစ်နေ ထော့ကိုးတဲ့ ခန္ဓာကို ဒါကလေးဟာ ဖြစ်တယ်၊ ဒါကလေး ဟာ ပျက်သွားပြီလို့ ဒကာ၊ ဒကာမတွေက ဤကဲ့သို့မြင်ရင် အမြင်မှန်ပဲတဲ့ (မှန်ပါ့)။ သဘောကျပလား (ကျပါပြီ ဘုရား)။ ဒီဥစ္စာ ဘယ်သူက ဖြေပါလိမ့်မတုံးဆိုတော့ ဒကာ၊ ဒကာမတို့ ပထမရဟန္တာကြီးက ဖြေလိုက်တယ် (မှန်ပါ့)။

"ယတော ခေါ အာဝုသော ဘိက္ခု ဆန္ဒံ ဖဿာယတနာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ယထာဘူတံ ပဇာနာတိ" အာယတနခြောက်ပါးထဲက တစ်ပါးပါးရဲ့ ဖြစ်မှုပျက်မှုကလေးမြင်လို့ရှိရင်ဖြင့် အမြင်မှန်ရပါပြီတဲ့(မှန်ပါ့)။

ဖြစ်ပျက်ဆုံးရင် နိဗ္ဗာန်မြင်မယ်

ဒကာ၊ ဒကာမတို့ ဖြစ်မှု ပျက်မှုမြင်ရင် (အမြင်မှန် ရပါပြီ ဘုရား)။ ကြိုးစားစမ်းပါ၊ ဒါဖြင့် အမြင်မှန်ရလို့ရှိရင်ဖြင့် ဒကာ၊ ဒကာမတွေ ဒီကနေဆက်ပြီးသကာလ မြင်လို့ရှိရင်ဖြင့် ဒီဖြစ်ပျက်မြင်ပြီးလို့ရှိရင်၊ ဖြစ်ပျက်ဟာ ဆုံးသွားလို့ရှိရင် ဖြစ်ပျက်မရှိဘဲ နိဗ္ဗာန်မြင်တော့မှာပဲ (မှန်ပါ့)။ မမြင်ပေဘူးလား (မြင်ပါတယ်)။

အဲဒီတော့ ဖြစ်ပျက်မတွေ့ဘဲနဲ့လည်း ဖြစ်ပျက် အဆုံးဖြစ်တဲ့ နိဗ္ဗာန်ကို မြင်နိုင်ပါ့မလား (မမြင်နိုင်ပါဘူး)။ တေသံ - ဖြစ်ပျက်နှစ်ပါးတို့၏၊ ဝူပသမော - ချုပ်ငြိမ်းရာ နိဗ္ဗာန်သည်၊ သုခေါ - ချမ်းသာ၏တဲ့ကိုး (မှန်ပါ့)။ အနိစ္စာဝတ သင်္ခါရာမှာ ကြည့်ပါ။ ဥပ္ပါဒဝယ ဓမ္မိနောကိုး၊ ဖြစ်ခြင်း ပျက်ခြင်းသာ ရှိတယ်လို့ မပြောပေဘူးလား (ပြောပါတယ်)။ ဥပ္ပဇ္ဇိတ္ဝာနိရုဇ္ဈန္တိတဲ့။ ဘယ်တရားမဆို ဖြစ်ပြီး

www.burmeseclassic.com

www.burmeseclassic.com

ပျက်တာချည်းပါပဲတဲ့ (မှန်ပါ့)။ တေသံ - ထိုဖြစ်ပျက်နှစ်ပါးတို့၏၊ ဝူပသမော - ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်သည်၊ သုခေါ - ချမ်းသာ၏ဆိုတော့ ဖြစ်ပျက်ချုပ်ရင် နိဗ္ဗာန် (မှန်ပါ့)။

ဒါဖြင့် ဖြစ်ပျက်မြင်ရင် အမြင်မှန် (မှန်ပါ့)။ ဖြစ်ပျက် ဆုံးလို့ရှိရင် နိဗ္ဗာန်မြင်တော့ကို ဖြစ်ပျက်မြင်တဲ့ ပုဂ္ဂိုလ်မို့ နိဗ္ဗာန်မြင်နိုင်တာ (မှန်ပါ့)။ ပေါ်ကြပလား (ပေါ်ပါပြီ)။

ခန္ဓာဥဇ္ဈာလှည့်ပါ

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ခန္ဓာဥဇ္ဈာလှည့်ပါ၊ ခန္ဓာဥဇ္ဈာလှည့်ပါ ဆိုတဲ့ဥစ္စာကိုဖြင့် များစွာပဲ တိုက်တွန်းရတယ် (မှန်ပါ့)။ ဘာကြောင့်တုံး ဆိုလို့ ရှိရင်ဖြင့် ဘယ်ကလာတာ မသိငြားသော်လည်း ဘယ်သွားရမယ်ဆိုတဲ့ ပြုံးသေကလေး သိစေချင်လို့ ဒါလောက် ဟောနေပါထယ် (မှန်ပါ့)။ ဦးခင်မောင်၊ ပြုံးသေကလေး ဖြစ်စေချင်လို့နော် (မှန်ပါ့)။ ရှင်းကြပလား (ရှင်းပါပြီ)။

နို့မဟုတ်လို့ရှိရင် ဘယ်ကလာလို့ ဘယ်သွားရမှန်း မသိဘူးဆိုတော့ ဩော်- ခက်လိုက်တဲ့ဖြစ်ခြင်း၊ ဘယ်ကလာခဲ့သတုံးလို့ ဦးခင်မောင် မေးလည်း မသိဘူး (မှန်ပါ့)။ ဒကာဝမေးလည်း (မသိပါဘူး ဘုရား)။ ဘယ်သွားရမှာတုံးဆိုတော့လည်း (မသိပါဘူး ဘုရား)။ အမြင်မှန်မရရင် မသိပေဘူး (မှန်ပါ့)။

ဒါကြောင့် ဦးဇရင်တို့၊ သေသေချာချာ လုပ်ရလိမ့်မယ်နော် (မှန်ပါ့)။ အမြင်မှန်ကို ကြည့်စမ်း၊ သမုဒယဿ အတ္ထင်္ဂမဿ အာယတန ခြောက်ပါးထဲက တစ်ပါးပါးရဲ့ ဖြစ်မှုနဲ့ ပျက်မှုကို မြင်အောင်ကြည့်လို့ရှိရင်ဖြင့် "ဧတ္ထာဝတာခေါ အာဝုသော ဘိက္ခုနော ဒဿနံ သုဝိသုဒ္ဓံဟောတိ" ဒါ အမြင်မှန်ရတာပါပဲတဲ့၊ သဘောကျပြီလား (ကျပါပြီ)။

ဝေဒနာတိုဖြစ်စေ၊ စိတ်ဖြစ်စေ ရှုပါ

ဩော်- ဒါဖြင့် တို့ဆရာဘုန်းကြီး ဆုံးမနေတယ်။ ခန္ဓာကိုယ်ကို ဝေဒနာဖြစ်လည်း ဝေဒနာကို ဖြစ်ပျက်ရှုပါ။ စိတ်ဖြစ်လည်း(စိတ်ဖြစ်ပျက် ရှုရပါမယ်)။ သညာ၊ သခ်ါရဖြစ်လည်း (သညာ၊ သခ်ါရကို ဖြစ်ပျက်ရှုရပါမယ်)။ ရုပ်ဖြစ်လည်း (ရုပ်ကို ဖြစ်ပျက်ရှုရပါမယ်)။ ဖြစ်ပျက်ရှုပါဆိုတော့ ဒီပါဠိတော်တွေက လာပြီးသကာလနေတဲ့အတွက် ဘုရားက ဒီအကြောင်းကိုထောက်ခံလိမ့်ဦးမယ်၊ ဒီပုထုဇဉ်ရဟန်းက ဘုရားဆီသွားဦးမှာ တစ်နေ့ကလိုပဲ (မှန်ပါ့)။

အာယတနခြောက်ပါး၏ ဖြစ်ပျက်မြင်လို့ရှိရင် အမြင်မှန်ပါပဲတဲ့၊ နိဗ္ဗာန်ရောက်မှာပါပဲ (မှန်ပါ့)။

အေး- ဖြစ်ပျက်သာမြင်အောင်ရှုဖို့ အရေးကြီးတယ် (မှန်ပါ့)။ ဖြစ်ပျက်မြင်အောင်ရှုဖို့ဆိုတော့ ဘုရားကရှုရှုလို့လည်း မရဘူး၊ ဆရာကရှုရှုပေးလို့လည်း မရဘူး၊ နည်းပေးဖော်သာ ရကြမှာပဲ (မှန်လှပါ)။ ဒကာ၊ ဒကာမတွေ ကိုယ်တိုင်က ကိုယ့်ခန္ဓာနဲ့ ကိုယ့်ဥဇ္ဈာနဲ့ကိုက်အောင် လုပ်ရလိမ့်မယ် (မှန်ပါ့)။ ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ခန္ဓာနဲ့ ဥဇ္ဈာနဲ့ ကိုက်အောင်လုပ်ပါ

ကိုယ့်ခန္ဓာနဲ့ ကိုယ့်ဥဇ္ဈာပါ (ကိုက်အောင်လုပ်ရမှာပါ ဘုရား)။ ကိုယ့်ခန္ဓာက ဖြစ်ပျက်နဲ့ ကိုယ့်ဥဇ္ဈာနဲ့ ကိုက်အောင် လုပ်လိုက်ပါ (မှန်ပါ့)။

ကဲ- ဒါဖြင့် ပထမရဟန္တာကြီးကဖြင့် ဒကာ၊ ဒကာမတို့၊ ပုထုဇဉ်ရဟန်းက မေးလို့ အာယတနခြောက်ပါး၏ ဖြစ်မှုပျက်မှုကို ယထာဘူတဉာဏ်နဲ့သာ သိပေးမယ်ဆိုလို့ရှိရင် အမြင်မှန်ရပြီတဲ့ (မှန်ပါ့)။

ဒကာ၊ ဒကာမတို့၊ ကိုယ့်အမြင်မှန်ဆိုတာ သိကြပလား (သိပါပြီ ဘုရား)။ ကိုယ့်ခန္ဓာထဲက တစ်ခုခုဖြစ်ပျက်ကို မြင်ရင် ဘယ့်နယ် ဆိုကြမလဲ (အမြင်မှန်ရပါတယ် ဘုရား)။

ဦးခင်မောင်ရေ၊ အမြင်မှန်ဆိုတာ ဉာဏ်လှည့်ရင် လွယ်ပါတယ် (မှန်ပါ့)။ ဉာဏ်မလှည့်ရင်တော့ ခက်ကြလိမ့်မယ်နော့် (မှန်ပါ့)။ ဉာဏ်မလှည့်ရင်တော့ ဒကာ၊ ဒကာမတို့ အမြင်မှန်မရဘဲနဲ့ သေသွားလေရဲ့ (မှန်ပါ့)။ ဒီပါဠိတော်အတိုင်းဆိုရင် ဒီလိုပဲ ဆုံးမရမှာပဲ (မှန်ပါ့)။

(ဆက်ရန်)

စမ္ဗဒါန

❑

www.burmeseclassic.com

www.burmeseclassic.com

မဂ်လာတိုက် ဆရာတော်

ဥူးသုမင်္ဂလ (ဒေယျဓမ္မသုတ်ဆရာတော်)

ဟောကြားတော်မူသော တရားတော်

အရိုးအပေါ အဂလေးအပြုတ် (၂)

www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှ အဆက်)

သမာဓိ- သမာဓိဆိုတာ တည်ကြည်ခြင်း၊ ဖြောင့်မတ်ခြင်း၊ ခုနက ကိုယ်စီ သိက္ခာမရှိဘူးလား။ အဲဒီသိက္ခာကို လောကဓံက ဘယ်လိုပဲ ရိုက်ခတ်ရိုက်ခတ် လာဘ် လာဘကြောင့်လည်း သိက္ခာအပျက်မခံဘူး။ ဘဝတစ်လျှောက်လုံး သူသိက္ခာကို ဖြောင့်စွာထိန်းနိုင်တဲ့သူ ဘာခေါ်လဲ၊ သမာဓိလို့ ခေါ်တယ်။ သမာဓိမရှိတဲ့လူဆိုတာ တည်ကြည်မှုမရှိတဲ့လူ၊ ဖြောင့်မတ်ခြင်းမရှိတဲ့လူ။ တည်ရမယ်၊ ကြည်ရမယ်၊ ဖြောင့်ရမယ်၊ မတ်ရမယ်၊ မိမိသိက္ခာကျင့်ဝတ်ပေါ်မှာ တည်တည်တံ့တံ့ ကျင့်နေတာ၊ တည်နေတာ၊ ဘယ်တော့မှ သူသိက္ခာ အပျက်အယွင်းမခံဘူး။ ကြည်တယ်၊ သိက္ခာအပေါ်မှာ ကြည်ကြည်လင်လင် မြတ်မြတ်နိုးနိုး ကျင့်နေတယ်။

စိတ်သဘောထား ဖြောင့်မတ်တဲ့ ပုဂ္ဂိုလ်က ဓမ္မကို ကြည်လင်စွာရှိတဲ့အတွက် ဘယ်လိုအကြောင်းကြောင့်မှ သွေဖည်ပြီးမကျင့်တော့ဘူး။ သူမှာ နောက်ကျခြင်းမရှိဘူး၊ ဆင်းရဲနေလည်းဖြောင့်ဖြောင့်ပဲ၊ ချမ်းသာနေလည်း ဖြောင့်ဖြောင့်ပဲ။ အဲဒါ ဘာရှိတယ်ခေါ်လဲ၊ သမာဓိရှိတယ် ခေါ်တယ်။ သိက္ခာကို မစွန့်လွှတ်တာ သမာဓိ။ သူအဆင့်နဲ့ သူသွားတာ။ နောက်အဆင့်ခွာဉ်အကြောင်းကို ရှင်သာရိပုတ္တရာနဲ့ မြတ်စွာဘုရား ဆက်ပြောဦးမယ်။ သိက္ခာရှိဖို့ လိုအပ်၊ မလိုအပ် (လိုအပ်ပါတယ် ဘုရား)။ သမာဓိရှိဖို့ ရော (လိုအပ်ပါတယ် ဘုရား)။

ဒါကြောင့်မို့လို့ ဟိုးတုန်းက စံတွေ၊ ဟိုးတုန်းကဆိုတာ ဦးဇင်းကတော့ စာအုပ်စာပေမျိုးစုံ ဖတ်ရှုတဲ့သူဖြစ်တော့ အမေရိကန်နိုင်ငံ သမ္မတရွေးချယ်ပုံတွေ၊ သူတို့ မဲပေးပုံတွေ လေ့လာတယ်၊ ဖတ်ရှုတယ်။ ဘယ်သူ မဲနိုင်သွားတယ်၊ ဘယ်သူ သမ္မတဖြစ်မယ် ဆိုတာတွေ ကြည့်လိုက်တော့ သမ္မတတွေဟာ အသက်(၆၀)ကျော်မှ အရွေးခံရတယ်။ အဲဒါ နားမလည်လို့ ခမည်းတော်ကြီးကို မေးတယ်။ (၆၀)ကျော်ဆို အိုနေပြီပေါ့။ မြန်မာပြည်မှာဆို ပင်စင်တောင် ပေးတော့မယ်။ ဘာလို့ (၆၀)ကျော်မှ၊ အသက်ကြီးမှ သမ္မတဖြစ်သလဲလို့ မေးတော့ ခမည်းတော်ကြီးက ပြောတယ်။ အဲဒါ သီလ၊ သမာဓိ၊ ပညာကို စစ်ဆေးတာ၊ အသက် (၆၀)အထိ သူသီလ ခိုင်လုံရဲ့လား၊ ဘဝတစ်လျှောက်လုံးမှာ မိမိရဲ့ သားမယားကလွဲပြီး သူတစ်ပါး အမျိုးသမီးနဲ့ ပျော်ပါးခဲ့ဖူးရင်တောင် အဲဒီ ပုဂ္ဂိုလ် သမ္မတ မဖြစ်ဘူး။

တချို့က အမေရိကန်စတိုင်ဆိုပြီး နှစ်ယောက်ယူတွေ၊ သုံးယောက်ယူတွေ၊ သဘောပါလား (ပါပါတယ် ဘုရား)။ အဲဒါ အမေရိကန်စတိုင်လား (မဟုတ်ပါဘူး ဘုရား)။ အဲဒီတော့ သူတော်ကောင်းတို့ သိထားရမှာက အသက်(၆၀)အထိ သီလမြဲခဲ့တာ၊ နာမည်ပျက် မရှိတာ၊ ဘဝကို ကြံ့ကြံ့ခံတာ။ ဒီ(၆၀)အထိ သူ့ဘဝတစ်လျှောက်လုံးကို မကွေ့မကောက် မတိမ်းမစောင်းအောင် ထိန်းကျောင်းလာနိုင်ခဲ့တဲ့ သူ့ရဲ့ သမာဓိ၊ ဒါမှ ဦးဆောင်နိုင်မှာပေါ့၊ လမ်းမှန်ပြနိုင်မှာပေါ့။ သီလရှိသူကို ခေါင်းဆောင်တင်မှ သီလရှိတဲ့တိုင်းပြည် ဖြစ်မှာပေါ့။ သမာဓိရှိတဲ့သူကို ခေါင်းဆောင်တင်မှ ဖြောင့်မတ်စွာ လမ်းပြနိုင်မှာပေါ့။

အသက်(၆၀)ဆိုတာ ပညာရင့်ကျက်တဲ့အချိန်၊ ကျောင်းစာသင်တဲ့အရွယ် စာသင်တဲ့အရွယ်၊ သင်ပြီး စီးပွားရှာတဲ့အရွယ်မှ ဘဝကိုဦးဆောင်။ သင်ကြားရေးလည်း တတ်မြောက်ပြီ။ ရုန်းကန်ရေးလည်း သင်ကြားခဲ့ပြီ။ ခေါင်းဆောင်ရေးလည်း နိုင်နင်းခဲ့ပြီဆိုတဲ့ ပညာတွေ ရင့်ကျက်တဲ့အချိန်၊ အတွေ့အကြုံတွေ ပြည့်စုံတဲ့အချိန်၊ အဲဒီအချိန်ကိုရွေးပြီးတော့ ခေါင်းဆောင်တင်မှ ဖြောင့်မတ်မှန်ကန်စွာခေါင်းဆောင်နိုင်တဲ့ ခေါင်းဆောင်ကောင်းဖြစ်တော့မှာပေါ့။ ဒါကြောင့် အသက် (၆၀) မှ သမ္မတရွေးရတာကွတဲ့၊ သဘောပါလား (ပါပါတယ် ဘုရား)။

အဲဒီတော့ သမာဓိဟာ အရေးကြီးလား၊ မကြီးဘူးလား (အရေးကြီးပါတယ် ဘုရား)။ သူတော်ကောင်းတို့လည်း နေ့စဉ်နှင့်အမျှ ဘဝကို ဖြတ်သန်းမနေရဘူးလား။ မနေ့ကတော့ အကုသိုလ်မလုပ်ဖြစ်ဘူး၊ ဒီနေ့ကတော့ အကုသိုလ်လုပ်ဖြစ်ပြီဆိုရင် ဒီပုဂ္ဂိုလ် သမာဓိရှိတဲ့လူလား၊ မရှိတဲ့လူလား (မရှိတဲ့လူပါ ဘုရား)။

ဘုရားဟော ဓမ္မကွန်ရာတွေကြည့်ရင် လူမှန်ရင် သိက္ခာရှိရမယ်၊ ယောကျ်ားယောကျ်ားသိက္ခာ ရှိရမယ်၊ မိန်းမ မိန်းမသိက္ခာ ရှိရမယ်။ သစ္စာရှိရမယ်။ မိမိခင်ပွန်းရှိပြီဆိုရင် မိမိခင်ပွန်းမှလွဲ၍ တခြားသောယောကျ်ားကို စိတ်ကူးနဲ့တောင် မသာယာမှ မိန်းမသိက္ခာ၊ မိန်းမသမာဓိရှိတဲ့ပုဂ္ဂိုလ်။ အဲဒါကို ဘဝတစ်လျှောက်လုံး စောင့်ထိန်းသွားနိုင်မှ သမာဓိတည်ကြည်တဲ့ ပုဂ္ဂိုလ်၊ ဒါကြောင့်မို့

www.burmeseclassic.com

www.burmeseclassic.com

လူတစ်ယောက်ကို သေမှ ခွီးကျူးတဲ့။ သမာဓိ လိုအပ်၊ မလိုအပ် (လိုအပ်ပါတယ် ဘုရား)။

ဒကာ၊ ဒကာမတွေကို သိစေချင်တယ်။ ဗုဒ္ဓဘာသာ တိုင်းပြည်ကြီးမှာ ဖြောင့်မတ်တဲ့လူတွေ ဖြစ်စေချင်တယ်။ ဗုဒ္ဓရဲ့ သားတော်၊ သမီးတော် မှန်ရင် ဒီလိုဖြောင့်ဖြောင့်သွားမှ အမြတ်ထွက်မှာ။ ဘဝက နှစ်ချုပ်ရှိတယ်နော်၊ အမြတ်နဲ့အရှုံး၊ ရှုံးရင်ရှုံး မြတ်ရင်မြတ်၊ မမြတ်ဘူးဆိုရင် ရှုံးနေပြီဆိုတာ သိထား။ အရှုံး အမြတ်ကလည်း ကုသိုလ်၊ အကုသိုလ်နဲ့ ဆိုင်တယ်။ ကုသိုလ်လုပ်ဖြစ်ရင် မြတ်တယ်၊ အကုသိုလ်လုပ်ဖြစ်ရင် (ရှုံးပါတယ် ဘုရား)။ ကုသိုလ်၊ အကုသိုလ်ကလည်း ကုသိုလ်မလုပ်ရင် အကုသိုလ် ဖြစ်နေဏာယ်။ ကုသိုလ်မလုပ်ရင် အကုသိုလ်ဖြစ်နေထဲ့အတွက် မြတ်တဲ့အချိန်လား၊ ရှုံးတဲ့အချိန်လား (ရှုံးနေတဲ့အချိန်ပါ ဘုရား)။

ကဲ- အပွမာဒ၊ အပွမာဒ ဆိုတာ မမေ့မလျော့တာကို ပြောတာ။ ကိုယ့်ဘဝကိုယ် မမေ့နဲ့၊ ကိုယ့်ဘဝကိုယ့်ဘာသာကိုယ် မမေ့နဲ့ဗျာ။ လူဖြစ်စေ၊ ရဟန်းဖြစ်စေ မေ့လို့ကတော့ လွဲတာပဲ။ ဒါဖြင့်ရင် မမေ့ဖို့ လိုအပ်၊ မလိုအပ် (လိုအပ်ပါတယ် ဘုရား)။ ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်စေနဲ့၊ ဘာ ဘာသာဝင်တွေလဲ (ဗုဒ္ဓဘာသာဝင်တွေပါ ဘုရား)။ ဘာလူမျိုးလဲ (မြန်မာလူမျိုးပါအုံးဘုရား)။ ငါတို့တွေရဲ့ မြန်မာလူမျိုးတွေဟာ ကမ္ဘာပေါ်မှာ အထူးချွန်ဆုံးလူမျိုးဆိုတာ သက်သေထူစရာ တစ်ခုပဲရှိတယ်။ ယနေ့ လောကကြီးတစ်ခုလုံးမှာ အကောင်းဆုံး၊ အမွန်မြတ်ဆုံးတရား ဘယ်မှာရှိလဲ (မြန်မာပြည်မှာပါ ဘုရား)။

ဗုဒ္ဓတရားတော်ထက် မှန်တာ လောကမှာ ဘာမှ မရှိဘူး။ အဲဒီအမှန်ဆုံးကို တရားတော်ကို သိမ်းပိုက်ထိန်းသိမ်းထားနိုင်တာသည် တော်လို့လား၊ ညဲ့လို့လား (တော်လို့ပါ ဘုရား)။ အဲဒီတော်စာလေးတစ်ချက် စွန့်လွှတ်လိုက်ရင် ဘာမှ မကျန်တော့ဘူး။ ကျန်တာတော့ ဘာမှ ကောင်းတာမရှိဘူး။ မကောင်းတာလည်း ဘာလို့လဲဆိုတော့ တရားတွေရှိပါရက်နဲ့ တရားအတိုင်း မကျင့်ကြတာ ယုံကြည်လို့လား၊ မယုံကြည်လို့လား (မယုံကြည်လို့ပါ ဘုရား)။ သူတော်ကောင်းတို့ကော တရားစွန့်လွှတ်တဲ့လူထဲမှာ ပါသလား၊ ဆောင်တဲ့ထဲမှာ ပါသလား (ဆောင်တဲ့အထဲမှာ ပါပါတယ် ဘုရား)။ မြတ်စွာဘုရား ပွင့်တယ်ဆိုတာ လောကသတ္တဝါအားလုံးအတွက် ပွင့်တာ၊ မြန်မာလူမျိုး တစ်ခုတည်းအတွက်တော့ မဟုတ်ဘူး။ မြန်မာလူမျိုးကို ထည့်ပြောနေရတာက မြန်မာလူမျိုးဆိုတာ မေကုန်မှာစိုးလို့၊ အဖေတွေ၊ အမေတွေ မေကုန်မှာစိုးလို့ ပြောတာ။ အမေ၊ အဖေ မေ့ရင် အမျိုးပျောက်ပြီ။ ကိုယ့်လူမျိုး ကိုယ်မေ့ဖို့ သင့်၊ မသင့် (မသင့်ပါဘူး ဘုရား)။

အမိ၊ အဖ ရှိတယ်။ ဆရာသမား ရှိတယ်။ ရတနာသုံးပါး ရှိတယ်။ ဒါဖြင့် ခိုကိုးရာမဲ့တဲ့လူတွေလား၊ မှီခိုရာရှိတဲ့လူတွေလား (မှီခိုရာရှိတဲ့လူတွေပါ ဘုရား)။ မမေ့နဲ့၊ ယုတ်ညံ့တဲ့ ဘဝပိုင်ရှင်တွေလား၊ မြင့်မြတ်တဲ့ ဘဝပိုင်ရှင်တွေလား (မြင့်မြတ်တဲ့ ဘဝပိုင်ရှင်တွေပါ ဘုရား)။ လောကမှာ ဘုရားသာသနာနဲ့တွေ့ဖို့အလွန်ခဲယဉ်းတယ်။ ခဲယဉ်းတဲ့အထဲမှာမှ အခု သာသနာနဲ့ တွေ့၊ မတွေ့ (တွေ့ပါတယ် ဘုရား)။ လူဘဝကို ရ၊ မရ (ရပါတယ်ဘုရား)။

တို့ဘိုးဘွားဘီဘင်တွေ ဘယ်လောက်တော်သလဲ ဆိုတော့ လောကကြီးတစ်ခုလုံးမှာ အကောင်းဆုံးဘာသာကို ရအောင် ယူပေးထားတယ်။ ဒါဖြင့် ဘိုးဘွားမျက်နှာထောက်ဖို့ သင့်၊ မသင့်(သင့်ပါတယ် ဘုရား)။ ကိုယ်ကိုယ်တိုင် မည့်အောင်၊ မရိုင်းအောင် ကြိုးစားကြပါ။ မမေ့နဲ့။ အဲဒီတော့ မမေ့ခြင်းတရားကို ဆောင်ပြီးတော့ ကုသိုလ်တရားကို တိုးပွားအောင်၊ အကုသိုလ်တရား ဖယ်ရှားနိုင်အောင် (ကြိုးစားရပါမယ် ဘုရား)။ ဘယ်နှချက်လဲ (၆ချက် ရှိသွားပါပြီ ဘုရား)။

နံပါတ် (၇) အစေ့အစပ်၊ အစေ့အစပ်ဆိုတာ ဖာထေးတယ်၊ ပြုပြင်တယ်။ အခု ခင်ဗျားတို့မှာ မကောင်းတဲ့အကျင့်တွေ ရှိ၊ မရှိ (ရှိပါတယ် ဘုရား)။ စေ့စေ့စပ်စပ်ပြင်၊ စင်းလုံးချောကောင်းပြီလား (မကောင်းသေးပါဘူး ဘုရား)။ ဘယ်သူ့အပြစ် ဘယ်သူသိရမလဲ (ကိုယ့်အပြစ် ကိုယ်သိရပါမယ် ဘုရား)။ ဒါဖြင့် ဘယ်သူ့ကိုယ် ဘယ်သူ့ကြည့်ရမလဲ (ကိုယ့်ကိုယ်ကိုယ် ကြည့်ရပါမယ် ဘုရား)။ ဒါ ပြောတာ သတိထား။ ဝိရိယစိုက်၊ ဓညာနဲ့ကြည့်၊ ဘယ်သူ့ကို ဘယ်သူကြည့် (ကိုယ့်ကိုယ်ကိုယ် ကြည့်ရပါတယ် ဘုရား)။ အစေ့အစပ်ပြုတယ်ဆိုတာ ဒါပဲ။ ကိုယ့်ချို့ယွင်းချက် ကိုယ်ကြည့်၊ ကိုယ့်လိုအပ်ချက် ကိုယ်သိရမယ်။ ကိုယ့်အားသာချက်လည်း ကိုယ်သိရမယ်။ ကိုယ်ဘာခဲ့အားသာလဲဆိုတာ ကိုယ်သိရမယ်။ အကောင်း၊ အဆိုးကို

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တိုင်သိရမယ်။ ကိုယ့်သမာဓိ အကောင်း၊ အဆိုးကို လည်း ကိုယ်တိုင်သိအောင် အစေ့အစပ်ပြုဖို့ လိုအပ်၊ မလိုအပ် (လိုအပ်ပါတယ် ဘုရား)။ အစေ့အစပ်ပြုရမယ်၊ အသေအချာ အလေးဂရုပြုနေရမယ်။

ဗုဒ္ဓဘာသာ မြန်မာမိဘများက ပေါက်ဖွားလာတဲ့ ယဉ်ကျေးသော၊ အဆင့်အတန်းမြင့်သော ပုဂ္ဂိုလ်ရှေ့တွင် ဖြစ်တယ်လို့ ကိုယ့်ကိုယ်ကိုယ် အမြဲတမ်း အစေ့အစပ်ပြုနေဖို့ လိုတယ်။ ငါသည် ဗုဒ္ဓဘာသာဖြစ်ခြင်းကြောင့် မုသားပြောရန် သင့်၊ မသင့် (မသင့်ပါဘူး ဘုရား)။ မုသားပြောနေသေးရင် မှားနေသေးတယ်၊ ပြင်ရင်ပြင်၊ ဖာထေးဖြည့်စွက်၊ အဲဒါပဋိသန္ဓာရပဲ၊ အစေ့အစပ်ပြုရမယ်၊ ဖာနိုင်ရမယ်၊ ထေးနိုင်ရမယ်၊ ဖြည့်နိုင်ရမယ်၊ စွက်နိုင်ရမယ်၊ ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက် မရှိဘူးလား (ရှိပါတယ် ဘုရား)။

အဲဒီလို ပေါက်ကျားသွားတဲ့ ဒုစရိုက်တရားတွေကို ဖာထေးနိုင်အောင် ဖြည့်စွက်နိုင်ရမယ်၊ အစဉ်ကြိုးစားနေတာသည် ပဋိသန္ဓာရ၊ အစေ့အစပ်ပြုခြင်း၊ အဲဒီ (၇)ပါးကို အလေးအနက်ထားနေရင် ကုသိုလ်တိုးပွားဖို့ ရနိုင်၊မရနိုင် (ရနိုင်ပါတယ် ဘုရား)။ မြတ်စွာဘုရား တရားဆိုတာ အခုလောလောဆယ်မှာ ဘယ်သူကြဲနေတာလဲ၊ ရှင်သာရိပုတ္တရာ၊ တစ်ဦးတည်း ဒီလိုစဉ်းစားပြီးတော့ ငါကြဲတဲ့အကြဲကတော့ အလွန်ကောင်းတယ်တဲ့။ စဉ်းစားတယ်၊ ကိုယ်ကိုယ်တိုင် နှစ်နှစ်ကာကာ သိပြီးမှ သိတဲ့အသိက တကယ်အကောင်း၊ အခု ရှင်သာရိပုတ္တရာ ကောင်းမှန်းသိတယ်။ ဒါပေမဲ့ မြတ်စွာဘုရားထံ အစစ်ဆေးခံဦးမယ်။

ဥပမာ ပြောရရင် သူတစ်ယောက်တည်းပြောနေတာ။ ရွှေရထားတဲ့ ရွှေကျင်နေတဲ့ပုဂ္ဂိုလ်။ ရွှေကျင်တဲ့ပုဂ္ဂိုလ်က ရွှေရလာပြီ၊ ရရချင်း ဒီရွှေဟာ သန့်စင်ပြီလား (မသန့်စင်သေးပါဘူးဘုရား)။ မသန့်စင်သေးရင် သန့်စင်သွားအောင် ကျွမ်းကျင်တဲ့ပန်းထိမ်သည်ဆီပို့ပြီး မသန့်စင်ခဲ့ရင်းရဘူးလား (ခဲ့ရင်းရပါတယ် ဘုရား)။

အဲဒီအတိုင်းပဲ၊ ငါသိတဲ့တရားတတော့ ဟုတ်ပြီ၊ ကျွမ်းကျင်တဲ့ ပန်းထိမ်သည်ဆီကို ရလာတဲ့ရွှေကို ပို့ပြီးတော့ သံန့်စင်ခိုင်းသလို၊ သန့်စင်ဖို့ ဆောင်ရွက်ရသလို တရားတော်တို့ရဲ့ပိုင်ရှင်ဖြစ်တော်မူသောမြတ်စွာဘုရားထံ သွားပြီးတော့ အစစ်ဆေးခံဦးမှ ဖြစ်မှာဆိုပြီးတော့ ညနေချမ်းအချိန်ကျတော့ အရှင်သာရိပုတ္တရာက သူ့နေရာလေးက အနေကထိုင်လေးသိမ်းပြီးတော့ မြတ်စွာဘုရား ရှိရာ ကြွသွားတယ်။

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ရှေ့တော်မှောက်ရောက်တော့ အရှင်ဘုရား၊ နေ့လယ်က တစ်ပါးတည်း နေ့သန့်စင်ပြီးတော့ နေတဲ့အချိန် တပည့်တော် အတွေးလေးတစ်ခု ဝင်ပါတယ် ဘုရား။ အဲဒီအတွေးက တပည့်တော်တို့ရဲ့ လုပ်ငန်းစဉ်ဖြစ်တဲ့ အကုသိုလ်တရားတွေ ကင်းဝေးဖို့၊ ကုသိုလ်တရားတွေ တိုးပွားဖို့ ဘာတွေ လုပ်ရရင် ကောင်းမလဲတဲ့။ ဘယ်တရားကို အရှိအသေပြု၊ အလေးအမြတ်ပြု၊ မှီခိုပြီးနေရရင်ကောင်းမလဲဆိုတဲ့အကြံ တပည့်တော်မှာ ဖြစ်ပါတယ် ဘုရား။ အဲဒီတော့ တပည့်တော် အချက် ဘယ်နှချက်ရလဲ (၇ ချက်ပါ ဘုရား)။

(၁) **မြတ်စွာဘုရားကို အရှိအသေပြု၊ အလေးအမြတ်ပြု၊ အမှီအခိုပြု။**

(၂) **မြတ်စွာဘုရား တရားတော်ကို အရှိအသေပြု၊ အလေးအမြတ်ပြု၊ အမှီအခိုပြု။**

(၃) **မြတ်စွာဘုရားရဲ့ တပည့်သား သံဃာကို အရှိအသေပြု၊ အလေးအမြတ်ပြု၊ အမှီအခိုပြု။**

(၄) **ကျင့်ဝတ်သိက္ခာကို အရှိအသေပြု၊ အလေးအမြတ်ပြု၊ အမှီအခိုပြု။**

(၅) **သမာဓိကို အရှိအသေပြု၊ အလေးအမြတ်ပြု၊ အမှီအခိုပြု။**

(၆) **အပွဓာဒ- မမေ့မလျော့ခြင်းတရားကို အရှိအသေပြု၊ အလေးအမြတ်ပြု၊ အမှီအခိုပြု။**

(၇) **အစေ့အစပ်ပြုခြင်းကို အရှိအသေပြု၊ အလေးအမြတ်ပြု၊ အမှီအခိုပြု** -

ပြီးနေတဲ့ပုဂ္ဂိုလ်ဟာ အကုသိုလ်တရားကိုလည်း ဖယ်ရှားနိုင်မယ်၊ ကုသိုလ်တရားလည်း တိုးပွားနိုင်မယ်လို့ ဘုရားတပည့်တော် တွေးမိပါတယ်ဘုရားဆိုပြီး လျှောက်တော့ မြတ်စွာဘုရားက သာရိပုတ္တရာ သာဓု သာဓု သာဓုလို့ သာဓုခေါ်တယ်။ တပည့်တော် အဲဒီအကြံတင် မပြီးသေးပါဘူးဘုရား၊ ငါဒီအတိုင်း သိတာတော့ ဟုတ်ပြီ၊ ဒါတရားနဲ့လျော်တယ်၊ အကျိုးစီးပွားနဲ့လျော်တယ်၊ တရားဆိုတာ တရားပိုင်ရှင်ထံမှာ အစစ်ဆေးခံမှ၊ ဥပမာအားဖြင့် တောထဲက ရွှေကို ကျင်လို့ရလာတဲ့ ရွှေကျင်သမားသည်

www.burmeseclassic.com

www.burmeseclassic.com

ရလာတဲ့ရွှေကို သန့်စင်ဖို့လိုအပ်၊မလိုအပ်(လိုအပ်ပါတယ် ဘုရား)။ အဲဒီသန့်စင်ဖို့ ကျွမ်းကျင်တဲ့ပန်းထိမ်သည်ထံမှာ အပ်နှံပြီးတော့ ရွှေအမှိုက်ထုတ်ပြီးတော့ သန့်စင်အောင် ပြုရသလို ငါလည်း ငါ့တရားတော်တွေကို ဓမ္မပိုင်ရှင်ဖြစ်တဲ့ မြတ်စွာဘုရားထံမှာ အစစ်ဆေးခံရရင် ကောင်းမှာ ဆိုပြီး တပည့်တော်တွေးမိတဲ့အတွက် အရှင်မြတ်ဘုရားထံ လာရောက်အစစ်ဆေးခံခြင်းဖြစ်ပါတယ်ဘုရား ဆိုတော့မှ မြတ်စွာဘုရားက ချစ်သား၊ သင်တွေးတဲ့အတိုင်းမှန်တယ်၊ လောကမှာ အကုသိုလ်တရား ဖယ်ရှားချင်တဲ့ပုဂ္ဂိုလ်၊ ကုသိုလ်တရား တိုးပွားချင်တဲ့ပုဂ္ဂိုလ်၊ မြတ်စွာဘုရားကို အရိုအသေပြု၊ အလေးအမြတ်ပြု၊ အမှီအခိုပြုပြီး နေရမယ်၊ မြတ်စွာဘုရားက ဒီအတိုင်းပဲ ထပ်ဟောတယ်။

ချစ်သားတဲ့ အကုသိုလ်တရား ဖယ်ရှားချင်တယ် ဆိုရင် ဒီပုဂ္ဂိုလ်ဟာ ဗုဒ္ဓါနုဿတိ မြတ်စွာဘုရားရဲ့ဂုဏ်တော်ကို ပွားများပြီးနေရင် အကုသိုလ်ကို ဖယ်ရှားပြီး ကုသိုလ်တွေ တိုးပွားနိုင်မယ်။ အရိုအသေပြုဖို့ လိုအပ်၊ မလိုအပ် (လိုအပ်ပါတယ် ဘုရား)။ အလေးအနက်ထား ဖို့ရော (လိုအပ်ပါတယ် ဘုရား)။ အမှီပြုဖို့ရော (လိုအပ်ပါတယ်ဘုရား)။ မြတ်စွာဘုရားက အဲဒီအတိုင်းပြန်ဟောတယ်။ ချစ်သား၊ ဘုရား၊ တရား၊ သံဃာ၊ သိက္ခာ၊ သမာဓိ၊ အပ္ပမာဒ၊ ပဋိသန္ဓာရ ဒီတရား(၇)ပါးကို အရိုအသေပြု၊ အလေးအနက်ထား အမှီပြုပြီးနေတဲ့ ပုဂ္ဂိုလ်သည် အကုသိုလ်တရား ဖယ်ရှားနိုင်မယ်၊ ကုသိုလ်တရား တိုးပွားနိုင်မယ်။

မြတ်စွာဘုရား ဒီလိုလည်းဟောရော ရှင်သာရိပုတ္တရာက ထပ်လျှောက်ပြန်တယ်။ အရှင်ဘုရား အကျဉ်းဟောလိုက်တဲ့ တရားကို တပည့်တော် အကျယ်မြင်ပြန်တယ် ဘုရား၊ မြတ်စွာဘုရားကို မရှိသေဘဲ တရားကို ရှိသေခြင်းဆိုတာဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါဘူးဘုရား)။ ဘုရားကို မရှိသေလျှင် တရားကို မရှိသေ၊ တရားကို မရှိသေလျှင် သံဃာကိုလည်း မရှိသေပါဘူးဘုရား၊ သံဃာကို မရှိသေတဲ့လူက သိက္ခာကိုလည်းမရှိသေတော့ သိက္ခာကို မရှိသေလျှင် သမာဓိကို မရှိသေ၊ သမာဓိကို မရှိသေလျှင် အပ္ပမာဒရော ရှိပါဦးမလား (မရှိပါဘူး ဘုရား)။

အပ္ပမာဒကို အရိုအသေမပြုတဲ့လူ အစေအစပ်ပြုခြင်းကော ရှိစ့ဖွ့ါမလား၊ သူဘဝကို အကောင်းဆုံး အသုံးချနိုင်မယ့် ကုသိုလ်တရားဖြစ်ပါ့မလား (မဖြစ်ပါဘူးဘုရား)။ ကုသိုလ်တရား တိုးပွားမယ်၊ အိပ်ရာဝင် အိပ်ရာထ စစ်ဆေးခြင်းတွေ ရှိပါ့မလား (မရှိပါဘူး ဘုရား)။ ငါ ဒီနေ့ ဘုရားကို ရှိသေသလား၊ တရားကို ရှိသေသလား၊ သံဃာကို ရှိသေသလား၊ သိက္ခာကို တန်ဖိုးထားရဲ့လား၊ ကိုယ့်ကိုယ်ကိုယ် ပြန်စစ်ဆေးနေတာ၊ ပဋိသန္ဓာရ၊ အဲတော့ ဘုရား တရား သံဃာကိုမှ အယုံအကြည်မရှိတဲ့ပုဂ္ဂိုလ်က စစ်ဆေးခြင်းရော လာဦးမလား (မလာပါဘူး ဘုရား)။

ထိုနည်းတူစွာပဲ ဘုရား၊ မြတ်စွာဘုရားကို အမှီမပြုတဲ့သူဟာ တရာကိုလည်း အမှီမပြု၊ တရားကိုလည်း အမှီမပြုရင် သံဃာကိုလည်း အမှီမပြု၊ သံဃာကို အမှီမပြုရင် သိက္ခာကိုလည်း အမှီမပြု၊ သိက္ခာကိုလည်း အမှီမပြုရင် သမာဓိကိုလည်း အမှီမပြု၊ သမာဓိကိုလည်း အမှီမပြုရင် အပ္ပမာဒကိုလည်း အမှီမပြု၊ အပ္ပမာဒကိုလည်း အမှီမပြုရင် အစေ့အစပ်ကိုလည်း အမှီမပြု၊ သဘောပါလား (ပါပါတယ် ဘုရား)။ ကဲ- ရှင်သာရိပုတ္တရာ စဉ်းစားတာ ထောင့်မစေ့ဘူးလား (စေ့ပါတယ် ဘုရား)။

မြတ်စွာဘုရားက သူကြံတဲ့အတိုင်း ထောက်ခံပြီး ဟောတယ်။ ချစ်သားတဲ့ သင်ပြောတာ မှန်တယ်၊ အကုသိုလ်တရား ဖယ်ရှားချင်တယ်၊ ကုသိုလ်တရား တိုးပွားချင်တယ်ဆိုရင် ဘုရား၊ တရား၊ သံဃာ၊ သိက္ခာ၊ သမာဓိ၊ အပ္ပမာဒ၊ ပဋိသန္ဓာရကို အရိုအသေပြုရမယ်။ တရားပွဲထဲမှာ ခင်ဗျားတို့အာရုံတွေကိုအားမရတူး။အိမ်ရောက်ရင် ကျကျနန စဉ်းစားပါ။ ဟုတ်ပြီလား။ ငါဟာ ဘုရားကို ရှိသွေတဲ့လူလား၊ လေးစားတဲ့လူလား၊ အမှီပြုရဲ့လားလို့ ကိုယ်ကိုယ်တိုင် သုံးသပ်ကြည့်ရမယ်။

အဲဒီစောမှ မြတ်စွာဘုရားက ချစ်သား သာဓု သာဓု သာဓု မှန်လိုက်တာတဲ့၊ ဒါကြောင့် သင်ဟာ ဉာဏ်ကြီးတာပဲ၊ ဘုရားကို ရှိသေပါတယ်ဆိုတဲ့လူဟာ တရားကို ရှိသေပါတယ်၊ တရားကို ရှိသေတဲ့ပုဂ္ဂိုလ်သည် သံဃာကို ရှိသေတယ်၊ သံဃာကို ရှိသေတဲ့ပုဂ္ဂိုလ်သည် သိက္ခာကို ရှိသေတယ်၊ သိက္ခာကို ရှိသေတဲ့ပုဂ္ဂိုလ်သည် သမာဓိကို ရှိသေတယ်၊ သမာဓိကို ရှိသေတဲ့ပုဂ္ဂိုလ်သည် အပ္ပမာဒကို ရှိသေတယ်၊ အပ္ပမာဒကို ရှိသေတဲ့ပုဂ္ဂိုလ်သည် ပဋိသန္ဓာရကိုလည်း ရှိသေပါတယ်၊ ရှင်းသလား (ရှင်းပါတယ် ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com

မြတ်စွာဘုရားကို အလေးအနက်ထားပြီဆိုရင် တရားကိုလည်း အလေးအနက်ထားပါတယ်။ တရားကို အလေးအနက်ထားပြီဆိုရင် သံဃာကို အလေးအနက်ထားပါတယ်။ သံဃာကို အလေးအနက်ထားပြီဆိုရင် သိက္ခာကိုလည်း အလေးအနက်ထားပါတယ်။ သိက္ခာကို အလေးအနက်ထားပြီဆိုရင် သမာဓိကို အလေးအနက်ထားပါတယ်။ သမာဓိကို အလေးအနက်ထားပြီဆိုရင် အပွမာဒကို အလေးအနက်ထားတယ်။ အပွမာဒကို အလေးအနက်ထားပြီဆိုရင် ပဋိသန္ဓာရလည်း အလေးအနက်ထားပါတယ်။ အားလုံး အချိတ်အဆက် ရှိ၊ မရှိ (ရှိပါတယ် ဘုရား)။ မြတ်စွာဘုရားကို အမှီပြု၍နေသူသည် (တရားကိုလည်းအမှီပြုပါတယ် ဘုရား)။ တရားကို အမှီပြု၍နေသူသည် (သံဃာကိုလည်း အမှီပြုပါတယ် ဘုရား)။ သံဃာကိုအမှီပြု၍နေသူသည် (သိက္ခာကိုလည်း အမှီပြုပါတယ် ဘုရား)။ သိက္ခာကို အမှီပြု၍နေသူသည် (သမာဓိကိုလည်း အမှီပြုပါတယ် ဘုရား)။ သမာဓိကို အမှီပြု၍နေသူသည် (အပွမာဒကိုလည်း အမှီပြုပါတယ် ဘုရား)။ အပွမာဒကို အမှီပြု၍နေသူသည် (ပဋိသန္ဓာရကိုလည်း အမှီပြုပါတယ် ဘုရား)။

ဒီအချက်တွေကို သုံးသပ်ကြည့်မယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ် ကုသိုလ်ဖြစ်၊ မဖြစ်၊ အကုသိုလ် ဖြစ်၊ မဖြစ်၊ သုံးသပ်လို့ ရ၊ မရ (ရပါတယ် ဘုရား)။ ကိုယ်တိုင်သုံးသပ်တစ်ခုချို့ယွင်းရင် အကုန်ချို့ယွင်းတယ်။ တပည့်တော် ကိုယ့်ကိုယ်ကိုယ် မစစ်ဆေးဘူးဆိုရင် ဘာမရှိလို့လဲ အပွမာဒ မရှိလို့၊ သတိမေ့နေတဲ့ ပုဂ္ဂိုလ်ပဲ၊ သတိမေ့နေပါတယ်ဆိုရင် သမာဓိရော ရှိပါဦးမလား။ သမာဓိမရှိတဲ့လူဆိုရင် သိက္ခာမရှိဘူး၊ သိက္ခာမရှိဘူးဆိုရင် သံဃာကိုလည်း အရိုအသေမပြုဘူး၊ အလေးအမြတ်မပြုဘူး၊ အမှီအခိုမပြုဘူး၊ သံဃာကိုလည်း အရိုအသေမပြုဘူးဆိုရင် တရားကိုလည်း အရိုအသေမပြုဘူး၊ အလေးအမြတ် မပြုဘူး၊ အမှီအခိုမပြုဘူး၊ တရားကိုလည်း အရိုအသေမပြုဘူးဆိုရင် ဘုရားကိုလည်း အရိုအသေမပြုဘူး၊ ဒါဖြင့် ဘုရားမရှိ တရားမရှိပေါ့။

ဘယ်သူ့ကိုယ် ဘယ်သူစစ်ဆေးမလဲ (ကိုယ့်ကိုယ် ကိုယ့် စစ်ဆေးရပါမယ် ဘုရား)။ ကိုယ့်ကိုယ်ကိုယ် မစစ်ဆေးမိဘူး၊ ကုသိုလ်မှန်းလည်းမသိ၊ အကုသိုလ်မှန်းလည်း မသိ၊ စစ်ဆေးခွိန် မရဘူး၊ ဒီပုဂ္ဂိုလ် သေချာပြီ အပွမာဒဆိုတဲ့ မမေ့မလျော့ခြင်းလည်း မရှိဘူး၊ သမာဓိ မရှိဘူး၊ သူထင်ရာ လုပ်မှာ။ သမာဓိမရှိရင် သိက္ခာမရှိလို့ပေါ့။ ကိုးကွယ်ရာမဲ့နေတဲ့လူတွေဖြစ်မယ်။ဘယ်သူ့ကိုယ်ဘယ်သူ စစ်ဆေး (ကိုယ့်ကိုယ်ကိုယ် စစ်ဆေးရပါမယ် ဘုရား)။ ဒါကြောင့် ဒီရှေ့ မေ့မေ့လျော့လျော့နေရမလား (မနေရပါဘုရား)။ ပေါ့ပေါ့ဆဆနေရမလား (မနေရပါ ဘုရား)။

မြတ်စွာဘုရားနဲ့ ရှင်သာရိပုတ္တရာအရှင်မြတ်ကြီး တို့ကတော့ အပြန်အလှန် ဟောလိုက်ကြတာ။ နောက်ဆုံး ပဋိသန္ဓာရဆိုတဲ့ အစ့ေအစပ်ဆိုတာလည်း မရှိတော့ဘူး၊ ဘုရားကို ရိုသေ၊ တရားကို ရိုသေ၊ သံဃာကို ရိုသေ တပည့်တော်စိတ်ထဲမှာ အကြံပေါက်လာပါတယ် ဘုရား၊ မြတ်စွာဘုရားက ချစ်သား သာဓု သာဓု သာဓု ချစ်သားတဲ့ ဉာဏ်ကြီးလှပါပေတယ်။

အဲဒီတော့ အချုပ်အားဖြင့်ဆိုရသော် ပဋိသန္ဓာရဆိုတဲ့ အစ့ေအစပ်ပြုခြင်းသည် အရေးကြီးလား၊ မကြီးဘူးလား (အရေးကြီးပါတယ် ဘုရား)။ အစ့ေအစပ်ပြုဖို့လည်း အပွမာဒရှိမှ၊ တရားတွေက အပြန်အလှန်မှီခိုနေတယ် ချစ်သား၊ အစ့ေအစပ်ပြုဖို့ဆိုရင် အပွမာဒရှိရမယ်၊ အပွမာဒ ရှိဖို့ဆိုရင် သမာဓိရှိရမယ်၊ သမာဓိရှိဖို့ဆိုရင် သိက္ခာရှိရမယ်၊ သိက္ခာရှိဖို့ဆိုရင် သံဃာကိုလည်းယုံရမယ်၊တရားကိုလည်း ယုံရမယ်၊ ဘုရားကိုလည်း ယုံရမယ်။ ရတနာသုံးပါးကို မယုံကြည်တဲ့ပုဂ္ဂိုလ် သိက္ခာမရှိဘူး၊ သိက္ခာမရှိရင် သမာဓိမရှိပါဘူး ဘုရား။ သမာဓိမရှိရင် အပွမာဒ မရှိပါဘူး။ အပွမာဒ မရှိရင် အစ့ေအစပ် မရှိပါဘူး၊ ကျေနပ်သလား (ကျေနပ်ပါတယ် ဘုရား)။ ဦးဇင်းတို့၊ သူတော်ကောင်းတို့မှာ ကိုးကွယ်ရာ အားထားစရာ ရှိ၊ မရှိ (ရှိပါတယ် ဘုရား)။ ရှိရင် အမြဲတမ်း ကိုယ့်ကိုယ်ကိုယ် စစ်ဆေးပြီးနေပါ။ ဖာထေးရမယ်၊ ဖြည့်ရမယ်၊ ပုထုဇဉ်မှန်ရင် ချို့ယွင်းချက်ရှိတယ်နော်။ ဒါဖြင့်ကိုယ့်ကိုယ်ကိုယ် အမြစစ်ဆေးနေဖို့ လိုအပ်၊ မလိုအပ် (လိုအပ်ပါတယ် ဘုရား)။ မစစ်ဆေးရင် ကုသိုလ်ဖြစ်မလား၊ အကုသိုလ်ဖြစ်မလား (အကုသိုလ်ဖြစ်ပါတယ် ဘုရား)။ အကုသိုလ်ဖြစ်ရင် ဒီဘဝ မြတ်မလား၊ ရှုံးမလား (ရှုံးပါတယ် ဘုရား)။

သူတော်ကောင်းတို့သည် ဘုရား၊ တရား၊ သံဃာဌ အမှန်တကယ် ကိုးကွယ်ဆည်းကပ်သူပါခိုလှုံနေ့စဉ်

www.burmeseclassic.com

ကိုယ့်ကိုယ်ကိုယ် စစ်ဆေးဖို့ လိုအပ်၊ မလိုအပ် (လိုအပ်ပါတယ် ဘုရား)။ အားလုံးယုံကြည်သလား၊ ဒါဖြင့် မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနဲ့ နေကြမလား၊ မမေ့မလျော့ အားထုတ်ရမလား (မမေ့မလျော့ အားထုတ်ရပါမယ် ဘုရား)။ ဒါကြောင့် ကျေးဇူးရှင်မိုးကုတ်ဆရာတော်ဘုရား ကြီးက သတိထား ဝိရိယစိုက် ပညာနဲ့ကြည့်၊ ဒါ ပညာတွေပဲ အရေးကြီးတယ်၊ ဘယ်သူ့ကိုယ်ဘယ်သူကြည့် (ကိုယ့်ကိုယ်ကိုယ် ကြည့်ရပါ့မယ်ဘုရား)။ တရား ဘယ်နှပါးလဲ (၇ ပါးပါ ဘုရား)။

အရှိအသေပြုရမယ်၊ အလေးအမြတ်ပြုရမယ်၊ အမှီအခိုပြုရမယ်၊ ဒါဖြင့် သူတော်ကောင်းတို့ ဦးဇင်းတို့က မှီခိုရာ အားထားရာမဲ့နေတဲ့လူလား၊ အမှီရှိတဲ့လူလား (အမှီရှိတဲ့လူပါဘုရား)။ အဲတော့ မြတ်စွာဘုရားကိုယုံလား (ယုံပါတယ်ဘုရား)။ တရားကိုရော (ယုံပါတယ် ဘုရား)။ သံဃာကိုရော (ယုံပါတယ် ဘုရား)။ မြတ်စွာဘုရား မထီမဲ့မြင်ပြုရဲသလား (မပြုရဲပါဘူး ဘုရား)။ အဲတော့ ဘုရားကို အရှိအသေပြုဖို့ လိုအပ်၊ မလိုအပ် (လိုအပ်ပါတယ် ဘုရား)။ ဒါဖြင့် ဘုရားကို ယုံသလား၊ တရားကိုရော ယုံသလား (ယုံပါတယ် ဘုရား)။ ကောင်းတာလုပ်ရင် (ကောင်းကျိုးပေးပါမယ် ဘုရား)။ မကောင်းတာလုပ်ရင် မကောင်းကျိုးပေးမယ်၊ တူသောအကျိုးပေးပါတယ်။

တရားကို ဘယ်သူက ဆုံးဖြတ်သလဲ တရားကပဲ ဆုံးဖြတ်တယ်၊ ကောင်းတာလုပ်ရင် ကောင်းကျိုးပေးမယ်၊ မကောင်းတာလုပ်ရင် မကောင်းကျိုးပေးမယ်၊ ကျေနပ်သလား (ကျေနပ်ပါတယ် ဘုရား)။ အကြောင်းကောင်းမှ (အကျိုးကောင်းပါတယ် ဘုရား)။ အကြောင်းမှန်မှ (အကျိုးမှန်ပါတယ် ဘုရား)။ ဒါဖြင့် မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနေကြမလား၊ စေ့စေ့စပ်စပ်နေကြမလား (စေ့စေ့နေပါမယ် ဘုရား)။

ဒါဖြင့် သတိထား ဝိရိယစိုက် ပညာနဲ့ကြည့်၊ ဘယ်သူ့ကိုယ် ဘယ်သူကြည့်မလဲ၊ ကိုယ့်ကိုယ်ကိုယ် ကြည့်ပါမယ် ဘုရား၊ အကုသိုလ်ဖြစ်အောင် နေမလား၊ ကုသိုလ်ဖြစ်အောင် နေမလား (ကုသိုလ်ဖြစ်အောင်နေပါ့မယ် ဘုရား)။ ကုသိုလ်ဖြစ်အောင်နေမယ်ဆိုရင် မြတ်စွာဘုရားကို အရှိအသေပြု၊ အလေးအမြတ်ပြု၊ အမှီပြု။ တရားကို အရှိအသေပြု၊ အလေးအမြတ်ပြု၊ အမှီပြု။ သံဃာကို အရှိအသေပြု၊ အလေးအမြတ်ပြု၊ အမှီပြု။ သိက္ခာကို အရှိအသေပြု၊ အလေးအမြတ်ပြု၊ အမှီပြု။ သမာဓိကို အရှိအသေပြု၊ အလေးအမြတ်ပြု၊ အမှီပြု။ အစ့ေအစပ်ကို အရှိအသေပြု၊ အလေးအမြတ်ပြု၊ အမှီပြုပါမယ် ဒီအတိုင်းသာဆိုရင် အကုသိုလ်ဖြစ်စရာအကြောင်း (မရှိပါဘူး ဘုရား)။ ဒါဖြင့် ဒီဘဝ မြတ်မလား၊ ရှုံးမလား (မြတ်ပါတယ် ဘုရား)။

ကိုယ့်ကိုယ်ကိုယ် စစ်ဆေးကြည့်တော့ ခန္ဓာဘယ်နှပါး (ငါးပါးပါ ဘုရား)။ ချုပ်လိုက်တော့ ခန္ဓာငါးပါး ရှုပ်နာမ်နှစ်ပါး မရောဘူးလား (ရပါတယ် ဘုရား)။ ရှုပ်နာမ်နှစ်ပါး မြဲသလား မမြဲဘူးလား (မြဲပါတယ် ဘုရား)။ ဘယ်အချိန်ကြည့်ကြည့် ဖြစ်ပြီးရင်ပျက်၊ ရှုပ်တရားလည်း ဖြစ်ပြီးရင် (ပျက်ပါတယ် ဘုရား)။ နာမ်တရားလည်း ဖြစ်ပြီးရင် (ပျက်ပါတယ် ဘုရား)။ ချမ်းသာသလား၊ ဆင်းရဲသလား (ဆင်းရဲပါတယ် ဘုရား)။ ကိုယ်ပိုင်သလား၊ မပိုင်ဘူးလား (မပိုင်ပါဘူး ဘုရား)။ မပိုင်တဲ့တရားအတွက် အကုသိုလ်အဖြစ်ခံမလား (မခံပါဘူး ဘုရား)။

ဒါဖြင့် ကုသိုလ်တရားဖြစ်အောင် သူတိထား ဝိရိယစိုက် ပညာနဲ့ကြည့် ကိုယ့်ကိုယ်ကိုယ်ဘာ့စစ်ဆေးနေမယ်ဆိုရင် ဒီဘဝ မဂ်ဖိုလ်နိဗ္ဗာန်တိုင်အောင် ရနိုင်၊ မရနိုင် (ရနိုင်ပါတယ် ဘုရား)။ ရနိုင်တဲ့အတွက် ခန္ဓာဘယ်နှပါး (၅)ပါး။ ဘယ်အချိန်ကြည့်ကြည့် မြဲတာတွေ့မလား၊မမြဲတာတွေ့မလား (မမြဲတာတွေ့ပါတယ်ဘုရား)။

ဖြစ်ပြီးတော့ ပျက်တာ ဘာသစ္စာ (ဒုက္ခသစ္စာ)။ သိစဲ့ဉာဏ်က (မဂ္ဂသစ္စာ)၊ သေတာက (သမုဒယသစ္စာ)၊ နောင်ခန္ဓာမလာတာက (နိရောဓသစ္စာ)။ သစ္စာဘယ်နှချက်ကိုက် (လေးချက်ကိုက်ပါတယ် ဘုရား)။ အေးဂျက်ကဲ့သို့ သစ္စာလေးချက် တစ်ပြိုင်တည်းကိုက်မှသာလျှင် သံသရာဝဋ်အတွင်းက လွတ်ကင်းနိုင်မှာဖြစ်တဲ့အတွက် မမေ့မလျော့ မပေါ့ဆသော သတိတရား၊ မလျော့သော ဇွဲလုံ့လတရားကို လက်ကိုင်ထားပြီးတော့ ဒီဘဝ ဒီခန္ဓာ မစွန့်ကြခင် အမှီပြုအပ်သော တရား(၇)ပါးကိုမှီခို၍ ဒီဘဝ ဒီခဏမှာပဲ နိဗ္ဗာန်မဂ်ဖိုလ် မျက်မှောက်ပြုနိုင်ကြပါစေလို့ ဆန္ဒပြုရင်း ဒီည ဒီမျှနဲ့ပဲ နားကြဦးစို့။

သာဓု သာဓု သာဓု။

စမ္ဘဒီပန

❑

www.burmeseclassic.com

www.burmeseclassic.com

စောမွန်လှဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့်
ပဓာနနာယက နဂါးကိုးကောင်ဆရာတော်

ပိုးစုံ (ဒေါင်ပင်လယ်)



နဂါးကိုးကောင်ဆရာတော် ဘဒ္ဒန္တရာဇိန္ဒ

စာရေးသူသည် ၁၉၈၉ ခုနှစ်တွင် မန္တလေးမြို့လယ်မှ အောင်ပင်လယ် တိုးချဲ့ကွက်သစ်သို့ ပြောင်းရွှေ့ရောက်ရှိလာသည်။ ထိုအချိန်က အောင်ပင်လယ်သည် မြို့သစ်များချဲ့ထွင်တည်ဆောက်ဆဲကာလဖြစ်၍ ခွဲတော ဗွက်တောထဲတွင် လူးလွန့်ရုန်းထခဲ့ကြရသည်။ စာရေးသူလည်း အောင်ပင်လယ်သို့ ရောက်ရှိခါစဖြစ်၍ နေသားတကျ မဖြစ်သေးသည်က တစ်ကြောင်း၊ အိမ်ဆောက်နေစဉ်ကာလဖြစ်၍တစ်ကြောင်း၊ အားလပ်ချိန်များတွင် အောင်ပင်လယ်ရွာဦး ပြင်ဦးလွင်ကားလမ်းဘက်သို့ထွက်၍ ရှမ်းမင်းသမီးလေး မိဖုရားစောမွန်လှတည်ထားကိုးကွယ်ခဲ့သော မြတဘက် စေတီတော်လေးသို့ သွားရောက်ဖူးမြော်အမှဋ္ဌာန်ဝင်ရင်း ထိုစေတီတော်လေး ရင်ပြင်တော်မှာပင် စာရေးခြင်း၊ စာဖတ်ခြင်း အမှုတို့ကို ပြုလုပ်နေခဲ့သည်။

ထိုစဉ်က ပြင်ဦးလွင်ကားလမ်းမသည်လည်း ရိုးရိုးသာမန် နှစ်လမ်းသွားမျှဖြစ်ပြီး ကားလမ်းမပေါ်မှ လှမ်း၍ကြည့်လျှင် မြတဘက်စေတီတော်လေးမှာလည်း ထုံးဖြူလေးမပြယ်တပြယ် ရှိနေခဲ့သည်။

သစ်ပင် သစ်တောများဖြင့် အုပ်ဆိုင်းမှိုင်းရိလျက်ရှိပြီး ဘုရားအို၊ ကျောင်းပျက်များဖြင့် မထင်မရှားရှိသော မြတဘက်ဘုရား ပဓိဝုဏ်မှ ပေါ်တော်မူဘုရားနှင့် ပေါ်တော်မူတောရကျောင်းမှာလည်း မထင်မရှားရှိသည်။ အဆိုပါ ကျောင်းတွင် သက်တော် (၈၀) ဝန်းကျင်ရှိ ဆရာတော်ဘုရားကြီး နှစ်ပါး၊ ကျောင်းထိုင်လျက်ရှိပြီး ရိပ်သာတွင် ရဟန်း နှစ်ပါး၊ သုံးပါးနှင့် သီလရှင် အနည်းငယ်သာ ရှိသည်။

ဤသို့ဖြင့် မြတဘက်ဘုရားတွင် ဝင်ထွက်သွားလာရင်းဖြင့် စာရေးသူသည် အဆိုပါ ကျောင်းတွင် သီတင်းသုံးလျက်ရှိသော အရှင်ဣန္ဒရိယ (ခ) ကဗျာဆရာ နန္ဒာထက်လွင်နှင့် ရင်းနှီးခဲ့သည်။ ထို့နောက် ကဗျာဆရာ နန္ဒာထက်လွင်၏ မိတ်ဆက်ပေးမှုဖြင့် ဝါးတဲကျောင်းကလေးဖြင့်

www.burmeseclassic.com

www.burmeseclassic.com



မြတဘက်ဘုရားပရိဝုဏ်မှ လိုရာပြည့်စေတီ ထီးတော်တင်ပွဲ

သီတင်းသုံး နေထိုင်တော်မူသော ဦးပဉ္စင်း ရာဇိန္ဒနှင့်ပါ ရင်းနှီးခဲ့သည်။

စာရေးသူလည်း မကြာခဏ သွားရောက်လျက်ရှိရာ ဦးပဉ္စင်း နန္ဒာထက်လွင်နှင့် စာအကြောင်း ပေအကြောင်း ဆွေးနွေးပြောဆိုတိုင်း ဦးပဉ္စင်းဦးရာဇိန္ဒမှ လက်ဖက်၊ ရေနွေးကြမ်း၊ မုန့်ပဲသရေစာများဖြင့် ဧည့်ခံကျွေးမွေးပါသည်။

သို့တိုင် နောက်ပိုင်းတွင်မူ ကဗျာဆရာ နန္ဒာထက်လွင်နှင့်သာ တွေ့ဆုံသည်က များပြီး၊ အရှင်ရာဇိန္ဒမှာ အချိန်အားတိုင်း တရားထိုင်၍ သမထဝိပဿနာ ပွားများနေသည်ဟု တွေ့ရတတ်ပါသည်။

စာရေးသူလည်း စောမွန်လှ၏ မြတဘက်စေတီတော်တွင် နေ့စဉ် ပူဇော်ဖူးမြော်ရင်း၊ စာရေး၊ စာဖတ်ရင်းဖြင့် စိတ်ကူးဉာဏ်များ ကွန့်မြူးလျက်ရှိရာ ကလောင်ခွဲများဖြင့် ဂန္ဓိရဝတ္ထုများ၊ ဆောင်းပါးများ ရေးဖြစ်ခဲ့သည်။

ထိုမြတဘက် ပရိဝုဏ်မှာပင် အဓိဋ္ဌာန်အောင်သူများ၊ ဆုတောင်းပြည့်သူများ ရှိသဖြင့် စာရေးသူထံ လာရောက်တွေ့ဆုံကြသူများ၊ အကြံဉာဏ်တောင်းသူများလည်း မကြာခဏ ရောက်လာတတ်ကြသည်။

ထိုစဉ်ကတည်းက စာရေးသူမှာ အရှင်ရာဇိန္ဒ၏ အကြောင်းကို ရေးချင်နေမိ၏။ အောင်ပင်လယ်ရိုရပ်ကွက်အသီးသီးတွင် အရှင်ရာဇိန္ဒသီလကန်တော့ပွဲများ မကြာခဏ ကြားနာရခြင်း၊ ဆရာတော်၏ ဝါးကျောင်းလေးတွင်လာရောက်လှူဒါန်းသော ဒါယကာ၊ ဒါယိကာမများ မပြတ်ခြင်း၊ နေ့စဉ် တရားဓမ္မကျင့်ကြံအားထုတ်ခြင်းစသို့အပြင် ရန်ကုန်မြို့မှ ခေတ္တခဏ အဓိဋ္ဌာန်ဝင်ရင်းက ရောက်လာခြင်း စသည့်အကြောင်းများကိုရေးသားလိုသော်လည်း အရှင်ရာဇိန္ဒမှ ရေးခွင့်မပြုခဲ့ပါ။

"စောပါသေးတယ် ဒကာကြီး၊ အချိန်မကျသေးဘူး" ဟုသာ ပြောလေ့ရှိပါသည်။

သည့်နောက် မကြာမတင်မှာပင် ကျောင်းထိုင်ဆရာတော်ကြီး နှစ်ပါး ရွှေဆင့်နောက်ဆင့် ပျံလွန်တော်မူလေရာ အနီးကပ်ပြုစုစောင့်ရှောက်နေရသော အရှင်ရာဇိန္ဒမှာ ကျောင်းမှခွာ၍မရအောင် ဖြစ်လာခဲ့ရသည်။ သည့်နောက် မလွဲသာမရှောင်သာပင် မိမွေ ဖမွေကို သားသမီးများဆက်ခံရသကဲ့သို့ ကျောင်းတိုက်ကို စီမံခန့်ခွဲအုပ်ချုပ်ရသည့် တာဝန်မှာ အရှင်ရာဇိန္ဒ၏ပခုံးပေါ်သို့ကျရောက်လာခဲ့လေတော့သည်။

ဆရာတော်အရှင်ရာဇိန္ဒအနေဖြင့် ကျောင်းတိုက်တစ်ခုလုံး တာဝန်ယူနေရသည့် ကာလမှာပင် နေသားမကျသေးသော အောင်ပင်လယ်ကွက်သစ်မှ ကလေးငယ်အများစုမှာ ကျောင်းတစ်ပိုင်းတစ်စဖြင့် ပြောင်းရွှေ့လာကြရသည်ဖြစ်ပြီး ဒီမှာလည်း ကျောင်းတက်ဖို့ အဆင်မပြေဖြစ်လေ

လိုရာပြည့်စေတီတော် ထီးတော်တင်ပွဲ

www.burmeseclassic.com

www.burmeseclassic.com

ရှင်အပေါ်း ၃၀၀ စုပေါင်းရှင်ပြုပွဲ.

ရာ ဘုန်းကြီးကျောင်းမရှိဝုဏ်တွင် လာရောက်ကာ ဆော့ကစားကြခြင်း၊ ကျောင်းအနီးရှိ ပရဲတော်ချောင်းတွင် ရေကူးရှင်း၊ ငါးမျှားရင်း အချိန်ကုန်လွန်နေခြင်းများကို တွေ့ရှိရလေရာ ဆရာတော်မှာ စိတ်မချမ်းမသာ ဖြစ်ရပါသည်။

သို့ဖြင့် စာရေးသူအား တိုင်ပင်၍ အဆိုပါကလေးငယ် လေး၊ ငါး၊ ခြောက်ဦးအား ခေါ်ယူ၍ ထမင်းဟင်းကျွေးမွေးကာ ပညာသင်ကြားပေးခဲ့သည်။

စာပေသင်ကြားရာ နေရာမှာ ကျောင်းဆောင်မရှိ၊ ထိုင်ခုံမရှိ၊ မန်ကျည်းပင်ရိပ်မှာပင် ဖျာခင်း၍ သင်ကြားခဲ့ရပါသည်။

ထို့နောက် ၂၀၀၂ ခုနှစ်တွင် စာရေးသူသည် မန္တလေး အောင်ပင်လယ်မှ ပြင်ဦးလွင်မြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့ရာ ဆရာတော်အရှင်ရာဇိန္ဒနှင့် အဆက်အသွယ် ပြတ်တောက်ခဲ့သည်။ ထို့နောက် ၂၀၀၄/၂၀၀၅ လောက်တွင် စာရေးသူ မန္တလေးသို့ ပြန်လည်ရောက်ရှိခဲ့သည်။

ထိုအချိန်တွင် စာရေးသူမှာ လောကဓံ အချိုးအလှည့် အမျိုးမျိုးဖြင့် ရုန်းကန်နေခဲ့ရရာ ထွန်းဦးစာပေမှ ကိုထွန်းဦးက အောင်ပင်လယ် စောမွန်လှမြတဘက်ဘုရားမှ ဆရာတော်က စာရေးသူအား မကြာခဏ ဖုန်းဆက်၍ မေးနေကြောင်း ပြောပြခဲ့သည်။

ထိုအချိန်တွင် စာရေးသူမှာ စာအုပ်တိုက်တစ်တိုက်အတွက် စာအုပ်များ လက်ခံထားသဖြင့် အချိန်ပြည့် စားပွဲထိုင်နေရသဖြင့် တော်တော်နှင့် မရောက်ဖြစ်ခဲ့ပါ။ ထို့ပြင် ကျန်းမာရေးအရလည်း အဆုတ်ရောဂါဝေဒနာ ခံစားနေရသေးသဖြင့် စိတ်သွားတိုင်း ကိုယ်မပါခဲ့ပါ။

ဤဆို့ဖြင့် နှစ်လ၊ သုံးလ ကြာမြင့်ပြီးသည့် တစ်နေ့တွင် ဆရာတော်၏ သွားရောက်ဖူးမြော်ရာ မြစ်ဘက်ဘုရားရင်ပြင်တော်တွင် ဆရာတော်အား ပရိသတ်များကြား၌ ဖူးမြော်ခွင့် ရရှိခဲ့သည်။

ဆရာတော်က စာရေးသူနှင့် စကားစမြည် ပြောဆိုကြပြီးနောက် စာရေးသူ၏ ကျန်းမာရေးအတွက် ငွေကြေး ထောက်ပံ့ကူညီခဲ့သည်။ ထို့နောက် ဆရာတော်မှ အိပ်မက်အရ နဂါးကိုးကောင် ကန်တော်မင်္ဂလာနှင့် နဂါးကိုးကောင်ဘုရားကို အမျှားကောင်းမှုဖြင့် တည်ဆောက်နေကြောင်း၊ ထို့ပြင် စာရေးသူ ပြင်ဦးလွင်သို့ ပြောင်းရွှေ့မသွားခင်က သစ်တစ်ရိုပ် ငါးတစ်ပင်အောက်မှ စတင်ထူထောင်ခဲ့သော သင်တန်းလေးမှာလည်း ယခုအခါ ဘုန်းတော်ကြီးသင့် ပညာရေးကျောင်း (ဘ/က) အဖြစ်



ရှင်အပေါ်း ၃၀၀ စုပေါင်းရှင်ပြုပွဲပဏ္ဍာပ်

www.burmeseclassic.com

www.burmeseclassic.com

တရုတ်ပြည်ရောက် နဂါးကိုးကောင်ဆရာတော်

ပန္ထလေးအခြေစိုက် တရုတ်ကောင်စစ်ဝန်ဂုံးမှ
ဒုတိယကောင်စစ်ဝန်ချုပ်ပု လူဒါန်းခြင်း

နိုင်ငံတော်မှ အသိအမှတ်ပြုခဲ့ပြီ ဖြစ်ကြောင်း၊ သူငယ်တန်းမှအလယ်တန်းထိ ပညာသင်ကြားပေးနိုင်ခဲ့ပြီ ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

သည့်နောက်မှာတော့ စာရေးသူလည်း ဆရာတော်၏ ပရဟိတဆောင်ရွက်မှုများ၊ မြတဘက်စေတီတော်တွင် ဆုတောင်းအဓိဋ္ဌာန်ဝင်၍ အောင်မြင်ခဲ့သူများအကြောင်းကို ရေးဖွင့်ပြရန် လျှောက်ထားခဲ့ရာ-

"အေးလေ၊ အရင်တုန်းကတည်းက ဒကာကြီးက ရေးချင်နေတာပဲ၊ ကျုပ်က အချိန်မကျသေးလို့ ရေးခွင့်မပေးတာ၊ ခုတော့ ဒကာကြီး ရေးချင်တာ ရေးချင်သလောက် ရေးလို့ရပါပြီ၊ သိချင်တာရှိ မေးလေ" ဟု ဆိုကာ ရေးသားခွင့် ပေးခဲ့ပါသည်။

ထိုအချိန်မှ စတင်၍ စာရေးသူလည်း ဆရာတော်၏ ပရဟိတလုပ်ငန်းများတွင် ပါဝင်အားဖြည့်ကူညီကာ တစ်ဖက်တစ်လမ်းမှ စာပေဖြင့် လှုံ့ဆော်ရေးသား၍ ကုသိုလ်ယူခဲ့ပါသည်။ ထို့ပြင် ဆရာတော်ထံ ဝင်ထွက်လေ့လာကူညီရင်းဖြင့် စောမွန်လှ၏ မြတဘက်စေတီနှင့် နဂါးကိုးကောင် မင်္ဂလာကန်တော် နဂါးကိုးကောင်ဘုရားတွင် အဓိဋ္ဌာန်ပြု ဆုတောင်း၍ အောင်မြင်ခဲ့ကြသော လူပုဂ္ဂိုလ် တော်တော်များများနှင့်လည်း တွေ့ဆုံခွင့် ရရှိခဲ့ပါသည်။

ထိုအချိန်က ကျောင်းတွင် ကျောင်းသား/ကျောင်းသူ ၇၀၀ ခန့်ကို ဆရာမ (၁၈) ယောက်ဖြင့် အခမဲ့ပညာသင်ပေးခဲ့ရာ ကျောင်းသား ကျောင်းသူများမှာ တစ်နှစ်ထက် တစ်နှစ် တိုး၍ တိုး၍လာသဖြင့် ကျောင်းသားတစ်တန်းစာ စာသင်ဆောင် ကလေးများကို တစ်နှစ် တစ်ဆောင်၊ နှစ်ဆောင်တိုးခဲ့၊ ဆောက်လုပ်၍ စာသင်ခဲ့ရသည်။

ဤသို့ဖြင့် စာရေးသူလည်း ဆရာတော်၏ စောမွန်လှပေါ်တော်မူ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ပရဟိတလုပ်ငန်းများနှင့် အိုမင်း ပျက်စီးလျက်ရှိသော ဘုရားကျောင်းကန်များ အများကောင်းမှုဖြင့် ပြုပြင်တည်ဆောက်နိုင်ရန် မိမိတတ်စွမ်းသည့် စာပေပညာဖြင့် အများသိအောင် လှုံ့ဆော် ရေးသားခွင့်ဖြင့် ကုသိုလ်ယူခွင့် ရှိခဲ့သည်။

ဆရာတော်၏ မနားမနေ ဆောင်ရွက်မှုဖြင့် ရွေးဦးစွာ နဂါးကိုးကောင် ကန်တော်မင်္ဂလာကို

ကျောင်းသုံးဆောဆာအုပ် စာရေးကိရိယာများ လူဒါန်းနေပုံ

ဆရာတော်နှင့် စုပေါင်းဘုံကထိန်ဖြစ်မြောက်ရေး ကညနဝတ္ထုအမိန့်များ

www.burmeseclassic.com

www.burmeseclassic.com



စောမွန်လှ နဂါးကိုးကောင် သိမ်တော်ကြီး

နဂါးကိုးကောင်သိမ်
ဒါယိကာမကြီး
ဒေါ်ဝင်းဝင်းထိန်

တူးဖော်ပြီးခါနီးမှစ၍ နဂါးရုံဘုရားကို ကန်တော်မင်္ဂလာ လေးဖက်လေးတန်တွင် တည်ထားကိုးကွယ်ရန် အလှူရှင်များရောက်လာခဲ့ကြပြီး ကန်တော်မင်္ဂလာ၏ အလယ်ဗဟိုမှ နဂါးကိုးကောင်ဘုရားကိုလည်း နိုင်ငံတော်အကြီးအကဲတစ်ဦးမှ လာရောက်၍ တည်ထားကိုးကွယ်ခဲ့သည်။

ထို့နောက်ဆက်တိုက်ဆိုသလို ပင် ခေတ်အဆက်ဆက်ကိုဖြတ်သန်း၍ မီးဒဏ်၊ စစ်ဘေးစစ်ဒဏ် သင့်ခဲ့သော စောမွန်လှ နဂါးကိုးကောင် သိမ်ကျောင်းကိုလည်း ခဲ့ညားထည်ဝါစွာ ဆောက်လုပ်နိုင်ခဲ့ပါသည်။

အလှူး (၁၂၀) ပေ၊ အနံပေ (၃၀) မျှရှိသော နဂါးကိုးကောင် အဆင့်မြင့် စာသင်ကျောင်းကြီးကိုလည်း ဆောက်လုပ်ပြီးခဲ့ပြီ ဖြစ်၍ ကျောင်းသူ / ကျောင်းသားများကိုလည်း စိတ်ချလုံခြုံစွာ ပညာသင်ကြားနေနိုင်ခဲ့ပြီ ဖြစ်သည်။

၂၀၀၆ ခုနှစ်မှစတင်၍ဆင်းရဲနွမ်းပါး မိဘပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ ရပ်ကွက်အသီးသီးတွင်းမှ ကျောင်းမနေနိုင်သောကလေးများအပါအဝင် ကလေးသူငယ် (၅၀)တို့ကို စုပေါင်း ရှင်ပြုပွဲပြုလုပ်၍ သာသနာ့အမွေကို ခံယူစေခဲ့သည်။ ယခုအခါ ၂၀၁၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၈) ရက်နေ့တွင် ပြုလုပ်မည့် စုပေါင်းရှင်ပြုပွဲမှာ (၁၀) ကြိမ်မြောက် စုပေါင်းရှင်ပြုပွဲကြီးဖြစ်၍ ၂၀၁၃ ခုနှစ်မှစ၍ ရှင်အပါး (၃၀၀) ရှိလာခဲ့ရာ ယခုနှစ်တွင်လည်း ရှင်အပါး (၃၈၀) စုပေါင်းရှင်ပြုပွဲကြီးကို မကြာမတင်မှာပင် ကျင်းပတော့မည်ဖြစ်သည်။

အဆိုပါ ရှင်အပါး (၃၀၀) စုပေါင်းရှင်ပြုပွဲကြီးတွင် မောင်ရင်လောင်းများ၊ မောင်ရင်လောင်း မိဘများအတွက် သာသနာ့အမွေ ခံယူနိုင်စေရုံမျှမကဘဲ မလွတ်ကာတန်ဆာများ၊ ရွှေဝင်း နောက်ဝင်းများ၊ မြင်းများ၊ လှည်းယဉ်များ၊ ကားများဖြင့်လည်း ပျော်ရွှင်ကြည်နူး ဝိတိထူးများ ရရှိခံစားနိုင်စေရန်လှည့်လည်ခဲ့သည်။

ဤသို့ဤနှယ်သော ကျောင်းသား၊ ကျောင်းသူများအား ဘာဇကတောင်တန်းနှင့် နယ်စပ်ဒေသမှ အကြောင်းအမျိုးမျိုးဖြင့် လာရောက်ပေးပို့ရသော ပဒိုင်၊ ပလောင်၊ ရှမ်း၊ အင်းသား အစရှိသည့် တိုင်းရင်းသားကလေးငယ်များအားလည်း ရှင်သာမဏေ၊ သီလရှင်များအဖြစ် ခိုးမြှင့်၍ ကျောင်းမှာပင် ကျွေးမွေးစောင့်ရှောက် ပညာသင်ကြားပေးခဲ့သည်။ အဆိုပါ တိုင်းရင်းသား ရှင်သာမဏေနှင့် သီလရှင်လေးများမှာ (၁၀၀) ခန့် ရှိသည်။

ဤမျှများပြားလှသောကျောင်းသား၊ ကျောင်းသူများ၊ ရှင်သာမဏေများ၊ သီလရှင်များကို စောင့်ရှောက်ရာတွင် ထိခိုက်ဒဏ်ရာ ရမှုများ၊ ဖျားနာမှုများ မကြာခဏ ကြုံတွေ့ရလေရာ ဆရာတော်မှာ ကြုံရာ

www.burmeseclassic.com

www.burmeseclassic.com

ဒုဂုံအုပ် မျိုးမောင်သန်းနှင့် အဖွဲ့ဝင်များ
စောမွန်လုပေါ်တော်မူကျောင်းသို့ စာရေးကိရိယာများ လှူဒါန်းခြင်း

အစ်ပင်တော်
စောမွန်လု

ဆိုင်ကယ်၊ တက္ကစီ၊ ကားတို့ဖြင့် ငှားရမ်း၍ ဆေးရုံဆေးခန်းသို့ ပေးပို့ကုသရသည်မှာလည်း မကြာခဏပင် ဖြစ်သည်။

သို့ဖြင့် ဆရာတော်သည် လူတို့၏ အခြေခံဖြစ်သော ကျန်းမာရေးကို စောင့်ရှောက်ပေးရန် စိတ်ကူးကြံစည်မိသည့်အတွက် ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်ကုန်ပိုင်းမှစ၍ အလျားပေ ၂၀၊ အနံမေ ၄၀၊ အမ်စီ သုံးထပ်၊ နဂါးကိုးကောင်ကုသိုလ်ဖြစ် ဆေးပေးခန်းကြီးကိုလည်း မဖြစ်မနေ ဆောက်လုပ်ခဲ့သည်။

အဆိုပါ ဆေးပေးခန်းကြီးတွင်လည်း ၂၀၁၅ ဇွန်လမှ စတင်၍ ရဟန်းသာမဏေများ၊ သီလရှင်များ၊ ကျောင်းသားကျောင်းသူများ၊ ဆရာမများ၊ သက်ကြီးရွယ်အိုများကို ကျန်းမာရေး စစ်ဆေး ကုသပေးသည်။ ၂၀၁၅ ဧပြီလမှစ၍ ၂၀၁၅ နိုဝင်ဘာလကုန်အထိ ပျမ်းမျှ တစ်လလျှင် လူနာ(၆၀၀)ခန့်မျှကို အခမဲ့ ဆေးဝါးစစ်ဆေး ကုသပေးခဲ့သည်။

သို့တိုင် ဆရာဝန်၊ သူနာပြု ဆရာမများ၊ ဆေးခန်း အကူများ၊ ဝန်ထမ်းများနှင့် ခေတ်မီဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ လိုအပ်ချက်များ စွာရှိနေသေးသဖြင့် ဆရာတော်မှာ စိတ်တိုင်းကျ ဖွင့်လှစ်ကုသနိုင်ခြင်း မရှိသေးပါ။

သို့ပါ၍ "လောကကောင်းကျိုး လူ့ကောင်းကျိုး" ကို သယ်ပိုးလျက် ပညာရေး၊ ကျန်းမာရေး အပါအဝင် နဂါးကိုးကောင် ဆရာတော်၏ ပရဟိတလုပ်ငန်းများဆက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ရန် ပရဟိတ အလှူရှင်များ များစွာလိုအပ်လျက် ရှိနေပါသည်။

စောမွန်လု ပေါ်တော်မူ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၏ စောမွန်လု ပညာရေးဖောင်ဒေးရှင်းငွေပဒေသာပင် အလှူနှင့် ပညာရေး ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ နဂါးကိုးကောင် ကုသိုလ်ဖြစ် ဆေးပေးခန်းကြီး တိုးချဲ့ဖွင့်လှစ် ကုသနိုင်ရေးအတွက် ခေတ်မီဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ၊ ဆေးငွေပဒေသာပင်များအတွက် လည်းကောင်း ဆက်သွယ်လှူဒါန်းလိုသူများအနေဖြင့် အကျိုးဆောင်အဖွဲ့ ဖုန်းနံပါတ် (၀၉-၄၀၂၅၃၃၃၆၊ ၀၉-၄၀၂၅၂၇၅၅၊ ၀၉-၄၃၀၇၂၉၁၀) သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်းလည်း နှိုးဆော်လျက်ရှိသည်ကို တင်ပြအပ်ပါသည်။

ဗိုးဒွံ(အောင်ပင်လယ်)

❑

www.burmeseclassic.com

www.burmeseclassic.com



ပျံလွန်တော်မူပြီး (၂)နှစ်အကြာ ရုပ်ကလာပ်တော်အား မပုပ်မသိုးဘဲ ကျောက်သားအသွင် ပြန်လည်ဖူးတွေ့ရသည့်

ကျွန်းတောကျောင်းတိုက် ပဓာန နာယကဆရာတော်ကြီး

ကိုသက်(ဇီးကုန်း)

ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်၊ တင်ဆိပ်အုပ်စု၊ မအူကုန်းရွာ ကျွန်းတောကျောင်းတိုက်၏ ပဓာန နာယကဆရာတော် ဘဒ္ဒန္တရေဝတ သက်တော် (၉၂) နှစ်၊ ဝါတော် (၄၇) ဝါသည် မိမိ၏ကျောင်းတွင် တရားမမှုများ ကျင့်ကြံပွားများ အားထုတ်လာခဲ့ရာမှ (၇-၅-၂၀၁၄) နေ့၊ ၁၃၇၆-ခုနှစ်၊ ကဆုန်လဆန်း (၉) ရက်၊ ဗုဒ္ဓဟူးနေ့ ညနေ ၄ နာရီ ၄၅ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။

ဆရာတော်၏ရုပ်ကလာပ်အား ကျောင်းအနီးတွင် အုတ်ဂူသွင်း၍ ပူဇော်ထားရှိခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် အုတ်ဖိုမြို့နယ်၊ စစ်တောရွာနေ ကိုထွန်းထွန်းဦးသည် ထူးဆန်းသောအိပ်မက်ကို မြင်မက်ခဲ့ပုံမှာ ပျံလွန်တော်မူသွားခဲ့သော ဆရာတော် ဦးရေဝတသည် သူ့အား မိန့်ကြားရာ၌ အုတ်ဂူအတွင်း မွန်းကျပ်နေ၍ အုတ်ဂူအား ဖွင့်ပေးရန်နှင့် ရုပ်ကလာပ်အား မှန်ခေါင်းဖြင့်ထားရှိရန် နှစ်ကြိမ်တိုင်တိုင် ပြောကြားလာခဲ့ကြောင်း၊ ပထမအကြိမ်တွင် အကြောင်းမညီညွတ်သဖြင့်ဂူဖွင့်ရန်မပြောဖြစ်ခဲ့ကြောင်း၊ ထို့နောက် မိမိအား မကြာခဏ သတိပေးနေသဖြင့် (၂၅-၄-၂၀၁၆) နံနက် ၈ နာရီတွင် သာသနာရေး အုပ်ချုပ်ရေး တာဝန်ရှိသူထံ ခွင့်ပြုမိန့်တောင်းပြီး ပရိသတ်မျက်နှာစုံညီရှေ့တွင် အုတ်ဂူအား ဖွင့်ဖော်ခဲ့ကြပါသည်။

ဂူအား ဖွင့်ဖောက်သောအချိန်တွင် ဆရာတော်ရုပ်ကလာပ်ရှိရာ ဂူအတွင်းမှ စံပယ်ပန်းရနံ့များ ထူးခြားစွာ မွှေးကြိုင်သင်းပျံ့လာသည်ကို တပည့်ပရိယာယများ

www.burmeseclassic.com

www.burmeseclassic.com

အားလုံး ရှုရှိုက်ကြရပြီး ရုပ်ကလာပ်တော်မှာလည်း မပုပ်မသိုးဘဲ ကျောက်သားအတွင် တည်ရှိနေသည်ကို ထူးဆန်းစွာ ဖူးတွေ့ကြရပါသည်။ ဆရာတော်၏ ရုပ်ကလာပ်အား ထူမတ်ကြည့်ရာ ပျော့ခွေသွားခြင်းမရှိဘဲ မတ်လျက်အနေအထားရှိကြောင်း တွေ့ရှိရပါသည်။

ရုပ်ကလာပ်ဦးခေါင်းတော်တွင် ဆံတော်များ ရှည်နေခြင်း၊ မျက်ခုံးမွေးတော်များ ရှည်နေခြင်း၊ လက်သည်းတော်များ ရှည်နေခြင်းတို့ကိုလည်း ထူးခြားစွာ ဖူးတွေ့ရပါသည်။ ယခုအခါ ဆရာတော်၏ ရုပ်ကလာပ်တော်အား မှန်ခေါင်းအသစ်၌ ထည့်သွင်း၍ အများပြည်သူတို့အား အပူဇော်ခံလျက် ရှိပါသည်။ ဆရာတော်၏ ဆန္ဒအရ ရုပ်ကလာပ်တော်အား မှန်ခေါင်းဖြင့် ထည့်သွင်း အပူဇော်ခံပြီးနောက် ရုပ်ကလာပ် ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ကုသိုလ်ရှင်များ၏ သဒ္ဓါစေတနာအရစ်ကျောင်းတော် အသစ်တစ်ဆောင် ဖြစ်မြောက်ရေးအတွက်လည်း အကျိုးဆောင်အဖွဲ့များမှ အလှူခံလျက်ရှိကြပါသည်။

ဆရာတော်၏ ဘဝဖြစ်စဉ် သမိုင်းအကျဉ်းမှာ ဆရာတော် ဦးရေဝတအား ဧရာဝတီတိုင်း၊ ခမုံမြို့နယ်၊ ရေတွင်းကုန်းကျေးရွာတွင် ခမည်းတော် ဦးဖိုးတင့်၊ မယ်တော် ဒေါ်နှင်းမယ်တို့မှ ၁၂၈၆ ခုနှစ်တွင် မွေးဖွားသန့်စင်ခဲ့သည်။ မွေးချင်း (၆)ဦးအနက် (၄)ယောက်မြောက် သားရတနာဖြစ်သည်။ ငယ်ရွယ်စဉ်က ရေတွင်းကုန်းရွာ ဘုန်းတော်ကြီးကျောင်း၌ ပညာသင်ကြားခဲ့ပြီးနောက် မြန်မာတိုင်းရင်းဆေးပညာကို ဟင်္သာတမြို့တွင် တက်ရောက်လေ့လာသင်ယူခဲ့သည်။ အသက် (၁၉)နှစ်အရွယ်တွင် တစ်ရွာထည်းနေ မတင်အုန်းနှင့် အိမ်ထောင်ပြုပြီး သားသမီး (၂) ဦး ထွန်းကားခဲ့သည်။



ယာယီစံကျောင်းတော် ရိုရာသို့ အဝင်လမ်း

ဆရာတော် ဦးရေဝတ၏ ရုပ်ကလာပ်တော်

အသက် (၄၅) နှစ်အရွယ်တွင် ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နယ်၊ ကမာပါတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် သာသနာ့ဘောင်သို့ ဝင်ရောက်ပြီး ထိုမှ တစ်ဆင့် ပြည်မြို့ နန္ဒဝန်ဘုန်းကြီးကျောင်းတွင် ပညာများ ဆည်းပူးလေ့လာသည်။ ထို့နောက် ၁၃၃၃-ခုနှစ်၊ တန်ခူးလဆန်း (၁၃) ရက်တွင် အုတ်ဖိုမြို့နယ်၊ မအူကုန်းရွာအနီး ယခုသီတင်းသုံးရာ ကျွန်းတောကျောင်းသို့ ရောက်ရှိလာခဲ့သည်။ ဆရာတော်ရောက်စက သစ်ပင်ချုံနွယ်များ ဖုံးလွှမ်းရာ တောကြီးဖြစ်နေ၍ လူသူများ မရှိသော်လည်း ဆရာတော်က ယင်းနေရာအား ရွေးချယ်ခဲ့သည်။

ဆရာတော်ကြီးသည် ပြည်မြို့ နန္ဒဝန်ဆရာတော်ကြီး၏ ဩဝါဒများအတိုင်း တရားကျင့်ကြံပြီး တစ်ပါးတည်းပင် ဝါးကျောင်းလေးဖြင့် သီတင်းသုံးတော်မူသည်။ ရောက်ခါစတွင် ဆွမ်းကပ်မည့်ဒကာလည်း မရှိသေးဘဲ စစ်တောရွာမှ ကရင်လူမျိုး ကိုဝင်းရှိန် ယာစိုက်ပျိုးရန် ရောက်လာရာမှ တွေ့ပြီး ဆွမ်းကွမ်းရှိတော်မူသည်။ ဆွမ်းဒကာမှာလည်း ဆရာတော်၏ အကျင့်စရာဇာကို ကြည်ညိုလာပြီး တဲကျောင်းလေးကို စတင်ပြုပြင် ဆောက်လုပ်လှူဒါန်းခဲ့ပြီး ပံ့လွန်တော်မူသည်အထိ ဒကာရင်းအဖြစ် ဆရာတော်ကို ကြည်ညိုလေးစားခဲ့သည်။

ပြည်မြို့ နန္ဒဝန်ဆရာတော်ကြီးမူဖြင့် တရားစခန်းများ ဖွင့်၍ ပြသပေးသည်။ ဆရာတော်သည် တစ်ပါးတည်း ကေစာရီအကျင့်ဖြင့် တရားကျင့်ကြံနေရသည်ကို နှစ်ခြိုက်တော်မူပြီး လောကီ ပကာသန အဆောင်အယောင်များကို မက်မောတွယ်တာခြင်းမရှိခဲ့။ လူအုံခြင်း၊ တန်ခိုးကြီးခြင်းကို မကြိုက်ဘဲ တရားဓမ္မကိုသာ

www.burmeseclassic.com

www.burmeseclassic.com

ယာယီအလှူခံပဏ္ဍာပ် အတွင်း အလှူခံ အပ်ံသားများအား တွေ့ရစဉ်

အနှစ် (၄၀)ကျော် ကျင့်ကြံပွားများခဲ့ကြောင်း ဒကာရင်းဖြစ်သူ ကိုဝင်းရှိန်က ရှင်းပြခဲ့သည်။

ဆရာတော်သည် ၁၃၅၀ ပြည့်တွင် မိမိ၏ကျောင်းခန်းအတွင်း၌ ကိုးတောင်ပြည့်စေတီနှစ်ဆူ တည်ထားတော်မူခဲ့ပါသည်။ ဆရာတော် ပျံလွန်တော်မမူမီက ယခု အခါ မိမိ၏ ကြိုးစားအားထုတ်မှုများသည် နိဗ္ဗာန်အထိ ကျင့်ကြံပွားများနိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် တည်ထားပြီးသော စေတီငယ် နှစ်ဆူ၏အကြားတွင် အုတ်ဂူးလိုဏ်ခံ၊ မုခ်ငါးမုခ်ပါသော ဉာဏ်တော် (၂၇)တောင် စေတီတော်တစ်ဆူ တည်ထားရန်လည်း မှာကြားသွားခဲ့ကြောင်း ဒကာ ဦးဝင်းရှိန်က ပြောပြပါသည်။

ဆရာတော် ပျံလွန်တော်မူပြီး ဂူမသွင်းမီ (၅) ရက်ခန့် အပူဇော်ခံထားရာတွင် ခြေလက်များမှာ ကွေး၍ချိုး၍ရသည်အထိ ပျော့ပျောင်း၍ အကောင်းပကတိဖြစ်နေသည်ကို အလွန်အံ့သြမိကြောင်း၊ (၁၇) နှစ်တိုင်တိုင် ဆွမ်းဒကာ၊ ကျောင်းဒကာအဖြစ် ဆောင်ရွက်ခဲ့သူ လူမျိုးခြား၊ ဘာသာခြား ဦးဝင်းရှိန်က ရှင်းပြသည်။

ဆရာတော် သုံးနေကျ တောင်ဝှေးမှာ ကြံပင်များအတူရောရ၍ မီးလောင်သည့်အထဲသို့ ပါသွားရာ ကြံပင်များသာ မီးလောင်ပြာကျပြီး တောင်ဝှေးမှာ မီးမလောင်ကြောင်း၊ ရဟန်းဘဝတွင် ဆေးမကုသော်လည်း ဆရာတော်နှင့် အလွန်ရင်းနှီးသော ဒကာရင်းများ မကျန်းမမာဖြစ်လျှင် ဓာတ်လုံးကို ရေစိမ်ပြီးတိုက်လျှင် ပျောက်ကင်းသက်သာသွားကြောင်း ပြောပြကြပါသည်။

ပျံလွန်တော်မူသောနေ့တွင် နောက်ဆုံး မှာကြားသွားသော ဩဝါဒမှာ "ငါ့ကိစ္စက ပြီးပြီ၊ မင်းတို့ သည်းခံစိတ်ထားပြီးတော့ တရားကိုကျင့်ကြံ အားထုတ်သွားကြပါ" ဟူ၍ ဖြစ်သည်။ ထို့နောက် ဆရာတော် ပျံလွန်တော်မူ၍ (၅) ရက် အပူဇော်ခံထားပြီး ယခင်ကျောင်းအနီး မြေအောက်တွင် အမြဲတမ်း တရားထိုင်သော နေရာ၌ ရုပ်ကလာပ်အား ဂူသွင်း ပူဇော်ထားရှိခဲ့ကြပါသည်။

ဆရာတော် ဦးရေဝတ ချီးမြှင့်ပေးသွားခဲ့သော တရားထိုင်ပုံ ရှုမှတ်ပုံ မှတ်သားဖွယ်ရာအဖြာဖြာမှာ-

* စိတ်ငြိမ်ချဉ်းကပ်၊ ခါးဖြောင့်မတ်
  ထိုင်အပ်နေသင့်ငြား
* မျက်စိမှိတ်ကာ၊ တည်ငြိမ်စွာ
  ဖမ်းပါ စိတ်တရား
* နှာသီး ရင်လယ်၊ ချက်တိုင်ဝယ်
  သုံးသွယ် ကြိုက်ရာထား
* အချိန်ကြာလျှင်၊ ညောင်းညာကျဉ်
  ပေါ်လွင်စိတ်ထင်ရှား
* သက်သာ၊ မသက်သာ သူ့အတိုင်းသာ
  ဝေဒနာ သုံးဖြာအား
* တစ်ပါးပါးပိုင်၊ မလွတ်နိုင်
  မြဲခိုင်ဆင့်ဆင့်ပွား
* ရှုစိတ်မြဲလျှင် ငါစွဲခင်
  ထင်မြင် ဖြစ်ပျက်များ
* ဖြစ်ပျက်ရှုတုန်း ငြီးငွေ့မုန်း
  ဉာဏ်လုံးပွင့်ပွင့်ထား
* ဝေဒနာနိုင်၊ ဉာဏ်အားပိုင်
  လှမ်းကိုင်မဂ်တရား။

မှတ်ချက်

ဆရာတော် ဦးရေဝတ၏ ရုပ်ကလာပ်တော်အား ထားရှိမည့် စံကျောင်းတော် ဆောက်လုပ်ရေးအတွက် နှအောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ ၀၅၃-၈၀၀၀၉၊ ၀၉-၄၂၃၆၉၅၃၄၁

ပျံလွန်တော်မူသွားခဲ့သော ဆရာတော်ကြီး ဦးရေဝတ၏ ဘဝဖြစ်စဉ် သမိုင်းအကျဉ်းကို စာရေးသူမှ ရေးသားပူဇော်ပါသည်။

ကိုသက်(ဒီးကုန်း)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှ အဆက်)

ဂေါတမဘုရားရှင်၏ သာသနာဝယ် သဒ္ဓါတရားဖြင့် ရဟန်းပြုခဲ့ကာ ကောင်းစွာကျင့်ကြံ နေထိုင်ခဲ့သည့် ရဟန်းတစ်ပါးသည် ဆွမ်းခံစဉ် တွေ့လိုက်ရသော မိန်းမတစ်ဦးကြောင့် ကိလေသာနှောင်ဖွဲ့ခံရကာ သာသနာ၌ မပျော်ဘဲ ရဟန်း၏ ဣန္ဒြေဖောက်ပြန်ခဲ့သည်။

ဘုရားရှင်က သိတော်မူသော် ကိလေသာဟူသည် ဈာန်သမာပတ်ရပြီး စင်ကြယ်သော ဘုရားလောင်းပညာရှိသူတို့ကိုပင် ညစ်ညူးစေကာ အကျိုးမဲ့ကို ဖြစ်စေခဲ့ကြောင်း ထုတ်ဖော်ဟောတော်မူခဲ့သည့် ဧကကနိပါတ် မုဒုလက္ခဏာတော်တွင် ဥပ္ပလဝဏ်ထေရီလောင်းသည် မုဒုလက္ခဏာမိဖုရားအဖြစ်ဖြင့် ကိလေသာ၏ နှိပ်စက်မှုဒဏ်ခံရသော ဘုရားလောင်းရသေ့ကြီးအား အသိတရားဝင် ဆင်ခြင် ထိန်းသိမ်းနိုင်ရန် ဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရပါမည်။

ရှေးအခါက ဗာရာဏသီပြည်တွင် ပြဟ္မဒတ်မင်းအုပ်စိုးစဉ် ဂေါတမဘုရားလောင်းသည် ကာသိတိုင်းမှ ဥစ္စာကြွယ်ဝသော ပုဏ္ဏား ဖြစ်ခဲ့သည်။ အရွယ်ရောက်သော် ကာမတို့ကို စွန့်၍ ရသေ့ရဟန်းပြုကာ ဈာန်သမာပတ် အဘိညာဉ်တို့ကို ဖြစ်စေလျက် ဟိမဝန္တာတွင် ဈာန်ချမ်းသာဖြင့် ကုန်လွန်စေခဲ့သည်။

ချဉ်ဆားအလို့ငှာ ဗာရာဏသီပြည်သို့ လာခဲ့ရာ မင်းဥယျာဉ်၌ မင်းနှင့်တွေ့ရသော် မင်းက ကြည်ညိုး၍ ပင့်ဖိတ်တောင်းပန်သဖြင့် မင်းကို ဆုံးမလျက် ဥယျာဉ်၌ နေခဲ့ရာ တစ်ဆယ့်ခြောက်နှစ်ကြာခဲ့သည်။ တစ်နေ့၌ ပြည်အရေးအကြောင့် မင်းသည် ခရီးထွက်ရကာ မုဒုလက္ခဏာမိဖုရားကြီး (ဥပ္ပလဝဏ်ထေရီလောင်း)အား ရသေ့ကြီးအား ဝတ်မပြတ် ပြုစုရန် မှာခဲ့သည်။

တစ်နေ့ ဘုရားလောင်းရသေ့ကြွလာစဉ် ရုတ်တရက် ထလိုက်သော မုဒုလက္ခဏာမိဖုရား၏ အဝတ်လျှော်ကျသဖြင့် မိဖုရား၏ ဝိသဘာဝအာရုံကို မြင်လိုက်ရသော် ဣန္ဒြေပျက်ကာ တင့်တယ်၏ဟု နှလုံးသွင်းမိသဖြင့် ကိလေသာမီး လောင်မြိုက်ခံခဲ့ရ၍ ဈာန်တို့ ကွယ်တော့သည်။

မိဖုရားသို့သော် အာရုံရောက်ကာ စွဲလမ်းနေပြီး အာဟာရကင်းလျက် ခုနစ်ရက်ပတ်လုံး အိပ်နေခဲ့သည်။ ပြည်အရေးပြီမ်း၍ ပြန်လာသော မင်းသည် ခုနစ်ရက်မြောက်အချိန်တွင် ရသေ့ထံဦးစွာ ဝင်ခဲ့ရာ ရသေ့၏ ဖြစ်အင်ကို တွေ့သော် အကျိုးအကြောင်းမေးရာ မုဒုလက္ခဏာကို တပ်စွန်းမိကြောင်း သိရသော် မိဖုရားကို ရသေ့အား ပေးခဲ့သည်။ မင်းနှင့် မိဖုရားတို့သည် ရသေ့အား မိမိတို့ တတ်စွမ်းသမျှအားဖြင့် စောင့်ရှောက်မည်ဟု တိုင်ပင်ခဲ့ကြသည်။

မိဖုရားသည် ရသေ့နောက်လိုက်စဉ် မင်းအိမ်မှအထွက် ရသေ့အား မင်းကြီးထံ အိမ်အတောင်းခိုင်းခဲ့သည်။ အိမ်ရသော် အိမ်ကို သန့်ရှင်းသုတ်သင်ရန် မင်းကြီးထံ ကိရိယာများ တောင်းစေခဲ့ပြီး အိမ်ကို သုတ်သင် သန့်ရှင်းခိုင်းကာ ပြုပြင်သင့်သည်ကို မွမ်းမံပြုပြင်စေခဲ့သည်။

နောက်တစ်ဖန် ညောင်စောင်းကို တောင်းခိုင်းပြန်သည်။ ထို့နောက် အင်းပျဉ်၊ အခင်း၊ သောက်ရေအိုး၊ ရေအိုးတို့ကို ယူခိုင်းပြန်သည်။ ပြီးသော် ရေဖြည့်ခိုင်းသည်။ ရေချိုးပြီး အိပ်ရာခင်းစေကာ အိပ်ရာထက် အတူထိုင်နေသော ဘုရားလောင်းရသေ့၏ ကျင်စွယ်မုတ်ဆိတ်ကိုကိုင်၍ ရသေ့၏ ရဟန်းအဖြစ်ကိုလည်းကောင်း၊ မကောင်းမှုကို အပြုတတ်သူ၏ အဖြစ်ကိုလည်းကောင်း မသိဟုဆို၍ မိမိထံသို့ ဆွဲငင်ယူခဲ့သည်။

ထိုအခါ ဘုရားလောင်းရသေ့သည် အသိတရားဝင်ကာ မိမိကိုယ်ကို သုံးသပ်ဆင်ခြင်မိလေတော့သည်။ တစ်လျှောက်လုံး မိမိသည် တွေဝေမိုက်မိုက်မဲမဲတကား။ ကိလေသာတို့သည် မိုက်မဲခြင်းကို ပြုတတ်ကုန်၏။ ကာမဂုဏ်နိဝရဏသည် ကန်းခြင်း၊ မိုက်မဲခြင်းကို ပြုတတ်ကုန်၏။ တဏှာပွားနေခဲ့လျှင် အပါယ်သို့သာ လားရလတ္တံ့။ မိဖုရားအား မင်းထံအပ်၍ ဟိမဝန္တာသို့ ပြန်မည်ဟု ဆုံးဖြတ်ကာ မင်းထံ တဏှာ၏ အပြစ်ကိုပြ၍ မိဖုရားကို ပြန်အပ်ခဲ့သည်။

ထိုအခါ ကွယ်သောဈာန်ကို ဖြစ်စေ၍ ဟိမဝန္တာသို့ ပြန်ကြွကာ လူ့ရပ်ထံသို့ လုံးဝ မလာတော့ဘဲ စုတေသော် ပြဟ္မာပြည်သို့ လားရ၏။ တရား ဒေသနာအဆုံးတွင် ကိလေသာအနှိပ်စက်ခံရသော ရဟန်းသည် အရဟတ္တဖိုလ်၌ တည်ခဲ့သည်။

●

ဂေါတမဘုရားရှင် ဇေတဝန်ကျောင်းတော်တွင်စံနေစဉ် ဆဗ္ဗဂ္ဂိရဟန်းတို့သည် သီလရှိသော ရဟန်းတို့အား အငြင်းအခုံ အချေအတင်ပြုကြရင်း ဆယ်ပါးသော ဆဲရေးခြင်းတို့ဖြင့် ရဟန်းကောင်းတို့အား ရှုတ်ချဆဲရေးသဖြင့် ပါစိတ်အာပတ်သင့်စေဟု "ဩ မသဝါဒသိက္ခာပုဒ်"ကို ပညတ်တော်မူခဲ့သည်။

ရုန်ရင်းကြမ်းတမ်းသော စကားကို တိရစ္ဆာန်တို့ပင်လျှင် မနှစ်သက်ကြောင်း ထုတ်ဖော်ဟောတော်မူခဲ့သည့် ဧကကနိပါတ် သာရမ္ဘဇာတ်တွင် ဘုရားလောင်း သာရမ္ဘန္မင်းကို ကျွေးမွေးစောင့်ရှောက်ခဲ့သော ပုဏ္ဏားမကား ဥပ္ပလဝဏ် ထေရီလောင်းတည်း။

ရှေးအခါ၌ ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်တွင်း ဂန္ဓာရမင်းအုပ်စိုးစဉ် ဂေါတမ ဘုရားလောင်းသည် အရှင် အာနန္ဒာလောင်း ပုဏ္ဏားနှင့် ဥပ္ပလဝဏ် ထေရီလောင်း ပုဏ္ဏားမ လင်မယားအိမ်၌ သားအရင်းကဲ့သို့ ခွေကောင်းစွာ မွေးမြူခံခဲ့ရသည့် သာရမ္ဘန္မင်း ဖြစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဘုရားလောင်းနွားသည် အင်အား သန်စွမ်းကြီးမားခဲ့သည်။ မိမိအား သားအရင်းပမာ ကျွေးမွေးစောင့်ရှောက်ခဲ့သည့် ပုဏ္ဏားလင်မယားကို ကျေးဇူးဆပ်လိုသဖြင့် သဲကျောက်အပြည့် ထည့်ထားသော တစ်စပ်တည်း ဖွဲ့စည်းထားသည့် လှည်းတစ်ရာကို ဆွဲပြပေးမည်။ လောင်းကြေး အသပြာတစ်ထောင် ထပ်၍လောင်းရန် ပုဏ္ဏားကို ပြောခဲ့သည်။

ပုဏ္ဏားက လှည်းကို ဆွဲခိုင်းစဉ် ကောက်ကျစ်သောနွား လှည်းကို ဆွဲလေ့ဟုဆိုကာ ခိုင်းသဖြင့် ဘုရားလောင်း နွားက မဆွဲခဲ့ချေ။ ထို့ကြောင့် လောင်းကြေးရှုံးတော့သည်။ အိမ်ပြန်ရောက်သော် အကျိုးအကြောင်းမေးပြီး ဥပဂုတ်ထေရီလောင်း ပုဏ္ဏေးမက ဘုရားလောင်းနွားအား နှစ်သိမ့်ပြီး ယောကျ်ားဖြစ်သူ ပုဏ္ဏားကို ရုန့်ကြမ်းသော စကားကို မပြောရန် ပြစ်တင်ပြောဆိုခဲ့သည်။

ဘုရားလောင်းနွားက မိမိအား မဟုတ်မမှန် ရုန့်ရင်းကြမ်းတမ်းသော စကားကို မသုံးဘဲ ခိုင်းပါ။ နောက်တစ်ကြိမ် လောင်းကြေး နှစ်ဆပြု၍ လောင်းပါဟု ဆိုခဲ့သည်။ ဤတစ်ကြိမ်တွင် ပုဏ္ဏားသည် ဘုရားလောင်းနွားကို သုံးသပ်၍ ကောင်းသောနွား သွားလော့၊ ဝန်ကိုဆောင်လော့ဟု ခိုင်းသော်လှည်းကိုဆွဲပြခဲ့ကာ လောင်းကြေးနိုင်သကဲ့သို့ အခြားသူများက ပေးသော ဆုကြေးများကိုလည်း ရခဲ့သည်။

ဒေသနာအဆုံးတွင် ဘုရားရှင် ဟောတော်မူခဲ့သည်။ တရားဂါထာအား ကြည်ညိုကြည့်ကြပါစို့။

"ကလျာဏိမေဝ မုဥ္ဇေယျ။
နဟိ မုဥ္ဇေယျ ပါပိကံ။
မောက္ခာ ကလျာဏိယာ သာဓု၊
မုတ္တာ တပွတိ ပါပိကံ။"

"ရဟန်းတို့ ကောင်းသောစကားကိုသာလျှင် ဆိုရာ၏။ ထိုစကားသည် မှန်၏။ ယုတ်မာသော စကားကို မဆိုရာ။ ကောင်းသောစကားကို ဆိုခြင်း သည် ကောင်း၏။ ယုတ်မာသောစကားကို ဆိုပြီး၍ ပူပန်စိုးရိမ်ရတတ်၏။"

ရုန့်ရင်းကြမ်းတမ်းစွာ ပြောဆိုခြင်းသည်ကား တစ်သက်ရှောင်ရှားသင့်သည့် အရာသာ ဖြစ်ချေသည်တည်း။

ပညာရှိ သူတော်ကောင်းတို့သည် သာသွန်နာတွင်း သားရဟန်းမဖြစ်သေးသည့်တိုင် လူဝတ်ကြောင်အဖြစ်၌ပင် သေးနုပ်သော အနည်းငယ်သော အရာတို့၌လည်း ကုတ္တုစ္ဆကို ပြုလျက်၊ မိမိ၏ အကျင့်သီလအား မည်းနွမ်းစေရန်၊ စင်ကြယ်စေရန်၊ သတိသမ္ပဇဉ်ထားကာ ဆင်ခြင်သုံးသပ်ပြီး ထိန်းသိမ်းစောင့်ရှောက်ကြမြဲပင် ဖြစ်သည်။

ဇေတဝန် ကျောင်းတော်တွင် ဂေါတမဘုရားရှင် စံနေတော်မူစဉ် ဟသ်ကို ခဲနှင့်ပစ်သတ်သော ရဟန်းငယ် တစ်ပါးကို အကြောင်းပြု၍ သာသနာဝယ် ရဟန်းပြုခဲ့လျှင် ကုတ္တုစ္ဆကိုလည်း ပြုရမည်။ မိမိ၏ ကိုယ်၊ နှုတ်၊ စိတ် တို့ကိုလည်း စောင့်ရှောက်ရမည်ဖြစ်ကြောင်း ဆုံးမပြီး ရှေးက ပညာရှိ သူတော်ကောင်းတို့ ပြုမူကြံပုံကို အတူယူနိုင်ရန် ဟောတော်မူခဲ့သည့် တိကနိပါတ်လာ ကုရုဓမ္မဇာတ်တွင်၊ ဥပဂုတ်ထေရီလောင်းလျာသည် အကျင့်သီလရှိသည့် ပြည့်တန်ဆာမတစ်ဦး အဖြစ် အသက်မွေး ဝမ်းကျောင်းခဲ့ရသည်။

ရှေးလွန်လေပြီးသော အခါက ကုရုတိုင်း ဣန္ဒပနဂိုရ်မြို့တွင် ဖခင်မင်းကြီး လွန်သော် အတတ်လည်း ပြည့်စုံအရွယ်လည်းရောက်ပြီဖြစ်သည့် ဘုရားလောင်း ဇနဒ္ဓဃကောရဗျမင်း စိုးစံခဲ့သည်။ ထိုမင်းသည် မင်းကျင့်တရားဆယ်ပါးကို မပျက်စေဘဲ ကုရုဓမ္မ (ပဥ္စသီလ)၌ တည်သူဖြစ်သည်။ မင်း၏မယ်တော် (မဟာမာယာဒေဝီလောင်းလျာ)၊ မင်း၏မိဖုရားကြီး (ယသော်ဓရာဒေဝီလောင်း)၊ ညီတော်အိမ်ရှေ့မင်း (နန္ဒပညာရှိလောင်း)၊ ပုရောဟိတ်ပုဏ္ဏား (အရှင်မဟာကဿပမထေရ်လောင်း)၊ ကြိုးကိုင်အမတ် (ကစ္စည်းမထေရ်လောင်း)၊ ရထားထိန်း (အရှင်အနုရုဒ္ဓါမထေရ်လောင်း)၊ သူဌေး(အရှင်သာရိပုတ္တရာမထေရ်လောင်း)၊ တင်းခြင်းအမတ် (အရှင်မောဂ္ဂလာန်မထေရ်လောင်း)၊ တံခါးစောင့် (အရှင်ပုဏ္ဏမထေရ်လောင်း) တို့သည်လည်း မင်း၊ ဥပဂုတ်ထေရီလောင်း ပြည့်တန်ဆာမ တို့နှင့်အတူ တစ်ဆယ့်ကိုးဦးတို့သည် စင်ကြယ်စွာပြု၍ ပဥ္စသီလကို စောင့်ရှောက်ကြကုန်သည်ဖြစ်၏။

ဘုရားလောင်း ကောရဗျမင်းသည် အလှူဒါနဒ္ဒလည်း ရက်ရောသူဖြစ်ခဲ့သည်။ တစ်ခါသော် ကာလင်္ဂတိုင်း ဒန္တပုရမြို့၊ ကာလင်္ဂမင်း လက်ထက်မိုးခေါင်ကာ အငတ်ဘေး၊ ရောဂါဘေးတို့ ဖြစ်ပွားခဲ့သည်။

ပြည်သူတို့ ဆန္ဒအမတ်တို့၏ အကြံပြုချက်အရ ကာလင်္ဂမင်းသည် ဥပုသ်သီလ စောင့်ထိန်းခဲ့သော်လည်း မိုးခေါင်မြဲ ဖြစ်ခဲ့သည်။ ထိုအခါ ဘုရားလောင်း ကောရဗျမင်းထံမှ အဋ္ဌနဝဏ္ဏမင်္ဂလာဆင်တော်ကို အလှူခံ၍ ပြည်တော်သို့ ဆောင်ခဲ့ကြပြန်သည်။သို့သော်လည်း မိုးက မရွာခဲ့ချေ။

ဘုရားလောင်း ကောရဗျမင်းသည် ကုရုဓမ္မကို ကျင့်သဖြင့် မိုးလေမှန်သည်ဟုဆိုကြသဖြင့် ဘုရားလောင်းထံမှ ကုရုဓမ္မကို ရွေးပြား၌ တောင်းယူရေးမှတ်ဆောင်ယူရန် ကြိုးစားကြရန်သည်။ ကာလင်္ဂအမတ်တို့သည် ဘုရားလောင်းကောရဗျမင်း အပါအဝင် မယ်တော် စသော ပုဂ္ဂိုလ်တစ်ဆယ့်တစ်ယောက်ထံမှ တစ်ဦးချင်းဆီသို့ ချဉ်းကပ်၍ ကုရုဓမ္မကို တောင်းခံကာ ရွေးပြား၌ ရေးယူခဲ့ကြသည်။

ဤတွင် တစ်ဆယ့်တစ်ဦးလုံးသည် မိမိတို့၏ ကုရုဓမ္မကိုစောင့်ရှောက်ကြရာတွင် တစ်ဦးစီ၌ သံသယဖြစ်ခဲ့ကြ၏။ ကုတ္တုစ္ဆဖြစ်ဖွယ်၊ ကိုယ် နှုတ် စိတ်

www.burmeseclassic.com

www.burmeseclassic.com

အမူအရာတစ်ခုစီကို ကုတ္ကာစ္စဖြစ်ကြ၍ ပထမတွင် မိမိတို့၏ ကုတ္ကာစ္စကို ဖော်ထုတ် ပြောပြကာ ငြင်းခဲ့ကြသည်။

ထိုပုဂ္ဂိုလ်တို့၏ မိမိတို့၏ စောင့်ထိန်းသောအကျင့်သိလအပေါ် အနည်းငယ်သောအကြောင်းအရာ၌ပင်ကုတ္ကာစ္စ ရှိကြပုံကို ငါးရာငါးဆယ်ဇာတ်တော်ကြီး ဝဏ္ဏုတိကနိပါတ် ဥဒပါနဝဏ် ကုရုဓမ္မဇာတ်တွင် အသေးစိတ် အကျယ်ဖတ်ရှုကြည်ညိုနိုင်ကြပါသည်။

ဤတွင် ဥပ္ပလဝဏ်ထေရီလောင်း ပြည့်တန်ဆာမ၏ မိမိ၏ ကုရုဓမ္မအဖေါ် ကုတ္ကာစ္စဖြစ်ခဲ့ပုံကို ဖတ်ရှုကြည်ညိုနိုင်ရန် ဖော်ပြအပ်ပါသည်။

ဥပ္ပလဝဏ်ထေရီလောင်း ပြည့်တန်ဆာမ၏ အကျင့်သိလကို စုံစမ်းလိုရှိ သိကြားမင်းသည် လုလင်အသွင် ယူကာ ရောက်လာပြီး တစ်ထောင်သော ဥစ္စာပေးရှိ မိမိလာမည်ဟု ပြောပြီး နတ်ပြည်သို့ ပြန်ကာ သုံးနှစ်ကြာသည်အထိ မလာခဲ့ချေ။

ပြည့်တန်ဆာမသည် သိကြားလုလင်၏ဥစ္စာကို ယူထားမိ၍ သုံးနှစ်လုံး တစ်ပါးယောကျ်ားလည်း မယူခဲ့ချေ။ ဤသို့ဖြင့် ဆင်းရဲလာရကား တရားဆုံးဖြတ်သော အမတ်ထံသွား၍ အကျိုးအကြောင်း ပြောကြားပြီး ဆုံးဖြတ်စေရာ အမတ်က ရိက္ခာယူ၍ အလုပ်စနိုင်ကြောင်း ဆုံးဖြတ်ပေးခဲ့သည်။

ထိုအခါ တစ်ယောကျ်ားသော ယောကျ်ားသည် ဥစ္စာတစ်ထောင်ကို လာပေးရာ ပြည့်တန်ဆာမသည် လက်ကို ဖြန့်လိုက်စဉ် သိကြားလုလင်ရောက်လာခဲ့သည်။ ထို့ကြောင့် ပြည့်တန်ဆာမသည် နောက်မှလာသော ယောကျ်ား၏ ဥစ္စာကို မယူဘဲ၊ ယခင်က ဥစ္စာပေးနှင့်ပြီးသောသူ လာပြီဟု ပြောဆိုခဲ့သည်။

ထိုအခါမှ သိကြားမင်းသည် လူအားလုံးကိုသိစေ၍ ပြည့်တန်ဆာမ၏ အကျင့်သိလထိန်းပုံကို ချီးကျူးကာ ရတနာစည်းစိမ်တို့ကို ပြည့်တန်ဆာမအား ပေးခဲ့သည်။ ဤသို့ လက်ခံပြီး ဖြစ်လျက် နောက်ထပ်တစ်ဦးမှ ဥစ္စာကို ယူလိုသဖြင့် လက်ဖြန့်ခဲ့မိသော အဖြစ်ကြောင့် မိမိ၏သိလကို မနှစ်သက်နိုင်ကြောင်း ပြောကာ ကာလိင်္ဂအမတ်တို့အား ကုရုဓမ္မပေးရန် ငြင်းခဲ့သည်။

အဲဒီတုံ့တို့က လက်ဖြန့်ကာမျှဖြင့် သီလပျက်သည် မမည်ပါ။ သီလစင်ကြယ်သည်ဟုဆိုရုပါမည်ဟု ပြောပြီး ပြည့်တန်ဆာမထံမှ သီလကို ရွေးပြား၌ ကူးယူခဲ့ကြသည်။

တစ်ဆယ့်တစ်ဦးသော သူတို့ထံမှ ကုရုဓမ္မ၌တည်၍ ပဉ္စသီလတို့ကို ဖြည့်ခဲ့သည့်ခဏတွင်ပင် မိုးရွာ၍ ဘေးအားလုံး ငြိမ်းခဲ့ရသည်။

ဘုရားလောင်းသည်လည်း အသက်ထက်ဆုံး ဒါန သီလ စသော ကောင်းမှုတို့ကိုပြု၍ ပရိသတ်နှင့်တကွ နတ်ပြည်သို့ လားကြသည်။ ဂေါတမဘုရားရှင်၏ ဒေသနာအဆုံးတွင် ရဟန်းတို့သည် မဂ်ဖိုလ်အဆင့်ဆင့်၌ ဆိုက်ရောက်ခဲ့ကြရသည်။

●

ဒေဝဒတ်သည် ဂေါတမဘုရားရှင်အား သတ်ဖြတ်ရန် လုပ်ဆောင်ခြင်းကို အကြောင်းပြု၍ ရွှေကာလဝ်လည်း ဒေဝဒတ်လောင်းလျာသည် ဘုရားလောင်းအား လုပ်ကြံ သတ်ဖြတ်ခဲ့ဖူးကြောင်း ထုတ်ဖော်ဟော်ကြားမှုခဲ့သည့် နဝကနိပါတ်တိတ္တိရဇာတ်တွင် ဘုရားလောင်း ခါပညာရှိနှင့်အတူ နေထိုင်ခဲ့သည်။ ဖွတ်မအဖြစ် ဥပ္ပလဝဏ်ထေရီလောင်းကို တွေ့ရပါသည်။

လွန်လေပြီးသောအခါ၌ ပြဟ္မဒတ်မင်း စိုးစံသော ဗာရာဏသီပြည်မှ အရှင်မဟာကဿပလောင်းလျာ ဒိသာပါမောက္ခဆရာသည် ပြို့၌ ပလိဘောဓများ၌ ဟိမဝန္တာရှိ သင့်တင့်သော အရပ်တစ်ခုတွင်ကျောင်းဆောက်ကာ တပည့်ငါးရာကို သင်ကြားပေးနေခဲ့သည်။

တပည့်တို့၏ ဆွေမျိုးများအခြားသိကုန်သောသူတို့က ဆန်စသည်တို့ကို လှူကြ၏။ ယောကျ်ားတစ်ဦးက ခွေရရန် သားငယ်နှင့်တကွ နွားမကို လှူခဲ့၏။ ကျောင်းအနီးတွင် သားငယ်နှစ်ဦးရှိသော ဥပ္ပလဝဏ်ထေရီလောင်း ဖွတ်မနေခဲ့သည်။ ခြင်္သေ့နှင့်ကျားတို့ကလည်း ဆရာထံ လာကြသည်။ ဂေါတမဘုရားလောင်းကား ကျောင်းအနီး၌နေသော ခါပညာရှိဖြစ်ခဲ့သည်။

ခါသည် နေ့စဉ် ဆရာ၏ သင်ကြားမှုကို နာရ၍ ဗေဒင်သုံးပုံကို တတ်ခဲ့သည်။ ဆရာကွယ်လွန်သော် ပညာရှိခါကို ဆရာတင်၍ လုလင်တို့သည် ပညာဆက်သင်ခဲ့ကြသည်။

ထိုအကြောင်းကို နေရာအနှံ့ လူသိထင်ရှား ဖြစ်ခဲ့သည်။

တစ်နေ့သော် တောင်ထိပ်ပွဲသဘင်ရှိ၍ လုလင်တို့သည် ခါပညာရှိအား ကျောင်းကိုအပ်ပြီး သွားကြသည်။ ထိုစဉ် ဒေဝဒတ်လောင်း ရသေ့ပျက်ရောက်လာကာ ဖွတ်မသည် ရသေ့ပျက်ကို ထမင်းချက်စားရန် ပြောခဲ့ပြီး အစာရှာထွက်ခဲ့သည်။

ရသေ့ပျက်သည် ဖွတ်မ၏ သားငယ်နှစ်ဦးကို လည်းကောင်း၊ ခါပညာရှိကို လည်းကောင်း၊ နွားငယ်ကိုလည်းကောင်း သတ်စားခဲ့သည်။ ညချမ်းတွင် နွားမကိုလည်း သတ်စားပြန်သည်။

တစ်ဖန် ပြန်လာသော ဖွတ်မကို ရုက္ခစိုးနတ်က အကျိုးအကြောင်းပြောပြပြီး ရသေ့ပျက်ကို သတ်စေခဲ့သော်လည်း ဖွတ်မသည် ကြောက်၍ အဝေးသို့ ပြေးခဲ့သည်။

ထိုအခိုက် ကျားသည် ခါပညာရှိထံလာရာ ရသေ့ပျက်၏ ရက်စက်ယုတ်မာမှုကို သိရသော် ရသေ့ပျက်ကို ခြိမ်းခြောက်ကာ ခြင်္သေ့ထံခေါ်ခဲ့သည်။

အကြောင်းမှန်ကို စစ်မေးပြီး ကျားသည် ရသေ့ပျက်ကို သတ်လိုက်သည်။

လုလင်တို့ပြန်လာသော် ခါပညာရှိ မရှိတော့သဖြင့် ငိုကြွေးပြီး ပြန်ကြရတော့သည်။ ဘုရားလောင်း ခါပညာရှိ

www.burmeseclassic.com

နှင့်အတူ နေခဲ့ဖူးသော ဥပပလဝဏ်ထေရီလောင်း ဖွတ်မ၏ ပုံရိပ်ပေတည်း။

●

ဂေါတမဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ စံနေစဉ်ပညာပါရမီတော်ကို အကြောင်းပြု၍ ဟောတော်မူခဲ့သော မဟာနိပါတ်တော် မဟာသဓမ္မိတဇာတ်တွင် ဂေါတမဘုရားလောင်း မဟော်သဓသုခမိန်၏ ဂုဏ်ကျေးဇူးကို ပို့ဆိုထင်ရှားအောင် ကူညီဆောင်ရွက်ပေးခဲ့သူကား ကပိလတိုင်း ဥတ္တရာပဥ္စာလရာဇ်ပြည်ကို အုပ်စိုးသော သခ်ပါလကမည်သော စူဠနီဗြဟ္မဒတ်မင်း၏ နန်းတော်ကို နေတိုင်း ဆွမ်းစားကြွသော ပညာရှိ ဘေရီပရိဗိုဇ်ရဟန်းမတည်း။ ဥပပလဝဏ်ထေရီလောင်းလျာတည်း။

လွန်လေပြီးသော၁အခါ ဝိဒေဟရာဇ်တိုင်း မိတ္ထိလာပြည်တွင် ဝေဒေဟမင်းအုပ်စိုးသည်။ ထိုဝိဒေဟရာဇ်မင်းကား ဂေါတမဘုရားရှင်လက်ထက်တွင် သာဝတ္ထိပြည်မှ သူကြွယ်သား ဖြစ်လာကာ သဒ္ဓါတရားကြောင့် ရဟန်းပြုခဲ့သော်လည်း ကိုယ်နှုတ်လျှပ်ပေါ်သဖြင့် ဘုရားရှင်က အကြိမ်ကြိမ် မောယပုရိသဟု ဂဲ့ရဲ့ ဆုံးမခဲ့ရကား ဘုရားရှင် သက်တော်ထင်ရှားရှိစဉ် မဂ်ဖိုလ်မရရှိခဲ့ဘဲ ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးမှ မဂ်ဖိုလ်ရခဲ့သည့် 'ကာဠဒါဃီ'ထေရ်တည်း။

ဂေါတမ ဘုရားလောင်းသည် တာဝတိံသာနတ်ပြည်မှ စုတေ၍ မြို့၏ အရှေ့ဘက်ရှိ ပါစီနယဝ မဏ္ဍုဂုံးရွာ၌ သိရိဝမုန သူဌေး၏ မယားသုမနဒေဝီဝမ်း၌ သန္ဓေယူခဲ့သည်။ သူဌေးနှင့် သူဌေးကတော်တို့ကား ဂေါတမဘုရားရှင်၏ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနှင့် မယ်တော်မဟာမာယာဒေဝီလောင်းလျာတို့တည်း။

အချိန်ရောက်သော် မဟော်သဓသခင်တို့သားကို ဖွားမြင်ခဲ့သည်။ ဖွားဖက်တော် သတို့သား အခြံအရံ တစ်ထောင်ရှိခဲ့သူတည်း။ ဖွားစဉ် လက်ထဲတွင် ဆေးတုံးပါလာသဖြင့် မိခင်က မေးရာ နတ်ဆေးတုံးဖြစ်ကြောင်း၊ ဆေးကို သွေး၍ လိမ်းက အနာရောဂါတို့ပျောက်မည်ဖြစ်ကြောင်း ပြန်လည် စကားပြောခဲ့သည်။

လေးအသခ္ခေါ်နှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့သော ဘဝများစွာတို့တွင် ဤမဟော်သဓသတို့သား၊ ဝေဿန္တရာသတို့သားနှင့် နောက်ဆုံးဘဝ သိဒ္ဓတ္ထမင်းသားသုံးဘဝတွင်သာ ဖွားစအချိန်၌ မယ်တော်တို့အား စကားပြောခဲ့ပေသည်။

ဆေးတုံးကြောင့် ဖခင်သိရီဝမုန သူဌေး၏ ခုနစ်နှစ်ကြာ ဦးယဉ်းခေါင်းခဲနာ ပျောက်ခဲ့သည်။ အရပ်ရှစ်မျက်နှာတို့မှ ဝေဒနာသည်တို့သည်လည်း ရောဂါပျောက်ကင်းခဲ့ကြသည်။ ဘုရားလောင်း မဟော်သဓသုခမိန်သည် ခုနစ်နှစ်သားအရွယ်၌ပင် နတ်တို့ဖန်ဆင်းထားသကဲ့သို့ တင့်တယ် ခုံညားလှပသည့် ဇရပ်၊ ရေကန်၊ ဥယျာဉ် တို့ကို စီမံပြုလုပ်ခဲ့သဖြင့် ထင်ရှားလာခဲ့သည်။

ဝိဒေဟရာဇ်မင်းသည် အိပ်မက်အရ ငါးဦးမြောက်သော ပညာရှိ သုခမိန်ကို နေရာအနှံ့ စုံစုံမံရှာဖွေနေခဲ့ရာ ဘုရားလောင်း၏ သတင်းကို ကြားလျှင် ပညာရှိ၊ မရှိ စူးစမ်းဆုံးဖြတ်နိုင်ရန် အမဲတရား၊ နွားတရား စသည့် တစ်ဆယ့်ကိုးပါးသော ပြဿနာတို့ကို မေးခဲ့ရာ ဘုရားလောင်းက ကောင်းစွာဖြေခဲ့သည်။

နောက်ဆုံးသေနကအမတ်ကြီး (အရှင်မဟာကဿပမထေရ် လောင်းလျာ) စီရင်သော မြည်းပြဿနာကို ဖြေရှင်းပြီးသော် ဘုရားလောင်းသည် နန်းတော်၌ ငါးယောက်မြောက် ပညာရှိသုခမိန်အဖြစ် ဦးမြှင့်ခံခဲ့ရသည်။

ပုတ်သင်ပြဿနာ၊ ဘုရားလောင်း မဟော်သဓသုခမိန်၏ အစ်မ သဖွယ်ဖြစ်လာမည့် ဝိဒေဟရာဇ်မင်း၏ မိဖုရားကြီးလောင်းလျာ ဥဒုမ္ဗရဒေဝီမိန်းမမြတ်နှင့် ပိဂုံတ္တရယောက်ျားယုတ်တို့၏ ပြဿနာ၊ ခွေးနှင့်ဆိတ်တို့ အဆွေခင်ပွန်းဖွဲ့ခြင်းပြဿနာ၊ ဝိဒေဟရာဇ်မင်းကိုယ်တိုင် ရှာကြံပြုလုပ်ခဲ့သည့် စည်းစိမ်ရှိခြင်း၊ ပညာရှိခြင်း ပြဿနာတို့ကို ကောင်းစွာ ဖြေရှင်းနိုင်ခဲ့သဖြင့် မင်း၏ အကြိမ်ကြိမ် ခီးမြောက်မှုကို ရရှိခဲ့သည်။

သို့နှင့် အစ်မရင်းသဖွယ် ဖြစ်လာသည့် ဥဒုမ္ဗရဒေဝီမိဖုရားသည် တစ်ဆယ့်ခြောက်နှစ်အရွယ် ရှိလာပြီး ဂုဏ်ရှိန်စည်းစိမ်ပါ ကြွယ်ဝလာသည့် မောင်ငယ် မဟော်သဓ သုခမိန်အတွက် သင့်လျော်ရာ သတို့သမီးရှာရန် ထိမ်းမြားပေးရန် ကြံခဲ့သည်။

ထိုအခါ မဟော်သဓသုခမိန်က မိမိကိုယ်တိုင် လှည့်လည်ရှာဖွေ၍ ဇနီးလောင်းကို ခေါ်လာပါမည်ဟု ပြောခဲ့သည်။ ဘုရားလောင်းသည် မထင်မရှား ဆင်းရဲသား အပ်ချုပ်သမား အသွင်ယူ၍ ဥတ္တရယဝမဇ္ဈဂုံးရွာသို့ သွားခဲ့သည်။

ထိုရွာတွင် လွန်ခဲ့သော်လေး အသခ္ခေါ်နှင့် ကမ္ဘာတစ်သိန်းထက်၌ ဒီပင်္ကရာဘုရားရှင်၏ ခြေတော်ရင်း၌ အတူ ဗျာဒိတ်ခံယူခဲ့ရသော ပါရမီဖြည့်ဖက် အမရာသတို့သမီးကို တွေ့ခဲ့ရတော့သည်။ တစ်ဦးနှင့်တစ်ဦး ပညာဉာဏ်ဆင်ခြင်မှု တရားရှိ၊ မရှိ၊ စိစစ်နေစိတ်ထား၊ ကိုယ်ကျင့်တရားတို့ကို စမ်းသပ် အကဲဖြတ်ခဲ့ကြပြီး ဘဝကြင်ဖော်အဖြစ် မိဘများထံ တောင်းယူခဲ့ပြီး အမရာသတို့သမီးကို မြို့သို့ ခေါ်ခဲ့ပေသည်။

ဦးစွာ တံခါးမှူးအိမ်၌ ထားခဲ့ကာ နန်းတော်သို့ ပြန်ပြီး မင်းချင်းတို့အား စေလွှတ်၍ အသပြာလက်ဆောင်တို့နှင့် သုံးကြိမ်တိုင် စည်းရုံးခေါ်ဆောင်စေရာ မရခဲ့သဖြင့် နောက်ဆုံးမင်းအာဏာဖြင့် ခေါ်စေခဲ့သည်။ ထိုအခါတွင်မှ အမရာဒေဝီ၏ သစ္စာတရားကြီးမားပုံကို ထင်ရှားသိရ၍ တံခါးမှူးအိမ်ပြန်ထားစေကာ မင်းနှင့် မိဖုရားထံ သတို့သမီးလောင်း ရပြီဖြစ်ကြောင်း လျှောက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုမှ မင်္ဂလာပွဲကျင်းပ၍ လိမ္မာမြို့ ပညာဉာဏ်ကြီးကာ အကျင့်သီလနှင့် ပြည့်စုံသော ဇနီး၏ အကူအညီဖြင့် မင်းနှင့် ပြည်သူတို့၏ အကျိုးကို တိုး၍ ဆောင်ရွက်ခဲ့သည်။

သေနက အမှုန်ပြုသော အမတ်လေးယောက်က မင်း၏ ရတနာတို့ကို ခိုးယူ၍ မဟော်သဓာသုခမိန်အပေါ် မင်း အထင်လွဲအောင် ပြုခဲ့သဖြင့် ဘုရားလောင်းသည် တောင်မဖူးရွာသို့ ခေတ္တရှောင်ပုန်းကာ အိုးထိန်းအိမ်၌ အိုးထိန်းအမှုလုပ်ကာ မိုခိုနေခဲ့သည်။ အမရာဒေဝီ၏ လိမ္မာပါးနပ်စွာ ရတနာခိုးမှုကို ဖော်ထုတ်ပြီး တရားခံလေးဦးဖြစ်သော သေနကအမတ်အမှုန်ပြုသည့် အမတ်လေးယောက်ကို မင်းထံဆက်သ၍ ဘုရားလောင်းအထင်လွဲခံရမှုကို ပြေစေခဲ့သည်။

အိုးထိန်းအမှု လုပ်နေသော ဘုရားလောင်းကိုလည်း ပြန်ခေါ်ကာ အမတ်ပညာရှိအဖြစ် မူလရည်းစိမ်၌ တည်နေစေခဲ့သည်။ ဤသို့ ပြန်ခေါ်နိုင်စေရန် ထီးချက်စောင့် နတ်သမီးက ပညာနှင့်စပ်သော ပြဿနာလေးရပ်ကို ဖန်တီး၍ မင်းကြီးအား မေးခဲ့ရာ သေနကအမတ်တို့ မဖြေနိုင်သဖြင့် မဟော်သဓာသုခမိန်အား ပြန်ခေါ်စေပြီး ဖြေစေခဲ့ရသည်။

ဝိဒေဟရာဇမင်းလည်း ဘုရားလောင်းအား စစ်ဘုရင်သေနာပတိအရာပေး၍ ချီးမြှင့်ပေးခဲ့သည်။ သို့တိုင် သေနက စသော အမတ်တို့သည် လျှို့ဝှက်သော အမှုကိစ္စကို မလိုအပ်ဘဲ မပြောသင့်ကြောင်း ဘုရားလောင်းက ပြောသည်ကို အကြောင်းပြု၍ မင်းအား ကုန်းတိုက်ပြီး ဒုက္ခရောက်အောင် ကြံစည်ခဲ့သော်လည်း နောက်ဆုံး မိမိတို့၏ အသီးသီးပြုခဲ့သော ရာဇဝတ်မှုတို့သာ ပေါ်ပေါက်လာကာ မင်း၏ ဒဏ်ခတ်ခြင်းကို ခံခဲ့ရသည်။

ဘုရားလောင်းက မင်းအား ဆုံးမတရား ဟောကြားကာ အမတ်တို့အပြစ်ကို လွှတ်စေခဲ့သည်။ ထို့နောက်တွင် မင်း၏ယုံကြည်မှုကို အပြည့်အဝ ရသဖြင့် တိုင်းနိုင်ငံ ကြီးပွားတိုးတက်စေရန် ဘုရားလောင်း ကြိုးစားဆောင်ရွက်ခဲ့တော့သည်။

နည်းပရိယာယ်အမျိုးမျိုး သုံးလျက် ပဉ္စာလရာဇပြည် စူဠနီဗြဟ္မဒတ်မင်း၏ မိထီလာပြည်သို့ သိမ်းယူရန် အကြံကို တွန်းလှန်ခဲ့ပြီး ထီးဆောင်းမင်းကိုးဆယ့်ကိုးဦး၏ အသက်စည်းစိမ်ကို ဖျက်စီးရန်ကြံသော ပဉ္စာလရာဇမင်း၏ အကြံကို ပျက်စီးစေခဲ့သည်။ ထို့မှနောက်တစ်ဖန် တပ်ခင်း၍ မိထီလာကို သိမ်းရန်လာသောအခါ ကေဝဋ်အမတ် (ဒေဝဒတ်လောင်း)နှင့် ပညာပြိုင်ကာ အနိုင်ယူလိုက်သဖြင့် စူဠနီဗြဟ္မဒတ်မင်း၏ တပ်ကိုလည်း ဖြိုခွဲနှိမ့်နင်းကာ ဦးစွာ စစ်အောင်နိုင်ခဲ့သည်။

တစ်ဖန် မိထီလာပြည်ကို ဝန်းရံပြီး ငတ်မွတ်အောင်လုပ်၍ သိမ်းရန်ကြံသော ပဉ္စာလရာဇမင်းကို ဧနသေယျ ပုဏ္ဏားအား ဥပါယ်တမျှဖြင့် စေလွှတ်ကာ ပဉ္စာလရာဇမင်း ထွက်ပြေးသည့် ပုံဖြစ်အောင် လှုံ့ဆော်နိုင်ကာ တပ်အားလုံး ပျက်သုဉ်းစေကာ အောင်ပွဲ ထပ်မံခံနိုင်ခဲ့သည်။

ပဉ္စာလရာဇမင်းသည် ကေဝဋ်အမတ်၏ အကြံပေးချက်အရ ဝိဒေဟရာဇမင်းအား သမီးတော် ပဉ္စာလစန္ဒီမင်းသမီးနှင့် ဖြားယောင်းကာ အမိဖမ်းပြီး မိထီလာပြည်ကို သိမ်းယူရန် ကြံစည်အားထုတ်ခဲ့ပြန်သည်။ ထိုအကြံအစည်အားလုံးကိုလည်း သူလျှိုများမှတစ်ဆင့် သိအောင် ဘုရားလောင်းက ကြိုတင်စီမံဆောင်ရွက်ထားခဲ့သည်။

ဖြစ်တိမ္မနိန်နေသော ဝိဒေဟရာဇမင်း၏ ဆန္ဒလည်းပြည့်ဝ၊ နှစ်ပြည်ထောင်မှ ပြည်သူပြည်သားတို့၏ သေကျေပျက်စီးမှုလည်း နည်းစေ၊ မင်းအပေါင်း၏ အသက်လည်း ချမ်းသာရန်စေလျက် ဥမင်စစ်ပွဲဆင်ကာ စူဠနီဗြဟ္မဒတ်မင်းအားလည်း သတိသံဝေဂရစေကာ ငြိမ်းချမ်းသာယာစေပြီး မင်းနှစ်ပါးတို့၏ ယုံကြည်ချစ်ခင်မှုကို ရယူနိုင်ခဲ့သည်။

ဝိဒေဟရာဇမင်းသည် ပဉ္စာလမင်းသမီးနှင့် ဒီဃာဝုသတို့သားကို ရခဲ့ပြီး သားဆယ်နှစ်အရွယ်တွင် မင်းစုတေခဲ့သည်။ မင်းသားအား နန်းအပ်ပြီးသော် မဟော်သဓာသုခမိန်သည် ပဉ္စာလရာဇပြည်သို့ ပြောင်းရွှေ့ကာ နှစ်ပြည်ထောင်အရေးကို စီမံပြုလုပ်ပေးခဲ့သည်။

ပဉ္စာလရာဇပြည်၌ ပညာရှိ ပရိဗိုဇ်ရဟန်းမိန်းမ တစ်ဦးကား ဘေရီမည်၏။ မင်း၏နန်းတော်သို့ နေ့တိုင်း မပြတ် ဆွမ်းစားကြွ၏။ ဥပ္ပလဝဏ်ထေရီလောင်းလျာ ဘေရိပရိဗိုဇ်မသည် တစ်နေ့၌ ဆွမ်းစားပြီး အပြန်၌ ဘုရားလောင်းနှင့် တွေ့ခဲ့သည်။

စမ်းသပ်သည့်အနေဖြင့် ဘေရိပရိဗိုဇ်မသည် ဘုရားလောင်းအား လုက်ဓါးကို ဖြန့်၍ပြ၏။ တစ်ပြည်တစ်ရွာ အဝေးမှလာခဲ့ပြီး မင်း၏ အချီးအမြှောက်ကို ခံရပါ၏လော်ဟု မေးလိုကြောင်း ဘုရားလောင်းက သဘောပေါက်၍ လက်ဆုပ်ကိုပြပြီး ဖြေခဲ့သည်။

မင်း၏ ချီးမြှောက်မှုကို မခံရသေးကြောင်း ဖြေသည်ကိုသိ၍ ဘေရိပရိဗိုဇ်မက တစ်ဖန် လက်ဖြင့် ဦးခေါင်းကို သုံးသပ်၍ ပြပြန်သည်။ အချီးအမြှောက် မခံရသဖြင့် ကိုယ်စိတ်ပင်ပန်းနေပါလျက် အာဘ်ကြောင့် ရဟန်းမပြုပါသနည်းဟု မေးလိုသည်ကို သိ၍ ဘုရားလောင်းက လက်ဖြင့် မိမိဝမ်းကို သုံးသပ်ပြခဲ့သည်။

ဆိုလိုသည်ကား မိမိသည် တစ်ကိုယ်တည်း မဟုတ်၊ သားမယားတို့ကို လုပ်ကျွေးရမည့် တာဝန်ရှိသဖြင့် ရဟန်းမပြုသာကြောင်း ပြောလိုခြင်း ဖြစ်သည်။ ဘေရီပရိဗိုဇ်မလည်း ကျေနပ်ပြီး ပြန်သွားခဲ့သည်။

ဤတွင် စူဠနီဗြဟ္မဒတ်မင်းက မိဖုရားကြီး နန္ဒာဒေဝီသည် မိဒိဘို့ကို ဖမ်းဆီးချုပ်နှောင်ကာ စိတ်ဆင်းရဲစေခဲ့

www.burmeseclassic.com

သည်ကို အုခုအခံ အမျက်မာန်ထား ကာ ဘုရားလောင်းအပေါ် အပြစ်ရှာ လိုသဖြင့် မောင်းမတို့အား နေ့စဉ် အရိပ် အခြည်ကို မပြတ်စောင့်ကြည့်နေစေခဲ့ သည်။

ဘုရားလောင်းနှင့် ဘေရီပရိဗိုဇ် မတို့၏ နှစ်ဦးသား တွေ့ကြုံပြုမူချက် တို့တို အကြောင်းပြပြီး နှစ်ဦးပေါင်း၍ အင်အားပျက်စီးရန် ကြံကြောင်း၊ ပရိဗိုဇ် မက ပညာစွမ်းကိုသုံး၍ အဘယ်ကြောင့် ပြည်ကို မသိမ်းသနည်းဟု လက်ဝါးဖြန် ပြကြောင်း၊ ဘုရားလောင်းကလည်း မင်း ကို သန်လျက်ဖြင့် ပယ်ဖျောက်၍ ပြည် ကို သိမ်းမည်ဖြစ်ကြောင်း၊ သန်လျက်ရိုး ကိုဆုပ်ဟန်ဖြင့် လက်ကိုဆုပ်ပြကြောင်း၊ ဘေရီပရိဗိုဇ်မက ခေါင်းကို ဖြတ်မည် လောဟု လက်ဖြင့် ခေါင်းကို သုံးသပ်ပြ၍ မေးကြောင်း၊ ဘုရားလောင်းက ခါးကို သန်လျက်ဖြင့် နှစ်ပိုင်းဖြတ်စေ မည်ဟု လက်ဖြင့် ဝမ်းကို သုံးသပ်ပြ ကြောင်း မင်းအား ကုန်ချောစား၍ လျှောက်တင်ခဲ့တော့၏။

စူဠနီပြဟ္မဒတ်မင်းသည် ဆင်ခြင် တုံတရားရှိပြီး ဘုရားလောင်းအပေါ် အကြွင်းမဲ့ယုံကြည် လေးစားသူဖြစ်ရကာ မည်သို့မျှ မဆိုဘဲ ဘေရီပရိဗိုဇ်မနှင့် လည်းကောင်း၊ ဘုရားလောင်းနှင့်လည်း ကောင်း တွေ့ပြီး နှစ်ဦးသား တွေ့ဆုံပြီး ရှိ၊ မရှိ၊ တွေ့ပြီးသော် နှစ်ဦးသား မည် သည့်စကားများကိုပြောဆိုကြပါသနည်း ဟု မေးခဲ့သည်။

နှစ်ဦးလုံးက မိမိတို့ တွေ့ဆုံစဉ် က တစ်ဦးကိုတစ်ဦး ပညာစမ်းကြုံကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့ကြောင့် စူဠနီပြဟ္မဒတ်မင်း သည် ကိုး၍ ယုံကြည်သဖြင့် မင်းစည်း စိမ်းသာချန်၍ ပြည်အရေးအလုံးစုံကို စိမ်စေကာ စစ်သူကြီးအရာကို ဘုရား လောင်းအား ပေးအပ်ချီးမြှင့်ခဲ့သည်။ ဘုရားလောင်းသည် မင်းက မိမိအား အလွန်ချီးမြှောက်သဖြင့် မင်း၏ စိတ် ရင်းအမှန်ကို သိအောင် ဘေရီပရိဗိုဇ် ရဟန်းမအား စုံစမ်းပေးပါရန် တောင်း ဆိုခဲ့သည်။

ထို့ကြောင့် ဘေရီပရိဗိုဇ်မသည် မင်းအား ရေစောင့်ဘီလူး ပြဿနာကို မေးခဲ့သည်။ ပြဿနာမှာ ဤသို့တည်း။

သမုဒ္ဒရာ အလယ်၌ မျောနေ သော လှေတစ်စီးပေါ်တွင် စူဠနီပြဟ္မ ဒတ်မင်း၊ မိန်းမ၏မယ်တော် စလာက ဒေဝီ၊ မိဖုရားကြီး နန္ဒာဒေဝီ၊ ညီတော် သိဒ္ဓိကာမန္တီမင်းသား၊ သူငယ်တော် ရောင်းရင်း စားတော်ကဲသား ဓနုသေခ၊ ကေဝဋ္ဋပုရောဟိတ်နှင့် မဟော်သဓ သုခမိန်တို့ ပါရှိသည်။

ထိုအခါ ရေစောင့်ဘီလူးသည် လှေကို ဖမ်းဆုပ်ပြီး မင်းအားပြောမည်။ ငှေ့လှေတွင်ပါသူ ဤနှစ်ခြောက်ယောက် တို့ကို အစဉ်အတိုင်း ထုတ်ပေးရမည်။ သို့မှသာ မင်းကို လွှတ်ပေးမည်ဟု ဆိုခဲ့ လျှင် မင်းသည် အဘယ်သူကို ဦးစွာ ပေးမည်နည်း၊ ပေးမည့် အစီအစဉ်ကို ဖြေကြားစေသည့် မေးခွန်းတည်း။

စူဠနီပြဟ္မဒတ်မင်းသည် ရှေးဦး စွာ မယ်တော်၊ နောက် နန္ဒာဒေဝီ၊ ပြီး လျှင် ညီတော်မင်းသား၊ ထို့မှ သူငယ် ဖော် ဓနုသေခ၊ ပြီးနောက် ကေဝဋ္ဋ ပုရောဟိတ်တို့ကို ပေးမည်။ ထို့နောက် မိမိကိုယ်တိုင် ဘီလူးခံတွင်းသို့ ဝင်မည်။ မိမိအသက်ရှင်စဉ် ဘီလူးအား ဘုရား လောင်းအား မပေးလိုဟု ဖြေခဲ့သည်။

ဘေရီပုရိဗိုဇ်မအား မင်း၏ ဘုရားလောင်းအပေါ် စိတ်ရင်းအမှန် ကို သိရသော် ဘုရားလောင်း၏ ဂုဏ် ကျေးဇူးကို ထင်ရှားပြန့်ပြောစေရန် ရည်ရွယ်၍ မင်းအား နန်းတွင်းသူ နန်းတွင်းသားတို့၏ အစုအဝေး၌ မင်း ရင်ပြင်၌ မှူးမတ်ပြည်သူ ပြည်သားကို မေးခဲ့သည်။

မင်းသည် တစ်ဦးစီ၏ အားနည်း ချို့ယွင်းချက်အပြစ်တို့ကို ထုတ်ဖော် လျက် မြဿနာကို ဖြေခဲ့သည်။ ဘုရား လောင်း၏ ဂုဏ်ကျေးဇူး အကျင့်သိလ ကို ဖော်ထုတ်ပြလျက်၊ မိမိ၏အသက် သာ အသေခံ၍ ဘုရားလောင်းကိုမူ ဘီလူးအား ပေးမည် မဟုတ်ကြောင်း ဖြေခဲ့လေသည်။

ထိုအခါ ဥပ္ပလဝဏ်ထေရီ လောင်း ဘေရီပုရိဗိုဇ် ရဟန်းမသည် ပညာရှိ သူတော်ကောင်းတို့၏ ဂုဏ် ကျေးဇူးတို့ကို ထုတ်ဖော်ပြောကြားကာ ဘုရားလောင်း၏ ဂုဏ်ရှိန်ကို ပို၍ထင် ရှားသိသာအောင် လုပ်ဆောင်ခဲ့လေ သည်။ ဘုရားလောင်း၏ အဆုံးအမ၌ တည်ကုန်သော်သူတို့သည် နတ်ပြည်သို့ လားရပြီး မနာခံ မလိုက်နာသူတို့ကား ငရဲသို့ လားကြရသည်။

●

ဥပ္ပလဝဏ်ထေရီလောင်းသည် လူနတ်စသော ဘုံဘဝတို့တွင် ကျင် လည်ဖြစ်တည်ခဲ့ရစဉ် တွေ့ကြုံဖူး မြင်ခဲ့ ရသည့် ဘုရားရဟန္တာ ပစ္စေက ဗုဒ္ဓါ အရှင်မြတ်တို့အား ပဒုမာကြာပန်းကို အမြဲလိုလိုပင် လှူဒါန်းပူဇော်ခဲ့သည်ကို တွေ့ခဲ့ရပါသည်။ ထို့ကြောင့် လည်း ကိုယ်ရေအဆင်းသည် ကြာပွင့်နီရုံ သင်း ပျံ့မြဖြစ်ခဲ့သည်။

ယခု ဘဒ္ဒကမ္ဘာမှအဆုံး လွန်ခဲ့ သော ကိုးဆယ့်တစ်ကမ္ဘာထဲက၌ ဗာရာ ဏသီပြည်တွင် သူဌေးသမီး ဖြစ်ခဲ့ပြန် သည်။ ဝိပသီမြတ်စွာဘုရား အမှူးပြု သော သံဃာတော်တို့အား ရိုသေစွာ ပင့်ဖိတ်ပြီး မဟာဒါနကြီး ပေးလှူကာ ဘုရားရှင်အား ကြာပန်းဖြင့် ပူဇော်၍ ရှပ်ဆင်း လှပတင့်တယ်ရန် ဆုပန်ခဲ့ သည်။

ထိုဘဝမှ စုတေသော် လူပြည် နတ်ပြည်တို့၌ လှည့်လည်ကျက်စားခဲ့ ပြန်သည်။ သို့နှင့် ဤဘဒ္ဒကမ္ဘာဝယ် ကဿပဘုရားရှင် ဇက်ထက်တော်တွင် ဗာရာဏသီပြည်တွင် ကိကီမင်းကြီး၏ သမီးတော် ခုနစ်ယောက်အနက် ဒုတိယ မြောက် သမီးတော် သမဏဂုတ္တာမင်း သမီး ဖြစ်ခဲ့၍ အစ်မတော် ခေမာထေရီ လောင်း သမဏီမင်းသမီး၊ ညီမတော်

www.burmeseclassic.com

www.burmeseclassic.com

များ ဖြစ်ကြသည်။ ပဋ္ဌာစာရာထေရီလောင်း၊ ဘိက္ခုနီမင်းသမီး၊ ကုဏ္ဍလကေသီထေရီလောင်း၊ ဘိက္ခဒါယိကာမင်းသမီး၊ ကိသာဂေါတမီထေရီလောင်း ဓမ္မာမင်းသမီး၊ ဓမ္မဒိန္နာထေရီလောင်း သုဓမ္မာမင်းသမီး၊ ဝိသာခါဒါယိကာမလောင်း၊ သံဃဒါယိကာမင်းသမီးတို့နှင့်အတူ နှစ်ပေါင်း နှစ်သောင်းကြာ ကောမာရိဗြဟ္မစရိယ အကျင့်ကိုကျင့်၍ ရဟန်းသံဃာတို့အား ကျောင်းတိုက်များ ဆောက်လုပ်လှူဒါန်းခဲ့သည်။

ထိုမှ စုတေပြီး တစ်ခုသောကာလတွင် ဟာရာဏသီပြည်၌ သူဆင်းရဲအမျိုးတွင် ဖြစ်ခဲ့ကာ ပွဲသဘင်တွင် ဝတ်ပန်းဆိုး အဝတ်ကို ဝတ်လိုသဖြင့် သူကြွယ်တစ်ဦးထံတွင် သုံးနှစ်အခစားပြုခဲ့ပြီး ဝတ်ပန်းဆိုးအဝတ်ကို ယူ၍ ရေချိုးရန် ပြင်နေစဉ် ကဿပဘုရားရှင်၏ တပည့် ရဟန်းတစ်ပါးသည် သင်္ကန်းအဦးခံရသဖြင့် သစ်ခက်သစ်ရွက်တို့ကို ဝတ်ရုံလျက် ကြွလာရာ ပထမ ဝတ်ပန်းဆိုး အဝတ်တစ်ပိုင်းကို ကပ်လှူရာ ရဟန်း၏ ရွှဲသွင်တင့်တယ်သွားသည်ကို မြင်ရသော် နောက်ထပ်အပိုင်းကို လှူလိုက်တော့သည်။

မြင်ရသူ ယောက်ျားတို့သည် မိမိကိုယ်ကို မထိန်းနိုင်လောက်သည် အထိ အဆင်းလှပသူ ဖြစ်လိုကြောင်း ဆုပန်ခဲ့သည်။

ထိုဘဝမှ စုတေသော် သိဝိတိုင်းအရှင်ဥပုရပြည်ဝယ်၊ တိရိဋိဝစ္ဆပုဏ္ဏား သူဌေးကြီး၏သမီး ဥမ္မာဒန္တီ ဖြစ်လာခဲ့သည်။ ပဏ္ဏာသနိပါတ် ဥမ္မာဒန္တီဇာတ်ကို ဂေါတမဘုရားရှင်သည် ကိလေသာအလိုလိုက်၍ ဆွမ်းလောင်းသော မိန်းမတစ်ဦးအပေါ် တပ်စွန်းစိတ်ဝင်ကာ သာသနာဝယ် မမျော်နိုင်သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူခဲ့ခြင်း ဖြစ်သည်။

ရုပ်ရည်လှပလွန်းသူ သမီးကို ဘုရားလောင်း သိဝိမင်းထံ ဖခင်ဖြစ်သူ ကဆက်သခဲ့သည်။ ကြန်အင်လက္ခဏာ ကြည့်ရန် လွတ်လိုက်သော ပုဏ္ဏားတို့၏ ဣန္ဒြေပျက်ယွင်းမှုကြောင့် ဥမ္မာဒန္တီက နှင်ထုတ်ခဲ့ရာ ပုဏ္ဏားတို့က မိဖုရားမဖြစ်ထိုက်ကြောင်း လျှောက်တင်ခဲ့၍ သိဝိမင်းက ပယ်ခဲ့သည်။

သို့ဖြင့် သိဝိမင်း၏ ယော်ပေါင်းစစ်သူကြီးအဘိပါရက် (အရှင်သာရိပုတ္တရာလောင်း) အား ပေးဆက်ခဲ့သည်။ မိမိအား ငြင်းပယ်ခဲ့သူ သိဝိမင်းအား တန်ဆောင်မုန်းလပြည့်၌ သဘင်ခံပွဲတွင် လှည့်လည်လာစဉ် မိမိ၏ အဆင်းရူပါရုံကို မြင်စေပြီး ကိလေသာဖြင့် နှောင်ဖွဲ့ကာ သတိလက်လွတ်ဖြစ်စေခဲ့သည်။

အရှင်အာနန္ဒာလောင်း သုနန္ဒာရထားထိန်းက အဘိပါရက စစ်သူကြီး၏ ဇနီးမယားဖြစ်ကြောင်း လျှောက်တင်ရာ နန်းတော်သို့ ပြန်၍ သိဝိမင်းသည် ဥမ္မာဒန္တီအား တမ်းတရေရွတ်ပြီး အရှုံးသဖွယ် ဖြစ်နေခဲ့သည်။

အဘိပါရက စစ်သူကြီးသည် အကြောင်းစုံကို ကြားသိသော် သိဝိမင်းအား ဥမ္မာဒန္တီကို အဆင်ပြေစွာ ပေးဆက်နိုင်ရန် လုပ်ဆောင်ခဲ့သည်။ မိမိ၏ ငယ်သားတစ်ဦးကို လူတို့ပုဇော်ရာ သစ်ပင်ရှိ အခေါင်းထဲတွင် ဝင်နေစေခဲ့သည်။ ထို့နောက် သစ်ပင်ရှိရာသို့ လာကာ စစ်သူကြီးက သိဝိမင်း၏ ဖြစ်အင်ကို တင်ပြရင်း ဆုတောင်းခဲ့သည်။ သစ်ခေါင်းထဲရှိ သားငယ်က ဥမ္မာဒန္တီကို ဆက်သရန် ပြောခဲ့သည်။

ထိုအကြောင်းကို အမတ်များကိုလည်း သိစေကာ နန်းတော်သို့ ဝင်၍ သိဝိမင်းအား အကျိုးအကြောင်း ပြောပြ၍ ဥမ္မာဒန္တီကို ဆက်သခဲ့သည်။ ထိုအခါ သိဝိမင်းသည် သူတော်ကောင်းသဘောတည်သူဖြစ်ရကား မိမိ၏ ယုတ်မာသည်၏ အဖြစ်သည် နတ်မှ အစပြု၍ အားလုံးသိကြကုန်ပြီဟု အသိတရား ဝင်ပြီး မိမိ၏ အမှားကို ထုတ်ဖော်ပြောပြကာ စစ်သူကြီးကို ဥမ္မာဒန္တီအား ပြန်ပေးခဲ့သည်။

ဤတွင် အဘိပါရကစစ်သူကြီးသည် အမျိုးမျိုးအကြောင်းပြပြီး ဥမ္မာဒန္တီကို လက်ခံရန် လျှောက်တင်ခဲ့သည်။ အကြိမ်တိုင်းလည်း သိဝိမင်းက သူတော်ကောင်း ပညာရှိတို့၏ ကဲ့ရဲ့ဖြစ်တင်ခြင်း ခံရမည့်အမှုမျိုး ဖြစ်ကြောင်း ပြန်လည် ရှင်းပြပြီး ငြင်းပယ်ခဲ့သည်။ နောက်ဆုံး မင်းမိန့်အာဏာသုံးကာ ငြင်းပယ်လိုက်မှ စစ်သူကြီးက သိဝိမင်းအား အသိတရား ရှိမှု စောင့်ထိန်းနိုင်မှုကို ချီးမွမ်းကာ တရားဟောရန် တောင်းပန်ခဲ့သည်။

သိဝိမင်းသည် မကောင်းမှု၊ ကောင်းမှု ကိုယ်ကျင့်သီလဆိုင်ရာတို့ကို တစ်ဆယ့်နှစ်ဂါထာဖြင့် တရားစကား ပြခဲ့သည်။ စစ်သူကြီးက အကျင့်ကောင်း အကျင့်မြတ်တို့ကို ကိုယ်တိုင် ကျင့်ကြံအားထုတ်ပြီး သုဂတိလားနိုင်ပါစေဟု လျှောက်တင်ခဲ့သည်။ ဤသို့ဖြင့် သိဝိမင်းလည်း ဥမ္မာဒန္တီအပေါ် တပ်စွန်းသော စိတ်များ ပြယ်ခဲ့တော့သည်။

တစ်ပါးသူတို့အတွက် အန္တရာယ်ဒုက္ခဖြစ်စေမည့် ဆုမျှော်တောင်းမှုးသည်ကား တတ်နိုင်သမျှ မလုပ်သင့်သည်သာ ဖြစ်ပေသည်။

ဥပ္ပလဝဏ်ထေရီလောင်းသည် ထိုဘဝမှ စုတေသော် ရွှာငယ်တစ်ခု၌ လယ်သမားတစ်ဦး၏ သမီးဖြစ်လာခဲ့သည်။

တစ်နေ့ လယ်ထဲတွင်ရှိစဉ် ဂန္ဓမာဒနတောင်မှ နိရောဓသမာပတ်မှ ထတော်မူသော ပစ္စေကဗုဒ္ဓါအရှင်မြတ် တစ်ဆူကြွလာရာ ပေါက်ပေါက်လှော်ပွင့်နှင့် ပဒုမာကြာပန်းကို ကပ်လှူလိုက်၏။ နောက်မှ ရဟန်းတို့သည် ပန်းကို အလိုမရှိတန်ရာဟု တွေးပြီး ပန်းကို ပြန်တောင်းယူခဲ့သည်။ ပြီးသော် မိမိလှူစဉ်က ပန်းကို လက်ခံသည်ဖြစ်ရာ၊ တစ်ဖန် ပန်းကို အရှင်မြတ်အား ပြန်လှူခဲ့သည်။ ပေါက်ပေါက်ပွင့်အရေအတွက်နှင့်အမျှ သားရတနာများ ရပါစေ။ မိမိခြေလှမ်းတိုင်း၌ မြေမှ ပဒုမာကြာပန်းတို့ ပေါ်လာပါစေဟု ဆုတောင်းခဲ့သည်။

www.burmeseclassic.com

လယ်စောင့်အမျိုးသား ငါးရောက သူငယ်မ၏ သားငါးရာဖြစ်ရပါစေဟု ဆုပန်၍ ဗျားရည်တို့ကို ကပ်လှူခဲ့သည်။ ထိုမှ စုတေသော် နတ်ပြည်၌ဖြစ်၍ နတ်သမီး၏ ခြေလှမ်းတိုင်း၌ ကြိုးစွာသော ပဒုမာပန်းများ ဖြစ်ပေါ်လာခဲ့သည်။

ထိုဘဝမှစုတေသော် ဟရာဏသိပြည်နှင့် ဆက်စပ်နေသော တောင်ခြေ၏အနီးရှိ ပဒုမာကြာအိုင်အတွင်း ကြာတိုက်၌ ဆံသေဒဇ ပဋိသန္ဓေတည်ခဲ့သည်။ ကြာအိုင်ကို အမှီပြု၍နေသော ရသေ့တစ်ပါးက တွေ့ရှိပြီး ကောက်ယူမွေးစားခဲ့သည်။ သူငယ်မ ခြေလှမ်းတိုင်းမြေမှ ပဒုမာကြာပန်းများပေါ်၍ ခံလာခဲ့သည်။ ရုပ်ဆင်းလှပ၍ ပဒုမဝတီဟု မှည့်ခဲ့သည်။

အတိတ်ဘဝက ပစ္စေကဗုဒ္ဓါအရှင်မြတ်အား ပန်းလှူလိုက်၊ ပြန်တောင်းလိုက်၊ ပြန်လှူလိုက် လုပ်ခဲ့ခြင်းကြောင့် ကုသိုလ်ကောင်းမှုဏ အကျိုးပေး မဖြောင့်ခဲ့ပုံကို ပဒုမဝတီဘဝတွင် ကြုံတွေ့ခဲ့ရကား သတိထား သံဝေဂယူသင့်လှပေသည်။

အရွယ်ရောက်သည့် တစ်နေ့၌ မြို့မှ မုဆိုးတစ်ဦးက တွေ့သွားရာ ဟရာဏသိမင်းထံ မိန်းမရတနာတွေ့ကြောင်း လျှောက်တင်ခဲ့သည်။ မင်းသည် ပဒုမဝတီရှိရာသို့ လာခဲ့ပြီး ရသေ့ကြီးထံမှ သမီးကို ရွှေငွေရတနာ အစုအပုံ၌တင်၍ ဘိသိက်သွန်းပြီး တောင်းယူခဲ့သည်။ မင်း၏ ချစ်မြတ်နိုးမှုကို ခံရ၍ ကျန်မိဖုရားတို့က မနာလို ဖြစ်ခဲ့ကြကာ ခြေဖဝါးအောက်မှ ပဒုမာကြာပန်း ပေါ်လာသည်ကို ဘီလူးမဖြစ်၍ ထိုသို့ဖြစ်ရကြောင်း ကုန်းတိုက်ကြသည်။ မင်းက အရေးမယူခဲ့ချေ။

ပဒုမဝတီ၌ ပဋိသန္ဓေရှိစဉ် မင်းသည် ပစ္စန္တအရပ်သို့ သူပုန်နှိမ်နင်းရန် သွားခဲ့သည်။ ပဒုမဝတီသည် မဟာပဒုမမင်းသား တစ်ဦးတည်း သန္ဓေတည်၍ ဖွားချိန် မိခင်စက်လျောင်းနေစဉ် ကျန် (၄၉၉) ပါးသော မင်းသားတို့သည် သွေးစက်၌ သံသေဒဇ သန္ဓေစွဲ၍ မွေးလာခဲ့ကြသည်။

မနာလိုသူ မိဖုရား မိန်းမတို့သည် သစ်သားတုံးတစ်ခုကို သွေးဖြင့်လိမ်း၍ ထားကာ ထိုသစ်တုံးကိုသာ ပဒုမဝတီမွေးကြောင်း ပြောခဲ့ကြသည်။ ပဒုမဝတီ၏ သားတစ်ဦးစီကို ကြွတ်တစ်ခုစီတွင် ထည့်ပြီး ဂင်္ဂါမြစ်တွင် ရေမျှောခဲ့ကြသည်။ ဤအကြိမ်တွင် သစ်တုံးကိုသာ မွေးသည့် ပဒုမဝတီကို မင်းသည် မစူးစမ်း မဆင်ခြင်တော့ဘဲ အရာချကာ နန်းအိမ်မှ နှင်ချတော့သည်။

ကြာပန်းနှင့် ကိုယ်ရေအဆင်းတို့ ပျောက်သွားကာ အကျည်းတန်သွားသော ပဒုမဝတီကို အဘွားအိုတစ်ဦးက ခေါ်ယူ စောင့်ရှောက်ထားခဲ့သည်။ မင်းသားတို့ပါသော ကြွတ်ငါးရာကို ရေမျှောချိန်မှာ မင်းရေကစားချိန်တွင် ပြုလုပ်ခဲ့သည်ဖြစ်ရာ ကြွတ်တို့သည် အောက်အခြေရှိ မြစ်အတွင်း ချထားသော ပိုက်တို့တွင် ငြိသဖြင့် ဆယ်ယူပြီး မင်းထံဆက်ခဲ့ကြသည်။ မင်းသည် ဦးစွာ မဟာပဒုမမင်းသားပါသော ကြွတ်ကို ဖွင့်မိရာ နတ်သိကြားတို့ ရေးထားသော စာနှင့်အတူ မင်းသားကိုတွေ့ရပြီး ထို အခါမှ မင်းသည် ပဒုမဝတီမွေးခဲ့သော မိမိ၏ သားငါးရာအကြောင်းကို သိခဲ့ရသည်။ ထို့ကြောင့် အသပြာထောင်ထုပ်ဖြင့် ပဒုမဝတီကို ရှာစေခဲ့သည်။

ပဒုမဝတီက အမယ်အိုကြီးအား ထောင်ထုပ်ကို ယူစေ၍ မိမိရှိကြောင်း မင်းချင်းတို့အား သိစေခဲ့ကာ နန်းတော်သို့ ပြန်ရောက်ခဲ့ရသည်။

မင်းက မနာလိုသူ မိဖုရား မိန်းမငါးရာကို ပဒုမဝတီ (ဥပ္ပလဝဏ်ထေရီလောင်း) ၏ ကျွန်အဖြစ် ပြုစေခဲ့သည်။ ပဒုမဝတီက ခွင့်လွှတ်ပြီး သား ၄၉၉ ယောက်ကို ထိန်းသိမ်းပြုစုစေသည်။ ပဒုမဝတီကမူ မဟာပဒုမမင်းသားကို ပြုစုခဲ့သည်။ မင်းသားတို့ တစ်ဆယ့်ခြောက်နှစ်အရွယ်ရောက်သော် မင်္ဂလာဥယျာဉ်သို့ထွက်၍ ပဒုမာကြာအိုင်၌ ကစားကြစဉ် ပန်းတို့ပွင့်ကြပုံ၊ အညာမှ ကြွေကျကြပုံတို့ကို မြင်ရသော် ပစ္စေကဗောဓိပါရမီ ကောင်းမှုကုသိုလ်တို့၏ လှုံ့ဆော်တိုက်တွန်းမှုအရ ဝိပဿနာကမ္မဋ္ဌာန်းအာရုံကို ယူကြ၍ ဆရာမရှိ မိမိတို့၏ အလိုလို ရှုပ်၊ နာပ်မမွှကို လေ့ကျင့်ကာယာဉ် သုံးချက်တင်၍ ဆင်ခြင်ပွားများကာ ရောက်ဆိုက်လာသည့် မဂ်ဉာဏ် လေးပါးကိုဖြစ်စေကြပြီး ပစ္စေကဗုဒ္ဓများဖြစ်လျက် ဣဒ္ဓိဝိဓ အဘိညာဏ်ဖြင့် ပဒုမာကြာချက်တို့၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေကြကုန်၏။

တစ်နေ့တစ်ညဉ့်လုံး ထိုသို့နေပြီး နောက်နေ့ကျမှ မင်းချင်းတို့အား မိမိတို့သည် ပစ္စေကဗုဒ္ဓါများ ဖြစ်ကြောင်း သိစေပြီး ဦးခေါင်းကို လက်ဖြင့်သုံးသပ်သော် ပရိက္ခရာရှစ်ပါး အပြည့်အစုံနှင့် ပစ္စေကဗုဒ္ဓါ အရှင်ငါးရာတို့သည် နန္ဒမူလကလိုဏ်သို့ ကြွသွားခဲ့သည်။

ပဒုမဝတီသည် သားဧကဖြင့် စုတေခဲ့ပြီး ရာဇပြိုဟ်မြို့၌ဖွားခဲ့ဝေ ရွာငယ်တစ်ခုတွင် လက်လုပ်စားအိမ်တွင် သမီးဖြစ်လာခဲ့သည်။ အရွယ်ရောက်၍ အိမ်ထောင်ကျပြီး ယောကျ်ားရှိရာ လယ်တောသို့ ယာစုပို့သွားစဉ် ပဒုမဝတီဘဝက သားပစ္စေကဗုဒ္ဓါအရှင်မြတ် ငါးရာမှ ရှစ်ဆူသည် ဆွမ်းခံကြွလာသည်ကို မြင်ရလျှင် လင်ဖြစ်သူအား ဆွမ်းကပ်ရန်ပြောစဉ် ပစ္စေကဗုဒ္ဓါတို့သည် ရောက်လာကြသည်။ ဆွမ်းလှူ၍ နောက်နေ့အတွက် ရှစ်ပါးလုံးကို ဆွမ်းပင့်ဖိတ်ခဲ့သည်။

ဘဝဟောင်းက သားဖြစ်ခဲ့ကြသော ပစ္စေကဗုဒ္ဓါငါးရာ ကြွလာကာ ဥပ္ပလဝဏ်ထေရီလောင်း မိခင်ဟောင်းအား ခီးမြှင့်ခဲ့သည်။ အရှင်မြတ်တို့၏ တန်ခိုးတော်ကြောင့် ဆွမ်းအလှူဝတ္ထုမှစ၍ အစစ အဆင်ပြေခဲ့သည်။ ထိုးစံ့အတိုင်း ဥပ္ပလဝဏ်ထေရီလောင်း မယ်တော်ဟောင်းသည် ကြာညိုရှစ်လာလှူခဲ့ပြီး ကြာညိုပန်း၏ အကူးကြာ

www.burmeseclassic.com

www.burmeseclassic.com

တိုက် အဆင်းကဲ့သို့ ဖြစ်ရပါစေဟု ဆုတောင်းခဲ့သည်။ အရှင်မြတ်တို့က အနုမောဒနာပြု၍ ပြန်ကြွခဲ့ကြသည်။

ထိုဥပ္ပလဝဏ် ထေရီလောင်း အမျိုးသမီးသည် အသက်ထက်ဆုံး ကောင်းမှုပြုကာ စုတေသော် နတ်ပြည်၌ ဖြစ်ခဲ့၏။ ဂေါတမဘုရားရှင် ပွင့်သော အခါ သာဝတ္ထိပြည်၌ သူဌေးမျိုး၏ သမီးဖြစ်လာခဲ့သည်။ ကြာညိုပန်းတိုက် အဆင်းရှိ၍ ဥပ္ပလဝဏ္ဏာဟု မှည့်ခဲ့သည်။

အရွယ်ရောက်သော် ဇမ္ဗူဒိပ်ကျွန်းအလုံးရှိ မင်းသူဌေးအားလုံးကပင် သူဌေးကြီးထံ သမီးတောင်းလာခဲ့ကြသည်။ မတောင်းခံသော မင်းသူဌေးဟူ၍ မရှိချေ။ ထို့ကြောင့် သူဌေးက သမီးဖြစ်သူအား ရဟန်းမ ပြုနိုင်ပါမည်လောဟု မေးရာ သမီးဖြစ်သူကလည်း ဝမ်းသာဝိတိကြီးစွာဖြစ်လျက် ရဟန်းမ ပြုပါမည်ဟု ဖြေခဲ့သည်။

သို့နှင့် ဘိက္ခုနီကျောင်းတွင် ဥပ္ပလဝဏ္ဏာ ဘိက္ခုနီမ ဖြစ်လာခဲ့သည်။ အရှင်မသည် ဆီမီးကို ထွန်းညှိ၍ ဥပုသ်အိမ် သိမ်အပြင်ကို တံမြက်လှည်းပြီး လျှင် ဆီမီးတော့က်အညွှန့်၌ ကမ္မဋ္ဌာန်းအာရုံနိမိတ်ကို ရယူလျက် ရပ်တည်လျက်ပင် အကြိမ်ကြိမ်အဖန်ဖန် ဆီမီးညွှန့်ကို ကြည့်ရှု၍ တေဇောကသိုဏ်းကို အာရုံပြုသော ဈာန်ကိုရပြီး ထို တေဇောကသိုဏ်းဈာန်သမာဓိကို အခြေပြုကာ ဝိပဿနာပွားများ အားထုတ်လေလျှင် မကြာမီပင် အရဟတ္တဖိုလ်သို့ ရောက်ပြီး တန်ခိုးဖန်ဆင်းခြင်း၌ ဝသီဘော်ငါးတန် လေ့လာနိုင်နင်းပြီးသူ ဖြစ်ခဲ့သည်။

ဂေါတမဘုရားရှင် ခုနစ်ဝါအရ တွင် တာဝတိံသာသို့ကြွ၍ မယ်တော် နတ်သား အမှူးပြုသော နတ်ပြဟ္မာတို့အား အဘိဓမ္မာဟောရန် မသွားမီ တိဿတို့အား ယဝိုက်ပြာဋိဟာ ပြတော်မူစဉ် ဥပ္ပလဝဏ်ထေရီကလည်း တန်ခိုးပြာဋိဟာ ပြခွင့်ပြုရန် ခွင့်တောင်းခဲ့သည်။

"အရှင်မြတ်ဘုရား၊ တပည့်တော်မသည် (၁၂) ယူဇနာအတိုင်း အရှည်ရှိသော ပရိသတ်တို့ကို ဖန်ဆင်း၍ (၃၆) ယူဇနာ အဝန်းအဝိုင်းရှိသော စကြဝဠာမင်း၏ ပရိသတ်ဖြင့် ခြံရံအပ်လျက် စကြာမင်းအသွင် ဖန်ဆင်းလာရောက်၍ အရှင်မြတ်အား ရှိခိုးပါမည်" ဟု လျှောက်ထားခဲ့သော်လည်း ဘုရားရှင်က ခွင့်မပြုခဲ့ချေ။

ဤသည်ကို အကြောင်းပြု၍ နောင်တစ်ချိန်တွင် တန်ခိုးနှင့် ပြည့်စုံကြသည့် "သာဝိကာ ဘိက္ခုနီမတို့တွင် အသာဆုံး၊ အမြတ်ဆုံးအဖြစ် ဥပ္ပလဝဏ်ထေရီကို တေဒဂ်ရာထူး၌ ထားခဲ့သည်။

မကောင်းမှုပြုရန် ဆိတ်ကွယ်ရာမဲ့ ဖြစ်တော်မူခြင်းတည်း ဟူသော အရဟံဂုဏ်တော်သည် ဘုရားပစ္စေက ဗုဒ္ဓါ ရဟန္တာအရှင်မြတ်ကြီးတို့၏ လေးမြတ် ကြည်ညိုဖွယ် ဂုဏ်တော်ကြီးပင် ဖြစ်သည်။

ကျင်လည်ခဲ့ရာ ဘဝသံသရာ အဆက်ဆက်က ပြုမှားမိခဲ့သော အကုသိုလ်ကံသည် ပစ္ဆိမဘဝိကသားရဟန္တာ ဖြစ်ခဲ့တိုင် အကျိုးပေးတတ်သည်ဖြစ်ရာ ထိုအကုသိုလ်ကြောင့် ဖြစ်လာသည့် ကြုံရသည့် လူတို့၏နှတ်မှ ရွှတ်ချပြစ်တင်ခံရမည့်အဖြစ်မျိုး၊ အခြေအနေမျိုးကို ဆိတ်ကွယ်ရာတွင် ကြုံတွေ့ခဲ့ရစေကာမူ မိမိ၏ သန့်စင်သော်သိလအကျင့် သိက္ခာကြောင့် လူအများသိစေရန် ဖော်ထုတ်ပြောဆို အသိပေးသည်သာ ဖြစ်သည်။

သို့အတွက်လည်း နောက်ဆုံးတွင် အထင်အမြင် လွဲမှားမှုကို ချေဖျက်ပြီး အမှန်တရားကို ပေါ်ပေါက်စေခဲ့သည်သာ ဖြစ်၏။

လူယုတ်မာတစ်ဦး၏ စော်ကားမှုကို ခံခဲ့ရသော ဥပ္ပလဝဏ်ထေရီအရှင်မ၏ ဖြစ်ရပ်က ဤအချက်ကို ပေါ်လွင်စေခဲ့ပါသည်။ အစဝိုင်းတွင် ဘိက္ခုနီရဟန်းမတို့သည် ဘိက္ခုရဟန်းများ နည်းတူ စောကျောင်းတွင်သာ သီတင်းသုံးခဲ့ကြသည်။

ဥပ္ပလဝဏ်ထေရီမ၏ ဦးရီးသား ဖြစ်သူ နန္ဒလုလင်သည် အရှင်မ လူဝတ်ကြောင်ဘဝကပင် စွဲလမ်းတပ်မက်ခဲ့သူ ဖြစ်၏။ သာဝတ္ထိပြည်သို့ အရှင်မ ဆွမ်းခံထွက်နေစဉ် အရှင်မ၏ ကျောင်းထဲသို့ ဝင်ကာ အိပ်ရာညောင်စောင်းအောက်တွင် ပုန်းနေခဲ့သည်။

အရှင်မ ပြန်ကြွလာ၍ ကျောင်းထဲအဝင်တွင် အရှင်မက တားမြစ်သည်ကို ဂရုမစိုက်ဘဲ အရှင်မအား သူ ဆန္ဒရှိသည့်အတိုင်း စော်ကားခဲ့သည်။

ပြန်အထွက်တွင် မိုက်မဲယုတ်မာလှသည့် နန္ဒလုလင်အား မဟာမထဝီမြေကြီးသည် ဆောင်ထားလိုခြင်းမရှိ သဖြင့် နှစ်ခြမ်းအက်ကွဲကာ နန္ဒလုလင်အား မဟာအဝီစိငရဲသို့ ရောက်စေခဲ့သည်။

မည်သူမျှ သိရှိခြင်း၊ မြင်တွေ့ခြင်း မရှိသည့်တိုင် အရှင်မသည် ဤဖြစ်ရပ်ကို သီတင်းသုံးဖော်ရဟန်းမတို့အား သိစေခဲ့သည်။

ထိုမှ ရဟန်းယောကျ်ားတို့သိကြပြန်သည်။

နောက်ဆုံးတွင် ဘုရားရှင်ထံ လျှောက်တင်ကြသည်။

"ရဟန်းတို့ ငါဘုရား၏ တပည့်သား ဖြစ်ကုန်သော ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ ဥပါသကာ ယောကျ်ား၊ ဥပါသိကာမိန်းမ တို့၌ အမှတ်မထင် တစ်စုံတစ်ယောက်သော သူမိုက်သည် မကောင်းမှု အကုသိုလ်ကံကို ပြုလုပ်၏။ ထိုသူမိုက်သည် ထိုအမှုကို နှစ်သက်အားရ တက်ကြွစွာ ပြုလုပ်တတ်ကြသည်သာ ဖြစ်၏"

ဟု မိန့်ကြားကာ ဤဂါထာကို ဟောတော်မူခဲ့သည်။

"မဓုဝါ မညတိ ဘာလော၊
ယာဝပါပံ န ပစ္စတိ။
ယဒါ စ ပစ္စတိ ပါပံ၊
ဘာလောဒုက္ခံ နိဂစ္ဆတိ။"

www.burmeseclassic.com

www.burmeseclassic.com

"အကြင်မျှလောက်သော ကာလပတ်လုံး မကောင်းမှုကံသည် အကျိုးမပေးသေး၊ ထိုမျှလောက်သော ကာလပတ်လုံး ထိုမကောင်းမှုကံကို သူမိုက်သည် ပျားအရသာကဲ့သို့ မှတ်ထင်အောက်မေ့သည်၊ အကြင်အခါ၌ကား မကောင်းမှုကံသည် အကျိုးကို ပေး၏။ ထိုအခါ၌ ထိုသူမိုက်သည် ဆင်းရဲခြင်းသို့ ရောက်ရလေ၏"

လူအများ သောတာပတ္တိဖိုလ် စသည်တို့ ရောက်စေသော ဒေသနာတော်တည်း။

ပုထုဇဉ် သဘာဝအတိုင်း စင်ကြယ်သန့်စင်သူက နိုးသားပွင့်လင်းစွာ အသိပေးသည့် ဖြစ်ရပ်အပေါ် စကားတင်း ဆိုကြကုန်သည်။

"ရဟန္တာ ပုဂ္ဂိုလ်တို့သည်လည်း ငါးပါးအာရုံကာမဂုဏ်ကို ခုံမင်နှစ်သက်သာယာကြပြီး မှီဝဲကြသည်သာတည်း၊ ရဟန္တာတို့သည် သစ်ငုတ်ခြောက်များ မဟုတ်၊ တောင်ပို့လည်းမဟုတ်၊ အသွေးအသားရှိကြသူများဖြစ်ရာ ကာမဂုဏ်ကို သာယာကုန်၏ မှီဝဲကြကုန်သည် ဖြစ်သည်"

ဤစကားသံကို ဘုရားရှင် ကြားသိတော်မူသောအခါ ရဟန္တာတို့သည် ကာမဂုဏ်ကို မသာယာ၊ မမှီဝဲကြ၊ ရဟန္တာတို့၏စိတ်၌ နှစ်ပါးသော ဝတ္ထု ကာမကိလေသာ ကာမတို့ မကပ်ငြိမတည်တံ့နိုင်သည်ဖြစ်၏ဟု မိန့်တော်မူကာ ဤဂါထာကို ဟောတော်မူခဲ့သည်။

"ဝါရိ ပေါက္ခရ ပတ္တေဝ၊
အာရဂ္ဂေရိဝ သာသပေါ။
ယောန လိမ္ပတိ ကာမေသု၊
တ မဟံဗြူမိ ဗြာဟ္မဏံ။"

"ရေသည် ကြာရွက်၌ မကပ်ငြိမတည်တံ့သကဲ့သို့လည်းကောင်း၊ မုန်ညင်းစေ့သည် ပွတ်ဆောက်ဖျားဌ မကပ်ငြိ မတည်တံ့သကဲ့သို့ လည်းကောင်း၊ ဤအတူ အကြင်ပုဂ္ဂိုလ်သည် နှစ်ပါးသော ကာမတို့၌ မကပ်ငြိ မတည်တံ့၊ ထိုပုဂ္ဂိုလ်ကို ငါဘုရားသည် မကောင်းမှုကို အပပြုပြီးသောသူဟူ၍ ဟော'တော်မူ၏"

ထို့နောက် ဘုရားရှင်သည် ကောသလမင်းကြီးအား ခေါ်တော်မူ၍ မိန့်တော်မူခဲ့သည်။

ဗီမိ၏ သာဿနာဝယ် အမျိုးကောင်းသားနည်းတူ၊ အမျိုးကောင်းသမီးတို့သည်လည်း ကာမဂုဏ် စည်းစိမ်တို့ကို စွန့်၍ ရဟန်းပြုကြပြီး တော်၌ နေကြကုန်သည်။

ထိုသို့ တော်၌နေကြကုန်သော ရဟန်းမိန်းမတို့ကို ရာဂဖြင့် စွဲလမ်းတပ်မက်သော ယုတ်မာသော ပုဂ္ဂိုလ်တို့သည် ယုတ်မာစွာ ညှဉ်းဆဲ ပြုမူကြကုန်သည်ဖြစ်၍ မြတ်သောအကျင့်၏ အန္တရာယ်သို့ ရောက်စေကြသည် ဖြစ်ရာ ရဟန်းမိန်းမ သံဃာအပေါင်းတို့၏ အလို့ငှာ နေရာကျောင်းကို မြို့အတွင်းသာ ပြုပေးစေလိုသည်ဟု မိန့်တော်မူခဲ့သည်။

ကောလသမင်းသည် မြို့၏ တစ်ခုသော နံပါး၌ ရဟန်းမိန်းမသံဃာ အပေါင်းအတွက် နေရာကျောင်းတို့ကို ဆောက်လုပ်ပေးခဲ့သဖြင့် ရဟန်းမိန်းမတို့သည် မြို့တွင်းရွာတွင်း၌ နေထိုင်ခဲ့ကြရတော့သည်။

လူနတ်ဗြဟ္မာ သတ္တဝါတို့အား နိဗ္ဗာန်ဆီသို့ ကယ်ဆောင်ပို့ပေးတော်မူခဲ့သော ဂေါတမဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် နိဗ္ဗာန်သို့ စံဝင်တော်မူခဲ့ပေပြီ။

တပဿုသာဝက ရဟန္တာအရှင်မြတ်ကြီးတို့သည်လည်း သာသနာဝန်ကို ကောင်းစွာ ထမ်းဆောင်တော်မူခဲ့ကြပြီး ပရိနိဗ္ဗာန်ပြုတော်မူကြကုန်ပြီ။

လွန်ခဲ့သော ကမ္ဘာတစ်သိန်းထက်က ပဒုမုတ္တရဘုရားရှင်ရှေ့တော်မှောက်တွင် ဆုပန် ဗျာဒိတ်ခံခဲ့ပြီး ဂေါတမဘုရားရှင်သာသနာဝယ် တန်ခိုးအာနုဘော်ရခဲ့သော အရှင်မ ဥပ္ပလဝဏ်ထေရီသည်လည်း ခန္ဓာဇာတ်သိမ်း၍ နိဗ္ဗာန်စခန်းသို့ ပြောင်းတော်မူခဲ့ပေပြီ။ ခပ်သိမ်းသော ရုပ်နာမ်ခန္ဓာဟူသမျှသည် အဆုံး၌ မမြဲခြင်း၊ ပျက်စီးခြင်းသာ ဖြစ်ကြရပေသည်တကား။

ရုပ်နာမ်ခန္ဓာ ဟူသမျှတို့သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ တရားအစုတို့သာ ဖြစ်ကြပေသတည်း။

ဘေးရန်ကြောင့်ကြ ဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

လင်းယဉ်ဉာဏ်

ကျမ်းကိုးစာရင်း

၁။ မဟာဗုဒ္ဓဝင် (၆)တွဲ (မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး)

၂။ ငါးရာငါးဆယ်ဇာတ်တော်ကြီးဝတ္ထု (၅)တွဲ (ညောင်ကန်ဆရာတော်ဘုရား)

၃။ ပုံတော်စံ ဓမ္မဟဒဝတ္ထုတော်ကြီး (အရှင်ဓမ္မသာမိဘိဝံသ)

၄။ မဟာနိပါတ်ဇာတ်တော်ကြီး ဆယ်ဘွဲ့ (အရှင် ဦးဩဘာသ၊ အရှင် ပညာတိက္ခ၊ အရှင်နန္ဒမေဓာ)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

"ဆန်နှစ်ပြည်စီ ပေးနေတယ်၊ သွား သွား မြန်မြန်သွားကြ"

"ဟဲ့ ကျော်ဦး၊ ဟဲ့ ဟဲ့၊ ထစမ်း၊ ထစမ်းပါဟဲ့၊ ဟိုအနားမှာ တစ်ယောက်ကို ဆန်နှစ်ပြည်စီ ပေးနေတယ်၊ ငါ သွားယူပြီးသွားပြီ၊ နင် သွားလိုက်စမ်း၊ နှစ်ပြည်ထပ်ရအောင်"

"ဟာ- အမေကလည်း ဘာလဲ အမေရာ၊ ဒီမှာ အိပ်နေတာ မတွေ့ဘူးလား၊ မသွားချင်ပါဘူး"

"အေး အေး၊ အိပ် အိပ် နင် တစ်ခါတည်း အပြီးသာ အိပ်လိုက်၊ ပြန်မထနဲ့တော့၊ ဟွန်း တစ်ခါတည်း မပြောလိုက်ချင်ဘူး"

ကျွန်တော်တို့ နေထိုင်သော ရပ်ကွက်လေးထဲတွင် ခရစ်ယာန်အသင်းမှ ဆန်လှူနေခြင်း ဖြစ်သည်။ သူတို့ ဘာသာဝင်တွေကိုရော အခြားသူများကိုပါ ဆန်နှစ်ပြည်စီ ပေးဝေနေခြင်းဖြစ်သည်။

သူတို့ ဘာသာဝင်များအပြင် ကျန်သူများကိုလည်း စည်းရုံးခြင်းဖြစ်သည်။ ကျွန်တော့် ရပ်ကွက်လေးသည် မြို့စွန်တစ်နေရာတွင် တည်ရှိသဖြင့် ဆင်းရဲသူ ဆင်းရဲသားများ အများစုဖြစ်သည်။ ထို့ကြောင့် ဆန်နှစ်ပြည်ရလျှင်လည်း မနည်းဟု ယူဆကြရင်း သွားရောက် တန်းစီယူကြခြင်း ဖြစ်သည်။

အမေကတော့ ဆန်နှစ်ပြည် ရရန် တန်းစီပြီးသွားပြီ ဖြစ်သည်။ နောက်ထပ်နှစ်ပြည်ရရန် အိပ်နေသော ကျွန်တော့်ကို နှိုး၍ သွားခိုင်းခြင်းဖြစ်သည်။ သို့သော် ကျွန်တော် မထသဖြင့် အမေလည်း ထမင်းဟင်းချက်ရန် မီးဖိုခန်းသို့ ဝင်သွားတော့သည်။

ကျွန်တော်လည်း နိုးသွားပြီ ဖြစ်သဖြင့် ထလိုက်သည်။

မြို့နှုန်းခနဲ့ မထနိုင်သေး။ နေ့လည်ရက်ဆက်သောက်ထားသောအရှိန်များကြောင့် "အေ့ ဟေ့ အော့" လေတွေ ပျို့တက်လာရင်း ဒယီးဒယိုင်ဖြင့် ဘေးမှထရံကို အားပြုရင်း ထလိုက်သည်။

ပြီးတော့...

"အမေ၊ ကျွန်တော့် အတွက် ပိုက်ဆံဖေးလေ"

"အေး အေး၊ ရော့ ရော့"

ယုပြောရင်း အမေသည် သူ့ခါးကြားမှ စွေးရောင်း၍ ရသော ပိုက်ဆံလေးများကို ထုတ်ကာ တချို့ တစ်ဝက်ကို ဖယ်ရင်း လှမ်းပေးသည်။

"သား ကျော်ဦး၊ နင့်မလည်း မိုးလင်းတာနဲ့ ဆိုင်တန်းသွားတော့ တာပဲနော်၊ လူရှုပ်ကို မပေါက်တော့ဘူး၊ ထမင်းတော့ ပြန်စားခဲ့နော်၊ ကြားလား အမေ ချက်ထားမယ်"

အမေ ပေးသော ပိုက်ဆံကို အလျင်စလို ယူလိုက်ရင်း-

"အင်းပါ အမေရယ်၊ ကျွန်တော် ပြန်စားပါ့မယ်" ဟုပြောရင်း ကျွန်တော် ထွက်လာခဲ့သည်။

ကျွန်တော် ခုအရွယ်ရောက်သည်အထိ ဘာအလုပ်မှ ဟုတ်တိုပတ်တီမလုပ်။ နေ့သောက် ညသောက်ဖြင့် သာ အချိန်ကုန်ခဲ့ရသည်။ ကျွန်တော်တို့ သားအမိဘဝဟာ ဒီလိုနဲ့ပဲ သံသရာလည်နေခဲ့သည်။

အမေက ကျွန်တော်တို့ မြို့လေးရှိ စွေးတွင် ဗန်းတစ်ခုဖြင့် မြင်းစားမြက်ကလေးများ၊ နတ်ဆက်ကြသော ကည္ဘတ်လေးများကို စည်း၍ ရောင်းချရင်း စားဝတ်နေရေးအတွက် ဖြေရှင်းသည်။ အမေတစ်ခု သားတစ်ခုတည်းမို့ ကျွန်တော့်ကိုလည်း အလွန်ချစ်ရှာပါသည်။

ကျွန်တော့်အား အမေငယ်စဉ်ကတော့ သူရှိသမျှအားတို့ဖြင့် ကြိုးစားရုန်းကန်ရင်း ကျောင်းနေစေခဲ့ပါသည်။ ကျွန်တော် (၇)တန်းအောင်၊ (၈)တန်းရောက်တော့ အရွယ်ကလေးကြီးလာပြီမို့ အမေစကားလည်း နားမထောင်တော့၊ ရပ်ကွက်ထဲမှ ဆိုးပေသူများနဲ့ ပေါင်းမိကာ ခပ်ဆိုးဆိုး လူငယ်တစ်ယောက် ဖြစ်လာတော့သည်။

အရက်သောက်ခြင်းကတော့ ကျွန်တော်ရဲ့ ပင်တိုင်ပေါ့။ တစ်ခါတစ်ရံလည်း အဖော်များနှင့် ဖဲဝိုင်းများသို့ ပါသွားတတ်သည်။

အစဝိုင်းတွင်တော့ အမေက-

"ဟဲ့ ကျော်ဦး၊ နင် ကျောင်းကောင်းကောင်းတက်" ဟု ပြောပါသေးသည်။ နောက်ပိုင်းတွင် မပြောတော့။

အမေသည် သားအမိ နှစ်ယောက် စားဝတ်နေရေးအတွက်ရော ကျွန်တော်တောင်းသမျှ ပေးနိုင်အောင်ရော ရုန်းကန်နေရသဖြင့် ကျွန်တော့် အားလည်း ကြပ်ကြပ်မတ်မတ် မဆိုဆုံးမနိုင်သလို သူကိုယ်တိုင်လည်း ငယ်စဉ်ကတည်းကအတန်းပညာမတတ်မြောက်ခြင်း၊ အခြေခံလူတန်းစားများကြားတွင်သာ ကျင်လည်ခဲ့ရသဖြင့် ဆိုဆုံးမနိုင်မှု သိပ်မရှိခဲ့။

အမေ အရွယ်ငယ်စဉ်ကတော့ စွေးရောင်းခြင်း၊ သူများ အိမ်များတွင် ဦးစေသမျှ လုပ်ပေးခြင်းများမှ ရရှိသော ငွေဖြင့် ကျွန်တော် လိုအပ်သမျှတို့ကို မည်သည်းမည်၊ ဖြည့်ဆည်းပေးခဲ့ရှာပါသည်။ အခုတော့ အသက်အရွယ်ကလည်း ရလာပြီမို့ အရင်လောက်တော့ အလုပ်မလုပ်နိုင်တော့။ ဒါပေမဲ့လည်း အမေသည် ကျွန်တော့်အတွက် တတ်နိုင်သလောက် ပြည့်စုံအောင်တော့ ဖြည့်ရှာပါသည်။

အမေ ဘယ်လိုပဲ ဖြည့်ခဲ့ဖြည့်ခဲ့ ကျွန်တော်ကတော့ နားမလည်ခဲ့ပါ။ လိုချင်လျှင် လက်ဖြန့်တောင်းသည်။ အလုပ်လုပ်ဖို့ ပြောလျှင် ငြင်းသည်။ အမေ အသက်ဘယ်လောက်ရှိပြီ အမေ အသက်ကြီးလှပြီ၊ အမေ အခုချိန်ထိ ငါ့ကို လုပ်ကျွေးနေသည် စသဖြင့် အကြောင်းတို့ကို ကျွန်တော်တစ်ခါမှ လည်းမတွေးခဲ့။ တစ်ခါမှလည်း မစဉ်းစားခဲ့။ အမေကို ပြန်လုပ်ကိုင်ကျွေးဖို့ နေနေသာသာ ကျွန်တော့်ကို အမေ တစ်သက်လုံး ဒီအတိုင်း ဖြည့်ဆည်းပေးနေလိမ့်မည်ဟုလည်း ထင်နေခဲ့သည်။

ဘေးလူများက အမေ့ကို သနားကြ၍ ပြောကြသောအခါများတွင်

www.burmeseclassic.com

www.burmeseclassic.com

"ဒေါ်ရင်မြ၊ ခင်ဗျားသားကို အလုပ်လေး ဘာလေးလုပ်ခိုင်းလေ"

"ဟဲ့ သူဘာသူနေတာ နေပါစေဟယ်၊ သူ မလုပ်လည်း စားနေရတာပဲ"

"ဘယ်ဟုတ်မလဲ ဒေါ်ရင်မြရဲ့၊ အခုနေ ခင်ဗျား နေထိုင်မကောင်းဖြစ်ရင် ဘယ်လိုလုပ်မလဲ"

"ငါက ဘာလို့နေမကောင်းဖြစ်ရမှာလဲ၊ ဒီလောက် ကျန်းမာရေးကောင်းတဲ့ဟာကို၊ ဟိုငယ်ငယ်ကတည်းက အခုချိန်ထိ တစ်ခါမှ နေမကောင်းဖြစ်ဖူးပါဘူးဟယ်" ဟူ၍ အမေအမြဲတံပြန်တတ်သည်။

တချို့က-

"ဒေါ်ရင်မြ၊ ခင်ဗျား အသက်လည်းကြီးပြီ၊ ဒီသားကိုပဲ လုပ်ကျွေးမနေနဲ့၊ ဥပုသ်ကျောင်းလေး ဘာလေးလည်း သွားပါဦးလား၊ ဥပုသ်လေး ဘာလေး စောင့်ဦးလေ၊ အလှူအတန်းလေး ဘာလေးလည်း လုပ်ဦးမှပေါ့ဗျ"

"ဟဲ့ ငါက ဘာမကောင်းတာမှ မလုပ်တာ၊ ဘာအဲလှူတွေ ဥပုသ်တွေ စောင့်စရာမလိုပါဘူး"ဟု ပြန်ပြောတတ်သည်။ ဘေးလူတွေကလည်း အမေ့ကို ကြည့်ရင်း သက်ပြင်းသာ ချနိုင်ကြတော့သည်။

အမေသည် ကျွန်တော် ငယ်စဉ်ကတည်းက မုဆိုးမဘဝဖြင့် ရုန်းရင်းကန်ရင်း ဘုရား၊ တရား၊ သံဃာဆိုသော အရာတွေကိုလည်း အလေးထားမိပုံ မပေါ်။ ပညာလည်း မတတ်သဖြင့် အနာဂတ်အတွက်လည်း ချင့်ချိန်နိုင်ပုံမရ။ အခု လက်ရှိအချိန်နှင့် ကျွန်တော့်အတွက်သာ တွေးတတ်ပုံပေါ်သည်။

သူစိတ်ထဲတွင် သူ့ဈေးရောင်းမည်။ ရသမျှ ပိုက်ဆံလေးတွေထဲက ကျွန်တော်နှင့် သူအတွက် စားဖို့ ဖယ်မည်။ နောက်တစ်နေ့ အရင်းအတွက် ဖယ်မည်။ ကျွန်တော် ပိုက်ဆံတောင်းလျှင် ပေးမည်။ ကျွန်တော် ဘာသုံးမည်။ အရက်သောက်မည်၊ ဖဲရိုက်မည်ကို သူ စဉ်းစားနေပုံ မပေါ်။ ကျွန်တော့် မျက်နှာရွှင်လန်းနေလျှင် သူကျေနပ်နေမည်။

တကယ်တော့ အမေ ကျွန်တော့်ကို ချစ်သော အချစ်သည် ပညာမဲ့ချစ်ခြင်း ဖြစ်နေသည်ကို အမေရော ကျွန်တော်ပါ မသိခဲ့ကြပါ။

ဘျဖြည်းဖြည်းနဲ့ ဇရာဆိုသော လက္ခဏာတို့က အမေ့ကို သတိပေးလာကြသည်။ အရင်လောက် စွေးပစ္စည်းလေးတွေ တင်မရွက်နိုင်တော့။ ဒါပေမဲ့ အမေကတော့ မလျှော့။ ကျွန်တော့် အတွက်ဟူသော အသိဖြင့် သူ့ကို တိုက်ခိုက်လာတဲ့ ဇရာကို အန်တုဖျဉ်ပြိုင်ရင်ဆိုင်နေဆဲ။

"အမေ၊ ကျွန်တော့်ကို ပိုက်ဆံပေးပါဦး"-

နေ့စဉ် တောင်းနေကျအတိုင်း ကျွန်တော်လက်ဖြန့်သည်။ အမေကလည်း ထည့်ပေးသည်။

"ဟဲ့ သား ကျော်ဦး၊ ဒီနေ့တော့ ဒါပဲယူသားရယ်၊ အမေ မနေ့က စွေးမထွက်လို့ ဒါပဲရှိတယ်၊ နင်ပြန်လာလို့ အမေအိပ်နေရင် ဟိုစကာလေးအောက်မှာ ထမင်းနဲ့ဟင်း ချန်ထားမယ်၊ မင်း ဘာသာမင်း ထည့်စားလိုက်၊ ကြားလား"

ညီးရော်ရော် အမေ့မျက်နှာကို လည်း ကျွန်တော် အကဲမဖမ်း။

ကျွန်တော် အမေ့ကို ဘာမျှ ပြန်မပြောတော့ပဲ ဘရက်ဆိုင်သို့သာ သုတ်ခြေတင်လာခဲ့တော့သည်။

ကျွန်တော် အိမ်ပြန်ရောက်တော့ အမေမှာခဲ့သည့်အတိုင်း အမေချန်ထားသော ထမင်းနှင့်ဟင်းကို စားလိုက်သည်။ ပြီးတော့ စားလက်စပန်းကန်များကို ဒီအတိုင်းထားပစ်ခဲ့ပြီး လက်ပင်မဆေးနိုင်တော့ဘဲ မူးနေသည့် အရှိန်ဖြင့် တန်းအိပ်လိုက်တော့သည်။ ရင်တွေပူလွန်းသဖြင့် ရေ ထသောက်လိုက်၊ လူးလိုက်၊ လှိမ့်လိုက်လုပ်နေရင်း အမေထသံ ကြားလိုက်သည်။

ကျွန်တော် မျက်လုံးလေးကို အသာဖွင့်ကြည့်လိုက်တော့ ကျွန်တော် စား၍ ကျန်သော ထမင်းနှင့် ဟင်းလေးများကို နယ်ဖတ်စားနေကြောင်း တွေ့လိုက်ရသည်။

ဘာကြောင့် ဘာ့အတွက်ဟု ကျွန်တော် စဉ်းစားမနေ။ ကျွန်တော် မျက်လုံးကိုမှိတ်၍ ပြန်အိပ်လိုက်သည်။

ကျွန်တော် အိပ်ရာမှ နိုးလာသည်။ ထသည်။ အမှတ်တမဲ့ အမေ့စွေးဗန်းကို ကြည့်လိုက်တော့ စွေးဗန်းထဲတွင် မြင်းစားမြက်လေး နှစ်စည်းသုံးစည်းနှင့် ကညွတ်လေး သုံးလေးစည်းသာ တွေ့ရသည်။ အရင်လို အမေ့စွေးဗန်းအတွင်း ရောင်းကုန်ပစ္စည်း ဝေဝေဆာဆာမရှိ။ ဒါတွေ့ ကျွန်တော် မသိပါ။

အမေက-

"ကျော်ဦး၊ အမေ ညနေစွေးထွက်လိုက်ဦးမယ်" ဟု လှမ်းပြောသော်လည်း ကျွန်တော် အလေးမစိုက်မိ။

"အမေ၊ ကျွန်တော့်ကို ပိုက်ဆံသုံးဖို့ပေးတာ နည်းနည်းလာတယ်၊ ကျွန်တော် မလောက်ဘူး" ဟုသာ ပြောလိုက်သည်။

ဒီအရွယ် ဒီအချိန်ထိ ကျွေးမွေးစောင့်ရှောက်ခဲ့တာကိုလည်း ကျွန်တော် မသိ။ အမေ ဘယ်အသက်ဘယ်အရွယ် ရောက်နေပြီကိုလည်း နားမလည်။ ဘာဆိုဘာမှ အမေ့အတွက် ကျွန်တော် မတွေးခဲ့။ အမေကို တစ်လှည့်ပြန်လည် ပြုစုရမည်မှာလည်း ကျွန်တော့်ကိစ္စ မဟုတ်။ အမေ ကျွန်တော့်ကို ပိုက်ဆံပေးတာ နည်းသည်၊ များသည်သာ ကျွန်တော့်ကိစ္စဖြစ်သည်။

နောက်နေ့များတွင် သောက်စားမူးယစ်ဖို့ ကျွန်တော် အမေ့ဆီမှ လုံလုံလောက်လောက် ပိုက်ဆံ မရသဖြင့် စိတ်ညစ်နေမိသည်။ အိမ်ပြန်ရောက်လျှင်လည်း အရင်လို ထမင်းဟင်းတို့က များများ မရှိသည့်ပြင် ဟင်းတို့ကလည်း ကောင်းကောင်းမွန်မွန် မဟုတ်တော့။

●

သောက်၍ မဝသေးသော်လည်း ကျွန်တော့်တွင်ပါသော ပိုက်ဆံကုန်ပြီမို့

www.burmeseclassic.com

ဆိုင်မှ ထွက်ခဲ့သည်။ အချိန်ကတော့ ဆယ်နာရီလောက်သာ ရှိလိမ့်ဦးမည်။ ကျွန်တော် အိမ်ရှိရာ ရပ်ကွက်အစွန် ဘက်သို့ ပြန်လျှောက်လာရင်း ကုတ္တိုပင် တစ်ပင်အောက်တွင် ဘုန်းကြီးတစ်ပါး ဒယိတ်နှင့် ဆွမ်းချိုင့်လေးကို ဘေးချထားရင်း သူဦးခေါင်းလေးကို လက်ဖြင့် ဖိကာ ထိုင်နေတာ တွေ့လိုက်ရသည်။ ကျွန်တော် ကွေ့ရှောင်သွားစဉ် -

"ဒကာလေး ဒကာလေး"

ဘုန်းကြီး၏ ခေါ်သံကြောင့် ကျွန်တော် ရပ်လိုက်သည်။

"ဘုန်းဘုန်း ကျွန်တော့်ကို ခေါ်တာလား"

"ဘုန်းဘုန်း နေရှိန်ကြောင့် ခေါင်းတွေ မူးနောက်လာလို့ လမ်းဆက် မလျှောက်နိုင်ဘူး ဖြစ်နေတယ်ကွဲ့၊ အဲဒါ ဘုန်းဘုန်းကျောင်းကို သပိတ်နဲ့ ဆွမ်း ချိုင့်လေး လိုက်ပို့ပါလား"

ကျွန်တော်လည်း အိမ်မပြန်ချင် သေးသဖြင့် ဘုန်းကြီးကျောင်းသို့ လိုက် ခဲ့တော့သည်။

"ကျေးဇူးတင်ပါတယ် ဒကာ လေးရယ်၊ ကဲ ဆွမ်းတော့ ဘုဉ်းမပေး တော့ဘူး၊ မုန့်လေးနည်းနည်းစားပြီး ဆေးသောက်လိုက်ဦးမယ် ဒကာလေး၊ ဘုန်းဘုန်းက တစ်ပါးတည်းနေတာဆို တော့ အဲဒီဆွမ်းတွေကို ဆွမ်းတော် ကပ်ပြီး ဒကာလေး စားလိုက်တော့၊ ပိုတာတွေကို နယ်ဖတ်ပြီး ခွေးလေး တွေ၊ ကြောင်လေးတွေကို ကျွေးပေးခဲ့ပါ ဒကာလေးရယ်"

ဘုန်းကြီးက ပြောတော့-

"ကျွန်တော် ဘုရားဆွမ်းတော် မကပ်တတ်ဘူး၊ ဘယ်လို လုပ်ရမှာလဲ"

"ဟင်" ဘုန်းကြီး ကျွန်တော့်ကို ကြည့်၍ အံ့သြသွားလေသည်။

ဘုန်းကြီးကျောင်းကို ကျွန်တော် သဘောကျသွားမိသည်။ သစ်ပင်ရိပ် တို့ဖြင့် အေးမြနေသည်။ ကျယ်ကျယ် ဝန်းဝန်းလည်းရှိသည်။ အိပ်လျှင်လည်း အလွန်အေးလိမ့်မည်ဟု ထင်မိသည်။

"ဘုန်းကြီး၊ တပည့်တော် နေခင်း အိပ်ပြီး ညနေမှ ပြန်လို့ရလား"

"ရပါတယ် ဒကာလေး၊ ဘုန်းကြီး ကျောင်းပဲကွယ်၊ နားခိုလိုသူ နားခိုနိုင် ပါတယ်"

အမေပေးသော ပိုက်ဆံ အရမ်း နည်းလွန်းသဖြင့် အရက်ကို ခါတိုင်းလို အများကြီး မသောက်နိုင်တော့။ အနည်း ငယ်လောက်သာ သောက်ရသည်။ ဒါကြောင့် အရမ်းမမူး၊ အရက်နံ့လည်း သိပ်မထွက်၊ ဘုန်းကြီးက ရိပ်မိပုံမပေါ်။ ချောင်းတွေကတော့ ပိုမိုဆိုးလာသည်။ တစ်ခါတစ်ရံ သွေးများပါအောင်ပင် ဆိုးတတ်သည်။

နောက်နေ့များတွင်လည်း ဘုန်း ကြီးအား ဆွမ်းချိုင့်လိုက်ပို့ရင်း ဆွမ်း ကျန်ကွမ်းကျန်စားပြီး နေ့လယ်ဘက်များ တွင် ကျောင်း၌ အိပ်အိပ်နေခဲ့သည်။ အမေ့အိမ်တွင် ဘယ်လို ဘယ်ပုံ စား သောက်နေထိုင်သည်ကို မစဉ်းစားခဲ့။

ဒီလိုနဲ့ ရက်တွေ ကြာလာတော့ ဘုန်းကြီးနှင့်လည်း ရင်းနှီးလာသည်။

ဒီနေ့လည်း စားသောက်ပြီး အိပ် ဖို့ပြင်နေစဉ် ဘုန်းကြီးရောက်လာပြီး-

"ဒကာလေး အိပ်တော့မလို့လား၊ ဒကာ့အကြောင်းလေး ဘာလေး ဘုန်း ကြီးကို ပြောပြပါဦး"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့ပါ"

"နေပါဦး ဒကာလေး ဗုဒ္ဓဘာ သာဝင်တော့ ဟုတ်ပါတယ်နော်" ဟု ဆိုတော့ -

"ဗုဒ္ဓဘာသာ ဟုတ်ပါတယ်"

"ဒကာလေး ဘုန်းကြီးတွေ ဘာတွေနဲ့ စကားမပြောတတ်ပါလား၊ ဘာသာရေး အားနည်းတယ်ထင်တယ်"

"ဘာသာရေး၊ ဘာသာရေးဆို တာ ဘာလဲ ဘုန်းကြီး"

"ထားလိုက်ပါတော့ ဒကာလေး အကြောင်း အရင်ပြောပါဦး"

"ကျွန်တော်က ဒီအနားက ရပ်ကွက်မှာ နေပါတယ်၊ အမေနဲ့ ကျွန်တော် နှစ်ယောက်တည်းရယ်၊ အမေက စျေးရောင်းတယ်၊ အဖေကတော့ ကျွန်တော် ငယ်ငယ်ကတည်းက ဆုံး သွားတယ်လို့ အမေပြောတာပဲ"

"ဒကာလေး ဘာအလုပ်မှ မလုပ် ဘူးလား"

"မလုပ်ဘူး ဘုရား၊ အမေပဲ လုပ်တယ်"

"ဒါဆို ဒကာလေးက ဘာလုပ် လဲ"

"ဟိုလေ"

"ပြောပါ ဒကာလေး"

"ကျွန်တော်က ဘာမှ မလုပ်ဘူး၊ မနက်ဆိုရင် အမေက ပိုက်ဆံပေးတယ်၊ အပေါင်းအသင်းတွေနဲ့ အရက်သောက် တယ်၊ အိမ်ပြန်တယ်၊ အမေချက်ထား တာ စားတယ်၊ အိပ်တယ်၊ နိုးတော့ နောက်တစ်ကြိမ် ပြန်သောက်တယ်၊ အဟွတ် . . . အဟွတ်"

ဘုန်းကြီးက ကျွန်တော့်ကို သေသေချာချာစိုက်ကြည့်သည်။ဘာကြောင့် ကျွန်တော့်ကို စိုက်ကြည့်သည်ကို ကျွန် တော် သဘောမပေါက်ပါ။

ဘုန်းကြီးကတော့ ကျွန်တော့်ကို သဘောပေါက်သွားပုံ ရပါသည်။

"ဒကာလေး အသက် ဘယ် လောက်ရှိပြီလဲ"

"အင်း ကျွန်တော့်အသက် သုံး ဆယ့်ငါးနှစ်ကျော်ကျော်လောက်ရှိမြဲ"

"ငယ်ငယ်က ကျောင်းတွေ ဘာ တွေရော မတက်ခဲ့ဖူးဘူးလားကွဲ့"

"ခုနစ်တန်း ရှစ်တန်းထိတော့ တက်ဖူးပါတယ်၊ ဒါပေမဲ့လည်း ဘုန်းကြီး ရယ်၊ ကျောင်းက တက်လိုက် မတက် လိုက်ပါ၊ ဒီအတန်းတွေ ဘယ်လို့ရောက် လာလဲ ကျွန်တော်လည်း မသိပါဘူး"

ဘုန်းကြီးလည်း ဘာမှ ဆက် မမေးတော့ဘဲ တရားခွေဖွင့်၍ တရား နာနေပြီမို့ ကျွန်တော်လည်း အိပ်လိုက် တော့သည်။ ဘုန်းကြီးဖွင့်ထားသော တရားသံစဉ်ကိုလည်း ကျွန်တော် ကြား နေရပေမယ့် ဘာမျှ နားမလည်။ ခန္ဓာ တွေ၊ ရုပ်နာမ်တွေ၊ သစ္စာတွေ ဆို့ဟဲ့

www.burmeseclassic.com

www.burmeseclassic.com

အသံတွေကိုတော့ အထပ်ထပ် ကြားနေရသည်။

●

"အဟွတ် အဟွတ် အဟွတ်"

ကျွန်တော် ချောင်းသံတွေနဲ့ နှိုးထလာသည်။

"သား ကျော်ဦး၊ မင်း ချောင်းတွေ အရမ်းဆိုးနေပါလား"

"ဟုတ်တယ် အမေ၊ တစ်ခါတစ်ခါ သွေးတွေလည်း ပါတယ်"

"ဟင် ဟုတ်လား ကျော်ဦး၊ ဒါဆို သား နင်ဆေးခန်းသွားမှ ဖြစ်မှာပေါ့။ ဒုက္ခပါပဲ ကျော်ဦးရယ်၊ ငါ့မှာလည်း ပိုက်ဆံက ဟင်း. . . "

"ကျွန်တော် ဆေးခန်းမသွားချင်ပါဘူး အမေရာ၊ သူတ်သူ ကောင်းသွားလိမ့်မယ်၊ ကျွန်တော့်ကို ပိုက်ဆံအရင်လို လောက်အောင် မပေးတော့ဘူးလား အမေရယ်"

အမေသည် ကျွန်တော့်ကိုကြည့်နေသည်။ ခပ်ကြာကြာလေးကြည့်ပြီး ခဏနေတော့ ထ၍ ထွက်သွားသည်။ အမေ ပြန်လာသည်။ လက်ထဲတွင် ဆေးထုပ်ကလေးများအပြင် ပိုက်ဆံလည်း ခပ်များများ ပါလာသည်။

"ကျော်ဦး သား နင်အပြင်မသွားခင် ဒီဆေးလေးသောက်သွား၊ ရော့ ရော့ ပိုက်ဆံ" ဟု ပြောရင်း ဟိုအရင်ပေးနေကျအတိုင်း ကျွန်တော် သုံး၍လောက်အောင် လက်ထဲထည့်ပေးလိုက်သည်။ ကျွန်တော် ဝမ်းသာအားရ ထွက်လာခဲ့သည်။ လမ်းပေါ်တွင် အကျီအဖြူနှင့် ထဘီအညိုရောင် ဝတ်ဆင်ထားသော အမေ့အရွယ်များ ဥပုသ်ကျောင်းသို့သွားနေကြောင်း မြင်လိုက်ရသည်။ ကျွန်တော် လမ်းမပေါ်မှ အမေ့ကို လှမ်းကြည့်လိုက်တော့ သူဆံပင်လေးတွေကို လက်နဲ့စမ်းနေတာ တွေ့လိုက်ရသည်။

"ဟင် အမေ့ဆံပင်တွေ ဘာလို့ တိုသွားပါလိမ့်"

ကျွန်တော် ဒါပဲတွေးလိုက်ရင်း ဆက်ထွက်လာခဲ့သည်။

ပိုက်ဆံများများရ၍ ထွက်လာခဲ့ပေမယ့် ကျွန်တော် သိပ်နေမကောင်းချင်။ ကိုယ်လက်တွေ ကိုက်ခဲနေသည်။ အမေ တိုက်လိုက်သော ဆေးတွေကြောင့် အိပ်ချင်နေသည်။အရက်ဆိုင်ဝရောက်တော့လည်း ဒီမနက် သောက်ချစ်စိတ် မရှိပြန်။ ဒါကြောင့် အေးအေးလူလူ အိမ်ရမည့် ဘုန်းကြီးကျောင်းသို့ ထွက်လာခဲ့တော့သည်။

"ဩကာသ ဩကာသ. . . "

ကျောင်းဝအရောက်တွင်တော့ ယောဂီများ၊ လူများ၏ ရွတ်ဆိုနေသံတို့ကို ကြားလိုက်ရသည်။

"ဩော်- ဒီနေ့ ဥပုသ်နေ့မို့လို့ ဥပုသ်စောင့်နေကြတာကိုး" ဟု တွေးရင်း ကျောင်းခြံထောင့်ရှိ သရက်ပင်ကြီးအောက်တွင် ထိုင်နေလိုက်မိသည်။ သရက်ပင်ကြီးကိုမှီပြီး မျက်လုံးများကို ကျွန်တော် မှေးစင်းရင်း မှိတ်ထားမိသည်။

"ကဲ - တို့ဒကာ ဒကာမတို့၊ ဒီလောကကြီးထဲမှာ မရဏရေအလျှင်ကြီးက အဆက်မပြတ်စီးဆင်းနေတာကွယ့်၊ ဘုန်းကြီးတို့ ဒကာ ဒကာမတို့ဟာ အခိုန်မရွေး ဒီရေအလျဉ်ထဲမှာ မျောပါသွားနိုင်တယ်၊ အဲဒီရေအလျင်ကြီးထဲ မမျောပါခင် သိသင့်သိထိုက်တာလေးတွေကို သိပြီး ကိုယ့်အတွက် ယူသင့်ယူရာလေးတွေကို ရအောင်ယူသွားကြရမယ်ကွဲ့"

ဘုန်းကြီးရဲ့ တရားဟောပြောသံတွေကို ကျွန်တော် ကြားနေရသည်။

"ကဲ ဒကာ၊ ဒကာမတို့ သေမယ့်နေ့နဲ့ မနက်ဖြန် ဘယ်ဟာက ပိုနီးသလဲ"

ကျွန်တော် ဘုန်းကြီးရဲ့ မေးသံကိုကြားတော့ ပြုံးလိုက်သည်။

"ဘုန်းကြီးကလည်း လွယ်လွယ်လေးတွေ မေးနေတယ်၊ သေမယ့်နေ့က အဝေးကြီး၊ မနက်ဖြန်က ဒီညအိပ်ပြီးရင် ရောက်မှာ၊ မနက်ဖြန်က ပိုနီးတာပေါ့"ဟု ကိုယ်ဘာသာကိုယ် ဖြေနေမိသည်။

"အဟွတ် အဟွတ် အဟွတ် ဟွတ်"

ကျွန်တော် ချောင်းတွေ အရမ်းဆိုးလာသည်။ ထိုစဉ်မှာပင် ယောဂီများလည်း ကျောင်းမှ ဥပုသ်သီလဆောက်တည်ကြပြီး၍ ပြန်သွားကြပြီ။ သူတို့ကို ကြည့်ရင်း အမေ့ကို မြင်ယောင်လာမိသည်။ ဘုန်းကြီး ကျွန်တော့်အနားသို့ လျှောက်လာပြီး-

"ဒကာလေး ရောက်နေတာကိုး၊ လာလာ၊ ထမင်းသွားစားတော့၊ ဘယ်သူမှ မရှိတော့ဘူး"

"ဘုန်းကြီး တပည့်တော် ထမင်းမစားချင်ဘူး"

"ကဲ ကဲ ခု မစားချင်လည်း ဆာတော့မှ စားပေါ့၊ အင်း ဒကာလေး ကြည့်ရတာ သိပ်နေမကောင်းဘူးထင်တယ်၊ ချောင်းတွေလည်း ဆိုးနေတယ်၊ ကဲ- လာလာ ကျောင်းအောက်ကကွပ်ပျစ်လေးပေါ်မှာ ထိုင်ပြီး စကားပြောရအောင်"

ကျွန်တော် ဘုန်းကြီးနောက်မှ လိုက်လာမိသည်။ ထိုင်ပြီးတော့ ဘုန်းကြီးက စကားစသည်။

"အင်း ဒကာလေးတို့ သားအမိ အကြောင်း ဥပုသ်လာစောင့်တဲ့သူတွေပြောရင်းနဲ့ ဘုန်းကြီးသိရပါတယ်ကွယ်၊ ဒကာလေး ဒီမနက် အရက်သောက်လာသေးလား"

"မသောက်ခဲ့ပါဘူး ဘုန်းကြီး၊ အဟွတ် ဟွတ်"

"ဒကာလေးတို့ သားအမိက ကျောင်းကန်ဘုရားနဲ့ သိပ်ဝေးတာကိုး၊ ဒီမှာ ဒကာလေး ဘုန်းကြီးတွေ၊ ဦးဇင်းတွေနဲ့ စကားပြောရင် အရှင်ဘုရား၊ တပည့်တော် မှန်ပါဘုရား၊ အဲလို ပြောရတယ်ကွယ့်"

"ဟုတ် အဲ - မှန်ပါဘုရား"

"အင်း ဒီနေ့ ဥပုသ်နေ့လည်းဖြစ်၊ ဒကာလေးလည်း အရက်သောက်မထားတော့ ဘုန်းကြီး တရားနည်းနည်းဟောမယ်၊ နာမလား"

www.burmeseclassic.com

ကျွန်တော် တစ်ခါမျှ တရားဆို တာ မနာဖူးသဖြင့် ရင်ထဲမှာ ယားကို ကို မရိုးမရွဲကြီး ဖြစ်သွားသည်။

"တပည့်တော်မှ ဘာမှမသိတာ၊ ဘယ်လိုလုပ်တုံရားနာမလဲ ဘုရား"

"ဘာမှ သိစရာမလိုပါဘူး၊ အဲဒီ မသိတာကို ဘုန်းကြီးက သိအောင် ပြောပြမယ်၊ ဒကာလေးက အာရုံစိုက်ပြီး နားထောင်ဖို့ပဲ၊ အဲဒါ တရားနာတာ ပေါ့ကွဲ့"

"ဒါဆိုရင်တော့ ရပါတယ်ဘုရား"

"ဘုန်းကြီးတို့ ဥဒ ဘုံသားတွေမှာ အိုး၊ နာ၊ သေ ဆိုတာ ရှိတယ်ကွဲ့"

"အရှင်ဘုရား အိုး၊ နာ၊ သေ ဆိုတာ ဘာလဲ ဘုရား"

"အင်း ဒကာလေးကို လုက်တွေ့ နဲ့ ရှင်းပြမယ်၊ ဒကာလေး အမေဟာ အခုဆိုရင် အသက်ကြီးပြီ၊ အိုလာပြီ မဟုတ်လား"

"မှန်ပါ့ဘုရား"

အမေ့ရဲ့ ရုပ်အသွင်ကို မြင် ယောင်လိုက်မိသည်။

"အဲဒါ အို ပေါ့ ဒကာလေး၊ နာ ဆိုတာက အခုပဲ ဒကာလေး ချောင်း တွေဆိုးပြီး နေမကောင်းဖြစ်နေတယ် မဟုတ်လား၊ အဲဒါ နာ ပေါ့ကွယ်၊ သေ ဆိုတာကတော့ ဒကာလေးတို့ ရပ်ကွက်ထဲတွေမှာ မြို့တွေ၊ ရွာတွေမှာ သေကြ သူတွေကို ပြောတာပေါ့ကွယ်"

"တပည့်တော် နည်းနည်းသိလာ ပြီဘုရား၊ အဲတော့ တပည့်တော်က ဘာလုပ်ရမလဲ ဘုရား"

"အင်း ဘုန်းဘုန်းတို့ မြတ်စွာ ဘုရားက ဟောဖူးတယ်ကွဲ့၊ အားလုံးက အို၊ နာ၊ သေနဲ့ မကင်းကြဘူးတဲ့၊ အဲဒီ တော့ အားလုံး တစ်နေ့မဟုတ်တစ်နေ့ သေကြရမှာပဲ၊ သေပြီးသွားရင်ရော ပြီးသွားပြီလား၊ မပြီးသေးဘူး၊ နောက် ထပ် လူပြန်ဖြစ်ရင်ဖြစ်မယ်၊ တိရစ္ဆာန် ဖြစ်ချင်ဖြစ်မယ်၊ ဒီခန္ဓာကိုယ်ကြီး ပြန်ရ သရွေ့ ဆင်းရဲဒုက္ခကြီးပေါ့ ဒကာလေး ရယ်၊ အခု ဒကာလေးပဲ ကြည့်လေ၊ သောက်ချိန်ရောက်ရင် သောက်ချင်မယ်၊ စားချိန်ရောက်ရင် စားချင်တယ်၊ မနက်လင်းတာနဲ့ မျက်နှာသစ်ရမယ် ဟုတ်တယ် မဟုတ်လား။

ဒကာလေး စဉ်းစား ကြည့်စမ်း၊ ဘုန်းကြီးတို့ နေတဲ့ မြို့လေးမှာပဲ ကြည့်လေ၊ ပိုက်ဆံတွေ သုံးမကုန်အောင် ချမ်းသာတဲ့လူတွေ ရှိတယ်၊ ကုန်းကောက် စရာမရှိအောင် ဆင်းရဲတဲ့သူတွေလည်း အများကြီး၊ ရုပ်ချောတဲ့သူတွေ ရုပ်ဆိုး တဲ့သူတွေ၊ ခွေးတွေ၊ ကြောင်တွေ အစ ရှိတဲ့ (၃၁)ဘုံသား အားလုံးဆိုပါတော့။

သူတို့ ရထားကြတဲ့ ခန္ဓာကြီးကို အရမ်းပူရင် အေးအောင်၊ အေးရင် နွေး အောင်၊ နာရင် နာတာပျောက်အောင်၊ ညစ်ပေနေရင် သန့်ရှင်းအောင် အမျိုး မျိုး ပြုပြင်နေကြရတာတွေဟာ ဒုက္ခ တွေပဲပေါ့၊ ဒီကြားထဲ သူဟာ၊ ငါဟာ၊ သူပိုင်တယ်၊ ငါပိုင်တယ်၊ ကြီးနိုင် ငယ် ညှဉ်းတွေနဲ့ ဘယ်လောက်ကြောက်စရာ ကောင်းလိုက်သလဲ၊ဘယ်လောက်တောင် ဒုက္ခတွေ များနေကြသလဲ၊ သမုဒယ သစ္စာတွေကိန်းပြီး လောဘ၊ ဒေါသ၊ မောဟတရားတွေနဲ့ပဲ မိုးလင်းမိုးချုပ် လည်နေကြတယ်မဟုတ်လား ဒကာ လေးရဲ့၊ ဒီလို တရားတွေနဲ့ ငါဖို့၊ ငါ့ အတွက်၊ ငါဟာ၊ ငါ ငါဆိုတာတွေနဲ့ သေသွားကြရင် အခုရနေတဲ့ ဘဝမှာ ဘာမှမသိ၊ ဘာမှ ကိုယ့်အတွက်လုပ် မသွားခဲ့ရင် ငရဲပြည်တွေကို ရောက်ကြ မှာကွယ်၊ ရောက်လေရာ ဘဝတွေမှာ လည်း ဒုက္ခဆင်းရဲတွေနဲ့ပဲ ဖြစ်နေကြဦး မှာပေါ့၊ ဘယ်တော့မှ အေးချမ်းကြမှာ မဟုတ်တော့ဘူး"

"မှန်ပါ့ဘုရား၊ ဟုတ်တယ်နော် ဘုရား၊ ပြန်တွေးကြည့်တော့ ဘုန်းဘုန်း ပြောတဲ့အတိုင်း အကုန်မှန်တယ်၊ တပည့် တော် ဒါတွေ ခုမှ သိတာဘုရား"

"ဒကာလေး အမေကလည်း သူ့အတွက် စားဖို့၊ ဝတ်ဖို့၊ နေဖို့ တစ်ခါ သူ့ရဲ့သားဖြစ်တဲ့ ဒကာလေးအတွက် လည်း စားဖို့၊ နေဖို့၊ ဝတ်ဖို့ အမြဲအလုပ် လုပ်နေရတာပေါ့ကွယ်၊ ပြည့်ပြည့်စုံစုံ ရတော့ ဝမ်းသာမယ်၊ မရရင် စိတ် ဆင်းရဲမယ်၊ ဒီလိုနဲ့ အသက်တွေ ကြီး လာမယ်၊ မလုပ်နိုင် မကိုင်နိုင်နဲ့ နောက် ဆုံး သေကြမယ်၊ ခွဲခွာကြရမယ်"

ကျွန်တော် ဘုန်းဘုန်းရဲ့ စကား သံတွေကို နားထောင်ရင်းနဲ့ ကတုန် ကယင်ဖြစ်လာသည်။ ကြောက်လန့်လာ သည်။ တုန်လှုပ်လာသည်။ အမေ့ရဲ့ ဒုက္ခတွေနဲ့ လည်ပတ်နေရပုံကိုလည်း ပြေးမြင်လိုက်မိသည်။

"အခု ဘုန်းကြီး ပြောတာတွေ ကို ဒကာလေး သဘောပေါက်ရဲ့လား"

"တပည့် တပည့်တော် နားလည် ပါတယ်ဘုရား၊ ကြောက်လည်း အရမ်း ကြောက်ပါတယ် ဘုရား"

"ဒါပေါ့ ဒကာလေး၊ ကြောက် စရာကောင်းတော့ ကြောက်တာပေါ့ ကွယ်၊ တကယ်လို့များ ကြောက်စရာ မလိုတဲ့ အကာအကွယ်တွေ ကိုယ့်ဘက် မှာရှိရင် ကြောက်ဦးမလား ဒကာလေး"

"အဲဒါဆို ရင့်ဘယ်ကြောက် တော့မလဲ ဘုရား၊ အဖွဲ့တ် ဟွတ် အဲဒါ တွေရှိလား ဘုရား"

"ရှိတာပေါ့ ဒကာလေးရယ်၊ ကဲ ဒါတွေက ဝေးသေးတယ် ဒကာလေး ခဏထားဦး၊ ဥပမာ ဟိုအပေါ် အထပ် အမြင့်ကြီးတွေကို ရောက်ချင်ရင် လှေကားနဲ့ တစ်ထစ်ချင်း တက်ရတယ် မဟုတ်လား"

"မှန်ပါ့ဘုရား"

"အဲလိုပဲပေါ့ ဒကာလေးရယ်၊ အဲဒီအကာအကွယ်တွေရဖို့ တစ်ဆင့် ချင်း လုပ်ရမယ်ကွဲ့၊ အခုဖြစ်နေတဲ့ ဘဝ လေးမှာပဲ လူဖြစ်ရင်လည်း တန်ဖိုးရှိတဲ့ လူ၊ ဘုန်းကြီးဖြစ်ရင်လည်း တန်ဖိုးရှိတဲ့ ဘုန်းကြီးပေါ့ကွယ်"

"အရှင်ဘုရား တပည့်တော်က လူဆိုတော့ ဘယ်လိုတန်ဖိုးရှိတဲ့လူ ဖြစ် အောင် လုပ်ရမှာလဲ ဘုရား"

"အင်း ဒကာလေး စိတ်ဝင်စား တယ်ဆိုတော့ ဘုန်းကြီး ဆက်ပြောမယ်၊

www.burmeseclassic.com

www.burmeseclassic.com

သေချာနားထောင်၊ ဒကာလေး စဉ်းစားကြည့်လေ၊ ဒကာလေး ဟင်းကောင်းကောင်းနဲ့ ထမင်းစားရင် စားလို့ကောင်းတယ် မဟုတ်လား"

"မှန်ပါ့ ဘုရား"

"အဲလိုပဲပေါ့ ဒကာလေးရယ်၊ ဘုန်းဘုန်းပြောချင်တာက ကောင်းတာလုပ်ရင် ကောင်းတာရမယ်၊ ကောင်းတာတွေများများလုပ်လေ ကောင်းတာတွေစုလာလေ၊ အကောင်းဆုံးတွေ ဖြစ်လာလေပေါ့၊ ဒီတော့ တန်ဖိုးရှိတဲ့လူ ဖြစ်ချင်ရင် ကောင်းတဲ့တရားတွေကိုဆောင်ပြီး ကောင်းတာတွေကိုပဲ အများဆုံးလုပ်ရမယ်ကွဲ့၊ အခု ဒီဘဝမှာ ဒကာလေး လူတစ်ယောက်ဖြစ်တာဟာ အနိုးစပ်ဆုံး ပြောရမယ်ဆိုရင် ဒကာလေးရဲ့ အဖေနဲ့ အမေ မွေးခဲ့လို့ပေါ့၊ ဒီနေ့ ဒီအသိတွေ ရတာဟာလည်း ဒကာလေး မိဘတွေရဲ့ ကျေးဇူးပဲပေါ့၊ မဟုတ်ဘူးလား၊ အဲဒီတော့ ပထမဆုံးရတဲ့ အသိက မိဘဆိုတာဟာ ကိုယ့်အတွက် တုန်ိုင်းမရတဲ့ ကျေးဇူးရှင်တွေပဲ၊ ဒီတော့ သူတို့ရဲ့ မကုန်နိုင် မခမ်းနိုင်တဲ့ ကျေးဇူးတရားတွေကို ရသလောက်ဆပ်ရမယ်၊ ဒါဟာ တန်ဖိုးရှိတဲ့လူ ဖြစ်မယ့် ပထမဆုံး အလုပ်ပဲ"

ကျွန်တော် အမေ့ကို မြင်မိရင်း ဝမ်းနည်းလာသည်။ ဈေးဗန်းလေး ခေါင်းပေါ် ရွက်ရင်း မည်းမည်းမည်း ချစ်ခဲ့တဲ့ အမေ။ ဒီဘဝမှာ ဆင်းရဲလွန်းတဲ့ အပြင် တရားဓမ္မအသိတွေနဲ့ယှဉ်ပြီး သူသံသရာ ဘဝတွေအတွက် ဘာမှ ယူသွားစရာမရှိတဲ့ အမေ။

"ကဲ ကဲ ဒီနေ့တော့ ဒီလောက်ပဲ ဘုန်းဘုန်းဟောမယ်၊ ဒကာလေးက ခုမှ ဒါတွေ ကြားခါစဆိုတော့ များရင် ရှုပ်ကုန်မယ်၊ အဓိကတော့ ကျန်တာတွေ မတွေးနဲ့ ဒကာလေးရယ်၊ တန်ဖိုးရှိလူတစ်ယောက်ဖြစ်ဖို့ မိဘကျေးဇူးတရားတွေကို သိရမယ်၊ တတ်နိုင်သလောက် ဆပ်ရမယ်ဆိုတာလေးပဲ အဓိကထားလိုက်ပါ"

ကျွန်တော် ညနေစောင်းတော့ အိမ်ပြန်လာခဲ့သည်။ အရက်ဆိုင်ရှေ့ ရောက်တော့ ကျွန်တော် နည်းနည်းဝင် သောက်လိုက်သည်။ အမေ ပေးလိုက်သော ပိုက်ဆံရှိနေပေမယ့်လည်း အများကြီး သောက်ချင်စိတ်မရှိတော့။

ကျွန်တော် အိမ်ဝရောက်တော့-

"ဒေါ်ရင်မြ၊ ရှင့် ဆံပင်တွေ ဖြတ်ရောင်းလိုက်တယ်"

"ဟုတ်တယ် မအေးရယ်၊ ငါ့သားလေး ခြောင်းတွေဆိုးနေတာကို ဆေးခန်းပြဖို့ရယ်၊ သူ့ကို ငါ ပိုက်ဆံများများ မပေးနိုင်တာ ကြာပြီဟယ်၊ ဒါကြောင့်"

"ဒါကြောင့် လုပ်မနေနဲ့ ဒေါ်မြရင်၊ ကိုယ့်အသက်ရွယ်လည်း ပြန်ကြည့်ဦး၊ သားအတွက်ချည်းပဲ လုပ်မနေနဲ့၊ ကိုမဲ့အတွက်လည်း ကိုယ်လုပ်ဦး၊ သေရင် ပါအောင်လုပ်ဦး ဒေါ်ရင်မြရေ"

"ဟဲ့ ငါက ဘာလုပ်ရမှာလဲ၊ ဒီလောကမှာ တွယ်တာစရာဆိုလို့ ငါ့သားတစ်ယောက်ပဲ ရှိတာ၊ သူ့ကို စိတ်ချမ်းသာအောင်၊ သူပျော်အောင် ထားနိုင်ရင် ပြီးတာပဲဟဲ့"

"ဘယ်ဟုတ်မလဲ ဒေါ်ရင်မြရဲ့၊ အခု ဒီနေ့ဆို ကျွန်မ ဥပုသ်ကျောင်းသွားတော့ ဘုန်းဘုန်းဟောလိုက်တဲ့ တရားက 'အရမ်းကောင်းတယ် ဒေါ်ရင်မြရယ်၊ လူတွေဆိုတာ သေကြရမှာချည်းပဲတဲ့၊ သေမင်းက အမြဲတမ်းကိုယ့်အနားမှာတဲ့၊ အဲဒီတော့ မသေခင် ကိုယ်ပြုသွားတဲ့ ကောင်းမှုတုသိုလ်လေးထွေသာကိုယ့်နောက်ပါမှာတဲ့၊ သားသမီးမြေးမြစ်တွေကို တွယ်ပြီး လောဘ၊ ဒေါသ၊ မောဟတွေနဲ့ သေရင် ငရဲပြည်ကို သွားရမှာတဲ့ ဒေါ်ရင်မြရဲ့၊ ဘယ်လောက် ကြောက်ဖို့ကောင်းသလဲ။

ပြီးတော့လည်း ဒီကိုယ်ခန္ဓာကြီး အတွက် စားဖို့၊ သောက်ဖို့၊ ဝတ်ဖို့၊ နေဖို့တွေလုပ်ရတာ ဘယ်လောက် ဒုက္ခတွေများသလဲ၊ အဲဒီတော့ တရားဆိုတာ ဒေါ်ရင်မြရယ် လုပ်ဖို့ကိစ္စတွေ နည်းနည်းလာအောင် လုပ်ရတာတဲ့၊ ဥပမာ ဒေါ်ရင်မြ ဆံပင်တွေရှိတုန်းက လျှော်ရမယ်၊ ဖြီးရမယ်၊ လိမ်းရမယ်၊ ဘယ်လောက်အလုပ်ရှုပ်သလဲ၊ အခု မရှိတော့ အဲဒီကိစ္စတွေ မလုပ်ရတော့ဘူး၊ အဲလိုသဘောပေါ့ ဒုက္ခနည်းသွားတာပေါ့၊ နောက်ပြီး ဒီတရားတွေ မသိ မရှိ၊ အားမထုတ်သွားရင်လည်း နောက်ဖြစ်လေရာ သံသရာဘဝတွေမှာ ဒုက္ခဆိုတဲ့ ဆင်းရဲတွေနဲ့ နပန်းလုံးရဦးမယ်တဲ့၊ ကြောက်ဖို့ ကောင်းလိုက်တာနော်"

"အို ဒါတွေ ငါမသိဘူး မိအေးရယ်၊ အရေးလည်း မကြီးလှပါဘူးအေ၊ နောက်တစ်ဘဝကျတော့လည်း နောက်တစ်မျိုးပေါ့၊ အို အခုဘဝလည်း သေဖို့ အဝေးကြီးရှိသေးတယ်၊ ငါ့သားနဲ့လည်း မခွဲနိုင်ပါဘူး"

ကျွန်တော် အိမ်ပေါ် လှမ်းတက်လိုက်သည်။

"သား ကျော်ဦး၊ နင်ပြန်လာတာ စောလှချည်လားကွဲ့၊ ထမင်းဆာရင် စားတော့လေ"

ကျွန်တော် အမေ့ကိုကြည့်လိုက်တော့ အမေမျက်နှာပေါ်မှာ အတွန့်အကွေး အရေးအကြောင်းတွေ အထင်းသား ပေါ်နေသည်။ လက်မောင်းအရေတွေပေါ်မှာလည်း အကြောအပြိုင်းပြိုင်း ထနေကြသည်။ ဟိုလွန်ခဲ့တဲ့ ဆယ်နှစ်လောက်က ပြည့်ပြည့်ဖြိုးဖြိုး အမေမဟုတ်တော့ကြောင်း ကျွန်တော် ဒီနေ့သိလိုက်ရသည်။

●

ကျွန်တော် အိပ်ရာမှ ထသည်နှင့် မျက်နှာသစ်လိုက်သည်။ ကျွန်တော့် ခေါင်းရင်းမှာရှိတဲ့ ဘုရားရှင်ပုံတော်ကို ဖုန်များခါကာ တည့်တည့်မတ်မတ် ပြန်ပြင်လိုက်သည်။ ထူးထူးခြားခြား ရင်ထဲမှာ အေးသွားသလို ခံစားလိုက်ရသည်။ ကျွန်တော် အမေထားခဲ့သော ပိုက်ဆံကို ယူရင်း ထွက်လာခဲ့သည်။ အရက်ဆိုင်ရှေ့ရောက်တော့ ရပ်လိုက်သည်။ ဆိုင်ထဲ လှမ်းကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် မဝင်တော့။ ဘုန်းကြီး ကျောင်းဘက်သို့ ဆက်လျှောက်လှမ်းခဲ့တော့သည်။

"ဟ- ဒကာလေး စောလှချေလားကွ"

ကျွန်တော် လက်အုပ်ကလေး ချီလိုက်ရင်း -

"မှန်ပါ့ ဘုရား၊ တပည့်တော့် ဘုန်းဘုန်းကို မေးချင်လို့ပါ ဘုရား"

"ဟေ ဘာမေးမလို့တုံးကွ၊ မေးပါဗျာ မေးပါ"

"တပည့်တော်တို့ လူတွေဟာ အရှင်ဘုရားပြောသလို မွေးလိုက် သေလိုက် ဒုက္ခတွေခံလိုက်နဲ့ ဘယ်တော့မှ ဆုံးမှာလဲ ဘုရား"

"အင်း၊ ဒကာလေး တော်တော် သဘောပေါက်လာပြီပဲ"

"ဟုတ်ပါတယ်ဘုရား၊ တပည့်တော် ညက အရှင်ဘုရားပြောလိုက်တာတွေကို တစ်ညလုံး စဉ်းစားတွေးတော နေမိပါတယ် ဘုရား၊ နားလည်တာလည်းရှိတယ်၊ နားမလည်တာလည်းရှိတယ် ဘုရား"

"အင်း- ဒကာလေးနားလည်အောင် ပြောရမယ်ဆိုရင်တော့ ဘုန်းဘုန်းတို့ မြတ်စွာဘုရားရှင်ကိုယ်တော် မြတ်ကြီးဟာ အခုလို သံသရာလည်ပြီး ဆင်းရဲဒုက္ခတွေနဲ့ ပြည့်နှက်နေတဲ့ ဘဝတွေကို ကြောက်လွန်းလို့ အမှန်တရားဖြစ်တဲ့ သစ္စာလေးပါးတရားကို တွေ့ရှိအားထုတ်ရင်းနဲ့ သေဆုံးခြင်း၊ မွေးဖွားခြင်းကင်းတဲ့ နိဗ္ဗာန်ဆိုတာကို ရရှိခဲ့တယ်ကွယ့်။

အဲဒီ သံသရာလွတ်မြောက်ရာ နိဗ္ဗာန်ဆိုတာကို ရရှိဖို့ဆိုတာလည်း ဘယ်လွယ်ပါ့မလဲဒကာလေး၊ အသေချေပေါင်း များစွာ၊ ကမ္ဘာပေါင်း များစွာ ဖြည့်ဆည်းခဲ့ရတာကလား။

အဲ- သူသိတော့ အားလုံးသော (၃၁)ဘုံသားတွေကို သိစေလိုတဲ့ မဟာကရုဏာတော်နဲ့ ဒီတရားတွေကို ဟောကြားခဲ့တာပေါ့ကွယ်၊ အဲဒီတော့ ဦးဇင်းတို့ ဒကာလေးတို့ (၃၁)ဘုံသားတွေဟာလည်း ဒီသံသရာက လွတ်ချင်ရင် မြတ်စွာဘုရားရှင် ပြခဲ့တဲ့ တရားတွေကို ကျင့်ကြံအားထုတ်ကြရမှာပေါ့"

ကျွန်တော် ဘုန်းဘုန်းပြောသမျှ ငေးမောသမျှတွေကို နားထောင်သည်။ တွေးဆဉ်သည်။ စဉ်းစားကြည့်သည်။ ကျွန်တော်တို့ (၃၁) ဘုံသားတွေဟာ ဘေး၊ ဘယ်ညာ၊ အပေါ်အောက် မီးတောက်မီးလျှံတွေ လောင်မြိုက်ခံနေကြရတယ် ဆိုတာကို နားလည်လာသည်။ ကြောက်စရာအလွန်ကောင်းကြောင်းလည်း သိလာသည်။ လူဘုံမှာလည်းရှိနေတုန်း၊ မြတ်စွာဘုရားရှင်ရဲ့ သစ္စာတရားတွေနဲ့လည်း ကြုံခိုက်မှာ လွတ်မြောက်ရာကို ရှာဖွေနိုင်ကြောင်း ကျွန်တော် နားလည်ခဲ့ပါတော့သည်။

●

ဒေါ်ရင်မြ တစ်ယောက် စွေးဝန်းကို ခေါင်းပေါ် ရွက်ရင်း ကျော်ဦးသောက်နေကျ အရက်ဆိုင်ဝသို့ ရောက်လာသည်။ အရက်ဆိုင်ထဲ ကဲကြည့်လိုက်ရင်း -

"အထဲက သားတို့ရေ မင်းတို့ သူငယ်ချင်း ကျော်ဦးကို မတွေ့မိကြဘူးလားကွယ်၊ ညကတည်းက အိမ်ပြန်မလာလို့" ဟု လှမ်းအော်မေးသည်။

"မတွေ့မိဘူး ကြီးကြီးမြရဲ့"

"ဒီဆိုင်ကို ဒီကောင်မလာဘူး"

"ဒီနေ့မနက်တော့ ဒီအချိန်ထိ ဒီကောင်ရောက်မလာသေးဘူး"

တစ်ယောက် တစ်ပေါက် ပြန်ပြောသော အဖြေသံတွေကြောင့် ဒေါ်ရင်မြ စိတ်ပျက်စွာ ပြန်ထွက်လာခဲ့သည်။

သူသား ညကတည်းက အိမ်ပြန်မလာသဖြင့် စိတ်ပူပင်သောကတွေနဲ့ ဒေါ်ရင်မြတစ်ယောက် စွေးဝန်းကြီး ရွက်ရင်း လမ်းတွင် တွေ့သမျှ မြင်သမျှ လူတို့ကို သူ့သားကျော်ဦးကို တွေ့မိသလားဟု မေးနေလေတော့သည်။

အရင် သားအမိနှစ်ယောက် နေခဲ့သော အိမ်လေးက အခုတော့ ဒေါ်ရင်မြ တစ်ယောက်တည်း ခြောက်သွေ့စွာ။

●

တစ်ရက်လည်း ပြန်မလာ။

နောက်တစ်ရက်လည်း ပြန်မလာ။

နောက်တစ်ရက်. . . ။

နောက်တစ်ရက်. . . ။

ရက်၊ လ တရွှေ့ရွှေ့ ကျော်ဦးက ဘယ်ဆီရောက်လေသည် မသိကြ။

"သား ကျော်ဦး၊ မင်း အမေ့ဆီကို ဘာလို့ ပြန်မလာတော့လဲကွယ်၊ အမေ မင်းကို ပိုက်ဆံပေးတာ နည်းလို့လား သားရယ်၊ အိမ်ပြန်လာခဲ့ပါ သားရယ်၊ မင်းသုံးလို့လောက်အောင် အမေ ပိုကိုဆံပေးပါ့မယ်ကွယ်"

ဒေါ်ရင်မြကို မြင်သူတိုင်း စိတ်မနောင်းဖြစ်ကြသည်။

ရူးနှမ်းမသွားပေမယ့် သူသား ဇာဖြင့် စွေးဝန်းကို ရွက်ရင်း၊ ရောင်းရင်း ပါးစပ်မှ သူသားကိုသာ တမ်းတနေသည်။

အခုဆိုရင် ကျော်ဦးပျောက်သွားတာ တစ်နှစ်နီးပါးရှိခဲ့ပြီ။

ဒေါ်ရင်မြကတော့ နံနက်တိုင်း၊ ညနေတိုင်း အရက်ဆိုင်လေးရဲ့ အဝသို့ မျက်မကွက် ရောက်ခဲ့သည်။

သူသားရှိစဉ်ကလည်း ဒေါ်ရင်မြ အတွက် ကောင်းကျိုးမပေး။ အခုလည်း ပျောက်ခြင်းမလှ ပျောက်သွားခဲ့ပြန်သည်။ သားသမီးဖြစ်သူက လွယ်လွယ်စွန့်သွားနိုင်ပေမယ့် မိခင်ဖြစ်သူကတော့ တစ်ရက် တစ်နာရီ တစ်စက္ကန့်မျှ မမေ့နိုင်။ သားအတွက် ရတက်တွေ အလီလီ ပွေခဲ့ရသည်။

ဆံပင်တွေလည်း စုတ်ဖွာဖွာ၊ အဝတ်အစားတို့လည်း ညစ်ထပ်ထပ်၊ သူ ရွက်နေကျ စွေးဝန်းလေးပင် နှုတ်ခမ်းလေးတွေ နှီးချက်ပြတ်ပြီး ရွဲ့ကောင်းစောင်း။

www.burmeseclassic.com

www.burmeseclassic.com

သားနာမည်ကို တကြော်ကြော် အော်ခေါ်နေသံတွေကို ကြားသူတိုင်း ရင်နင့်ကြရသည်။ ကျော်ဦးကိုလည်း တွေးရင်း မုန်းတီးမိကြသည်။

တရားမရှိ၊ ဘာဝနာမရှိ၊ သားသာရှိသော ဒေါ်ရင်မြ တစ်ယောက် အပူအပင်တွေ၊ သောကတွေ၊ ဗျာပါဒတွေနဲ့ ဇရာကြားမှာ မြင်ရက်စရာမရှိ။

ဒေါ်ရင်မြ အိမ်ရှေ့ဖြတ်သွားကြသူတိုင်း အိမ်ဝမှာ သားကို မျက်ရည်စလေးတွေနဲ့ မျှော်နေပုံကိုကြည့်ရသည်မှာ ငရဲသားတစ်ဦးကို မြင်ရသည့်ပမာ။ ကြီးမားလိုက်သည့် ဒုက္ခဝဋ်ကြွေးတွေပါလား။

ရှိစဉ်ကလည်း ကောင်းကျိုးမပေး။ မရှိပြန်တော့လည်း အမေအိုကြီး ဒုက္ခတွေပေးခဲ့တဲ့ သား။

ဒေါ်ရင်မြတစ်ယောက် သူဌေးရောင်းရတဲ့ ပိုက်ဆံလေးတွေကို ကိုင်ရင်း အိမ်ဝကမျှော်လိုက်၊ သူ့သားသောက် နေကျ အရက်ဆိုင်ဝ သွားမျှော်လိုက် လောကငရဲ အလယ်မှာ ပူလောင်မှုတွေနဲ့ တစ်ယောက်တည်း။

●

"တကယ် ဆုံးဖြတ်ပြီးပြီလား ဒကာလေး"

"မှန်ပါ့ဘုရား"

"ဒါဆို ဘုန်းဘုန်း ဆံချလိုက်တော့မယ်နော်"

ကျွန်တော်ပြုလုပ်ခဲ့တဲ့ ကံတွေနဲ့ ရှေ့ဆက်လျှောက်ရမယ့် လမ်းတွေအတွက် ခိုင်ခိုင်မာမာဆုံးဖြတ်ချက်ချရင်း ဒီနေရာလေးကို ရောက်ခဲ့ခြင်းပင်။

အလွန်ခေါင်လွန်းတဲ့ တောဒေသလေး တစ်ခုရဲ့ ကျောင်းသခ်မ်း တစ်ခုတွင်ဖြစ်သည်။

အနီးအနား ပတ်ဝန်းကျင်တွင် မနေလိုသဖြင့် ခြေဦးတည့်ရာ ထွက်လာရင်း ဒီနေရာလေးသို့ ရောက်ခဲ့ခြင်း ဖြစ်သည်။

အခုတော့ ကျွန်တော်ဘုန်းကြီး ဘဝကို ရောက်ခဲ့လေပြီ။

ကျွန်တော်ရဲ့ ဘုန်းကြီးဘဝအစ ကတော့ အလွန်ခက်ခဲခဲ့ပါသည်။ အခုတော့ ကျင့်သားရခဲ့ပြီ။ သို့သော်လည်း အရင်က သောက်ခဲ့သော ဒဏ်ရာဒဏ်ချက်တွေက အခုမှ ပေါ်လာတော့သည်။ ပြုခဲ့မိသော အကြောင်းကြောင့် အခု အကျိုးဝဋ်ရာများကို ရရှိခဲ့ခြင်းပင် ဖြစ်ပါလိမ့်မည်။

ခြောင်းတွေ ခဏခဏဆိုးသည်။ သွေးများ မကြာခဏအန်သည်။ ဒါပေမဲ့ ဒီဝေဒနာကို ခံနိုင်ရည် ရှိလာခဲ့ပါပြီ။ ဒီဝေဒနာတွေအတွက်လည်း မတုန်လှုပ်မိတော့။ ကြောက်လည်း မကြောက်တော့။ အကာအကွယ်နည်းနည်းတော့ ရရှိလာခဲ့ပြီ ဖြစ်ပါသည်။

ဆရာတော်တစ်ပါး၏ ရှင်သာရီဘုတ္တရာ မထေရ်မြတ်ကြီးအကြောင်း ဟောကြားသော တရားကို နာရင်း အမေ့ကို သတိရလာမိသဖြင့် ဒီဘဝ ရောက်လာပုံကို ပြန်တွေးနေမိခြင်းဖြစ်သည်။

အမေ့ကို ခွဲခွာ၍ ထွက်လာခဲ့သည်မှာ တစ်နှစ်ပင် ပြည့်လုပြီ။

မွေးကတည်းက ကျွန်တော့်ကို သာ အမေပြုစုခဲ့သည်။ တာဝန်ယူခဲ့သည်။ တာဝန်ကျေခဲ့သည်။

ကျွန်တော်ကတော့ အနီးကပ် ဆုံးသော အမေ့အပေါ် တာဝန်တစ်ခုမှ မကျေခဲ့မိ။ မပူဇော်ခဲ့မိ။ မရိကျိုးခဲ့မိ။

ကျွန်တော့်စိတ်ထဲတွင် မနေနိုင်တော့ -

"ဘုန်းဘုန်းဘုရား"

"ဘာမေးချင်လို့လဲ ဦးဇင်။ မေးလေ"

ဆရာတော်က မိန့်သည်။

"အရှင်ဘုရား တပည့်တော် ဆရာတော်ရဲ့ လမ်းညွှန်မှုတွေနဲ့ မြတ်စွာဘုရားရှင်ပြသခဲ့တဲ့ လမ်းကြောင်း ပေါ်လျှောက်ခွင့်ခဲ့ရပါပြီ။ တပည့်တော် ဒီလို တရားထူး တရားမြတ်တွေ ကျင့်ကြံနိုင်ဖို့အတွက် မွေးဖွားပေးခဲ့တဲ့ တပည့်တော်ရဲ့ အမေကို ဘယ်လို ကျေးဇူးဆပ်ရပါ့မလဲလို့၊ ကျေးဇူးဆပ်လို့ မရနိုင်တော့ဘူးလားလို့ တွေးနေမိတယ် ဘုရား"

"ငါ့ရှင်ရယ်၊ တို့ဗုဒ္ဓ ဟောခဲ့တာပဲ၊ မိဘတွေဆိုတာ သားရဟန်း ခံတဲ့ဆွမ်းကို စားထိုက်တယ်တဲ့၊ နောက်ပြီး ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး ကျေးဇူးဆပ်ပုံက မဟာပထဝီမြေကြီး တောင် တုန်လှုပ်ခဲ့ရပါတယ် ငါ့ရှင်ရယ်" ဟုမိန့်ရင်း ဆရာတော် ကျောင်းပေါ်သို့ ကြွသွားတာကို ကြည့်မိရင်း ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်မိသည်။

●

"အဟွတ် . . . အဟွတ် . . . အဟွတ် . . . ဟွတ်"

ဦးဇင်းရဲ့ လက်ကိုင်ပဝါအဖြူ လေးဟာ အနီရောင်ဖြစ်ခဲ့ပြီ။ ရင်ဘတ်တွေလည်း နာလှပြီ။ ဒါပေမဲ့ ဦးဇင်း မလျော့၊ အိမ်ရှေ့တိုင်း အိမ်ရှေ့တိုင်းမှာ ရပ်သည်။ နောက်ဆုံး ဆွမ်းခံအိမ်ရှေ့တွင် ဆွမ်းရပ်လိုက်သည်။

"အဟွတ် . . . အဟွတ် . . . အဟွတ် . . . ဟွတ်"

"အဟွတ် . . . အဟွတ် . . . အဟွတ် . . . ဟွတ်"

ဆွမ်းလောင်းသော ဒကာမကြီးက -

"အရှင်ဘုရား အရှင်ဘုရား နှုတ်ခမ်းက သွေးတွေကျနေတယ်၊ တပည့်တော်မအိမ်မှာ ခဏနားလိုက်ပါလားဘုရား"

"အဟွတ် . . . အဟွတ် . . . အဟွတ် . . . ဟွတ်"

"အဟွတ် . . . အဟွတ် . . . အဟွတ် . . . ဟွတ်"

ဦးဇင်း လက်လေး ကာပြရင်း နေရာဟောင်းရဲ့ အိမ်လေးဆီသို့ ကြိုးစားကြွလာခဲ့မိသည်။

လူဘဝက နေအိမ်လေး ရှေ့ရောက်သည်နှင့် -

"အဟွတ် . . . အဟွတ် . . . အဟွတ် . . . ဟွတ်"

www.burmeseclassic.com

www.burmeseclassic.com

"အဟွတ်. . . အဟွတ်. . . အဟွတ်. . . ဟွတ်"

ဦးဇင်း ခန္ဓာကိုယ်ကို ဘယ်လိုမှ မထိန်းနိုင်တော့။

လဲကျသွားပေမယ့် သပိတ်နဲ့ ဆွမ်းချိုင့်လေးကို မမှောက်အောင် ထိန်းထားလိုက်သည်။

ဦးဇင်း ချောင်းသံနှင့် သူ့အိမ်လေးဆီသို့ ဝင်လာသော ဦးဇင်းကို ကြောင်ငေးငေးကြည့်ရင်း အမေထွက်လာသည်။

"ဟင် သား. . . ဦးဇင်း. . . သား" ဟုခေါ်ရင်း အိမ်ပေါ်သို့ ပင့်ဆောင်သွားသည်။

"ဒကာမကြီး၊ မယ်တော်ကြီး၊ အဟွတ်. . . အဟွတ်. . . အဟွတ်"

မယ်တော်ကြီး သွေးစတို့ကို မမြင်အောင် လက်ကိုင်ပဝါဖြင့် ပါးစပ်ကို ဖိအုပ်ထားမိသည်။

"သားလေး ကျော်ဦး၊ ဦးဇင်းလေး ဘယ်လိုဖြစ်ရတာလဲဟင်၊ သား ဦးဇင်းရယ်"

ဝမ်းသာ ဝမ်းနည်းမှုတွေနဲ့ ခြေမကိုင်မိ လက်မကိုင်မိ အမေဖြစ်ပျက်နေပုံတွေဟာ တရားလက်လွတ်လှပါသည်။

"မယ်တော်ကြီး သပိတ်ထဲက ဆွမ်း ဟင်းချိုင့်ထဲက ဟင်းတွေကို ပြင်ပါ၊ မယ်တော်ကြီး အားရပါးရ စားပါ"

"သား. . . အရှင်ဘုရား. . . ဦးဇင်း"

"ဦးဇင်းပြောတဲ့အတိုင်းလုပ်ပါ မယ်တော်ကြီး"

အမေ ထမင်းဝိုင်း ထိုင်ရင်း မျက်ရည်စတွေနဲ့ စားဖို့ပြင်သည်။

"မယ်တော်ကြီး ဦးဇင်း သိပ်နေမကောင်းလို့ ဒီဘက်ဘေးလေးကနေ ခဏလဲပြီး ကြည့်ပါရစေ"

အမေက ငိုသံကြီးဖြင့် -

"နေသာသလို နေပါ ဦးဇင်း ဘုရား"

မယ်တော်ကြီး ဦးဇင်းကို ကြည့်ရင်း သောကတွေနဲ့ ပူလောင်နေတာ မြင်တော့ ဦးဇင်း ခံစားနေရတဲ့ဝေဒနာတွေကြောင့် ဒီနေရာမှာတင် သေသွားပါစေ၊ မယ်တော်ကြီးရဲ့ သောက ပူလောင်မှုတွေ ငြိမ်းအေးနိုင်သလောက် ငြိမ်းအေးအောင် ငြိမ်းသတ်ပေးခဲ့မည်ဟု ဆုံးဖြတ်ချက်ချလိုက်သည်။

"အဟွတ်. . . အဟွတ်"

နှုတ်ခမ်းတို့မှ တစ်ဆင့် သွေးတို့ အဆက်မပြတ် စီးကျလာသည်။

မယ်တော်ကြီး စား၍ မဝင် ကြောင်း ဦးဇင်းသိပါသည်။

ဦးဇင်းကြည့်လိုက်တော့ အမေ့ပန်းကန်ထဲတွင် ဟင်းရည် မဆမ်းရသေးဘဲ စိုရွဲနေသည်။ မယ်တော်ကြီး၏မျက်ရည်တွေဆိုတာ ဦးဇင်း သိသည်။

ဧကန်နေတော့ မယ်တော်ကြီး ထမင်းဝိုင်းမှ ထ၍ ဦးဇင်းနဲ့ ခပ်နီးနီး လာထိုင်ရင်း ဦးဇင်း ခံစားနေရသည့် ဝေဒနာကို သူခံစားနေရသည့်အလား ဖြစ်နေရှာသည်။

"မယ်တော်ကြီး ဝရဲ့လား" ဟု မေးရင်း-

ဦးဇင်း သိခဲ့သော ကျင့်ကြံနေသော ဒုက္ခတွေ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို သွားရာလမ်း အထောက်အပံ့ဖြစ်သော သစ္စာတရားတွေ အကြောင်းကို

ဟောလိုက် -

သွေးတွေကျလိုက် -

ပြောလိုက် -

သွေးတွေကျလိုက် -

"အဟွတ်. . အဟွတ်. . "

"အဟွတ်. . အဟွတ်. . "

မယ်တော်ကြီးက မျက်ရည်တွေကျလိုက်၊ သုတ်လိုက်ဖြင့် အကြိမ်ကြိမ် အထပ်ထပ်။

တဖြည်းဖြည်း ညနေစောင်းလာတော့ မဲ့ယ်တော်ကြီး မျက်ရည်တွေ ကျမလာတော့။ အံ့သြတဲ့ အမူအရာ မျက်လုံးလေး ခဏမှိတ်လိုက်၊ ပြန်ဖွင့်လိုက်၊ ကျေနပ် ဝမ်းသာလွန်းတဲ့ အသွင်တွေ အမျိုးမျိုး ပြောင်းလဲလာမှုနဲ့အတူ ငြိမ်သက်လာသည်။

နောက်ဆုံး မယ်တော်ကြီးရဲ့ သဘောပေါက်သွားတဲ့ မျက်ဝန်းနဲ့အတူ မတုန်မလှုပ် ဦးဇင်းကို ကြည့်လိုက်ရင်း လက်လေးနှစ်ဖက် အလိုလို ယှက်လာသည်။

ပြီးတော့ မပြုံးပေမယ့် ပြုံးယောင်ထင်ဟပ်နေတဲ့ မျက်နှာ၊ ရှင်းဆန်းကြည်လင်တောက်ပတဲ့ မျက်ဝန်းတွေနဲ့ တစ်ခုခုကို သိရှိသွားသလို ပကတိ တည်ငြိမ်လွန်းစွာဖြင့် ဦးတွေ အကြိမ်ကြိမ် ချနေတာ တွေ့လိုက်ရသည်။

မယ်တော်ကြီးမျက်နှာတွင် ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း၊ တုန်လှုပ်ခြင်း၊ လှုပ်ရှားခြင်း၊ စိုးရိမ်ခြင်း၊ ဝမ်းနည်းခြင်း၊ ပူပင်ခြင်း ဘာအရိပ်မှ မတွေ့တော့။

မယ်တော်ကြီးရဲ့ နောက်ဆုံး အကြိမ်ချတာကို သိအပြီးတွင် -

"အဟွတ်. . အဟွတ်. . "

"အဟွတ်. . အဟွတ်. . "

"ဝေါ်" ဟူသော ငသွေးအန်သံနှင့် အတူ ဦးဇင်းရဲ့ အသိတို့ ဦးဇင်း ခန္ဓာမှ. . . ။

တင်အောင်ထွန်း(ထူးကြီး)

❑

www.burmeseclassic.com

www.burmeseclassic.com

ကောင်းဖွဲ့ပါနိုင်း

ဘာမြတ်ခဲ့ရတာနဲ့ ဘာမြတ်ခဲ့ကသိလဲ

ဖြစ်နေဝန်း

မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် ဗုဒ္ဓသာသနာတော်မှာ ဗုဒ္ဓဘာသာကို ယုံကြည်လက်ခံသူ အားလုံးတို့အတွက် အမြတ်ဆုံးရတနာသုံးပါးဟူ၍ သတ်မှတ်ထားရှိခဲ့ပါသည်။

ထိုအမြတ်ဆုံးရတနာ သုံးပါးကို ဗုဒ္ဓဘာသာဝင်များအားလုံးလည်း သိရှိထားပြီး ဖြစ်ပါသည်။

သို့သော်လည်း ထိုထိုသော ဗုဒ္ဓဘာသာဝင်တို့၏ သားငယ်၊ သမီးငယ်များဖြစ်သော ငါးတန်းမှ ဆယ်တန်းအထိ လူငယ်များအတွက် ယဉ်ကျေးမှု သင်တန်းတစ်ခု မြို့နယ်က ဦးစီးဖွင့်လှစ်ခဲ့ပါသည်။

ဖွင့်စနေ့တွင် သင်တန်းမှူးဆရာတော်က အမြတ်ဆုံးရတနာသုံးပါးကို မေးမြန်းကြည့်ရာ ကျောင်းသားထက်ဝက်ကျော် မသိကြပါ။ ဆက်လက်ပြီး အနန္တငါးပါး မေးမြန်းကြည့်ရာမှာလည်း ထိုနည်းပင် ဖြစ်သည်။

အထူးသဖြင့် ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တို့၏ သားသမီးမြေးမြစ်များဖြစ်ကြသော လူငယ်လူရွယ်များ ဗုဒ္ဓဘာသာ၏ ထုံးတမ်းစဉ်လာ ဘုရား၊ တရား၊ သံဃာများအကြောင်း သိထားသင့်သည်။

ထိုသို့ ဘာသာတရား၏အခြေခံ ဘုရား၊တရား၊သံဃာတို့၏ အကြောင်းကို သိထားပြီးမှသာလျှင် အနန္တငါးပါး ဂုဏ်ကျေးဇူးကို သိမြင်ကြပေမည်။ သို့မှလည်း အနာဂတ်တွင် မိမိတို့ကိုယ်တိုင် မိဘဆရာသမားများ ဖြစ်လာသောအခါ သားသမီးနှင့် တပည့်များ အပေါ် မှန်ကန်သော ဘာသာတရားကို နည်းလမ်းတကျ ဆုံးမသွန်သင်မှု ပေးနိုင်ကြပေမည်။

သို့ကြောင့် မိမိတို့၏ သားငယ် သမီးငယ်များအား ဘာသာရေးအသိနဲ့ ဘာသာရေးစာပေများ တတ်မြောက် နားလည်အောင် သင်ကြားပေးရေးကို အစဉ်တစိုက် ဆောင်ရွက်နေကြရမည်သာဖြစ်ပါသည်။

ဘုရားရတနာ

မြတ်စွာဘုရားသခင်သည် လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီတော်များကို ဖြည့်ကျင့်ပြီးမှ သမ္မာသမ္ဗုဒ္ဓဟု လောကတွင် အတုမရှိ ပွင့်ပေါ်တော်မူလာခြင်း ဖြစ်သည်။ ကိလေသာကင်းစင်ပြီး လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကို ခံထိုက်သူလည်း ဖြစ်သည်။ သီစရာ မှန်သမျှကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် ကိုယ်တော်တိုင် သိမြင်တော်မူသည်။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တတို့နှင့်လည်း ပြည့်စုံတော်မူသဖြင့် လောကသုံးပါးစလုံးတွင် အတုမရှိ အကြီးဆုံးဖြစ်တော်မူသည်။

တရားရတနာ

မြတ်စွာဘုရား သက်တော် ထင်ရှားရှိစဉ် လေးဆယ့်ငါးဝါပတ်လုံး လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအားလုံး၏ ကောင်း

www.burmeseclassic.com

www.burmeseclassic.com

ကျိုးအတွက် ဟောကြားတော်မူခဲ့သော ဓမ္မကွန်ရင့်ပေါင်း ရှစ်သောင်းလေးထောင် တရားဓမ္မတို့သည် အရိယာပုဂ္ဂိုလ်တို့၏ ဥစ္စာရတနာ မဂ္ဂင်ရှစ်ပါး တရားအစုလည်း ဖြစ်၏။ ထိုမဂ္ဂင်ရှစ်ပါး တရားအစုသည် မင်္ဂလေးတန် ဖိုလ်လေးတန် နိဗ္ဗာန်သို့ ဆိုက်ရောက်စေနိုင်သော အမြတ်ဆုံးကုသိုလ် အကျိုးတရားများကိုလည်း ရရှိနိုင်ပေသည်။

သံယာရတနာ

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကပင် မြတ်စွာဘုရား ဟောကြားထော်မူသော တရားတော်များကို ကျင့်ကြံအားထုတ် ပွားများပြီး မြတ်စွာဘုရားသာသနာ(အဆုံးအမ)မှာအရိယာသံယာဟူ၍ ကိလေသာကင်းစင်သော အမြင့်မြတ်ဆုံး ရဟန္တာကြီးများ အထိရှိတော်မူခဲ့ကြပြီး မြတ်စွာဘုရား၏ သာသနာမှာ အမြင့်မြတ်ဆုံး သံယာအဖွဲ့အစည်းအဖြစ် မြတ်စွာဘုရားကိုယ်တော်တိုင် ချီးမြှင့်ထားခဲ့ခြင်းလည်း ဖြစ်ပါသည်။

သောတာပတ္တိမဂ် ပုဂ္ဂိုလ်နဲ့ သောတာပတ္တိဖိုလ် ပုဂ္ဂိုလ်၊ သကဒါဂါမိမဂ် ပုဂ္ဂိုလ်နဲ့ သကဒါဂါမိဖိုလ် ပုဂ္ဂိုလ်၊ အနာဂါမိမဂ် ပုဂ္ဂိုလ်နဲ့ အနာဂါမိဖိုလ် ပုဂ္ဂိုလ်၊ အရဟတ္တမဂ်ပုဂ္ဂိုလ်နဲ့ အရဟတ္တဖိုလ်ပုဂ္ဂိုလ် ဟူ၍ အစုံအားဖြင့် လေးစုံအရေအတွက်အားဖြင့် အရိယာပုဂ္ဂိုလ်ရှစ်ယောက်တို့မှာ အမြင့်မြတ်ဆုံးသော သံယာအဖွဲ့အစည်းပင် ဖြစ်ကြပါသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက်တွင်လည်း ထိုသံယာအဖွဲ့အစည်း ထေရ်ကြီး ဝါကြီး ရဟန္တာကြီးများက ဦးဆောင်ကာ မြတ်စွာဘုရား လေးဆယ့်ငါးဝါပတ်လုံး ဟောကြားတော်မူခဲ့သော တရားဒေသနာတော်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အဆင့်ဆင့်သော သဂီတိယနာတင်ဆောင်ခြင်းတို့ဖြင့် ထေရ်ရှစ် ဝါလိုက်လက်ဆင့်ကမ်း သယ်ဆောင်လာခဲ့သည်မှာ ယခုအချိန်ထိပင် ဖြစ်ပါသည်။

ထို့ကြောင့်လည်း ထေရဝါဒဗုဒ္ဓသာသနာမှာ အမြတ်ဆုံးသံယာဟူ၍ ခိုင်မာစွာ ရပ်တည်နေခြင်းလည်း ဖြစ်ပါသည်။

ဖော်ပြပါ အမြတ်ဆုံးရတနာသုံးပါးအပါအဝင် လောကလူသားများကိုးကွယ်ပူဇော်နိုင်ရန် အမြတ်ဆုံး စေတီ(၄)မျိုးဟူ၍လည်း သတ်မှတ်ထားရှိခဲ့သည်။ ထို(၄)မျိုးသော စေတီများမှာ

ဥဒ္ဒိဿစေတီ

ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသော မြတ်စွာဘုရားသခင်အား သက်တော်ထင်ရှားရှိနေသကဲ့သို့ ရည်မှန်းပူဇော်ခြင်း။

ဓာတုစေတီ

ပရိနိဗ္ဗာန် စံလွန်တော်မူပြီး ဖြစ်သော မြတ်စွာဘုရားနှင့် ရဟန္တာကြီးများ၏ ဓာတ်တော် မွေတော်များကို ဌာပနာပြု၍ ကိုးကွယ်ပူဇော်ခြင်း။

ပရိဘောဂစေတီ

ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသော မြတ်စွာဘုရားနှင့် ရဟန္တာမထေရ်ကြီးများ၏ အသုံးအဆောင် ဖြစ်သော ရေသနဉ်၊ သင်္ကန်း၊ သပိတ်၊ တောင်တေ့စသည်တို့ကို ဌာပနာပြု၍ တည်ထားကိုးကွယ် ပူဇော်ခြင်း။

ဓမ္မစေတီ

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် လေးဆယ့်ငါးဝါပတ်လုံး ဟောကြားတော်မူခဲ့သော ဓမ္မကွန်ရင့်ပေါင်း ရှစ်သောင်းလေးထောင် ဟူဆိုအပ်သော ဝိဋကတ်သုံးပုံ စာပေပရိယတ္တိကျမ်းဂန်များကို ဌာပနာပြု၍ စေတီတည်ထားပြီး ကိုးကွယ်ပူဇော်ခြင်း။

ထိုလေးမျိုးသော စေတီတော်မြတ်များမှာ မြတ်စွာဘုရားသာသနာတွင် ဗုဒ္ဓဘာသာဝင်များ ကုသိုလ်ပွားများရာလည်း ဖြစ်သလို မင်္ဂလာဖိုလ်ပေါက် နိဗ္ဗာန်ရောက်သည်အထိ ကျင့်ပွားအားထုတ်နိုင်သော မဂ္ဂင်ရှစ်ပါး နည်းလမ်းကောင်းများလည်း ဖြစ်ပါသည်။

ထိုကဲ့သို့ ဘုရား၊ တရား၊ သံယာ အမြတ်ဆုံး ရတနာသုံးပါးနှင့် ဆင့်ပွားစေတီလေးဆူတို့အား ကိုးကွယ်ပူဇော်ကြခြင်းမှာ မြတ်စွာဘုရားပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် လောကလူသားများထိုရတနာသုံးပါး၏ ဂုဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ကျေးဇူးတော်အနန္တ တို့အား ရည်မှန်းပွားများ ကိုးကွယ်ပူဇော်ခြင်းသည် ဥဒ္ဒိဿစေတီမည်၏ မိမိခန္ဓာကိုယ်တွင်း၌ စေတီတည်ခြင်းလည်း မည်၏။ သရဏဂုံ တည်ခြင်းလည်း မည်၏။

ထိုသို့ပင် မိမိဉာဏ်ဖြင့် ရုပ်နာမ်ဓမ္မသဘာဝတို့၏ မမြဲသော သဘောတရားတို့ကို ရှုမှတ်ပွားများ ဆင်ခြင်ပြီး စိတ်အစဉ်မှာ ကာယက်၊ ဝစီက်၊ မနောက်တို့အား ထိန်းသိမ်း စောင့်ရှောက်ထားနိုင်ခြင်းဖြင့်လည်း မိမိ၏ ခန္ဓာကိုယ်တွင်း၌ ဓမ္မစေတီတည်ထားခြင်းလည်း ဖြစ်ပါသည်။

ထိုကဲ့သို့ စိတ်အစဉ်၌ တရားဓမ္မတို့၏ သွန်သင်ဆုံးမပေးမှုကြောင့် အမှားနှင့် အမှန်၊ အကုသိုလ်နှင့် ကုသိုလ်၊ ပညတ်မှ ပရမတ်စသည့် သဘောတရားများကို သုတမယဉာဏ်အမြင်မှာ ထင်မြင်သိရှိ နားလည်လာမည် ဖြစ်ပါသည်။

ခန္ဓာကိုယ်တွင်း စေတီတည်ထားခြင်းဆိုသော ဥဒ္ဒိဿစေတီနှင့် ဓမ္မစေတီတည်ထားကိုးကွယ်ခြင်းမှာလည်း ဦးစွာပထမ ဖော်ပြခဲ့သော အမြတ်ဆုံးရတနာသုံးပါး ဦးထိပ်ထားလျက် ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ ဟူ၍ သရဏဂုံသီလ ဆောက်တည်ခြင်းပင် ဖြစ်သည်။ ထို သရဏဂုံသုံးပါးကိုပင် အတန်းအစားအားဖြင့် (၄) မျိုး ခွဲခြားပြီး ပွားများဆောက်တည်ကြသည်လည်း ရှိပါသည်။

၁။ အတ္တသန္နိယျာတနသရဏဂုံ (ပထမတန်းစား)

အရှင်အာဒိစ္စာတို့ အဟံအတ္တာနံ ဗုဒ္ဓဿ နိယျာဒေမိ။

www.burmeseclassic.com

www.burmeseclassic.com

အဒ္ဓအာဒီကတွေ အဟံအတ္တာနံ ဓမ္မသာ နိယျာဒေမိ။

အဒ္ဓအာဒီကတွေ အဟံအတ္တာနံ သံယသာ နိယျာဒေမိ။

ယနေ့မှစ၍ အသက်ထက်ဆုံး ဘုရား၊ တရား၊ သံဃာအား မိမိ၏ အသက်နှင့် ခန္ဓာကိုယ်ကို အပ်နှင်းကိုးကွယ်ပါ၏။

၂။ တပ္ပရာယန သရဏဂုံ (ဒုတိယ တန်းစား)

အဒ္ဓအာဒီကတွေ အဟံပုဒ္ဓဗရာယဏော တိမံဓာရေထ။

အဒ္ဓအာဒီကတွေ အဟံဓမ္မပရာယဏော တိမံဓာရေထ။

အဒ္ဓအာဒီကတွေ အဟံသံဃပရာယဏော တိမံ ဓာရေထ။

ယနေ့မှစ၍ အသက်ထက်ဆုံး ဘုရား၊ တရား၊ သံဃာအားသာလျှင် ကိုးကွယ်ပါမည်၊ အခြားတွင် ကိုးကွယ်ရာ မပြုတော့ပါ။

၃။ သိဿဘာဝူပ ဂမန သရဏဂုံ (တတိယတန်းစား)

အဒ္ဓ အာဒီကတွေ အဟံအတ္တာနံ ပုဒ္ဓသာ ဒုန္လဘေါသိကော တိမံ ဓာရေထ။

အဒ္ဓ အာဒီကတွေ အဟံအတ္တာနံ ဓမ္မသာ အန္လေဘေါသိကော တိမံ ဓာရေထ။

အဒ္ဓ အာဒီကတွေ အဟံအတ္တာနံ သံဃသာ အန္လေဘေါသိကော တိမံ ဓာရေထ။

ယနေ့မှစ၍ အသက်ထက်ဆုံး ဘုရား၊ တရား၊ သံဃာတို့၏ တပည့်အဖြစ်ခံယူပါမည်။ အခြားအခြားသော ဘာသာ အယူဝါဒမှ ဆရာများ၏ တပည့်အဖြစ် ခံယူခြင်းမပြုတော့ပါ။

၄။ ပါဏိပါတ သရဏဂုံ (စတုတ္ထ တန်းစား)

အဒ္ဓ အာဒီကတွေ အဟံအဘိဝါဒန ပစ္စုပ္ပဋ္ဌာန အဋ္ဌလိကမ္မ သာမိစိကမ္မံ ပုဒ္ဓသယေဝ ဝတ္ထုသကရောမိ။

အဒ္ဓ အာဒီကတွေ အဟံအဘိဝါဒန ပစ္စုပ္ပဋ္ဌာန အဋ္ဌလိကမ္မ သာမိစိကမ္မံ ဓမ္မသယေဝ ဝတ္ထုသကရောမိ။

အဒ္ဓ အာဒီကတွေ အဟံအဘိဝါဒန ပစ္စုပ္ပဋ္ဌာန အဋ္ဌလိကမ္မ သာမိစိကမ္မံ သံဃသယေဝ ဝတ္ထုသကရောမိ။

ယနေ့မှစ၍ အသက်ထက်ဆုံး ဘုရား၊ တရား၊ သံဃာအားသာလျှင် ရှိခိုးခြင်း၊ လက်အုပ်ချီခိုး အရိုအသေပေးခြင်း၊ ခရီးဦးကြိုပြုခြင်း၊ နေရာပေးခြင်း တို့ထိုသာ ပြုပါတော့မည်။

ဤကဲ့သို့ သရဏဂုံ သုံးပါးကို (စတုဟိနရေဟိ)လေးပါးသော်နည်းတို့ဖြင့် ကိုးကွယ်ဆည်းကပ် ပူဇော်သမှုပြုသည်ရှိသော် အောက်ဖော်ပြပါ အကျိုးတရားများကိုလည်း အမှန်ပင် ရရှိကြမည် ဖြစ်ပါသည်။ ဆင်းရဲအားလုံးကို ပယ်ပျောက်စေခြင်း၊ ကျရောက်လာမည့် အေးအန္တရာယ်များကို ပယ်ပျောက်စေခြင်း၊ အပူသောကဟူသမျှကို ငြိမ်းအေးစေခြင်း။ ပတ်ဝန်းကျင်အနှောင့်အယှက်ဆိုးများမှ ကင်းဝေးစေခြင်း၊ သေလွန်လျှင် မကောင်းသောအယူ၊ မကောင်းသော ဘဝ (၎င်း တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်) တို့မှ လွတ်ကင်းပြီး ကောင်းသော သုဂတိဘုံဌာနများသို့ ရောက်ရခြင်းဆိုသော အကျိုးတရားများ ဖြစ်ကြပါသည်။

ထို့ကဲ့သို့ ဘုရား၊ တရား၊ သံဃာ အမြတ်ဆုံးရတနာ သုံးပါးကို ဥဒ္ဒိဿစေတီ ရည်မှန်းပူဇော်ခြင်း၊ ဓမ္မစေတီ၊ ဘုရားဟောတရားတော်အတိုင်း ကျင့်ကြံအားထုတ်မှုများခြင်းတို့သည် မိမိခန္ဓာကိုယ်အတွင်း စေတီတည်ထားခြင်း ဖြစ်သလို သရဏဂုံကို အသက်ထက်ဆုံး တည်နေခြင်းလည်း ဖြစ်ပါသည်။

အလျဉ်းသင့်လို့ ကျေးဇူးတော်ရှင် တောင်ပုလုဆရာတော်ဘုရားကြီး၏ ရာသက်ပန် သရဏဂုံ မိန့်မှာချက်ကို ထည့်သွင်း ဖော်ပြလိုက်ပါသည်။

"ခါတိုင်းဆောက်တည်တဲ့ သရဏဂုံကတော့ အခိုက်အတန့်ဖြစ်လို့ ယခုဆောက်တည်တဲ့ သရဏဂုံက တစ်ကြိမ် တစ်ခါတည်း ဆောက်တည်ကာမျှဖြင့် အသက်ဆုံးသည့်တိုင်အောင် မြဲတည်တဲ့ သရဏဂုံပဲ၊ ဘာကြောင့်တုံးဆိုတော့ ဘုရား၊ တရား၊ သံဃာလို့ ဆိုအပ်တဲ့ ရတနာသုံးပါးဆိုတာ လောကမှာ ဒီထက်အထွတ်အထိပ်အမြင့်အမြတ်ဆိုတာ ဓရှိတော့ဘူး။

အဲဒီလို အထွတ်အထိပ် အမြင့်မြတ်ဆုံးဖြစ်တဲ့ ရတနာသုံးပါးကို အတ္တသမံ ပေမံနတ္ထိ ဆိုတဲ့အတိုင်း မိမိအချစ်ဆုံးဆိုတဲ့ မိမိရဲ့ခန္ဓာကိုယ်ကို အပ်နှင်းပြီးသကာလ လျှဒါန်း ပူဇော်ရတဲ့ အကျိုးကြောင့် ဘယ်ကုသိုလ်နဲ့မှ မတူဘူး၊ အမြတ်ဆုံး ကုသိုလ်ပဲ ဖြစ်တယ်" ဟု ဟောကြားတော်မူခဲ့သည်။

နောက်တစ်ခုက "သရဏဂုမန် မဟာပုညံ" သရဏဂုံစိတ်ဖြင့် သရဏဂုံတည်နေခြင်းဟာ မဟာကုသိုလ်စိတ်ဖြစ်တယ်လို့ တောင်ဖီလာဆရာတော်ဘုရားကြီး ရေးသားတော်မူခဲ့တဲ့ "ယသဝမှန" ကျမ်းမှာဆိုထားကြောင်း တွေ့ရပါသည်။

စာရှုသူ ပုဒ္ဓဘာသာဝင်များ အနေဖြင့်လည်း အမြတ်ဆုံး ရတနာသုံးပါးကို ဥဒ္ဒိဿစေတီ ရည်မှန်းပူဇော်ပြီး ဓမ္မစေတီ(ဝါ)သရဏဂုံတည်ခြင်းဖြင့် အမြတ်ဆုံးကုသိုလ်များရရှိကာ အမြတ်ဆုံး နိဗ္ဗာန်သို့ ကူးရောက်နိုင်မည် ဖြစ်ပါသည်။

မိမိတို့၏ သားငယ် သမီးငယ် မြေးမြစ်ငယ်များကိုလည်း မိမိတို့၏ ကိုးကွယ်ရာ ဘာသာရေးအသိနှင့် ဘာသာရေးစာပေများ၊ အမြတ်ဆုံး ရတနာ၊ အမြတ်ဆုံး ကုသိုလ်၊ အမြတ်ဆုံး နိဗ္ဗာန်တို့၏ အကျိုးတရားများ စသည်တို့ကို အနည်းဆုံး အခြေခံအဆင့်မျှကိုသော်လည်း တတ်မြောက်အောင် သင်ကြားပေးသင့်ကြောင်း ဤဆောင်းပါးဖြင့် တိုက်တွန်းလိုက်ရပါသည်။

ကောင်းဖိန်း(ဖန်ဒေဝန်မှ)

❑

www.burmeseclassic.com

www.burmeseclassic.com

ယောင်္ကျားကောင်းရာ အဖွဲ့မြတ်

လောကဌ် ရာဂနဲ့တူသော မီး၊ ဒေါသနဲ့တူသော ဖမ်းစားခြင်း၊မောဟနဲ့တူသော ပိုက်ကွန်၊ တဏှာနဲ့ တူသော မြစ်သည် မရှိ။

ကိုယ့်ရဲ့ လက်တွေ့ဘဝလေးထဲမှာ ပြောဆမျှအဟုတ် လုပ်သမျှ အမှန်၊ ကြံသမျှအကောင်းဖြစ်ဖို့ဆိုရင် တံခါးနဲ့မှ ဖြစ်ပါ၏။ ဘဝက မထည်မြဲ၊ ဖောက်ပြန်နေ၏။ တပ်မက်စရာ မာန်ဝင့်စရာ အားကိုးစရာ မရှိ။

ဘဝမှာ ကြိုးပမ်းမှု ဗျာပါဒနဲ့ ပြီးစီးမှု ဖလဟုံ နှစ်ပိုင်းရှိ။ လူတိုင်းအာသဝေါ မာယာရေကန်ထဲ ဆင်းကြရ၏။ အာသဝရေကန်ထဲ ဖြတ်တော့ အရာရာအသက်သွင်းပေး၏။ စိမ်ရေ အရက်နဲ့လည်းတူ၏။ အဝိဇ္ဇာသဝက အမှားကိုမမြင်၊ ဒိဋ္ဌာသဝက အမှားကို အမှန်လုပ်ကာ အမှန်ကို အမှားလုပ်။

ဘဝါသဝက ရုပ်နာမ် သခ်ၤါရကို ပုဂ္ဂိုလ်သတ္တဝါထင်သလို ကာမာသဝက ကာမဂုဏ်အာရုံတွေ မြတ်နိုးပါ၏။ ဒွါရဟာအာသဝေါ တရားတွေနဲ့ ဝိုင်းရံထားတော့ ကမောက်ကမ ဖြစ်ကြရပါသည်။

စိတ်အေးချမ်းမှုကို လိုလားလို့ တုံ့ပြန်မှုကို မျှော်တဲ့စိတ်၊ ပတ်သက်မှုကို သာယာတဲ့စိတ်သည် မေတ္တာမဟုတ်။ တဏှာသာဖြစ်၏။ သံသရာမှာ ဟော်လိုသူတွေကတော့ တဏှာကို မေတ္တာလို့ လှည့်စားကြပါ၏။

လင်မယားချစ်၊ မိဘနဲ့ သားသမီး မောင်နှမ ညီအစ်ကို ဆွေမျိုးစတဲ့ ဟိုဟာချစ်၊ ဒီဟာချစ် ဆိုတာတွေဟာ ကိလေသာ တဏှာ ရောယှက်နေကြလို့ မေတ္တာအတုတွေသာ ဖြစ်ပါသည်။

❑

မြတ်စွာဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ဇနီးမယား သမီးသားနဲ့ စီးပွားဥစ္စာတွေကို ပစ်ပယ်၍ ဘုဉ်းပေးထံ

www.burmeseclassic.com

www.burmeseclassic.com

ရဟန်းပြုလာတဲ့ ရဟန်းသည် မယားဟောင်းမိန်းမရဲ့ ကာမတဏှာနဲ့ ဆွဲငင်ဆောင်မှုကို ခံခဲ့ရပါပြီ။

"အရှင်မြတ်တို့ဘုရား. . . တပည့်တော်ရဲ့ လူဘဝက ဇနီးနဲ့ ဆွမ်းခံရင်းတွေ့တော့ တပည့်တော်ရဲ့ ဇနီးက အမွေးနုံသာတွေလိမ်း လှပဆန်းကြယ်စာတွေ ဝတ်ပြီး သနားစရာအသွင်နဲ့ တပည့်တော်. မရှိရင် မဖြစ်လို့ လူဘဝကို ပြန်လာခဲ့ဖို့ ပြောပါတယ်၊ တပည့်တော် သာသနာမှာ ပျင်းရိငြီးငွေ့ခဲ့ပါပြီ၊ ယနေ့ပင် လူထွက်တော့မှာပါ ဘုရား"

ရဟန်းလောကမှာ အုတ်အော်သောင်းတင်းဖြင့် လူထွက်တော့မယ့် ရဟန်းကို တားဆီးမရကြတဲ့အဆုံး မြတ်စွာဘုရားထံ ခေါ်ဆောင်ခဲ့ကြပါသည်။ မြတ်ဗုဒ္ဓက -

"ချစ်သောရဟန်း၊ ဤမိန်းမသည် သင့်အတွက်မွေးမဲ့ကို ပြုတတ်၏၊ သင်သည် ဤမိန်းမ၏ ကာမရာဂအစွမ်းဖြင့် ဖျက်ဆီးမှုကြောင့် စွာန်များ ပျက်စီးကာ သုံးနှစ်ပတ်လုံး အမှတ်သညာကင်းလျက် မေ့လျော့ခဲ့ရကာ သတိရလာတော့လည်း သည်းထန်စွာ ငိုကြွေးဖူးပြီ" ဟု မိန့်ကြားလျက် အတိတ်ဇာတ်ကို ဆောင်ခဲ့ပါသည်။

❑

ဟိုရွှေးရွှေးတုန်းက ဘရာဏသီပြည်၌ ပြဟ္မဒတ်မင်း မင်းပြုစဉ်ကာသီတိုင်းက သူဌေးသား ပုဏ္ဏားလုလင်တစ်ဦးသည် အတတ်ပညာစုံသင်ယူ တတ်မြောက်ပြီး လောကီအာရုံ ကာမဂုဏ်ဖြင့် အိမ်ယာတည်ထောင် လူတို့ဘောင်ကို အားမကျ၊ ငြီးငွေ့ သံဝေဂယူကာ ဟိမဝန္တာသို့ တောထွက်ခဲ့ပါ၏။ ကျောင်းသခင်မ်းဆော်၍ သစ်သီး သစ်ဥများဖြင့် မျှတစွာ တစ်ဦးတည်းနေပြီး တရားကျင့်ခဲ့ပါသည်။

လူတို့နေရာ ဤလောကသည် ၁၅၀၀ ကိလေသာ အပုပ်အဆွေးတွေနဲ့ ရွှံပွထွေးနေကြတော့ ဟိုဟာချစ် ဒီဟာချစ်ဆိုတဲ့ အချစ်တုတွေကြားမှာ စိတ်မအေးချမ်းနိုင်။ မိန်းမတွေရဲ့ တဏှာ ရာဂယှဉ်တဲ့ အချစ်တုတွေနဲ့လည်း သုမနေနိုင်။ ပစ္စည်းဥစ္စာ ဂုဏ်ပကာသန ဆိုတဲ့ လောကီအာရုံကာမဂုဏ်တွေကို စွန့်ပစ်၍ တစ်ကိုယ်တည်း တောရိပ်ခိုရှု တရားကျင့်နေထိုင်ရခြင်းကိုနှစ်သက်သဘောကျသူပါ။

လောကီအာရုံ ကာမဂုဏ်တွေကို လမ်းဘေးက အဝတ်စုတ်တစ်ခုလောက်မှ တန်ဖိုးမထားဘဲ စွန့်ပစ်၍ တောထွက်သွားခြင်းသည် ကာသီတိုင်းမှာတော့ အံ့သြမဂုန် ဖြစ်ရပ်တစ်ခုပါပဲ။

တစ်ဦးတည်းနေ တရားကျင့်ရင်း စွာန်အဘိညာဉ်ရရှိခဲ့ကာ အခုတော့ စွာန်ချမ်းသာနဲ့ နေနိုင်ခဲ့ပါသည်။

ရွှေသမင်မလေး တစ်ကောင်ကလည်း ရသေ့ကြီးကိုတစ်ဖက်သတ် ချစ်ခင်စွဲလမ်းလျက် ကျောင်းနားမှာပင် အမြဲနေခဲ့ပါ၏။

ရသေ့ကြီး ကျင်ငယ်စွန့်ရာ အရပ်မှာနေ၍ သုက်နှင့်ရောသောမြက်တို့ကိုစားကာ ကျင်ငယ်ရည်ကို သောက်ပါ၏။ ရသေ့ကို တပ်စွန်းသောစိတ်ကြောင့် ကိုယ်ဝန်တည်ကာ သမင်မသည် လူသတို့သားလေး မွေးခဲ့ပါ၏။ ရသေ့ကြီးက ကောက်ယူမွေးစားပြီး ဣသိသိဂ်ဟု အမည်ပေးခဲ့ပါသည်။

ဣသိသိဂ်သည် လူတွေကို မမြင်ဖူး၊ လူတွေနဲ့လည်း မဆက်ဆံဖူး၊ အာရုံငါးပါးကိုစောင့်ရှောက်တတ်သူ ဖြစ်၏။ အရွယ်ရောက်တော့ ရသေ့ဝတ်၍ ရသေ့အကျင့်များ ကျင့်ခဲ့ပါသည်။

ဖခင်ရသေ့ကြီးသည် ကာမာသဝ အစွမ်းအရ မိန်းမတို့၏ ရာဂအစုံးကာမဂုဏ်အပေါ် အာရုံငြိကြလို့ ဘဝပျက်နိုင်ပုံကို နားလည် သဘော်ပေါက်ကာ ဣသိသိဂ်အား ဟိမဝန္တာရှိ ပန်းနဲ့တူတဲ့ မိန်းမများကို ပြခဲ့ပါသည်။ မိန်းမတို့သည် မိမိအလိုသို့ မလိုက်သူအား ကြီးစွာသော မျက်စီးခြင်းသို့ ရောက်စေတတ်၊ မိန်းမတို့ဟာ မြစ်ကဲ့သို့ ကောက်ကွေ့လှလို့ မိန်းမတို့အလိုသို့ မလိုက်ရန် ဆုံးမမှာကြားပြီး သေဆုံးခဲ့ပါသည်။

ဣသိသိဂ် ရသေ့ဝင်သည် စွာန်ကစားရင်း ပြင်းထန်သော အကျင့်ကို ကျင့်၏၊ ချုပ်တည်းသော ဣန္ဒြေရှိကာ တန်ခိုးရှိန်စော် အာနုဘော်ကြောင့် သိကြားမင်းသည် သူ့ရဲ့ရာထူး မမြဲမှာကို စိုးရိမ်ခဲ့ပါပြီ။

ရသေ့၏ အကျင့်ကြောင့် သိကြားမင်း၏တိုင်းပြည် တာဝတိံသာတစ်ခုလုံး အံ့သြစရာ ကောင်းလောက်အောင် တုန်လှုပ်ချောက်ချားသွားခဲ့ရပါ၏။

သိကြားမင်းသည် ရသေ့ဝင်ဟာ သူ့ရဲ့နေရာကို လုတော့မှာပဲ၊ သူ့ရဲ့ ကာမဂုဏ် အာရုံတွေ လျော့

www.burmeseclassic.com

တော့မှာပဲဟု ယူဆကာ ရသေ့ သီလ ပျက်အောင် ကြံစည်ခဲ့ပါသည်။

"သိကြားမင်း၏ စည်းစိမ်သည် အလွန်ချမ်းသာသလို ပုထုဇဉ်တို့အတွက် ကိလေသာအာရုံ ကာမဂုဏ်တွေကလည်း ပေါလှုပါ၏၊ ၂၅ ကွေ့သော နတ်သမီး အခြံအရံအလုပ်အကျွေးတွေကလည်း တပ်မက်စရာပါ၊ သိကြားမင်းစည်းစိမ် ဟူသည် လွယ်လွယ်နဲ့တော့ မရနိုင်။

အမောင်နတ်သားတို့၊ ဤရသေ့သည် ငါ့ကို သိကြားမင်းအဖြစ်မှ ရွှေ့လျောစေကာ ငါ၏ စည်းစိမ်ကို လုလတ္တံ့"

ဒါကြောင့် ရသေ့အား ဖြားယောင်းဖျက်ဆီးနိုင်ရန် ကိလေသာနဲ့ လုပ်ကျွေးရာ၌ အတုမရှိ ကျွမ်းကျင်သော ရှင်မ အလမ္ဘုသာကို ခေါ်ယူကာ -

"အို - ရှင်မ၊ သင်ကား ယောကျ်ားတို့ကို ကိလေသာနဲ့ ရောနှောဖြားယောင်းနိုင်သူ ဖြစ်ပေတယ်၊ နတ်ပြည်၏ အကျိုးအတွက် နတ်ပြည်၌ မွေ့လျော်ရန် ဂုဏ်ကြီးလှတဲ့ တန်ခိုးကြွယ်လှတဲ့ ဣသိသိဂ်၏ နတ်ပြည်ခရီးကို ဖြားယောင်းသွေးဆောင်၍ သီလကို ဖျက်ဆီးပါလော့၊ ရာဂအစုံ ကာမဂုဏ်အစွမ်းနဲ့ ပြင်းထန်တဲ့ တန်ခိုးရှင် သူတော်ကောင်းကို မိမိအလိုသို့ပါအောင် မြှူဆွယ်ဆွဲဆောင်ရမယ့် အလုပ်အတွက် ကြက်သီးမွေးညင်းများ ထခဲ့ရပါပြီ"

သို့ပေမဲ့ သူအရှင်သခင် လင်တော်မောင် သိကြားမင်းရဲ့ ဇီတိအာဏာကြောင့် မငြင်းပယ်နိုင်ခဲ့သလို နတ်သမီးလေးရဲ့ ပင်ကိုဇီဇအရ အချစ်ကို စမ်းသပ်လိုဟန်တူပါရဲ့၊ အချစ်နဲ့ အပါယ်ငရဲ လဲထပ်ခြင်းလုပ်ငန်းကို လက်ခံခဲ့ရပါသည်။

❑

အလမ္ဘုသာ နတ်သမီးသည် ရသေ့ သို့တော်ကောင်းကို ကာမတဏှာဖြင့် ဖျက်ဆီးရန် ဣသိသိဂ် ပြုစုထားတဲ့ ကြက်မောက်တောသို့ မိန်းမမာယာအပြည့်နဲ့ တစ်လှမ်းချင်း ဝင်ခဲ့ပါပြီ။

နံနက်ခင်း နေမင်းကြီး ထွက်ခါစ သာယာလှပတဲ့ သဘာဝနဲ့ နတ်သမီးလေးရဲ့ မူပိုင် မိန်းမမာယာလေးဆယ်ကို အခြေပြု၍ ဣသိသိဂ် မြင်လောက်တဲ့နေရာမှ ယောကျ်ားတွေအကြိုက်ဖြစ်စေမယ့် မိန်းမတို့၏ တင့်တယ်စံပယ်ခြင်း အမူအရာများကို ပြလျက် ချဉ်းကပ်ခဲ့ပါသည်။

နတ်သမီးသည် လူတွေ၊ နတ်တွေကို ကာမဂုဏ်နဲ့ မြှူဆွယ်ရတာ လွယ်ပေမယ့် သူတော်ကောင်းရသေ့ကို ဖြားယောင်းလို့ မလွယ်၊ ကြိုတင် သိပြီးဖြစ်လို့ ကြိုတင် စီမံထားပြီးလည်း ဖြစ်ပါသည်။

အရောင်စုံပြီး ဆန်းကြယ်လှပတဲ့ ခေတ်မီအဝတ်အထည်တွေဝတ်၊ ပုလဲသွယ် လည်ဆွဲနဲ့ ပတ္တမြားနားတောင်းတို့ ဝတ်လိုက်တော့ လူမှာအဝတ် တောင်းမှာအကွပ် ဆိုသလို မြင်ရသူ ကျားသတ္တဝါတို့ မချစ်ဘဲ မနေနိုင်။

မျက်လုံးအစုံဟာ သောက်ရှူးကြယ်လို တောက်ပကာ နေမင်းနဲ့အတူ ထွန်းတောက်ခဲ့ပါ၏။ ရွှေလို ဝင်းတဲ့ စန္ဒကူးနဲ့သာတို့ကိုလည်း လိမ်းကျံထားတော့ နတ်သမီးလေးရဲ့ လက္ခဏာကြီးငယ်တို့ဟာ တင့်တယ်၍ ရွှဲချင်စဖွယ်။ သေးသွယ်လှပတဲ့ ခါး၊ ထွားတဲ့ရင်၊ စွင့်ကားတဲ့တင်တို့ကိုလည်း ထူးခြား၍ ပန်တင့်အောင် ထုတ်ပြနေသယောင်။

နူးညံ့သိမ်မွေ့လှတဲ့ အသွင်အပြင်၊ ကြည်လင်သန့်ရှင်းတဲ့ အသားအရေ၊ မြေပြင်မှာ ညီညွတ်မျှတစွာ ရှိကြတဲ့ ခြေများဖြင့် ဆင်မယဉ်သာ လျှောက်လှမ်းကာ ဣသိသိဂ်ကို တဏှာအစွမ်း အံ့မခန်းဖြင့် ကာမဂုဏ် အာရုံများနဲ့ ညှို့ယူဖမ်းစားခဲ့ပါ၏။

ဣသိသိဂ်တာ တစ်ဦးတည်း နေပြီး ဈာန်အကျင့်ဖြင့် ဈာန်ချမ်းသာနဲ့ နေသူဖြစ်လို့ အချစ်တုနယ်မြေရဲ့ ခက်ထန်ခြင်းမျိုးများကို နားမလည်၊ မိန်းမတွေနဲ့လည်း ဆက်ဆံဖူးခြင်း မရှိ။

ပုထုဇဉ်လောကသည် မဖြစ်သေးတာပဲ ရှိ၏၊ မဖြစ်နိုင်တာမရှိ ဆိုသလို လောကအကြောင်း ဘာမှမသိသေးတဲ့ မအူမလည်ရသေ့ငယ်သည် မိန်းမအာရုံကာမဂုဏ်ဖြစ်တဲ့ နတ်သမီးရဲ့အလှကို စွဲမက်ခဲ့ပါ၏။အချစ်စိတ်ရဲ့ လှုံ့ဆော်မှုအရ ကာမရာဂ ထကြွလာကာ ရာဂအာရုံ ကာမဂုဏ်ကို လိုချင်တပ်မက်စိတ်တွေ တဖွားဖွား ဖြစ်ခဲ့ရပါပြီ၊ ဣန္ဒြေမဆောင်နိုင်တော့။

"အို အချင်း၊ သင့်ရဲ့ ပေါင်နှံလုံးဟာ အရှုံးကြီး အဖျားသွယ်ကာ ဆင်နှာမောင်းနဲ့တူ၏၊ ခါးကလည်း ငြိကြွေအန်ကစားတဲ့ ပျဉ်လိုတင့်တယ်လှပါ၏၊ ချက်မှာလည်း ကောင်းတဲ့ သဏ္ဌာန်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com

အို-အချင်း၊ သင်၏ရင်၌ရှိတဲ့ သားမြတ်တစ်စုံဟာ အညှာမရှိဘဲ ကောင်းစွာ ပြုထွက်မို့မောက်တင်းရင်းကာ မရှဲမတွ တွဲလျားမကျ၊ ရွှေအင်းပျဉ်တွင် တင်ထားတဲ့ ဘူးသီးပိုင်းလို တူ၏၊ လည်ပင်းကလည်း သွယ်လျ၍ ရွှေမုန်းစည်းနဲ့ တူ၏၊ နှုတ်ခမ်းများက လျှာအဆင်းလို နီမြန်း၏၊ ဖြူဖွေးတဲ့ သွားတွေကလည်း အထက်အောက် စေ့စပ်ညီညွတ် သန့်ရှင်း၏၊ မျက်လုံးတို့ကလည်း သမင်မမျက်လုံးလို လှပတင့်တယ်လှပါပေတယ်။

အမွေးနုံသာတွေ လိမ်းကျံခြယ်သထားတဲ့ သင့်ဆံပင်နှင့် ခန္ဓာတို့ဟာ စန္ဒကူးနုံနဲ့ ကြိုင်သင်းလှပါပေတယ်"

ရသေ့ငယ်သည် သူ မမြင်မတွေ့ဖူးသေးတဲ့ အာရုံငါးပါးဖြင့် ဖမ်းစားခြင်း ခံရကာ ကာမဂုဏ်၌ ရစ်မူးတိမ်းညွတ်ခဲ့ရို့ပါ၏။ ကိုယ်တွင်း၌ ကိန်းအောင်းနေတဲ့ အနုသယကိလေသာတို့ နတ်သမီး ဟူသော ဝိသဘာဝအာရုံထူးနဲ့တွေ့ကာ ရသေ့အဖြစ်ကို သတိမရတော့ဘဲ မိန်းမောတွေဝေခဲ့ပါပြီ။

အလမ္ဘုသာသည် သူ့ရဲ့ မာယာ အစွမ်းပြတာကို သိလျက်-

"အိုး- အရှင်ရယ်၊ယောဂျ်ကျင့်နဲ့ မိန်းမတို့ ချစ်ခင်ကြတာဟာ အဆန်းမဟုတ်၊ အချစ်ကို ချိုမြိန်စွာ ခံစားခြင်းကသာ လူဖြစ်ကျိုးနပ်ခြင်း ဖြစ်လို့ အရှင်နဲ့နှမ နှစ်ဦးသား ပြေလည်ကြမှတော့ တစ်ဦးနဲ့တစ်ဦး အာသာငမ်းငမ်း ပျော်မြူး ချစ်ပွဲဝင်ကြပါစို့"

တွေဝေနေတဲ့ ရသေ့အနားတိုးကပ်လျက် -

အလမ္ဘုသာ၏ ရာဂတဏှာ အစွမ်းကြောင့် ရသေ့ တစ်ကိုယ်လုံး လှုပ်ခါလျက် အတွေ့ထူးမှာ မေ့မြော၍ ရမ္မက်အစွမ်းကြောင့် သတိလွတ်ချိန်တွင် မာယာဖြင့် ရသေ့အနားမှ ပြန်တော့မယ်ဟန်ပြု၍ ကိုယ်ကို လှည့်လိုက်တော့ အစွဲကြီးစွဲနေတဲ့ ရသေ့ဟာ လွတ်ထွက်သွားမှာစိုးရိမ်ပြီး အလဲမ္ဘုသာထံ အမြန်ကပ် ဆံထုံးကိုဆွဲစဉ်မှာပဲ မာယာရှင်က အလိုက်သင့် နောက်သို့ပြန်လှည့်ရင်း ရသေ့ရင်ခွင်တွင်းဝင် တင်းကျပ်စွာ ဖက်၍ ချစ်ပွဲဝင်ခဲ့ကြ။

အခုတော့ ရသေ့ သီလပျက် စာန်လျှောခဲ့ပါပြီ။

တဏှာစေရာ ဖွေရှာကြသူတို့ အချစ်အချစ် ချစ်တိုင်းချစ်၍ ချစ်လေ ချစ်လေ ချစ်မပြေကာ ရာဂ အရာ တဏှာစွဲရစ် ထိုအချစ်ကို ချစ်လျှင်ပျော်နိုး ချစ်စပျိုးခဲ့ကြ။

သိကြားမင်းကလည်း ကျေနပ်အားရစွာဖြင့် ရသေ့နဲ့ နတ်သမီးတို့ ပျော်မြူးနိုင်ကြဖို့ နတ်မွေ့ရာ ပလ္လင်နဲ့တကွ အခြံအရံ ဇိမ်ခံပစ္စည်းအစုံပို့ပေးခဲ့ပါ၏။

နှစ်ဦးသား ပိုက်ဖက်၍ နတ်တို့အတွေ့ဖြင့် မွေ့လျော်မိန်းမောခဲ့ကြရာ လူတို့ အရေအတွက် သုံးနှစ်ကြာခဲ့ပါသည်။

ကိစ္စပြီးလို့ မိန်းမောမှုပြေကာ အိပ်ရာမှ နိုးတော့ -

ကျောင်းသခင်မ်းတစ်ခုလုံး သစ်ပင်၊ ခဲ့နွယ်၊ ပန်းမန်များဖုံး၊ ကျေးငှက်သာရကာ တွန်မြူးရာ သာယာဖွယ်ဝန်းကျင်ကို တွေ့မှ ကြံဝိုင်ကာသာ နေပြီး "ငါ မှားပါပကော"ဟုဆိုလျက် မျက်ရည်ဖြိုင်ဖြိုင်ကျ ငိုကြွေး မြည်တမ်းခဲ့ရပါပြီ။

"ဉာဏ်အမြော်အမြင်ရှိတဲ့ ဇါဖခင် ရသေ့ကြီး၏ အဆုံးအမကို မလိုက်နာမိသဖြင့် ငါသည် စိုးရိမ်ပူဆွေးခဲ့ရ၏၊ ငါ၏ အသက်ရှင်ခြင်းသည် စက်ဆုပ်ဖွယ် ရှိစွတကား။

အဘယ်သူသည် ဇါစိတ်ကို ဖြားယောင်း သွေးဆောင်ကာ ကာမဂုဏ်နဲ့ လှုပ်ကွေးဘိသနည်း"

"အို- ရဆေ့ငယ်၊ အကျွန်အလမ္ဘုသာသည် သိကြားမင်းစေခိုင်း၍ အရှင့်အား ကာမဂုဏ်နဲ့ လှုပ်ကွေးမိပါသည်၊ ခွင့်လွှတ်ပါရန် ရှိခိုးလျက် အနူးအညွတ် တောင်းခံပါသည်"

ဣသိသိဂ်သည် ကာမရာဂကို ပယ်လျက် ကသိဏ်းမရိတ်ကို ပြုလုပ်အားထုတ်ရာ ခဏချင်းပင် ကွယ်ပျောက်ခဲ့သော စာန်ကို ပြန်လည် ရရှိခဲ့ပါသည်။

မြတ်ဗုဒ္ဓသည် ကာမတဏှာကြောင့် ဘဝပျက်တော့မယ့် ရဟန်းအား ကယ်တင်နိုင်ခဲ့သလို မေတ္တာတရားများကို ပယ်၍ မေတ္တာစစ်များနဲ့ ဘဝကို တည်ဆောက်နိုင်ကြပါစေ။

ယောဂီတိုးအောင်

မှီငြမ်း - ငါးရာငါးဆယ်နိပါတ်တော်၊ အလမ္ဘုသာဇာတ်။

www.burmeseclassic.com

www.burmeseclassic.com

နယ်ချဲ့တို့ဖိမ့်ဖိမ့်တုန်ခဲ့ရသော မြန်မာ့အာဏာနည်များ

မှတ်တော်တည်ကြကုန်လော့

အလောင်းမင်းတရား အောင်ဧေယျာခဲ့ဟော့

ထွန်းလင်းသူ



www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှ အဆက်)

စည်းရုံးရေးဆိုၿ၍ စကားအလျဉ်းသင့်တုန်း ပြောပါရစေ။ ရင်ထဲ အသည်းထဲမှာ နှစ်ပေါင်းများစွာ ဦးလိုးခုလု ဖြစ်ခဲ့ရသော အကြောင်းအရာတစ်ရပ် ဖြစ်ပါသည်။ ငယ်ရွယ်စဉ် အခါသမယ အသည်းလွှာနုနုဝယ် ကုတ်ခြစ်ခံခဲ့ရသော ဆူးပေါင်းများစွာထဲမှ ဆူးတစ်ချောင်းလည်း ဖြစ်သည်။

ကျွန်တော်တို့ ငယ်စဉ်က ရုပ်ရှင်ရုံများတွင်ဖြစ်စေ၊ လမ်းဘေးတွင် အခမဲ့ပြသသော လမ်းဘေးရုပ်ရှင်များတွင်ဖြစ်စေ ရိုးရာမဟုက် ပြုလုပ်မြဲဖြစ်သော လုပ်ရုပ်တစ်ခု ရှိပါသည်။ ရုပ်ရှင်ပြတော့မည်ဆိုလျှင် ထုံးစံအတိုင်း ကြော်ငြာတွေဝင်သည်။ 'ခေတ်မီသူတိုင်း ပင်လယ်ငါး စားကြသည်'၊ 'ပြည်တွင်းဖြစ်ကို အားပေးပါ' စသည် စသည် ဆိုရှယ်လစ်စီးပွားရေးစနစ် ပုံရိပ်များကို ထင်ဟပ်ထားသော ပေါ်လစီကြော်ငြာများ။ ထို့နောက် ခပ်ကြာကြာ ထိုးပြထားသော (ဆောင်ပုဒ်ပဲ ပြောရမလား၊ သတိပေးချက်လို့ပဲ ဆိုရမလား) စာပိုဒ်တစ်ခု။

ကျွန်တော်တို့လို ဘာမှန်းမသိ၊ ညာမှန်းမသိ ချာတိတ်တွေက အဲဒီစာပိုဒ်ကြီး ပေါ်လာပြီဆိုရင် အသံကုန် ဝိုင်းဖတ်ကြတာပေါ့။ ဒီလိုပါ၊ နားထောင်ကြည့်ပါလေ။

'ရေကို မူလ ချွေတာကြ။
လျှပ်စစ်ကိုလည်း ချွေတာပြီး။
လောင်စာကိုပါ ချွေတာပါ။'

ယနေ့ အသက်(၄၀)နှင့်အထက် ပုဂ္ဂိုလ်များ ပြန်စဉ်းစားလိုက်ရင် ကောင်းကောင်းမှတ်မိနေကြဦးမှာပါ။

ဩော်- နောင်အခါ အသက်ကလေးလည်း ရလာ၊ သုမနကျောမှာ အရိုးရာတွေကလည်း ထင်သင့်သလောက် ထင်လာတော့မှ အဲဒီစာပိုဒ်ကို ဝိုင်းအော်မိခဲ့တဲ့ ကိုယ့်ကိုယ် ကိုယ် ပြုံးမိလေသည်။

မသိချင်ယောင်ဆောင်ပြီး 'မင်းအပြုံးက ဘာအပြုံးလဲကွ' လို့တော့ မမေးနဲ့ပေါ့ သူငယ်ချင်းရယ်၊ မင်းလည်း ငါ့လို ပြုံးခဲ့တာပဲ မဟုတ်လား။ ရင်ထဲမှာ မချိတင်ကဲ ကြေကွဲရလွန်းလို့ ပြုံးခဲ့ရတဲ့ အပြုံး၊ မချိပြုံး။ ကျွန်ုပ်တို့ ပြည်သူတွေ ချွေတာခဲ့ရသမျှ နောက်ဆုံးကျတော့ ကမ္ဘာ့အလယ်မှာ သုည၊ သုည၊ သုည။ ဝလုံး၊ ဝလုံး၊ ဝလုံး။ ဘဲဥ၊ ဘဲဥ၊ ဘဲဥ။

ကဲ- ထားပါတော့၊ ထိုစာပိုဒ်ကြီးလည်း ဖျတ်ခနဲ ပျောက်ကရော နိုင်ငံတော် အလံကို အလေးပြုရသည်။

အလေးပြုပြီးသောအခါ ရိုးရာမဟုက် လုပ်ရပ်ကြီး လာပါပြီ။ အခြားမဟုတ်၊ 'သတင်းကား' ပြသခြင်းဖြစ်သည်။ မြန်မာ့ရုပ်ရှင်ကား ပြသသောရုံမှာဖြစ်စေ၊ နိုင်ငံခြားရုပ်ရှင်ကား ပြသသောရုံမှာဖြစ်စေ 'သတင်းကား'မကြည့်ရမှာ ပူစရာမလိုပါ။ အခြားကိစ္စတွေသာ စိတ်မချ လက်မချ စိုးရိမ်ကြောင့်ကြ ရတာတွေ ရှိချင်ရှိမည်။ 'သတင်းကား' ကိုတော့ စိတ်ချလက်ချ ကြည့်ရပါသည်။ မကြည့်ရနေရိုးလား၊ 'သတင်းကား' ဆိုသည်မှာ နိုင်ငံတော်အစိုးရ၏ ဝါဒဖြန့်ခြိ စည်းရုံးရေးအစီအစဉ်ကြီး ဖြစ်ပေသကိုး။ ထိုသတင်းကားများကို အစိုးရပိုင် မော်ကွန်းရုပ်ရှင်မှ ရိုက်ကူးတင်ဆက်သည်။

မည်သည့် အစီအစဉ်များကို ရိုက်ကူးတင်ဆက်ပါသနည်း။ နိုင်ငံတော် ဂုဏ်ပြုညစာစားပွဲကြီးများကို တင်ဆက်သည်။ သမဝါယမဆိုင်မှ ခွဲတမ်းဖြင့် (တစ်နည်း မျက်နှာရှစ်ခေါက်ချိုးများဖြင့်) ရောင်းချပေးသော ဆန်နီ၊ ဆန်ဝါ၊ ဆန်ပြာ၊ ဆန်နက်တို့ကို ကုန်းလွှေးနေကြရကုန်သော ရုပ်ရှင်ကြည့် ရွှေပွဲလာကြီးခမျာ အနီ ဂုဏ်ပြုညစာစားပွဲကြီးများကို မစားရ အညှော်ခံ ဆိုသကဲ့သို့ မျက်စိအညောင်းခံပြီး 'နတ်ကရာ ကျီးမော' ကြရလေသည်။ ပြီးတော့ အစိုးရနှင့် သက်ဆိုင်ရာ ပွဲလမ်းသဘင် အခမ်းအနားများ၊ နိုင်ငံတော် ဆိုင်းဝိုင်းကြီးများနှင့် တီးကြ မှုတ်ကြ၊ ဆိုကြ ကကြ၊ သောက်ကြစားကြ။ ရွှေပွဲလာပြည်သူတွေက ချွေးတပြိုက်ပြိုက် ရုပ်ရှင်ရုံလေးထဲမှာ၊ ကလေးငိုသံက တဝါးဝါး၊ 'ဟဲ့- သောက်ပလုတ်တုတ်' ထအော်သံက မရှား၊ ရုပ်ရှင်ကြည့်ပရိသတ် အဒေါ်ကြီး တစ်ယောက်ရဲ့ ခြေထောက်ပေါ် ဖြတ်ပြေးသွားတဲ့ မြေကြွက်ကြီးက ကြောင်လောက်ရှိတာလေ။

ပြောချင်သည်မှာ စိန်ခြူးကြာညောင့် လိုရောင်လင်းပါသော မှန်ရွှေပြတင်းမှ ထင်လင်းပြလိုက်သည့် ထိုထို ဤဤ အနှီ သတင်းကားတို့သည် ပြည်သူတွေကို စည်းရုံးရေးဆင်းနေခြင်းဟု မြင်ပါသည်။ 'စည်းရုံးရေး ဆင်းခြင်း'သည် သက်ဆိုင်ရာ အဖွဲ့အစည်းတစ်ရပ် (အစိုးရအဖွဲ့ အပါအဝင် ကျန်အဖွဲ့အစည်းများ) ၏ လုပ်ငန်းတာဝန်တစ်ရပ် ဖြစ်ပေရာ ထိုကိစ္စအတွက် မည်သူကမျှ ကန့်ကွက်စရာ အကြောင်းမရှိပါ။ သို့သော် 'သုံးသပ်ပိုင်ခွင့်' ကား ရှိရပေမည်။

ပြည်သူလူထုအား 'ရေကို ချွေတာပါ၊ လျှပ်စစ်ကို ချွေတာပါ၊ လောင်စာကို ချွေတာပါ' ဟူ၍ တစ်ချွေတည်း ချွေတာခိုင်းနေသော အစိုးရသည် ထစ်ခနဲရှိ 'ဂုဏ်ပြုညစာစားပွဲကြီးများ'၊ 'ဂုဏ်ပြုစည့်ခံပွဲကြီးများ' ကို သဘောရှိကလောဟိနေကြခြင်းသည် 'ဖင်တလွဲ ခါးတောင်းကျိုက်တလွဲ' ရေးဟောင်းစကားပုံထုံးကို နှလုံးမူခြင်းတော့ မဟုတ်တန်ရာ။ 'ရှင်ဘုရင့်ပုဆိုး ပိုးချည်းပဲ' ဝတ်ပြနေခြင်းသာ ဖြစ်ပေသည်။

ထိုအခါ နံငယ်ပိုင်းလေး မလုံတလုံ ဝတ်ထားရရှာသော ပြည်သူလူထုခမျာ ရှင်ဘုရင်ကြီး၏ ပိုးပုဆိုးကို မျက်လုံးကလေး ပေကလတ် ပေကလတ်နှင့် ကြည့်ပြီး ဘာပြောကြရှာမည်နည်း။ ဘာမျှ မပြောကြရှာပါ။ ငိုအားထက် ရယ်အားသန်ပြီး 'ဟား ဟား. . . ဟား ဟား' နှင့် တဝါးဝါး ဖြစ်ကုန်ကြရှာသည်။ ခွက်ထိုးခွက်လန်ရုံမက ချက်ပက်လက်လန်ကုန်ကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုဖြစ်ရပ်ကို ပုံပမာအားဖြင့် တင်ပြရလျှင် အိမ်ထောင်ဦးစီး အိမ်ဦးနတ် လုပ်သူသည် ခေါင်းပေါင်းနဲ့၊ တိုက်ပုံနဲ့၊ ဗန်ကောက်လုံချည်နဲ့၊ ဘွတ်ရှူးနဲ့၊ ဆီကိုဖိုက်နဲ့ ဂိုက်ကောင်းလှသည်။ သူမဟေသီ ဒေဝီ အိမ်ရှင်မခမျာမတော့ နားပေါက်ဟောင်းလောင်းနှင့်၊ သားသမီးမောင်မယ် ဖူသူငယ်တို့ခမျာသည်လည်း ထမင်းနပ်မမှန် ရေရက်ချန်နှင့် ပိန်လှီသေးကွေးမျက်ပေမှေးနှင့်၊ နေထိုင်ရသော အိမ်ဂေဟာ ကွန်ဒိုရွာကလည်း ယိုင်တိယိုင်ထိုး မိုးယံဝဝယ် လကိုမြင် ကြယ်စင်တွေမြူး နေမော်ဖူးနှင့်။

လူတို့သည် ထိုအိမ်ထောင်ဦးစီးကို မြင်ကြသော်အခါ ဘာပြောကြမည်နည်း။ 'စောက်ရူး' လို့ ပြောမည်လား၊ 'တစ်ကိုယ်ကောင်းသမား' လို့ အပြစ်တင်မည်လား၊ ဘာမျှမပြောကြပါ၊ ဘာမျှလည်း အပြစ်မမြင်ကြပါ။ ထိုအိမ်ထောင်ဦးစီးလူမင်းသားကို ကြည့်ပြီး တဝါးဝါး တဟားဟား ငိုအားထက် ရယ်အားသန်ကုန်ကြသည်။

(မှတ်ချက် ။ ။ ငိုအားထက် ရယ်အားသန် ဆိုသည်မှာ ငိုရဖန် များလွန်း၍ နောက်ဆုံး မငိုနိုင်တော့ဘဲ ငိုစရာအဖြစ်သနစ်ကိုပင် ရယ်စရာထင်မှတ်ကာ ငိုရမည့်အစား ရယ်မောကြခြင်းကို ဆိုလိုသည်။)

ငိုအားထက် ရယ်အားသန်ရသော အဖြစ်များကို ဘဝအကွေ့ပေါင်းများစွာတွင် များစွာပင် ကြုံတွေ့ခဲ့ဖူးကြပေမည်။ ကိုယ်တွေ့ကြုံခဲ့ရသော ငိုအားထက် ရယ်အားသန် ဖြစ်ရပ်များအနက် ယနေ့ထက်တိုင် 'မမေ့တဲ့နိုင်' ဆီသော ငိုအားထက် ရယ်အားသန် ဖြစ်ရပ်တစ်ခုကို ပြန်လည်ပြောပြချင်ပါသည်။ ထိုဖြစ်ရပ်ကို ကြုံတွေ့ခဲ့ရသော နေရာမှာ ရှုပ်ရှင်ရုံအတွင်း၌ပင် ဖြစ်ပါသည်။ 'မရိုးဆန်း' ရှုပ်ရှင်ရုံအတွင်း၌ ကြုံခဲ့ရခြင်းဖြစ်သည်။ ပြောခဲ့သည့်အတိုင်း ရှုပ်ရှင်မပြမီ (ရုံတင်ဇာတ်ကားမပြမီ) သတင်းကား ပြပါသည်။ ပြသသောသတင်းကားမှာ နိုင်ငံတော်အကြီးအကဲတစ်ဦး ကျေးလက်ဆင်းပြီး တောင်သူလယ်သမားတို့၏ ဘဝကို လက်တွေ့လေ့လာကာ လိုအပ်သည်များကို ညွှန်ကြားသည့် သတင်းကားဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ စီးနင်းလိုက်ပါလာသော ကားအနက်ကြီးသည် သတ်မှတ်ထားသော နေရာ၌ ထိုးဆိုက်လိုက်သောအခါ ကြိုဆိုဧည့်များက အပြေးအလွှား ဝိုင်းအုံသွားကြသည်။ ကားတံခါးဖွင့်ပြီး ဆင်းလာသောသူကို မြင်ရသောအခါ ပရိသတ်ကြီးမှာ ငြိမ်သက်နေသည်။ ဆင်းလာသောသူမှာ မည်သူပေနည်း။ မြင်တွေ့နေကျ ဝတ်စုံမျိုးနှင့် မဟုတ်သောကြောင့် လည်းကောင်း၊ ဝိုင်းအုံနေသော လူများကြားတွင် ဖြစ်နေ၍ လည်းကောင်း ပရိသတ်ကြီးသည် ဇဝေဇဝါဖြစ်နေကြသည်။

ကြိုဆို နှုတ်ဆက်သူများကို လွန်လာပြီး လယ်ကွင်းများရှိရာသို့ မားမား မားမားနှင့် လျှောက်အလာ ကင်မရာက လည်း အနီးကပ်ရိုက်ချက်ဖြင့် ရိုက်ပြလိုက်သောအခါကျမှ ပရိသတ်ကြီးသည် ဟင်ခနဲ ဟာခနဲ ဖြစ်သွားသည်။

အနီးကပ်ရိုက်ချက်တွင် ထင်းထင်းကြီး ပေါ်လာသည်မှာ အမေရိကန် ကောင်းဘွိုင်(နွားကျောင်းသား)ဇာတ်ကားများထဲတွင် မြင်တွေ့ရသော ကောင်းဘွိုင်မင်းသားစတိုင်နှင့် နိုင်ငံတော်အကြီးအကဲ ဖြစ်နေသည်ကိုး။ ထိုသို့ မြင်တွေ့လိုက်ရသောကြောင့် ပရိသတ်ကြီးသည် အကြီးအကျယ် အံ့အားသင့်သွားကြကာ ဟင်ခနဲ ဟာခနဲ ဖြစ်ကုန်ကြခြင်းပင်။ ထိုသို့ဖြစ်ပြီးခဏကာလ နောက်ဆက်တွဲ ထွက်ပေါ်လာသည်မှာ ငိုအားထက် ရယ်အားသန်ရသော တဝါးဝါး တဟားဟား ရယ်မောသံကြီးပင် ဖြစ်ပါကြောင်း 'မမေ့တဲ့နိုင်'အောင် ကြုံခဲ့ရဖူးပါသည်။

ထိုအချိန်အခါက ကျွန်တော်သည် ကလေးသာသာ အသိဉာဏ် မွှန်ကြွယ်သေးသည်ဖို့ ဘာကြောင့် တဝါးဝါး တဟားဟား ရယ်မောကြသည်ကို ကောင်းစွာ သဘောမပေါက်ပါ။ ဥဒြေ- သူတို့ သဘောကျသောကြောင့် ရယ်မောကြခြင်း ဖြစ်ပေလိမ့်မည် ဟူ၍သာ ကလေးပီပီ သိမှတ်မိခဲ့ပါသည်။ နောင်အခါ ဘဝအဓိပ္ပာယ်နှင့် ဘဝသစ္စာကို ရှာဖွေစူးစမ်းလာသောအခါတွင် ထိုဖြစ်ရပ်ကို ဖျတ်ခနဲ သတိရမိပြီး ရယ်မောသံကြီးတိုင်း သဘောကျ၍ မဟုတ်ကြောင်း စဉ်းစားမိလေသည်။

ထိုအချိန်တွင် အိမ်နီးချင်းနိုင်ငံများကို ငဲ့စောင်းကြည့်လိုက်သောအခါ ဤသို့ မြင်တွေ့ရပါသည်။

'ဦးလေးဟို' ဟူ၍ ကမ္ဘာပြည်သူတွေကပင် ချစ်စနိုးခေါ်ဝေါ်ကြသော ဒီယက်နမ် အမျိုးသားခေါင်းဆောင်ကြီး၊ သမ္မတကြီး ဟိုချီမင်းသည် တာယာဖိနပ် (မော်တော်ကားတာယာအဟောင်းနှင့် လုပ်ထားသော ဖိနပ်) ကိုစီးပြီး နုံးတက်သည်။ နုံးသို့ သွားရာတွင်လည်း စက်ဘီးအိုလေးကို ကိုယ်တိုင်နှင်း၍ သွားသည်။ ဒီယက်နမ်သည် ဂျပန်နှင့် ပြင်သစ်တို့၏ ကိုလိုနီလက်အောက်မှ လွတ်မြောက်ရေး၊ တောင်ပိုင်း-မြောက်မျိုးပြိုင်း မဒိုပက္ခ၊ အမေရိကန် ကျူးကျော်စစ် စသည့်တိုက်ပွဲကြီးများကို ရေကုန်ရေခန်း ပတ်ခဲ့ဖူး ရေမိုရွှံကြွေး ဆင်နွှဲခဲ့ရမှုလရာ အဘက်ဘက်တွင် ချွတ်ခြုံကျနေချိန် ဖြစ်သည်။ ထိုအချိန်တွင် ဟိုချီမင်းသည် တာယာဖိနပ်စီး၍ စက်ဘီးအိုလေးနှင့် နုံးတက်သည်။

ထို့ကြောင့်လည်း ဟိုချီမင်း ကွယ်လွန်ပြီဟူသော 'သတင်းဆိုး'ကို ကြားသိကြလေသောအခါ -

စာသင်ခန်းထဲရှိ ဆရာမနှင့် ကျောင်းသူ၊ ကျောင်းသားလေးများ ချွေးပွဲချ ငိုကြွေးလိုက်သော ငိုရှိုက်သံများ. . . ။

ဖရိုဖရဲ ပြိုလဲနေသော စက်ဘီးဘေးတွင် မျက်နှာကို လက်ဖဝါးဖြင့် အုပ်၍ တရှုပ်ရှုပ်ငိုကြွေးနေသည့် ရိုင်ဖယ်သေနတ်လွယ်ပြည်သူ့စစ် သမီးပျိုတို့၏ မျက်ရည်စက်များ. . . ။

www.burmeseclassic.com

www.burmeseclassic.com

မာကျောကြမ်းရှသည့် အုတ်နံရံကို မျက်နှာအပ်ကာ ကလေးငယ်ပမာ ဝမ်းနည်းပမ်းနည်း ရှိုက်၍ ရှိုက်၍ မျက်ရည်မိုး သွန်ချနေသော အဘိုးအို များ၊ အဘွားအို များ။ . . ။

ရေအိုးသွန်ချလိုက်သလို ပြိုဆင်းလာသည့် မိုးကဲ့သို့ မျက်ရည်ဖြိုင်ဖြိုင် ဘဝင်ညိုးကြရရှာသော ဒီယက်နမ်ပြည်သူ များ။ . . ။

စသည်တို့သည် ဒီယက်နမ်အမျိုးသားခေါင်းဆောင်ကြီး၊ နိုင်ငံတော်သမ္မတကြီး ဟိုချီမင်း၏ 'စည်းရုံးရေး' စွမ်းရည်ကို သက်သေသာဓက ပြနေကြလေသည်။

ပြီးတော့ . . .

စင်ကာပူဝန်ကြီးချုပ် လီကွမ်ယူသည် တံမြက်စည်း တစ်ချောင်းကိုင်ပြီး ပြည်သူတို့နှင့်အတူ လမ်းပေါ်ထွက်ပြီး အမှိုက်လှည်းနေသည်။ အိန္ဒိယဝန်ကြီးချုပ် အင်ဒီရာဂန္ဓီက စက်သုံးဆီ ခွေတာသောအားဖြင့် လန်ချားစီးပြီး ရုံးတက်သည်။ ပြောရလျှင် အများကြီး ကျန်ပါသေးသည်။ ထိုသို့ ကမ္ဘာခေါင်းဆောင် အသီးသီးသည် ပြည်သူနှင့် တစ်သားတည်း နေထိုင်ပြီး 'ရိုးရိုးကျင့် မြင့်မြင့်ကြဲ' နေကြချိန်တွင် မိမိတို့နိုင်ငံ၌မူ နိုင်ငံတော် အကြီးအကဲက ကောင်းတွင်စတိုင် နှင့် လယ်ကွင်းထဲ မျက်စိလည် လမ်းမှားလာသောအခါ ပရိသတ်တို့ တဝါးဝါး တဟားဟား ဖြစ်ကုန်ကြသည်မှာ ဘာကြောင့်နည်း။ ထိုမေးခွန်းအတွက် ယနေ့အခါတွင် အထူးဖြေကြားဖွယ် မလိုအပ်တော့ပါချေ။

ရှစ်လေးလုံး (၈-၈-၈၈) ဒီမိုကရေစီ အရေးတော်ပုံကြီးမှ အလုံပ်သမား၊ လယ်သမား၊ ကျောင်းသား၊ အနုပညာရှင်များ စသည့် ပြည်သူလူထု တစ်ရပ်လုံး၏ အသက်၊ သွေး၊ ချွေးတို့ဖြင့် စတေးကာ ထွန်းညှိလင်းဖြာလာသော 'နိုင်ငံရေး အလင်းပွင့်များ' ကြောင့် ဇယ်ပြင်မှာ ဆင်သွားသလို ထင်ရှားခဲ့ပါပြီ။

ဤနေရာ၌ အဓိကပြောချင်သည်မှာ 'စည်းရုံးရေး' သည် မည်မျှအရေးကြီးကြောင်းနှင့် 'လွဲမှားသော စည်းရုံးပုံ' ကို သင်ခန်းစာ ရယူနိုင်ကြရန် ရည်ရွယ်ပါသည်။ တစ်ဆက်တည်း တွေးတောမိသည်မှာ ဟိုချီမင်းသည် တာယာဖိနပ်စီးသကဲ့သို့၊ လီကွမ်ယူသည် တံမြက်စည်း လှည်းသကဲ့သို့၊ အင်ဒီရာဂန္ဓီသည် လန်ချားစီးသကဲ့သို့ ထိုအချိန်က နိုင်ငံတော်အကြီးအကဲသည် ပုဆိုးတိုတို၊ ဖျင်ကြမ်းအင်္ကျီတို့ကို ဝတ်ဆင်၍ ဝါးခုံမောက်ဆောင်းပြီး လယ်ကွင်းထဲ ဆင်းသွားခဲ့ပါလျှင် မည်မျှ ကျက်သရေရှိလိုက်လေမည်နည်းဟု အားမလိုအားမရ တွေးတောမိပါသည်။ ထိုသို့မဟုတ်မူ၍ အမေရိကန် ရုပ်ရှင်မင်းသား ကောင်းတွိုင်စတိုင်နှင့် လယ်ကွင်းထဲဆင်းပြီး တောင်သူလယ်သမား ဦးကြီးများကို စည်းရုံးရေးဆင်းလိုက်သောအခါ တဝါးဝါး တဟားဟား ရယ်မောသံကြီးတို့သာ ပဲ့တင်ထပ် ကျန်ခဲ့ရတော့သည်။

ဤနေရာတွင် 'စည်းရုံးရေး' နှင့်စပ်လျဉ်း၍ နောင်လာနောက်သားများ မှတ်ယူစွဲသုံးစေခြင်းငှာ စာအုပ်တစ်အုပ်ထဲမှ ကောက်နုတ်ဖော်ပြချင်ပါသည်။ ထိုစာအုပ်သည် ဒုဗိုလ်မှူးကြီးကြည်ဆွေ(ငြိမ်း) ရေးသားပြုစုသော 'အာဏာရှင်ကြီး၏ အတွင်းရေးများ' စာအုပ် ဖြစ်ပါသည်။ ဒုဗိုလ်မှူးကြီးကြည်ဆွေ(ငြိမ်း)သည် စာရေးဆရာမကြီး ခင်နှင်းယု၏ ညီမအရင်း ဒေါ်နုနုဆွေ၏ ခင်ပွန်းဖြစ်သည်။ ဒုဗိုလ်မှူးကြီးကြည်ဆွေ(ငြိမ်း)သည် မြန်မာနိုင်ငံအား စစ်မှန်သော ဒီမိုကရေစီနိုင်ငံအဖြစ် မြင်တွေ့လိုသော ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်သည်။ ထိုစာအုပ် တစ်နေရာတွင် 'စည်းရုံးရေး' နှင့်စပ်လျဉ်း၍ ဤသို့ ရေးသားထားလေသည်။

'တော်လှန်ရေးအစိုးရ လက်ထက်က ထိန်းသိမ်းထားခဲ့သော နိုင်ငံရေးသမားဟောင်းကြီးများ၏ ပြောပြချက်များအနက် တူညီသောအချက်မှာ -

"ဗိုလ်ချုပ်အောင်ဆန်းသည် လွန်စွာ အရည်အချင်း ပြည့်ဝသူဖြစ်ကြောင်း၊ ၎င်းကို ၎င်းလည်း ယုံကြည်မှု အပြည့်အဝရှိသော ခေါင်းဆောင်ကောင်း တစ်ယောက်ဖြစ်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်း၏ အသက်ရှင်လျက်ရှိစဉ်က မနားမနေ စည်းရုံးလှုပ်ရှားမှုများကို ကြည့်လျှင် သိနိုင်ကြောင်း၊ ဗိုလ်ချုပ်သည် စည်းရုံးရေးကို အလွန် အားထားယုံကြည်ပုံရကြောင်း၊ နိုင်ငံရေးလောကတွင် အရည်အချင်းပြည့်ဝသော နိုင်ငံရေးသမားများသည် ဖြတ်လမ်းကို မလိုက်ကြဘဲ စည်းရုံးရေးကိုသာ အားထားကြကြောင်း၊ စည်းရုံးရေး စွမ်းအားကို မယုံကြည်သူများသည် အာဏာ၊ ငွေ၊ လက်နက် စသည်တို့ကိုသာ အားကိုးတတ်ကြောင်း" စသော အချက်များ ဖြစ်ပါသည်။'

ထိုဖော်ပြချက်ကို ထောက်ခံသောအားဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် သမိုင်းရာဇဝင်တို့ကို ကောင်းစွာ သိရှိနားလည်သူပီပီ အလောင်းမင်းထရား ဦးအောင်ဇေယျ လက်ကိုင်ပြခဲ့သော စည်းရုံးရေးဗျူဟာတို့ကို ကျေကျေညက်ညက် နားလည်ထားသူဟူ၍ ကောက်ချက်ချမိပါသည်။

-မှန်ပါသည်။ တိုင်းသူပြည်သား လူအများသည် မည်သည့်နိုင်ငံတွင် နေထိုင်သူဖြစ်စေ မိမိတို့အပေါ် ဖြူစင်ဖြောင့်မတ်သော မေတ္တာ၊ သစ္စာဖြင့် စွန့်လွှတ်စွန့်စား စည်းရုံးအုပ်ချုပ်သူကိုသာ အသိအမှတ်ပြုပါသည်။ လက်နက်၊ အာဏာ၊ ခြိမ်းခြောက်မှုတို့ဖြင့် စည်းရုံးအုပ်ချုပ်သူအား သူတစ်ပါး ထွေးအပ်သော တံတွေးပေါက်ကဲ့သို့ ရွံရှာမုန်းတီးလှပါသည်။

ယနေ့ ကောင်းကင်ပညာသိုက်ဟု နာမည်ကျော်သော အင်တာနက်ကို ဖွင့်ကြည့်လိုက်ပါ။ ပညာရတနာ ဘဏ္ဍာတိုက်ကြီးများဟု နာမည်ကြီးသော စာကြည့်တိုက်ကြီးများတွင် သွားကြည့်လိုက်ပါ။ ကမ္ဘာတစ်လွှား ဖြစ်ရပ်မျှားရှိအနက်

www.burmeseclassic.com

www.burmeseclassic.com

'ဧရာမရုပ်တုကြီးများ'၊ 'စိန်စီကာ မြေခြယ်ထားသော ရွှေပိန်းချဓာတ်ပုံကြီးများ' ဝုန်းခနဲ ဝုန်းခနဲ ပြိုလဲသွားကြသည်များ၊ လမ်းဘေး၌ ပြာပုံအတိ ဖြစ်သွားသည်များကို တုန်လှုပ်ချောက်ချားဖွယ် တွေ့မြင်ရမည် ဖြစ်ပါသည်။

မည်သည့် ရုပ်တုကြီးများပေနည်း၊ မည်သည့် ဓာတ်ပုံကြီးများပေနည်း။

ဗလာဒီမာလီနင် (Vladimir Lenin) အားလုံး ချိုကြပါသည်၊ ဇာဘုရင် ပဒေသရာဇ်စနစ်ကို တော်လှန်ပြီး ဆိုဗီယက်ယူနီယံကို တည်ထောင်ခဲ့သူ ကမ္ဘာ့ကွန်မြူနစ်ခေါင်းဆောင်ကြီး မဟာလီနင်၊ ဖိလစ်ပိုင် အာဏာရှင် မားကို့စ် (Marcos)၊ လစ်ဗျားအာဏာရှင် ကဒါဖီ၊ အီရတ်အာဏာရှင် ဆတ်ဒမ်ဟူစိန် (Saddam Hussein) စသည် စသည် အာဏာရှင်တို့၏ ရုပ်တုကြီးများ၊ ဓာတ်ပုံကြီးများ ဝုန်းခနဲ ပြိုလဲသွားကြသည်။ ဟုန်းခနဲ မီးလောင်ကျွမ်း ပြာကျသွားကြသည်။

ထိုအာဏာရှင်ကြီးတို့သည် သူတို့ ဘုန်းမီးနေလတောက်ပစဉ်၌ 'ကံ့တရား'၏ မျက်နှာသာပေးမှု'ကို အလွဲသုံးစား ပြုခဲ့ကြသည်။ အတ္တဘက်သို့ မျက်နှာတူရွှေ လှည့်ခဲ့ကြသည်။ ပြည်သူတို့အား လက်ယာလက်ဖြင့် စားနပ်ရိက္ခာ မပေးမူ၍ ပြည်သူ၏ လည်ပင်းကို ညှစ်ခဲ့ကြသည်။ ပြည်သူတို့အား လက်ဝဲလက်ဖြင့် ရေမတိုက်မူ၍ ပြည်သူ၏ မျက်နှာကို ငရဲမီးဖြင့် ပက်ဖျန်းခဲ့ကြသည်။

အကယ်ဒမ္မ ဆိုရပါမူ သူတို့သည် တံလျှပ်ကိုရေထင်ရွေသမင်အလိုက်မှားခဲ့ကြခြင်းသာပင်။ အလွန် လျင်မြန်လှသော ဘဝရထားကြီး၏ ကဲကြမ္မာဘီးများက သူတို့ဘက်သို့ ဦးလှည့်ခုတ်မောင်းလာသောအခါ သူတို့ခံမျာ ပြည်သူ၏ ဒဏ်ခတ်ခြင်းကို ကောင်းကောင်းကြီး လည်စင်းခံကြရလေသည်။ ထိုအခါ သူတို့ အမိန့်အာဏာဖြင့် တည်ဆောက်ထုလုပ် ပြုလုပ်ခိုင်းခဲ့သော ရုပ်တုကြီးများ၊ ဓာတ်ပုံကြီးများသည် အုန်းခနဲ ဟုန်းခနဲ ဖြစ်ကုန်ကြလေသည်။

ကဗျာဆရာ မောင်ချောနွယ်က ဤသို့ ကဗျာတစ်ပုဒ် ('သက်မဲ့သက်သေ')ထဲတွင် ထည့်သွင်း ရေးစပ်ခဲ့ဖူးသည်။

'မာစီဒီးကားကို စီးပါ
ဝါရှင်တန်ပန်းသီးကို စားပါ
ဘီဘာလီဟေးလ်မှာ အိမ်ဝယ်ပါ
ပြီးတော့ လမ်းကို
မင်းနာမည်ပေးပါ' တဲ့။

အပေါ်ယံရုပ်ပြီး ဖတ်ကြည့်လျှင် သာမန် ခေတ်ပေါ် ကဗျာတစ်ပုဒ်ဟု ထင်စရာရှိသော်လည်း အလေးအနက် တွေးခေါ်ကြည့်လိုက်သော် အဝိမတန် လေးနက်သိမ်မွေ့သော ကဗျာလေးပင် ဖြစ်ပါသည်။

ကဗျာထဲတွင် ပါဝင်သော 'ဘီဘာလီဟေးလ်'ဆိုသည်မှာ ကမ္ဘာ့ရုပ်ရှင် ဟောလီဝုဒ် (Holly Wood) ရုပ်ရှင်လောကသားများ နေထိုင်ရာ လူကုံထံရပ်ကွက်ကြီးနာမည် ဖြစ်သည်။ ထိုရပ်ကွက်တွင် အိမ်ဝယ်ပါတဲ့၊ ပိုက်ဆံရှိလျှင် ဝယ်နိုင်သည်။ မာစီဒီးကား ဝယ်စီးပြီး ဝါရှင်တန်ပန်းသီး စားဖို့လည်း ပိုက်ဆံရှိနေမှတော့ ပူစရာမလို။ သို့သော် ကဗျာဆရာ၏ ပွဲသိမ်းရိုက်ချက်က သာသာလေးနှင့် နာနာနှက်ထားသည်။ 'ပြီးတော့ လမ်းကို မင်းနာမည် ပေးပါ' ဟု စိန်ခေါ်လိုက်သည်။

ထိုစိန်ခေါ်သံသည် 'အရှက်မရှိ သရက်စေ့ မျက်နှာပိုင်ရှင်များ' အတွက် နှာနုကို ဖြတ်ရိုက်ခံရသလို မွန်ထူသွားစေသည်။ လမ်းကို နာမည်ပေးဖို့ ဆိုသည်မှာ ငွေတွေ၊ အာဏာတွေနှင့် လုပ်ယူ၍ ရစကောင်းသည်မှ မဟုတ်ဘဲလေ။ ထို့ကြောင့် ဖြူစင်ဖြောင့်မတ် တော်တည့်မှန်ကန်သော ပုဂ္ဂိုလ်တို့သာ မိမိတို့ဘဝကို ငွေ၊ အာဏာတို့နှင့် မတည်ဆောက်၊ လေးနက်တည်ကြည်ကာ မေတ္တာ၊ သစ္စာ လွှမ်းခြုံသော စည်းရုံးရေး ဗျူဟာဖြင့်သာ ကောင်းမွန်မြင့်မြတ်စွာ တည်ဆောက်ကြလေသည်။

အလောင်းမင်းတရား ဦးအောင်ဇေယျ၏ စတုတ္ထမြောက် စည်းရုံးရေးဖြစ်သော 'ပညာပေးစည်းရုံးရေး' ဗျူဟာတွင် -

'အသက် ခြောက်ဆယ်အရွယ် သက်ကြီးရွယ်အို တို့သည် ကိုယ်စားတော် စေတီ၊ ပုထိုး၊ ဘောဓိပ္ပောင်များမှာ သင်ပုတ်၊ ရေချမ်း၊ ပျော်ရေသွန်းလောင်းရမည်။ တစ်နေ့မပြတ် ကျောင်းကန်ဘုရားသွားရမည်။ ဝါတွင်း၊ ဝါပ ဥပုသ်သီတင်း ဆောက်တည်ရမည်'

ဟူသောအချက်လည်း ပါဝင်သည်။ ထိုအချက်ထဲတွင် 'အာဏာပြစည်းရုံးရေး' ပေါင်းစပ်ပါဝင်နေကြောင်း သမိုင်းလေ့လာသူများက သုတေသနပြု တင်ပြကြပါသည်။

'ပျော်ရေ လောင်းရမည်'၊ 'ဥပုသ်သီတင်း ဆောက်တည်ရမည်' ဟူသော အသံထဲတွင် အမိန့်အာဏာသံ ပါဝင်နေသည်။ 'လောင်းရမည်'၊ 'ဆောက်တည်ရမည်' ဟူသည်မှာ 'လုပ်ရမည်'၊ 'လုပ်ကိုလုပ်ရမည်' ဟူသော အဓိပ္ပာယ်မျိုး သက်ရောက်ပြီး အမိန့်အာဏာဖြင့် ညွှန်ကြားသကဲ့သို့ ဖြစ်နေသောကြောင့် 'အာဏာပြစည်းရုံးရေး' အတွင်း သက်ဝင်နေကြောင်း ယူဆပြောဆိုကြခြင်း ဖြစ်ပါသည်။

အမှန်စင်စစ် အမိန့်အာဏာဖြင့် ညွှန်ကြားစေခိုင်းသည်ပင် ဖြစ်စေဦး အလွန်ကောင်းမြတ်သော အမိန့်အာဏာဟူ၍သာ ပြောရပေမည်။ အသက် ခြောက်ဆယ် ဟူသော အရွယ်သည် ဘဝတစ်ဝက် ကျိုးချေပြီ။ တစ်နည်းအားဖြင့် ဘဝနေမွန်းတည့်ချေပြီ။ 'အမည်သညာ ခေါ်စရာကား မောင်ထွန်းလင်းသူ၊ အသက် (၁၂၀) ရှည်စေသော်' ဟူသော မြန်မာ့နိုးရာ ဇာတာရေးသားပုံအရဆိုလျှင် ကွက်တိပင် မဟုတ်ပါလော။ ထို့အပြင် အသက် ခြောက်ဆယ်ဟူသောအရွယ်သည်

www.burmeseclassic.com

www.burmeseclassic.com

လောကမဲတရား ရှစ်ပါးနှင့် ယဉ်ပါးကျွံမ်းဝင်ခဲ့ရာ ရင့်ကျက်သော အရွယ်ဖြစ်သည်။ အသိဉာဏ်ပညာအရာ၌ ကုလုံကြွယ်ဝသော အရွယ်ဟုလည်း ဆိုပါသည်။ သခီရသဘော အရ 'သေခါနီး' အရွယ်လည်း ဖြစ်သည်။ ဗုဒ္ဓသာသနာ၏ အဆုံးအမအရ ဤအရွယ်တွင် ဘဝနောက်နှောင်း ဆက်တိုင်း ကောင်းအောင် ကုသိုလ်တရား ရရာရကြောင်း ဒါန၊ သီလ၊ ဘာဝနာအလုပ်ကို မဆုတ်မနစ် အားထုတ်ရပေတော့မည်။

ထိုသို့မဟုတ်မူ၍ 'အိမ်စောင့်သူကြီး' ကိလေသာမီး တို့နှင့် ညီးညီးလောင်နေပါမူ 'ရိုးတိုးရားတား၊ သေ၍သွား လည်း၊ တရားမကြွယ်၊ အထုမ်ငယ်လျက်၊ အပါယ်စခန်း၊ သွား မြဲလမ်း၌၊ တပန်းဟိုက်ဟိုက်၊ တရှိုက်ငင်ငင်၊ တငြင်ငြိုငြို၊ ဆင်းရဲဝိုလျက်၊ ထိုထိုဘဝ၊ အနန္တလျှင်၊ အစမဆုံး၊ အများထုံး တည်း၊ အန္ဓနိမ့်ပျက်၊ အောက်နရက်ဝယ်၊ တသက်နွယ်နွယ်၊ အံမြစ်တွယ်သို့၊ အပါယ်ထိုထို၊ ဥဒဟိုသည်၊ နင်လိုလူမိုက် သွားလမ်းတည်း' ဟူ၍ လယ်တီဆရာတော်ဘုရား ဆုံးမတော်မူခဲ့ရာ လမ်းအံတိုင်း လျှောက်ကြရပေတော့မည်။

ထို့ကြောင့် အလောင်းမင်းတရား ဦးအောင်ဇေယျ၏ 'ပညာပေးစည်းရုံးရေး' ဗျူဟာတွင် အပါအဝင်ဖြစ်သော အထက်ပါ အမိန့်အာဏာသံသည် အမိန့်အာဏာ အပေးခံရသူအား တစိုးတစိ နစ်နာသွားစရာ အကြောင်းမရှိပါပေ။ သူတော်ကောင်းတရား နားမှာခါးသော လူပိုက်များအတွက် 'ဇီကုပ်၍ နတ်ပြည်တင် မြင့်လွန်းတယ်ဆိုပြီး ခုန်ချ' ဆိုသကဲ့သို့သာ ဖြစ်ကောင်းဖြစ်နိုင်ရာပါသည်။ လိုက်နာလိုသူတို့အတွက်ကား နတ်ရွာနိဗ္ဗာန်သို့ တက်ရာ စောင်းတန်းလေ့ကားသဖွယ် ဖြစ်ပေတော့သည်။ တိုင်းသူပြည်သား လူအများကို ရင်ဝယ်သားကဲ့သို့ မေတ္တာ၊ ကရုဏာ ထားရှိရှာသော မင်းကောင်းမင်းမြတ် တရားမင်းတို့၏ စေတနာပြဋ္ဌာန်းသော စည်းရုံးရေးသာ ဖြစ်လေသည်။

အလောင်းမင်းတရား ဦးအောင်ဇေယျသည် အသက်ခြောက်ဆယ်ကျော်အရွယ် သက်ကြီးရွယ်အို့တို့အား ကုသိုလ်တရား ကြိုးစားအားထုတ်ရမည်ဆိုရာ ထိုသူတို့အတွက် စား၊ ဝတ်၊ နေရေး ဟူသော ခန္ဓာဝန်အား လျစ်လျူရှု၍ ဆိုလေသလောဟု အမေးရောက်လာဖွယ် ရှိပေသည်။ မှန်ပေသည်၊ ခန္ဓာဝန်အတွက် သင့်တင့်မျှတသော ပြည့်စုံမှုရှိမှသာ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းဖြင့် ဒါန၊ သီလ၊ ဘာဝနာတရား ပွားများအားထုတ်ရာ၌ သပွာယ မျှတပေမည်။

ဘုရားကျောင်းကန်သွားပြီး ဥပုသ်သီတင်း ဆောက်တည်ရာ၌ လက်ချည်းသက်သက် သွားသူအား ဘုန်းတော်ကြီးက ကျောင်းပေါ်မှ ကြိမ်ဆော်၍ ချမည်မဟုတ်ပါ။ ဘုရားကျောင်းကန် လာဖော်ရသောသူအနေနှင့် ချီးကျော်ကျူးလိုက်ပါဦးမည်။ သာဓုခေါ်ဝန်းမြောက်တော်မူမည်မှာ သေချာပါသည်။ သို့သော် ဆွမ်းခဖွယ်ဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာတို့ မပါသွားသည့်တိုင် သင့်တင့်လျောက်ပတ်သော လှူဖွယ်ဝတ္ထု ပါနိုင်ခဲ့ပါမူ ကိုယ်လည်း ချမ်းသာ၊ သူလည်း ရွှင်ပြုံး နှလုံးစိတ်ဝမ်း ချမ်းသာစရာ ဖြစ်ရမည်မှာ မလွဲပါချေ။

တစ်ဖန် မိမိသည်ကား ဘုရားသွား ကျောင်းတက် မဂ်ဖိုလ်နိဗ္ဗာန် ချမ်းသာတရားဖြင့် ပျော်မွေ့နေမည်၊ အိမ်တွင် ကျန်ရစ်ခဲ့သူတို့မှာမူ ဆားရှိလို့ ငါးပိမရှိ၊ ငါးပိရှိလို့ ဆီးမရှိ အိုးနင်းခွက်နင်း ဆင်းရဲတွင်း နက်နေရမည်ဆိုလျှင်လည်း သဘာဝမကျလှသေးပါ။

ထို့ကြောင့် အလောင်းမင်းတရား ဦးအောင်ဇေယျသည် ထို အသက်ခြောက်ဆယ်ကျော်အရွယ် သက်ကြီးရွယ်အိုအား မင်းမူကိစ္စ ဟူသမျှတို့မှ ကင်းလွတ်စေခြင်း၊ စပါးဆန်ရေ ငွေကြေးရိက္ခာ လုံလောက်စွာ ထောက်ပံ့စေခြင်းတို့ကို ဆောင်ရွက်တော်မူပါသည်။ ဤအချက်သည် တစ်နွယ်ငင် တစ်စင်ပါ ဆိုသကဲ့သို့ 'အခွင့်အရေးပြ စည်းရုံးခြင်း' အတွင်း သက်ဝင်နေပြန်သည်။

ဩော်- ဤသို့ စည်းရုံးရေးကောင်းသောကြောင့်လည်း အလောင်းမင်းတရား ဦးအောင်ဇေယျ နာမည်သည် သင်းပုံ့ထုံမွှေး အခဲ့စ်ဆေးဖြင့် ကမ္ဘာကုန်ကျယ်သရွေ့ ရှင်သန်လန်းဆန်းနေပေလိမ့်မည်။ သက်ကြီးရွယ်အိုများ ဘုရားသွားကျောင်းတက်ဖို့ နေနေသာသာ မသေထမင်း မသေဟင်းလေးအတွက် ခွက်လက်စွဲကာ တောင်းရမ်းစားသောက်နေရသော၊ လမ်းဘေးတွင် စွန့်ပစ်ခံနေရသော မင်းဆိုးမင်းညစ် ဖြစ်ပါမူကား သူနာမည်၊ သူဘဝ၊ သူမိသားစုသည် မသေခင်မှာပင် နာမည်မသေရုံမက ပုဝ်စော်ပင် အနှံ့တထောင်းထောင်းနှင့် လူတကာ တံတွေးထွေးစရာ ဖြစ်ပေလိမ့်မည်။ အသိတရားဖြင့် သတိထား ဆင်ခြင်ဖွယ်ရာပါတည်း။

ထိုမှတစ်ဖန် အလောင်းမင်းတရား ဦးအောင်ဇေယျ၏ 'ပညာပေး စည်းရုံးခြင်း' သည် ပစ္စုပ္ပန်ဘဝအထွက် ရရှိသော အကျိုးတရားနှင့် တမလွန်ဘဝအတွက် ရရှိမည့် အကျိုးတို့ကို ညွှန်ကြားပြသ ဆိုဆုံးမခြင်းလည်း ဖြစ်သဖြင့် အလွန်မွန်မြတ်သော 'ပညာပေး စည်းရုံးခြင်း' အတိအလင်း ဖြစ်ပေတော့သည်။ ဤသို့ဖြင့် အလောင်းမင်းတရား ဦးအောင်ဇေယျ၏ 'ပညာပေး စည်းရုံးခြင်း' သည် 'အာဏာပြ စည်းရုံးရေး'၊ 'အခွင့်အရေးပြ စည်းရုံးရေး' တို့ ပေါင်းစပ်ပါဝင်နေကြောင်း တွေ့ရမည် ဖြစ်ပါသည်။

အလောင်းမင်းတရား ဦးအောင်ဇေယျ၏ 'ပညာပေး စည်းရုံးရေး' ဗျူဟာကို ဦးအောင်ဇေယျ ထုတ်ပြန်ခဲ့သော အမိန့်တော်များတွင်လည်း အထင်အရှား တွေ့မြင်ရမည် ဖြစ်ပါသည်။ အမှုမဲ့ အမှတ်မဲ့ ဖတ်ရှုလျှင် အမိန့်တော်များဟု ထင်မြင်ရသော်လည်း လေးလေးနက်နက် ဆင်ခြင်လိုက်သော အခါ ထို အမိန့်တော်များသည် 'ပညာပေးစည်းရုံးရေး' ဗျူဟာများ ဖြစ်နေကြောင်း လေ့လာမှတ်သား သိရှိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဥပမာအနေဖြင့် ၁၁၁၆ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော အမိန့်တော်တစ်ရပ်တွင် ဤသို့ တွေ့ရှိရပါသည်။

အလောင်းမင်းတရား ဦးအောင်ဇေယျသည် တိုင်းပြည်ကို အုပ်ချုပ်ရာ၌ မင်းကျင့်တရား ဆယ်ပါး၊ အပရိဟာနိယတရား ခုနစ်ပါး၊ သင်္ဂဟတရား လေးပါး၊ ပဋိညာဉ် ငါးပါး၊ အင်္ဂါ လေးတန်နှင့် ညီညွတ်သော စကား၊ အဂတိတရား လေးပါး မလိုက်စားမူ၍ (၅၂၈)သွယ်သော မေတ္တာဖြင့် တိုင်းပြည်ကို အုပ်ချုပ်တော်မူမည်ဖြစ်ကြောင်း ပါရှိလေသည်။

ထို အမိန့်တော်တွင် ပါရှိသော မင်းကျင့်တရား ဆယ်ပါး အစရှိသည့် တရားတို့သည် မင်းကောင်းမင်းမြတ်တို့သာ ကျင့်သုံးရသည် မဟုတ်၊ တိုင်းသူပြည်သား လူအများတို့လည်း လိုက်နာကျင့်သုံးရမည့် တရားကောင်း တရားမှန်များ (လူသားကျင့်ဝတ်၊ လူသားစည်းကမ်း) ဖြစ်ကြောင်း တွေ့ရပေမည်။ ထို့ကြောင့် ထိုတရားများကို အလောင်းမင်းတရား ဦးအောင်ဇေယျက လိုက်နာကျင့်သုံးမည် ဖြစ်သလို တိုင်းသားပြည်သူ ရဟန်းရှင်လူ အပေါင်းတို့ကလည်း လိုက်နာကျင့်သုံးကြရမည်ဖြစ်ကြောင်း 'ပညာပေး စည်းရုံးခြင်း' ပင် ဖြစ်ပါသည်။ ဥပမာအားဖြင့် အိမ်ထောင်စုတစ်စုတွင် အိမ်ထောင်ဦးစီးလုပ်သူက အသောက်အစား လောင်းကစား စသည့် ဒုစရိုက်မှုတို့ကို ရှောင်ကြဉ်နေထိုင်ခြင်းသည် ဇနီး၊ သားသမီးတို့ကိုလည်း သူကဲ့သို့ နေထိုင်ကျင့်သုံးကြရန် ပညာပေး စည်းရုံးနေခြင်းပင် ဖြစ်ပါသည်။

ထို့အတူ တိုင်းနိုင်ငံတစ်ခုတွင်လည်း တိုင်းပြည်အုပ်ချုပ်မင်းလုပ်သူက မဲတော်မတရား မပြုလုပ်လျှင် လက်အောက်ခံ အရာထမ်း၊ အမှုထမ်းတို့သည်လည်း လာဘ်စားခြင်း၊ ခြစားခြင်း၊ အများပြည်သူပိုင် ဘဏ္ဍာပစ္စည်းများကို မတရားရယူခြင်း၊ ပြည်သူပိုင် ပစ္စည်းဥစ္စာများကို ခိုးဝှက်ခြင်း စသည့် မတော်မတရား အလုပ်များကို ပြုလုပ်ရဲကြမည် မဟုတ်ပေ။

ထိုကဲ့သို့ အုပ်ချုပ်ရေးအဆောက်အအုံကြီး ခိုင်ခိုင်ခဲ့ခဲ့စာရိတ္တခေါင်မိုးကြီး လုံခြုံနေပါလျှင် ထိုစိုင်းပြည်သည် တက်သစ်စ နေဝန်း၊ ထွန်းသစ်စ လမင်းပမာ တစ်နေ့တခြား တိုးတက်ကြီးပွားလာရမည်သာ ဖြစ်သည်။ တိုင်းသူပြည်သားတို့သည်လည်း စည်းကမ်း ဥပဒေကို လိုက်နာကျင့်သုံးကြလျက် ခိုးမှု၊ တိုက်မှု၊ လုယက်မှု၊ မုဒိမ်းမှု စသည့် ဒုစရိုက်လုပ်ငန်းများကို လုပ်ကြံကျော့မည် မဟုတ်ပေ။ ထိုတိုင်းပြည်မျိုးသည် 'ဖန်ပြာခွက်နဲ့ ကျောက်စက်ရေ၊ အမောပြေအောင် တိုက်ပါမမ' ဟု တောင်းခံနေစရာပင် မလိုဘဲ ရေချမ်းအိုးကြီး ပိုက်ထားရသူကဲ့သို့ ပန်းအသွင် စမ်းဝေလေသို့ လန်းရွှင်ချမ်းမြေ့ရမည်မှာ မြေကြီးလက်ခတ် မလွဲပါပေ။

ထိုသို့ မဟုတ်ပါဘဲ တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူတို့ (ရှင်ဘုရင်မှအစ ဆင်ခွေးကျွဲး၊ မြင်းခွေးကျွဲး အဆုံး)သည် တိုင်းသားပြည်သူတို့၏ ထမင်းကို လုစားနေကြမည်၊ တိုင်းသားပြည်သူတို့ ဝတ်ရမည့်အဝတ်ကို လုဝတ်နေကြမည်၊ တိုင်းသားပြည်သူတို့၏ နေထိုင်ခိုမှီးရာ အိမ်ဂေဟာကို လုနေနေကြမည်၊ အမှန်တရားမျက်နှာကို အုံးမဲသုတ်ပြီး တံစိုးလက်ဆောင် မီးကျီးခဲကို အရောင်တင်နေကြမည်၊ မင်းက မမှန်၊ မှူးကြီးမတ်ရာ သေနာပတိတွေက အမှားတွေ လုပ်နေကြမည်၊ အရာထမ်း အမှုထမ်းတွေက သူတစ်ပါး မသဒ္ဓါရေစာများ၊ စိမ်ရေသင့် လာဘ်လာဘများကို မက်မောသာယာနေကြမည် ဆိုပါလျှင် ထိုတိုင်းပြည်နိုင်ငံသည် တစ်နေ့တခြား ရေနစ်ဆားကဲ့သို့ (ရေထဲကို ဆားထည့်ဖျော်လိုက်ပါက ဆားသည် တစ်စမကျန် ပျက်စီးပျောက်ကွယ်သွားသကဲ့သို့) ဆုတ်ယုတ် ပျက်ပြားရမည်မှာ မည်သည့် နတ်ဒေဝတာကမျှ မကယ်နိုင်သော နိယာမတရားပင် ဖြစ်ပေသည်။

အကယ်စင်စစ် မတော်မတရား ပြုလုပ်ခြင်းသည် လူတစ်ဦးချင်းအတွက်သာမက တိုင်းပြည်တစ်ပြည်လုံး၊ ကမ္ဘာတစ်ကမ္ဘာလုံး ပျက်ပြုန်းခြေမှုန်စိုင်စွမ်း ရှိသော လောင်မီးလက်နက်ကြီးဖြစ်ကြောင်း ကောင်းကောင်းကြီး သဘောပေါက်တော်မူကြသည့် အလောင်းမင်းတရား ဦးအောင်ဇေယျကဲ့သို့ ရှေးမင်းကောင်းမင်းမြတ်တို့သည် မင်းကျင့်တရား ဆယ်ပါး အစရှိသော သူတော်ကောင်းတရားတို့ကို လက်ကိုင်ပြုပြီး တိုင်းသူပြည်သားတို့အား 'ပညာပေးစည်းရုံး' ကာ အုပ်ချုပ်တော်မူခဲ့ကြခြင်း ဖြစ်ပေသည်။

မင်းဆိုးမင်းညစ်တို့ကား ထိုသို့မဟုတ်၊ ဗိုလ်ရာဇါးဆယ်ဇာထ်တော် သတ္တဂနိပါတ်လာ ဒဿပုပ္ပ (သိမ်းမြက်ပွင့် အဆင်းရှိသော မြေခွေး) မြေခွေးကဲ့သို့ အမြီးပိုင်းနှင့် ခေါင်းပိုင်းကို ဖျံနှစ်ကောင်အား ခွဲပေးပြီး အလယ်သား ငါးကြင်းသားကို ဆွဲပြေးတတ်ကြသည်။

ကမ္ဘာကျော် အီစွတ်ပုံပြင်ထဲတွင် ပါရှိသော Lion Share (ခြင်္သေ့ဝေစု) ပုံပြင်ထဲမှ ခြင်္သေ့ကြီးကဲ့သို့လည်း မင်းဆိုးမင်းညစ်တို့ ပြုမူတတ်သည်။ တစ်ခါသော် နွား၊ ဆိတ်၊ သိုးနှင့် ခြင်္သေ့တို့ စုပေါင်းအမဲလိုက်ကြသတဲ့။ အမဲ ရလာသော အခါ ခွန်အားဗလ အကြီးဆုံး ခြင်္သေ့ကြီးက လေးပုံ ပုံကာ ကောသရာဇာခြင်္သေ့မင်း ဟူသော ဂုဏ်ထူးဝိသေသအတွက် ပထမဝေစုကို သူက ယူသည်။ သူသည် အဖွဲ့ဝင် အခွင့်အရေး အရ ဒုတိယဝေစုကိုလည်း သိမ်းပိုက်သည်။ ပြီးတော့ သူသည် ဤအဖွဲ့တွင် အင်အားအကြီးဆုံး၊ ရဲစွမ်းသတ္တိအရှိဆုံးသူ ဖြစ်သောကြောင့် တတိယဝေစုသည်လည်း သူသာ ရထိုက်သည်တဲ့။ ဤသို့ဆိုလျှင် နောက်ဆုံးကျန်ရှိသော စတုတ္ထဝေစုကို အဘယ်သို့ ခွဲဝေပေးမည်နည်း။ နွား၊ ဆိတ်၊ သိုးတို့ကို ထိုစတုတ္ထဝေစုအား အညီအမျှ ခွဲဝေပေးမည်လော။ ရာရာစစ၊ တောသုံးထောင် အစိုးရတဲ့ ကေသရာဇာတဲ့ကွ၊ သတ္တိရှိတဲ့ကောင် ရှေ့တိုးလိုက်လေတဲ့။ ကမ္ဘာကျော် အီစွတ်ပုံပြင်ထဲမှ မင်းဆိုးမင်းညစ် ခြင်္သေ့ကြီးပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့သည် ဘုရားဟော ဇာတ်တော်ထဲမှ မြေခွေးနှင့် အိစွတ်ပုံပြင်ထဲမှ ခြင်္သေ့ကဲ့သို့ မင်းဆိုးမင်းညစ်တို့နှင့် ဘယ်နှကြိမ်မျှ ဆုံတွေ့ခဲ့ရပြီနည်း။ မှတ်ပင် မမှတ်မိတော့ဟု ပြောရမည်လား မသိပါ။ (ဗေဒင်ပညာတွင် တနင်္ဂနွေဂြိုဟ်သည် မင်း၊ အုပ်ချုပ်သူ၊ အကြီးအကဲ၊ အိမ်ထောင်ဦးစီးစသူတို့ကိုလည်း ဂြိုဟ်ပရိယာယ်အားဖြင့် ယူပါသည်။)

ဤနေရာတွင် တခုတ်တရ မဟုတ်မူဘဲ မှတ်ခံနဲ့ သတိရ၍ ပြောပြချင်တာတစ်ခု ပေါ်လာသည်။ တစ်ခါတုံးက 'ဗာချာဏသီ' ဝယ် စာဆိုတော်ကြီးတစ်ဦး ရှိသည်။ (ဗာရာဏသီ မဟုတ်ပါ။ ဗာချာဏသီ ဖြစ်သည်။ အလွန်ချာတူးလန်လှသော တိုင်းပြည်ဖြစ်သောကြောင့် 'ဗာချာဏသီ' ဟုခေါ်ပါသည်။) ထိုစာဆိုတော်ကြီးသည် 'မင်းကျင့်တရား ဆယ်ပါး' အကြောင်း တခမ်းတနား ရေးသားကာ တိုင်းပြည်သို့ တင်ပြရန် စီမံသည်။ ထိုဗာချာဏသီဝယ် စာပေရေးသားပြီး အများပြည်သူသို့ တင်ပြလိုလျှင် တည်းဖြတ်ပြင်ဆင်ရေး အမတ်မင်းများထံ ဦးစွာပထမ တင်ပြအစစ်ဆေး ခံယူရသည်။ ထိုအမတ်မင်းများက တည်းဖြတ်ပြင်ဆင်ပြီးမှသာ လုပ်သားပြည်သူများထံ တင်ပြခွင့်ရသည်။ ထိုအခါကျမှ အမြီးနုတ်၊ ခေါင်းနုတ်၊ ဝိုက်ဖောက်ထားသော စာပေများကို အများပြည်သူတို့ခံမှာ 'အဟုတ်ကြီးထင်ပြီး ဖတ်ကြရလေသည်။

ဆိုခဲ့ပါ စာဆိုတော်ကြီးသည် စီမံရေးသားပြီးသွားသော 'မင်းကျင့်တရား ဆယ်ပါး' စာမူပေထုပ်ကြီးကို ဗာချာဏသီ၏ တည်းဖြတ်ပြင်ဆင်ရေး တာဝန်ခံ အမတ်မင်းများထံ တင်ပြအစစ်ဆေးခံယူပါသည်။ စာဆိုတော်ကြီးသည် ဘုရားဟော တရားတော်နှင့်အညီအညွတ် ပြုစုရေးသားထားသော သူ၏ မင်းကျင့်တရားဆယ်ပါး စာမူပြီး(ပေထုပ်ကြီး)အတွက် နည်းနည်းလေးမျှ စိုးရိမ်ကြောင့်ကြခြင်း မရှိပါပေ။ ဘုရင်မင်းတရားကို မရိုမသေ မလေးမစား မထီမဲ့မြင် ပြုထားတာလည်း မပါ။ မှန်ကြီးမတ်ရာ သေနာပတိ အစရှိသော အရာထမ်း အမှုထမ်းတို့ကို သရော်မော်ကား ဝေဖန်ရှုတ်ချထားတာတွေလည်း မပါ။ အတွေ့အကြုံ (ခံရသော အတွေ့အကြုံ) ရင့်ကျက်သူပီပီ အမတ်မင်းများ မျက်ထားတော်ညှို အလိုမကျစရာ တာတစ်ကွက်မျှ မပါအောင် ကလောင်(ကညစ်)ကို ဇက်သတ်ပြီး ရေးထားသောစာများ ဖြစ်သောကြောင့် အမတ်မင်းများက ရှောရှောရှူရှူ ကြည်ကြည်သာသာ ခွင့်ပြုတော်မူလိမ့်မည်ဟု မျှော်လင့်စိတ်ဖြင့် စိတ်ကူးတွေ ယဉ်ချင်တိုင်း ယဉ်ပြီး ကြည်နူးနေပါသည်။ အခါလည် အခါကျွန် နှစ်ပေါက်အောင် မအိပ်မနေ အသက်ရှည်ထုံး နှလုံးမူပြီး ကျားကုတ်ကျားခဲ ကြိုးပမ်းအားထုတ်ထားသော စာမူ (ပေထုပ်)ကြီး ဖြစ်သောကြောင့် ယခုလို ရှောရှောရှူရှူ ဖြစ်ပါမည့်အရေး အဘက်ဘက်မှ လှည့်တွေးပြီး လေကလေး တချွန်ချွန် လုပ်နေရခြင်းသည် အရသာ ရှိလှပါဘိ။

ဤသို့ဖြင့် ခွင့်ပြုချက် ချမှတ်မည့် နေ့ရက်သို့ ရောက်ရှိလာသည်။ စာဆိုတော်ကြီးသည် ရေမိုးချိုး၊ အဝတ်အစား သစ်သစ်လွင်လွင်လေးများ ဝတ်ဆင်ပြီး အမတ်မင်းများ ရုံးထိုင်တော်မူရာ ရုံးတော်ကြီးသို့ ထွက်ခွာသွားသည်။ ဤနေ့သည် မိမိအတွက် မှတ်တိုင်(စာပေမှတ်တိုင်) တစ်တိုင် စိုက်ထူနိုင်တော့မည့် နေ့ထူးနေ့မြတ် ဖြစ်တော့မည်ဟု တွေးတောဆင်ခြင်လျက် ရှိစုမဲ့စု အဝတ်သစ် အစားသစ်လေးများကို မဂိုလာယူပြီး ဝတ်ဆင်သွားခြင်း ဖြစ်ပါသည်။

ရုံးတော်ကြီးသို့ ရောက်သွားသောအခါ အမတ်မင်းများနှင့် မတွေ့ရပါ။ ညီလာခံ တက်ရောက်နေကြောင်း စာရေးတော်ကြီးထံမှ ကြားသိရသည်။ ထို့ကြောင့် စာရေးတော်ကြီးထံမှာပင် မိမိ အမျော်လင့်ကြီး မျှော်လင့်ထားသော ပေစာထုပ်ကြီးအတွက် မျှော်နှာချိုလေး သွေးပြီး မေးရလေတော့သည်။ မိမိက မျှော်နှာချိုလေး သွေးသလောက် စာရေးတော်ကြီး၏ မျက်နှာကြီးက 'တမာပင်ထိပ်ဖျားမှ ကြက်ဟင်းခါးသီး' သဖွယ် 'မျက်နှာခါးကြီး' ဖြစ်နေသောကြောင့် စာဆိုတော်ကြီးခမျာ ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားသည်။

ထိုအခါ စာဆိုတော်ကြီးသည် ဤရုံးတော်၌ 'ကြုံရဆုံရ ဘုံဘဝဝယ်' အတွေ့အကြုံတွေက ဇာတိရွာမှ ထန်းတောကြီးသဖွယ် ရှုမဆုံးတော့သည် ဖြစ်ပေသောကြောင့် စာရေးတော်ကြီးအား 'ဗျစ်ခါးကြီး' သုံးဆောင်ပါရန် ဗျစ်ခါးတဲသို့ ပင့်ခေါ်သောအခါကျမှ စာရေးတော်ကြီး၏ တမာပင်ထိပ်ဖျားမှ ကြက်ဟင်းခါးသီး ဖုတ်ခနဲ ကြွေကျသွားလေသည်။ (ဗာချာဏသီတွင် ခေါ်တွင်သော ဗျစ်ခါးကြီး ဆိုသည်မှာ တခြားမဟုတ်။ ယခုအခါ ကျွန်ုပ်တို့ ရပ်ကွက်ထဲ၌ ဖွင့်လိုပေါက်နေသော 'စတေရှင်' ဟူ၍ ဇာစ်မျိုး၊ 'ဖုစင်တာ' ဟူ၍ တစ်သွယ်၊ 'စားသောက်ဖွယ်ရာ' ဟူ၍ တစ်နည်း၊ 'ဂါးဒင်း' ဟူ၍ တစ်ဖုံ ဖွင့်လှစ်ရောင်းချနေသော ဆိုင်ကြီး၊ ဆိုင်ငယ်များတွင် ရရှိတတ်သည့် သိုးဆောင်းဘာသာစကားအရ 'ဘီယာ' ဟုခေါ်တွင်သော ယမကာတစ်မျိုး ဖြစ်ပေသည်။)

ဗျစ်ခါးတဲအတွင်း၌ သတင်းပေးမည့် စာရေးတော်ကြီး တစ်ယောက် ဗျစ်ခါးရည် နှစ်မြူလောက်၊ ချိုးကြော်လေး နှစ်ကောင်လောက်နှင့် ဆက်ရက်မင်းစည်းစိမ် ခံစားပြီးသော အခါကျမှ မိမိ၏ 'မင်းကျင့်တရား ဆယ်ပါး' ပေထုပ်ကြီးကို 'ဆိုင်းငံ့' ထားကြောင်း ကြားသိရသောအခါ စာဆိုတော်ကြီး ခမျာ ဗျစ်ခါးကြီး မသောက်ပါဘဲ 'မိုက်ခနဲ' ချာချာလည်သွားလေသည်။

အလို- ဘုရား ကယ်တော်မူပါ၊ ကျမ်းဂန်ပါဠိ လာရှိသည်နှင့်အညီ မည်သူကိုမျှ မငြိမစွန်း မပွန်မပဲ့ရလေအောင် ယောနိသော မနသိကာရဖြင့် အသေအချာ အပတ်တကုတ် အားထုတ်ထားသည် အမှန်ဖြစ်ပါလျက် ဘယ်အတွက်ကြောင့်များ အပြစ်တော်ထားပါဘိသနည်း။ သို့တည်းမဟုတ်

www.burmeseclassic.com

www.burmeseclassic.com

စာဆိုတော် သနားစရာမယ် အဘယ်နေရာဝယ် ပမာဒ လေခပြီး မှောက်မှောက်မှားမှား ဖောက်ဖောက်ပြားပြားတွေ ဖြစ်ပါဘိသနည်း။ တွေးလေ တွေးလေ ဆွေးမပြေပါတော့သည်။ ဟိုး. . . လွန်ခဲ့သော နှစ်နှစ်လောက်ကလည်း ဤသို့ ဖြစ်ခဲ့ဖူးသေးသည်။ ထိုစဉ်က စာဆိုတော်ကြီး ရေးသားပြုစုလိုက်သော စာမူပေထုပ်ကြီး၏ အမည်မှာ 'ကော့သလအိပ်မက်တို့ နိုးထ ပုံသန်းကြလေသောအခါ' ဟူ၍ ဖြစ်သည်။ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော 'ကောသလအိပ်မက် ဆယ့်ခြောက်ချက်' ကို မှီခိုကြည်ညိုပြီး ရေးသားပြုစုထားခြင်းသာ ဖြစ်သည်။

ထိုစဉ်အခါက ဘည်းဖြတ်ပြင်ဆင်ရေး အမတ်မင်းများက 'အများပြည်သူတို့ ဖတ်မိလျှင် အတွေးအခေါ် အယူအဆများ တိမ်းစောင်းတွေဝေသွားနိုင်သည်။ မင်းကြားကြီး၏ စိတ်နှလုံးတော်ကိုလည်း ညှိုးချုံးပူပန်စေလိမ့်မည်' ဟူသော မှတ်ချက်ကြီးဖြင့် ယခုကဲ့သို့ပင် ယောင်လည်လည် လုပ်ထုံးလုပ်နည်းများ အသုံးပြုကာ 'ဆိုင်းငံ့' ခဲ့ဖူးလေသည်။

ဩော်- အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ သင္ခဉ္ဇတ ရွှေဘုက်တော်ကြီးဖြင့် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားတော် ဖြစ်ပါရက်ကနဲ့ သူတို့လက်ထက် ရောက်တော်မူပါမှ အလွန် ထက်မြက်စူးရှသော ရွှေဘုက်တော်တို့ဖြင့် ရှုမြင်သုံးသပ်လိုက်ကြသည်မှာ 'အတွေးအခေါ် အယူအဆများ တိမ်းစောင်း မတွေဝေသွားနိုင်သည်' တဲ့။ ဘုရား. . . ဘုရား။

တကယ်တော့ သူတို့ တည်ဆောက်နေသော နိုင်ငံတော်သည် ကောသလအိပ်မက်ထဲက နိုင်ငံတော်ဖြစ်နေသောကြောင့် သူတို့လိပ်ပြာ သူတို့မလုံဘဲ မိုးကြိုးပစ်ရာ ထန်းလက်နှင့် ကာခြင်းသာ။ ထန်းလက်နှင့် ကာမှတော့ မိုးကြိုးက တည့်တည့်မှန်ပေတော့မည်။ ဩော်- ဘုရား. . . ဘုရား။ အခုလည်း နောက်တစ်ခါ လာပြန်ချေပြီ။

အန်ဒီ- တစ်ဆိတ်လောက် မေးပါရစေဦး စာရေးတော်ကြီးရယ်၊ အကယ်တန္တ စာရေးတော်ကြီးများ ပြောခွင့်ရှိမယ် ဆိုရင် ကျွန်ုပ်ရဲ့ 'မင်းကျင့်တရား ဆယ်ပါး' ပေစာထုပ်ကြီးကို အမတ်မင်းများက ဘယ်အချက်များ သဘောတော်မတွေ့လို့ လုံးဝ ခွင့်မပြုတာလည်း မဟုတ်ပါဘဲနဲ့ 'ဆိုင်းငံ့' မှတ်ချက်ပြုပြီး ဆန့်ငင် ဆန့်ငင် လုပ်ထားရပါသလဲ ခင်ဗျာ။

ထိုသို့ စာဆိုတော်ကြီးက ဆီးရွက်လောက် မျက်နှာလေးဖြင့် ညောင်နာနာ အသံထွက်လေး ပြုလိုက်လေသော အခါ စာရေးတော်ကြီးသည် တတိယမြောက် ဖျစ်ခါးမြူအိုးကို ကလူ၏သို့ မြူ၏သို့ ခပ်ငေးငေး စိုက်ကြည့်ပြီးသကာလ လေးလေးမကွဲတကွဲ ဖုတ်သဘက်လေသံမျိုးဖြင့် ဤသို့ နှုတ်မြွက်တော်မူလေ၏။

အိမ်း- ကိုရင့်စာတွေက 'မင်းကျင့်တရား ဆယ်ပါးနဲ့ အညီ မင်းကောင်းမင်းမြတ်တွေဟာ အုပ်ချုပ်ကြတယ်' ဆိုတော့ ကျွန်ုပ်တို့ရဲ့ ဘုန်းတော် အလွန်တရာတရာ ကြီးမားမြင့်မြတ်တော်မူလှသော ဆဒ္ဒန်ဆင်မင်းသခင်၊ လက်နက်စကြာများအရှင်၊ မြေပေါ် မြေအောက် သယံဇာတအားလုံး (အားလုံး)ရဲ့ ပိုင်ရှင်တကာ့ပိုင်ရှင်၊ အဲ. . . နောက် ဘာကျန်သေးလဲ၊ အဲဒီ အကုန်လုံးရဲ့ အရှင်သခင် ဘဝရှင်မင်းတြားကြီးက မင်းကျင့်တရား ဆယ်ပါးနဲ့အညီ မအုပ်ချုပ်လေရော့သလားလို့ အများပြည်သူ ယုန်ထင် ကြောင်ထင် ခွေးထင် ဝက်ထင် အမြင်မှောက်မှားပြီး အကုသိုလ်များကုန်ကြမယ့် အရေး အလွန်နဲ့ အလွန် အလွန် ထက်မြက်စူးရှတော်မူလှသော ပညာအကြီးကြီးရှိတဲ့ ပညာရှိ အမတ်မင်းများက သံသရာဘေး မျှော်တွေးပြီး စာဆိုတော်ကြီးကိုလည်း ငဲ့ညှာသနားသောအားဖြင့် မြွေမသေ တုတ်မကျိုး 'ဆိုင်းငံ့' မှတ်ချက် အကောင်းစားကြီးဖြင့် သဘောထားကြီးကြီး၊ မျက်စိကြီး၊ နားကြီး၊ အကုန်လုံးအကြီးကြီး ဟတ္ထပြုပြီးတော့ ဆုံးဖြတ်လိုက်ခြင်း ဖြစ်ပါကြောင်း။

သို့ကလို ဖုတ်တစ္ဆေ လေသံမျိုးဖြင့် အချိုးမပြေလှစွာသော စံရေးတော်ကြီး စကားသံတို့ကို နားကလောခံပြီး ကြားသိရပြီးနောက် စာဆိုတော်ကြီး ကြိမ်းပ ဟစ်ကြွေးလိုက်သော စကားသံသည် ဖျစ်ခါးတဲကလေးကို လျှပ်လှုပ်သကဲ့သို့ ကိုင်လှုပ်လိုက်လေသည်။

အို- အသင်လောက၊ မင်းတရားကို ပြစ်မှားမိရင် အပါယ်လားကုန်ကြမည့်အရေး မျှော်တွေးပြီး ဘုရားဟော မင်းကျင့်တရား ဆယ်ပါးကို ဝိတ်ပင်ဟန့်တားကြတဲ့ အဲဒီ အမတ်မိုက် လူဗာလတစ်သိုက်အား ဒီအတိုင်း လက်ပိုက်ကြည့်နေတော့မှာလား ဟင်၊

အို . . . အသင် ပရိသတ်၊ ရှေးရှေးတုန်းက ဗာရာဏသီ ချာတူးလန်တိုင်းပြည်ကြီးမှာ ထိုသို့ဧကန် အမှန်ဖြစ်ခဲ့သော်ကြား ယခု ဒီမိုကရေစီ တမြည်မြည်ဖြင့် မြည်ချင်တိုင်း မြည်နိုင်ပြီဖြစ်သော ထီမထင် ကျောင်းတော်သားတွေ၏ အခါကာလ သမယကြီးတွင်ကား ထိုကြောင်းရာထုပ်တစ် စာဆိုတော်ကြီး၏ အကြောင်းရပ်သည် ဒဏ္ဍာရီလား ပုံပြင်လား ဖြစ်ခဲ့ရပါပြီ။

အို . . . အသင် ပရိသတ်၊ စာဆိုတော်ကြီး၏ ကြောင်းရာထုပ်တစ် အကြောင်းရပ်သည် 'ဆက်ရန်' ရှိနေသေးကြောင်းကိုမူ ဆက်ပြောရလျှင် ကောင်းမည်လော၊ ဆက်မပြောရလျှင် ကောင်းမည်လော ဤနေရာတွင် ခေတ္တဆိုင်းငံ့ရင်း စဉ်းစားခွင့် ပြုစေချင်ပါသည်။

(ဆက်ပါဦးမည်)

ရိုဘော်ဘာ ဦးညွတ်လျက်-

ထွန်းလင်းမှူး

❑

www.burmeseclassic.com

www.burmeseclassic.com

ပညာနှင့်အမြင်မှန်၍ အကြင်နာဖြင့် ရှင်သန်စေသော အေဝေ ဒေါ်အောင်ဆန်းစုကြည်

ကိုဒေးမင်း(ပဲခူး)

ကမ္ဘာပေါ်မှာ လူတန်ဖိုးကို အသိအမှတ်ပြုဆုံး ဘာသာတရား ကို ကိုးကွယ်ခွင့်ရသောကြောင့် မိမိတို့ မြန်မာနိုင်ငံသားများမှာ ကံအကောင်းဆုံးသူများ ဖြစ်ပေသည်ဟု နိဒါန်းဖွင့်ပါမည်။

ဘာသာတရား၏အရှင် မြတ်ဗုဒ္ဓသည် ကိုယ်တော်တိုင်က သုပ္ပဗုဒ္ဓ ကဲ့သို့သော နူနာရောဂါသည်၊ ပဋာစာရီ ကဲ့သို့သော ရူးသွပ်သူ၊ အင်္ဂုလိမာလ ကဲ့သို့သော တောပုန်းလူသတ်သမား၊ သစ္စကပရိဗိုဇ် ကဲ့သို့သော ဘာသာကွဲ ခေါင်းဆောင်၊ အဇာတသတ် ကဲ့သို့သော အာဏာလုသူ၊ စိဉ္စမာန ကဲ့သို့သော စွပ်စွဲသိကၡာချသူ၊ အမ္ဗပါလီ ကဲ့သို့သော ပြည့်တန်ဆာမများနှင့် မိမိအသက်ကို အန္တရာယ်ပြုသော ရှင်ဒေဝဒတ္တ အပေါ်၌ပင် တန်ဖိုးထား မပျက် အကျိုးကိုလိုလားတော်မူနိုင်သကဲ့သို့ ပြည်သူအများကိုလည်း

(၁) အချင်းချင်း မလှည့်စားရန်၊

(၂) အချင်းချင်း မလေးမစား မလုပ်ရန်၊

(၃) တစ်ယောက်၏ ဆင်းရဲမှုကို

လပြည့်ဝန်းမဂ္ဂဇင်း (စက်တင်ဘာလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်က အလိုမရှိရန် မေတ္တာနီယာမအဖြစ် သင်ကြားတော်မူခဲ့သမျှ ပိဋကတ်တွင် အထင်အရှား တွေ့နိုင်သည်။

ယင်းကဲ့သို့ လမ်းညွှန်မှု သုံးရပ်သည် ကမ္ဘာ့အစောဆုံး လူ့တန်ဖိုးပြဥပဒေများ ဟုပင် ဆိုလိုက်ချင်ပါသည်။ ထိုသုံးချက်တွင် တစ်ချက်မျှကို ကျင့်သုံးလျှင်ပင် အကျိုးကြီးစွာ ရရှိနိုင်ပြီး သုံးချက်လုံး လိုက်နာနိုင်လျှင် အဘယ်မှာ ဆိုဖွယ်ရာ ရှိပါတော့အုံးနည်း။

သို့သော်လည်း မိမိတို့ ဗုဒ္ဓဘာသာ အများစုသည် ဝမ်းတွင်းပါ မာန်နှင့် ရာထူး အာဏာ အသပြာတို့ကြောင့် ဖြစ်သော ကြီးမာန်တို့ဖုံးကာ လိုက်နာကျင့်သုံးဖို့ထက် တစ်ချက် မဟုတ် တစ်ချက်ကိုဖြစ်စေ၊ သုံးချက်လုံးကို တစ်ပြိုင်နက်ဖြစ်စေချီးဖောက်နေကြသည်ကိုသာ ပြည်ထောင်စုမြန်မာနိုင်ငံတော်သမိုင်းမှာ တွေ့မြင်ခဲ့ရပေသည်။

ထို့ကြောင့် မြန်မာပြည်လောကလူ့ဘောင် သမိုင်းကြောင်းသည် ချောမွေ့မှုထက် အဖုအထစ်များ၊ ငြိမ်းချမ်းမှုထက် ပူပန်မှုများ၊ သွေးစည်းချစ်ကြည်မှုထက် အာယာတ တရားများသာ တိုးပွားရသည်မှာ ဝမ်းနည်းဖွယ်ရာ ကောင်းလှသည်။

'လူရိုင်းလက် စိန်ရောက်၊ မျောက်လက် အုန်းသီးရ' ဆိုသကဲ့သို့ အကောင်းဆုံး ဘာသာတရားကို ရရှိကိုးကွယ်နေရပါလျက် ဘဝအတွက်၊ ပတ်ဝန်းကျင်အတွက်၊ လောကအတွက် အသုံးမပြုနိုင်ကြခြင်းက ပို၍ ဝမ်းနည်းဖွယ်ရာ ကောင်းလှပေစွ။ ဗုဒ္ဓဘာသာ အင်ကြီးတွေ ဖြစ်မှန်းမသိ ဖြစ်ကုန်ပြီလားဟု မေးခွန်းဆင့်ကုန်တာ ခံရပြီးလို့ သက်ပြင်းချမည်ဆဲဆဲ အုလင်းရောင် ပေါ်ထွန်းလာသည်ကို ကမ္ဘာကြီးနှင့်အတူလက်ကမ်းကြိုဆိုရတော့မည် ဖြစ်ကြောင်း ဤဆောင်းပါးနှင့် ဂါရဝပြု တင်ဆက်တော့မည်။

'မေတ္တာ နိုင်ငံရေး' ဆိုသော စကားကို စကြားခွင့် ရလိုက်သည်။

"တခြားနိုင်ငံတွေမှာ မလုပ်နိုင်ပေမယ့် ကျွန်မတို့နိုင်ငံမှာ လုပ်ချင်တယ်၊ သူများတွေ မလုပ်တာကို ကြိုးစားကြည့်ချင်တယ်"

အနုပညာရှင်တွေနဲ့ တွေ့ဆုံပွဲမှာ အမေစုပြောခဲ့သည့် သမိုင်းဝင် ဗုဒ္ဓအလိုကျ စကားလုံး ဖြစ်တော့သည်။ ဘာသာတရား အသစ်ကြီး စတင်လာခြင်းဖြစ်သလို ဗုဒ္ဓ အဘိဓမ္မာနှင့် နိုင်ငံရေး သိပ္ပံပညာကို ပေါင်းစပ်ပြီး မြန်မာပြည်ကြီးကို စိမ်ခန့်ခွဲအုပ်ချုပ်မည့် နိုင်ငံရေးပညာသဘောတရားအသစ်ကြီး ဖြစ်သည်။

ဗုဒ္ဓဝါဒ လမ်းစဉ်အမှန်မှာ အကြောင်းအကျိုး ဖြစ်စဉ်အတွက် အကျိုးပြဿနာကို ခံစားမှုနှင့် မဖြေရှင်းတဲ့ အကြောင်းတရား အရေပါနားလည်အောင် ဆင်ခြင် သုံးသပ်ဖြေရှင်းနည်းမျိုးကို ဆိုလိုသည်။

မေတ္တာ ဆိုသည်မှာ ပြည်သူ့အကျိုးကို လိုလားခြင်းဟု ဆိုနိုင်ပြီး အချင်းချင်း မလှည့်စား၊ မလေးမစား မလုပ်ကြဘဲ တစ်ယောက်၏ ဆင်းရဲဒုက္ခရောက်မှုကို တစ်ယောက်က အလိုမရှိကြရန် ဆိုသည့် ကျယ်ပြန့်သော တရားသဘောလည်း ဆောင်သည်။

ထို သုဘောတရားတွေနှင့် Oxfordလိုကမ္ဘာ့ထိပ်တန်းတက္ကသိုလ်ကြီးများတွင် အမေစု ဆည်းပူးလေ့ကျင့်ခဲ့သော နိုင်ငံရေးပညာရပ်ကို အချိုးကျ အသုံးချပြီး မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ပွဲလယ်တင့်အောင် ကမ္ဘာ့အလယ် ရွှက်တင်တော့မှာမို့ အားလုံးပါဝင်ပြီး စွမ်းနိုင်သည့်ဘက်မှ အကောင်းဆုံး ကြိုးစားစေချင်တာလည်း စာရေးသူ၏ ဆန္ဒအမှန်ပင် ဖြစ်ပြန်သည်။

"ကျွန်ုပ်တို့အမေ စိတ်တက်နေချိန်မှာ စိတ်ပျက်တဲ့စကား၊ အားလုံး ရပ်၊ လှုံ့ဖျား ပုစ္ဆာနား၊ ကျီးကန်းက ချေးပန်းမနေနဲ့၊ ပြောင်းလဲချင်တစ်ကြောင်းတည်းသောလမ်းကို ရဲရဲလိုက်၊ ရဲရဲနောက်၊ ရဲရဲလျှောက်၊ ရဲရဲတောက်တဲ့ ပွဲသစ်ဖြစ်စေ" လို့ မိမိတို့ ဆရာတပည့်တွေ မြန်မာပြည်သူတွေအတွက် အလင်းလက်ဆောင်တံခါးချပ်တွေကို ကလောင်သွေးခဲ့ကြခြင်း ဖြစ်သည်။

ဆရာတပည့်တွေ ကလောင်သွား ညီခဲ့ကြပြီး တစ်နှစ်တာ စွမ်းဆောင်ခဲ့သမျှ ဓမ္မသာကစွာစာပေ ခရီးအဖြစ် ဗိုလ်ချုပ်ဇာတိ နတ်မောက်နယ်၊ နတ်မှိတောရအောင် မြေကို အစဉ်အလာမပျက် သွားဖြစ်နေသည်။

နတ်မှိတောရ ဆိုသည်က၊ လည်း ပေလေးပင် ရှင်လေးပါး ပေါ်ထွက်ခဲ့သည့် တောင်တွင်းကြီးမြို့နယ်က ရှင်မဟာသီလဝံသ ကျောင်းထိုင်ခဲ့သည့် ဘူမိနက်သန်အမှန် ကျောင်း

www.burmeseclassic.com

www.burmeseclassic.com

ကြီးဖြစ်သလို ဗိုလ်ချုပ်အိမ်သို့ ဆွမ်းစားကြွခဲ့သော ဆရာတော်ကြီးလည်း ဖြစ်၊ ဗိုလ်ချုပ်ငယ်စဉ်က တက်ခဲ့ဖူးသည့် ပထမဆုံး အမျိုးသားကျောင်း တည်ထောင်သူ ဆရာတော်ရှင်ဥက္ကဋ္ဌ ကျောင်းလည်း ဖြစ်သည်။

ယခုနှစ်မှာတော့ မိမိဆရာရင်း ဓမ္မဘေရီဆရာတော်ကြီးနှင့် အတူ ဓမ္မဂဂီ။ ဆရာသားအေးညတို့ပါ ဓမ္မဒူတခရီး ဝိုင်းဝန်း၍ ဆင်နွှဲလာကြရာမှ ဓမ္မအသိအမြင်တွေ သိမ်းကျုံးယူငင်လို့ မဆုံးနိုင်အောင်ရှိလှသည်။

ဓမ္မဂဂီဆရာတော်လေး ဆိုသည်ကလည်း အမေစုအတွက် ဗုဒ္ဓဘာသာ သူရဲကောင်းပီသပုံကို နိုင်ငံခြား မဂ္ဂဇင်းများမှ ဆောင်းပါးရှည်များကို ဘာသာပြန် ရေးသားထုတ်ဝေခဲ့သူ ရှင်ရဟန်းတစ်ပါး ဖြစ်နေသည်။

မိမိအဖို့မှာတော့ လသာတုန်း စာပေဗိုင်းငင်ခွင့် ရခဲ့သည်။ စာဖတ်ပရိသတ်ကြီးအတွက် ဆရာတော် ဓမ္မဂဂီကိုယ်တိုင် ဘာသာပြန်ပေးထားသော အမေ ဒေါ်အောင်ဆန်းစုကြည်၏ ဗုဒ္ဓဝါဒလမ်းစဉ် ခံယူကျင့်သုံးနေပုံတို့အား ဉာဏ်မီသမျှ အကဲခတ်နိုင်ရန် တင်ပြခွင့်ရပေသည်။

အမေစု၏ အဖျိတ္တ ဓမ္မအတွင်းသားကို မြည်းစမ်းခွင့်ရမည့် ဘာသာပြန်ဆောင်းပါးကို အခြေခံပြီး ရေးရမည်ဆိုတော့ကာ အမေစုသည် အာဏာရှင်တွေလို အာဏာကို ကာကွယ်ချင်လို့ ယဉ်ကြာကို ဘယ်တော့မှ မချခဲ့သည့် ထေရဝါဒ ဗုဒ္ဓဘာသာသူရဲကောင်းစစ်စစ် ဧကန်ဖြစ်သည်က စရမည်။

ရွှေကောက်ပွဲကြီးမှာ ပြည်သူတွေအနေနှင့် ပြောင်းလဲချင်၊ တစ်ကြောင်းတည်းသော လမ်းကို ရဲရဲလိုက်၊ ရဲရဲလျှောက်၊ ရဲရဲတောက်ခေါင်ပွဲနှမ်းအတူ အမေစုပခုံးပေါ် အနာဂတ်မြန်မာပြည် ကံကြမ္မာကို ရဲရဲတောက် အပ်နှင်း တာဝန်ပေးခဲ့ကြပါပြီ။

ရွှေကောက်ပွဲအလွန် ပင့်သက်မချနိုင်သေးတဲ့ ရွှေပြည်ကြီးကို မေတ္တာနိုင်ငံရေးပေါ် လစီဖြင့် မောင်းနှင်မည့် (အသာစံနေသူများ အလယ်ဘဝကို အနာခံခြင်း အလှဟရား ဖြင့်) နိုင်ငံရေးပဲ့ကိုင်ရှင်၏ နောက်ခံကားချပ်တွင် မြတ်ဗုဒ္ဓရှင်၏ အဆုံးအမနှင့် ဝိပဿနာ ရောင်စဉ်များ လင်းလင်းလက်လက် ရှိနေခြင်းက ဘာသာတရား ပူပန်မှုများရှိနေသည့် အစွဲရောက် ရဟန်းရှင်လူ ပြည်သူတို့အတွက် စိတ်အေးစရာ ဖြစ်ပေလိမ့်မည်တဲ့ ယုံကြည်ရဲတာကြောင့်လည်း ရေးလိုက်ရခြင်းဖြစ်သည်။

အမေစု (သို့) ဗုဒ္ဓဘာသာသူရဲကောင်းဟူသော ဝေါဟာရ ခေါင်းစဉ်နှင့်စပ်လျဉ်း၍ အငြင်းပွား စောဒကတက်ချင်သည့် ဓမ္မမိတ်ဆွေ အချို့ ရှိသင့်နေလို့လည်း ဖြစ်ရပြန်သည်။

ဗုဒ္ဓအလိုက္ခ လောကအတွက် အနစ်နာခံသူတိုင်း သူရဲကောင်း ဖြစ်ခွင့်ရှိသည်ဟု ယုံကြည်ရဲစွမ်းလျက် မူရင်းဆောင်းပါးရှင်၏စကားအတိုင်း ရဲရဲပင် သုံးစွဲခွင့် ပြုထားပါသည်။ မည်သူကိုမျှထိခိုက်မှုမရှိဘဲ စွန့်လွှတ်သည်းခံမှုနှင့် ကရုဏာ၊ ပညာစသော ဗုဒ္ဓအရှင်၏ဓမ္မဟန်ဖြင့် အမှန်တရားကို မြဲမြံစွာ ဆုပ်ကိုင်ချီတက်လေ့ရှိသော၊ ဇာချို့က တစ်ယူသန်သမားလို့ ထင်ကြပေမယ့် မိမိ အနေနဲ့တော့ သာသနာတော်နဲ့ ပတ်သက်လာရင် တစ်ယူတည်းကိုသာ အခိုင်အမာသန်သူ (ဩကပွနသဒ္ဓါရှိသူ) သံယ မာတာ ဗုဒ္ဓဘာသာ ဥပါသိကာမကြီး၏ စိတ်နှလုံး ဆည်းလည်းသံသာ မိတ်ဆွေ၊ ရန်သူ ခွဲခြားရန် မလိုတော့သော ရွှေပြည်ကြီး၏ အနာဂတ်ကို ပဲ့တင်ထပ်စေလိုသည့် စေတနာမှန်မှန်ကြီးသည်လည်း ဤဆောင်းပါး ရေးရခြင်း၏ အဓိက အကြောင်းပြချက် ဖြစ်ပါသည်။

အရှေ့တောင်အာရှ ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံများမှာတော့ အမေစုဆိုသည်မှာ ဘာသာရေးနှင့် နိုင်ငံရေး တန်ဖိုးကြီးဝယ် ဆုံမှတ်တစ်ခုအဖြစ် တိုက်ပွဲဝင်နေသည့် ပြဿနာတစ်ခုဖြစ်သည်တဲ့။

အမေစုဆိုတာ ရန်ကုန်၊ ဒေလီနှင့်အောက်စ်ဖို့ဒ်တို့တွင် ပညာဆည်းပူးခဲ့ပြီး အောက်စ်ဖို့ဒ်တွင် မိသားစုဘဝကို ထူထောင်ရန် အခြေချခဲ့သည်။ ပါဠိပါရဂူ အင်္ဂလိပ် အမျိုးသားတစ်ဦးနှင့် အိမ်ထောင်ပြုခဲ့ပြီး သားနှစ်ယောက်နှင့်အတူ မြန်မာနှင့် အရှေ့တောင်အာရှအရေး ခပ်ဝေးဝေး အင်္ဂလန်နိုင်ငံတွင် ပညာရှင်တစ်ဦးအဖြစ် အေးချမ်းစွာ နေထိုင်ခဲ့ပေမယ့် နာမကျန်းဖြစ်နေသော မိခင်ကြီးအား ပြုစုရန် ၁၉၈၈ ခုနှစ်မှာ မြန်မာပြည်ကို ပြန်လာခဲ့သူပါ။

ဒီအချိန် အတောအတွင်းမှာ အစိုးရရဲ့ ရွှေကောက်ပွဲ ကျင်းပချိန်နှင့်ကြုံပြီး မြန်မာ့လွတ်လပ်ရေးသူရဲကောင်းကြီး၏ အာဇာနည်သွေးပီပီ

www.burmeseclassic.com

သဘာဝကျကျ ဒီမိုကရေစီ ဒီလှိုင်းကို စခဲ့ရတော့သည်။ နောက်ဆုံးမှာတော့ အမေစု ဆိုသည်မှာ ဒီမိုကရေစီ လှုပ်ရှားမှုကြီး၏ သင်္ကေတဖြစ်ခဲ့လေတော့သည်။

နေအိမ်အထိန်းခံဘဝ ရောက်နေသည်ကြားမှာပင် အမေစု၏ လှုပ်ရှားမှုက ၁၉၉၀ ပြည့်နှစ်၊ မေလ ရွေးကောက်ပွဲကို အကြိုးအကျယ်အနိုင် ရရှိခဲ့သည်။ သို့ပါသော်လည်း တပ်မတော် အစိုးရက ရွေးကောက်ပွဲ ရလဒ်ကို အသိအမှတ်မပြုခဲ့ဘဲ ဒီမို ခေါင်းဆောင်များကို အကျဉ်းချပါ လေသည်။

အမေစုကိုမူ ၁၉၉၀ ပြည့်နှစ် ကတည်းက စပြီး နေအိမ်တွင် ထိန်းသိမ်း အကျဉ်းချထားခဲ့သည်။

မည်သို့ပင်ဆိုပါစေ၊ အမေစုက တော့ ဒီမိုကရေစီ အရေးအတွက် ဆက်လက်ပြောဆိုမြဲ၊ ဆောရှင်ပိတ်ထားတဲ့တံခါးချပ်တွေကိုပြည်သူ့ ဒီမိုကရေစီ အလင်းရောင်အတွက် ဆက်တိုက်ဖွင့်ပြီး အလံမလဲ တိုက်ပွဲဝင်မှု၊ လူ့အခွင့်အရေးနှင့် အုပ်ချုပ်သား ပြန်လည်ရင်ကြားစေ့ရေး အားထုတ်မှုများအတွက် နိုဘယ်ဆုရွေးချယ်ရေး ကော်မတီက အမေစုအား ငြိမ်းချမ်းရေး နိုဘယ်ဆု ချီးမြှင့်ခဲ့ကြသည်။

ဗုဒ္ဓဘာသာနိုင်ငံရေးဒဿနဟု ဆိုလောက်အောင် အမေစု၏ နိုင်ငံရေးဒဿနမှာ အလွန်ရိုးစင်းသည်ဟု ထင်ရသော်လည်း အမေစု၏ စကား များတွင် သစ္စာစွမ်းအင်နှင့် စကားလုံး အရည်အသွေးများ ပါဝင်နေလည်း ရိုးသားလေလေ၊ တန်ဖိုးတက်လေ လေ ဟူသည့်အတိုင်း ရိုးစင်း၍ အား အင်ပါသော ရင်ငြိသော စကားလုံး များ ဖြစ်သည်။

အမေစု၏ အကျော်ကြားဆုံး စကားတစ်ခွန်းမှာ 'ကြောက်ရွံ့ခြင်းမှ ကင်းဝေးရေး' ဖြစ်သည်။

(ထိုစကားလုံးဖြင့် ကျွန်ုပ်တို့ မြန်မာပြည်သားအားလုံး စုပေါင်း နိုးထခြင်း အလင်းရောင်ကို စတေ့ သည်။)

မိန့်ခွန်းပြီးခါနီးတွင် အမေစုက ကြောက်ရွံ့ခြင်းမှကင်းဝေးရေးဟူသော ခေါင်းစီးစကားလုံးကိုပင် တဒင်္ဂခဏ ဖော်ထုတ်ပြီးနောက် မဟတ္တမဂန္ဓီ ကြီး၏ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက် အတွက်ဖြစ်စေ၊ နိုင်ငံတစ်ခုအတွက် ဖြစ်စေ အကြီးကျယ်ဆုံးလက်ဆောင် မှာ ကြောက်ရွံ့ခြင်းမရှိမှု၊ စိတ်ထဲမှာ ကြောက်ရွံ့ခြင်းကင်းစင်မှုပင် ဖြစ်ပါ၏ဟူသော သြဝါဒစကားကို ကိုးကား သွားခဲ့သည်။

ငြိမ်းချမ်းရေးအရှင် မဟတ္တမ ဂန္ဓီကြီးက ဤကြောက်ရွံ့ခြင်းကင်း ရေး သြဝါဒကို ပေးသည့်အခါ သူက သူကျွမ်းကျင်လိမ္မာသည့် နည်းတစ်စုံ တစ်ရာကို ပြုလုပ်မြဲသည်။ ထိုအရာ ကတော့ ဗုဒ္ဓအရှင်၏ ရွေးဟောင်း ကျင့်စဉ်အတိုင်းဖြစ်ကြောင်း ဖွင့်ဆို ကိုးကားပြခြင်းပင်။

ကျွန်ုပ်တို့ အမေစုကတော့ ကြောက်ရွံ့မှုကင်းခြင်းသည် ဂန္ဓီကြီး မိန့်ဆိုသကဲ့သို့ပင်လက်ဆောင်တစ်ခု ဖြစ်ကောင်းဖြစ်နိုင်သော်လည်း ပို၍ တန်ဖိုးကြီးမားသောအရာမှာ သင်တို့ ကိုယ်တိုင်၏အားထုတ်မှု၊ ကြိုးပမ်းမှု အားဖြင့် ရရှိလာသည့် သတ္တိစွမ်းပင် ဖြစ်သည်တဲ့။

ထိုသတ္တိက သင်တို့၏အပြုအမူ များကို ကန့်သတ်ချုပ်ချယ်နေသည့် ကြောက်ရွံ့မှုကို ဖယ်ရှားနိုင်သော အလေ့အကျင့်ကို ထူထောင်ဖွံ့ဖြိုး ပေးပါလိမ့်မည်ဟု ဟောပြောပြီး အသိဉာဏ်တံခါးချပ်တွေကို ပွင့်စေ သည်။

ဤနေရာမှာ အကြောက်တရား နှင့် အသိတရားကို ဆင်ခြင်မိသမျှ စကားချပ် အနေနှင့် ထည့်သွင်းချင် သည်။ ဓမ္မဘေရီ ဆရာတော်ကြီး အလင်းလက်ဆောင်ပေးခဲ့တာ ဖြစ် သည်။ "ဘဝတစ်ခု၏ ချိန်ခွင်လျှာ မှာ အသိတရားနဲ့ အကြောက်တရား တို့ဟာ အချင်းချင်း ဆန့်ကျင်ဘက် အဖြစ်နှင့် တစ်ဖက်စီရှိနေကြသည်" လို့ သဘောပေါက်မိပြန်သည်။

တစ်ဖက်က သေးပြီး ပေါ့လိုက် ရင် တစ်ဖက်က ကြီးပြီး လေးသွားတဲ့ သဘော ဖြစ်သည်။ အမေစုသည် အသိကြီးတဲ့အတွက် အကြောက် သေးသွားသည်လို့ ထင်သည်။ အသိ က လုံးဝ ပြည့်စုံကြီးမားသွားပြီဆို လျှင် အကြောက်တရားဟာလည်း လုံးဝကင်းစင်သွားမှာ သေချာသည်။

ဒီသဘောရဲ့ ဆန့်ကျင်ဘက် အနေနှင့် အသိတရားသေးရင် သေး သလောက် အကြောက်တရားဘက် ကြီးပြီး လေးနေတဲ့သဘောဖြစ်လို့ "သတ္တိဆိုတာ သိတတ်တာ၊ သိတတ် မှ သတ္တိရှိတယ်၊ သိတတ်မှ မရှိရင် သတ္တိဆိုတာလည်း မရှိနိုင်တော့ဘူး" လို့ ပညာရှင်များက ဆိုထားသည်။

ဘာဖြစ်လို့ အသိကြီးသူက အကြောက်နည်းပြီး အသိနည်းသူက အကြောက်ကြီးရသလဲ ဆိုးတာကို

www.burmeseclassic.com

ဆက်စပ်ပြီး ဆင်ခြင်သုံးသပ်ကြည့်လျှင် သဘောပေါက်နိုင်သည်။

အသိကြီးသူက အမှားနည်းပြီး အပြစ် ကင်းတယ်။ လောကမှာ ကြောက်တရားဆိုသည်မှာ အပြစ်တရားကြောင့် ဖြစ်လာတာပါ။ ဘာကို ကြောက်သလဲဆိုပြီး သေသေချာချာ စဉ်းစားကြည့်ရင် ကိုယ်လုပ်ခဲ့မိသည့် အပြစ်တွေကြောင့် ကိုယ်ပြန်ပြီးခံရမယ့် ဆိုးကျိုးဒုက္ခတွေကို ငရဲခံနေရသလို ကြောက်လန့်နေကြတာ၊ မျက်မြင်ကိုယ်တွေ့ အမိန့်တွေနှင့် စိတ်ကြိုက်ကာကွယ်ပြီး အရေးပေါ် ထုတ်ပြန်ဖို့ အကျောက်အကန် လုပ်နေရတာမျိုးဖြစ်သည်။နောက်ကြောင်းပြန်တရားမစွဲနိုင်စေရန် လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်းလိုမျိုး ဖြစ်သည်။

အသိကြီးသူ အမေစုက အမှားနည်း အပြစ်ကင်းသည့် အတွက် အကြောက်တရားတွေလည်း ကင်းပနေတာဖြစ်မည်။ အသိနည်းသူ အာဏာရှင်တွေကတော့ အမှားနှင့်အပြစ်တွေ များများပြုထားခဲ့တဲ့အတွက် ပြုမိတဲ့ အမှားတွေနှင့် အပြစ်တွေ ကြီးရင်ကြီးသလောက် အကြောက်တရားကလည်း ကြီးကြီးလာသည်လို့ နှလုံးသွင်း သတိပြုမိပါသည်။

အတ္တနုဝါဒဘေးကြီးဆိုသလိုမျိုး ကိုယ့်အကြောင်း ကိုယ်အသိဆုံး ဖြစ်နေကြလို့ စိတ်မှာ ငရဲမီးပူနေကြသည်။

အထက်ပါ စကားလုံးများကို ဆင်ခြင် သုံးသပ်ကြည့်မိသောအခါ အမေစု၏လုပ်ရပ်က သတ္တိစွမ်းရည်၊ သည်းခံ ခွင့်လွှတ်တတ်မှု၊ ပြည်သူ့အကျိုးကို လိုလားသည့် အကြမ်း မဖက်မှုကဲ့သို့သော ဗုဒ္ဓတရားတော်လာ အခြေခံတန်ဖိုးများနှင့် ခေတ်သစ် မျက်မှောက် ဒီမိုကရေစီတန်ဖိုးများကို တွဲဖက်ကျင့်သုံးနေခြင်း ဖြစ်ကြောင်း ထင်သာမြင်သာ ရှိလှပါပေသည်။

ဤသို့ တွဲဖက်ကျင့်သုံးပြလိုက်ခြင်းဖြင့် ဗုဒ္ဓတရားတော် တန်ဖိုးဟူသည် ဘုရားကျောင်းနှင့်သာ ဆိုင်သည်ဟူသော အမြင်ရှိသူများကိုပင် အာရုံ စူးစိုက်လာစေနိုင်သည့်အထိ အင်အားအဝန်းအဝိုင်း ကြီးမားလှပေသည်။ ဗုဒ္ဓအရှင်၏ တရားတော် တန်ဖိုးများက (ထိုင်ပြီးနာယူ ဖတ်မှတ်သော တရားနည်းလမ်းများသည် ထသွားသောအခါ ဘဝထဲမှာ လက်တွေ့အသုံးချလို့ရမှ ဗုဒ္ဓတရား) အသောကခေတ်မှသည် ယနေ့ခေတ် တိုင်အောင် နိုင်ငံရေးနယ်ပယ်တွင်သာမက ဘာသာရေးရိုးရာ လုပ်ငန်းစဉ်များတွင်လည်း အဓိကကဏ္ဍမှ ပါဝင်ခဲ့လေသည်။

ဤသို့ဆိုလျှင်ဖြင့် စာရေးသူ၏ ဉာဏ်အထွာဖြင့် သုံးသပ်လိုသည်မှာ အဖ၏ ပညာ၊ အမိ၏ အကြင်နာ အမွေကို ရရှိကျင့်သုံးနေသော အမေစု၏ မေတ္တာနိုင်ငံရေးလမ်းစဉ်သည် ပြည်သူတွေအတွက် ကိုယ်တိုင် ကိုယ်ကျ အကြောက်အမျှော်ကင်းကင်း လျှောက်လှမ်း ချီတက်နိုင်အောင် ပညာနှင့်အမြင်မှန်၍ အကြင်နာဖြင့် ရှင်သန်သွားစေမည်ဟု ယုံကြည်ရဲစွမ်းလျက် . . . ။

ကိုအေးမင်း(ပဲခူး)

❑

စာပေများ ပေးပို့နိုင်ပါသည်

စာပေ ပါဝါနာရှင်များ မိမိ၏စာပေကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်း တိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာပေများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

ရှေးဟောင်းဘုရားသမိုင်းကြောင်းများ၊ ဘာသာရေး ဆောင်းပါးများ၊ ဂန္ဓိရဝတ္ထုများ၊ မုဆိုးဝတ္ထုများ၊ ရသဝတ္ထုများ၊ ဟာသများ၊ အရှေ့တိုင်းအနောက်တိုင်း ဆေးပညာရပ်များ၊ ထူးခြားဆန်းကြယ်သောဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။

စီးပွားရေးလှုပ်ငန်းရှင်များ

မိမိလှုပ်ငန်း

ပို့ဖို့တိုးတက်

စေ့ဆော်မြင့်စေရန်

လပြည့်ဝန်းမဂ္ဂဇင်းဖွင့်

ကြော်ငြာများ

ထည့်သွင်းနိုင်ပါသည်။

အဖြူအမည်း
တစ်မျက်နှာ
ကျပ်တစ်သောင်းငါးထောင်တိတိ
ဖြစ်ပါသည်။

အဖြူအမည်း
မျက်နှာဝက်
ကျပ်ခုနစ်ထောင်ငါးရာတိတိ ဖြစ်ပါသည်။

ဆက်သွယ်ရန်

အယ်ဒီတာအဖွဲ့
လပြည့်ဝန်းမဂ္ဂဇင်း
တိုက်အမှတ် (၇၂၄)၊
အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း၊
(၁၇×၁၈)လမ်းကြား၊
လသာပြိုင်နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၅၂၂၂၇၁၀၈

www.burmeseclassic.com

www.burmeseclassic.com

ဆင်မြန်းသည့် သဒ်မဆွဲပါ

မင်းရာမင်းခေါင်

အောင်မြင်တိုးတက်ကြီးပွားလိုသော် လူငယ်များအတွက် ဒီအပတ် အဓိကရည်ညွှန်းလိုသည်မှာ ဗုဒ္ဓစာပေများကို ဖတ်ရှုလေ့လာပြီး ဗုဒ္ဓဟောကြားခဲ့သည့် တရားတော်ထဲမှ အဆိအနှစ်များ (ဗုဒ္ဓ၏ဆိုလိုချက်များ)ကို တိတိပပလေ့လာပြီးလိုက်နာကျင့်သုံးကြဖို့ သတိပေး နှိုးဆော်ချင်ပါသည်။

လောကတွင် သဗ္ဗညုတဉာဏ်တော်ရှင် ဗုဒ္ဓ၏ အဆုံးအမများသည် လူသားအားလုံးအတွက် အကောင်းဆုံးသော အဆုံးအမများဖြစ်သည်ကို လူငယ်များ သတိပြုစေချင်ပါသည်။

ဗုဒ္ဓ၏ အဆုံးအမများထဲတွင် လူတိုင်း ယဉ်ပါးသော အဆုံးအမတစ်ခုကိုထုတ်နုတ်တင်ပြလိုပေသည်။ ထိုတရားသည် မေတ္တာသုတ် တရားတော်ဝင်ဖြစ်သည်။ မေတ္တာသုတ်တော်၏ နိဒါန်းတွင် သင်္ကောဉ္ဇဂူစ၊ သုဟုဇူစ၊ သုဝစောစသော မုဒု အနတိမာနီ ဟုဆိုသည်။ ဗုဒ္ဓဟောကြားခဲ့သော ပါဠိတော်လေးကို အနက် မြန်မာပြန်ဆိုသည့်အခါ -

သင်္ကော - စွမ်းနိုင်ရမည်၊ ဥဇူ - ဖြောင့်မှန်ရမည်။ သုဟုဇူစ - အထူး ရိုးဖြောင့်ရမည်၊ သုဝစော - ကောင်းသောစကားရှိရမည်၊ ကောင်းသောစကားကို နာခံရမည်။ မုဒု - နူးညံ့သိမ်မွေ့ရမည်။ အနတိမာနီ - မာနမကြီးရ၊ မမောက်မာရ၊ မခက်ထန်မကြမ်းတမ်းရ ဆိုသော အနက်အဓိပ္ပာယ်တွေကို တူးဖော်ရရှိနိုင်မှာ ဖြစ်ပေသည်။

အထက်ပါ ဗုဒ္ဓ၏ အဆုံးအမများသည် လူတော်လူကောင်းဖြစ်စေဖို့ လက္ခဏာများပင် ဖြစ်သည်။

လူတော်ဖြစ်ဖို့အတွက်အဓိက အချက်မှာ သင်္ကော စွမ်းဆောင်နိုင်ရမည်ဟူသော အချက်ပင်ဖြစ်သည်။ စွမ်းမှ ဆောင်နိုင်မည် ဖြစ်သည်။ မစွမ်းလျှင် မည်သို့ ဆောင်နိုင်ပါမည်နည်း။ ထို့ကြောင့် ဆောင်ချင်လျှင် စွမ်းရမည်သာ ဖြစ်သည်။ တစ်ခုခုတော့ စွမ်းမှသာလျှင် တိုးတက်အောင်မြင်ကြီးပွားကြလိမ့်မည် ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

'နံ့မျှလုံးစုံ၊ မတတ်ကုန်လည်း၊ တစ်စုံတစ်ခု၊ တတ်အောင်ပြု၍ လူမှုဝုဏ်ရောင်၊ စီးပွားဆောင်လော့' ဟူသော ကဗျာလေးအတိုင်း လူ့ဘဝတစ်ခု အောင်မြင်မှုအတွက် အတတ်ပညာတစ်ခု ကျွမ်းကျင်စွာ သင်ကြားတတ်မြောက်သင့်သလို ခန္ဓာကိုယ်က အစာဆာလောင်တတ်သလိုဉီးနှောက်ကလည်း 'အသိ'တရား ဆာလောင်သင့်ကြပေသည်။

လောကကြီးကို အပြစ်ရှာခြင်းထက် အဖြေရှာခြင်းက အကျိုးထူးသည်ကို လူငယ်များ သတိပြုသင့်ကြပေသည်။ အလျဉ်းသင့်၍ စာရေးသူ ဖတ်ခဲ့ဖူးသော အကြောင်းအရာလေး တစ်ခုကို လက်ဆင့်ကမ်းပေးပါရစေ။ တစ်ခါက သူငယ်ချင်းနှစ်ယောက်ရှိကြသည်။ တစ်ယောက်က လူဆိုးလူမိုက်၊ ထောင်က မကြာခဏကျခဲ့သူ၊ တစ်ယောက်က ဘာသာရေး၊ သာသနာရေးကိစ္စကို အလေးတစ်ယူလုပ်တဲ့သူ။

တစ်နေ့ သူတို့နှစ်ဦး တစ်ယောက်နဲ့တစ်ယောက်အသိမပေးဘဲ ခရီးသွားဖြစ်ကြသည်။ သူတို့ သွားတဲ့ခရီးက ရေလမ်းခရီးဖြစ်သည်။ သူတို့စီးလာသော သင်္ဘောဟာ ကျောက်ဆောင် တစ်ခုကို ဝင်တိုက်မိကာ သင်္ဘောက ပျက်စီးသွားပြီး သင်္ဘောပေါ်မှာ ပါသည့် လူများမှာလည်း အပိုင်းပိုင်းကျိုးကျသေကြေ ပျက်စီးသွားကုန်ကြသည်။

ကံကောင်း ထောက်မစွာဖြင့် ကယ်ဆယ်ရေးအဖွဲ့များ ရောက်လာပြီး တွေ့သမျှ ခြေ၊ လက်၊ ခေါင်းများကိုဆက်ပြီး သင်္ကြိုဟ်ကြသည်။ သေသူအတွက် ရှင်သူတွေက တာဝန်ကျေစွာ ထမ်းဆောင်ပေးကြသော်လည်း ကွယ်လွန်သွားသော မိတ်ဆွေနှစ်ဦး၏ အလောင်းကို မှားယွင်း၍ တပ်မိသွားသည်။

လူဆိုးလူမိုက် ခန္ဓာကိုယ်မှာ ဘာသာရေးလိုက်စားသူရဲ့ ခေါင်းကို တပ်မိသွားပြီး၊ ဘာသာရေး ကောင်းမှုကုသိုလ်ပြုလုပ်သော ခန္ဓာကိုယ်ကို လူဆိုးလူမိုက် ဦးခေါင်းတွင် မှားတပ်မိပြီး သင်္ကြိုဟ်လိုက်ကြသော်လည်း သူတို့နှစ်ဦးအနက် လူဆိုးလူမိုက်က ငရဲပြည် ရောက်သွားသည်။

ရောက်သွားသော်လည်း သူ့ခန္ဓာကိုယ်က လူလိမ္မာ၊ ဦးခေါင်းက လူမိုက်ဦးခေါင်း ဖြစ်သွားလေသည်။ ဒါပေမဲ့ ငရဲပြည်ရဲ့ ထုံးစံအရ အကုသိုလ် ပြုလုပ်ခဲ့တဲ့ လူမိုက်ကို အပြစ်ဒဏ် ပေးသောအနေဖြင့် သူ့ခန္ဓာကိုယ်ကို သံစူးများဖြင့် ရိုက်သည်။ ထိုကဲ့သို့ ရိုက်သောအခါ ငရဲသားဘဝကို ရောက်ပြီး အရိုက်ခံရသော 'ငရဲသားက စကားတစ်ခွန်း ပြောလိုက်သည်။

"မင်းတို့ ရိုက်တာတော့ မှန်တယ်၊ ဒါပေမဲ့ နာထာက ငါမဟုတ်ဘူး၊ ခေါင်းမှားတပ်လိုက်တာ"

ဟု ပြောလိုက်သည်ကို ဖတ်ရှုခဲ့ရသည်။

တိုးတက်အောင်မြင် ကြီးပွားလိုသော လူငယ်များအတွက် အထူးသတိပေး ပြောကြားလိုသည်မှာ ဦးခေါင်းများ၍ တပ်လိုက်သော်လည်း ငါ့ခန္ဓာမှ မဟုတ်တာ၊ သူများခန္ဓာကိုယ်ကိုရိုက်တာ ငါနဲ့မဆိုင်ဟု တွေးတောနေသမျှ တိုးတက်အောင်မြင်မှုကို ဘယ်သောအခါမှ ရောက်မည် မဟုတ်ကြောင်း သတိပြုဖို့လိုပေလိမ့်မည်။

အမှတ်တရအဖြစ် ရေးသားပြလိုသော အကြောင်းအရာတစ်ခုကို အလျဉ်းသင့်၍ သတိပြုဖို့လိုပေလိမ့်မည်။ ၂၀၁၆ ခုနှစ် မတ်လ ၅ ရက် နေ့ထုတ် Daily Eleven သတင်းစာတွင်ပါသော ဆရာမောင်ကြည် ရေးသားသော အောင်မြင်မှုသို့ သွားရာလမ်း ဆောင်းပါးကို အောင်မြင်တိုးတက်ကြီးပွားလိုသော လူငယ်များကို မျှဝေပေးလိုက်ပါသည်။

ဂျပန်နိုင်ငံမှ ကျောင်းသူလေး အမည်မှာ "ဆယက" ဖြစ်သည်။ သူ့မှာ မောင်တစ်ဦးနှင့် ညီမငယ်တစ်ဦး ရှိသည်။ "ဆယက" အဖေသည် သမီးနှစ်ယောက်ထက် သားဖြစ်သူ "ယူတ" ဘုန်းဘော ကစားသမားဖြစ်ရေးအတွက် အချိန်ပြည့် လုံးပန်းနေသူ ဖြစ်သည်။ သမီးနှစ်ယောက်ကို ဇနီးဖြစ်သူနှင့်သာ လွှဲထားပြီး အိမ်စရိတ်လည်း လောက်ငအောင် မထောက်ပံ့ပေ။

မိခင်ဖြစ်သူ 'အယုမိ' သည် 'ဆယက'၏ပညာရေးကို စိတ်ဝင်စားသည်။ကျောင်းမှာ 'ဆယက'ပြဿနာတစ်ခုခုပေါ်လျှင် သူကိုယ်တိုင်လိုက်ပြီး ဖြေရှင်းပေးသည်။ ကျောင်းခရီးခရာ ပြောင်းရသော 'ဆယက'သည် မဲရန်မိန်းကလေးကျောင်းသို့ ရောက်သွားသည့်အခါ ကျောင်းစာမှာ ပေါ့သွားပြီး ဂရုစိုက်၍ မသင်တော့ချေ။

စာကို သေချာစွာ ကြည့်စရာ မလိုဘဲ တစ်နှစ် တစ်တန်း မမှီမှန် အောင်လာခဲ့ရာ အထက်တန်းတက်

www.burmeseclassic.com

သည့်နှစ်၌ အညွှန်ဆုံးအခန်းသို့ရောက်သွားပါတော့သည်။ စာသင်ချိန်မှာ ဓာတ်ခဲမစိုက်ဘဲ လုပ်ချင်ရာလုပ်သော သူမတို့အုပ်စုကို ဆရာများက ဆန့်ကုန် မြေလေးတွေဟု သတ်မှတ်ထားသည်။

အထက်တန်း ဒုတိယ စာသင်ချိန်မှာ တစ်နေ့ 'ဆယက' အိတ်ထဲတွင် စီးကရက်ဘူးကို ဆရာက တွေ့သွားသောကြောင့် ရုံးခန်း ရောက်သွားသည်။

သူမနှင့်အတူဆေးလိပ်သောက်သူများကို ပြောပြပေးပါက ကျောင်းမထုတ်ဟု ကျောင်းအုပ်ဆရာကြီးက ပြောသော်လည်း 'ဆယက' က ဖွင့်မပြောချေ။ ထို့ကြောင့် 'ဆယက' ကို ရက်အကန့်အသတ်မရှိ ကျောင်းနား ခံလိုက်ရသည်။ ရည်မှန်းချက်မရှိသော 'ဆယက'အဖို့ ပူပန်မှုမရှိသော်လည်း မိခင်ဖြစ်သူ၏ ကျူရှင်တက်ပြီး တက္ကသိုလ်ဝင်ခွင့်ဖြေဖို့ တိုက်တွန်းသည်။

ဤသို့ဖြင့် 'ဆယက' ဆရာဆုတိုတ၏ ကျူရှင်သို့ ရောက်သွားသည်။ ဆုတိုတသည် ခေတ်ကျောင်းသားတို့၏အထာကို ကျွမ်းကျင်သည်။ စတွေ့တွေ့ချင်းမှာပင် ဆယက၏ တစ်လုံးမှ မမှန်သော အဖြေလွှာကို တစ်ခုမကျန်အကုန်ဖြေထားတာပဲဟု ရှာကြံခိုးကျူးကာ အားပေးသော်ကြောင့် ကျူရှင်ဆရာကို သူမက သဘောကျသွားသည်။ ထို့နောက် အမြင့်ဆုံးတွေထဲမှာ ပါဝင်သည့် ကဲအို တက္ကသိုလ်ဝင်ခွင့်ဖြေဖို့ ရွေးချယ်လိုက်သည့်အခါ သူမ အံ့သြသွားသည်။

တက္ကသိုလ်ဝင်ခွင့်သည် သူမအတွက် မဖြစ်နိုင်သောအိပ်မက်ပင်။ 'မဖြစ်နိုင်ဘူးဆိုတဲ့ စိတ်ကိုဖယ်လိုက်ရင် ယုံကြည်ချက်ဆိုတာ ရှိလာတယ်' ဟု ဆုတိုတက အားပေးလိုက်သောကြောင့် တက္ကသိုလ်ဝင်ခွင့် ဖြေဖို့ ဆုံးဖြတ်လိုက်သည်။ သူမ၏ ဆုံးဖြတ်ချက်ကို သူ့အဖေ အပါအဝင် သူငယ်ချင်းများက လှောင်ကြသည်။

သို့သော် 'ဆယက' ၏ အခြေအနေက တော်တော်ဆိုးရွားသည်။ အခြေခံ ဗဟုသုတလည်းမရှိ၊ ဂျပန်မြေပုံလည်း မဆွဲတတ်၊ ပိုဆိုးသည်က အရပ်လေးမျက်နှာပင် မသိ။

ထို့ကြောင့်သူမကို လေးတန်းညအဆင့်ထိ လျှော့ချကာ မူလတန်းဖတ်စာမှ ပြန်လည်သင်ကြားရသည်။ ဆရာဆုတိုတ စာသင်ပုံက ကျောင်းစာတွင်မက တပည့်၏ ဝတ်ပုံစားပုံစတိုင်ကိုပါ ပြုပြင်ပေးသည်။ ရွှေရောင်ဆံပင်ထားသော 'ဆယက' ကို ရိုးရိုးဆံပင်ပုံစံ ပြောင်းလာအောင် စည်းရုံးနိုင်ခဲ့သည်။ ဆုပေးဒဏ်ပေးစနစ်သုံးကာ မီးနင်းတစ်လုံးမရလျှင် မျက်တောင်တစ်ခု ဖြုတ်ခိုင်းသည်။

ဤသို့ဖြင့် 'ဆယက'မူလတန်းအဆင့် ပြီးသောအခါ တက္ကသိုလ်ဝင်ခွင့်အတွက် လိုအပ်သည့် သမိုင်း စာအုပ်၊အင်္ဂလိပ်စာအုပ်နှင့်အဘိဓာန် စာအုပ်များကို လေ့လာခိုင်းသည်။

နွေရာသီအားလပ်ရက် ပြီးဆုံးသွားသည့်နောက် ကျောင်းကြီး ပြန်တက်ခွင့်ရသောအခါ ကျောင်းကြီး တစ်ဖက်၊ ကျူရှင်တစ်ဖက်နှင့် နေ့မအား ညမအား စာကြည့်ခဲ့ရာ အိပ်နေပျက်သောညတွေ များလာသည်။ တစ်နေ့ ကျောင်းကြီးမှာ စာသင်နေစဉ် အိပ်ပျော်သွားမိသည်။ထို့ကြောင့် ဆရာက. ဆူသည်။ သို့သော် ကဲအို တက္ကသိုလ်ဝင်ခွင့်ဖြေဖို့ ကြိုးစားနေကြောင်း သိသွားသောအခါ ဆရာက မဖြစ်နိုင်ဘူး။ လက်လျှော့လိုက်ပါဟု ပြောသည်။

'ဆယက'သည် ဆရာ့စကားကို အပြင်းအထန် ငြင်းဆန်ကာ အတန်းရှေ့သို့ ထွက်ရပ်လိုက်ပြီး ဝင်ခွင့်စာမေးပွဲ အောင်ရမည်ဟု ကြွေးကြော်လိုက်သည်။

ဆယက၏ အတန်းပိုင်ဆရာက သူ့ကို လာတွေ့ပြီး ဆန့်ကုန်မြေလေးသည် ကဲအိုဝင်ခွင့် အောင်မြင်ဖို့ မလွယ်ကြောင်း ပြောပြသည်။

ထိုအခါ ကျူရှင်ဆရာက ပညာရေးလောကတွင် ညံ့သည့် ကျောင်းသားမရှိကြောင်း၊ ညံ့သည့် ဆရာသာရှိကြောင်း၊ အထူးသဖြင့် 'ဆယက'ကဲ့သို့သော မိန်းကလေးကို ဆန့်ကုန်မြေလေးဟု 'မခေါ်' စေချင်ကြောင်း၊ ထိုကဲ့သို့ အခေါ်ခံရလျှင် သိမ်ငယ်စိတ်သာဝင်လာနိုင်ကြောင်း 'ဆုတိုတ' က သေချာစွာရှင်းပြသည်။

ထိုကဲ့သို့ ပြောကြားနေသည်ကို ဆယကနှင့် သူငယ်ချင်းတစ်ဦးတို့ အစအဆုံး ကြားသွားသည်။

ထို့ကြောင့် ဆယက ဝင်ခွင့်ဖြေဖို့ ပိုပြီးကြိုးစားချင်စိတ် ပေါက်လာသည်။

ထိုအချိန်တွင် ဆယကနှင့် သူမ၏ အဖေမှာလည်း အဆင်မပြေ၊ 'ဆယက'က သူ့အဖေကိုကြည့်၍မရသလို အဖေဖြစ်သူကလည်း 'ဆယက' ကို အထင်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com

မိခင်ဖြစ်သူမှာ ကြားထဲမှနေ၍ စိတ်မကောင်းဖြစ်နေရသည်။

တစ်နေ့ ဆုဘိုဏက ဆယက အမေကို လှမ်းခေါ်သည်။ ဝင်ခွင့်ဖြေဆိုဖို့အချိန်နီးလာပြီဖြစ်သည့်အတွက် ကျူရှင်ကို တစ်ပတ်လျှင် သုံးရက် တက်နေရာမှ ခြောက်ရက် တက်စေချင်ကြောင်း ပြောသည်။ ထို့ကြောင့် သမီး ကျူရှင်စရိတ်အတွက် သူမ ကိုယ်တိုင် ညဘက်အချိန်ပို အလုပ်ဆင်းပြီး ရှာဖွေရတော့သည်။ ဒါကို ဆယကလည်း သိသည်။ ထို့ကြောင့် ခါတိုင်းထက်ပို၍ ကြိုးစားသည်။

ထိုအချိန်မှာ ဆယကကြိုးစားနေမှန်း သိသွားကြသော သူငယ်ချင်းများက အရင်ကကဲ့သို့ အပျော်အပါးများနှင့် အချိန်မကုန်စေရန် ဆယက အပါးမှ ဖယ်ခွာပြီး ရှောင်ပေးသွားကြသည်။ ထိုအခါ ဆယက ပို၍ တော်လာတော့သည်။

သို့သော် ကျူရှင်တွင် စာကြည့်နေစဉ် ဗိုက်အောင့်လာသည်။ ထို့ကြောင့် ခေါင်မိုးပေါ် တက်၍ အနားယူနေစဉ် 'ဆုဘိုတ' ရောက်လာသည်။ တကယ်တော့ သူမ စိတ်ဓာတ်ကျချင်သလို ဖြစ်လာသည်။ သူမကိုယ်သူမ မရတော့ဘူးဟု ထင်နေသည်။ 'ဆုဘိုတ' က အိတ်ထဲမှ ကြက်ဥတစ်လုံးကို ထုတ်ပြကာ -

"အဲဒါကို ထောင်လို့ရမယ် ထင်သလား" ဟု မေးသည်။

"လုံးနေတာ ဘယ်လိုထောင်လို့ရမှာလဲ" ဟု ဆယကကဖြေသည်။

ထိုအခါ ဆုဘိုတက ဒီကြက်ဥလေးကို နေရာမှန်ထားနိုင်ရင် ထောင်မတ်နေလိမ့်မယ်ဟုပြောပြီး ကြက်ဥအလုံးလိုက်ကို ထောင်ပြလိုက်သည်။ လုံးနေတဲ့အချက်နဲ့တင် မဖြစ်နိုင်ဘူးဟု ပြောတယ်၊ ယုံကြည်ချက်မရှိဘဲ ကြိုးစားလုပ်ဆောင်မှုမရှိရင် ဒီလိုမတ် မတ်ရပ်နိုင်မှာမဟုတ်ဘူး၊ ယုံကြည်ချက် ရှိရမယ်၊ ကြိုးစားချင်တဲ့စိတ်လည်းရှိရင် ဖြစ်တယ်၊ ဒါကြောင့် ဖြစ်နိုင်ခြေ အလားအလာကို သိထားဖို့ အရေးကြီးကြောင်း ရှင်းပြလိုက်သည့် အခါ ဆယက စာပြန်ကြည့်ဖို့ အားတက်သွားသည်။

ထိုစဉ်မှာပင် အိမ်တွင်းရေးပြဿနာလေးတွေ ပေါ်လာသည်။ မောင်ဖြစ်သူ ယူးတ ဘော့စ်ဘောကစားဖို့ လေ့ကျင့်ချိန် မှန်မှန်မဆင်းသောကြောင့် ဖခင်ဖြစ်သူမှာ ပေါက်ကွဲပြီး အိမ်မှာ သောင်းကျန်းတော့သည်။ တကယ်တော့ 'ယူးတ' သည် ဝါသနာမပါဘဲ ဖခင်ဖြစ်သူက တိုက်တွန်းသောကြောင့်သာ ဘော့စ်ဘောကစားနေရခြင်း ဖြစ်သည်။ ဒါကို ဖခင်ဖြစ်သူက သဘောမပေါက်ပေ။

ကြိုးစားရင်ဖြစ်နိုင်ပါတယ်ဟု ဆယက ပြောသည်ကို မောင်ဖြစ်သူ 'ယူးတ' က ကြိုးစားတိုင်းမဖြစ်တဲ့ အရာတွေရှိတယ်၊ အစ်မလည်း မဖြစ်နိုင်တဲ့ ကဲအိုစာမေးပွဲ ဝင်ဖြေခွင့်ကို ဝင်ဖြေမနေပါနဲ့ဟု ပြန်ပြောလိုက်လေသည်။

ထို့နောက် အစမ်းစာမေးပွဲများ ဝင်ရောက်ဖြေဆိုရာတွင် အင်္ဂလိပ်စာမှလွဲ၍ အခြားဘာသာများမှာ အဆင့်တက်မလာခဲ့ပေ။ ထို့ကြောင့် သူမ တဖြည်းဖြည်း စိတ်ဓာတ်ကျလာပြန်သည်။ 'ဆုဘိုတ' က ဆက်၍ ကြိုးစားရန် အားပေးသောအခါ-

"ကဲအို မဟုတ်လည်း ရပါတယ်၊ စာတွေ ဆက်မကြည့်ချင်တော့လောက်အောင် စိတ်ဆင်းရဲလာပြီ" ဟု အားလျော့စကားဆိုလာသည်။

ထိုအခါ သူ့ဆရာက -

"ပန်းတိုင်ရောက်မှ စိတ်လျော့တော့မှာလား၊ အခုက ကြိုးစားရမယ့် အချိန်" ဟု ဆက်လက် ပြောကြားသော်လည်း မထူးခြားတော့။

'ဆယက' စိတ်လေပြီး မိုးထဲလေထဲတွင် လျှောက်သွားရင်း သူ့အမေ၏ အလုပ်ရှိရာသို့ ရောက်သွားသည်။

အံ့ဩနေသည့် မိခင်ဖြစ်သူက သမီးကို ဖက်ပြီးနမ်းသောအခါ ဆယကက ငိုချ၍ တောင်းပန်သည်။

အဲဒီနောက်တွင် သူမတို့ အိမ်တွင်းတိုက်ပွဲများဟာ ပို၍ပြင်းထန်လာသည်။ ယူးတ ဘော့စ်အသင်းမှ ထွက်လိုက်သောကြောင့် အဖေဖြစ်သူ၏ ဒေါသပေါက်ကွဲမှုမှာ အပြင်းထန်ဆုံးသော အဆင့်သို့ ရောက်ရှိသွားတော့သည်။ ယူးတသည် စိတ်လေပြီး လမ်းသရဲများနှင့်ပေါင်းကာ ပျက်စီးနေသည်ကို ဆယက တွေ့သောအခါ ယူးတကို အစ်မဖြစ်သူက ဆူသည်။ ထိုအခါ ယူးတက -

"အစ်မလည်း ကျူရှင်ကပြေးပြီး လုပ်ချင်တာ လုပ်နေတာပဲမဟုတ်လား" ဟုပြန်ပြောသည်။

ထိုအခါ ဆယက က-

"ငါက နင်နဲ့မတူဘူးဟဲ့" ဟု ပြန်အော်ပစ်လိုက်သည်။

နောက်တစ်နေ့တွင် ဆယကသည် မိခင်ဖြစ်သူနှင့်အတူ တိုက်ဦးက ကဲအိုတက္ကသိုလ်သို့ လေ့လာသည့်

www.burmeseclassic.com

အနေဖြင့် ရောက်သွားကြသည်။ တက္ကသိုလ်အနှံ့ လျှောက်ကြည့်သည်။

နောက် သားအမိနှစ်ယောက် ကင်တင်းဆိုင်မှာ ထိုင်မိသောအခါ မိခင်ဖြစ်သူက -

"ဒီကျောင်းသူ ကျောင်းသားတွေရဲ့ မျက်နှာလေးတွေက ယုံကြည်ချက်တွေနဲ့ အပြည့်ပဲ၊ သမီးကိုလည်း အဲဒီလို ဖြစ်စေချင်လိုက်တာ"ဟုပြောသည်။ မိခင်မျက်နှာကို ငေးကြည့်ရင်း ဆယကဇာ ကဲအို ဝင်ခွင့်စာမေးပွဲ ဖြေဆိုရန် လုံးဝစိတ်ဆုံးဖြတ်လိုက်သည်။

ပြန်ရောက်သည်နှင့် ဆရာဆုဘိုတ ထံသွားကာ 'အစွမ်းကုန်ကြိုးစားပါမယ်' ဟု ကတိပြုလိုက်သည်။ ဘဝမှာ အခက်အခဲဆိုတာ မလွဲမသွေကြုံရမှာပဲ၊ အခက်အခဲကို အကြိမ်ကြိမ် ကျော်လွှားနိုင်ဖို့ လှည့်မပြေးဘဲ ထိပ်တိုက်ရင်ဆိုင်ရမယ်ဆိုတာကို 'ဆယတ' သဘောပေါက်သွားပါပြီ။

ဤသို့ဖြင့် နောက်ဆုံးတွင် ဆယကတစ်ယောက်ကဲအို တက္ကသိုလ်ဝင်ခွင့်စာမေးပွဲကို အောင်မြင်သွားတော့သည်။

ဂျပန်ရုပ်ရှင်ကားကို ကြည့်ပြီး ပြန်လည်နှေးသားထားသော ဆောင်းပါးကောင်းတစ်ခုဖြစ်သည်။ ထိုဇာတ်ကားကိုကြည့်ပြီး စာရေးသူ၏ စကားလက်ဆောင်လေးကလည်း မှတ်သားထိုက်စရာ ကောင်းသည်။ ထိုစကားသည် တောင်မြို့ဆရာတော်၏အဆုံးအမလေးပင်ဖြစ်သည်။

"လူပုဂ္ဂိုလ် တစ်ယောက်၏ အောင်မြင် ထင်ရှားလာခြင်းသည် အဓိကမဟုတ်၊ ထိုကဲ့သို့ အောင်မြင်ရန် နေ့စဉ်ရက်ဆက် ထူထောင်ရသော၊ မထင်ရှားသော ဉာဏ်နှင့် ဝီရိယသည်သာ အဓိကကျကြောင်း" မိန့်ဆိုခဲ့သည်။

ယုခို်လည်း ဆယကသည် ကဲအိုတက္ကသိုလ် ဝင်ခွင့်ရဖို့အတွက် နေ့စဉ်ရက်ဆက် ကြိုးစားအားထုတ်ခဲ့ရသည့် ဉာဏ်၊ ဝီရိယသည်သာ အဓိကကျသည်ဟု ဆိုရပေလိမ့်မည်။ 'ဆယက' သည် အကြိမ်ကြိမ်လဲပြို ကျသော်လည်း အကြိမ်ကြိမ်ပြန်ထနိုင်ခဲ့သူ ဖြစ်သည်။ သူမကိုယ်သူမ ပြန်လည်အားတင်းကာ ပန်းတိုင်သို့ အရောက်ချီတက်နိုင်ခဲ့သဲည်။ တစ်နည်းအားဖြင့်ပြောရလျှင် တိုးတက်အောင်မြင်ကြီးပွားလိုသူတို့ သွားရာလမ်းကြောင်းကို 'ဆယက' က ညွှန်ပြခဲ့သည်ဟု ပြောရပေလိမ့်မည်။

ထို့ကြောင့် အောင်မြင် တိုးတက် ကြီးပွားလိုသူတိုင်းသည် မည်သို့သော အခက်အခဲကို ကြုံတွေ့ရသည်ဖြစ်စေ ပန်းတိုင်ဆို့ မရောက်ရောက်အောင် လျှောက်လှမ်းရမည်သာဖြစ်သည်။

တစ်ဆက်တည်းမှာပင် အောက်ဆုံးမှ အထက်ဆုံးသို့ ရောက်ရှိသွားခဲ့သော ပုဂ္ဂိုလ်ကြီးတစ်ဦးအကြောင်း အလျဉ်းသင့်၍ လက်ဆင့်ကမ်း မျှဝေလိုပါသည်။ ထိုပုဂ္ဂိုလ်ကြီးမှာ မြန်မာ့အလင်းသတင်းစာတိုက် မန်နေဂျာဦးတင် အကြောင်းပင်ဖြစ်သည်။

ဦးတင်အား မြန်မာသက္ကရာဇ် ၁၂၅၉ ခု၊ ဝါခေါင်လပြည့်ကျော် ၅ ရက် အင်္ဂါနေ့တွင် ကြင်းမြို့၊ အဘ ဦးဘိုးသန့်နှင့် မိခင် ဒေါ်ရွှေရွက်တို့မှ မွေးဖွားသည်။ (၉)နှစ်သားအရွယ်၌ ဖခင် ကွယ်လွန်သွားပြီးနောက် (၁၀) နှစ်သားတွင် မိခင်ကလည်း ဆုံးပါးသွားသည်။ ကျန်ရစ်ခဲ့သည့် ငွေကြေးအနည်းငယ်ဖြင့် ကြင်းမြို့၊ မြူနီစီပယ် အင်္ဂလိပ်ကျောင်းနှင့် ရိုမန်ကက်သလစ် သာသနာပြုကျောင်းများတွင် ပညာသင်ကြားရသည်။ အခြားမိဘမဲ့ကလေးများကို မြင်ရခြင်းအားဖြင့် မည်မျှ ညှိုးငယ်စွာ ပညာသင်ကြားလာရသည်ကို သိနိုင်လေသည်။

ငယ်စဉ်ကပင် ကျောင်းသားများနှင့် အသင်းအပင်း ဖွဲ့စည်းခြင်းကို ဝါသနာပါသည့်အတိုင်း ဖွဲ့စည်း၍ တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

အတော်အတန် စာဖတ်လာသည့်အခါ မဂ္ဂဇင်း၊ သတင်းစာများကို အထူး ဝါသနာပါစွာဖတ်ခြင်း၊ သတင်းစာဖတ်နိုင်သူများနှင့် သင့်တင့်ညီညွတ်စွာ ပေါင်းသင်းဆက်ဆံ၍ ဌာနရမ်းဖတ်ရှုခြင်း၊ ကိုယ်တိုင် ဝယ်ယူ ဖတ်ရှုနိုင်သည့် အခါတွင် လဲလှယ်၍ဖတ်ရှုသည်။ ယေဘုယ်ကပင် သတင်းစာလုပ်ငန်းကို အလွန် ဝါသနာပါသူ ဖြစ်သည်။

ခရစ်နှစ် ၁၉၂၁ ခု၊ ဇန်နဝါရီလတွင် မြန်မာ့အလင်း သတင်းစာတိုက်၌ တစ်လလျှင် (၃၀) စား၊ ဘီစာရေးကလေးအဖြစ် ဝင်ရောက်လုပ်ကိုင်သည်။ ထိုအခါ ကွယ်လွန်သူ တိုက်ပိုင်ရှင် ဦးမောင်ကြီးက မြန်မာ့အလင်းသတင်းစာတိုက်ကို ဝယ်ယူပြီး နောက်လအနည်းငယ်အတွင်း သာဖြစ်၍ ရက်ခြားထုတ်ဝေသည့် အခါ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

မိမိဝါသနာပါရာ မိမိနှစ်ခြိုက်သည့်အလုပ်ကို လုပ်ကိုင်ရခြင်းသည် တိုးတက်အောင်မြင် ကြီးပွားခြင်း၏ လမ်းစ ဖြစ်သည်ဟု ယုံကြည်သည့် အတိုင်း ဘီစာရေးကလေးအဖြစ် စိတ်အားထက်သန်စွာ လုပ်ကိုင်ရင်း သတင်းစာလုပ်ငန်းနှင့်ပတ်သက်သော အခြားအလုပ်များကို သင်ကြားလိုသော စိတ်များ ဖြစ်ပေါ်လေသည်။

ထို့နောက် အချိန်ကို အလဟဿ မကုန်စေဘဲ အထူးကြိုးစား သင်ကြားလုပ်ကိုင်၏။ မကောင်းမှုဒုစရိုက်ကို မျက်မှောက်မျက်ကွယ် ပြုကျင့်ရသည်မှတစ်ပါး လောကတွင် မည်သည့် အလုပ်မျှ ရွက်ကြောက်စရာ မဟုတ်ဟု နှလုံးပိုက်၍ သတင်းစာခေါက်သူများ ပျက်ကွက်သည့်အခါ အစားဝင်၍ခေါက်သည်။

အခြားသူများက ထိုအလုပ်ကို ရွက်ပုံရကြသော်လည်း ဦးတင်၏ ဖျောင်းဖျ ပြောဆိုမှုကြောင့် တစ်စ တစ်စ အဖော်ရလာကြသည်။

နောက် ပုံနှိပ်လုပ်ငန်း၊ ကြော်ငြာလုပ်ငန်း၊ ငွေပေးငွေယူလုပ်ငန်း မှစ၍ သတင်းစာနှင့် စပ်လျဉ်းသည့် လုပ်ငန်းအမျိုးမျိုးကို စုံစမ်းလေ့လာဆည်းပူးခဲ့ပြီးနောက် ၁၉၂၃ ခုနှစ်တွင် ငွေကိုင်စာရေးအဖြစ်သို့ တိုးတက် လုပ်ကိုင်ရရုံမျှမက ကြော်ငြာစာရေး၊ ပုံနှိပ်ဘက်ဆိုင်ရာ စာရေးအဖြစ် လုပ်ကိုင်ခဲ့ရလေသည်။

ထိုသို့ မနေမနား ပုံနှိပ်တိုက်ဆိုင်ရာ အလုပ်အမျိုးမျိုးကိုသင်ကြား လုပ်ကိုင်ခြင်းအားဖြင့် ပုံနှိပ်လောကဆိုင်ရာ ပညာရပ်များကို အတော်အတန် ဆည်းပူးရမိလာလေသည်။

၁၉၂၆ ခုနှစ်တွင် အလုပ်များကို စီမံအုပ်ချုပ်သည့်ဘက်၌ 'စက္ကရီတေရီ' အဖြစ် တိုးတက်လုပ်ကိုင်ရသည်။

သတင်းစာတိုက်များ၏ တွေ့ကြုံရစမြဲဖြစ်သော အခက်အခဲအမျိုးမျိုးကို သတင်းစာ ထုတ်ဝေသူများသာ ပိုသိကြသည်။ သို့သော် ဦးတင်သည် ထိုအခက်အခဲ အမျိုးမျိုးကို တွန်းလှန်ဖြိုဖျက်ကာ မလျှော့သော လုံ့လဝီရိယဖြင့် ကြိုးစားလုပ်ကိုင်လာရာ ၁၉၃၀ ပြည့်နှစ်တွင် 'ဂျင်နရယ် မန်နေဂျာ' သတင်းစာတိုက် အုပ်ချုပ်သူအဖြစ်သို့ တိုးတက်ရောက်ရှိလာခဲ့သည်။

ဘီစာရေးအဖြစ်မှစ၍ ကွယ်လွန်သူ သတင်းစာတိုက် ပိုင်ရှင် ဦးမောင်ကြီး၏ ဩဝါဒအတိုင်း လိုက်နာကြိုးစား လုပ်ကိုင်လာရာ (၁၀) နှစ်အတွင်း၌ အလုပ်သမား ပေါင်း (၁၀၀) ကျော်ရှိသော မြန်မာ့အလင်း နေ့စဉ်သတင်းစာကြီးကို ကြီးကြပ်အုပ်ချုပ်၍ စီမံလုပ်ကိုင်ရခြင်း၌ အောင်မြင်မှု ရရှိခဲ့ခြင်းသည် ရိုးသားဖြောင့်မတ်ခြင်း၊ ဝီရိယရှိခြင်း၊ လက်အောက်ငယ်သားအဖြစ်တွင် ကြီးသူများ၏ ဩဇာအာဏာကို နာခံတတ်ခြင်း၊ မိမိကိုယ်တိုင် ကြီးမှူးလုပ်ကိုင်ရသောအခါ နာယကုဏ် ခြောက်ပါးနှင့် ပြည့်စုံခြင်း၊ အပျော်အပါး နည်းပါးခြင်း၊ မိမိအလုပ်ကို ရိုသေခြင်း၊ မိမိအလုပ်နှင့်ပတ်သက်သော အလုပ်များမှတစ်ပါး အခြား အပို အလုပ်များကို စိတ်မဝင်စားခြင်း၊ တည်ကြည်ဖြောင့်မတ်သော သမာဓိဂုဏ်များနှင့် ပြည့်စုံခြင်းတို့ကြောင့် ဖြစ်လေသည်။

သူတစ်ပါးလုပ်ပြီးသောအလုပ်များကို အတုခိုး၍ နောက်ယောင်ခံပြုလုပ်ခြင်းထက် မိမိဘာသာထူးခြားတိုးတက်အောင် ကြဲစည် ကြိုးစား လုပ်ကိုင်လိုသောစိတ်သဘောရှိသည့် အပြင် တိုးတက်ခြင်း၌ မှတ်သွားဖွယ် တစ်ခုကောင်းသည်မှာ တစ်နေ့လျှင် အနည်းဆုံး (၁၀) နာရီ အလုပ်လုပ်ခြင်းပင်ဖြစ်သည်။ အလုပ်တိုက် ပိတ်သော ရက်များတွင်လည်း အလုပ်တိုက်၌သာ တွေ့ရခြင်းများ ဖြစ်လေသည်။

ထို့ကြောင့် ယေရာမှကြီးရာသို့ တိုးတက်အောင်မြင်ကြီးပွားလိုသော လူငယ်များသည် မြန်မာ့အလင်း သတင်းစာတိုက်တွင် အောက်ဆုံးစာရေးလေးဘဝမှ အမြင့်ဆုံးရာထူးဖြစ်သည့် မန်နေဂျာဘဝသို့ ရောက်ရှိခဲ့သော ဦးတင်ကို နမူနာယူ၍ ကြိုးစားကြလျှင် တစ်နေ့ မိမိရည်မှန်းထားသော ဘဝသို့ ရောက်ရှိမည်ကို အတုယူကြနိုင်ဖို့ မျှဝေပေးခြင်းသာ ဖြစ်သည်။

စာရေးသူ ပြောလိုသည်မှာ တိုးတက်အောင်မြင် ကြီးပွားလိုသော လူငယ်များသည် မေတ္တာတရား ရွှေ့ရွှေ့ထားသော တာဝန်ယူမှုနှင့် ဆောင်ရွက်နိုင်မှု ကိုယ်ကျိုးတစ်ခုတည်း မကြည့်ဖို့၊ ကိုယ်ကျင့်တရားကောင်းဖို့၊ ပရဟိတစိတ်ထားမျိုးရှိဖို့ လုပ်ဆောင်ရာတွင်မှန်ကန်၍ သမာသမတ် ရှိစွာဖြင့်သာ ကိုယ်ကျိုးဆောင်ရွက်မှု၊ အန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်ဖို့ တို့သည် အောင်မြင်လိုသူများ၊ ကြီးပွားလိုသူများ၊ တိုးတက်လိုသူ လူငယ်များအတွက် မလွဲမသွေ လိုက်နာရ

www.burmeseclassic.com

မည့် ကိစ္စများဖြစ်လေသည်။ ပြောလို သည်မှာ ရိုးသားခြင်းနှင့်သမာသမတ် ရှိခြင်းတို့သည် အပြန်အလှန် တည် ဆောက်ထားသည်ကို နားလည် သဘောပေါက်ကြစေလိုခြင်းပင် ဖြစ် သည်။

နောက်ဆုံး သတိပေး ပြော ကြားလိုသည်မှာ ၂၀၁၆ ခုနှစ်သည် မြန်မာပြည်၌ မီးအလောင်ဆုံး သတင်းများကိုကြားသည့် ဖတ်ရှုနေ ရသည်ကို သတိပြုမိမည် ထင်ပါ သည်။

မီးလောင်သည့်အခါ ပထမ ငါးမိနစ် ငြိမ်းသတ်ရသည်က နောက် မိနစ်ငါးဆယ် ငြိမ်းသတ်ရသည်ထက် ပို၍ ထိရောက်ပါသည်ဟု မီးသတ် ဌာနမှ ထာဝန်ရှိသူတစ်ဦး ပြောကြား သည်ကို သတိပြုစရာ စကားတစ် ခွန်းဖြစ်သည်။

ယခုခေတ်သည် စာအုပ်၊ စာ ပေ အပါအဝင် နည်းပညာဘာသာ ရပ်များ လေ့လာလိုသူတိုင်းအတွက် ရင်းမြစ်များ ပေါကြွယ်လာကြပြီဖြစ် သည်။

ထို့ကြောင့် ရင်းမြစ်များ ပေါ ကြွယ်သည့် ယခုခေတ် ရေစီးကာလ တွင် လူငယ်များ ဘာကိုရွေးချယ်ကြ မည်နည်းဟု မေးလိုပါသည်။ တစ်ခုခု တော့ ရွေးချယ်ကြရပါလိမ့်မည်။ အထူးသဖြင့် တိုးတက်အောင်မြင် ကြီးပွားလိုသော လူငယ်များအတွက် ပို၍အရေးကြီးပါသည်။

တစ်ခုသတိပေးရင်း နိဂုံးချုပ် ပါမည်။

ဆင်ဖြူတို့မည်သည် မည်သည့်အခါမျှသစ်မဆွဲဟူသောအချက် ပင် ဖြစ်ပါသည်။

ထို့ကြောင့် အောင်မြင်တိုး တက် ကြီးပွားလိုသော လူငယ်များ အနေဖြင့် ဆင်ဖြူဖြစ်မှာလား၊ ဆင် မည်းလားဟုကိုယ့်ကိုယ်ကိုယ်စဉ်းစား ကြရန်ပင် ဖြစ်ပေသည်။

မှတ်ချက်

ဆင်ဖြူသည် သစ်မဆွဲပါ။

မင်းလုပင်းခါင်

❑

အိမ်ဆိုးရက်ပိုင်း/လပိုင်းအတွင်း သင့်ကံကြမ္မာ သေချာမှန်ကန်တိကျ သိရမည်

● အိမ်၊ မြေ၊ စက်ပစ္စည်းကိစ္စတွေ ညှိနှိုင်းပြောဆိုရင် အဆင်ပြေနိုင်မလား ● ညီအစ်ကို မောင်နှမတွေနဲ့ ဆက်ဆံရေး အဆင်ပြေမလား ● မိန်းမပျိုများရဲ့ အချစ်ရေး၊ စေ့စပ် လက်ထပ်ရေးကိစ္စ အဆင်ပြေ အောင်မြင်မလား ● အိမ်ထောင်ရှင် အမျိုးသမီးများ ခင်ပွန်းနဲ့ စကားပြောဆို အဆင်ပြေမလား/ခင်ပွန်းအပေါ် စကားပြောဆို အောင်မြင်မလား ● သတင်းကောင်း ကြားရမလား ● နူတ်မေး၊ လူတွေ့၊ အင်တာဗျူး စာမေးပွဲ ဖြေဆိုအောင်မြင်မလား ● ရွှေတူးဖော် ရောင်းဝယ်ရေး၊ ယာဉ်ရောင်းဝယ်ရေး၊ ဆက်သွယ်ရေးလုပ်ငန်းတွေ အဆင်ပြေနိုင်မလား ● ရေတွင်း၊ ရေကန်၊ ရေကြောင်းဆိုင်ရာကိစ္စတွေ ပြောဆိုညှိနှိုင်း အဆင်ပြေမလား ● သားသမီးအပေါ် မိဘပြောစကား အောင်မြင်မလား ● ဘာသာရေးကိစ္စ၊ ပရဟိတလုပ်ငန်းကိစ္စတွေ ပြောဆို ညှိနှိုင်းရင် အဆင်ပြေမလား ● စီးပွားရေးလုပ်ငန်းကိစ္စ ညှိနှိုင်းပြောဆို အကူအညီတောင်းရင် အဆင်ပြေမလား ● အနုပညာကိစ္စ၊ ခရီးသွားလာရေးကိစ္စ၊ ယာဉ်မှုခင်းကိစ္စ၊ အခက်အခဲ အကျပ်အတည်းနဲ့ နှောင့်နှေးကြန့်ကြာမှုကိစ္စတွေ ညှိနှိုင်းပြောဆိုရင် အဆင်ပြေမလား။

ဆရာကြီးဦးအောင်မြင့်(ဥပဒေဘွဲ့)

လက္ခဏာဗေဒင်ပညာသုတေသီ

အမှတ်-၈၄၃၊ ဦးဝိစာရလမ်း၊ ၃၄-ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်။

၀၉-၅၀၆၂၀၄၃၊ ၀၉-၅၁၀၇၆၂၂ ၊ ၀၉-၃၀၁၇၀၀၅၊ ၀၉-၇၃၀၀၅၂၂၊ ၀၉-၂၅၃၀၀၆၇

၀၉-၂၆၀၄၄၄၀၀၊ ၀၉-၇၉၅၆၀၄၀၅ နံနက် ၉နာရီမှ ညနေ ၄နာရီအထိ

www.burmeseclassic.com

www.burmeseclassic.com

ရှေ့မှာပန်းတိုင်ရှိသည်

နန္ဒာမိုးကြယ်

လူဖြစ်ရသည့် ရည်ရွယ်ချက်

'မနုဿတ္တဘာဝေါ ဒုလ္လဘော' လူ့ဘဝဟူသည် ရခဲ၏ဟု ဆိုကြသည်။ ထိုရခဲလှစွာ၌ ကံအားလျော်စွာ မိမိတို့ လူလာဖြစ်ကြရသည်။ သည့်အတွက် မိမိတို့ ဘာကိုရည်ရွယ်၍ ဘာတွေလုပ်ကြရမည်နည်း။

တိရစ္ဆာန်တွေကတော့ အိပ်၊ စား၊ ကာမပဲ ရှိကြသည်။ သည်တော့ လူ့ဘဝရတုန်းရခိုက် ပျော်ပျော်နေမည်၊ ပျော်ပျော်စားမည်၊ ဆက်ရက်မင်းစည်းစိမ်၊ နဂါးမင်းစည်းစိမ် ခံစားမည်၊ ကာမဂုဏ် ရေလျှဉ်ကြောင်၍ မျောကြမည်ဆိုလျှင်ဖြင့် မိမိတို့ လူလာဖြစ်ခြင်းသည် တိရစ္ဆာန်နှင့် ဘာထူးမှာတဲ့နည်း။

စင်စစ် မိမိတို့ လူလာဖြစ်ခြင်းသည် အောင်မြင်ကြီးပွားဖို့၊ မိမိတို့၏ သမိုင်းကို လှပစွာ ထုဆစ်ဖို့ပဲဖြစ်သည်။

ကြီးပွားရှင်သန်မှု ဆိုသည်မှာ လူ့ဘဝ၏ ဥပဒေသဟု ဆိုချင်သည်။ လူတိုင်း၌ အဆုံးမဲ့သော တိုးတက်ခြင်းများအတွက် မမြင်နိုင်သော စွမ်းရည်သတ္တိများသည် လူတိုင်း၌ ရှိနေကြသည်။ သည့်အတွက် 'လှိုင်းကြီးတော့လေ့အောက်'၊ 'တောင်ကြီးတော့ဖဝါးအောက်'၊ 'တစ်နေ့တစ်လဲ ပုဂံဘယ်ရွေ့မလဲ'၊ 'ကြိုးစားက ဆုရားတောင်ဖြစ်နိုင်သည်' စသဖြင့် ဆိုရိုးစကားများ ပေါ်ထွက်လာခဲ့ခြင်းဖြစ်ပေလိမ့်မည်။

သဘာဝ၏ ထာဝရရည်ရွယ်ချက်ကို က အရာရာ၌ တိုးတက်ကောင်းမွန်လာဖို့ပဲဖြစ်သည်။ ဤတွင် တိုးစာက်လိုသူတိုင်းအဖို့ သဘာဝနှင့် လိုက်လျောညီထွေမှု ရှိရလေအောင် လုပ်ကိုင်ပေးကြရသည်။ ထိုသို့ လုပ်ဆောင်ခြင်းသည် လူဖြစ်ရသည့် ရည်ရွယ်ချက်ကို ဖြည့်ဆည်းပေးသည့်သဘောပင် ဖြစ်၏။ ထိုသို့သော လူသားအတွင်း အောင်မြင်ခြင်း လှေကားထစ်များသည် လက်တစ်ကမ်း၌ အစီအရင်ခင်းထားပြီးသားပင်။

မိမိတို့လူသားတိုင်းပင် အဆုံးမရှိသည့် နဂိုမူလ ဖြစ်တည်ရင်းနှီးအစွမ်းသတ္တိတို့အား နှစ်သက်သလို အသုံးချနိုင်ကြသည်။ အကန့်အသတ်ဟူ၍ မရှိ။ အသိပညာရပ်၊ အတတ်ပညာရပ်များသည် လူသားတိုင်း၏ စိတ်အာရုံ၌ သန္ဓေတည်လျက်ရှိကြသည်။ စိတ်ကူးအကြံဉာဏ်များ ကိန်းဝပ်နေကြသည်။

အကယ်၍ ထိုထိုသော လူအတွက်ပညာရပ်များအားအခြေတည်လျက် စိတ်ကူးထုတ်သည့် အလေ့အကျင့်များ ရှိလာမည်ဆိုပါက အသိဉာဏ်ဟူသည် အံ့သြဖွယ်ကောင်း

ထမြည့်ဝန်းမဂ္ဂဇင်း (စက်တင်ဘာလ၊ ၂၀၁၆)

www.burmeseclassic.com

လောက်အောင် ဝေဆာဖွဲ့ဖြိုးလာမှာပဲ ဖြစ်၏။ အသိဉာဏ်ဖွဲ့ဖြိုးလျှင် ဘဝ၌ ရင်ဆိုင်ကြုံတွေ့ရစမြဲ ဖြစ်သောအခက်အခဲများ အစစအရာရာ အဆင်ပြေလာကြမည်ပင်။ သဘာဝ၏ လျှို့ဝှက်ချက်များကိုလည်း ဖော်ထုတ်လာနိုင်မှာ အသေအချာ။

သို့ဖြစ်၍ 'လောကဌ် မဖြစ်နိုင်သောအရာ မရှိ၊ မဖြစ်သေးသည် သာရှိ၏' ဟု ဆိုကြခြင်း ဖြစ်ပေလိမ့်မည်။

ဤ၌ အလေ့အကျင့်တို့ကို ရှင်သန်အောင် ပြုစုပျိုးထောင်ပေးလျှင် ထက်မြက်သော စွမ်းအားတို့ ရလာမှာပဲ ဖြစ်သည်။ အခြေခံသဘောတရားများနှင့် နိယာမများက အောင်မြင်ခြင်းလမ်း၊ အောင်မြင်ခြင်း သီဝရီများကို ဖွင့်လှစ်ပေးနေသည်ဖြစ်ရာ ရည်ရွယ်ချက်ပြီးမြောက်ဖို့ရာအတွက် မဖြစ်မနေ အားထုတ်ဖို့ရာသာ အရေးကြီးပေသည်။

မိမိတို့၏လက်ရှိအနေအထားသည် မည်သို့ပင်ဖြစ်စေကာမူ ကြီးကျယ်သော အနာဂတ်ကို တည်ဆောက်ဖို့ရာအတွက် အမြဲတမ်း အသင့်ဖြစ်နေဖို့လိုသည်။ဤ၌ မိမိတို့ ဘက်မှ ကြိုတင်ပြင်ဆင်ခြင်း၊ အလေ့အကျင့်များ ပြုလုပ်ခြင်း စသည်တို့ကင်းမဲ့နေပါက ပိုမိုကောင်းမွန်သော အနာဂတ်ကို တည်ဆောက်နိုင်လိမ့်မည် မဟုတ်ပေ။ အစဉ်အမြဲလေ့လာနေရမည်၊ ကြဲဆနေရမည်၊ စူးစမ်းနေရမည်၊ ကြိုးပမ်းနေရမည်။ ပျံသန်းရင်း သေမှ ငှက်ပီသသလို၊ ကြိုးပမ်းကြဲဆရင်း သေမှလည်း လူဖြစ်လာခြင်းမှာ တန်ဖိုးရှိပေလိမ့်မည်။

မိမိတို့ ထိတွေ့နေရသော သဘာဝတရားသည် ဘယ်သောအခါမှ ရပ်တန့်နေသည်မရှိ။ နောက်ပြန်လည့်ဖို့ရာလည်း စိတ်မကူး။ ရဲရင့်ပြတ်သားစွာဖြင့် ရှေ့သို့သာ သွားလျက်ရှိ၏။ လူတိုင်းအတွက် အောင်မြင်လိုစိတ်သာရှိပါစေ။ နေရာတိုင်း၌ အောင်မြင်ရေးလမ်းစများ ရှိနေတတ်ကြသည်ချည်း။ သည်အချက်ကို အသိပညာ၊ အတတ်ပညာတို့ ပေါင်းစပ်လျက် ဖော်ထုတ်နိုင်ရမည်။ရှေ့ကိုလှမ်းနေသူအတွက် အောင်မြင်မှုတွေ့ကြုံရမည်မှာ ဓမ္မတာ။ သီချင်းကလေးတစ်ပုဒ် ရှိပါသည်။

"ရှေ့သို့သာသွား xxx သောကြောကြယ်အလား xxx ဘဝဆိုတာများ နောက်မပြန်နဲ့ဟေ xxx"

လူ့ဘဝ၌ လူဖြစ်လာရသည့် ရည်ရွယ်ချက်ပြီးမြောက်ပြည့်စုံပါစေ။

အဓိပ္ပာယ်ဆုံးသော အရာသည် အလုပ်ဖြစ်၏

လူ့ဘဝကို-ရလာကတည်းက လူမှုဓနဲ့ကျင့်၌ ကျင်လည်ရပြီး ဆိုကတည်းက လူနှင့်အလုပ်၊ အလုပ်နှင့်လူသည် ဆက်စပ်လျက်ရှိ၏။ သည့်အတွက် 'အလုပ်' ဆိုသည်ကို ပေါ့ပေါ့တန်တန် သဘောမထားမိဖို့ အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် လူအပါအဝင် သက်ရှိသတ္တဝါတိုင်းအတွက် အဓိပ္ပာယ်ဆုံးသော အရာသည် အလုပ်ဖြစ်သောကြောင့်ပါပေ။

သို့ဆိုလျှင် မည်သို့သောအလုပ်သည် အဓိပ္ပာယ်ဆုံးအရာ ဖြစ်လေသနည်း။ ထိုသို့သော အမေးရှိနိုင်သည်။ ထို့အတူ . . .

"အလုပ်ဆိုတာ စားဝတ်နေရေးအတွက် အသက်မွေးဝမ်းကျောင်းတဲ့အလုပ်ကို ပြောတာမဟုတ်လား" ဟူ၍လည်း အထွန့်တက်နိုင်သည်။

စင်စစ် အလုပ် ဆိုသည်မှာ အသက်မွေးဝမ်းကျောင်း အလုပ်ကိုချည်းဆိုလိုသည်မဟုတ်ပေ။ ကလေးငယ်တွေ ကျောင်းသွားကြသည်မှာ အလုပ်ဖြစ်၏။ လူငယ်တွေ ဘောလုံးကန်ခြင်းသည် အလုပ်ဖြစ်၏။ အိမ်ရှင်မများ ဈေးဝယ်ထွက်ခြင်းသည် အလုပ်ဖြစ်၏။ ပန်းအလှစိုက်ပျိုးခြင်းသည် အလုပ်ဖြစ်၏။ နေ့စဉ် အားလပ်ချိန်၌ စာဖတ်ခြင်းသည်လည်း

www.burmeseclassic.com

www.burmeseclassic.com

အလုပ်ဖြစ်၏။ မိတ်ဆွေသင်္ဂဟတို့ထံ ဖုန်းဆက်ခြင်းသည်လည်း အလုပ်ဖြစ်၏။ မည်သည့်အလုပ်ကို လုပ်သည်ဖြစ်စေ ရည်မှန်းချက်ရှိရှိ၊ အဓိပ္ပာယ်ရှိရှိ (မိမိ၏ ဘဝအနာဂတ် ပျက်စီးစေခြင်းနှင့် မသက်ဆိုင်သော) အလုပ်မှန်သမျှသည် တန်ဖိုးရှိသော အလုပ်များပင် ဖြစ်ပေသည်။

တန်ဖိုးရှိသော အလုပ်များသည် လူတစ်ယောက်၏ စာရိတ္တကို ပြုပြင်ပေးခြင်း၊ ပြုစုပျိုးထောင်ပေးခြင်းတို့၌ အဓိကကျပေသည်။ အလုပ်လက်ရှိနှင့်အလုပ်လက်မဲ့တို့၏ အနေအထားကို ကြည့်လျှင် အလုပ်ရှိသူသည်အလုပ်၏ထိန်းမတ်ပေးမှုကြောင့် စာရိတ္တ ချို့ယွင်းသည်ဟူ၍ မရှိခဲ့။ ရာဇဝတ်မှုကျူးလွန်သူ အများစုကို ကြည့်လျှင် အလုပ်လက်မဲ့ တေပေလေလွင့်နေသူတို့နှင့် အများအပြား ပတ်သက်နေပေသည်။

စာကြည့်တိုက်သို့ သွားကာ နေ့စဉ် စာဖတ်နေသူအဖို့ စာပေမှ ရရှိသော အသစ် ရသ တို့ကို ခံစားနေရပေမည်။ စာဖတ် ဝါသနာတူသူများနှင့် ရင်းနှီးကျွမ်းဝင်လာမည်။ စာပေမှရသော အသိပညာဗဟုသုတများ၊ အတွေးအခေါ် ရသများကို ဖလှယ်နိုင်မည်။ ထို့ထက် စာဖတ်များရာမှ စာရေးချင်စိတ် ဖြစ်ပေါ်လာသောအခါ ကလောင်ကိုင်လာမည်။ စာပေရေးသားခြင်း အတတ်ပညာ ပြည့်ဝလာပြီ ဆိုပါက အောင်မြင်သည့်ဘဝတစ်ခုပေါ် ပေါက်လာမည်။ အလုပ်အပေါ် လေးစားချစ်ခင်ခြင်းကြောင့် တန်ဖိုးရှိသောဘဝကိုထူဆစ်ပုံဖော်လာနိုင်ခြင်းပင် မဟုတ်ပါလား။

စာတစ်ပုဒ် ရေးထုတ်လာနိုင်ပြီ ဆိုလျှင် စာတစ်အုပ် ဖြစ်တည်လာရန် မခဲယဉ်းတော့ပေ။

အလုပ်ကိုအလုပ်နှင့်တူအောင် လုပ်တတ်ခြင်းသည် အကျိုးဖလများစွာကို ဖြစ်ထွန်းစေပါသည်။ အချိန်ကို တန်ဖိုးရှိစွာ ချွေတာတတ်လာသည်။ အချိန်ကို သူ့နေရာနှင့်သူ အသုံးချတတ်လာသည့်အခါ ဆင်ခြင်ဉာဏ်တို့လည်း ရင့်သန်လာစမြဲ ဖြစ်၏။

ဘဝကို အထောက်အကူပြုသည့် အလုပ်များဖြင့် အချိန်တိုင်းကို အသုံးချတတ်ခြင်းဖြင့် အချိန်ကာလတိုင်းသည် တန်ဖိုးရှိနေသည်သာဖြစ်၏။ ပျင်းရိလျက် မည်သည့်အလုပ်အပေါ်တွင်မှ အာရုံမထားတတ်သော သူများအဖို့မူ အားလပ်ချိန်တွေက အစီအရီ။ စင်စစ် ထိုထိုသော အားလပ်ချိန်များသည် ရေရှည်၌ ချီးမြှင့်လိမ့်မည် မဟုတ်ပေ။ လူချင်းတူလင့်ကစား လူ့အောက်ကျနေရမည်။ သည့်အတွက် မခဲချင်စိတ်ဖြင့် လမ်းမှားကိုဖောက်ထွက်ပြီဆိုလျှင် စာရိတ္တပျက်ယွင်းကာ ဘဝတစ်ခုလုံးလည်း အညွှန့်တုံးသွားပေလိမ့်မည်။

အလုပ် လုပ်နေသူအတွက် ရရှိလာမည့် အကျိုးကျေးဇူးသည် ကျွမ်းကျင်ထက်မြက်မှု တစ်ခုတည်း မဟုတ်။ လုံ့လဝီရိယများ ဖွံ့ထွားလာစေဖို့ရာအတွက် အလေ့အကျင့် ကောင်းများရှိလာမည်။ အသိ၊ သတိရှိလာမည်။ အတ္တစိတ်ရိုင်းများကို ဖယ်ရှားပစ်နိုင်မည်။ အမှားအမှန်ကို ဝေဖန်ပိုင်းခြားလာနိုင်မည်။ လုပ်ငန်းပိုင်းဆိုင်ရာ နည်းပရိယာယ်များ ကြွယ်ဝလာမည်။ လူမှုဆက်ဆံရေး နယ်ပယ် ကျယ်ပြန့်လာမည်။ လူအပေါင်း၏ ယုံကြည်အားထားခြင်းကို ခံလာရမည်။ ထိုရလဒ်ကောင်းများသည် အလုပ်အပေါ် လေးမြတ်စွာ တန်ဖိုးထားခြင်းမှ ဖြစ်တည်လာခြင်းပင်ဖြစ်၏။ အလုပ်သည် စာရိတ္တကောင်းကို ထွန်းကားစေ၏။

လူကောင်းလူတော် ဖြစ်လိုသူများအဖို့ မိမိတို့ ဝါသနာပါရာ၊ စိတ်ဆန္ဒထက်သန်ရာ အပြစ်ကင်းသည့် အလုပ်တစ်ခုခုကို ရွေးချယ်လုပ်ကိုင်ကြည့်ပါ။ စွမ်းရည်များ တက်လာပါလိမ့်မည်။ ထို့ကြောင့် အဖိုးတန်ဆုံးသော အရာသည် အလုပ်ဖြစ်ပေသည်။

တန်ဖိုးရှိသော အခတ်အခဲ

လူတိုင်းလူတိုင်း၌ မည်သည့်အဖိုးအခမျှ မပေးရပါဘဲနှင့် အရေအတွက် အနည်းအများအလိုက် ရရှိပိုင်ဆိုင်နေကြရသည်မှာ 'အခက်အခဲ' ပင် ဖြစ်ချေ၏။ ယုတ်စွအဆုံး 'မနုဿတ္တဘာဝေါ ဒုလ္လဘော' ဆိုသည့် အတိုင်း လူ့ဘဝဟူသည် ရခဲလှပါဘိ၏။ ရခဲလှသောလူ့ဘဝကို မိမိတို့ ရရှိပိုင်ဆိုင်နေကြရသည်မှာ လွန်စွာကံကောင်း၍ဖြစ်၏။

သို့သော် လူတော်တော်များများပင် ရခဲသည့် လူ့ဘဝကို အကျိုးဖြစ်ထွန်းအောင်၊ တန်ဖိုးရှိအောင် မစွမ်းဆောင်ကြဘဲ ဘဝကို ရေစုန်မျောလျက် နိဂုံးကမွတ် အဆုံးသတ်သွားသူတို့မှာ မြားမြောင်လှတော့၏။ မိမိတို့သည် ရခဲလှသောလူအဖြစ်ကို ရရှိလာခဲ့ကြ၏။ မွေးဖွားပြီးသည်မှ အစပြုလျက် ကွယ်လွန်သည့်အချိန်

www.burmeseclassic.com

အထိကို ဘဝဟု သတ်မှတ်လျှင် ဘဝတစ်လျှောက် အနည်းအများ အလိုက် အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ကြရစမြဲပင်။ ထိုအခါဝယ် 'လောကခံကို မဖြို့စတမ်းပေါ့၊ မတုန်စမ်းနှင့် စိတ်ခိုင်စေ' ဟု သဘောထားရမှာပဲ ဖြစ်သည်။

ဘဝတစ်ခုကို ရင်ဆိုင်သည့် အခါ၌ ရဲရဲရင့်ရင့် ရင်ဆိုင်ဝံ့သောသူသည် 'အခက်အခဲဆိုတာ ချိုနဲ့လားဟေ့' ဟူ၍ သဘောထားတတ်၏။ လာမည့်ဘေးကို ကွေ့ရှောင်မသွား။ ရင်ဆိုင်ယှဉ်ပြိုင်ရင်း စီးချင်းထိုးမည့် သူသာ ဖြစ်၏။ မည်သည့် အဆိုး အတား၊ အခက်အခဲကို တွေ့ကြုံရပါစေ စိတ်ရှုပ်ထွေးခြင်း၊ တွေဝေခြင်းတို့ မရှိ။ အထပ်ထပ်အခါခါ အကြိမ်များစွာ ရှိလာသည့်တိုင်အောင် ရင်ဆိုင်တိုက်ပွဲဝင်ရင်း အောင်မြင်မှုရသည် အထိ ကြိုးစားသွားမည့်သူပဲဖြစ်သည်။ အခက်အခဲ အဆိုးအတား တို့ကို အာရုံထဲ၌မထား။ မိမိလုပ်ဆောင်ရမည့် တာဝန်ဝတ္တရားမှန်သမျှ ကျေပွန်အောင် မဖြစ်မနေ လုပ်ဆောင်သွားလေ့ရှိစမြဲ။ ထိုသို့ လုပ်ဆောင်ခြင်းမှာ ဇွဲရှိသောကြောင့်ဖြစ်၏။

မှန်ပေသည်။ ဇွဲ ဟူသည်မှာ လုံ့ဝင်းစဉ် တစ်ခုကို မဖြစ်မနေ အောင်မြင်မှုရရှိစေရေးအတွက် စွဲစွဲမြဲမြဲ လုပ်ကိုင်ခြင်းပဲဖြစ်သည်။ ရေတွင်းတူးသည်ကိုပဲ ကြည့်ပါဦး။ ပေအနည်းငယ်မျှတူးရုံနှင့် ရေကောင်းရေသန့်များ ထွက်မလာနိုင်။ ပေပေါင်းများစွာ စွဲစွဲမြဲမြဲ တူးဖော်သည့် အခါကျမှသာ ရေကြောကို တူးမိသွားပြီး အလိုရှိသည့် ရေကောင်းရေသန့်များ ရလာမှာပဲဖြစ်သည်။ ဤသည်ကား အခက်အခဲကို ရင်ဆိုင်ဖြတ်သန်းခြင်းဖြင့်ရရှိလာသောတန်ဖိုးအကျိုးတရားပင် ဖြစ်ချေသည်။

မိမိတို့သည် လူတစ်ယောက် အောင်မြင် ထွန်းပေါက်လာသည့် အပေါ် ထိုသူ၏ ထွန်းပေါက်အောင်မြင်မှုကိုပဲ အာရုံပြုမိ၊ ဂရုပြုမိတတ်ကြသည်။ ထိုသူ ထိုသို့ အောင်မြင် ထွန်းပေါက် မလာခင် အဘယ်၍ အဘယ်မျှတိုင်အောင် အခက်အခဲများစွာကို ရင်ဆိုင် ဖြေရှင်းခဲ့ရပါသနည်း။ မည်မျှ လုံလ ဝီရိယ ဇွဲမာန်များထုတ်၍ အပတ်တကုတ်ကြိုးစားခဲ့ရပါသနည်း။ ဒါတွေကို မတွေးမိတတ်ကြပေ။

စင်စစ် စစ်မှန်သော အောင်မြင်မှု ဟူသမျှကို မည်သူမျှ အလွယ်တကူ ရရှိခဲ့ကြသည် မဟုတ်ပေ။ တစ်စုံတစ်ခုကို ရယူပိုင်ဆိုင်လိုပါက ငင်းတစ်စုံတစ်ခုနှင့် တန်ဖိုးချင်းညီမျှသော တန်ရာတန်ဖိုးကို ပေးဆပ်ရစမြဲဖြစ်၏။ အခက်အခဲများကို ဖြေရှင်းရစမြဲဖြစ်၏။ အောင်မြင်မှုရရှိရန် အခက်အခဲကို ရင်ဆိုင်ဖြေရှင်းရာ၌ ဇွဲစိတ်ကို အရင်းခံ၍ မပျက်မကွက် လုပ်ဆောင်သွားပါက လုပ်ငန်းကိုလည်း အခြေခံမှစ၍ တတ်မြောက်ကျွမ်းကျင်လျက် အောင်မြင်မှု ရရှိလိမ့်မှာ သေချာပေသည်။

တကယ်ထော့ ဘဝ၌အထွတ်အထိပ်ရောက်ခဲ့ကြသူတိုင်း အခက်အခဲကို ရင်ဆိုင်တွေ့ကြုံခဲ့ရစမြဲဖြစ်၏။ ဤ၌ တောင်ထိပ်ပေါ် သို့ ရောက်သွားသည့်အခါ တောင်အောက်ရှိ အရာမှန်သမျှသည် သေးငယ်သွားကြသကဲ့သို့ အောင်မြင်မှု ရရှိသွားကြသူတိုင်းအတွက် အခက်အခဲဟူသမျှသည်လည်း သေးငယ် သွားတတ်ကြ၏။ ပြုံးရွှင်ရယ်မောစရာပင် ဖြစ်သွားတတ်ကြပေ၏။

အခက်အခဲများစွာ မဟုတ်။ အနည်းငယ်လေးမျှလောက် ရင်ဆိုင်တွေ့ကြုံရသည်နှင့် ကွေ့ရှောင်သွားတတ်သူသည် လွဲမှားသောအကျင့်ကို ရရှိသွားပြီဖြစ်၏။ အကြောင်းမူ မည်သည့်အခက်အခဲ လာပါစေ ရှောင်တတ် တိမ်းတတ်သည့် အကျင့်ကို ရသွားခဲ့၍ပဲ ဖြစ်သည်။ ထိုသူမျိုး အတွက် အခက်အခဲဟူသည် တန်ဖိုးရှိလိမ့်မည်မဟုတ်။ ထို့အတူ အောင်မြင်မှု အခွင့်အလမ်းကိုလည်း ရယူပိုင်ဆိုင်ခွင့်မရှိ။ စင်စစ် အခက်အခဲ၌ တန်ဖိုးများစွာ ရှိနေပါ၏။

ဘဝတို့ ကျေနပ်ဖို့လိုသည်

လူတိုင်းတွင် ဘဝကိုယ်စီရှိကြသည်။ ထိုသို့ ရှိနေကြသော ဘဝ၌ ပြည့်စုံတာတွေလည်းရှိမည်၊ လိုအပ်နေတာတွေလည်းရှိမည်။ သည်တော့ အလိုကျခြင်း၊ အလိုမကျခြင်းများ ဖြစ်လာရသည်။ ဤ၌ လူတို့၌ ဖြစ်တည်လာပြီဆိုလျှင် ကျန်းမာခြင်း၊ ပျော်ရွှင်ခြင်းတို့ ရှိနေပါက မိမိရရှိလာသော ဘဝအပေါ် ကျေနပ်ဖို့ အရေးကြီးသည်။ သို့မှသာ ဘဝအောင်မြင်ရေးကို တည်ဆောက်နိုင်ပေလိမ့်မည်။

လူတစ်ဦးတစ်ယောက်အတွက် အခြေခံကျသောလိုအပ်ချက်ကို ပြရလျှင် ကျန်းမာခြင်းပဲ ဖြစ်သည်။ ကျန်းမာခြင်းနှင့် ပြည့်စုံခြင်းသည်

www.burmeseclassic.com

www.burmeseclassic.com

အပေါင်းလက္ခဏာဖြစ်ပြီး ကျန်းမာခြင်းနှင့် မပြည့်စုံခြင်းသည် အနုတ်လက္ခဏာဖြစ်၏။ လူတိုင်းပင် စိတ်သွားတိုင်း ကိုယ်ပါဖို့၊ အသက်ရှည်ရှည်ဖြင့် ကျန်းမာစွာနေနိုင်ဖို့ အရေးအကြီးဆုံးမှာ ဘဝ၌ နေတတ်ထိုင်တတ်ဖို့ပဲ ဖြစ်သည်။

မိမိတို့သည် အကောင်းဆုံးသော အစားအသောက်တို့ကို စားလိုကြ၏။ အကောင်းဆုံးသော အဝတ်အစားတို့ကိုဝတ်လိုကြ၏။ အကောင်းဆုံးသောနေရာ၌ နေလိုကြ၏။ သို့ရာတွင် ဖြစ်သင့် ဖြစ်ထိုက်သည်က အကောင်းဆုံး အစားအစာကို စားခြင်း၊ အကောင်းဆုံး အဝတ်အစားကို ဝတ်ခြင်း၊ အကောင်းဆုံးနေရာ၌ နေခြင်းတို့ထက် မိမိနှင့် သင့်တင့်လျောက်ပတ်သည့် သင့်လျော်ရာ စားခြင်း၊ ဝတ်ခြင်း၊ နေခြင်းတို့သည်သာ ဘဝအတွက် အမှန်ကန်ဆုံးသော ရပ်တည်ချက် ဖြစ်ပေသည်။

"လူတစ်ခု ပူမှုရယ်တဲ့ ဆယ်ကုဋေ"ဟု ဆိုကြသည်။ ဆင်းရဲချို့တဲ့သူ၌သာလျှင် စိတ်သောက ရှိသည်မဟုတ်။ ကြီကျိတက်ချမ်းသာသော ပုဂ္ဂိုလ်တို့၌လည်း စိတ်သောကတွေ ရှိနေတတ်ကြသည်။ စင်စစ် သောကရောက်ခြင်းသည် ကောင်းသော လက္ခဏာ မဟုတ်။ ဖယ်ရှားဖို့ရာ ဖြစ်နိုင်လျှင် ဖယ်ရှားပစ်ခြင်းသည် အကောင်းဆုံးဖြစ်သည်။

သောက၌ 'နဂိုသောက' ရှိသလို 'အပိုသောက' ဆိုသည်လည်း ရှိချေ၏။ နဂိုသောကသည် ပြုပြင်ပြောင်းလဲ၍ ရကောင်းမှ ရနိုင်မည်မှန်သော်လည်း အပိုသောကမှာမူ ပြုပြင်ပြောင်းလဲ၍ရနိုင်ကောင်းသည်ဖြစ်ရာ မိမိတို့ထံဝင်ရောက်လာသော အပိုသောကများကို ရှင်းထုတ်ပစ်ဖို့ လိုမေသည်။ သို့မဟုတ်လျှင် နဂို သောက၌ အပိုသောကများ ဆင့်ပိုးလျက် ရောဂါတိုးဖို့သာရှိပေသည်။

မိမိတို့ဘဝ ရပ်တည်ရေး အတွက်အလုပ်တွေလုပ်နေကြသည်။ ထိုလုပ်နေကြရသော အလုပ်အပေါ် နှစ်သက်စရာမရှိပါက အလုပ်တွင်နိုင်မည် မဟုတ်။ စိတ်မပါဘဲ မဖြစ်မနေလုပ်ရလေသည့်အတွက်ကြောင့် ကြည်နူးပျော်ရွှင်မှုများ ခန်းခြောက်ကာ စိတ်ထောင်းကိုယ်ကြေ ဖြစ်လာမေလိမ့်မည်။

သည့်အတွက် ဖြေဆေး ရှာရပေလိမ့်မည်။

"တကယ်လို့သာ တောင်ကြီးဟာ မိုဟာမက်ဆီ ရောက်မလာခဲ့ဘူး ဆိုရင် မိုဟာမက်ကပဲ တောင်ကြီးရှိရာကို သွားရမှာပဲပေါ့"

နှစ်သက်ဖွယ်ကောင်းလှသော အင်္ဂလိပ်စကားပုံလေး ဖြစ်ချေသည်။

သည်တော့ အလုပ်ကြောင့် စိတ်ဖိစီးမှုများ၊ စိတ်ကျဉ်းကျပ်မှုများ ပျောက်ကွယ်သွားရလေအောင် ထို စိတ်ကိုဝင် မိမိတို့ အလေ့အကျင့် ပြုပေးရပေမည်။ အလုပ်၌ စိတ်ဝင်စားဖွယ်ကောင်းသည့်အကွက်အကွင်းများကို ရှာဖွေဖော်ထုတ်ရပေမည်။ ထိုမှ နှစ်သက်ဖွယ်ကောင်းလာသည့် အနေအထားရောက်အောင် အားထုတ်လျက် မွေ့လျော်စိတ်ဖြစ်ပေါ်လာအောင် နှိုးဆွပေးရမည်ဖြစ်၏။ သို့ဆိုလျှင် ဘဝအပေါ် ကျေနပ်မှုများ ရှိက်ခတ်လာပေလိမ့်မည်။

ထို့အပြင် မိမိနှစ်သက်ရာ ဝါသနာတစ်ခုခုကိုလည်း ပျိုးထောင်ပေးဖို့ လိုပေသည်။

ဥပမာအားဖြင့် သီချင်း ဆိုရမှာ ဝါသနာပါလျှင် သီချင်းကလေးတအေးအေးဖြင့် အလုပ်လုပ်ကိုင်ပါက အလုပ်အပေါ် နှစ်သက်စိတ်များဝင်လာကာ အလုပ်တွင်လာလိမ့်မည် မလွဲပေ။

ထို့အပြင် အလုပ်လုပ်ပြီးသည့်နောက် စိတ်ရော ကိုယ်ပါ အနားယူလိုက်ခြင်းသည်လည်း အားအင်သစ်များကို ထပ်မံ မွေးဖွားလိုက်ခြင်းဖြစ်ပါသည်။ အနားယူသည့်အချိန်၌ ဝါသနာအပေါ် တွေးတောစိတ်ကူးနေခြင်းသည်လည်း ဘဝကိုကျေနပ်မှုဖြစ်စေပါလိမ့်မည်။

အလုပ်အပေါ်ပြဿနာစိတ်များ ဝင်လာလျှင် အာရုံတစ်ခုခုအပေါ် ပြောင်းလဲပစ်ခြင်းသည် ကောင်းသော ကုစားခြင်း ဖြစ်ပေသည်။

လက်ရှိ တွေ့ကြုံ ရင်ဆိုင်နေရသည့်အခြေအနေတစ်ရပ်ရပ်အပေါ် ရုတ်တရက်အားဖြင့် ပြောင်းလဲပစ်နိုင်စွမ်းမရှိပါက စိတ်ကို အလေးမခံပါနှင့်။ ကြုံတွေ့နေရသည့် အခြေအနေကိုပဲ ကျေနပ်စွာ လက်ခံလိုက်ခြင်းသည် ဘဝအတွက် ကျေနပ်စရာ ဖြစ်လာပါလိမ့်မည်။

နန္ဒာမိုးကြယ်

www.burmeseclassic.com

www.burmeseclassic.com

အလက်ာကျော်စွာ အနုပညာရှင်

ဆန်းဝင်း(အောင်မြေ)

ရွှေမန်းသဘင်အတွဲ့ မိတ်ကပ်သရာ ပန်းချီကိုလုပ်ငန်းက သူဇာတ်ဆရာ၏ ပင်ကိုသဘာဝပုံကို ဂျာသို့ကောက်ကြောင်းပန်းချီဖြင့် သရုပ်ဖော်ခဲ့သည်။

အလက်ာကျော်စွာ အနုပညာရှင်

ရွှေမန်းတင်မောင်၏ ဘဝ မှတ်တမ်းအကျဉ်းကို ဖော်ပြပြီးနောက် တိုင်းပြည်က သိလိုကြသော သူ၏ နောက်ဆုံးခရီးကို တိကျမှန်ကန်စိုင်သမျှ လေ့လာစုံစမ်း၍ အသေးစိတ် မှတ်တမ်းအား တင်ပြရန် လိုအပ်လေပြီ။

နောက်ဆုံးနေ့မြင်ကွင်း

တက်ထရွန် အကြီအဖြူ လက်တို၊ ယောဆင် မြောက်ပြင်လုံချည် အနက်ကွက်ကိုဝတ်ဆင်၍ ဗိုလ်ကော်ဆပင်ကို မည်ပ်ဘဲ ခပ်ရှည်ရှည်ထားသော်လည်း သပ်ရပ်စွာ ပြီးထားသော ရွှေမန်းတင်မောင်သည် သူ၏အခန်းထဲမှ စာရွက်တစ်ရွက်အား ကိုင်၍ထွက်လာပြီး တပ်ထားသော မှတ်မှန်ကိုဖြုတ်၍ အိတ်ထဲထည့်ရင်း -

"မောင်မောင် အဲဒီစာရွက်ကလေးကူးပြီး ထမင်းစားခန်းက ဆိုင်းဘုတ်မှာ ကပ်ထား"

မောင်မောင်သည် ဇာတ်အဖွဲ့တွင် လက်ရေးလက်သားကောင်း၍ စာပေဝါသနာပါသူ ဖြစ်သောကြောင့် ရွှေမန်းတင်မောင်က သူ၏သီချင်းများကို ကူးယူစုဆောင်း မှတ်တမ်းပြု သိမ်းဆည်းစေသော ဦးတင်မောင်၏လက်စွဲ ဇာတ်စာရေးပင်ဖြစ်နေလေသည်။မောင်မောင်က ထိုစာကိုဖတ်ပြီး ကူးရေးမည်ပြုရာ -

"နေဦး၊ မင်းစာရွက်နဲ့ မရေးနဲ့၊ ငါပက်နဲ့ရေး"

ဟု ပြောလျက် အစိမ်းရင့်ရောင် ကန့်လန့်ကာကထားသော သူ၏ အိပ်ခန်းတွင်း ဝင်သွားပြီး ဖောင်းကြွနေသော ရွှေစာလုံးဖြင့် ရိုက်နှိပ်ထားသော စာရေးစက္ကူကတ် အဝယ်စားကလေးကို ယူလာပြီး မောင့်မောင်ရို့ကို ပေးသည်။ မောင်မောင်က ဦးတင်မောင်၏ ကိုယ်ရိုးစက္ကူကတ်တွင် ဦးတင်မောင် အကြမ်းရေးထားသော ကဗျာကလေးကို ကူး၍ ရေးလေသည်။

ရွှေမန်းတင်မောင်၏မှတ်အလောင်း မန္တလေးသို့အထွက် ပရိဒေဝဒီးတောက်လောင်ညီသမြှင့် မူးမေ့သွားသော မိခင်ဒေါ်သိန်းညွှန့်အား သားကြီး မောင်ညွှန့်ဝင်း၊ သားလတ် မောင်ဝင်းဂိုလ်နှင့် သမီး ဒင်္ဂါစဉ်တို့ကပါ ပူဆွေးသောင်းကျန်းနှင့် ပွေ့ဖက်နှစ်သိမ့်နေရစဉ်။

www.burmeseclassic.com

www.burmeseclassic.com

ရွှေမန်းတင်မောင်၏
နောက်ဆုံးရေးကဗျာ

အများတွက်ပါ၊
ကိုယ်ကျိုးရှာ၍၊
စေတနာယုတ်၊
နောက်-မလုပ်နှင့်၊
ချက်ပြုတ်ဝယ်ခြမ်း၊
တာဝန်ထမ်း. . . ဒို့။

မောင်မောင် နောက်ဆုံးစာလုံး မရေးမီ ရေးမည့် ဆဲဆဲ -

"ဒဂွေးနဲ့ဒို့နော်၊ တဝမ်းပူနဲ့ မတို့နဲ့" ဟု သတိပေးလိုက်၏။ မောင်မောင် ရေချိုးပြီးသည်နှင့် တစ်ပြိုင်နက်-

"ဒို့. . . ဒို့. . . ဒို့ ဟူ ဟူ"

ထမင်းစားခေါ်သည့် မောင်းထုသံ ကြားရသဖြင့် ဦးတင်မောင် လက်မှနှာရီအား ငုံကြည့်ရာ ၁၁ နာရီ တိတိ ရှိနေသည်ကို တွေ့ရသဖြင့် စာရွက်အောက် ညာ ထောင့်တွင် -

တင်မောင်
၂၉. ၁၁. ၆၉

ဟူ၍ လက်မှတ်ရေးထိုးရင်း -

"မြန်မြန်သွားကပ်၊ ထမင်းစား မောင်းထုနေပြီ"

ရှင်သေပင်း လူချွန်းငယ်မှ မဟုတ်ပါလေ၊ ဗိုလ်ပါးသင်္ဘင်္ဂန္ဒ စစ်ခင်းလို့ မတိုက်ရလေ ဟူသော ဝိုင်ချင်းများဖြင့် မဟုတ်သော်လည်း မချိသည့်နှလုံးသားမှ ဖြေကြားနေသော များများလုသော နွတ်ခွန်းစကားတို့ဖြင့် လွှမ်းတင်မောင်၏ရုပ်အလောင်းကို နောက်ဆုံးကြည့်ရှုနေကြသည့် ဦးစိန်အောင်မင်းနှင့် ဦးလှသင်(ဆန်းညွှန့်ဦး)တို့မှာ

ယန္တလေး ပန်းတွဂအကနဦးပြဿနာမကြီး အောင်ပြဿာသောင်းသည် မဟာနေလွှမ်းကပင် မောင်တင်မောင်ကို နောက်ဆုံးကြည့်ပါရစေဟု အတန်တန်ပူဆာလျှ၍ ယွန်ကြားပြုံးရသည်။ ပြအပြီးတွင် မေ့မြောသွား၍ အပြန်ပြုံပို့လိုက်ရသည်။

ဟူ၍ ပြောသောကြောင့် မောင်မောင်ကား ဇာတ်သူ ဇာတ်သားများ ထမင်းစားခန်းသို့ အပြေးသွား၍ ကပ်ရလေတော့သည်။ ထိုကဗျာကို ရေးရခြင်းမှာ အကြောင်းရင်းရှိသည်။ ယမန်နေ့ညက နှစ်ပါးသွားတွင် လူရွှင်တော် ကိုချစ်ပီး၏ ပြက်လုံး၌ အတွန့်ကလေးများထည့်၍ ပြက်လိုက်ခြင်းကြောင့်ပင် ဖြစ်လေသည်။

"ဇာတ်ထဲမှာ ထမင်းချက် အလှည့်ကျတုန်းက ကြက်သားဝယ်ချက်တယ်၊ အသည်းအမြစ်တွေကို သတ်သတ် ဆီပြန်ချက်ပြီး ကျုပ်တစ်ယောက်တည်း စားပစ်လိုက်တယ်၊ ဒါကို သူတို့က ကျုပ်ကို အပြစ်ပြောကြတယ်၊ ဒါ တရားသလားဗျာ"

ဟု ပြက်လုံးထုတ်လိုက်စဉ် ဦးတင်မောင်က ချစ်ပီး၏ ပြက်နေကျ ပြက်လုံးတွင် အထွန့်တက်၍ ပြက်လိုက်ခြင်းကို သတိထားမိသည့်အလျောက် -

"ဒီကောင်ပြက်တာ အဟုတ်ဖြစ်ချင်ဖြစ်နေမှာ" ဟု မှတ်ချက်ချလိုက်လေသည်။

နောက်နေ့ရောက်သောအခါ (နိုဝင်ဘာ ၂၉ ရက်) ပွဲသိမ်း၍ နံနက်လင်းလျှင်လင်းချင်း ကော်ဖီသောက် နံနက်စာ စားပြီးမှ အိပ်လေ့ရှိသော ဦးတင်မောင်သည်

www.burmeseclassic.com

www.burmeseclassic.com



အသုဘအစီအစဉ်တွင် လူဆုံး ရိုက်ယာလက်ကားခ်ိန်နှာက်မှ ပထမဆုံး ကွေ့ မြင်ရသည့် ပန်းဇွေပိုင်းထားသည့် လှုမန်းတင်မောင်၏ ရုပ်ပုံကားချပ် တင်ထားသော ယာဘော်ယာဉ်

မဟာပိန္ဓဇာတ်ရဲ့ ရောက်ကတည်းက အိပ်၍မပျော်သော ရောဂါတစ်ခု ပေါ်လာသဖြင့် အိပ်မမျော်တိုင်း ထွေရာလေးပါး စဉ်းစားရင်း ယမန်နေ့ညက ချစ်ပီး ပြက်လုံးအား သတိရပြီး ကဗျာစပ်လိုက်ခြင်း ဖြစ်လေသည်။

ထို့ကြောင့် ဤကဗျာကလေးမှာ (သူလက်ရာ) နောက်ဆုံး သတိပေးကဗျာအဖြစ် အမှတ်တရ ကျန်ရစ်ခဲ့ခြင်း ဖြစ်လေသည်။

ထူးခြားသည့် လက္ခဏာများ

ဦးတင်မောင်သည် ဒေါ်ချောအား ထမင်းစားမည်ဟုအကြောင်းကြား၍ ရေချိုးပြီး ထမင်းစားသည်။ ခါတိုင်းဆိုလျှင် ထမင်းစားပြီး အိပ်နေက၊ ယခုတော့ နေ့လယ်တွင် ပြန်မအိပ်တော့ဘဲ နှစ်စဉ် အသစ်အဆန်းများ တီထွင်ကပြမြဲ ဖြစ်သည့်အတိုင်း မန္တလေး ၄၅ တာရံ၌ စတင်ကပြခဲ့သည့် လောကနတ်အော်ပရာ၊ ဒေဝဓမ္မ အော်ပရာ၊ တေလပတ္တအော်ပရာ၊ နောက်ပိုင်းဇာတ်အတွက် ညီတော်မင်းနန်ဇာတ်ထုပ်များ ပြင်ဆင်လာခဲ့ပြီး အထက်မြန်မာပြည်တစ်လျှောက် ကပြခဲ့ရာ ကျေကျေလည်လည် စိတ်ချရလောက်အောင် ဖြစ်နေပြီဖြစ်သဖြင့် နောက်ထပ် ဝိဓူရဇာတ်တော်ကြီးကို ကပြရန် စာကျက်၍နေပေတော့သည်။

စာပေကို မြတ်နိုးသူ ဦးတင်မောင်သည် စာကျက်ရာတွင် သူမတူအောင် စွမ်းဆောင်နိုင်သူ တစ်ဦးလည်း ဖြစ်လေသည်။ ရသမျှအချိန်ကလေးတွင် စာများကို နှုတ်တက် အာဂုံရအောင် ကျက်လေ့ရှိ၏။ ယခုလည်း ဝိဓူရဇာတ်အတွက် စာများကို ကျက်မြန်လေတော့သည်။

ကျန်းကျန်းမာမာ ရှင်ရှင်ပျပျ

ဦးတင်မောင်ကား အိပ်မပျော်သောရောဂါကြောင့် တစ်စုံတစ်ရာ ညှိုးနွမ်းငေးမှိုင်ခြင်း မရှိ၊ ကျန်းမာ ရွှင်လန်းပေါ်ပါးစွာရှိ၏။ စာကျက်နေရင်းမှ အညောင်းဆန့်ရင်း မင်းသမီး မူမူအား -

"တို့ ရန်ကုန်ကျရင် ဝိဓူရ ကကြမယ်၊ စာတွေ ရအောင် ကျက်ထား" ဟု ပြောလိုက်သေး၏။

ဒေါ်ထွေးကြင်က -

"ဆံပင်တွေလည်း ရှည်နေပြီ၊ ဆံပင်ကလေးများ ညှပ်ပါဦး"

"အံမာ၊ ကျုပ်က ဆံပင်ရှည်ထားဦးမလို့ဟ၊ ခင်ဗျားတို့ ကျုပ်ကို ကြက်တောင်စည်းကလေးနဲ့ မြင်ရဦးမှာ" ဟု ပြောလိုက်သေး၏။

၁၉၆၇ ခုနှစ် သြဂုတ်လဆန်းတွင် ဆုံပင်ညှပ်ခဲ့၏။ တရုတ်-မြန်မာအရေးအခင်း အေးငြိမ်းစ အူမထွက်ရ အမိန့် မရှပ်သိမ်းမီအချိန်တွင် ရန်ကုန်သို့ ရောက်လာသည်။ မောင်ဝင်းဇိုလ် ရုပ်ရှင်နယ်ကူးလျှင် ဖခင်ကြီး ပို၍ပင်ပန်းမည်စိုးသောကြောင့် သားကြီး မောင်ညွှန့်ဝင်းက -

မှုန်ပြားလုသော ဟိုသက်ကြားမှ မူမေ့ပွားသော ဟိုသက်တင်ဦးမှာ ကြက်ခြေနီတို့ ပြုစုမှုကို ခံယူရသည်အထိ

www.burmeseclassic.com

www.burmeseclassic.com

"ဗိုလ်ဗိုလ်မရှိရင် ဖေဖေ သိပ်ပင်ပန်းနေမှာပေါ့။ ကျွန်တော် လိုက်ပြီး ကူချင်တယ်"

"ဘယ်ဖြစ်မလဲ သားရယ်"

ဤတစ်ခွန်းတည်းနှင့်ပင် သားတို့သည် ခွန်းတို့ မပြန်ဘဲ ဖခင်၏ အစီအမံအတိုင်း နာခံကြလေတော့သည်။ ကွယ်လွန်မည့်ညက အောင်သန်းတင်အား စကားဆန်း တစ်ခု ပြောလိုက်သေး၏။

"နော်ငဆို သားတွေကို ကခိုင်းပြီး ငါကတော့ တောင်ပေးတစ်ချောင်းနဲ့ ကွမ်းဝါးရင်း လိုက်ပြီး ဩဇာပေးနေတော့မယ်"

ဦးတင်မောင် သားများအားကိုးနှင့် သူ၏ အသက် ၆၀၊ ၇၀ အရွယ်အား မျှော်မှန်း၍ ပြောဆိုခြင်းလည်း ဖြစ်လေသည်။ ဦးတင်မောင် ၁၂ လက်မအရွယ် ဓာတ်ပုံကြီး (၂) ပုံပေးအပ်ခဲ့သည်။ ထိုဓာတ်ပုံနှစ်ပုံကား လတ်ဝဲသုန္ဒရအမတ်ဝတ်စုံဖြင့် ရိုက်ထားသော ဓာတ်ပုံတစ်ပုံနှင့် ဝါခေါင်လ မန္တလေးမှ စ၍ကပြခဲ့သော လောကနတ် အကဟန် ဓာတ်ပုံပင်ဖြစ်လေသည်။

အချိန်ကား နေ့လယ် ၂ နာရီ ရှိပေပြီ။ ပက်လက်ကုလားထိုင်တွင် ထိုင်၍ စာကျက်ပြန်သည်။

သားအတွက် နောက်ဆုံးစာ

ထို့နောက် အိမ်သာသို့ သွား၏။ စိတ်ကူးတစ်ခု ပေါက်လာသောကြောင့် အိမ်သာသုံးစက္ကူပေါ်တွင် စာအနည်းငယ် ရေးသည်။ ထို့နောက် -



အပြုံရောင်သံ အပြုံပန်းများဖြင့် ဆင်ယင်ထားသည့် ဘုံသုံးဆင့်ပါမို့ လွှမ်းစောင်းမောင်၏ ပုံအလောင်းမှာ နက်ပေကပ်ဟန် နေရောင်သံအောက်၌ သူပုလိုဆန်အား နှုတ်ဆက်နေသည်နှယ်

ဖခင်ဆုံးပါးကာလပါကို သားတို့ကိုယ်တိုင် အုတ်ဂူရိုရာသို့ ထမ်းပြီးလာကြစဉ် (မောင်ညွှန့်ဝင်း၊ မောင်ဆန်းဆင်းတို့ ရေလုံးမှထမ်းလာသည်ကို ပုံတွင် မြင်နိုင်ပါသည်။)

"ရော့၊ ငါ့သား နှစ်ပါးသွားမှာ ပြောဖို့စကား"

ဟူ၍ အိမ်သာသုံးစက္ကူဖြတ်စ တစ်ခုကို ပေးအပ်လေသည်။

ထိုစာကား ဦးတင်မောင် လက်ရေးနှင့် သားအတွက် နောက်ဆုံး ရေးပေးသွားသော နှစ်ပါးသွား (ဒိုင်ယာလော့ခ်) စာပင် ဖြစ်လေတော့၏။

"မင်းတို့ကို ချစ်ပါတယ်ဆိုတာ နှုတ်နဲ့ ပြောရမှာ မလွယ်လို့ ကိုဆန်းဝင်း အရိုးတွေကို ကလောင်တံထား၊ အသားတွေကို မှင်အဖြစ်ခြေ၊ အရေကိုတော့ စာလွှာသင်္ကာန်ပြု ပရမာဏုမြူလောက် စာလုံးလေးတွေနဲ့ ကဗျာကုံးရေးဇင် ဒီဘဝသာဆုံးလို့ နောင်ဘဝ တုံးချင် တုံးသွားမယ် ကိုဆန်းရဲ့ အချစ်ကဗျာဟာ နိဂုံးမချုပ်သေးပါဘူး"

ထိုညည နှစ်ပါးသွားသီချင်းမှာ အဓိပ္ပာယ်ရှိလှသည်။ မင်းသမီးအောင်သန်းတင်၏ မတ်တော်သော ဆိုင်းဆရာ စန္ဒရား ဆရာစိန်လှမြိုင်အား ခေတ်နှင့်အညီ (နောက်ဆုံး) ဆိုမည့်သီချင်းအား 'အော်'ကာရန်ဖြင့် စပ်ဆိုခိုင်းလေသည်။

သီချင်းမှာ အော်ပါအတိုင်း ဖြစ်လေသည်။

"မြန်ဇမ္ဗူဘောင်၊ အေးမည့် အတိတ်ဆောင် ကေသျောင်ပယ်လျော အပြုံသဘော။ မွေးဇာတာ၊ သေခြာစစ်ကြော (သတ္တရာဇ်ဖြိုကာ၊ ထောင့်သုံးရာ ပြည့်တော့် ဇော ၂) နှစ်ရှည်ကြာ အာယု ဝဇ္ဇေး သုခေါ်-တဲ့။

လယ်ပြည့်ဝန်းမဂ္ဂဇင်း (စက်တင်ဘာလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com



လွှမ်းတင်ဟောင်းနေထိုင်ရာ လက်ဆည်ကန်နေအိမ်မှ အုတ်စက်သုဿန်သို့ ကားလှည်းဖြင့်သည့် နာရီဝင်သို့အရောက်တွင် နလုံးသားတို့ လှုပ်ရှားနေသည့် လွှမ်း၏ အရာ အထောင် အသောင်းမက မျှားပြားလှသော ယိုသတ်ကြီးမှာ

နဝဝိသတိအရှယ် ကျော်လွန်သော ဆယ်ကျော် ညီချောကလေးတွေနဲ့ ချစ်ခြင်းမေတ္တာ၊ အသည်းချင်း နှော၊ ပေါင်းရမည်အဟော မှန်နေပြီကော။

ကိုတင် လိုအင်ဆန္ဒ ခုမှပြည့်ဝ ပြုံးရွှင်ရယ်မော (အချစ်နယ်ကြော)ပ ကိုတင်သဘောကျ တွေ့နေပြီကော၊ မိုးနတ်သို့ချော။

(အများဆို) မြောက်မနေနဲ့ ဇာတ်ဆရာကြီး ကိုတင်မောင် နှစ်ဆယ်ကျော် ကေသျောင်ပယ်လှီး ရိပ်ကြီးခိုမယ် သူ့အပြော၊

ရှက်ကြောက်အား ခုများ၊ မုသားဆိုတာမလျော်၊ စိတ်ပျိုကိုယ်နု အဆိုပြုတာလား ရှင့်သဘော။

(ရွှေမန်းဆက်ဆို) ဒီလို မထင်ကြပါနဲ့၊ တပည့်တွေများ အပေါ် သနားညှာတာ ထောက်မှော် (ကိုတင်-ကိုတင်) သံယောဇဉ်မီးက ကြီးလှပါပတော။

ဦးတင်မောင်သည် ထိုသီချင်းကို ဆိုပြီးနောက် နရီတစ်ပုဒ်ကာ ဆိုင်းကရေလည်စိမ်တီး၍ ဆိုင်းနှင့်အပြိုင် မမောမပမ်းနိုင် အပြိုင် ကလေတော့၏။ ထို့နောက် မောင်ဆန်းဝင်း ကပြီးချိန် ဦးတင်မောင်ကား ကြားထဲမှ အထွက် နားထင်ကြောထဲမှ မျက်ခနဲဖြစ်ကာ မျက်လုံးထဲ ဝင်း ခနဲ ဖြစ်သွားသဖြင့် အနီးရှိ ယိမ်းသူ မခင်ရီအား-

"အစ်ကို့မျက်လုံးထဲ ဘာဝင်သွားတာလဲ၊ ကြည့်စမ်း"

ခင်ခင်ရီ မျက်လုံးကြည့်နေစဉ် မျက်စိနီ၍ သွေးကြောများ သန်းနေသည်ကို တွေ့ရ၏။

"မျက်လုံးထဲ ဝင်းခနဲဖြစ်ပြီး ညာဘက်နားထင်ကစူးတူးတူးဖြစ်နေတယ်"

"ညာဘက်မျက်လုံး နီနေတယ်၊ ဆွေးခြည်တွေဥနေတယ်" ဟု ပြော၏။

သိပ်ဆိုးဆိုးဝါးဝါး မဟုတ်လှ။ လူရွှင်တော်များ ပြက်လုံးထုတ်အပြီး မခင်ရီအား "အေး အေး" ဟု အဖြေပေးလျက် ရှေ့သို့ထွက်ကာ -

"မြန်ဇမ္ဗူဘောင် မြန်ဇမ္ဗူဘောင် အေးမယ့် အတိတ်ဆောင် ကိုတင်မောင်-ကေသျောင်ပယ်လျှော အပြုသဘော မွေးဇာတာ×××"

သီချင်း ဤနေရာအရောက်တွင် ခါးတောင်းကျိုက်ရန် တန်ပြင်၍ ဦးခေါင်းကို ငဲ့လိုက်ရာ မူးမိုက်၍ သွားသဖြင့် ခါးပုံစကိုလွှတ်၊ နားထင်နှစ်ဖက်အား လက်နှင့်ဖိ၍ ကိုယ်ကို မတ်လိုက်စဉ် မဟန်နိုင်ဘဲ ယိုင်ထိုး၍ သွားတော့ရာ ဦးကျော်စိမ်းက ဝင်၍ ဖေးမလိုက်ရ၏။ ကားကြားထဲ တံတွေးထွေးပြီး ဦးကျော်စိမ်း ပခုံးပေါ်မှ လက်ကိုဖြုတ်ချရင်း သီချင်းကို ဆက်ဆိုလိုက်သေး၏။

အသုဘအစီအစဉ်ကို မှတ်စာမှတ်ရုပ်ရှုပ်ဖိုက်ကြသည့် အပွဲအသိုင်းအနှက်မှ အပွဲတစ်ခွဲ မှာ ကားအိုးပေါ်

www.burmeseclassic.com

www.burmeseclassic.com

အသံပီသစွာ မထွက်လာတော့ဘဲ လက်အုပ်ချီကာ ပါးစပ်မှ "ဘုရား. . . ဘုရား" ဟုဆိုကာ ယိုင်လဲမည်ပြုစဉ် ဦးကျောက်စိမ်းကပင် တွဲရသည်။ ဦးအောင်ငွေကလည်း တစ်ဖက်မှ ဝင်တွဲရ၏။ လက်အုပ်ချီလျက် ကားကြားမှ မှန်တင်ခုံဆီသို့ ရောက်ရှိ၍ သွားလေတော့၏။

ထို့နောက် သေအံ့မူးမူးအချိန်၌ ၎င်း၏ စေါင်းပေါင်းအား အသာချွတ်၍ အနီးရှိ ဇာတ်သူဇာတီသားတို့အား အပ်နှံ၍သွားလေသည်။

နောက်နေ့အကူးဖြစ်သော နိုဝင်ဘာလ ၃၀ ရက်၊ ၁၉၆၉ ခုနှစ် နံနက် ၄ နာရီ မိနစ် ၂၀ တွင် သူသံယောဇဉ်ကြီးလှသော ဇာတ်အဖွဲ့ မိသားစု၊ စာပေအနုပညာတို့အား အပြီးအပိုင် စွန့်ခွာ၍ သွားလေတော့သည်။

သူ မနေ့က ကျက်ခဲ့သော **"ဝိဓူရဇာတ်တော်မှ ဒိုချင်း"** စာတို့အား သတိမရနိုင်။ တိုက်တိုက်ဆိုင်ဆိုင် ရှိလွန်းလှသော ဒိုချင်းအား လေ့လာကြည့်ပါ။

"နဂုတ္တမဘုရင်မဟာရယ်××× ကျွန်ုပ် မရဏာဝင်စရာ အကြောင်းမျှော်လို့ သနားပါ၍ ပေါင်းဖော်တဲ့ မယား၊ ကြည်ညိုသဒ္ဓါနဲ့ မှီခိုစရာ ဘယာဝေးကြပြီမို့ မျှော်တွေးကာ အလိလီရှုရစ်ပါတော့၊ ပြည်သူ့မှန်ကင်း ××× ။

အသက်ပေးကာ၊ ထက်ရှေးနွံနာစွာနဲ့၊ ဝန်ဘာကို ထမ်းဆောင်ရွက်သူမို့ ငဲ့ကွက်ကာ ညာတော်မူလို့၊ ကျန်နေသူ ချစ်မယားရယ်နဲ့၊ ခင်တွယ်သူ ရင်ဝယ်ဖွားပါတဲ့ သားမှားအတွက်၊ ဘုရင်မဟာ တစ်မင်းကိုလ၊ အားထားဖို့ အချက် တင်လွှာတော်ကို ××× သွင်း ×××

ဤစာမှာ မနေ့ မနက်က သူ ကျက်ခဲ့သော စာအမှန်ဖြစ်သည်ဟု ကိုမောင်မောင်ထံမှ သိရံလေသည်။ ရုပ်အလောင်းအား မန္တလေးသို့ သယ်ယူ၍ ဂူသွင်း သင်္ဂြိုဟ်လေသည်။

သူငယ်ချင်းဖြစ်သော စိန်အောင်မင်း ကြားသိသောအခါ ယူကျူးမရ သူသူငယ်ချင်းအတွက် နှစ်ပါးသွားတစ်ခုတွင် ဒိုချင်းတစ်ပုဒ်ရေး၍ သူငယ်ချင်းအတွက် တမ်းတ ဆိုဝိုလိုက်၏။

"အသရေနွမ်းလို့ မရွှင်ပေါင် ခင်ဗျာ ××× ရွှေမန်းတင်မောင်ဆိုတာ ကျုပ်သူငယ်ချင်းပါပဲ ×××ရုတ်တရက်

၁၉၇၀ ခုနှစ်တွင် "ဓါကြမ်းပါ" ပြဇာတ်ကို ကိတ်ဖြင့်ဖြတ်သည်။ ဓါကြမ်းပါ ပြဇာတ်တွင် လှမန်းတင်မောင်နှင့် အောင်သန်းတင်တို့ ဇနီးမောင်နှံအဖွဲ့ပြင့်

သတင်းဟာ တစ်ခါမပြန်လာဘူးတဲ့ ××× မရဏာသံဆိုတာ အဆုံး အနုပညာသည်ပါ ဟုတ်ဖို့ ××× ပြုပြင်စရာ အသွယ်သွယ် ထိပ်ခေါင်က ပေးခဲ့သူမို့ ××× စိတ်မရှင်စိတ်တွင် မအေးရပါကလ (အမယ်လေး) ဆွေးရပါပေါ့ဟု၊ အသည်းစိုင်နှလုံးပြေပြစ်တဲ့ ကျုပ် သူငယ်ချင်းအတွက် မျက်ရည်တွေဖုံး ×××"

ထိုအချိန် ကက်နက်စိန် ဇာတ်အဖွဲ့ကြီးကား ဗိုလ်တထောင်ဘုရား ဇာတ်ရုံကြီးတွင် တပြေနေချိန်၊ သီသောအချိန်၊ အပူလုံးကြွ၍ နှစ်ပါးသွားကစဉ် သီချင်းစပ်၍ ငိုပြန်လေသည်။

(တေးထပ်ငို) "အလွေဝ သုဝေဝ၊ ခုတွေးဆပြန်လှန်၊ ယနေ့လား၊ နက်ဖြန်၊ ရက်မှန်မှန်မသိ အနိစ္စလက္ခဏာ သန်ဘက်ခါဆုံးစမှီ တရားမြတ်ဒေသနာမှာ သေချာစွာ လာဘိ၊ ဖြေပါတယ် မချိလို့ တတီတီ ဆွေးပူ၊ ရွှေမန်းတင်မောင် တစ်ဘဝ လားသူကိုဖြင့် ခဏခြား တမ်းတကာငို ကျန်ရစ်တဲ့ စိန်ညီအစ်ကိုမှာ ကြိမ်နီကို မီးတင်အုံးသလိုပ ခရီးတွင် အဆုံး၊ ကာလက်တာနဲ့ ဆိုးလှချည့် အမှန်၊ သုဂတိ သူရောက်ရန်ကို နိုင်ငံပါ ကူကြပါ သတ္တ . . . လေး"

www.burmeseclassic.com

www.burmeseclassic.com

ရွှေမန်းတင်မောင်၏ရုပ်ကလာပ် မြေသို့ချပြီးသည် နှင့်တစ်ပြိုင်နက် မည်သူမျှ မျှော်လင့်မထားသော အခြင်း အရာ တစ်ရပ်အား တအံ့တသြ တွေ့လိုက်ကြရ၏။

သားကြီး မောင်ညွန့်ဝင်း

သားလတ် မောင်ဝင်းဝိုလ်

သားငယ် မောင်ဆန်းဝင်းတို့ သုံးဦး ဖခင်ကြီးအား ရှိခိုးဝတ်ဖြည့်ရာမှထ၍ ဖြိုင်ဖြိုင်စီးကျသော မျက်ရည်များ ကြားမှ ကြိုတင်ရေးသားထားသော စာရွက်ကိုထုတ်ကာ အုတ်ဂူမြေကြီးကို အသီးသီးဆုပ်လျက် -

ဖေဖေခင်ဗျား -

ဖေဖေချစ်သော ပြည်သူလူထုအတွက် ဖေဖေ၏ ထက်မြက် မွန်မြတ်လှသော အနုပညာဖြင့် ဦးခေါင်း မြေထိ ကြိုးပမ်းဆောင်ရွက် အသက်ကို စတေးခဲ့ပါပြီ။

ဖေဖေမြတ်နိုးတဲ့ အနုပညာကို ဖေဖေ့တိုယ်စား သားတို့ စွမ်းဆောင်နိုင်သမျှ ဆက်လက်ထမ်းဆောင် ခြင်းဖြင့် ဖေဖေ့ကို ကျေးဇူးဆပ်ပါ့မယ်လို့ ဖေဖေ့ရှေ့မှာ ကတိသစ္စာ ပြုပါတယ်။ ဖေဖေထားခဲ့တဲ့ သစ္စာနဲ့ မေတ္တာဆောင်ပုဒ်အတိုင်း သားတို့ ဆက်လက် ကျင့်သုံး သွားကြပါမယ်။

ညွန့်ဝင်း၊ ဝင်းဝိုလ်၊ ဆန်းဝင်း

ဟူ၍ သံပြိုင်ဖတ်ပြီး ဆုပ်ထားသောမြေကြီးများ ကို စတင်ကြဖြန့်ကာ ကတိသစ္စာ စာရွက်ကို ဖခင်၏ ရုပ်ကလာပ်ပေါ်သို့ တင်ပေးပြီး ကျန်စာရွက်ကို သိမ်း လိုက်သည်နှင့်တစ်ပြိုင်နက် မြေသင်းခဲများအား အုတ်ချပ် များ တစ်ချပ်ပြီး တစ်ချပ် ဖုံးကာဆီး၍ သွားလေတော့ သတည်း။

ဆန်းဝင်း(အောင်မြေ)

ကျမ်းကိုးစာမှီး

ဆန်းညွန့်ဦး ဦးလှခင်၊ စာနိုင်ငံ ဦးဝင်းမြင့် တို့၏ 'ရွှေမန်းတင်မောင်၏ နောက်ဆုံးခရီး' မှ မှီငြမ်းပါ သည်။

မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့

နက္ခတ္တ လက္ခဏာနှင့် ဓွယ်ဓုံပညာရှင်

ဆရာအောင်ကျော်ခိုင်

အိမ်ထောင်ရေးဒုက္ခတွေ့နေသလား။ စီးပွားရေးအခက်တွေ့နေသလား။ အိမ်ခြံမြေ တိုက်ခန်း ရောင်းထွက်ချင်သလား။ အိမ်ကအမျိုးသားက ခြေလှမ်းများများနေသလား။ အမျိုးသမီးက ပုံမှန်ဟုတ်ရဲ့လား။ သားသမီးတွေ ပြောစကား နားမထောင်ဘူးလား။ နိုင်ငံခြားခရီး ကြာနေသလား။ ကြွေးတွေက တောင်းမရလို့ စိတ်ညစ်နေသလား။ အတိုက်အခံတွေ ပေါ်သလား။ ဈေးရောင်းကောင်းချင်လား။

ဒါတွေ ခက်နေတာ လွယ်ပို့ သင် ဆရာနဲ့တွေ့ပို့ အချိန်တန်ပြီ

ဟောခန်းတည်နေရာ ➡ ဆုတောင်းပြည့် အောင်မြေသာယာစေတီတော် မြောက်ဘက်မှာ သူတော်စင်များနန်းအိမ်။

လမ်းညွှန် ➡ ဂုံးလမ္ဘတိုင်၊ လိုင်သာယာပို့နယ် ဆင်း ရောက်ပြီ။

ဖုန်း ➡ ၀၉-၄၂၀၀၇၂၇၃၊ ၀၉-၇၉၁၁၀၃၀၃ (ပိတ်ရက်မရှိပါ)

(အခါပေးအမျိုးမျိုး၊ ဗေဒင်ဟော၊ ဇာတာဖွဲ့၊ အတိုက်အခိုက်ရှင်း၊ ဓာတ်ရိုက်ဓာတ်ဆင်နှင့် အဆောင်ယာကြာကိစ္စများ အထူးဆောင်ရွက်ပေးပါသည်။)

www.burmeseclassic.com



ကျွဲကြီးပြတ်ခဲ့သော် နို့သီးသမားများ ငတ်ကြမလဲဟင်

သန်းမြင့်

www.burmeseclassic.com

www.burmeseclassic.com

လွန်စွာမှ ဝေးလံသည့် ချုန်မိုင်းဆိုသော နယ်ခြားမြို့လေး တစ်မြို့။ ထိုမြို့သည် စည်ကားသောမြို့လေးတစ်မြို့ဖြစ်သည်။

ဒုစရိုက်သမားများ ပျော်ရာ၊ ကျင်လည်ကျက်စားရာ နေရာဟုဆိုပါလျှင် မှားအံ့မထင်။ ထိုမြို့လေး၏ ကြီးမားခမ်းနားသော အဆောက်အအုံအတွင်း ရုံးခန်းတစ်ခန်းတွင် -

"ခင်ဗျားကို ကျွပ် အကြွင်းမဲ့ယုံကြည်တယ်၊ ခင်ဗျားတို့လောကမှာ ခင်ဗျားဟာ သစ္စာအရှိဆုံးပဲ၊ ဒါ့ကြောင့်လည်း ကျွပ် သူများတွေပေးတာထက် အများကြီးပိုပေးထားတယ်၊ ရော့... ဒါက စရန်အဖြစ်ယူထား သိန်းနှစ်ရာ"

စကားဖြောရင်းမှ သိန်းနှစ်ရာငွေထုပ်ကြီးကို လက်ဆွဲအိတ်ကြီးထဲမှ ထုတ်၍ စားပွဲပေါ်သို့ ပစ်တင်လိုက်၏။

"ကျန်တဲ့ငွေ သိန်းသုံးရာကိုတော့ ခင်ဗျားအလုပ်ဖြစ်ပြီး ပြန်လာတဲ့နေ့ ချေမယ်၊ ဒီနေ့ကစပြီး ကိုးရက်အတွင်း ကိစ္စပြတ်အောင်လုပ်ခဲ့၊ ခင်ဗျားအပြတ်ရှင်းပေးရမယ့် လူနာမည်က ပါတ်ကား ဇမောင်မောင်၊ မှတ်ထား"

"ဩော်- ပတ်ကားမောင်မောင်တဲ့လား၊ သစ္စာရှင် ကြေးစားလူသတ်သမား အောင်အောင်နဲ့ ပတ်ကား မောင်မောင်တို့ လယ်ပြင်မှာ ဆင်သွားသလို ထင်ထင်ရှားရှား တွေ့ကြရပြီပေါ့"

နှုတ်မှ ပြောလိုက်ခြင်းမဟုတ်၊ အောင်အောင် စိတ်ထဲမှပြောနေခြင်းသာဖြစ်သည်။

"အခုတော့ သူ့နာမည်ပဲ သိထားဦး၊ သည်ချုန်မိုင်းမြို့ကနေ ခင်ဗျားဆိုင်ကယ်နဲ့သွားရင် တစ်နာရီခွဲဆာသာသွားရလိမ့်မယ်၊ ကွမ်ဆိုင်ရွာတိုင်းကို ရောက်လိမ့်မယ်။

အဲဒီရွာမှာ ကျွပ်တပည့် လူယုံထော်ဖြစ်တဲ့ 'ယက္ခ' ဆိုတဲ့လူကို တွေ့လိမ့်မယ်၊ သူ့အိမ်ကို ညကျမှဝင်၊ မိုးချုပ်လေ ကောင်းလေပဲ၊ သူက ခင်ဗျားအပြတ်ရှင်းရမယ့် လူရဲ့ ဓာတ်ပုံကို ထုတ်ပေးလိမ့်မယ်၊ သူနေတဲ့ အိမ်လိပ်စာကိုလည်းပေးမှာပါ။ အကြောင်းစုံပြောပြပါလိမ့်မယ်၊ အဲဒီမှာ စားသောက်ပြီး တစ်ညအိပ်၊ ယက္ခ အစစအရာရာ စီစဉ်ပေးပါလိမ့်မယ်၊ မိုးလင်းလင်းချင်း သူညွှန်ကြားတဲ့ဆီ သွားပေတော့၊ ကျွပ် အကြွေစင်းကြားထားပြီးပြီ၊ ကဲ- ကျွပ်လူတွေ ဖုန်းဆက်ထားလို့ ကျွပ်လည်း အလုပ်ကိစ္စ သွားလိုက်ဦးမယ်"

"ဟုတ်"

အောင်အောင်သည် သူဌေးပြောသည့်စကားကို အစမှအဆုံးတိုင် နားထောင်နေပြီး စကားဆုံးတော့မှ 'ဟုတ်' တစ်လုံးသာ ပြောနိုင်ခဲ့၏။ သူဌေးသည် လက်ဆွဲအိတ်ကြီးကို ကိုင်၍ ရုံးခန်းအပြင်သို့ ထွက်သွားခဲ့လေပြီ။

သည်တော့မှ အောင်အောင်သည်လည်း စားပွဲပေါ်မှ ငွေသိန်းနှစ်ရာကိုယူပြီး လက်ဆွဲအိတ်ကြီးအတွင်းသို့ ထည့်ကာ ရုံးခန်းအပြင်သို့ ထွက်လာခဲ့လေ၏။

ရုံးအပြင်တွင် အောင်အောင် စီးနေကျ လက်စွဲတော် အဆင့်မြင့် နောက်ဆုံးပေါ် ဆိုင်ကယ်ကြီးဖြင့် အသင့်ဆီးကြိုနေလေ၏။

▼

ဒုစရိုက်လောကမှ မကောင်းမှုဒုစရိုက်လုပ်ငန်းကို လုပ်တာချင်းအတူတူ ဖြတ်ရိုက်၊ ဖြတ်စား၊ ဖြွှာခုတ်၊ လူလည်ကျ၊ ကလိမ်ကကျစ်လုပ်၊ ယုတ်မာ၊ ပက်စက်သူကိုမှ ကြေးများများယူပြီး လူသတ်နေသော ကြေးစားလူသတ်သမား အောင်အောင်။

အောင်အောင်သည် သစ္စာရှိသည်၊ သည့်ကြောင့် 'သစ္စာရှင် လူသတ်သမား' ဟု သူတို့လောကတွင် နာမည်ကြီးသည်။

ကြေးစားလူသတ်သမား အောင်အောင်သည် သူ့အပေါ် သူ၏လိုအပ်ချက်ကို ဖြည့်ဆည်းဖူးသူ၊ ဖြည့်စွက်ဖူးသူ၊ ကူညီဖူးသူ၊ ကျေးဇူးပြုသူများကို ကျေးဇူးရှင်ဟု သတ်မှတ်သည်။

ဤသို့ ကျေးဇူးရှင်ဟု သတ်မှတ်ခံရသူများကို အောင်အောင်သည် အဟိ သောအခါမှ မသတ်တော့ချေ။ ငွေကိုပုံပြီး ပေးစေဦးတော့ သူသတ်မည်မဟုတ်။

အောင်အောင်သည် ဟိုနား သည်နားမှလွဲ၍ ခရီးရှည်ထွက်တော့မည်ဆိုလျှင် အကောင်းစား။ အဆင့်မြင့်၊ ဂျပန်ဖြစ်အမျိုးအစားဖြစ်သော လက်စွဲတော်ဆိုင်ကယ်ဖြင့် သွားလေ့ရှိသည်။

အီတလီနိုင်ငံလုပ် ခြောက်လုံးပြူး သေနတ်တစ်လက်၊ အဆင့်မြင့် အကောင်းစား ဂျပန်နိုင်ငံဖြစ် မီးခြစ်တစ်လုံး၊ ၎င်းမီးခြစ်သည် ဓာတ်ပုံရိုက်သည့် ကင်မရာပါသည်။ မိမိသော်က်မည်ဖြစ်သော စီးကရက်ကို မီးညှိရန် ခလုတ်တစ်ချက် နှိပ်လိုက်ရုံဖြင့် မီးတောက်ကလေး ထွက်လာ၏။ ၎င်းမီးတောက်ကလေး ထွက်လာသည်နှင့် နှုတ်ခမ်းတွင် တေ့ထားသော စီးကရက်ကို မီးညှိလိုက်သလို ရှေ့တွင်ရှိနေသော မိမိရိုက်လိုသည့် လူကို လည်း ဓာတ်ပုံရိုက်ပြီးသားဖြစ်သွားသည်။ (မလိုအပ်လျှင် ကင်မရာပါသောခလုတ်ကို နှိပ်စရာမလို၊ မီးညှိရန်ခလုတ်သာ နှိပ်ရသည်)။

ဤနည်းဖြင့် ဤမီးခြစ်ဖြင့် မိမိကို ကူညီနေသူ၊ ကျေးဇူးပြုနေသူ၊ ကျေးဇူးရှင်ကို ဓာတ်ပုံရိုက်၍ ယူထားလေ၏။

ဒါနှင့်မပြီးသေး၊ မှတ်တမ်းစာအုပ်လေးထဲတွင် ထိုလူ ကွယ်ရာကျမှ မှတ်ချက်မှတ်ချမ်းရေး၍ ကျေးဇူးရှင် အဖြစ် သတ်မှတ်ချက်ပြုလေ၏။ ဓာတ်ပုံရိုက်လိုက်သည်ကိုလည်း ထိုသူ မသိရချေ။

ကျေးဇူးပြုဖူးသူ၊ ကျေးဇူးရှင်တိုင်းကို ဓာတ်ပုံရိုက်ယူထားပြီး စာအုပ်လေးထဲတွင် မှတ်တမ်းမှတ်ရာ ပြုနေခြင်းသည် အောင်အောင်၏ လွန်စွာမှ ကောင်းမွန်သောအကျင့်ဟု ဆိုရမည်။

အောင်အောင်သည် အဆင့်မြင့် စားသောက်ဆိုင်ကြီး အတွင်းသို့ ဝင်

www.burmeseclassic.com

www.burmeseclassic.com

လိုက်၏။ ချောင်ကျကျ၊ လူမရှိသော စားပွဲထိုင်းတွင်နေရာယူလိုက်ပြီး အကြိုက်ဆုံးအရက် (RUM) ငါးပက်ကို အရင်ဆုံးမှာယူပြီး တစိမ့်စိမ့်သောက်နေ၏။ နှစ်ပက်ကျော်ကျော် ကုန်သွားမှ ခေါက်ဆွဲကြော်တစ်ပွဲ၊ ဝက်စွပ်ပြုတ်တစ်ပွဲကို မှာယူပြီး မြိန်ရေရှက်ရေ စားနေတော့သည်။

စားပြီးသွားမှ သုံးပတ်နီးပါး ကျန်ရှိနေသော (RUM) ကို ဇိမ်ခံသောက်ရင်း အသင့်ပါလာသော ငါးသုံးလုံး စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို ထုတ်၍ မီးညှိပြီး တရှိုက်မက်မက် သောက်၏။ (RUM) ကိုမော့လိုက်၊ စီးကရက်ခဲလိုက်ဖြင့် အချိန်သည် ကုန်မှန်းမသိ ကုန်သွားသည်။ နာရီကြည့်လိုက်တော့ ငါးနာရီတိတိ။

'ကွမ်ဆိုင်ရွာကို ငါ့ဆိုင်ကယ်နဲ့သွားရင် တစ်နာရီခွဲသာသာ မောင်းရတယ်လို့ ပြောတယ်၊ ဟိုရောက်ရင် မိုးချုပ်မှဝင်ရမှာ၊ ဒီတော့ ငါ အခုအချိန်က သွားရင် အတော်ပဲ'

ဟု တွေးမိပြီး ကောင်တာတွင် ကျသင့်ငွေကို ရှင်းပေးပြီး လက်စွဲတော်အဆင့်မြင့်ဆိုင်ကယ်ကြီးဖြင့် ကွမ်ဆိုင်ရွာသို့ အသွေးနှင်လေ၏။

လေးဆယ့်ငါးမိနစ်မျှ ကြာသွားသည် ထင်၏။ ဤနေရာသည် လမ်းကျဉ်း၏။ လမ်းကြမ်း၏။ လမ်း၏ဘေးဝဲယာတွင် ရော်ဘာပင်ကြီးများ အစီအရီပေါက်နေကြသည်။ သည်လမ်းသည် လူပြတ်သည်။ မည်သူ တစ်ဦးတစ်ယောက်မျှ မတွေ့ရ။ လမ်းသွားလမ်းလာ မရှိ။

သစ်ပင်များ အုပ်အုပ်ဆိုင်းဆိုင်းရှိနေ၏။ အလင်းကြီး မဟုတ်၊ လုံးဝတော့ မမှောင်သေး။ နေဝင်ရီဖျိုးဖျအချိန်၊ အောင်အောင်သည် ဆိုင်ကယ်ကို အရှိန်ဖြင့်မောင်းလာမိသည်။ လမ်းကျဉ်းသည် ဆိုရာ၌ ဆိုင်ကယ်တစ်စီးကောင်းကောင်းသွားလို့ရသည်။ သည်လမ်းသည် ဖြတ်လမ်းဟုထင်ရ၏။

လမ်း၏ သုံးချိုးနှစ်ချိုး အရောက်တွင် ဆိုင်ကယ်သည် တုံ့ခနဲရပ်သွား၏။

'ငါ ဆီအပြည့် ထည့်ခဲ့တာပါ။ ဆီကြောင့်တော့ မဟုတ်တန်ရာ'

တွေးမိသည်။

ဇောက်ဆင်းပြီး စေ့စေ့စပ်စပ် ကြည့်သည်။ အပြစ်ကို ရှာမတွေ့၊ အဖြေက ထွက်မလာ၊ အောင်အောင် ဇော ချွေးများပြန်လာသည်။ သည်လိုပုံနှင့်ဆို မိုးလုံးလုံးချုပ်တော့မည်။ တကယ်မှောင်လာတော့မည်။ အဲဒါမှ အခက်ပဲ။ အခက်ကြုံပြီး စိတ်မော၊ လူမောဖြင့် ဇောချွေးပြန်ပြီး ဘာလုပ်ရ၊ ဘာကိုင်ရမှန်းမသိ ဖြစ်နေစဉ် -

ဘယ်ကဘယ်လို ပေါက်လာသည်၊ ရောက်လာသည်မသိ။ လူတစ်ယောက်၊ ထိုသူသည် အောင်အောင် အနားသို့ ရောက်လာ၏။ အမှတ်မထင် ရောက်လာသော ထိုလူကို အောင်အောင် အံ့ဩသွားသည်။ အံ့ဩခြင်းနှင့် အတူ လွန်စွာမှလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။

"ဒီမှာ မိတ်ဆွေ၊ ခင်ဗျားဆိုင်ကယ် ဘာဖြစ်နေလို့လဲ၊ မောင်းမရတော့ဘူးလား"

ထိုလူသည် အနားသို့ရောက် ရောက်ချင်း မေးလိုက်ခြင်းဖြစ်၏။

"ဟုတ်တယ်၊ ကျွန်တော့်ဆိုင်ကယ် မောင်းလို့ကိုမရတော့ဘူး၊ စက်နှိုးလို့လည်း မရဘူး၊ ဘာဖြစ်မှန်း မသိပါဘူးဗျာ" ဟု အောင်အောင်သည် ညည်းညည်းညူညူ ပြောလိုက်၏။

"အင်း၊ ခင်ဗျားဆိုင်ကယ်ကို တစ်ရှိန်ထိုး မောင်းလာတယ်ထင်တယ်၊ နောက် ဒီလို လမ်းကျဉ်းတဲ့နေရာမှာ မမောင်းပါနဲ့ဗျာ၊ မနေ့က ဒီအချိန်မှာပေါ့၊ တိတိကျကျပြောရရင် အခု ဘယ်နှနာရီ ရှိပြီလဲ" ဟု အောင်အောင်ကို မေးလိုက်၏။

အောင်အောင်သည် လက်မှ နာရီကိုကြည့်ပြီး -

"၆ နာရီ" ဟု ပြောလိုက်သည်။

"အဲ. . . ၆ နာရီတိတိမှာပါပဲ၊ လူတစ်ယောက် အခုလိုပဲ ဆိုင်ကယ်ကို အရှိန်ပြင်းပြင်းနဲ့မောင်းလာတာ ဒီနေရာပဲ၊ ဟိုသစ်ပင်နဲ့ ဝင်အောင်းတာ၊ လူက တခြား၊ ဆိုင်ကယ်တခြား ဖြစ်သွားတယ်၊ ဆိုင်ကယ်တာ တော်တော် ပျက်စီးသွားတယ်၊ လူက သစ်ပင်နဲ့ဆောင့်ပြီး အားကုန် လမ်းပေါ်ကိုပစ်ကျသွားတာ ပက်လက်ကြီး၊ ချက်ချင်း အသက်ပျောက်သွားပါရောလား၊ ပွဲချင်းပြီးကို အသေဆိုးနဲ့ သေသွားတာပါပဲဗျာ၊ ဒီမှာတွေ့လား သွေးကွက်တွေ၊ အခုမှ ခြောက်ခါစ ရှိသေး. . . "

ဟု အနီးရှိ သွေးကွက်ကို လက်ညှိုးထိုးပြီးပြသည်။

ထိုလူပြမှ အသေအချာ ကြည့်မိသည်။ ဟုတ်သည်။ သွေးကွက်ကြီး။ တစ်ဆက်တည်းမှာပင် -

"ကဲ. . . ကဲ ခင်ဗျားဆိုင်ကယ်ကို ကျွန်တော်ကြည့်ပေးပါ့မယ်၊ နည်းနည်းပါးပါးတော့ နားလည်ပါတယ်ဗျာ"

ဟုပြောပြီး ဆိုင်ကယ်ကို စေ့စေ့စပ်စပ် လိုက်ကြည့်သည်။

ဆိုင်ကယ်ပေါ် တက်ခွပြီး စက်နှိုးလိုက်သည့်အခါ ချက်ချင်းပင် စက်နှိုးလာသည်။

အောင်အောင် တအံ့တသြဖြစ်ပြီး ဝမ်းသာလိုက်သည့် ဖြစ်ခြင်း။

'ငါ ကလိတာကျတော့ စက်ကမနိုးဘူး၊ သူက ကြည့်ရုံကြည့်ပြီး ဆိုင်ကယ်ပေါ် တက်ခွပြီး စက်နှိုးလိုက်တာနဲ့ နိုးလာတယ်၊ အင်း. . . ထူးတော့ထူးတယ်' ဟု အောင်အောင် တွေးမိပါသေးသည်။

မထင်မှတ်သော်နေရာ၊ မှောင်လုဆဲအချိန်၊ ဒုက္ခနှင့် ရင်ဆိုင်တွေ့နေရသည့်အခိုက်တွင် မမျှော်လင့်ဘဲ ကူညီမည့်သူ၊ ကယ်တင်ရှင်ကြီးရောက်လာ၍ အောင်အောင် လွန်စွာမှ ဝမ်းသာမိသည်။ ကျေးဇူးအခါခါ တင်နေမိသည်။

အောင်အောင်သည် 'အကို' အိတ်ထဲမှ ငါးသုံးလုံးစီးကရက်ဘူးကို

www.burmeseclassic.com

www.burmeseclassic.com

ယူပြီး စီးကရက်နှစ်လိပ်ကို ထုတ်လိုက်၏။ တစ်လိပ်ကို နှုတ်ခမ်းတွင် တေ့ထားပြီး ကျန်တစ်လိပ်ကို ထိုလူကိုပေးသည်။

"ရော့ သောက်ဗျာ စီးကရက်၊ ခင်ဗျားကို ကျေးဇူးတင်တယ်"

"ကျေးဇူးတင်စရာ မလိုပါဘူးဗျာ၊ ကူညီထိုက်လို့ ကူညီရတာပါ။ ကျွန်တော် ဆေးလိပ်မသောက်တတ်ပါဘူး၊ ပြန်ထည့်ထားလိုက်ပါ"

အောင်အောင်သည် ထိုလူပေးသော စီးကရက်ကို ဘူးအတွင်းသို့ ပြန်ထည့်ပြီး အဆင့်မြင့် ဂျပန်ဖြစ်အကောင်းစား မီးခြစ်ကိုထုတ်၍ ခလုတ်တစ်ချက်နှိပ်ပြီး နှုတ်ခမ်းတွင် တေ့ထားသော စီးကရက်ကို မီးညှိလိုက်လေ၏။

ခလုတ်နှိပ်၍ မီးတောက်ကလေး ထွက်လာသည်နှင့် စီးကရက်ကို မီးညှိပြီးဖြစ်သလို ရှေ့တွင်ရှိသော ကျေးဇူးရှင်ကြီးကိုလည်း ကင်မရာဖြင့် ဓာတ်ပုံရိုက်ယူပြီးသား ဖြစ်သွားသည်။ မှတ်တမ်းစာအုပ်လေးထဲတွင် မှတ်တမ်းရေးရပါဦးမည်။

"မိတ်ဆွေနာမည် ဘယ်လိုခေါ်လဲ၊ နာမည်လေးတော့ သိခွင့်ပြုပါဗျာ၊ နောင် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ခင်ဗျားကျေးဇူးကို ဆပ်ချင်ပါသေးတယ်"

"ဟာ... မလိုပါဘူးဗျာ၊ ကျွန်တော် ဘာဆိုဘာမှ မမျှော်လင့်ပါဘူး၊ ကျွန်တော် ပြောပြီးပြီပဲ၊ ကူညီသင့်လို့ ကူညီတာလို့ပဲ သဘောထားပါတယ်၊ ကဲ... ကဲ မှောင်စပြုနေပြီ၊ ဒီလမ်းကျဉ်းလေးထဲမှာတော့ မှန်မှန်နဲ့ ဖြည်းဖြည်းသာမောင်း၊ ဆယ်မိနစ်လောက်ပဲ မောင်းရမှာပါ၊ လမ်းဆုံးသွားလိမ့်မယ်၊ လမ်းကျယ်ကြီးရောက်ရင် ခင်ဗျားစိတ်ကြိုက် မောင်းလို့ရပြီ၊ ကွမ်ဆိုင်ရွာကြီးကို နာရီဝက်သာသာပဲ မောင်းရတော့မှာပါ။

ကဲ- သွားတော့ မိတ်ဆွေကြီး ရေ့ ကြော်- နာမည်ပြောဖို့ မေ့နေတယ်၊ ထွန်တော့်နာမည် မောင်မောင်"

"မောင်မောင် တဲ့လား၊ ကျွန်တော်သွားပြီ ကိုမောင်မောင်ရေ"

ဟု နှုတ်ဆက်ပြီး လက်စွဲတော်ဆိုင်ကယ်ကြီးဖြင့် လမ်းကျဉ်းလေးထဲတွင် ဖြည်းဖြည်းနှင့်မှန်မှန် မောင်းနေရင်းမှ -

"အင်း... ငါသတ်ရမယ့်လူက ဒုစရိုက်သမီးကောင် ပါတ်ကား မောင်မောင်၊ အခု ငါ့ကို ကျေးဇူးပြုလိုက်တဲ့ ကျေးဇူးရှင်နာမည်က မောင်မောင်၊ လူရိုးလူကောင်းပါ။ လူကောင်းမို့လည်း ငါ့ကို ကူညီတာပေါ့လေ' ဟု တွေးမိပါသေးသည်။

▼

ကိုယက္ခအိမ်ရောက်တော့ ည ၇ နာရီခွဲနေပြီ။ ကိုယက္ခသည် အောင်အောင့်ကို လှိုက်လှိုက်လဲ့လဲ့ ကြိုဆိုသည်။ အကောင်းဆုံး ချက်ပြုတ်ထားသော ဟင်းလျာများဖြင့် ဖွယ်ဖွယ်ရာရာ စည့်ခံ ကျွေးမွေး၏။ အောင်အောင် ကြိုက်သော အရက်ဖြင့် ည့ဉ်တ်ပြုပါသေးသည်။

စားရင်းသောက်ရင်း စကားပြောကြရင်းဖြင့် ည ၉ နာရီ ထိုးသွားပြီပဲ။ သည်တော့မှ လုပ်ငန်းအကြောင်း စပြောသည်။

"ခင်ဗျား မိုးလင်းတာနဲ့ မာန်ဆိုင်းဆိုတဲ့ တောမြို့လေးကို သွားရမယ်၊ ခင်ဗျားဆိုင်ကယ်နဲ့ နှစ်နာရီနီးပါး မောင်းရင် ရောက်တယ်၊ အဲဒီမြို့လေးမှာ ခင်ဗျား ရှင်းပေးရမယ့် ပါတ်ကားမောင်မောင် နေတယ်လေ၊ ရော့... သူ့ဓာတ်ပုံ၊ ဒါက သူနေတဲ့ အိမ်လိပ်စာကတ်၊ ခင်ဗျားယူထား"

ဟု ဓာတ်ပုံနှင့် အိမ်လိပ်စာကို ကိုယက္ခဆိုသူက ပေးပါသည်။

အောင်အောင်သည် ကိုယက္ခပေးသော ဓာတ်ပုံနှင့် အိမ်လိပ်စာကတ်ကို လှမ်းယူပြီး၊ လိပ်စာဖတ်ပြီး၊ အင်္ကျီအိတ်ကပ်အတွင်းသို့ ထည့်လိုက်၏။ နောက် ဓာတ်ပုံကို စူးစူးစိုက်စိုက် ကြည့်လိုက်မိသည်။

"ဟင်..."

အောင်အောင် အံ့သြသွားသည်။ မအံ့သြဘဲ မနေနိုင်တော့။ သူသတ်ရမည့် ပါတ်ကားမောင်မောင်၏ ဓာတ်ပုံသည် လမ်းကျဉ်းလေးထဲတွင် သူ့ကို ကူညီသမှု ကျေးဇူးပြုခဲ့သော မောင်မောင်နှင့် တစ်ရုပ်တည်း၊ တစ်ထေရာတည်း၊ တစ်ပုံစံတည်းပဲ ရှိတ်စွတ်၊ တူမှတူ။

"လူတူမရှား၊ နာမည်တူမရှားပါလေ" ဟု အတွေးဝင်နေစဉ်...

"ဘာလဲ... ခင်ဗျား သူ့ကိုသိနေလို့လားဟင်" ဟု ကိုယက္ခက မေးလိုက်သည်။

"မသိပါဘူး... မသိပါဘူး" ဟု အောင်အောင် ပျာပျာသလဲ ဖြေမိသည်။

"အင်း... အခုအချိန်မှာတော့ ဇဝေဇဝါနဲ့ အဖြေရှာမနေဖြစ်နေဦးမှာ၊ မာန်ဆိုင်းကိုရောက်မှ သူ့အိမ်သွားပြီး တွေ့မယ်၊ အိမ်မှာမရှိရင် မြို့ထဲမှာ မတွေ့တွေ့အောင် လိုက်ရှာမယ်၊ သူ့ကို တွေ့မှ အသေအချာ ရှေ့ရှုရာရာ ဖြစ်မှာ၊ တိတိကျကျ သိရပြီး အဖြေမှန်ပေါ်မှာ"

ဟု တွေးနေရင်းမှ ကိုယက္ခ ပြင်ထားပေးသော အိပ်ရာတွင် အဆင်သင့် အိပ်ရာဝင်ရင်း နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားပါတော့သည်။

▼

သစ္စာရှင် ကြေးစား လူသတ်သမား အောင်အောင်သည် မိုးလင်းလင်းချင်း လက်စွဲတော်ဆိုင်ကယ်ဖြင့် မာန်ဆိုင်းဆိုသော တောမြို့လေးသို့ မောင်းလာခဲ့သည်။ နှစ်နာရီနီးပါး မောင်းလာသည်ဖို့ ချောချောမောမော ရောက်သွားသည်။ အိမ်လိပ်စာကတ် ပါလာသည်ဖြစ်၍ သိပ်မရှာလိုက်ရ။

တွေ့ပြီ။ ဒီအိမ်မှ ဒီအိမ်ပါပဲ။ ထူးတာက အိမ်ရှေ့တွင် ကနားဖျင်းကြီး ထိုးထားသည်။ ဒါ... အသုဘအိမ်ပဲ။

"ပါတ်ကားမောင်မောင်အိမ်မှာ သူတို့မိသားစု တစ်ယောက်ယောက်

www.burmeseclassic.com

www.burmeseclassic.com

သေတယ်ထင်တယ်၊ ဒီလိုဆိုရင်တော့ ဒီအိမ်မှာပဲ သူ့ကိုတွေ့မှာ သေချာပြီ"

ဟု အတွေးဝင်ပြီး အိမ်ထဲသို့ တန်းဝင်သွားသည်။

အိမ်ထဲတွင်ကား လှလှပပပြင်ဆင်ထားသော အခေါင်းကြီး၊ အခေါင်းထဲတွင် အသုဘ အလောင်းကောင်။ အဖုံးသည် မပိတ်ရသေး။

အောင်အောင်သည် အခေါင်းထဲမှ အလောင်းကောင်ကို သေသေချာချာ ကြည့်နေမိသည်။

လွန်စွာမှကို အံ့သြခြင်းမက အံ့သြရပြီ။ မာတပုံကို ကြည့်ရသည်မှာ မသေချာ၊ မရေရာ။ အခု လူသေအလောင်းကောင်ကို ကြည့်လိုက်မှ သူ့အား ကျေးဇူးပြုဖူးသူ ကျေးဇူးရှင်ကြီး မောင်မောင်မှန်း အတိအကျ သိရပါတော့သည်။

"အမယ်လေး. . . ငါ့မြေးကြီးရဲ့၊ မင်းသူငယ်ချင်း ရောက်နေပြီလေ၊ ထကြည့်ပါဦးတော့လား၊ လူသတ်လို့ မသေ၊ ဆိုင်ကယ်မှောက်လို့ သေရတာ ပါတော်၊ ငါ့မြေးအဖြစ်က ဆိုးပါတယ်"

ဟု ပါတ်ကားမောင်မောင်၏ အဘွားဖြစ်ဟန်တူသော အသက် (၇၀) ကျော်ခန့်ရှိ အဘွားကြီးသည် အောင်အောင်အနီးသို့လာ၍ အခေါင်းကို ပုတ်ပုတ်ပြီး ပြောပြော ငိုနေပါတော့သည်။

ထိုစဉ် အသက် (၅၀)-ခန့်ရှိမည် ထင်ရသော လူကြီးသည် အောင်အောင်အနား ရောက်ရှိလာပြီး -

"ငါ့တူက မောင်မောင့်သူငယ်ချင်းထင်တယ်၊ ဒီနေ့တော့ တစ်နေ့လုံးလိုလို မောင့်မောင်သူငယ်ချင်းတွေ လာနေကြတာပဲ"

"ဟုတ်. . . ဟုတ်ပါတယ် ဦး၊ ကျွန်တော်က မောင်မောင့်သူငယ်ချင်းပါ" ဟု ချော်လဲရောထိုင် ပြောလိုက်မိသည်။

"ကျွန်တော်က သူငယ်ချင်းအဆင့်တောင် မဟုတ်ပါဘူး၊ မောင်မောင်က ကျွန်တော့်ရဲ့ ကျေးဇူးရှင်ကြီးပါဗျာ" ဟု ထပ်ဆင့်ပြောလိုက်ပါသေးသည်။

နှုတ်ကပြောခြင်းမဟုတ်။ အောင်အောင်၏ စိတ်ထဲမှ ပြောလိုက်ခြင်းသာ ဖြစ်၏။

"ဦး. . . သူ ဘယ်နေ့ကဆုံးတာလဲဟင်၊ နာလို့ ဆုံးသွားရရှာတာလဲ၊ သိခွင့်ရမယ်ဆို့ရင် သိပါရစေ"

"ဟာ. . . သိရပါတယ်၊ သိရပါတယ်၊ ဦးကလည်း ပြောချင်နေတာပါ၊ ဒီလိုကွဲ. . . ငါ့တူရ။

တစ်နေ့က မနက်ခင်းထဲက ချန်မိုင်းမြို့ကို ငွေရစရာရှိတယ်ဆိုပြီး ထွက်သွားလိုက်တာ ငွေရ၊ မရတော့ မသိပါဘူး၊ ညနေ ၄ နာရီလောက် ချန်မိုင်းမြို့ကနေ ထွက်လာတာ ကွမ်ဆိုင်ရွာကြီး မရောက်ခင် ဖြတ်လမ်းဖြစ်တဲ့ လမ်းကျဉ်းလေးထဲကို သုံးချိုး နှစ်ချိုးအရောက်မှာ ဆိုင်ကယ်ကို အပြင်းစီးလာတော့ လဲမ်းတေးက သစ်ပင်ကြီးကို ဝင်တိုက်ပါရောလား"

အောင်အောင်သည် ထိုဦးကြီးပြောသော စကားကို နားထောင်နေရင်း တအံ့တသြ ဖြစ်နေမိသလို အခုမှ ကျော်ချမ်းနေမိသည်။

"လူက တခြား၊ ဆိုင်ကယ်က တခြား လွင့်စဉ်သွားတယ်လေ၊ ဆိုင်ကယ်က တော်တော်လေး ပျက်စီးသွားတယ်၊ လူကလည်း သစ်ပင်နဲ့ဆောင့်ပြီး လမ်းပေါ်ကို အားကုန်ပစ်ကျသွားတော့ ပက်လက်ကြီးလေ၊ ချက်ချင်းပဲ အသက်ပျောက်တာပေါ့ကွယ်၊ ပွဲချင်းပြီးကို အသေဆိုးနဲ့ သေသွားရရှာတာပါကွာ။

သူဖြစ်တဲ့အချိန်က ညနေ ၆ နာရီတိတိပေါ့၊ သူဖြစ်ပြီး ချက်ချင်းဆိုသလိုပါပဲ ချန်မိုင်းမြို့ထဲကို စေ့းဝယ်သွားပြီး ပြန်လာတဲ့ ဦးတို့ရွာကလူက ရွှေဆင့်နောက်ဆင့် ရောက်သွားပြီး ဖုန်းလှမ်းဆက်လို့ ချက်ချင်းသိလိုက်ရတာလေ၊ သည်နေ့ဆို သုံးရက်မြောက်ပေါ့။ နေ့လယ် ၂ နာရီမှာ သင်္ဂြိဟ်မှာ၊ မင်းသူငယ်ချင်း အသုဘပို့ပြီးမှ ပြန်ပေါ့ကွာ" ဟု စိတ်ရှည်လက်ရှည်ပြောပြပြီး စကားကို အဆုံးသတ်လိုက်ပါတော့သည်။

အောင်အောင်သည် ဦးကြီးပြောနေသောစကားကို ဆက်၍ နားထောင်ရင်း လူသတ်ခဲ့သော လူသတ်သမားကြီးသည် မကြောက်တတ်သော်လည်း ဆဲဖျားများ ထောင်လာသည်။ အကြော၊ အခြင်များ တုံ့ဆိုင်းသွားသည်လား ထင်ရ၏။ အမှန်။

အောင်အောင်ကို ကျေးဇူးပြုခဲ့သော ရက်ပိုင်းလေးအတွင်းမှ ကျေးဇူးရှိခဲ့သည့် ကျေးဇူးရှင်သည်ကား လူသားစစ်စစ် မဟုတ်ချေ။ ပါတ်ကားမောင်မောင်၏ 'ဝိညာဉ်' သည် လူထင်ပြပြီး အောင်အောင်ကို ကူညီခဲ့ခြင်းဖြစ်သည်ကို. . . ။

အောင်အောင် အခုမှ နားလည်သဘောပေါက်မိပါသည်။ အံ့သြစရာကောင်းလွန်းပါဘိ။ ဂဗ္ဘီရဆန်လွန်းပါဘိ။

အောင်အောင် တစ်သက်တာတွင် တစ်ခါသာ ကြုံခဲ့ဖူးသောကြောင့် အံ့သြခြင်းမက အံ့သြခဲ့ရမှုဖြင့် ထူးခြားဖြစ်စဉ်မို့ ကျေးဇူးရှင်ကြီးအတွက် ကုသိုလ်ကောင်းမှုပြုပြီး ကျေးဇူးရှင်ကြီး သာဓုခေါ်နိုင်ရန် -

'အမျှဝေရဦးမည်'

ဟု အောင်အောင် အတွေးဝင်မိပါတော့သည်။

▼

အောင်အောင် ရုံးခန်းအတွင်း သို့ ဝင်လိုက်စဉ်မှာပင် သူဌေးမှ မေးခွန်းထုတ်လိုက်၏။

"ပြေပါတယ်. . . ဒါပေမဲ့"

အောင်အောင် စကားဆက်၍ မဖြေပြာလိုက်ရ။

"ဒါပေမဲ့တွေ ဘာတွေလုပ်မနေနဲ့၊ ကျုပ် (၉) ရက်အတွင်း အပြတ်ရှင်းခိုင်းတာ အခု (၃) ရက်အတွင်း ကိစ္စပြတ်လာတယ်၊ ခင်ဗျား တော်တယ်"

ဟု သူဌေးမှ ချီးကျူးစကားဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုရှိပါတယ်၊ ကျွန်တော်က ပါတ်ကားမောင်မောင်ကို သေနတ်နဲ့" ပင် ရှိသေး၏။ စကားမဆက်ရသေး။

"ခင်ဗျားက လက်ဖြောင့်သေနတ်ပစ်သမားဆိုတာ ကျုပ်သိပါတယ်၊ နဖူးကို ပစ်ရင်ပစ်၊ မပစ်ရင် နှလုံးသားရှိရာနေရာကို တည့်တည့်ကြီးပစ်ခဲ့တယ်လို့ ပြောမလို့မဟုတ်လား၊ ဘယ်ကိုပဲ ပစ်ပစ်၊ ဘယ်ကိုပဲထိထိ၊ သူသေသွားဖို့က အဓိကပါ။" အမှန်ပြောရရင် ပါတ်ကားမောင်မောင်ဆိုတဲ့လူ လှုံ့လောက်ကြီးမှာမရှိဖို့ အရေးကြီးတယ်၊ ကဲ. . . ကျုပ်မေးမယ်၊ ပါတ်ကား လှုံ့လောက်ကြီးထဲမှာ မရှိတော့ဘူး မဟုတ်လား"

ဟု သူဌေးမှ ခပ်ပြတ်ပြတ် မေးလိုက်သည်။

"ပါတ်ကားမောင်မောင်၊ လှုံ့လောကကြီးထဲမှာ မရှိတော့ပါဘူး၊ အမှန်တကယ် သေသွားပါပြီ"

"ကဲ. . . ဒါဆိုပြီးတာပါပဲဗျာ၊ ကျုပ် ခင်ဗျားပေါ်ထားတဲ့ စေတနာနဲ့ ယုံကြည်မှုကို ပေါ်လွင်အောင် နောက်ဆုံးစကား ပြောလိုက်မယ်၊ ခင်ဗျားက မောင်မောင့်ကို မသတ်လိုက်ရဘဲနဲ့ ကျုပ် သတ်မှတ်ရက်ပေးထားတဲ့ ကိုးရက်အတွင်းမှာ သူဟာသူ ဘယ်လို အကြောင်းမျိုးနဲ့ပဲသေသေ သေတာဟာ သေတာပဲ၊ ခင်ဗျားက သူ့ကို သတ်ဖို့ သွားတာလေ၊ ခင်ဗျား ပယောဂမကင်းဘူး၊ ဒါကြောင့် ခင်ဗျားကို ပေးသင့်တယ်၊ ပေးထိုက်တယ်၊ ကျုပ် ပေးကို ပေးရမယ်၊ ဒါက စကားအဖြစ်ပြောတာပါ။ ခင်ဗျားကို ယုံပြီးသားပါ"

ဟု စကားကို ခဏနားပြီး စီးကရက်တစ်လိပ်ကို မီးညှိ၍ ဖွိမ်ခဲသောက်နေ၏။ ပြီးမှ အိတ်ကြီးအတွင်းမှ ငွေအထပ်လိုက်ထုတ်၍ စားပွဲပေါ် ပစ်တင်လိုက်သည်။

"ရော့- ကျွန်ငွေသိန်း (၃၀၀)ယူ၊ ခင်ဗျားကို ယုံကြည်ပြီးသား၊ ကဲ ကျုပ် အလုပ်ကိစ္စ သွားရတော့မယ်၊ သွားမယ့် ဆဲဆဲ ခင်ဗျားရောက်လာတာ၊ အဲ-နောင်အရေးပေါ်လာလို့ ကျုပ်ခေါ်ရင် အမြန်ဆုံး လာခဲ့ပါဦး"

ဟု ပြောပြောဆိုဆို လက်ဆွဲအိတ်ကြီးကိုဆွဲပြီး ရုံးအပြင်သို့ ထွက်ခွာသွားပါတော့သည်။

"ဟုတ်" ဟု နောက်ဆုံးတစ်လုံးသာ ပြောခဲ့ပြီး ငွေသိန်း (၃၀၀) ကို လက်ဆွဲအိတ်ထဲသို့ ကောက်ထည့်၍ ရုံးပြင်သို့ ထွက်လာခဲ့ပါတော့သည်။ အကျိုးအကြောင်း အဆိုးအကောင်းကို အစမှအဆုံးတိုင် ပြောပြချင်သော်လည်း ပြောခွင့်မပေး၊ အပြောမခံခဲ့။

အောင်အောင့်အပေါ်တွင် ထားရှိသော သူဌေးစေတနာနှင့် ယုံကြည်မှု တို့သည် လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားနေပြီပဲ။

လက်စွဲတော် ဆိုင်ကယ်ကြီးဖြင့် မိမိယာယီတည်းခိုနေသည့် တည်းခိုခန်းသို့ အသော့နှင့်ခဲ့လေ၏။

ဆိုင်ကယ်မောင်းလာရင်းမှ -

'အင်း- ငါ့နှလုံးသားမှာ ထားရှိတဲ့ သစ္စာတရားက ငါ့ကို ပြန်ပြီးစောင့်ရှောက်လိုက်တာဖြစ်မယ်၊ တိုက်တိုက်ဆိုင်ဆိုင် သူ့ဌေးသတ်မှတ်ရက် (၉) ရက်အတွင်းမှာ (၃) ရက်နဲ့ သေနတ်မကိုင်လိုက်ရဘဲ သူက သေနေတာ၊ သေနှင့်နေတာဆိုတော့ ငါကုသိုလ်ကံပဲလို့ ဆိုရမှာပေါ့၊ ပါတ်ကားမောင်မောင်က ငါ့ကျေးဇူးရှင်ဖြစ်နေပြီ၊ မသေဘဲနဲ့ လူ့လောကကြီးထဲမှာ ရှိနေရင်လည်း ငါက ဒီလူကို မသတ်တော့ဘူး၊ ယူထားတဲ့ စရန်ငွေ သိန်း (၂၀၀)တောင် ပြန်ပေးဖို့ စိတ်ကူးထားပြီးသား၊ ခုတော့ ငါထားတဲ့ 'သစ္စာတရား'က ငါလို 'သစ္စာရှင်' ကြီးကို ချက်ချင်းလက်ငင်း ဒဏ်ခမမ အကျိုးပေးလိုက်တာဖြစ်မှာ'

ဟု အောင်အောင်တစ်ယောက် စွဲစွဲမြဲမြဲ ယုံကြည်မိပါတော့သည်။ တစ်ဆက်တည်းပင် ဒီတစ်ည တည်းခိုခန်းတွင်အိပ်ပြီး မနက်ဖြန် လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ပြန်ရန် စီစဉ်ရတော့မည်ဟု အတွေးဝင်လိုက်မိပါတော့သည်။

အမြဲထာဝရ ခပ်တည်တည်နေတတ်သော၊ နေလာခဲ့သော အောင်အောင်သည် ယခုအချိန်တွင် ဆိုင်ကယ်မောင်းရင်းမှ အောင်အောင်၏ မျက်နှာပေါ်တွင် လျှပ်တပြက် အပြုံးပန်းတစ်ချက် ပွင့်သွားသည်ကို မည်သူမျှ မသိလိုက်ကြချေ။

"သုခီ အတ္တာနံ ပရိဟရန္တု"

မောင်လေးအောင်(သန်လျင်)

❑

www.burmeseclassic.com

www.burmeseclassic.com

အမွေစကား

တော်သလင်းလဆိုပေမယ့် မိုးစက်တို့က ဖွဲဖွဲစိပ်စိပ် ရွာနေဆဲ၊ တစ်ခါတစ်ခါမှ ရွာချလိုက်တဲ့မိုးက မြေပြိုလုခမန်း မြေပြင်တစ်ခုလုံး ရေလွှမ်းမိုးနေတတ်သည်။

အညာမြေနဲ့ နီးနီးစပ်စပ် မြေလတ်ဒေသဖြစ်တဲ့ ရေတာရှည်မြို့မှာ မိုးက စွေတတ်သေးသည်။ စွေပြီဟော့ဆိုလျှင်တော့ လေး, ငါး, ဆယ်ရက်နဲ့ မတိတ်နိုင်တော့။

တချို့ ကိုယ့်အိုး ကိုယ့်အိမ်ထဲက အဝန်းအဝိုင်းလေးထဲမှာ ကုပ်ပြီးနေတတ်သူတွေ ရှိသေးသည်။ ဒီထဲမှာ ချက်ရေး ပြုတ်ရေး တာဝန်ယူရသည့် မိန်းမသားတွေက စွေးထဲ မသွားမလာ မဖြစ်၍ စွေးဝယ်ထွက်ကြရ၊ ချက်ပြုတ်နေကြရသူတွေ ဖြစ်ကြသည်။

အမှန်တော့ နိုင်ငံဝန်ထမ်းတွေလည်း ဘယ်လိုပင် မိုးရွာနေပါစေ၊ ဘယ်ကဲ့သို့ မိုးစွေနေပါစေ တာဝန်ကျရာ အလုပ် ရုံးဌာနများသို့ သွားကြရ လာကြရသည်မှာ ဓမ္မတာဖြစ်သည်။ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ကြရမြဲဖြစ်သည်။ မိုးရွာတယ်၊ မိုးအေးတယ်၊ မိုးစွေတယ် ဆိုပြီး အိမ်ထဲမှာ ကုပ်ပြီး စာဖတ်နေ၍ မရကြသူတွေထဲမှာ နိုင်ငံ့ဝန်ထမ်းတွေက ရှေ့ဆုံးက ပါဝင်နေတတ်ကြသည်။

ဩော် နိုင်ငံ့ဝန်ထမ်းကောင်းတို့ဟူသည် ကိုယ့်တာဝန်ကို ကျေပွန်ကြရသည် မဟုတ်ပါလား။ ကျွန်တော်လည်း ကိုယ့်တာဝန် ကိုယ်ကျေပွန်ရမယ်ဆိုတော့ ဘယ်နေရာမှ မရွှေ့ဖြစ် မသွားဖြစ်။ တစ်နေ့ တစ်နေ့ တာဝန်ကို ဦးထိပ်ပန်ဆင်ရင်း နောက်တစ်နေ့ ကူးပြောင်းသွားလိုက်တာကို မသိလိုက်ရတဲ့ နေ့ရက်တွေက ရေတွက်မရချင်တော့။ ကျွန်တော်က အိပ်ရေးပျက်၍ ငေးငိုက်နေခိုက် နွမ်းယဲ့ယဲ့စကားသံ ဖွဖွကို ကြားလိုက်မိသည်။

"သားရယ်- အမေ ဒီလိုလေး မှီထားပါရစေနော်"

အမွေစကားသံကြားမှ အိပ်ငိုက်ငေးငိုင်နေမိသည့် ကိုယ့်ကိုယ်ကိုပင် ခွင့်မလွတ်ချင်အောင် ဖြစ်လာမိသည်။

ထမြည့်ဝန်းမဂ္ဂဇင်း (စက်လေးဘာလေး ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်လုံးကို ဆတ်ခနဲ ပြင်ထိုင်ရင်း အမေ့ကို ကြည့်လိုက်မိသည်။ နွမ်းယုဲ့ယုဲ့နှင့် ပိန်လှီနေသည့် အမေ့ကို ကြည့်ပြီး ကျွန်တော် စိတ်ဆင်းရဲသွားမိသည်။ နွမ်းလျလျနှင့် ပြီးမှ -

"မှီထားပါ အမေရယ်၊ သားကို မှီထားပါ၊ ဘယ်လောက်ကြာကြာအမေ မှီထားစမ်းပါ၊ သား အမေမှီဖို့ ထိုင်နေပေးပါ့မယ်၊ အမေ့အနားတိုးပြီး ထိုင်နေပေးပါ့မယ်"

ပိန်လှီနေသည့် အမေ့ရှုပ်သွင်ခန္ဓာ၊ အရိုးနှင့် အရေပြားကပ်နေသည့် အမေ့ရုပ်သွင်၊ ခန္ဓာက ကျွန်တော့်ကျောပြင်ကို ဘေးစောင်းမကျတကျမှီလျက် နားလျက် ရှိသည်။ အသက်ကို ဖြည်းညင်းစွာ ရှူသွင်းနေရသည့် အမေ့ ရုပ်သွင်ခန္ဓာသည် ကျွန်တော့် အရေပြားကျောပြင်ပေါ်တွင် မှီတွယ်လျက် ရှိသည်။

"အမေ ဒီလိုလေး မှီထားရရင် အမောပြေလွန်းလို့ပါ သားရယ်"

နွမ်းနွမ်းလျလျနှင့် အသက်ကို ပင့်ရှိုက်ကာ ရှူနေရသည့် အမေ့အသက်ရှူသံက ကျွန်တော့် အရေပြားတွေထဲ စိမ့်ဝင်တိုးနေလျက်ရှိသည်။

"တအား မောနေလား အမေ၊ ကျွန်တော့်ကို မှီထားနော်၊ ကျွန်တော် အိပ်မဝိုက်စေရပါဘူး"

အိပ်မဝိုက်စေရဘူးဟု ပြောနေသည့် ကျွန်တော့်မျက်လုံးတစ်စုံက မှေးစင်းလျက် ရှိသည်။ ပါးစပ်ကလည်း တဝါးဝါး သမ်းဝေလျက်။

"ငါ့သားကိုမှီပြီး အမေ ခဏလေး အိပ်လိုက်ပါရစေ သားရယ်"

"အိပ်လေ အမေ၊ အိပ်ပါ၊ အိပ်ပျော်အောင် အိပ်လိုက်စမ်းပါ"

ကျောပြင်ကို တင်းတင်းတောင့်ခံထားပေးရင်း အမေ့ကို အိပ်ပျော်အောင် အိပ်လိုက်ဖို့ ပြောနေရသည်။ အိမ်၏အပြင်ဘက်တွင် မိုးကစွေလျက်။ ရွာလျက်။ ရေတာရှည်မြို့တွင် မိုးစွေနေခဲ့သည်မှာ ရက်သတ္တတစ်ပတ်ရှိချေတော့မည်။ အဲဒီ မိုးစွေတဲ့နေ့တွေထဲက တစ်နေ့။ ၁၃၅၀ ပြည့်နှစ် တော်သလင်းလဆန်း(၇)ရက်နေ့ည နေက ကျွန်တော့် အသည်းနှလုံးတွေ ကြွေခဲ့ရတဲ့နေ့၊ ကျွန်တော့်အမေ၊ ဘုန်းကြီးအမေ၊ ရဟန်းအမ၊ ရဟန်းဒါယိကာမ ဒေါ်သိန်းညွှန့် လူဘဝလောကထဲက အပြီးအပိုင် ထွက်ခွာသွားတဲ့နေ့၊ ကျွန်တော်မွေးမရတဲ့နေ့။

❑

အိပ်မက် မဟုတ်သောဖြစ်ရပ်သည် မေ့ပျောက်ဖို့ ခက်ခဲလွန်းလှသည်။ ကျွန်တော်က အမေ လူမမာနားမှာ နေ့ရှိသရွေ့ ပြုစုနေရသည်။ သမီး မိန်းကလေး မရှိသော အမေ့အတွက် ပြုစုဖို့ အင်မတန်ခဲယဉ်းလိမ့်မည်ဟု အမေထင်နေခဲ့ဟန်ရှိသည်။ ရေချိုးပြီးတော့ အမေ ထဘီလဲဖို့ ခက်နေဟန်တူသည်။

"ဘာဖြစ်လဲ အမေရယ်၊ ကျွန်တော်က အမေ့သားပဲ ဥစ္စာ၊ သား လဲပေးမှာပေါ့"

"မဟုတ်ဘူးလေ၊ သားက ယောကျ်ားလေးဆိုတော့"

"အို - မဟုတ်တာ၊ သားက အမေ့သားပဲ ဥစ္စာ၊ ကဲပါ လဲပါ အမေ အဆင်းပတ်နေပါ့မယ်"

အားတုံ့အားနာဖြင့် အမေက ထဘီကိုလဲသည်။ ခရေခနဲ့ နိုင်လှသည့် အမေ့လူပ်ရှားမှုတွေက အားမရှိတော့။ ထဘီကို တင်းတင်းရင်းရင်း မဝတ်နိုင်။ မချည်နှောင်နိုင်တော့။ လျော့တိ လျော့ရဲဆန်လှသည်။

သည်တော့မှ -

"သား ဝတ်ပေးပါ့မယ် အမေရယ်၊ ဒီလို ဝတ်မှာ မဟုတ်လား"

ထဘီရင်ရှားဝတ်ဖို့ ကြိုးစားနေသည့် အမေ့ကို ကူညီဝတ်ပေးလိုက်တော့ အမေက ပြုံးနေရှာသည်။ အမေ့အပြုံးက အားပါလှသည်။

"ငါ့သားက ထဘီတွေ ဘာတွေ ဝတ်တတ်သားပဲ"

"သားက ကျောင်းကပွဲတွေမှာ မိန်းကလေးလိုဝတ်ပြီး ကခဲ့၊ ခုန်ခဲ့တာ ဆိုတော့ ဝတ်တတ်တာပေါ့ အမေရဲ့၊ အမေ သင်ပေးခဲ့တာလေ"

ရယ်ကျဲကျဲ အမေ့အသံက ပျံ့လွင့်မှုသိပ်မရှိ။ အမေ့ကို ဖက်ပြီး ထိန်းပေးထားနေရသူမို့ အမေ့ရယ်သံ မပွင့်တပွင့်ကို ကြားရခြင်း ဖြစ်သည်။

"သား သနပ်ခါးသွေးထားတယ်လေ၊ အမေ လိမ်းလိုက်နော်၊ သား လိမ်းပေးပါ့မယ်"

ကျောက်ပျဉ်နား အရောက်တွင် သနပ်ခါးလိမ်းဖို့ ဆန္ဒမရှိတော့သည့် အမေ့စကားသံက လွင့်စဉ်ထွက်လာသည်။

"အမေ သနပ်ခါး မလိမ်းချင်တော့ပါဘူး သားရယ်၊ မကြာခင် တစ်ရက် နှစ်ရက်မှာ သေရတော့မယ့်လူက သနပ်ခါးလိမ်းဖို့ မလိုတော့ပါဘူး"

"အို မဟုတ်တာပဲ အမေရယ်၊ အမေ ဘာမှမဖြစ်နိုင်ပါဘူး၊ မ့ကြာခင် ဒေါက်တာကြွေလာတော့မှာပဲ၊ ဆေးစား ဆေးကု မှန်မှန်လုပ်သွားရင် အမေ ရောဂါ သက်သာလာမှာပေါ့"

အမေ့ကို တောင်းပန်တိုးလျှိုးပြီး သနပ်ခါးလိမ်းပေးရသည်။ ရေးရေးပျပျ ထင်နေသည့် သနပ်ခါးပေါ်တွင် ပါးကွက်လေး တင်ပေးလိုက်သည်။ အမေက မှန်ကို လှမ်းယူကြည့်ပြီး-

"ငါ့သားက အမေ့ကို ပါးကွက်တွေဘာတွေ ကွက်ပေးလို့ပါလားကွယ်"

"ဟုတ်တယ်လေ၊ အမေက ပါးကွက် ကွက်တာ ကြိုက်တယ်မို့လား၊ မြန်မာမိန်းကလေးတွေရဲ့ ရိုးသားမှုဟာ ပါးကွက် ကွက်ထားတာ မြင်တာနဲ့ သိတယ်ဆို"

"ဟုတ်ပါ့တော်၊ အမေ့သားက အမေ့စကားတွေကို စွဲစွဲမြဲမြဲ မှတ်မိနေတာကိုး"

အမေ့ရဲ့ အပြုံးလွင်လွင်ကလေးက မပွင့်တပွင့် အားမပါလှသည့် အမေ့အပြုံးက ကျွန်တော့်ရင်ကို အေးမြ လန်းဆန်းစေခဲ့လေသည်။ နောက်မှ တအိအိနှင့်ဖြိမ့်မှိထားသည့် အမေ့ခန္ဓာကိုယ်သည်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ကိုယ်ခန္ဓာပေါ် သို့ လေးလေး တွဲ့တွဲ့ ဖိကျလာတော့သည်။ နှစ်နှစ် ခြိုက်ခြိုက် အိပ်ပျော်နေခိုက်မို့ ဝိန်လို့ နေသည့် အမေခန္ဓာကိုယ် အလေးချိန် သည် သိသိသာသာ ဖိကျလာနေလျက် ရှိ၏။ သို့သော် ဖိလိုက် ဖိလိုက်နှင့် အသက်ရှူနေရသည့် အမေ့အသက် ရှူသံသည် သံစဉ်မမှန်တော့သည့် တူရိယာ အနုပညာ ပစ္စည်းတစ်ခုလို ဖြစ်နေချေပြီ။

❑

ကျွန်တော် ချောင်းတစ်ချက် ဟန့်လိုက်မိချိန်တွင် အိပ်ပျော်နေရာမှ အမေ လန့်နိုးသွားတော့သည်။ အမေက ကိုယ်လုံးကို ကျုံ့ကျုံ့ကလေး ပြင်ထိုင်ရင်း ကျွန်တော့်ကို ငဲ့စောင်းကြည့်ရှာသည်။ ပြီးမှ ပါးစပ်မှ စကားလုံးလေးများကို စီကာစဉ်ကာ အားယူပြောနေရှာသည်။ လေသံဖွဖွနှင့် ပြောဆိုနေသည့် စကားလုံးများက ကျွန်တော့် နားစည်မှေးကို ဖြည်းဖြည်းချင်း ဖြတ်သန်းသွားတော့သည်။

"ငါ့သား လုပ်စရာရှိတာ သွား လုပ်လေ၊ အမေ သက်သာသွားပါပြီ၊ တစ်ရေးအိပ်လိုက်ရတာ အား တော်တော် ပြည့်သွားတယ်"

အမေက ကျွန်တော့်ကို စကား ပြောနေစဉ် ရေတာရှည်မြို့ ပြည်သူ ဆေးရုံမှ ဒေါက်တာဒေါ်နီလာစိုးနှင့် လူ၏အစ်မကျောင်းဆရာမဒေါ်မြမြဝင်း တို့ ရောက်လာကြသည်။ ဒေါက်တာ ဒေါ်နီလာစိုးနှင့် ဆရာမဒေါ်မြမြဝင်း တို့၏ အပြုံးနှင့် နွှတ်ဆက်ဟန်များက အမေ့ကို ရွှင်လန်းကြည်နူးသွားစေဟန် တူသည်။ ရွှင်ပျနေသော အမေ့မျက်နှာပေါ်တွင် သွေးခြည်တန်းကလေးများ ယှက်သန်းပြေးနေလျက်ရှိ၏။ ပြီးတော့မှ ဒေါက်တာဒေါ်နီလာစိုးက -

- "ဒေါ်လေး သက်သာရဲ့လား၊ အစားကော စားလို့ကောင်းရဲ့လား"

"အခုတော့ နည်းနည်းသက်သာ သလိုပဲ၊ ခုနအိပ်လိုက်တာ အိပ်ရေဝဝ အိပ်လိုက်ရတော့ ရင်ထဲက အမောတွေ တော်တော်လျော့သွားတယ်၊ အစားက တော့ စားလို့သိပ်မကောင်းဘူး ဆရာမရယ်၊ ဆန်ပြုတ်သောက်ပြီး သေမယ့်ရက် စောင့်နေရတာ ဘာမှလည်း စားလို့ မကောင်းပျဉ်ဘူး၊ စားချင်စိတ်လည်း ဘာမှမရှိပါဘူး ဒေါက်တာရယ်"

"အဲဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ ဒေါ်လေးရယ်၊ စားချင်တာလေးကို စားကောင်းအောင်စားပါ၊ ဒါမှ ဒေါ်လေးကို ကျွန်မက ဆေးကောင်းကောင်း ထိုးပေးလို့ရမှာ၊ အစာမစားတော့ ထိုးပေးချင်တဲ့ဆေးကို မထိုးပေးရဲဘူး ဖြစ်နေတယ်"

ဒေါက်တာဒေါ်နီလာစိုးက သွေး ချိန်ပြီး ဆေးတုစ်လုံး ထိုးပေးသည်။ စားချင်တာ ကျွေးဖို့ ပြောသည်။ ပြီးတော့ စားဆေးတွေ ပေးသည်။ တစ်နေ့ သုံးကြိမ်သောက်ရမည်ဟုလည်းပြောသည်။ ကျွန်တော်က တတိနိုင်သလောက် ငွေကြေးကန်တော့တော့ ဒေါက်တာ ဒေါ်နီလာစိုးက -

- "ရပါတယ် ကိုမျိုးညွှန့်ရယ်၊ ကျွန်မ မယူပါဘူး၊ ဒေါ်လေးကို ကျွန်မ စေတနာနဲ့ ကုပေးတာပါ။ ကျွန်မတို့ သူငယ်ချင်းတွေပဲ ပြောရမယ့် ယူရမယ့် လူတွေမှ မဟုတ်တာ၊ ဒေါ်လေးကိုသာ စားချင်တာလေး ဝယ်ကျွေးလိုက်ပါ၊ အစာကို နည်းနည်းနှုန်းနည်းဝင်အောင် စားအောင် တောင်းပန်ပြီး ကျွေးပါ"

ကျွန်တော်က အကျီအိတ်ကပ်ထဲ ပိုက်ဆံလေး ပြန်ထိုးထည့်ရင်း ဒေါက်တာဒေါ်နီလာစိုး ဆေးအိတ် ကလေးကို အိမ်ရှေ့အထိ လိုက်ပို့လိုက်သည်။ မိုးရွာပြီး မိုးစွေထားခဲ့သည်ဖို့ အိမ်ရှေ့လမ်းက ရွံ့ပွက်တွေ ထနေလေသည်။ ကျွန်တော်က ဒေါက်တာဒေါ်နီလာစိုးနှင့် သူ၏အစ်မ ဆရာမဒေါ်မြမြဝင်းတို့ နှင်းလျှောက်သွားဖို့ အုတ်နီခဲလေးတွေ စီခင်းပေးထားလိုက်သည်။

"နောက်နေ့ ကျွန်မ နောက်ကျနေရင် မလာဘူးလို့ ထင်မနေနဲ့၊ ဆေးရုံက ဆင်းပြီးပြီးချင်း ချက်ချင်းလာခဲ့မယ်၊ လာလည်း ဒေါ်မနေနဲ့၊ ဒေါ်လေးကိုသာ ဂရုစိုက်ပါ"

"ဟုတ်ကဲ့ ဟုတ်ကဲ့ပါ"

ကျွန်တော်က ရှေ့ဆက်ပြီး လမ်းလျှောက်လိုက်သွားနေစဉ် ဒေါက်တာ ဒေါ်နီလာစိုးက -

"ကဲ ကဲ ကျွန်မတို့ သွားရဲ့ပါပြီ၊ ကိုမျိုးညွှန့် ပြန်တော့၊ ညပိုင်း အရေးကြီးတယ်ဆိုရင် ချက်ချင်းပြေးလာနိုးနော်၊ အားမနာနဲ့၊ ဦးလေးကိုလည်း စိတ်မဆင်းရဲဖို့ အားပေးပြီး ပြောပြပါဦး၊ လူကြီးတွေက တစ်ယောက်နဲ့ တစ်ယောက် အပြိုသဟဲပြုပြီး နေကြတာ"

"ဟုတ်ကဲ့ပါ၊ ကျွန်တော် အဖေ့ကို ပြောပြထားပါ့မယ်"

ကျွန်တော်က ခွန်းတုံ့စကားဆိုရင်း ခြေတစ်လှမ်းရပ်ပေးလိုက်သည်။ ဒေါက်တာဒေါ်နီလာစိုးနှင့် ဆရာမ ဒေါ်မြမြဝင်းတို့က ကျွန်တော့်ကို နှုတ်ဆက်ပြီး လမ်းအမှောင်ရိပ်ထဲ ဓာတ်မီးလေးတစ်ချက်အဖော်ပြုကာ လျှောက်လှမ်းသွားကြတော့သည်။

စေတနာ မေတ္တာ အသီးအပွင့် များနှင့် လူနာအပေါ် ထားရှိသော ကရုဏာတရားတို့သည် တန်ဖိုးဖြတ်၍ မရနိုင်အောင်ပင် တန်ဖိုးကြီးမြင့်မြတ်လှပေသည်။

၁၉၈၈ ခုနှစ် အရေးအခင်း၏ လှိုင်းဂယက်များ ရိုက်ခတ်၊ မင်းမဲ့စရိုက်များ လှုပ်ရှားစ ဩဂုတ်လတွင် ဒေါက်တာဒေါ်နီလာစိုးနှင့် ကျောင်းဆရာမ ဒေါ်မြမြဝင်းတို့ ညီအစ်မ နှစ်ယောက်သည် မိမိတို့၏ အန္တရာယ်ကို စိုးရွံ့မှု အလျှင်းရေမမြှဘဲ လူနာရှိရာသို့ နေ့စဉ်နှင့်အမျှ ညနေတိုင်း ညတိုင်း လာရောက် ဆေးကုသပေးခဲ့သည်မှာ ကျွန်တော့် အမေ၊ ဘုန်းကြီးအမေ၊ ရဟန်းအမ ဒေါ်သိန်းညွှန့်၏ နောက်ဆုံးအချိန်ထိပင် ဖြစ်သည်။

"ဘယ်လိုမှ မအောက်မေ့ပါနဲ့ ကိုမျိုးညွှန့်ရယ်၊ ကျွန်မလည်း ဒေါ်လေး

www.burmeseclassic.com

ကို အတတ်နိုင်ဆုံး ကြိုးစားပြီး ကုသပေးခဲ့တာပါပဲ"

"ဟုတ်ပါတယ် ဒေါက်တာ၊ ကျွန်တော် ဒေါက်တာ့်ကို ကျေးဇူးအများကြီး တင်ပါတယ်၊ အမေ့ရောဂါကိုက ကျွမ်းရင့်နေပြီဆိုတော့ ဘယ်တတ်နိုင်ပါ့မလဲ ကျွန်တော့်မှာ ဒေါက်တာတို့ ညီအစ်မ ကျေးဇူးကို ဘယ်လိုဆပ်ရမလဲတောင် စဉ်းစားလို့ မရနိုင်အောင် ဖြစ်နေရပါတယ်ဗျာ"

"ရပါတယ် ကိုမျိုးညွှန့်ရယ်၊ ကျွန်မက ဆရာဝန်ပဲ၊ လူနာကို ဆေးကုပေးရမယ့်တာဝန် ကျွန်မမှာ အပြည့်ရှိပါတယ်၊ ဆရာဝန်တိုင်း ဆရာဝန်တိုင်း လူနာတွေကို ဆေးကုသပေးဖို့ ဆန္ဒရှိကြပါတယ်"

အသုဘမြေကျတဲ့ညမှာ ဒေါက်တာ ဒေါ်နီလာစိုးနှင့် သူ၏ အစ်မ ကျောင်းဆရာမ ဒေါ်မြမြဝင်းတို့ ကျွန်တော့်ကို အားပေးရင်း လာရောက်ကြသည်။ လျှပ်စစ်မီးတွေက ပျက်နေ၍ ဒေါက်တာတို့ညီအစ်မ ပြန်နေး သွားနေးကို စိတ်ပူပန်နေရသည်။ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၁၉)ရက်နေ့ည က အမေ့အလောင်း မြေချသပြီဟ်ပြီး ခဲ့ပေမင့် မင်းမဲ့စရိုက် လူရမ်းကားတွေ ကျိုးတိုးကျဲတဲ ဟိုနေရာ ဒီနေရာတွေမှာ ရှိနေမှာကို စိုးရိမ်ပြီး ဒေါက်တာတို့ အတွက် စိတ်ပူပန်နေမိခြင်းဖြစ်သည်။

တပ်မတော်က အာဏာသိမ်းယူခဲ့ပြီး တစ်ရက်သာ ရှိသေးသည်မို့ မင်းမဲ့စရိုက်ကို လက်ကိုင်ကျင့်သုံးခဲ့ကြသည့် လူရမ်းကားတွေကို ပြည်သူတွေက ညအမှောင်ရိပ်အောက်မှာ စိုးရွံ့နေရဆဲဖြစ်တာကြောင့် ကျွန်တော့်မှာ ဒေါက်တာတို့ ညီအစ်မ မိန်းမပျိုနှစ်ယောက်အတွက် စိတ်မခုအားနိုင် ဖြစ်ခဲ့ရသည်။

"က- ကျွန်မတို့ ပြန်မယ်နော် ကိုမျိုးညွှန့်"

"ဩော်- ဟုတ်ကဲ့ ဟုတ်ကဲ့၊ ဒေါက်တာတို့ အခုလိုလာပြီး အားပေးတာကို ကျေးဇူး အထူးတင်ပါတယ်၊ ဟိုဘက်လမ်းပေါ် အထိ ကျွန်တော်လိုက်ပြီး ပို့ပေးပါရစေနော်"

"ရပါတယ် ကိုမျိုးညွှန့် နေခဲ့ပါ၊ အိမ်က စည်းသည်တွေနဲ့ စကားပြောနေရစ်ပါ၊ ကိုယ်ပြီ့ ကိုယ့်ရွာပဲ ကျွန်မတို့ကို ဘယ်သူမှ ဘာမှမလုပ်ပါဘူး၊ ကျွန်မ သွားရဲပါတယ်၊ နေခဲ့ပါ၊ လိုက်မပို့ပါတော့နဲ့"

ကျွန်တော်က ခြေတစ်လှမ်း နောက်ဆုတ်ပြီး ရပ်နေပေးလိုက်သည်။ ဒေါက်တာဒေါ်နီလာစိုးနှင့် ဆရာမ ဒေါ်မြမြဝင်းတို့က အမှောင်ရိပ်ထဲတွင် လက်နှိပ်ဓာတ်မီးလေးထိုးပြီး ပြန်သွားကြသည်။ ကျွန်တော်က ရပ်နေရာမှ ကျေးဇူးရှင် ဒေါက်တာဒေါ်နီလာစိုးနှင့် ဆရာမဒေါ်မြမြဝင်းတို့၏ အရိပ်များကို ညအမှောင်ရိပ်ထဲတွင် စိုးရိမ်ကြီးစွာ မျက်စိတစ်ဆုံး ငေးစိုက်ကြည့်နေခဲ့မိသည်။

လက်ကနာရီက ည ၁၁ နာရီကို ကျော်ဖြတ်သွားချေပြီ။ သက်မ တစ်ချက်က လည်ချောင်းမှ ပါးစပ်ကို တွန်းထွက်သွား၏။

❑

ကျွန်တော် အိမ်ကို ပြန်လာတော့ အမေ့ကိုယ်သင်းနံ့က ကျွန်တော့်ဆီမှာ ကပ်ပါလာသလို ခံစားရသည်။ လူတစ်ကိုယ်လုံး ကြက်သီးမွေးညင်းများထကာ အမှောင်ရိပ်ကို စိုးရွံ့စပြုလာသည်။ လေပြည်ကလေး ဖြတ်ပြေးခိုက် နားနှစ်ဖက်စလုံး ထူပူလာသလို ခံစားလာရသည်။ ပြီးတော့ အမေ မသေခင် တစ်ရက်က ပြောသွားခဲ့သည့် စကားသံဖွဖွကို နားထဲမှာ ပြန်လည်ကြားယောင်လာမိသည်။

"သားရယ်၊ ဈေးထဲမှာ ရွှေကြက်ယက်က ငါးပိသည်မလုံးတင်ကို ရောင်းချီ ငါးပိဖိုး တစ်မတ် အကြွေးသွားဆပ်ပေးစမ်းပါ၊ အမေ မသွားနိုင်တော့လို့ပါ၊ မလုံးတင်ကို အမေက ဆပ်ခိုင်းတာလို့ သေသေချာချာပြောပြီး ပေးခဲ့နော်"

ထပ်ပြန်တလဲလဲ ကြားနေမိသည့် အမေ့စကားသံသည် ကျွန်တော်၏ ထူပူနေသည့် နားတစ်ခုထဲတွင် လူးလှိမ့်နေလျက်ရှိသည်။ ခြေတစ်လှမ်း ရှေ့ကို တိုးလိုက်တိုင်း ပျံ့လွင့်လာသည့် အမေ့ ကိုယ်သင်းနံ့နှင့် စကားသံက ကျွန်တော့်ကို တုန့်လှုပ်ချောက်ချားစေလျက်ရှိသည်။ နောက်မှ ကျွန်တော်က ခြေလှမ်းကျဲကျဲဖြင့် အိမ်ခြံဝင်းဆီသို့ လှမ်းလာခဲ့မိတော့သည်။ အိမ်ခြံပေါက်ဝ ရောက်မှ အိမ်ပေါ်က ပြောဆို ရယ်မောသံများ၊ ငြင်းခုံသံများ၊ ဆုံညစ်စာ အော်ဟစ်ပြောဆိုနေသံများကို ကြား ရပြီး ကျွန်တော့်ကိုယ်ခန္ဓာပေါ်တွင် ကပ်ငြိပါလာသည့် အမေ့ ကိုယ်သင်းနံ့ ကလေးသည် လွင့်ပါးပျောက်ကွယ်သွားသည့်အလား စိတ်ထဲမှာ ခံစားလိုက်ရသည်။ ကျွန်တော် အိမ်ပေါ်သို့ ခြေလှမ်းတစ်လှမ်း လှမ်းတက်လိုက်သည်နှင့် -

"မသိန်းညွှန့်ရေ၊ နင့်သားတွေ လာရင် ငါဘယ်လိုပြောရမလဲ၊ နင့်သားတွေ ရောက်လာကြတော့မှ"

အဖေ့ ညည်းတွားသံ စကားလုံးများက ကျွန်တော့်နားစည်မှေးကို ရိုက်ခတ်သွားတော့သည်။ ပင့်သက်ကို ဖွဖွရှူရင်း အဖေ့အနား ဝင်ထိုင်လိုက်သည်။

ပြီးတော့မှ -

"အဖေ အိပ်လိုက်တော့လေ၊ သိပ်ညဥ့်နက်နေရင် အဖေအိပ်ရေး ပျက်နေလိမ့်မယ်၊ အဖေ ညစာထမင်း မစားရသေးဘူးဆို ညစာထမင်း စားလိုက်ပါဦးလား"

"မစားတော့ပါဘူး သားရယ်၊ အဖေ ထမင်းလည်း မဆာပါဘူး"

"နည်းနည်းဖြစ်ဖြစ် စားလိုက်ပါ အဖေရယ်၊ ကျွန်တော်နဲ့အတူတူ စားကြရအောင်"

"ငါ့သား စားပါကွာ၊ အဖေ မဆာပါဘူး၊ မင်းညီတွေ ရောက်လာမလားလို့ အဖေ မျှော်နေတာ"

"သူတို့က တပ်ကခွင့်ရမှ လာလို့ရမှာလေ၊ အခုချိန်က အနေကြီးကလဲ

www.burmeseclassic.com

www.burmeseclassic.com

ဆိုတော့ တပ်က ခွင့်ရဖို့ မသေချာဘူး အဖေရဲ့ သူတို့အလုပ်တွေ ရှုပ်နေကြမှာ”

ကျွန်တော်က ထမင်းဟင်း ပန်းကန်တွေ အဖေ့ရှေ့ချပေးပေမယ့် အဖေက ထမင်းကို လုံးဝနှိုက်မစားခဲ့။ အံကို တင်းတင်းကြိတ်ပြီး ရင်ထဲက ပူဆွေးမှု ဒဒနာကို ဆွေးဆွေးမြည့်မြည့် ခံစားနေရဟန်တူသည်။ နောက်တော့မှ အဖေ ရင်ထဲက စကားလုံးများစွာက ဆို့ဆို့နှင့်နှင့် လူးလွန့်ထွက်လာခဲ့သည်။

“ငါ့သားကို အဖေက ပြောမထွက်လို့ ကြည့်နေရတာ၊ မင်း အမေက သူ့ကို ဆေးမကုတော့ဖို့ အဖေ့ကို ပြောနေတာကြောပြီ၊ ဆန်ပြုတ်အရည်ကျဲသောက်ပြီး သေမင်းကို မခုခံပါရစေနဲ့၊ ဆန်ပြုတ်သောက်ပြီး သေမယ့် ရက်စောင့်နေရတဲ့လူနာကို သနားပါဦးတဲ့”

ကျွန်တော့်နားနှင့် မကြားခဲ့ရသော အမေ့စကားသံက အဖေ့ဆီမှ တစ်ဆင့် ကျွန်တော့်ကို ကူးစက်လောင်မြိုက်စေခဲ့သည်။ နှမ်းလျကျွမ်းလျစေခဲ့ပြီး ပါးပြင်ပေါ် သို့ မျက်ရည်စက်များ တာတမံကျိုးသည့်နှယ် စီးကျလာခဲ့သည်။ ပါးစပ်ထဲသို့ ထိုးသွင်းလုလု ထမင်းလုတ်လွှင့်စဉ်ကျသွားခဲ့ရသည်။

“အမေရယ်၊ အဲဒီလောက်အထိ ဒုက္ခတွေနှာကို ခံစားနေခဲ့ရတာ ကျွန်တော် တကယ်မသိခဲ့လို့ပါ၊ သားကို ခွင့်လွှတ်ပါ၊ ခွင့်လွှတ်ပါ အမေ”

နှမ်းလျစွာ တောင်းပန်နေမိသည့် စကားလုံးများက လည်ချောင်းတစ်လျှောက် တရွေ့ရွေ့စီးမျောလာခဲ့သည်။ သြော် ကြာခဲ့ချေပြီ။ ကြာချေပြီ။

ဟိုလွန်ခဲ့သော နှစ်ပေါင်းများစွာက ပြောသွားခဲ့သော အမေ့စကားလုံးများသည် ကျွန်တော့်ရင်ကို တုန်ခါသွားအောင် ပဲ့တင် ထပ်စေခဲ့တော့သည်။ နှစ်ပေါင်းများစွာ ကြာခဲ့သော်လည်း အမေနှင့် ပတ်သက်သည့် အဖြစ်အပျက် အဟောင်းကလေးများသည် ဘယ်သောအခါမှ မေ့ပျောက်၍ ရနိုင်လိမ့်မည် မဟုတ်ချေ။

ကျွန်တော့် နည်းတူ အခြားအခြားသောသူများ၏ ရင်ထဲတွင်လည်း အမေ အမေများစွာ၏ အဖြစ်အပျက် ဟောင်းကလေးများက ရှိနေကြဦးမည်ပင် ဖြစ်သည်၊ ကျွန်တော်ကဲ့သို့ အမေနှင့်ပတ်သက်ခဲ့သော အဖြစ်အပျက် ခံစားမှုကလေးများသည် တဆတ်ဆတ် တုန်ခါ၍ ကျန်ရစ်နေခဲ့ကြဦးမည်ဆိုလျှင် အမေ့စကားသံကို ဦးထိပ်ပန်ဆင်နေမိသည့် ကျွန်တော့်ကို နားလည်စာနာနိုင်ကြလိမ့်မည် ထင်ပါသည်။

မှတ်ချက်။ ကွယ်လွန်သွားခဲ့ပြီဖြစ်သော ဒေါက်တာဒေါ်နီလာစိုးနှင့် ဆရာမ ဒေါ်မြမြဝင်း (အထပြ-ငြိမ်း)တို့အား ကျေးဇူးတင်အပ်ပါကြောင်း မှတ်တမ်းဖွဲ့ရေးသားလိုက်ရပါသည်။ စာရေးသူ။

သိုက်နွယ်

❑

ဥ၂ အရပ် မေတ္တာ လာဘ်

နတ်မျက်စိ ဆရာဦးအောင်စိုး (B.Sc) မော်လမြိုင်

ခုနစ်ရက်သားသမီးများအတွက် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ အိမ်ထောင်ရေး စီးပွားရေး ကိစ္စရပ်များ၊ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများကို ဗိုက်ထဲမှာ ပုတ္တိုးလေး ဝင်စားနေသကဲ့သို့ မှန်ကန်သောဟောချက်များ ထိရောက်သော ယတြာများဖြင့် (၂၅)နှစ် တိုင်တိုင် ကူညီ ဆောင်ရွက်ပေးလျက် ရှိသည်။

အောင်မြင်သူတို့ ဆုံကြရာ

ဟောခန်းတည်နေရာ ➳ အမှတ်-၁၃၁၊ အောင်တံခွန် သ/မ ပရိဝုဏ်၊ ၁၀-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။

လမ်းညွှန် ➳ အဓိပတိ (အပြာ)၊ တိုက်ကြီး-ဆူးလေ၊ (၅၁)၊ (၂၃၁)၊ (၅၃)၊ (၃၉)၊ (၂၀၂) ကားစီး၍ ဆယ်မိုင်ကုန်းစျေးမှတ်တိုင်တွင် ဆင်းပါ။

တောပြောချိန် ➳ နံနက် (၉) နာရီမှ ည (၉) နာရီ အထိ ။

ဆက်သွယ်ရန် ဖုန်း ➳ ဟောခန်း - ၀၉-၇၃၁၀၉၅၅၆၊ အိမ် - ၀၉-၇၃၂၄၄၈၉၇ ။

မှတ်ချက် ➳ *ဖုန်းဖြင့် ကြိုတင်တိုက်ယူပါ။* ကျေးဇူးတင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

"ဟေ့ကောင်တွေ ငါတို့အလုပ် တစ်ခုခုလုပ်ရအောင်ကွာ၊ ဘာအလုပ်မဲ့ ဖြစ်ဖြစ်ပေါ့"

စိတ်ကြိုက်ကဗီးတွင် ရေနွေးကြမ်း တစ်အိုးပြီးတစ်အိုး သောက်ရင်း တန်ဖိုးရှိအချိန်များကို အလဟသ ဖြုန်းတီးပစ်နေသည့် အဖြစ်မျိုးကို မလိုလား တော့၍ ချစ်မင်းက ပြောလိုက်ခြင်းဖြစ် သည်။

"အေးကွာ၊ မိဘပိုက်ဆံ လက် ဖြန့်တောင်း၊ ထိုင်သုံးနေရတာ ကြာ လာတော့ ရှက်လာပြီ"

ကျွန်တော်၏ ပြန်လည်ပြော လိုက်သည့်စကားကြောင့် ထိပ်တန်း ဆေးပေါ့လိပ်ကို အငမ်းမရ ဖွာရှိုက်နေ သည့် ဇော်ထွန်းက -

"မင်းတို့ သတိထားမိသလား တော့ မသိဘူး၊ ဆိုင်ကယ်နဲ့ မီးသွေး သယ်တဲ့အလုပ် အဆင်ပြေတယ်လို့ ပြောတယ်"

ကျွန်တော်တို့ နေထိုင်ကြီးပြင်း သည့် မြို့ကလေးသည် ပဲခူးရိုးမ အနောက်ဘက်ခြမ်းတွင် ရှိပြီး ရိုးမ တောင်ခြေမှ မြို့သို့ ဆိုင်ကယ်ဖြင့် မီးသွေးသယ်သည့်အလုပ် အဆင်ပြေ စဉ် အချိန်ကဖြစ်သည်။ တောင်အတက် အဆင်း ရှုခင်းအား၊ ဆွဲအားကောင်းသည့် ဆိုင်ကယ်အမျိုးအစားအား ပိုမိုခိုင်ခံ့ စေရန် သံဖရိန်မှုန်းဖြင့် ပြုပြင်ထားသည့် ဆိုင်ကယ်များနှင့် မီးသွေးအိတ်များကို တင်ဆောင်ကြသည်။ အိပ်ဇောကိုလည်း ပြုပြင်ထားသဖြင့် မီးသွေးဆိုင်ကယ် (၃) စီး ရွာကိုဖြတ်သန်းပါက တဖုန်းဖုန်း တဝိုင်းဝိုင်းနှင့် ဆူညံ၍နေတော့သည်။

မိုးတွင်းကာလ ဖြစ်မည်။ မိုး တစိမ့်စိမ့်ရွာနေသည်။ ဆိုင်ကယ်နှင့် မီးသွေးသယ်သည့် အလုပ်သည် မိုး ကာလ ကားလမ်းမပေါက်သည့် အချိန် တွင်သာ လုပ်ကိုင်ကြရသည့် အလုပ် တစ်ခု ဖြစ်သည်။ အိပ်လိုက်၊ စားလိုက် ဖြင့် ဝေလေလေ ဖြစ်နေမည့်အတူတူ ကျွန်တော်ကပင် -

"ငါတို့ သုံးယောက် လုပ်ကြ မလား"

ပြီးနောက် ချစ်မင်းနှင့် ဇော်ထွန်း မျက်နှာကို အကဲခတ်၍ ဘယ်လိုလဲဆို သည့်သဘောဖြင့် မေးဆတ်ပြလိုက် သည်။ ချစ်မင်းမှ သဘောတူသည့်အနေ ဖြင့် ဦးခေါင်းတက်လက်ကို ထောင်လိုက် သည်။ ကျွန်တော်က လုပ်လိုက်လေ ကြာသလားလို့ဆိုသည့်အနေဖြင့် ညာ ဘက်လက်အား ထောင်မြှောက်ကာ လက်ဖဝါးချင်း ဖြောင်းခနဲမြည်အောင် ရိုက်လိုက်သည်။ သူငယ်ချင်း သုံး ယောက် ထစ်ဉီးချင်းစီ၏ လက်ဖဝါး အား တစ်လှည့်စီရိုက်ကာ ဆိုင်ကယ်ဖြင့် မီးသွေးသယ်မည့်အလုပ်အား လုပ်ရန် တစ်ထိုင်တည်း ဆုံးဖြတ်လိုက်ကြသည်။

ကျောင်းနေဖက် သူငယ်ချင်း သုံးယောက်ဖြစ်သည့် ကျွန်တော်၊ မြင့်စိုး၊ ချစ်မင်းနှင့် ဇော်ထွန်းတို့သည် ဘွဲ့အသီး သီးရရှိခဲ့ကြပြီဖြစ်သော်လည်း မည်သည့် အလုပ်ကိုမျှ စိတ်ဝင်စားခြင်းမရှိဘဲ စိတ် အေးချမ်းသာစွာဖြင့် အပူအပင် သောက မရှိ ဘဝကို ဖြတ်သန်းကျော်ဖြတ်နေခြိန် ဖြစ်သည်။ သို့ဖြစ်၍ အချိန်ကြာလာ သည်နှင့်အမျှ လူပိုဖြစ်မှန်းမသိ ဖြစ်လာ ခဲ့သည်။ မိဘမောင်ဘွားများက ငြူစူချင် လာကြသည်။ ဟိုအလုပ်လည်း ငါတို့နဲ့ မတန်၊ ဒီအလုပ်လည်း မလုပ်ချင်ဆို သည့် ဘဝင်မြင့် အတွေးအခေါ်မျိုးကို ဖယ်ရှားရန် လိုအပ်နေပြီဖြစ်သည်။

သို့ကြောင့် လတ်တလော အဆင်ပြေသည်ဟုထင်ရသည့် ဆိုင် ကယ်ဖြင့် မီးသွေးသယ်မည့်အလုပ်အား လုပ်ကြရန် သဘောတူ ဆုံးဖြတ်လိုက် ခြင်းဖြစ်သည်။ ပြီးနောက် မီးသွေးသယ် ဆိုင်ကယ်သုံးစီးအား လိုက်လံရှာဖွေ ဝယ်ယူလိုက်ကြသည်။

ပထမဆုံးလုပ်ရသည့် အလုပ် ဖြစ်၍ သူငယ်ချင်းသုံးဦးစလုံး တက်ကြွ နေကြသည်။ ကိုဝင်းမြင့်နှင့် မနက် ၅ နာရီ စထွက်ကြမည်ဟု ခိုင်းထားသော်လည်း ၄ နာရီအချိန်ကပင် ကိုဝင်းမြင့် အိမ်သို့ ကျွန်တော်တို့ ရောက်ရှိနေကြ သည်။ ကိုဝင်းမြင့်မှာ ဆိုင်ကယ်ဖြင့် မီးသွေးသယ်နေသူဖြစ်သည်။

ကိုဝင်းမြင့်ကို ဆရာတင်ကာ သူ၏အဆက်အသွယ်ဖြင့်ပင် မီးသွေး သယ်ခြင်းအလုပ်အား ရရှိခဲ့ခြင်းဖြစ် သည်။ သွားရမည့်ခရီးကား (၁၇) မိုင် ခရီး။ အတက်ဆင်း၊ ကျောက်တုံးချိုင့် ခွက်၊ ရွံ့ပွက်ပေါများသည်။ ကျွန်တော် တို့သည် မြို့တွင်းလမ်းကောင်း၌ ဆိုင် ကယ်အား ကျွမ်းကျင်ပိုင်နိုင်စွာ မောင်း နှင်နိုင်ကြသော်လည်း ယခုလို ခရီးကြမ်း မျိုးတွင်မူ အတော်ဒုက္ခရောက် ထိန်း မောင်းနေရသည်။ အပြန်ခရီး ဝန်နှင့်ဆို လျှင် မည်သို့ရှိမည်မသိ။

မောင်းနေကျသူများသည် ဆိုင် ကယ်သံ တဖုန်းဖုန်း တဝိုင်းဝိုင်းဖြင့် အသံပေးကာ ကျွန်တော်တို့အား ကျော် တက်ကုန်ကြသည်။ ကျွန်တော်တို့ သုံးဦး မှာကား အသစ်ဖြစ်၍ လမ်းကြော မသိတာကတစ်ကြောင်း၊ လမ်းကြမ်းပြီး အတက်အဆင်းများစွာတစ်ကြောင်း ကြောင့် ပက်ကျိအလားပင် တုံ့နှေး တုံ့နှေးနှင့်။

ကျွမ်းကျင်မှုမရှိသည့် ခရီးကြောင့် ရောက်သင့်သည့်အချိန်ထက် ၂ နာရီ နောက်ကျ၍ ရောက်ရှိခဲ့သည်။ ဆိုင် ကယ် အသီးသီးပေါ်သို့ မီးသွေးများ တင်ပြီးချိန်တွင် အချိန်အတော်လင့်၍ နေပေပြီ။ ထိုစဉ် ရုတ်တရက် ရွာချလိုက် သည့်မိုးကြောင့် ကိုဝင်းမြင့်မှ -

"မနက်ဖြန်မှ ပြန်ကြမယ်၊ အခု ည ဒီမှာပဲ အိပ်ကြရအောင်"

ကိုဝင်းမြင့်စကားကြောင့် သုံးဦး သား တစ်ဦးကိုတစ်ဦးကြည့်ကာ ခေါင်း ကုတ်မိကြသည်။ မြို့က ထွက်လာစဉ် နေချင်းပြန်ခရီးပို့ ခြုံစရာစောင်၊ ခြင် ထောင် မဆိုထားဘိ ဝတ်စရာ၊ လဲစရာ အဝတ်အစားပင် အပိုပါမလာခဲ့။

မတတ်နိုင်ဘူးလေ။ ဖြစ်သလို အကြောင်း အကောင်းချည်းပဲကုသာ သဘောပိုက်မိသည်။

www.burmeseclassic.com

ညနေသို့ ရောက်သောအခါ ကိုဝင်းမြင့် မည်သို့ထွက်သွားသည်မသိ။ ကျွန်တော်တို့ သုံးဦးသာ မီးသွေးတင်ထားသည့် ဆိုင်ကယ်ဘေးနား တဲတစ်လုံးတွင် ကျန်ခဲ့သည်။ ညနေစာအဖြစ် လိုရမည်ရ ချစ်မင်းဝယ်ခဲ့သည့် ပေါင်မုန့်ဖြင့်သာ နှစ်ပါးသွားခဲ့ရသည်။ ဒီမှာပင် အိပ်ရတော့မည်ထင်သည်။

ကျွန်တော်တို့ရှိနေသည့်တဲသည် အကာအရံမရှိသော်လည်း မှောင်စပျိုးလာသည်နှင့် ခြင်များ၊ ဖြုတ်များ တဖွဲဖွဲရောက်ရှိ၍လာသည်။ စောင်၊ ခြင်ထောင် မရှိသည့် ကျွန်တော်တို့အား ထင်တိုင်းကြေ ဆော်တော့သည်။ များလိုက်သည့်ခြင်နှင့် ဖြုတ်၊ ဖွဲကို လက်နှင့် ဆုပ်ကာ ပက်သကဲ့သို့ပင်ရှိသည်။

သုံးဦးသား ငုတ်တုတ်မိုးလင်းခဲ့ရသည်။ ကိုဝင်းမြင့်သည် မည်သည့်အိမ်တွင် သွားရောက်အိပ်သည်မသိရ၊ မိုးလင်းမှ ရောက်ရှိ၍လာသည်။

"ဟိုကောင်လေးတွေ၊ နိုးပြီလား သွားကြမယ်"

ကိုဝင်းမြင့်မှ စကားဆုံးသည်နှင့် ဆိုင်ကယ်စက်နှိုးတော့သည်။ ကျွန်တော်တို့သုံးဦး ဖုတ်ဖက်ခါထ၍ ဆိုင်ကယ်အသီးသီးပေါ်တက် စက်နှိုးကြသည်။ ကိုဝင်းမြင့်မှ ကျွန်တော်တို့သုံးဦးအား စိတ်မချ၍ သူနောက်ဆုံးမှလိုက်မည် ဖြစ်ကြောင်းပြောပြီး ချစ်မင်းအား ရှေ့ဆုံးမှတင်ကာ မောင်းခိုင်းသည်။ ချစ်မင်းနောက်တွင် ဇော်ထွန်း၊ ဇော်ထွန်းနောက်တွင် ကျွန်တော် အစဉ်အတိုင်း အပြန်ခရီးကို စပါတော့သည်။

ဤတွင် ပြဿနာက စတော့သည်။ ရှေ့ဆုံးကမောင်းသည့် ချစ်မင်းသည် လမ်းကြောမသိ၍ ရွံ့ပွက်ထဲ ထိုးကျသည်။

မနေ့က မိုးရွာထား၍ အချို့နေရာများတွင် ရေများဖုံးလွှမ်းနေသည်။ ဆိုင်ကယ်ကို လမ်းကောင်းသည့်နေရာသို့ရောက်အောင် ဝိုင်းဝန်းတွန်းတင်ပေးရသည်။ (၅) မိနစ်ပင်မကြာလိုက်၊ ထပ်ကျပြန်သည်။ ဝိုင်းဝန်းတွန်းတင်ပေးရပြန်သည်။

"ကျွန်တော့်ကို ရှေ့ကတင်မောင်းခိုင်းရင် အိမ်ရောက်တော့မှာ မဟုတ်ဘူး၊ ကိုဝင်းမြင့်ပဲ ရှေ့ကမောင်းပါ"

ဆိုင်ကယ်လမ်းကြောင်းမှားကာ မကြာခဏ ရွံ့ပွက်ထဲကျနေ၍ ချစ်မင်းက ပြောလိုက်ခြင်းဖြစ်သည်။ ဤခရီးတွင် လုပ်ကိုင်စားသောက်နေကြသူများ မည်သို့ရှိသည်မသိပါ။ ကျွန်တော်တို့ (၃) ဦးမှာတော့ လူရုပ်ပင် မပေါ်တော့။ ရွံ့ပွက်အလိမ်းလိမ်းနှင့်ဖြစ်သည်။ ချစ်မင်း၏စကားကြောင့် ကိုဝင်းမြင့်မှာ လမ်းကောင်းသည့်နေရာမှ ကွေ့ပတ်မောင်းနှင်ကာ အရှေ့သို့ ကျော်တက်သွားပါသည်။

ကိုဝင်းမြင့်မှ ဦးဆောင်ကာ ရှေ့မှ ဖြည်းဖြည်းမှန်မှန် မောင်းနှင်လာမှုကြောင့် ခရီးပင် အတော်ပေါက်ခဲ့ပြီ။ ပြဿနာ တစ်စုံတစ်ရာမရှိခဲ့။ သို့သော်လည်း ကုန်းရှည် အတက်တစ်ခုသို့ ရောက်စဉ် ကျွန်တော်၏ရှေ့မှ မောင်းနှင်သည့် ဇော်ထွန်းဆိုင်ကယ်သည် ရှေ့သို့ ဆက်မတက်နိုင်ဘဲ နောက်သို့ လိမ့်ဆင်းလာသည်။ နောက်တွင် ကပ်လျက်ပါလာသည့် ကျွန်တော် မည်သို့လုပ်ရမည်မသိဘဲ ဖြစ်နေသည်။ ဖြစ်ချင်ရာဖြစ်ဆိုပြီး လမ်းဘေးသို့ဆွဲချစဉ် မလွတ်တော့ဘဲ ဇော်ထွန်းဆိုင်ကယ်နောက်ပြီးမှ ကျွန်တော့်ဆိုင်ကယ် ခါးလယ်အားဝင်ဆောင့်ပါတော့သည်။ ကျွန်တော်လည်း လမ်းဘေးမြေသားလမ်း ပခုံးပေါ်သို့ ခြေပစ်လက်ပစ် ကျသွားပြီး ဘယ်ဘက်ချိုစောင်း၊ နားအုံနှင့်မြေကြီး ပြေးဆောင့်မိကာ မှောင်အတိ ကျသွားပါတော့သည်။ ဘာဆိုဘာမျှ မသိတော့။

❐

ကျွန်တော်သည် တောင်စောင်းတစ်ခု၏အလယ်တွင် ရောက်ရှိ၍နေသည်။ တောင်မှာ မြင့်မားမတ်စောက်ခြင်းမရှိဘဲ ဆင်းရတက်ရ လွယ်ကူသည့် အနေအထားဖြစ်သည်။ အမြင့်မှာ ပေ (၇၀၀) ခန့်ရှိမည် ထင်ပါသည်။ သစ်ပင်ကြီးများမှာ ပတ်ဝန်းကျင်တစ်ခွင်လုံး ပေါက်ရောက်လျက်ရှိပြီး အကိုင်းအခက်၊ အရွက်များ နေပြောက်မထိုးနိုင်အောင် ပင်ရှိသည်။ အောက်ခြေတွင် ချုံပုတ်အနည်းငယ်သာရှိသော်လည်း သစ်ရွက်ကြွေ၊ သစ်ရွက်ခြောက်များမှာမူ ထူထပ်စွာရှိနေသည်။ မိုးရွာပြီးစ အချိန်ဖြစ်၍ သစ်ပင်သစ်ရွက်များမှ မိုးရေများ သစ်ရွက်ကြွေ၊ သစ်ရွက်ခြောက်များပေါ်သို့ တပေါက်ပေါက် ကျနေသည့်အသံကို မြင်နေ၊ ကြားနေရသည်။ ကျွန်တော်သည် လူသွားလမ်းကလေးအတိုင်း တောင်ပေါ်သို့ တရွေ့ရွေ့ တက်နေသည်။

တစ်နေရာအရောက်တွင် ဘယ်ဘက်သို့ ချိုးကွေ့သွားသည့်လမ်းငယ်တစ်ခုကို တွေ့ရပြီး လမ်းအဆုံးတွင် အဆောက်အအုံတစ်လုံးကို မြင်တွေ့ရသည်။ ရှေ့တည့်တည့်သွားသည့်လမ်းသည် လျှိုတစ်ခုတို့ အနှံ့ဦးငယ်ဆင်းပြီး နောက် တောင်ကုန်းပေါ်သို့ တက်သွားသည်။ တောင်ကုန်းထိပ်တွင် စေတီငယ်တစ်ဆူကို လှမ်းမြင်ရသည်။

ကျွန်တော်သည် ရှေ့သို့ဆက်မသွားဘဲ ဘယ်ဘက်သို့ ချိုးကွေ့သည့် လမ်းကလေးအတိုင်း အဆောက်အအုံရှိရာ တောင်ကုန်းပေါ်သို့ တက်ခဲ့သည်။ အဆောက်အအုံမှာ အောက်ခြေမှ ခါးစောင်းခန့်အထိ အုတ်၊ အင်တေတို့ဖြင့် ပတ်ပတ်လည်ကာရံထားပြီး အပေါ်ပိုင်းဗလာကျင်းဖြစ်ကာ အုတ်ကြွပ်မိုးထားသည်။ သုံးပင် နှစ်ပင်ခန်း ဖြစ်သည်။ အဝင်ဝ တစ်ဖက်တစ်ချက်စီတွင် ကျားနှစ်ကောင် ရုပ်တုပေါ်ခွလျက် ခေါင်းကိုယ်စီလွယ်ထားသည့် ရှေးခေတ် မင်းညီမင်းသား နှစ်ပါး၏ ရုပ်တုကိုတွေ့ရသည်။ ရွှေဖျင်းကြီး၊ ရွှေဖျင်းကလေးများဖြစ်လေမလားဟုတွေးကာ အနားတွင် ထိုင်၍ ကိုင်ကြည့်နေမိသည်။ ထို့နောက် အဆောက်အအုံအတွင်း ဝင်ရောက်ပြီး

www.burmeseclassic.com

အနောက်ဘက်သို့ လှမ်းမျှော်ကြည့်လိုက်ရာ တောင်ခြေလယ်ကွင်း၏ တစ်ဖက်တွင် သစ်ပင်ကြီးငယ်တို့ဖြင့် ညို့ဆိုင်းအုပ်မိုင်းနေသည့် ရွာကြီးတစ်ရွာကို ထင်ရှားစွာ လှမ်းမြင်နေရသည်။

တစ်ခါမျှ မရောက်ဖူးသည့် အရပ်၊ တစ်ခါမျှ မမြင်ဖူးသည့် မြင်ကွင်းကို တွေ့နေမြင်နေရသည်။ ငါ ဘယ်ရောက်နေပါလိမ့်၊ ဘယ်ကလာလို့ ဘယ်ကိုသွားမှာလဲ၊ ဘာကြောင့် ဒီကိုရောက်နေရတာလဲ။ ငါဘယ်သူလဲ၊ ဘာဆို ဘာမျှမသိရ။ ခက်တော့နေပြီ တွေးလေ တွေးလေ အဖြေက မရလေဖြစ်သည်။ အတွေးများကြောင့် ခေါင်းများ နောက်ကျိကာ ချာချာလည်လာ၍ ဆက်မတွေးတော့ဘဲ လာရာလမ်းအတိုင်း ပြန်ဆင်းခဲ့သည်။ လမ်းဆုံသို့ အရောက်တွင် စေတီရှိရာတောင်ပေါ်မှ ဆင်းလာသည့် မိသားစုတစ်စုကို တွေ့ရ၍ ရပ်စောင့်နေမိသည်။ လူကြီးတစ်ဦး၊ မိန်းမကြီးတစ်ဦး၊ အသက်(၂၀)အရွယ် ဆွမ်းအုပ်ရွက်ထားသည့် မိန်းမပျိုတစ်ဦး၊ (၁၀) နှစ်ကျော်အရွယ် ယောကျ်ားလေးတစ်ဦး တို့ဖြစ်သည်။

"ဧည့်သည် ထင်တယ်၊ အနီးအနားရွာက မဟုတ်တန်ဘူး"

ကျွန်တော့်အနီးသို့အရောက်တွင် လူကြီးက စူးစမ်းဟန်ဖြင့် မေးလာသည်။ တစ်ဆက်တည်းမှာပင် စေတီရှိရာဘက်သို့ လက်ညှိုးထိုးညွှန်ပြကာ -

"ဦးကြီးတို့က ဟိုးစေတီနားမှာ တဲထိုးပြီး ဝစီပိတ်ကျင့်နေတဲ့ ရဟန်းတစ်ပါးရဲ့ ဝေယျာဝစ္စကို လုပ်ကိုင်ဆောင်ရွက်ပေးနေတဲ့ မိသားစုပါ၊ ဦးကြီးအမည်က ဦးမောင်တင်၊ ဟောဒါက ဦးရဲ့ဇနီး ဒေါ်မြတ်လှ၊ သူကတော့ သမီးရွှေစင်နဲ့ သားအငယ်ဆုံး ငတေတို့ပဲ ဖြစ်တယ်"

လူကြီးမှ သူ၏ မိသားစုဝင် တစ်ဦးချင်းစီနှင့် မိတ်ဆက်ပေးသည်။ ကျွန်တော် ကြောင်အအနှင့် ရပ်ကြည့်နေမိသည်။ ဘာပြန်ပြောရမှန်းမသိ။

ထို့ကြောင့် လူကြီးမှပင် -

"မောင်ရင့်နာမည် ဘယ်လိုခေါ်သလဲ"

"ဘယ်ကလာလို့ ဘယ်ကိုသွားရမှန်းလဲမသိဘူး။ ဘာကြောင့် ဒီကိုရောက်နေတာလဲ ဆို့တာကိုလည်း မသိဘူး။ ယုတ်စွအဆုံး ကျွန်တော့်နာမည်တောင် ကျွန်တော်မသိဘူး ဖြစ်နေတယ်"

ကျွန်တော်၏ စကားကြောင့် ဦးမောင်တင်မှ သူ၏မိသားစုများထံသို့ ကြည့်လိုက်သည်။ ပြီးနောက် ကျွန်တော့်ဘက်သို့လှည့်ပြီး သနားၗဒ္ဓါပဲလားမသိ စုတ်သပ်ကာ -

"ကျွတ် ကျွတ်၊ ဒုက္ခသည်ပဲ၊ ဆန္ဒရှိရင် ဦးကြီးတို့နဲ့ လိုက်နိုင်ပါတယ်၊ ဦးကြီးတို့က ဆင်းရဲပါတယ်၊ အောက်က တောင်ခြေမှာ တဲထိုးပြီးနေပါတယ်"

ဦးမောင်တင်၏စကားကြောင့် အားတက်မိသည်။ သို့ကြောင့် ဝမ်းသာအားရဖြင့် လျှင်မြန်စွာ လျှာခလုတ်တိုက်မိမတတ် ပြန်ပြောလိုက်သည်။

"ကျေးဇူးတင်ပါတယ်၊ ကျွန်တော် ဦးကြီးတို့နဲ့ လိုက်နေဖို့မယ်၊ ကျွန်တော့်ကို ဦးကြီးခေါ်သလို မောင်ရင်လို့ပဲ ခေါ်ပါ"

ကျွန်တော်သည် ဦးမောင်တင်၏ မိသားစုနှင့်အတူ တောင်ခြေသို့ လိုက်ပါဆင်းလာခဲ့သည်။ ခန့်မှန်းခြေ (၁၅) မိနစ်မျှပင် ကြာမည်ဟု ထင်မိသော်လည်း တောင်ခြေသို့ရောက်သောအခါ နေပင်အတော်စောင်းၗနေပေပြီ။ ပြီးနောက် လူသွားလမ်းကလေးမှ သွေဖည်ကာ တောင်ခြေအတိုင်း မြောက်ဘက်သို့ဆက်လျှောက်ရာ (၅)မိနစ်ခန့် အကြာတွင် တောင်ခြေနှင့် လယ်ကွင်းစပ်ကြားတွင် အတန်ငယ်ကြီးသည့် တဲတစ်လုံးအား တွေ့ရှိရသည်။

ဦးမောင်တင်မှ သူတို့၏တဲ ဖြစ်ကြောင်း ပြောဆိုကာ တဲအတွင်းသို့ ခေါ်ဆောင်သွားသည်။ တဲမှာ အဝင်ပေါက်တစ်ခုသာရှိပြီး အတွင်း၌ မှောင်သလိုလို ရှိသော်လည်း အရာအားလုံးအား သဲကွဲစွာမြင်ရသည်။ တဲတိုင်များမှာ လူကြီးပေါင်လုံးခန့်ရှိ မျှောတိုင်များဖြစ်ပြီး စုစုပေါင်း (၁၀)လုံးခန့်ရှိသည်။ ကြမ်းခင်းမရှိပါ။ ခြေရင်းတွင် မီးဖိုချောင်အဖြစ် ဗို့ဒွတ်ပန်းကန် အနည်းငယ်နှင့် မီးဖိုတစ်ခုကို တွေ့ရသည်။ တဲအတွင်း၌ အနေတော်သစ်တုံးပိုင်း သုံးလေးပိုင်းအား တွေ့ရပြီး ထိုင်ခုံအဖြစ် သုံးထားကာ ထိုင်ကြသည်။ တစ်အောင့်အကြာတွင် ဦးမောင်တင်မှ ကျွန်တော့်အား ကြည့်ကာ -

"ရေချိုးချင်ရင် ခေါင်းရင်းဘက်စမ်းချောင်းမှာ စိတ်ကြိုက် ချိုးနိုင်ပါတယ်"

တဲအတွင်း ထိုင်နေရသည်မှာ အိုက်စပ်စပ်နှင့် အသက်ရှူမဝသလို ခံစားနေရစဉ် ဦးမောင်တင်၏စကားကြောင့် တဲအပြင်သို့ ထွက်ခဲ့သည်။ ထို့နောက် တဲခေါင်းရင်းဘက်သို့ ဆက်လျှောက်ခဲ့သည်။ လယ်ကွင်း၏ ဟိုတစ်ဖက်တွင် ညို့ဆိုင်းအုပ်မိုင်းနေသည့် ရွာကြီးတစ်ရွာကို တွေ့ရသည်။ တောင်ပေါ်မှ လှမ်းမြင်ရသည့်ရွာပင်ဖြစ်သည်။ လေအသင့်တွင် ခွေးဟောင်သံနှင့်ကြက်တွန်သံသဲ့သဲ့ ကြားရသည်။ ရှေ့ကိုက် အနည်းငယ်တွင် ဦးမောင်ထင်၏ တဲအရွယ် သုံးလေးလုံးကို တွေ့ရသော်လည်း လူများကိုမူ မမြင်မိပေ။

ကျွန်တော်လည်း ဆက်လျှောက်ခဲ့ရာ ချုံပုတ်ငယ်များအလွန်၌ ညှင်သာစွာ စီးဆင်းနေသည့် စမ်းချောင်းတစ်ခုကို တွေ့ရသည်။ ရေအနက်မှာ ပေါင်လယ်ခန့်ရှိပြီး ကြည်လင်နေသည့် ရေကြောင့် အောက်ကြမ်းပြင်ရှိ ကျောက်စရစ်ခဲများကို ကောင်းစွာမြင်ရသည်။

ကျွန်တော်သည် စမ်းချောင်းကမ်းနဖူး၌ ထိုင်ကာ ပေကျံနေသည့် အင်္ကျီကိုချွတ်ပြီး လက်နှင့်ပွတ်တိုက်လျှော်လိုက်သည်။ ပြီးနောက် ချုံတစ်ခုပေါ်တွင် လွှားတင်လိုက်ပြီး ဘေဒင်းဘီမချွတ်တော့ဘဲ သည်အတိုင်း စမ်းချောင်းထဲသို့ ခုန်ဆင်းလိုက်သည်။

www.burmeseclassic.com

အေးမြသည့် စမ်းရေ၏ အထိ အတွေ့ကြောင့် လူမှာ လန်းဆန်းသွားသည်။ ဘောင်းဘီကိုလည်း ဝတ်လျက် နှင့်ပင် လက်နှင့် ပွတ်တိုက်လျှော်လိုက်သည်။ ပြီးမှ အတွင်းခံ အားကစား ဘောင်းဘီ ဝတ်ထားသည်ကို သိရ၍ ဘောင်းဘီရှည် ချွတ်ကာ ရေညှစ်ပြီး ချုံတစ်ခုတွင်လှန်းလိုက်သည်။ အေးစက်လာသည်အထိ ရေကို စိမ်ပြေနပြေ ချိုးလိုက်ရ၍ နေသာထိုင်သာရှိသွားသည်။

"မောင်ရင်ရေ . . . စမ်းရေက အေးတယ်၊ အကြာကြီးစိမ်မချိုးပါနဲ့"

"ဟုတ်ကဲ့ ဦးကြီး၊ ဟုတ်ကဲ့"

ဦးမောင်တင်၏ သတိပေးမှု ကြောင့် ကျွန်တော် စမ်းချောင်းပေါ် သို့ တက်ခဲ့ပြီး အဝတ်အစားများ ကောက်ဝတ်ကာ တဲသို့ပြန်ခဲ့သည်။ တဲသို့ လှမ်းဝင်လိုက်သည်နှင့် ဦးမောင်တင်မှ ငါး ခုံးမကလေးများ ပုံထားသည့် ထမင်းတစ်ပန်းကန်အား လှမ်းပေးရင်း -

"စားလိုက်ပါဦး၊ ဆာရောပေါ့"

ကျွန်တော် ထမင်းပန်းကန်ကို လှမ်းယူရင်း ဦးမောင်တင်ဘေးတွင် ထိုင်လိုက်သည်။ ပြီးနောက် ဦးမောင်တင်မှ ပင် ဆက်ပြောသည်။

"ဦးတို့က ညနေစာ မစားကြဘူး၊ အခုတော့ မောင်ရင်တစ်ဦးတည်း ရှိတာနဲ့ပဲ စားလိုက်ပါဦး"

"ကိစ္စမရှိပါဘူး၊ ကျွန်တော်က ဘာနဲ့မဆို ဖြစ်ပါတယ်"

ကျွန်တော်မှ အားနာစွာနှင့်ပြန် ပြောရင်း ထမင်းတစ်လုတ်ကို ပါးစပ်ထဲသို့ ပစ်သွင်းလိုက်သည်။ ဖွယ်တယ့်တယ် နှင့် မည်သည့်အရသာမျှ မခံစားရ။ ငါး တစ်ကောင်ကို ကောက်ဝါးလိုက်သည်။ ထိုနည်းအတိုင်းပင်။ ထမင်းဝါးလိုက်တိုင်း ပါးစောင့်တွင် မခံနိုင်လောက်အောင် နာသည့်အပြင် အရသာလည်းမရှိသဖြင့် ထမင်းပန်းကန်အား အောက်သို့ချကာ အားနာစွာနှင့်ပင် -

"ကျွန်တော် မဝါးနိုင်ဘူး၊ ဝါးလိုက်တိုင်း ပါးစောင့်မှာ မခံနိုင်အောင် နာနေလို့ တစ်မျိုးတော့ မထင်ပါနဲ့ဗျာ"

ဦးမောင်တင်မှ ကျွန်တော်ချထားသည့် ထမင်းပန်းကန်အား လှမ်းယူရင်း သဘောပေါက်သည်။ ပြီးနောက် အိုးများဆီသို့ လက်ညှိုးထိုးပြကာ -

"မောင်ရင် ဆာရင် ကြိုက်တဲ့ အချိန်စားပါ၊ အိုးထဲမှာ ထမင်းရောဟင်းပါ ရှိတယ်"

"ဟုတ်ကဲ့၊ ဆာရင်စားပါ့မယ်"

အချိန်မှာလည်း မှောင်စပျိုး အချိန်သို့ပင် ရောက်ရှိလာပြီ ဖြစ်၍ အအေးဓာတ်က ပိုလာသည်။ မျက်လုံးများ မှေးစင်းကာ အိပ်ချင်လာသည်။ ကြမ်းခင်းမရှိသည့်တဲတွင် မည်သို့အိပ်ရမည်ကို စဉ်းစားနေမိသည်။ ဤသည်ကို သိသည့်အလား ဦးမောင်တင်မှ -

"မောင်ရင် အိပ်ချင်ရင် အိပ်လို့ ရပါပြီ၊ ဦးကြီးလည်း အလုပ်ပင်ပန်းလို့ အိပ်တော့မယ်"

ပြောပြောဆိုဆိုနှင့်ပင် ဦးမောင်တင်သည် ခေါင်းရင်းတိုင်နှင့် ခြေရင်းတိုင်အား လှမ်းချည်ထားသည့် အဝတ်စပေါ် လဲအိပ်ချလိုက်သည်။ ကျွန်တော် အခုမှ သဘောပေါက်တော့သည်။ ပိုက်ပုခက်ပုံစံမျိုးပါတကား။ တောတောင်နှင့် မကင်းသူများ ခရီးသွားရာတွင် ဆောင်လေ့ရှိသည့် ပိုက်ပုခက်သည် သစ်ပင်(၂)ပင်ရှိလျှင် အလုပ်ဖြစ်သည်။ အိပ်ရာလိပ်မလို အခုလည်း ဤအတိုင်းပင်ဖြစ်သည်။ ဦးမောင်တင်မှ ပုခက်ပေါ် လှဲနေရင်းမှပင် တံခါးပေါက်ဝနားသို့ ညွှန်ပြကာ -

"မောင်ရင် တဲပေါက်ဝနားက ပုခက်မှာ အိပ်ပါ"

ကျွန်တော်လည်း အိပ်ချင်နေ၍ တဲပေါက်ဝနားရှိ တိုင်(၂)တိုင်တွင် ချည်ထားသည့် ပုခက်ပေါ် လွှဲအိပ်ချလိုက်သည်။ ပြီးနောက် တဲအတွင်းကြည့်လိုက်ရာ ဦးမောင်တင် အိပ်သည့် ပုခက်ဟိုဘက်ခြမ်းတွင် ဝါးတဖဲခင်းကာ အစဉ်လိုက် အိပ်နေကြသည့် ခေါ်မြွတ်လှ၊ ရွှေစင်နှင့် ငတောတို့(၃)ဦးအား တွေ့ရသည်။ ကျွန်တော် တစ်ခုသတိထားမိသည်မှာ ဦးမောင်တင် အပါအဝင် မိသားစုများအားလုံးသည် အနက်ခဲပေါ်တွင် ဖြူဝါရောင်ကန့်လန့်စင်း အဆင်ရှိသည့် ဝိတ်စများကို ဝတ်ဆင်ထားကြခြင်းပင်ဖြစ်သည်။ ပုံမှန် သာမန်ဝတ်ဆင်ကြသည့် အဝတ်အစားပုံစံများပင် ဖြစ်သော်လည်း ယောကျ်ားရော၊ မိန်းမများပါ အဆင်တစ်မျိုးတည်းသာ ဝတ်ဆင်ကြ၍ ထူးဆန်းသလိုတော့ ဖြစ်မိသည်။ ထို့နောက်တွင်တော့ ကျွန်တော် အိပ်ပျော်သွားပါတော့သည်။

မည်မျှ ကြာအောင် အိပ်ပျော်သွားသည်မသိ။ နားတွင် တရှိုရှိုအသံကြောင့် လန့်နိုးခဲ့ရသည်။ ဘာသံများပါလိမ့်၊ မြွေတွန်သံများလားဟုတွေးကာ တဲပေါက်ဝသို့ လှမ်းကြည့်မိသည်။

ရောင်နီပင်ပျိုးလို့လာပြီ။ တရှိုရှိုအသံများ ပို၍ဆူညံလာသလိုရှိလာ၍ တဲအတွင်းသို့ လှမ်းကြည့်လိုက်ရာ တွေ့ရသည့် မသဲမကွဲ မြင်ကွင်းကြောင့် အသက်ရှူမှုမတတ်ဖြစ်ကာ မျက်လုံးကို စုံမှိတ်လိုက်မိသည်။

ဘုရား ဘုရား၊ လူကိုယ်လုံးနီးနီးရှိသည့် မြွေကြီးတစ်ကောင်၊ ခေါင်းရင်းနှင့် ခြေရင်းတိုင်ကို လှမ်းချိတ်ကာ ကျွန်တော့်အား ခေါင်းထောင်ကြည့်နေသည်။ အမြီးသည် မြေကြီးပေါ် တန်းလန်းကျ၍နေသည်။ ကျွန်တော် အိပ်ရာပေါ် မလှုပ်မယှက် ငြိမ်သက်နေမိသည်။ လှုပ်လိုက်လျှင် ထစ်ခုခုလုပ်လေမလားဟူ၍ကြောင့်ကြစ်သည်။ စိတ်ကိုတည်ငြိမ်စွာထားကာ ဘာလုပ်ရမလဲ။ ဘာလုပ်သင့်သလဲ။ သည်အတိုင်း ငြိမ်နေ၍ မဖြစ်။ တစ်ခုခုလုပ်မှ ဖြစ်တော့မည်ဟု ဆုံးဖြတ်ကာ မျက်လုံးကို တဖြည်းဖြည်းချင်း အသာဖွင့်ပြီး သေချာစွာကြည့်လိုက်သည်။

ထိုအခါ လား လား ကျွန်တော် မြွေဟုထင်သည့်အရာသည် ဦးမောင်တင် အိပ်သည့်ပုခက်ဖြစ်၍နေသည်ကို

www.burmeseclassic.com

www.burmeseclassic.com

သဲကွဲစွာမြင်ရပါတော့သည်။ ခေါင်းရင်း တိုင်၌ချည်ထားသည့်ပုခက်စမှာ အပေါ် သို့ထောင်နေသည်ကို မဲသဲမကွဲမြင်ကွင်း ကြောင့် မြွေခေါင်းဟုထင်မိပြီး ကျွန် တော့်အား ခေါင်းထောင်ကြည့်နေသည် ဟု ထင်မိသည်။ ထိုနည်းတူစွာ ခြေရင်း တိုင်၌ ချည်ထားသည့် ပုခက်အဝတ်စ သည် မြေကြီးပေါ် တွဲလောင်းကျနေ သည်ကို မြွေအမြီးဟု ထင်မိသည်။ ဖြစ်မှ ဖြစ်ရလေဟု ဆိုရမလိုပင်။ အခုမှ ဟင်း ချက်ကာ အသက်ဝဝရှူနိုင်တော့သည်။ မြွေတွန်သံကဲ့သို့ အသံများကို ကြားနေ ရ၍ မြင်မိမြင်ရာ မြင်မိခြင်းပင် ဖြစ် မည်ဟု တွေးမိသည်။

တဝိဝီ၊ တရှိရှိအသံများကို ကြား နေရဆဲဖြစ်၍ အိပ်ရာမှထကာ တဲပတ် ဝန်းကျင်အား လှည့်ပတ်ကြည့်သော် လည်း မည်သည့်အရာမျှ မတွေ့ရပေ။ မိုးလင်းနေပြီ ဖြစ်သည်။ တစ်ဦးတစ် ယောက်မျှ မထကြသေး၍ ပုခက်ပေါ် တက် ခေါင်းချအိပ်လိုက်သည်နှင့် ပြန် လည်အိပ်မျော်သွားပြန်သည်။ နိုးသော အခါ နေပင်အတော်မြင့်၍ နေပေပြီ။ တဲအတွင်း၌ ရွှေစင်နှင့် ငတေတို့ကိုသာ မြင်ရပြီး ဦးမောင်တင်နှင့် ဒေါ်မြတ်လှ ကိုမူ မမြင်မိပေ။ ရေအလွန်ဆာနေ၍ မျက်နှာသစ်၊ ရေသောက်၊ အလေးနှင့် အပေါ့အပါးသွားရန် စမ်းချောင်းဘက် ဆီသို့ ထွက်ခဲ့သည်။

❐

ကျွန်တော် စမ်းချောင်းအနီးသို့ ရောက်သောအခါ စမ်းချောင်းကမ်းနဖူး ပေါ် တွင်ထိုင်ပြီး ခြေထောက်နှစ်ချောင်း တွဲလောင်းချကာ ရေစိမ်နေသည့် ဦးမောင်တင်အား ဘေးတိုက်အနေ အထားဖြင့် လှမ်းမြင်ရသည်။ ကျွန် တော်နှင့် ချိုပုတ်သုံးလေးခုသာခြား သည်။ အသံပြန္နတ်ဆက်ရန် ပြင်လိုက် စဉ်မှာပင် ဦးမောင်တင်သည် ခေါင်း အသာငဲ့ကာ ရေထဲသို့ ငုပ်လျှိုးသွား သည်။ ရေထဲရောက်သည်နှင့် တစ်ပြိုင် နက် ဦးမောင်တင်အဖြစ်မှ မြွေတစ် ကောင်အဖြစ်သို့ ကူးပြောင်းသွားသည် ကို အံ့သြထူးဆန်းဖွယ် တွေ့မြင်လိုက် ရသည်။

မယုံကြည်နိုင်ဖွယ် မြင်ကွင်း ကြောင့် အနီးစပ်ဆုံး ချုံတစ်ခုဆီနောက် တွင် ရုတ်ခြည်းဝင်ချလိုက်မိသည်။ ပြီး နောက် ချုံကိုမှာသာဖြဂ်ကာ စမ်းချောင်း ဆီသို့ ကြည့်လိုက်ရာ အနက်ခဲပေါ်တွင် အဝါစင်းကျားနှင့် လူကြီးပေါင်လုံးခန့်ရှိ ဦးမောင်တင်တစ်ဖြစ်လဲ မြွေကြီးသည် ရေထဲတွင် ဟိုသည်ကူးခပ်လိုက်၊ အပေါ် သို့ထောင်ကာ ရေများကို ဖူးခနဲမှုတ် ထုတ်လိုက်၊ တစ်ခါတစ်ရံ တီကောင်လို တစ်ခုခုနှင့်ထိက တွန့်လိမ်သွားသကဲ့သို့ တွန့်လိမ်လိုက်ဖြင့် ဟော်ရွှင်မြူးထူးနွာ ရေကူးခပ် ဆော့ကစားနေသည်ကို ထင်ရှားစွာ မြင်နေရသည်။

ကြောက်လန့်သည့်စိတ်၊ အံ့သြ သည့်စိတ်တို့ကြောင့် ဆက်မကြည့်တော့ ဘဲ ချုံထဲတွင်အသာငြိမ်ကုပ်နေမိသည်။ တစ်စုံတစ်ခုသော အကြောင်းကြောင့် ဦးမောင်တင် ကျွန်တော့်အား မြင်တွေ့ သွားမည်ကို သေမလောက် ကြောက်မိ သည်။ တစ်အောင့်အကြာတွင် ခြေသံ တြားရှ် လှမ်းကြည့်လိုက်ရာ ရေနှိုးပြီး၍ စမ်းချောင်းပေါ် သို့ တက်လာသည့် ဦးမောင်တင်ကို မြင်ရသည်။ မြွေအသွင် နှင့် မဟုတ်။ လူအသွင်သို့ ကူးပြောင်း ခဲ့ပြီ ဖြစ်သည်။

ဦးမောင်တင်သည်, ကျွန်တော် ပုန်းအောင်းနေသည့် ချုံအနီးမှ ဖြတ် လျှောက်ရင်း လက်နှစ်ဖက်ကို ဆုပ်ကိုင် ကာ အပေါ် သို့ မြှောက်လိုက်သည်။ ပြီးနောက် ခန္ဓာကိုယ်အား ဘယ်ညာ အနည်းငယ်လှည့်၍ ဟိုယိမ်းသည်နွဲ့ဖြင့် သူ၏ကိုယ်ပေါ်တွင် တင်ရှိနေသည့် ရေ များကို ခါထုတ်နေသည်မှာ ခွေးများ၊ ကြောင်များ ရေဖို့က ခါထုတ်နေသည့် ပုံစံနှင့်ပင် တူတော့သည်။ နေရောင် အောက်တွင် ရေစက်များကို တဖွားဖွား နှင့် ခါထုတ်နေပုံမှာ တစ်မျိုးပင်ကြည့်၍ ကောင်းသေးသည်။

ငါတွေ့နေ မြင်နေရသည့် အရာ များသည် မည်သည့်နည်းနှင့်မျှ သာမန် လူများ မဖြစ်နိုင်။ ပရလောကသား များလော၊ မြွေများပင်လော ဆန်းစစ် နေမိသည်။ ရေဆာသည်ကိုပင် သတိ မရတော့၊ အချိန်အတော်ကြာသည် အထိ ချုံထဲတွင် ထိုင်နေမိသည်။

"မောင်ရင်ရေ၊ ဦးထို့ ဘုရား သွားတော့မယ်"

ဦးမောင်တင် လှမ်းအော်ပြောမှ တဲဘက်ဆီသို့ လှမ်းခဲ့မိသည်။ သူတို့ မိသားစုကိုလည်း အလွန်ကြောက်နေ မိသည်။ ဂ္ဂန္ဓဗ္ဗမျက်အောင် သတိထား နေရသည်။ သို့သော်လည်း ကြောက် တာကိုတော့ ဖုံးကွယ်၍မရနိုင်အောင် ပင်ရှိသည်။ ဦးမောင်တင်တို့ လင်မယားနှံ သည် ကျွန်တော့်အား လှမ်းအော်ပြော ပြီးသည်နှင့် ဘုရားဆီသို့ ထွက်သွားကြ သည်။ ကျွန်တော်မှ သူတို့ထွက်သွားရာ နောက်သို့ မြင်ကွင်းတစ်ဆုံး လိုက်၍ ကြည့်နေမိသည်။ မြင်ကွင်းမှ ပျောက် ကွယ်သွားမှ တဲတွင်းသို့ လှမ်း၍ဝင်ခဲ့သည်။

တဲအတွင်း၌ ငတေသည် တိုင် တစ်လုံးအား ခေါင်းမှီကာငိုက်နေသည်။ ကျွန်တော် တဲအတွင်းသို့ ဝင်လာစဉ် ခေါင်းထောင်ကြည့်ပြီး ကျွန်တော်မှန်း သိ၍ တိုင်ကိုခေါင်းမှီကာ ဆက်၍ငိုက် နေသည်။ ရွှေစင်မှာတော့ အိုးခွက်၊ ပန်းကန်များနှင့် အလုပ်ရှုပ်နေသည်။ သူတို့နှစ်ဦးကိုလည်း အလွတ်ပေး၍မရ၊ အချိန်မလွှဲ မြွေဖြစ်နိုင်သည် မဟုတ်ပါ လား။ ကျွန်တော်သည် တဲအတွင်း ဝင်ရောက်ကာ သစ်တုံးပေါ်တွင်ထိုင်ပြီး ရွှေစင်နှင့် ငတေအား မသိမသာတစ်ဖုံ၊ သိသိနှင့်ဇော်မျိုး အလွတ်မပေးဘဲ စောင့်ကြည့်အကဲခတ်နေစဉ် တဲပတ်ဝန်း ကျင် အပြင်ဘက်မှ ဆူဆူညံညံအသံကို ကြားရသည်။ ထိုဆူညံသံကြောင့် ထင် ရဲ့၊ ငတေသည် ခေါင်းထောင်ကြည့်ကာ တဲပေါက်ဝသို့ လှစ်ခနဲ ပြေးထွက်သွား သည်။ ရွှေစင်မှ လက်ကို ဖမ်းဆွဲသော်လည်း မမိလိုက်ပေ။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်လည်း စူးစမ်းလိုသည့် စိတ်ကြောင့် တဲပေါက်ဝမှ အပြင်သို့ လှမ်းထွက်ခဲ့ရာ တဲပေါက်ဝနှင့်ခပ်လှမ်း လှမ်းတွင် လူနှစ်ယောက် ဝါးတုတ်ကိုယ် စီတိုင်းကာ ရပ်နေကြသည်ကို တွေ့ရသည်။ ငတေသည် ထိုလူနှစ်ယောက်ဆီသို့ အရှိန်နှင့် ပြေးသွားစဉ် လူနှစ်ယောက်အနက်မှ တစ်ယောက်သော သူက ငတော၏ ခါးလယ်သို့ ဝါးတုတ်ဖြင့် ဖြတ်ရိုက်ချလိုက်သည်။

ငတေသည် အတော်ဝေးဝေးသို့ လွင့်ထွက်သွားပြီး မြက်ခင်းပြင်ပေါ် တွင် ဆန့်ငင်ဆန့်ငင် ဖြစ်နေရာမှ တဖြည်းဖြည်း ငတေအသွင်ပျောက်၍ အနက်ခဲပေါ်တွင် အဝါစင်းကျားနှင့် မြွေတစ်ကောင်အသွင်သို့ရောက်ရှိကာ တွန့်လိမ်၍နေသည်ကို တွေ့ရပါတော့သည်။ ကျွန်တော်လည်း တဲပေါက်ဝတွင် မှင်တက်ငေးမောကြည့်နေမိစဉ် မည်သူက ပစ်လွှတ်လိုက်မှန်း မသိသည့် ဝါးရင်းတုတ်တစ်ခုသည် ကျွန်တော်၏ ဘယ်ဘက်ချိုစောင်းနှင့် နားအုံအား အရှိန်ပြင်းစွာဖြင့် လာရောက်ထိမှန်သည်ကို နောက်ဆုံးသိလိုက်ရသည်။ မှော်အတိကျကား ဘာဆိုဘာမျှမသိရတော့ပေ။

❐

ခေါင်းဘယ်ဘက်ခြမ်းတစ်ခုလုံး ကိုက်ခဲလျက်ရှိပြီး နားမှလည်း တရှိရှိ အသံကို အဆက်မပြတ်ကြားနေရသည်။ ရေအလွန်အမင်း သောက်ချင်မန၍ နှုတ်မှအသံတွက် ညည်းတွားရေရွတ်နေမိသည်။

"ရေ..ရေ သောက်ချင်ထယ်"

ကျွန်တော်၏ အငမ်းမရ ရေတောင်းသံကြောင့် ထင်ပါသည်။ လက်မောင်းကိုလှုပ်ကာ စိုးရိမ်တကြီးမေးနေသည့် အမေ၏အသံကို ကြားရသည်။

"လူလေး...သတိရပြီလား"

ကျွန်တော် ဝေခွဲမရဖြစ်မိသည်။ ဦးမောင်တင်၏တဲသို့ အမေ မည်ကဲ့သို့ ရောက်ရှိလာသနည်း။ ဦးမောင်တင်ကပဲ အကြောင်းကြားလို့လား။ မဖြစ်နိုင်ပါ။ ဦးမောင်တင်၏ မိသားစုသည် လူတွေ့မှ မဟုတ်ဘဲ။ ထိုစဉ် အရက်ပြန်နံ့၊ ဆေးနံ့များကို ရှုရှိုက်မိသည့်အပြင် အဖေ၊ ညီမလေးနှင့် ချစ်မင်း၊ ဇော်ထွန်းတို့၏ အသံများကိုမှ ကြားလာရ၍ မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။

"ဟော..! မျက်လုံးပွင့်လာပြီ၊ သတိရပြီလား"

ဝမ်းသာအားရပြောလိုက်သည့် ချစ်မင်း၏အသံကြောင့် တေးပတိဝန်းကျင်သို့ လှည့်ပတ်ကြည့်လိုက်ရာ ကျွန်တော့်အား စိုးရိမ်တကြီး ကြည့်နေကြသည့် အဖေ၊ အမေ၊ ညီမလေးနှင့် သူငယ်ချင်း နှစ်ယောက်၏ မျက်နှာကို မြင်လိုက်ရသည်။ ထို့အပြင် သူနာပြုဆရာမများကိုပါ မြင်လိုက်ရ၍ ဆေးရုံရောက်နေတာပဲဟု သိလိုက်ရသည်။ ထိုအခါမှ ဆိုင်ကယ်နှင့် မီးသွေးသယ်သည့်ကိစ္စအား သတိရကာ အလောတကြီး မေးလိုက်မိသည်။

"ငါ့ဆိုင်ကယ်နဲ့ မီးသွေးအိတ်တွေကော"

ကျွန်တော်၏ မေးမြန်းမှုကြောင့် ချစ်မင်းမှ ထခုန်မိမတတ် ဝမ်းသာအားရ အမူအရာဖြင့်

"ဟာ...ဒီကောင် သတိရပြီဟေ့၊ ဝမ်းသာလိုက်တာကွာ၊ မင်းသတိလစ်နေတာ တစ်ရက်ရှိပြီ"

အမေက ရေတစ်ခွက်လှမ်းပေးသဖြင့် ဖြည်းဖြည်းချင်း သောက်လိုက်သည်။ ရေတပြေကာ အားရှိလာသလို ခံစားရသည်။ ပြီးနောက် မျက်လုံးကိုမှိတ်ကာ တွေးနေမိသည်။

ကိုဝင်းမြင့်၊ သူငယ်ချင်းနှစ်ဦးနှင့် အတူ ဆိုင်ကယ်ဖြင့် မီးသွေးသယ်လာစဉ် နံနက် ၁၀ နာရီခန့်တွင် ဆိုင်ကယ်မတော်တဆဖြစ်ကာ ဘယ်ဘက်ချိုစောင်း၊ နားအုံတို့ လှမ်းဘေးပခုံးမြေသားနှင့် ဇဆောင့်မိခဲ့သည်။ သတိလစ်မေ့မြောခဲ့သည်။ ကျွန်တော်၏စိတ်သည် ကျွန်တော်၏ခန္ဓာမှခွာကာ မရောက်ဖူးသည့် အရပ်ဒေသအသစ်၊ မတွေ့မမြင်ဖူးသည့် လူသစ်များနှင့် အုံဩထိတ်လန့်ဖွယ် တွေ့ကြုံ ဆုံဆည်းခဲ့ရသည်။ ဦးမောင်တင်၏ မိသားစုနှင့် ဆုံတွေ့စဉ်လက်ရှိဘဝအား လုံးဝမမှတ်မိခဲ့ပေ။ သို့သော် ပြန်လည်သတိရလာသောအခါ ယခုလက်ရှိဘဝကိုရော၊ ဦးမောင်တင်၏ မိသားစုနှင့် ဆုံတွေ့ရစဉ်ကိုပါ ကောင်းစွာ အမှတ်ရနေမိသည်။ ကြာမြင့်ချိန်မှာ (၁)ရက်ခန့်ဖြစ်သည်။

တစ်ပတ်ခန့်အကြာတွင် ဆေးရုံမှဆင်းရသည်။ သို့သော် နားတွင်းကြားနေရသည့် တရှိရှိအသံကား မပျောက်။ အစားအသောက် စားရာတွင်လည်း အရသာမရှိ၊ ဆရာဝန် ပြောကြားချက်အရ ဘယ်ဘက်ချိုစောင်းနှင့် နားအုံတွင် ရရှိသည့်ဒဏ်ရာကြောင့် နားမှာ တစ်ပတ်၊ ဆယ်ရက်ခန့် အုန်နေမှာဖြစ်ကြောင်း၊ ထို့ကြောင့် တရှိရှိအသံအား ကြားနေရဦးမည်ဖြစ်ကြောင်း၊ အစားအသောက် စားရာတွင်လည်း တဖြည်းဖြည်း အရသာရှိလာမှာ ဖြစ်ကြောင်း၊ စိုးရိမ်စရာမရှိကြောင်း ပြောခဲ့ပါသည်။

ဆရာဝန်ပြောသည့်အတိုင်းပင် (၁၀)ရက်ခန့်အကြာတွင်တရှိရှိအသံများ မကြားရတော့ပေ။ အစားအသောက် မှာလည်း အရသာရှိလာကာ တဖြည်းဖြည်း ကောင်းမွန်ခဲ့ပါသည်။ သို့သော်လည်း အချိန်နှင့်အမျှ စဉ်းစားနေမိတာ တစ်ခုရှိသည်။ ကျွန်တော် သတိလစ်မေ့မြောနေစဉ် ရောက်ရှိခဲ့သည့် အရပ်ဒေသအသစ်သည် အပြင်တွင် တကယ်ရှိသလော၊ ရှိလျှင် မည်သည့်အရပ်ဒေသနည်း၊ ခေတ္တတည်းခို နေထိုင်ခဲ့သည့် ဦးမောင်တင်တို့ မိသားစုသည်လူ (သို့) ဗရဲလောကသားများလော။

နားတွင် တရှိရှိကြားနေရသည့် အသံကိုစွဲ၍ မြွေများဟု ထင်ယောင်ထင်မှား မြင်မိလေသလော ဆိုသည့် အချက်များအား စဉ်းစား၍ ဉာဏ်မမီနိုင်အောင် ရှိပါတော့သည်။

စောလှဘော်

❐

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှ အဆက်)

မိုးအောင်ရဲ့ နောက်ကြောင်းသမိုင်းက မိုးအောင်ကံကြမ္မာကို ဆိုးစေတယ်။ ဌာနမှာ ဒရိုင်ဘာလုပ်နေပေမယ့် တစ်ချိန်က ရန်ကုန်စက်မူတက္ကသိုလ် နောက်ဆုံးနှစ် ကျောင်းသား၊ ဘာကြောင့် ဒရိုင်ဘာ ဝင်လုပ်နေတာလဲ မြဿနာပဲ။ ချစ်တဲ့သူနဲ့ မမျှော်လင့်ပဲ ဆုံရာက သံယောဇဉ်ကြောင့်ရော လတ်တလော အခြေအနေကြောင့်ပါ ဆိုတာ မယုံချင်ကြဘူး။ ယခင်ကလည်း ထောင်ကျခဲ့ဖူးတယ်။

ကျောင်းသားဘဝက အဖေကလည်း လွတ်လပ်ရေးမော်ကွန်းဝင်ဆိုပေမယ့် နိုင်ငံရေးသမား၊ အထိန်းသိမ်းခံ နိုင်ငံရေးသမားရဲ့သား။ အေးအေးဆေးဆေးနဲ့ လွတ်ဖို့ကတော့ မမြင်ပါဘူး။ သက်သာဖို့ပဲ မျှော်လင့်တယ်။ သက်သာပါတယ်၊ မစစ်မမေးတော့ဘဲ နေရတာတော်တော်ကြာတယ်၊ ဘာမှန်းမသိဘူး။

နောက်တော့ ကြားရတာက မြန်မာပြည်မှာ အကြီးမားဆုံး ဆူပူအုံကြွတဲ့ အရေးအခင်းကြီး ဖြစ်နေသတဲ့။ ဒီလို ကြုံခေါင့်ကြုံခဲ အရေးအခင်းကြီးမှာ မိုးအောင် ဘယ်နေရာကမှ ပါဝင်ခွင့် မရလိုက်တာတော့ မိုးအောင်ယူကျုံးမရဖြစ်မိတယ်။ ဒါပေမဲ့ ပါဝင်ပါတယ်ဆိုပြီး စွပ်စွဲနေတယ်။ စစ်ဆေးနေတယ်။ ငြင်းပေမယ့်လည်း မရဘူး။ ကံကိုက ဆိုးပါတယ်လို့ ကံကိုပဲ ပုံချလိုက်တော့တယ်။ ဘာတွေဖြစ်နေမှန်းလည်း မိုးအောင် မသိဘူး။ မိုးအောင်သိလိုက်ရတာကတော့ စစ်တပ်က အာဏာသိမ်းလိုက်ပြီ။ မိုးအောင် ထောင်ကျပြီ ဆိုတာလောက်ပဲ သိလိုက်ရတယ်။

ဖမ်းထားတာရော၊ ထောင်ကျတာရော နှစ်တော်တော်ကြာတယ်။ အင်းစိန်ထောင်၊ တောင်ငူထောင်၊ ဘာယာဝတီထောင်၊ သုံးထောင်စား ဘဝရောက်ခဲ့ရတယ်။ လွတ်ပြီဆိုတော့ ဘာယာဝတီထောင်က လွတ်တယ်။ လူလည်း ကြောင်တောင်တောင်၊ ဘဝပျက်တဲ့အကြောင်ကျားဘဝ အိုးမဲ့အိမ်မဲ့ အလုပ်မဲ့ ဘာဆို ဘာမှ မရှိတဲ့ဘဝ။ ထောင်ကျနေတဲ့ ကာလတွေမှာလည်း မျက်နှာငယ်ရ အားငယ်ရပါတယ်။

တစ်ယောက်တလေ တစ်ခါတလေတော့ ထောင်ဝင်စာ လာတွေ့တယ်ဆိုတာ မကြုံခဲ့ရလေတော့ ဘယ်လိုကြီးပါလိမ့် တစ်မျိုးကြီးပါလားလို့ ခံစားမိတယ်။ နှစ်ရှည်ကြာ ကမ္ဘာကြီးနဲ့ အဆက်ပြတ် လူ့လောကနဲ့ အဆက်ပြတ်ပြီး တိုက်ခန်းလေးထဲ အထီးကျန်နေခဲ့ရတော့ အပြင်မှာ တွေ့ရမြင်ရကြားရတာတွေ အားလုံး အဆန်းတွေဖြစ်နေတယ်။ မရောက်ဖူးတဲ့ ကြိုဟ်ကမ္ဘာတစ်ခုပေါ်ကို ရောက်သွားတဲ့ တောသားလေးလို ဖြစ်နေတယ်။

ရန်ကုန်မြို့ကြီးဆိုတာ မရောက်ဖူးတဲ့ မြို့တစ်မြို့လိုတို့ ဖြစ်သွားတယ်။ လမ်းတွေ၊ အဆောက်အအုံတွေ၊ ဘုရားတွေ၊ တံတားတွေ၊ ရပ်ကွက်တွေ ဆိုတာလည်း ရပ်ကွက်လိုက် ပျောက်တာပျောက်၊ ရပ်ကွက်လိုက်ကြီးကို ပေါ်တာပေါ် အတော်အံ့ဩစရာ ဖြစ်ရတယ်။

ဟိုးရှေးယခင်ထဲက ဘိုးဘွားပိုင် မြေကြီး တိုက်ကြီးတွေနဲ့ အထက်တန်းလွှာပိုင်းက မေ့သက်နှံဦးတို့ မြေကြီး တိုက်ကြီးဆိုတာလည်း မရှိတော့ဘူး။ တက္ကသိုလ်ရိပ်သာလမ်းသစ်ကြီးရယ်လို့ ဖြစ်နေပြီ။ ဆူးလေက ရုံးကိုသွားပြီး စုံစမ်းတော့လည်း ဝန်ထမ်းဟောင်းရယ်လို့ သိပ်မတွေ့ရတော့ဘူး။

မေသက်နှံဦး မရှိတော့ဘူး၊ မသိဘူးဆိုတာပဲ ကြားရပြီး ပုဂ္ဂလိက ဟိုတယ်တွေ၊ မိုတယ်တွေ၊ အင်းတွေ ပုဂ္ဂလိက ခရီးသွားလုပ်ငန်းတွေနဲ့ မကြားဖူး မမြင်ဖူးတာတွေပဲ ကြုံနေရတော့တယ်။ ဘယ်အရာမှ မမြဘူး၊ ဘယ်အရာမှ ပုံသေမရှိဘူး။ အမြဲတမ်းလည်း ကဲဆိုးမနေဘူး။ အမြဲတမ်းလည်း ကံကောင်းမနေဘူးဆိုတာ ဟုတ်လောက်တယ်။

ချစ်သူ ပျောက်တာကို ကြယ်ကြွေရာ ဖွေရှာကောက်သလိုရှာနေရင်းကပဲ မမျှော်လင့်ဘဲ ကားပျက်နေသူ တစ်ယောက်ကို ကူညီပြီး ကားပြင်ပေးမိရာက စွယ်စုံပွဲစား၊ စွယ်စုံ အေးကျင့်လုပ်စားသူ အကြံအဖန် သူဌေးတုဆိုသူနဲ့ တရင်းတနှီး ကြုံရတယ်။ သူက မိုးအောင်ထောင်ကျခဲ့ပုံကို လေးစားတယ်တဲ့။ သူ့ဆီမှာ ဒရိုင်ဘာ တပည့်အဖြစ် မြို့ခိုနေရင်းက နိုင်ငံခြားသွားကွာဆိုတော့ မိုးအောင်က သူလို နိုင်ငံရေးနဲ့ ထောင်ကျထားတဲ့လူ နိုင်ငံကူးလက်မှတ်ပတ်စ်ပို့ ဘယ်ရနိုင်မလဲဆိုတော့ မြန်မာပြည်မှာ မရတာ ဘာမှ မရှိဘူး၊ သူကျွမ်းကျင်လို့ ဒါတွေ လုပ်စားနေတာလို့ဆိုတယ်။

အံ့ဩဖို့ပေတာ့ ကောင်းတယ်။ အမှန်တရား သစ္စာကိုတော့ မျက်ကွယ်ပြုရမယ်တဲ့။ နိုင်ငံကူးလက်မှတ်ပတ်စ်ပို့ လျှောက်တဲ့အခါမှာ မိုးအောင် အမည်မှန်၊ မွေးသက္ကရာဇ်အမှန်၊ ဖခင်အမည်လည်းအမှန် မွေးရာဇာတိလည်း အမှန်တွေ။ ဒါပေမဲ့ ဖခင် လွတ်လပ်ရေးမော်ကွန်းဝင်တွေ ဘာတွေ မကြွားနဲ့။ ကုန်သည် ကွယ်လွန်။ မိခင် မှီခို ကွယ်လွန် မိဘနှစ်ပါး ဆွေမျိုး ညီအစ်ကို မောင်နှမတွေ ကွယ်လွန်၊ မိုးအောင် ပညာရေး ၇ တန်းအောင် စွေးသည်။

ဒီလိုနဲ့ ပတ်စ်ပို့ နိုင်ငံကူးလက်မှတ်လည်းရ၊ ထွက်ခါနီးလိုတဲ့ စာရွက်စာတမ်းတွေက ပြည်တွင်းဖြစ် နိုင်ငံခြားအရောက်ဆိုတာမျိုး အတု၊ အစစ်တွေ။ ဝီဇာဂင် ဒီဇာဂင် ဆိုတာတွေလည်း အလွယ်တကူရပါရဲ့။ ဒါ့အပြင် ကျေးဇူးကြီးလိုက်ပုံက မိုးအောင်မှာ တစ်ပြားမှ မရှိဘဲ ဒါတွေကို သူအကုန်ခံ လုပ်ပေးတယ်။

ပြီးတော့ နိုင်ငံခြားသွားခွင့်၊ အလုပ်လုပ်ခွင့် ဝင်ခ်ပါမစ်အတွက် အေးကျင့် ကုန်ကျစရိတ်ကိုလည်း ဟိုရောက်မှ လခထဲက လစဉ် ဖြတ်သွားမတဲ့။ မိုးအောင် ဘာမှမကုန်၊ ဘာမှ မလုပ်ရ မလုပ်တတ်ဘဲ သိကြားမင်း

www.burmeseclassic.com

www.burmeseclassic.com

မသလို နိုင်ငံခြားကို ချောချောမောမော ထွက်ခွင့်ကြုံပါတော့တယ်။ ယုံတောင် မယုံနိုင်စရာ။

အဲဒီ ဆရာက တစ်ခိုတော့ ဝန်ခံတယ်။ သူ့ကို နောင်ဘယ်တော့မှ မရာဖွေ မဆက်သွယ်ပါနဲ့တော့တဲ့။ သူမှာ ပြဿနာပေါင်း သောင်းခြောက်ထောင်နဲ့မို့ သူပြောတော့မယ်တဲ့။ မိုးအောင်ကို တော့ နောက်ဆုံး ကူညီခြင်း ကူညီသွားတယ်။ ဒါကြောင့် မိုးအောင် မမျှော်လင့်ဘဲ စင်ကာပူနိုင်ငံကို ဝင်ခ်ပါမစ် ၂ နှစ်စာချုပ် ဆောက်လုပ်ရေးလုပ်သားဘဝနဲ့ ရောက်သွားတယ်။

မိုးအောင် စင်ကာပူရောက်တော့ ကံကြမ္မာကို ရင်နာစရာကြုံရပါတယ်။ သူအလုပ် လုပ်ရတဲ့ ကုမ္ပဏီဟာ အဆင့်မြင့်အိမ်ရာ ကွန်ဒိုမီနီယမ် စီမံကိန်းကြီးဖြစ်လို့ နိုင်ငံပေါင်းစုံက လုပ်သား (၁၀၀၀)ကျော် ရှိတယ်။ အင်ဂျင်နီယာတွေ၊ မန်နေဂျာတွေ၊ ဖိုမင်တွေ အများကြီးထဲမှာ အင်ဂျင်နီယာချုပ်က မြန်မာဖြစ်နေသလို ဒုတိယအင်ဂျင်နီယာချုပ်ကလည်း မြန်မာပါပဲ။ ဒီအတွက် ဂုဏ်ယူဝမ်းသာစရာ ဖြစ်ပေမယ့် မိုးအောင် ကံကြမ္မာကိုတော့ရင်နာမိတယ်။

စင်ကာပူနိုင်ငံသားနဲ့ တခြားနိုင်ငံတွေက အင်ဂျင်နီယာတွေရဲ့ အထက် အင်ဂျင်နီယာချုပ်အကြီးအကဲကြီးဖြစ်နေတာက မိုးအောင်နဲ့ စက်မှုတက္ကသိုလ်မှာတုန်းက တစ်နှစ်တည်း တစ်တန်းတည်း တက်ခဲ့တဲ့ ကျောင်းနေဖက် သူငယ်ချင်းဖြစ်နေတယ်။

ဒုတိယအင်ဂျင်နီယာချုပ် ဖြစ်နေသူကလည်း မိုးအောင်တို့ မြို့က ဆယ်တန်းအောင်ကြစဉ်အခါက မိဘတွေရဲ့ စီးပွားရေး အခြေအနေအရ တက္ကသိုလ်ဆက်မတက်နိုင်ရှာလို့ ဂျီတီအိုင်တက်ခဲ့ရတဲ့ သူငယ်ချင်းပါ။ အခုအခါမှာတော့ စက်မှုတက္ကသိုလ် အတူတက်ခဲ့တဲ့ ကျောင်းနေဖက်က အင်ဂျင်နီယာချုပ်၊ ကျောင်းနေဖက် သူငယ်ချင်းက ဒုတိယအင်ဂျင်နီယာချုပ်၊ မိုးအောင်က ဘွဲ့မရတဲ့ ဆောက်လုပ်ရေး အုတ်ထွေး လုပ်သား၊ ဘဝချင်းက ကွာခြားလွန်းလှတယ်။

စင်ကာပူနိုင်ငံဆိုတာက မြန်မာနိုင်ငံထက် (၁၇)နှစ် နောက်ကျပြီးမှ လွတ်လပ်ခွင့်ရနိုင်ငံဖြစ်လာတဲ့ ကျွန်းနိုင်ငံသေးသေးလေးပါ။ နွေ မိုး ဆောင်းရယ်လို့ ရာသီဥတုမရှိဘဲ နွေစဉ်နေပူ၊ နွေစဉ် မိုးရွာပြီး အင်မတန် ပူအိုက်တဲ့ နိုင်ငံငယ်လေးပါ။ သူမြေမှာ ဘာသယံဇာတမှမရှိဘဲ သောက်ရေ သုံးရေတောင် နှစ်ရှည် စီမံကိန်းစာချုပ်နဲ့ မလေးရှားက ဝယ်သုံးနေရတာ။ အားတဲ့ ချမ်းတဲ့ ဆောင်းတွင်းမရှိဘဲ တစ်နှစ်ပတ်လုံး ပူအိုက်တာမို့ နေရာတိုင်း လေအေးစက်အဲကွန်းနဲ့ နေကြရတယ်။

တစ်နိုင်ငံလုံး သိပ်သန့်ရှင်းတယ်။ သိပ်လှတယ်။ ချမ်းသာ ကြွယ်ဝပြီး ခေတ်မီ တိုးတက်လွန်းတယ်။ လူဦးရေ ကလည်း သုံးသန်းကျော်ကျော် နည်းနည်းရှိတာမို့ အစိုးရက နိုင်နိုင်နင်းနင်း အုပ်ချုပ်နိုင်တယ်။ နိုင်ငံသား အားလုံးကလည်း စည်းကမ်းရှိကြတယ်။ ဥပဒေကို လေးစားကြတယ်။ အစိုးရနဲ့ နိုင်ငံခေါင်းဆောင်ကလည်း စီမံခန့်ခွဲမှု သိပ်တော်တယ်။ လာဘ်ပေး လာဘ်ယူမှု မရှိကြဘူး။ နားမလည်ဘူး။ ကိုယ့်အလုပ် ကိုယ်လုပ်၊ ကိုယ့်တာဝန် ကိုယ်ထမ်းကြတယ်။ သိပ်စနစ်ကျတာပဲ။ သယံဇာတ မရှိတော့ လူနဲ့ အတတ်ပညာကို အားကိုးကြတယ်။ နိုင်ငံရေးကိုတော့ သိပ်စိတ်မဝင်စားကြဘူး။ အားလုံး ကုန်းကုန်း အလုပ်လုပ်နေကြတယ်။

စင်ကာပူမှာ သယံဇာတ ဘာမှ မရှိသလို ရွှေဟောင်း ယဉ်ကျေးမှု အမွေအနှစ်ရယ်လို့လည်း ဘာမှ ပြစရာ မရှိဘူး။ ဒါပေမဲ့ ကမ္ဘာပေါ်မှာ ခရီးသွားလုပ်ငန်းနဲ့ တိုင်းပြည်အတွက် ဝင်ငွေကောင်းအောင်လုပ်နေတာ စင်ကာပူပါပဲ။ ကမ္ဘာပေါ်က နိုင်ငံပေါင်းစုံက ဘာပစ္စည်းမဆို သူ့နိုင်ငံမှာ ဝယ်လို့ရတယ်။ ခေတ်မီ စူပါမားကက် ကုန်တိုက်ကြီးတွေ အပြိုင်အဆိုင် ဖွင့်ထားတော့ ကမ္ဘာအရပ်ရပ်က စျေးဝယ်လာကြတယ်။

စင်ကာပူမှာ ဘာပဲ ဝယ်ချင် ဝယ်ချင်၊ ဘာပဲ ရောင်းချင် ရောင်းချင် အကုန်အလုပ်ဖြစ်တယ်။ အုပ်တို့၊ ခို်တ်တို့၊ ကလစ်တို့က အစ လေယာဉ်ပျံတွေ သင်္ဘောတွေ၊ ဒုံးပျံတွေ၊ အမြောက်တွေ အားလုံးဝယ်လို့ရတယ်။ ပွဲခစားတယ်။ စက်ရုံပေါ်တယ်။ အလုပ်အကိုင် ပေါတယ်။ သူ့နိုင်ငံသားတွေ အလုပ်ကိုယ်စီရှိကြတယ်။ နောင် အနှစ် ၂၀၊ ၃၀၊ ၄၀ ထိရည်မှန်းပြီး အစိုးရက အိုးအိမ်သစ်တွေ၊ မြို့သစ်တွေ၊ လမ်းတွေ၊ တံတားတွေ၊ ရထားတွေ ဆောက်လုပ်နေတယ်။

သူ့နိုင်ငံသားနဲ့တင် အလုပ်သမား မလုံလောက်ဘူး၊ ပြည်ပ နိုင်ငံတွေက အလုပ်သမားတွေ တင်သွင်းရတယ်။ ပညာတတ်တွေ ပညာရှင်တွေကိုလည်း ခေါ်တယ်။ နေရာပေးတယ်။

စင်ကာပူမှာ ဥိက်ကော်လာ ကလပ်စ်၊ ကော်လာဖြူ လူတန်းစား၊ ပညာတတ် ပညာရှင် လူတန်းစားနဲ့ ဘီလူးကော်လာကလပ်စ်၊ ကော်လာပြာ ပညာနည်းတဲ့ အလုပ်သမားလူတန်းစား ရယ်လို့ ရှိတယ်။ လစာဝင်ငွေ အဆင့်အတန်းချင်း မတူဘူး။

မိုးအောင်က ကော်လာပြာ အလုပ်သမား လူတန်းစား ဝပ်ခ်ပါမစ် (၁၀လျှောင်)နဲ့ အလုပ်သမား။ သူကုမ္ပဏီမှာ ရှိနေတဲ့ အင်ဂျင်နီယာ သူ့ သူငယ်ချင်းတွေက ကော်လာဖြူ ပညာတတ် ပညာရှင်လူတန်းစား၊ လစာ သိပ်ကွာတယ်။ အီးပီသမားတွေ၊ မိသားစု ဇနီးသားသမီး စင်ကာပူ ခေါ်ထားခွင့်ရှိတယ်။ ဇနီးက မှီခို ဒီပင်းနဲ့အနေနဲ့ အလုပ်လုပ်ခွင့်ရှိတယ်။

ကုမ္ပဏီက တိုက်ခန်း၊ ကား၊ တယ်လီဖုန်းတွေ ပေးတယ်။ မိုးအောင်တို့လို သာမန် အလုပ်သမားတွေက တိုက်အို တိုက်ဟောင်း ဒါမှမဟုတ် ကွန်တင်နာခေါ်တဲ့ ကုန်သေတ္တာဟောင်းကြီး

www.burmeseclassic.com

www.burmeseclassic.com

တွေကို အိမ်လုပ်ပြီး စုပေါင်းနေရတယ်။ အဆင့်အတန်း သိပ်ကွာတယ်။ စင်ကာပူမှာ လွန်ခဲ့တဲ့နှစ်ပေါင်း (၃၀)လောက်ထဲက လက်ကိုင်ဖုန်းဆိုတာကို စွေးပေါပေါနဲ့ လူတိုင်း ကိုင်ကြတယ်။

ဆိုက်ကားဆရာ၊ တံမြက်စည်းလှည်းတဲ့ စည်ပင်လုပ်သား၊ မူလတန်းကျောင်းသား၊ ချဉ်ပေါင်ရွက်၊ ကန်စွန်းရွက်ရောင်းတဲ့ ကုန်စိမ်းသည်၊ ပြည့်တန်ဆာမက အစ လက်ကိုင်ဖုန်းတွေ ကိုင်ကြတယ်။ အဲဒီတုန်းက မြန်မာပြည်မှာ လက်ကိုင်ဖုန်းမပေါ်သေးဘူး။ လက်ကိုင်ဖုန်းအပြင်. စင်ကာပူမှာ ပေကျာဆိုတဲ့ ဓာတ်ခဲနဲ့ ဘူးလေးတွေ ခါးမှာ ကိုယ်စီ ချိတ်ကြတယ်။ ဒါကလည်း ဆက်သွယ်ရေး ကိရိယာတစ်မျိုးပဲ။

ကမ္ဘာအရပ်ရပ်ကို သွားချင်တဲ့ အချိန် တိုက်ရိုက်လေယာဉ်တွေရှိတယ်။ ချန်ဂီအပြည်ပြည်ဆိုင်ရာ လေဆိပ်ကြီးမှာ လေယာဉ်ပျံတွေဟာ အလှူရှိတဲ့ ဘုန်းကြီးကျောင်းရှေ့ ချွတ်ထားတဲ့ ဖိနပ်တွေ ကျနေတာပဲ။ အရာရာကို အလက်ထရောနစ် စက်တွေသုံးတယ်။ မီးရထားတွေ၊ ဘတ်စ်ကားတွေ လက်မှတ်ရောင်းစပယ်ယာမပါဘူး။ မောင်းတဲ့ ဒရိုင်ဘာတွေက မိန်းမတွေ။

ကျောင်းနေဖက် သူငယ်ချင်းတွေက အီးပီရကြပြီး အင်ဂျင်နီယာချုပ်တွေ၊ ဒုတိယအင်ဂျင်နီယာချုပ်တွေ ဖြစ်နေပြီး မိုးအောင်က ဒဗလျူပီ၊ ဝပ်ခါပါမစ်နဲ့ အလုပ်ကြမ်းသမားဘဝ ဖြစ်နေတော့ သူငယ်ချင်းတွေက ယူကျူးမရဖြစ်ကြ၊ စိတ်မကောင်းဖြစ်ကြတယ်။

ဒါကြောင့် ကုမ္ပဏီရဲ့ ပုံမှန် လပတ် အစည်းအဝေးမှာ မိုးအောင် သူငယ်ချင်းအင်ဂျင်နီယာချုပ်က သူ့ဌေးနဲ့ ဓနဓေကျာတွေကို မိုးအောင်ဘဝနဲ့ အရည်အချင်းကို တင်ပြတယ်။ နေရာပေးဖို့ ပြောတယ်။

"စင်ကာပူမှာ ဘွဲ့လက်မှတ်တွေ အောင်လက်မှတ်တွေ မလိုဘူး၊ လူနဲ့ အရည်အချင်းပဲ လိုတယ်၊ လုပ်နိုင်သလား၊ လုပ်တတ်သလား၊ စာရွက်စာတန်း အောင်လက်မှတ်တွေ ဘွဲ့လက်မှတ်တွေဆိုတာ မင်းတို့ မြန်မာ အသိုင်းအဝိုင်းက အသိဆုံးပါ။ စင်ကာပူမှာ အကုန်လုံး အထူလုပ်လို့ရတယ်၊ ဘယ်သူ့လက်မှတ် ထိုးချင်သလဲ၊ ဘာတွဲ့ ဘာအောင်လက်မှတ်လိုချင်သလဲ၊ မင်းတို့ အကြံအဖန်လုပ်လို့ ရကြတာပဲ မဟုတ်လား၊ ဒီတော့ မင့်သူငယ်ချင်းကို အရည်အချင်း ရှိတယ်ဆိုရင် နေရာပေးပါ၊ တရားဝင်တော့ လစာပေးလို့ ခန့်လို့ မရဘူး၊ ဒါပေမဲ့ သူ့လုပ်ရည်ကိုင်ရည် ကြည့်ပြီး လစာအပြင် လုပ်အားခအပို ဆောင်းငွေ ငါပေးမယ်"

သူ့ဌေး ဖြစ်သူက မိုးအောင် အတွက် သဘောတူခဲ့တယ်။

မိုးအောင်ရဲ့ သက်တမ်းလွန်နေတဲ့ မြန်မာပြည်က ယာဉ်မောင်း လိုင်စင်ကို မြန်မာသံရုံးမှာ နီထရီ သွားလုပ်ကြတယ်။ ၂ ဒေါ်လာ ပေးဆောင်ရတယ်။ မြန်မာလိုင်စင်ကို စင်ကာပူ ကညန်ရုံးသွားပြလိုက်ရင်ပဲ (၁၀)မိနစ်အတွင်း စင်ကာပူယာဉ်မောင်းလိုင်စင် ထုတ်ပေးတယ်။ မိုးအောင် အစမ်းသဘော တစ်ရက်ပဲ စမ်းတဝါးဝါး မောင်းရုပါတယ်။

နောက်နေ့ကစပြီး စင်ကာပူ တစ်နိုင်ငံလုံးကို သွားတာ၊ မောင်းတာပြီ၊ မြေပုံစာအုပ်ကြည့်ပြီး မြေပုံညွှန်းအတိုင်းမောင်းရင် ချောချောမောမော သွားလိုရ ရောက်တယ်။ စင်ကာပူမှာ ကားမောင်းရတာ သိပ်လွယ်တယ်။ အဆင်ပြေတယ်။ တစ်ခုပဲ ရှိတယ်၊ မြန်မာပြည်က လက်ယာကပ်မောင်းစနစ်၊ စင်ကာပူက လက်ဝဲကပ်မောင်းစနစ်၊ ဒါပဲကွာတယ်။

မိုးအောင် တရားဝင် အင်ဂျင်နီယာအဆင့် အီးပီ မဟုတ်ပေမယ့် အလုပ်သမားဘဝတော့ မဟုတ်တော့ဘူး။ မန်နေဂျာအလုပ်၊ ဖိုမင်အလုပ်၊ စူပါဘိုက်ဇာ ကြီးကြပ်ရေးမှူးအလုပ် လုပ်ရတယ်။ ယန္တရားမျိုးစုံလည်း မောင်းရတယ်။ ဘူဒိုဇာ၊ ဘက်ဟိုး၊ ပေးလိုဒါဒမ့်ထရပ်၊ ဖော့်လစ်ကအစ မောင်းရသလို ကုမ္ပဏီပိုင် ကြွေပြားကျောက်ပြားစက်ရုံမှာလည်း ဂိုဒေါင်မှူးတာဝန် လုပ်ပေးရတယ်။

အလုပ်သမား (၇)ယောက်စာ၊ (၈) ယောက်စာကို မိုးအောင်က တစ်ယောက်တည်းလုပ်တော့ သူ့ဌေးကလည်း သဘောကျတယ်။ လစာအပြင် အပိုဆောင်းငွေ ထိုက်ထိုက်တန်တန် ပေးတယ်။ မိုးအောင် မြန်မာပြည်ကို ငွေပို့စရာမရှိတော့ ရသမျှငွေ ဘဏ်မှာ စုထားတယ်။

မိုးအောင် ဝပ်ခ်ပါမစ် စာချုပ် သက်တမ်း(၂)နှစ်ပြည့်တော့ မြန်မာပြည် ပြန်ဖို့ စိတ်ကူးတယ်။ သူငယ်ချင်း အင်ဂျင်နီယာတွေက သူတို့ စင်ကာပူ ရောက်နေတာ (၁၀)နှစ်ကျော်ပြီ ဖြစ်ကြောင်း ခွင့်နဲ့အလည်အပတ် မြန်မာပြည်ကို ၄, ၅ကြိမ် ပြန်ခဲ့ကြောင်း၊ နောက် ၂ နှစ်ရှိရင် အပြီးပြန်ကြတော့မှာမို့ မိုးအောင်လည်း စာချုပ်သက်တမ်းတိုးပြီး နောက် (၂)နှစ်ထပ်လုပ်ဖို့ ဖြောကြတယ်။

မိုးအောင်ကလည်း နောက်ကြောင်းအေးတဲ့သူဖြစ်တော့ နောက်ထပ် (၂)နှစ်ထပ်နေဖြစ်တယ်။ မိုးအောင်ရင်ထဲမှာ မေသက်နှဉ်းကို မေ့လို့မရခဲ့ဘူး။ စင်ကာပူမှာများ တွေ့လိုတွေ့ငြား ဟိုဟိုဒီဒီ ရှာမိတယ်၊ မြန်မာတွေ အများဆုံးသွားတတ်တဲ့ ဆုံကြတဲ့ တိုပဲရိုး ပုဒ္ဓဘာသာ ဘုန်းကြီးကျောင်းကိုလည်း တနင်္ဂနွေနေ့တိုင်း သွားတယ်။ အလှူအတန်း အမြဲရှိတယ်။ မြန်မာ အစားအစာတွေ စားရတယ်။

ညနေပိုင်း၊ ညပိုင်းတွေ မြန်မာအများဆုံး စုဝေးဖြစ်တာက ပင်နီဒိုးလားပလာဇာ စူပါမတ်ကက်ကြီးထဲက မြန်မာစျေးဆိုင်တွေမှာ မြန်မာတွေ စုံတယ်။ စျေးဝယ်ကြစာယ်။ ဟွန်ဒီ ငွေလွဲကြတယ်။

မိုးအောင် မေသက်နှဉ်းကို ချစ်တယ်။ ကမ္ဘာလှည့်ခရီးသည် တိုးရစ်တွေ

www.burmeseclassic.com

www.burmeseclassic.com

တွေ့တိုင်းလည်း ချစ်တဲ့သူ မေသက်နှဲ့ဦး တစ်ယောက် နည့်လမ်းညွှန်ဘဝနဲ့ တွေ့ ရလေမလား စိတ်ကူးနဲ့ ရှူးပြီး ရှာမိသေးတယ်။ စင်ကာပူဆိုတာက ကျဉ်း ကျဉ်းလေးပါ။ ဒါပေမဲ့ မတွေ့ဘူး။ ကံ တရားများ သိပ်ဆန်းကြယ်တယ်။

တကယ်တော့ မိုးအောင် စင် ကာပူရောက်နေတဲ့ ၄ နှစ်ကာလအတွင်း မေသက်နှဲ့ဦး စင်ကာပူမြေပေါ်မှာ ရှိနေ တယ်။ စင်ကာပူ ခရီးသွားလုပ်ငန်း ကုမ္ပဏီကြီးတစ်ခုမှာ မန်နေဂျာ လုပ် နေတယ်။ တစ်ဖက်ကလည်း ဟိုတယ် နှင့် ခရီးသွားလုပ်ငန်း သင်တန်းတွေ ဆက်တက်နေတယ်။

မိုးအောင်နေတဲ့ ဒီဗင်ရှိယာလမ်း ဆိုတာက မြို့လယ်ကောင်မှာ ဖြစ်သလို မေသက်နှဲ့ဦး အလုပ်လုပ်နေတဲ့ ရုံးခန်း ကလည်း စင်ကာပူ မြို့လယ်ကောင် အချက်အချာကျလှတဲ့ အောချပ်လမ်းမ ကြီးပေါ်မှာပါ။ မိုးအောင်နဲ့ မေသက်နှဲ့ ဦးတို့ နှစ်ပေါင်းများစွာ ဝေးနေကြ ကွဲကွာနေကြရတယ်။

ယုခု စင်ကာပူမြေပေါ်မှာ နှစ်ဦး စလုံး ရောက်နေကြပြီး မဆုံကြဘူး။ မေသက်နှဲ့ဦး ရုံးခန်းက အောချပ် လမ်းမကြီးပေါ်မှာ၊ မိုးအောင်နေတဲ့ ဒီဗင်ရှိယားလမ်းနဲ့ ဆိုတာက ကြားမှာ စင်ကာပူ တယ်လီကွန်း အဆောက် အအုံကြီးရယ်၊ အင်နှံတူးခေါ်တဲ့ ဆန်း မားဆက် ဘူတာရုံပဲ ခြားတယ်။

အနေနီးကြမယ်မယ့် ခရီးက ကွာ ဝေးဆိုသလို မဆုံဘူး။ မိုးအောင်ကတော့ စင်ကာပူမှာ မေသက်နှဲ့ဦးရှိမယ်ဆိုရင် ရှိနိုင်တယ်ဆိုတဲ့ အတွေးနဲ့ ရှာမိသေး တယ်။ မေသက်နှဲ့ဦးကတော့ စင်ကာ ပူဆိုတဲ့နေရာမှာ မိုးအောင် ရောက်ရှိ နေဖို့ မဖြစ်နိုင်ဘူးဆို ပြီး မရှာခဲ့မိဘူး။ ကံဇာတ်ဆရာက သူတို့ ချစ်သူနှစ်ဦးကို ဒီမြေ ဒီနေရာ ဒီအချိန်မှာ တွေ့ဖို့ ဇာတ် ညွှန်း ရေးမပေးခဲ့ဘူး။

မိုးအောင် လွမ်းရပါတယ်။ မင် ဒိုင်းလမ်းပေါ်က အဆောက်အအုံကြီး ပေါ် တုာဝန်ကျစဉ်က အပေါ်ဆုံးထပ် ပေါ် တက်ပြီး ဟိုအဝေးကို ငေးလို့ လွမ်း ခဲ့ရတယ်။ ရေလက်ကြားသာ ခြားတဲ့ မလေးရှားနိုင်ငံ ကျိုဟိုးဘက်ကမ်းကို လှမ်းကြည့်မိတယ်။ မလေးရှားနိုင်ငံက လူတွေ၊ ကားတွေ သွားလာနေတာ မြင် နေရတယ်။ နှစ်နိုင်ငံ ဆက်သွယ်ထားတဲ့ တံတားကြီးကို ကြည့်ပြီး မြန်မာပြည်မှာ ရောဝတီမြစ်ကြီးပေါ် တံတားတွေ အများကြီးဆောက်နိုင်တဲ့အဖြစ် ရောက် စေချင်ခဲ့တယ်။

ရောဝတီမြစ်ကြီးပေါ် ဖြတ် ဆောက်ထားတဲ့ တံတားဆိုလို့ စစ်ကိုင်း တံတားခေါ် အင်းဝတံတားကြီး တစ်ခု သာ ရှိသေးတယ်။ မြန်မာပြည်ကြီးကို စင်ကာပူလို တိုးတက်တဲ့၊ ချမ်းသာတဲ့ နိုင်ငံကြီးတစ်ခု ဖြစ်စေချင်လှတယ်။ မေသက်နှဲ့ဦးလည်း အလုပ်လုပ်ရင်း ရုံးခန်းပြတင်းပေါက်က ဟိုအဝေးကို ငေး ကြည့်လွမ်းမိခဲ့ဖူးတယ်။ မြိုင်းပျမှ ရီဝေဝေ အင်ဒိုနီးရှားမြေက ကျွန်းတွေကို မြင်ရ သလို စင်ကာပူဆိပ်ကမ်းကို ဆိုက်ကပ် ဖို့ ပင်လယ်ကူးသင်္ဘောကြီးတွေ အစီ အရီ စောင့်ဆိုင်းနေတာကိုလည်း မြင်ရ တယ်။

✿

အတိတ်က အဖြစ်တွေလည်း တရေးရေး မြင်ယောင်မိတယ်။ မြန်မာ့ မြေနဲ့ ဝေးရလို့ အိမ်မြေကို လွမ်းရတာ က တစ်မျိုး၊ ချစ်ရသူ မိုးအောင်နဲ့ မမျှော်လင့်ဘဲ ကွဲကွာရလို့ ချစ်သူကို တမ်းတရတာက တစ်ဖုံ။ ရင်နဲ့လွယ်ပြီး မွေးခဲ့ရတဲ့ သမီးလေးကို မမြင်မတွေ့ရ ခွဲခွာနေရလို့ သမီးလေးကို လွမ်းတဲ့စိတ် က တလီ အလွမ်းတွေ ဝေဝေစီအောင် ခံစားရတယ်။

၁၉၈၈ နှစ်ဦးပိုင်း နွေဦးရာသီ တစ်နေ့ ကမ္ဘာလှည့်ခရီးသည် တိုးရစ် အုပ်စု တစ်ဖွဲ့နဲ့ မေသက်နှဲ့ဦး အထက် မြန်မာပြည်ခရီးစဉ် လိုက်ပါသွားရတယ်။ မိုးအောင်က လေဆိပ် လိုက်ပို့တယ်။ တောင်ကြီး အင်းလေးခရီးစဉ်အတွင်း မှာပဲ တောင်ကြီးမှာ တည်းခိုရပ်နားနေ စဉ် စပ်စပ်ထွန်းဆေးရုံကြီးမှာ တာဝန်ကျ နေတဲ့ သူငယ်ချင်း ဒေါက်တာလဲ့လဲ့ဆီ မေသက်နှဲ့ဦး သွားလည်တယ်။

ကြုံကြိုက်တုန်း ဒေါက်တာလဲ့လဲ့ က မေသက်နှဲ့ဦးကို ကျန်းမာရေး အတွက် ဆေးစစ်ပေးတယ်။ အဲဒီမှာ မေသက်နှဲ့ဦး ပဋိသန္ဓေကိုယ်ဝန်ရှိနေ တယ်လို့ သိရတယ်။ ထင်တော့ ထင် ထားခဲ့တာပါ။ ဒါပေမဲ့ အခုလို ဆရာဝန် နဲ့ တိတိကျကျ သွေးစစ် ဆီးစစ်တော့ ပိုပြီး ခိုင်ခိုင်မာမာ သိလာရတယ်။ မေသက်နှဲ့ဦး ဝမ်းသာမိတယ်။

ဒီသတင်းကို ရန်ကုန် ပြန် ရောက်တာနဲ့ မိုးအောင်ကို ဦးဦးဖျားဖျား ပြောပြ အံသိပေးမယ်။ မိဘတွေကို လည်း အခြေအနေ အမှန်အတိုင်းဖွင့် ပြောပြီး လက်ထပ်ဖို့ ခွင့်တောင်းမယ်။ အဆင်ပြေတဲ့ရက်မှာ မင်္ဂလာဆောင် နိုင်ရန် စီစဉ်မယ်ဟု မေသက်နှဲ့ဦး တွေး ထားတယ်။ ကိုယ့်အတွေးနဲ့ကိုယ် ကြည်နူးခဲ့ရပါသေးတယ်။

ဒါပေမဲ့ ကြုံလာရတဲ့ ကံကြမ္မာ က ရင်နာစရာ ကောင်းလှပါတယ်။ ရန်ကုန်ရုံးချုပ် ပြန်ရောက်ရင်ပဲ ဆူပူမှု အရေးအခင်း ဖြစ်ပွားခဲ့ပုံ၊ မိုးအောင်တို့ အလုပ်မှ ထုတ်ပယ်ခံရကြောင်းနဲ့ မိုး အောင်ကို ဖမ်းဆီး ထိန်းသိမ်းသွားပြီဖြစ် ကြောင်း မေသက်နှဲ့ဦး ကြားသိရတော့ အံ့သြတုန်လှုပ် ကြေကွဲ ဝမ်းနည်းရပါ တယ်။

မိဘနှစ်ပါးကို အခြေအနေမှန် ဖွင့်ပြောရတယ်။ နားလည်မှုရှိပြီး ရင့် ကျက်တည်ငြိမ်တဲ့ မိဘတွေက မေသက် နှဲ့ဦးကို နှစ်သိမ့်အားပေးတယ်။ ကံစီမံရာ ကို တရားနဲ့ ဖြေတတ်ဖို့ ပြောတယ်။ မိုးအောင် အဖမ်းခံရတာ အချိန်ဘယ် လောက်ကြာနိုင်တယ်ဆိုတာ ခန့်မှန်းလို့ မရနိုင်ဘူး။

ရလာတဲ့ ကိုယ်ဝန်ကို ကျန်းကျန်း မာမာ မွေးဖွားနိုင်ဖို့ ဦးစားပေး စီစဉ် ရမယ်။

www.burmeseclassic.com

မိုးအောင်မရှိချိန် လင်ကောင်မပေါ်ဘဲ ကိုယ်ဝန်ရှိထားတဲ့ ကိစ္စကို တော့ ဖုံးဖိုးဖိဖိ လျှို့ဝှက်ရမယ်။ မိဘက အဖြစ်မှန်ကိုသိပြီး သမီးအပေါ် ယုံကြည်ပေမယ့် ပတ်ဝန်းကျင် အသိုင်းအဝိုင်းနဲ့ ဆွေမျိုးတွေ၊ မိတ်ဆွေအပေါင်းအသင်းတွေက နားလည်ခွင့်လွှတ် ယုံကြည်ဖို့ ဆိုတာ မဖြစ်နိုင်ဘူး။ မိုးအောင်ကိုလည်း မသိကြဘူး။ ပြီးတော့ သမီးရဲ့ ဧည့်လမ်ညွှန်အလုပ်အပေါ်မှာ မကောင်းမြင် အထင်သေးထားတာတွေက ရှိတယ်။ ဒီတော့ အလုပ်က ထွက်ပြီး အားလုံးနဲ့ ဝေးကွာ အဆက်ပြတ်တဲ့ တစ်နေရာမှာ သွားပြီး မီးဖွားမှဖြစ်မယ်။

ဟိုးရှေးယခင်ကတည်းက ဆွေမျိုးရင်းချာသွေးသားပမာ နေလာခဲ့ကြတဲ့ ဦးစောထူးဖော၊ ဒေါ်နော်ဖောလူတို့ဆီကို မေသက်နှံဦးတို့ သားအမိ စီစဉ်ကြတယ်။ နော်ဖောလူက ဧရာဝတီတိုင်းထဲက မြို့ငယ်လေးမှာ ကျန်းမာရေးသားဖွားဆရာမအဖြစ် ပင်စင်ယူတဲ့အထိ လုပ်ခဲ့တယ်။ ဆေးရုံလည်းရှိတယ်။ နော်ဖောလူတို့မှာ သားသမီးလည်း မထွန်းကားဘူး၊ သူကိုယ်တိုင်ကလည်း သားဖွားဆရာမကြီးဖြစ်တယ်။ အင်မတန် သစ္စာရှိပြီး နိုးသားတဲ့ မိတ်ဆွေကောင်းငယ်ပေါင်းတွေဖို့ မေသက်နှံဦး ကိုယ်ဝန်ဆောင်နေဖို့ မီးဖွားဖို့ ဦးစောထူးဖော နော်ဖောလူတို့ဆီ ရောက်လာခဲ့ကြတယ်။

အဖြစ်မှန်ပြောပြတိုင်ပင်တော့ ဝမ်းသာအားရ လက်ခံတယ်။ လိုလေသေးမရှိ ကျွေးမွေး ပြုစုထားတယ်။ မေသက်နှံဦး မီးဖွားခါနီးမှ မေသက်နှံဦးအမေ သမီးရှိရာ ပြန်ရောက်လာတယ်။ တိုင်းပြည်ကလည်း မအေးချမ်းဘူး။ တစ်နိုင်ငံလုံး ပြင်းထန်တဲ့ မကြုံဖူးတဲ့ အရေးအခင်းကြီး ဖြစ်နေပြီး နောက်ဆုံးတော့ တပ်မတော်က အာဏာသိမ်းလိုက်တယ်။

အေးချမ်း ငြိမ်သက်စပြုတဲ့ အချိန် မေသက်နှံဦး တိတ်တဆိတ် မီးဖွားခဲ့ရတယ်။ သမီးလေး မွေးတယ်။ သမီးလေးနဲ့အတူ တစ်နှစ်နီးပါး အတူနေပြီး မေသက်နှံဦး ရန်ကုန်ကိုပြန်ခဲ့ရတယ်။ သမီးလေးကိုတော့ ဦးစောထူးဖော၊ နော်ဖောလူတို့လက်ထဲ ရင်နာနာထားခဲ့ရတယ်။

တစ်နေ့ မိုးအောင်လွတ်မြောက်လို့ ပြန်လည်ဆုံစည်းကြတဲ့အခါ သမီးလေးကို မိစံဖစံ ဘဝနဲ့ ပြန်ခေါ်မယ်။ သမီးလေး သိတတ်နားလည်တဲ့ အရွယ်ဆိုရင်လည်း ဖြစ်ကြောင်းကုန်စင် ရှင်းပြလို့ သမီးလေးကို တောင်းပန်ရမှာပဲ။ လတ်တလော့တော့ သမီးလေးကို စောထူးဖော၊ နော်ဖောလူတို့ သမီးလေး အဖြစ် ရင်နာစွာထားခဲ့ရတယ်။

သမီးလေး ကျောင်းနေစအရွယ် အထိ မေသက်နှံဦး သမီးလေးဆီ မကြာခဏ အခေါက်ခေါက်အခါခါ သွားနိုင်ပါသေးတယ်။ သမီးလေးအတွက် မေသက်နှံဦးနဲ့ မိဘများက လိုလေသေးမရှိ ထောက်ပံ့ထားခဲ့တယ်။ ရပ်ကရွာတတော့ ဒီအဖြစ်သိကြပေမယ့် ဂိုးသားကြတယ်။ စာနာစိတ်ရှိကြတယ်။ နော်ဖောလူရဲ့ ဂုဏ်သိက္ခာအရှိန်အဝါကိုလည်း လေးစားကြတယ်။ စောထူးဖောနဲ့ နော်ဖောလူတို့ကို ချစ်ခင်လေးစားကြတော့ မွေးစားထားတဲ့ သမီးလေးအပေါ် အားလုံးက ကြင်နာစိတ် စာနာစိတ်တွေနဲ့ ကရုဏာထားကြတယ်။ သမီးလေးကို ကရင်မလေး နော်ဆူးလာမူးလို့ အမည်ပေးထားကြတယ်။

အဓိပ္ပာယ်က သက်ရှင်ဂမုန်းမလေးလို့ အဓိပ္ပာယ်ရတယ်။ သမီးလေး နော်ဆူးလာမူးကလည်း စောထူးဖော၊ နော်ဖောလူတို့ကို မိဘရင်းလို့ပဲ ယုံကြည်ထားတယ်။ အမေရင်းဖြစ်တဲ့ မေသက်နှံဦးကိုတော့ တွေ့တဲ့ ကြုံတဲ့ အချိန်အနှံတီဦးဆိုပြီး သံယောဇဉ်ဖြစ် ချစ်ခင်ပါတယ်။

မေသက်နှံဦးအနေနဲ့ သမီးလေးနဲ့ တွေ့ရချိန်ရော သမီးလေးနဲ့ ခွဲနေရချိန်တွေပါ ရင်ထဲမှာ မျိုသိပ်ရတာတွေနဲ့ ကြိတ်မှိတ်ငိုကြွေးခဲ့ရတာ ကြာခဲ့ပါပြီ။ ကလေးအဖေ ဖြစ်တဲ့ မိုးအောင်ရဲ့ သတင်းလည်းမရ၊ ဘယ်တော့များမှ ကြုံရဆုံရမယ်မသိ၊ ကံကြမ္မာက ဝေဝါးလွန်းလှပါတယ်။

ဟိုတယ်လုပ်ငန်းတွေ ခရီးသွားလုပ်ငန်းတွေ ပုဂ္ဂလိကပိုင်တွေလုပ်လာကြတော့ မေသက်နှံဦးလည်း ရန်ကုန်က ခရီးလုပ်ငန်းကုမ္ပဏီတစ်ခုမှာ ဝင်လုပ်တယ်။ အချိန်အားလေးရရင် သမီးလေးရှိရာကို ပြေးကြည့်ပြီး အလွမ်းဖြေရတယ်။ သမီးလေး နော်ဆူးလာမူးကတော့ ဘာမှ မသိရှာဘူး။ သူ့အဖေ၊ အမေ စောထူးဖောနဲ့ နော်ဖောလူတို့ကို ချစ်သလို အံ့တီဦးကိုလည်း တွယ်တာနေရှာတယ်။

မေသက်နှံဦး မိဘတွေကလည်း နိုင်ငံခြားထွက်ရမယ့် အကြောင်းကပေါ်လာသလို မေသက်နှံဦးကိုလည်း စင်ကာပူခရီးလုပ်ငန်းကုမ္ပဏီတစ်ခုက မန်နေဂျာတိုးလီဒါအဖြစ် ခန့်အပ်လာတယ်။ မေသက်နှံဦးက သမီးလေး နော်ဆူးလာမူးကို စင်ကာပူ သူနဲ့အတူ ခေါ်သွားချင်တယ်။ ကျောင်းထားချင်တယ်။ ဒါပေမဲ့ ဒီကိစ္စကို မိဘတွေက သဘောမတူဘူး။ တိတိကျကျ မည်မည်ရရ ဘာမှ အကောင်အထည်မဖော်နိုင်သေးခင် မိုးအောင်နဲ့ မတွေ့ရသေးခင် ဆွေထဲမျိုးထဲ ပတ်ဝန်းကျင်မှာ ပြဿနာရှုပ်ထွေးနိုင်လို့ တားတယ်။

ဒီအချိန်မှာပဲ မမျှော်လင့်မထင်မှတ်ပဲ နော်ဖောလူက သွေးတိုးရောဂါနဲ့ ရုတ်တရက် ကွယ်လွန်တယ်။ စောထူးဖောမှာ ဆောက်တည်ရာမရ ပူဆွေးသောက ရောက်နေတယ်။ သမီးလေးကိုပါ ခွဲခွာရပါက ရူးမတတ် ခံစားရတော့မယ်။ ဒါကြောင့် သားသမီး မြေးတွေမရှိဘဲ သက်ကြီးရွယ်အိုနှစ်ယောက် ဖြစ်နေတဲ့ မေသက်နှံဦးရဲ့ အဘိုး၊ အဘွားဆီမှာ စောထူးဖောနဲ့ သမီးလေး နော်ဆူးလာကို ထားကြဖို့ ဆုံးဖြတ်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com

သောကတွေ ပူပူလောင်လောင် ဖြစ်နေတဲ့ စောထူးဖောလည်း မစဉ်းစားတတ်အောင်ဖြစ်နေပြီး လူကြီးတွေ စီစဉ်ဆုံးဖြတ်တာကို နားထောင်ခဲ့တယ်။

ဒါကြောင့် မေသက်နှံဦးမိဘတွေက ကနေဒါနိုင်ငံကို ထွက်ခွာသွားကြပြီး မေသက်နှံဦးက အလုပ်ရှိရာ စင်ကာပူ နိုင်ငံကို ထွက်ခွာခဲ့တယ်။ စောထူးဖောနဲ့ သမီးလေးနော်ဆူးလာတို့ သားအဖက ရန်ကုန် မေသက်နှံဦးရဲ့ အဘိုးအဘွားအိမ် ပြောင်းလာကြတယ်။ မေသက်နှံဦးရဲ့ အဘိုး၊ အဘွားက်တော့ ဇာတ်ကြောင်းစုံ သိထားကြသူတွေပါ။

ဒါကြောင့် မြေးကမွေးတဲ့ မြစ်မလေး နော်ဆူးလာမူးကို သနားချစ်အချစ်ပိုကြ၊ အလိုလိုက်ကြတယ်။

အများအမြင်ကတော့ ကရင်မလေး နော်ဆူးလာမူးဟာ ဦးစေဘူးဖောရဲ့ သမီးလေး၊ ဒီအိမ်ကြီးက အဘိုးအဘွားတွေရဲ့ တူမလေးလို့ သိထားကြတယ်။ နော်ဆူးလာကလည်း ကျောင်းနေအရွယ် ကလေးငယ်ဖြစ်သော်ငြားလည်း စကားနည်းတယ်၊ တည်ငြိမ်တယ်၊ ရိုးသားတယ်၊ အေးဆေးတယ်။ တစ်အိမ်လုံးက ချစ်ကြတယ်။ အိမ်ကြီးရှင် အဘိုး၊ အဘွားတို့ကအစ အလိုလိုက် အရေးပေးထားတော့ နော်ဆူးလာလေးဟာ ဒီအိမ်ကြီးရဲ့ အရှင်သခင်ပမာ ဖြစ်လာခဲ့တယ်။

စောထူးဖောခမျာလည်း ဇနီးကဆုံး၊ နေထိုင်ရတာကလည်း ကိုယ့်ဇာတိ ကိုယ့်အိမ်ကိုယ့်ရာမဟုတ်၊ အစားမမှန် အအိပ်မမှန်ရာက မကျန်းမာဖြစ်ပြီး ကွယ်လွန်သွားရှာပြန်တယ်။

သမီးလေး နော်ဆူးလာမူးကတော့ သူဟာ မိဘမဲ့ဖြစ်ရပြီ၊ မိဘနှစ်ပါး ကွယ်လွန်သွားပြီလို့ သိနေရှာတယ်။

✿

ကံဇာတ်ဆရာ ဒါရိုက်တာက မိုးအောင် ထောင်က လွတ်မြောက်တဲ့ အချိန်မှာ စွယ်စုံပွဲစား ကိုလူလည်နဲ့ မိုးအောင်ကို ဆုံစည်းပေးခဲ့ပါတယ်။ ဒါကြောင့် စွယ်စုံပွဲစားကိုလူလည် ကားပျက်တာကို မိုးအောင် ပြင်ပေးရင်း အဲဒီလူဆီမှာ ဒရိုင်ဘာတပည့် ဖြစ်ခဲ့ရတယ်။ မိုးအောင်ရဲ့ အနေအထိုင် ရိုးသားမှု စတာနှာမေတ္တာတွေကြောင့် ငွေရမှာသာ ယူပေးလေ့ရှိတဲ့ စွယ်စုံပွဲစားကိုလူလည်က မိုးအောင်ကို မေတ္တာနဲ့ အခမဲ့ စင်ကာပူရောက်အောင် ပို့ဆောင်ပေးခဲ့ပြန်တယ်။

လောကမှာ အမြဲတမ်း ကံမကောင်းနိုင်သလို အမြဲတမ်း ကံဆိုးနိုင်တာကြောင့် ခြေမဲ့လက်မဲ့ အိုးအိမ်မဲ့ မိုးအောင် ၂နှစ်ထပ်တိုးပြီး အလုပ်လုပ်ဖြစ်တယ်။ ငွေတွေ စုဖြစ်တယ်။ ၄နှစ်တာကြာတော့ မိုးအောင် မြန်မာပြည်ကို ပြန်လာခဲ့တယ်။ ဧနရေးဟာ ပထမအရေးကြီးဆုံးမို့ ဒဂုံမြို့သစ်မြောက်ပိုင်းမှာ မြေကွက်ဝယ်တယ်။ သူဇာတိမြို့ကို ပြန်ပြီး မိဘတွေနဲ့ တစ်ချိန်က အတူနေခဲ့တဲ့ မြေနဲ့ အိမ်ကို ရောင်းလိုက်တယ်။ အိမ်စျေးမြေစျေးကောင်းချိန်မို့ ထိုက်ထိုက်တန်တန် ရလာခဲ့တယ်။ စင်ကာပူမှာ စုဆောင်းခဲ့တဲ့ ငွေကြေးနဲ့ ဝယ်ထားတဲ့ မြေကွက်ပေါ်မှာ စိတ်တိုင်းကျ နှစ်ထပ်တိုက်တစ်လုံး ကိုယ်တိုင် ဆောက်တယ်။

နေထိုင်စရာ ကိုယ်ပိုင်တိုက် ဆောက်ပြီးပြီမို့ နားနားနေဇီန အမောဖြေမယ်ကြံခါရှိသေးတယ်။ ကျောင်းနေဖက် ငယ်သူငယ်ချင်း တင်အောင်နဲ့ တွေ့ပြီး အရေးတကြီး ပြောင်းရွှေ့လာရတဲ့ တင်အောင်နဲ့မိသားစုက မိုးအောင်ရဲ့တိုက်သစ်ပေါ် ဇွတ်အတင်း ပြောင်းလာကြတယ်။ မိုးအောင် သူတို့နဲ့တွဲပြီး အတူမနေနိုင်ဘူး။ ဒါကြောင့် နေရေးထိုင်ရေး အကျပ်အတည်း စဉ်းစားရင်း အလုပ်အကိုင်ရှာနေချိန်မှာ ဒရိုင်ဘာတစ်ဦး အလိုရှိသည်ဆိုတာကို သွားတွေ့တယ်။

နေစရာပေးမယ်၊ စားစရာကျွေးမယ်၊ ဒရိုင်ဘာ အလုပ်ပေးမယ်။ လခတစ်သိန်းခွဲ ပေးမယ်ဆိုလို့ မိုးအောင် ဝမ်းသာအားရ အလုပ်သွားလျှောက်တယ်။ ကံအားလျော်စွာ အလုပ်ရတယ်။ မိုးအောင် ဒရိုင်ဘာအဖြစ် အလုပ်ရပြီး နေရတဲ့အိမ်က မိုးအောင်ရဲ့ သမီးလေး နော်ဆူးလာမူးတို့ နေအိမ်ပါပဲ။

အိမ်ရှင် အဘိုး၊ အဘွားက မြစ်မလေး နော်ဆူးလာမူးရဲ့ စီမံပြုစုမှုအောက်မှာ ကြည်နူးစွာ နေကြတယ်။ ဒရိုင်ဘာကြီး မိုးအောင် နံနက်တိုင်း စျေးကို ကားမောင်းပို့ရတယ်။ စျေးဝယ်ထွက်တာပြီးတော့ သမီးလေး နော်ဆူးလာမူးကို ကျောင်းပို့ကျောင်းကြို ကျူရှင်ကြိုပို့ လုပ်ရတယ်။ အတူနေလာတာရယ် သွေးက စက္ကားပြောတယ်ထင်ပါရဲ့ မိုးအောင်က သမီးလေး နော်ဆူးလာကို သံယောဇဉ် ဖြစ်မိသလို နော်ဆူးလာကလည်း ဒရိုင်ဘာကြီး မိုးအောင်ကို လေးလေးစားစား ခင်မင်တွယ်တာတယ်။ ဒါပေမဲ့ တစ်ဦးကိုတစ်ဦး သမီးအရင်းမှန်း၊ အဖေရင်းမှန်း ထုစ်အိမ်တည်း အတူနေပြီး မသိကြဘူး။

မိုးအောင်ရဲ့ချစ်သူ ဇနီး မေသက်နှံဦးရဲ့ အဘိုး၊ အဘွားကလည်း မိုးအောင်ဟာ မြေးဖြစ်သူရဲ့ ချစ်သူခင်ပွန်းလို့ သိလည်းမသိ၊ မြင်လည်းမမြင်ဖူးခဲ့ဘူး။ မိုးအောင်ဆိုတဲ့ အမည်ကိုလည်း အမှုမဲ့ အမှတ်မဲ့မဲ့ သဘောထားခဲ့ကြတယ်။ မေသက်နှံဦး စင်ကာပူကို အလုပ်သွားလုပ်နေပေမယ့် တစ်နှစ်တစ်ခေါက် အဘိုးအဘွားနဲ့ သမီးရှိရာကို ခွင့်နဲ့ ပြန်လာလေ့ရှိခဲ့ပါတယ်။

မိုးအောင် ဒီအိမ်ကြီးမှာ ဒရိုင်ဘာအဖြစ် အလုပ်ဝင်ခါစက မေသက်နှံဦး စင်ကာပူကို ပြန်သွားခါစပဲရှိသေးတယ်။ စကားသံဝဲဝဲနဲ့ စကားနည်းတဲ့ ကရင်မလေး နော်ဆူးလာမူးကိုလည်း မိဘမရှိရှာတော့တဲ့ သမီးလေးအဖြစ်သာ မိုးအောင် သိနားလည်ထားတယ်။ ဒါကြောင့်လည်း မေတ္တာအပြင် ကရုဏာ သက်မိ စေတနာ ထားမိတယ်။ မိုးအောင်ဘဝမှာ သမီးတစ်ယောက်

www.burmeseclassic.com

ရလောက်တဲ့ အဖြစ်ကိုလည်း မိုးအောင် မသိဘူး။ ချစ်တဲ့သူ မေသက်နဲ့ဦးက လည်း ပြောခွင့် မသာခဲ့ဘူး။

မေသက်နဲ့ဦးက ချစ်သူခင်ပွန်း မိုးအောင်ကို တလွမ်းသာသာ မျှော်နေခဲ့ တယ်။ မျှော်နေဆဲဖြစ်တယ်။ မိုးအောင် က ချစ်သူဇနီး မေသက်နဲ့ဦးကို ရှာဆဲ ဖွေဆဲ မျှော်နေဆဲပေါ့။

ဖခင်ဖြစ်သူ မိုးအောင်က အဖေ မှန်း၊ သမီးမှန်း မသိဘဲ သမီးနှော်ဆူး လာနဲ့ တစ်အိမ်တည်း အတူနေနေရ တယ်။ နှော်ဆူးလာကို သမီးမှန်းသိ လျက် မိခင်ရင်းဖြစ်သူ မေသက်နဲ့ဦးက အဝေးကိုရောက်နေတယ်။ သမီးလေး နှော်ဆူးလာက သူဘဝ မိဘမဲ့လို့ ထင် နေရှာတယ်။

ဘဝသံသရာကြီးမှာ ဘဝ ကံ ကြမ္မာတွေ ဆန်းကြယ်လှပါတယ်။ မြန် မာနိုင်ငံမှာလည်း ခေတ်တွေပြောင်း၊ စနစ်တွေ ပြောင်းလဲလာခဲ့ပါပြီ။

အကြောင်းအမျိုးမျိုးကြောင့် အဝေးရောက်နေတဲ့ မြန်မာတွေ ကိုယ့် ပြည် ကိုယ့်မြေကို လွမ်းတာသာသာ ရှိခဲ့ကြ ရာက အဲ့ခုတော့ ကိုယ့်ပြည်ကိုယ့်မြေကို ပြန်လာကြပြီး စင်ကာပူရောက်နေတာ ကြာပြီဖြစ်တဲ့ မေသက်နဲ့ဦးလည်း အသက်အရွယ်လေး ရလာပြီမို့ မြန်မာ ပြည်ကို အပြီးတိုင် ပြန်ဖို့ ဆုံးဖြတ် ပြင်ဆင်ပြီ။

ရုပ်နဲ့လွယ်ပြီး နို့ချိုတိုက်ကျွေး ခဲ့ရတဲ့ သမီးလေးကို တစ်မိုးပမာထားခဲ့ ရတာလည်း ကြာပြီ။ သမီးလေးလည်း အရွယ်ရောက်လာပြီ။ မိဘရင်း ထင်ခဲ့ တဲ့ အမွေးစားမိဘတွေလည်း မရှိရှာကြ တော့ဘူး။ မိုးအောင်ကို ဒီမှာ ရှာမယ် မျှော်မယ့်အစား ပြည်တွင်းမှာ မျှော်ရရင် ရှာရရင် ကြုံကောင်းကြုံ ဆုံကောင်းဆုံ နိုင်ပါသေးရဲ့။

ဒါကြောင့် သမီးလေးရှိရာ အမိ မြေပြန်ဖို့ ပြင်ဆင်ဆဲမှာပဲ သမီးလေး လည်း သိတတ်နားလည်တတ်တဲ့အရွယ် ရောက်ပြီမို့ အဖြစ်မှန် ဘဝမှန် နောက် ကြောင်းတွေကို သမီးလေး နှော်ဆူး လာဆီ ညစဉ် ဖုန်းနဲ့ ပြောပြနေသလို စာတွေရေးလို့လည်း ဖွင့်ပြောပြနေခဲ့ တယ်။ ဓာတ်ပုံဟောင်းလေးတွေလည်း အထောက်အထားအဖြစ် သမီးလေး သိပါစေရယ်လို့ သမီးဆီ ပို့ပေးတယ်။

ဦးမသက်နဲ့ဦးက အဘိုးနဲ့အဘွား ကို စစ်ကူတောင်းပြီး မြစ်မလေး နော် ဆူးလာကို ရှင်းပြ ပြောဆိုပေးဖို့ ဖုန်းနဲ့ အလီလီ စာနဲ့အခါခါ တောင်းဆိုတယ်။ အဘိုး၊ အဘွားတို့ကလည်း မိခင်ရင်း ကမှ အချိန်တန်ပြီထင်လို့ ဖွင့်ပြောပေး ပါဆိုလာတော့ မြစ်မလေးကို အမှန် အတိုင်း နောက်ကြောင်းသမိုင်းပြောပြ ကြတယ်။ မျက်ရည်ကျလို့ ငိုခဲ့ရသူက တော့ သမီးလေး နှော်ဆူးလာပါ။

နားလည် သဘောပေါက်လာ တဲ့အခါ အမေ ပြန်လာမယ့်ရက်ကို မျှော်နေရှာတယ်။ သွေးက စကားပြော တာပဲလား မသိ၊ မိခင်ဆီက နောက် ကြောင်းသမိုင်း ဖြစ်ရပ်မှန်တွေသိရတော့ တစ်အိမ်တည်း အတူနေနေတဲ့ ဒရိုင်ဘာ ကြီး ဦးမိုးအောင်ကို မေးခွန်းတွေ မေး ဖြစ်တယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေး သမိုင်းကြောင်းမေးရင်းက အာဇာနည် နေ့ အကြောင်း၊ စစ အရေးအခင်း အကြောင်းတွေ မေးတယ်။

"ဦးဦး ထောင်ကျဖူးသလား၊ ဘယ်နှခါ ထောင်ကျဖူးသလဲ၊ ဘာဖြစ် လို့ ထောင်ကျတာလဲ"

မိုးအောင်ဆီက ဇာတ်ကြောင်း တွေ အဖြေတွေ ရတယ်။

"ဦးဦးဒေါ်အောင် ဘယ်တုန်းက ကားမောင်းတတ်တာလဲ၊ ဘယ်တွေမှာ ကားမောင်းခဲ့သလဲ"

မိုးအောင်က ရယ်ရယ်မောမော အင်တာဗျူး အမေးခံရသူပမာ ဇာတ် ကြောင်းစုံ ဖြေရပါတော့တယ်။

"ဦးဦးအောင် အသက်လည်းကြီး ပြီနော်၊ ဝရဲကြီးမှာကြောက်ရင် မှန်မှန် ဖြေ၊ ဦးဦးအောင်မှာ ဇနီးတို့၊ သားသမီး တို့ မရှိဘူးလား၊ ဘာလို့ မရှိတာလဲ၊ ဦးဦးအောင် ချစ်တဲ့သူတော့ ရှိခဲ့မှာပေါ့ ဘယ်သူလဲ မှန်မှန်ပြော"

မိုးအောင် ဒီအမေးကြောင့် အတိတ်ကိုလွမ်းပြီး မျက်ရည်ဝဲမိပေမယ့် သမီးလေးနှော်ဆူးလာကို အမှန်အတိုင်း မဖြင်းမချန် ဖြေခဲ့တယ်။ ဒီအတွက် လည်း အကြောင်းထူးရှိမယ် မထင်ခဲ့ဘူး။ ထူးတော့ထူးနေတာက စကားနည်းတဲ့ သမီးလေး အခုမှ စပ်စပ်စုစု မေးနေ တာကိုတော့ အံ့ဩမိတယ်။

နှော်ဆူးလာက မိုးအောင်နဲ့ တွဲပြီး အမှတ်တရ ဓာတ်ပုံရိုက်ချင်တယ် ဆိုလို့ ၃, ၄ ပုံနဲ့ မိုးအောင်ရဲ့ တစ် ယောက်တည်းပုံ ၄, ၅ ပုံ ဓာတ်ပုံရိုက် တယ်။ ဒီဓာတ်ပုံတွေရယ်၊ မိုးအောင်ဆီက သိရသမျှ နောက်ကြောင်းဘဝတွေ ရယ်ကို နှော်ဆူးလာမူးက သူ့အမေ မေသက်နဲ့ဦးဆီ စာနဲ့တစ်ဖဲ့၊ ဖုန်းနဲ့ တစ် မျိုး ပြောဆို ဆက်သွယ်လိုက်တဲ့အခါ အထိတ်တလန့် တအံ့တသြဖြစ်ရသူက မေသက်နဲ့ဦးရယ်ပါ။

အားလုံးဟာ နေသချာနေပြီမို့ မေသက်နဲ့ဦးက သမီးလေးရဲ့ ပျောက် ဆုံးနေတဲ့ ဖေဖေဟာ သမီးအိမ်မှာ ရောက်နေတဲ့ ဒရိုင်ဘာကြီး ဦးဦးအောင် ခေါ် မိုးအောင်ပါပဲလို့ ဝမ်းသာအားရ ပြောပြ ရေးပြသလို စင်ကာပူက ချက် ချင်း ထပြန်ချင်မိခဲ့တယ်။

ဇာတ်ကြောင်းစုံသိထားသူ သမီး နှော်ဆူးလာက ဖခင်ဦးမိုးအောင်ကို ဘာမှအသိမပေးသေးသလို မိခင် မေ သက်နဲ့ဦးကိုလည်း ခေတ္တခဏ မျိုသိပ် ထားဖို့ လှမ်းပြီးတားတယ်။

သမီးလေးနှော်ဆူးလာ လျှို့ဝှက် ထားရတာကတော့ မေသက်နဲ့ဦး ပြန် ရောက်တဲ့နေ့ မိုးအောင်နဲ့ တွေ့ကြတဲ့ အခါ မိဘနှစ်ဦး တအံ့တသြ ခံစားကြ တာတွေကို တွေ့မြင် ပီတိဖြစ်ဖို့လို့ ပါတဲ့။

ရေနံ့သာ အောင်ချမ်းသာ

❑

www.burmeseclassic.com

www.burmeseclassic.com

ကိုလိုနီ ခေတ်နှောင်းကာလ တွင် မြေရှင် လယ်ရှင် သူဌေးဖြစ်လို သူ တစ်ဦး၏ ဘဝဇာတ်ကြောင်း ဖြစ်ပါသည်။ ထိုသူသည် သူဖြစ် ချင်သော ဘဝကို ရောက်သော အခါ သူ၏ အသည်းနှလုံးများ တစ်စစီ ကွဲကြေရသော အဖြစ် ဆိုးနှင့် ကြုံတွေ့ခဲ့ရ၏။ ဇွဲလုံ့လကြီးစွာ ကြိုးစားခဲ့ ပါသည်။

ပန်းချီအောင်နိုင်လတ်

ခေတ် အခါ နှင့် လိုက်လျောညီထွေ သော စီးပွားရေးစနစ်ကို မြင် တတ်ရုံမက ခေတ်ကိုပါ ကျော်မြင် တတ်သောသူဟု ဆိုရပါမည်။ ရရှိ လာသော အခွင့်အရေးကို ထိရောက် စွာ အသုံးချတတ်သူလည်း ဖြစ်၏။ ရရှိလာသော ဒွေကြေးကို အယို အဖိတ်မရှိအောင် စနစ်တကျ သုံးစွဲ တတ်၏။ သူ ပြုလုပ်ခဲ့ပုံများမှာ ရိုး သား ကြိုးစားရုံမျှသာပါ။ သို့ပေမဲ့ အရှိုးဆုံးသည် အဆန်းဆုံး ဖြစ်နေ တတ်ပါသည်။

ထို့ကြောင့် သူ အောင်မြင်ခဲ့ပါ သည်။ သူ၏ အမည်မှာ 'မောင်ဖိုးမြဲ' ဖြစ်ပါသည်။ သူသည် ရောဝတီတိုင်း လေးမျက်နှာမြို့နယ်၊ ရေနောက်ရွာ သား ဖြစ်ပါသည်။ လေးမျက်နှာမြို့ သည် ထူးခြား၏။ ယခင်က ဝန်မြစ် ၏ အနောက်ဘက်တွင်ရှိခဲ့ပြီး ယခု အခါ ဝန်မြစ်၏အရှေ့ဘက်ကမ်း၌ မြို့နယ်ရုံးစိုက်ပြီး မြို့ကြီးတစ်ခုဖြစ် နေ၏။ ထိုတင်မက ဝန်မြစ်ကိုခွနေ သော မြို့နယ်လည်းဖြစ်နေ၏။

ဖြစ်၏ အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်း ကျေးရွာအုပ်စု ပေါင်း ၄၅ အုပ်စုခန့် ရှိပါသည်။ ရေနောက်ရွာနှင့် ဆက်စပ်နေသော ရွာများမှာ ကျူပတုတ်၊ ကိုးတဲကွင်း၊

www.burmeseclassic.com

www.burmeseclassic.com

လက်ဖွဲ့ငွေတစ်ရာဖြင့် ကြေကွဲသွားသောနှလုံးသားများ

ကြည်စုံစိုး

ထော်လာ၊ ဒေါင့်ကြီး၊ ကျောင်းစု၊ စမ်းပိုင်၊ ဦးတို၊ ဂေါင်းနီကွင်း၊ ဒိုက်ပျက် စသော ရွာများ ဖြစ်ပါသည်။ မြို့ပြောင်းသွားရခြင်းမှာ ကမ်းပြိုရှိ ဖြစ်ပါသည်။

ရနောက်ရွာသည် နာမည်ကြီးခဲ့၏။ 'ကိုးတီရနောက် လှည်းမထောက်နဲ့' ဟူသော စကားပင် ရှိခဲ့၏။ ထိုရနောက်ရွာ၌ မောင်ရွှေ၊ မောင်မြ၊ မောင်ငွေခဲဟူ၍ ညီအစ်ကို သုံးယောက်ရှိစ့်၏။ မောင်ဖိုးမြနှင့် အကြောင်းပြမည့် မသူငယ်မသည် လည်း ရနောက်ရွာသူဖြစ်ပါသည်။ လယ်ပိုင်ရှင် သူဌေးဆိုလျှင် အနည်းဆုံး လယ်ကေတစ်ရာရှိမှသာ စာရင်းဝင်ပါမည်။ ထိုမှသာ လယ်သီးစားခဖြင့် နေနိုင် စားနိုင်ပါမည်။

မောင်ဖိုးမြသည် လယ်ငှားကန်ဆယ်ဖြင့် ဘဝတို့ စခဲ့သူဖြစ်ပါသည်။

သူ့ပိုင်ဆိုင်မှုနှင့် သူ၏ ရည်ရွယ်ချက်သည်အလှမ်းကွာလှသဖြင့်ကျိတ်၍ ကြံခဲ့၏။ကျစ်လျစ်သိပ်သည်းစွာ စုဆောင်းခဲ့၏။ ကြောင်လက်သည်း ဝှက်နေခဲ့၏။ မောင်ဖိုးမြ၏ အနွယ်တာသည်သည် ပညတ်သွားရာ ဓလေ့တစ်ခု ရှိခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com

ရပ်ထဲရွာထဲ၌ အလှူမင်္ဂလာ ကိစ္စများနှင့် ရပ်ရေးရွာရေး တိုင်ပင်စရာရှိပါက ရွာဦးကျောင်းဆရာတော် ဘုန်းကြီး 'ဦးခိုင်'ထံသို့ ဦးစွာသွား၍ တိုင်ပင်ကြ၏။

ဘုန်းကြီးဦးခိုင်သည် စာပေကျမ်းဂန် နှံစပ်ရုံမက လောကီပညာများကိုယ်ခံပညာများ၊ ဗေဒင်နက္ခတ်ပညာများနှင့် တုတ်ပြီး ဓားပြီးပညာများကိုပါ တတ်ကျွမ်း၍ ထိုနယ်-တစ်ဝိုက် ဩဇာအာဏာ ညောင်းသူလည်းဖြစ်၏။ သူ၏ဥပဓိရုပ်မှာလည်း အသားညိုညို ထောင်ထောင်မောင်း မောင်း တုတ်တုတ်ခိုင်ခိုင်နှင့် ဖြစ်၏။

မောင်ဖိုးမြ၏ အမှတ်တရနေ့များထဲတွင် သူငယ်မနှင့် စေ့စပ်သောနေ့သည် တစ်ခုအပါအဝင် ဖြစ်ပါသည်။ ထိုနေ့မှစ၍ သူ၏ဘဝကို ပြောင်းလဲခဲ့သည်ဟု ဆိုလျှင်လည်း မမှားနိုင်ပေ။

စေ့စပ်ပွဲ ပြုလုပ်သော နေရာသည် ဘုန်းကြီးဦးခိုင် ကျောင်းတွင်ဖြစ်ပါသည်။ မောင်ဖိုးမြနှင့် သူငယ်မတို့ စေ့စပ်ပွဲတွင် နှစ်ဖက်မိဘဆွေမျိုးများ စုံညီစွာတက်ရောက်ကြပါသည်။ အထူးသဖြင့် မောင်ဖိုးမြ အမေ၏ ညီမဒေါ်ရွှေမြစ်လည်းရောက်လာ၏။ ဒေါ်ရွှေမြစ်သည် ဇီးနောက်ရွာနှင့် ဆယ်မိုင်သာသာဝေးသော ဝိုက်ပျက်ရွာတွင် နေသူဖြစ်၏။

စေ့စပ်ပွဲ ပြီးမြောက်သော အခါ ဘုန်းကြီးကျောင်းပေါ်မှ နှစ်ဖက် အမျိုးအုပ်စုများ ဆင်းလာကြသောအချိန်တွင် ဒေါ်ရွှေမြစ်သည် မောင်ဖိုးမြကို ခေါ်လိုက်ပါသည်။

"ဟဲ့ ငမြ. . . လာဦး"

ဒေါ်ရွှေမြစ်ခေါ်၍ မောင်ဖိုးမြသွားသည်ကို သူငယ်မ မြင်လိုက်ပါသည်။ ဒေါ်ရွှေမြစ်အနီးသို့ မောင်ဖိုးမြ ရောက်သောအခါ -

"မင်းတို့ညီအစ်ကိုသုံးယောက် အိမ်ထောင်ကျရင် တစ်ယောက်တစ်ရာစီ လက်ဖွဲ့မယ်လို့ အစကတည်းက စိတ်ကူးထားတယ်ကွဲ့၊ အဲဒါ မင်းကို ငါငွေတစ်ရာ လက်ဖွဲ့မယ်ကွဲ့"

ဒေါ်ရွှေမြစ်စကား ဆုံးသည်နှင့် မောင်ဖိုးမြသည် ချက်ချင်းပင် အကြံတစ်ခုရသွားပြီး အဒေါ်ဖြစ်သူကို ပြန်ပြောလေ၏။ သူ ပြောလိုက်သော စကားကြောင့် ဒေါ်ရွှေမြစ်မျှာ တုံဖြစ်သူ၏ မင်္ဂလာပွဲ၌ ငွေတစ်ရာကို ဂုဏ်ယူဝင့်ကြွားစွာ လက်ဖွဲ့ရမည့် အစီအစဉ်ကို တစ်ပတ်လျှော့၍ နားလည်မှုပေးလိုက်ရ၏။

လိမ္မာပါးနပ်၍ ဉာဏ်အမြော်အမြင်ရှိသော မောင်ဖိုးမြသည် အစကတည်းမှပင် ကြိုတင်တွက်ဆပြီး မည်ကဲ့သို့ ပြုလုပ်မည်ကို အသေအချာ အကွက်ချခဲ့သည်ဟု ယုံဆဖွယ် ရှိပါသည်။

မောင်ဖိုးမြပြောသော စကားများမှာ လက်ဖွဲ့မည့် ငွေတစ်ရာကို မင်္ဂလာပွဲသို့ယူမလာခဲ့ရန်တောင်းပန်ခဲ့၏။ လက်ဖွဲ့ငွေ စာရင်းတွင်လည်း မသွင်းပါနှင့်ဟု ပြောပြန်၏။

ထိုငွေတစ်ရာကို ဒေါ်ရွှေမြစ်၏ လုပ်ငန်းတွင် ရှယ်ယာထားပေးပါဟု လည်းကောင်း၊ ထို့အပြင် မိန်းမတို့သည် ငွေမြင်လျှင် ဝတ်မည်၊ စားမည်ပလွားချင်ကြ၍ ထိုငွေသည် တိုးပွားလာမည့်အကြောင်းမရှိတော့ကြောင်း၊ ဒေါ်ရွှေမြစ်ထံ၌ ယခုကဲ့သို့ လုပ်ငန်းအတွင်းထည့်ဝင်ထားပါကကျွန်တော်တို့၏ ဘဝရှေ့ရေးအတွက် ရင်းနှီးမြှုပ်နှံမှုသကဲ့သို့ ဖြစ်မည့်အကြောင်း၊ အဒေါ်ဖြစ်သူမှလည်း ကူညီစေလိုကြောင်းကို ရိုသေစွာ ပြောပါသည်။

ထိုအခါ ဒေါ်ရွှေမြစ်သည် မောင်ဖိုးမြ၏ အကျိုးအကြောင်း ညီညွတ်သော စကားများနှင့် သူ၏ ရည်ရွယ်ချက်ကောင်းပုံကို သိရ၍ သဘောတူ လက်ခံခဲ့ရ၏။

ထိုအကြောင်းများကို မည်သူ့ကိုမျှ မသိစေလိုကြောင်း နောက်ဆုံးပိတ်စကားအဖြစ် မောင်ဖိုးမြမှ ပြောခဲ့သေး၏။ အသက်နှစ်ဆယ်ကျော်ရုံမျှသာရှိသေးသော မောင်ဖိုးမြသည် လူငယ်သော်လည်း 'အကြံမငယ်၊ ဉာဏ်မငယ်ခဲ့ပါ။ တော်လွန်မည့်မီးခဲတရဲရဲ ဆိုသည့်အတိုင်း ရှေ့ကိုတိုးမည့်ဆင်သည် နောက်သို့တစ်လှမ်းဆုတ်ခဲ့လိုက်၏။

မောင်ဖိုးမြ၏အဒေါ် ဒေါ်ရွှေမြစ်သည် စပါးပေး၊ ပဲမေးများဖြင့် ငွေတိုးချ၊ အပေါင်ခံ၊ အဝယ်၊ အရောင်းလုပ်ငန်းဖြင့် ကြီးပွားနေသော မုဆိုးမတစ်ဦး ဖြစ်ပါသည်။ ထိုအခါ မောင်ဖိုးမြသည်လည်း အောင်မြင်နေသော လုပ်ငန်းရှင်တစ်ဦးနှင့် ရှယ်ယာဝင်တစ်ယောက် ဖြစ်လာ၏။ ထိုမျှပင် မဟုတ်သေးပါ။ ထိုငွေများကို နှစ်ရှည်လများ ရင်းနှီး မြှုပ်နှံခဲ့သောကြောင့် သူ၏ ရည်ရွယ်ချက်အား စိမ်းကိန်းဖြင့် အကောင်အထည်ဖော်ခဲ့သူဟုလည်း ဆိုနိုင်ပေ၏။

ကိုလိုနီခေတ်၌ ဤကဲ့သို့ စီးပွားရေးစနစ်ကိုမျှော်မြင်တတ်သော

www.burmeseclassic.com

သူမှာ မောင်ဖိုးမြဲသာဖြစ်၏။ အိမ်ထောင်ကျသောအခါသူ၏မိဘများမှ လယ်နှစ်ရှည်းမောင်းကို လက်ဖွဲ့သည့် သဘောဖြင့် အမွေပေးခဲ့ပါသည်။ နွားတစ်ရှည်းလျှင် လယ်ဆယ်ဧက လုပ်နိုင်သည်ကို မောင်းသည်ဟု အရပ်ခေါ်စကားဖြစ်ပါသည်။ ယခု နှစ်ရှည်းမောင်းဟုဆိုသော် လယ်ဧကနှစ်ဆယ်ဟု သိရပါမည်။ အိမ်တစ်အိမ်သို့ဝင်လျှင် ခိုင်းနွားအစုံ၊ ဘယ်နှကောင် ရှိသည်ကို မြင်ဘည်နှင့် လယ် ဘယ်နှဧကပိုင်သည်ကို သိရပါသည်။

ထိုခေတ်ထိုအချိန် မောင်ဖိုးမြတို့အရပ်၌ လယ်မရှိသူဟူ၍ မရှိပါ။ လယ်မရှိပါဘူးဆိုသူ၌ တစ်ပိုင် တစ်နိုင်တော့ ရှိသေး၏။ ထိုတစ်ပိုင်တစ်နိုင် ဆိုသည်မှာ 'လေးကေ၊ ငါးကေကို ဆိုလိုခြင်းဖြစ်၏။ မည်သို့ပင်ဆိုစေကာမူ ထိုခေတ် ထိုအခါတွင် စီးပွားရေးအောင်မြင်နေသူမှာ မြန်မာများမဟုတ်ပါ။ ချစ်တီးကုလားများဖြစ်ကြ၏။ ချစ်တီးကုလားများကဲ့သို့ မြန်မာအချို့လည်း လိုက်လုပ်ကြ၏။ ထိုအထဲ၌ ဒေါ်ရွှေမြစ်လည်းပါ၏။

ဒိုက်ပျက်ရွာမှ ဒေါ်ရွှေမြစ်သည် ချစ်တီးများကဲ့သို့ မဟုတ်ပါ။ ကိုယ့်လူမျိုးနှင့် ကိုယ့်ရပ်ရွာအပေါ် ဖေးဖေးမမ ရှိခဲ့၏။ မောင်ဖိုးမြဲအပေါ် ဆက်ဆံသည့် နေရာတွင် ဒေါ်ရွှေမြစ်၏ စိတ်သဘောကို အကဲခတ်နိုင်ပါသည်။

ထိုခေတ်၌ ချစ်တီးကုလားများ၏ ဒဏ်ကို မြန်မာပြည်သားများ အတော်ပင်ခံခဲ့ရ၏။ ခံမယ့်သာခံရ၏။ ထို ချစ်တီးကုလားများသည် အာဏာလည်းမရှိ၊ လက်နက်လည်း မကိုင်ခဲ့ပါ။ မြေအောက်ရန်သူထက် မြေပေါ်ရန်သူက ပို၍ ကြောက်ဖို့ကောင်းသည်ကို ထိုအချိန်ကတည်းကပင် ထင်ရှားနေ၏။

ကိုလိုနီခေတ်တွင် မြန်မာပြည်၌ စာတတ်သူထက် စာမတတ်သူက ပို၍များပါသည်။ ကျေးလက်ဒေသများတွင် အတန်းကျောင်းမရှိသေးပါ။ မြန်မာတွေ တောသူ တောင်သား လယ်ယာလုပ်ကိုင်စားသူတွေ စာမတတ်လို့များ ချစ်တီးကုလားများ၏ ဒဏ်ကို ခံရလေသလားဟု တွေးမိပါသည်။ ထိုအကြောင်းအား ကျွန်ုပ်၏ ဆရာကို မေးဖူး၏။ ဆရာဖြေပုံ၊ ပြောပုံမှာ တိုတိုနှင့်လိုရင်းရောက်သော လွန်စွာထက်သည့် မားမြောင်နှင့်တူ၏။ သူပြောလိုက်သောစကားသည် စာဖြင့်ရေးသော် ခြောက်လုံးမျှသာ ရှိ၏။ ထိုစကားမှာ -

"အခုတော တတ်လို့လား"

ယခု ဤစာကိုဖတ်နေသော သူ ဖြေကြည့်ပါ။ ကျွန်ုပ်ကတော့ မဖြေရဲလို့ ဆတ်မပြောခဲ့ပါ။ ဤအတိုင်း ဆက်ရေးနေလျှင် ကျွန်ုပ်၏စာသည် ဆရာကြီးမောင်ခင်မင် (ဓနုဖြူ)ပြောသကဲ့သို့ မုန့်ပဲပွားသလက် အကြောင်း ရေးနေရာမှ မုန်လာဥဖြစ်လေတော့မည်။ ထို့ကြောင့် ချစ်တီးများနှင့် မြန်မာများအကြောင်း ဤမျှနှင့် ရပ်လိုက်ပါ၏။

အလျဉ်းသင့်၍ ဖော်ပြရန်မှာ ထိုဆရာကြီးဟည် အခြားသူမဟုတ်ပါ။ မောင်ဖိုးမြ၏ မြေး (ယခုဇာတ်ကြောင်းပြောပြသူ)ဦးစိုးဝင်းစံ၊ နက္ခတ္တဗေဒဆရာ ဖြစ်ပါသည်။

ကျွန်ုပ်၏ ဇာတ်လိုက်ကျော်ကြီး မောင်ဖိုးမြသည် ဘုန်းကြီးကျောင်း၌ သဒ္ဒါ၊ သင်္ကြိုဟ်မျှသာ တတ်ခဲ့ရသော်လည်း စာတတ်သူများထက်ပင် တော်၏၊ ထက်၏။ အတွက်အချက် ကျွမ်းကျင်၏။ မှတ်ဉာဏ်လည်း ကောင်း၏။ လုံ့လဝီရိယကြီး၏။ ဩဇာခြံ ချွေတာတတ်၏။ စနစ်တကျ ပြုလုပ်ခြင်း၊ သုံးစွဲခြင်း ရှိ၏။ ဗဟုသုတနှင့်လည်း ပြည့်စုံ၏။ ဤအချက်များနှင့်ပင် သူဖြစ်ချင်သောဘဝသို့ ရောက်ခဲ့၏။

မောင်ဖိုးမြသည် လယ်ဧကနှစ်ဆယ်ကို လင်မယားနှစ်ယောက်တည်း လုပ်ခဲ့သည်ဟု ပြောရပါသည်။ မောင်ဖိုးမြက ပျိုးနုတ်လျှင် သူငယ်မ ကောက်စိုက်ပါသည်။ ပျိုးထုံးများ အလျဉ်မီအောင် စီစဉ်၍ချထားပြီးလျှင် မောင်ဖိုးမြမှ ကောက်စိုက်ပါသည်။ ပျိုးထုံးများ ကုန်လုနီးသောအခါ မောင်ဖိုးမြ ပျိုးပြန်နုတ်ပါသည်။သူတို့လင်မယားသည် လယ်စာရင်းငှားကို တတ်နိုင်သမျှလျှော့၍ခေါ်ပါသည်။ သူတို့နှစ်ဦးသာ ဖိုင်ခံထုပ်ကြပါသည်။

စပါးရိတ်ချိန်တွင်လည်း ထိုကဲ့သို့ပင် ပေါက်ပွင့်အောင် ရိတ်ကြ၏။

စပါးစိုက်သည့်အခါတွင်လည်း ဝါခေါင်လမိုက် လယ်တောစိုက် ဆိုသည့်အတိုင်းပင် သူတို့လင်မယားမှာ သူများတွေ စိုက်ပြီးနေချိန် သူတို့က စိုက်ကောင်းဆဲ ဖြစ်၏။ ပေါက်ပွင့်အောင် ရိတ်သည်မှာ နွေရာသီ ပေါက်ပွင့်ချိန်အထိ သူတို့လင်မယားမှာ စပါးရိတ်နေကြဆဲ ဖြစ်လေ၏။ ထို့ကြောင့် လယ်ဧက နှစ်ဆယ်ကို

www.burmeseclassic.com

www.burmeseclassic.com

လင်မယားနှစ်ဦးဘာ လုပ်ခဲ့သည်ဟု ဆိုလိုခြင်းဖြစ်၏။

သူတို့လင်မယားသည် လွန်စွာချစ်ကြ၏။ လယ်ကွက်နံဘေးတွင် နပ်ပျဲလုံးတစ်ခုဖြင့် နှစ်ယောက်အတူ ထမင်းလက်ဆုံစားကြ၏။ မိုးရာသီဖြစ်သောကြောင့် ပလီမကြီးကို မျက်နှာချင်းဆိုင်ထိုင်၍ ဆောင်းထားကြသေး၏။အလယ်မှာရှိသော နပ်ပျဲလုံးထဲ၌ ထမင်း၊ ဟင်း၊ ငါးပိ၊ အဖျော်တို့စရာအစုံထည့်၍ စားကြ၏။

သူတို့၏လက်မောင်း၊ လက်ဖျံတို့၌ တစ်ဝက်တစ်ပျက်ပေနေသောခွံ့အရာများလည်း ရှိသေး၏။ သူတို့မျက်လုံးများသည် ထမင်းဟင်းများပေါ်၌အာရုံမရှိကြ၊ ချစ်သူ၏မျက်နှာသည်ဟာ ဟင်းကောင်းတစ်ခွက် ဖြစ်နေ၏။ ထိုအခါ ပြီးပြည့်စုံသောအာဟာရကို သုံးစွဲရသကဲ့သို့ဖြစ်၍ စိတ်ခွန်အား၊ လူခွန်အားတို့ တိုးကြ၊ ရကြပေတော့၏။ အချစ်ဆိုသည်မှာ အားဆေးတစ်ခွက်မင်္ဂလာပဲလား။

ဤသို့ စားသောက်နေထိုင်ရခြင်းမှာ ဆင်းရဲလွန်း၍ မဟုတ်ပါ။ သူတို့နှစ်ဦး၏ အမှတ်တရ အချစ်သင်္ကေတများကို ဖော်ပြခြင်း ဖြစ်ပါသည်။ သူတို့၏ အိမ်ထောင်ဦး အမှတ်တရပစ္စည်းများထဲတွင် ထိုနပ်ပျဲပလုံးလေးကို အသေအချာ သိမ်းဆည်းထားကြ၏။ အဘယ်ကြောင့်ဆိုသည်ကို သူတို့နှစ်ဦးထက် မည်သူမျှ ပိုမသိနိုင်ပါ။

လယ်ဧကနှစ်ဆယ်နှင့် လုပ်ကိုင်စားနေသော မောင်ဖိုးမြမိသားစုသည် ချောင်လည်ရုံမျှမက ပိုလျှံ၍ပင် စုနိုင်၊ ဆောင်းနိုင်သေး၏။

မောင်ဖိုးမြတို့အိမ်သည် ငါးပင် လေးခန်းရှိသော အိမ်ကြီးဖြစ်ပါသည်။ တစ်ခန်းလျှင် ငါးတောင်အကျယ်ရှိပါသည်။ခြေရင်းဘက်တွင် မီးဖိုချောင်ရုံနှင့်ဆိုသော် အတောင်သုံးဆယ်ရှိလေ၏။

မောင်ဖိုးမြသည် ဒိုက်ပျက်ရွာမှ ဒေါ်ရွှေမြစံထံသို့ တစ်နှစ် တစ်ခေါက် ရောက်ပါသည်။ သွားသည့်အခါ လက်ဆောင်အဖြစ် အသီးအနှံအဝတ်အထည် စသည်ဖြင့် ယူသွားတတ်၏။ ဒိုက်ပျက်ရွာတွင် တစ်ည အိပ်ခဲ့ပြီးမှ နောက်တစ်နေ့တွင် ရေနောက်ရွာသို့ ပြန်ရောက်၏။ ထိုကဲ့သို့ နှစ်စဉ် အမြဲပြုလုပ်၏။ မသူငယ်မသိထားသည်မှာ သူ့အဒေါ်ကို သွားကန်တော့သည်ဟုသာပါ။ မောင်ဖိုးမြဒိုက်ပျက်ရွာသို့သွားတိုင်း သူငယ်မ မလိုက်ရသည်က များပါသည်။ သားသမီးများ ရလာသောအခါ ပို၍ မလိုက်ဖြစ်တော့ပါ။

မောင်ဖိုးမြ၏လိုရင်းသည် သံုးအပ်ထားသောငွေများမည်ရွှေ့မည်မျှ ရှိပြီကို သိလိုရင်းဖြစ်၏။ ဒေါ်ရွှေမြစံသည် သူအပ်ထားသောငွေနှင့် တိုးလာသော ငွေများကိုပေါင်းပြီး တစ်နှစ်စာစာရင်းကို ရှင်းပါသည်။ ထိုငွေများကို ပြန်အပ်ခဲ့ပြီး နောက်တစ်နှစ် ဆက်၍ ရင်းနှီးမြှုပ်နှံပါသည်။ ဒေါ်ရွှေမြစံနှင့် မောင်ဖိုးမြတို့ လက်ဝါးရိုက်ထားကြသည်ကို မည်သူမျှမသိကြသေးပါ။

မောင်ဖိုးမြနှင့် သူငယ်မတို့ ဇနီးမောင်နှံမှ သားသမီးငါးယောက်ပင် မွေးဖွားခဲ့လေပြီ။ မောင်သိန်းစံ၊ မောင်သိန်းဟံ၊ မောင်သိန်းဘက်၊ မောင်ထွန်းအောင်။ ယောကျ်ားလေးယောက်နှင့် သမီးအငယ်ဆုံး မခင်အုန်းတို့ဖြစ်ပါသည်။ မိသားစုမျှားလာသော်လည်း မောင်ဖိုးမြ၏ စည်းစနစ်ကျမှုကြောင့် ချောင်လည်ပါသည်။

ဥစ္စာဖြို စားဖိုက ဟူသည့် စကားပုံကို မောင်ဖိုးမြလောက် နားလည်သူ ရှိမည်မထင်ပါ။ အသားဟင်း၊ ငါးဟင်းတို့၌ အသီးအရွက် အရောအနှော အမြဲပါ၏။ ဟင်းချို အိုးထဲမှ ငါးသည် အနည်းဆုံးသုံးခို သုံးနပ်ပြောင်းပြီးမှ အရိုးကျတော့၏။ အစကတည်းက ငါးကို ကြိုးဖြင့်ချည်ထား၏။ ဟင်းချိုအိုးထဲသို့ ငါးအချို မာတ်များအတန်ငယ်ရောက်လောက်ပြီဆိုပါက ထိုငါးကို ကြိုးမှ ကိုင်၍ ဆွဲတင်လိုက်၏။ ငါး၏ အမြီးပိုင်းမှ အသား အနည်းငယ်ဖဲ့၍ ဟင်းချိုအိုးထဲသို့ ထည့်ပါသည်။ ငါးပိရည်ခွက်ထဲသို့ ထည့်ပါသည်။ ထိုငါးတစ်ပိုင်းသာသာကို မီးဖိုပေါ်၌ ကြိုးတန်းလန်းနှင့်ချည်ထား၏။ ဤသို့ဖြင့် ထိုငါးသည် သုံးခို သုံးနပ်ပြောင်းရသောငါး ဖြစ်လေ၏။ ဤသို့စားရခြင်းမှာ ဆင်းရဲလွန်း၍ မဟုတ်ပါ။ လိုအပ်သည်ထက် မပိုအောင် စနစ်ကျခြင်း ဖြစ်ပါသည်။

ဤသို့ဖြင့် မောင်ဖိုးမြ၏ သားအကြီးဆုံး မောင်သိန်းစံ အသက် (၁၄)နှစ်ပြည့်သောနေ့သို့ရောက်ခဲ့၏။ ထိုနေ့ကို မောင်ဖိုးမြသည်ဘယ်သောအခါမျှ မေ့မည် မဟုတ်ပါ။ မမေ့လောက်သော အကြောင်းများ ရှိခဲ့ပါသည်။ ဝမ်းသာစရာနှင့်လည်း ကြုံ၏။ ဝမ်းနည်းစရာနှင့်လည်း ကြုံ၏။

www.burmeseclassic.com

ပြောင်းလဲမှုနှစ်မျိုးကို တစ်ပြိုင်တည်း ကြုံခဲ့ရ၏။

ဒေါ်ရွှေမြစ်ထံ၌ ရှယ်ယာဝင်ထားသော ငွေများသွားယူပါတော့မည်။ တောခေ့လေ့ကျေးလက်ရွာများသည် အရက်မလဲမီ အိပ်ရာမှထကြ၏။ ထမင်းချက်ကြ၏။ နွားကို အစာကျွေး ရေတိုက်ကြ၏။ ခရာန်းသံဟာများကို အရက်ဆွမ်းလောင်းကြ၏။ ထို့နောက် အဆာခံ နံနက်စာစားကြ၏။ ထိုအချိန် ထိုခေတ်၌ ထမင်းနှင့် ဟင်းကိုသာ စားကြ၏။

ထို့နောက် ဝေလီဝေလင်းမှာပင် နွားငေါက်သံတကောက်ကောက်နှင့် လယ်ကွင်းပြင်လုပ်ငန်းခွင်သို့ ဝင်ကြ၏။ ဤနေ့မှာတော့ မောင်ဖိုးမြတို့ သားအဖတစ်တွေ နံနက်အဆာခံစားပြီးသောအခါ မောင်ဖိုးမြအသံကထူးခြားနေ၏။

"သိန်းစံနဲ့ သိန်းဟန်၊ ဖျင်အိတ်တစ်အိတ်နဲ့ ထမ်းပိုးတစ်ခုယူပြီး ငါနဲ့ လိုက်ခဲ့"

သားနှစ်ယောက်သည် သူတို့အဖေပြောသည့်အတိုင်း လုပ်ကြ၏။ မောင်ဖိုးမြသည် သူငယ်မကိုပါ တစ်ဆက်တည်း ပြောလိုက်၏။

"သူငယ်မရေ၊ တို့သားအဖ ဒိုက်ပျက်ကိုသွားကြမှာ ညနေမှ ပြန်ရောက်မယ်၊ ညနေစာ ဟင်းကောင်းကောင်း ချက်ထားကွာ"

သူငယ်မသည် သူ့ယောကျ်ားကိုကြည့်ပြီး မေးထိုးလိုက်၏။

အဓိပ္ပာယ်မှာ ဘာကိစ္စလဲဟု အသံတိတ်မေးခြင်းဖြစ်၏။

မောင်ဖိုးမြ ဖြေပုံမှာ -

"ပြန်လာတော့ သိမပေါ့ကွာ"

သူငယ်မ မျက်နှာ မဲ့ပြပါသည်။ အဓိပ္ပာယ်မှာ ကြိုးကျယ်ရန်ကော ဖြစ်ပါသည်။ သားအဖ သုံးယောက် ဒိုက်ပျက်ရွာသို့ ထွက်လာကြပါပြီ။ ထိုခေတ်အခါတွင် မြန်မာနိုင်ငံ၌ နှစ်ထပ်ငွေဒင်္ဂါးများ သုံးစွဲနေချိန် ဖြစ်ပါသည်။ အစတည်းက သူ၏ငွေ ဘယ်လောက်ရလိမ့်မည်ကို တင်ကြိုတွက်ဆထားပြီး ဖြစ်ပါသည်။

ရေနောက်ရွာမှ နံနက်စောစော သွားလျှင် ဒိုက်ပျက်ရွာသို့ နေ့လယ်စာ ထမင်းစားချိန်မတိုင်မီ ရောက်ပါသည်။ နေ့လယ်စာကို ဒေါ်ရွှေမြစ်အိမ်၌ စားကြပါသည်။ ဒေါ်ရွှေမြစ်နှင့် စာရင်းပေါင်းပြီးကြ၍ ငွေဒင်္ဂါးများ ရေတွက်ယူပါသည်။ အသင့်ယူခဲ့သော ဖျင်အိတ်နှင့် ထည့်ပါသည်။ ထမ်းပိုးတွင် ငွေထုပ်ကို ကမ်ချည်ပါသည်။ မောင်ဖိုးမြသည် သားနှစ်ယောက်ကို ရှေ့နောက်ထမ်းစေ၍ ရေနောက်ရွာသို့ ပြန်လာခဲ့၏။

ဒေါ်ရွှေမြစ်ထံမှ ရလာသော၊ ယူလာသော **ငွေဒင်္ဂါးများ၏** အလေးချိန်သည် မဆိုလောက်သော်လည်း ခရီးက လှမ်းလှသဖြင့် ကလေးများအဖို့ ထမ်းယူရမှာပင်ဖြစ်၏။ (၁၄) နှစ်သား၊ (၁၂)နှစ်သား ညီအစ်ကို နှစ်ယောက်သည် ကလေးပီပီ အမေးအမြန်းထူ၏။ သူတို့အဖေ ပိုင်သောငွေများဟု သိရ၍ ပျော်နေကြ၏။ သားတွေပျော်တော့ အဖေလည်းပျော်၏။ သားတို့အမေကိုလည်း ထိုကဲ့သို့ ပျော်စေချင်လှ၏။

မောင်ဖိုးမြ ခြေလှမ်းတွေ ပိုသွက်နေ၏။ ကလေးနှစ်ယောက်မှာ မနည်းလိုက်နေရ၏။ ထိုကြားထဲမှပင် အလတ်ကောင် မောင်သိန်းဟန်မှ မေးနေသေး၏။

"အဖေ၊ ဒီငွေတွေကို ဘယ်လို ရတာလဲ"

မောင်ဖိုးမြ လှည့်မကြည့်ဘဲ ဖြေပါသည်။ သားတို့အမေ ရှေ့ကို ရောက်မှ အားလုံး ပြောပြမည်ဟု ဆိုသော်လည်း ထိုအလတ်ကောင် မောင်သိန်းဟန်က မပြီးနိုင်သေးပါ။

"အဖေ၊ ဒီငွေတွေကို ဘာလုပ်မှာလဲ"

ထိုအခါမှ မောင်ဖိုးမြနောက်ကိုလှည့်ပြီး ကြည့်ပါသည်။ ထိုအမေးစကားသည် တန်ဖိုးရှိနေ၏။ ငွေဟူသိလျှင် အလုပ်နှင့်တွဲ၍ မြင်တတ်ရပေမည်။ ထိုစကားသည် သားကြီး မောင်သိန်းစံ မေးဖို့ကောင်း၏။ သို့ပေမယ့် သူက မခံမေးခဲ့၍ သားကြီးကို တစ်လှည့်၊ သားလတ်ကို တစ်လှည့် ကြည့်ပြီး ပြောပါသည်။

"အဖေ လယ်တွေအများကြီး ဝယ်မှာပေါ့ကွ၊ အဲဒါဆို ငါ့သားတွေ နောင်ရေး အေးပြီပေါ့ကွာ၊ အဖေက လယ်သီးစားခပြန်ချမယ်၊ အဲဒီ သီးစားခတွေနဲ့ အရောင်းအဝယ် လုပ်မယ်၊ အဖေတို့မိသားစု ချမ်းသာပြီပေါ့ကွ"

"ဟေး. . . ဝေး"

အလတ်ကောင်အော်တော့မှ သားကြီးမောင်သိန်းစံပါ ရောရှော်တော့၏။ ကလေးတွေလည်း မောရမန်းရမှန်းမသိ ပေါ့ပါးပျော်ရွှင်ကြသဖြင့် ရေနောက်ရွာကို ရောက်မှန်းသိသိရောက်လာ၏။ ဒေါ်ရွှေမြစ်ထံမှ ရလာသောငွေများသည် သူတို့နှစ်ယောက် အိမ်ထောင်သက် (၁၄)နှစ်

www.burmeseclassic.com

www.burmeseclassic.com

အတွင်း အရင်းအတိုး အားလုံးပေါင်း ငွေခုနစ်ရာ ဖြစ်ပါသည်။

သူငယ်မသည် သူ၏ယောကျ်ားမှ မပြောစဖူး ပြောခဲ့သော ဟင်းကောင်းကောင်း ချက်ထားပါဆိုသည့် စကားကို နားကြားများမှားနေသလားဟု အံ့သြနေ၏။ သူတို့သားအဖတွေ ကြက်သားဆီပြန်ဟင်းဆိုလျှင် ခေါင်းမဖော်တမ်း စားကြသည်ဖြစ်၍ သူတို့ အကြိုက်ကိုသာ ချက်ထား၏။

သူငယ်မ ဟင်းချက်လက်ရာသည် နာမည်ရသူဖြစ်၏။ သားသမီး ငါးယောက်ပင်ရသော်လည်း သူမအသက် သုံးဆယ်သာသာရှိသေး၏။ ယခုခေတ် ကေသီပန်ဆေး ကြော်ငြာသော သူငယ်မထက်ပင် ပို၍လှ၏။ ချောင်၏။ သာ၏။ ရွှေမှုန်လည်းမစား ပါ။ ငွေမှုန်လည်း မစားရပါ။ ကေသီပန်ဆေးလည်း မပေါ်သေးပါ။ တော သူမပီပီ ရိုးရိုးဘွင်းဘွင်း စိတ်ထားမျိုး ရှိ၏။ စကားပြောလျှင် ထက်ထက်မြက်မြက် ပြောတတ်၏။ ထိုအချက်ကို မောင်ဖိုးမြဲသဘောကျ၏။

မောင်ဖိုးမြဲသည်လည်း အများနှင့်မတူသော လူတစ်မျိုးဖြစ်လေ၏။ မောင်ဖိုးမြဲကို သူငယ်မက ကိုရင်မြဟုခေါ်၏။ လင့်မျက်နှာကို မှန်လိုကြည့်နေသော သူငယ်မသည် မြဲအတွင်းသို့ သူတို့သားအဖတွေ ဝင်လာသည်နှင့် အကဲခတ်မိ၏။ မိန်းမသဘာဝအတိုင်း စူးစမ်းတတ်၊ စပ်စုတတ်၏။ သားနှစ်ယောက်မျက်နှာတွေကလည်း မှိုရသည့် မျက်နှာမျိုး ဖြစ်နေ၏။ သူတို့ ထမ်းလာတာ ဘာတွေလဲဟု တစ်ခွန်းမှ မပြောကြပါလား။

ခရီးရောက်မဆိုက် မှမေးကောင်းလို့ အောင့်ထားရတာ အနေရ၊ အထိုင်ရ ခက်လှ၏။ ကြာကြာ မအောင့်နိုင်တော့ သားကြီးကို တိုးတိုးမေးလိုက်၏။ သားကြီးမှ ငွေတွေဟု အမေဖြစ်သူကို မျက်နှာရအောင် ပြောလိုက်၏။ ထိုအချက်ကို မောင်ဖိုးမြဲ သိလိုက်၏။ သို့ပေမဲ့ မသိယောင် နေလိုက်၏။

လမ်း၌ သားနှစ်ယောက်အား ဤငွေအကြောင်းကို အဖေမပြောဘဲနှင့် မည်သူ့ကိုမျှ မပြောရဟု မှာထားခဲ့၏။ သားကြီးသည် ခေတ္တမျှ လောက်သော အချိန်ကို မစောင့်စည်းခဲ့ဟု မှတ်သားထားလိုက်၏။ ငွေထုပ်မှန်းသိသွားသော သူငယ်မသည် မျက်မှောင်ကျုံ့နေ၏။ ထိုမျက်လုံးဖြင့် ယောကျ်ားဖြစ်သူကို ကြည့်နေ၏။ ကိုရင်မြသည် ထမ်းပိုးနှင့် ကပ်ချည်ထားသော ငွေထုပ်ကို ကြိုးဖြေနေ၏။ သူငယ်မသည် အထုပ်ထဲက ဘာတွေလဲဟု လွန်စွာမေးချင်နေ၏။ ကိုရင်မြမှ စကားတစ်ခွန်းပင် မဆိုသေးတော့ မေးရခက်နေ၏။ ထိုအခါ သူငယ်မသည် မိန်းမဉာဏ်ဖြင့် စကားဆိုလိုက်၏။

"ကိုရင်မြ၊ ထမင်းစားတော့မလား"

"သူငယ်မရဲ့ လာပါဦးကွဲ၊ ထမင်းလည်း စားတာပေါ့ကွာ"

သူငယ်မသည် ကိုရင်မြ၏ အနား ရောက်သည်နှင့် ဖျင်အိတ်ထဲမှ ငွေများကိုကြည့်လိုက်၏။ ငွေဒင်္ဂါးများကို တွေ့သောအခါ -

"ကိုရင်မြ ဒီငွေတွေက ဘယ်သူ့ငွေတွေလဲ၊ ဘာလုပ်တာလဲ"

"ဟဲ့- သူငယ်မရဲ့၊ ဒါ တို့ငွေတွေပါဟာ"

"ဒါဖြင့် ဘယ်လိုရလာတာလဲ၊ ကျုပ်ကို ရှင်းအောင်ပြော"

"ဒီလိုကွ၊ တို့လင်မယားတွေ မင်္ဂလာဆောင်တော့ ဒေါ်ရွှေမြစ်က ငွေတစ်ရာ လက်ဖွဲ့ခဲ့တယ်ကွ၊ ဒါပေမဲ့ အဲဒီငွေတွေကို ဒေါ်ရွှေမြစ်ကို ပြန်ပေးပြီး သူလုပ်နေတဲ့ လုပ်ငန်းထဲမှာ ထည့်သုံးခိုင်းထားခဲ့တယ်"

ဤသို့အစချီ၍ တစ်နှစ်တစ်ခါ စာရင်းရှင်းပြီး ပြန်အပ်ခဲ့ကြောင်း၊ ယခုအခါ ဆယ့်ခြောက်နှစ်မျှရှိလာသောအခါ အရင်းအတိုးပွားလာခဲ့ပြီး ယခုကဲ့သို့ဖြစ်လာကြောင်းအကြောင်းစုံကို ရှင်းပြလေ၏။

ကိုရင်မြသည် အတွက်အချက်ကောင်းသူဖြစ်၏။ ဤနေရာ၌ သူ၏ အတွက်အချက်တို့သည် ကွာစ်ကွက်မှားနေ၏။ ထို့ကြောင့် သူရလိုက်သော အဖြေသည် သူထင်ထားသည့် အတိုင်း ဖြစ်မလာခဲ့ပေ။ သူငယ်မသည် သူမျှော်လင့်သလို မဟုတ်ပါ။ ဤငွေများသည် မိမိတို့ငွေများဟု သိလိုက်လျှင် 'ဟယ်' ဟု ဝမ်းသာပေလိမ့်မည်။ 'ဒါမှ ငါ့ယောကျ်ား' ဟု ချီးမွမ်းပေလိမ့်မည်တဲ့ မျှော်လင့်ခဲ့၏။

တကယ်ဖြစ်လာသည်မှာ ထိုသို့ မဟုတ်ပါ။ သူငယ်မကို လျှော့တွက်ခဲ့မိသည်မှာ မှားလေပြီ။

သူငယ်မသည် ကိုရင်မြ၏ အနားမှ ထသွားပြီး အိမ်တိုင်ကိုမှီ၍ ထိုင်လိုက်၏။ ဒူးတစ်ဖက်ထောင်ထားသဲ့သည့်အပေါ် သို့ လက်နှစ်ဖက်ကို ပိုက်၍ စဉ်းစားလိုက်၏။ သူ၏ မျက်နှာသည်မြဲအပြင်အိမ်ရှေ့ဘက်သို့

www.burmeseclassic.com

ငေးကြည့်နေ၏။ ကိုရင်မြဲသည် သူငယ်မကို ပထမတော့ လိုက်ကြည့်နေ၏။ နောက်တော့ အနားသို့ တိုးသွားလိုက်၏။ ကိုရင်မြဲအနားရောက်လာသောအခါ -

'ဒီမယ်ကိုရင်မြဲ'ဟု အစချီ၍ သူမအား ဤငွေများ ဤသို့ရှိကြောင်းကို ယခုအခါမှ အသိပေးခြင်းသည် စောလွန်းလှပါသည်၊ အိမ်ထောင်သက်ပင် ဆယ့်ခြောက်နှစ်မျှပဲ ရှိပါသေးတယ်ဟု ငို၍ပြော၏၊ ထိုငွေကိစ္စသည် လင်မယားကြား ဖုံးကွယ်ထားပြီး မည်သည့်မယားအတွက် ရည်ရွယ်ထားသည်ကို မသိဟု ငို၍ပြန်၏။ ဤကဲ့သို့ နှစ်ရှည်လများ မသိဘဲ နေခဲ့ရသည့်အတွက် သည် အတိုင်းသာထားပြီး သေသည်အထိ မသိချင်တော့ကြောင်း ရွဲ့ပြန်၏။

ဤငွေများသည် မင်္ဂလာလက်ဖွဲ့ငွေတွေဖြစ်မှန်း ယခုမှ သိရ၍ ရင်နာလှကြောင်း၊ အမွေရသည့်ငွေမို့ မပြောလျှင်လည်းတော်သေးကြောင်း၊ များမိကတည်းက မည်ကဲ့သို့အကြံမျိုးရှိနေလဲ မသိကြောင်း၊ အရပ်တကာလှည့်ပြီး ဤသို့ ပြုလုပ်သည်မှာ တော်၏၊ မတော်၏ မေးလျှင် တစ်ကိုယ်ကောင်းဆန်ပြီး အတ္တကြီးသူဟုသာ ပြောကြမှာဖြစ်ပြီး သူငယ်မခမျာ ဘာမှမသိခဲ့၍ သနားဖို့ပင် ကောင်းသေးဟု ကဲ့ရဲ့ကြတော့မည်ဖြစ်ကြောင်း၊

ထိုနေရာသို့ ရောက်သောအခါ မောင်ဖိုးမြသည် သူ့ဓိန်းမ စောစောတည်းက လွှာသွတ်သည် စာတင်းရွှေ့ စတ်သတဲ့သို့ ဆုံးတော့မည့် အခြေအနေမရှိမှန်းသိသောကြောင့်-

"နေ ... နေပါဦး သူငယ်မရဲ့၊ ကိုရင်မြ ရှင်းပြပါရစေဦး"

"ဘာရှင်းစရာလိုလို့လဲ၊ ဒီကိစ္စဟာ ဇာတ်စုံမယားဖက် သိရမယ့် ဥစ္စာကို မုန်လွှဉ် လုပ်ချင်သေးလို့လား၊ ကျုပ်ကို ငွေမက်တဲ့မိန်းမလို့ အစကတည်းက ထင်ထားလို့ပေါ့၊ တစ်နှစ်တစ်ခါ လိမ်လိမ်နေတာ သူငယ်မသောက်အမှို့ မသိတာကိုး၊ သူငယ်မကတော့ အဟုတ်မှတ်လို့ နေခဲ့တာပေါ့"

သူငယ်မ ပြောရင်းဖြင့် အသံများ တိမ်ဝင်သွားပါသည်။ သူသည် ရင်ထဲမှ ခံစားနေရပုံ ထောက်၏။ အစကထည်းက စကားတတ်သော သူငယ်မသည် ထိုကဲ့သို့ ပြောစရာရှိလာသောအခါ အချက်ကျကျ ပြောလေ၏။ ပြောရင်းဖြင့် ငို၏။ အကျီဖြင့် မျက်ရည်သုတ်၏။ လုံချည်ဖြင့် နှာရည်သုတ်၏။ ထို့နောက် ဆက်ပြောပြန်၏။

"သူငယ်မ ငွေမက်တယ်၊ မမက်ဘူးဆိုတာ အခုပင် သိရမယ်၊ အဲဒီငွေကွေ့နဲ့ ဘယ်တော့မှ မပတ်သက်ရအောင် ရှင့်ကို ကျုပ်မပေါင်းတော့ဘူး၊ ဟောဒီအိမ်ကိုလည်း အလယ်က ထက်ခြမ်းခြမ်းပြီး ကာပေးပါ"ဟု ပြောလေတော့၏။

အခြေအနေက ပိုဆိုးသွားပါပြီ။ ရပ်ရွာထဲမှ လူကြီးများ ဝိုင်းဝန်း၍ နားချဖျန်ဖြေသော်လည်း မရခဲ့ပါ။ **နောက်ဆုံးတွင် မောင်ဖိုးမြ၏ ငါးပင်လေးခန်းအိမ်သည် အလယ်မှ ထက်ခြမ်း တာလိုက်ရ၏။**

မောင်ဖိုးမြစိတ်ထဲ၌ သူငယ်မသည် လူရှေ့သူရှေ့၌ ဝုန်းဒိုင်းကြဲပြီး ကွာရှင်းခဲ့သော်လည်း သည်လောက် ချစ်ခဲ့၊ ပေါင်းခဲ့တဲ့သူတွေပဲလေ အချိန်တန်လျှင် စိတ်ဆိုးပြေလိမ့်မည်။ ထို့အခါ သူတို့ လင်မယား အတူတူပြန် ဖြစ်လိမ့်မည်။ ငါလုပ်စရာရှိတာ လုပ်ရမည်။ အချိန်ကို အလကားမဖြုန်းသင့်ဟု စဉ်းစား၏။

နောက်တစ်နေ့တွင် သူကြီး ဦးဟန်စိန်အိမ်၌ မောင်းထု၍ လူစုကြ၏။ အကြောင်းမှာ မောင်ဖိုးမြ လယ်မြေများ ဝယ်မည့်ကိစ္စ ဖြစ်ပါသည်။ လယ်ပိုင်ရှင်များမှ ရောင်းလိုသူရှိက ရောင်းနိုင်ကြောင်း၊ ငွေဒင်္ဂါးများကို သူကြီးရှေ့တွင်ပင် စစ်ဆေးရန် လက်ငင်းပေးချေမည့်အကြောင်း၊ ဆွေမျိုးများကိုလည်း မိမိတို့ဘာသာ ဆက်လုပ်ကြပြီး သူ့အား လယ်သီးစားခသာ ပေးသွင်းရမည့်အကြောင်း မောင်ဖိုးမြသည် သူ၏ကြိုရွယ်ချက်အတိုင်း တစ်သဝေမတိမ်း ပြုလုပ်လေတော့၏။

ငွေဒင်္ဂါးများ စစ်ဆေးယူကြ၏။ စကောဆဲတွင်ဆို လံတုံးတစ်တုံး ထည့်ပြီး သံတုံးမပေါ်သို့ ငွေဒင်္ဂါးကို ပစ်ချလိုက်၏။ စစ်လျှင် ချလွင်ဟု အသံမြည်၏။ အနေလျှင် ချလပ်ဟု အသံမြည်၏။ မောင်ဖိုးမြသည် ဒေါ်ရွှေမြစံထံမှ ရလာသော ငွေများနှင့် သူစုထားသော ငွေများ ပေါင်း၍ လယ်ကေခုနစ်ဆယ် ဝယ်ခဲ့ပါသည်။ **မူရင်းလယ်ကေ နှစ်ဆယ်ရှိသောကြောင့် စုစုပေါင်းလယ်ကေကိုးဆယ်** ကို စတင်ပိုင်ဆိုင်ခဲ့လေ၏။

လယ်ကိစ္စ၊ ငွေကိစ္စများနှင့် အလုပ်ရှုပ်နေသော မောင်ဖိုးမြသည် မိသားစုအား ဂရုမစိုက်နိုင်ခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com

စပါးတင်းလေးငါးရာ ဆံ့သော အရပ်ခေါ် "စ" ဟူသော စပါးကျီကြီးကို စတင်တည်ဆောက်လေ၏။ ထိုအရပ်ဒေသ၌ ရေလမ်း၊ လှည်းလမ်းများမှ လာကြသော စပါးဝယ်သူ ရောင်းသူများ ရောက်လာတတ်ကြ၏။ အရေးပေါ် ငွေလိုသူများသည် လည်း စပါးကိုသာ ထုတ်ရောင်းကြ၏။ လတ်လီဝယ်စေး၊ လက်ကားရောင်းစျေးများဖြင့် မောင်ဖိုးမြ တွဲက်ခြေကိုက်နေ၏။ မောင်ဖိုးမြသည် သူဖြစ်ချင်၊ လုပ်ချင်သော အလုပ်နှင့် ဘဝကို ပေါင်းမိသွားပြီဖြစ်၍ မိမိကိုယ်ကို ကျေနပ်နေ၏။

သူငယ်မနှင့် မောင်ဖိုးမြတို့ အိမ်ခွဲနေကြသောအခါ မောင်သိန်းစံ၊ မောင်သိန်းဉာဏ်၊ မောင်ထွန်းအောင်တို့ သုံးယောက်သည် အမေဘက်သို့လိုက်၍နေ၏။မောင်သိန်းဟံနှင့် အငယ်ဆုံးသမီး မခင်အုန်းတို့နှစ်ယောက်သည် အဖေဖြစ်သူ မောင်ဖိုးမြနှင့် နေကြ၏။

သားအကြီးဆုံး မောင်သိန်းစံသည် အစ်ကိုကြီးတစ်ယောက်ပီသခဲ့ပါသည်။ အငယ်တွေအပေါ်၌ အနစ်နာခံခဲ့၏။ အမေ ဖြစ်သူကိုလည်း ဂရုစိုက်ခဲ့၏။ ထိုခေတ် ထိုအချိန်တွင် ရေနောက်ရွာ၌ အုရက်ဝိုင်း၊ ဖဲဝိုင်း၊ ကြက်ဝိုင်းများ ရှိခဲ့ပါသည်။ သူငယ်မသည် အချက်အပြုတ်ကောင်းသည်မက မုန့်အမျိုးမျိုးနှင့် အကြော်များကိုလည်း ကျွမ်းကျင်သူ ဖြစ်လေ၏။ ရွာထဲ၌ ဝိုင်းကောင်းကောင်း လူများများရှိနေလျှင် မုန့်အမျိုးမျိုးလုပ်၍ သားကြီးမောင်သိန်းစံကို ရောင်းခိုင်းပါသည်။ မောင့်သိန်းစံခမျာ အကြော်ခြင်းကို လက်မှာချိတ်၍ ဆိုက်ရောင်းရ၏။ အမြဲထွေပြုလုပ်သည်တော့ မဟုတ်ပါ။ ရံခါမျှသာ ဖြစ်ပါသည်။ ထိုရံခါရောင်းသော ဝန်ငွေသည် စို့စိုပို့ပို့ ရှိခဲ့ပါသည်။ အခွင့်အရေးကိုအသုံးချတတ်ခြင်းဟုဲ့ ဆိုရပါမည်။

မုန့်ဖက်ထုပ်၊ မုန့်လုံးကြီး၊ မုန့်လက်ကောက်၊ မုန့်ဆီကြော်၊ မုန့်ပျားသလက်၊ မုန့်ချိုသွင်း၊ အကြော်အမျိုးမျိုးတို့ကို လူအခြေအနေကြည့်ပြီး ပြုလုပ်ပါသည်။ သူငယ်မသည် လင်မယားနှစ်ယောက်ပိုင်ခဲ့သော လယ်ဧက နှစ်ဆယ်အတွင်း တစ်နိုင်စိုက်၍ စားပါသည်။ အိမ်၌မွေးထားသော ကြက်များရှိပါသည်။ များသောအားဖြင့် မောင်သိန်းဟံ မွေးထားသော ကြက်များသာဖြစ်ပြီး မောင်သိန်းစံတို့၌ မရှိကြတော့ပါ။

မောင်ဖိုးမြနှင့် အတူနေသော မောင်သိန်းဟံသည် သူ၏အဖေ ပြုလုပ်နေသော အရောင်းအဝယ်များနှင့် စျေးစကားပြောပုံများ၊ စပါးပေါက်စျေးများကို နေ့စဉ် မြင်နေ၊ တွေ့နေရ၏။ ဖခင်နှင့်အတူ နေခဲ့ရသည်က များသောကြောင့် ဖခင်ဖြစ်သူ မောင်ဖိုးမြ၏ စိတ်ဓာတ်၊ အမူအကျင့်၊ အရောင်အသွေးများ စိမ့်ဝင်နေခဲ့၏။ ထို့ကြောင့်ပေလား မသိ၊ မောင်သိန်းဟံ ကြီးလာသောအခါ လယ်ရှင်သူဌေး ဖြစ်လာ၏။

မိခင်နှင့် အနေများခဲ့သော မောင်သိန်းစံ၊ မောင်သိန်းဉာဏ်တို့သည်လည်း မိခင်၏ အမူအကျင့်၊ စိတ်ဓာတ်များ အလိုအလျောက် ကူးစက်ခဲ့၏။ တစ်ခါသော် သူငယ်မဘက်မှ ဧည့်သည်အမျိုးနှစ်ယောက် ရောက်လာ၏။ ထိုအခါ မောင်သိန်းစံသည် ဧည့်သည်များအတွက် ကြက်သားဟင်းချက်ရန် ညီဖြစ်သူ မောင်သိန်းဟံတို့ထံမှ ကြက်တစ်ကောင် ချေးလေ၏။ နောက်တစ်နေ့တွင်မှ ကြက်တစ်ကောင် အစားပြန်ပေးပါမည်ဟု ပြော၏။ ညီဖြစ်သူ မောင်သိန်းဟံသည် ဖခင်ထက်ပင် တိကျနေသေး၏။ ကြက်တစ်ကောင် လျော့နေလျှင် ကြက်ဖိုးငွေ ပြရမည်ဖြစ်သည့်အတွက် အဖေ မသိဘဲနှင့် မချေးပါဟု ပြော၏။ အစ်ကိုကြီး မောင်သိန်းစံသည် ညီဖြစ်သူကို စိတ်ထဲမှ ပြောလိုက်၏။

'အဖေနဲ့ တော်တော်တူတဲ့ကောင်ပဲ'

ထို့အတူ မောင်သိန်းဟံ၏ စိတ်ထဲမှာလည်း ပြောနေသေး၏။

'အမေတို့က ရှိတာအကုန်ချက်စားခဲ့တာကိုး၊ အခုတော့မှ ဟိုချေး ဒီငှားနဲ့၊ အစ်ကိုကြီးလည်း ဘာထူးလဲ'

မောင်ဖိုးမြနှင့် သူငယ်မတို့ အိမ်ထောင်ကွဲခဲ့သည်မှာ နှစ်နှစ်ရှိခဲ့ပါပြီ။ သူငယ်မသည်သားသုံးယောက်နှင့်အတူ လုပ်ကိုင်စားခဲ့ပါသည်။

သူငယ်မသည်ကား ဘူးဆိုဖရုံမသီးခဲ့ပါ။

လင်မယားကွဲခဲ့ပြီး နှစ်နှစ်ကာလ မိုးရာသီလယ်စိုက်ချိန် တစ်နေ့သောအခါ ထိုနေ့ သူငယ်မသည် သားအငယ် မောင်ထွန်းအောင်ကို ခေါ်၍ လယ်ထဲသို့ ဆင်းခဲ့၏။ မောင်သိန်းစံနှင့် မောင်သိန်းဉာဏ်တို့က တခြားလယ်၌ နေ့ခေါက်ဆင်းကြ၏။

www.burmeseclassic.com

www.burmeseclassic.com

မောင်ထွန်းအောင်က ပျိုးနုတ်ပြီး သူငယ်မ ကောက်စိုက်ပါသည်။ အသက် သုံးဆယ်ကျော် သန်တုန်းမြန်တုန်းအရွယ် လူမာမာ၊ စိတ်မာမာရှိသော သူမသည် ခေါင်းကိုမော့ရင်ကိုကော့၍ လောကဓံကို ရဲရဲဝံ့ဝံ့ရင်ဆိုင်ခဲ့၏။

လောကဓံလှိုင်းတံပိုးတို့ ရိုက်ခတ်လို့လာပါပြီ။ ကံကြမ္မာမုန်တိုင်းလား၊ ကံကြမ္မာဝဲသြဃလား တစ်ခုမဟုတ်တစ်ခုနှင့် ရင်ဆိုင်ရပေတော့မည်။ သူငယ်မတို့ သားအမိသည် နံနက်ခင်း အဆာခံအဖြစ် ကောက်ညှင်းပေါင်းများ စားခဲ့ကြ၏။ ထို ကောက်ညှင်းသည် အခန့်မသင့်လျှင် လူကိုဥပဒ်ပေးတတ်၏။ အောက်ပိုင်း တစ်ပိုင်းလုံး ရေစိုနေသောကြောင့် ဒူးပေါ်ကပူ၊ အောက်က အေးနှင့် ဥတုသပွါယ မမျှတခဲ့ခြင်း အာဟာရသပွါယကလည်း လေချွဲပ်၊ ဝမ်းချုပ်နှင့် ဆုံတွေ့ကြ၏။

သူငယ်မ ရင်ထဲမှာ အောင့်တောင့်တောင့်ကြီး ဖြစ်လာပါပြီ။ ရင်ထဲမှ လေလုံးသည် အသည်းနှလုံးတို့ကို ထိုးနှက်လာပါပြီ။ သူငယ်မ အသက်ရှူရက္ခပ်လာပါပြီ။ သူ့အခြေအနေကို သူသိပါသည်။ ဒယီးဒယိုင်ဖြင့် သားငယ်ကို လက်ပြခေါ်ပါသည်။ သားငယ် မောင်ထွန်းအောင် အမေဆီ ပြေးသွားပြီး တွဲလိုက်ပါသည်။ လယ်နီးချင်း လူများကို လှမ်းအော်ခေါ်ပါသည်။ သူငယ်မကို တွဲခေါ်ပြီး ရွာဘက်ကို ပြန်လာကြ၏။ သူငယ်မ လမ်းမှာ ခြေထောက်တွေ တရွတ်ဆွဲနေသဖြင့် ထမ်းခေါ်လာရ၏။

အိမ်ပေါ် ရောက်သောအခါ သူငယ်မ အောက်ပိုင်းများ မလှုပ်တော့ပါ။ မျက်နှာသည်လည်း ဖြူဖပ်ဖြူရော်နှင့်၊ တတ်စွမ်းသမျှ ဆေးမြီးတိုအသံတွေထွက်လာကြပါသည်။ ဟိုဟာလုပ်ရန်၊ ဒီဟာလုပ်ရန်နှင့် သူငယ်မတစ်ယောက် ရေတိမ်နစ်လေပြီ။ နေ့လယ် ထမင်းစားချိန်မတိုင်မီ သူငယ်မ ဆုံးပါသည်။

သူငယ်မ အသည်းအသန်ဖြစ်နေချိန်မှ စ၍ ခြေမကိုင်မိ လက်မကိုင်မိ ထိုင်ရမလို၊ ထရမလို ယောက်ယက်ခတ်နေသောသူမှာ မောင်ဖိုးမြ ဖြစ်ပါသည်။

သူငယ်မ ဆုံးပြီဟု ဆိုသောအခါ ဝိုင်းအုံနေသော လူများကြားသို့ အတင်းတိုးဝင်ခဲ့ပြီး မျက်ခွံကိုလှန်ကြည့်လိုက်၊ ခြေတွေလက်တွေ ကိုင်ကြည့်လိုက်နှင့် -

"သူငယ်မ သူငယ်မ၊ ဟဲ့ - သူငယ်မ၊ ဟဲ့- ငါလေ၊ ကိုရင်မြလေ ကိုရင်မြပါဟာ၊ ဟဲ့ - ထူးပါဦးဟာ၊ ဟဲ့ - သူငယ်မရေ. . ."

အိပ်နေသူကို လှုပ်နိုးသကဲ့သို့ ပြုလုပ်နေ၏။ သူ၏ မှာသံလည်း တုန်နေ၏။ ရင်ထဲမှာလည်း ဆို့နေ၏။ သူငယ်မ သေပြီ၊ ဆုံးပြီဆိုတာကို သူ မသိ၍မဟုတ်ပါ။ သူ၏စိတ်ထဲ၌ သူငယ်မကို သေပြီ၊ ဆုံးပြီဟု မထင်ရက်၊ မထားရက်နိုင်သေးပါ။ သူ့အသံကိုကြားရင် သူငယ်မများ သတိပြန်လည်လာမလားလို့ မှန်ဝါးဝါး မျှော်လင့်ချက်၊ နောက်ဆုံး မျှော်လင့်ခြင်း ဖြစ်ပါ၏။

သူငယ်မ အသုဘအတွက် ပြင်ဆင်ကြ၊ ဝါးခွဲကြ၊ ကတ်လုပ်ကြနှင့် လူအများ အလုပ်ရှုပ်နေကြလေ၏။ မောင်ထွန်းအောင်ကို သတိမထားမိကြပါ။ မောင်ထွန်းအောင်လည်း အိပ်ရာပေါ်မှာ ပက်လက်နေရင်း ဝေဒနာကို ခံစားနေရ၏။ သူ့အမေ မနက်ပိုင်းတွင် သေဆုံးပြီးကတည်းက မောင်ထွန်းအောင်လည်း သူ့အိပ်ရာပေါ်မှာ လဲ့နေရတော့၏။ သားအမိနှစ်ယောက် ဖြစ်ပုံချင်းက တူပါသည်။ မောင်ထွန်းအောင် တစ်ယောက် ဆုံးပါပြီ။ ညနေပိုင်းမှာ အသက်ထွက်ခဲ့လေ၏။

လူသွက်ကြောက်ကောင်း မောင်ဖိုးမြသည် ရုတ်ခြည်းပင် အမူအရာပြောင်းသွား၏။ သားအမိနှစ်ယောက် အလောင်းများကို တွေတွေကြီးကြည့်နေ၏။ တုန့်ဘ်ာဝေ ငေးငေးငိုင်ငိုင်ကြီး ဖြစ်နေ၏။ ဒုက္ခတွန့်ထိုင်၍ မေ့နေသောသူကဲ့သို့ ဖြစ်နေ၏။ သူ၏ မျက်လုံးတို့၌ အစိုဓာတ်များ ပို့များနေ၏။

မည်သို့ပင် ဆိုစေကာမူ ထိုခေတ် ထိုအခါ ထိုနေရာ၌ သူတို့နှစ်ဦး၏ ဇာတ်လမ်းသည် အမှန်တကယ်ပင် ဖြစ်ခဲ့ပါသည်။ နေရာဒေသ အမည်နာမ တစ်ခုမျှလွဲမထားပါ။ တကယ့်ဖြစ်ရပ်သည် စိတ်ကူးထက် ဆန်းကြယ်တတ်၏။ လွန်ခဲ့သော နှစ်ပေါင်း ခုနစ်ဆယ်ကျော်မှ ဖြစ်ပျက်ခဲ့သော်လည်း ရေနောက်ရွာနှင့် ပတ်ဝန်းကျင် ရွာနီးချုပ်စပ်ရှိ လူများအားလုံး အမှတ်ရနေကြဆဲ ဖြစ်ပါသည်။

တွေ့ကြုံဆုံကွဲ ဖြစ်မြဲမမွတာဟူ၏။ ထိုဓမ္မတာကြီးသည် တာလည်း တာနိုင်လွန်း၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်က မောင်ဖိုးမြအသက်သည် (၃၇) နှစ်သာ ရှိပါသေး၏။ မသူငယ်မသည် မောင်ဖိုးမြထက် သုံးနှစ် ငယ်သောကြောင့် သူမအသက်သည် (၃၄) နှစ်သာ ရှိပါသေး၏။

ကံဇာတ်ဆရာကြီး ဘယ်လိုများ လုပ်ခဲ့သည် မသိပါ။ ရက်စက်လွန်းပေစွတကား၊ ရှင်ကွဲနှင့် သေကွဲတောင် ခွဲလိုက်သေး၏။ ခံရမည့် အချိန်မှာတော့ အတူထားခဲ့၏။ စံရမည့် အချိန်ရောက်မှ ဖြစ်ရပလေတယ်လို့ လူတွေအားလုံးက သူတို့နှစ်ယောက်ကို ပြန်ပေါင်းစေချင်တာပေါ့။ သူငယ်မခမျာ သူ့ယောကျ်ားကို သိပ်ချစ်ခဲ့တယ်။ သူက ဖော်ရွေတတ်တော့ လူချစ်လူခင်များ၏။ ထို့ကြောင့် သူတို့နှစ်ယောက်ကို ပြန်ပေါင်းကြပြီး ချမ်းချမ်းသာသာနှင့် မြင်လိုကြ၏။

လွန်ခဲ့သော နှစ်ပေါင်း(၇၀) ကျော်မှ မြန်မာအမျိုးသမီး တစ်ဦး၏ စိတ်ခံစားချက်နှင့် ယခုခေတ် အမျိုးသမီးတို့ စိတ်သဘောချင်းသည် မည်သို့မျှ မကွာသေးပါ။ မပြောင်းလဲသေးပါ။

ဤဇာတ်လမ်းအား ကျွန်ုပ် စာရေးသူသည် အိမ်ရှင်မကို ပြောပြခဲ့၏။ ထိုအခါ အိမ်ရှင်မသည် -

"ရှင်လည်း ကျုပ်ကို အဲဒီလို လုပ်လို့ကတော့ ဟင်း" ဟု ကြိမ်းဝါးသကဲ့သို့ ပြောလေ၏။ နောက်တစ်ခါ ဇာတ်လမ်းများ ပြောပြဖို့ပင် စိတ်မကူးရဲတော့ပါ။

မိန်းမတို့၏စိတ်သည် ဤကဲ့သို့ ရှိသည်ကို ကျွန်ုပ်သိသည်ထက် မောင်ဖိုးမြ သိခဲ့ဖို့ကောင်း၏။

မောင်ဖိုးမြသည် သူငယ်မကို မချစ်၍မဟုတ်ပါ။ ချစ်၍သာ ဤကဲ့သို့ လုပ်ခဲ့ခြင်းဖြစ်၏။ ကျိတ်ပြီးချစ်တတ်သူမို့ ကျိတ်ပြီးကြဲခဲ့လေသလားဟု အံ့ဩောင်းမြင်ရပေမည်။

ယခုအခါ မယားနှင့် သားငယ်လေးတို့ ဆုံးပါးကြသည့် အခါတွင်မှာလည်း ကျိတ်ပြီး ခံစားနေပြန်၏။ အားကောင်းမောင်းသန် ယောကျ်ားရင့်မာကြီးဖြစ်မှ စိတ်ခိုင်သူ မဟုတ်ပါ။ ငယ်ရွယ်နုပျိုစဉ်မှပင် ခိုင်မာသော စိတ်ဓာတ်ရှိခဲ့သူ ဖြစ်၏။

မည်မျှပင် စိတ်ခိုင်သော်လည်း မောင်ဖိုးမြ ကျိတ်ပြီး ငိုကြွေးခဲ့ပါသည်။ အိမ်ရှေ့၌ အသုဘကိစ္စများဖြင့် လူအများ အလုပ်ရှုပ်နေ၏။ ထိုအချိန်တွင် မောင်ဖိုးမြသည် မီးဖိုချောင်သို့ ဝင်သွား၏။

သူတို့လင်မယား၏ အမှတ်တရ အချစ်သက်တ ပစ္စည်းတစ်ခုဖြစ်သော ကြတ်ခိုးစင်ပေါ်မှ "နပျံပလုံး" လေးကို လှမ်းယူလိုက်၏။ မောင်ဖိုးမြသည် နပျံပလုံးလေးကို ရင်မှာပိုက်ထားလိုက်၏။ ခဏကြာတော့ သူ၏ ကျောပြင်ကြီးသည် သိမ့်ခနဲ သိမ့်ခနဲ ဖြစ်နေတော့၏။ နပျံပလုံးလေးထဲ၌ သူ၏ မျက်ရည်များဖြင့် စိုစွတ်နေတာ့၏။

ကိုရင်မြဟူ ခေါ်တတ်သော သူငယ်မ၏ အသံများသည် ထိုပလုံးလေးထဲမှာ ရှိနေဦးမှာပါ။ ကိုရင်မြဟူ ခေါ်မည်ဟူ၍ လောကမှာ ဒီတစ်သက် မရှိနိုင်တော့ပါ။

မောင်ဖိုးမြ၏ မျက်နှာကို မြင်ရုံနှင့် လူအများက နားလည်ကြပါသည်။

အသုဘကိစ္စအတွက် ရွာသူ၊ ရွာသားများက ထောင့်စေ့အောင် လုပ်ကိုင်ပေးကြပါသည်။ ရေနောက်တစ်ရွာလုံးက မောင်ဖိုးမြတို့အပေါ် ကရုဏာသက်ကြလေ၏။ စကတည်းက စည်းလုံးမှုရှိသော ရွာလည်းဖြစ်၏။

အသုဘ ချပါပြီ၊ တစ်ရွာလုံး လိုက်ပို့ကြ၏။ မြန်မာတို့ထုံးစံအတိုင်း နောက်မှသေသူက အရှေ့မှ သွားရသဖြင့် သားဖြစ်သူက အရှေ့မှနေ၍ အမေဖြစ်သူက နောက်မှလိုက်ရ၏။ မဝိတတ်ငိုတတ်အရွယ် အငယ်ဆုံးသမီးလေးကို အစ်ကိုဖြစ်သူ မောင်သိန်းစံက ကျောပိုးပြီး လိုက်ပို့၏။

မြေပိုင်ရှင်၊ လယ်ပိုင်ရှင် သူဌေး မောင်ဖိုးမြ၏ မျက်လုံး၊ မျက်နှာများသည် ထိုနေ့တွင် ပို၍ နီမြန်းနေတော့၏။

[မှတ်ချက် - မောင်ဖိုးမြသည် နောက်အိမ်ထောင်မပြုဘဲ သားသမီးများကို စီးပွားရေး အောင်မြင်အောင် ပြုစု ပျိုးထောင်ပေးခဲ့ပြီး အသက် (၈၆)နှစ်တွင် ဆုံးခဲ့ပါသည်။]

ကြည်မင်းစန်(အောင်မြသာယာ)

❑

www.burmeseclassic.com

www.burmeseclassic.com

ဘိုဘို(ရွှေတိဂုံ)ပေါ်တွင်ခြုံထည်

ပန်း - ဖျိုး ဆွေ မြင့်

ကျွန်တော်သည် ၁၉၅၀ ပြည့်နှစ်တွင် ရဲဘော်ဖြူအဖွဲ့အတွင်းသို့ ဝင်ရောက်ပြီး တာဝန်ခဲ့ပါသည်။ ၁၉၅၆ ခုနှစ်တွင် ရဲဘော်ဖြူဘဝကို စိတ်ကုန်ပြီး အလင်းသို့ ဝင်ရောက်ခဲ့ပါသည်။

ကျွန်တော်သည် မီးရောင်ကို ရွှေရောင်ထင်မှတ်လျက် တောတွင်းနေ ရဲဘော်ဖြူတို့၏ ဘဝကို အထင်ကြီးအားကျခဲ့မိသည်။ တကယ်လက်တွေ့ ဘဝတွင်မူ ထိုသို့ မဟုတ်ပါ။ ဆင်းရဲဒုက္ခနှိပ်စက်ခြင်းမျှသာ ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်သည် တော်လှန်ရေးကိုလည်းမယုံကြည်တော့။ လက်နက်ကိုင်ဝါဒ လမ်းစဉ်ကိုလည်း မယုံကြည်တော့ပါ။ အမှန်ပြောရလျှင် တပ်မတော်၏ နှိမ်နင်းမှုအောက်၌ လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့ အစည်းများ အင်အား ချည့်နဲ့၍လာနေကြရာ ကျွန်တော်တို့ ရဲဘော်ဖြူအဖွဲ့သည်လည်း အခြေမခိုင်တော့ပါ။

ကျွန်တော်တို့သည် တပ်မတော်နှင့် ရင်ဆိုင်တိုက်ပွဲများ၌ ကျဆုံးခြင်းဖြင့် လည်းကောင်း၊ မသေဆုံးသည့်တိုင် ဒဏ်ရာရရှိပြီး ကိုယ်လက်အင်္ဂါကျိုးပဲ့ပျက်စီးခြင်းဖြင့်လည်းကောင်း၊ လက်ရဖမ်းဆီးခံရခြင်းဖြင့် လည်းကောင်း တစ်ခုခုနှင့် ဇာတ်သိမ်းကြရတော့မည်သာ ဖြစ်ပါ၏။ ထို့ကြောင့် သိက္ခာဆည်သည့် အနေဖြင့် လက်နက်ချကာ အလင်းသို့ ဝင်ရောက်ခဲ့ခြင်း ဖြစ်ပါသည်။

အပြင်လောကသို့ ပြန်လည်ရောက်ရှိလာသောအခါ ဘုန်းကြီးလူထွက် ပေါ့ပြက်ပြက်ဟူသော စကားကဲ့သို့ ရဲဘော်လူထွက်ဖြစ်သော ကျွန်တော့်တွင်လည်း (၆)နှစ်တာကာလ ကင်းကွာခဲ့ရသော သာမန်ဘဝအနေအထားတွင် အံဝင်ခွင်ကျ မရှိဘဲ ဖြစ်နေပါ၏။

ရွာသူ ရွာသားတို့သည် ကျွန်တော်တို့အား တော်လှန်ရေး သူရဲ

www.burmeseclassic.com

ကောင်းများဟု မထင်မှတ်ဘဲ သူခိုးကြမ်းပိုးများဟုသာ အထင်အမြင် သေးသော အကြည့်များနှင့် ဆက်ဆံကြရာ ကျွန်တော်တို့မှာ အဓနခက်ကြရပြီး ကျွန်တော်တို့ တောပြန်အချင်းချင်းသာ ပေါင်းသင်းဆက်ဆံခြင်း ပြုနေကြရပြီး ကျွန်တော်တို့ မြို့ငယ်သာယာတစ်ဝိုက်၌ ဓားပြမှုများ ပေါ်ပေါက်လျှင် ကျွန်တော်တို့မှာ အချောင်မျက်ခုံးလှုပ်နေကြရပြီး အချို့ဆိုလျှင် ရဲမှ ခေါ်ယူမေးမြန်းခြင်းပင် ခံကြရ၍ ကျွန်တော်တို့သည် အနေကျဉ်းကျတ်လှပါ၏။

ကျွန်တော်သည် တောထဲတွင် ဗိုလ်တစ်လုံး ဘွဲ့ခံကာ ဗိုလ်ရဲတင့်ဟူသောအမည်ဖြင့် လက်ညှိုးညွှန်ရာ ရေဖြစ်ခဲ့သော်လည်း ယခုအချိန်၌ ခေါင်းငုံ၍ လူပုံအလယ်မဝင့်ထည်နိုင်သောဘဝတွင် ကျွန်တော်မပျော်မွေ့ပါ။ ရေကြည်ရာ မြက်နုရာသို့ ကြီးပွားရာ ကြီးပွားကြောင်း စွန့်စားထွက်ခွာလိုလှပါသည်။

သို့သော် ကျွန်တော့်မိသားစုတွင် ဖခင်ကြီးမရှိတော့ပြီ။ အစ်ကိုနှစ်ယောက်မှာလည်း အိမ်ထောင်သည်များ ဖြစ်နေကြပြီး တစ်မြို့တစ်ရွာစီတွင် နေထိုင်လျက်ရှိကြပြီး ၎င်းတို့၏ သားသမီးများနှင့် စားဝတ်နေရေးကို ကြီးစားရုန်းကန်လျက်နေကြရရာ မိသားစုကို ပြန်လည်ထောက်ပံ့နိုင်ခြင်း စောင့်ရှောက်နိုင်ခြင်း မရှိကြပါ။

အမေနှင့် အစ်မများသည် စက်ချုပ်ခြင်း၊ ဈေးရောင်းခြင်း စသော လုပ်ငန်းကလေးများဖြင့် ဝမ်းဝရုံမျှသာ ရှာဖွေနိုင်ကြ၍ ကျွန်တော်တို့မှာ လူတန်းစေ့ တင့်တင့်တယ်တယ်နေနိုင်ရန် များစွာ ကြိုးစားကြရပါဦးမည်။

ကျွန်တော်သည် စမ်းတဝါးဝါးဖြင့် လုပ်ငန်းလမ်းစ ရှာဖွေနေဆဲမှရှိရာ အမေတို့အတွက် ဝင်ငွေရှာမပေးနိုင်သေးသဖြင့် စိတ်မျက် ဝမ်းနည်းကာ မိမိကိုယ်မိမိ အလိုမကျ ဖြစ်နေမိသော်လည်း -

"လူလေး ပြန်လာတာ အမေတို့ ဝမ်းသာတယ်၊ အိမ်တစ်အိမ်မှာ မိန်းကလေးတွေချည်း နေရင် မတင့်တယ်ဘူးကွဲ့၊ လူတွေက မခန့်လေးစား လုပ်ချင်ကြတယ်"

ဟူ၍ အမေမှ ပြောသကဲ့သို့-

"ငါ့မောင် လိုချင်တာ ပြောအစမ ဝယ်ပေးမယ်၊ အခု စက်ချုပ်ခတွေက အရင်လို မဟုတ်တော့ဘူး၊ အကျီတစ်ထည်ဆို အများကြီးရတယ်" ဟု အစ်မကြီး မန္တလေးက ပြောပါသည်။

"မင်းရှိတော့ ညရေးညတာ စိတ်ချရတာပေါ့ကွာ"

အစ်မအေးနှင့် ကျွန်တော့်ညီမတို့မှလည်း ထိုသို့ပြောပါ၏။

ကျွန်တော့် မိသားစုသည် ကျွန်တော် အလင်းဝင်လာခြင်းကို လှိုက်လှဲစွာ ကြိုဆိုကြပြီး ကျွန်တော် ပြန်လည်ရောက်ရှိလာသည့်အတွက် ဝမ်းသာပျော်ရွှင်လျက်ရှိကြပြီး စိတ်အားငယ်၍ အနေခက်နေသော ကျွန်တော့်ကို အားပေးစကားများ ပြောကြား နှစ်သိမ့်လျက် အလေးထားဆက်ဆံလျက် ရှိကြပါ၍ ကျွန်တော်သည် မိသားစုအပေါ် အားနာလျက်ရှိပြီး ပို၍ မျက်နှာပူ အနေခက်လှပါ၏။

ကျွန်တော်သည် တောမခိုမိကလည်း မိသားစု စားဝတ်နေရေးကို အထောက်အကူပြုစေသော ဝင်ငွေရရှိသည့် လုပ်ငန်းများ မလုပ်ကိုင်ဖူးသကဲ့သို့ တောထဲတွင်နေထိုင်ခဲ့သော (၆) နှစ်တာ ကာလလုံးလည်း မိသားစုကို အထောက်အကူ မပြုနိုင်ခဲ့သည့်အပြင် ကျွန်တော့်အတွက် မိသားစုမှာ ပူပင်သောကနှင့် စိုးရိမ်ကြောင့်ကြခြင်းများ ဖြစ်ရပါ၏။

ယခု အပြင်လောကသို့ ပြန်လည်ကာ ရောက်ရှိလာချိန်တွင်လည်း မိသားစုကို အထောက်အကူမပြုနိုင်ဘဲ ကျွန်တော့်အတွက် တာဝန်တက်စေသကဲ့သို့ ဖြစ်ရခြင်းအတွက် ကျွန်တော် စိတ်မကောင်းပါ။

အသက်သည် ရပ်တန့်မနေ၍ ကျွန်တော်သည် လူငယ်မှသည် လူရွယ်ပိုင်းသို့ ဝင်ရောက်လာပြီဖြစ်ရာ ထို့အတူ အမေသည်လည်း အသက်အရွယ်ကြီးရင့်လာပြီဖြစ်၍ ကျွန်တော်သည် ဟိုအရင်ကလို စာဖတ်၊ ဂီတတို့နှင့် ပျော်မွေ့နေ၍ မဖြစ်တော့ပြီ။ ကျွန်တော့် ဘဝရှေ့ရေး ဘဝနောင်ရေးအတွက်လည်း ပြင်ဆင်ထားရမည်ဖြစ်ပါ၏။

ထိုအခါ ကျွန်တော် မပျော်နိုင်တော့ပါ။ ဝန်လေးလှပါ၏။ ကျွန်တော်၏ ဘဝခရီးလမ်းကို မည်သို့ လျှောက်လှမ်းရပါမည်နည်း၊ ယခုတိုင် လမ်းစရှာမရနိုင် အစဖော်မရနိုင်သေးသဖြင့် စိတ်ဆင်းရဲလှပါ၏။

တစ်ညနေခင်း၌ ကျွန်တော်သည် စိတ်မွန်းကျပ်လွန်းလှ၍ မြို့ငယ်သာယာချောင်းအတွင်း သဲသောင်ပြင်တွင် သွားရောက်ထိုင်နေမိပါသည်။ ညနေဆည်းဆာဖြစ်၍ ချောင်းရေပြင်ပေါ်သို့ ဆည်းဆာနေခြည် ကျရောက်လျက်ရှိရာ တဖြိမ့်ဖြိမ့် စီးဆင်းလျက်ရှိသော ရေအလျဉ်တွင် တလက်လက်တောက်ပလျက် ရှိပါ၏။

ကျွန်တော်သည် ချောင်းရိုးလွင်ပြင်ကျယ်ကို ဖြတ်သန်းတိုက်ခတ်လာသော အေးမြသန့်စင်သော လေတို့ကို တဝကြီး ရှူရှိုက်လိုက်ပြီး သက်ပြင်းမောအဖြစ် ပြန်လည်မှိုက်ထုတ်လိုက်ပါ၏။ ထိုအခါ စိတ်မွန်းကျပ်မှုတို့ အနည်းငယ် ပြေလျော့လာသယောင် ရှိပါ၍ လေ့ကျင့်ခန်းသဖွယ် အကြိမ်ကြိမ် အခါခါ ပြုလုပ်လျက်ရှိစဉ် တောထဲတွင် အတူနေခဲ့ကြသော သူငယ်ချင်း ပီချေးနှင့် လူစိမ်းတစ်ဦးတို့ ကျွန်တော့်ထံ ရောက်လာကြပါသည်။

"ဒါ ဗိုလ်ရဲတင့်ပဲ၊ အခုတော့ ကိုရဲတင့်ပေါ့ကွာ"

ပီချေးမှ လူစိမ်းကို ပြောပြ မိတ်ဆက်ပေးလျှင် -

"ဗိုလ်ရဲတင့် တွေ့ရတာ ဝမ်းသာပါတယ်၊ နာမည်ကိုတော့ ကြားဖူးနေ

www.burmeseclassic.com

တာ ကြာပါပြီ၊ အခုမှ တွေ့ဖူးရပါတော့တယ်၊ ကျွန်တော် ကျော်မောင်ပါ၊ တံတားဦးနယ် သဲမောင်းကန်ရွာကပါ၊ အေးကို (ပီချေး)နဲ့က မိဘချင်းခင်နေကြရာက သူငယ်ချင်းဖြစ်သွားတာပါ"

"အေးကွာ၊ ငါလည်း တွေ့ရတာ ဝမ်းသာပါတယ်၊ ဒါထက် မင်းအခု မြို့ငှာ သာယာကို အလည်သက်သက်ပဲလား၊ တခြားဘာရှိသေးတုံး"

ထိုအခါ ၎င်းတို့ နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြပြီး မျက်လုံးချင်း စကား ပြောနေကြပါသေးသည်။ အတန်ကြာမှ ကျော်မောင်က ခေါင်းညိတ်ပြလိုက် သဖြင့် -

ပီချေးမှ "ဒီလိုကွ" ဟုဆိုကာ ကျွန်တော့်ကို အကြောင်းစုံပြောပြပါတော့သည်။ ကျော်မောင်၏ ကိစ္စမှာ လျှို့ဝှက်ရမည်၊ သတ္တိရှိရမည်၊ ဖြတ်ထိုး ဉာဏ်ကောင်းရမည်၊ သစ္စာရှိရမည်ဖြစ်ရာ ကျော်မောင်၏ လာရင်းကိစ္စမှာ ပီချေးအား လာရောက် အကူအညီ တောင်းခြင်း ဖြစ်သော်လည်း ပီချေးတွင် ထိုအရည်အချင်းများ မရှိပါ။

ထို့ကြောင့် ကျော်မောင်ကို ကျွန်တော့်အကြောင်းများ ပြောပြပြီး ကျွန်တော့်ထံ အကူအညီ တောင်းခံကြခြင်း ဖြစ်ပါသည်။

"ငါ သဘောတူတယ်၊ ဒီကိစ္စ ငါတာဝန်ထား။ အေး- ပီချေးကတော့ အတူနေလာတာ ပြောစရာမရှိဘူး၊ ကျော်မောင် မင်းကိုပဲ မချစ်ခင်က မုန်း စကားပြောထားရမှာ ငါနဲ့ ပီချေးနဲ့ ကတော့ မင်းအပေါ် သစ္စာရှိဖို့ရာ အာမခံတယ်၊ ငါတို့ အသက်နဲ့ထပ်တူ မင်းကို ကာကွယ်မှာပဲ၊ အေး- မင်းဘက်ကလည်း သစ္စာရှိရမယ်၊ ကတိတည်ရမယ်၊ မင်းအတွက် မင်းတာဝန်ယူတယ်ဆိုရင် ဒီကိစ္စ စလိုက်ကြရုံပဲ"

ဤသို့ဖြင့် ကျွန်တော်တို့၏ တွေ့ဆုံ ဆွေးနွေးပွဲ အောင်မြင်စွာပြီးဆုံးသွားခဲ့ပါသည်။

နောက်တစ်နေ့ မနက်တွင် ကျော်မောင်သည် သဲမောင်းကန်သို့ ပြန်လည်ထွက်ခွာသွားပြီး လိုအပ်သည်များကို ရှာဖွေ စုဆောင်းနှင့်ကာ ထိုရွာမှပင် ကျွန်တော်တို့ကို စောင့်ဆိုင်းနေမည် ဖြစ်ပါ၏။

ကျွန်တော်နှင့် ပီချေးတို့လည်း စီစဉ်စရာ ရှိသည်တို့ကို ဤနှစ်ရက် အတွင်း အပြီးစီစဉ်ကြရပါသည်။

ကျွန်တော်နှင့် ပီချေး ခရီးထွက် မည့်အကြောင်း ကိုယ်စီဆိုင်ရာ အိမ်များသို့ ပြောပြကြရာ မိသားစုများမှ တားမြစ်ကြပါသေးသည်။ သို့ဒီသော် ကျွန်တော်တို့သည် ဘဝထွက်ပေါက် ရှာနေကြသူများ ဖြစ်ပါ၍ ဤသို့ မျှော်လင့်ချက်ရောင်ခြည်သန်းရာ ခရီး လမ်းကိုဆော့ဖြင့် မလွတ်တမ်း ထွက် ခွာရမည်သာ ဖြစ်ပါ၏။

●

ကျွန်တော်တို့သည် မတ္တရာမြို့နယ် ကျောက်တံတားကျေးရွာမှ တစ်ဆင့် နွားလှည်း ငှားရမ်းပြီး အင်္ဂလန်မြောက်စူးစူးသို့ ထွက်ခွာခဲ့ကြပါသည်။ လှည်းလမ်းမှာ သစ်တိုက်လမ်းဖြစ်ပါ၍ ကျောက်တုံးကြီးများ ချိုင့်ခွက်များ ပေါများလှရာ ခရီးမတွင်အောင် ရှိ၍ ကျွန်တော်သည် စိတ်မရှည်နိုင်ဘဲ ခြေကျင် ဆင်း၍ လမ်းလျှောက်ပါသည်။ ခြေကျင် လျှောက်ရသည်ကမှ သက် သာပါသေးသည်။ လှည်းပေါ် လိုက်ရ သည်မှာ လှည်းဆောင့်သောဒဏ်ဖြင့် မသက်သာလှပါ။

မနေ့ညက ကျောက်တံတားတွင် ညအိပ်ပြီး မနက် ၄ နာရီခန့်တွင် စတင် ထွက်ခွာလာကြခြင်းဖြစ်၍ နေ့လယ် ၁၂ နာရီခန့်တွင် အတော်ခရီးပေါက်ခဲ့ ကြပေပြီ။

သည်။ ထို့နောက်ပိုင်းတွင်ကား လှည်း လမ်းနံဘေး တောတောင်များ၌ သစ်ပင်၊ ဝါးပင်များ သစ်ရွက် ဝါးရွက်တို့ ကြွေကျနေပြီး တောမီးလောင်ရာများ ကိုလည်း မကြာခဏ မြင်တွေ့နေရပါသည်။

တစ်နေရာတွင် အရိပ်ကောင်း လှသော သဖန်းပင်ကြီးနှင့် ကျောက်ရေတွင်းငယ်လေးတစ်ခုတွေ့ရှိရာ ထိုနေရာတွင် ခေတ္တရပ်နားလိုက်ကြပါသည်။

သစ်လှည်း ဂျီးလှည်းသမားများ စခန်းချရာ နေရာ ဖြစ်ပေလိမ့်မည်။ ကောက်ရိုးများ ဖြန့်ခင်းထားလျက် ကျောက်တုံးကြီးများ အသင့်တွေ့ရပြီး ရေတွင်းတွင် ရေငင်ပုံးဟောင်းနှင့် နွားရေတိုက်ရန် သဘာဝ ကျောက်ခွက်ကြီးလည်း တွေ့ရပါသည်။

လှည်းသမားသည် ရေတွင်းနှင့် မလှမ်းမကမ်းရှိ မြက်စို အနည်းငယ်ရှိသော နေရာသို့ နွားများကို လှန်ထားလှည့်ပြီး နွားရေတိုက်ရန် ကျောက်ခွက်ဘေးတွင်းသို့ ရေငင်ထည့်နေစဉ် ပီချေးနှင့် ကျော်မောင်တို့သည် ထမင်းချက်ရန် ပြင်ဆင်နေကြပါသည်။

ကျွန်တော်မှာမူ ကောက်ရိုးများ ဖြန့်ခင်းထားသော နေရာ၌ အသင့်တွေ့ရှိရသော သစ်သားတုံးခေါင်းအုံးတွင် မှီလျက် ကျောဆန့်ရင်း ရေ့ခရီးစဉ်ကို တွေးတောဝေဖန် သုံးသပ်လျက်နေမိပါ၏။

ကျော်မောင်၏ဖခင်သည် ဗုဒ္ဓဘုန်းတော်ကြီးစဉ်ကာလ၌ ရွာသားငါးဦးနှင့်အတူ ဂျပန်တို့၏ ဖမ်းဆီးခေါ်ဆောင်ခြင်းကို ခံခဲ့ကြရသည်။ အာရှ စစ်မျက်နှာတွင်သာမက ကမ္ဘာပေါ်ရှိ စစ်မျက်နှာ အသီးသီးတို့တွင် ဂျပန်တို့ စစ်ရေးရှုံးနိမ့်နေချိန်ဖြစ်ရာ တရကြမ်း ဆုတ်ခွာထွက်ပြေးရင်း သွေးသမျှ မြန်မာတို့အပေါ်တွင် ကြိမ်းတမ်းရက်စက်စွာ ဆက်ဆံလျက် ရှိပါ၏။

မြန်မာတို့ကိုမူ လုယက်ယူငင်ထားသော ရွှေငွေ ကျောက်မျက်တို့ကို သယ်ယူသွားရန် ခက်ခဲလှပြီး အသက်ဘေးလွတ်ရန်ပင် ပြေးပေါက်မရှိတော့သော အနေအထားသို့ ဆိုက်ရောက်၍ လာရာ ကျော်မောင်အဖေနှင့် ဌာနား

www.burmeseclassic.com

www.burmeseclassic.com

များသည်လည်း ဂျပန် (၁၀)ယောက်ပါရှိသော အဖွဲ့မှ ၎င်းတို့ထွက်ပြေးရာသို့ လေးလံလှသော သေတ္တာကြီး(၂)လုံးကို ထမ်း၍ လိုက်ပါလာခဲ့ရပြီး ကျောက်တံတားကျေးရွာသို့ အရောက်တွင် ဤလှည်းလမ်းအတိုင်း လိုက်လာခဲ့ကြပါသည်။

ထို့နောက် တောင်(၉)လုံးကျော်ပြီးနောက် လျှိုကြီးတစ်ခုအတွင်း ကမ်းပါးရပ်တစ်ခုရှိ ထူးတွင်းထဲသို့ ဝင်ရောက်စေကာ လူတစ်ရပ်ခန့် ကျင်းကြီး တူးစေသည်။ ကျောက်စရစ်နှင့် ကျောက်မြေများဖြစ်၍ ကျော်မောင်အဖေနှင့် ရွာသား(၆)ဦးတို့ တစ်နေကုန်မနားတမ်းတူးရသည်။ ဂျပန် (၁၀) ယောက်အထဲမှ ခေါင်းဆောင် ဂျပန်ဝိုလ်ကြီးဟု ယူဆရသောသူတစ်ဦးမှလွဲ၍ အားလုံး ရွာသားများကို ကူပြီး ကျင်းတူးကြရပါသည်။

ည ၁၀ နာရီခန့်တွင်မှ ကျင်းတူး၍ ပြီးပါသည်။ ရေနံချေးမီးတုတ်များ ထွန်းညှိထား၍ ဂူထဲတွင် ထိန်လင်းလျက်ရှိပါ၏။ သေတ္တာကြီး(၂)လုံးကို ကျင်းနှုတ်ခမ်းတွင် ချစေပြီး သော့ဖွင့်စေရာ များပြားလှသော ရတနာများမှာ မီးရောင်တွင် ပြိုးပြိုးပြက်ပြက် အရောင်များထွက်နေပါ၏။ သေတ္တာကြီးများ၏ သံထုမှာ လက်တစ်လုံးမျှရှိပြီး သေတ္တာ၏ အလျားမှာ ၃ ပေ၊ အနံမှာ ၁ ပေခွဲ၊ အမြင့် ၁ ပေခွဲမျှ ရှိမည် ဖြစ်ပါသည်။ သုံးမကို သံသားများဖြစ်၍ ဤသေတ္တာကြီးများသည် နောင်နှစ်ပေါင်း လေးငါးဆယ်နှင့် ဆွေးမြည့်ပျက်စီးနိုင်မည် မဟုတ်ပါ။

ထို့နောက် သေတ္တာကြီးများကို ကျင်းထဲသို့ ချစေပြီး မြေညှိစေသည်။ ကြီးမားသော ကျောက်တုံးကြီးကို တွန်း၍ ဖိစေသည်။ ထိုအချိန်တွင် ဂျပန်ဝိုလ်ကြီးကို မတွေ့ရတော့ပါ။ ဤနေရာသည် လူသူရောက်ပေါက်ရန် ခဲယဉ်းသော်လည်း လုံခြုံရေးအရ ဂူအပြင် ထွက်၍ စစ်ဆေးနေဟန်တူပါသည်။

ဤရတနာသေတ္တာများ ဂွက်ပြီးလျှင် ဤရွာသားများသည် ဂျပန်တို့အတွက် အသုံးမဝင်တော့သည့်အပြင် ပြဿနာများသာ ဖြစ်ပါ၍ ရှင်သန်ခွင့် ပေးတော့မည် မဟုတ်ပါ။ ရွာသားများသည်လည်း ထိုအကြောင်းကို သိရှိနေ၍ မြေဖို့နေရဦး လွတ်ရာလွတ်ကြောင်း အကြံထုတ်လျက် ရှိပါသည်။

ဂျပန်တို့ကလည်း ပါးပါသည်။ မြေဖို့နေကြသော မြန်မာခြောက်ဦးကို ခပ်လှမ်းလှမ်းမှ ဝလုံးသဏ္ဌာန်ဝိုင်းပတ်ထားပြီး သေနတ်များဖြင့် ချိန်ရွယ်ထားပါသည်။

ထို့အပြင် ဂူအပြင်ဘက်မှလည်း ဂျပန်ဝိုလ်ကြီး စောင့်ကြပ်လျက်ရှိနေပြန်ရာ ရွာသားများအဖို့ လွတ်လမ်းမမြင်တော့ပြီတည်း။ မြေဖို့ခြင်း၊ ကျောက်တုံးဖိခြင်းတို့ ပြီးစီး၍ ရွာသားများ ပုဆိုးဖြင့် ချွေးများသုတ်လျက် အမောဖြေမည်ဟုကြံရွယ်စဉ် ဂျပန်များသည် ဝလုံးသဏ္ဌာန်ဝိုင်းပတ်ထားရာမှ ဂူဝဘက်သို့ နေရာပြောင်းရွှေ့လိုက်ပြီး ရိုင်ဖယ်များဖြင့် ပခုံးထောက်၍ ရွာသားများကို ချိန်ရွယ်လိုက်ကြပါသည်။

ရွာသားများမှာ အသက်ပင် မရှူဝံ့အောင် ဖြစ်လျက်ရှိစဉ် "ဝုန်း" "ဝုန်း" ဒိုင်းနမိုက်ပေါက်ကွဲသံကြီးများနှင့်အတူ ရုတ်တရက်မီးခိုးလုံးများ ဖုန်မှုန့်များပိတ်မှောင်သွားပြီး ဂူကြီးတစ်ခုလုံး ပြိုကျလာပါသည်။

"ဝုန်း. . ဝုန်း. . ဝုန်း"

"မြေနိမ့်"

"ဝေါ. . ဝေါ. . ဝေါ"

ကျော်မောင်၏ အဖေသည် ပထမဆုံး ပေါက်ကွဲသံ ထွက်ပေါ်လာချိန်မှာပင် ကျောက်တုံးကြီး၏ အခြေသို့ မြေးအာပိုစဉ်လျှိုဝှက်ရှိလာခဲ့ပြီဖြစ်သော်လည်း ကျောက်တုံးကြီးများ မြေစာခဲများ ကျောက်မြေများ ပိကျနေသော်လည်း ကျောက်တုံးကြီးမှ ခုခံထားသဖြင့် မိမိမှာ စိစီညက်ညက်ကြေ၍ ပိပြားမသွားပါ။ တစ်ကိုယ်လုံးတွင် ကျောက်စွန်းဒဏ်ရာများ ရရှိသွားပြီး နာကျင်စွာ ခံစားနေရပါသည်။

ဂူကြီး ပြိုကျသွားပြီ ဖြစ်၍ ကောင်းကင်မှ ကြယ်လတို့၏ အလင်းရောင်ကလေးကို ကျောက်ကြို ကျောက်ကြားမှ ခပ်ရေးရေးမြင်တွေ့နေရပါ၏။ မိမိအသက် မသေသေးပါ။ သို့သော် မိမိအပေါ်တွင် ကြီးမားလေးလံသော ကျောက်တုံးကြီးများ ဝိနေ၍ ထိုးထွက်ရန် တော့ မလွယ်ကူပါ။ ထို့အပြင် မိမိသည် အလွန်တရာမောဟိုက်ပင်ပန်းနွမ်းနယ်လျက်ရှိပါ၍ လှုပ်၍ပင် မရပါ။ ထိုသို့ဖြင့် အိပ်ပျော်သွားပါတော့သည်။

ကျေးငှက်သာရကာ ကလေးများ၏ တွန်ကြွေးသံထွက်ပေါ်လာ၍ အိပ်ရာမှ နိုးထလာပါသည်။ နေပင်အတော်ပင်မြင့်နေပြီ ဖြစ်ပါသည်။ နေ့ခင်း အလင်းရောင်မှာ လစ်ဟာနေသော နေရာများမှ ကောင်းစွာဝင်ရောက် ထိုးဖောက်လျက်ရှိ၍ မြေစာများနှင့် ကျောက်တုံးတို့ကို ထွန်းဖယ်၍ ထွက်ရန် ကြိုးစားကြည့်ပါဆိုးဦးမည်။

လှုပ်ရှားလိုက်သည်နှင့် ခန္ဓာကိုယ်အနှံ့မှ မခံရပ်နိုင်အောင် နာကျင်လှပါသည်။ သို့သော် အသက်ရှိနေသေးသရွေ့ ရုန်းကန်လှုပ်ရှားရမည်သာ ဖြစ်ပါ၏။ အချည်းနှီးအသေခံ၍ မဖြစ်ပါ။ နောက်ဆုံးထွက်သက်အထိ ကြိုးစားကြည့်ရမည်သာ ဖြစ်ပါသည်။

ထိုသို့ဖြင့် နေ့လယ် ၁၁ နာရီခန့်တွင် ခက်ခဲပင်ပန်းလှစွာ တိုးထွက်နိုင်ခဲ့ပါသည်။ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲပြီး မောဟိုက်ပင်ပန်းလှကာ ရေတံသော ဝေဒနာတို့ကို ပြင်းထန်စွာ ခံစားရပါသည်။ တစ်ကိုယ်လုံး ပွန်းပဲ့ဒဏ်ရာများမှ သွေးတို့ ပေကျံလျက်ရှိပါ၏။ ခပ်လှမ်းလှမ်း နေရောင်ခြည်အောက်တွင် တလက်လက်တောက်ပနေသော ရေတံခွန်ငယ်လေးကို လှမ်း၍ မြင်နေရပါသည်။

တရွတ်တွန်းကာ ထို့နေရာသို့ ရွေ့လျားသွား၏။ ခရီး မတွင်လှပါ။

www.burmeseclassic.com

တစ်ဖာလုံခန့် ဝေးသော ခရီးကို ၂ နာရီမျှကြာမှ ရောက်ရှိပါတော့သည်။

ရေကို အငမ်းမရသောက်နေမိသည်။ ရေဖြင့် ထိတွေ့၍ ဒဏ်ရာတို့က စပ်ဖျဉ်းဖျဉ်းခံစားရ၏။ ထိုစဉ် ဝါးကျည်တောက် နှစ်လုံးကို ထမ်းပိုးဖြင့် ထမ်း၍ ရသေ့ကြီးတစ်ဦး ထိုနေရာသို့ ရောက်ရှိလာပါသည်။ ကျော်မောင်၏ ဖခင်သည် ရသေ့ကြီးကို မြင်တွေ့ရသောအခါ စိတ်တို့ကို ဖြေလျှော့ချလိုက်လျှင် တစ်ခဏအတွင်း သတိလစ်မေ့မြောသွားပါတော့သည်။

ဤသို့ဖြင့် နှင်းခါးတောင် ဘုရသေ့၏ စောင့်ရှောက်မှုဖြင့် ပြန်လည် ကျန်းမာလာသောအခါ ကျော်မောင်၏ ဖခင်သည် ဘုရသေ့၏ ကျေးဇူးကို ဆပ်သောအားဖြင့် သုံးနှစ် သုံးမိုး ဘုရသေ့အား ပြုစုလုပ်ကျွေးရင်း ဤနေရာ ဤဒေသ၏ တည်နေရာတို့ကို အလွတ်လေ့ကျင့်မှတ်သားပါသည်။ (ထိုနေရာသည် ယခု ဆည်တော်ကြီး၏ အထက်ပိုင်းတွင် တည်ရှိသည်) ထို့နောက် ဘုရသေ့ထံ ခွင့်ပန်ပြီး ဇာတိရွာသို့ ပြန်ခဲ့ပါသည်။ ထိုနှစ်သည် ၁၉၄၈ ခု မြန်မာနိုင်ငံ လွတ်လပ်ရေးရသောနှစ် ဖြစ်ပါသည်။

ထိုအချိန်တွင် လွတ်လပ်ရေးရရှိပြီးဖြစ်သော်လည်း တိုင်းရေး ပြည်ရေးမှာ မငြိမ်သက် ပြည်တွင်းသောင်းကျန်းသူတို့ဖြင့် ပြည်တွင်းစစ်ဒီးတို့ အရှိန်အဟုန်ပြင်းစွာ လောင်ကျွမ်းနေချိန်ဖြစ်၍ ရတနာများကို သွားရောက်ယူဆောင်ရန် မဖြစ်နိုင်သေးပါ။

ကျော်မောင်၏ဖခင်သည် ရွာသို့ပြန်ရောက်ပြီး မကြာမီမှာပင် ဒုက်ဖျားရောဂါပြင်းထန်စွာ ဖြစ်ပွားပါသည်။

ထိုအချိန်တွင် ကျော်မောင်သည် (၁၂)နှစ်သားမျှသာ ရှိပါသေးသည်။ ကျော်မောင်၏ အဖေသည် ၎င်း၏ ဇနီးအား ဝါးကျည်တောက် တလေးတစ်ခု ပေးအပ်ပြီး ကျော်မောင် (၂၅)နှစ်မြည့်သောအခါမှ ကျော်မောင်ကို ပြသပေးအပ်ရန် မှာကြားပြီး သေဆုံးသွားပါတော့သည်။

●

ကျွန်တော်သည် ကျော်မောင်ပေးအပ်ထားသော မြေပုံကို မျက်စိဖြင့် အလွတ်ရသည်အထိ ကြည့်ရှုထားပြီး ဖြစ်၍ မြေပုံကို ထုတ်ကြည့်ရန် မလိုအပ်တော့ပါ။ စိတ်ကူးပုံရိပ်ဖြင့်ပင် မြေပုံကို စစ်ဆေးနေမိပါသည်။ အားလုံးကို မှတ်မိနေပါ၏။

ကျွန်တော့်အတွေးစတို့ ဆုံးလျှင် ထမင်းဟင်းများလည်း အဆင်သင့်ဆူးခပ်ပြင်ဆင်ပြီး ဖြစ်ပါ၍ ခပ်သွက်သွက်ပင် ထမင်းစားလိုက်ကြပါသည်။

"ဝိုလ်ရဲတင့်ရာ အခုလို သွားလာရတော့ တောခိုခဲ့တဲ့ အချိန်တွေကို အမှတ်ရလိုက်တာ"

"ဝီချေး၊ အမှတ်ရချင်လည်း နောက်မှရတော့၊ အခုတော့ ခရီးဆက်ကြရဦးမှာမို့ သွက်သွက်ကလေး ထတော့၊ ခရီးသွားတဲ့အခါမှာ ထမင်းကို အဝ မစားရဘူးကွ"

လှည်းသမားကိုပါ တွန်တော်တို့နှင့်အတူ ထမင်းစားစေရာ ကျွန်တော်တစ်ယောက်မှလွဲ၍ ကျန်သုံးယောက်မှာ အားရပါးရ စားသောက်နေကြသဖြင့် ကျွန်တော့် စကားကြောင့် အားလုံး ထမင်းလက်စသတ်ကုန်ကြပါသည်။

"ဟေ့ကောင်တွေ၊ မင်းတို့ကို အဲဒီသဘောမျိုးနဲ့ ငြိုတာ မဟုတ်ပါဘူးကွာ၊ သင့်တင့်ရုံတော့ စားရပါတယ်ကွ၊ တို့သွားရမယ့်ခရီးက အများကြီးကျန်နေသေးလို့ မြန်မြန်သွက်သွက် စားကြဖို့ ပြောတာပါ"

ကျွန်တော်သည် ဤခရီးကို အရင်က မသွားဖူးပါ၊ မြေပုံကို သိထား၍ ခရီးကို ခန့်မှန်းပြောဆိုနိုင်ခြင်း ဖြစ်ပါသည်။ ထို့နောက် ကျွန်တော်တို့ ခရီးဆက်ခဲ့ကြပါသည်။

ဤဘက်တွင် သစ်ကြီး ဝါးကြီးများ ပေါများလာပြီး လမ်းလည်း ပိုကြမ်းလာပါသည်။

ထိုသို့ဖြင့် ညနေ နေဝင်မိုးချုပ်အချိန်တွင် တောင်ခြေရှိ ဇီးတောဆိုသော ရွာကလေးနှင့် ခပ်လှမ်းလှမ်းတွင် လှည်းလမ်းမှ ဖယ်ခွာပြီး တောအုပ်အတွင်းပိုင်း ချောင်ကျသော နေရာလေးကို ရွေးချယ်၍ ညအိပ်ရပ်နားရန် စခန်းချလိုက်ပါသည်။

ခေတ်ကာလကြီးသည် ဤမြေပြန့်ဒေသများတွင် သောင်းကျန်းသူတို့ ချုပ်ငြိမ်းစေ ပြုနေပြီဖြစ်သော်လည်း အစိုးရ၏ အာဏာစက် ပျံ့နှံ့မှု အားနည်းသေး၍ သူခိုး၊ ဓားပြတို့ ပေါများလှပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် ပေါ့ပေါ့တန်တန် သဘောမထားရဲပါ။ တပေါင်းလထဲသို့ ရောက်ရှိနေပြီဖြစ်သော်လည်း တောရိပ်တောင်ရိပ်တို့ကြောင့် ညအခါတွင် ဆောင်းတမျှ အေးလှပါသည်။ ကျွန်တော်တို့သည် အအေးဒဏ်ကို ကာကွယ်ရန်နှင့် တောကောင်တို့၏ ရန်ကို ကာကွယ်ရန် မီးဖိုထားရပါသည်။

ကျွန်တော်သည် ပေါက်ဓာတ်နှစ်လက်ပါရှိသော ခါးပတ်ကို ဖြေကာ ဘေးတွင်ချထားလိုက်ပြီး ကင်ဒို ဂျပန်ဓားရှည်ကြီးကိုလည်း အလျားလိုက် ချထားလိုက်ပါသည်။ ဝီချေးတို့ သုံးဦးကား အားကိုးကြရပါ၏။ တစ်ခဏအတွင်း တခေါခေါနှင့် အိပ်ပျော်ကုန်ကြပါသည်။

ကျွန်တော်သည် မီးထည့်ရင်းငုံးတို့ အိပ်ပါစေဟုဆိုကာ ကင်းစောင့်နေလိုက်ပါသည်။ နံနက် ၄ နာရီထိုးသောအခါမှ ဝီချေးကို နှိုးလိုက်ပြီး ကျွန်တော် ခဏမှေးလိုက်ပါသည်။ ၅ နာရီခန့်တွင် နံနက်စာ ပြင်ဆင်ပြီးချိန်၌ ကျွန်တော်တို့ အသင့်ယူဆောင်ခဲ့သော ဝါလန်ပုန်းမှ ရွေဖြင့် မျက်နှာသစ်လိုက်ပါသည်။ ထို့နောက် နံနက်စာ စားလိုက်ကြပါသည်။ လှည်းသမား၏ တာဝန်မှာ ဤနေရာတွင် ပြီးဆုံးသွားပြီဖြစ်၍ ကျောက်တံတားသို့ ပြန်ရောတော့မည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့လည်း ယူဆောင်ခဲ့ကြသော ရိက္ခာနှင့် ဝန်စည်စလယ်တို့ကို သုံးဦးအညီအမျှခွဲဝေ၍ သယ်ယူကြရန် စီစဉ်သော်လည်း ကျော်မောင်နှင့် ပိချေးတို့မှ -

"ဝိုလ်ရဲတင့် ဒါလောက်ကတော့ ကျွန်တော်တို့ မျှထမ်းလို့ ရပါတယ်၊ အရေးအကြောင်းဆို ဝိုလ်ရဲတန်က လူပ်ရှားရမှာဆိုတော့ လွတ်လွတ်လပ်လပ်ပဲ သွားပါ"

ဟုဆိုကာ ကျွန်တော့်ကို မည်သည့်ပစ္စည်းမျှ သယ်ယူခွင့်မပြုကြပါ။

သို့ဖြင့် ကျွန်တော်တို့ တောင်တက်ခရီးကြမ်းကို စတင်ခဲ့ကြပါတော့သည်။ ဤသို့ဖြင့် ကျွန်တော်တို့သည် တောအထပ်ထပ် တောင်အသွယ်သွယ်တို့ကို ဖြတ်ကျော်ခဲ့ကြရာ သုံးညအိပ်လွန်မြောက်ခဲ့ချိန်၌ တောင်ငါးလုံးကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ပေပြီ။

ကျွန်တော်သည် ၆ နှစ်တာ တောခိုခဲ့သော အတွေ့အကြုံအရ တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသော အရပ်ဒေသဖြစ်စေကာမူ မှန်ကန်တိကျသော မြေပုံသာရရှိပါက လမ်းပြ မလို အပ်ဘဲ သွားရောက်နိုင်ပါ၏။

ထို့သို့ဖြင့် ကျွန်တော်တို့သည် ခက်ခဲကြမ်းတမ်းလှသော ခရီးလမ်းတို့ကို ကျော်ဖြတ်ပြီး လာခဲ့ကြရာ နောက်နှစ်ညအိပ်ပြီးလျှင် တောင်သုံးလုံးကို ထပ်မံ၍ ကျော်ဖြတ်ခဲ့ပြန်ပါ၏။ မနက်ဖြန် နောက်ဆုံးတောင်ကို ကျော်ပြီးလျှင် ကျွန်တော်တို့ ပန်းတိုင်သို့ ရောက်ရှိပေတော့မည်။

ကျော်မောင်၏ ဖခင်သည် ဤတော ဤတောင်များတွင် သုံးနှစ်နေထိုင်ခဲ့ပြီးမှ မြေပုံကို ဆွဲထားခဲ့ခြင်းဖြစ်ပါ၍ မြေပုံညွှန်းမှာ တိကျခိုင်မာလှ၍ ယခုကဲ့သို့ ရက်တိုတိုနှင့် ကျွန်တော်တို့ ခရီးပေါက်နိုင်ရခြင်း ဖြစ်ပါ၏။

ဤနေရာသည် တောင်များ မြင့်မားလာပြီ ဖြစ်၍ အအေးပိုလှပါသည်။ တောတောင်လည်း ပိုမိုထူထပ်လာ၍ မီးဖိုကြီးကြီး ထည့်ထားရပါသည်။ ကျွန်တော်တို့သည် တစ်နေတုန် ခရီးဆက်နေကြခြင်း ဖြစ်ပါ၍ ဖြစ်သလိုနား၊ ဖြစ်သလို အိပ်ဖြင့်သာ စခန်းသွားနေကြခြင်း ဖြစ်ပါသည်။

ယနေ့ညလည်း ကျွန်တော်တို့သည် လူးလက်ခုပ်တစ်ဖောင်ခန့် မြင့်မားလှသော ကျောက်တုံး ကျောက်ဆောင်ကြီးများ သုံးဖက်ကာရံထားရှိသော နေရာကလေးကို ညအိပ်ရပ်နားရန် ရွေးချယ်လိုက်ပါသည်။ တပေါင်းလပင်ဖြစ်သော်လည်း ဤနေရာ၌ အအေးဓာတ်လွန်ကဲရုံသာမက ဆီးနှင်းများပင် တဖြောက်ဖြောက် ကျလျက်ရှိ၍ စစ်သုံးတာလပတ်ကို အမိုးလုပ်၍ ထားရပြီး အခင်းအဖြစ် မြက်များကို ခံထားရပါသည်။

ထုံးစံအတိုင်းပင် ကျော်မောင်နှင့် ပိချေးတို့သည် စောစောစီးစီးပင် တခေါခေါနှင့် အိပ်ပျော်နေကြပြီ ဖြစ်ပါသည်။ ကျွန်တော်သည် ရတနာသိုက်နှင့် နီးလာလေ စိုးရိမ်စိတ်တို့ ကြီးမားလာလေဖြစ်ရပါ၏။ ခရီးစဉ် ဤမျှ လွယ်ကူ ချောမောနေသည်ကို သံသယ ဝင်မိပါ၏။

ကျွန်တော်တို့တွင် သေနတ် မပါရှိ၍ တောကောင်အန္တရာယ်နှင့် ရင်ဆိုင်ရလျှင် အနိုင်ယူတိုက်ခိုက်နိုင်ရန် ငရဲမီး ပုလင်းကိုသာ ယူဆောင်ခဲ့ရပါသည်။ ထို့သို့ဖြင့် နံနက် ၄ နာရီခန့်သို့ ရောက်ရှိလာရာ တစ်ညတာ အန္တရာယ်ကင်းရှင်းခဲ့ပြီဟု သက်ပြင်းချနိုင်ခဲ့ပြီး ပိချေးအား နှိုးမည်ဟု ကြံရွယ်စဉ် ကျော်မောင် နိုးလာပါသည်။

"ဟာ ဝိုလ်ရဲတင့် မအိပ်ရသေးဘဲကိုး၊ အားနာလိုက်တာဗျာ၊ အိပ်လိုက်တော့၊ ခဏနေမှ ပိချေးကို နှိုးတော့မယ်၊ ကျွန်တော် ဝိုက်နာလာပြီ"

ဟုဆိုကာ အခင်းကြီးသွားရန် ထွက်သွားပါသည်။

ထိုအခါမှ ကျွန်တော်သည် မီးဖို ကို ထင်းဖြည့်ပြီး လုံအိပ်လိုက်ပါသည်။

တစ်ခဏ အတွင်းမှာပင် -

"ဝေါင်း"

"အောင်မယ်လေးဗျ"

"ဝုန်း . . . ဝရော"

ဟူသော အသံများ ထွက်ပေါ်လာပါသည်။

ထိုအခါမှ ပိချေးလည်း အိပ်ချင်မူးတူး ထထိုင်လိုက်ပါသည်။

"ဝိုလ်ရဲတင့် ဘာသံလဲဗျ၊ ကျော်မောင်ကော"

"ကျော်မောင်တော့ ကျားဆွဲခံရပြီကွ"

"ဗျာ"

ပိချေးသည် အထူးပင် တုန်လှုပ်ချောက်ချားသွားပါသည်။ ဤကျားသည် တစ်ညလုံး ကျွန်တော်တို့အား လာခြောင်းနေဟန် တူပါသည်။ ထို့ကြောင့် ကျော်မောင် အပြင်သို့ ထွက်လိုက်သည်နှင့် ကျားက ချက်ချင်း ဆွဲသွားခြင်း ဖြစ်ပါသည်။

ကျွန်တော်နှင့် ပိချေးတို့သည် ကျော်မောင်အတွက် စိတ်မကောင်းဖြစ်ရုံမှအပ ဘာမျှမတတ်နိုင်ပြီ ဖြစ်ပါ၏။

ဒီကရွေ့ဆိုလျှင် ပို၍ သတိထားရတော့ပေမည်။ ရတနာဟူသည် ထိုက်မှသာ ရရှိသည်။ မထိုက်ဘဲနှင့် ကြိုးစားလျှင် အသက်အန္တရာယ်ကြုံတွေ့ရသည်ဟု အဖေဝင်း ပြောခဲ့ဖူးသော စကားတို့ကို ပြန်လည်ကြားယောင်လာမိသည်။ သို့သော် ကျွန်တော်တို့သည် ဤမျှအထိ ခက်ခဲပင်ပန်းမှုများကို ဖြတ်ကျော်ခဲ့ရပြီဖြစ်သည့်အပြင် ဤရတနာသိုက် လမ်းစဖန်တီးခဲ့သူ ကျွန်တော်တို့၏ သူငယ်ချင်း ကျော်မောင်ကိုပင် ဆုံးရှုံးခဲ့ပြီ ဖြစ်ရကား နောက်မဆုတ်လိုတော့ပါ။

အသက် ပေးဆပ်သွားသော ကျော်မောင်ကို ငဲ့ကွက်ရပေမည်။

ရတနာများ ရရှိလျှင်လည်း ကျော်မောင်အတွက် ဝေစုအတိုအကျ ခွဲ၍ ၎င်း၏မိခင်ထံ သွားရောက် ပို့ပေးမှသာ ကျွန်တော်တို့ ကျော်မောင် အပေါ် တာဝန် ကျေပွန်ပေပါမည်။

www.burmeseclassic.com

www.burmeseclassic.com

နဂိုကမှ သတ္တိနည်းသော ပီချေးကမူ -

"ဗိုလ်ရဲတင့်၊ ပြန်ကြရအောင်လားဗျာ၊ ကျွန်တော် ရှေ့ဆက်မသွားရဲတော့ဘူး"

"ပီချေးရာ၊ တို့ ဒီအထိ ရောက်လာပြီးမှ ဘာလို့ ပြန်လှည့်ရမှာလဲကွာ၊ မင်းအမေကို ပျဉ်ထောင်နှစ်ထပ်အိမ်ကြီး ဆောက်ပေးချင်တယ်ဆို၊ အားမလျှော့စမ်းပါနဲ့ကွာ၊ ငါရှိပါတယ်ကွ"

ထိုသို့ အားပေး နှစ်သိမ့်ပြီး ခရီးဆက်ခဲ့ကြပါသည်။

ကျွန်တော်တို့သည် နောက်ဆုံးတောင်ကို တက်နေခြင်း ဖြစ်ပါသည်။ ဤတောင်သည် မမတ်စောက်ပါ။ ပြေလျော်ပါသည်။ သို့သော် တောင်၏ ဧရိယာမှာမူ ကျယ်ဝန်းလှပါ၏။ တောင်ဆင်း တောင်တက် သုံးမိုင်ခန့်ရှိပေလိမ့်မည်။ ဟိုဘက်တောင်ခြေသို့ ရောက်လျှင် ရတနာသေတ္တာကြီးများရှိသော လျှိုစောင်းသို့ ရောက်ရှိတော့မည် ဖြစ်ပါ၏။

ကျွန်တော်တို့သည် အမောဖြေလိုက် ခရီးနှင်လိုက်ဖြင့် တရွေ့ရွေ့ ထွက်ခွာလာခဲ့ကြပါသည်။

တစ်နေရာ အရောက်တွင် အောက်ခြေ မြေပြင်၌ မြက်ပင်တို့ မပေါက်ရောက်ဘဲ တလင်းပြောင်ကလေးများ ဖြစ်နေပါသည်။ ကျွန်တော်သည် ရှေ့မှ၊ ပီချေးသည် နောက်မှ လိုက်လာနေခြင်း ဖြစ်ပါ၏။ ထိုစဉ် ကျွန်တော်၏ အကြားအာရုံ၌ "ဝုန်း.. ဝုန်း.. ဝုန်း" ဟူသော ပျားများ၏ တောင်ပံရိုက်ခတ်သံတို့ ဝင်ရောက်လာ၍ ပတ်ဝန်းကျင်ကို မျက်စိရှင်ရှင်နှင့် လေ့လာကြည့်ရှုရာ မည်သည့်ပျားကောင်မျှ မတွေ့ရှိရပါ။

ထိုအခါ ကျွန်တော်သည် အန္ဓရာယ်၏ အငွေ့အသက်တို့ကို ခံစားရရှိလိုက်၍ ပီချေးအတွက် စိတ်ပူမိပြီး နောက်သို့ လှည့်ကြည့်လိုက်မိသည်။

"ပီချေး အဲဒီအပေါ် မနင်းနဲ့"

ကျွန်တော်အလန့်တကြား အော်ပြောလိုက်သော်လည်း နောက်ကျသွားပေပြီ။ ပီချေးသည် မြေပြောင်သောနေရာများကို ရွှေ့ပြီး နင်းလာခြင်းဖြစ်ရာ မြေကျွံ၍ တွင်းထဲသို့ ကျသွားပေပြီ။ ထိုကျင်းသည် ရိုးရိုးမြေကျင်းမဟုတ်ပါ။ ပဒုအုံ ပဒုကျင်းဖြစ်ပါ၏။ လူ၏ ခန္ဓာကိုယ်ထက် အဆမတန်ကြီးမားသော ကျွန်္ဂများပင် ပဒုမြေကျင်းတွင်း ကျရောက်သွားပါက မိနစ်ပိုင်းအတွင်း အရိုးချည်းကျန်သည်အထိ မရေထွက်နိုင်သော ပဒုကောင်များ၏ စားသောက်ခြင်း ခံရပါ၏။

ကျွန်တော်သည် ပီချေးကို မကယ်နိုင်ပြီ။ ယခုလောက်ဆိုလျှင် ပီချေးသည် မည်သို့ အသက်ထွက်သွားသည်ကိုပင် မသိလိုက်ရဘဲ အရိုးစုဘဝသို့ ရောက်ရှိနေပေရော့မည်။ ကျွန်တော် မည်သို့ ဆက်လက်စခန်းသွားရပါမည်နည်း။

ကျွန်တော်တို့ ဤခရီးကို စတင်ထွက်ခွာစဉ်က သုံးယောက်ဖြစ်သော်လည်း ယခုတစ်ယောက်ပြီးတစ်ယောက် ဘေးအန္တရာယ်များ ကျရောက်ခဲ့ရာ ကျွန်တော်တစ်ယောက်တည်းသာ ကျန်ပါတော့သည်။

သည်တစ်ကြိမ်တွင် ကံဆိုးသူသည် ကျွန်တော်သာ ဖြစ်ပေတော့လေမည်လား။

ရှေ့တိုးရအခက် နောက်ဆုတ်ရအခက် ဖြစ်ရပါပြီတည်း။ သူငယ်ချင်းနှစ်ဦးသည် ဤခရီးအတွက် အသက်ပေးဆပ်သွားကြပေပြီ။ ဤနေရာမှ လှည့်ပြန်လျှင် သူငယ်ချင်းတို့ ပေးဆပ်ခဲ့ရသော အသက်နှစ်ချောင်းသည် အချည်းနှီးဖြစ်ရပေတော့မည်။

ငင်းတို့၏ ဆန္ဒတို့ကို ဖြည့်ဆည်းရန် ကျွန်တော့်မှာ တာဝန်အပြည့်ရှိပါ၏။ ကျွန်တော့်တွင် ရတနာပစ္စည်းတို့ကို ရယူလိုသော စိတ်ဆန္ဒတို့လည်း မရှိတော့ပါ။ သို့သော် ကိုယ်စခဲ့သောဇာတ်လမ်းဖြစ်၍ အဆုံးထိရောက်အောင်တော့ ဆောင်ရွက်ရပေမည်။ ထို့ကြောင့် ရတနာသိုက်ရှိရာသို့ ရောက်အောင်သွားမည်။ တွေ့အောင်ရှာမည်ဟု ဆုံးဖြတ်လိုက်ပါ၏။

ကျွန်တော်သည် ရိုးသား၍ သစ္စာရှိသော ခင်စရာကောင်းလှသော ပီချေးအား ဝမ်းနည်းသော အလေးပြုသောအားဖြင့် ပီချေးကျသွားရာ နေရာကို ခေတ္တမျှ ရပ်ကြည့်နေခဲ့ပြီး ခရီးဆက်ခဲ့ပါသည်။

မကြာမီ ကျွန်တော်သည် တောင်ခြေ ဆင်ခြေလျှောသို့ရောက်ရှိလာပြီ ဖြစ်ပါ၏။ ဤနေရာတွင် တစ်ဖက် ကျောက်နံရံများမှာ ၁၅ပေခန့် မြင့်မားလှပါ၏။ ထိုနံရံအခြေမှ ကပ်၍ သွားနေရခြင်း ဖြစ်ပါသည်။

ထိုစဉ် -

"ဖြောက် ဖြောက် ဖြောက်"

"ဖရော . . . ဖရော"

ဝါးရွက်ခြောက်များနှင့် ကျောက်စရစ်ခဲလေးများ နံရံမှကျလာ၍ ချက်ချင်း မော့ကြည့်လိုက်ပါဘုံ။ အဝါရောင်တွင် အနက်ပြောက်များဖြင့် နေရောင်တွင် လက်လက်ထနေသော ကျားသစ်ကြီး ဖြစ်ပါသည်။ ကျောက်ဆောင်ပေါ်မှ ကျွန်တော့်ကို ခုန်အုပ်ရန် ဟန်ပြင်နေခြင်း ဖြစ်ပါ၏။

ကျားသစ်သည် အပေါ်မှ ခုန်ချလာမည်ဖြစ်၍ ငရဲမီးကို အသုံးပြု၍မရပါပြီ။ ခုန်အုပ်လာသော ကျားသစ်ကို ငရဲမီးနှင့် ပက်လျှင်လည်း တံတွေး လှန်ထွေးသကဲ့သို့ ကိုယ့်အပေါ်သာ ပြန်ကျပေလိမ့်မည်။

ထို့အပြင် ကျွန်တော့်ရှေ့မှောက်၌ နာရီပိုင်းသာ ခြားပြီး သူငယ်ချင်းနှစ်ဦးတို့ ရှေ့ဆင့်နောက်ဆင့် မမျှမလှ သေဆုံးခဲ့ကြရသောအခါ ကျွန်တော်သည် စိတ်ပျက်ဝမ်းနည်းနေပြီ ဖြစ်ရကား မည်သည့်သတ္တဝါကိုမျှ မသတ်ဖြတ်လိုတော့ပါ။

ကျွန်တော်သည် ဘဝကြမ်းလွန်သော ရဲဘော်ဖြူ သောင်းကျန်းသူ

www.burmeseclassic.com

www.burmeseclassic.com

ဘဝတွင် ကျွင်လည်ခဲ့လင့်ကစား ကျွန်တော်၏ ပကတိ အတွင်းစိတ်သည် နူးညံ့သိမ်မွေ့နေမြဲသာ ဖြစ်ပါ၏။

ယခုလည်း ကျွန်တော်သည် ဤကျားသစ်ကြီးနှင့် ယှဉ်ပြိုင်တိုက်ခိုက်လိုခြင်း မရှိပါ။ ကျားသစ်ကြီးကို မသတ်ဖြတ်လိုသကဲ့သို့ ကျွန်တော်လည်း မသေချင်ပါ။ တဒဂ်အတွင်း ဖြစ်ပေါ်လာသော ကျွန်တော်၏ စိတ်ခံစားချက်သာ ဖြစ်ပါ၏။

သို့သော် တစ်ဖက်မှ ရန်မူတိုက်ခိုက်လာလျှင်တော့ ကျွန်တော်၏ အသက်အန္တရာယ်ကိုတော့ နောက်ဆုံး အချိန်ထိ ခုခံကာကွယ်ရမည်သာ ဖြစ်ပါ၏။ ထိုစဉ်မှာပင် ကျားသစ်ကြီးသည် တစ်ဆင့်ကျန်ရှိသော ကျောက်ဆောင်စွန်းသို့ ခုန်ဆင်းလိုက်ပါသည်။

ကျွန်တော့် အထက် ၁၀ ပေသာသာမျှသာ ရှိပါတော့သည်။ ဤနေရာတွင် ကျောက်ထရံကဲ့သို့ ဖြစ်နေပြီဖို့ နောက်တစ်ဆင့် ဆင်းလာ၍ မရပြီ။ တိုက်ရိုက်ခုန်အုပ်ရန်သာ ရှိပါတော့၏။

ထို့ကြောင့် ကျွန်တော်သည် ဝန်စည်စလယ်များကို ဖြုတ်ချလိုက်ပြီး ဒူးထောက် ထိုင်ချလိုက်ပါသည်။ ကင်ဒိုဓားကြီး၏ ဓားနှောင့်ကို မြေတွင် ထောက်၍ ဓားရိုးမှ တစ်ချက်၊ ဓား၏ အလယ်မှ တစ်ချက် ဆုပ်ကိုင်ကာ ဓားကို ထောင်ထားလိုက်ပြီး ကျားသစ်ကြီး၏ မျက်လုံးတို့ကို ရင်ဆိုင်စူးစိုက်ကြည့်၍

"မင်း ငါ့ကို ခုန်မအုပ်နဲ့၊ မင်းသေရလိမ့်မယ်၊ ငါ့ဆီမှာ ဓဝဲမီးလည်း ရှိတယ်၊ မင်းကို ရန်သူလို သဘောမထားပါဘူး၊ မင်းကို မသေစေချင်ဘူး၊ မင်းလည်း ငါ့ကို ရန်မပြုပါနဲ့၊ မသေစေချင်ပါနဲ့၊ မင်းတို့ကိုက်လို့ ငါသေရင် မင်းလည်း သေရမှာပဲ၊ ငါမသေလည်း မင်းကတော့သေရမှာပဲ၊ ငါ့မှာက ရှင်လမ်း တစ်လမ်းကျန်သေးတယ်၊ ဒါကြောင့် မင်းမသေချင်ပါနဲ့၊ လှည့်ပြန်ပါ" ဟု စိတ်ထဲမှ ပြောလိုက်ပါသည်။

ထိုအချိန်တွင် ကျွန်တော့်တွင် ကြောက်စိတ်တို့ မဖြစ်ပေါ်မိပါ။

အားလုံးစိတ်ကို လျှော့ချထားပြီဖြစ်ကာ ကျရောက်လာသော အခြေအနေတွင် တည်ငြိမ်စွာ ရင်ဆိုင်ရန်သာ သန္နိဋ္ဌာန်ထားရှိပြီး ဖြစ်ပါ၏။ ထို့ကြောင့် ကျားသစ်၏ လှုပ်ရှားမှုကို မျက်တောင်မခတ်တမ်း စိုက်ကြည့်နေမိပါသည်။

ကျားသစ်သည် မာန်ဖီနေရာမှ ဖြေလျှော့သွားသည်ဟန် ပြောင်းလဲသွားပြီး နောက်သို့ ချာခနဲလှည့်ကာ ကျောက်ဆောင်ပေါ်သို့ ခုန်တက်လျက် တော့တွင်းသို့ တစ်ဟုန်ထိုး ထွက်ပြေးသွားပါတော့သည်။ ထူးဆန်းလွန်းလှပါ၏။

ကျွန်တော်သည် ကျားသစ်ကြီး ထွက်သွားသည့်တိုင် အတန်ကြာသည့်တိုင် ထိုအတိုင်း ထိုင်နေပြီးမှ ပစ္စည်းများကို သိမ်းဆည်းကာ မတ်တတ်ရပ်လိုက်ပါသည်။

တဒဂ်တွေ့ကြုံရသော အဖြစ်တို့နှင့် စိတ်ခံစားမှုတို့ကြောင့် ကျွန်တော်သည် အင်အားများကုန်ခန်းသွားသကဲ့သို့ ခွန်အားလျှော့ချလိုက်မိပါ၏။

သို့သော် ကျွန်တော်အားလျော့၍ မဖြစ်ပါ။ ခရီးဆုံးတိုင် လျှောက်လှမ်းရမည်သာ ဖြစ်ပါ၍ ထိုနေရာမှ ဆက်လက်ထွက်ခွာခဲ့ပါသည်။ မကြာမီ တောင်ခြေလျှိုအတွင်းသို့ ရောက်လာခဲ့ပြီ ဖြစ်ပါ၏။ အနှစ် (၂၀)မျှသာရှိသေး၍ ကျော်မောင် ဖခင်၏ အမှတ်အသားများမှာ ကျောက်ဆောင်ကျောက်တုံးများတွင် မဖျက်ယွင်းသေးဘဲ ထင်ရှားစွာ ကျန်ရှိနေပါသေး၏။ ဤကွေ့ကို ကျော်လျှင် ရတနာသေတ္တာများရှိရာ လိုဏ်ဂူနေရာနှင့် ရေတံခွန်ငယ်တို့ကို တွေ့မြင်ရပေတော့မည်။

မကြာမီမှာပင် တောင်စောင်းတစ်နေရာတွင် ဖြစ်ပေါ်နေသော ရေတံခွန်ငယ်လေးကို တွေ့မြင်လိုက်ရပါသည်။ ဤအတိုင်းဆိုလျှင် မြေပုံပါနေရာအမှတ်အသားတို့မှာ အမှန်တကယ်ဖြစ်နေရာ ရတနာသေတ္တာများကို သေချာပေါက်တွေ့ရှိရတော့မည်မှာလည်း မြေကြီးလက်ဆတ်မလွဲပင် ဖြစ်ပေလိမ့်မည်။

ထို့ကြောင့် ကျွန်တော်သည် ခက်သွက်သွက်လှမ်းခဲ့ပြီး ရတနာများရှိမည့် လျှိုစောင်းတစ်နေရာသို့ ကြည့်လိုက်ရာ ကျွန်တော့် အံ့သြလွန်းမက အံ့သြရပါ၏။ မြေပုံညွှန်းပါ ရတနာသေတ္တာများနေရာတွင် ထုံးဖြူဖြူနှင့် စေတီတော်တစ်ဆူ ပေါ်ပေါက်နေခြင်းပင် ဖြစ်ပါ၏။ မည်သို့ ဖြစ်ပါသနည်း။ ရောက်မှတော့ မထူးပြီ၊ အတိအကျ သိရှိရန် ဆန်းစစ်ရမည်ပင်။

စေတီသည် ကုန်းမြင့်ထက်တွင် ရှိနေ၍ သဘာဝ ကျောက်တုံးများဖြင့် ပြုလုပ်ထားသော လှေကားထစ်များအတိုင်း၊ ကျွန်တော်တက်ရောက်သွားလိုက်ပါသည်။ သေချာပါ၏။

မြေပုံညွှန်းအရ ထိုစေတီ၏ ဖိနပ်တော် အောက်တည့်တည့်မှာ ရတနာသေတ္တာများ ပြုပြင်နှံ့ထားရာ နေရာဖြစ်ပါ၏။ အင်္ဂတေသားဖြင့် အောင်ဇမ္ဗူအေးစေတီဟူသော ဘွဲ့တော်ကို တွေ့ရှိရပါသည်။

စေတီမုခ်ထဲတွင် စကျင်ပုဒ္ဓရုပ်ပွားတော်တစ်ဆူ သီတင်းသုံးစပယ်လျက်ရှိ၍ ကျွန်တော်သည် ရိုသေစွာ လက်အုပ်ချီမိုးပြီး ရှိခိုးကန်တော့လိုက်ပါသည်။

ထိုအခါ ကျွန်တော့်စိတ်အစဉ်သည် တည်ငြိမ်အေးချမ်းလျက် ကြည်လင်ပေါ့ပါးလန်းဆန်း၍ သွားပါသည်။ ကျွန်တော်သည် ထိုနေရာသို့ ခက်ခဲပင်ပန်းစွာ ရောက်ရှိလာခြင်းမှာ ရတနာသေတ္တာများကို တူးဖော်ရယူရန် ဖြစ်ပါ၏။ ယခုမူ ဤနေရာတွင် စေတီတော်တည်ထားကိုးကွယ်လျက်ထားရှိပြီး ဖြစ်ရာ ရတနာသေတ္တာများကို အလွယ်တကူ တူးဖော်၍ မရတော့ပါပြီ။

စေတီတော်ကို တူးဖြိုဖျက်ဆီးပြီးမှသာ ရတနာသေတ္တာများကို ရယူနိုင်ပေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com

သို့တိုင် ဤစေတီတော်သည် အကြောင်းမဲ့ တိုက်ဆိုင်မှုသက်သက်နှင့် ဤနေရာတွင် တည်ထားခြင်းမဟုတ်ဘဲ ရတနာသေတ္တာများနှင့် ပတ်သက်၍ တည်ထားခြင်းဖြစ်ပါမူ ရတနာသေတ္တာများ မရှိနိုင်တော့ပြီ၊ ရှိသည့်တိုင် ဘုရားဌာပနာအဖြစ် ပြောင်းလဲ၍ နေပေတော့မည်။

ထို့ကြောင့် ကျွန်တော်သည် ရတနာသေတ္တာများကို တူးဖော်ယူ၍ မဖြစ်ပါပြီတည်း။ ကျွန်တော့်အဖြစ်သည် လမ်းတော့ဆုံးပေပြီ။ သို့သော် ရွာမတွေ့ဘဲ ရွာပျောက်သွားခဲ့ပါပြီတည်း။

သာမန်အားဖြင့်မူ ဤကျွန်တော်၏ အဖြစ်သည် ကြိတ်မနိုင်ခဲမရ ဒေါသထွက်ဖွယ် ဝမ်းနည်းဖွယ် လောဘတို့ဖြင့် ပူလောင် စိတ်သောကတို့ ဖိစီးဖွယ်ပင် ဖြစ်သော်လည်း ကျွန်တော့်စိတ်တွင် ထိုသို့မဖြစ်မှားဘဲ ရှိပါ၏။ မူလရည်မှန်းချက်အတိုင်း ဤနေရာတွင် စေတီတော်ကြီး ရှိမနေဘဲ ရတနာသေတ္တာများကို တူးဖော် ယူဆောင်ခွင့်ရလျှင်သော်မှ ကျွန်တော် ဤမျှ အေးချမ်းကျေနပ်မှုတို့ ရရှိမည် မထင်ပါ။

ယခုမူ၌ အေးချမ်းလှပါ၏။ ဤနေရာကလေးသည် လျှို၏ ခါးပန်းခုလတ်နေရာဖြစ်ပါ၍ အတန်ငယ် မြင့်မားရာ အပေါ်စီးမှ လျှိမြောင် ကျောက်တုံး ကျောက်ဆောင်များ သစ်ပင်၊ ဝါးရုံပင်များကို လှပစွာ မြင်တွေ့နေသကဲ့သို့ တောင်ထိပ်သို့ မျှော်ကြည့်လိုက်လျှင်လည်း မြူတို့ ရစ်ဆိုင်းလျက် ရှိပါ၏။

ကျွန်တော်သည် ပတ်ဝန်းကျင် သဘာဝ တောတောင်ရေမြေတို့၏ အလှတို့ကို ငေးမောကြည့်နေရာမှ လူတစ်ရပ်ခန့်သာမြင့်သော သစ်ပင်ခွကြားတွင် ဖယောင်းသစ်ခွများကို တွေ့မြင်လိုက်ရပါသည်။

ကျွန်တော်သည် သစ်ခွဝန်းများကို ဘုရားပန်းတင်ရန် သွားရောက်ခူးယူလိုက်ပါသည်။ စေတီတော်ရင်ပြင်နှင့် ဝါးနှစ်ရိုက်မျှသာ ကွာခြားရာ နီးနီးကလေးပင် ဖြစ်ပါ၏။ သစ်ခွဝန်းများသည် ယခုမှ ပွင့်ခါစမျှဖြစ်၍ သန်စွမ်းလန်းဆတ်လျက် ရှိပါ၏။

ကျွန်တော်သည် အသင့်တွေ့ရသော ညောင်ရေအိုးတွင် အသင့်ပါလာသော ရေဖြင့် ဘုရားပန်းအိုးထိုးသည်။ အသင့်ပါရှိလာသော ဖယောင်းတိုင်ဖြင့် **ဆုရားမီး ပူဇော်လိုက်သည်။** အသင့်ပါလာသော **စစ်သုံးမဏ္ဍိုင်ခွက်**ဖြင့် ဘုရားသောက်တော်ရေ ကပ်လှူပြီး ဦးသုံးကြိမ်**ချလိုက်လျှင်** "သာဓု သာဓု သာဓု" တူသော အောင်မြင်လှသည့် အသံပေါ်ကြီး **ကျွန်တော့်နောက်မှ** ထွက်ပေါ်လာ၍ **ခုတ်တရက်** ကျွန်တော် လန့်သွားမိ**ကာ** ယောင်၍ ပေါက်ကွဲကို ဆွဲထုတ်လိုက်မိပါသေးသည်။

ရသေ့ကြီးတစ်ပါးဖြစ်ပါ၏။ နှင်းခါးတောင် ဘရသေ့လော။ မဖြစ်နိုင်ပါ။ **ကျော်မောင့်ဖခင် ဘရသေ့**နှင့် တွေ့စဉ်က ဘရသေ့သည် အသက်(၈၀)ကျော်ခန့်ရှိပြီဟု **ကျော်မောင့်**ကို ပြောဖူးခဲ့ရာ ယခုဆိုလျှင် ထိုအဖြစ်တို့သည် အနှစ်(၂၀)**ကျော်ပြီ ဖြစ်ရာ** နှင်းခါးတောင် ဘရသေ့ဆိုလျှင် အသက်(၁၀၀)ကျော် နေမည်ဖြစ်ပါ၏။ ယခုတွေ့ရသော ရသေ့ကြီးမှာ အသက်(၇၀)ကျော်မျှသာ ရှိဦးမည်ဟု **ခန့်မှန်းရပါ၏။**

ကျွန်တော်သည် ရသေ့ကြီးကို အားနာသော အကြည့်ဖြင့် ကြည့်ရင်း **ဓားကို ဓားအိမ်အတွင်း ပြန်ထည့်လိုက်ပြီး ရသေ့ကြီးကို ရှိခိုးလိုက်ပါသည်။**

"လူလေး မှန်ပါတယ်၊ ဒီလောက် အန္တရာယ်တွေ့ကြုံခဲ့ရမှတော့ သတိဆိုတာ ပိုတယ်မရှိဘူးပေါ့ကွယ်၊ ဒါထက် လူလေး ဒီနေရာကို ဘယ်လိုရောက်လာတာလဲ၊ ဒကာကြီး ဖိုးနိုနဲ့ပတ်သက်ပြီး ရောက်လာတာလား"

ဒကာကြီး ဖိုးနိ ဆိုသည်မှာ ကျော်မောင်အဖေကို ဆိုလိုခြင်းဖြစ်ရာ ဤရသေ့ကြီးသည် နှင်းခါးတောင် ဘရသေ့နှင့် ပတ်သက်နေမည်မှာ အမှန်ပင် ဖြစ်ပါ၏။

"တင်ပါ့ဘုရား အဘဦးဖိုးနိရဲ့ သားနဲ့ လာခဲ့တာပါ ဘုရား"

"ဒါဆို လူလေးဟာ ဒီနေရာရဲ့ ရာဇဝင်ကို သိပြီးပြီပေါ့"

"မှန်ပါ၊ သိပြီးပါပြီ ဘုရား"

"အေး၊ ဒါဆို ဒီနေရာရဲ့ ရာဇဝင်ကို သိတာ ဒီလောကမှာ လူလေးနဲ့ တူပဲ ရှိတော့တယ်"

"ဒါဆို ဂျပန်ဗိုလ်ကြီးကရော"

"ဂျပန်ဗိုလ်ကြီးကလည်း ပူကြီးပြီ ကျတဲ့ ညမှာပဲ ကျားဆွဲခံလိုက်ရတယ်၊ ဒါကြောင့် ပြန်စဉ်းစားကြည့်မယ်ဆိုရင် ဒီအကြောင်းကို သိထားသူတွေ မှန်သမျှ အတွင်းသဘော မဖြူရင် ဇာတ်သိမ်းမလှကြဘူး၊ ဒါကြောင့် လူလေး ဒီအကြောင်းတွေကို နောက်ထပ် ဘယ်သူ့ကိုမှ မပြောပါနဲ့တော့၊

လူလေးလည်းကံထူးလို့ ဒီစေတီတော်ကို ဖူးခွင့်ရတယ်၊ ကျွန်ုပ်နဲ့ တွေ့ခွင့်ရတယ်လို့ သဘောထားလိုက်ဝါ၊ ရတနာတွေရဲ့ မူလပိုင်ရှင်တွေရယ်၊ ဒီနေရာရောက်အောင် ရှာဖွေနာတွေကို သယ်ခဲ့ကြတဲ့သူတွေရယ်၊ အတွက် ဒီစေတီကို တည်လိုက်တာပဲ၊ ဝံကယ်တော့ ဒီနေရာကို ရတနာတွေ ရောက်လာတာဟာ အကြောင်းမဲ့တော့မဟုတ်ဘူး၊' ပုဂ္ဂိုလ်တချို့ရဲ့ ဗျာဒိတ်တွေ ဆုတောင်းတွေကြောင့်ပေါ့။

ဒါတွေကို လူလေး နားလည်အောင် ရှင်းပြဖို့ မလွယ်ဘူးကွဲ့၊ အဲဒီတော့ လူလေး ဘုရားကန်တော့လိုက်ပါ၊ ပြီးရင် ဒီနေရာနဲ့ပတ်သက်သူတွေမှာ လူလေးရဲ့ သူငယ်ချင်းနှစ်ယောက်ရယ်၊ သတ္တဝါ အားလုံးရယ်တို့ကို **အမျှဝေလိုက်ပါ၊ ပြီးရင် လူလေးအတွက် အဓိက အကျဆုံး ဆုတစ်ဆုကို တောင်းလိုက်ပါ"**

ဟု မိန့်တော်မူသဖြင့် ကျွန်တော်၏ အလိုလားဆုံးဖြစ်သော နှလုံးစိတ်ဝမ်း၊ ကိုယ်ခန္ဓာတို့ မပင်ပန်းဘဲ

www.burmeseclassic.com

www.burmeseclassic.com

ပြီးပြည့်စုံဘဝဖြင့် အေးချမ်းစွာ နေထိုင်ပါရစေဟူသော ဆုကို တောင်းဆိုလိုက်ပါ၏။ ထို့နောက် ဦးသုံးကြိမ် ချလိုက်ပါ၏။

"ကဲ- လူလေး မိုးချုပ်တော့မယ်၊ ဒီကနေ့ည ကျွဲရဲ့ ကျောင်းကို လိုက်အိပ်ပါ" ဟု ဆိုပါသည်။

ထိုအချိန်၌ ကျောက်ခုံစွန်းတွင် မည်သည့်အချိန်က ရောက်နေမှန်း မသိပါ။ နေခင်းက ကျွန်တော်တွေ့ခဲ့ရသော ကျားသစ်ကြီးနှင့် မခြားသော ကျားသစ်ကြီး တစ်ကောင် ဝပ်နေပါသည်။ ကျွန်တော်ပေးဝေသော အမျှတို့ကို သာဓုခေါ်ဆိုနေသော ပုံစံပင် ဖြစ်ပါ၏။

"ဟုတ်တယ် လူလေး၊ နေ့လယ်က လူလေး တွေ့ခဲ့တာ သူပဲပေါ့၊ ဒီစေတီကိုရော ကျွဲဝံကိုရော စောင့်ရှောက်နေတာပေါ့၊ လူလေးရဲ့ အတွင်းစိတ်မှာ ဖြူစင်နေတာကို သိလို့ ရန်မမူခဲ့ဘာပေါ့၊ သူ့ကို ကြောက်စရာမလိုဘူး၊ ကျွဲဝံတို့ သွားကြစို့"

ဟုဆိုကာ ရသေ့ကြီးက ရှေ့မှ ထွက်ခွာသွားသဖြင့် ကျွန်တော်လည်း နောက်က လိုက်ခဲ့ရပါသည်။ ကျားသစ်ကြီးသည် အိမ်မွေး ခွေးလိမ္မာကဲ့သို့ ကျွန်တော်တို့နောက်မှ လိုက်လာသည်။

မှတ်မှတ်ရရ ယနေ့ည်သည် တပေါင်းညဖြစ်ပါ၍ လမင်းကြီးသည် ထိန်ထိန်သာလျက် ရှိပါ၏။ အဝေးတောင်ကြောဆီမှ ဥဩတွန်သံသဲ့သဲ့ ထွက်ပေါ်နေပါ၏။ တိတ်ဆိတ်ငြိမ်သက် အေးချမ်းလှသော တောကြီးမြက်မည်းအတွင်းမှ ညအလှသည်ကား ရှုမဝအောင်ရှိပါ၏။ ရသေ့၏ ကျောင်းသခင်မ်းသည် မြေပုံအညွှန်းတွင် မပါရှိပါ။ ထို့ကြောင့် ကျွန်တော်လည်း ဘယ်နေရာတွင်ရှိမည်နည်းဟု မခန့်မှန်းနိုင်ပါ။

ကျော်မောင် ဖခင် မဆုံးမီက -

'တစ်ခုံ ထူးဆန်းတာက ငါဟာ ရသေ့ကျောင်းမှာ သုံးနှစ် နေခဲ့တာတောင် ကျန်တဲ့နေရာတွေ အကုန်မှတ်ထားနိုင်ပြီး ဘရသေ့ကျောင်းကို မှတ်မရဘဲ အမြဲတမ်း မျက်စိလည်နေသလို အမျိုးမျိုး ပြောင်းလဲနေတယ်၊ ငါလည်း ဒီနေရာကို မှတ်မရလို့ သုံးနှစ် ကြာခဲ့တာပဲ' ဟု ပြောသွားခဲ့သည်ကို ကျော်မောင်မှ ပြန်ပြောပြခဲ့ပါသေးသည်။

ယခု ကျွန်တော်လည်း ထို့အတူပင် အမှတ် သင်္ကေတပြု၍ မရဘဲ ရှိမည်စိုး၍ ဘုရားပေါ်မှ ဆင်းလာချိန်ကို နာရီကြည့်၍ မှတ်သားထားလိုက်ပါသည်။ ၄၅ မိနစ်တိတိ ကြာမြင့်လျှင် ဘရသေ့၏ ဝါးကျောင်းကလေးသို့ ရောက်ရှိပါသည်။

ဝါးကျောင်းကလေးသည် တစ်ခန်း၊ နှစ်ခန်း လေ့ကားသုံးထစ်တက်မျှ သာရှိ၏။ ဘရသေ့ကြီးမှ ထုတ်တန်းတွင် ချိတ်ထားသော တောဌက်ပျော်သီးများကို စားစေပါသည်။ ကျွန်တော့် ကြမ်းအောက်တည့်တည့်တွင် ကျားသစ်ကြီး အိပ်ပါသည်။

"လူလေး ဒီကောင်ကြီးအတွက် ညရေးညတာမှာလည်း ပူစရာမလိုဘူး၊ သူက လူလေးတို့ စောင့်ရှောက်ပေးလိမ့်မယ်၊ တကယ်တော့ သူဟာ ဂျပန်ဗိုလ်ကြီးပဲကွဲ့၊ စိတ်ချလက်ချသာ အိပ်ပါလူလေး"

ထို့နောက် ဘရသေ့သည် ကျွန်တော့်ကို စကားမပြောတော့ပါ။ ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်းဖြင့်သာ ရှိနေပါသည်။

ကျွန်တော်သည် တစ်နေကုန် ပင်ပန်းနွမ်းနယ်ခဲ့ပြီ ဖြစ်ရကာ တစ်ခဏအတွင်း မျက်တောင်တို့ မှေးစင်းလာပါသည်။ စိတ်ချ လက်ချမအိပ်ခဲ့ရသော ညတို့ မျှားခဲ့ပြီဖြစ်ကာ ဤကျောင်းကလေးမှာ ကျွန်တော့်အတွက် လုံခြုံမှု ရှိသည်ဖြစ်၍ မကြာမီမှာပင် ကျွန်တော် အိပ်ပျော်သွားပါသည်။ တကယ် နှစ်နှစ်ခြိုက်ခြိုက်ပင် ဖြစ်ပါ၏။

ထူးဆန်းသော အိပ်မက် မြင်မက်ပါသေးသည်။ အိပ်မက်ထဲတွင် ပီချေးနှင့် ကျော်မောင်တို့သည် အောင်လမျူအေးစေတီတော်ရင်ပြင်တွင် တံမြက်စည်းလှည်းလျက် ရှိပါ၏။

ကျွန်တော် ညက တစ်ရေးမျှ မနိုးပါ။ တစ်ချိုးတည်းသာ မိုးလင်းသည်အထိ အိပ်မျော်ခဲ့ပါသည်။ ကျွန်တော် အိပ်ရာနိုးသောအခါ နေပင်အတန်ပင် မြင့်နေပြီ ဖြစ်ပါ၏။ ကျွန်တော် မျက်စိဖွင့်လိုက်သည်နှင့် ကျွန်တော် အံ့သြမဆုံး ဖြစ်ရပါသည်။ ကျွန်တော်သည် နှင်းခါးတောင် ဘရသေ့၏ ကျောင်းသခ်မ်းတွင် အိပ်နေခြင်း မဟုတ်သကဲ့သို့ ကျွန်တော့် အနားတွင် ဘရသေ့နှင့် ကျားသစ်ကြီး လည်း မရှိတော့ပါ။

ပို၍ထူးဆန်းသည်မှာ ဤနေရာသည် ရိုးမတောင်ခြေ ဇီးတောရွာအနီးရှိ ကျွန်တော်. ပီချေး၊ ကျော်မောင်နှင့် လှည်းသမားတို့ စခန်းချ အိပ်စက်ခဲ့သော နေရာပင် ဖြစ်နေပါ၏။

ထို့သို့ဆိုလျှင် ပြီးခဲ့သော အကြောင်းအရာတို့သည် အိပ်မက်များ ဖြစ်ခဲ့လေသလော။ အိပ်မက်တော့ မဟုတ်ပါ။ ပီချေးနှင့် ကျော်မောင်တို့ တကယ် ပျောက်ဆုံးနေပြီ ဖြစ်ပါ၏။ အိပ်မက်သာဖြစ်လျှင် ၎င်းတို့ကို ပြန်လည် တွေ့ရှိရမည် ဖြစ်ပါ၏။

ကျွန်တော် ယခုကြုံတွေ့ခဲ့ရသော အကြောင်းအရာတို့သည်ကား ယုံနိုင်ဖွယ်မရှိအောင် ဆန်းကြယ်လှပါ၏။ ကျွန်တော်သည် တစ်နာရီနီးပါးမျှ ထူးခြား ဆန်းကြယ်လွန်းလှသော ထို အကြောင်းအရာများကို ပြန်လည် သုံးသပ် တွေးတောရင်း မှင်သက်မိ၍ နေမိပါသည်။

ထို့နောက် ကျွန်တော်သည် ဤနေရာမှ ပြန်လည်ထွက်ခွာရန်သာ ရှိပါတော့၍ မတ်တတ်ရပ်လိုက်ပါသည်။ ကျွန်တော်ရောက်ရှိခဲ့ရာ တောင်စဉ်တောင်တန်းတို့သည်ကား အဝေးတွင် မှုန်ရီပြာမှိုင်းလျက် နွေဦးကာလ၏ မြူတို့ကြားဝယ် ခပ်ရေးရေးသာ မြင်တွေ့ရပါ၏။

●

www.burmeseclassic.com

အပြန်လမ်းသည်ကား ပျင်းရိခြောက်သွေ့လျက် ကျွန်တော်တစ်ဦးတည်းသာ ဖြစ်ပါ၏။ ရှာသို့ အပြန်လမ်းသည်ကား ကျွန်တော်သည် အိပ်မက်မှ နိုးထ လျှောက်လှမ်းလာသူကဲ့သို့ အဖြစ်အပျက်အားလုံးသည် ဇဝေဇဝါနှင့် မှုန်ဝါးရေးရေးသာ ရှိပါ၏။

ကျွန်တော်သည် ဝီချေးအမေ ဒေါ်လှကြည်နှင့် ဝီချေး၏ အစ်မများကို မည်သို့ ရှင်းပြရပါမည်နည်း။ ဝီချေးသည် ရဲတော်ဖြူဘဝတွင် ကျွန်တော့်သံယော ရဲဖြင့် ခြောက်နှစ်တိတိ လိုက်ပါနေထိုင်ခဲ့သော်လည်း ဘေးရန်ကင်းရှင်းစွာဖြင့် မိသားစုထံ ပြန်လည်ရောက်ရှိခဲ့ပါ၏။ ယခုတစ်ကြိမ်တွင်မူ (၀၅)ရက်တာမျှနှင့် သေဆုံးသွားခဲ့ရသဖြင့် ရေတိမ်နစ်ရလေခြင်း ဟူ၍ ရင်ထုမနာဖြစ်ရပါသည်။

ကျွန်တော့်မိသားစုကမူ ဘေးမသီ ရန်မခ ကျွန်တော် ပြန်ရောက်လာသည့်အတွက် ဝမ်းပန်းတသာကြိုဆိုနေကြပေလိမ့်မည်။ ထုံးစံအတိုင်း ဘယ်သွားခဲ့သလဲ၊ ဘာလုပ်ခဲ့သလဲဟု မေးကြမည် မဟုတ်ပါ။

ကျွန်တော့်ကို အိမ်မှာပင် ရှိနေစေချင်ကြပါမည်။ သို့သော် ကျွန်တော်သည် လွှတ်တော့ဘဝကို တင်းတိမ်အား **ရခြင်းမရှိသေးပါ။** သာမန်နိပ်ကျသော ဘဝအခြေသို့ **ရောက်ရှိရန် ကြိုးပမ်းနိုင်မည်သာ ဖြစ်ပါ၏။**

ထို့ကြောင့် ကျွန်တော်သည် **အထက်ပါ ဇာတ်လမ်းဖြစ်ပေါ်ပြီးသည်၏ နောက်တွင်လည်း** အကြိမ်ပေါင်း **များစွာ ခရီးထွက်ခွာခဲ့ပြီး** ကျွန်တော် **ရောက်လိုသော** ဘဝအခြေသို့ **ရောက်ရှိရန် ကြိုးပမ်းခဲ့ပါသေးသည်။**

မည်သို့ပင်ဖြစ်စေ ကျွန်တော်သည် **လွန်ခဲ့သော** နှစ်ပေါင်း(၂၀) ကျော်က **အောင်ဇမ္ဗူအေးစေတီတော်တွင်** တောင်းခဲ့သောဆုတို့ ယနေ့အချိန်၌ ပြည့်ဝခဲ့ပြီဟု ဆိုရပါမည်။ ကျွန်တော်သည် တစ်ချိန်က အောင်ဇမ္ဗူအေးစေတီတော်တွင် တောင်းခဲ့သည် ဆုအတိုင်း နှလုံးစိတ်ဝမ်း ကိုယ်ခန္ဓာ မပင်ပန်းဘဲ ပြီးပြည့်စုံသော ဘဝဖြင့် အေးချမ်းစွာ နေထိုင်ရပါစေဟူသော ဆုတောင်းအတိုင်း ကျွန်တော်ရောက်ရှိ၍ နေသည်မှာကား အံ့ဩဖွယ်ပင် ဖြစ်ပါသတည်း။

(အောင်ဇမ္ဗူအေး စေတီတည်နေရာမှာ မိုးကုတ်မြို့နယ် ကျောက်လှည်းဘီးကျေးရွာနှင့် မြသန္တာစစ်စခန်း၏ တောင်ဘက် မိုင်(၂၀)ခန့် မတ္တရာမြို့နယ် ကျောက်တံတားကျေးရွာ၏ အရှေ့မြောက်ထောင့် မိုင်(၃၀)ခန့်တွင် တည်ရှိ၍ ယနေ့အချိန်၌ ဘုရားဥုတ်တိုအဖြစ် ဖူးတွေ့နိုင်ကြောင်း ဒေသခံများမှ တစ်ဆင့် သိရှိရပါသည်။)

တိုတို(လွှော်ကူ)

အကြောပြင်ဆရာကြီး ဦးအေးထွန်း
(အကြောပြင်ပညာရှင်)

အကြောပြင်ပညာဆိုတာ ဝေဒနာခံစားနေရတဲ့ အကြောကို အားသုံးဖိနှိပ်ပြီး နာကျင်တဲ့ဝေဒနာအဖြစ် အာရုံပြောင်းကုသရတဲ့ပညာ မဟုတ်သလို မလိုအပ်ဘဲ ဆေးပူတွေလိမ်း၊ ပတ်တီးစည်းပြီး လူနာရဲ့စိတ်ကို လှည့်စားရတဲ့ပညာလည်း မဟုတ်ပါဘူး။ **ဝေဒနာရှင်ရဲ့ ခံစားရတဲ့ အကြောလေးတွေကို မနာကျင်စေဘဲ အချိန်တိုမိနစ်ပိုင်းအတွင်း သက်သာအောင် ပြုပြင်ပေးတဲ့ပညာ ဖြစ်ပါသည်။**

ကျွန်တော် ဒီနည်းတွေကို အသုံးချပြီး
- ခါးနာ၊ ဒူးနာ၊ ကျီးပေါင်းတက်၊ လက်ကိုက်၊ လက်ကပ်နဲ့ ထုံနာကျဉ်နာတွေကို (၁၅)မိနစ်အတွင်း၊
- အခြားအကြောရောဂါတွေကို မိနစ်ပိုင်းအတွင်း၊
- လေဖြတ်စ (၂၄ နာရီအတွင်း) လူနာတွေကို တစ်ပတ်အတွင်း ကောင်းအောင် **တူညီနေပါသည်။**
- လေဖြတ်ခံရပြီး ပုံမှန်ခြေ, လက် မလှုပ်ရှားနိုင်သူများအား အပြန်ဆုံးကောင်းမွန်အောင် **ပြုပြင်ပေးသည်။**
- ဝေဒနာကို ပျောက်ကင်းနိုင်ခြင်း ရှိ/မရှိ ပျောက်ကင်းမည့်အချိန်ကိုပါ **တစ်ပါတည်း** ခန့်မှန်းပေးပါမည်။

ဇတ္တုချိန် ➳ နံနက် (၉)နာရီမှ ညနေ (၅)နာရီအတွင်း

အမှတ် (၅၇)၊ (၄) လမ်း၊ မာလာမြို့၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
(ပါရမီလမ်းမကြီးနဲ့ ကျောချင်းကပ်လမ်း) **ဖုန်း** - ၀၉-၇၃၂၄၄၄၂ ၀၉-၂၅၀ ၁၅၄၇၅၁

www.burmeseclassic.com

www.burmeseclassic.com

တစ္ဦးတိုးဆရာကြီး

(ဇာတ်လမ်း)

"ဘယ်လိုလဲ ကြိုးစားလှချေလား ကျော်အေးရဲ့"

စိန်သောင်း၏စကားကို ကြားလိုက်ရသော ကျော်အေး၏ ခြေလှမ်းများတုံ့သွားသည်။ သူတို့နှစ်ဦးသည် တစ်ချိန်က ငယ်ပေါင်းများ ဖြစ်ခဲ့သည်။ ယခုနေအခါမှာတော့ ပြိုင်ဘက်များ ဖြစ်လာကြသည်။

သူတို့ နှစ်ဦးစလုံးသည် အသက် သုံးဆယ်ကျော်ရုံမျှ လူငယ်ပိုင်းတွင် ရှိနေသေးသော်လည်း သူတို့နှစ်ယောက်ထဲမှ တစ်ယောက်ကတော့ သူကြီးဖြစ်ရန် ကံကြမ္မာအကြောင်းဖန်လာခဲ့ပါသည်။

မူလ အကြောင်းရင်းခံကား သူတို့နေထိုင်ရာ ဆင်ဖြူရွာမှာ မကွေးခရိုင်အတွင်းဖြစ်သည်။ မြန်မာဘုရင် လက်ထက်ကတည်းကအစဉ်အဆက် အားဖြင့် သူကြီးဦးဖူးညို အုပ်ချုပ်ခဲ့သည်။ သို့ရာတွင် ဦးဖူးညိုတွင် အမွေဆက်ခံရန် သားထောက်သမီးခံလုံးဝ မရှိခဲ့ပါ။

သူကြီးဦးဖူးညို ကွယ်လွန်သွားသောအခါ သူကြီးခန့်ထားရန် အရေးပိုင်၊ နယ်ပိုင်နှင့် မြို့ပိုင်တို့ ဆင်ဖြူရွာသို့ ဆင်းလာကြသည်။ ရွာသားများ နှစ်သက်သူရှိလျှင် သူကြီး ခန့်ထားရန် ဖြစ်သည်။ သို့ရာတွင် ဆင်ဖြူရွာတွင် နှစ်ဦး ဖြစ်နေသည်။ ကျော်အေးနှင့် စိန်သောင်းတို့သည် ရပ်ရေး ရွာရေး စိတ်ဝင်စားသူများဖြစ်ပြီး မြို့ပေါ်ရှိ ကျောင်းတွင် အဝိုးရစစ် ခုနစ်တန်း အောင်မြင်ထားသူများ ဖြစ်ကြသည်။

လယ်ယွန်းမဂ္ဂဇင်း (စက်တင်ဘာလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

ရွာတွင် လက်ရှိ ကာလသား ခေါင်းများလည်း ဖြစ်ကြသည်။

ထိုခေတ်က အစိုးရစစ် ခုနစ် တန်းသည် ထိုက်သည့်အားလျော်စွာ လူရာဝင်သော ပညာရေးအဆင့်ဖြစ် သည်က တစ်ကြောင်း၊ ကာလသား ခေါင်းများ ဖြစ်သည့်အားလျော်စွာ သူအဖွဲ့နှင့်သူရှိသည်ကတစ်ကြောင်း၊ နှစ်ကြောင်း ပေါင်းသော် သူကြီး လောင်း နှစ်ယောက် ပေါ်ပေါက်လာတော့သည်။

ထိုသူကြီးလောင်း နှစ်ယောက် မှ တစ်ယောက်ကို ရွာသူ ရွာသား များ၏ လျှို့ဝှက်မဲစနစ်ဖြင့် ရွေးချယ် ရန် စီစဉ်ရပေတော့သည်။ ထိုစနစ် မျိုးကို ပြတိသျှအစိုးရခေတ်တွင် ကျင့် သုံးခဲ့သလို လွတ်လပ်ရေး ရပြီးစ ခေတ်တွင်လည်း ကျင့်သုံးကြသည်။

ထိုအကြောင်းကြောင့် ငယ် ပေါင်းနှစ်ယောက်မှ မြို့ဇာတ်ဘာဝ ရောက်လာရပေသည်။

သို့ရာတွင် ကျော်အေးမှာ နာမည်နှင့်လိုက်အောင် အေးဆေးသူ ဖြစ်သဖြင့် စိန်သောင်း၏ နှုတ်ဆက် အမေးကို တလေးတစား ဖြေကြားပါ သည်။

"ကြိုးစားတယ်တော့ မဟုတ် ပါဘူးကွာ၊ အရှေ့ပိုင်းက မြို့ဝင်ဆုရွာ မှာ အရိုးလေးမြရဲ့ယောကျ်ား ဦးဘိုး လှ နေမကောင်းဘူး ကြားလို့ လူမမာ အမေးသွားတာပါကွာ"

ထိုသို့ဖြေဆိုရင်း စိန်သောင်း ကို ကြည့်လိုက်သောအခါ သူ နဲ့ဘော်တွင် အသက်(၅၀) ခန့် လူကြီးတစ်ဦးအား တွေ့လိုက်ရသည်။

ခန္ဓာကိုယ်မှာ အနည်းငယ် ဝ၍ ဗိုက်ရွှဲပါသည်။ တောသားပီပီ ကွက်တုံးလုံချည်ကို ဝတ်ဆင်ထား ဆာလည်း အင်္ကျီမှာမူ ဖဲစနှင့်ခြယ် ထားပါသည်။

ရွှေကြယ်သီးများကို ရှည်လျား သော် ရွှေကြိုးနှင့်ဆက်ထားပြီး ကြိုး အဆုံးတွင် လက်သန်းနီးပါးခန့် ရှိပ် တပ်ဆင်ထားပါသည်။

www.burmeseclassic.com

ထူးခြား သိသာသည်မှာ ဘယ်ဘက်ပါးပေါ်မှ အနက်ရောင်အမှတ်ကြီးဖြစ်ပါသည်။

သူစိမ်း တစ်ယောက် ရှိနေသည်ဆိုသော အသိကြောင့် အတွင်းစကားမပြောဆိုဘဲ အလိုက်သင့်သာ ခပ်တိုတိုစကားဆိုပြီး လှည့်ထွက်ခဲ့ပါသည်။

စိန်သောင်းက ကျော်အေး နောက်ကျောမှကြည့်လျက် ကျန်နေရင်း နှုတ်ခမ်းတွန့်၍ ပြုံးလိုက်ပါသည်။ ထို့နောက် နံဘေးမှ လူကြီးကို အဓိပ္ပာယ်ပါပါ ကြည့်လိုက်ပါသည်။

ထိုလူကြီးကလည်း ပိုင်ပါတယ်ဆိုသော သဘောနှင့် လက်မထောင်ပြလိုက်ပါသည်။ ထို့နောက် ထိုလူကြီးသည် ကျော်အေး ဖြတ်လျှောက်သွားသော လမ်းပေါ်မှ ခြေရာကို ရှာပါသည်။ မြေလမ်းပေါ်တွင် ထင်ကျန်နေသော ခြေရာမှာ သာမန် အကွက်ကလေးမျှသာ ထင်ကျန်နေပါသည်။

ထိုလူကြီးက အိတ်ကပ်ထဲမှ နှစ်လက်မပတ်လည် လေးထောင့် အင်းကွက်ကလေးကို ထုတ်လိုက်ပါသည်။ အင်းကို ရှုမ်းစက္ကူခေါ် မိုင်းကိုင်စက္ကူတွင် ရေးသွားထားပါသည်။ အင်းရေးရာတွင်လည်း ခဲတံ (သို့) မင်တံကို မသုံးဘဲ ဝန်းပေါင်း၊ ဂမုန်းပေါင်းများကို ရေနှံဆိန်နှင့် ဖျော်ပြီး ကျပ်ခိုးနှင့်ရောကာ မင်ကဲ့သို့ သုံးပြီး ဆူးချွန်နှင့်ရေးသားခြင်းဖြစ်ပါသည်။

ထိုအင်းကို ဇကျော်အေး၏ ခြေရာပေါ် တင်လိုက်သည်။ ထို့နောက် သွားကြားထိုးတံသာသာရှိသော ဝါးချောင်းငယ်ဖြင့် ခြေရာကို စိုက်လိုက်ပါသည်။ ဝါးချောင်းငယ်နှင့် အင်းစာရွက်အား ဘူးရွက်တစ်ရွက်ဖြင့် အရွက်မှောက်လျက်အနေအထားဖြင့် ဖုံးအုပ်လိုက်ပါသည်။

ထိုခြေရာကောက် အစီအရင်အား ဆူခြောက်လုတစ်ဦးတစ်ယောက်က ပြုပြင် ဖျက်ဆီးမှု ရှိ၊ မရှိ သိရန် မလှမ်းမကမ်းမှ စောင့်ကြည့်နေကြပါသည်။

"ဆရာကြီး၊ အစီအရင်က ဘယ်တော့ အစွမ်းပြမှာလဲ"

စိန်သောင်းက စိတ်မရှည်စွာ မေးသည်။ ဆရာကြီး ဆိုသူက ယုံကြည်မှုအပြည့်နှင့် မာန်ဝင့်ကာ ပြန်ဖြေသည်။

"သုံးထားတဲ့အင်းက ဘူးမည်ပြူးအင်းလို့ခေါ်တယ်၊ ဘူးရွက်မည်ပြူးခင် အစွမ်းပြပါလိမ့်မယ်"

ထိုအစီအရင်မှာ တကယ်ပင် အစွမ်းပြခဲ့ပါသည်။ မြို့ငါသာရွာနှင့် ဆင်ဖြူရွာအကြား လူသွားလမ်းပေါ်တွင် ထနောင်းညိနောင်ဟုခေါ်သော ထနောင်းပင်ကြီး နှစ်ပင်ရှိပါသည်။

မောင်ကျော်အေးသည် မြို့ငါသာရွာတွင် လူမမာမေးပြီး အပြန် ထနောင်းညိနောင် အရောက်တွင် မြေပေါ်မှောက်လျက် ဘိုင်းခနဲ လဲခဲ့ပါသည်။

သူ့အား တွေ့ရှိခဲ့သူတို့ အဆိုအရ ရင်ဘတ်နှင့် မျက်နှာတွင် ဖူးရောင်နေသော ဒဏ်ရာများဖြင့် သတိလစ်နေပါသည်။ ကြိုးစားပမ်းစားနှင့် မြို့ဆေးရုံသို့ သွားပို့သော်လည်း အသက်မမီတော့ပါ။

နောက်တစ်နေ့ မဲပေးပွဲတွင် မောင်ကျော်အေးအား စောင့်ဆိုင်းခဲ့သော်လည်း မောင်ကျော်အေး လုံးဝ ရောက်မလာသဖြင့် စိန်သောင်းသာ ပြိုင်ဘက်မရှိ သူကြီးတင်မြောက်ခြင်း ခံရပါသည်။

မောင်ကျော်အေးက အေးဆေးသလောက် စိန်သောင်းမှာ ရှစ်စပ်က လည်ပါသည်။ ကျော်အေးအား မည်သို့ အနိုင်ယူရမည်ကို စဉ်းစားနေစဉ် အောက်လမ်းဆရာမှတ်ကြီးနှင့် ဆုံတွေ့ခဲ့ရသည်။ ယခုအခါ ဆရာမှတ်ကြီးကူညီမှုဖြင့် တစ်သက်တာသူကြီး ဖြစ်ခဲ့ပေပြီ။ စိန်သောင်း တစ်ယောက် ဝမ်းသာလို့ မဆုံးတော့ပါ။

ထို့အတူ ဆရာမှတ်ကြီးသည်လည်း ကျိတ်၍ ပြုံးမိပါသည်။

အကြောင်းတစ်ရပ်မှာ သူ၏ လက်ချက်မှန်း ဘယ်သူမျှ မသိကြ။ ရိုးအသော ရွာသူ၊ ရွာသားများက မောင်ကျော်အေးအား ထနောင်းပင်သရဲ ရိုက်သည်၊ ကျောကုန်းတွင် လက်ဝါးရာကြီးနှင့်သေသည် စသည်ဖြင့် တစ်ယောက်တစ်ပေါက် ပြောဆိုနေကြပါသည်။ တဖြည်းဖြည်းတော့ သူ့အကြောင်း သိလာရပေမည်။

နောက်ထပ် အကြောင်းမှာ စိန်သောင်းတစ်ယောက် သူ့အပေါ်တွင် တစ်သက်တာ ကျေးဇူးကြွေးတင်ပေတော့မည်။

စိန်သောင်းကဲ့သို့ ကျေးဇူးကြွေးတင်သူများလည်း မနည်းတော့ပေ။ သူတို့အားလုံးမှာ သူလိုရာ ကြိုးဆွဲနိုင်သော ရုပ်သေးရုပ်များ ဖြစ်လာပေတော့သည်။

အနေချောင် အစားချောင် ရုံမက် အရက်ကောင်းကောင်းပါ

www.burmeseclassic.com

သောက်ရပေတော့မည်။ ဆရာမှတ်ကြီးသည် တောအရက်၊ အရက်ပြုန့် ထန်းရည်တို့ကို လုံးဝမသောက်ပါ။ အရက်နီဟူခေါ်သော ဘရန်ဒီ၊ ဝီစကီနှင့် ရမ်တို့ကိုသာ ကြိုက်ပါသည်။

စင်စစ် ဆရာမှတ်ကြီးဖြစ်လာမည့် မောင်မှတ်ကြီးမှာ နိုးသားသည့် တောင်သူလယ်သမား မိဘနှစ်ပါးမှ ဖွားမြင်ခဲ့ပါသည်။ ငယ်ငယ်ကတည်းက ပါးပေါ်တွင် အမှတ်ပါးအဖြင့် မောင်မှတ်ကြီးဟု နေမိတ္တက နာမည်ပေးခဲ့ကြပါသည်။

ထူးခြားသည်မှာ သူသည် မိဘများ၏ချို့တဲ့သော ဘဝကို မနှစ်မြို့ အားမရပါ။ ငယ်စဉ်ကတည်းက ချမ်းသာလိုစိတ် သန်စွမ်းခဲ့ပါသည်။

မောင်မှတ်ကြီး လူမှန်း သိတတ်စက သူဌေးဦးအောင်ဆွေအိမ်ရောက်ရှိခဲ့သောအခါ ချမ်းသာလိုစိတ် ပို၍ ပြင်းထန်လာပါသည်။

ထိုအချိန်က သူဌေးများသည် သူတို့ ဥစ္စာဓနကို ကာကွယ်သော အားဖြင့် လူတိုင်းကို အိမ်ထဲ အဝင် မခံပါ။ ဖခင်ဦးခင်မောင်၏ နိုးသားမှု ကြောင့်သာ အိမ်ထဲ ဝင်ခွင့်ရခဲ့ခြင်း ဖြစ်ပါသည်။

သူဌေး၏တိုက်ကြီးမှာ အလွန် ခမ်းနားလှသဖြင့် ရောက်လာသူတိုင်း အံ့ဩငေးမောရပါသည်။

မောင်မှတ်ကြီးကတော့ ထူးထူးကဲဇ္ဈေးရနေပါသည်။ သူက အံ့ဩငေးမောစရာမဟုတ်၊ ပိုင်ဆိုင်ရမည့်အရာသာ ဖြစ်မည်ဟု ခံယူထားလိုက်ပါသည်။

သူဖခင်ကြီး ပြောပြချက်အရ ဦးအောင်ဆွေသည် အရာရှိများနှင့် အတူ တင်းနစ်ကစားရန် အလှည့်စောင့်ရသည်ကို စိတ်မရှည်သဖြင့် ကိုယ်ပိုင်ကွင်းတစ်ကွင်း ချက်ချင်းတည်ဆောက်ကြောင်း သိရပါသည်။ မှတ်ကြီး အားအကျဆုံးလူမှာ သူဌေးဦးအောင်ဆွေပင် ဖြစ်သည်။

ကျောင်းနေသော ကာလတွင် ပညာကောင်းကောင်း မသင်ခဲ့ပါ။ သူဌေးဖြစ်ချင်စိတ်ဆာ လွန်ကဲနေပါသည်။ သူဌေးဖြစ်ရန်အတွက် ပညာတတ်ရန် မလိုဟု ယူဆပါသည်။

ထို့ကြောင့် လူပျိုပေါက်ဖြစ်လာသောအခါ သူတွင် ပညာအရည်အချင်းက မရှိသဖြင့် စာရေးစာချီ မဖြစ်နိုင်။ လယ်လုပ်ငန်းလည်း စိတ်မဝင်စားသဖြင့် မကျွမ်းကျင်၊ မိဘတွင် အရင်းအနှီးမရှိသဖြင့် သူဌေးဖြစ်ရေး ကွာဝေးနေပါသည်။ တစ်စ တစ်စ လက်ကြောမတင်းသော လူပို တစ်ယောက် ဖြစ်မှန်းမသိ ဖြစ်လာပါသည်။

သို့ရာတွင် မှတ်ကြီးတွင် မခံချင်စိတ် ရှိသည်။ အပေါင်းအသင်းနှင့် အဆက်အသွယ်ကောင်းသည်။ ယောနယ်အတွင်း သစ်သွားဆွဲမည့် လူများနှင့်အဆက်အသွယ်ရ၍ မြက်မြက်ကလေးရရန်လိုက်သွားပါသည်။

ရွာမှ လူများက တောနက်ထဲ သွားလျှင် ဒုက်မိမည်ဟု ပြောကာတားကြ၏။ ဒုက်မိသည် ဆိုရာမှာ ပုံသန်းသော ဒုက်ကို ဖမ်းမိခြင်း မဟုတ်ပါ။ဒုက်ဖျားရောဂါကို သေလုမြောပါး ခံစားရမည်ဟုဆိုလိုပါသည်။ သို့ရာတွင် မှတ်ကြီးကတော့ တစ်ရွာမပြောင်း သူကောင်းမဖြစ် ဟုဆို၍ တားမြစ်မှုကို လက်မခံခဲ့ပါ။

ယောနယ်အတွင်းတွင် သစ်လုပ်ငန်းသည် တရားဝင်ရော၊ တရားမဝင်ပါ ရောနေသဖြင့် မြိုးမြိုးမြက်မြက် ရပါသည်။ သစ်ပေါ်သောအရပ်ဖြစ်သဖြင့် သစ်လုံးကြီးများဖြင့် အိမ်ဆောက်ကြပါသည်။

ကျားသတ္တဝါကို ကြောက်ရသဖြင့် ခြေတံရှည်အိမ်များ ဆောက်ကြပါသည်။ အတက်အဆင်း လှေကားကိုလည်း အရှင်ထား၍ ညအခါတွင် ဆွဲတင်ထားကြပါသည်။

မှတ်ကြီးတို့ လူစုသည် တောထဲမှ သစ်လုံးများကို စို့ပေါက်များ ဖောက်၍ အိမ်ဟောင်းမှ သစ်ပုံစံ ပြောင်းလဲ၍ ထုတ်ယူကြပါသည်။ ယောနယ်ကျော်လျှင် ဈေးကောင်းရပါသည်။

မည်သို့ဖြစ်သေ မှတ်ကြီးက တစ်သက်လုံး သစ်ခုတ်၊ လွှဲဆွဲလုပ်ရန် စိတ်ကူးမရှိပါ။ လယ်ယာလည်း မလုပ်၊ သစ်လည်းမခုတ်သော ပေါ်ကြော့နေထိုင်သူ တစ်ဦးကို တွေ့ခဲ့ပါသည်။ သူကား အောက်လမ်းဆရာဦးတင်လင်း ဖြစ်ပါသည်။

သူ့အား လူအများ ကြောက်ရွံ့သဖြင့် ဆက်ကြေး ပေးထားရပါသည်။ မနှအင်အား ကောင်းလာသောအခါ မယားငယ်ငယ်ချောချောကိုပင် ထပ်ယူခဲ့သေးသည်။ သူလုပ်ရပ်ကို မည်သူမျှ မဝေဖန်ခဲ့ပါ။

မှတ်ကြီးဘဝ၏ လိုအပ်ချက်မှာ ဆရာတင်လင်းဖြစ်သည်။

ထို့ကြောင့် ဆရာတင်လင်း၏ အနွေဝါသီကအတွင်းနေ တပည့်ခံငြင်း

www.burmeseclassic.com

www.burmeseclassic.com

အဖြစ် ခံယူပြီး ပညာသင်ပါတော့သည်။ အခြားလူများ သစ်ခုတ်ရာသီအပြီး ပြန်ရောက်လာကြသော်လည်း မှတ်ကြီး ပြန်မလာခဲ့ပါ။

မှတ်ကြီး ပြန်လာသောအခါ ဆရာမှတ်ကြီး ဖြစ်လာပေပြီ။ တစ်ရွာတည်းတွင် အမြဲမနေဘဲ ရွာစဉ်လှည့်၍ ပယောဂ ကုသည်။ အဆောင်လက်ဖွဲ့များ ပေးဝေသည်။ ထိုက်သည့်အားလျော်စွာ ဝင်ငွေကောင်းလာပါသည်။ သို့သော် မကျေနပ်သေးပါ။

သူ့ဆရာ၏ စကားကို အစဉ်နားထဲမှာ ကြားယောင်နေပါသည်။

'တချို့လူတွေက တစ္ဆေဝါးဆိုတာ လူသေ အလောင်းကို မီးသင်္ဂြိုဟ်ရင် သုံးတဲ့ ထိုးဝါးကို ခေါ်တယ်လို့ ထင်နေကြတယ်၊ တကယ်တော့ တစ္ဆေဝါးဆိုတာ သီးသန့်စိရင်ရတယ်၊ လူတစ်ရပ်လောက် ဝါးတစ်လုံးရရင် လက်သန်းလောက် တုတ်ချောင်းလေးတွေရအောင် ခွဲပြီးသုံးရတယ်၊ တစ်ခါစိရင်ပြီးရင် တစ်သက်စာ ဖူလုံရောပဲ'

ထိုစကားကြောင့် တစ္ဆေဝါး စိရင်ရန် အမြဲကြံစည်နေမိပါသည်။

ပြဿနာမှာ ကာယကံရှင်များအား အမှန်ပြော၍ မဖြစ်ချေ။ နည်းပရိယာယ် ဆင်ရပေမည်။

တစ်နေ့သော် ထိုအကြံအစည် အောင်မြင်ရန် အကြောင်းဖန်လာပါသည်။

အောက်လမ်း ဆရာတို့၏ ပထမအဆင့် သင်ခန်းစာမှာ စိပ်ပုတီးတချောက်ချောက်ဖြင့် အထက်ဂိုဏ်းဆရာလိုလို၊ ယောဂီလိုလို မြေလျှောက်ဝန္ဒာရီလှည့်သည့် ဝိဇ္ဇာလိုလို သူတော်ကောင်းပုံ ဖမ်းခြင်းဖြစ်ပေသည်။

ပယောဂ ကုဆည် ဆိုရာ၌လည်း သူတို့စနက်ကို သူတို့ ပြန်ယင်ခြင်းသာ ဖြစ်ပေသည်။ မှတ်ကြီးသည် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု အပြည့်ရှိပြီး မှင်မောင်းလည်း ကောင်းလှသဖြင့် ဆင်တဲရွာမှ ဦးဖိုးမှန်၏ လေးစား အထင်ကြီးခြင်း ခံရပေသည်။

ဦးဖိုးမှန်တို့ ဇနီးမောင်နှံတွင် ချောစုထွေး ခေါ်သော သမီး မိန်းကလေး တစ်ဦးသာရှိသည်။ သားယောကျ်ားမဟုတ်သော်လည်း သမီးက ချက်ချက်ချာချာရှိသည်။အသက် အရွယ်ကြီးပြီဖြစ်သော မိဘများကို အနားပေး၍ သူမက သူရင်းငှားများခေါ်ကာ လယ်လုပ်ငန်းကို ဦးစီးတော့သည်။ လူတိုင်းက သားသမီးရ ကံကောင်းသည်ဟု ရပ်ရွာက ထောမနာပြုကြသည်။

တစ်နေ့ ဦးဖိုးမှန်တို့ လင်မယား ကံဆိုးမိုးမှောင်ကျတော့သည်။ ဆရာမှတ်ကြီးအတွက်တော့ ကံဇာတာတက်ဖို့ ဖန်လာပေတော့သည်။ အကြောင်းမှာ ချောစုထွေး လယ်ကွင်းထဲတွင် ပိုးထိခြင်း ဖြစ်သည်။ ပိုးထိသည်ဆိုသော အရပ်စကားမှာ မြွေပွေးကိုက်ခြင်း ဖြစ်ပေသည်။

ထိုစဉ်က ပိုးထိလျှင် လူနာအား ငြိမ်သက်စွာ ထား၍ အနာအထက်မှ ကြိုးစည်းကာ အဆိပ်များ ဖောက်ထုတ်သောစနစ်နှင့် ကုသကြပါသည်။ သို့ရာတွင် ချောစုထွေးမှာ စိတ်လှုပ်ရှားလွန်း၍ လျှောက်ပြေးသဖြင့် အဆိပ်များ ခန္ဓာကိုယ်တစ်ခုလုံး ပျံ့နှံ့သွားပါသည်။ ဆေးဆရာပင့်၍ကုသော်လည်း အသက်မရှင်နိုင်တော့ပါ။

ဦးဖိုးမှန်တို့က သူတို့အားကိုးသော ဆရာမှတ်ကြီးအား မချိတင်ကဲပြောပြကြပါသည်။

နဂိုကတည်းက အကြံသမားမှတ်ကြီးအတွက် အကွက်ဆိုက်ပေပြီ။ သူက ချောစုထွေးသည် လိမ္မာရေးခြားရှိပြီး နာမည်နှင့် လိုက်အောင် ချောမောသည့်ပြင် စီးပွားရေးကောင်းသောကြောင့် မလိုသူများက ဆရာနှင့်ပင်း၍ တိုက်မြွေဖြင့် အသေသတ်ကြောင်း၊ မိသားစုလည်း ကံဇာတာနိမ့်နေကြောင်း ပြော၍ လိုအပ်သလို စီရင်ပေးမည်ဟု ခြိမ်းခြောက်ခြင်း တစ်ဖက်၊ နှစ်သိမ့်ခြင်း တစ်ဖက် စကားလက်နက် သုံးမေတော့သည်။

ဦးဖိုးမှန်တို့ လင်မယားကလည်း ဆရာမှတ်ကြီးသဘောအတိုင်း ဆောင်ရွက်စေပါသည်။

ရပ်ဝေးလေ့ ရွာဝေးလေ့အားလျော်စွာ အလောင်းကို စင်တစ်ခုဆောက်၍ တင်ထားသည်။ ဧည့်သည်များ ရောက်လာ၍ အသုဘရှုကြပါသည်။

ဆရာမှတ်ကြီးက ချောစုထွေး အရပ်နှင့် ညီသည့် ဝါးလုံးတစ်လုံးကို စင်အောက်တွင် ထားလိုက်သည်။ အညာဒေသတွင် ဆောင်းကာလသည် ချမ်းအေးသဖြင့် ဆွေမျိုးစုံရန် တစ်ညအိပ် ထားလိုက်သည်။

နောက်တစ်နေ့ အံ့သဘို့သောအခါ ထွက်သွားမည့် ခြံတံခါးတွင် ဝါးလုံးကို ကန့်လန့်ထားပြီးမှ အလောင်းကို ကျော်ထုတ်သွားစေသည်။ ထို့နောက် အလောင်းနှင့် ယှဉ်

www.burmeseclassic.com

www.burmeseclassic.com

တွဲ၍ ဝါးလုံးကို ယူသွားရပါသည်။ သခ္ခိုင်းကုန်းတွင် သရဏဂုံတင်၍ မြေမြှုပ်ပြီးသောအခါ ထိုဝါးကို မြေပုံပေါ်တွင် တင်ထားခဲ့ရပါသည်။ ညသန်းခေါင်ယံရောက်မှ သွား၍ယူရမည် ဖြစ်ပါသည်။

ထိုည သန်းခေါင်ယံအချိန်တွင် ဆရာမှတ်ကြီး တစ်ယောက်တည်းသခ္ခိုင်းကုန်းသို့သွားခဲ့ပါသည်။ တိတ်ဆိတ်သော ညတွင် ဆွဲဆွဲငင်ငင် အော်မြည်သော ခွေးအူသံက သတိကောင်းသော ဆရာမှတ်ကြီးပင် ကြက်သီးမွေးညင်းများ ထသွားပါသည်။ နေ့လယ်က သူထားခဲ့သော ဝါးလုံးကို အသစ်စက်စက်မြေပုံပေါ်တွင်အခြေအနေမပျက်တွေ့ရသည်။

ထိုအခိုက်တွင် လေတိုက်လာသဖြင့် သခ္ခိုင်းဇရပ်မှ အုတ်ပြားများ တဝုန်းဝုန်း တဒိုင်းဒိုင်း မြည်ဟီးလာပါသည်။ ခွေးအူသံများကလည်း ပို၍ ပို၍ ဆူညံလာပါသည်။ မှတ်ကြီးက ဆရာတင်လင်းစကားကို သတိရလာပါသည်။

'ဝါးလုံးယူတဲ့အခါ မကြောက်နဲ့၊ ဆတ်ခနဲ ဆွဲယူ၊ တောင်းလည်း မပေးနဲ့၊ လိုက်လုရင် ထွက်ပြေး၊ နောက်လှည့်မကြည့်နဲ့'

မှတ်ကြီးက မြေပုံပေါ်မှ ဝါးလုံးကို ကောက်ယူလိုက်သည်။ တဟီးဟီးအော်မြည်သံကြီးက ချောက်ချားဖွယ်ရာပေါ် ထွက်လာသည်။ လူသေကောင်များ၏ ညှိစိုစို့အနံ့ကြီးမှာ သိသိသာသာ ခံစားရလာသည်။

"ဂီး..ဂီး..ဂီး"

ငှက်ဆိုးထိုးသံများ ကောင်းကင်ယံဝယ် ဆူညံသွားပါသည်။ နားမထောင်အားပါ။ မစဉ်းစားအားပါ။ ဆရာမှာသည့်အတိုင်း နောက်လှည့်မကြည့်ဘဲ တစ်ဟုန်ထိုး ပြေးတော့သည်။ နောက်မှ တဗုန်းဗုန်း ခြေသံများ ထက်ကြပ်မကွာ ပါလာပါသည်။ ရွာစည်းရိုးနားရောက်မှ ထိုအသံများ ပျောက်သွားသည်။

နှလုံးကွဲထွက်မတတ် မောပန်းလှသဖြင့် ထိုင်ကာ အနားယူပါသည်။ အရှေ့ဆီမှ ရောင်နီပေါ်သောအခါမှ ရွာထဲဝင်ခဲ့ပါသည်။ ဆရာမှတ်ကြီးပြုံးလိုက်သည်။ တစုံးဝါးကို ရပြီ ဖြစ်သဖြင့် တစုံးဝါးဆရာကြီး ဖြစ်လာပေပြီ။

ထိုနေ့မှစ၍ မှတ်ကြီး၏ ဘဝမျှော်မှန်းချက်များ အောင်မြင်လာပါသည်။ စိန်သောင်းကဲ့သို့ အပြိုင်အဆိုင်ကိစ္စများ ဆောင်ရွက်ပေးခြင်းဖြင့် ငွေကြေးများများစားရသလို လူအများတလည်း ကြောက်ရွံ့လေးစားလာပါသည်။

တစ်ယောက်စကား တစ်ယောက်နားဆိုသလို သတင်းပြန့်သွားသောအခါ ဓမ္မောင်းမှုဖြင့် စီးပွားရှာသူများ ချဉ်းကပ်လာကြသည်။ တစ်ကြိမ်၊ နှစ်ကြိမ်ဆောင်ရွက်ပေးပြီးလျှင် သူတို့သည် 'ဆရာမှတ်ကြီး၏ ရာသက်မန်တပည့်များ ဖြစ်သွားပါသည်။ ထိုအခါ ငွေရေး ကြေးရေး မပူပင်ရတော့ချေ။ စိတ်တိုင်းကျသုံးစွဲနိုင်ပေပြီ။ ရွှေထည်ပစ္စည်းများနှင့် ဟန်ရေး အပြကောင်းသဖြင့် မယားနှစ်ယောက်ပင် ယူလိုက်နိုင်သေးသည်။

မည်သို့ပင်ဖြစ်စေ မှတ်ကြီးအစွဲလမ်းဆုံးမှာ အရုက်ဖြစ်သည်။ သူဘဝအခြေအနေကလည်း အရုက်အကောင်းစားများကို စိတ်တိုင်းကျသောက်နိုင်ပြီ ဖြစ်သည်။

အမှန်စင်စစ် သူ့ဘဝတွင် အကုသိုလ်အစိုင်အခဲကြီးလှပါသည်။ အောက်လမ်းပညာသည် အပါယ်လားရာလမ်းကြောင်းဖြစ်သည့် အားလျော်စွာ မောင်ကျော်အေးလို လူကောင်းများကိုဒုက္ခပေးပြီး မသူတော်များ၊ ဝိသမလောဘသမ်းများကို ကူညီနေရပါသည်။

အတိတ်ဘဝက ကုသိုလ်ကံအကျိုးပေးကြောင့် ချမ်းသာလာခဲ့သော်လည်း လတ်ရှိဘဝ၏ မကောင်းမှုကံများကလည်း မနေပါ။ ဘဝမခြားဘဲ ဒုက္ခပေးပါသည်။

ဆရာမှတ်ကြီး ကိုယ်ပျက်လာသည်။ တစ်နည်းဆိုသော် ကိုယ်ရေပြားရောဂါ ဟိုတစ်ကွက် ဒီတစ်ကွက် ဖြစ်လာသည်။ သို့ရာတွင် သူအကုသိုလ်များကို သတိမမူခဲ့ပါ။ ဟိုဆေးလိမ်း ဒီဆေးသောက်နှင့် နေခဲ့ပါသည်။

အရေပြားရောဂါနှင့် မတည့်သော အမဲသားနှင့်အရက်ကို မရှောင်ခဲ့ပါ။ ဒီအတောအတွင်း အပျိုစင် နုနုထွတ်ထွတ် မိန်းတလေးတစ်ဦးအားလည်း တတိယမြောက် မယားအဖြစ် သိမ်းသွင်းနိုင်ခဲ့ပါသည်။

တစ်နေ့ ထိုမယားငယ်အိမ်မှ အပြန် အရက်ကလေးထွေထွေဖြင့် လမ်းလျှောက်လာရင်း ခလုတ်မတိုက်ဘဲ ဝိုင်းခနဲ လဲသွားပါသည်။ ရုတ်တရက် ပြန်ထ၍ မရပါ။ အတော်ကြာမှ ကူညီသူများ ရောက်လာပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာ၊ ရင်ဘတ်နှင့် ဝမ်းဗိုက်တွင် ဖူးဖူးရောင်သော အနာများ မြင်မကောင်းအောင် တွေ့ရပါသည်။ ဆေးဝါးကုသသော်လည်း မသက်သာဘဲ အနာများမှ သွေး၊ ပြည်နှင့် သားငံရည်များ တစက်စက် ကျလာပါသည်။

ခန္ဓာကိုယ်မှလည်း မသတိစရာ ပုပ်ဟောင်သော အနံ့ဆိုးကြီး ထွက်လာပါသည်။ ထိုအခြေအနေမျိုးတွင် ဆေးဆရာများကလည်း လက်လျှော့သွားကြပါသည်။

သူသိမ်းပိုက်ခဲ့သော မယားများသည်လည်း မချစ်ဘဲ အောင့်ကာနမ်းခဲ့ရသူများ ဖြစ်သဖြင့် လက်ရှိအခြေအနေတွင် လုံးဝ မကြည်ဖြူတော့ပါ။

ကောင်းစားစဉ်က ရုပ်သေးရုပ်လုံး ကြိုးဆွဲ၍ ရခဲ့သော သူ၏ တပည့်များကလည်း ဆရာမှတ်ကြီးနှင့် ပတ်သက်သည်ကို လူသိမခံလို ကြခေါ့။

ရွှေသူ ရွာသားများကလည်း စက်ဆုပ်ရွံရှာစရာရောဂါဆိုး ကူးစက်မည်စိုးသဖြင့် သူ့အား ရွာပြင်ရှိ တဲအိုပျက်တစ်လုံးတွင် သွားထားလိုက်ကြသည်။

အနာများက ထွက်သောအနံ့မှာ ဆိုးသည်ထက်ဆိုးသဖြင့် တဲနားသို့ လူများ မလာတော့ချေ။

စားစရာ မရှိ၊ သောက်စရာ ရေအိုးတစ်လုံးသာ ရှိသည်။

လာရောက် ကူညီမည့်လူများကို မျှော်သော်လည်း ယင်မမည်းရိုင်းကြီးများသာ တဝုန်းဝုန်း တဖြုန်းဖြုန်း ရောက်လာကြသည်။

ဝေဒနာဆိုးကြီးအား ခုနစ်ရက်ကြာ မချိမဆံ့ခံစားပြီးမှ အသက်ကုန်ရပေတော့သည်။

မှတ်ချက်

စာရေးသူအား တစ်ဦးဝါး အစီအရင် အကြောင်း ရှင်းပြပေးသူမှာ ပခုက္ကူမြို့မှ ပန်းပဲဆရာကြီး ဦးထွန်းရှင် ဖြစ်ပါသည်။ ဘူးမည်းအင်းကိုမူ သူထံမှ မရရှိခဲ့ပါ။

တော်မြင့်(ဒုက္ခများ)

❑

✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွေးကြယ်ပွင့်ဆု (ကိုနီဗာ - ၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆု ရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ဝါရင် - ၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ် - ၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန် - ၂၀၁၄) နှင့် Certificate ရ

ကြော်ငြာဘွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၀၁၇/၀၃၀၅

ဗျံ-၅-ကောင်
အမှတ်တံဆိပ်

သွေးခဲျ-ဆီးခဲျကျဆေးနှင့်
သွေးတိုးကျဆေးကို

တစ်ပြည်လုံးသို့
ဖြန့်ချိလိုက်ပါပြီ။

ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)
ဗျံ-၅-ကောင် တိုင်းရင်းဆေးခန်း အမှတ်-၁၂၊ ၄၂ လမ်း၊ ပိုလ်တလောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၇၀၁၇၆၊ ၃၉၂၅၂၄

www.burmeseclassic.com

www.burmeseclassic.com

အမြင်မှားဝိသည်ကပင်
ခပ်ကောင်းကောင်း

တင့်ထူး(ရေယျဝတီ)

ကြရသဖြင့် နွားများမှာ ဗိုက်ပြည့်လာပြီး ကျောင်းသွားသည့် နေရာမှာပင် မစင်စွန့်ခဲ့ကြလေသည်။ မစင် စွန့်ကြပြီဆိုလျှင် ဗိုက်အလွန် ပြည့်ကြပြီဖြစ်၍ အိမ်သို့ ပြန်ဆွဲ၍ မောင်းပြန်ရလေသည်။ ထိုသို့ဖြင့် နံနက်ပိုင်း တစ်ကြိမ်၊ ညနေပိုင်း တစ်ကြိမ် မြက်များရှိရာ နေရာသို့ မောင်းသွားပြီး စီးကြောင်းတိုက်လျှင် နွားများ အစာဝလင်လင်

စားသောက်နိုင်ကြကာ တစ်မိုးထွင်းလုံး လယ်ထဲတွင် ကုန်းခွန်းလုပ်ကိုင်ပေးခဲ့ကြရ၍ ပိန်နေသော နွားတို့မှာ ထွန်တုံးပိတ်ပြီး နားနေချိန်၌ အစာဝဝလင်လင် စားနိုင်အောင် နွားရှင်က ဝရုတစိုက် ကျောင်းပေးခြင်းဖြင့် ဝလင်ကာ အားအင်ပြန်လည်ပြည့်ဖြိုးလာကြတော့သည်။

"အေးကွာ၊ ငါလည်း မင်းလိုပဲ ငါ့နွားတွေကို စီးကြောင်းတိုက်ပြီး ကျောင်းပေးမှပဲကွ၊ မြက်ရိတ်ကွေးနေရတာ တို့ရေရှားရေနဲ့ မြက်ရိတ်ရတာလည်း သူသူကိုယ်ကိုယ် ရိတ်ကွေးနေကြတော့ ရှားလှသကွာ၊ မြက်တစ်ထမ်းရဖို့ အဝေးကြီးသွားရိတ်ရတယ်၊ ပြီးတော့ အိမ်အရောက် ထမ်းသယ်ယူရတာလည်း ပင်ပန်းလှတယ်ကွာ"

ထွေးအောင်နှင့် ပေါက်စကြီးက တော့ နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ်

မိုးနှောင်းကာလသို့ ရောက်လာလျှင် လယ်ယာစိုက်ပျိုးလုပ်ကိုင်သူတို့ ထွန်တုံးပိတ်သိမ်းခဲ့ကြပြီဖြစ်၍ လူရော၊ ကျွဲနွားများပါ အနားရကြလေသည်။

"ဟေ့. . . ထွေးအောင်၊ မင်း ဒီမနက် လယ်ထဲကို မြက်ရိတ်မထွက်ဘူးလားကွ"

"မထွက်ဘူး ပေါက်စရေ၊ နွားတွေကို မြက်ရိတ်ကွေးရတာ မဝဘူးထင်လို့ ငါ့နွားတွေကို ဟိုရိုးချောင်းဘေးကို မောင်းသွားပြီး စီးကြောင်းတိုက်မယ်လို့ စိတ်ကူးထားတယ်လေကွာ"

စီးကြောင်းတိုက်သည်ဆိုသည်မှာ နွားကြိုးရှည်များကို မဖြုတ်ဘဲ ရှေ့က နွားကျောပေါ်တွင် တင်ပလဲထိုင်ကာ နောက်က နွားကြိုးအစကို ကိုင်ဆွဲ၍ ရိုးချောင်းဘေးအတိုင်း နွားကျောင်းသွားရခြင်းဖြစ်သည်။ နွားများက ရိုးချောင်းဘေးတွင် ပေါက်ရောက်နေသော မြက်များကို တရွေ့ရွေ့သွား၍ စားသွားခြင်းဖြစ်သည်။ ထိုသို့ ကျောင်းပေးခြင်းဖြင့် နွားများမှာ စိတ်ကြိုက်စားသောက်ကြရသဖြင့် ဗိုက်များဖောင်းကားသွားကြတော့သည်။ မြက်များ စိတ်ကြိုက်စား

www.burmeseclassic.com

www.burmeseclassic.com

နွားစီးကြောင်း တိုက်ကျောင်းသည့် အပြင် နေ့လယ်ပိုင်း၌ လယ်ထဲထွက်ကာ မြက်တစ်ထမ်းရအောင် ရိတ်ထားကြသေးသည်။ နွားများက ဗိုက်ဆာလျှင် ညဘက်မှာလည်း ထစားကြသေးသည်။

ညနေ စီးကြောင်းတိုက်ကာ ပြန်လည်ရောက်ရှိလျှင် နွားတင်းကုပ်ထဲသွင်းပြီး ချည်တိုင်တွင် ချည်ထားကာ ညပိုင်းရောက်လျှင် ခြင်များမကိုက်စေရန် တင်းကုပ်အလယ်၌ နွားမီး ထည့်ပေးထား၏။ မီးစွဲ၍ တောက်လျှင် အပေါ်မှ ကောက်ရိုးအစိုများအုပ်ကာ ဆန်ကောနှင့် ယပ်ပေးလျှင် မီးခိုးများ အုံထွက်ပြီး တင်းကုပ်နှင့် ပတ်ဝန်းကျင်တွင် ခိုအောင်းနေကြသော ခြင်များ ထွက်ပြေးသွားကြတော့သည်။ ထို့သို့ နွားမီးထည့်ကာ တစ်နာရီခြားတစ်ခါ ယပ်ပေးခြင်းဖြင့် ခြင်ကိုက်သက်သာကြလေသည်။

နွားမီးထည့်ပြီး ည ၉ နာရီ အချိန်လောက်တွင် နေ့ခင်းက ရိတ်ထားသော မြက်ထမ်းမှ မြက်များအား နွားကျွေးဘည့် ခြံအတွင်းသို့ ထည့်ပေးကြ၏။ ထိုအခါ နွားများဆာလျှင် ထ၍ မြက်စားနိုင်ကြလေသည်။

မိုးနှောင်းကုန်ဆုံးခါနီး ဆောင်းအစသို့ရောက်သည်နှင့် ဆောင်းသီးနှံဖြစ်သော နှမ်းများကြိုင်ရန် အစပျိုးကြရပြန်သည်။

ထွေးအောင်နှင့် ပေါက်စကို့လည်း တောင်ခြေတောစပ်သို့ နွားများကိုပါ တစ်ပါတည်း မောင်းလာကာ ထမင်းထုပ်ကိုယ်စီနှင့် နှမ်းခင်းခုတ်ထွက်လာကြလေသည်။

"ဟေ့- ပေါက်စ၊ မင်း ဒီဆောင်းမှာ နှမ်းခင်းတိုးချဲ့ခုတ်ထွင့်ဦးမှာလားကွ"

"အေးကွာ၊ ငါ ဆောင်းရောက်တိုင်း လုပ်နေကျ နှမ်းထွက်က နည်းနေတယ်ကွ၊ ဆီဝမ်းစာ မလောက်ဘူး၊ ဒါကြောင့် လက်ရှိနှမ်းကွက်ကို အကွက်ကျယ်ကျယ် နှမ်းကြိုင်အောင် ထပ်တိုးချဲ့ပြီး ခုတ်ဦးမယ်လို့ စိတ်ကူးထားတယ်လေ"

"ဟုတ်တာပေါ့ ပေါက်စရာ၊ နှမ်းကွက်ကျယ်ကျယ် ကြထားတော့ နှမ်းများများကြိုင်လို့ နှမ်းထွက်ပိုလာပြီး ဆီကြိတ်နိုင်တာပေါ့ကွာ"

သူတို့နှစ်ယောက် လမ်းတစ်လျှောက် စကားတပြောပြောနှင့် နွားများမောင်းလာခဲ့ကြရာ တောစပ်နှမ်းကွက်သို့ ရောက်ခဲ့ကြသည်။ နွားနှစ်ကောင်ကို ချွေဆွဲ၍ တောစပ်တွင် လွှတ်ပေးထားသည်။ ထိုနွားများမှာ တောစပ်မှ တဖြည်းဖြည်း တောင်ကုန်းများ၊ မြောင်များအတွင်းဝင်ကာ အစာစားနိုင်ကြလေသည်။ ညနေ အိမ်ပြန်ခါနီးမှ ချွေသံနားထောင်ကာ လိုက်မောင်းပြီး အိမ်ပြန်ကြရမည်ဖြစ်သည်။

"ကဲ . . . ဟေ့၊ နွားတွေတော့ အစာစားဖို့ လွှတ်ပေးပြီးပြီ၊ ငါတို့ နှမ်းကွက်တွေ ထပ်တိုးချဲ့ ခုတ်ကြမယ်ဟေ့"

ပထမတွင် လုပ်နေကျနှမ်းကွက်မှ ချဲ့များ၊ သစ်ပင်တချို့အား ခုတ်ရှင်းကြသည်။ လုပ်နေကျနှမ်းကွက် ရှင်းလင်းပြီးလျှင် တိုးချဲ့ခုတ်မည့်နေရာမှ သစ်ပင်၊ နွယ်ပင်၊ ချုံပင်များကို ဆက်၍ခုတ်ကြလေသည်။

"ဟေ့ကောင် ထွေးအောင်၊ မနား သေးဘူးလားဟ၊ မွန်းတည့်ချိန်လောက် ဖြစ်နေပြီလေကွာ"

"ဟုတ်လား၊ ငါ မပြီးခုတ်နေလို့ နေမြင့်မှန်းတောင် မသိပါဘူးကွာ"

နှစ်ယောက်သား နှမ်းကွက်ခုတ်သည့်ဘေးရှိ ချောင်းရေထဲဆင်းကာ ရေချိုးကြသည်။ ပြီးလျှင် အိမ်မှ ထုပ်ယူလာခဲ့သော ထမင်းထုပ်များဖြေကာ တောပိုင်တောင်ပိုင်များအား မစားမီ တင်မြှောက်ပြီး နေ့လယ်စာကို စားကြလေသည်။

"ငါတို့ခုတ်ထားတဲ့ သစ်ကိုင်းသစ်ရွက်တွေကို သုံးလေးရက်လောက် နေလှန်းပေးထားပြီးမှ မီးရှို့ရှင်းလင်းရမှာပဲကွ"

"ဟုတ်တယ်လေ. . . စိုနေရင် အကုန်မလောင်ရင် ကျွန်းခွေရမှာ မသက်သာဘူးကွ"

ထွေးအောင်တို့လည်း ဆယ်ရက်ခန့် နေ့စဉ်ခုတ်ကြပြီး စစဦးဆုံး ခုတ်ကွက်ကို မီးရှို့ရှင်းလင်းကြသည်။ ပေါ်လာသော မြေကွက်ကို ထယ်စ၍ ထိုးကြလေသည်။ ပထမ ထယ်ထိုးပြီးလျှင် ကြမ်းတုံးရိုက်ကြ၏။ ပြီးလျှင် ထယ်ပြန်စင်ပေးကြသည်။

နှမ်းထယ်ရေးက ညက်ရန်လို၏။ ထယ်ရေးမှန် ညက်၊ မညက်ကို မြေဝပ်ငှက် ထယ်ရေးကွက်ထဲမှ ထ၍ပျံလျှင် ဖုန်ထသွားမှ ထယ်ရေးညက်ကြောင်း သိနိုင်၏။ ထယ်ရေး ညက်လျှင်တော့ ထိုအကွက်ကို နှမ်းမျိုး စ၍ကြဲပေးကြရသည်။

"ပေါက်စရေ၊ ငါတို့ နွားတွေ တောထဲက ပြန်မောင်းထုတ်တော့မှပဲကွ"

"ဟုတ်တယ်ဟေ့၊ လိုက်မောင်းထုတ်ပြီး ရွာပြန်မောင်းကြမှပဲကွ၊ ဒီနေ့ ငါတို့အိမ်ပြန်နောက်ကျတော့မှာပဲ"

"ဟော. . . ဟိုမြောင်ထဲက ချွေသံကြားတယ်ကွ၊ နွားတွေ အဲဒီမြောင်ထဲမှာ စားနေကြတယ်ထင်တယ်"

နှစ်ယောက်သား ထိုမြောင်ထဲအတိုင်း ဆင်းလာခဲ့ကြရာ သူတို့နွားများကို တွေ့ကြသဖြင့် ပြန်မောင်းထုတ်လာခဲ့ကြသည်။ ထို့နောက် လှည်းလမ်းကြောင်းအတိုင်း နွားများကို ရွာအရောက် မောင်းလာခဲ့ကြတော့သည်။

○

"သားရေ၊ နှမ်းကြိုးသွားရင်တော့ တလင်းထဲမှာ ကောက်စပြန်ပြီး စပါးနယ်ကြရမယ်ဟေ့"

"သားလည်း နှမ်းကွက်တွေ တစ်ကွက်ပြီး တစ်ကွက် ကြနေတာပြီးခါနီးပါပြီ အဖေ"

"ဒါဆိုရင် အဖေ တလင်းထဲမှာ ကောက်ဆိုင်ပုံက ကောက်လိုင်းတွေ ဖြန့်စီပြီး ချထားမယ်ကွာ၊ သား နှမ်းခင်း

www.burmeseclassic.com

ပြီးတာနဲ့ အဆင်သင့်တက်နယ်ရုံပဲပေါ့ကွာ"

ထွေးအောင်တို့လည်း နေ့စဉ်ပင် နှမ်းကွက်သို့လာကြကာ ထယ်ထိုး၊ ထွန်မွေ၊ နှမ်းကြဲလုပ်ကြလေသည်။ နှမ်းကြဲခဲ့ကြသည်မှာ ပထမဆုံးကြထားသော အကွက်မှပင် နှမ်းပင်ကလေးများ အစီအရီပေါက်ထွက်နေကြပြီ။

"ကဲ- ညနေလည်းစောင်းပြီ၊ ငါတို့နွားတွေ တောထဲကလိုက်ရှာပြီး မောင်းထုတ်ကြရအောင် ပေါက်စရေ"

"ဟုတ်တယ်ဟေ့၊ ငါတို့ ဒီနေ့ ရွာကိုစောစောပြန်ရောက်အောင် နွားတွေမောင်းပြန်ကြမယ်ကွာ"

"မင်းက ဘာလုပ်စရာရှိလို့ ရွာကို စောစောပြန်ချင်ရတာလဲ ထွေးအောင်"

"ဒီနေ့ ငါ ထွေးခင်နဲ့ချိန်းထားတယ်လေကွာ"

"ဩော်. . . ဒီလိုလား၊ ဒါဆိုရင်လည်း နွားရှာသွားကြမယ်လေကွာ"

နှစ်ယောက်သား နွားများအား လိုက်ရှာဖွေကြသည်။ တောင်ကုန်း လျှိုမြောင်များထဲ လိုက်ရှာကြသော်လည်း မတွေ့ကြပေ။

"ဟေ့၊ နွားချေသံ နားထောင်ကြည့်ဦးကွ"

"ချေသံသဲ့သဲ့တောင် မကြားရပုံ ထောက်တော့ နွားတွေ တော်တော်ဝေးဝေးကို ရောက်နေပြီထင်တယ်ဟေ့"

"အေးလေကွာ၊ ဒီအနီးအနားမှာက နေ့တိုင်း လွှတ်ကျောင်းခဲ့ဖူးတော့ စားစရာရှားလာလို့ အစာပေါါတဲ့ နေရာကို သွားစားနေကြပြီ ထင်တယ်ကွ"

"လာပါကွာ၊ နွားခြေရာခံလိုက်ပြီး ဆက်ရှာကြမယ်"

သူတို့နွားများနောက်သို့ လိုက်ရှာခဲ့ကြရာ နှမ်းခင်းလုပ်သည့်နေရာမှ အတော်ဝေးဝေးသို့ပင် ရောက်ခဲ့ကြပြီ။ နွားများကိုတော့ အစအနတောင် မတွေ့ကြရသေးပေ။

"ဟာ- ဒီမြောင်က ဇရစ်မြောင်ပဲကွ၊ ဇရစ်ပင်တွေ တောလိုပေါက်နေကြပါလား"

"ဟုတ်တယ်ဟေ့၊ ဇရစ်ရိုးအနုတွေလည်း တအားထွက်နေတယ်ဟေ့"

"ငါတို့အိမ်အတွက် ဝင်ချိုးယူသွားကြရအောင်လေ"

"ဟုတ်တယ်ကွ၊ အိမ်ရောက်ရင် ပြုတ်ပြီး တို့စားစား၊ ကြော်ပြီးစားစား၊ ချဉ်ပေါင်ရွက်နဲ့ ချဉ်ရည်ဟင်းထဲ ထည့်ခတ်ပြီးစားစား ရတယ်မဟုတ်လားကွ"

နှစ်ယောက်သား ပုဆိုးတိုတိုပြင်ဝတ်ကာ ဇရစ်တောထဲဆင်းကာ ဇရစ်ရိုးအနုများကို ချိုးယူကြရန် ဟန်ပြင်လေသည်။

"ဟာ"

"ထင်"

"ထွေးအောင်ရေ၊ ဇရစ်တောထဲမှာ ကျွတ်တွေ တအားပါပဲလားကွာ၊ လားလားလားလားနဲ့ လူဆီကိုတွယ်ဖို့ လာနေကြပြီဟ"

"ဟာ- ဟုတ်ပါ့ကွာ၊ အပ်တွေထောင်ထားတဲ့အတိုင်းပဲ"

"ဟာ- ငါ့ခြေသလုံးမှာ ကျွတ်တွေတက်လာပြီ"

"အို- ငါ့ခြေထောက်ပေါ်လည်း တက်လာပြီဟ"

"မဖြစ်တော့ဘူး၊ တုန်းပေါ် အပြန်ပြန်တက်ကြမှပဲဟေ့"

တုန်းပေါ် ရောက်လျှင် ခြေထောက်ပေါ် တက်တွယ်နေသောကျွတ်များကို လက်နှင့်ခွာချကြလေသည်။

"မင်းပေါင်ခြံထဲလည်း သေချာကြည့်ဦး ထွေးအောင်ရေ"

"ဇရစ်ရိုးအနုတွေကတော့ ပေါပါရဲ့ကွာ၊ ကျွတ်တွေတက်လို့ ချိုးယူလို့ မဖြစ်ဘူး"

"ဒီနေ့တော့ ရှိပါစေတော့ကွာ၊ နောက်နေ့မှ အိမ်က ဒီဇယ်ဆီပုလင်းလေးနဲ့ ထည့်ယူလာပြီး ပေါင်ကနေ ခြေဖျားအထိ ဒီဇယ်ဆီလိမ်းပြီး ဆင်းခိုးကြမယ်ကွာ"

"ဟုတ်တယ်၊ ဒီကျွတ်တွေ ဒီဇယ်ဆီကိုတော့ ကြောက်တယ်တဲ့၊ လာတွယ်တာနဲ့ ဒီဇယ်ဆီနဲ့တွေ့ရင် တွန့်သွားပြီး မတွယ်ရဲတော့ဘူး"

သူတို့ ထိုဇရစ်မြောင်မှ ဆက်ထွက်လာ၍ နွားချေသံနားထောင်ကြရင်း နွားများရှာလာခဲ့ကြသည်။

"ဟော. . . ဟိုးရှေ့နားလောက်ဆီက နွားချေသံသဲ့သဲ့ ကြားရသလိုပဲဟ၊ နားစွင့်ကြည့်စမ်းပါဦးကွာ"

"ဟုတ်ပါ့ကွာ၊ နွားတွေကလည်း ဒီလောက်ဝေးဝေးကိုတောင် လာစားကြတယ်နော်"

"ခြေရှည်ကြတာပေါ့ကွာ၊ တွေ့ရင်တော့ ခပ်သုတ်သုတ်ကို ပြန်မောင်းထုတ်လာကြမှပဲ"

"ဟော- တွေ့ပြီဟေ့"

"ဟာ- နွားက တောင်ကုန်းပေါ်က ပွက်အိုင်ထဲမှာ ဝင်အိပ်နေတာပဲဟ"

"ဖြုတ်တွေ၊ မှက်တွေကိုက်လို့ အကိုက်သက်သာအောင် ရွှံအိုင်ထဲ ဝင်အိပ်နေတာ ဖြစ်မယ်ကွ"

"ဟာ- ငါတို့ အခုတွေ့တာ နွားတစ်ကောင်ထဲပဲဟ၊ ကျန်တဲ့နွားတွေကို မမြင်ရသေးဘူး"

"တိုရှေ့ဘက်မှာပဲ ရှိလိမ့်မယ်ကွ"

သူတို့နှစ်ယောက် နွားတစ်ကောင် ရွှံအိုင်ထဲ ဝင်အိပ်နေတာ တွေ့ကြသဖြင့် နွားများကို ရှာတွေ့တော့မည် ဖြစ်၍ ဝမ်းသာခဲ့ကြသည်။ ထို့ရှဲ့လူးနေသော နွားအား မောင်းရန် ရွေ့တိုးလာခဲ့ကြလေသည်။

"ဟာ" "ဟင်"

"နွားက ရွှံအိုင်ထဲက ခုန်ထွက်ပြီး အနားက သစ်ပင်ပေါ် ရောက်သွားပါလားဟ"

"ဟော. . . အပေါ်က ရွှံစက်တွေ တပေါက်ပေါက် ကျလာပါလား"

"ဟင်- သစ်ပင်ပေါ် ခုန်တက်သွားတဲ့နွားကို မမြင်ရတော့ပါလား။ ပျောက်ခြင်းမလှ ပျောက်သွားပြီ

www.burmeseclassic.com

www.burmeseclassic.com

"ဟောဗျာ၊ သစ်ပင်အရင်းမှာ ရော၊ အပေါ်ဘက်ဆစ်ပင် ပင်စည်၊ သစ်ကိုင်းတွေမှာပါ ရွှံ့တွေတက်လူးနေပါလား"

"ဟုတ်တယ်ဟ. . . . ကျွဲ၊ နွားတွေ ယားယံလို့ သစ်ပင်နဲ့ပွတ်ကြမယ် ဆိုရင် သစ်ပင်အရင်းနားက ပင်စည်မှာပဲ ရွှံ့တွေပေရေနေရမှာလေ၊ အခုမြင်တွေ့ရတာက အပင်ပေါ်အထိ သစ်ကိုင်းတွေမှာပါ ရွှံ့တွေတက်လူးနေတာကတော့ ဆန်းနေပြီး အံ့သြစရာပါလားထွေးအောင်ရာ"

"ဟာ- ငါအခုမှ သတိရတယ်ကွ၊ ငါ့အဘိုး တစ်ခါကပြောဖူးတယ်၊ တောထဲမှာ ရွှံ့အိုင်လူးတဲ့ လူကောင်ဆိုတဲ့ ပရလောကသားရှိတယ်တဲ့၊ တွေ့ရခဲတယ်တဲ့၊ တွေ့ရင်လည်း အဲဒီလူးကောင်က သစ်ပင်၊ သစ်ကိုင်းအမြင့်တွေအထိ ရွှံ့တက်လူးထားတယ်တဲ့ကွ"

"ဟင်- ဟုတ်လား၊ ဒါဆို အခု ရွှံ့အိုင်ထဲက ခုန်တက်ပြီး ပျောက်သွားတဲ့ နွားလိုလိုအကောင်ကြီးဟာ နွားမဟုတ်ဘဲ မင်းအဘိုးပြောတဲ့ လူးကောင်ကြီး ဆိုတာပဲ ဖြစ်မယ်ကွ"

ထိုစဉ် ရွှေခပ်လှမ်းလှမ်းဆီမှ နွားချွဲသံများ ကြားလာရသည်။

"ဟော- ချွဲသံကြားတယ်၊ ငါတို့ ပျောက်နေတဲ့ နွားတွေပဲဖြစ်မယ်ဟေ့"

သူတို့နှစ်ယောက်လည်း ထိုရွှံ့လူးအိုင်မှ ခပ်သုတ်သုတ်ထွက်လာကာ ရွှေဆက်လာခဲ့ကြရာ မြောင်တစ်မြောင်ထဲ၌ အစာစားနေသော နွားလေးကောင်ကို တွေ့ကြတော့သည်။ ည ၇ နာရီအချိန်ခန့် အိမ်သို့ပြန်ရောက်ကြလျှင် သူတို့တောထဲတွင် တွေ့ခဲ့သည်ကို ပြောပြကြလေသည်။

"ဖေး၊ သစ်ပင်အမြင့်ထိ ရွှံ့တွေ တက်လူးထားတာ တွေ့ရတယ်ဆိုတော့ ပရလောကသား လူးကောင်ကြီးဆိုတာ သေချာတာပေါ့ကွာ၊ နွားတွေက သစ်ပင်အမြင့်မှ မတက်နိုင်တာဘဲ၊ မင်းဘိုို့ လူးကောင်ကြီးကို မြင်တွေ့ပြီး သစ်ပင်ပေါ် ခုန်တက်လို့ လန့်သွားခဲ့ရင် မင်းတို့လည်း မကြာခဏက်မှာ ဖျားနာသေဆုံးနိုင်တယ်ကွ"

ထွေးအောင်နှင့် ပေါက်စတို့လည်း ရွှံ့အိုင်ထဲတွေ့သော လူးကောင်ကြီးအား သူတို့ပျောက်နေသော နွားတစ်ကောင် ရွှံ့လူးအိုင်ထဲ အိပ်နေသည်ဟု အမြင်မှားခဲ့၍သာ မထိတ်လန့်ခဲ့ခြင်းဖြစ်၍ လန့်ဖျားပြီး သေရမည့်ဘေးမှ သီသီကလေး လွတ်ခဲ့ကြရသည်ဟု တွေးမိကြကာ ကျေနပ်နေကြလေတော့သည်။

တင့်ထူး(ဒေယျဝတီ)

❑

ဆရာလှဇော်၏

ဓွန်ဖြတ်စေတနာ (အမှတ်တံဆိပ်) တိုင်းရင်းဆေး

(၁) တမာဆီးချိသွေးချိ (၂) အကြောပြေဒဏ်ကြေလိမ်းဆေး
(၃) လေငန်းပျောက်ဆေး (၄) ဆံပင်နက်သန်လိမ်းဆေးဆီ
(၅) အနာလိမ်းဆေး (၆) အကြောလိမ်းဆေးအဆီရည်

ဆရာလှဇော်၏ **ဟက်ခ်ိ-အစ်ခ်ိ**

တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

(၁) နလုံးဆေး (၂) သွေးဆေး

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၂/၂၀၁၃ တာဆထလ-၂၃၀၂ RG, No-4/398, 4/3382

အမှတ် (၂၄၁/၂၅၁)၊ အနော်ရထာလမ်းနှင့် လမ်း(၃၀)ထောင့်၊ အင်းစအားအေးဆိုင်ရှေ့၊
ဒေါ်မြမြစိုး အပေါ်ထပ် (၇ လွှာ) (ခ)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

Ph : 09-5148433, 09-965148433

www.burmeseclassic.com

www.burmeseclassic.com

သစ္စာတို့

ပန်းခင်းသောလမ်း

www.burmeseclassic.com

www.burmeseclassic.com

"သမီး နေပြည်တော်ပြောင်းရမယ် မေမေ၊ သမီးတို့ တစ်ရုံးလုံးပြောင်းကြရမှာ၊ အဲဒါကြောင့် သမီးဟိုကိုရောက်နေတုန်းတော့ မေမေ့နေရေးထိုင်ရေးအတွက် မမတို့၊ ကိုစိုးတို့နဲ့ တိုင်ပင်ရလိမ့်မယ် မေမေ"

"ဟင်... ဟုတ်လား၊ ဒါဆို ဓမ္မမေလည်း သမီးပြောင်းရွှေ့တဲ့ဆီလိုက်မှာပေါ့။ သူတို့ ဘာဖြစ်လို့ တိုင်ပင်နေဦးမှာလဲ"

"ဟာ- မဖြစ်ဘူးလေ မေမေ၊ မေမေ့အသက်အရွယ်နဲ့ ဟိုကိုလိုက်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ သွားရေးလာရေးက အဆင်ပြေတာ မဟုတ်ဘူး၊ နောက်ပြီး မေမေ့ မမာရေး မချာရေး ဆေးခန်းပြဖို့က ဒီမှာလို အဆင်မပြေဘူး မေမေရဲ့၊ နောက်တော့ မပြောတတ်သေးဘူး၊ အခုလောလောဆယ်တော့ မေမေ လိုက်လို့ မဖြစ်သေးဘူးနော်"

ဒီနေ့ မြတ်လေးတို့ရုံး နေပြည်တော်ပြောင်းရန် အမိန့်ကျလာ၏။ ပြောင်းရမည်က တစ်ရုံးလုံးဖြစ်သော်လည်း အရင်ဦးဆုံး မြတ်လေးတို့ကဲ့သို့ အိမ်ထောင်မရှိ၊ အပျို၊ လူပျိုတွေကို စာရင်းတင်ထားသည်။ အသက် ၈၀ အရွယ် မိခင်အိုကြီး ရှိပါသည်ဟု တောင်းပန်သည်ကိုပင် လက်မခံ။ မတတ်နိုင်။ နိုင်ငံ့ဝန်ထမ်းဖြစ်သည့်အတွက် ကျရာတာဝန်ထမ်းဆောင်ရန် မြတ်လေး ဆုံးဖြတ်ချက်ချလိုက်လေသည်။

ခက်တာက မိခင်ကြီး ဒေါ်ခင်မေ့၏ နေရေးထိုင်ရေး၊ စားရေးသောက်ရေး ကိစ္စ။ ခေါ်သွားဖို့ကလည်း မဖြစ်နိုင်။ ဝန်ထမ်းအိမ်ရာရမည်ဆိုသော်လည်း သက်ကြီးရွယ်အို မိခင်ကြီး နေထိုင်ရန် အဆင်ပြေမည်၊ မပြေမည် တပ်အပ်သေချာမပြောနိုင်။

စားရေးသောက်ရေးလည်း ထည့်မစဉ်းစားလို့မဖြစ်။ မြတ်လေးက မနက် ဟင်းတစ်မျိုး၊ ညနေ ဟင်းတစ်မျိုးဖြင့် မိခင်ကြီး ခံတွင်းတွေ့စေရန် ဂရုတစိုက် ချက်ကျွေးသည်။ ရန်ကုန်မှာက ရုံးနှင့်အိမ် နီးနီးလေး။ ဈေးဆိုလည်း လမ်းထိပ်လေးတွင် ရှိနေခြင်းကြောင့် အစစ အရာရာ အဆင်ပြေလှသည်။

ပို၍အရေးကြီးသည်က ကျန်းမာရေးကိစ္စ။ ရန်ကုန်မှာဆို ဆေးခန်းက လမ်းလေးပဲခြားသည်။ ဘာဖြစ်ဖြစ် သူပြနေကျဆရာဝန်က အဆင်သင့်ရှိ၏။ နေပြည်တော်ရောက်လျှင် ဆေးခန်းက ဘယ်ဆီမှန်းမသိ။ ဘယ်ဆရာဝန် ခေါ်ပြရမည်မှန်းလည်းမသိ။ မြတ်လေး မိခင်ကြီးနှင့် ပတ်သက်သည့် ကိစ္စမှန်သမျှ အလေးထား စဉ်းစားသည်။ အခြားသားသမီး မရှိလျှင် တစ်မျိုး၊ ရန်ကုန်မြို့တွင် ဒေါ်ခင်မေ၏ သမီးကြီး မြတ်သီနှင့် သားဖြစ်သူ ကိုအောင်စိုးတို့ ရှိနေ၏။

မြတ်သီက အထက်တန်းပြဆရာမ၊ သူ့ခင်ပွန်း ကိုထွန်းဦးက အိမ်၊ ခြံ၊ မြေ ပွဲစားဖြစ်၍ ငွေရေးကြေးရေး အဆင်ပြေသည်။ သားသမီး နှစ်ယောက်ကိုလည်း ကျောင်းကောင်းကောင်းထားနိုင်သည့် အခြေအနေ ရှိ၏။ ကိုအောင်စိုးကတော့ ဆောက်လုပ်ရေးဝန်ထမ်း၊ ရုံးအုပ်ရာထူးအဆင့် ရှိသူဖြစ်ပြီး တစ်ရုံးတည်း လုပ်ဖော်ကိုင်ဖက် စာရင်းကိုင် (၂) ဝန်ထမ်း မနီလာဆွေနှင့် အိမ်ထောင်ကျကာ သားလေးပင် ငါးတန်းကျောင်းသား ဖြစ်နေလေပြီ။

မိသားစု နှစ်စုလုံး စီးပွားရေး ချောင်လည်ကြသူများဖြစ်၍ မြတ်လေးက သူ နေပြည်တော်ရောက်နေသည့်အခိုက် အစ်မဖြစ်စေ၊ အစ်ကို ဖြစ်စေ မိခင်ကြီးကို ခေါ်ထားကာ ကြည့်ရှု စောင့်ရှောက်စေချင်သည်။ အကယ်၍ ငွေရေးကြေးရေး တာဝန် မယူနိုင်လည်း ကိစ္စမရှိ။ ဦးစီးမှူး တစ်ယောက်ဖြစ်သည့် မြတ်လေးက မိခင်ကြီး၏ ကုန်ကျစရိတ်အတွက် လို့လေသေးမရှိ ထောက်ပံ့နိုင်သည်။ သူရန်ကုန်တွင် ရှိမနေသည့်အခိုက် မိခင်ကြီးကို စိတ်ချမ်းသာအောင်ထား၍ အဆင်ပြေပြေ ချက်ပြုတ်ကျွေးမွေး စောင့်ရှောက်ပေးထားလျှင် ကျေနပ်ပြီဖြစ်၏။

ဒါကလည်း မြတ်လေး စီစဉ်ထားသည့်ကိစ္စသာ။ အစ်ကို၊ အစ်မတို့ သဘောထားက မည်သို့ရှိလိမ့်ဦးမည်မသိ။

မိခင်ဖြစ်သူ ဒေါ်ခင်မေကတော့ ထိုသို့စီစဉ်ခြင်းကို လက်မခံဘဲ ခြေကန်ငြင်းလေသည်။

"တော်ပါပြီတော်၊ သားနဲ့လည်း မနေချင်တော့ပါဘူး၊ ချွေးမဆိုပိုတောင်ဆိုးသေး၊ ညည်းအစ်မ မြတ်သီကကော၊ သူ့လင်ကိစ္စ၊ သား သမီး နှစ်ယောက်ကိစ္စ၊ သူ့ကျောင်းကိစ္စတွေနဲ့ ဖတ်သီလန်လို့၊ မေမေ့တာဝန် သူ ဘယ်လိုယူမလဲ၊ ဒါ့အပြင် သူ့ယောကျ်ား မောင်ထွန်းဦးက ပွဲစားဆိုတော့ အိမ်မှာ လူပေါင်းစုံ၊ မျက်စိရှုပ်ကရှုပ်နဲ့ မနေချင်ပါဘူးအေ"

www.burmeseclassic.com

www.burmeseclassic.com

"ခဏပဲဥစ္စာမေမေရယ်၊ သမီး ပြန်ပြောင်းရရင် သူတို့ဆီ မထားပါဘူး၊ သူတို့လည်း မေ့မေ့မွေးထားတဲ့ သားသမီးတွေပဲဟာ၊ ကိုယ့်အမေကိုတော့ ပစ်စလက်ခတ်ထားမှာမဟုတ်ပါဘူး မေမေရဲ့"

"နေခဲ့ဖူးပါပြီအေ၊ ဇာတ်တော့ မရှုပ်ပါရစေနဲ့တော့၊ သမီးနဲ့ပဲနေမယ်၊ မေမေလိုက်လို့မဖြစ်ဘူးဆိုရင် ဒီရန်ကုန် တစ်နှံ့နှံ့ကို ပြောင်းဖို့ကြိုးစား"

"မရလို့ပေါ့ မေမေရယ်၊ မဖြစ်မနေ ပြောင်းရမှာပါဆိုမှ"

"ဒါဆို ဒီလောက်အဝေးကြီး၊ သမီးတစ်ယောက်တည်းလည်းမသွားနဲ့၊ မေမေ စိတ်မချဘူး၊ အဲဒီ အလုပ်ကထွက်လိုက်တော့"

"ဟာ- မထွက်ပါဘူး၊ ဘာလို့ထွက်ရမှာလဲ၊ ဘာစိတ်မချစရာရှိလဲ၊ လူတိုင်းသွားနေတဲ့ဟာ၊ အလုပ်မရှိဝင်ငွေမရှိရင် သမီးတို့ ဘာနဲ့သွားစားမှာလဲ မေမေရဲ့"

"ငွေရေးကြေးရေးကိစ္စအတွက် မပူနဲ့၊ မေမေ့တာဝန်ထား၊ မေမေအိမ်ထောင်သည် သားသမီးတွေနဲ့ နေတာတော့ မနေချင်ဘူး၊ ပိုက်ဆံကတော့ တောင်းမယ်လေ"

"မဖြစ်ပါဘူး မေမေရာ၊ မဟုတ်တာတွေ မပြောပါနဲ့၊ ဒီခေတ် ဒီအခါမှာ အလုပ်တစ်ခုရဖို့ လွယ်တယ် မှတ်လား၊ နောက်ပြီး သမီး အလုပ်က စာရေးစာချီ မဟုတ်ဘူး၊ အရာရှိအဆင့်၊ မေမေစဉ်းစားကြည့်၊ သမီးရွေးရေးက ရှိသေးတယ်၊ အလုပ်မရှိ ဝင်ငွေမရှိတဲ့ သမီး မသေမချင်း ဘယ်လိုနေထိုင် စားသောက်သွားမှာလဲ"

"အဲဒီအတွက် မပူပါနဲ့တော်၊ မိဘကို ပြုစုစောင့်ရှောက်တဲ့ သားသမီး ဒုက္ခရောက်တယ်ဆိုတာ ရှိလို့လား၊ သမီးတစ်သက် မပူမပင် နေရစေမယ်၊ စိတ်သာချ"

"မဖြစ်နိုင်တာ မေမေရာ၊ မေမေ့မှာ စုဆောင်းထားတာ ဘယ်လောက်များ ရှိနေလို့လဲ၊ မဖြစ်ဘူး၊ အလုပ်ထွက်ဖို့တော့မပြောနဲ့၊ မထွက်နိုင်ဘူး၊ သမီး သူများကို မှီခိုကပ်ရပ်ပြီး သူများမျက်နှာကြည့်နေနိုင်တဲ့သူ မဟုတ်ဘူးမေမေ၊ အဲဒီလိုဘဝမျိုးနဲ့ သာ နေရရင် သမီး စိတ်ဆင်းရဲပြီး သေလိမ့်မယ်"

"သူများကို ကပ်ရပ်ပြီး မနေခိုင်းပါဘူး၊ သူများ မျက်နှာလည်း ကြည့်နေစရာ မလိုပါဘူး၊ မေမေကြည့်စီစဉ်မှာပါ၊ သမီးတစ်သက် မပူမပင် နေနိုင်အောင် မေမေ အားလုံးစီစဉ်ပေးမှာ သမီးရဲ့၊ မပူနဲ့"

"အဓိပ္ပာယ်မရှိလိုက်တာ မေမေရာ၊ မဟုတ်တာတွေ၊ မဖြစ်နိုင်တာတွေ မပြောပါနဲ့တော့၊ ဒီကိစ္စ မမကြီးနဲ့ အစ်ကိုတို့ကို တိုင်ပင်ရမယ်၊ သူတို့လည်း မေမေမွေးထားတဲ့ သားသမီးတွေ ဖြစ်တဲ့အတွက် တာဝန်ရှိတယ်လေ"

"ညည်းဟာညည်း လေကုန်ခံနိုင်လို့ တိုင်ပင်လည်း ကြိုက်သလောက် တိုင်ပင်ပေါ့၊ ဒါပေမဲ့ မေမေကတော့ သူတို့တွေနဲ့ မနေဘူးနော်၊ ညည်း တာဝန်မယူနိုင်ဘူးဆိုလည်း ရှင်းရှင်းပြော၊ မေမေ ဘုန်းကြီးကျောင်း သွားနေမယ်"

ဒေါ်ခင်မေက ခပ်ပြတ်ပြတ် ပြောကာ ကျောခိုင်းထွက်သွား၏။

မိခင်ဖြစ်သူ အိမ်ထောင်သည် သားသမီးများနှင့် မနေချင်သည်ကို မြတ်လေး တောင်းလာသိ၏။ ရန်ကုန်တွင် မြတ်လေး အလုပ်ရပြီး နယ်မှာနေသည့် မိခင်ကြီးတို့ အတူနေရန် စီစဉ်သည်။ အလုပ်ဝင်ခါစဖြစ်သည့် အတွက် ဝန်ထမ်းအိမ်ရဖို့ကလည်း အဆင်မပြေ။

နေရေးထိုင်ရေး အဆင်မပြေခြင်းကြောင့် အိုးပိုင်အိမ်ပိုင် အတည်တကျဖြစ်နေသည့် ကိုအောင်စိုးတို့ ဇနီးမောင်နှံအိမ်တွင် သားအမိ နှစ်ယောက် ကပ်နေရ၏။ ခဏတော့ အဆင်ပြေသလိုရှိသော်လည်း (၆)လ မပြည့်ခင် ပြဿနာပေါင်းစုံကြုံရ၏။

အစပိုင်းမှာတော့ ကိုအောင်စိုးက မိခင်၊ ညီမနှင့် ဇနီးတို့အကြား မျှမျှတတ ပြောဆိုဆက်ဆံခဲ့သေးသည်။ အတူနေတာ ကြာလာသည့် အခါ တစ်ယောက်နှင့် တစ်ယောက် သဘောထားကွဲလွဲလာသည်။ နားလည်မှုတွေ လွဲလာသည်။ ဖြတ်တတ်သည့် သဘာဝအတိုင်း ကိုအောင်စိုးသည်ပင် ပြဿနာတစ်ခု ဖြစ်လျှင် ထိုပြဿနာ၏အရင်းအမြစ်ကို မလေ့လာတော့။ မိန်းမစကား နားဝင်ကာ မိခင်နှင့် ညီမအပေါ် အပြစ်ပုံချ၏။

ကြာလာသည့် နောက်တွင် ဒေါ်ခင်မေတို့သားအမိ သည်းမခံနိုင်တော့။ ရှိသမျှထုခွဲရောင်းချပြီး အိမ်လေးတစ်လုံး ဝယ်ကာ သားအမိ နှစ်ယောက် အေးအေးချမ်းချမ်း နေခဲ့ကြ၏။ ထို့နောက်ပိုင်း အိမ်ထောင်သည် သားနှင့် သမီးအိမ်သို့ ခဏတစ်ဖြုတ်ကလွဲပြီး ညအိပ်ညနေသွားရန် ဒေါ်ခင်မေ လုံးဝမစဉ်းစားတော့။

www.burmeseclassic.com

www.burmeseclassic.com

အခုကိစ္စက တကယ့်ကိုကျဉ်းထဲကျပ်ထဲဖြစ်နေသည့်ကိစ္စ။ အစ်ကို၊ အစ်မတွေအကြောင်းကောင်းကောင်းကြီး သိနေပြီးဖြစ်သော်လည်း မြတ်လေးဆန္ဒက မိခင်ကြီးကို အချိန်ကာလတစ်ခုအထိတော့ တာဝန်ယူစေချင်သည်။ အလုပ်ထွက်ပြီး မိခင်ကြီး စီစဉ်သလိုတော့ မြတ်လေး လက်မခံချင်။ မြတ်လေးဘက်က ကြည့်တော့လည်း အမှန်ပင်။ အသက်ကသုံးဆယ်တောင်မပြည့်သေး။ သက်တမ်းအရ မြတ်လေး လျှောက်လှမ်းရဦးမည့် နှစ်ကာလက အများကြီးကျန်ရှိနေသေးသည်။ ကိုယ့်အလုပ်၊ ကိုယ်ပိုင်ဝင်ငွေမရှိဘဲ ဘဝရပ်တည်ဖို့ အလွန်ခက်ခဲကြောင်း မြတ်လေးကောင်းစွာ သဘောပေါက် နားလည်ထားခြင်းကြောင့် ဖြစ်၏။

✿

"အဲဒါပဲ မမကြီးနဲ့ ကိုကိုရေ၊ သိတဲ့အတိုင်း မေမေ့ကို ခေါ်သွားဖို့ ဆိုတာ လောလောဆယ်တော့ ဘယ်လိုမှမဖြစ်နိုင်ဘူး၊ မမာရေး မချာရေး ဆိုလည်း ဒီမှာက ကိုယ်ပြနေကျ ဆရာဝန် အဆင်သင့်၊ စားရေးသောက်ရေးကအစ ကိုယ့်အတွက်တောင် ဘယ်လိုစီစဉ်ရမယ်မသိဘူး၊ နေရေးထိုင်ရေးလည်း မေမေ အဆင်ပြေမှာ မဟုတ်ဘူး။

ညီမ အတတ်နိုင်ဆုံး ရန်ကုန်မြန်မြန်ပြန်ပြောင်းဖို့ ကြိုးစားမှာပါ၊ ဒီကြားထဲလည်း မေမေ့အတွက် ငွေလုံလုံလောက်လောက် ပို့ပေးမှာပါ၊ ညီမသွားနေတုန်း မေမေ့ကို တာဝန်ယူ စောင့်ရှောက်ပေးဖို့ အတွက်ကိုတော့ . . . "

တစ်ရက်မြေတ်လေးက အစ်မနှင့် အစ်ကိုဖြစ်သူတို့ကို အိမ်သို့ခေါ်ကာ လက်ရှိကြုံတွေ့နေရသောအခြေအနေကို ဖွင့်ဟပြောဆို တိုင်ပင်လိုက်၏။

"အစ်မကြီးမမြတ်သီနှင့် သူ့ခင်ပွန်း ကိုထွန်းဦး၊ အစ်ကိုဖြစ်သူ ကိုအောင်စိုးနှင့် ဇနီး မနီလာဆွေတို့ လေးယောက်၊ တစ်ယောက် မျက်နှာတစ်ယောက်ကြည့်ကာ ချက်ချင်း ဘာအဖြေမှ ထွက်မလာ။ အတော်လေးကြာမှ မမြတ်သီထံမှ စကားသံ ထွက်လာ၏။

"မမကြီးကတော့ ခေါ်ဆိုခေါ်ထားမှာပေါ့၊ ဒါပေမဲ့ စားရေးသောက်ရေး၊ မေမေ့ကို ပြုစုစောင့်ရှောက်ဖို့ အရေးကိုတော့ ညီမလေးလို လုပ်နိုင်မှာမဟုတ်တာအမှန်ပဲနော်၊မမကြီးတို့ လင်မယားအတွက် မပြောနဲ့၊ ကလေးနှစ်ယောက်တောင် ကျကျနန ချက်ပြုတ်မကျွေးနိုင်ဘူး၊ နေ့တိုင်း ဖြစ်သလိုပဲ ကျွေးရတယ်၊ အချိန် ကိစ္စဝိစ္ဆ အပြေးအလွှား လုပ်ပေးရသေးတာ၊ နှင့် အစ်ကိုကြီးကလည်း မနက်မိုးလင်းက ညနေမိုးချုပ် သူ့အလုပ်နဲ့သူ ရှုပ်ယှက်ခတ်လို့ ခေါ်မထားချင်လို့ ပြောနေတာမဟုတ်ဘူးနော်၊ ခေါ်ထားပြီးမှ အဆင်မပြေရင် အချင်းချင်း အမြင်မကြည်လင်တာတွေ ဖြစ်လာမှာစိုးလို့ "

"အဲဒါတော့ ညည်းအစ်မပြောတာ မှန်တယ်၊ နေတာ ဘာအရေးလဲ၊ ငါတို့ထမ်းပိုးထားရတာလည်း မဟုတ်ဘူး၊ စားရေးသောက်ရေးကတော့ ငါတို့အိမ်မှာ သိပ်ရေးကြီးခွင်ကျယ်လုပ်မနေဘူး၊ ငါဆို အိမ်မှာမစားတာ ခပ်များများ၊ အပြင်မှာ ဖြစ်သလို ရှင်းလာလိုက်တာပဲ၊ အမေက အဲဒီလို အခြေအနေနဲ့ ဖြစ်မလား။

နောက်ပြီး နေ့ခင်းနေ့လယ်ကြည့်ရှု စောင့်ရှောက်မယ့်လူတော့ ရှိမှာ မဟုတ်ဘူးနော်၊ အားလုံးက ကိုယ့်ကိစ္စနဲ့ကိုယ် အပြင်ရောက်နေကြတာလေ"

"အဲဒါဆို ချက်ဖို့ပြုတ်ဖို့ မိန်းကလေးတစ်ယောက်ခေါ်ရင် ဧကောင်းမလား၊ ညီမ ပေးမယ်လေ၊ အစကတော့ မိန်းကလေးတစ်ယောက်ခေါ်ထားပြီး မေမေနဲ့ နေခိုင်းဖို့ စဉ်းစားသေးတယ်၊ ဒါပေမဲ့ တွေးကြည့်လိုက်တော့ မေမေနဲ့ သူစိမ်းမိန်းကလေး နှစ်ယောက်တည်း စိတ်မချပြန်ဘူး၊ မမကြီးတို့ အိမ်မှာဆိုရင် အိမ်သားတွေရှိနေတယ်ဆိုတော့ . . . "

"အောင်မယ်လေး . . . အဲဒါတော့ မဖြစ်ပါဘူးတော်၊ အိမ်ကကိုယ်တော်ချောက အလိုလိုမှ စိတ်မချရတဲ့အထဲ၊ အိမ်ပေါ်မှာ ခေါ်ထားပေးလိုက်လို့ကတော့"

"ဟာကွာ၊ မင်း ငါ့သိက္ခာတော်တော်ချတယ်၊ ငါ အဲဒီလိုအစားလားကွ"

"အကြောင်းသိလို့ ပြောတာ၊ ဒါကြောင့် ကိုယ့်အိမ်ကိစ္စတောင် ကိုယ်ပဲ အပင်ပန်းခံ သိမ်းကျုံးလုပ်နေတာပေါ့၊ ဟင်း"

နောက်ဆုံး မမြတ်သီတို့ လင်မယားနှစ်ယောက် တစ်ယောက်တစ်ခွန်း စကားများကြတော့မည့် အရေးကိုမြင်လာသည့်အတွက် မြတ်လေးကပင် ကြားဝင်ကာ တားလိုက်ရတော့၏။

www.burmeseclassic.com

"ကဲ ကဲ တော်ကြပါတော့ မမကြီးတို့ရယ်၊ ဒါဆို ကိုကိုကကော၊ မမေ့ကို ခေါ်ထားဖို့ အဆင်ပြေလား၊ မမေ့အတွက် စရိတ်စကကိုတော့ စောစောကပြောသလိုပဲ ညီမတာဝန်ယူမှာပါ"

"စရိတ်စကက ကိစ္စမရှိပါဘူး၊ မမေက တို့နဲ့နေနိုင်မှာမို့လို့လား၊ နင် မေးကြည့်ပြီးပြီလား"

ကိုအောင်စိုးက ခပ်လှမ်းလှမ်းတွင် ဒီကိစ္စ သူနှင့်ဘာမှမဆိုင်သလို ကိုယ်တိုင် လက်ချုပ်အကျီ ကြယ်သီးတပ်နေသည့် မိခင်ဖြစ်သူအား တစ်ချက်ကြည့်ကာ မေးလိုက်၏။

"မမေ့သဘောထားကတော့ အိမ်ထောင်သည် သားသမီးတွေနဲ့ မနေချင်ပါဘူးလို့ သူ့ကို ပွင့်ပွင့်လင်းလင်း ပြောပြီးသားပါ၊ ကိုယ့်အိမ်လေးနဲ့ကိုယ် ဘယ်လိုနေရနေရ၊ ဘယ်လိုစားရစားရ အေးအေးချမ်းချမ်းနေချင်တယ်၊ သေခါလည်းနီးပါပြီ၊ ဟိုပြောင်းဒီရွှေ့နဲ့ သေချင်တဲ့ကျားတောပြောင်းဆိုတာမျိုး မဖြစ်ပါရစေနဲ့တော့"

"ကဲ. . . ဘယ့်နှယ်ရှိစ၊ နင့် ဘာသာ တောင်စီစဉ် မြောက်စီစဉ် လုပ်နေတာ၊ မေမေကဖြင့် ယတိပြတ်တောင် ဆုံးဖြတ်ပြီးသားပဲဟာ"

"ယတိပြတ်ဆုံးဖြတ်ပြီးမေမယ့် စီစဉ်သင့်တာတော့ စီစဉ်ရမှာပဲလေ၊ မေမေက တစ်ယောက်တည်းနေလို့မှ မရတာ"

"ကဲ မေမေ ဘယ်လိုလဲ၊ ကျွန်တော်တို့နဲ့ နေမလား၊ တစ်အိမ်တည်း အတူနေပြီဆိုရင်တော့ မိသားစု အချင်းချင်း ပြဿနာတွေ မဖြစ်ချင်ဘူးနော် မေမေ"

"မေမေကကော ဖြစ်ချင်လို့ ဖြစ်နေတယ်ထင်လို့လား၊ ပြဿနာတစ်ခုဖြစ်ပြီဆိုရင် ဒီပြဿနာ ဘာကြောင့် ဖြစ်ရသလဲ၊ သေချာမစဉ်းလားမသုံးသပ်ဘဲ မှအေနဲ့ ညီမအပေါ် အပြစ်ရုံချတာမျိုးတော့ မေမေက ဘယ်ခံနိုင်မလဲ၊ မင်းက မေမေ့သားလေ၊ မင်းရဲ့စိတ်ရင်းက ဒီလိုမှမဟုတ်တာ၊ ကိုယ့်သား မှားနေတာတော့ မေမေက ဘယ်ကြည့်နေနိုင်မှာလဲ"

"အမေ့သားစိတ်ရင်းက ဒီလိုမဟုတ်ဘူးဆိုတော့ သမီးနဲ့ရမှပဲ ပြောင်းလဲသွားတယ်လို့ အမေက ဆိုလိုချင်တာလား"

"နေစမ်းပါကွာ မင်းကလဲညည်း တစ်မှောင့်"

"မေမေ ပြီးခဲ့တာတွေ ဘာမှ မပြောလိုပါဘူး၊ အခုကိစ္စပဲ ရှင်းကြတာပေါ့၊ သမီးကြီးနဲ့ သားတို့ နှစ်ယောက်စလုံး မေမေ့ကို တာဝန်ယူဖို့ အဆင်ပြေမှာမဟုတ်ဘူးဆိုတာမေမေသိပြီးသား၊ သမီးငယ် ပြောင်းတဲ့နေရာလည်း မေမေလိုက်ဖို့ မဖြစ်ဘူးတဲ့၊ မေမေလည်း ဒီကလေးကို အဝေးကြီးမှာ တစ်ယောက်တည်း စိတ်မချဘူး၊ မေမေ လိုက်လို့လည်း မရတဲ့နောက်တော့ သမီး မြတ်လေးကို အလုပ်က ထွက်ခိုင်းလိုက်တော့မယ်၊ သမီးကြီးနဲ့ သားက လွတ်လွတ်လပ်လပ် စီးပွားရှာ၊ သမီးငယ်က မေမေ့ကို ပြုစုစောင့်ရှောက်။

မေမေတို့ သားအမိ စားရေးသောက်ရေးအတွက်ကိုတော့ သမီးကြီးနဲ့ သားက တာဝန်ယူရလိမ့်မယ်၊ ကဲ- မေမေ့ အစီအစဉ် ဘယ်လိုလဲ၊ သဘောတူကြရဲ့လား"

"မေမေ စဉ်းစားဦးနော်၊ သမီးကတော့ သဘောမတူဘူး၊ သမီး အလုပ် မထွက်နိုင်ဘူး၊ ခဏပန်း အဆင်ပြေရုံမကြည့်နဲ့ မေမေ၊ ရေရှည်ကြည့်၊ ကိုယ်ရှာတဲ့ငွေမှ ကိုယ့်အတွက် အမြဲစိတ်ချနိုင်တာ၊ သူများအားကိုးတယ်ဆိုတာ အမြဲစိတ်ချလို့ မရဘူးနော် မေမေ"

"ဒါဆို ဘယ်လိုလုပ်ကြမလဲ၊ သမီး မထွက်နိုင်ဘူးဆိုရင် မေမေပါ လိုက်ရုံပေါ့၊ ဘာဖြစ်ဖြစ်. . ."

"လောလောဆယ် မဖြစ်သေးလို့ပေါ့ မေမေရယ်၊ ခက်လိုက်တာ"

"မြတ်လေး အလုပ်ထွက်ပြီထားပါတော့၊ မေမေတို့သားအမိအတွက် သားတို့က တစ်လ ဘယ်လောက် တာဝန်ယူရမှာလဲ"

"မေမေတို့သားအမိ စားရေးသောက်ရေး၊ သာရေးနာရေး အစစအရာရာ ငွေတစ်သိန်းခွဲကတော့ အောက်ထစ်ကုန်တယ်၊ မမာရေး မချာရေးအတွက်လည်း ရှိဦးမှာဆိုတော့ သမီးကြီးနဲ့ သားက တစ်လ တစ်သိန်းစီ ထောက်မှဖြစ်မယ်၊ ဒါဆို မေမေတို့ အခြေအနေမပျက် နေလို့ ရပြီပေါ့"

"တစ်လ တစ်သိန်းကြီးတောင် အမြဲ ပေးနိုင်ပါ့မလား အမေရယ်၊ လင်မယားနှစ်ယောက်တည်း ရှိတာ မဟုတ်ဘူးလေ၊ သမီးတို့မှာ ကလေးအတွက် ကျောင်းစရိတ်၊ ကျူရှင်စရိတ်၊ အခြား တွန်ကျစရိတ်တွေ နည်းတာမဟုတ်ဘူး အမေ. . ."

သမီးကြီး မြတ်သီနှင့် သားဖြစ်သူ ကိုအောင်စိုးတို့ ပြောခြင်းတော့မဟုတ်။ တစ်လ ငွေတစ်သိန်း

www.burmeseclassic.com

www.burmeseclassic.com

ပုံမှန်ပေးရမည်ဆိုသည်ကို သဘောမကျဟန်ဖြင့် ချွေးမ နီလာဆွေက ဝင်ပြောလိုက်ခြင်းဖြစ်၏။ နီလာဆွေ့စကားအဆုံး သမက်ဖြစ်သူ ကိုထွန်းဦးကလည်း သူ့စိတ်ထဲရှိသမျှ ဖွင့်ဟပြောဆိုလေသည်။

"ကလေးတစ်ယောက်တည်း ရှိတဲ့ နင်တို့က ပြောရတယ်ရှိသေး၊ ငါတို့မှာ နှစ်ယောက်ဟာ၊ နောက်ပြီး အတန်းကြီးတွေချည်းပဲ၊ နှင့်သား ငါးတန်းကျောင်းသားတောင် ဘယ်လောက်ကုန်သလဲ၊ ငါတို့ဆို စဉ်းစားသာ ကြည့်လိုက်ပေတော့၊ မနက်မိုးလင်းက ညနေမိုးချုပ် တစ်ရက်မှ အိမ်မှာ အေးအေးမနေရဘူး၊ ကျွန်တော်က ပွဲစားနော် အမေ၊ ဝန်ထမ်းတွေလိုတော့ ပုံမှန်ဝင်ငွေ မရှိဘူး၊ အကယ်၍များ အမေ သတ်မှတ်ထားတဲ့ တစ်လတစ်သိန်း မပေးနိုင်ရင်..."

"မေဇမနော် ပေါ့ပေါ့မတွေးနဲ့၊ သမီး အလုပ်ထွက်ဖို့ကတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူးထင်တယ်၊ အရာရာကို မျက်တောင်မွေးလေး တစ်ဆုံးကြည့် မဆုံးဖြတ်ပါနဲ့၊ မျက်စိတစ်ဆုံးကြည့်ပြီးမှ ဆုံးဖြတ်ပါ၊ သမီးရှေ့နေကလည်း ရှိသေးတယ်နော်"

"အင်း-အဲဒါလည်းဟုတ်တယ်နော် မေမေ၊ သမီးတို့က တစ်လ တစ်သိန်း ပေးပါပြီတဲ့၊ ဘယ်တော့အထိပေးရမှာလဲမြတ်လေးရှေ့နေက ရှိသေးတယ်လေ"

"ဒါကတော့ သမီးကြီးရော၊ သားရော စဉ်းစားကြည့်၊ မင်းတို့က အကြီးတွေ၊ မင်းတို့ညီမလေးက သူ့ဘဝ တိုးတက်ရာ တိုးတက်ကြောင်း မှန်သမျှစွန့်လွှတ်ပြီး မေမေ့ကို စောင့်ရှောက်သွားမှာ၊ သူစောင့်ရှောက်ပေးလို့သာ မင်းတို့ နှစ်ယောက်စလုံး စီးပွားဖြောင့်ဖြောင့်ရှာနိုင်မှာ မဟုတ်လား၊ မေမေ မေးကြည့်မယ်လေ၊ သမီးကြီးရော သားရော မင်းတို့ ညီမလေးလို အလုပ်ထွက်ပြီး မေမေ့ကို ပြုစုနိုင်ကြလား"

ဒေါ်ခင်မေ့ စကားအဆုံးမှာတော့ ဆန္ဒရှိသလို အပြန်အလှန် ပြောဆိုနေကြသူများအားလုံး ဘာတစ်ခွန်းမျှ မပြောနိုင်ကြတော့ဘဲ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်၍သာ နေကြ၏။

"မေမေ သိပြီးသားပါ၊ မင်းတို့ နှစ်ယောက်စလုံး မင်းတို့ညီမလေးလို အလုပ်ထွက်ပြီး ဒီမအေကို မစောင့်ရှောက်နိုင်ကြဘူးဆိုတာကိုလေ၊ မင်းတို့ဆီ မေမေလာနေလည်း အဆင်ပြေအောင် တာဝန်မယူနိုင်ကြဘူး မဟုတ်လား၊ အဲဒီတော့ သူ့ဘဝရှေ့နေအတွက်တောင် မကြည့်တော့ဘဲ အလုပ်ထွက်ပြီး မေမေ့ကို ပြုစုမယ့် မင်းတို့ညီမလေးကို မေမေ မရှိတဲ့နောက်လည်း မင်းတို့စောင့်ရှောက်ပေးရမှာပေါ့၊ မဟုတ်ဘူးလား"

ကျေနပ်သည်၊ မကျေနပ်သည်တော့မသိ။ စုံတွဲနှစ်တွဲ ဒေါ်ခင်မေ့စကားကို ဘာတစ်ခွန်းမျှ မချေပနိုင်တော့ဘဲ သတ်မှတ်ထားသည့် အတိုင်း မိခင်နှင့် ညီမဖြစ်သူတို့အား တစ်လ တစ်သိန်းစီ ထောက်ပံ့ရန် သဘောတူညီမှု ရသွားသကဲ့သို့ ဖြစ်သွား၏။

မိခင်ကြီး၏ ဆန္ဒကို မလွန်ဆန်ရက်၍သာ လိုက်လျောလိုက်ရသည်။ မြတ်လေးခမျာ သူမြတ်နိုးတန်ဖိုးထားလှသည့် ဝန်ထမ်းဘဝလေးကို စွန့်လွှတ်လိုစိတ် လုံးဝမရှိ။ လုပ်သက်က ဆယ်နှစ်တောင် ပြည့်သေးသည် မဟုတ်၍ ပင်စင်လည်း မရ။ ဒီရာထူး၊ ဒီအဆင့်ထိရောက်ရန် မည်မျှအထိ ကြိုးစားခဲ့ရသည်ကို သူသာ အသိဆုံးဖြစ်၏။ ယခုလို ဘာခံစားခွင့်မှမရှိဘဲ ထွက်လိုက်ရခြင်းကို တော့ မျက်ရည်ပေါက်ကြီးငယ်ကျသည်အထိ ဝမ်းနည်းကြေကွဲနေရရှာလေသည်။

သူ့အဖြစ်ကလည်း သနားစရာပင်။

✿

"မမသီ စဉ်းစားကြည့်၊ တစ်လ တစ်လကို နီလာတို့ တစ်သိန်းတိတိ ပေးနေရမယ်၊ အမွေတစ်သက်ဆို ထားပါတော့၊ အခုနော့ မြတ်လေးတစ်သက်တဲ့၊ နီလာတို့ ငွေကြေးအဆင်ပြေရင် ပေးနိုင်တယ်ထား၊ နောင်ငွေကြေးအဆင်မပြေတဲ့အချိန် ရောက်လာရင်ရော ဘယ်လိုလုပ်ကြမလဲ၊ မမသီနဲ့ကိုစိုးက ဘာမှမပြောတော့ နီလာတို့က ဘယ်ပြောလို့ဖြစ်တော့မလဲ၊ နီလာတော့ ရင်လေးတယ်၊ မနိုင်ဝန်ထမ်းမိသလို ဖြစ်နေပြီထင်တယ်"

"ဒါဆို နင်ပြောပါဦး နီလာရဲ့၊ မမေ့ကို နင်နဲ့ ကိုစိုး တာဝန်ယူပြီး လိုလေသေးမရှိ ပြုစုနိုင်မလား၊ ငါလည်း တစ်လ ငွေတစ်သိန်း ပေးရမယ့်ကိစ္စ မစဉ်းစားမိဘူး မထင်ပါနဲ့၊ ဒါပေမဲ့ ငါ့ကျောင်းကိစ္စ၊ ယောကျ်ားကိစ္စ၊ ကလေးနှစ်ယောက်ကိစ္စတွေနဲ့ မေမေ့ကို မြတ်လေး လုပ်ကိုင်ပေး

www.burmeseclassic.com

သလို လုံးဝမလုပ်နိုင်ဘူးဟေ့၊ အဲဒါကြောင့် အသာငြိမ်နေလိုက်တာ"

မိခင်ဖြစ်သူ အတွက် ညီမအငယ်ဆုံးသမီးက အလုပ်ထွက်ပြီး ပြုစုစောင့်ရှောက်ပေးနေသည်ကိုမှ အားမနာ။ ကိုအောင်စိုး၏ ဇနီးဖြစ်သူ နီလာဆွေက မမြတ်သိအိမ်သွားကာ သူ့ရင်တွင်းခံစားချက်ကို ဖွင့်ပြော၏။ ပြောသည့်လေသံ၊ ဟန်ပန်အမူအရာ ကြည့်ရုံ၊ နားထောင်ရုံဖြင့် သိသာသည်။ တစ်လ တစ်လ ငွေတစ်သိန်းကြီး ထောက်ပံ့ချင်သည့် ဆန္ဒ လုံးဝမရှိ။ အကယ်၍ မဖြစ်မနေ ထောက်ပံ့ရမည်ဆိုလျှင်တောင် အချိန်ကာလ အကန့်အသတ်တစ်ခု ထိသာ ထောက်ပံ့ချင်သည့်ပုံပင်။

ပွင့်ပွင့်လင်းလင်း ပြောရလျှင် ယောကျ်မကြီး ဒေါ်ခင်မေ တစ်သက်အောင့်အည်းသည်းခံကာ ပေးနေမည် ဖြစ်သော်လည်း ယောက်မဖြစ်သူ မြတ်လေး အသက်ထင်ရှားရှိနေသရွေ့ ပေးနေရဦးမည်ကိုတော့ အတော်ဝန်လေးနေပုံ ရလေသည်။

"နီလာတို့မှာလည်း အလုပ်အကိုင်နဲ့လေ၊ အားနေတာမှ မဟုတ်တာ၊ အမေ့ကို ဘယ်လိုလုပ် တာဝန်ယူနိုင်မှာလဲ၊ တစ်လတစ်သိန်း ပေးရမယ့်ကိစ္စလည်း နီလာတော့ ဝန်လေးတယ်၊ တကယ်လို့ မမသီမောင်ပဲဖြစ်ဖြစ်၊ နီလာပဲဖြစ်ဖြစ် အကြောင်းတစ်ခုခုနဲ့ ပင်စင်ယူလိုက်ရပြီဆိုရင် ဘယ်လိုလုပ်ကြမလဲ. . . "

"နေစမ်းပါဦး နီလာရယ်၊ ခေါင်းရှုပ်ရတဲ့အထဲ နင်ကလည်း တစ်မျှောင့်၊ နင့်တို့ပင်စင်ယူမှာ နောင် အနှစ်နှစ်ဆယ်လောက်မှပါဟဲ့၊ အခု ကတည်းက ကြိုတွေးမနေနဲ့၊ မနက်ဖြန် အရေးတောင် ဘာမှန်းမသိတာ၊ အဲဒီလိုအခြေအနေဖြစ်လာတဲ့အခါမှ ကြည့်လုပ်ရုံပေါ့၊ အခုလောလောဆယ် မေမေ့ကို ငါလည်း တာဝန်ယူမပြုစုနိုင်ဘူး၊ နင့်ယောကျ်ားရော ပြုစုနိုင်လို့လား၊ အဲဒီတော့ မေမေပြောတဲ့အတိုင်း တစ်လ တစ်သိန်း ဖြစ်အောင်ထောက်ပံ့လိုက်၊မလောက်ရင် နင်တို့ လျှော့သုံး၊ လျှော့စားကြ၊ ငါတို့လည်း တတ်နိုင်သလောက် လျှော့ရမှာပဲ၊ နောက်ဆုံး ငါးဝိရည်နဲ့ စားနေမယ်ဟာ၊ ဒီကိစ္စ ခေါင်းရှုပ်အောင် ဘာမှလာပြောမနေနဲ့တော့ဟေ့"

✿

"မေမေ. . . သမီးစျေးသွားလိုက်ဦးမယ်နော်၊ ဒီနေ့ ဘာဟင်းစားမလဲ၊ အသီးအနှံရော ဘာလေးများ စားချင်လဲ၊ ကြိုက်တာမှာ မေမေ"

"ချက်ချင်တာသာချက်၊မေမေ အကုန်စားမယ်၊ စိတ်ချမ်းသာနေရင် ဘာနဲ့စားစား မြိန်တယ် သမီးရဲ့၊ အခုလို မေမေတို့သားအမိ ရှိတာလေးစားပြီး အေးအေးဆေးဆေးနေရတာ ဘယ်လောက်စိတ်ချမ်းသာလိုက်သလဲ၊ ဒါနဲ့ပဲ မေမေကတော့ ကျေနပ်ပြီ၊ ဟုတ်တယ်မဟုတ်လား မချိုရေ"

"ဟုတ်တာပေါ့ အဒေါ်ရယ်၊ ဘဝမှာ စိတ်ချမ်းသာဖို့ အရေးကြီးတယ်လေ၊ မြတ်လေးလို သမီးလေးမျိုးရတာ အဒေါ် ကံကောင်းလိုက်တာ၊ ပြုစုပေးတတ်လို့ကိုတာများလိုလေသေးမလို့ ကြည့်နေ မြတ်လေးတစ်နေ့ကောင်းစားဦးမယ်"

အလုပ်သွားစရာ မလိုတော့ဆည့်နောက် မြတ်လေးအဖို့ မိခင်ကြီးကို ပြုစုစောင့်ရှောက်ရန် တာဝန်သာ ရှိတော့၏။ မြတ်လေးကလည်း တစ်ရက်မြား တစ်ခါ စွေးသွားပြီး မိခင်ကြီး ခံတွင်းတွေ့စေရန် ဟင်းအမျိုးအမည် မထပ်ရလေအောင် ကြိုးစားကာ ချက်ပြုတ်ကျွေးမွေး၏။ ကလေးတစ်ယောက်ကဲ့သို့ ရေမိုးချိုးသန့်စင်ပေး၏။

သံသရာတစ်ပတ်လည်ကာ မြတ်လေးက မိခင် တစ်ဖန်ပြန်ဖြစ်ပြီး ဒေါ်ခင်မေက သမီးတစ်ဖန် ပြန်ဖြစ်နေသည့် အခြေအနေ။

သူနှင့်အတူနေရသည့်အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေသော မိခင်ဖြစ်သူကို မြင်ရပြန်တော့ မြတ်လေးတစ်ယောက် အလုပ်ထွက်လိုက်ရသည့်အတွက် စိတ်မခံနာကာင်းဖြစ်ကာ ကျခဲ့ရသော မျက်ရည်တို့ကိုပင် မိခင်ကြီး မမြင်အောင် အမြန်သုတ်လိုက်ရ၏။ တစ်အိမ်ကျော်မှ ညီအစ်မလို ဖြစ်နေသည့် မချို ပြောသလိုပင်။ဘဝတွင် စိတ်ချမ်းသာဖို့က အရေးအကြီးဆုံး၊ သူ့ကြောင့် မိခင်ဖြစ်သူ စိတ်ချမ်းသာလျှင် ဘဝတစ်ခု ရင်းရစေဦး။ မြတ်လေးလည်းကျေနပ်နေမည်သာ ဖြစ်၏။

"မြတ်လေးရယ်၊ ညီမ အရမ်းတော်တယ်၊ မမချိသာ ညီမနေရာမှာဆို ညီမလို စွန့်လွှတ်အနစ်နာခံပြီး ဒီမအေကို ပြုစုစောင့်ရှောက်နိုင်ပါ့မလား သေချာမပြောနိုင်ဘူး၊ အဒေါ် အရမ်းကို စိတ်ချမ်းသာနေတာ၊ ညီမတော့ ကုသိုလ်တွေ အများကြီးရသွားသလား"

www.burmeseclassic.com

www.burmeseclassic.com

"အမှန်အတိုင်းပြောရရင်တော့ ညီမလည်း မတတ်သာလို့ မျက်စိစုံမှိတ်ပြီး အလုပ်ထွက်လိုက်ရတာ၊ တကယ်တော့ နည်းနည်းလေးမှ ထွက်ချင်တဲ့စိတ်မရှိဘူး၊ ဒါပေမဲ့ မေမေက အိမ်ထောင်သည် သားသမီးတွေနဲ့ တစ်ရက်ကလေးမှ မနေချင်ဘူးတဲ့လေ၊ နောက်ဆုံး ဒီလိုအခြေအနေဖြစ်သွားတာ၊ မေမေကတော့ နားလည်ချင်မှ နားလည်လိမ့်မယ်၊ ညီမလေ ရှေ့ရေးအတွက် နည်းနည်းလေးမှ စိတ်မအေးဘူး၊ မောင်နှမဆိုတာ အများစုက သိတဲ့အတိုင်းပဲလေ"

"အင်း. . . အဲဒါလည်း ဟုတ်တယ်ညီမ၊ လူလွတ်က ဒီလောက် မဟုတ်ဘူးထား၊ သူစိမ်းဖက်လာရင် အဲဒီသူစိမ်းကအသိတရားနည်းတဲ့သူဖြစ်ရင် ဒီဆွေမျိုးသားချင်း မိသားစုဝါးအစည်းပြေသလို တကွဲတပြားစီဖြစ်ဦးတော့တာပဲ၊ အစဉ် အားကိုးရဖို့ဆိုတာတော့ ဘာမှတပ်အပ်သေချာမပြောနိုင်ပါဘူး၊ ဒါပေမဲ့ ညီမလေးရယ်၊ ညီမက မိဘကို ပြုစုစောင့်ရှောက်နေတာ ကောင်းကျိုးပေးမှာသေချာပါတယ်၊ သိပ်တော့ ပူမနေပါနဲ့၊ အဆင်ပြေသွားမှာပါ"

"အဲဒီလို ဖြစ်ပါစေလို့ပဲ ဆုတောင်းနေရပါတယ် မမချို့ရယ်"

"အဆင်ပြေမှာပါ ညီမရယ်၊ အမေနဲ့ ဒီအမေကို စောင့်ရှောက်ပေးနေတဲ့ ညီမလေးပဲဥစ္စာ၊ အစ်မတွေ၊ အစ်ကိုတွေက ဘယ်ကြည့်နေပါ့မလဲ၊ နောက်ပြီး ငွေရေးကြေးရေး အဆင်မပြေလို့ဆိုလည်း တစ်မျိုး၊ အစ်မရော၊ အစ်ကိုရော ဝင်ငွေကောင်းတာလူတိုင်းအသိ၊ ညီမ အမေအိုကြီးကို ပြုစုစောင့်ရှောက်ပေးနေလို့လည်း သူတို့ လွတ်လွတ်လပ်လပ် စီးပွားရှာနိုင်တာလေ"

"ဒါပေမဲ့လည်း မမချို့ရယ်၊ ညီမ ရှာနိုင်ဖွေနိုင်တုန်းက ကိုယ့်စိတ်တိုင်းကျဲ့ လှူနိုင်တယ်၊ လိုတဲ့သူကိုလည်း ပေးနိုင်ကမ်းနိုင်တယ်၊ သုံးချင်သလိုလည်း သဘောရှိသုံးနိုင်တယ်၊ သူများထောက်ပံ့တဲ့ ငွေကြေး သုံးနေရတဲ့အခါမှာတော့ ကိုယ့်စိတ်တိုင်းကျ မလုပ်နိုင်တာ အမှန်ပါပဲ၊ တစ်ခုခုလှူဖို့တောင် လက်က တွန့်နေတယ်၊ မေမေ့ကြောင့်သာ ဒီလိုဘဝမျိုးနဲ့ နေနေရတာ တစ်ရက်မှ စိတ်မချမ်းသာဘူး မမချို့၊ ဒါပေမဲ့ မေမေ စိတ်ချမ်းသာရင် ပြီးရောဆိုပြီး အားတင်းနေလိုက်ပါတယ်။

မမချို့ကိုတော့ ပြောရဦးမယ်၊ ဘယ်လောက်ပဲ အားတင်းနေပေမယ့်လေ သူတို့တွေ ပိုက်ဆံလာပေးပြီဆိုရင် ညီမ ဘယ်လိုသိမ်ငယ်မှန်းကို မသိဘူး၊ အဲဒီလိုအချိန်မှာ ညီမ သိမ်ငယ်ရတဲ့အဖြစ်ကို မမချို့အပြည့်အဝ နားလည်အောင် ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး မမချို့ရယ်"

"အပြည့်အဝ မဟုတ်ပေမယ့် ညီမလေးခံစားချက်ကို မမချို့ နားလည်ပါတယ်၊ ညီမလေး စိတ်ကိုသာကြိုးစားပြင်လိုက်တော့နော်၊ မိအိုတွေ၊ ဘအိုတွေ ပြုစု စောင့်ရှောက်ခွင့်ရတယ်ဆိုတာ လူတိုင်းရနိုင်တဲ့ အခွင့်အရေးမဟုတ်ပါဘူး၊ ညီမလေး ကံထူးလို့ပဲ မှတ်နော်၊ မိဘကို အနီးကပ် ပြုစုစောင့်ရှောက်တဲ့ညီမလေး အကျိုးထူး ခံစားရမှာပါ ညီမလေးရယ်"

✿

"မမကြီးလည်း လာပေးမလို့ပါပဲ မြတ်လေးရယ်၊ ကံလေးတွေက စာမေးပွဲ၊ နောက်ပြီး မမကြီးမှာက စာမေးပွဲစောင့် တာဝန်ကျတာ နေ့တိုင်းပဲလေ၊ မနက်မိုးလင်းက ညနေမိုးချုပ် နားကို မနားရပါဘူးဟာ၊ ဒါကြောင့် ညီမတို့ဆီ ကွေ့ဝင်မလာနိုင်တာ"

ခါတိုင်း လဆန်း ၆ ရက်၊ ၇ ရက်အတွင်း ထောက်ပံ့ငွေတစ်သိန်း လာပေးနေက၊ ဒီလမှာတော့ လတစ်ဝက် ရောက်သည့်တိုင် လာပေးခြင်း မရှိသောကြောင့် မိခင်ကြီးခိုင်းစေသည့်အတိုင်း မြတ်လေးတစ်ယောက် အစ်မဖြစ်သူ အိမ်ရှိရာသို့ သွားလိုက်၏။ ကျောင်းမှ ပြန်ရောက်နိုင်မည့် အချိန် ညနေ ၅ နာရီလောက် သွားသည်ကိုပင် အိမ်တွင် ရှစ်ယောက်မျှမရှိ။ တိုက်ခန်းတံခါးကသော့ပိတ်ထားသည်။ မမြတ်သီတို့နေသည်က ဒုတိယထပ်ဖြစ်၏။ အခန်းရှေ့ ရပ်စောင့်လျှင်အဆင်မပြေသည့်အတွက် အောက်သို့ ပြန်ဆင်းကာ တိုက်ရှေ့အုတ်ခုံလေးတွင်, ထိုင်စောင့်နေလေသည်။

၆ နာရီထိုးသည့်တိုင် ထိုင်စောင့်နေသော်လည်း တစ်ယောက်မျှ ပြန်မလာသောကြောင့် မြတ်လေး အစ်မဖြစ်သူထံ ဖုန်းလှမ်းဆက်၏။ မမြတ်သီက ကျောင်းကတောင်ထွက်မလာရသေး။ ခဏစောင့် ဆိုသည့်အတွက် မြတ်လေး ဆက်ထိုင်စောင့်နေလိုက်သည်။ နာရီပေါ်ကြည့်လိုက်၊ လမ်းထိပ်လှမ်းမျှော်လိုက်နှင့် ၇ နာရီထိုးခါနီးမှ မမြတ်သီတစ်ယောက် တည်း သုတ်သီးသုတ်ပျာ ရောက်လာ

www.burmeseclassic.com

ရာမှ ညီမဖြစ်သူကို ပြောလိုက်ခြင်း ဖြစ်၏။ မြတ်လေးက မမြတ်သီ လက်ထဲမှ ဆွဲခြင်းကို လှမ်းယူလိုက်ရင်းမှ-

"နောက်ကျလိုက်တာ မမကြီးရယ်၊ ညီမ ၅ နာရီကတည်းက ရောက်နေတာ၊ ခဏပဲဆိုပြီး မမေ့ကို ထမင်းတောင် မကျွေးခဲ့ရသေးဘူး၊ ဆာများနေမလား၊ နောက်ကျမှကျွေးလို့ အစာမကြေများ ဖြစ်နေမလားဘဲ"

"ဖုန်းအရင်ဆက်ပြီးမှ လာတာမဟုတ်ဘူး ညီမရယ်၊ အိမ်ရှိလူကုန် ကိုယ့်ကိစ္စနဲ့ကိုယ် မိုးချုပ်မှ အို့မ်ပြန်ရောက်ကြတာ၊ ညီမ ဖုန်းလှမ်းဆက်လို့၊ ခါတိုင်း မမကြီး ဒို့ထက် မိုးချုပ်တယ်၊ နင့်အစ်ကိုကြီးလည်း ဒီအတိုင်းပဲ၊ ကလေးတွေဆို ကျောင်းကနေ စာမေးပွဲဖြေပြီး ကျူရှင်ဆက်သွားကြတဲ့ ၉ နာရီလောက်မှ အိမ်ပြန်ရောက်ကြမှာ"

မမြတ်သီက စာအုပ်ထုပ်ကို လက်တစ်ဖက်မှ ပွေ့ကိုင်ပြီး ကျန်တစ်ဖက်နှင့်ပင် သော့ဖွင့်ဝင်ကာ ပြောလိုက်၏။ ပစ္စည်းတွေ နီးရာထိုင်ခုံပေါ် ချလိုက်ရင်း ဆွဲခြင်းထဲရှိ ရေဘူးထဲမှရေကို မော့သောက်လိုက်၏။

"မောလိုက်တာ လုပ်ကိုင်စားရတာ မလွယ်ဘူး ညီမရေ၊ ကဲ... မေမေ စိတ်ပူနေလိမ့်မယ်၊ ညီမ မြန်မြန်ပြန်မှ၊ မေမေကော နေကောင်းတယ်မဟုတ်လား"

မမြတ်သီက ပြောရင်းဆိုရင်း ပိုက်ဆံအိတ်ထဲမှ ပိုက်တံ တချို့ကို ထုတ်ကာ ရေတွက်နေ၏။

"မေမေ နေလို့တော့ ကောင်းပါတယ်၊ ဒါပေမဲ့ သားသမီးတွေ လာခဲ့ခိုန်တန်လို့ မလာရင် စိတ်မကောင်းဖြစ်ပုံရတယ်၊ တတွတ်တွတ်နဲ့ပြောလို့ မဆုံးဘူး၊ မဲမကြီးတို့ကလည်း ကိုယ့်မှာ ဒီမအေတစ်ယောက်တည်းရှိတာ၊ အသက်လည်း ကြီးလှပြီ၊ ဓရုံစိုက်ပါ မမကြီးရယ်"

"မြိတ်လေးက ပြောအားရှိတာပေါ့၊ လူလွတ်ကိုး၊ ဂရုစိုက်စရာ မေမေကလွဲပြီး တခြားရှိတာမှမဟုတ်တာ၊ မမကြီးတို့မှာ အိမ်ထောင်သည်ဖြစ်နေတော့ အစွယ်အပွားတွေရှိလာပြီလေ၊ တစ်နေ့တစ်နေ့ ယောကျ်ားကိစ္စ၊ သားကိစ္စ၊ သမီးကိစ္စ၊ ကိုယ့်ကိစ္စတွေနဲ့ အားရတယ်ကိုမရှိဘူး၊ ကိုယ့်မိဘ မပြုစုချင်ဘဲနေမလား၊ ဒါပေမဲ့ ဆန္ဒသာရှိတာ ညီမလို မလုပ်နိုင်ဘူး၊ ရော... ဒီမှာ ငါးသောင်း၊ မေမေ့ကို ပြောလိုက်ဦး၊ ငါးသောင်းပဲ ယူထားပါဦးလို့၊ လဆန်းစကတော့ တစ်သိန်းတိတိ ဖယ်ထားတာပဲ၊ တို့အတွက် ယူသုံး၊ ဒီအတွက်ယူသုံးနဲ့ ဒါပဲကျန်တယ်၊ နင့်အစ်ကိုကြီးဆီကရမှ ထပ်ပေးရမှာပဲ၊ ကိုစိုးတို့ပေးထားတဲ့ ပိုက်ဆံတွေ ရှိတယ်မဟုတ်လား"

"ကိုကိုတို့ပေးတဲ့ပိုက်ဆံ ကုန်ပြီ၊ ဒီလ အဆင်မပြေလို့တဲ့၊ သုံးသောင်းပဲ ပေးသေးတယ်၊ မိတ်ဖိုးတို့၊ ရေဖိုးတို့ဆောင်တာနဲ့ ကုန်ရော..."

"သူတို့က အဆင်မပြေရအောင် ဘာအတွက် ကြီးကြီးကျယ်ကျယ် ကုန်နေလို့လဲ၊ လင်မယားနှစ်ယောက်စလုံး ဝင်ငွေဖြောင့်တာ ငါအသိဆုံး၊ ငါတို့လို ကုန်စရာ သောက်သောက်လဲ ရှိတာလည်း မဟုတ်ဘဲနဲ့၊ ဒီကောင် အလကားလိုက်တွက်တတ်နေတာ"

မမြတ်သီက ငွေငါးသောင်းကို မြတ်လေး လက်ထဲ ပေးလိုက်ရင်း မောင်ဖြစ်သူ ကိုအောင်စိုးတို့လုပ်ရပ်ကို သဘောမတွေ့တန်ဖြင့် ပြောလိုက်၏။ မြတ်လေးကတော့ ထိုကိစ္စနှင့် ပတ်သက်၍ ကောင်းသည်၊ ဆိုးသည် ဘာတစ်ခွန်းမျှ ပြောမနေတော့။ ပြောချင်စိတ်မရှိ၍ မပြောခြင်းလည်း ဖြစ်တန်ရာ၏။ ငွေတစ်သိန်းကို ခွဲခြမ်းစိတ်ဖြာ၍ ပေးခြင်းသည် မမြတ်သီအနေနှင့် ပထမဆုံး ဖြစ်သော်လည်း ကိုအောင်စိုးတို့ လုပ်နေသည်ကား အကြိမ်ပေါင်း မနည်းတော့ပြီ။ သုံးလလောက်တော့ ငွေတစ်သိန်းကို ရှောရှောရှူရှူ ပေးသေးသော်လည်း နောက်ပိုင်း ငွေတစ်သိန်းကို လေးငါးကြိမ် ခွဲပေးသည်။ တချို့လတွင် အမှတ်မှားပြီး တစ်သိန်း မပြည့်သေးဘဲ အပြည့်ပေးပြီးနေပြီဟု ခံငြင်းသည်က ရှိသေး၏။ ကိုအောင်စိုးကတော့ မဟုတ်။ ငွေကြေးကို တာဝန်ယူ၍ ပေးနေသူ နီလာဆွေက ဖြစ်၏။

နဂိုကမှ အစ်ကို၊ အစ်မတွေထဲ လက်ဖြန့်တောင်းနေရသည်ကို စိတ်မချမ်းသာရသည့်အထဲ ယခုကဲ့သို့ ငြင်းရ၊ ခုံရ ဖြစ်လာသောအခါ မြတ်လေးတစ်ယောက် အစ်ကိုဖြစ်သူ အိမ်သို့ ငွေသွား၍ တောင်းယူခြင်းမှာ မလုပ်တော့။ သူတို့လာပေးလျှင် ပေးသလောက် စာရင်းနှင့် မှတ်၍ ယူထားလိုက်၏။ အကြောင်းတစ်ခုတစ်ရာကြောင့် စကားပြောစရာ ဆိုစရာဖြစ်လာလျှင်လည်း မြတ်လေးကတော့ ဝင်ရောက်ပြောဆိုခြင်း မရှိ။ ပေးသလောက်ယူပြီး အတွန့်မတက်

www.burmeseclassic.com

www.burmeseclassic.com

တော့ဘဲ ဘာသိဘာသာ နေလိုက်၏။ သူတို့သားအမိအပေါ် ကိုအောင်စိုးတို့ ဇနီးမောင်နှံထားရှိသော မေတ္တာစေတနာကို ကောင်းစွာ သိရှိနေပြီး ဖြစ်၍ မြတ်လေးသဘောအတိုင်းသာ ဆိုလျှင် တစ်ပြားတစ်ချပ်မျှ ယူတော့မည်မဟုတ်သည်မှာ အမှန်ပင်ဖြစ်လေသည်။

✿

"အရမ်း သတိရတယ် မြတ်လေးရယ်၊ ရန်ကုန်နဲ့ နေပြည်တော် ဘယ်လိုမှပြန်လာမရလို့သာ နှင့်ဆီ ရောက်မလာတာ၊ စနေ၊ တနင်္ဂနွေ နှစ်ရက် အပြည့်အဝ အားရက်ရရင် တောင် ငါပြန်လာမှာ၊ အခုတော့ စနေ၊ တနင်္ဂနွေလည်းမနားရ၊ နေ့ခင်းလည်း မအား၊ ညလည်း အလုပ်အရေးကြီးရင် ကြီးသလို ငါတို့ရုံးမှာပဲ အလုပ်လုပ်နေရတာ၊ ဘယ်လိုလုပ် ရန်ကုန်အိမ်ပြန်လို့ ရမလဲ၊ တော်သေးတာပေါ့။ အဖေတို့၊ အမေတို့က သူတို့ဘာသာ သွားနိုင်၊ လာနိုင်ကြသေးလို့ နောက်ပြီး ငါ့ညီမ တိုးတိုးတို့ မိသားစုက အမေတို့နဲ့ လာနေပေးကြတယ်လေ"

"ကဲ. . . စကားလည်းပြော၊ ရေနွေးကြမ်းနဲ့ လက်ဖက်သုပ်လည်း စားဦး၊ ဒါ မြတ်လေးကိုယ်တိုင် လုပ်ထားတဲ့ ငှက်ပျောပေါင်း၊ သကြားလုံးဝမပါဘူးနော်၊ နို့နဲ့ပေါင်းထားတာ စားဟာ။

ထမင်းကျွေးဦးမှာနော်၊ ဒီနေ့တော့တဲ့ ငါးရံ့ခေါင်း ချဉ်ရည် ဟယ်၊ ငါးပိရည် တို့စရာ ကားအချို့ချက်ထားတာ၊

"စိတ်ချ၊ မစားမှာမပူနဲ့၊ ငါ မိုးချုပ်မှ ပြန်မှာနော်၊ ဒါတောင် ရောက်တုန်းလေး အဖေတို့၊ အမေတို့နဲ့လည်း စကားတွေ ပြောချင်သေးလို့ နေဦး၊ ကြီးကြီးဖို့ လိမ္မော်သီးလေး ပြီး အောင် မွှေပေးလိုက်ဦးမယ်၊ မုန့်တွေလည်းကျွေးနော်၊ ငါ ကြီးကြီးနဲ့တည့် မယ့်မုန့်တွေ ရွေးဝယ်လာတာ"

စိုးစိုးက သူ့ရွေ့ လာချပေးသည့် လက်ဖက်သုပ်နှင့် ငှက်ပျော ပေါင်းတို့ကို တစ်ဇွန်းစီ စားလိုက်ပြီးမှ သူယူလာသော လိမ္မော်သီးပွပွကြီးများကို ဒေါ်ခင်မေ စားရန်အတွက် အခွံဆက်နှာ၏။ မြတ်လေးနှင့် စိုးစိုးက လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းများဖြစ်၏။ နေ့စားဘဝဖြင့် အလုပ်စဝင်ကတည်းက အတူတူပင်။ လက်ထောက်ဦးစီးမှူး ရာထူးအတွက် စာမေးပွဲဖြေတော့လည်း အတူတူ။ အောင်စာရင်းထွက်ပြီး အမြဲတမ်း ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခွင့်ရသည့်အခါမှာတောင် တစ်ရုံးတည်း၊ တစ်ခန်းတည်း၊ ဆုံလည်း ဆုံနိုင်လွန်းသည့် ရေစက်ပင်။

စိတ်သဘောချင်း တိုက်ဆိုင်သည့် မြတ်လေးတို့နှစ်ယောက် စားလည်းအတူ၊ သွားလည်းအတူ၊အလုပ်လုပ်လည်း နှစ်ယောက် တိုင်တိုင်ပင်ပင် လုပ်ခဲ့ကြခြင်းကြောင့် ဘာပြဿနာမှ မရှိ။ နောက်တစ်ဆင့် ရာထူးတိုးအတွက် သင်တန်းတက်တော့လည်း အတူတက်ကြပြီး ဦးစီးမှူးဖြစ်သည့်တိုင် ညီအစ်မရင်းချာပမာ နေခဲ့ကြရာမှ နေပြည်တော်သို့ ပြောင်းဖို့ အကြောင်းပေါ်လာသောကြောင့်သာ ကွဲကြရလေတော့သည်။

မိဘတို့အတွက် စိတ်ပူစရာသိပ်မလိုသည့် စိုးစိုးကတော့ နေပြည်တော် ပြောင်းသွားသည်။ ရုံးကပေးသည့် အဆောင်တွင်နေပြီး စားရေးသောက်ရေးအတွက်တော့ ရေကြီးခွင့်ကျယ် လုပ်မနေ။ အခြေအနေကြည့်ပြီး အဆင်ပြေသလို ဖြေရှင်းလိုက်၏။ လူငယ်အတွက်ကတော့ ဘာမှပြဿနာမရှိ။

အနေဝေးနေကြသော်လည်း မြတ်လေးတို့နှစ်ယောက်မှာ အဆက်အသွယ် မပြတ်ကြ။ မမျော်လင့်ဘဲ ရန်ကုန်တွင် အစည်းအဝေးတက်ရန် ကိစ္စဖြင့် စိုးစိုးရောက်လာ၏။ အိမ်တွင် တစ်ညအိပ်ပြီး မြတ်လေးထံ အစောကြီး ရောက်လာခြင်းဖြစ်၏။ မနက်စာ ကြာဆံကြော်စားပြီး အချိုပွဲပြင်ဆင်ရင်း စကားစမြည် ပြောဆိုနေကြခြင်းဖြစ်လေသည်။

"နင်ဒီမှာ ဘယ်နှရက်နေလို့ ရလဲ စိုးစိုး"

"မနက်ဖြန် အစည်းအဝေးပြီးတာနဲ့ ပြန်ရမှာမြတ်လေး၊ တကယ်တော့ ဒီနေ့မှ ရန်ကုန်ပြန်ခိုင်းတာ၊ ငါ နင်နဲ့ စကားတွေအများကြီးပြော နိုင်အောင် မနေ့က ညကားစီးပြန်လာတာ၊ ကြီးကြီးကို လိမ္မော်သီးသွားကျွေးလိုက်ဦးမယ်ဟေ့"

စိုးစိုးက သူကိုယ်တိုင် ပြင်ဆင်ထားသည့် လိမ္မော်သီးပန်းကန်လေးကိုင်ကာ ဒေါ်ခင်မေထံ လျှောက်သွား၏။ စိုးစိုးအတွက်တော့ မြတ်လေးတို့ အိမ်က အနေစိမ်းသည့်အိမ်မဟုတ်။ စားအိမ်သောက်အိမ်။ ဒေါ်ခင်မေကလည်း သမီးတစ်ယောက်လို ချစ်သည်။

www.burmeseclassic.com

ယခင် ရန်ကုန်တွင် ရှိစဉ်က ဆိုလျှင် မကြာခဏ ညအိပ်ညနေ လာတတ်၏။

"နင့်လိုသမီးလေးရတဲ့အတွက် ကြီးကြီး အရမ်းကံကောင်းတယ်နော် မြတ်လေး၊ သားသမီး အများစုက တတ်နိုင်သလောက် ပိုက်ဆံသာ ထောက်ပံ့ချင်တာ၊ မိဘတို့ အနီးကပ် ပြုစု စောင့်ရှောက်ဖို့တော့ သိပ် မလုပ်ချင်ကြဘူး၊ နင် ကုသိုလ်အများကြီးရမှာ၊ လူကြီးတွေက အစားအသောက် အနေအထိုင် အဆင်ပြေရင် အများအားဖြင့် အသက်ရှည်ကြတာပဲ၊ နင်က လိုလေသေးမရှိ လုပ်ကိုင်ပေးနေလို့လည်း ကြီးကြီး ခုလို အသက်ရှည်တာ၊ အဖေတို့၊ အမေတို့ အသက်ကြီးလာတဲ့တစ်နေ့ အနီးကပ် ပြုစုစောင့်ရှောက်ဖို့ လိုအပ်လာရင် ငါလည်း ထွက်သင့်ထွက်ရမှာပဲ မြတ်လေးရဲ့နော်။

ငါညီမက အိမ်ထောင်သည်လေ၊ သူ့ယောကျ်ား ရန်ကုန်မှာ ရှိနေလို့သာ လာနေပေးနိုင်တာ၊ နောက်ပြီး ယောကျ်ားကိစ္စ၊ သားသမီးကိစ္စတွေနဲ့ဆိုတော့ အဖေတို့ အမေတို့ကို လိုလေသေးမရှိတော့ လုပ်ပေးနိုင်မှာ မဟုတ်ဘူးလေ"

"မိဘကို ပြုစုစောင့်ရှောက်တာ ဆိပ်ကောင်းတာပေါ့ စိုးစိုးရယ်၊ ဒါပေမဲ့ နင့်ကိုတော့ သတိပေးဦးမယ်၊ ဦးနဲ့ ဒေါ်ဒေါ် အိုမင်းမစွမ်းဖြစ်လို့ အနီးကပ်ပြုစုစောင့်ရှောက်ဖို့ လိုလာပြီ၊ စောင့်ရှောက်မယ့်သူကလည်း နင်မှဖြစ်မယ်ဆိုရင် စဉ်းစားဆင်ခြင်ပြီးမှ လုပ်နော်၊ ငါပြောချင်တာကလေ၊ နင့်မှာ မိသားစု သုံးယောက် စားရေး သောက်ရေး မမာရေး မချာရေးက အစ မပူမပင်ရအောင် ဥစ္စာရွှေငွေ စုပြီးဆောင်းပြီး ဖြစ်နေပြီဆိုရင်ကတော့ အလုပ်ကို ထွက်ချင်ထွက်ပေါ့၊ အဲဒီလိုမှ မဟုတ်ဘဲ နင်က မိဘကို အနီးကပ်စောင့်ရှောက်မယ်၊ စားဝတ်နေရေးအတွက် ငွေကြေးကိစ္စကိုတော့ ဟိုက ဒီက မျှော်ကိုးပြီးမှ ရနိုင်မယ့် အခြေအနေဆိုရင်ကတော့ နင့်ကို အလုပ်မထွက်စေချင်ဘူး စိုးစိုး။

နင်က လုပ်မြဲတိုင်း လုပ်ပြီး ငွေရှာ၊ ဦးနဲ့ ဒေါ်ဒေါ်တို့ကိုတော့ ဆွေမျိုးနီးစပ်ထဲကပဲဖြစ်ဖြစ်၊ စိတ်ချရတဲ့ လူတစ်ယောက်ယောက်ကို ခေါ်ထားလို့ပဲဖြစ်ဖြစ် တစ်နည်းနည်း ပေါ့ဟာ၊ အားလုံး ရေရှည်အဆင်ပြေနိုင်မယ့် နည်းလမ်း ရှာသင့်တယ် ထင်တယ် စိုးစိုး"

"ဘာဖြစ်လို့လဲ မြတ်လေး၊ နင် ပြောတဲ့စကားက အကြောင်းတစ်ခုတော့ ရှိမယ်ထင်တယ်၊ မိဘကို ပြုစုစောင့်ရှောက်တာ အင်မတန်မြင့်မြတ်လို့ နတ်လူသာခုခေါ်တဲ့ကိစ္စပဲဥစ္စာ"

"ဟုတ်ပါတယ်၊ မိအိုဘအိုကို ပြုစုစောင့်ရှောက်တာ အလွန်ကောင်းတဲ့ကိစ္စဖြစ်လို့ သားသမီးတိုင်း လုပ်သင့်ပါတယ်၊ ငါပြောတာက မလုပ်ရဘူး မပြောဘူးလေ၊ ရှေ့နေး နောက်နေး အားလုံးချင့်ချိန်ပြီးမှ လုပ်ပါလို့ ပြောတာ။

ကိုယ့်မှာ မပြည့်စုံဘဲ သူများကိုအားကိုးပြီး လုပ်မယ်ဆိုလို့ကတော့ ဘာမှသေချာရေရာလိမ့်မယ် မထင်နဲ့နော်၊ အားလုံးကိုတော့ မဆိုလိုပါဘူး၊ လူအများစုကတော့ ကိုယ့်အံတွက်၊ ကိုယ့်လင်၊ ကိုယ့်မယား၊ ကိုယ့်သား၊ ကိုယ့်သမီး အတွက်ပဲ ရှေ့တန်းတင်ကြတာပါ။

နင့်စဉ်းစားကြည့်လေ၊ သူများဆီက ပစ္စည်းဥစ္စာဆိုတာ ကိုယ့်ဟာ မဟုတ်ဘူး၊ ကိုယ်ရှာဖွေထားတာ မဟုတ်ဘူး၊ ဘယ်လိုပဲ ကတိကဝတ် ပေးပေး ယုံကြည်လို့ရတာမဟုတ်ဘူး၊ ကိုယ်က စာချုပ်စာတမ်းအခိုင်အမာနဲ့ ချေးငှားပေးထားတာမှမဟုတ်တာ၊ အဲဒီတော့ သူတို့အတွက်ပိုလျှံမှ၊ ပိုလျှံတာတောင် ပေးချင်တဲ့ဆန္ဒ ရှိဦးမှ ပေးမှာ၊ သူတို့မပေးရင် တိုယ်ဘာမှ မတတ်နိုင်ဘူးစိုးစိုး။

သူများမိသားစုကြားထဲ ဝင်ပါတယ်လို့တော့ မထင်ပါနဲ့၊ စိတ်မြန်ကိုယ်မြန် ဆုံးဖြတ်ပြီး ရှေ့မကြည့် နောက်မကြည့်အလုပ်ထွက်လိုက်ရင် နင့်ကို ငါလို စိတ်ပင်ပန်းဆင်းရဲရမှာ စိုးလို့ ပြောတာပါ။

ဘယ်လိုကိစ္စပဲဖြစ်ဖြစ် သူများကို ယုံကြည်ပြီးတော့များ လွယ်လွယ်မဆုံးဖြတ်လိုက်ပါနဲ့၊ အရာရာမှာ ကိုယ့်ကိုယ်ကိုယ် အားကိုးခြင်းဟာ အကောင်းဆုံးပါပဲ သူငယ်ချင်း"

"နင့်စကားတွေ နားထောင်ရတာ တစ်မျိုးပဲ၊ ဘယ်လိုဖြစ်လို့လဲ၊ နင်တို့မိသားစု အဆင်ပြေကြတယ်မဟုတ်လား၊ ပြောပါဦး မြတ်လေးရဲ့၊ ပြောလို့ဖြစ်တယ် မဟုတ်လား"

(နောက်လ ဇော်သိမ်းဝိုင်း)

သစ္စာဦး(ဒေါ်မွန်မြို့)

❑

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ပန်းတွေကို ခူးပြီးသွားပါပြီ။

ခူးပြီးသွားတဲ့ စံပယ်ပန်းတွေဟာ ရေဇလုံနဲ့ အပြည့်မောက်လို့ လျှံလို့ပါပဲ။ လတ်လတ်ဆတ်ဆတ် စွင့်စွင့်ကားကားနဲ့ ဖွေးဖွေးလှုပ်နေတဲ့ စံပယ်တွေဟာ ရေဇလုံထဲမှာ အဆင့်ဆင့် အထပ်ထပ် နေရာယူလျက်ရှိကြပြီး သူ့ထက်ငါ "အလှချင်ပြိုင်နေကြပါတော့တယ်။

ကျွန်တော်ဟာ အဲဒီ စံပယ်ပွင့်တွေထဲက အလှဆုံးဆိုတဲ့ အပွင့်တချို့ကို သေသေချာချာ ထပ်ပြီး ရွေးကောက်နေမိပါတယ်။ အပွင့်ကြီးပြီး အရွယ်ညီတဲ့ စံပယ်ပွင့်တွေကို ပန်းကုံးနှစ်ကုံးစာလောက် ရွေးချယ်လိုက်ပါတယ်။ ရွေးပြီးသားအပွင့်တွေကိုတော့ သီးခြားရေဇလုံတစ်ခုထဲကို ထည့်လိုက်ပါတယ်။ ပြီးတာနဲ့ လုပ်ငန်းစဖို့ ကျွန်တော်က ပြင်ပါတယ်။

ပန်းသီဖို့ ရေဇလုံ ငုံကြည့်လိုက်တယ် ဆိုရင်ပဲ ကြည်လင်တဲ့ ရေပြင်လွှာပေါ်မှာ သူ့မျက်နှာက တလှုပ်လှုပ်နဲ့ ပေါ်လာပါတော့တယ်။ စံပယ်ပွင့်တွေကြားက ပြုံးပြုံးလေး ပေါ်လာတဲ့ သူ့မျက်နှာဟာ စံပယ်ပွင့်တွေလိုပဲ လှပတဲ့ မျက်နှာလေးပါ။

မျက်တောင်ကော့လေးတွေနဲ့ အတူ တောက်ရွှန်းတဲ့ သူ့ရဲ့ မျက်ဝန်းအစုံဟာ လှိုင်းခတ်လိုက်တဲ့အခါတိုင်း ကျွန်တော့်ကို လှမ်းလှမ်းပြီး မျက်စပစ်ပြနေတယ်လို့လည်း ကျွန်တော်က ထင်မိပါတယ်။

အင်း- တကယ်တော့ ကျွန်တော့်စိတ်ထဲ ကျွန်တော့်မျက်စိထဲမှာ ထင်ယောင် မြင်ယောင်ဖြစ်လာတာတွေကို ပြောပြတာပါ။ ပြောရရင် ကျွန်တော် ဒီလိုဖြစ်ဖြစ်နေတာ တော်တော်ကြာပြီ။ နေ့စဉ် နေ့တိုင်း ဒီပုံစံအတိုင်း ဖြစ်ဖြစ်နေတာဟာ တော်တော့်ကို ကြာခဲ့ပြီ။

နံနက် မိုးမလင်းခင်ကတည်းက အိပ်ရာကထပြီး ပန်းတွေခူး၊ ခူးပြီးသား ပန်းတွေထဲက သူ့အတွက် ရည်ရွယ်ပြီး အလှဆုံးအပွင့်တွေကို ထပ်ပြီးတော့ရွေး၊ ရွေးပြီးသားတွေကို ပန်းသီဖို့လုပ်၊ ပန်းသီဖို့ ရေဇလုံကို ငုံကြည့်လိုက်တာနဲ့ သူ့ရဲ့ လှတစ်မျက်နှာက ပြုံးပြုံးလေး ပေါ်လာ။ ဒီအတိုင်း နေ့စဉ်လိုလို ဖြစ်နေတာဟာ ကျွန်တော့်အတွက်တော့ ထုံးစံလိုဖြစ်နေပါပြီ။

အမှန်ကို ဝန်ခံရရင် အခုလို ပန်းသီတဲ့အချိန် တစ်ခုတည်းတင် မတပါဘူး။ လမ်းလျှောက်ရင်း၊ ရေချိုးရင်း၊ ထမင်းစားရင်း၊ အိပ်ရာဝင်ရင်းဆိုတဲ့ အချိန်တွေမှာလည်း သူ့ကို မြင်ယောင်နေ၊ သတိရနေမိတာပါပဲ။

စိတ်က အာရုံစူးစိုက်စရာ ဓမ္မိလို့ အပြင်ကို လွှင့်သွားမိတဲ့အခါတိုင်း သူ့ဆီကိုချည်း ရောက်ရောက်သွားနေတော့တာပါပဲ။

ဟုတ်ပါတယ်။ ကျွန်တော် ဒီလိုဖြစ်နေတာ ကြာခဲ့ပါပြီ။ တိတိကျကျ ပြောရရင် နှစ်လလောက်တောင် ရှိပါပြီ။

✿

အဲဒီနေ့။

ကျွန်တော့် ရဲ့ ဖောက်သည် အသစ်တစ်ယောက်နဲ့ စပြီး ဆုံတွေ့ရတဲ့ အဲဒီနေ့။ တစ်နည်းအားဖြင့် ကျွန်တော့် ဘဝရဲ့ မှတ်တမ်းသစ်တစ်စောင်ကို စတင်ပြီး ရေးထိုးလိုက်ရတဲ့ အဲဒီနေ့။

ပန်းကုံးတွေ တစ်ထွေးကြီးကို လက်ထဲမှာ ကိုင်ထားရင်း လမ်းပေါ်မှာ လျှောက်နေတုန်း-

"မောင်စံပယ်လေး၊ မောင်စံပယ်လေး ဒီကို လာပါဦး"

အဲဒီလို ခေါ်လိုက်သံကြောင့် ကျွန်တော် တံ့ခနဲရပ်လိုက်မိပါတယ်။ အသံလာရာကိုလည်း လှည့်ကြည့်လိုက်ပါတယ်။ ခန္ဓာကိုယ်ကို ရုတ်တရက်လှည့်လိုက်တဲ့အတွက်ကြောင့်လည်း လက်ထဲက ပန်းကုံးတွေဟာ ယိမ်းနွဲ့ခါယမ်းသွားခဲ့ပါတယ်။

'မောင်စံပယ်လေး'လို့ လှမ်းခေါ်လိုက်တဲ့ အသံရှင်က ကျွန်တော့်ကို ပြုံးပြီး ကြည့်နေပါတယ်။ သူက သူ့အိမ်ရှေ့မှာ ထိုင်နေနှာပါ။ ပိုပြီး ပြည့်စုံအောင် ပြောရရင် ကြီးမားပြီး ထည်ဝါလှတဲ့တိုက်ကြီးတစ်လုံးရှေ့က ဒန်းပြာပြာကလေးပေါ်မှာ ထိုင်နေတာပါ။ ပန်းဝယ်ချင်လို့ ထင်ပါရဲ့။

ကျွန်တော်က ဖွင့်ထားတဲ့ သံတံခါးကနေတစ်ဆင့် အတွင်းကို ဝင်သွားလိုက်ပါတယ်။ သူ့ရှေ့မှာလည်း သွားရပ်ပေးလိုက်ပါတယ်။

ဒီတော့မှ သူက အပြင်ကလှမ်းမြင်ရတာထက် အများကြီးပိုလှတဲ့ အမျိုးသမီးတစ်ယောက်ပါလားဆိုတာကို ကျွန်တော် သိလိုက်ရပါတယ်။

သူက ကျွန်တော်ကိုင်ထားတဲ့ ပန်းကုံးတွေထဲကနေ သူကြိုက်တာကို ရွေးနေပါတယ်။ ရွေးပြီးသွားတဲ့ ပန်းကုံး နှစ်ကုံးကိုလည်း ဖြုတ်ယူလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

အဲဒီနောက် ပန်းဖိုးကို သူက လှမ်းပေးပါတယ်။ ကျွန်တော်က ပိုက်ဆံကို လှမ်းယူရင်း သူနဲ့ တစ်ချက် အကြည့်ချင်းဆုံသွားပါတယ်။

အဲဒီလို အကြည့်ချင်းဆုံသွားကြရာမှာတော့ ထုံးစံအတိုင်း ဆင်းရဲသား ပန်းသည်တစ်ယောက်ဖြစ်တဲ့ ကျွန်တော့်ရဲ့အကြည့်က မဝံ့မရဲရိုးတိုးရှန့်တန့် ဖြစ်နေပြီး ကျွန်တော့်ကို ကြည့်တဲ့ သူ့ရဲ့ အကြည့်ကတော့ ဂုဏ်ကြီးရှင် အလှရှင်တစ်ဦးပီပီ ဝံ့ဝံ့စားစား ရှိလှပါတယ်။

ဒါကြောင့် ကျွန်တော်က မျက်လွှာကို အမြန်ချလိုက်မိပါတယ်။ ဒါပေမဲ့ သူကတော့ ကျွန်တော့်လို မဟုတ်ပါဘူး။ ကျွန်တော့်ကို ကြည့်နေတဲ့ သူ့အကြည့်တွေကို ရုပ်သိမ်းခြင်းမပြုဘဲ ဆက်ပြီးတော့သာ ကြည့်မြဲတိုင်း ကြည့်နေပါသေးတယ်။

ကျွန်တော် ထင်ပါတယ်။ သူ ကျွန်တော့်ကို ငေးကြည့်နေတာဟာ လိုတာထက်တောင် နည်းနည်းများပိုနေမလားလို့ပါ။

အဲဒီနောက် ကျွန်တော်က သူ့ကို ပိုက်ဆံအမ်းဖို့ ငွေကို ရေတွက်နေပါတယ်။ ဖြစ်ချင်တော့ သူပေးတဲ့ ငွေစက္ကူအရွက်ကြီးကို ပြန်အမ်းဖို့က ကျွန်တော့်မှာ မရှိဘဲ ဖြစ်နေတယ်။ စောဦးပေါက်ခါစဆိုတော့ ကျွန်တော့် လက်ထဲမှာ ပိုက်ဆံက နည်းနည်းပဲ ရှိသေးတယ်။

ဒါကို သူက ရိပ်မိသွားတယ်။ ကျွန်တော့်ကို ခပ်မြန်မြန်ပဲ လှမ်းပြောတယ်။

"အမ်းစရာမရှိရင် မအမ်းနဲ့လေ၊ နောက်နေ့တွေကျတော့ ပန်းပဲဆက်ယူလိုက်မယ်၊ ပန်းဖိုးပြည့်တဲ့အထိ မမဆီကို နေ့စဉ် ဝင်လာခဲ့ပေါ့"

ပြောပြောဆိုဆို သူက လှမ်းထဲက ပန်းတစ်ကုံးကို သူခေါင်းမှာ ပန်လိုက်ပါ၏ဟယ်။ အဲဒီလို ပန်းပန်နေရင်းက ကျွန်တော့်ကို ပြုံးပြုံးလေး စိုက်ကြည့်နေပြန်ပါတယ်။ တကယ်တော့ သူဟာ ရုပ်ရော၊ အသံရော စံပယ်ပွင့်တွေပမာ ဖြူဖွေးလှပပြီး နူးညံ့သိမ်မွေ့သူရယ်ပါ။ သူ့အကြည့်ကြောင့် ကျွန်တော်ဘယ်လိုဖြစ်သွားမှန်းမသိဘူး။ စိတ်လှုပ်ရှားသွားတာလား၊ ရင်အခုန် မြန်သွားတာလား။

ဘာပဲပြောပြော ကျွန်တော့် စိတ်ထဲမှာ ကျိတ်ပြီး ကျေနပ်သွားမိတာတော့ အမှန်ပဲ။ အဲဒါက ဘာလဲဆိုတော့ အခု သူပေးတဲ့ ပိုက်ဆံကို ပန်းဖိုးနဲ့ ချေမယ်ဆိုရင် အနည်းဆုံး နောက်လေးငါးရက်လောက်မှ ကျေမှာ မဟုတ်လား။

ဒီတော့ ဒီကြားထဲမှာ ကျွန်တော်က နေ့စဉ်လိုလို ဒီကိုလာရမယ်၊ သူနဲ့ တွေ့ရမယ်လေ။ အဲဒီအတွက် ကျွန်တော့်စိတ်ထဲမှာ ပျော်သလိုလို ကြည်နူးသလိုလို ဖြစ်နေမိတယ်။

ဒါ သူနဲ့ ပထမဆုံး စတွေ့တဲ့ နေ့က အဖြစ်အပျက်ပါ။

✿

တကယ်တမ်းကျတော့ ကျွန်တော်က မျှော်မှန်းထားတာထက် အများကြီးကို ပိုရလိုက်တဲ့သူပါ။

အကြောင်းက အဲဒီ မမဟာ ကျွန်တော်ထင်ထားသလို ငါးရက်တာ လောက်တင်မကဘဲ ကနေ့အဆို နေ့စဉ်မှန်မှန် မပျက်မကွက် ကျွန်တော့်ဆီက ပန်းဝယ်ယူတဲ့ အမြဲတမ်း ဖောက်သည်တစ်ဦး ဖြစ်သွားခဲ့လို့ပါပဲ။

ကျွန်တော်က နံနက်ခင်းတိုင်း ပန်းတွေနဲ့အတူ ရောက်လာတဲ့အခါ သူက တိုက်ရွေ့က ဒန်းပြာပြာလေး ပေါ်မှာ ထိုင်ပြီး အမြဲတမ်းလိုလို စောင့်ကြိုနေတတ်ပါတယ်။

ကျွန်တော်လာတာကို မြင်ရတာနဲ့ပဲ အဝေးကနေ လှမ်းပြီး ပြုံးပြနေတတ်ပါတယ်။ ကျွန်တော်က လည်း သူ့ဆီမရောက်မီကို ခြေလှမ်းတွေ သွက်နေမိသူပါ။ သူ့ရှေ့မှောက်ကိုလည်း ရောက်ရော ပျော်ရွှင်ကြည်နူးမှုက အထွတ်အထိပ်ပဲပေါ့။

ဒီလိုနဲ့ သူနဲ့ ကျွန်တော့်ဆက်ဆံရေးဟာ ပန်းသည်နဲ့ ပန်းဝယ်ဆိုတာထက် သိသိသာသာ မြို့လာခဲ့ရပါတယ်။

တစ်ဦးနဲ့တစ်ဦး စကားစမြည်ပြောဖြစ်တာမျိုး၊ တစ်ဦးအကြောင်းကို တစ်ဦးက မေးမြန်းစပ်စုတာမျိုး အထိ ခင်မင်ရင်းနှီးလာခဲ့ကြပါတယ်။

ကျွန်တော်ကတော့ သူနဲ့ စကားများများပြောရတာ သူ့အပါးမှာ ကြာကြာနေရတာကို သဘောကျပြီးသားပါ။ တစ်ခါ သူ့ကိုကြည့်တော့လည်း ကျွန်တော်နဲ့ တွေ့ဆုံရတဲ့အခါ တိုင်း လွတ်လပ်ပေါ်ပါးတဲ့ ဟန်၊ ချမ်းမြေ့ပျော်ရွှင်တဲ့ အသွင်သဏ္ဌာန်ကို ထင်ထင်ရှားရှား တွေ့မြင်နေရပါတယ်။

ဒါနဲ့ပဲ သူနဲ့တွေ့ဖို့ သူနဲ့ စကားပြောဖို့ ကိစ္စဟာ ကျွန်တော့်အတွက် နေ့စဉ်လိုလို ဝတ္တရားတစ်ခုပမာ ဖြစ်လာခဲ့ရပါတော့တယ်။

www.burmeseclassic.com

နောက်ပိုင်း ရက်တွေကျတော့ ကျွန်တော်ဟာ အိမ်ကနေ ခပ်စေ့စေ့ပဲ ထွက်လာတယ်။ သူနဲ့အတူ ထိုင်ပြီး ကြောကြာစကားပြောခွင့်ရနိုင်အောင်လို့ပါ။ သူကလည်း ဒါကို နှစ်သက်ပါတယ်။ ကျွန်တော်နဲ့ကြာကြာ စကားပြောရတာကို လိုလိုလားလား ရှိပါတယ်။

သေသေချာချာ စကားပြောကြည့်မှ သူ့အကြောင်းကို ပိုပြီးသိလာခဲ့ရပါတယ်။

သူဟာ ကျွန်တော်ထင်ထားတာထက် အများကြီးကို ပိုမိုပြီး စိတ်နှလုံး ပျော့ပျောင်းတဲ့သူပါ။ ကရုဏာ၊ အကြင်နာတရား ရှိသူပါ။ ဂုဏ်မောက်တဲ့ စိတ်ထားမျိုး၊ မာန်ဝင့်တဲ့ စိတ်ထားမျိုး၊ အဆင့်အတန်းခွဲခြားလိုတဲ့ စိတ်ထားမျိုး သူ့မှာ လုံးဝမရှိဘူးဆိုတာ ကျွန်တော် အလေးအနက် ပြောဝံ့ပါတယ်။

ဥပမာအားဖြင့် သူနဲ့ ကျွန်တော်နဲ့ စကားပြောခန်းတွေကိုပဲ ကြည့်ပါ။ ကျွန်တော်က ပြောရတာဆိုလို့ သူ့အကြောင်းကို မေးရတာဆိုလို့ နည်းနည်းပဲ ရှိပါတယ်။ သူကသာ အမြဲတမ်းဦးဆောင်ပြီး ပြောလေ့မေးလေ့ရှိပါတယ်။

ပြီးတော့ သူက ကျွန်တော်နဲ့ ကျွန်တော့်မိသားစု အကြောင်းကို မေးတဲ့အခါမှာလည်း တကယ့်ကို စိတ်ဝင်တစားနဲ့ မေးတာပါ။ ဝတ္ထရားရှိလို့ မေးတာမျိုး တာဝန်ကျေ မေးတာမျိုး လုံးဝကို မဟုတ်ပါဘူး။

ကျွန်တော်က ကျွန်တော့်တို့ မိသားစု ဆင်းရဲတဲ့အကြောင်း၊ ပန်းရောင်းပြီးမှ ကျောင်းတက်ရတဲ့ အကြောင်းတွေ ပြောပြတော့လည်း သူက စိတ်မကောင်းဟန်နဲ့ သက်ပြင်းချလိုက်တာမျိုး၊ ကရုဏာ သက်ဟန်နဲ့ မျက်နှာမှန်သွားတာမျိုးကိုတွေ့ရတတ်ပါတယ်။ ဒါဟာ သူ့နှလုံးသားထဲက ခံစားချက်အမှန်ကို လှစ်ပြလိုက်တာပဲလို့ ကျွန်တော်တော့ ယုံမိတယ်။

အဲဒါတွေကြောင့်လည်းပဲ သူနဲ့တွေ့ရ၊ စကားပြောရတာတွေ များလာတာနဲ့အမျှ ကျွန်တော့်နှလုံးသားထဲက ခံစားချက်တွေဟာလည်း တစ်နေ့ထက် တစ်နေ့ ဒီဂရီတိုးလာခဲ့ရပါတယ်လို့ ကျွန်တော်ပြောချင်တာပါပဲ။

✿

အဲဒီနေ့ကတော့ အမြင့်ဆုံးဆိုတဲ့ ဒီဂရီကို တဟုန်ထိုးရောက်ရှိသွားတဲ့နေ့လို့ပြောရင် မမှားပါဘူး။

ကျွန်တော့်အတွက် ရင်အခုန်ရဆုံးနေ့ အမှတ်တရ အဖြစ်ရဆုံးနေ့ပါပဲ။

အဲဒီနေ့က အကြောင်းကို ပြန်စဉ်းစားလိုက်မိတိုင်း ကျွန်တော့် ရင်ထဲမှာ ကြည်နူးရ လွမ်းမောရလို့ကို မဆုံးနိုင်တော့ပါဘူး။

အဲဒီနေ့က ထုံးစံအတိုင်းပဲ စံပယ်ကုံးတွေနဲ့အတူ မမတို့ တိုက်ရှေ့ကို ကျွန်တော် ရောက်လာခဲ့ပါတယ်။ မမက တွေ့နေကျ ဒန်းပြာကလေးပေါ်ကနေ ကျွန်တော့်တို့ဘောင့်ကြိုလို့နေပါတယ်။ အဲဒီနောက် အရင်နေ့တွေကလိုပဲ ကျွန်တော်တို့ စကားတွေ ပြောဖြစ်ကြတယ်ဆိုပါစို့။

ရယ်ရယ်မောမော ပြောဆိုနေကြရင်း ရုတ်တရက်ဆိုသလို မမက ထူးခြားတဲ့ လှုပ်ရှားမှုတစ်ခုကို ပြုလုပ်လိုက်ပါတယ်။

အဲဒါကတော့ ကျွန်တော့်ရဲ့ ညာဘက်လက်ကို ဖျတ်ခနဲ လှမ်းကိုင်လိုက်ခြင်းပါပဲ။ အဲဒီအတွက် ကျွန်တော်က အံ့အားသင့်သွားပေမဲ့ သူကတော့ တစ်ချက်မှ မျက်နှာမပျက်ပါဘူး။

"မှန်းစမ်း၊ မောင်လေးရဲ့ လက္ခဏာကို မမ ကြည့်စမ်းမယ်"

သူက ခပ်ပြုံးပြုံးပြောလိုက်ပါတယ်။ ဒီတော့မှ ကျွန်တော်က သဘောပေါက်သွားပြီး ကြည်နူးမိခြင်းနဲ့အတူ လက်ဝါးကို စိတ်လိုလက်ရ ဖြန့်ပြလိုက်မိပါတယ်။

"မမက လက္ခဏာဆရာမကြီးတဲ့လား၊ ကျွန်တော့်ကို ဟောပြပါဦး"

ရယ်သံတစ်ဝက်နဲ့ ကျွန်တော်က ပြန်ပြောလိုက်မိတယ်။ မမကတော့ ကျွန်တော့်လက်ဝါးပြင်ကိုသာ စူးစူးစိုက်စိုက် ကြည့်နေပါတယ်။ အတန်ကြာတော့မှ ခုလို စပြီး ပြောလိုက်ပါတယ်။

"မောင်လေးက ခု ဒုတိယနှစ် ဥပဒေကျောင်းသားဆိုတော့ ကျောင်းပြီးတာနဲ့ တစ်ခါတည်း အိမ်ထောင်ကျကိန်းရှိတယ်၊ သိရဲ့လား"

ကျွန်တော့်စိတ်တွေ လှုပ်လှုပ်ရှားရှား ဖြစ်သွားတယ်။ ဘာမှတော့ သူ့ကို ပြန်မပြောမိဘူး။

"မကြာခင်မှာပဲ သိပ်ချစ်ရတဲ့ ချစ်သူ တစ်ယောက်ကို မောင်လေး တွေ့ရလိမ့်မယ်"

ကျွန်တော့်ရင်တွေ တဒိတ်ဒိတ်အခုန်မြန်လာခဲ့ရပါပြီ။ အမှန်တမဲ့ မော့ကြည့်လိုက်မိတော့ သူနဲ့

www.burmeseclassic.com

www.burmeseclassic.com

အကြည့်ချင်း ဆုံသွားတယ်။ နက်မှောင်တဲ့သူမျက်ဝန်းအစုံဟာ အရည်လည်ပြီး တောက်ရှန်းနေသလိုပါပဲ။

"အဲဒီ မောင်လေးရဲ့ချစ်သူက မောင်လေးထက် အသက်ကြီးလိမ့်မယ်၊ မောင်လေးကိုလည်း သိပ်ချစ်လိမ့်မယ်"

ကျွန်တော့်တစ်ကိုယ်လုံး ထူပူသွားရပြီး မျက်နှာကိုလည်း အောက်ကို ငုံချထားလိုက်ရပါပြီ။ သူရဲ့စကားလုံးတွေဟာ ကျွန်တော့်နှလုံးသားဆီကို မြားတွေ တစ်စင်းပြီး တစ်စင်း ပစ်လွှတ်နေတာနဲ့ အတူတူပါပဲ။

"မောင်လေးက ရှေ့နေကြီးဖြစ်သွားပြီး အဲဒီမောင်လေးရဲ့ ချစ်သူနဲ့ တကယ်ပေါင်းရမလား၊ မပေါင်းရဘူးလား ဆိုတာကတော့ . . ."

အဲဒီ ဟောပြောချက်ကိုတော့ ဆုံးအောင် မဟောလိုက်ရတော့ပါဘူး။

ဘာကြောင့်လဲဆိုတော့ အဲဒီအချိန်မှာ အဒေါ်ကြီးတစ်ယောက်က တိုက်ထဲကနေ ထွက်လာပြီးတော့ မမဘေးမှာ လာရပ်လိုက်လို့ပါပဲ။ မမက ကျွန်တော့်လက်ကို အသာလွတ်ချလိုက်ပြီး အဲဒီအဒေါ်ကြီးကို မော့ကြည့်လိုက်ပါတယ်။ အဒေါ်ကြီးက ပြောလာပါတယ်။

"သမီး ဒီနေ့ နည်းနည်း အေးသလိုပဲ၊ ဒီအနွေးထည်လေး ထပ်ဝတ်ထားလိုက်ပါလား"

"ဟုတ်ကဲ့ အန်တီလေး"

မမက အဒေါ်ကြီးလက်ထဲက ဆွယ်တာစိမ်းစိမ်းကလေးကို လှမ်းယူလိုက်ချိန်မှာပဲ ကျွန်တော် ထိုင်ရာကထရပ်လိုက်ပါတယ်။

နှုတ်ဆက်စကား ပြောပြီးတော့ ထွက်ခွာလာခဲ့ပါတယ်။

လမ်းပေါ်ရောက်တော့ ကျွန်တော့်တစ်ကိုယ်လုံး ပေါ့ပါးပြီး တက်ကြွနေမိပါတယ်။ လေထဲကို မြောက်တက်နေသလိုလည်း ခံစားနေရပါတယ်။ ကျွန်တော့်တစ်သက်မှာ တစ်ခါမှ မကြုံဖူးသေးတဲ့ ပျော်ရွှင်မြူးထူးခြင်း အရသာကို ထူးထူးကဲကဲကြီး ခံစားနေရပါတယ်။ နောက်ပြီးတော့ အဆုံးမသတ်လိုက်နိုင်တဲ့ မမရဲ့ နောက်ဆုံး ဟောပြောချက်တွေကိုလည်း ကျွန်တော့်စိတ်ထဲကနေ တရွှရွှ ရွှတ်ဆို မြည်တမ်းနေမိပါတော့တယ်။

"ဘာဖြစ်လို့ မပေါင်းရမှာလဲဗျာ၊ ဘာဖြစ်လို့ မပေါင်းရမှာလဲ၊ ကျွန်တော်က ရှေ့နေကြီးဖြစ်ပြီးတဲ့နောက် အဲဒီ ကျွန်တော့်ချစ်တဲ့သူနဲ့ လှလှကြီးကို ပေါင်းဖက်ရမှာပေါ့ဗျာ၊ ပေါင်းဖက်ရမှာပေါ့"

✿

အဲဒါပါပဲ။ ကျွန်တော် မနက်တိုင်းပန်းခူးပြီးလို့ မမအတွက် ရည်ရွယ်ပြီး ပန်းသီဖို့ ကြဲလို့က်တိုင်း ရေဇလုံထဲမှာ မမမျက်နှာလေး တရိပ်ရိပ် ပေါ်လာရတယ်ဆိုတာ အဲဒါကြောင့်ပါပဲ။

တစ်နေ့တာအတွင်း မမရဲ့ မျက်နှာကို တရစ်ဝဲဝဲ မြင်ယောင်အောက်မေ့နေမိတယ် ဆိုတာလည်း အဲဒါကြောင့်ပါပဲ။

ဒီကနေ့တော့ အရင်နေ့တွေထက်တောင် ပိုပြီး ဝီရိယစိုက်နေမိပါတယ်။ မမရဲ့ ဆံကေသာထက်မှာ အချိန်အကြာကြီး ပျံ့လွှားသင်းထုံနေစေမယ့် အလှဆုံး၊ အသန့်ဆုံး ဆိုတဲ့ စံပယ်ပွင့်တွေကို ကျွန်တော် စိတ်ရှည်လက်ရှည် ရွေးသီနေမိပါတယ်။ မမအတွက် နေ့စဉ်ပေးနေကျ ပန်းကုံးနှစ်ကုံးကို အရင်ဆုံးသီပြီးသွားပြီဆိုတော့မှ ကျွန်တဲ့ရောင်းပန်းတွေကို ဆက်သီနေမိပါတယ်။

မကြာခင်မှာပဲ ပန်းတွေကို အားလုံးသီပြီးသွားတာမို့ ကျွန်တော် အိမ်ကနေစပြီး ထွက်လာခဲ့ပါတယ်။ လမ်းတစ်လျှောက် ဖောက်သည်အိမ်တွေကို ပန်းဝင်ပေးရင်းနဲ့ တဖြည်းဖြည်းလျှောက်လာခဲ့ပါတယ်။ ဒီလိုနဲ့ပဲ မမတို့ တိုက်ရှေ့ကို ကျွန်တော် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိခဲ့ရပါပြီ။

ဟော မမကို တွေ့ရပြီ။ ဒါန်းပြာကလေးပေါ်မှာ ထိုင်ရင်း ကျွန်တော့်ဘက်ကိုမျက်နှာလှည့်နေတယ်။ ကျွန်တော် ပေါ်လာမယ့်ဘက်ကို ငုံမျှော်နေတဲ့ပုံပဲ။ မမကို အဝေးလှမ်းမြင်လိုက်ရတာနဲ့ပဲ ကျွန်တော့်ရင်ထဲမှာ နွေးခနဲဖြစ်သွားရပါတယ်။

မမရှေ့ကို ရောက်ပြီဆိုတာနဲ့ ကျွန်တော် အမြန်ဆုံး လှုပ်ရှားလိုက်တယ်။ ဒီကနေ့အတွက် အထူးစပယ်ရှယ်ယူလာခဲ့တဲ့ ပန်းကုံး နှစ်ကုံးကို မမလက်ထဲ ထည့်ပေးလိုက်တယ်။

မမက ဝမ်းသာအားရလှမ်းယူလိုက်ပြီးတော့ သူ့လက်ခုပ်ထဲကနေ အားရပါးရ မွှေးကြိုက်လိုက်ပါတယ်။

မမ ခုလို ကျေကျေနပ်နပ် ဖြစ်နေတာ တွေ့ရတော့ ကျွန်တော်လည်း ဝမ်းသာလို့ မဆုံးဘူးပေါ့။

အဲဒီနောက် မမက ပန်းကို သူ့ခေါင်းမှာပန်ဖို့ပြင်ဆင်နေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

အဲဒီအချိန်မှာပဲ ဖြစ်ချင်တော့ ပန်းကုံးတွေက မမလက်ထဲကနေ အောက်ကို ရုတ်တရက်လွတ်ကျသွားပါတော့တယ်။

မမက အာမေဋိတ်သံ တစ်ချက်ပြပြီး အောက်ကို ငုံ့ကြည့်လိုက်ပါတယ်။ ပန်းကုံးလေးတွေက သူ့ခြေရင်းမှာ ခွေခွေကလေးတွေပေါ့။ ရုတ်တရက်ဆိုတော့ ကျွန်တော်လည်း အံ့အားသင့်သွားမိတယ်။

အဲဒီအချိန်မှာ မမက ကျွန်တော့်ကို ပြောလိုက်တဲ့စကားတစ်ခွန်းကြောင့် ပိုလို့တောင် အံ့အားသင့်သွားရပါသေးတယ်။

ကျွန်တော့်မျက်နှာကို ခပ်ပြုံးပြုံး ကြည့်ရင်း မမ ပြောလိုက်တဲ့ စကားကတော့ -

"မောင်လေး ကောက်လိုက်လေ၊ မမကို ပြန်ကောက်ပေး"

ဆိုတဲ့ စကားပဲ ဖြစ်ပါတော့တယ်။ အဲဒီစကားကြောင့် ကျွန်တော့် ရင်ထဲမှာ နင့်ခနဲ ဖြစ်သွားတယ်။ ချက်ချင်းပဲ စိတ်ထိခိုက်သွားတယ်။ တကယ်ဆို ရင် မမ ကျွန်တော့်ကို ဒီလို မပြောသင့်ဘူး။ မခိုင်းသင့်ဘူး။ သူ့ခြေရင်းက ပန်းကုံးကလေးကို သူ ဘာသာ အသာလှမ်းကောက်လိုက်ရင် ရပါလျက်နဲ့ ကျွန်တော့်ကို ဘာကြောင့် ဒီလိုခိုင်းစေရပါသလဲ။

ကြောကွဲခြင်းနဲ့အတူ ကျွန်တော် မျက်နှာပျက်သွားမိတယ်။ ပန်းကုံးတွေကို ကောက်ယူပြီး သူ့လက်ထဲ ပြန်ထည့်ပေးလိုက်ပါတယ်။ သူတော့ ဘာမှ မထူးခြားသလိုနဲ့ ပန်းတွေကို စိတ်အေးလက်အေးပန်လို့ နေပါတယ်။

အဲဒီအချိန်မှာပဲ တိုက်အိမ်ကြီးထဲကနေ သူ့ရဲ့ အဒေါ် ဖြစ်သူက ထွက်လာပြန်ပါတယ်။ ကျွန်တော် တို့အနီးကို ရောက်တာနဲ့ ခုလိုပဲပြောလိုက်ပါတယ်။

"သမီး၊ ဆေးသောက်ချိန် ရောက်ပြီလေ"

"ဟုတ်ကဲ့ အန်တီလေး"

အဒေါ်ကြီးလက်ထဲက ဖန်ခွက်ကို သူ လှမ်းယူလိုက်ချိန်မှာပဲ ကျွန်တော် ချာခနဲလှည့်ပြီး ထွက်လာခဲ့မိတယ်။ နှုတ်ဆက်စကားတောင် မပြောမိခဲ့ဘူး။ နှုတ်ဆက်စကားမဆိုပဲ ထွက်လာတာဟာလည်း ဒါ ပထမဆုံး အကြိမ်ပဲ။

နေ့းကွေးတဲ့ ခြေလှမ်းတွေနဲ့ ကျွန်တော် လျှောက်နေမိပါတယ်။ ကျွန်တော့် တစ်ကိုယ်လုံးဟာ ဧရာမ ဝန်ထုပ်ကြီး တစ်ခုကို သယ်ပိုးထားရသလို လေးလံလျက် ရှိပါတယ်။ ပတ်ဝန်းကျင်ကိုလည်း ကျွန်တော် သတိမထားမိဘူး။ ဝင်နေကျ ဖောက်သည်အိမ်တွေကို ကျော်လာခဲ့ပြီလား ဆိုတာလည်း ကျွန်တော် မသိဘူး။ ဝမ်းနည်းစိတ်ကြောင့် မျက်ရည်ကလေးတောင် စို့ထွက်လာမိတာမို့ မျက်နှာကို အောက်ငုံ့ရင်း ကျွန်တော် တစ်ယောက်တည်း လျှောက်နေမိပါတော့တယ်။

✿

ကျွန်တော် သိပါပြီ။

တကယ်တော့ ကျွန်တော့် အမှားပါ။ ကိုယ့်စိတ်ကိုယ်ပြန်လှည့်စားပြီး အထင်အမြင်တွေ လွဲမှားနေမိတာပါ။ ကိုယ့်စိတ်ထဲက ခံစားချက်တွေကို ကိုယ့်ဘာသာ ကောက်ချက်ဆွဲပြီး တစ်ဖက်သတ်စွဲလမ်းနေမိတာပါ။

တကယ့်အရှိတရားက အချိန်တန်တော့လည်း အရှိအတိုင်း ပေါ်လာရတာပါပဲ။ ဂုဏ်ကြီးရှင်ဟာ ဂုဏ်ကြီးရှင်ပါပဲ။ အထက်တန်းစားဟာ အထက်တန်းစားစိတ်မျိုးပါပဲ။ ဒါဟာ ဘယ်တော့မှမပြောင်းလဲနိုင်တဲ့နိယာမတစ်ခုပါပဲ။

တော်ပါပြီ။ ကျွန်တော် သူ့ဆီကို ထပ်ပြီး မသွားလိုတော့ပါဘူး။ သွားလိုစိတ်လည်း မရှိတော့ပါဘူး။ ကိုယ့်ဘဝနဲ့ ကိုယ်သာရှိပါစေတော့။ မမိနိုင်တဲ့ ပန်းကို တုံးခုလို့လည်း မလှမ်းလိုတော့ပါဘူး။ ဒါဟာ ရူးသွပ်မှု တစ်ခုပါပဲ။

အဲဒီ ရူးသွပ်မှုကြောင့် ရရှိလိုက်တဲ့ နှလုံးသားဒဏ်ရာဟာ ကြီးမားလွန်းလှပါတယ်။ ဒီဒဏ်ရာကို ကြိတ်မှိတ်ခံစားရင်း ကိုယ့်ခရီးကို သာ ကိုယ်ကြိုးစားပြီး လျှောက်လှမ်းတော့မယ်လို့ ကျွန်တော် ဆုံးဖြတ်လိုက်မိပါတယ်။

✿

ဒါပေမဲ့ မလွယ်ပါဘူးခင်ဗျာ။ လက်တွေ့မှာ ကျွန်တော့် အတွက် တကယ့်ကို မလွယ်လှပါဘူး။

သူ့အပေါ် စွဲလမ်းခဲ့မိ တွယ်ငြိခဲ့မိတာတွေက အလွန်ကို ကြီးမားလှတာမို့ ဒါတွေကို ချေဖျက်နိုင်မဲ့ ခွန်အားက တျွန်တော့်မှာ နည်းပါးလှပါတယ်။

သူ့ကို ထာဝရနာကြည်းသွားစေမယ်၊ ထာဝရမုန်းတီးသွားစေမယ့် ခွန်အားမျိုး တျွန်တော် ဘယ်လိုမှ မွေးမြူလို့ မရနိုင်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

အမုန်းခွန်အား ပေးသနားပါရယ်လို့ မြတ်ဘုရားမှာ လျှောက်ထားပန်ကြားဖို့ ဆိုတာကလည်း ဒါမျိုးက ဖြစ်နိုင်တာမျိုးမှ မဟုတ်တာ။ ဒီတော့ သူ့ကို လွမ်းတဲ့စိတ်၊ သူ့ကို တမ်းတတဲ့စိတ်တွေကသာ ကျွန်တော့်ကို အခါမလပ် ထိုးနှက်ပြီးရင်း ထိုးနှက်နေပါတော့တယ်။ မမကို သတိရတဲ့စိတ်တွေ့ချင် မြင်ချင်တဲ့စိတ်တွေနဲ့ ကျွန်တော် အလူးအလဲဖြစ်နေရပါတော့တယ်။

ဒီလိုနဲ့ပဲ မမဆီကို မရောက်ဖြစ်တာ ငါးရက်မြောက်ခဲ့ပါပြီ။

ဒီနေ့တော့ ကျွန်တော် ဘယ်လိုမှ စိတ်ကို မထိန်းနိုင်တော့ဘူး။ တောင့်မခံနိုင်တော့ဘူး။ ဒါကြောင့် ကျွန်တော့်စိတ်ကို လုံးဝလျှော့ချပစ်လိုက်မိတယ်။ သူ ကျွန်တော့်အပေါ် ဘယ်လိုပဲသဘောထားထား၊ ဘယ်လိုပဲ ဆက်ဆံ ဆက်ဆံ၊ ကျွန်တော်ဟာ အနှိမ်ခံ နင်းပြားတစ်ယောက် ဖြစ်ရုံမကလို့ သူ့ရဲ့ အဖြည့်ခံသက်သက်ပဲ ဖြစ်ရ ဖြစ်ရမှ ကျွန်တော်မမှုတော့ဘူး။ ကျွန်တော် ဂရုမစိုက်တော့ဘူး။

အရေးကြီးတာက ကျွန်တော် မမကို မြင်ချင်တယ်၊ တွေ့ချင်တယ်၊ မမ စကားသံလေးတွေကို နားထောင်ချင်တာပဲ။

ဒါကြောင့် ဒီနေ့ မနက်မှာတော့ အိပ်ရာက အစောကြီးထပြီး ပန်းတွေကို ခူးနေမိတယ်။ ပြီးတော့ ထုံးစံအတိုင်း ပန်းတွေထဲက အလှဆုံးအပွင့်တွေကို မမအတွက် သီးခြားရွေးသိနေမိတယ်။ ပန်းသိနေတဲ့ ကျွန်တော့်လက်တွေဟာ အမြန်ပြီး ချင်စိတ်ကြောင့် တကယ့်ကို သွက်လက်နေပါတော့တယ်။

✿

ပန်းကုံးတွေကို လက်ကဆွဲရင်း ကျွန်တော် အမြန်လျှောက်နေမိတယ်။ မမတို့ တိုက်နားကို ရောက်ခါနီးလေ ကျွန်တော့်ရင်တွေ အခုန်မြန်လေ။

ပြီးတော့ စိုးရိမ်စိတ်တစ်ခုကပါ ကျွန်တော့်စိတ်ထဲမှာ ဖြစ်ပေါ်နေမိပြန်တယ်။ ကျွန်တော့်နေရာမှာ နောက်ထပ် ပန်းသည်အသစ် တစ်ယောက်ကများ ဝင်သွားလေပြီလား။ မမက အဲဒီဖောက်သည် အသစ်နဲ့ ရယ်မြူးရွှင်ပျနေပြီး ကျွန်တော့်ကိုများ မေ့သွားလေပြီလား။ အို- ဒါဟာ မဖြစ်နိုင်ပါဘူး။ လုံးဝကို ဖြစ်နိုင်စရာ မရှိပါဘူး။

အားတင်းပြီး ကျွန်တော်ဆက် လျှောက်ခဲ့ပါတယ်။ မမတို့တိုက်ကို အဝေးကနေ လှမ်းမြင်နိုင်တဲ့နေရာကိုရောက်လည်းရောက်ရော ကျွန်တော့်မျက်လုံးတွေက အလျှဉ်စလို လှမ်းကြည့်ပြီးသား ဖြစ်သွားပါတယ်။

အဲဒီမှာတင် ကွယ်ရာတော့်ရင်ထဲမှာ ဟာခနဲ ဖြစ်သွားရပါတော့တယ်။

ဘာကြောင့်လဲဆိုတော့ ဒန်းပြာကလေးကိုသာ အထီးတည်းတွေ့လိုက်ရပြီး ဒန်းပြာကလေးရဲ့ဝိုင်ရှင် မမကိုတော့ လုံးဝမတွေ့ရတဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။

ဒန်းပေါ်မှာ မတွေ့ရပေမယ့် အနီးအနားမှာ လမ်းလျှောက်ချင် လျှောက်နေမှာပေါ့ဆိုတဲ့ အတွေးနဲ့ အတူ ကျွန်တော်ဆက်ပြီး လျှောက်ခဲ့တယ်။

မကြာခင်မှာပဲ တိုက်ရှေ့ကို ရောက်သွားတယ်။

ခြံဝင်းကနေ အတွင်းဘက်ကို မဝံ့မရဲ အကြည့်မျိုးနဲ့ ဝေ့ဝဲကြည့်လိုက်မိတယ်။ မမကို ဘယ်မှာမှ မတွေ့ပါဘူး။ အိမ်ထဲမှာများ ရှိနေလေမလား၊ ဒီကနေ လှမ်းခေါ်လို့ကရလေမလားလို့ ကျွန်တော် စဉ်းစားမိပါသေးတယ်။ ဒါပေမဲ့ လက်တွေ့ကျတော့ ကျွန်တော် မလုပ်ဝံ့ပြန်ပါဘူး။

ကျွန်တော့်ကို မျှော်နေကျ နေရာလေးကနေ ဘာကြောင့် မျှော်မနေတော့တာလည်း ကျွန်တော် မလာမှန်းသိလို့ မမျှော်တော့တာလား။ ကျွန်တော့်ကို စိတ်ကောက်တတ်တဲ့ ကောင်လေးအဖြစ် မမ စိတ်ကုန်သွားလေပြီလား။

အဲဒီအတွေးတွေနဲ့အတူ ကျွန်တော် စိတ်အားငယ်သွားမိတယ်။ စိတ်လည်း လျှော့လိုက်မိတယ်။

ဒီနောက်တော့ လေးကန်တဲ့ခြေလှမ်းတွေနဲ့အတူ အဲဒီနေရာကနေ ကျွန်တော် စပြီးထွက်ခွာလိုက်ပါတော့တယ်။

ဒါပေမဲ့ ကျွန်တော် ခြေလှမ်းစလိုက်တဲ့အချိန်မှာပဲ နောက်ကနေ ခေါ်သံတစ်ခုက ခုလိုပဲ ထွက်ပေါ်လာခဲ့ပါတယ်။

"ဟဲ့ သူငယ်လေး၊ ဟဲ့ သူငယ်လေး"

ကျွန်တော် နောက်လှည့်ကြည့် လိုက်တယ်။ တွေ့နေကျ အဒေါ်ကြီးကို တိုက်ထဲထဲက ထွက်လာတာ တွေ့လိုက်ရတယ်။ သူက ကျွန်တော့်ကို လှမ်းခေါ်နေပါတယ်။

www.burmeseclassic.com

ကျွန်တော်က သူဆီကို အမြန်ဆုံး သွားလိုက်ပါတယ်။ ကျွန်တော် သူ့ရှေ့ကို ရောက်တာနဲ့ အဒေါ်ကြီးက အမောတကောနဲ့ စပြီး ပြောပါတော့တယ်။

"မင်းကွယ်၊ အရင်နေ့တွေ တုန်းက ဘာကြောင့် ပေါ်မလာတာ တုန်း၊ သမီးက မင်းကို နေ့တိုင်း မျှော်နေတာ၊ မနေ့ကဆို မင်းကို ပေါ်များ လာဦးမလားဆိုပြီး လည်တဆန့်ဆန့်နဲ့ ဖြစ်နေရှာတာ၊ မင်းမလာနိုင်တော့ မှန်း သိတော့မှ စိတ်ကို လျှော့လိုက်တာ၊ သူက မင်းကို နှုတ်ဆက်သွားချင်နေတာကွဲ့"

"ကျွန်တော့်ကို နှုတ်ဆက်သွားချင်တာဆိုတော့ မမက ဘယ်ကို သွားမှာမို့လို့လဲ၊ ခု မမ အိမ်မှာမရှိဘူးလား"

"အေးကွဲ့ မရှိတော့ဘူး၊ မနေ့ကပဲ ခရီးထွက်သွားပြီ"

"ဘယ်... ဘယ်ကို ခရီးထွက်သွားတာတဲ့လဲဟင်"

"နိုင်ငံခြားကိုကွဲ့"

"ဗျာ"

ကျွန်တော့်နှုတ်က ထွက်သွားတဲ့ အာမေဋိတ်သံက မဆိုစလောက် ကလေး ကျယ်သွားပါတယ်။ အဒေါ်ကြီးက ဆက်ပြောပါတယ်။

"ဟုတ်တယ်ကွဲ့၊ နိုင်ငံခြားကို ထွက်သွားပြီ၊ သူ့ရောဂါကို ပြန်ပြဖို့ ချိန်းထားတဲ့ ရက်က လွန်တောင် လာခဲ့ပြီ၊ သူက သက်သာပါတယ်၊ မသွားချင်သေးပါဘူးဆိုလို့ အဒေါ်တို့ က ဆိုင်းထားတာ၊ ခုတစ်လော တော်တော်လေး ပြန်မောက်လာတာမို့ ဆေးတွေတောင် နှစ်ဆတိုးပြီး တိုက်နေရတယ်၊ မင်း မြင်တယ် မဟုတ်လား"

"ဩော် မမက မကျန်းမာဘူးတဲ့လား၊ ဒါ ဒါနဲ့ မမက ဘာဖြစ်တာတဲ့လဲ ဟင် ဒေါ်ဒေါ်"

"သူ့ခမျာ အောက်ပိုင်းသေနေရှာတာကွဲ့၊ ဒီပြင် အတွင်းရောဂါ တစ်ခုလည်း ရှိသေးတယ်လို့ ပြောတယ်၊ ဒေါ်ဒေါ် တော့်ကောင်းကောင်း နားမလည်ပါဘူး၊ နေဦး နေဦး မင်း အတွက် သူပေးထားခဲ့တာလေးတွေ ဒေါ်ဒေါ် သွားယူလိုက်ဦးမယ်"

အဲဒီလို ပြောပြီးတဲ့နောက် အဒေါ်ကြီးက တိုက်ထဲကို ပြန်ဝင် သွားပါတယ်။

ကျွန်တော့် ခေါင်းထဲမှာတော့ လောကကြီးတစ်ခုလုံး ချာချာလည် သွားပါတယ်။ အံ့ဩခြင်း၊ ဝမ်းနည်းခြင်း၊ အမြင်မှန်ရခြင်းတို့နဲ့ အတူ ကျွန်တော့်မျက်လုံးထွေလည်း ပြာဝေလို့ သွားရပါတော့တယ်။

လက်စသတ်တော့ မမက ကိုယ်တစ်ပိုင်း မသန်စွမ်းရှာတဲ့သူပါပဲလား။ ဒါကြောင့်လည်း သူ့ကို နေ့တိုင်းလိုလို ဒန်းပြာလေးပေါ်မှာ ထိုင်လျက်သားလေး တွေ့တွေ့နေရတာပါလား။ ဒါကြောင့်လည်း သူ့အတွက် အကျီယူပေးရတာတို့၊ သူ့အတွက် ဆေးယူပေးရတာတို့ကို အဒေါ်ကြီး ကိုယ်တိုင် လိုက်လုပ်ပေးနေရတာပါလား။

ပြီးတော့ ပြီးတော့ ဟိုနေ့က ပန်းကုံးလေးတွေ ပြန်ကောက်ပေးဖို့ ကျွန်တော့်ကို ပြောရတာကလည်း သူ့ခမျာ ကိုယ်တိုင်ကိုယ်ကျ ပြန်မကောက်နိုင်ရှာလို့သာ။

ကျွန်တော့်ရင်ထဲမှာ တဆို့ခနဲ ဖြစ်သွားမိတယ်။ မျက်ရည်လည်း ဝိုင်းချင်လာနေမိတယ်။ အဲဒီအချိန် မှာ အဒေါ်ကြီးက **တိုက်ထဲတနေ** ပြန်ထွက်လာပါတယ်။ **သူ့လက်ထဲမှာ** အထုပ်တစ်ထုပ်ပါလာပါတယ်။ **အဲဒီ** အထုပ်ကို အဒေါ်ကြီးက ကျွန်တော့်ကို အသာလှမ်းပေးပါတယ်။ ပြီးတော့ ဓာတ်ပုံတစ်ပုံကို ပြပြီးတော့ လည်း ခုလိုပဲ ရှင်းပြလာပါတယ်။

"သူက အဒေါ့်တူမလေးကွဲ့၊ သိပ်ပြီး စိတ်ကောင်း နှလုံးကောင်း ရှိတဲ့သူလေး၊ ဘယ်သူ့ကိုမဆို သနားတတ်တယ်၊ ကြင်နာတတ်တယ်၊ သူ နေကောင်းတုန်းကဆို လူမှုဝန်ထမ်း လုပ်ငန်းတွေကို အလွန်ဝါသနာပါပြီး မပြတ်လုပ်ခဲ့တာပဲ။

ဟောဒီဓာတ်ပုံက သူ့ချစ်သူရဲ့ ဓာတ်ပုံပဲ၊ ကြည့်စမ်း ရုပ်တရက် ကြည့်လိုက်ရင် မင်းနဲ့တောင် ခပ်ဆင်ဆင်တူသလိုလိုပဲ၊ ဒါကြောင့် သူက မင်းအပေါ် ခင်မင်ပြီး သံယောဇဉ် ဖြစ်နေရှာတာကွဲ့။

သူတို့ နှစ်ယောက်က လက်ထပ်ခါနီးမှာပဲ ကြမ္မာဆိုးနဲ့ ကြုံသွားကြရရှာတာ၊ မြို့ထဲကနေ အိမ်ကို ပြန်အလာ လမ်းမှာကားအက်ဆိုးဒဏ် ဖြစ်ပြီး **သူ့ချစ်သူတ ပွဲချင်းပြီး ဆုံးသွားရှာတယ်၊ သူကတော့ အသက်** မသေပေမယ့် **ကိုယ်တစ်ပိုင်းသေ** သွားတယ်"

ဟုတ်သားပဲ။ ဓာတ်ပုံထဲက အမျိုးသားဟာ ကျွန်တော်နဲ့ တော်တော်တူတာပဲ။

ရှင်းသွားပါပြီ။ ကျွန်တော် အားလုံးကို သဘောပေါက်သွားပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ မမဟာ သိပ်သနားဖို့ ကောင်းတဲ့သူပါ။ ပြီးတော့ ကျွန်တော့်ကိုလည်း တကယ့်ကိုတွယ်တာသွား၊ မေတ္တာထားသွားတဲ့ သူပါ။

ကျွန်တော်ကသာ ဆင်းရဲသား မာန်နဲ့ မမအပေါ် အမြင်မှားပြီး အထင်လွဲခဲ့မိတာပါ။ ခုတော့ ပူဆွေးခြင်း နောင်တနဲ့အတူ ကျွန်တော် တမြည့်မြည့် ခံစားနေရပါပြီ။ ခံစားနေရပါပြီ။

တုန်ယင်အက်ကွဲတဲ့ အသံနဲ့ ကျွန်တော် အဒေါ်ကြီးကို မေးလိုက်မိသေးတယ်။

"ဒါ ဒါဖြင့် မမက သူရောဂါကို ကုသပြီးတာနဲ့ ဒီကို ပြန်လာမှာပေါ့၊ ဟုတ်လား ဒေါ်ဒေါ်"

"ဒါတော့ မပြောနိုင်ဘူးကွဲ့၊ သူရောဂါကို ဒီတစ်ခါ နောက်ဆုံး အကြိမ်အဖြစ် ခွဲစိတ် ကုသမှာပဲ၊ အောင်မြင်မလား၊ မအောင်မြင်ဘူးလားဆိုတာ ဘုရားမှ သိမှာပဲ။

တကယ်လို့ မအောင်မြင်ခဲ့ရင် သူ ဒီကို ပြန်လာဖို့မလွယ်တော့ဘူး၊ ဟိုမှာမဲ့ သူမောင်နှမတွေနဲ့ အတူနေဖို့ ပြောသွားတယ်၊ ဒါကြောင့် ဒီအထုပ်ကလေးကိုတောင် မင်းကို သေသေချာချာ ပေးဖြစ်အောင် အဒေါ်ကို အထပ်ထပ်မှာသွားခဲ့တာကွဲ့"

"ဩော်"

✿

လမ်းပေါ်ရောက်တော့ လက်ထဲက အထုပ်ကလေးကို ကျွန်တော် အသာငုံ့ကြည့်လိုက်မိတယ်။

အထုပ်ထဲမှာ အရောင်စုံ ရှပ်အင်္ကျီကလေး သုံးထည်ကိုတွေ့လိုက်ရတယ်။ အပေါ်ဆုံး ရှပ်အင်္ကျီရဲ့ ရင်ဘတ်ပေါ်မှာတော့ စံပယ်ဖြူတစ်ပွင့်ကို ပန်းထိုးထားတာ တွေ့ရပါတယ်။

စံပယ်ပန်းကို မြင်လိုက်တော့ ကျွန်တော်ဘယ်လိုမှ စိတ်မထိန်းနိုင်တော့ဘူး။ မျက်ရည်မဆည်နိုင်တော့ဘူး။ ကျွန်တော့် မျက်လုံးအိမ်နဲ့ အပြည့် မျက်ရည်တွေ အိုင်ထွန်းသွားတယ်။

ဒီစံပယ်ပွင့်ကို ကျွန်တော့် အတွက် တမင်ရည်ရွယ်ပြီး ထိုးမှတ်ပေးသွားခဲ့လေသလား။ ပြီးတော့ ဒီစံပယ်ပွင့်ဟာ မမကိုယ်တိုင် သူ့လက်နဲ့ ပန်းထိုးပေးသွားခဲ့တာများလား။ ကျွန်တော် မသိနိုင်တော့ပါဘူး။ မသိနိုင်တော့ပါဘူး။

ပွင့်သစ်စ နံနက်ခင်းမှာ နှင်းငွေ့တွေက ဝေ့သီလျက်ရှိနေတယ်။ နှင်းခိုး နှင်းငွေ့တွေကြောင့် ဝန်းကျင်က မှိုင်းမှုန်လို့နေပါတယ်။

ကျွန်တော့် မျက်ဝန်းအစုံကို ပိတ်ဖုံးထားတဲ့ မျက်ရည်တွေကြောင့်လည်း မြင်မြင်သမျှ အရာအားလုံးဟာ ပိုလို့တောင် မပီပိုးဝါး ဖြစ်နေရပါတယ်။

ပြောရရင် လောကမှာတ်တစ်ခုလုံး၊ နှင်းတွေနဲ့ ဝေမှောင်နေသလိုပဲ ကျွန်တော့်ရင်ထဲမှာလည်း ဝေဒနာမိုးနှင်းတွေနဲ့ စွေဖြိုးအုံ့ပျလို့ နေရပါပြီ။

မကြာခင် နေပွင့်တော့မှာမို့ နေလာရင် နှင်းပျောက်ရမှာ ဖြစ်ပေမယ့် ကျွန်တော့်ရင်ထဲက သောကရာသီကတော့ပျက်ပြယ်ကွယ်ပျောက်ဖို့ လွယ်လွယ်နဲ့ ဖြစ်နိုင်လိမ့်မယ် မထင်ဘူး။

ဒီဝေဒနာတွေ အလွယ်တကူ ပြေငြိမ်းသက်သာဖို့ ဆိုတာ လုံးဝ မဖြစ်နိုင်ရုံသာမက ရှည်လျားလှတဲ့ ကာလတစ်ခုတိုင် ဆက်လက် ယူဆောင် သယ်ပိုးသွားရဦးမယ်ဆိုတာကို တောင် ကျွန်တော့်က အသေအချာ သိရှိနေမိပါပြီ။

တကယ်လို့များ မမကို မမေ့နိုင်သေးသရွေ့၊ မမမျက်နှာကို မြင်ယောင်နေသေးသရွေ့ အဲဒီဝေဒနာတွေကို ကျွန်တော် ခံစားမြဲ ခံစားနေရဦးမယ်ဆိုပါရင် အဲဒီကာလ၊အဲဒီအတိုင်းအတာဟာ ဘယ်မျှအထိ ရှိမှာပါတဲ့လဲ။

ကျွန်တော့်ကိုလည်း အဲဒီဝေဒနာတွေက ဘယ်ရွေ့ ဘယ်မျှအထိ ပူကယ်လိုက်ပါပြီး ဖိစီးနေဦးမှာပါတဲ့လဲ။ ထိုးဆွနေဦးမှာပါတဲ့လဲ။

ကျွန်တော် မသိနိုင်တော့ပါဘူး။ ဘာဆို ဘာမှ မသိနိုင်တော့ပါဘူး။

ရဲမြတ်တင်

❑

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ထို့ငယ်စဉ်ခေတ်က 'ကဗျာခေတ်' ဖြစ်သည်။ စာပေနယ်မှာ ခြေချဖို့ မြေစမ်း ခရမ်းပျိုးသူများသည် ကဗျာနှင့်သာ အစပြုကြသည်။ ထိုစဉ်က 'သုံးကြောင်း' ကဗျာလေး တွေခေတ်မို့ တက်သစ်စ လူငယ်တွေအဖို့ ထိလှ၊ မိလှ၊ ငြိလှသော သုံးကြောင်းကဗျာလေးတွေကလည်း စာရေးချင်နေသူ ကျွန်တော်တို့ကို ကလူ၏သို့ မြူ၏သို့ဖြင့် ဆွဲဆောင်မှု အားကြီးလှသည်။

ယင်းသို့ ညှို့အားကြီးလှသော သုံးကြောင်းကဗျာခေတ်တွင် ယနေ့တိုင် ကျွန်တော်မမေ့နိုင်သော ကဗျာတစ်ပုဒ် ရှိခဲ့လေသည်။ ထိုကဗျာမှာ သုံးကြောင်းတော့မဟုတ်။ ထိုကဗျာ၏ ခေါင်းစဉ်မှာ "မိသဲပို" ဖြစ်သည်။ ထိုကဗျာကို ရေးသူ ကဗျာဆရာမှာ "ဒေါင်းနွယ်ဆွေ" ဖြစ်သည်။ ကြည့်...

မိသဲပို

ဆူးပေါ်ဖက်ကျ ဖက်ပေါက်ရလည်း
ဖက်ကမပေါက် ဆူးသာကောက်သည်
အံ့လောက်ဖွယ်ရာပါတကား။

ဒေါင်းနွယ်ဆွေ

စာဖတ်သူ ကြည့်ပါလျှည့်။ လူတိုင်း ဖတ်ကာ လူတိုင်း နားလည်လွယ်သော ကဗျာတစ်ပုဒ်ဖြစ်ရုံမက လူတိုင်း၏ရင်ကို 'ဒင်ခနဲ' လာမှုန်သော ကဗျာတစ်ပုဒ်ပါပေ။

ကျွန်တော်သည် ဆရာဒေါင်းနွယ်ဆွေ၏ 'မိသဲပို' ကဗျာကို အားကျကာ 'မြွေဟောက်မ' ဆိုသည့် ချစ်သူလွဲပေါက်ကွဲ ကဗျာတစ်ပုဒ်ကို စပ်ကာ ၁၉၆၃ ခုနှစ်၌ ဆရာသော်တာဆွေ 'အဟိ' (တစ်ကျပ်တန်မဂ္ဂဇင်း) သို့ ပေးပို့ခဲ့သည်။ ချစ်သူလွဲလို့ ပေါက်ကွဲသည့် ကျွန်တော့် ကဗျာကို ဆရာသော်တာဆွေက 'အဟိ'၌ ထည့်သွင်းဖော်ပြခဲ့သည်။

ကျွန်တော် ဝန်ခံပါရစေ။ ကျွန်တော်က အသက် အရွယ် ငယ်သေးသည့်အလျောက် ရင့်ကျက်မှုလည်း

www.burmeseclassic.com

www.burmeseclassic.com

မရှိသေးသည်မို့ ကျွန်တော် စာသင်ကြားရာ 'တာမွေ အစိုးရတန်းမြင့်ကျောင်း (ယခု အ. ထ. က ၂ တာမွေ)မှ 'လှခိုင်လေး' ရေးသော ကဗျာကို အပြီးနှတ်၊ ခေါင်းဖြုတ် ဖြည့်စွက်ကာ 'မြွေဟောက်မ' ကဗျာကို ရေးခဲ့ခြင်းဖြစ်သည်။

မည်သို့ဆိုစေ ကျွန်တော့်ကဗျာကို ဆရာသော်တာ ဆွေလည်း ကြိုက်နှစ်သက်သလို ကျွန်တော်တို့ 'အဟိပြဲ ပေါက်' (အဟိဝိုင်းတော်သား) တွေကလည်း ကျွန်တော့်ကို ဘရာဗိုလုပ်ကြလေသည်။ ဆိုကဗျာမှာ -

မြွေဟောက်မ

ချစ်သည်မုန်းသည် ဤနှစ်လီကို
အတည်မပါ ပြောဆိုလာသော
နှုတ်လျှာနှစ်ခွ မြွေဟောက်မ၏
လှပကြော့ဆုံး တစ်ကိုယ်လုံးကို
တုံးပေါ်တင်ပြီး ဓားကြီးကြီးဖြင့်
ခုတ်လှီးပိုင်းဖြတ် အမွှေးအကြိုင်စပ်လျက်
အရက်နှင့်သာ မြည်းချင်သည်။

သုဝဏ္ဏကျော်စိန်

❑

ဆရာဒေါင်းနွယ်ဆွေ၏ နောက်ထပ်ကဗျာ တစ်ပုဒ်ကလည်း ကဗျာပရိသတ်ကို ရင်နှင့်စေခဲ့ပြန်သည်။ ကြည့်...။

စမ်းရေအမောဝယ်
ပန်းအကြွေစောတယ်

* ပန်းဒုလှကို
စမ်းကထောမနာ
ရစ်ဖြာဝိုက်ဝန်း စီးဆင်းသည်။
* စမ်း၏အေးမြ
ထိုရသကို၊ ပန်းကခိုးကျူး
ငုံဖူးဝတ်လွှာ ခြွေလွှင့်သည်။
* စမ်းချောင်းတိမ်ကော်၊ မြက်ရိုင်းတောမှာ
ကျစ်စာဖုံးလွှမ်း၊ အိုလွှမ်းစရာ
ပန်းခမျာလျှင်၊ နွမ်းကာခြောက်သွေ့
ရေမတွေ့ရ၊ ပူဒွေ့လောင်မြိုက်
ရှိုက်ငင်တမ်းတ၊ စမ်းဘဝကို
ပန်းက ငိုကြွေးမဆုံးနိုင်။
* တစ်နေ့သောခါ၊ ပြည့်လာ စမ်းချောင်း
ပြန်ပြောင်းရေစီး၊ သူ့နီးဝန်းကျင်
ပန်းပွင့်ခမျာ၊ မရှိရှာတော့
မြေလွှာတိုက်တော၊ ကြွေကသောသောဖြင့်
ရွှေ့လျောပန်းပင်၊ မြက်ခင်းပြင်ဝယ်
မမြင်လေရ၊ ထိုခဏတွင်
စမ်းက ရှိုက်ငိုပြန်လေသည်။

ဒေါင်းနွယ်ဆွေ

ဆရာဒေါင်းနွယ်ဆွေ၏ ဤကဗျာမှာ အသက်ငယ် ငယ်ရွယ်ရွယ်နှင့် ကွယ်လွန်ခဲ့ရကြသည့် မောင်စစ်ငြိမ်းနှင့် မောင်ဆွေနွယ်မည်သော ကဗျာလည်းရေး၊ သီချင်းလည်းရေးသည့် ပုဂ္ဂိုလ်နှစ်ယောက်အား အမှတ်တရ ရေးသားခဲ့ခြင်းဖြစ်သည်။ (၎င်းကဗျာသည် ၁၉၈၄ ခုနှစ်၊ နိုဝင်ဘာလ ရှမဝမဂ္ဂဇင်းတွင် ဖော်ပြခဲ့သော ကဗျာဖြစ်သည်။)

ဆရာဒေါင်းနွယ်ဆွေသည် အောက်ဖော်ပြပါ-

* သင့်ကျေးဇူးကား၊ ပြန့်ပြဒီပါ
အလင်္ကာတည့်၊ ရှုမောပင်လယ်
ဝှမ်းကျယ်တန်ခိုး၊ ပန်းတိုင်းပွင့်ရာ
မြေသြဇာသည်၊ လင်္ကာရေသောက်မြစ်နှယ်တည်း။
* ရုပ်ကလပ်သာ၊ လော့ငြာအဖြစ်
ကြွင်းကျန်ရစ်လည်း၊ သစ်ခဲ့လင်္ကာ
သင့်ကဗျာမူ၊ စိုက်ထူမော်ကွန်းခိုင်ခိုင်တည်း။
* စာဆိုသေလည်း
မသေစာဆို၊ တင်စားလိုသည်
မြေကိုသက်သေပြုတကား။
* ဩော်...
ပန်းတစ်ပွင့်သာ၊ ကြွေခဲ့ပါမည်
ကဗျာစာဆို မသေတကား။

ဟူသည့် ကဗျာကိုလည်း ရေးခဲ့သေးသည်။

ယင်းဖော်ပြပါကဗျာမှာ 'ငွေတာရီ' ကွယ်လွန်တုန်းက အမှတ်တရ ဂုဏ်ပြုရေးသားခဲ့သည့် ကဗျာဖြစ်သည်။ ထို့ပြင် ဆရာဒေါင်းနွယ်ဆွေသည် ကဗျာဆရာ စစ်စစ်ကြီးဖြစ်သဖြင့် ကဗျာအများအပြား ရေးခဲ့သလို ရေးသမျှ ကဗျာများသည်လည်း ကဗျာကောင်းချည်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

မြန်မာပြည်မှာ စာမျက်နှာ '၃၀၀'လောက်ရှိသည့် လုံးချင်းဝတ္ထုကို ကဗျာနှင့် အစအဆုံးရေးနိုင်သူ ကဗျာဆရာမှာ နှစ်ယောက်တည်းရှိသည်။

ပထမဆုံး ကဗျာဆရာတစ်ယောက်မှာ ဆရာ မင်းရှင်နောင်၊ 'ဘရဏ' ဝတ္ထု။

ဒုတိယ ကဗျာဆရာမှာ ဆရာ ဒေါင်းနွယ်ဆွေ၊ 'ကလျာမိမိမုန်း' ဝတ္ထု။

ဤကား ကဗျာဆရာ ဒေါင်းနွယ်ဆွေ၏ မှတ်တမ်း တစ်ခုပင် ဖြစ်သည်။

ဆရာဒေါင်းနွယ်ဆွေသည် ကဗျာသာမက ဝတ္ထု (လုံးချင်း) များပါ ရေးသားခဲ့သည်။ သို့သော် သူသည် ကဗျာဆရာဘဝမှ လျှောကျပြီး ဝတ္ထုများ ရေးသည့် မဟုတ်။ 'ထမင်းစားဖို့ ရေတာပါ' ဟု ဝန်ခံခဲ့သည်။ သူ့ ဝတ္ထုများသည် သူ့ကဗျာတွေကဲ့သို့ အကောင်းစားတွေ မဟုတ်။ ဟိုဟိုဒိဒိမှိပြီး ဝမ်းရေးအတွက် သက်သက်ရေး ခဲ့ခြင်း ဖြစ်သည်။

ဆရာသော်တာဆွေက ဖြောင့်ချသည်။

"ဒေါင်းနွယ်ဆွေဟာ ကဗျာရေးတဲ့နေရာမှာ မြန်လည်းမြန်တယ်၊ များလည်းများတယ်၊ တောင်းလည်း ကောင်းတယ်၊ ကဗျာဖွဲ့နည်း မျိုးစုံအောင်လည်း ရေးတတ်တယ်၊ ရေးနိုင်တယ်။ သူဟာ မြန်မာစာပေနယ်မှာ သူ့ခေတ်နဲ့သူတော့ ကဗျာကြယ်တံခွန်လွှတ်ဆူပါပဲ" တဲ့။

ဤကဲ့သို့ ကဗျာကြယ်တံခွန်လွှတ်ခဲ့သူ ဆရာ ဒေါင်းနွယ်ဆွေသည် အသက် (၅၄)နှစ်အရွယ် ၂၂-၃-၈၅ နေ့တွင် ရန်ကုန်ဆေးရုံကြီး၌ ကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့ရှာပါသည်။

ဆူးပေါ်ဖုက်ကျ ဖက်ပေါက်ရလည်း
ဖရဲကမပေါက် သူ့သာကောက်သည်
အံ့လောက်စွယ်ချာမီတကား။
ဩော် -
'မိသဲပို' တဲ့လား ဆရာရယ်။

သုဝဏ္ဏကျော်မိန်

www.burmeseclassic.com

www.burmeseclassic.com



မြေကပ်သူ

ကပ္ပိယ ကံကောင်းသူ့ အရိုးခေါင်းတောင် ခဲစိုး

ကျွန်ုပ်၏ ကိုယ်တွေ့အရ လောကကြီးထဲရှိ အဖြစ်အပျက်များသည် စိတ်ကူးယဉ်ထက် ပို၍ဆန်းကြယ်လှပေ၏။

ကျွန်ုပ်၏ မှတ်တမ်းထဲတွင် ရေးသားထားခဲ့သော အဖြစ်အပျက်များစွာတို့တွင် ယခု ဖော်ပြလတ္တံ့သော အဖြစ်အပျက်သည်လည်း လွန်စွာမှပင် ထူးခြားဆန်းကြယ်လှသည်။

ဆန်းကြယ်လွန်းသဖြင့် လည်း ဟုတ်မှဟုတ်ပါလေစဟု ကျွန်ုပ်ကိုယ်တိုင်ပင် ထိုစဉ်က သံသယဝင်ခဲ့သည်ကိုလည်း ကြုံတွေ့၍ ဝန်ခံထားရပေဦးအံ့။

သို့သော် ထိုအဖြစ်အပျက်တို့ကို ကြုံခဲ့ရစဉ်က ကျွန်ုပ်တစ်ဦးတည်း မဟုတ်၍ သာလျှင် တကယ့်အဖြစ်အပျက်ဟူ၍ အခိုင်အမာဆိုရဲခြင်းပင် ဖြစ်ပါ၏။

ထို အဖြစ်အပျက်တို့သည် ကာလအားဖြင့် နှစ်ပရိစ္ဆေဒကြာခဲ့ပြီဖြစ်သော်လည်း ကျွန်ုပ်နှင့်အတူ ကြုံဆုံခဲ့ရသည့် လူတို့သည်လည်း မနေ့တစ်နေ့က ဖြစ်ပျက်ခဲ့သလို ၎င်းတို့၏ မှတ်ဉာဏ် အသိစိတ်ထဲတွင် စွဲထင်နေမည်မှာ သေချာကြောင်း ဆိုဝံ့ပါ၏။

ကျွန်ုပ်ကဲ့သို့ ဝမ္မီရပညာရှင် ဂန္ဓာရီခရီးသည်တစ်ဦးပင်လျှင် မေ့ဖျောက်၍ မရနိုင်လောက်အောင် ဖြစ်ခဲ့ရသည် ဆိုပါက ထိုအဖြစ်အပျက်ကို သိရ ကြားရသူ မည်သူမဆို အံ့သြကြမည်ကား မြေကြီးလက်ခတ်မလွဲပင် သေချာလှပါ၏။

www.burmeseclassic.com

www.burmeseclassic.com

အကြောင်းတရားကြောင့် အကျိုးတရားတစ်ရပ်အနေဖြင့် ဖြစ်လာခဲ့ရသော ထိုဖြစ်စဉ်ကို ယုတ္တိမတန်ဟု မည်သို့မျှဆို၍မရကောင်းချေ။

သည်မျှဆန်းကြယ်သည့် ဖြစ်ရပ်တို့ကို နောင်လာနောက်သားတို့ ဗဟုသုတအလို့ငှာ ကျွန်ုပ်ဆည် မှတ်တမ်း ရေးထိုး၍ ထားခဲ့ပေအံ့။

ယုံချင်လျှင်ယုံ မယုံလျှင်ပုံပြင်ဟု မှတ်ထင်နိုင်သော်လည်း ဤဖြစ်ရပ်သည် ယုံချင်စရာကောင်းအောင် ပုံပြင်ပြောနေသည်ကား မဟုတ်ခဲ့ပါချေ။

"စိတ္တေန နိယတေ လောကော" "လောကကြီးကို စိတ်ဆောင်သည်၊ လောကကြီးကို စိတ်က ဖန်ဆင်းသည်"ဟု ဘုရားရှင် ဟောကြားတော်မူခဲ့ပါ၏။

စိတ်ကြောင့်ပင် သတ္တဝါပေါင်းစုံ ဘုံဘဝများစွာဖြစ်လာခဲ့ကြရ၏။ စိတ်ကြောင့်ပင်လျှင် ရုပ်ဝတ္ထုများ အသွင်မတူ ကွဲပြားစွာ ဖြစ်လာခဲ့ကြ၏။ အဘိဓမ္မာအလိုအရမူ ဘဝတစ်ခု၏ နောက်ဆုံးစုတိစိတ် ချုပ်ခါနီးတွင် သတ္တဝါတိုင်း သတ္တဝါတိုင်း မိမိတို့ ဖြစ်ကြရမည့် လားရာ ဂတိနိမိတ်များကို မြင်ကြရသည်ဟု အတိအကျ မိန့်ဆိုတော်မူထား၏။

ထို့ကြောင့်လည်း ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်များသည် မိမိတို့၏ မိသားစုဝင် တစ်ဦးတစ်ယောက်၏ နောက်ဆုံးအချိန်လေးတွင် ဘဝကူးတောင်းစေရန် ရည်ရွယ်ချက်ဖြင့် ကြေးစည်သံပေးခြင်း၊ တရားစာတို့ကို **အနားမှ ရွတ်ဖတ်သရဇ္ဈာယ်ပေးခြင်း** တို့ကို ပြုလုပ်ဆောင်ရွက်ပေးကြခြင်း ဖြစ်သည်။

သို့ပါသော်လည်း ပုထုဇဉ်ဟူသည် မသိမှု အဝိဇ္ဇာတောအုပ်ကြီးထဲတွင် လောဘ၊ ဒေါသ၊ မောဟ ဟူသော **အာသီး** သုံးမျိုးကို ပျော်ရွှင်စွာ စားသုံးရင်း လှည့်လည်ကျက်စားနေကြသည့်သူများသာ ဖြစ်ကြ၏။

ထိုပုထုဇဉ်ကို အနှစ်ပုထုဇဉ်ဟု **ခေါ်သည်ကိုလည်း** ကျွန်ုပ်သည် ကြားနာခဲ့**ရဖူးပါ၏**။ မိုက်မဲခြင်း၏ အဆုံးတွင် **ဆင်းရဲခြင်း** ခြောက်ကမ်းပါးရှိသည်ကို **ကျွန်ုပ်တို့** အနှစ်ပုထုဇဉ်များကား **သတိမမူခဲ့ကြပေ**။

ထို့ကြောင့်လည်း မိုက်မဲခြင်း အမှုကို **ရဲတင်းစွာ**ပြုလုပ်နေကြခြင်း ဖြစ်သည်။

ဤကဲ့သို့ မကောင်းမှုကို ကန့်ထရိုက်စွဲ၍ **တစ်မျိုး**၊ လက်လီ လက်ကား **ရောင်းဝယ်ဖောက်ကား**လျက် တစ်ဖုံ **မျိုးစုံအောင်** ကျူးလွန်ခဲ့ကြသော ဘုရား**မကြိုက်**သည့် အမှား **စရိုက်နှင့် လူတစ်သိုက်**အကြောင်းကို **ကျွန်ုပ်**သည် **မှတ်တမ်း**တင်ထားခဲ့ပါ**၏**။

ထိုလူတစ်သိုက်၏ အကြောင်းဖြစ်ရပ်တို့ကို **ကျွန်ုပ်၏ ဝန္ဒာရီခရီး** တစ်ကွေ့တွင် **တွေ့ကြုံခဲ့ရလေသည်**။

ထို အတွေ့အကြုံတို့ကိုပင် အရိုးခေါင်းတောင် ခရီးစဉ် ဟူ၍ ခေါင်းစဉ်တပ်ကာ မှတ်တမ်းရေးသားထားခဲ့ခြင်း ဖြစ်ပါသည်ဟု, ဝန်ခံသမှု ပြုအပ်ပါသတည်း။

❂

ကျွန်ုပ်လည်း ဂန္ဓာရီ ခရီး တစ်ခုမှ ပြန်လာခဲ့သည်မှာ ရက်ပိုင်းမျှသာ, **ရှိသေးသည့် အတွက် ခရီးသစ်မစမီ ကျွန်ုပ်နားနေ**ကျွန်**ခဲ့သော** ကြားစခန်းတွင် **နေထိုင်လျက်ရှိ၏**။ ကျွန်ုပ်၏ ယာယီစခန်းကား အခြားမဟုတ်ချေ။ မြို့ဦးစေတီတော်၏ ရင်ပြင်တော်ထဲမှ ဇရပ်တန်ဆောင်းပင် ဖြစ်၏။

ကျွန်ုပ်နှင့် စေတီတော်ဂေါပကတစ်ဖွဲ့လုံးကား ရွှေမဆွကပင် ခင်မင်ရင်းနှီးခဲ့ကြသည့်အလျောက် ကျွန်ုပ်အား တည်းခိုခွင့်ပေးထားကြသည်။

ကျွန်ုပ်လည်း နေ့စဉ်ဝတ္တရားတစ်ရပ်အနေဖြင့် စေတီတော်ပရိဝုဏ်အတွင်း၌ တံမြက်စည်းလှည်းခြင်းကို ပြုလုပ်ခဲ့သည်။

ထို့ပြင် ဂုဏ်တော်ကွန်ချာပုတီးစိပ်ခြင်း၊ ဗုဒ္ဓါနုဿတိဘာဝနာပွားများခြင်းတို့ကို ညဉ့်ဦးယံတွင် အဓိဌာန်ဖြင့် ပွားများခဲ့၏။ နေ့ခင်းပိုင်းအချိန်များကိုမူ ဂေါပကရုံးခန်းအတွင်းရှိ ဗီရိုကြီးထဲမှ ကျမ်းစာအုပ်တို့ကို ငှားရမ်း၍ ဖတ်ရှုခဲ့သည်။

ယနေ့လည်း ကျွန်ုပ်သည် နံနက်စာကို မျှတရုံမျှ စားသောက်ပြီးသည်နှင့် ဖတ်၍ မပြီးသေးသော ပေတဝတ္ထုပြန်မာပြန်ကျမ်းကို ဆက်၍ ဖတ်နေခဲ့သည်။

ထိုကျမ်းတွင် ပြိတ္တာမျိုးစုံတို့၏ ဇာတ်လမ်းဝတ္ထုတို့ကို သံဝေဂယူစရာ ဖော်ပြထား**၏**။ ကျွန်ုပ် စိတ်ဝင်စားသည့် အရာကား ပြိတ္တာဖြစ်ရသည့် အကြောင်းရင်းပင် ဖြစ်၏။ ထိုကျမ်းတွင် အောက်ပါအတိုင်း ဖော်ပြထားလေသည်။

'လူပြည်လူလောက၌ အကြင်သူတို့သည် ဥစ္စာစွဲ၊ သားမယားစွဲ

www.burmeseclassic.com

www.burmeseclassic.com

တို့ဖြင့် သေလွန်ကုန်၏၊ ငြူစူခြင်း၊ ဝန်တိုခြင်း များကုန်၏၊ မိမိကိုယ်တိုင်လည်း ပေးကမ်းလှူဒါန်းခြင်းမရှိ၊ သူတစ်ပါးတို့ ပေးကမ်းလှူဒါန်းသည်ကို တားမြစ်၍ အန္တရာယ် ပြုတတ်ကုန်၏၊ ထိုသူတို့သည် ပြိတ္တာဘုံ၌ ဖြစ်ရသည်'

ကျွန်ုပ် ဆက်ပြီးဖတ်ကြည့်ရာ ပြိတ္တာများ၏ဘဝ၊ ပြိတ္တာတို့နေရာဘုံဌာန၊ ပြိတ္တာအမျိုးအစားတို့ကိုပါ အသေးစိတ်လေ့လာမှတ်သားခဲ့ရ၏။

ကျွန်ုပ်လည်း ကျမ်းစာအုပ်ထဲတွင် စိတ်ကို စူးစိုက်ပြီး ဖတ်ရှုနေဆဲမှာပင် -

"မိတ်ဆွေကြီး ဘာတွေများသဲကြီးမဲကြီး လေ့လာမှတ်သားနေတာတုံး"

ဟု မေးသံကြားလိုက်ရသည်နှင့် ဂန္ဓာရီမိတ်ဆွေကြီး ဖြစ်သော ဦးစူးစမ်းနှင့်အတူ ဂျွန်ုပ် မသိသော သူစိမ်းနှစ်ယောက်ကိုပါ မြင်လိုက်ရလေသည်။ဂျွန်ုပ်လည်း ဖတ်လက်စ စာအုပ်ကို ဘေးတွင်ချထားလိုက်ပြီး မေးလိုက်မိသည်။

"ကိုစူးစမ်းနဲ့အတူ ည့ဉ်သည်တွေပါ ပါလာကြတာကိုး၊ လာလာ ထိုင်ကြဗျာ"

ကျွန်ုပ် ဖိတ်မန္တ္တက ပြုပြီးသည်နှင့် မိတ်ဆွေနှင့်အတူ ည့ဉ်သည်နှစ်ယောက်လည်း အနားသို့ရောက်လာကြပြီး ဖျာကြမ်းပေါ်တွင် ထိုင်လိုက်ကြ၏။

ကျွန်ုပ်လည်း အိမ်ရှင်ဝတ္တရား ပီသစေရန် ရေနွေးကြမ်းနှင့် လက်ဖက်သုတ်တို့ကို ချ၍ ည့ဉ်ခံလိုက်သည်။

"ကိုင်း- မိတ်ဆွေကြီးတို့ သုံးဆောင်လိုက်ကြပါဦး"

ကျွန်ုပ်လှည်း ည့ဉ်သည်များ သုံးဆောင်ရန်အတွက် မြေအိုးဖြင့် ထည့်ထားသည့် ရေနွေးကြမ်းကို ပန်းကန်လုံးထဲသို့ ငှဲ့ထည့်ပေးလိုက်ပါသည်။ တစ်ဆက်တည်း မိတ်ဆွေဖြစ်သူကိုလည်း အကဲခတ် ကြည့်လိုက်သည်။ အကဲခတ်ပြီးသည်နှင့် ကျွန်ုပ်လည်း မိတ်ဆွေကြီးကို ပြောလိုက်တော့သည်။

"အင်း ခင်ဗျားရောက်လာတာ သောကြာနေ့၊ ရောက်လာတာက လည်း သုံးယောက်၊ ပြီးတော့ မိတ်ဆွေကလည်း အဂါသားဆိုတော့ကာ မိတ်ဖက်ကျနေတယ်၊ အမြင်အရ ပြောရရင် မကြာခင် ထူးဆန်းတဲ့ ခရီးတစ်ခု သွားရမှာ ကျိန်းသေပဲ"

ကျွန်ုပ်၏ စကားဆုံးသည်နှင့် မိတ်ဆွေဖြစ်သူထံမှ စကားတုံ့ပြန်လာသည်။

"မှန်လိုက်လေဗျာ၊ ခရီးထွက်ဖို့ ခင်ဗျားကို လာခေါ်တာပဲဗျ၊ မိတ်ဆွေကြီးကို မိတ်ဆက်ပေးရဦးမယ်၊ ဒီဘက်က ကိုရင်က၊ ကိုဖူးညိုတဲ့၊ ဟိုဘက်ကတော့ ကိုတက်ပွားလို့ ခေါ်ထယ်၊ မိတ်ဆွေကြီးကိုတော့ သူတို့နှစ်ယောက်စလုံးက နာမည်ကြားဖူးပြီးသားပါ၊ ဒီပုဂ္ဂိုလ်က ခင်ဗျားတို့တွေ့ချင်တဲ့ ဂန္ဓာရီပညာရှင် ကိုကံကောင်းပဲဗျာ"

"အခုလို ဆရာနဲ့တွေ့ရတာ ကျွန်တော်တို့ အလွန်ဝမ်းသာမိသလို လာရကျိုးလည်း နပ်ပါရဲ့ ခင်ဗျာ"

ကျွန်ုပ်လည်း သူတို့နှစ်ယောက်၏ စကားကြောင့် အရေးကြီးသည့် ကိစ္စနှင့်လာကြမှန်း အတပ်သိလိုက်သောကြောင့် ကိုစူးစမ်းအား မေးခွန်းထုတ်သည့် အကြည့်မျိုးနှင့် လှမ်းကြည့်ပြီး မေးလိုက်သည်။

"မိတ်ဆွေကြီး ကိုစူးစမ်းနဲ့ ပတ်သက်ပြီး ရောက်လာကြတာဆိုတော့ တတ်နိုင်သမျှ ကူညီရမှာပေါ့ဗျာ၊ ကိုင်း လာရင်းကိစ္စကို ဆိုကြစမ်းပါဦး"

ကျွန်ုပ်၏ အမေးကြောင့်ပင် သူစိမ်း မိတ်ဆွေနှစ်ဦးလည်း တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြပြီး ကျွန်ုပ်၏ အမေးကို ပြန်ဖြေရန် စဉ်းစားနေကြပုံရသည်။ ပြီးမှ ကိုတက်ပွားက ကိုစူးစမ်းကို စိုက်ကြည့်လျက် ကျွန်ုပ်၏ အမေးကို ဖြေသည်။

"ဒီလိုပါဆရာ၊ ကျွန်တော်တို့ရဲ့ဖြစ်စဉ် အကြောင်းခြင်းရာအားလုံးကို ကိုစူးစမ်းကို ဖွင့်ပြောပြီး အကူအညီတောင်းခဲ့ကြပါတယ်၊ ကျွန်ုပ်တို့ကိစ္စမှာ ဆရာ့အကူအညီရမှ ဖြစ်မယ်လို့ ကိုစူးစမ်းကပြောတာနဲ့ ဆရာ့ဆီကို လာခဲ့ကြတာပါ။

ဒီတော့ ကျွန်တော်တို့ရဲ့ ဖြစ်ရပ်စုံကို ကိုစူးစမ်းရှင်းပြတာက ပိုပြီးပြည့်စုံပါလိမ့်မယ်၊ ကိုစူးစမ်း ဆရာ့ကို အကြောင်းစုံ ရှင်းပြပေးစမ်းပါဦးဗျာ"

ကိုတက်ပွား၏ မေတ္တာရပ်ခံချက်အဆုံးတွင် ကိုစူးစမ်းမှ ကျွန်ုပ်အား အကြောင်းစုံကို ရှင်းပြခဲ့၏။ သူပြောပြခဲ့သည့် အကြောင်းအရာတို့သည် စိတ်ဝင်စားစရာ ကောင်းလှသည်နှင့်အမျှ ကံတရား၏ ဆန်းကြယ်ခြင်းများဖြင့်လည်း ပြည့်နှက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုဖြစ်စဉ်များ၏ အစကို ပြန်လည် ခြေရာကောက်ကြည့်မည်ဆိုပါက အောက်ပါအတိုင်းပင် ဖြစ်ပါတော့သည်။

○

ဤရွာလေးသည်ကား လူသူမနီး တောနက်ကြီး အတွင်းပိုင်းတွင် တည်ရှိပြီး အလွန်ခေါင်လွန်းသည့် ရွာပင် ဖြစ်၏။

ရွာဟုသာ ခေါ်ရသော်လည်း တစ်ရွာလုံး စုစုပေါင်းမှ အိမ်ခြေ ဆယ့်ငါးလုံးခန့်ပဲ ရှိသည်။ အိမ်ဟု ဆိုရသော်လည်း နေသာရုံဖြစ်သလို ဆောက်ထားကြသည့် တဲများသာဖြစ်ကြ၏။

ရွာ၏အမည်ကလည်း ကြားရုံနှင့်ပင် လန့်လောက်စရာ။ စရိုက်ဆိုးရွာဟု မှည့်ထားခဲ့ကြ၏။ ပညတ်သွားရာ ဓာတ်သက်ပါ ဆိုသည့်အတိုင်း ရွာအမည်နှင့် လိုက်အောင်ပင် ကြမ်းတမ်းသည့် စရိုက်များကို ရွာသူ ရွာသားများအားလုံး ပိုင်ဆိုင်ထားကြသည်။

သူတို့ တစ်ရွာလုံး၏ အလုပ်အကိုင်ကလည်း စရိုက်နှင့်ညီစွာ ပျားဖွပ်ခြင်း၊ သားကောင်ဖမ်းဆီးခြင်းဖြင့် အသက်မွေးကြသူများပင် ဖြစ်သည်။

ထို့ရွာသိမ်ရွာစုလေးနှင့် ခရီးတစ်တိုင်လောက် ဝေးသည့် နေရာတွင် အရိုးခေါင်းတောင် ထည်ရှိသည်။

အရိုးခေါင်းတောင် ဆိုသည့် အတိုင်း တောင်၏ ပုံသဏ္ဌာန်ကို အဝေးမှလှမ်းကြည့်ပါက အရိုးခေါင်းတစ်လုံးအသွင် တွေ့မြင်ရလေသည်။ မြင်ရ၊ ကြားရသမျှတို့ကို အတိတ်နိမိတ်ကောက်တတ်သူများ ဆိုပါက စရိုက်ဆိုးရွာ၊ အရိုးခေါင်းတောင် ဟူသည့် အမည်များကို ကြားရရုံနှင့် အမင်္ဂလာ နိမိတ်မရှိတဲ့ ယူဆကာ ဝေးဝေးက ရှောင်ကြမည် ဖြစ်သော်လည်း သည်ရွာသားမှန်သမျှ အရိုးခေါင်းတောင်သို့ အိမ်ဦးနှင့် ကြမ်းပြင်ပမာ အမြဲလိုလို ရောက်ခဲ့ကြ၏။

တစ်ရက်တွင် ဖြစ်သည်။

ရွာသူ ရွာသားအားလုံး ရွာအကြီးအကဲဖြစ်သူ ဦးမိုက်ကြီး၏ တဲရှေ့ မြေကွက်လပ်တွင် စုဝေးကာ တစ်စုံတစ်ရာကိုပြောဆိုနေကြသည်။

ဦးမိုက်ကြီးက ဂင်တိုတို ဗလကောင်းနှင့် သူ့ရှေ့တွင် ထိုင်နေသူ ဆိုးပေကို စူးရဲသည့် မျက်လုံးနှင့် စူးစိုက်ကြည့်ပြီး မေးလိုက်သည်။

"မင်း တွေ့ခဲ့တာ သေချာရဲ့လား ဆိုးပေ"

"သေချာပါတယ်ဗျ၊ ကျုပ် သေသေချာချာ မြင်ခဲ့တာပါ ဆရာကြီးရယ်"

"မင်းမြင်ခဲ့တဲ့ ကောင်က စိတ်ဖြူစင်ကြယ် ဝတ်ထားတယ် ဟုတ်လား၊ သူက ဘယ်လိုလူစားလဲ၊ လက်နက်တွေ ဘာတွေကော၊ မမြင်ခဲ့ဘူးလား"

"ကျုပ် တွေ့တုန်းကတော့ တောင်ပေါ်မှာ လမ်းလျှောက်နေတာပဲ၊ တခြားလက်နက်တော့ ဘာမှ မတွေ့ရဘူး၊ လက်ထဲမှာ ဓါးနက်တုတ်တစ်ချောင်းပဲ ကိုင်ထားတာတွေ့ခဲ့ရတယ်"

"ဝါးနက်တုတ် တုတ်လား၊ ဟား ဟား ဟား၊ ဒီဝါးတုတ်လောက်များ အရေးလုပ်ပြီး ပြောမနေစမ်းပါနဲ့ကွာ၊ နောက်ထပ် **ဘာများ ထူးခြား**တာ တွေ့မိသေးလဲကွ **ဆိုးပေ**"

"တွေ့တယ် ဆရာကြီးရေ၊ သိပ်ပြီးတော့ **ထူးခြား**တယ်ဗျ"

ဆိုးပေ၏ စကားကြောင့် ခေါင်းဆောင်ဖြစ်သည့် ဦးမိုက်ကြီးနှင့်တကွ ကျန်သည့်လူအားလုံးပါ စိတ်ဝင်တစား နားစိုက်ထောင်နေကြသည်။

"ကျုပ်လည်း သူလမ်းလျှောက်ပြီးလို့ ဂူထဲလည်း ဝင်သွားရော နောက်က တိတ်တဆိတ်လိုက်ချောင်းကြည့်ခဲ့တယ်၊ အဲဒီမှာ ဘာတွေ့ရသလဲဆိုတော့ ရတနာတွေမှ အများကြီးပဲ ဆရာကြီးရေ"

ရတနာတွေ ဟူသည့် စကားကြောင့် ကြားရသူအားလုံး၏ မျက်လုံးများသည် လောဘဇောကြောင့် အာရောင်လက်လာကြ၏။

ဦးမိုက်ကြီး၏ မျက်လုံးအစုံကား စောစောကထိတ်ပိုပြီး စူးလက်လာခဲ့သို့ အဆိုတွေပြန်နေသည့် မျက်နှာကြီးကလည်း ပို၍ကြောက်စရာ ကောင်းလာတော့၏။

"ဘာပြောတယ်ကွ ဆိုးပေ၊ ရတနာတွေ ဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီး"

"ဒါ ဒါဆို တို့တွေ လုံးလုံးရှာလို့မရခဲ့တဲ့ **အရိုးခေါင်းတောင်သိုက်**ထဲက ရတနာတွေကို ဒီကောင်ကြီး **ရသွားတာမျိုး ဖြစ်ရမယ်၊ ထောက်... ဟေ့ကောင် ဆိုးပေ၊ မင်း မင်း... ဒီကောင်ကြီးကို သတ်ပြီး ရတနာတွေကို ဘာဖြစ်လို့မယူခဲ့တာလဲကွ ဟေ**"

ဦးမိုက်ကြီး၏ ခက်ထန်လှသော အမေးကြောင့် ဆိုးပေလည်း

www.burmeseclassic.com

www.burmeseclassic.com

ချက်ချင်းပင် ဖြေရှင်းချက်ပေးလိုက်ရသည်။ ခေါင်းဆောင်ကြီး အဘယ်မျှထိ ရက်စက်သည်ကို အားလုံးက သိထားခဲ့ကြ၏။

"ဒီလိုပါ ဆရာကြီး၊ ကျွပ်တို့ ရှာလို့ မရခဲ့တဲ့ ရတနာတွေကို ချက်ချင်းရအောင် ရှာနိုင်တဲ့ သူ့အစွမ်းအစကို အထင်မသေးရဲတာကြောင့် ဘာမှမလုပ်သေးဘဲ ဆရာကြီးဆီကို သတင်းလာပို့တာပါ"

"အိမ်း- သည်တစ်ခါတော့ ရှိစေတော့၊ စရိုက်ဆိုးလို့ အမည်ခံထားတဲ့ရွာနာမည် သိက္ခာကျအောင် လုပ်တဲ့ သူမှန်သမျှ နောက်ဆိုရင် ဘယ်သူ့ကိုမှ ခွင့်မလွှတ်နိုင်ဘူး၊ ငါကိုယ်တိုင် အပိုင်းပိုင်း အထစ်ထစ်ဖြစ်အောင် ခုတ်သတ်ပြီး အရက်နဲ့ မြည်းပစ်လိုက်မယ်၊ အားလုံးကြားရဲ့လား"

"ကြား ကြားပါတယ် ခေါင်းဆောင်ကြီးခင်ဗျား"

"ကိုင်း ပြောနေကြာတယ်၊ ဟိုကောင်ကြီး တော်ကြာထွက်ပြေးသွားဦးမယ်၊ ငါတို့ပိုင်တဲ့ ရတနာတွေကို ပြန်ယူရအောင် အားလုံး အရိုးခေါင်းတောင်ကို သွားကြမယ်ဟေ့"

ဤသို့ဖြင့် ခေါင်းဆောင်ဖြစ်သော ဦးမိုက်ကြီးနှင့်အတူ စုစုပေါင်း အယောက် ငါးဆယ်လောက်ရှိမည့် ရွာသားတို့သည် ရတနာများ ပြန်လည် လုယက်ယူရန် အရိုးခေါင်းတောင်ဆီသို့ ရွှေ့ရွှေ့၍ ထွက်လာခဲ့ကြပါတော့သည်။

○

ဦးမိုက်ကြီးနှင့်အဖွဲ့ဝင်အားလုံး မကြာမီ အရိုးခေါင်းတောင်ပေါ်သို့ ရောက်လာခဲ့ကြသည်။ အရိုးခေါင်းတောင်ကား သိပ်မမြင့်လှပေ။ ပေတစ်ထောင်ကျော်လောက်သာ မြင့်သည့် တောင်ကုန်းသာ ဖြစ်သည်။

တောင်ကုန်းပေါ်တွင်လည်း ဂူကြီးစာစ်လုံးရှိ၍ ဂူ၏ ရှေ့မျက်နှာစာကွက်လပ်က အတန်ပင်ကျယ်ဝန်းလှသည်။

သူတို့လူစု တောင်ပေါ်သို့ ရောက်လာသည်နှင့် ဂူရှေ့တွင် လမ်းလျှောက်နေသည့် ပိတ်ဖြူစင်ကြယ်ဝတ်ဆင်ထားသည့် အဘိုးကြီးတစ်ဦးကို မြင်လိုက်ရသည်။ လက်ထဲတွင်လည်း တောင်ဝှေးတစ်လက်ကို ကိုင်ထားသည်။

ဤတောင်ဝှေးကား ဆိုးပေပြောသည့် ဝါးနက်တုတ်ပဲ ဖြစ်သည်။

အဘိုးကြီးကား သူ့ဆီသို့ လာနေကြသည့် လူစုကို မြင်သော်လည်း မမြင်ဟန်ပြုကာ လမ်းလျှောက်နေဆဲပင် ဖြစ်သည်။

ဦးမိုက်ကြီးလည်း အဘိုးအို ရှေ့ရောက်သည်နှင့် တင်းမာခက်ထန်သည့် လေသံဖြင့် ဟိန်းဟောက်ပြောဆိုလိုက်တော့လည်း။

"ဒီမယ် အဘိုးကြီး၊ ခင်ဗျား ဘယ်သူလဲဆိုတာ ကျွပ်မသိချင်ဘူး၊ ကျွပ်လိုချင်တာက ခင်ဗျားရထားတဲ့ ရတနာတွေပဲ၊ ဒီတော့ ရတနာတွေကို အခု ထုတ်ပေးစမ်း၊ မပေးလို့ကတော့ အသက်နဲ့ကိုယ် အိုးစားကွဲသွားမယ်၊ ကျွပ်နာမည်. . ."

သူ၏ စကားမဆုံးမီမှာပင် အဘိုးအို က လက်ကာပြလိုက်ပြီး နှုတ်မှလည်း အသံဩဇာပါသည်နှင့် အမျှ တည်ငြိမ်လေးနက်လှသည့် စကားတို့သည် တစ်လုံးချင်း လေးလေးမှန်မှန် ထွက်ပေါ်လာပါတော့သည်။

"အိမ်း- စရိုက်ဆိုးရွာဆိုတဲ့ရွာအမည်နဲ့လိုက်အောင် မိုက်တွင်းနက်ကြတဲ့ အန္တပုထုဇဉ်အကန်းတွေပါပဲလား၊ မောင်မိုက်ကြီးနဲ့တကွ သင်တို့ ရွာသား အားလုံးဟာ အပါယ်ရွာပြိတ္တာဘုံကနေ ကံကောင်းထောက်မလို့ လူဖြစ်လာကြရတယ်။

လူဘဝ ရလာမြန်တော့လည်း လောဘ၊ ဒေါသ၊ မောဟတွေနဲ့ပဲ အချိန်ကုန်ပြီးတော့ အပါယ်ရွာကို ပြန်သွားဖို့အတွက် ရိက္ခာ စုနေကြပြန်ပြီးကိုး၊ သနားစရာ ကောင်းလှပါကွယ်ရို့"

"အဘိုးကြီး ခင်ဗျား ဘာတွေ ပြောနေတာလဲ၊ ရတနာတွေ ထုတ်ပေးမလား၊ မပေးဘူးဆိုတာပဲ ပြောစမ်းဗျာ"

ဦးမိုက်ကြီး၏ စကားကြောင့် အဘိုးအို၏ တည်ကြည်အေးချမ်းလှသည့် မျက်လုံးအစုံတွင် ကရုဏာရောင်စဉ် ဖြတ်သန်းသွားပြီး အားလုံးကို စူးစိုက်ကြည့်ကာ အောက်ပါအတိုင်း မိန့်ဟလိုက်လေတော့သည်။

"ရတနာဆိုတာ မထိုက်ရင် ခိုက်တတ်တယ်၊ ဒီရတနာတွေဟာ သာသနာပြုမယ့် ပုဂ္ဂိုလ်တွေအတွက် ရည်စူးထားတဲ့ ပစ္စည်းတွေပဲ ဖြစ်တယ်။

သင်တို့နဲ့ မထိုက်တန်တာကို မတရား လိုချင်ကြရင် မကောင်းတဲ့ အကျိုးတရားတွေ၊ ကြီးမားလှတဲ့ ဆင်းရဲဒုက္ခတွေကို သင်တို့ နှစ်ပေါင်းများစွာ ခံစားကြရလိမ့်မယ်၊ ပြန်ပြင်ဖို့

www.burmeseclassic.com

www.burmeseclassic.com

ခေါင်းဆောင် ဦးမိုက်ကြီး၏ အရပ်တာ ထန်းပင်တမျှ မြင့်တက် လာရလာကဲ့သို့ မျက်လုံးများကလည်း ဆင်းကွင်းလောက် ကြီးလာသည်။

အခြိန်မီပါသေးတယ်၊ စိတ်လျှော့ပြီး သင်တို့ ရွာကိုသာ ပြန်သွားကြပါလို့ မေတ္တာရပ်ခံပါတယ်"

အဘိုးအို၏ စကားဆုံးသည်နှင့် ဦးမိုက်ကြီးနှင့် အဖွဲ့သားအားလုံး၏မျက်နှာထားများက ကြောက်စရာကောင်းလောက်အောင် တင်းမာခက်ထန်လာကြတော့သည်။

ဦးမိုက်ကြီးကား ဝိုလ်တကာ့ဝိုလ် ဖြစ်သည်နှင့်အညီ တောက်တစ်ချက်ကို ပြင်းထန်စွာ ခေါက်လိုက်ပြီး စားကြိမ်း ကြိမ်းလေတော့သည်။

"တောက်- ဘာလဲ၊ ခင်ဗျားကြီးက ရတနာတွေကို တစ်ဒယောက်တည်း မောင်ပိုင်စီးချင်တယ်ပေါ့လေ ဟုတ်စ၊ ခင်ဗျားကြီး သေချင်ပြီထင်တယ်၊ အဘိုးကြီး ရတနာတွေကို ခုံချက်ချင်း ထုတ်ပေးစမ်း"

"အိမ်း- ဒီလောက်ပြောဆို သတိမေးနေတဲ့ကြားထဲက မိုက်ဂုတ် ပြချင်သေးသကိုး၊ မထေတ်နိုင်ပေဘူး၊ ကိုယ့်ကြမ္မာကိုယ် ဖန်တီးနေမှတော့ ခရီးဆုံးအောင်သာ လျှောက်ကြပေတော့ကွယ်ရို့၊ ကိုင်း - သင်တို့ လိုချင်တဲ့ရတနာတွေ ဂူထဲမှာရှိတယ်၊ ယူနိုင်ရင် ယူသွားကြပေတော့ကွယ်"

အဘိုးအို၏ စကားဆုံးသည်နှင့် တစ်ပြိုင်တည်း ဦးမိုက်ကြီးနှင့် စရိုက်ဆိုးရွာသားအားလုံး ဂူထဲသို့ ပြေးလွှားဝင်ရောက်ရန် ခြေလှမ်းပြင်လိုက်ကြသည်။

သို့သော် ခေတ္တခဏ အချိန်လေးထဲမှာပင် အခြေအနေ အားလုံးသည် မယုံနိုင်စရာကောင်းလောက်အောင် ဆန်းကြယ်စွာ ပြောင်းလဲသွားခဲ့လေပြီ။

အကြောင်းကား သူတို့အားလုံး၏ ခြေထောက်များသည် တောင်ထိပ်မြေပြင်မေါ်မှ လုံးဝ ခွာ၍မရတော့ခြင်းပဲ ဖြစ်သည်။ အိမ်တိုင်အောက်ခြေမှာခံသည့် အုတ်ဖိနပ်များ မြေကြီးတွင် စွဲနေသကဲ့သို့ လည်းကောင်း၊ ခြေထောက်များကို မူလိစုပ်ထားသကဲ့သို့လည်းကောင်း မြေကြီးနှင့် ခြေထောက်များ တစ်သားတည်း ကပ်ကာ ခွာမရတော့ချေ။

သည့်ထက်ပို၍ထူးဆန်း သည်ကား အယောက်ငါးဆယ်လောက်ရှိသည့် လူအားလုံး၏မျက်နှာသွင်ပြင်၊ အသားအရေ၊ ပုံသဏ္ဌာန်၊ အနိမ့်အမြင့်၊ **အရွယ်အတို့ စသည့် အရာအားလုံးပါ အပြောင်းလဲကြီး ပြောင်းလဲသွားကြခြင်းပင် ဖြစ်သည်။**

ခေါင်းဆောင် ဦးမိုက်ကြီး၏ အရပ်က ထန်းပင်တမျှ မြင့်တက်လာသကဲ့သို့ မျက်လုံးများကလည်း လင်းကွင်းလောက် ကြီးလာသည်။ လက်များကမူ နံကောင်၏ လက်များကဲ့သို့ သေးသိမ်လာကာ ချွန်ထက်သော လက်သည်းများကလည်း တစ်ထွာခန့် ရှည်ထွက်နေကြ၏။ ထို့လက်သည်းရှည်ကြီးများဖြင့် ခန္ဓာကိုယ်မှ အသားများကို ကုတ်ဖဲ့ပြီး စားသောက်နေပြန်သည်။ ဤကဲ့သို့ ကုတ်ဖဲ့သည့်အခါ၌လည်း ပါးစပ်မှ အဆက်မပြတ် ညည်းညူ အော်ဟစ်နေသေးသည်။

ခေါင်းဆောင်ဖြစ်သူ ဦးမိုက်ကြီးတစ်ယောက် ဘဝဆိုး အဖြစ်ဆိုးကို ခံစားနေရသကဲ့သို့ ကျန်ငယီသားများလည်း မသက်သာလှချေ။ တချို့ကား လူစင်စစ်က မျောက်ဖြစ်သွားကြသကဲ့သို့ တချို့ကား လူစဉ်မမီသည့် ငလက်မ(သို့) မှင်စာဘဝသို့ ပြောင်းလဲရောက်ရှိသွားခဲ့ကြ၏။

သူညအထဲတွင် ၈ခွေးဖြစ်သွားသည့် သူတွေလည်း ပါသေးသည်။ သူတို့ အားလုံးတွင် တူညီသည်ကား နှစ်ချက်ပဲ ရှိသည်။ ပြောင်းလဲသွားသည့် ဖြစ်စဉ်ဟာ ဘုရားသာ မထူသော်လည်း မြေကြီးနှင့် ခြေထောက်များ ခွာမရအောင် ကပ်ငြိနေခြင်းနှင့် အော်ဟစ် ညည်းညူနေရခြင်းကမူ အတူတူပဲ ဖြစ်သည်။

ဤကဲ့သို့ တစ်ခဏအတွင်း မယုံနိုင်လောက်အောင် ဆန်းကြယ်စွာ ပြောင်းလဲသွားခဲ့ပြီးသည့်အချိန်မှာပင် အဘိုးအို၏ အသံကို သူတို့အားလုံး ကြားလိုက်ကြရပြန်သည်။

"အိမ်း အတန်တန် သတိပေးပါလျက်နဲ့ မိုက်တွင်းနက်လို့ သင်တို့ ယခုလို ဘဝဆိုးကို ရောက်ခဲ့ကြရပြီ၊ သင်တို့ရဲ့ မကောင်းတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးရဲ့ အကျိုးပေးကို ဝန်ထင်းခံစားကြရတာပါပဲကွယ်ရို့၊ ကျွန်ုပ်လိုသည်း ယခုမှတော့ မုဏ်နိုင်ပေဘူး၊ သင်တို့ရဲ့ အကုသိုလ်ကံ မကုန်မချင်း ဒီအရိုးခေါင်းတောင်ပေါ်မှာပဲခံစားကြရပေဦးမယ်၊

www.burmeseclassic.com

www.burmeseclassic.com

ခြောင်းလဲသွား သည့် ဖြစ်စဉ် ပုံသဏ္ဌာန်သာ မတူသော်လည်း မြေကြီးနှင့် ရေထောက် များ စွာမရအောင် ကပ်နေခြင်းနှင့် အော်ဟစ် ညည်းညူနေရခြင်းကမူ အတူတူပဲ ဖြစ်သည်။

ဒါပေမဲ့ နောင်တစ်ချိန်မှာတော့ သင်တို့ကို ကယ်တင်ပေးမယ့်ပုဂ္ဂိုလ် ပေါ်လာပါလိမ့်မယ်။

အဲဒီ ပုဂ္ဂိုလ်ဟာ အကျွန်ုပ်နဲ့ ပဋ္ဌာန်းဆက်ရှိခဲ့ပြီး သူ့ရဲ့ အမည်ကတော့ ဂန္ဓာရီပညာရှင် ဦးကံကောင်းလို့ ခေါ်တယ်၊ သင်တို့ ဒီဘဝဆိုးကလွတ်အောင် ဒီပုဂ္ဂိုလ်ကြီးက ကူညီပေးပါလိမ့်မယ်"

ဤသို့ မှာကြား ပြောဆိုပြီး သည်နှင့် ဝိတ်ဖြူစင်ကြယ်နှင့် အဘိုးအိုသည် ဂူထဲမှ ရတနာပစ္စည်းတို့ကို ယူဆောင်ကာ အရိုးခေါင်းတောင်မှ တရွေ့ရွေ့ ဆင်းသက်ထွက်ခွာသွားပါ လေတော့သည်။

❂

ကျွန်ုပ်သည် မိတ်ဆွေ ဦးစူးစမ်း ပြောဆိုရှင်းလင်းပြီးသည်နှင့် ဝိတ်ဖြူစင်ကြယ်နှင့် အဘိုးအိုသည် ကျွန်ုပ်၏ ကျေးဇူးရှင်ဆရာသခင်ဖြစ်တော်မူသော အဘပထမံဆရာကြီး ဖြစ်မှန်းသိလိုက်၏။ သို့သော် ကျွန်ုပ် မရှင်းသည့်အချက်ကား ရှိသေး၏။ ထို့ကြောင့် မိတ်ဆွေကြီးကို ထပ်ပြီး မေးလိုက်သည်။

"အင်း- ဒီဆန်းကြယ်တဲ့ ဖြစ်ရပ်ဟာ ဒီက မိတ်ဆွေနှစ်ယောက်နဲ့ ဘယ်လိုပတ်သက်နေလို့လဲဗျ"

"ဩော်- ဒါက ဒီလိုစ့ဲ ကိုကံကောင်း၊ ဒီက မိတ်ဆွေနှစ်ယောက်ဟာလဲ အဲ့ဒီနယ်ဘက်ကပဲဗျ၊ သူတို့ရွာနဲ့ အရိုးခေါင်းတောင်ဟာ အခုခေတ် အင်္ဂလိပ်အတိုင်းအတာနဲ့ မိုင်လေးဆယ်လောက်ဝေးတယ်၊ သူတို့လည်း အရိုးခေါင်းတောင်မှာ ရတနာသိုက် ရှိတယ်ဆိုတဲ့ အကြောင်းကို ငယ်စဉ်ကတည်းက ကြားဖူးခဲ့ကြတယ်။

ဒါကြောင့် နှစ်ယောက်သား တိုင်ပင်ပြီး ရတနာသိုက်ရှာရအောင် သွားခဲ့ကြရင်းက ထူးခြားတဲ့အဖြစ်တွေကို မြင်တွေ့ခဲ့ကြရတယ်၊ အဲဒီမှာတင် နှစ်ပေါင်းများစွာ ခံစားနေကြရတဲ့ ဒုက္ခိတသတ္တဝါတွေနဲ့ တွေ့ပြီး ခင်ဗျားနာမည်ကို ပြောပြခဲ့ကြတယ်။

တွေ့အောင်ရှာပြီး သူတို့ကို ကယ်တင်ဖို့ အကြောင်းပြောပြပေးပါလို့ အကူအညီ တောင်းခံခဲ့ကြလို့ ခင်ဗျားဆီ အခုလိုရောက်လာခဲ့ကြတာပါပဲဗျာ"

မိတ်ဆွေ၏ စကားအဆုံးတွင်ကား ကျွန်ုပ် စဉ်းစားရမည့်အလှည့်သို့ ရောက်ခဲ့လေပြီ။ ကျွန်ုပ်သည် ထိုဒုက္ခသည်တို့အား အဘယ်သို့လျှင် ကူညီရပါအံ့ဟု တွေးတောစဉ်းစားနေမိသည်။

ကျွန်ုပ်လည်း သူတို့ကို ဘာစကားမျှ ထပ်မမေးတော့ဘဲ-မျက်လွှာချကာ အာရုံပြုကြည့်လိုက်၏။

မကြာမီ အာရုံထဲတွင် မည်သို့ ကူညီရမည်ကို မြင်ရ ကြားရလေ၏။ ထို့ကြောင့်လည်း ကျွန်ုပ်လည်း ကူညီမည်ဟု လေးလေးနက်နက်ပင် ကတိပြုလိုက်သည်။

ဤသို့ဖြင့် ကျွန်ုပ်တို့လေးဦးသား ခရီးထွက်မည့်နေ့ရက်ကို ရွေးချယ်သတ်မှတ်ထားလိုက်ကြ၏။

ဤသို့ဖြင့် ဒုက္ခိတသတ္တဝါများကို ကူညီကယ်ဆယ်ရေး တာဝန်ကို ယူထားကြသည့် ကျွန်ုပ်တို့လေးဦးသား အရိုးခေါင်းတောင်သို့ သတ်မှတ်ထားသည့်ရက်တွင် ရှေးရှုကာ ခရီးထွက်လာခဲ့ကြသည်။

အရိုးခေါင်းတောင်သို့ ရောက်ခဲ့ဖူးသည့် ကိုတက်ပွားနှင့် ကိုဖူးညို တို့နှစ်ဦး ပါလာသည့်အတွက် လမ်းခရီးတွင် နှောင့်နှေးကြန့်ကြာမှုကား လုံးဝမရှိခဲ့ပါချေ။

သို့သော်လည်း အရိုးခေါင်းတောင် ခရီးစဉ်သည် ကျွန်ုပ်သွားခဲ့သမျှ ဂန္ဓာရီခရီးစဉ်တို့တွင် အရှည်ကြာဆုံး ခရီးပဲ ဖြစ်၏။

အကြောင်းကား ကျွန်ုပ်တို့အဖွဲ့သည် တစ်မြို့ဝင်၊ တစ်မြို့ထွက်၊ တစ်ရွာဝင်၊ တစ်ရွာထွက်နှင့် ခရီးဆက်ခဲ့ရသလို ကုန်းတစ်တန် ရေတစ်တန်လည်း ကျော်ဖြတ်ခဲ့ရသေးသည်။ ဤကဲ့သို့ တစ်တောဝင် တစ်တောထွက်၊ တစ်ကုန်းတက် တစ်စောင်းကျော်လျက် ခရီးဆက်ခဲ့ကြရာ တစ်လကျော်မှသာလျှင် အရိုးခေါင်းတောင်နယ်တွင်းသို့ ချင်းနင်း ဝင်ရောက်မိခဲ့ကြတော့သည်။

သည်နေရာတွင် ပြောစရာ တစ်ချက်ကား ကျန်ရှိသေးသည်။

အရိုးခေါင်းတောင်သို့ မလာမီ ကျွန်ုပ်သည် ထိုနယ်သားများဖြစ်

www.burmeseclassic.com

သည့် ကိုဖူးညို၊ ကိုတက်ပွားတို့ကို အကူအညီတောင်းကာ ပန်းပုဆရာ၊ ပန်းရန်ဆရာနှင့်တကွ အုတ်ဖုတ်သမားများကို ငှားရမ်း ခေါ်ဆောင်လာခဲ့သည့် အကြောင်းပင်ဖြစ်သည်။

ထို့ကြောင့် အရိုးခေါင်းတောင်သို့ ရောက်သည့် ကျွန်ုပ်တို့အဖွဲ့တွင် စုစုပေါင်း အယောက်နှစ်ဆယ်ခန့်ရှိသည်။

ကျွန်ုပ်ကိုယ်တိုင်မှာမူ အရိုးခေါင်းတောင် နယ်နိမိတ်ထဲသို့ ဝင်လာသည့်အချိန်မှစ၍ အဓိဌာန်ဝင်ကာ စီစဉ်သင့်သည်တို့ကို ကြိုတင်စီစဉ်ထားရ၏။

တိုင်တည် သင့်သည်တို့ကိုတိုင်တည်ရသလို ပန်ကြားသင့်သည်တို့ကိုလည်း ပန်ကြားထားရလေ၏။ ဤသို့ မလုပ်၍လည်း မဖြစ်ချေ။

အကြောင်းကား ကျွန်ုပ်တို့ လေးဦးနှင့် လိုက်ပါလာသည့်သူများသည် အတွေ့အကြုံ နုနယ်ကြသေးသည့် သာမန်လူပြိန်းများသာ ဖြစ်ကြ၏။ သမာဓိလည်း မရင့်ကျက်ကြသေးချေ။

ကြောက်မက်ဖွယ်ရာ ထိတ်လန့်ဖွယ်ရာ ရုပ်ရေအမျိုးမျိုးနှင့် အရိုးခေါင်းတောင်ပေါ်တွင် နှစ်ပေါင်းများစွာ အကုသိုလ်အကြွေးကို ပေးဆပ်နေခဲ့ကြရသော ဒုက္ခိတသတ္တဝါများကို မြင်တွေ့ကြရလျှင် ကြောက်လန့်ကြမည်တား သေချာလှ၏။

ထို့ကြောင့် လိုက်ပါလာခဲ့ကြသည့် အဖွဲ့သားများအား ထိုဒုက္ခိတသတ္တဝါတို့ကို မမြင်ရစေရန် ဆရာသခင်များကို ပန်ကြား၍ ဖုံးကွယ်ထားခဲ့ရ၏။

ကျွန်ုပ်တို့ လေးဦးသာလျှင် အထက်က မိတ်ဆွေဦးစီးစိမ်း ရှင်းပြခဲ့သည့်အတိုင်း ပုံသဏ္ဌာန်မျိုးစုံနှင့် ဒုက္ခကြီးစွာ ခံစားနေကြရသည့် သတ္တဝါများကို မြင်ခဲ့ကြရသည်။

ကျွန်ုပ်တို့ လေးဦးသားလည်း ရောက်သည်နှင့် မဆိုင်းတော့ဘဲ အုတ်သမားများကို အုတ်ဖုတ်စေခဲ့သည်။

ကျွန်ုပ်ကား ဘုရားတည်ရမည့်နေရာကို စိစစ်ရွေးချယ်ပြီး သတ်မှတ်ထားပြီးလေပြီ။ ကျန်ရဲသုံးဖော်ကမူ အလုပ်သမားတို့၏ စားဝတ်နေရေးနှင့် ကြီးကြပ်ရေးကိစ္စများကို တာဝန်ယူကြလေ၏။

ဤသို့ဖြင့် တစ်လတာမျှ ကြာမြင့်သည့် အချိန်ကာလတွင် ဉာဏ်တော်(၂၇)တောင်မြင့်သည့် တိလောကသယမ္ဘူဟု ဘွဲ့မည်တော်ဖြင့် မြေစိုက် စေတီတော်ကို အရိုးခေါင်းတောင်ပေါ်တွင် သမွာမယ်စွာဖူးမြော်ကြည်ညိုခွင့် ရခဲ့ကြလေပြီ။

ဒုဒ္ဓါဘိသေက အနေကဇာတင်သည့် မင်္ဂလာနေ့မြတ် အချိန်တွင်ကား ကျွန်ုပ်၏ဆရာသခင်ကျေးဇူးရှင်များ ဖြစ်ကြသော ဆရာတော်ကြီးများ ကိုယ်တိုင် ကြွတော်မူပြီး ဆီးမြှောက်ခဲ့ကြ၏။

ဤကဲ့သို့ ဒုဒ္ဓါဘိသေက အနေကဇာတင်ပြီးသည့်ခဏမှာပင် ဒုက္ခိတ သတ္တဝါများအားလုံး လူ့အသွင်သို့ ပြန်လည်ရောက်ရှိလာခဲ့ကြလေပြီ။

ကျွန်ုပ်တို့မှာသာ သီပြီးသားဖြစ်၍ မထူးလှသော်လည်း ကျန်အဖွဲ့သားများမှာ မည်သို့ရောက်လာမှန်းမသိသည့် လူငါးဆယ်လောက်တို့ကြည့်ကာ အံ့သြနေကြလေ၏။

ကျွန်ုပ်လည်း **မသိသေးသည့်** အဖွဲ့သား အားလုံးကို **ဖြစ်ကြောင်း** ကုန်စင် အသေးစိတ်ရှင်းပြလိုက်ပြီး ကံသုံးပါးကို ဖြူစင်အောင်စောင့်ထိန်းကြရန်လည်း သတိပေးနှိုးဆော်လိုက်ရသည်။

ထူးဆန်းသည့် ဖြစ်ရပ်ကို ကြားသိကြရသည့်သူများသည်လည်း တအံ့တသြနှင့် နားထောင်နေခဲ့ကြပြီး သံဝေဂဉာဏ်ဖြင့် ဆင်ခြင်ကာ သင်ခန်းစာ ယူမိကြသည်။

ဘဝဆိုးမှ လွတ်မြောက်လာသူများသည်လည်း မကောင်းမှုကို အပြီးအပိုင် စွန့်လွှတ်၍ အများကောင်းကျိုးကို စွမ်းသမျှ ဆောင်ရွက်ပါမည့် အကြောင်း သစ္စာရေသောက်ကာ ကတိသစ္စာပြုခဲ့ကြ၏။

သူတို့အားလုံးလည်း ကျွန်ုပ်တို့နှင့်အတူ လူ့အသိုင်းအဝိုင်းထဲသို့ လိုက်ပါလိုသည့်အကြောင်း မေတ္တာရပ်ခံလာသည့်အတွက် အားလုံးနှင့်တိုင်ပင်ကာ ခေါ်လာဖို့ ဆုံးဖြတ်ခဲ့ကြသည်။

ကျွန်ုပ်၏ အရိုးခေါင်းတောင်ခရီးစဉ်ကား အောင်မြင်စွာ ပြီးဆုံးခဲ့လေပြီ။

အပြန်ခရီးသည်တား မင်္ဂလာအပေါင်းနှင့် ခရောင်းနေလေတော့သတည်း။

မဟာဗဲသု

www.burmeseclassic.com

www.burmeseclassic.com

နှင်းသီရိကျော်သရေ

ဘုန်းဘုန်းကြီး

လေအသုတ်မှာ တဖြတ်ဖြတ် ကြွေကျလာတဲ့ ခရေပန်းပွင့်လေးတွေကို အလုအယက် ကောက်ယူသူများထဲမှာ နှင်းဆီ တစ်ယောက်လည်း ပါဝင်နေသည်။

လူအတော်များများ အိပ်လို့ ကောင်းတုန်းအချိန်မှာ နှင်းဆီတို့က တော့ အပူပင်ကင်းစွာ အိပ်မနေနိုင်တဲ့ ဘဝမို့ ခပ်စောစောထကာ ခရေပင်ကြီးဆီသို့ အပြေးအလွှားရောက်လာတတ်ကြသည်။

ကြွေကျလာတဲ့ ခရေပန်းပွင့်လေးများကို စကာကုံးလေးထဲသို့ ကောက်ထည့်ကြပြီး ပန်းအကြွေနည်းသွားပြီဆိုရင်တော့ ခရေပင်အောက်မှာပဲ အသင့်ယူလာတဲ့ နှီးကြိုးလေးတွေဖြင့် ခရေပွင့်လေးများကို သီကုံးလိုက်ကြသည်။ မွှေးမြမြ ခရေပန်းကုံးလေးတွေက လှလှပပလေးဖြစ်နေတာမို့ ဆံကေသာထက် ခွေကာ ပန်ဆင်ထားလိုက်ချင်သော်လည်း ခရေလေးတစ်ကုံး လျော့သွားတာနှင့် ရောင်းရမည့်ငွေ လျော့သွားနိုင်တာမို့ ခရေကို နှင်းဆီ မပန်ဆင်ဖြစ်တော့ပါ။

"နှင်းဆီရေ၊ ဒီနေ့ ခရေ ဘယ်နှကုံး ရလဲဟေ့"

အပြီးသတ် ခရေပန်းကုံးလေး သီနေရင်းမှ မာမာ လှမ်းမေးလိုက်ခြင်းပါ။

"ဆယ့်ငါးကုံးပဲရတယ် မာမာ၊ မာမာရော ဘယ်နှကုံးရလဲဟင်"

"ငါက ဆယ့်လေးကုံးပဲ ရတယ် နှင်းဆီရေ၊ အဲလောက်လေး ရရင်ပဲ မဆိုးပါဘူး၊ ခရေတွေ မပွင့်တဲ့ အချိန်၊ အကြွေနည်းတဲ့ အချိန်တွေမှာ ငါတို့တွေ ရမှမရကြတာ"

"အင်းလေ ဟုတ်တာပဲ၊ ငါတို့ ဇတ္တ အခု မိုးသိပ်မလင်းသေးဘူးဆိုတော့ ဦးဇင်္ဂမိုး သရက်ပင်ကြီးဆီသွားကြရအောင်လား၊ နီနီချို့နဲ့ မိုးမိုးအောင်ရော လိုက်မလားဟေ့"

လက်ဆွဲ အယ်လ်အီးဒီမီးအိမ်လေးတို့အလင်းရောင် အောက်တွင် ခရေပန်းသီနေကြသော နီနီချို့နှင့် မိုးမိုးအောင် တို့ကို လှမ်းမေးလိုက်ခြင်းပါ။

"ငါတို့နှစ်ယောက် ပန်းသီလို့ မပြီးသေးဘူး နှင်းဆီ၊ လိုက်တော့ လိုက်ချင်တယ်ဟ၊ ငါတို့လည်း ဗိုက်ဆာနေပြီ"

နီနီချို့ ပြောလိုက်ခြင်းပါ။

"လိုက်မယ်ဆိုရင် ငါတို့စောင့် ပေးမှာပေါ့ဟ၊ မြန်မြန်ပြီးအောင် ခရေတွေ ဝိုင်းသီပေးပါဟယ်၊ မာမာရေ လာ လာ"

နှင်းဆီတို့တွေမှာ အရွယ်တွေ ငယ်ကြသော်လည်း ဘဝတူချင်းများမို့ တစ်ဦးနှင့် တစ်ဦး စာနာစိတ်လေးတွေ ထားတတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

တက်ညီလက်ညီဖြင့် သွက်လက်စွာ ဝိုင်းသီကုံးလိုက်ကြသည်မို့ ခဏလေးအတွင်းမှာပဲ ခရေပန်းကုံးလေးများ သီကုံးပြီးသွားကြပြီ။

ခရေပန်းကုံးလေးများ စီရရီခွေထည့်ထံးသော ဗန်းလေးများ ပေါ်သို့ အဝတ်ဖြူအဝိုင်းစလေးများ ကိုယ်စီ အုပ်လိုက်ကြပြီး နောက် ဦးရွှေမိုး သရက်ပင်ကြီးဆီသို့ ထွက်ခဲ့ကြတော့သည်။

✿

ဦးရွှေမိုး သရက်ပင်ဆီသို့ ရောက်သောအခါတွင်မှာတော့ နှင်းဆီတို့ သူချင်းမတစ်သိုက်၏ မျက်နှာလေးများ ဝင်းပသွားကြရသည်။

"ဟား ပွတာပဲဟေ့၊ ဒီမနက်တော့ ဗိုက်အကားပဲ၊ ကျောင်းတောင် ထည့်သွားလို့ရတယ်၊ မဲ့နှင်းဆီ ငါးကိုးအိတ်လေးတွေ ငါတို့ကိုပါ နည်းနည်းပေးနော်၊ သတ်သတ်စီ ထည့်သွားချင်လို့"

"ဟွန်း သူတို့ကျတော့ တစ်ခါမှ အိတ်မဝယ်ဘူး၊ ငါ့ဆီကပဲ မားပြတိုက်နေစာပဲ"

သနပ်ခါးပါးကွက်ကျားလေးဖြင့် ချစ်စရာကောင်းနေသောနှင်းဆီက စိတ်ဆိုးခြင်း မပါသော ငြူစူစူမျက်နှာပေးလေးဖြင့်ပြောရင်း စလွယ်သိုင်းထားသော လွယ်အိတ်ဟောင်းလေးထဲမှ ပလတ်စတစ်အိတ်အသေးလေးများကို ထုတ်ပြီး မာမာတို့ သုံးယောက်ကို ဝေပေးလိုက်သည်။

လယ်ပြည့်ဝန်းမင်္ဂဇင်း (စက်တင်ဘာလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

နှင်းဆီကိုယ်တိုင်လည်း အိတ်လေး သုံးလုံး လက်ကကိုင်ပြီး သရက်ပင်ကြီး၏ မြေကြီးမို့မို့များပေါ်တွင် စက္ကူဖြူများခဲကာ စွန့်ထားသော ဆွမ်းတော်စွန့်အစာများဆီသို့ ပျော်ရွှင်စွာ ရောက်ရှိသွားသည်။

ဆွမ်းတော်စွန့် အပုံများကငါးပုံတိတိရှိနေတာမို့ သူတို့လေးတွေ ပျော်ရွှင်နေကြခြင်းပါ။ တစ်ယောက်ကို ဝေစု တစ်ပုံစီ ရကြမည့်အပြင် ကျန်အစုကိုလည်း ခွဲဝေလို့ရဦးမည်လေ။

"ဟား- သွစ်သီးကိုးမျိုး ကွပ်ထားတာဆိုတော့ အစုံပဲ စားရချေသေး ဟီးဟီး"

နိနီချို့က ဝမ်းသာအားရအသံဖြင့် ပြောလည်းပြော အိတ်လေးတွေထဲလည်းထည့်၊ ပါးစပ်ထဲလည်း ကောက်ထည့်ဖြင့် ပျော်ရွှင်နေသည်။

"စပျစ်သီးကြီးတွေက နိုင်ငံခြား စပျစ်သီးကြီးတွေ၊ သိပ်စျေးကြီးတာဟာ၊ ငါတို့ ဘာသာဆို ဒီလိုအသီးမျိုး မစြောနဲ့၊ ပိစိကွေးသီးတောင် ဝယ်မစားနိုင်ဘူး"

"ဟုတ်ပ"

နိနီချို အဆိုကို မို့မိုးအောင်ကလည်း ထောက်ခံသည်။

နှင်းဆီကတော့ စပျစ်သီး၊ ပန်းသီးစိပ်၊ လိမ္မော်သီးလေးတွေကို အိတ်ပါးလေးဖြင့် တစ်အိတ်စီထည့်လိုက်သည်။လွယ်အိတ်ထဲကပလတ်စတစ်အိတ်လေးအချို့ကို ဆွဲထုတ်ပြီး ဆွမ်းစွန့်ထဲမှ ဆီးချိသီး၊ ကျဲကောသီးစိတ်၊ နာနတ်သီးစိတ်၊ ပန်းသစ်တော်စိတ်လေးများကိုလည်း ဆုံသလောက် စုထည့်လိုက်သည်။

ဖရဲသီးနှင့် ရွှေငှက်ပျောသီး စိတ်တို့တွင်တော့ ထမင်းများကပ်နေတာမို့ အပေါ်ယံထမင်းနှင့် ထိုအသီးနှစ်မျိုးရွေးကာ တစ်ထိုင်တည်း စားလိုက်သည်။

နှင်းဆီ၏ ကျန်သူငယ်ချင်းမသုံးယောက်သည်လည်း နှင်းဆီကဲ့သို့ပင် ထည့်တန်တာထည့်၊ စားတန်တာစားဖြင့် ပျော်ရွှင်နေကြသည်။

အပေါ်ယံသာ သစ်သီးများနှင့် ကပ်နေသည့် ထမင်းတွေကိုပဲ စားပစ်လိုက်ကြတာမို့ ထမင်းဖြူဘဲကောင်းလေးများတာ ကျန်နေသေးသည်။

ကျန် ထမင်းဖြူလေးများကိုလည်း ဒီတိုင်း မထားနိုင်ခဲ့နိုင်။ အိတ်နှလုံးထဲသို့ ထည့်လိုက်ကြသည်။ စားပြီးတော့ ဆွမ်းစွန့်ပုံအနီးတွင်း အဖုံးလေးများ ဖွင့်ဟထားသော ရေသန့်ဘူး ငါးဘူးကလည်း အသင့်ရှိနေတာမို့ လက်ဆေး ရေသောက်ဖြင့် စားသောက်ခြင်းကိစ္စ ပြီးသွားကြသည်။

"နှင်းဆီရေ၊ ဒီတစ်ပုံကို တို့တွေ ဘာလုပ်ကြမလဲ"

"ဟား နိချိုကလည်း မေးစရာလိုသေးလားဟဲ့၊ ငါတို့ ပန်းရောင်းတဲ့နားမှာ လာတောင်းစားနေတဲ့ ဘွားဘွားကြီးအတွက် ယူသွားမှာပေါ့ဟဲ့၊ နင်တို့ သဘောတူလား"

နှင်းဆီက သဘောထားခံယူချက်တောင်းလိုက်သည်နှင့် အားလုံးက ပြိုင်တူပင် ခေါင်းညိတ်လိုက်ကြသည်။ အိတ်လေးများထဲသို့ သေသပ်စွာထည့်ပြီးနောက် အထုပ်ကိုယ်စီရောဘူးကိုယ်စီကို လွယ်အိတ်လေးများထဲထည့်ကာ အိတ်ကိုပိုက်၊ ခရေပန်းတုံး စကားလေးတွေကို ခေါင်းပေါ်တင်ကာ ကျန်လက်တစ်ဖက်ဖြင့် ထိန်းကိုင်ကြရင်း စျေးတန်းလေးရှိရာသို့ အားပြည့်စွာ ထွက်ခဲ့ကြတော့သည်။

✿

သူ့အပေါ်ကို စေတနာရှိလွန်းကြသော နှင်းဆီဆိုသည့် ကလေးမလေးနှင့် သူငယ်ချင်းတစ်စုကြောင့် ဒေါ်မေကြင့် ရင်တွင်းမှာ ဝမ်းသာဝမ်းနည်းခြင်း ခံစားချက်များကို ခံစားနေရသည်။

ဝမ်းသာသည်ကတော့ သူမနှင့် သွေးသားလည်း မတော်စပ်၊ ကလေးတွေအပေါ် ကောင်းထားဖူးခြင်း၊ ကျွေးမွေးထားဖူးခြင်းမရှိဘဲနှင့် သူမအပေါ် စေတနာအပြည့်ဆားကာ မရှိရှာသည့်အထဲမှာမှ စားစရာလေးများ ယူဆောင်လာ ကျွေးမွေးတတ်သည့်ကြင်နာမှုလေးများကြောင့် ဝမ်းသာရခြင်းပါ။

ထို အစားအစာလေးများကို သူ့ဌေးအိမ်တစ်အိမ်မှ စွန့်ထားသည့် ဆွမ်းစွန့်စာမှန်း ဒေါ်မေကြင့် ဆိပါသည်။

သန့်ရှင်းစွာ စွန့်ထားသော ဆွမ်းစွန့်စာလေးများက နွမ်းပါးလွန်းသူလေးများ၊ အခြေအနေမဲ့သူလေးများအတွက် အာဟာရဖြစ်စေတာကို ဒေါ်မေကြင့်တစ်ယောက် ယခုကိုယ်တိုင် စားရတော့မှပဲ နားလည်လာခဲ့မိသည်။

ကလေးတွေ၏ စေတနာက ဒေါ်မေကြင့် ယခင်က လုပ်ရပ်များကို ပြန်လည် သတိရစေလိုက်တာမို့ သူမ ဝမ်းနည်းခြင်းကို ခံစားရခြင်းပါ။

www.burmeseclassic.com

www.burmeseclassic.com

သနပ်ခါး ပါးကွက်ကျားလေးတွေ ကွက်ထားသော မျက်နှာလေးများပေါ်မှာတော့ ဖြူစင်သော အပြုံးပွင့်လေးများကိုယ်စီဖြင့် နေရာချကာ ပန်းလေးများ ရောင်းနေကြသော နှင်းဆီတို့ သူငယ်ချင်းမ တစ်စုကို ဒေါ်မေကြင် ငေးကြည့်နေမိသည်။ ဒီကလေးမလေးတွေ ရှိလှ ဆယ်နှစ်ပေါ့။

မိဘတွေ ဆင်းရဲလွန်းသည့် အတွက် သူတို့လုပ်နိုင်သည့် လုပ်အားလေးများဖြင့် ငွေရှာဖွေကာ ကျောင်းတက်နေကြရသည်ကို သူမသိထားသည်ပဲ။

ပန်းရောင်းပြီးလျှင် ရသည့် ငွေလေးများကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီးအိမ်သို့ အပြေးပြန်ကြမည်။ ရသမျှ မိဘတွေလက်ထဲ အကုန် ထည့်ပြီး မုန့်ဖိုးလေးနည်းနည်း ပြန်ရမည်။ ပြီးလျှင် ကျောင်းသွားဖို့အပြေး အလွှား ပြင်ဆင်ကြရမည်။ ငယ်ရွယ်လွန်းသော ကလေးတွေဖြစ်နေပေမယ့် သိတတ်မှုလေးတွေကတော့ ကြီးမြင့်လွန်းနေသည်။

နိမ့်ကျသည့် ဘဝလေးတွေဖြစ်နေပေမယ့် ကြီးသူကို ရိုသေသနားတတ်သည့် စိတ်ထား၊ ရွယ်တူခြင်း ကြင်နာသနားတတ်ပုံ၊ ငယ်သူကို စာနာတတ်ပုံလေးများကတော့ မြင့်မြတ်လွန်းနေသည်။

ပျဉ်ဂွာသူ ကင်းမဲ့စွာဖြင့် လမ်းဘေးလေးမှာ ကျုံ့ကျုံ့လေးထိုင်၊ အရောင်မပေါ်တော့သော အဝတ်ဝိုင်းလေးခင်းပြီး ခဲလုံးလေးတင်ကာ ညှိုးနွမ်း သိမ်ငယ်စွာ အသနားခံတောင်းရမ်းနေရသော သူမကို ဘွားဘွားကြီးဟု ရိုသေစွာ ခေါ်ပြီး ရှိတာလေးကျွေးခဲ့သာမက ကြုံရင်ကြုံသလို တွဲယူ လမ်းကူးပေးတတ်သော နှင်းဆီတို့သူငယ်ချင်းမတစ်သိုက်အကြောင်းကို တွေးမိသွားခိုက်မှာတော့ ဒေါ်မေကြင်၏ မျက်လုံးအိမ်များ ဝေသီမှုန်ဝါးသွားရသည်။

✿

'အိမ်ရှေ့မှာ အစုတ်အပြတ် ကလေကခေါ်တွေနဲ့ ကျက်သရေကို မရှိဘူး၊ ဒီမယ် ဒေါ်ဘုမ၊ အမေက ဒီလို စွန့်ခိုင်းပေမယ့် ကျွန်မ မကြိုက်ဘူးလို့ ပြောထားတယ် ဟုတ်လား၊ ဘုရားဆွမ်းတော်တင်ထားတဲ့ အစာတွေနဲ့ ဒီအစုတ်အပြတ်တွေနဲ့ မတန်မရာ အမှိုက်ပုံးထဲသာ ထည့်ပစ်လိုက်ပါ'

'အိုး ကြင်ကြင်ရယ်၊ ဘယ်လို ပြောလိုက်တာလဲကွယ်၊ လူလူချင်း အဲလို မပြောရဘူးကွဲ့၊ ဆဝေးကုသိုလ်တွေကြောင့်သာ ဘဝတွေက အဆင့်အတန်း အနိမ့်အမြင့်ဆိုပြီး ကွဲပြားသွားတာပါ၊ ဒါပေမဲ့ သေရင်တော့ တစ်တန်းတစ်စားမှာညီး ဖြစ်သွားပြီ သမီးရဲ့၊ အားလုံးသေကြရမှာလေ၊ သေရင် အားလုံး ပြာဖြစ်ကြ၊ မြေကြီးထဲ ရောက်ကြရမှာတွေပါပဲ'

ကြင်မေ့ကို ကြင်နာစွာ ကြည့်ရင်း ဒေါ်ဘုမတစ်ယောက် နားလည်ခံယူထားမိသော အသိတရားများဖြင့် စေတနာထားကာ ပြောမိခြင်းပါ။

ဒေါ်ဘုမ စကားတို့ကြောင့် ကြင်မေ့နှတ်ခမ်းများ ရွဲ့ခနဲဖြစ်သွားရသည်။

'အိုး - ဒါတွေ့ ကြင်ကြင် နားမလည်ဘူး၊ ဒေါ်ဘုမလည်း ကိုယ့်အဆင့်ကိုယ်သိပါ၊ ဒီအိမ်မှာ ဒေါ်ဘုမက အိမ်ဖော်ပါ၊ အိမ်ဖော်က အိမ်ဖော်လို နေပါ၊ ကျွန်မကို (၁၇)နှစ်လုံးလုံး ထိန်းခဲ့တယ်ဆိုပြီး ပါဝါပြဖို့ မကြိုးစားပါနဲ့၊ အမေတို့က အရေးပေးထားတယ်ဆိုပြီး ကိုယ်ခြေ ကိုယ်လက် လုပ်နေတော့တာပဲ'

မွေးစကတည်းက ယုယ မြတ်နိုးစွာ ထိန်းခဲ့ရသော မိန်းကလေးနှုတ်ဖျားက ဒီလိုရင်သီးသော စကားကြမ်းကြမ်းတွေ ထွက်ကျလာတာမို့ ဒေါ်ဘုမရင်ထဲ နာကျင်သွားရသည်။

'အိမ်ဖော်' ဆိုတာကတော့ အမှန်စာရာမှာ။ ဒါပေမဲ့ မိသားစုလို စေတနာထည့်ပြီး လုပ်ကိုင်ပေးခဲ့တာ သမီးအရင်းလေး တစ်ယောက်လို သဘောထားပြီး ပြုစုစောင့်ရှောက်ပေးခဲ့တဲ့ မေတ္တာတွေကိုတော့ ကြင်ကြင် မျက်ကွယ်မပြုသင့်ဘူး။

တစ်ဦးတည်းသော သမီးလေးမို့ လိုလေသေးမရှိ ဖြည့်စွမ်းပေးထားမှုအပေါ် အခွင့်ကောင်းယူကာ ကြင်ကြင်တစ်ယောက် မိုးမမြင်လေမမြင် ဖြင့် မောက်မာ ရိုင်းစိုင်းနေတာကို ဒေါ်ဘုမ စိတ်မကောင်းဖြစ်နေမိပါသည်။

ငယ်စဉ်ကတည်းက အလိုလိုက်ခဲ့ပြီး ဆိုးသွမ်းလာမှ ထိန်းကွပ်တော့ အထိန်းမခံကာ **မိုက်ရိုင်းလာခြင်းတာလက်ဦးဆရာတို့ရဲ့ အပြစ်လို့ပဲ ဆိုရမလား။ ဒါဆိုရင်တော့ ဒေါ်ဘုမတို့ကိုယ်တိုင်လည်း ကြင်ကြင့်ကို မွေးစကတည်းက ထိန်းလာခဲ့သည်မို့ သူမ ရှုံးသည်း အပြစ်မကင်းနိုင်။**

'သမီး ကြင်ကြင်၊ ဘဝဆိုတာ တစ်သမတ်တည်း မရှိဘူး သမီးရဲ့၊

www.burmeseclassic.com

www.burmeseclassic.com

ဘယ်အရာကမှ မတည်မြဲဘူး၊ ဒီနေ့သမီးရဲ့ စည်းစိမ်တွေဟာ မနက်ဖြန် ရှိချင်မှ ရှိမယ်၊ ဝင့်ကြွေးရှိရင် ဆပ်ရသတဲ့၊ ဒါကြောင့် သမီး ဝင့်ရမယ့် ကိစ္စမျိုးကို မလုပ်ပါနဲ့ သမီးရယ်၊ ဝင့်မှာအမြဲ ငရဲမှာအပတဲ့ဓလသမီးရဲ့၊ ဒါကြောင့် ရခဲတဲ့လူဘဝကို ရလာပြီး အတိတ်ကံကောင်းကြောင့် ချမ်းသာတဲ့ မိသားစုထဲ လူဖြစ်ခွင့်ရခဲ့တာလေ၊ ကောင်းကံကို ကောင်းတဲ့ အပြုအမူနဲ့ပဲ ဆက်ရတယ် သမီးရဲ့၊ ကောင်းကံကို မဖြတ်ရဘူးကွဲ့၊ လူဖြစ်လာရင် လူပီသတဲ့စိတ်မျိုး ထားရတယ် သမီး၊ ကြီးသူကို ရိုသေ ရွယ်တူကို လေးစား၊ ငယ်ဆူကို သနားထဲ့၊ ကိုယ့်ထက် နိမ့်ပါးတဲ့သူတွေအပေါ်မှာ မေတ္တာစေတနာသဒ္ဓါတရားထားတာလောက် ကောင်းမွန်မြင့်မြတ်တဲ့ လုပ်ရပ်မျိုး မရှိတော့ဘူးကွဲ့'

'နားငြီးတယ်၊ အခု မာရီမိုးမွေးနေ့သွားဖို့ ရှိတယ်၊ ဦးတင့်ကို ကားပြင်ခိုင်းလိုက်ပါ'

ပြောပြောဆိုဆိုဖြင့် ဒေါက်မြင့်ဖိနပ်ကို ကောက်စွပ်ကာ ခြံပြင်ဘက်ရှိ သရက်ပင်ကြီးအောက်တွင် ဒေါ်ဘုမ ဆွမ်းစွန့်ထားသော အစားအစာပုံများဆီသို့ သွားကာ ဖိနပ်ဦးချွန်ဖြင့် သဲများကော်ပက်လိုက်သည်။

မာထန်သော မျက်နှာဖြင့် သူမ၏ လုပ်ရပ်ကြောင့် ဆွမ်းစွန့်ပုံများအား မြတ်နိုးစွာကောက်ယူနေကြသော အခြေအနေမဲ့ မိသားစုများမှာ ကြောက်လန့်တကြား ပြေးထွက်သွားကြတော့သည်။

✿

နှင်းဆီတို့ သူငယ်ချင်းတစ်စု ပေးထားခဲ့သော အထုပ်လေးအတွင်းမှ ရွှေငှက်ပျောသီးစိတ်ကလေးကို သွားမရှိတော့သော သွားဖုံးသားလေးများဖြင့် ကိုက်စားကာ မျိုချနေသော ဒေါ်ကြင်မေ့ မျက်ဝန်းများမှာ တော့ မျက်ရည်ကြည်များ ဖုံးလွှမ်းနေခဲ့ပြီ။

"ဘယ်အရာကမှ မတည်မြဲဘူး"။ "ဝင့်မှာအမြဲ ငရဲမှာအပဲတဲ့ သမီးရဲ့"။ "ကောင်းကံကို မဖြတ်ရဘူးကွဲ့"။

ဒေါ်ဘုမ ဆုံးမခဲ့သော စကားသံများက အသံက်(၇၀)ကျော်ကာ (၈၀)နီးပါးသို့ ရောက်ခါနီးဖြစ်နေသော ဒေါ်ကြင်မေ့နားတွင်းသို့ ပြတ်သားစွာ ပြန်လည် ကြားယောင်လာခဲ့ရပြီ။

ဘဝထွေ အမျိုးမျိုးပြောင်းကာ ထင်မှတ်မထားသော အကြမ္မာအပြောင်းအလဲဖြင့် နှိမ့်ကျခဲ့ရသော ဘဝရှိခဲ့တာ ဝင့်လည်တာတဲ့လား။ အခြေကောင်းစဉ်က ဆွေးခက်များဖြင့် ဝန်းရံထားသော နှင်းဆီခိုင်ကဲ့သို့ မော်ကြွားကာ လာရောက်ထိခတ်သူများကို ဆွေးစေခဲ့သည်။

ယခုနိမ့်ကျချိန်မှာတော့ သူမတွေ့နေရသော နှင်းဆီလေးမှာတော့ မွေးရန့်တွေကြိုင်လှိုင်ကာဖြင့် ကြင်နာသနားတတ်သော ဆွေမဲ့နှင်းဆီလေးများဖြစ်နေသည်။ ထိုနှင်းဆီလေးများနှင့် ကြုံတွေ့ခွင့်ရခြင်းကပင် နေဝင်ချိန် သူမအတွက် ကံကောင်းမှု တစ်ရပ်ပင် မဟုတ်ပါလား။

နှင်းသိရိကျက်သရေ

❑

ကြေးမုံ ဆေးပို့နှုန်းထားများ

စာပေ ပါသနာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်းတိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

ရွေးကောင်းဘုရားသမိုင်းကြောင်းများ။ ဘာသာရေး ဆောင်းပါးများ။ ဂန္ဓိရဝတ္ထုများ။ မုဆိုးဝတ္ထုများ။ ရာသဝတ္ထုများ။ ဟာသများ။ အရှေ့တိုင်းအနောက်တိုင်း ဆေးပညာရပ်များ။ ထူးခြားဆန်းကြယ်သောဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။

စီးဖွယ်ရေးရှုခင်းရှင်များ
မိမိရေပင်း
ဦးမိုးတင်
ဒေါ်မြင့်စန်း
လပြည့်ဝန်းမဂ္ဂဇင်းတွင်
ကြော်ငြာများ
ထည့်သွင်းနိုင်ပါသည်။

အဖြူအမည်း
ထစ်မျက်နှာ
ကျပ်တစ်သောင်းငါးထောင်တိတိ
ဖြစ်ပါသည်။

အဖြူအမည်း
မျက်နှာဝက်
ကျပ်ခုနစ်ထောင်ငါးရာတိတိ ဖြစ်ပါသည်။

အပါ် သူမ ရှိ

အယ်ဒီတာအဖွဲ့
လပြည့်ဝန်းမဂ္ဂဇင်း
တိုက်အမှတ် (၇၂၄)၊
အခန်း (၁၇) ပထပ်၊ မဟာပန္ထလလမ်း၊
(၁၇×၁၈)လမ်းကြား၊
လသာပြိုင်နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၅၂၂၂၁၅၀၈

www.burmeseclassic.com

မျက်နှာမပါတဲ့မိန်းမ၊ စပိန်ဘုရင့်နန်းတော်၊ မူးရစ်မြို့ရိုးတံတိုင်းနဲ့ ပန်နန်းတော်

ကိုအေးမြင့်
(မဟာဝိဇ္ဇာရေး-၁၃)

www.burmeseclassic.com

www.burmeseclassic.com

မက်ဒရစ်မြို့ မေယာစကွဲယားရှိ လေးထပ်တိုက်မျက်နှာစာမှ မက်ဒရစ်သမိုင်းကို တော်ပြနေတဲ့ ပန်းချီကွက်

(ယခင်လမှ အဆက်)

မက်ဒရစ်မြို့တော်ရဲ့ လှပသော (Spanish Square)မှာ ၁၇ရာစု၊ စပိန်စာရေးဆရာကြီး ဆာဗန်တေရဲ့ ဇာတ်ကောင်၊ ဒွန်ကွီစုတ်နဲ့ တွေ့ဆုံပြီးတဲ့အခါ အခြားနာမည်ကြီး ရင်ပြင်တစ်ခုဖြစ်တဲ့ စပိန်မြို့ဟောင်းဘက်အခြမ်းမှာ ရှိနေတဲ့ မေယာစကွဲယား(Mayor Square)ရင်ပြင်ကို ဆက်လက်သွားကြပါတယ်။

လမ်းရဲ့ညာဘက်မှာ တွေ့လိုက်ရတဲ့ ဘုရားရှိခိုးကျောင်းကြီးဟာ စပိန်သာသနာပိုင် ဂိုဏ်းချုပ်ကြီး သီတင်းသုံးရာလို့ ဆိုပါတယ်။ တစ်ကမ္ဘာလုံးရဲ့ ကက်သလစ်သာသနာကိုတော့ အီတလီနိုင်ငံ၊ ရောမမြို့ ဗာတီကန်စီတီး၊ စိန့်ပီတာ (St.Peter)ဘုရားကျောင်းကြီးမှာနေတဲ့ ပုပ်ရဟန်းမင်းကြီးက ပိုင်စိုးထားလေရဲ့။

အဲဒီနောက် လမ်းဘေးတစ်နေရာမှာ ကိုယ့်ကိုယ်ကိုယ် သတ်သေကြတဲ့(Suicide Bridge)ဆိုတဲ့ တံတားကို တွေ့ရတယ်။ တံတားအောက်မှာ ရေမရှိပေမယ့် သတ်သေတတ်ကြလွန်းလို့ ဒီအမည်တွင်ခဲ့တာတဲ့။ ဒုံအပြင် အီတလီပုံ ဖန်တီးထားတဲ့(Middle-age Square)ရင်ပြင်လေးနဲ့ ဘုရင့်နန်းတော်ဥယျာဉ်တွေကိုလည်း ဖြတ်သန်းခဲ့ရတယ်။

မေယာစကွဲယားကိုတော့ မနက် ၁၁ နာရီခွဲလောက်မှာ ရောက်သွားပြီး အဲဒီရင်ပြင်အတွင်းမှာ အတန်ကြာ လှည့်လည်လေ့လာကြပါတယ်။ ရင်ပြင်အလယ်ရဲ့တစ်ဖက်မှာ မားကိုင်မြင်းစီးရုပ်ရှိကာ အခြားတစ်ဖက်မှာတော့ စက်ဝိုင်းပုံ အောက်ခြေနဲ့ မီးအိမ်များပါတဲ့ ကြေးမီးတိုင်ကြီးတစ်တိုင် ရှိနေရဲ့။

အဲဒီရင်ပြင်မှာ ဓာတ်ပုံရိုက်ခံကာ ပိုက်ဆံရှာတဲ့ မိန်းမတစ်ယောက်ရှိပြီး ယပ်တောင်တဖျပ်ဖျပ်ခပ်ကာ လျှောက်သွားနေရဲ့။ သူမဟာ ဦးထုပ်ဆောင်းထားပေမယ့် မျက်နှာမပါပါဘူး။ အခြားရှေးခေတ်အဝတ်အစား ဝတ်ထားတဲ့ လူတွေလည်း ဟိုမှသည်မှ သွားနေကြရဲ့။

ရင်ပြင်အပြည့်ကိုတော့ ဥရောပထုံးစံအတိုင်း ကျောက်တုံးမဲလေးတွေ စီလျက် ခင်းထားပါတယ်။

ရင်ပြင်ပတ်လည်က အဆောက်အအုံကြီးတွေဟာ ရှေးဟောင်းလက်ရာများဖြစ်ပြီး အလွန်လည်းလက်ရာမြောက်ကာ လှပတယ်။ ရင်ပြင်တစ်ဖက်ရှိ လေးထပ် (Plaza Mayor) အဆောက်အအုံကြီးရဲ့ အထပ်ထပ် မျက်နှာစာအားလုံးမှာ ပြတင်းတံခါးပေါက်များအကြား နံရံအားလုံးကို မက်ဒရစ်သမိုင်းကို ဖော်ပြနေဟန်ရှိတဲ့ ပန်းချီတွေအပြည့်ဆွဲထားရဲ့။

မက်ဒရစ်မြို့ကြီး မတည်မီက ဒီနေရာဟာ တောဖြစ်ခဲ့တော့ ဝက်ဝံတွေ ပိုးစာသီးခူးစားနေပုံလည်း ပါပါတယ်။ မြို့လယ် လမ်းပေါ်မှာလည်း ဒီသစ်သီးခူး ဝက်ဝံကြေးရုပ်မဲမဲလေး ရှိတယ်။ ရင်သားတွေ အပြွတ်လိုက် အတွဲလိုက် စပျစ်ခိုင်လို ရှိနေတဲ့ ဒဏ္ဍာရီလာ မိန်းမပုံပန်းချီလည်း ရှိရဲ့။ အလားတူပဲ ဒီအဆောက်အအုံရဲ့ နာရီစင်မျက်နှာစာမှာလည်း ပန်းချီတွေ ဆွဲထားပါတယ်။

ဓာတ်ပုံရိုက်ခံကာ ငွေရှာပို့ ယပ်တောင်တဖျပ်ဖျပ်ခတ်ရင်း လျှောက်သွားနေတဲ့ မျက်နှာပါတဲ့ မိန်းမ

www.burmeseclassic.com

www.burmeseclassic.com

မက်ဒရစ်မြို့ မေယာစကွဲယားရင်ပြင် အထွက်ဂိတ်နဲ့ အင်ဝရှိ မှန်လုံ သစ်သီးစျေး သံရုံကြီး

အောက်ဆုံးမြေညီထပ်တွေဟာ စျေးဆိုင်တွေမို့ လှည့်လည်ကြည့်ရင်း စျေးဝယ်ကြတယ်။ မက်ဒရစ်ရဲ့ အချက်အချာနေရာမှာ (the Arc de Cuchilleros)အပါအဝင် ဂိတ်ပေါက်ကိုးခုရှိတဲ့ ထောင့်မှန်စတုဂံပုံ(the Major square) ရင်ပြင်လည်းရှိသေးတဲ့။ ယှင်းကို ဆွဲဆောင်မှုအပြည့်ရှိတဲ့ ပေါ်တိကို တစ်ခုက ဝန်းပတ်နေကာ အရေးပါတဲ့ အဆောက်အအုံများစွာ စီးမိုးနေတဲ့ရင်ပြင်ဟာ အထူးသဖြင့် ညဘက်တွေမှာ အလွန်ထည်ဝါလှသတဲ့။

ရင်ပြင်ကထွက်ပြီး လမ်းကိုကူးလိုက်တာနဲ့ အပြင်ဘက်ကပ်ရက်မှာ (Mercado de Sam Miguel)ဆိုင်ကြီးနဲ့ မှန်လုံသစ်သီးစျေးသံရုံကြီးကို တွေ့လိုက်တယ်။ ဆက်လက်ပြီး နာမည်ကြီး အမှတ်တံဆိပ်ပစ္စည်းတွေ ရောင်းတဲ့ ကုန်တိုက်ကိုသွားကြပါတယ်။ ကုန်တိုက်မရောက်ခင် ပန်းချီဆရာ (Velazqvez) နာမည်ပေးထားတဲ့ လမ်းကြားလေးကို ဖြတ်ရတယ်။ လမ်းမတော်သားနှက်နှက်တွေအပေါ်မှာ သူ့နာမည်နဲ့ သူ့ဂုဏ်ဒြပ်တွေကို ရွှေစာလုံးတွေနဲ့ ရေးသားဂုဏ်ပြုထားပြီး လမ်းထိပ်မှာတော့ အမှတ်တရတွေနောက်တိုင် ရှိပါတယ်။

ပြော် - ဥရောပတစ်လွှားမှာတော့ ထင်ရှားတဲ့ အနုပညာရှင်တွေ၊ တိုင်းပြည်အတွက် အလုပ်လုပ်ခဲ့သူတွေကို မမေ့မလျော့ ဂုဏ်ပြုထားတတ်ကြတာဟာ အစဉ်အလာဖြစ်နေပေါ့။

ဆက်လက်ပြီး ကားနဲ့လှည့်လည်ကြတော့ လမ်းဘေးတစ်နေရာမှာ ရှပ်-သံလွင်ထုတ်တဲ့ မျှော်စင်တစ်ခုကို တွေ့လိုက်ရတယ်။ ကလေးတွေစုပ်စားတဲ့ သကြားလုံး-စုပ်ပြားနဲ့တူလို့ လော်လီပေါ့မျှော်စင်(Lollypop Tower)လို့ ခေါ်ကြတယ်။ အဲဒီနောက် စပိန်ဘုရင်၊ ချားလ်စ် - ၃ ရဲ့ နန်းတော်ပြတိုက်ကို ရောက်ရှိသွားပါတယ်။ ရှေ့ဘက်နန်းတော်ဝင်းမှာလည်း ကျယ်ပြောလှတဲ့ ရင်ပြင်ကြီးနဲ့ပါ။

တတိယမြောက် ချားလ်စ်ဘုရင်ရဲ့ နန်းတော် (Velazquez palace) ပြတိုက်

၁၈၈၁ ခုမှာ ဗိသုကာ(Velasquez) တည်ဆောက်ခဲ့တဲ့ ဒီအဆောက်အအုံမှာ အုတ်အင်္ကတေ နေကာကြီး နှစ်ခုနဲ့ သံအိုးခုံးတွေပါတာ တစ်ခုရှိကာ သဘာဝအလင်းရောင်ဝင်ဖို့ ပြတင်းပေါက်တွေလည်းရှိရဲ့။

ပန်းချီဆရာ ဗီလာစ်ကွေဇဲ့နာမည်ကို ရွှေစာလုံးများနဲ့ ရေးသားဂုဏ်ပြုထားတဲ့ လမ်းကြားလေး

တတိယမြောက် ချားလ်စ်ဘုရင် နန်းတော်ပြတိုက်ရဲ့ ဗိသုကာအလှနဲ့ ရုပ်တုများ

www.burmeseclassic.com

www.burmeseclassic.com

နန်းဆောင်ထဲက (Reina Sofia) ပြတိုက်မှာတော့ ပြပွဲတွေနဲ့ ယာယီပြပွဲ (temporary exhibitions) တွေကို မကြာခဏ စုစည်းကျင်းပလေ့ရှိပါတယ်။

နန်းတော်ထဲမှာ အီတလီပန်းပုဆရာ၊ ပန်းချီဆရာတွေရဲ့ လက်ရာများစွာရှိနေတယ်။ ၁၇၈၈ ခုမှာ အများအပြားဆိုးပါးသွားပေမယ့်လည်း အတော်များများကျန်ပါသေးတယ်။ နန်းဆောင်တစ်ခန်းချင်းမှာ မတူညီတဲ့အရောင်အသွေးနဲ့ လိုက်ကာ၊ ကြမ်းခင်းကော်ဇောနဲ့ ပရိဘောဂတွေကို သုံးထားတော့ ရောင်စုံပြတိုက်ကြီးသဖွယ်ဖြစ်နေရဲ့။ ခန်းဆီးလိုက်ကာအတော်များများရဲ့ ပန်းဒီဇိုင်းတွေက စပိန်လက်ရာသက်သက်ဖြစ်ပြီး ယနေ့တိုင် အဲဒီ ဒီဇိုင်းတွေကို ထုတ်လုပ်တဲ့စက်ရုံတွေရှိသေးသတဲ့။

ပြခန်းအများစုမှာ ဂုန္ထာန်ထိုး(Tapestry) ခန်းဆီးပန်းချီကားကြီးများစွာ တွေ့ရပြီး ရွှေချည်ငွေချည်တွေ ထည့်သွင်းရက်လုပ်ထားတဲ့ အလွန်ထည်ဝါလှပတဲ့ ရွှေချည်ထိုး ငွေချည်ထိုးထည်တွေပါ။

ပြခန်းတိုင်းဟာ အေးနေလို့ စပ်စပ်စုစု ရှာကြည့်လိုက်တော့ အခန်းနံရံနဲ့ကပ်လျက်လောက်မှာ ကြမ်းပြင်ပေါ် ချထားတဲ့ လေးထောင့်သစ်သားဘုံးတွေကို တွေ့ရပါတယ်။ ပြခန်းမြင်ကွင်းကို အနှောင့်အယှက်မဖြစ်စေဖို့ လေအေးပေးစက်တွေကို သက်ဆိုင်ရာအခန်းအရောင်အတိုင်း စိမ်း-နီ-ဝါ ပိတ်စတွေနဲ့ ဖုံးအုပ်ထားလေရဲ့။ အခန်းများစွာမှာ သစ္စာစောင့်သိခြင်းကို ကိုယ်စားပြုတဲ့ခြင်္သေ့ရုပ်တွေ ရှိတတ်တယ်။ အခန်းတိုင်းမှာ တစ်တန်လောက်လေးတဲ့ ဘယ်လ်ဂျီယံလုပ်ဖန်မီးဆိုင်းတွေလည်း ဖြည့်စွက်ချိတ်ဆွဲထားကာ ကြမ်းခင်းတွေကို သဘာဝအရောင်တွေနဲ့ ပန်းကွက်များ ဖော်ထားတဲ့ သစ်သားပါခဲကေးတွေနဲ့ ခင်းထားပါတယ်။

ဂုရုတ်ကြွေအိုးကြီးတွေနဲ့ တန်ဆာဆင်ထားတဲ့ ဘုရင်ဝတ်လဲတော် လဲခန်းကို ကြွေထည်ခန်း(Porcelain Room) လို့ခေါ်ပါတယ်။ ပြည်သူလူထုကို ကန်တော့ခံတဲ့အခန်းမှာတော့ သလွန်တော်ရှိပေမယ့် မင်းမိဖုရားနှစ်ပါးက မြို့မြို့ကြီးထိုင်တော်မမူဘဲ အခန်းလယ်မှာ မတ်တတ်ရပ်ကာ ဝင်လာတဲ့ လူထုအား အနီးကပ် တွေ့ဆုံခွင့်ပေးနေပုံ ရုပ်တုတွေရှိတယ်။

လီယွန်အရပ်မှ အဝါရောင်ပိုးထည်တွေနဲ့ ပြင်ဆင်ထားတဲ့ (Yellow Room) ကတော့ ဘုရင့်ရုံးခန်းဖြစ်ပြီး အိန္ဒိယလက်ရာ စားပွဲ၊ ကုလားထိုင်တွေ သုံးထားပါတယ်။ အီတလီနဲ့ ပြင်သစ်လက်ရာ အနုပညာပစ္စည်းတွေအပြင် ဘုရင်က နာရီစုတာ ဝါသနာထုံလို့ နာရီမျိုးစုံ အကြိုး အသေးများစွာလည်း အခန်းထဲမှာ မြင်တွေ့နိုင်ရဲ့။ အခန်း တစ်နေရာက ပန်းချီကားမှာ မိဖုရားကြီးရဲ့ မျက်နှာတော် ရှုတည်တည်ဖြစ်နေတာကတော့ သွားမလှလို့ ပြုံးတော်မမူလို့ပါတဲ့။

ဘိလိယက်ထိုးခန်းဟာ အရင်တုန်းကတော့ အဲဒီမိဖုရားရဲ့အဆောင်ဖြစ်ပြီး ၁၉ ရာစုတွင်မှ လွှဲပြောင်းယူလိုက်တာပါ။ မိဖုရားအိပ်ခန်းဆိုတဲ့ အခန်းကြီးကို သီးသန့်ထားရှိတာ တွေ့ရတယ်။ ညစာစားခန်းဟာ အတော်ခမ်းနားထည်ဝါလှပြီး ဒီအခန်းမှာ ခရစ္စတိုဖာ ကိုလံဘတ်ကို ဘုရင်က ဂုဏ်ပြုညစာ တည်ခင်းခဲ့ဖူးရဲ့။ စားပွဲရှည်ကြီးဘေးက မင်း၊ မိဖုရား နှစ်ပါး ထိုင်တော်မူတဲ့ ခုံနှစ်ခုရဲ့နောက်မီကိုတော့ အတော်လေးမြင့်မြင့်လုပ်ထားတယ်။ နေ့လယ်စာ စားခန်းကြီးလည်း သီးသန့်ရှိတာ တွေ့ရပါတယ်။

ရုပ်ရှင်ခန်း(Film Room)လည်းရှိပြီး အဲဒီမှာ စနေနေ့ညများဆိုရင် ဘုရင်ကိုယ်တိုင် ချာလီချက်ပလင်ကားတွေကို နှစ်သက်စွာ ကြည့်လေ့ရှိတယ်။

နန်းဆောင်တစ်ခန်းမှာတော့ တယောနဲ့ တူရိယာပစ္စည်းမျိုးစုံကို တွေ့ရပါတယ်။ နောက်တစ်ခန်းကတော့ ဆေးလိပ်သောက်ခန်း(Smoking Room) ဖြစ်ပြီး တရုတ်ဟန်နဲ့ ပြင်ဆင်ထားပေမယ့် တရုတ်လုပ်ပစ္စည်းတွေကို သုံးမထားပါဘူး။

ငွေထည်ခန်း (Silver Room) ကမူ ယင်းငွေထည်တွေကို နုပျိုလိမ္မာဘိုနာဘတ်နဲ့ ညီအစ်ကိုတော်သူ(Jose)တို့ ကျိုးပစ်လိုက်လို့ နှမြောစရာကောင်းစွာ ဆုံးရှုံးသွားခဲ့ပြီမို့ အစားထိုးထားတာပါတဲ့။

(ငွေထည်တွေအကြောင်းပြောရင်း ခရီးဖော်တစ်ဦးက ဧရေတုန်းက ငွေဇွန်းကိုက်မွေးတယ်ဆိုတာ ကြွယ်ဝချမ်းသာတာကို ပြောတာမဟုတ်ဘူး မွေးဖွားရတဲ့ဒုက္ခက နာလွန်းလို့ ငွေဇွန်းကိုက်ထားရတာလို့ ပြောပြတယ်။)

နန်းတော်အတွင်း လှည့်လည်ကြည့်ရှုရင်း နန်းဆောင်တစ်ခုနှင့်တစ်ခုကြားမှာရှိတဲ့ အလယ်ခန်းမကြီးကို လက်ရှိသမ္မတရဲ့သားဖြစ်သူ မင်္ဂလာဆောင်စဉ်က အသုံးပြုခဲ့လို့ ဝေဖန်သံတွေ ဝယ်ထသွားပြီး လူတစ်ထောင်ကျော်ကို ဧည့်ခံဖို့ပြင်ဆင်ရာမှာ မိုးရွာမှာစိုးလို့ အမိုးကို အလွန်တရာကြီးမားတဲ့ ပလတ်စတစ်ပြားကြီးတွေနဲ့ အုပ်မိုးခဲ့ရတယ်လို့ လမ်းညွှန်က ပြောပြတယ်။

ဒီသမ္မတကိုယ်တိုင်ကလည်း စပိန်ထီးနန်းဆက်မှပင် မွေးဖွားဆင်းသက်လာသူဖြစ်ပြီး သူ့ဘေးဘိုးဘီဘင် ဘုရင်များရဲ့ ပုံတွေကို ပန်းချီခန်းမှာ အများအပြား တွေ့မြင်နိုင်ရဲ့။

နန်းတော်အတွင်းမှာ ပြတိုက်တို့ ထုံးစံအတိုင်း ဓာတ်ပုံရိုက်ခွင့်မရှိလို့ အပြင်ထွက်လာမှ ရင်ပြင်မှာသာ ရိုက်ခဲ့ကြရတယ်။ တစ်ဧနရာမှာတော့ ခရစ္စတိုဖာကိုလံဘတ်ကို အမေရိကတိုက်အား သွားရောက်ရှာဖွေဖို့ ထောက်ပံ့ပေးခဲ့တယ်ဆိုတဲ့ မိဖုရား Isabella Catolia ရဲ့ ကျောက်ဆစ်ရုပ်တုကို တွေ့ရတယ်။ ငွေစအပြင် ရွှေဒင်္ဂါးနဲ့ ရွှေထည်တွေကိုပါ သေတ္တာလိုက် ပေးကမ်းခဲ့ရတယ်လို့ ဆိုကြရဲ့။

www.burmeseclassic.com

www.burmeseclassic.com



ချားလ်စ်ဘုရင် နန်းတော်ပြတိုက်အနီးက ဘုရားကျောင်း

ချားလ်စ်ဘုရင်နန်းတော်ပြတိုက်ရှေ့ အမှတ်တရဆိုင်မှ အရပ်နှင့်ပန်းချီကားများ

မိဖုရားရဲ့ ကြင်ရာတော်ဘုရင်ကြီး Fernando El Catolica ရုပ်တုလည်း မလှမ်းမကမ်းမှာ ရှိပါတယ်။

နန်းရင်ပြင်အောက အမှတ်တရပစ္စည်းဆိုင်မှာတော့ နန်းတော်တစ်ခွင်က ပြခန်းတွေ၊ ပန်းချီကားတွေကို ဖော်ပြထားတဲ့ စာအုပ်နဲ့ စီဒီချပ်တွေ ရောင်းချပါတယ်။ မိဖုရားနဲ့ ဘုရင့်ပုံတွေကိုလည်း ကလေးကစားစရာ ချစ်စဖွယ်အရုပ်လေးများအဖြစ် ပြုလုပ်ရောင်းချနေပြီး မိဖုရားကိုင်တဲ့ ယပ်တောင်၊ ကော်ဖီခွက်၊ ပိုက်ဆံအိတ် စသဖြင့်လည်း အမျိုးမျိုး တွေ့ရတယ်။

ပန်းချီကားပုံတူတွေလည်း ရှိပြီး သမ္မာကျမ်းစာလာဇာတ်ကွက်တစ်ကွက်ကို ပြန်ဆွဲထားတဲ့ သိုးကျောင်းသား

ဟစ်ချီးက ဟက်စရစ်ပြုတော်နေရာ တောကြီးထဲမှာ ပိုးစာသီးစားနေတဲ့ အနက်ရောင်ဝက်ပုပ်

လေးကို အခြားကလေးငယ်တစ်ဦးက ခရုခွံယောက်သွားဖြင့် ရေတို့က်နေပုံ ပန်းချီလေးဟာ ချစ်စရာကောင်းသလို အဓိပ္ပာယ်လည်း ရှိလှရဲ့။ သူတို့ရှေ့က သိုးငယ်လေးဟာ လူသားအားလုံးအတွက် အနစ်နာခံသော ဘုရားသခင်ကို ကိုယ်စားပြုနေပါသတဲ့။ အဲဒီမူရင်းပုံအစစ်ကို ပရာဒိုပြတိုက်ကြီးမှာ တွေ့ရမယ်လို့ လမ်းညွှန်က ပြောပြပါတယ်။

နန်းတော်ဝင်းအောမှာ ရှေးဟောင်းဘုရားရှိခိုးကျောင်းကြီး တစ်ကျောင်းရှိနေပြီး ကျောင်းတော်ထိပ်မှာတော့ San Antonio M' Claretရဲ့ ကျောက်ရုပ်တုကိုလည်း တွေ့ရတယ်။ အပြန်မှာ မေယာ (Mayor)လမ်းမကြီးတစ်လျှောက် ကားမောင်းလာခဲ့လို့ မြို့တွင်းသွား(City Bus)ကြီးတွေ မောင်းနှင်လှည့်လည်နေတာကို တွေ့ရှိရပြီး ခေါင်းရန်းပန်းတွေနဲ့ချည်းအလှဆင်ထားတဲ့ လမ်းတစ်လမ်းကိုလည်း မြင်လိုက်ရတယ်။

လမ်းမပေါ်တစ်နေရာမှာတော့ ချားလ်စ်-၃ ဘုရင်ရဲ့ ကိုယ်တစ်ပိုင်းရုပ်ဘုံ၊ ဘစ်ခ်ျိန်က မက်ဒရစ်မြို့တော်နေရာဟာ ပိုးစာသီးတောကြီးဖြစ်ကြောင်း သင်္ကေတပြတဲ့ ပိုးစာပင်မှ ပိုးစာသီး (Merrberry)ခူးစားနေတဲ့ အနက်ရောင်ဝက်ပုံရုပ်တု၊ စပိန်ကွန်ဂရက် (Spinish Congress)။ ရှေးဟောင်းအဆောက်အအုံတွေ၊ ပရာဒိုပြတိုက်၊ ၁၈ ရာစုဘုရားကျောင်း၊ အာကေရီယာဘုရားကျောင်းတို့ကိုလည်း တွေ့ရပါတယ်။

နွေလယ်စာကိုတော့ တရုတ်စားသောက်ဆိုင်မှာ စားကြတယ်။ ဆိုင်ပိုင်ရှင်တရုတ်က ဟော်လန်ဖွားမို့ ခေတ်မီကောင်းခွန်ပြီး သန့်ရှင်းတဲ့ဆိုင်ပါ။ စားသောက်ပြီးတဲ့အခါ နွေလယ်ပိုင်းလေ့လာရေးခရီးအဖြစ် တိုလေဒို(Toledo)ကို သွားကြဖို့ မက်ဒရစ်မြို့ပြင်ဘက်ကို ကားနဲ့ထွက်ခဲ့ကြတယ်။ ပဲပန်းခင်းတွေ၊ သံလွင်ပင်တွေနဲ့ လှပတဲ့ စပိန်မြို့ပြင်ရှုခင်းတွေကို ပြောင်းလဲခံမြင်ရတယ်။ သံလွင်စိုက်ခင်းများကို တာစမ်ဖျော်တစ်ခေါ် တွေ့ရတော့ မက်ဒရစ်ကို လေယာဉ်ပျံမဆင်းသက်မီက အနီရောင်မြေခြောက်ခြောက်မှာ စုခဲ့စုစုနဲ့ တွေ့ရတဲ့ ခပ်စိမ်းစိမ်းတွေဟာ ဒီဇာပင်တွေကိုး။

www.burmeseclassic.com

www.burmeseclassic.com

တိုလေဒိုသို့အသွား လမ်းဘေးက သံမဏိခေါင်းစွပ်၊ သံချပ်ကာအင်္ကျီတို့ သူရဲကောင်းရုပ်တုတွေနဲ့ ဆိုင်

တိုလေဒိုက သံမဏိစက်ရုံတွေမှာ ရွှေနဲ့ စတီးလ် ပေါင်းစပ်ပြီး အလှအပပစ္စည်း အသုံးအဆောင်တွေဖြစ်တဲ့ ဆွဲကြိုး၊ လက်ကောက်၊ ဟန်းချိန်း(Handchain)နဲ့ လက်စွပ် စတဲ့ လက်ဝတ်လက်စားတွေလည်း ထုတ်လုပ်ပါတယ်။ အတော်လှပြီး ဈေးလည်းသင့်လို့ လက်ဆောင်ပေးဖို့ ဝယ်လိုက်တယ်။ ဒီဆိုင်မှာလည်း တရုတ်လုပ် အထည်အလိပ်၊ အမှတ်တရပစ္စည်းနဲ့ အိုတ်တွေ ရောင်းနေပါတယ်။

အဲဒီဆိုင်က ထွက်လာပြီး မကြာမီမှာ ချောင်းယေလေး တစ်စင်းကို တွေ့ရတာ ချောင်းချောက်ကမ်းပါးထိပ်မှာတော့ ၁၁ ရာစုလက်ရာ ရဲတိုက်ကြီးရှိတယ်။ ရဲတိုက်နဲ့ ယင်းကို ပတ်စီးဆင်းနေတဲ့ ချောင်းလေးကို အပေါ်စီး မြင်ရတဲ့

တိုလေဒိုအဝင်ပေါ် ပုရပိုလက်ရာ လှေလောင်းပျိုစဆိုတိုင်း

တိုလေဒိုသို့အသွား ချောင်းယေလေးရဲ့ ချောက်ကမ်းပါးထိပ်မှ ၁၁ ရာစုလက်ရာ ရဲတိုက်ကြီး

လမ်းဘေးမှာ သံမဏိစက်ရုံတွေ တွေ့ရပေမယ့် စပိန်နဲ့ဂရိတို့မှာ ယခုအခါ စီးပွားရေးကျဆင်းနေလို့ ပိတ်ထားကြတယ်။ ၂၀ ရာခိုင်နှုန်းလောက် လုပ်ငန်းတွေလျော့ကျနေပါသတဲ့။ စပိန်ကားထုတ် လုပ်တဲ့စက်ရုံတွေ၊ ပရိဘောဂစက်ရုံတွေကိုလည်း မြင်ရတယ်။ အုတ်နဲ့ ဘိလပ်မြေတွေကိုလည်း ဒီဇုဒသမှာ ထုတ်လုပ်ကြတယ်။ စက်မှုဇုံတွေ အလွန်မှာတော့ အိုးအိမ်သစ်တွေ ဖော်ထုတ်ထားတဲ့နေရာတွေကို ကျော်သွားရတယ်။ အိမ်သုစ်တွေကို ယူရှို ၁၂၀၀ လောက်နဲ့ ဝယ်လို့ရနေပြီ ဖြစ်ပေမယ့် ဝယ်သူပင်မရှိတဲ့။ အများအားဖြင့် ရုရှားလူမျိုးတွေကသာ ဈေးပေါလို့ လာဝယ်ကြတယ်။

မကြာမီ တိုလေဒိုပြတိုက်ကို လမ်းဘေးမှာ တွေ့လိုက်ရတယ်။ ဆိုင်ဝမှာ သံမဏိခေါင်းစွပ်ရုပ်တုတွေနဲ့ အလှဆင်ထားပြီး ဆိုင်တွင်းမှာလည်း သံချပ်ကာအင်္ကျီ (Armour) ဝတ်သူရဲကောင်းရုပ်တွေ ရှိနေတဲ့ဆိုင်ကို ခဏနားဖို့ ဝင်ခဲ့ကြတယ်။ Armour နဲ့အနည်းငယ်ဆင်တဲ့ Armour ဆိုတဲ့စာလုံးကတော့ ချစ်သူလို့ အဓိပ္ပာယ်ရပြီး ရန်ကုန်က ဒဂုံစင်တာမှာလည်း Coffee Armour ဆိုတဲ့ ကော်ဖီဆိုင်လေးရှိတယ်လို့ လမ်းညွှန်က ပြောပြတယ်။

ဆိုင်ထဲမှာ သံလွင်ဆီက ထုတ်လုပ်တဲ့ အလှကုန်တွေ ရောင်းချလို့ လက်လိမ်းနဲ့ ခန္ဓာကိုယ်တစ်ခုလုံးလိမ်း နှစ်မျိုး ဝယ်လိုက်တယ်။ စပိန်ထွက် ဘယဆေးပစ္စည်း တစ်မျိုးဖြစ်တဲ့ ပန်းဝတ်မှုန်များက ထုတ်လုပ်တဲ့ နနွင်းမှုန့်တွေလို ဆဖရွန်(Saffron)မှုန့်တွေလည်းရောင်းပြီး ဈေးကြီးကာ အစွမ်းထက်သတဲ့။

စပိန်ထုတ်ကုန်တွေမှာ သံလွင်ဆီ၊ ပန်းနနွင်းမှုန့်၊ ချိစ်တို့ဟာ စီးပွားဖြစ်ထုတ်ကုန်ကြွပါ။ စပိန်မှာ ခရစ္စမတ်ပွဲတော်နေ့ဆို သောက်ဘတ်ကြတဲ့ မာစီဇွန်အရက်ကိုတော့ Almond မှ ထုတ်လုပ်တာပါ။ စပိန်ဝိုင်တွေရဲ့ ၅၀ ရာခိုင်နှုန်းလောက်ကိုလည်း ဒီအရပ်မှာပဲ ထုတ်လုပ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကိုလေဇို ထွန်ပြီးဟောင်းကြီးသို့ အဝင်

ကိုလေဇို ထွန်ပြီးဟောင်းမှ ဘုရားကျောင်းကြီး

(Viewpoint)မှာ ကုန်းရပ်ပေးလို့ ခေတ္တဆင်းပြီး ဓာတ်ပုံ ရိုက်ကြတယ်။

မူးရစ်ထည့်စေ့ဘူးမူခေတ်တာလ မြို့ခွဲ

အဲဒီနောက် ခရီးဆက်ကြရာ မူးရစ်ယဉ်ကျေးမှု ခေတ်ကာလက တည်ဆောက်ထားတဲ့ မြို့နိုင်နားကို ရောက်သွားကာ ကားရပ်ပြီး ဆင်းလျှောက်ကြရတယ်။ မြို့ဟောင်းလေးရဲ့ လမ်းကြိုလမ်းကြားတွေကိုလျှောက်ရင်း ကုန်မြင့်သို့ တဖြည်းဖြည်းတက်လာပေါ့။

စွေးချိပြီး၊ ဆစ်လို့လည်းရတဲ့ သားရေအိတ်ဆိုင်လေးတွေ တွေ့ရာ ခရီးဖော်တို့ စွေးဝယ်ကြပြန်ရဲ့။ တရုတ်ပစ္စည်းတွေ ဖြစ်နေပေမယ့် အိတ်ကြီးတစ်လုံးကို ၁၈ ယူရိုနဲ့ဝယ်ရင် အထဲမှာ အိတ်လတ်တစ်လုံးပါ ပါသေးလို့ အချင်းချင်း လက်တို့ဝယ်ကြရာ လမ်းညွှန်စပိန် အမျိုးသမီးမှာ စိတ်မရှည်နိုင်တော့ဘဲ (No more shopping! no more shoping!) လို့သာ အော်နေပေါ့။ ဒါ့အပြင် ကိုယ်တို့ လမ်းညွှန်ကိုဇော်ကို လွှတ်ပြီး အခေါ်ခိုင်းတော့ သူကပါ စွေးတန်သဖြင့် ဝင်ဝယ်နေပြန်ရဲ့။

ဆက်လက်လျှောက်သွားတော့ ၁၁-၁၃ ရာစုနှစ်များတ ဆောက်ခဲ့တဲ့ ရှေးဟောင်းကက်သလစ်ဘုရားရှိခိုးကျောင်းကြီးဆီ ရောက်သွားတယ်။ ဘုရားကျောင်းကြီးဟာ သီးခြားဝင်းတံခွန်ကျယ်ကြီးနဲ့မဟုတ်ဘဲ စွေးဆိုင်တန်းနဲ့လမ်းကြားလေးသာ ခြားနေပါရဲ့။ ဝင်ပေါက်တံခါးတွေက သေးရာမှ ကြီးကြီးသွားပြီး အရစ်လိုက်အထပ်လိုက်မို့ ဗိသုကာလက်ရာ အလွန်မြောက်ကာ လှလည်းလှ၊ ခံ့လည်းခံ့ညားလွန်းရဲ့။

အထဲကို ဦးထုပ်ဆောင်းပြီး မဝင်ရပါဘူး။ ကျောင်းအတွင်းမှာ လေ့လာသူတွေသာမက ကက်သလစ် ဝိုက်ပေါင်းစုံမှ လာရောက်ဝတ်ပြု ကိုးကွယ်သူ အများအပြား လည်း ရှိနေတယ်။ ကက်သလစ် ခရစ်ယာန်ဘုန်းကြီးဝတ်အနက်ရောင်၊ အညိုရောင်ဝတ်ရုံမျိုးစုံတွေအပြင် အရောင်အမျိုးမျိုးကိုလည်း ထူးဆန်းစွာတွေ့ရပြီး ခေါင်းစွပ်ကြီးတွေ ဆို့လျက်လည်းရှိရဲ့။ လတ်ဆတ်တဲ့ ပန်းအိုး၊ ပန်းခြင်းတွေ ဆက်ကပ်ထားတာမို့ အသက်ဝင်နေဆဲ ဘုရားကျောင်းကြီး ဖြစ်တာ သိသာပါရဲ့။

ဘုရားကျောင်း အပြင်ကြီးရဲ့ အမိုးရှိ ကောင်းကင်သို့ ပွင့်ထွက်နေတဲ့နေရာမှာ အလင်းရောင် ဝင်ပေါက်တစ်ခု ရှိတယ်။ ယင်းအလင်းရောင်တွေထဲမှာ အပေါ်ကို ထိုးထွက်နေတဲ့ အရုပ်တွေကို ဆီလျော်အောင် ထုလုပ်ထားပြီး အဲဒီအရုပ်တွေကနေ ဆက်၍ ဆက်၍လည်း ရုပ်တုတွေကို ဒွေးဆက်ခြေတိုင် ဆင့်ကာဆင့်ကာ ထုလုပ်သွားတာကလည်း ပညာပါလှရဲ့။ ဖွဲ့စည်းပုံအလွန်ကောင်းပြီး၊ အလင်းရောင်လည်းရလို့ ဗိသုကာပညာ အဆင့်မြင့်လှတယ်။

အမိုးအမြင့်ကြီးနဲ့ ကြီးမားလှတဲ့ ဘုရားကျောင်းကြီး အတွင်းကို ဘုရားဆောင်(Chapel) အခန်းခန်းထပ်မံခွဲခြားထားလို့ လမ်းညွှန်က တစ်ခုချင်းကို အသေးစိတ် ရှင်းပြသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com

တစ်နေရာကတော့ ဘစ်ရွှေတစ်ပါးရဲ့ အခေါင်းရှိတဲ့ နေရာပါ။ ကျောင်းနံရံတွေမှာ ရေးဆွဲထားတဲ့ပန်းချီတွေမှာ စပိန်ပန်းချီကျော်(Velazqvez)ရဲ့ ၁၇ရာစု ခေတ်လက်ရာတွေ အပြင် အီတလီလက်ရာတွေလည်း ပါဝင်နေရဲ့။

ဘုရားဆောင် တစ်ခုမှာ Chestnut ပင် အုံသားနဲ့ ထုလုပ်ထားတဲ့ ကုလားထိုင်အရှည်နက်နက်ကြီးတွေ တွေ့ရပြီး လက်ရန်းနဲ့ နောက်မီက ရုပ်တုတွေဟာ လက်ရာမြောက်လှလို့ ဒီအဆောင်ကို ယူနက်စကို(UNESCO)ကပင် အသိအမှတ်ပြု ထိန်းသိမ်းထားရတဲ့။ ယင်းရှေ့ရှိ ဘုရားဆောင်ကြီးကို တော့် သံတိုင်၊ သံတံခါးတွေနဲ့ သော့ခတ်ပိတ်ထားပြီး အလွန်အနေးပါတဲ့ ပုဂ္ဂိုလ်တွေ လာရောက်ဝတ်ပြုမှသာ ဖွင့်ပေးသတဲ့။

ကျောင်းအလုံးမှာတော့ သံပြိုင်သီကြွေး ဝတ်ပြုဆုတောင်းရန် အဆောင်နှစ်ခု မျက်နှာချင်းဆိုင် ရှိနေပြီး တစ်ဆောင်မှာ မယ်တော်မာရီယာနဲ့ သူငယ်တော်ယေရှုရုပ်တု ရှိပါတယ်။ သားတော်က မိခင့်မေးစေ့ကို လက်ကလေးဖြင့် ကိုင်ကာ ရယ်နေစဉ် မိခင်က ပြုံးနေပုံဟာ လက်ရာကောင်းလွန်းလှလို့ ကြည်နူးမိတယ်။

ဘုရားကျောင်းအထွက်နားမှာ သန္ဓာ(Coral)နဲ့ လုပ်ထားတဲ့ ဘုရားဆောင်နီနီလေးကို တွေ့ရတယ်။ မြေထဲပင်လယ်ကမ်းရိုးတန်းမို့ စပိန်မှာ သန္ဓာကျောက်တန်းတွေလည်း ရှိမည်ထင်ရဲ့။ ဘုရားပလ္လင်၊ ဘာသာရေး အသုံးအဆောင်၊ အဆင်တန်ဆာတွေဟာ လက်ရာမြောက်လွန်းလို့ အဖိုးတန်လိုက်မယ့်ဖြစ်ခြင်း။

ဒီအခန်းထဲမှာ သန္ဓာကျောင်းဆောင်နဲ့ အတူထားတဲ့ ရွှေကျောင်းဆောင်ကိုတော့ နှစ်စဉ် ဘုရားပွဲတော်ရက်များမှာ မြို့တွင်းသို့ လှည့်လည်အပူဇော်ခံသတဲ့။ ကိုယ့်ဘာသာ မဟုတ်တဲ့တိုင် ဘုရားကျောင်းကြီးရဲ့ ခမ်းနားထည်ဝါမှု၊ အနုလက်ရာအပြည့် ပါဝင်နေမှုကို ကြည့်ရင်း ကမ္ဘာ့အမွေအနှစ်တွေ မဆုံးရှုံးရအောင် ဘေးအန္တရာယ် ကင်းဝေးပါစေလို့ ကျိတ်ဆုတောင်းလိုက်မိပါရဲ့။

ဘုရားကျောင်းကြီးမှပြန်အထွက် ကျောင်းဘေးက စျေးဆိုင်တွေမှာ စျေးဝယ်ကြပြန်တယ်။ တစ်ဆိုင်မှာတော့ ယူရို့ငွေ အကြွေထည့်လိုက်ပါက အမှတ်တရ ရက်စွဲပါတဲ့ နောက်ထပ် အကြွေပြားကလေးကို ထွက်လာလို့ ဘုရားကျောင်းသို့ ရောက်ရှိကြောင်း သက်သေအဖြစ် အမှတ်တရ သိမ်းနိုင်စာမို့ ခရီးသည်တွေ လက်မလည်အောင် တန်းစီအကြွေထည့်နေကြပေါ့။ ဆိုင်မှာ ရောင်းချတဲ့ သုံခေါင်းစွပ်ရုပ်လေးများကို ဝယ်ချင်လှပေမယ့် စျေးလည်းကြီး၊ သယ်ယူရလည်းခက်လို့ လက်လျှော့လိုက်ရတယ်။

သို့ပေမဲ့ Flash သုံးကာ မာတ်ပုံရိုက်ခွင့် မပြုလို့ ကင်မရာပိတ်ကာ မှတ်တမ်းမတင်ခဲ့ရတာကို နှမြောလှပြီး ဘုရားကျောင်းပုံတွေပါတဲ့ စာအုပ်ကိုတော့ ဝယ်မိလိုက်ပြန်ပေါ့။

လမ်းကြားလေးအထွက်မှာ ပန်းခြံလေး တစ်ခုရှိပြီး ဘုရားကျောင်းကြီးရဲ့ မြင်ကွင်းဟာ ဒီနေရာမှာ ပိုမိုပေါ်လွင်လာလို့ ဓာတ်ပုံကောင်းကောင်းရိုက်လိုက်ရတယ်။ မူးရစ်တံတိုင်းအုတ်ရိုးဟောင်းတွေကတစ်ဆင့် ရွှေလှံးလှေကားနဲ့ ပြန်ဆင်းခဲ့ကြတယ်။ ရှေးဟောင်း အုတ်ရိုးတွေကြားမှာ လှေလာသူထွေအတွက် အဆင်ပြေစေတဲ့ ခေတ်ပေါ် အထောက် အကူတွေကို စနစ်တကျထည့်သွင်းပေးထားပုံက အတုယူစရာပါပဲ။

မက်ဒရစ်မြို့ထဲ ပြန်အရောက် လမ်းတစ်နေရာမှာ မော်ဒန်အနုပညာပြတိုက် (Modern Art Museum)ဆိုတာကိုလည်း တွေ့လိုက်ရတယ်။ ပြတိုက်များနဲ့ တိုင်းပြည်တွေပါပဲ။

ညစာကိုတော့ ဆိုင်ဝမှာ မော်စီတုံးပုံကပ်ထားတဲ့ တရုတ်ဆိုင်တစ်ဆိုင်မှာ စားကြတယ်။ ဟိုတယ်ပြန်ရောက်ပြီး ခဏနားပြီးတဲ့အခါ ညဘက်ရောက်ပြီမို့ ကိုယ့်အစီအစဉ်နဲ့ ကိုယ် အပြင်ထွက် လည်ပတ်ကြပြန်ပေါ့။ ဟိုတယ်အနီး လမ်းမကြီးပေါ်မှာတော့ Lion ရုံကို တွေ့လိုက်ရတယ်။ ယူရို ၄ကျပ်၊ ၅ကျပ်နဲ့ ရနိုင်တဲ့ စျေးပေါပေါကုန်ဈေးကိုလည်း ဝင်မွှေကြ၊ စျေးဝယ်ကြပြန်သည်။ အဲဒီဆိုင်မှာ ခေါ်လာနဲ့ လည်း စျေးတွက်ပြီး ဝယ်ယူနိုင်လို့ အဆင်ပြေလှတယ်။ အခြားဥရောပနိုင်ငံတွေမှာ ည ၈ နာရီ ဆိုင်ပိတ်တတ်ကြပေမယ့် စပိန်တွေက ည ၁၀ နာရီလောက်အထိ ဖွင့်ထားတတ်ရဲ့။

ဆိုင်ပိတ်တော့မှ ကိုယ်တို့လည်း အထုပ်တွေဆွဲကာ ဟိုတယ်နဲ့နီးတဲ့ ဒွန်ကွီစုတ်ရင်ပြင်ပန်းခြံမှာ သွားထိုင်ကြတယ်။ မီးရောင်စုံနဲ့မို့ ပန်းခြံလေးရဲ့ ညဟာ လှပနေတော့တယ်။ ပန်းခင်းဘေးက ထိုင်ခုံမှာတော့ လူမည်း အမျိုးသမီးငယ် တစ်ယောက် စီးကရက်ထိုင်သောက်နေတယ်။ အပြန်မှာ ကိုယ်တို့အဖွဲ့မှ အမျိုးသားအချို့ လမ်းဘေးပလက်ဖောင်းမှာ ဘီယာသောက်နေကြတာ တွေ့ရတယ်။ ဒီမှာတော့ ဘီယာပေါလို့ တစ်ခွက်ကို ၁ ယူရိုသာရှိပါတယ်။ (အင်း-၁၉၅၀ ကျပ်လောက်ဆိုတော့ ပေါတယ်လို့လည်းမဆိုသာဘူးပေါ့။)

အခန်းပြန်ရောက်တော့ စပိန်ရုပ်မြင်သံကြားကို ဖွင့်ကြည့်မိတယ်။ လှပသောစပိန်ရဲ့ ဒုတိယည ကုန်ဆုံးသွားပါပြီ။

နောက်နေ့ ဩဂုတ်လ ၁၆ရက်၊ သောကြာနေ့ မနက်စာမှာ စပိန်အိုကြာကွေး သေးသေးကျစ်ကျစ်လေးတွေကို အထူးအာရုံစိုက်ပြီး စားမိတယ်။ ပေါင်မုန့်တွေချပေးထားတဲ့ နေရာမှာ လက်ကိုင်ကိုင်းပါ ဖန်ချိုင့်သေးသေးလေးနဲ့ ကပ်ထားတဲ့ အရည်စိမ်းဝါဝါကို တွေ့ရလို့ ပေါင်မုန့်ယူကာ အနည်းငယ် ဆမ်းကြည့်တော့ ဆံလွင်ဆီ ဖြစ်နေရဲ့။

www.burmeseclassic.com

www.burmeseclassic.com

မက်ဒရစ်မြို့တွင်း လှည့်လည်လေ့လာဖို့ Mayorazgo ဟိုတယ်ကနေ မနက် ၈ နာရီခွဲမှာ စတင်ထွက်ခဲ့ကြတယ်။ ဒီနေ့လမ်းညွှန်က သက်လတ်ပိုင်းအရွယ်၊ သပ်ရပ်ချောမောတဲ့ ရွှေညိုရောင်ဆံပင်နဲ့ မက်ဒရစ်သူ ရေချယ်ပါ။ အင်္ကျီအကောက်များတဲ့ ဂရင်းဒီလာလမ်းမှ ကားနဲ့လာခဲ့ကြရင်း ယခင်စာတိုက်ဟောင်းမှ တစ်ဖြစ်လဲလာတဲ့ မြို့တော်ခန်းမကို လမ်းရဲ့ဝဲဘက်မှာ ထပ်ပြီးမြင်ရပြန်တယ်။ ဂရိနတ်ဘုရားအပေါင်းရဲ့ မယ်တော် နတ်ဖုရားမရှပ်တုရှိတဲ့ ရေပန်းကြီးကို ဖြတ်လာခဲ့ရတယ်။

ရီတီရိုပန်းခြံကြီး (Parque del Retiro)

ရာသီဥတုပူပြင်းလို့ မက်ဒရစ်မြို့တော် အလယ်ဗဟို မှာ တည်ရှိနေတဲ့ အထင်ကရပန်းခြံကြီးကို မနက်ပိုင်းမှာပဲ အရင်ဆုံး သွားရောက်လေ့လာလိုက်ကြတယ်။ မူလအမည် 'အနားယူရာနေရာ' (pleasant retreat)-(the Parque del Buen Retiro)လို့ အဓိပ္ပာယ်ရတဲ့'ရာတီးရို' (Retiro)ပန်းခြံကြီးကို စပိန်လိုတော့ (El Retiro)၊ (Parque De Madrid)၊ (Parque del Retiro)လို့ ခေါ်ကြပါတယ်။ ကျယ်ဝန်းပြီး ယနေ့ခေတ်မှာပင် ၃၅၀ ဧက(၁၄၂ဟက်တာ)နီးပါးရှိနေတဲ့ စပိန်ရဲ့ လူသိအများဆုံး အနေပါတဲ့ပန်းခြံကြီးပါ။ ကြီးမား ကျယ်ပြောတဲ့ ဒီအစိမ်းရောင်နယ်မြေကြီးမှာ သစ်ပင်ကြီး ပေါင်း ၁၅၀၀၀ ကျော်နဲ့ ဘုရင့်နန်းတော်နေရာဟောင်း ထောင်နန်းတော်လည်း ရှိနေပါတယ်။

အာရပ်စကားနဲ့ 'ပလာတာနီ'လို့ခေါ်တဲ့ အရွက်သာ ထွတဲ့ (Plain tree) ပင်တွေလည်း အများကြီးတွေ့ရပြီး အခြို့ရဲ့အရွက်တွေဟာ အညိုရောင် ပြောင်းနေကြပါပြီ။ ပလာတာနီပင်တွေ တန်းစီစိုက်ထားတဲ့ လမ်းတစ်လျှောက်ကနေ ပန်းခြံထဲ ဝင်ခဲ့ကြတယ်။ လမ်းရဲ့အခြားတစ်ဖက်ကတော့ ဘဲငန်းတွေ ကူးခပ်နေကြတဲ့ ရေကန်ကြီးနဲ့ပါ။ ကန်ဘေးမှာလည်း ကလဲရီနက်မူတ်ပြီး တစ်ကိုယ်တော် ဖြေဖျော်နေသူရှိရဲ့။ သူအသံက လွမ်းမက်ဖွယ်ပါ။ ကန်အဆုံးလောက်မှာ ပန်းပုရုပ်တွေနဲ့ အလှဆင်ထားတဲ့ လမ်းလယ်အဝိုင်းကြီး ရှိပါတယ်။

ပန်းခြံကြီးဟာ လှပသလို ထူးခြားတဲ့သမိုင်းကြောင်း လည်း ရှိနေရဲ့။ စပိန်တွေက စီမံကိန်းချပြီး ဒီပန်းခြံကို ၁၅၅၀ ခုနှစ်မှာ ပြင်ဆင်ဟန်နဲ့ တည်ဆောက်ခဲ့ကြပါတယ်။ ဘုရင် ဖိလစ်-၄(Philip IV)ရဲ့ ဝန်ကြီးအချုပ်တွေဖြစ်ကြတဲ့ (Gaspar de Guzmán, Conde-Duque de Olivares) တို့ကလည်း ထပ်မံညွှန်ကြားတာ ဒီဧရိယာကို ပြင်ဆင်ခဲ့ကြသေးရဲ့။ သူတို့ အစီအမံဖြင့် နန်းဆောင်တစ်ခုနဲ့ ကဇောတ်ရုံတစ်ခုကိုလည်း ထပ်မံဖြည့်စွက် တည်ဆောက်ခဲ့ကြတယ်။

အဲဒီမှာ စပိန်ပြဇာတ်ရေးဆရာတွေထဲက အရေးအသွင်ဆုံး Lope de Vega ရဲ့ ဟာသဇာတ်ပြုများစွာကို တင်ဆက်ခဲ့တာ ၁၇၃၄ ခုမှာတော့ အဆောက်အအုံနှစ်ခုလုံး မီးလောင်ပျက်စီးသွားခဲ့တယ်။

ဘုရင် ဖာဒီနန်-၆ (Ferdinand VI)က နန်းတော်ဆောင်ကို ပြန်ဆောက်ဖို့ အမိန့်ထုတ်ခဲ့လို့ တည်ဆောက်ခဲ့ကြပြန်ပေမယ့် ကျွန်းဆွယ်စစ်ပွဲ(the Peninsular War) အတွင်းမှာ လုံးလုံးလျားလျားပျက်စီးသွားပြန်ပေါ့။ စစ်အကြောင်း အကျန် အဆောက်အအုံပျက်ကိုတော့ အခု ပြပြတိုက်

www.burmeseclassic.com



(the War Museum)(Museo de Ejército)အဖြစ် ပြောင်းလဲ ပြသထားပါပြီ။

ပန်းဥယျာဉ်ကြီးထဲမှာ ရေကန်ကြီးတစ်ကန်၊ ဖန်နန်းတော်၊ ကမ္ဘာအနှံ့နဲ့ စပိန်နိုင်ငံက ထင်ရှားကျော်ကြားသူတွေရဲ့ ရုပ်တုတွေ၊ တော်ဝင်ရုပ်တု(statues of royalty)တွေ၊ မနုဿ ဗေဒပြတိုက်၊ နက္ခတ်တာရာပြခန်းနဲ့ နှင်းဆီဥယျာဉ် (the Roselada -Rose gardens)တို့ကိုလည်း ဖန်တီးထားရှိတယ်။ တိရစ္ဆာန်ဥယျာဉ်(zoological garden) ရှိတယ်ဆိုပေမယ့် မရောက်ခဲ့ပါဘူး။

စိတ်ဝင်စားစရာအမျိုးမျိုး တည်ရှိနေလို့ လမ်းလျှောက်ရင်း တမေ့တမြောကြည့်နိုင်သလို နာရီနဲ့ချီပြီးလည်း နားနား နေနေ နေနိုင်ပါရဲ့။ ဒါဟာ မြို့တော်သူ၊ မြို့တော်သားတွေရဲ့ အဓိက ချိန်းဆိုဆုံတွေ့ရာလည်း ဖြစ်ပါတယ်။ စပိန်လူမျိုးတွေဟာ ရရာမြေလွတ်မှာ သစ်ပင်စိုက်တတ်ကြသူများဖြစ်ပြီး အားလပ်တာနဲ့ ပန်းခြံသွားပြီး၊ အမျိုးတွေနဲ့လည်း တွေ့တတ်လေ့ ရှိကြသတဲ့။

၁၈ ရာစု ဖိလစ်ပိုင်ကျွန်းကို စပိန်တို့ သိမ်းပိုက်ပြီးတဲ့နောက်မှာ အဲဒီက သဘာဝပေါက်ပင်တွေကို ယူဆောင်လာခဲ့ပြီး ဒီပန်းခြံမှာစိုက်ပျိုးခဲ့လို့ ယခုတိုင် ထိုအပင်တွေကို မြင်တွေ့နေရပါတယ်။

(ယနေ့အခါမှာလည်း စပိန်မှာ ဖိလစ်ပိုင်က လုပ်သားတွေကို ကုန်တိုက်၊ စတိုးဆိုင်နဲ့ စားသောက်ဆိုင်များစွာမှာ အများအပြား တွေ့နေရဆဲပါ)။

ဗန်နန်းတော်-မှန်နန်းဆောင် (Palacio de Cristal) (the Crystal palace)

ရိတီးရှိပန်းခြံကြီးအတွင်း စပိန်လို 'အိုးဝေးသေး' လို့ ခေါ်ကြတဲ့ ဆိုက်ပရပ်ပင်တွေ ဝန်းရံစိုက်ပျိုးထားတဲ့ ရေကန်ကြီးရှိတယ်။

ကန်ဘေးမှာတော့ သတ္တုကိုမယ်ထည်မှာ မှန်ချပ်တွေ အပြည့်ဖုံးအုပ်ထားကာ မှန်တွေနဲ့ လင်းလင်းချင်းချင်း တည်ဆောက်ထားတဲ့ အုံဩဖွယ်ရာ အဆောက်အအုံ ဖန်နန်းတော်ကို မြင်လိုက်ရတယ်။ ဒီနေ့ခေတ် မှန်လုံအိမ်စိုက်ပျိုးရေး(Green House)တွေနဲ့လည်း ခပ်ဆင်ဆင်ပါ။

မှန်နန်းဆောင်အနီး ရေကန်ကြီးဘေးမှာတော့ ဘုရင် (Alphonse XI)ရုပ်တု ရှိပါတယ်။ အမိုးခုံးအထိ ၇၂ ပေ မြင့်ကာ အဝင်ဝမှာ ခမ်းနားလှတဲ့ အင်္ဂတေတိုင်လုံးကြီးတွေနဲ့ တန်ဆာဆင်ထားပြီး (Splendide Hotel)လို့ ရေးထိုးထားတယ်လို့ ဟိုတယ်တစ်ခု မဟုတ်ပါဘူး။ မူလက စပိန်ကိုလိုနီဖြစ်ခဲ့တဲ့ ဖိလစ်ပိုင်က ဒေသရင်းအပင်တွေ၊ ဒေသရင်းတိရစ္ဆာန်တွေပြသဖို့၊ ပြပွဲတွေ ခင်းကျင်းပြသဖို့အတွက် သုံးရန်ရည်ရွယ်ပြီး ဖန်တီးတည်ဆောက်ခဲ့ပေမယ့် ဥရောပတစ်ခွင်မှာ ကျော်ကြားလာစေဖို့အတွက် ထိုအချိန်က ဥရောပတစ်လွှား လူသိများ ထင်ရှားတဲ့ ဟိုတယ်အမည်ကို ပေးခဲ့တာပါ။

လန်ဒန်မြို့က မှန်နန်းတော်တည်ဆောက်ပြီး ၃၆ နှစ်အကြာ ၁၈၈၇ ခုမှာ ယင်းကို အတုယူတည်ဆောက်ခဲ့တယ်။ အဲဒါကို ဝန်းရံထားတဲ့ ကန်အတုတစ်ခုတူးပြီး (chestnut)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

မက်အရစ်ပို့တော် ပိုတီဂိုပန်းခြံကြီးအတွင်း ကန်တော်ကြီး ဗန်နန်းတော် မှန်နန်းဆောင်

ပင်တန်းတွေရဲ့ အလှအပတွေကိုလည်း ပြင်ဆင်ဖန်တီးပေးခဲ့ပါတယ်။ ၁၉၂၄ ခုမှာတော့ အခြို့နေရာတွေကို ပလတ်စတစ်နဲ့ ရော်ဘာတွေသုံးပြီး ပြင်ဆင်ဖြည့်စွက်ခဲ့ရတယ်။ အဲဒါကို အနုပညာပြတိုက်သဖွယ်သုံးပြီး အနုပညာပြပွဲတွေ ခင်းကျင်းပြသလေ့ရှိပါတယ်။ ခုတိုင်လည်း နှစ်စဉ်လို ယာယီဆိုင်ခန်းငယ်တွေထိုးပြီး ကမ္ဘာတစ်ဝန်းက စာအုပ်မျိုးစုံကို ပြသတဲ့ စာအုပ်ပွဲတော်လည်း ကျင်းပနေရဲ့။ နွေဦးမှာ ဂီတပွဲတွေလည်း ဒီနေရာမှာ ကျင်းပကြမြဲပါ။

အလင်းရောင် ကောင်းစွာရပြီး ပတ်ဝန်းကျင်ကလည်း တိတ်ဆိတ်လှသမို့ မှန်နန်းဆောင်တွင်းမှာ အေးအေးဆေးဆေး စာဖတ်လိုသူတွေအတွက်လည်း ကမ္ဘာကျော် စာအုပ်များနဲ့ ဇိမ်ခံကုလားထိုင်တွေ ချထားပေးပါတယ်။ ဧပြီမှ စက်တင်ဘာလထိ နေ့စဉ် နံနက် ၁၀ နာရီမှ ည ၁၀ နာရီ၊ အောက်တိုဘာမှ မတ်လထိ နံနက် ၁၀ နာရီမှ ညနေ ၆ နာရီ မှန်နန်းဆောင်ကို အခမဲ့ ဖွင့်လှစ်ပေးထားပါရဲ့။

မှန်အမိုးခုံး၊ မှန်အကာများနဲ့မို့ အဆောက်အအုံဟာလှပထူးခြားခဲ့ညားတဲ့ ဗိသုကာဟန်ရှိသော်လည်း အပြင်ဘက် အောက်ခြေနားမှာ မူစလင်-မူးရစ်ဟန် (Moorish Style) ကြွေထည် ကြွေပြားတွေနဲ့ အလှဆင်ထားလို့ ဇလီတစ်ခုနဲ့လည်း တူနေရဲ့။ စပိန်ကို ဦးဝင်လာတဲ့ မွတ်စလင်ဘာသာဝင်တွေလည်း ယခုအခါ တစ်သန်းခွဲလောက်ပင် ရှိနေပါပြီ။

မော်ဒန်အနုပညာပြတိုက် (Modern Art Museum)

ပန်းခြံကြီးတစ်နေရာမတော့ စိတ်ဝင်စားစရာ မော်ဒန်အနုပညာပြတိုက်ကြီး ရှိပါတယ်။ ပြတိုက်အဝင်ဝမှာ တခစ်ခစ်ရယ်နေသံတွေကို အကျယ်ကြီး ဖွင့်ထားပေးလို့ ကြားရခါစမှာ ပြတိုက်လာကြည့်သူတွေ ကြောင်တောင်တောင်ဖြစ်သွားပေါ့။ နောက်မှ ဒါလည်း မော်ဒန်အနုပညာ ဖန်တီးမှုတစ်ခုပေပဲလို့ ပြုံးကြရတယ်။

ပြတိုက်မှာ အခန်းကျယ်ကြီးတွေရှိပြီး ပြကွက်တော့ သိပ်မများလှပါဘူး။ အဲဒီ ပြကွက်နည်းနည်းပါးပါးကပဲ လာရောက်ကြည့်ရှုသူတွေကို အတွေးတွေ တစ်ပုံကြီး ပေးနေလေရဲ့။

ငွေစက္ကူတွေကို ရွက်ဖျင်တဲလို မိုးထားပြီး မြေအပြင်ကို အရိုးတွေခင်းထားတဲ့ပြကွက်၊ သစ်သားစည်ကြီးကို လှိုဏ်ခေါင်းလို အရှည်လိုက်ချထားတဲ့အထဲ ဝင်ကြည့်လိုက်တော့ လှိုဏ်သံတွေ လှိုက်ထွက်လာတဲ့ပြကွက် စသဖြင့် အတွေးနယ်ချဲ့စရာတွေပေါ့။

ပန်းခြံအတွင်း ဆက်လက်လျှောက်လှမ်းခဲ့ကြတယ်။ လမ်းဆုံအပိုင်းမှာ ရွေးဟောင်းရုပ်တုတွေ တွေ့ရတယ်။ အဲဒီနောက် ပန်းခြံအနိမ့်ပိုင်းကို ဆင်းခဲ့ကြတယ်။

အနိမ့်ပိုင်း တစ်နေရာမှာတော့ နှစ်ထောင်ချီ သက်တမ်းရင့်နေတဲ့ ဆိုက်ပရပ်ပင်ကြီး တစ်ပင်ရှိပြီး အဲဒီအပင်ကြီးရဲ့ သမိုင်းကြောင်းကို ပုံတွေနဲ့တကွ ရှင်းလင်းပြသထားတဲ့ ဘုတ်တစ်ခုလည်း အနားမှာ တွေ့ရတယ်။ ဆိုက်ပရပ်ပင်ကြီး ဘေးမှာ အေးအေးဆေးဆေး စာထိုင်ဖတ်နေတဲ့ လူကြီးလူငယ်များစွာကို တွေ့ရှိရတယ်။ ကမ္ဘာမှာ လူသန်း ၅၀၀ လောက်က စပိန်စကား ပြောကြလို့ စပိန်စာပေလည်း တွင်ကျယ်မှု ရှိပါတယ်။



မက်အရစ်ပို့တော် ပိုတီဂိုပန်းခြံကြီးအတွင်းက မော်ဒန်အနုပညာပြတိုက်

www.burmeseclassic.com

www.burmeseclassic.com



ပန်းခြံကြီးက ထွက်ခဲ့ပြီး ပရာဒိုပြတိုက်သို့ အလာ အောက်တစ်ဆင့်နိမ့်တဲ့နေရာမှာ မျက်နှာဖုံးတစ်ခုကိုင်ထားတဲ့ မိန်းမပျိုရုပ်တုနဲ့ စပိန်စာရေးဆရာ ဟာစင်တိုဗီနာဗန်တေ (Jacinto Benavente)ရဲ့ မျက်နှာနဲ့ ကိုယ်တစ်ပိုင်းပုံရုပ်တု ရှိတဲ့ ကျောက်တိုင်ကို တွေ့ရတယ်။

သူဟာ ပြဇာတ် ၁၅၀ ခန့်ကိုလည်း ရေးသားခဲ့တဲ့ ပြဇာတ်ရေးဆရာ (playwright) ဖြစ်တဲ့ပြင် ဝေဖန်ရေးဆရာ (critic)လည်း ဖြစ်ပါတယ်။ နှစ်ဆယ်ရာစု၊ ၁၉၅၄ ခုမှာမှ သေဆုံးသွားခဲ့ပြီး စာပေနိုဗယ်ဆုကို ၁၉၂၂ ခုအတွက် ရရှိခဲ့သူပါ။ ပန်းခြံဝမှာ သူ့အိမ်အဆောက်အအုံလည်း ရှိနေပါ တယ်။ သူလက်ရာတစ်ခုကတော့ ၁၈၉၃ ခုက(Cartas de mujeres)(The Letters of Women)ပါ။

စပိန်စာရေးဆရာ-တာဇင်တို ဗီနာဗန်တေ (Jacinto Benavente)

ရီတီးရိပန်းခြံကြီးအနီးမှာ ၁၈ ရာစု ဒုတိယတစ်ဝက်မှာ ဖန်တီးခဲ့ တော်ဝင်ရက္ခဗေဒဥယျာဉ် (Royal Botanic garden) ရှိပါတယ်။ ဥရောပတစ်လွှားက အပင် ၂၀၀၀ ကျော်ရှိနေပြီး ရှားပါးတဲ့ ပန်းမျိုးစိတ်တွေ ထားရှိရာ ကြီးမားတဲ့ (greenhouse) ဟာ သွားလည်ဖို့နဲ့ ခဏတစ်ဖြုတ်နားနေဖို့ အကောင်းဆုံး နေရာဆိုပေမယ့် မသွားဖြစ်ခဲ့ပါဘူး။ လမ်းဆက်လျှောက်လာ ခဲ့ကြရာ မကြာမီမှာ ပရာဒိုပြတိုက်ကြီးကို လှမ်းမြင်နေရပါပြီ။

ပရာဒိုပြတိုက်ရှေ့၊ တောင်ကုန်းလေးမှာတော့ သူဌေး တွေ၊ စပိန်ကော်ဝင်မိသားစုတွေရဲ့ မင်္ဂလာဆောင် အခမ်း အနားတွေ ကျင်းပလေ့ရှိတဲ့ ဘုရားရှိခိုးကျောင်းရှိနေပါတယ်။ ပရာဒိုပြတိုက်မှာ များလွန်းလို့ မဆုံတော့တဲ့ ပန်းချီကားတွေ ကိုလည်း ဒီဘုရားကျောင်းနောက်မှာ လာထားရသေးသတဲ့။ ဘုရားကျောင်းရှေ့ တောင်စောင်းပေါ်မှာ ကင်းဗတ်နဲ့စုတ်တံ များ ကိုင်ဆောင်ထားတဲ့ အညတရ အပျော်တမ်း ပန်းချီ ဆရာလေးတစ်ဦးပုံ ကြေးရုပ်ကို တွေ့ရတယ်။

မက်အရစ်ပြုတော် ဂီတိမိုပိန်းခြံကြီးအတွင်း တစ်နေရာမှ သက်တမ်းထောင်နှီတဲ့ အပင်ကြီး

ပြတိုက်ရှေ့ မြက်ခင်းစပ်မှာတော့ စပိန်ဂီတာ (Spainish Guiter)တီးပြီး ဖြေဖျော်နေသူတစ်ယောက်ရှိနေရဲ့။ ပြတိုက်ဝက အမှတ်တရ ပစ္စည်းဆိုင်လေးမှာတော့ ပြတိုက်မှာ ပြသထားတဲ့ ပန်းချီကားတွေရဲ့ပုံတူတွေ၊ ပန်းချီစာအုပ်တွေ၊ ပြတိုက်နဲ့ဆိုင်တဲ့ အမှတ်တရပစ္စည်းတွေကို ရောင်းချပေးနေ ပါတယ်။

ပြတိုက်ထဲမှာ ဓာတ်ပုံရိုက်ခွင့်မရှိလို့ ပြခန်းတွေအဝင် မှာ ပြသပန်းချီကားတွေကို ပရိုဂျက်တာနဲ့ အသေးစိတ် ပြပေး နေရဲ့။ အလွန်ကောင်းတဲ့ အစီအစဉ်ပါပဲ။

စပိန်ဘုရင်တွေက ရောက်လေရာမှာ ပန်းချီကားတွေ ဝယ်စုတတ်ကြသလို ပန်းချီဆရာတွေကိုလည်း နန်းတွင်း ခေါ်ထားပြီး ဆွဲခိုင်းတတ်သေးလို့ ပြတိုက်မှာ ပန်းချီကား တွေက သောင်းချီရှိနေပေါ့။

(ဆက်ရန်)

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရွှေ-သု)

❑

www.burmeseclassic.com

www.burmeseclassic.com

အောင်ဘုန်းမြင့်
(ကချင်မြေ)



စိတ်ကို အိပ်မွေ့ချပညာ အဆင့်များ

ဓာတ်ခွဲခြားသော နည်းများ

စိတ်ညှို့အိပ်မွေ့ချ ပညာရပ်၌ အဖွဲ့အစည်းပုံစံဝေး အမျိုးမျိုး၊ အယူအဆနှင့် ဆရာအမျိုးမျိုး မရေမတွက်နိုင်အောင် ရှိလင်းများပြားလွန်း ရှိလေ၏။

အနောက်တိုင်းအယူအဆအရ စိတ်ညှို့ အိပ်မွေ့ချပညာကို Hypnosis သိပ္ပံနည်းကျ အိပ်စက်စေခြင်းပညာဟူ၍ ဖြစ်ထော်လည်း ရှေးဆန်းသော အရှေ့တိုင်းအယူအဆဓာတု ပေသောဝ ဣညာဇာဖြစ် နားလည်ထားကြသူများက အများစု ဖြစ်ကြသည်။ Hypnosis ဟူသော ဝေါဟာရသည် အိပ်စက်ခြင်းနှင့်ဆိုင်သော ဂရိစကားလုံးတစ် အဓိပ္ပာယ် Hypnosis ကို ကျယ်ကျယ်ပြန့်ပြန့်ယူဝင် အသုံးပြုထားခြင်း ဖြစ်သည်။

စိတ်ညှို့အိပ်မွေ့ချခြင်း ပညာရပ်၌ အခြေခံအဝိုင်းကြီး (၂)ဝိုင်း ရှိသည်။

(၁) ရုပ်ဝိုင်းဆိုင်ရာ အကြား၊ အမြင်၊ အနံ့၊ အထိအတွေ့အာရုံများကို အသုံးပြုရသော နည်းလမ်းများ။

(၂) စိတ်ဝိုင်းဆိုင်ရာ စိတ်ခံစားမှု ယုံကြည်မှု၊ မယုံကြည်မှုနှင့် စိတ်ဖြေလျော့စေခြင်းမှ တစ်ဆင့် ဂျာန်ဝိုင်းစွာ အိပ်မွေ့ကျစေကာ အကြောင်းတရားများကို ဝန်ခံပြောဆိုစေသော နည်းလမ်းဟူ၍လည်း အသုံးပြုနိုင်သည်။

အကြမ်းအားဖြင့် ရှင်းကို အခြေခံသော အရာဝတ္ထုတစ်ခုခုကို အာရုံပြုကြည့်ခိုင်းသော လွယ်ကူအသုံးများသည့် အိပ်မွေ့ချနည်း၊ စိတ်ကို အခြေခံသည့် စိတ်ဖြေလျော့စေခြင်းမှ တစ်ဆင့် အိပ်မွေ့ကျစေသောနည်း၊ လူအများကို တစ်ပြိုင်တည်း အိပ်မွေ့ချသောနည်း၊ မိမိကိုယ်မိမိ အိပ်မွေ့ချသောနည်း၊ အိပ်မောကျနေသူကို ထပ်ဆင့် အိပ်မွေ့ချသောနည်း၊ ကလေးသူငယ်များကို အိပ်မွေ့ချသောနည်း၊ တိရစ္ဆာန်များကို အိပ်မွေ့ချသောနည်း၊ နက်ရှိုင်းစွာ အိပ်မွေ့ချသောနည်း စသဖြင့် ဓာတုကွဲပြားစွာ ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သည့်နည်းလမ်းကို လက်ခံအသုံးပြုသည်ဖြစ်စေ အောင်မြင်စွာ အိပ်မွေ့ကျစေနိုင်ရန်သာလျှင် အဓိကသော့ချက် ဖြစ်ပါသည်။

လက်ဖြင့်သုံးသပ်နည်းများ

လူတို့၏ ကိုယ်ခန္ဓာအတွင်းမှ ညှို့ဆောတ်စွမ်းအားများကို လက်ချောင်းများမှတစ်ဆင့် ဖြာထွက်စေကာ စိတ်ညှို့ခံရသူအပေါ်၌ ထိထိရောက်ရောက် သက်ရောက်စေသည့် အယူအဆနည်းဖြစ်သည်။ လက်ဖြင့် သုံးသပ်ညှို့ယူခြင်းတွင် လူများ၌သာမက အခြားသက်ရှိသက်မဲ့များကိုလည်း သက်ရောက်စေနိုင်သည်။ ကြောင်နှင့် ခွေးများကို ပွတ်သပ်ပေးရုံမျှဖြင့် ညှို့ဆောတ်စီးဝင်သွားတတ်သည်။

၁။ အထက်မှ အောက်သို့ သုံးသပ်ပေးသောနည်း

ဒုက္ခိုသူကို အိပ်မွေ့ကျသွားစေရန် အစုန်သုံးသပ်ခြင်းဖြစ်သည်။ ဦးခေါင်းအထက်မှ ခါးအထိဖြစ်စေ၊ အောက်ခြေဖျားထိဖြစ်စေ အကြိမ်ကြိမ် သုံးသပ်ပေးခြင်းဖြင့် ညှို့ဆောတ်မိ၍ အိပ်မွေ့ကျစေနိုင်သည်။ အစုန်သုံးသပ်သည့်အခါ လက်ကိုမှောက်လျက် အနေအထားနှင့် သုံးသပ်ပေးရမည်။

၂။ အောက်မှ အထက်သို့ သုံးသပ်ပေးခြင်း

အထက်မှအောက်သို့ သုံးသပ်ပေးခြင်း ဆန့်ကျင်ဘက်ဖြစ်သော အောက်မှ အထက်ဘက်သို့ အဆန်သုံးသပ်ပေးခြင်းသည် ညှို့ဆောတ်မိ၍ အိပ်မွေ့ကျအိပ်ပျော်နေသူအား ညှို့ဆောတ် ပယ်စေ၍ ပြန်လည်နိုးထလာစေရန် သုံးသပ်ပေးခြင်းဖြစ်သည်။

အောက်မှ အထက်သို့ သုံးသပ်ပေးသည့်အခါ လက်ဝါးကို လှုန်လျက် အနေအထားဖြင့် သုံးသပ်ပေးရမည်။ ရင်ဘတ်မှ ဦးခေါင်းပေါ်ထိ ဖြစ်စေ၊ ခြေဖျား ဦးခေါင်းထက်ထိ ဖြစ်စေ သုံးသပ်မေးနိုင်သည်။ အဆန်သုံးသပ်ပေးခြင်းသည် အိပ်မွေ့ဝယ်ရန်သာ အသုံးပြုခြင်း ဖြစ်သည်။

၃။ ဘေးခွဲ၍ သုံးသပ်ပေးခြင်း

လက်ဘေး သုံးသပ်ပေးခြင်းသည် အညှို့ခံရသူ၏ ကိုယ်တွင်းကိုယ်ပ အတွင်းရှိ မကောင်းသောရောဂါဘယအနှောင့် ပယောဂစက်များကို ဖယ်ရှားပေးသည့်အခါနှင့် ညှို့ဆောတ်အိပ်ငွေ့ပယ်စေလိုသောအခါမျိုး၌သာ အသုံးပြုသောနည်း ဖြစ်သည်။

ဘေးခွဲ သုံးသပ်ရသည့်အခါ လက်ခုံနှစ်ခုပူး၍ အညှို့ခံရသူ၏ ရင်ဝတည့်တည့်မှ ဘေးတစ်ဖက်တစ်ချက်သို့ သုံးသပ်ပေးရပါမည်။

သတိပြုရမည့် အချက်များ

အစုန်သုံးသပ်သည့်အခါ ငါ၏ ညှို့ဆောတ်မိ၍ နှစ်နှစ်ခြိုက်ခြိုက်အိပ်မွေ့ကျ အိပ်ပျော်သွားရမည် ဟူ၍လည်းကောင်း၊ အတွင်းစိတ်ထဲမှ ဖြစ်စေ၊ နှုတ်မှအသံထွက်နှင့်ဖြစ်စေ အကြိမ်ကြိမ် ရွတ်ဆို သုံးသပ်ပေးရမည်။ အိပ်မွေ့ကျစေရန် အစုန်သုံးသပ်သည့် အခါနှင့် အိပ်ငွေ့ပယ်စေရန် အဆန်သုံးသပ်ခြင်းကို မရောစေရန် သတိပြုဆောင်ရွက်ရမည်။

လက်မြောက် လက်ချ ပြုလုပ်သည့်အခါ အညှို့ခံရသူ၏ ကိုယ်ရှေ့မှ မြောက်ချခြင်း မလုပ်ဘဲ လက်ဘေးခွဲသဘောနှင့် အထက်သို့ မြောက်ခြင်း၊ အောက်သို့ချခြင်း ပြုလုပ်ပေးရမည်။ သို့မဟုတ်လျှင် အစုန်သုံးသပ်ခြင်း ရှုပ်ထွေး ရောယှက်သွားတတ်ပါသည်။

အထူးသတိချပ်ရမည်မှာ အစုန်အဆန်သုံးသပ်သည့်အခါ ကိုယ်တွင်းမှ ညှို့ဆောတ်များ ကောင်းစွာဖြာထွက်စေရန် လက်ချောင်းများကို မထိမစုံစေဘဲ အနည်းငယ် ပြန့်ကျဲထားရမည်။ လက်နှင့် သုံးသပ်ပေးသည့်အခါ အညှို့ခံရသူ၏ အသားနှင့်မထိစေရန် အနည်းဆုံး (၆)လက်မ အကွာခန့်မှ သုံးသပ်မှုပြုလုပ်ရမည်။

စိတ်ညှို့အိပ်မွေ့ချသည့် အခါတိုင်း၌ စိုးရိမ်ကြောင့်ကြ မရှိစေဘဲ ယုံကြည်မှုစိတ်ဓာတ် အပြည့်ဖြင့် ငါအောင်မြင် စိုးမိုးနိုင်ရမည် ဟူသော သတ္တိစိတ်မျိုးကို အစဉ်လက်ကိုင်ထားရမည်။ ခိုင်မာရင့်ကျက်သော ဇွဲသတ္တိရှိရမည်။

လက်နှင့် သုံးသပ်ဖယ်ရှားပေးသည့်အခါ၌လည်း "သင်၏ ကိုယ်တွင်းကိုယ့်ပ၌ စွဲကပ်ခံနေရသော ရောဂါ

www.burmeseclassic.com

ဝေဒနာ ပယောဂ အနှောင့်အယှက်များသည် ယခု ဆရာဖယ်ရှားပေးသည့် အချိန်မှစ၍ စကြဝဠာသံတိုင် အပြင်ဘက်သို့ လွှင့်စင်ပျောက်ကင်း သွားစေရမည်"ဟူ၍ ရွတ်ဆိုအမိန့်ပေး သုံးသပ်ပေးရမည်။ စွဲမြဲနေသော နာတာရှည် ရောဂါများ ဖြစ်ပါက ရောဂါကင်းရှင်း သွားသည်ထိ မကြာခဏ သုံးသပ်ကုသပေးရမည်။

အာနာပါနဖြင့်ညှို့ဓာတ်စုဆောင်းခြင်း

ဆိတ်ငြိမ်၍ လေကောင်းလေသန့်ရမည့်နေရာမျိုးတွင် ခြေခွဲမတ်တပ်ရပ်၍ဖြစ်စေ၊ တင်ပျဉ်ခွေထိုင်၍ ဖြစ်စေ ကုလားထိုင်ဝပေါ်တွင် သက်သောင့်သက်သာ ထိုင်လျက်ဖြစ်စေ လေကို အဆုတ်ထဲပြည့်ဝသွားသည်ထိ ဖြည်းညင်းစွာ ရှူသွင်းပေးရမည်။ အဆုတ်ထဲခံနိုင်သလောက် အောင့်ထားပြီးမှ တဖြည်းဖြည်းချင်း ပြန်ရှူထုတ်ပေးပစ်ရမည်။

လေကို ရှူသွင်းသည့်အခါ အာရုံ မလွှင့်စေဘဲ ယုံကြည်မှုအပြည့်ဖြင့် စိတ်ထဲက "ငါ့ကိုယ်ခန္ဓာထဲ ညှို့ဓာတ်စွမ်းအားများ အကန့်အသတ်မရှိဝင်ရောက်လာနေပြီ" ဟူ၍ နှလုံးသွင်းပေးရမည်။ လေကို ရှူထုတ်လိုက်သည့် အခါ၌လည်း "ငါ၏ ရောဂါဘယများသည် ရှူထုတ်လိုက်သော လေနှင့်အတူ လွှင့်စင်ပါသွားရစေမည်" ဟူ၍ မှတ်ယူနေရမည်။

ဤနည်းဖြင့် အာနာပါနကျင့်စဉ်ကို နေ့စဉ်အချိန်မှန်ကျင့်၍ ညှို့ဓာတ်စုဆောင်းနိုင်သည်။ လေကို နှာခေါင်းမှ ရှူသွင်း ရှူထုတ်ရသော ယောဂီနည်းနှင့် နှာခေါင်းမှ ရှူသွင်းပေး၍ ပါးစပ်မှ ရှူထုတ်ပေးရသော ခေတ်မီသိပ္ပံနည်း ဟူ၍ နှစ်မျိုးရှိလေရာ မိမိနှစ်သက်သော နည်းကို အသုံးပြုနိုင်သည်။

အင်္ကာယ်၍ အချိန်မပေးနိုင်ပါက လမ်းလျှောက် အလုပ်လုပ်နေရင်း အာနာပါနာ အသက်ရှူ ညှို့ဓာတ်စုဆောင်းနည်းကို လေ့ကျင့်နိုင်သည်။ အသက်ရှူနည်း မှန်ကန်မှုရှိရန်နှင့် ပဟဲဝန်းကျင်အနှောင့်အယှက်ရှင်းရန် သာ အဓိကဖြစ်သည်။

အာနာပါနအသက်ရှူစွမ်းအား စုဆောင်းနည်းကို အတိုင်းအတာတစ်ခုထိ ဒီလောက်ပေးပါက ကျန်းမာရေးအတွက် လွန်စွာအကြောင်းထူးစေနိုင်သည်။ စိတ်နေထိုင်ကောင်းစေခြင်း၊ ကိုယ်လက်ကျန်းမာ ဉာဏ်ရည်တိုးပွားစေခြင်း၊ စိတ်ဖိစီးမှု ကင်းစေပြီး ကိုယ်လက်ပေါ့ပါးဖျတ်လတ်တက်ကြွစေခြင်း၊ စိတ်ချမ်းမြေ့တည်ငြိမ်၍ အာရုံစိုက်မှုအားကောင်းလာစေခြင်း အစရှိသော ကောင်းကျိုးများကို ရရှိစေသဖြင့် ညှို့ဓာတ်ကို ထက်သန်စွဲမြဲစေနိုင်ပါသည်။

ညှို့ဓာတ် ရရှိပြီးသည့်အခါ ညှို့ဓာတ်များ အလဟဿ မကုန်ခန်းစေရန် သတိဖြင့် စောင့်ရှောက်နေထိုင်သွားရမည်။ စိတ်မပါဘဲ ကိုယ်လက်အင်္ဂါလှုပ်ရှားနေခြင်း၊ လက်ချောင်းများ ကစားနေခြင်း၊ ဒူးနှန့်လှုပ်ရှားနေခြင်း၊ ခေါင်းညိတ်နေခြင်း၊ အကြောင်းမဲ့ နှုတ်ခမ်း လက်သည်းကိုက်နေခြင်း၊ ခြေထောက် လှုပ်နေခြင်း၊ စိတ်လေလွင့်နေခြင်းများသည် ညှို့ဓာတ်များကို အကြောင်းမဲ့ ကုန်ခန်းစေတတ်သဖြင့် ဤနှေးသိကွာနှင့် ငြိမ်သက်စွာ နေထိုင်တတ်ရမည်။

စိတ်ညှို့အိပ်မွေ့ချအဆင့်များ

ပထမအဆင့်၊ တစ်စုံတစ်ရာ မဖြစ်သေးသော ပကတိအတိုင်း စိတ်အပြောင်းအလဲမရှိ ပုံမှန်အနေအထား ချိန်ဖြစ်သည်။ ညှို့ဓာတ်မဝင်သေးသော ဘီတာလှိုင်းအချိန်များ ဖြစ်ပေသည်။

ဒုတိယအဆင့် အာရုံကို တစ်စုံတစ်ရာ မသက်ရောက်သေးသော်လည်း မျက်စိ လေးလံလာပြီး ထိုင်းမှိုင်းမှု စတင်ဝင်လာကာ အိပ်ငိုက်လာသော အချိန်များ ဖြစ်လေသည်။ ဤအဆင့်တွင် ညှို့ဓာတ်မိနေပြီဖြစ်သည်။ ဘီတာနှင့် အယ်လဖာလှိုင်း ကြားအချိန်ဖြစ်သည်။

တတိယအဆင့်၊ ညှို့ဓာတ်အပြည့်အဝမိပြီး အိပ်မွေ့ချခံရသူသည် ငိုက်မျဉ်းခြင်းမှတစ်ဆင့် လုံးလုံးအိပ်မွေ့ကျသွားသောအဆင့် ဖြစ်သည်။ ဤအဆင့်တွင် ညွှန်းချက်ပေး၍ အာရုံကို အမျိုးမျိုးလှည့်စားနိုင်သည်။ အယ်လဖာလှိုင်းအချိန်ဖြစ်သည်။

စတုတ္ထအဆင့်၊ အညှို့ခံရသူသည် အတွင်းဝိညာဉ်စိတ် နိုးလာပြီး ဆရာဖြစ်သူကလိုရာညှို့နိုင်သောအဆင့်ဖြစ်သည်။ အရာရာတိုင်းတွင် ဆရာ၏ အမိန့်အာဏာညွှန်းချက်အတိုင်း ဖြစ်စေနိုင်သည်။ စိတ်ပြောင်းစေခြင်း၊ ကိုယ်ခန္ဓာတောင့်တင်းစေခြင်း၊ စွမ်းအားမြှင့်တင်ပေးခြင်း စသည်တို့ကို ပြုလုပ်နိုင်သည့် အယ်လဖာနှင့် ဘီတာလှိုင်းကြားကာလ အချိန်ဖြစ်သည်။

ပဉ္စမအဆင့် သို့ ရောက်လျှင် အညှို့ခံရသူသည် အသိဉာဉ် တန်ခိုးစွမ်းအား ရရှိသကဲ့သို့ အလိုလို အကြားအမြင် ပေါက်စေနိုင်သည်။ မိမိနှင့်သူတစ်ပါး၏ ကိုယ်တိုင်းကို ကြည့်ရှုနိုင်သည်။ ရောဂါများကို အလိုလို အကြားအမြင် ပေါက်စေနိုင်သည်။ သူတစ်ပါးစိတ်ကို ဖတ်နိုင်သိနိုင်သည့် ဘီတာလှိုင်း ပေါ်သောအချိန်ဖြစ်သည်။

ဆဋ္ဌမအဆင့် တွင် အညွှန်းခံရသူသည် အတွင်းစိတ် လွတ်လပ်မှုကို ရရှိသွားပြီး ဝိညာဉ်ခွာနိုင်သောအဆင့်ဖြစ်သည်။ အံတားအဆီးမရှိ သွားနိုင်လာနိုင် ထိုးဖောက်သိမြင်နိုင်သည်။

သတ္တမအဆင့် ၌ အိပ်မက်မမက်ဘဲ နက်နက်ရှိုင်းရှိုင်း အိပ်မောကျသောအချိန်ဖြစ်သဲ့သဲ့။ အိပ်ပျော်ခြင်းနှင့် နိုးကြားလာခြင်း၏ စပ်ကြားကာလ ဖြစ်သည့် ဒယ်လ်တာလှိုင်း၏ အချိန်ကာလဖြစ်သည်။ အသံကြားရုံ အနည်းငယ် ထိလိုက်ရုံမျှဖြင့် လန့်နိုးလာတတ်သည့် အချိန်များဖြစ်လေသည်။ ❑

www.burmeseclassic.com

အိပ်မွေ့ချဉာဏ်ဖြင့် စိတ်နှယ်လွန်စွမ်းအားရရှိစေခြင်း

အိပ်မွေ့ချခြင်းအဆင့်များ

အိပ်မွေ့ကျအဆင့်များကို ခွဲခြားသတ်မှတ်ရာ၌ **ရာနှုန်းပြည့်လက်ခံနိုင်**သော အောင်မြင်မှုအဆင့် မရသေးပါ။ အကြမ်းအားဖြင့် အများက လက်ခံထားသည့် နည်း(၃)နည်းကို တင်ပြရလျှင် **နည်းနည်း အိပ်ခြင်း၊** အလယ်အလတ် **အိပ်ခြင်း၊ နှစ်နှစ်ခြိုက်ခြိုက်အိပ်ခြင်း ဟူ၍ ဖြစ်**လေသည်။ ပညာရှင်အချို့က (Hypnotic Coma) နက်နက်ရှိုင်းရှိုင်း အိပ်ခြင်းကို ထပ်ဆင့်အိပ်ခြင်း ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုကြသည်။

နည်းနည်းအိပ်ခြင်းသည် အိပ်မွေ့ကျပြီးနောက် ပထမဆုံး ရောက်သည့် ပဏာမအဆင့်ဖြစ်သည်။ ဤအဆင့်တွင် အိပ်ငိုက်လာပြီး သိလျက်နှင့် ခြေလက်များ မလှုပ်ရှားနိုင်ခြင်း၊ မျက်ခွံများ လေးလံလာခြင်း၊ တစ်ကိုယ်လုံး လေးလံလာပြီး အိပ်ပျော်နေသကဲ့သို့ ခံစားရခြင်း၊ စိတ်၏ခံစားမှု ပြောင်းလဲသွားခြင်း အစရှိသော ထူးခြားမှုများ တွေ့ကြုံခံစားရတတ်သည်။

အလယ်အလတ် အိပ်ခြင်းတွင် ခြေလက်များသည် ဆရာဖြစ်သူက ညွှန်ကြားချက်ပေးသည့်အတိုင်း အနေအထား ပုံမပျက် ညောင်းညာခြင်း၊ ထုံကျင်ခြင်းမရှိဘဲ ကြာရှည်တည်နေနိုင်သော အဆင့်ဖြစ်သည်။

ကိုယ်ခန္ဓာတစ်ခုလုံးကို ညွှန်းချက်ပေးပြီး လိုသလို စေနိုင်သည်။ တောင့်တင်းစေနိုင်သည်။ ပျော့ပျောင်းစေနိုင်သည်။ သန်စွမ်းစေနိုင်သည်။ အာရုံခံအင်္ဂါများကို ပိုမိုထက်မြက်လာစေနိုင်သည်။ ညွှန်းချက်ပေး၍ အဆိုးကို အကောင်း၊ အကောင်းကို အဆိုးဖြစ်အောင်လက်ခံလာစေနိုင်သည်။အအေးကို အပူ၊ အပူကို အအေးအဖြစ် ခံစားစေနိုင်သည်။ သာမန်အချိန်များ၌ မစွမ်းဆောင်နိုင်သော အရာများကို စွမ်းဆောင်နိုင်သည်။

ဤအဆင့်တွင် မေ့ဆေး၊ ထုံဆေး မကူရသဲ့ ခွဲစိတ်ကုသမှုပြုလုပ်နိုင်သည်။ ရှေးအခါ မေ့ဆေးမပေါ်မီ လူနာများကို စိတ်ညှို့အိပ်မွေ့ချ၍ ခွဲစိတ်ကုသမှုကို ဤအဆင့်တွင် အောင်မြင်စွာ ပြုလုပ်ခဲ့ကြခြင်း ဖြစ်သည်။ ဤအဆင့်၌ အရာရာကို ဆောင်ရွက်ပြီးမြောက်စေနိုင်ပါသည်။

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခြင်း၌ အိပ်မွေ့ကျချိန်၏ အမြင့်ဆုံးဒီဂရီထိ အိပ်ပျော်သွားသော အဆင့်ဖြစ်သည်။ ဤအဆင့်တွင် ရှေ့က ဖြတ်ကျော်ခဲ့သော ထူးထူးခြားခြား အတွေ့အကြုံများသည်သာမက လေးနက်သော ထူးဆန်းသော အံ့ဖွယ် ဝိသေသများနှင့် စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ ထူးခြားလက္ခဏာများကို ဆက်လက်တွေ့ရမည် ဖြစ်သည်။

ယင်းထူးခြား လက္ခဏာများမှာ-

(၁) မှတ်ဉာဏ် ကွယ်စေနိုင်သည်။ အိပ်မွေ့ကျသွားသည့်အခါ ညွှန်းချက်ပေးပြီး သိစေလိုသောအကြောင်းအရာများကို ခိုင်မာစွဲမြဲစေနိုင်ပြီး မသိစေလိုသော အကြောင်းအရာများကို မေ့ပျောက်စေနိုင်သည်။ သတိမရအောင် ဉာဏ်ကွယ်စေနိုင်သည်ဟူသောသဘောကို ဆိုလိုခြင်း ဖြစ်သည်။

(၂) မေ့နေသော အကြောင်းအရာများကို ပြန်လည်သတိရစေခြင်း။ အိပ်မွေ့ကျနေစဉ် ညွှန်းချက်ပေး၍ သတိကွယ်ပျောက်နေသော အချက်အလက်များကို ပြန်လည်သတိရစေနိုင်သည်။ သတိပျောက်နေရာမှ မစဉ်းစားတော့ဘဲ နေလိုက်ရာက မမျှော်လင့်ဘဲ အလိုလိုဖျတ်ခနဲ သတိပေါ်လာတတ်သော သဘောမျိုး ဖြစ်သည်။

ဤနည်းဖြင့် ကျောင်းသူကျောင်းသားများကို မှတ်ဉာဏ်တိုးတက်စေနိုင်သည်။ စာတော်စေနိုင်သည်။ မေ့ပျောက်နေသော အတ္တောင်းအရာများ အသေးစိတ်ပြန်လည်သတိရမှတ်မိစေနိုင်သည်။ မှုခင်းများကို ဖော်ထုတ်ပေးနိုင်သည်။

(၃) အသက်ပြန်ဆုတ်ခြင်း၊ **နှစ်နှစ်ခြိုက်ခြိုက် အိပ်မွေ့ကျနေသူကို မိမိ၏** ကျော်ဖြတ်ခဲ့သော ကလေးဘဝသို့ တစ်ဆင့်ပြီး တစ်ဆင့် ပြန်ခေါ်ဆောင်သွားနိုင်သည်။ လပိုင်း၊ နှစ်ပိုင်း တဖြည်းဖြည်းနောက်သို့ ဆုတ်ပြန်သွားစေပြီး အတိတ်ဘဝကို ပြန်လည်ခံစားစေနိုင်သည်။ ထူးခြားသည်မှာ အသက်(၅၀) အရွယ်ကို အသက်(၂၀) အရွယ်သို့ အသက်ပြန်ဆုတ် ခံစားဖြစ်နေတတ်သည့်ပြင် သွေးခုန်နှုန်း၊ သွေးပေါင်ချိန်၊ ဟော်မုန်းပမာဏ၊ ကျန်းမာသန်စွမ်းမှု၊ စိတ်နေစိတ်ထား၊ အမူအရာ၊ လှုပ်ရှားမှုများပါမကျန် တူနေတတ်ပါသည်။ ငယ်စဉ်က သိလိုသည့်ကိစ္စများကို ပြန်လည်ဖော်ထုတ်ပေးနိုင်သည်။

(၄) အာရုံမှားစေနိုင်ခြင်း၊ ဘဝင်ကျစွာ အိပ်မွေ့ချခံရသူကို ညွှန်းချက်ပေးပြီး အာရုံခြောက်ပါးစလုံး မှောက်မှားစေနိုင်သည်။ မရှိကို အရှိထင်စေနိုင်ပြီး အရှိကို မရှိအထင်ရောက်စေနိုင်သည်။ ဥပမာ- ကျောက်စရစ်ခဲကို ပတ္တမြားဖြစ်သည်ဟု ပေးလျှင် ကောင်းစွာ သိမ်းဆည်းထားပြီး ပတ္တမြားကို ကျောက်ခဲဖြစ်သည်ဟု ညွှန်းချက်ပေးလိုက်လျှင် ပတ္တမြားကို ခဲထင်ပြီး လွှင့်ပစ်လိမ့်မည်။

(၅) အချိန်ကို အတိအကျ လိုက်နာစေနိုင်သည်။ **နှစ်ခြိုက်စွာ အိပ်မွေ့ချခံထားရသူကို ဘယ်နေ့၊ ဘယ်အချိန်၌** ဘာကို မဲ့ပျက်မကွက် လုပ်ဆောင်ပေးရမည်ဟု ညွှန်းချက် ပေးထားလျှင် မဲ့ပျက်မကွက် အချိန်၊ ရက်အတိအကျ လုပ်ဆောင်လိမ့်မည်။ လတွေ၊ နှစ်တွေကြာမြင့် သွားလျှင်ပင် တိတိကျကျ လိုက်နာ ဆောင်ရွက်တတ်သည်ကို တွေ့ရသည်။ ထို့ကြောင့် စိတ်ညှို့အိပ်မွေ့ချ၍ ညွှန်းကိန်းအမိန့်ပေး စေခြင်း

www.burmeseclassic.com

www.burmeseclassic.com

သည့်အခါ ဆရာဖြစ်သူများသည် မလိုအပ်သော အချက်အလက်များမှအပ အပိုစာသား မည္ငန်းမိရန် အထူးသတိထားရမည် ဖြစ်သည်။ မလိုလားအပ်သော ညွှန်းကိန်းကြောင့် ပြဿနာတက်တတ်သည့်အပြင် အိပ်မွေ့ခုံခရသူအတွက် အနှောင့်အယှက် ဖြစ်စေနိုင်သည်။

(၆) ပရလောကနှင့် ဆက်သွယ်ခြင်း၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်မွေ့ကျနေသူများသည် စိတ်နယ်လွန် စွမ်းအား အရည်အချင်းများကို ရရှိနိုင်သည်။ စိတ်လွတ် စိတ်ဖမ်း ဆက်သွယ်ခြင်း ကိုယ်ခန္ဓာမှ ဝိညာဉ်ခွာခြင်း၊ အကြားအမြင်ပေါက်ခြင်း၊ ကြိုတင်နိမိတ်ဖတ်နိုင်ခြင်း၊ ပရနယ်သို့ ကျက်စားနိုင်ခြင်း အစရှိသော အံ့မခန်းစွမ်းအားထူးများကို ရရှိစေနိုင်သည်။

သို့ဖြစ်၍ အိပ်မွေ့ကျခြင်းအဆင့် (၃)ဆင့်ကို ကောင်းစွာသိရှိထားခြင်းဖြင့် စိတ်ညှို့အိပ်မွေ့ချပညာရှင်များအတွက် လွန်စွာအကျိုးဖြစ်ထွန်းစေနိုင်ပါလိမ့်မည်။

အထူးသတိထားရမည်မှာ အိပ်မွေ့ကျခြင်းနှင့် ပတ်သက်၍ မတူကွဲပြားမှုများရှိနိုင်ပါသည်။ လူတစ်ဦးနှင့် တစ်ဦး ကိုယ်ဟန်အမူအရာ စိတ်အခြေအနေ ခြားနားမှုရှိသဖြင့် ပညာအသုံးချသည့်အခါ စာအုပ်ကြီးအတိုင်း တစ်သဝေမတိမ်း ပုံသေနည်းဖြင့် ဆောင်ရွက်ခြင်းမျိုးကို အားမကိုးသင့်ပါ။

အီး အီး ဂျီ၏ သက်ရောက်မှုများ

ဦးနှောက်လှိုင်းကို တိုင်းတာသည့် အီလက်ထရိုအင်စီဖာလိုဂရမ်စက်ကို ၁၉၄၅ ခုနှစ် နောက်ပိုင်းတွင် တီထွင်အသုံးပြုနိုင်ခဲ့သည်။ အီးအီးဂျီစက်သည် အိပ်မွေ့ချခြင်းကို အထောက်အကူပြုပြီး လှိုင်းကြိမ်နှုန်းကို အခြေခံ၍ လှိုင်း (၄)မျိုး ခွဲခြားထားသည်။

(၁) ဘီတာလှိုင်း (၂) အယ်လ်ဖာလှိုင်း (၃) သီတာလှိုင်း (၄) ဒယ်လ်တာလှိုင်းဟူ၍ ဖြစ်လေသည်။ ဦးနှောက်စံနှုန်းလှိုင်းကို တိုင်းတာပြခြင်း သဘောဖြစ်သည်။ နိုးကြားလှုပ်ရှား အသိရှိနေစဉ်တွင် ဘီတာလှိုင်း ၁၄. ၃၀ ကြိမ်နှုန်း/စက္ကန့်ကို ထွက်စေသည်။

ညာဘက် ဦးနှောက်မှ ထွေးတောင်ခြေနေစဉ်တွင် အယ်လ်ဖာလှိုင်း ၈. ၁၃ ကြိမ်နှုန်း/စက္ကန့်ကို ပြလေသည်။ မသိစိတ်လွှမ်းမိုး ပြေလျော့နေစဉ်၌ သီတာလှိုင်း ၄. ၇ ကြိမ်နှုန်း/စက္ကန့်ကို ညွှန်းလေသည်။ အိပ်မက်မမက်ဘဲ အိပ်ပျော်နေစဉ် ဒယ်လ်တာလှိုင်း ၀. ၅- ၃. ၅ ကြိမ်နှုန်း/ စက္ကန့် အသီးသီး ဖြစ်ကြသည်။

ဘီတာလှိုင်းအဆင့်သည် အပြင်စိတ်၊ သာမန်အသိရှိသော စိတ်ဖြစ်ပြီး ကြောက်ရွံ့ခြင်းများကို ပယ်ပျောက်စေပြီး စွမ်းအားသတ္တိများကို ထွက်ပေါ်စေသော လှိုင်းသည် အယ်လ်ဖာလှိုင်း အဆင့် ဖြစ်လေသည်။

ဆေးဝါးကုသခြင်းဖြင့် ခွဲစိတ်ကုသမှုအတွက် လိုအပ်သော ဦးနှောက်လှိုင်းအဆင့်သည် သီတာလှိုင်း အဆင့်ဖြစ်သည်။ စိတ်ညှို့အိပ်မွေ့ကျ ထုံစေခြင်းနှင့် နာကျင်မှု ပယောဂကင်းရှင်းစေရေးအတွက် သီတာနှင့် ဒယ်လ်တာလှိုင်းမျိုး လိုအပ်ပါလိမ့်မည်။ ဘီတာနှင့် အယ်လ်ဖာစပ်ကြားလှိုင်းသည် မသိစိတ်တန်ခိုးဖြင့် သဘာဝလွန်စွမ်းရည်များကို ရရှိစေနိုင်သော လှိုင်းဖြစ်သည့် စပ်ကြားလှိုင်းများသည် စွမ်းအား ပိုမိုထက်မြက်စေနိုင်ပါသည်။

အတိုချုပ်တင်ပြရလျှင် ဘီတာလှိုင်းသည် အသိရှိသော လှိုင်းဖြစ်သည်။ ဘီတာနှင့် အယ်လ်ဖာစပ်ကြားလှိုင်းသည် နည်းနည်းအိပ်၍ အိပ်မွေ့ကျသော လှိုင်းဖြစ်သည်။ အယ်လ်ဖာနှင့် သီတာ စပ်ကြားလှိုင်းသည် အလယ်အလတ်အိပ်၍ အိပ်မွေ့ကျသောလှိုင်း ဖြစ်သည်။ သီတာနှင့် ဒယ်လ်တာလှိုင်းသည် နှစ်နှစ်ခြိုက်ခြိုက်အိပ်၍ အိပ်မွေ့ကျသော လှိုင်းဖြစ်ပြီး ဒယ်လ်တာလှိုင်းမှာ နက်နက်ရှိုင်းရှိုင်း ထပ်ဆင့်အိပ်သော လှိုင်းဟူ၍ ဖြစ်လေသည်။ ကြိမ်နှုန်းလှိုင်း ဂဏန်းကြီးလျှင် သိစိတ်အလင်းဘက်ကို ဦးတည်သွားပြီး ဂဏန်းသေးငယ်လာလေလေ မသိစိတ် အတွင်းဘက်သို့ ဦးတည်သွားကာ လွန်စွာတန်ခိုးကြီးမားလှသော စွမ်းအား လျှို့ဝှက်တံခါးကို ဖွင့်လှစ်ပေးနိုင်ပါလိမ့်မည်။

လိုက်နာရန်

စိတ်ညှို့အိပ်မွေ့ချ ပညာကို လိုက်စားသူများသည် -

(၁) စိတ်စွမ်းအား ကြီးမားခိုင်မာရမည်။ သူတစ်ပါး၏ စိတ်ကို လွှမ်းမိုးအုပ်ချုပ်စိုးပိုင် ချုပ်ကိုင်နိုင်ရန်မှာ မိမိကိုယ်စိတ်နှစ်ပါးကို မိမိ နိုင်နိုင်နင်းနင်း ထိန်းချုပ်နိုင်သူ ဖြစ်ရမည်။ မိမိကိုယ်ကို မိမိ မထိန်းချုပ်နိုင်ပါက သူတစ်ပါးကို ထိန်းချုပ်အောင်မြင်နိုင်မည် မဟုတ်ပါ။

သို့ဖြစ်၍ စိတ်စွမ်းအားကြီးမားအောင်နှင့် စိတ်စွမ်းအားကို ထိန်းချုပ်အသုံးချလာနိုင်အောင် အမြဲမပြတ် အားထုတ်သွားရမည်။

(၂) ကျန်းမာ သန်စွမ်း ဥပဓိရုပ် ကောင်းရမည်။

(၃) သမာဓိရှိရမည်။ သမာဓိရှိလျှင် ပြောစကား ဩဇာတည်စေနိုင်ပြီး စိတ်တန်ခိုးဖြင့် အရာရာကို စိုးမိုးအောင်မြင်စေနိုင်မည် ဖြစ်သည်။

(၄) ပညာကို ယုံကြည်ရဲမည်။

(၅) အရက်၊ မူးယစ်ဆေးဝါး အမျော်အပါးရှောင်ကြဉ်ရမည်။ ဣရိယာပုတ်နှင့် ညီညွတ်မှုတအောင် ကိုယ်လက်လှုပ်ရှား ကျန်းမာသန်ရှင်းအောင် ကျင့်ကြံ နေထိုင်သွားရန် အထူးလိုအပ်ပါသည်။

(ဆက်ရန်)

အောင်ဘုန်းမြင့် (ကချင်မြေ)

❑

www.burmeseclassic.com

www.burmeseclassic.com

သိမှတ်ဖွယ်ရာ ဆေးပညာ

အွန်လိုင်းပေါ်မှ ဆေးနည်းများ

ခရာ(ကောတ)

အသည်းအဆီပုံခြင်းနှင့် အသည်းခြောက်ရောဂါ

အသည်းအဆီဖုံးခြင်းနှင့် အသည်းခြောက်ရောဂါများတို့ -

(၁) တစ်နေ့တခြား ဝဖြိုးလာသူများ

(၂) အရက်နှင့် ဘီယာကို အလွန်အကျွံသောက်သူများ

(၃) ခန္ဓာကိုယ်အတွင်း အဆီဓာတ်များသူများ

(၄) အထိုင်များသူများ

(၅) လမ်းလျှောက်နည်းသူများတွင် အများဆုံး ဖြစ်နိုင်ပါသည်။

ရောဂါသည်များအတွက် ဆေးနှင့် ဆေးနည်းများစွာရှိပါသည်။ ထိုဆေးနည်းများအနက်မှ Online ပေါ်တွင် ဖတ်ရှုသိမ်းဆည်းထားခဲ့သော ဆေးနည်းတချို့ကို ပြန်လည်ဖော်ပြလိုက်ပါသည်။

ဟင်းဝလာပင်

ဟင်းဂလာပင် လက်တစ်ဆုပ်ခန့် မြေအိုးတွင် (၃) ရက်ခန့် အချဉ်တည်၍ ဟင်းဂလာချဉ်ဖတ်အဖြစ် ပြုလုပ်၍ ငါးဖြင့်ချက်စားခြင်း၊ တို့စရာအဖြစ် ပြုလုပ်စားခြင်းဖြင့် အသည်းအဆီဖုံးခြင်းနှင့် အသည်းခြောက်ခြင်းတို့ကို ကာကွယ်နိုင်ပါသည်။ ထို့အပြင် ထိုချဉ်ဖတ်သည် အရက်နာကျခြင်းကိုလည်း ပျောက်ကင်းသက်သာစေနိုင်ပါသည်။

ဆေးခြင်းခွာရွက်

ဆေးခြင်းခွာရွက်၏ ပုံသဏ္ဌာန်မှာ အရွက်သေးပြီး အရွက်နှင့်အနီးတွင် အမွေးနုလေးများရှိသည်။ နီးတံအနီရောင်နှင့် အဖြူရောင်ဟူ၍ နှစ်မျိုးရှိသည်။ ထိုအပင်ကို နွယ်လိုက် နုတ်ယူ၍ နေရိပ်တွင် လှန်းပါ။ ခြောက်သွေ့သွားသောအခါ သံဘူး (သို့) ဖန်ပုလင်းအတွင်းထည့်၍ နေ့စဉ် မတ်ခွက် တစ်ခွက်စာ ရေနွေးပူပူထဲ ထည့်၍ လက်ဖက်ခြောက်ကဲ့သို့ ခတ်သောက်ခြင်းဖြင့် အသည်းအဆီဖုံးခြင်းကို ကျဆင်းစေနိုင်သည်။ ထို့ပြင် ဆီးကောင်း၊ ဆီးရွဲပြီး မျက်စိကိုလည်း အားကောင်းစေပါသည်။

ဆီးဖြူသီး

ဆီးဖြူသီးသည် ဗီတာမင်စီ (Vitamin C) ဓာတ်ပေါကြွယ်ဝသော အသီးဖြစ်သည်။ အရသာမှာ ဖန်သော အရသာရှိသဖြင့် ၎င်းကို အစိမ်းအတိုင်းစားလျှင် သွေးချေပ်၊ လေချုပ်စေတတ်သည်။ အသည်းအဆီဖုံးသူများ အနေဖြင့် ဆီးဖြူသီးဆားရည်စိမ်ကို တစ်နေ့ တစ်လုံး စားပေးခြင်းအားဖြင့် သက်သာပျောက်ကင်းစေပါသည်။ ဆီးဖြူသီးကို အခြောက်လှန်း၍ ငါး၊ ဝက်သား စသော အသားများနှင့် ချက်စားပါက အသားများကို နူးလွယ်စေပြီး အဆီဓာတ်ကို လျော့နည်းစေပါသည်။ ထို့ပြင် ဆီးဖြူသီးသည် အခြားသောရောဂါများကိုလည်း ပျောက်ကင်းစေနိုင်ပါသည်။

ရှောက်ရွတ်

ရှောက်ရည်၊ ရှောက်ရွက်တို့မှာ အသည်းအတွက် အလွန်ကောင်းသော အစာများဖြစ်ကြသည်။ ဟင်းများတွင် ရှောက်ရည်ထည့်ချက်ခြင်း၊ အကင်များ၌ ရှောက်ရည်ညှစ်စားခြင်းအားဖြင့် အသည်းအဆီဖုံးခြင်းရောဂါကို ကာကွယ်နိုင်ပါသည်။

ရဲယိုရွက်

အသည်းတွင် အပူအောင်းခြင်း၊ အသည်းခြောက်ခြင်းရောဂါများအတွက် ရဲယိုရွက်ကို တစ်ပတ်လျှင် ၃ ကြိမ် စားသုံးပေးခြင်းဖြင့် ကာကွယ်နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဆီမှုတ်ဖွယ်ရာ ဆေးပညာ

ဘီပိုး၊ စီပိုးနှင့် ဣသရမူလီ

ဣသရမူလီ၏အမည်ကို အင်္ဂလိပ်လို India Birthwort ဟုခေါ်၍ ရုက္ခဗေဒအမည်အားဖြင့် Aristolochia indjcal ဖြစ်သည်။ နွယ်ပင်မျိုးဖြစ်၍ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် အလေ့ကျ ပေါက်ရောက်သည်။

ဣသရမူလီကို တစ်နေ့လျှင် သုံးလေးရွက်ခန့် အစိမ်းလိုက် နေ့စဉ်ဝါးစားခြင်းအားဖြင့် ဘီပိုး၊ စီပိုးနှင့် ကင်ဆာရောဂါကို ပျောက်ကင်းစေနိုင်ပါသည်။ ထို့ပြင် နှလုံးသွေးကြောကျဉ်းရောဂါကိုလည်း ပျောက်ကင်းစေနိုင်ပါသည်။

အဆစ်ရောင်ရောဂါသမားများ ဣသရမူလီမြစ် (၆) ကျပ်သားကို ရေ (၅၀)ကျပ်သားထည့်၍ ထက်ဝက်ခန့် ကျန်အောင် ကျိ၍ တစ်ခါသောက်လျှင် (၃) ကျပ်သားမျှ သောက်သုံးခြင်းအားဖြင့် အဆစ်ရောင်ရောဂါကို ပျောက်ကင်းသက်သာစေနိုင်ပါသည်။

ကင်ပွန်းချဉ်

ကင်ပွန်းချဉ်ရွက်ကို ထောင်း၍ ဆား၊ သကြားတို့ဖြင့် မချိုမချဉ်ဖျော်၍ တစ်နေ့ကို ရေသန့်ဘူး လေးဘူးမျှ တစ်လခန့် ပုံမှန် သောက်သုံးခြင်းအားဖြင့် အသည်းကင်ဆာရောဂါကို သက်သာပျောက်ကင်းစေပါသည်။

ဘီပိုး၊ စီပိုးအတွက် ကြက်သွန်နီ

ကြက်သွန်နီတစ်လုံးကို အခွံခွာ၊ အလုံးလိုက် ရေဆေး (စိတ်ပြီးမှ မဆေးရပါ)ပြီး လေးစိတ်စိတ်၍ သကြားနှင့် တို့စားပါ။ တစ်နေ့ သုံးကြိမ် စားရပါမည်။ ပုံမှန်စားပေးပါက လပိုင်းအတွင်း ရောဂါများ သက်သာပျောက်ကင်းနိုင်ပါသည်။

အသည်းရောဂါအတွက် ဆေးနည်းတစ်လက်

အိန္ဒိယ ဆောင်မေခါး နှစ်ဆနှင့် ကွက္ကရာ တစ်ဆကို နှမ်းဆီဖြင့် ပျစ်ပျစ်ဖျော်၍ အစာစားပြီးတိုင်း နံနက် တစ်ကြိမ်၊ ညနေတစ်ကြိမ် လက်ဖက်စားဇွန်း တစ်ဇွန်းကို ပုံမှန်သောက်ပေးခြင်းအားဖြင့် အသည်းရောဂါ အမျိုးမျိုး၊ အသည်းကင်ဆာ၊ အသည်းခြောက်ရောဂါ၊ ဘီပိုး၊ စီပိုးနှင့် ရေဖျဉ်းရောဂါတို့ကို ပျောက်ကင်းသက်သာစေပါသည်။

သဘော်သီး

သရော်သီးအစိမ်း အနေတော်တစ်လုံးကို ယူ၍ ခေါင်းပိုင်းကို ဖြတ်လိုက်ပါ။ ထို့နောက် အတွင်းမှ အစေ့နများကို ဇွန်းဖြင့် ခြစ်ထုတ်လိုက်ပါ။ ပြီးလျှင် ရေနွေးအဖြူကို သဘော်သီးထဲသို့ ပြည့်အောင်လောင်းထည့်၍ ဖြတ်ထားသော သဘော်သီးအသားဖြင့်ပင် ပြန်ဖုံးအုပ်ထားပါ။ ဆယ့်ငါးမိနစ်ခန့်ကြာသောအခါ ခွက်တစ်ခုထဲသို့ လောင်းထည့်၍ အနည်းငယ် အအေးခံပြီး ထိုရေကို သောက်ပါ။ ဤသို့သောက်ခြင်းအားဖြင့် ဆီးချို လုံးဝမတက်တော့သည့် အပြင် အမူးရောဂါအမျိုးမျိုး၊ သွေးအားနည်းရောဂါ၊ အစာအိမ်ရောဂါ၊ အိပ်မပျော်ခြင်းရောဂါတို့ကို ပျောက်ကင်းသက်သာစေပါသည်။

ငှက်ပျောသီးနှင့် သတ်ရင်းကြီး

ဖီးကြမ်းငှက်ပျောသီးမှည့်မှည့် (မမှည့်လျှင် ချောင်းဆို့တတ်သည်) တစ်လုံးကို ထိပ်နှစ်ဖက်အား အတွင်းသားပေါ်ရုံဖြတ်ပါ။ ထို့နောက် သတ်ရင်းကြီးရွက် သုံးရွက်အား ရေစင်အောင်ဆေး၍ ငှက်ပျောသီးကို လုံအောင်ပတ်၍ နှီးဖြင့်ချည်ပါ။ ချည်ပြီးလျှင် ငှက်ပျောသီးအား (၆) နာရီခန့် မီးအေးအေးဖြင့် ပြုတ်ရပါမည်။

ထိုငှက်ပျောသီးပြုတ်အား သတ်ရင်းကြီးရွက်များနှင့် အခွံတို့ကို ဖယ်ရှား၍ အသားကို မနက်တစ်လုံး၊ ည တစ်လုံး စားပါ။ ဤသို့စားခြင်းအားဖြင့် လွန်စွာမှ ညောင်းညာကိုက်ခဲခြင်း၊ လေဖြန်းခြင်းတို့ကို အမြန်ဆုံး သက်သာပျောက်ကင်းစေပါသည်။

ခရု(ကေတ)

❑

www.burmeseclassic.com

www.burmeseclassic.com

သိမှတ်ဖွယ်ရာ ဆေးပညာ

ငယ်ဘဝပုံရိပ်များနှင့်
ဝိုက်ဂေဆန်းကြယ် ကိုယ်တွေ့ ဇာတ်နှိုင်းများ

ဦးမင်းဇင် (ရွှေနဝင်း)

ယခင်လက စာရေးသူ၏ ငယ်စဉ် ကလေးဘဝက ကိုယ်တွေ့ကြုံခဲ့ပြီး ကိုယ်တိုင် ကုသမှုကို ခံယူခဲ့ရသည့် ထူးခြား ဆန်းကြယ်စွာ ရောဂါပျောက်ကင်းစေသည့် မြန်မာ့မွေးရာ ကုထုံး ဆေးနည်းများ အပိုင်း(၁)ကို တင်ပြခဲ့ပြီးဖြစ်၍ ယခုလ စာရေးသူ (၄/၅)နှစ်သားအရွယ်မှာ မကြုံစဖူးထူးကဲစွာ ခေါင်း တစ်ခေါင်းလုံး အနာမီး၊ အနာစက်၊ အနာစာဥ တည်းဟူသော ဦးခေါင်းတွင် ပေါက်တတ်သော အနာမျိုးစုံ စုပေါင်း၍ ကန်ထွက်လာပြီး မအိပ်နိုင်၊ မစားနိုင် တဝိုင့် တဂိုဂိုဖြင့် အတိုး၊ အဘွား၊ မိဘများလည်း စိတ်မချမ်းသာနိုင် ဖြစ်နေကြရသည်။

ဖြစ်တာကိုလည်း အပြစ်တင်၍ မရလောက်အောင် စာရေးသူကို သဲသဲလှုပ် ချစ်လှစွာသော အဘွားက အုန်းထမင်း၊ အုန်းနို့ခေါက်ဆွဲ၊ သြဇာသီး၊ ဒူးရင်းသီး စသော စာရေးသူအကြိုက် အစားအစာများကို သဘောရှိ စားစေသတည်း ဖြစ်အောင် အလိုလိုက်ထားခြင်းကြောင့်ပင်။

ဒီလောက်အပူကန် အခိုးထွက်စာများ စားခဲ့ခြင်းကြောင့် 'တစ်ခေါင်းလုံး ပြတ်ထွက်မသွားတာပဲ ကံကောင်းသည်' ဟု ပြောရမလို ဖြစ်နေသည်။ ဒီတော့ ထုံးစံအတိုင်း ကလေးကိုကျောပိုးပြီး ဆေးစုံ၊ ဆရာစုံလည်ပြီး ကုရပါသော်လည်း အနာများက ချပ်သလိုလို ရှိသိုက်၊ ပြန်ပြီး ပြည်တည်လိုက်၊ သားငံရည်တစက်စက် ထွက်လိုက်နဲ့ လုံးလည်လိုက်ပြီး လနှင့်ချီ၍ မပျောက်နိုင် မကင်းနိုင် ဖြစ်ရလေသည်။

အင်္ဂလိပ်ဆေးဆရာဝန်၊ ဗမာဆေး တိုင်းရင်းဆေးဆရာ စုံလင်စွာနဲ့ ကုကြပါသော်လည်း ထိုနည်းလည်းကောင်းပင်။ ကလေးမှာ မအိပ်နိုင်၊ မစားနိုင်နဲ့ ယခင်ခန္ဓာကိုယ်၏ တစ်ဝက်မျှ ပိန်ချုံးကျသွားလေတော့ မိဘ၊ ဘိုးဘွားများက ပိုလို့ စိုးရိမ်မှုများ ဖြစ်လာကြလေသည်။

အနာအကုကောင်းသည်ဆိုလို့ အနာကြီးရောဂါကုသသောဆရာနှင့်တောင် ကုသပါသေးသည်။ ဒါလည်း မရပါ။

ဒီလိုနဲ့ တစ်နေ့မှာ မိဘများ ဈေးဆိုင်သို့ ဈေးဝယ်လာသော အဂ္ဂိရတ်ဆရာကြီးတစ်ဦးက စာရေးသူ၏ခေါင်းမှ အနာများကို တွေ့သွားကာ အကျိုးအကြောင်း မေးမြန်းပြီး အဖေနဲ့ အမေကို ဆေးနည်း သေချာစွာပြောပြ၍ အမြန်ဆုံး လှုပ်ပေးပါဟု မှာခဲ့လေသည်။

ထိုအဂ္ဂိရတ်ဆရာကြီး ပြောခဲ့သော ဆေးနည်းကို မိဘများကလည်း ဒီလောက် ဆေးစုံ၊ ဆရာစုံနေတဲ့ မပျောက်နိုင်တဲ့ ခေါင်းက အနာတွေကို ပျောက်လို့မျောက်ငြားဆိုတဲ့ စိတ်ဆန္ဒနဲ့ ချက်ချင်းပဲ ဆေးရှာဝယ်ပြီး အကောင်အထည် ဖော်လေတော့သည်။

ဒီတစ်ခါတော့ အနာနဲ့ဆေး တည့်သွားပြီဟု ထင်ပါသည်။ တစ်နေ့တခြား ဆေးထည့်နေရင်း အနာများ ချပ်ကျ၍ အစေးမထွက်၊ အရောင်ကျသွားလိုက်တာ (၃)ရက်အတွင်းမှာကို နှင်နေငါသွား ဖြစ်သွားလေတော့သည်။

ဆေးနည်း ညွှန်ခဲ့သော အဂ္ဂိရတ်ဆရာကြီးကိုလည်း ကျေးဇူးအနန္တ တင်ကြလေသည်။

သို့သော် ကလေး၏ခေါင်းမှ အနာများ ကောင်းသွားသော်လည်း ကလေး၏ လည်ပင်းတွင် ခမည်းပေး ဆွဲထားသော ငါးမူးသား ရွှေဆွဲကြိုးလေးမှာ ရွှေရောင်ပျောက်ပြီး ငွေရောင်ဖြစ်နေ၍ ကလေးကို လူကြီးများ အလစ်တွင် ဘယ်သူကများ ရွှေဆွဲကြိုးကို လဲသွားကြသလဲဟု ဟိုမေး ဒီမြန်းနဲ့ လူကြီးများ အလုပ်များရလေတော့သည်။

နောက်ဆုံး အဖေရဲ့မိတ်ဆွေ ပန်းထိမ်ဆရာကြီး ရောက်လာပြီး ကလေးရဲ့ လည်ပင်းမှ ငွေရောင်ဖြစ်နေသော ဆွဲကြိုးကို ဖြုတ်ယူသွားပြီး ပန်းထိမ်ဖိုမှာ ရွှေဟုတ်၊ မဟုတ် မြေချဉ်ပြစ်ပြီး အရောင်တင်ကြည့်လိုက်သောအခါ မူလ ရွှေဆွဲကြိုးပင် ဖြစ်နေလေတော့သည်။ ဒီတော့မှ ပန်းထိမ်ဆရာကြီးက တရားခံကို ရှာပေးနိုင်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

သိမှတ်ဖွယ်ရာ ဆေးပညာ

"မင်းတို့ ကလေးကို ပြဒါးပါတဲ့ ပစ္စည်းတွေ ဘာတွေ ပေးကိုင်မိတာမျိုး ရှိသလား" ဟု မေးလေသည်။

ထိုအခါမှ အဂ္ဂရတ်ဆရာကြီး ပေးခဲ့သော ကလေး ခေါင်းမှ အနာများကို ဆေးနည်းညွှန်းခဲ့သည့်အထဲတွင် ပြဒါး ပါဝင်နေသည်ကို သတိရကြလေသည်။ ပန်းထိမ်ဆရာကြီးက-

"ကလေးခေါင်းက အနာကို ပြဒါးပါတဲ့ဆေးနဲ့ ထည့်တော့ ခေါင်းက ပြဒါးဓာတ်က လည်ပင်းက ရွှေဆွဲကြိုးဆီကို ဓာတ်ကူးလာပြီး ရွှေမှာ ပြဒါးပတ်နေတော့ ရွှေဆွဲကြိုးကနေ ပြဒါးရောင် ငွေရောင် ပြောင်းသွားပြီး မင်းတို့တွေ ဟိုလိုလို ဒီလိုလို တွေးထင်နေကြတာပေါ့ကွာ" ဟု ဆိုလေသည်။

"နောင်ကို ပြဒါးပါတဲ့ဆေး (သို့) ပြဒါးပါဝင်နေတဲ့ ပစ္စည်းတွေနဲ့ရွှေကို အတူမထုးနဲ့၊ ထားရင် အခုလိုမျိုး ဖြစ်မှာပဲ" ဟု သတိပေးခဲ့ပါသည်။

နီဂုံးချုပ်တော့မယ်ဆိုတော့ စာရှုသူများ ကလေး ခေါင်းတွင် ပေါက်သော အနာမီး၊ အနာစက်၊ အနာစဉ်၊ အနာစုံထွက်၍ မမျောက်နိုင်၊ မကင်းနိုင်၊ ဆေးစုံ၊ ဆရာစုံ နေတဲ့ ခေါင်းအနာကို ဘာဆေးနဲ့များ ဒီလောက်မြန်ဆန်စွာ ကောင်းသွားသလဲဟု သိချင်နေကြမည်ဟု ထင်ပါသည်။

ပြောပါမည်။ အဲဒီ အစွမ်းထက်တဲ့ ဆေးက်တော့ ပြဒါးတစ်မူးသား (သို့) လေးပဲသားကို ကွမ်းရွက်တစ်ကျပ်သား နဲ့ ကောလီကျအောင်ကြိတ်ပြီး ခေါင်းက အနာကို ထည့်ပေးခြင်းဖြစ်ပါသည်။ လွန်စွာ လျင်မြန်ပျောက်ကင်းပါသည်။

သို့သော် ယနေ့ခေတ် ဆေးသိပ္ပံအမြင်အရ ပြဒါးသည် ကြောက်စရာကောင်းလှသည့် ပြဒါးဆိပ်သင့်ခြင်းကို ဖြစ်စေပါသည်ဟု အတိအလင်း ဆိုထားပါသည်။

ဒီနေရာမှာ ရိုးရာအဂ္ဂရတ် ဓာတ်ပညာနည်းစနစ်ဖြင့် ပြဒါးကို နှိုင်နင်းတဲ့ ကွမ်းရွက်က ပြဒါးရဲ့ (၄) ဆ (သို့) (၈)ဆ ခန့်ကဲပြီး ပြဒါးအဝိုးကို သတ်ထားခြင်းက မြန်မာဂန္ဓိရ အဂ္ဂရတ်ဓာတ်ပညာ၏ ဆန်းကြယ်လှစွာသော လျှို့ဝှက်နည်း ပညာတစ်ခုဖြစ်ပြီး ၎င်းကို သူ့နေရာနှင့်သူ အံဝင်ခွင်ကျ အောင် အသုံးချ ကုသခဲ့ခြင်း ဖြစ်ပါသည်။

(ဝါသနာရှင်တိုင်း ဆန်းကြယ်နက်နဲသည့် ဂန္ဓိရ ဆေးပညာရပ်များကို ဖော်ထုတ်ပြီး လက်တွေ့ အစွမ်းထက် မြက်စွာ အသုံးချနိုင်ကြပါစေ။)

ဦးမင်းဇင် (ရွှေနဝင်း)

❑

ငှက်ပျောဖူးသုပ်

ပါဝင်သောပစ္စည်းများ

(၁) ငှက်ပျောဖူး တစ်ဖူး (၂) ပဲဆီ နှစ်ကျပ်ခွဲသား (၃) ကြက်သွန်နီ လေးဥ (၄) ကြက်သွန်ဖြူ နှစ်ဥ (၅) ပုစွန်ခြောက်မှုန့် နှစ်ကျပ်ခွဲသား (၆) ငံပြာရည်(အကောင်းစား) သင့်တော်ရုံ (၇) ပဲမှုန့် အကျက်မှုန့် စတီးဇွန်း တစ်ဇွန်း (၈) ဟင်းခတ်မှုန့် အနည်းငယ် (၉) ဂရုတ်သီးမှုန့် အနည်းငယ် (၁၀) မန်ကျည်းသီး လက်တွင်းတစ်ဆုပ်စာခန့်။

ပြုလုပ်ပုံ ပြုလုပ်နည်း

(က) ငှက်ပျောဖူး အရင့်ဖတ်များကို ခွာ၍ အတွင်းသား အနုဖတ်ကလေးများကို ပါးပါးလှီးပြီး ရေစိမ်ထားပါ။

(ခ) ကြက်သွန်နီဥ နှစ်လုံးနှင့် ကြက်သွန်ဖြူတို့ကို ရောရွံ့ ဆီချက် ချက်ပါ။ ကျန်သည့် ကြက်သွန်နီဥ နှစ်လုံးကို ပါးပါး လှီးထားပါ။

(ဂ) ငှက်ပျောဖူးတွင် အဖန်ရည်များကုန်သော်အခါ ရေညှစ်၍ ဆီချက်၊ ကြက်သွန်နီ၊ ပဲကျက်မှုန့်၊ ပုစွန်ခြောက်၊ ငံပြာရည်၊ ဟင်းခတ်မှုန့်၊ ဂရုတ်သီးမှုန့်၊ မန်ကျည်းရည်တို့ ထည့်၍ ရောနယ်ပါ။

သက်သတ်လွတ်သမားများ ပုစွန်ခြောက်နှင့် ငံပြာရည် မထည့်ဘဲ စားသုံးနိုင်ပါသည်။

ဆေးဖက်ဝင်ပုံ မှတ်စု

ငှက်ပျောဖူးသည် ချို၏၊ ဖန်၏၊ အေး၏။ သွေးအန်၊ သွေးကျ ရောဂါ၊ ခြောင်းဆိုးသွေးပါ ရောဂါ၊ အပူခြောင်းဆိုး ရောဂါ၊ လေပူ ရင်ပူ ရောဂါ၊ သွေးဝမ်းသွားရောဂါ၊ သွေးဒူလာ ရောဂါ၊ သွေးလွန် သွေးလှန်ရောဂါ၊ ဆီးနည်း ဆီးချိုရောဂါ တို့ကို သက်သာပျောက်ကင်းစေနိုင်ပြီး အထူးသဖြင့် သွေးဝမ်း သွားရောဂါအတွက် ကောင်း၏။

ငှက်ပျောဖူးကို သုပ်စားခြင်းအပြင် ပြုတ်တို့စား၊ ဟင်း ချက်စား၊ ချဉ်ဖတ်၊ သနပ် လုပ်၍လည်း စားနိုင်သည်။

မှတ်ချက်

ငှက်ပျောဖူးသုပ်နှင့် တွဲဖက်စားသုံးလျှင် အစာအဆိပ် ဖြစ်စေနိုင်သည့် တွဲဖက်မစားသင့်သော အစာအာဟာရမှာ 'မြို' ဖြစ်ပါသည်။

ဆရာဦးနှင့်ကျော်

❑

www.burmeseclassic.com

www.burmeseclassic.com



ချင်း(ဂျင်း)တက်
၏
ဂေးပက်ဝင်ပို့နှင့် သဘာဝကုထုံး
သန်းဘဝ်ဒိုး

မြန်မာ့ရိုးရာ နှန်းတွင်းဆေး သဘာဝအလျောက် ရှိနေသော အပင်အရွက်၊ အပွင့်အခေါက်၊ အမြစ်၊ အသီးတို့ကို ဖော်ယူလျက် ရိုးရာကုထုံးများဖြင့် တွင်ကျယ်လာသည်မှာ နှစ်ပေါင်းထောင်ချီရှိခဲ့ပေပြီ။ မီးဖိုချောင်သုံး၊ ဟင်းသီးဟင်းရွက်များမှ လူသားတို့ သက်ရှည်ကျန်းမာရေးအတွက် စွမ်းအားပေးသော (ဥပမာ) ကာဗွန်ဖော့၊ မြို့နတို့၊ စူလာနဖာ၊ ကြက်ဟင်းခါးသီး၊ သခွားသီး၊ မင်းကွတ်သီး၊ ရှောက်သီး၊ ချင်းတက်၊ ဆန္ဒင်းခါး စသည်တို့သည် လွန်စွာတန်ဖိုးကြီးလှပါသည်။

သဘာဝပေါက်ပင်ဆိုပေမယ့် ကတိ၊ သစ္စာ၊စေတနာတို့ပေါင်းစပ်ပြီး အဓိဋ္ဌာန်သောအခါ အလွန်ပင် စွမ်းအင်၊ ဂုဏ်အင်ကြီးမားသော ဆေးဖက်ဝင်ပစ္စည်းများ ရရှိလာပါသည်။ ထို့ကြောင့် အရှေ့တိုင်းဆေးပညာရပ်တွင် မြန်မာ့ရိုးရာတိုင်းရင်းဆေးများ နာမည်ကြီးလာခြင်း ဖြစ်သည်။ ရှေးနှစ်ပေါင်းများစွာမှ ဆရာကြီးဇီဝကနှင့် အဆက်ဆက် ဆရာကြီးများ၏ ဂုဏ်ကျေးဇူးကြောင့် မြန်မာ့တိုင်းရင်းဆေးသည် အခွန့်ရှည် အောင်မြင်တည်တံ့လာပြီး ရိုးရာကုထုံးများအပြင် ဝိဇ္ဇာပညာရပ်များ၊ ဂဠိရပညာရပ်၊ စိတ်ပိုင်းဆိုင်ရာပညာရပ်များ ပေါင်းစပ်ပြီး ထူးခြားအောင်မြင်စွာ သဘာဝကုထုံးများဖြင့် ကုသ အကောင်အထည်ဖော်လာနိုင်သည်မှာ သံသယ ရှိစရာမလိုပေ။

ကျွန်ုပ်တို့ နေ့စဉ်စားသုံးနေသော အစားအစာများထဲမှ ထူးခြားစွာ အာနိသင်ရှိသော ချင်း(ဂျင်း)တက် အကြောင်းကို ရေးသားတင်ပြလိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ချင်းကို ကမ္ဘာတစ်လွှား မီးဖိုဆောင်သုံးပစ္စည်းအဖြစ် လည်းကောင်း၊ မုန့်ပဲသရေစာလုပ်ငန်း အများအပြားတွင် တွင်ကျယ်စွာ အသုံးပြုလျက်ရှိကြောင်း သိရှိကြပေမည်။

မြန်မာတို့၏ အလှူမင်္ဂလာ၊ ပွဲနေ့ပွဲထိုင်များအတွက် ဂုဏ်သရေရှိစွာနှင့် ချင်းကို ကြိုက်သွန်၊ မြေပဲဆံ၊ နှမ်းတို့ဖြင့် ရောဖက်လျက် အလှူချင်းလက်ဖက်ခွက်အဖြစ် ဧည့်ခံနိုင်သည်။ ဘုန်းကြီးရဟန်းများအတွက် ဆေးအဖြစ် ညချင်းသုတ်အဖြစ် ဘုဉ်းပေးစေသည်။ ချင်းကို ဟင်းခတ်အမွှေးအကြိုင်အဖြစ်လည်းကောင်း၊ ယိုထိုးရှိလည်းကောင်း၊ ချင်းခြောက်ပြုလုပ်ရှိလည်းကောင်း၊ ချင်းဘီယာအရက်များ ချက်ရှိလည်းကောင်း စီးပွားဖြစ် ရောင်းချကြသည်။ ကမ္ဘာ့နိုင်ငံစုံ မုန့်လောကများတွင် ရေလည်းမယ်အမျိုးမျိုးအဖြစ် ထည့်သွင်းအသုံးပြုကြသည်။ (မြေပဲဆားလှော်၊ နေကြာကွာစီ၊ ရှောက်သီးဆေးပြား) တို့တွင် ရောစပ်အသုံးပြုလျက်ရှိပါသည်။

ချင်းပင်သည် အလွယ်တကူစိုက်ပျိုးရှင်သော အပင်တစ်မျိုးဖြစ်ပါသည်။ သဲဆန်သော မြေမျိုးကို ကြိုက်နှစ်သက်သည်။ ပူအိုက်စွတ်စိုသော ရာသီဥတုကို နှစ်သက်သည်။ ချင်းပင်သည် ပင်တက်ပင်ပျော့ဖြစ်၍ အမြင့်ပေ ၄-ပေ၊ ၅-ပေ လောက်ရှိတတ်သည်။ အရွက်မှာ ဓ-လက်မ ဝန်းကျင်ရှိပြီး လှံစွပ်ပုံသဏ္ဌာန်ရှိသည်။ ရွက်နားချွန်ပြီး ရွက်ရင်းသွယ်သော အမျိုးအစားဖြစ်သည်။ ချင်းပင်အား ပေါင်းအောင်ပြုရှင်သော်လည်းကောင်း၊ မြေအိုးထဲတွင်သော်လည်းကောင်း စိုက်ပျိုးနိုင်ပါသည်။

ချင်းပင် (ဂျင်းပင်)

ရုက္ခဗေဒအမည် - Zingiber Officinale Rose

မျိုးရင်း - Zing Beraeeab

မြန်မာအမည်- ချင်း (ဂျင်း)

အင်္ဂလိပ်အမည် - Ginger

ချင်းတက်

ချင်း၏ အရသာသည် စပ်သည်၊ ပူသည်၊ ချိုခါး အရသာ အေးသောသတ္တိရှိသည်။ ဝမ်းမီးကို တောက်စေသည်။ သည်းခြေ၊ သလိပ်၊ ဒေါသကိုနိုင်၏။ နှုတ်ကိုမြိန်စေတတ်၏။ ကြေကျက်လွယ်၏။ ဆီးဝမ်းကို ရွှင်စေ၏။ သုက်ကို ပွားစေ၏။ အဆိပ်ကို နိုင်၏။ ပြင်းထန်သော အနာပေါက်နာ၊ သန္ဓိပါတ်ရောဂါ၊ ချောင်းဆိုးနာ၊ ဖျားနာ၊ ပန်းနာ၊ ထိခိုက်ခြင်းတို့ကြောင့်ဖြစ်သော ရောင်တင်းသောအနာ၊ ရောဂါတို့ကို ပျောက်ကင်းစေ၏။ အသဲနာ၊ လေနာ၊ ရင်နာတို့ကို နိုင်၏။ အကျိုးမှာ ဓာတ်သက် သွေးတက်စာဖြစ်၏။

ချင်းပင်၊ ချင်းတက်ကို အသုံးပြုပုံ

အသံဝင်၊ အသံပျက်၊ လည်ချောင်းနာခြင်းများအတွက်

ချင်းတက်ကို ပါးပါး (၇) လွှာလှီး၍ ထန်းလျက် (၃) လုံးနှင့်ထည့်၍ ရေ ၃ ခွက်၊ ၁ ခွက်တင်ကျိုပြီး သောက်ပေးပါက အသံဝင်၊ အသံပျက်၊ လည်ချောင်းနာခြင်း ရောဂါများအတွက် မုချပျောက်ကင်းပါသည်။

တုပ်ကွေး၊ လည်ချောင်းနာ၊ ချောင်းဆိုးနာ၊ ချမ်းစိမ့်စိမ့်ဖျားခြင်းများအတွက်

ရာသီအပြောင်းအလဲကြောင့် ဖြစ်ပေါ်တတ်သော တုပ်ကွေးဖျားခြင်း၊ ချမ်းစိမ့်စိမ့်ဖျားခြင်း၊ လည်ချောင်းနာ၊ ချောင်းဆိုးခြင်းရောဂါများအတွက် ချင်းကို သုပ်စားပေးခြင်းအားဖြင့် Virus (ဗိုင်းရပ်စ်) ပိုးကြောင့်ဖြစ်သော ရောဂါများ တော်တော်များများ ပျောက်ကင်းစေပါသည်။

သွေးကြောကျဉ်း၊ နှလုံးရောဂါ၊ အသဲအဆီဖုံးရောဂါများအတွက်

ကိုယ်ခန္ဓာတွင်းရှိ သွေးထဲတွင် Cholesterol (ကိုလက်စထရော) များနေမှုကြောင့် ဖြစ်ပေါ်လာသည့် သွေးကြောကျဉ်းရောဂါ၊ နှလုံးရောဂါ၊ အသည်းအဆီဖုံးရောဂါများအတွက် ချင်းကို စားပေးခြင်းအားဖြင့် Cholesterol (ကိုလက်စထရော)များ လျော့နည်းနိုင်ပြီး အထက်ပါရောဂါများ ပျောက်ကင်းသွားနိုင်ပါသည်။

အချိုမကြောက်သူများအတွက် ချင်း (၇)လွှာ ပါးပါးလှီးပြီး ထန်းလျက်(၃)စနှင့် ကျိုက်သောက်ပါ။ အချိုမကြိုက်သူများအတွက် ချင်းကို ပါးပါးလှီး၊ ကြက်သွန်နီကို ပါးပါးလှီး၊ ဆီပြားနှင့် ညစဉ် သုပ်စားပါ။ အချိန်အတော်ကြာသော အခါ သွေးစစ်ဆေးကြည့်ပါက ကိုလက်စထရော သွေးထဲပါဝင်မှုနှုန်း လျော့နည်းသွားကြောင်း တွေ့ရမည်။

အသက်ရှည်ဆေးအဖြစ်

ချင်း၊ ပန်းသီး၊ ထောပတ်တို့ကို ရောချက်ပြီး စားသုံးပါက အသက်ကိုရှည်စေနိုင်ပါသည်။

နားကိုက်ရောဂါ၊ သွားကိုက်ရောဂါ၊ ဇက်ကြောတက်သူများအတွက်

နားကိုက်ရောဂါအတွက် ချင်းစိမ်း လေးရည်ကို

www.burmeseclassic.com

www.burmeseclassic.com

(နွေးနွေး)နားတွင် ခတ်ပေးခြင်းဖြင့် နားကိုက်ရောဂါ ပျောက်ကင်းစေပါသည်။ သွားကိုက်ရောဂါအတွက် ချင်းကို ပါးပါးလှီး၍ သွားကိုက်သောနေရာကို အုံပေးခြင်းဖြင့် ပျောက်ကင်းစေပါသည်။ ဇက်ကြောတက်ရောဂါအတွက် ချင်းပါးပါးလှီး၍ မီးအနည်းငယ်မြပါ။ ဇက်ကြောတက်သည့် နေရာတွင် ကပ်ပေးပါ။ ပျောက်ကင်း၏။

ခြေထိပ်နာများ၊ ခြေဖျားလေးများ အောင့်ခြင်းများ အတွက်

သွေးကြောပိတ်၍ ဖြစ်တတ်သော ခြေထိပ်နာ ခြေဖျားလေးများ အောင့်ခြင်းများ (Gangrene) အတွက် ချင်းစိမ်း (၂) ကျပ်ခွဲသားအား ပါးပါးလှီးပြီး အရက်ပုလင်းထဲတွင် စိမ်ပါ။ နံနက်တစ်ခွန်း၊ ညတစ်ခွန်း သောက်ပေးပါ။ ရောဂါပျောက်၏။ ၎င်းအနာပေါ်သို့ အရည်ကို လောင်းထည့်ပေးပါ။ သွေးကြောပိတ်ခြင်း၊ သွေးကြောကျဉ်းခြင်း ရောဂါများ ပျောက်ကင်းစေပါသည်။

ဓမ္မတာမှန်စေရန်၊ သားအိမ်ကျက်စေရန်၊ နှလုံးအားနည်းခြင်းအတွက် ကိုယ်ပူကျစေရန်အတွက်

အမျိုးသမီးများ ဓမ္မတာမှန်စေရန် ချင်းကို ပါးပါးလှီးပြီး ထန်းလျက်ခဲ (၃)ခဲကို သုံးခွက်တစ်ခွက်တင် ကျိုပြီး သောက်ပါ။ ကောင်းစွာပျောက်၏။

အမျိုးသမီးများ မီးဖွားပြီး သားအိမ်မကျက်ဘဲ ဖျားနာခြင်းအတွက် ထန်းလျက် (၂) ကျပ်သား၊ ချင်း (၁) ကျပ်သား၊ ရေ (၁) ပိသာကို တစ်ဝက်ကုန်အောင် ကျိုပါ။ တစ်ကြိမ်သောက်လျှင် (၂) အောင်စ သောက်ပေးခြင်းဖြင့် ရောဂါပျောက်ကင်းပါမည်။

နှလုံးအားနည်းသူများအတွက် ချင်းကို အရက်ဖြင့် ပြုလုပ်ထားသော ချင်းအရက်ကို သောက်ပေးပါက နှလုံးအားကောင်းလာပါလိမ့်မည်။

ကိုယ်ပူကျစေရန်အတွက် ချင်း၊ ထန်းလျက် ၃ ခဲ၊ ကွမ်းရွက် ၂ ရွက်၊ သုံးခွက်တစ်ခွက်တင်ကျိုပူပူသောက်ပေးခွေးမှုန်းထွက်လာပါက ရောဂါပျောက်ကင်းပါမည်။

လေကွဲဆေးအဖြစ် ဖော်စပ်ရန်

ချင်းခြောက် ၈ ပဲသား၊ ယမ်းစိမ်း (၃) ကျပ်သား၊ နွယ်ချို (၃) ကျပ်သား၊ (ပရုတ် တစ်ကျပ်ခွဲသား) မုတ်ခါး (၄)ပဲသား၊ သိန္ဓော (၂) ကျပ်ခွဲသား၊ ကျောက်ချဉ် (၂) ကျပ်ခွဲသား ညီတူညီမျှ ပုလင်းတစ်လုံးတွင်ထည့်၍ လျက်ဆား လှော်သလို လှော်ပါ။ လေတပြူးပြူးဖြင့် ကန်ထွက်လာပါလိမ့်မည်။

ပွေးရောဂါအတွက်

ချင်းခြောက် ၄ ပဲသား၊ ထန်းဖိုဥ ထန်းလျက် (၁၅) ကျပ်သား၊ ကလောသီးဆန် (၁၀) ကျပ်သား၊ ငရုတ်ကောင်း ၄ ပဲသား၊ ပိတ်ချင်း ၄ ပဲသားတို့ကို ရောမွှေကြိတ်ပါ။ ရလာသောဆေးကို ကွမ်းသီးလုံးလောက် လုံးထားပါ။ ပွေးရောဂါရှိသူအတွက် နံနက်/ည တစ်လုံးစီ စားပေးပါ။ ရောဂါပျောက်ကင်း သက်သာလာပါမည်။

လူသားတို့အတွက် ကျန်းမာခြင်းနှင့် အသက်ရှည်ရေးအတွက် လာဘ်တကာ လာဘ်မှာ ကျန်းမာရေးလာဘ်ကြီးပင်ဖြစ်သည်။ ထိုသို့ကျန်းမာစေရန်အတွက် ခေတ်မီဆေးဝါးများသော်လည်းကောင်း၊ ဗိုးရာဆေး (သို့) သဘာဝဆေးများဖြင့်သော်လည်းကောင်း အသက်ရှင်ရေးအတွက် ကုသကြရမည်။ ချမ်းသာသူများအတွက် ခေတ်မီဆေးဝါးများကို အချိန်မရွေး ကုသနိုင်သော်လည်း ဆင်းရဲနွမ်းပါးသူများအတွက် တန်ဖိုးနည်း၍ အကျိုးများသော သဘာဝကုထုံး ရိုးရာတိုင်းရင်းဆေးဝါးများဖြင့် ကုသပေးပါက အိုးနှင့်ဆန်တန်ရဲ့ သင့်တော်ကာကျပေမည်။ အထူးသဖြင့် ကျွန်ုပ်၏ ရှာဖွေထားသော အစာလည်းဆေး၊ ဆေးလည်းအစာအတွက် ဓနအင်အားနည်းသော အများပြည်သူများအတွက် အဓိကထားပါသည်။ စေတနာမေတ္တာထား၍ အခြားစေတနာရှင်များမှလည်း တိမ်မြုပ်ပျောက်ကွယ်နေသော သဘာဝဆေးများကို လက်ဆင့်ကမ်းဖော်ထုတ်၍ နိဒါန အသက်များကို ကယ်နိုင်ကြပါစေ။

ဆန်းစစ်ချက်

ကျမ်းကိုးစာရင်း

(၁) ရွှေတော်မူကျမ်း

(၂) ဆေးအဘိဓေန်အဖွင့်ကျမ်း

(၃) သမားတော်စာစောင်များ

(၄) စားပင်၊ သုံးပင် ဆေးဖက်ဝင်စာအုပ်များ

(၅) ကသစ်ဦး၊ နွယ်မြက်သစ်ပင်

www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာနိုက်တင်ဝေးလ်

ဂုပ်ဆည်ရုပ်ကာ နှင့် အဝေးပြေးဖါအဝါတရုံး

www.burmeseclassic.com

www.burmeseclassic.com

အမျိုးသမီးများကို ဂုဏ်ကျက်သရေ တင့်တယ်စေတဲ့ အမျိုးသမီးတို့ရဲ့ ကောင်းခြင်းငါးဖြာမှာ အသားအရေ၏ ကောင်းခြင်းနဲ့ ဆံပင်၏ကောင်းခြင်းလည်း ပါဝင်နေပါတယ်။

အမျိုးသမီးပဲဖြစ်ဖြစ်၊ အမျိုးသားများဖြစ်စေ လူတစ်ယောက်ရဲ့ ဥပဓိရုပ်အတွက်သာမက ကျန်းမာရေးအဓိကအရေးကြီးတယ်လို့ ဖော်ထုတ်ပြောဆိုနေကျ အရေပြားအကြောင်းမှာ အရေပြားအပြင် ဆံပင်၊ လက်သည်း၊ ခြေသည်းအကြောင်းတွေနဲ့လည်း သက်ဆိုင်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ အဲဒါတွေက ခန္ဓာကိုယ်ကို ဖုံးကွယ်ကာရံထားတဲ့ ပစ္စည်းတွေ ဖြစ်တာနဲ့အမျှ ကာရာတင် (Keratin) ဆိုတဲ့ ပရိုတိန်းတွတ် ပါဝင်တာချင်းလည်း တူညီနေပါတယ်။

တစ်နည်းအားဖြင့် အဲဒီ ကာရာတင်များလေ အကြမ်းခံနိုင်လေပါပဲ။ ဥပမာအားဖြင့် လက်ဖဝါး၊ ခြေဖဝါးဆိုရင် ထိတွေ့ကိုင်တွယ်မှု ဒဏ်ကို ခံနိုင်ရည်ရှိအောင်လို့ ကာရာတင်တွေ အထပ်လိုက် အထူကြီးရှိပါတယ်။

ဆံခြည်ပင်ဟာ အရေပြားထဲကနေ Hair Follicle ဆိုတဲ့ ဆံခြည်အိတ်က ထွက်လာတာပါ။ ဆံခြည်မျှင်ရဲ့ အတွင်းဘက်ဆုံးမှာ မယ်ဒါလာ (Medulla) ဆိုတဲ့အလွှာ ရှိပါတယ်။ အလွှာမဖြောရရင် ငှက်ပျောအူလိုအလွှာပါပဲ။ ပြီးမှ ကောတက်စ် (cortex)ဆိုတဲ့အလွှာ ရှိပါတယ်။ အဲဒီအလွှာကိုမှ ကျူတီကယ် (Cuticle) လို့ခေါ်တဲ့ ကာရာတင် (Keratin)တွေက ငါးကြေးခွံလို အထပ်လိုက်ကာရံထားတာ ရှိပါတယ်။

ဆံပင်ဟာ လူတစ်ယောက်အတွက် မရှိမဖြစ်ပစ္စည်း (Vital Organ) တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ရုပ်ရည်ရူပကာယ ဆွဲဆောင်မှုအတွက်တော့ လိုအပ်ပါတယ်။ နေရောင်ခြည်ကိုလည်း ကာကွယ်ပေးတဲ့အပြင် ဦးရေပြားရဲ့ အပူအအေးကို မျှတစေပါတယ်။

ဆံခြည်မျှင်အိတ်မှာ အာရုံကြောမျှင်တွေ အမြောက်အမြားရှိတဲ့အတွက် ဆံပင်က တစ်ဆင့် သိမ်မွေ့နူးညံ့တဲ့ အထိအတွေ့ကိုလည်း ခံစားရရှိ စေပါတယ်။

ဆံပင်တစ်ချောင်းရဲ့ သဘောသဘာဝကို ကျွန်မ အနှည်းငယ် ရှင်းပြပါ့မယ်။ 'ဆံပင်တစ်ချောင်းဟာ အမြဲတမ်း ရှင်သန်ကြီးထွားနေတာ မဟုတ်ပါဘူး။ ကြီးထွားရှင်သန်နေတဲ့ အဆင့်ရယ်၊ ပြီးတော့ ခေတ္တနားနေတဲ့ အဆင့်နဲ့ လုံးဝ ရှည်လျားခြင်းမရှိတဲ့ ဆံပင်ဆိုပြီး အဆင့် (၃)ဆင့်နဲ့ ရှိနေ တာပါ။

အကြမ်းအားဖြင့် လူတစ်ယောက်တွင် ဦးရေ ဆံပင်ပေါင်း တစ်သိန်းလောက်ရှိပါတယ်။ အဲဒီ တစ်သိန်းလောက်မှာ ခုနပြောခဲ့တဲ့ အဆင့် အမျိုးမျိုးမှာ သူအချိုးအစားလိုက် ရှိနေကြတာပါ။ ကျွတ်တဲ့ဆံပင်နဲ့ အသစ်ထွက်လာတဲ့ ဆံခြည်နှုန်းတွေဟာ ဒီလိုပဲ သဲသရာလည်နေကြတာပါပဲ။ လူတစ်ယောက်ဟာ အကြမ်းအားဖြင့် တစ်နေ့ကို ဆံပင်ချောင်းရေ (၅၀)ကနေ (၁၀၀)အထိ ပုံမှန် ကျွတ်တတ်ပါတယ်။

ဆံပင်ကျွတ်ရတဲ့ အကြောင်းကတော့ အများကြီးပါပဲ။ ငှက်ဖျားရောဂါ၊ အူရောင်နင်းဖျားရောဂါ စတဲ့ နာတာရှည် အပြင်းဖျားတဲ့ရောဂါတွေမှာ ဆံပင်ကျွတ်တတ်ပါတယ်။ သွေးအားနည်းရောဂါ အပါအဝင် အာဟာရချို့တဲ့တဲ့ရောဂါမှာလည်း ကျွတ်ပါတယ်။

အကြောင်းတစ်ခုခုကြောင့် ကင်ဆာဆေးတွေ သုံးစွဲရတဲ့အခါမှာလည်း ဆံပင်တွေ သိသိသာသာကို ကျွတ်ပါတယ်။

ဟော်မုန်းဓာတ် အပြောင်းအလဲကြောင့် အမျိုးသမီးတွေ ကိုယ်ဝန်ဆောင်စဉ်နဲ့ သွေးဆုံးပြီးတဲ့အခါတို့မှာ ဆံပင်ကျွတ်တတ်သလို အမျိုးသားများလည်း ထိပ်ပြောင်ပြီး ကျွတ်တတ်ပါတယ်။

အသက်အရွယ်ကြီးလာရင်လည်း ဆံပင်တွေ သိသိသာသာ ပါးလာတတ်သလို စိတ်ဖိစီးမှု များရင်လည်း ဆံပင်တွေ ကျွတ်ပြန်ပါရော။ S.L.E. ဆိုတဲ့ရောဂါတို့၊ လည်ပင်းအကျိတ်ရောဂါတို့ ရှိရင်လည်း ဆံပင်ပါးတတ်ပါတယ်။

ဆံပင်ဆိုတာက အချိန်တန်ရင် ကျွတ်မှာပါပဲ။ ဒါပေမဲ့ အချိန်မတန်ခင် ဆံပင်မကျွတ်ရလေအောင် တတ်နိုင်သမျှ ဂရုစိုက်ဖို့တော့ လိုအပ်ပါတယ်။ ဆံပင်ကျွတ်စေနိုင်တဲ့ ကိစ္စတွေကို သတိထားပြီး အတတ်နိုင်ဆုံး ရှောင်ရှားသင့်ပါတယ်။ အကြောင်းမရှိဘဲ ဆံပင်တွေကျွတ်ရင်၊ ပါးလာရင် ဆရာဝန်နဲ့ ပြသတိုင်ပင်ဖို့လိုတာပေါ့။

ဒါပေမဲ့ ဆံပင်ကျွတ်တိုင်းလည်း စိတ်ပူစရာတော့ မရှိပါဘူး။ တချို့ ဆံပင်ကျွတ်တဲ့ကိစ္စတွေဟာ သူ့ဘာသာသူ

www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းပြန်ပေါက် တတ်ပါတယ်။ စိတ်ပူရင်၊ စိတ်သောကတွေ များရင် ဆံပင် ပိုပြီးကျွတ်တတ်ပါတယ်။ မလိုအပ်ဘဲ တချို့ဆေးတွေကို အလွန်အကျွံ မသောက်သင့်ပါဘူး။ ဥပမာအားဖြင့် ငါးကြီးဆီလို့ အသိများတဲ့ ဗီတာမင်အေ အားဆေးတောင့် အများကြီးသောက်ရင် ဆံပင်ကျွတ်တတ်ပါတယ်။

Androgenic Alopecia လို့ခေါ်တဲ့ နဖူးနဲ့ ငယ်ထိပ်ပြောင်ပြီး ဆံပင်ကျွတ်တာမျိုးကျတော့ ပြန်ပေါက်ဖို့ သိပ်မလွယ်ပါဘူး။ ဆေးတချို့ ရှိတယ်ဆိုပေမယ့် အပြည့်အဝ ပြန်ကောင်းနိုင်တယ်လို့တော့ အာမ မခံနိုင်ပါဘူး။

အရေးကြီးတာက ဆံပင်ကျွတ်တာဟာ အရေးကြီးတဲ့ တခြားရောဂါကြီးတွေ (ဥပမာ - SLE တို့၊ လည်းပင်းအကျိတ်ရောဂါတို့) နဲ့လည်း ပတ်သက်နိုင်တာမို့ ဂရုစိုက်ဖို့တော့ လိုအပ်ပါတယ်။

ဆံပင်ဟာလည်း သက်ရှိပစ္စည်းတစ်ခု ဖြစ်တာမို့ သူ ရှင်သန်ဖွံ့ဖြိုးဖို့အတွက် အာဟာရ လိုအပ်ပါတယ်။ ဒါကြောင့် အာဟာရ မျှမျှတတ စားပေးသင့်ပါတယ်။ အသားဓာတ်၊ ဟင်းသီးဟင်းရွက်နဲ့ သစ်သီးသစ်ဥတွေ ပြည့်ပြည့်ဝဝ စားပေးစေချင်ပါတယ်။

ဆရာဝန်တွေဟာ ဆံပင်ရဲ့အခြေအနေကို ကြည့်ပြီး တော့တောင် လူတစ်ယောက်ရဲ့ ပင်ကို ကျန်းမာရေးကို ခန့်မှန်းတတ်ကြပါတယ်။

ဥပမာ- အာဟာရချို့တဲ့သူရဲ့ ဆံပင်တွေဟာ ပါးနေတတ်ပါတယ်။ မွဲခြောက်ခြောက်၊ ဖြူရော်ရော်နဲ့ အဆီမရှိသလိုလည်း တွေ့ရတတ်ပါတယ်။ ဒါကြောင့် ဗီတာမင် E အပါအဝင် အားဆေးတွေလည်း လိုအပ်သလို မှီဝဲသင့်ပါတယ်။

ရေများများ သောက်ပေးခြင်း၊ အားကစား လေ့ကျင့်ခန်းများ ပုံမှန်လုပ်ပေးခြင်းအားဖြင့်လည်း ဆံပင်တွေကို ကျန်းမာစေတယ်လို့ ဆိုပါတယ်။

ခေါင်းမှန်မှန်ဖြီးတဲ့ ဆံပင်နဲ့ တစ်ခါတစ်ရံမှဖြီးတဲ့ ဆံပင် ကွာခြားပါတယ်။ ခေါင်းဖြီးခြင်းအားဖြင့် ဆံကေသာဟာ သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်းနဲ့ ကြည့်လို့ကောင်းတဲ့အပြင် စိတ်ကြည်လင်မှုရရှိပြီး ဆံခြည်နဲ့ ယှဉ်တွဲနေတဲ့ အဆီအိတ်တွေကိုလည်း လှုံ့ဆော်ပေးတာကြောင့် အဆီတွေ ပိုထွက်လာပြီး ဆံပင်တွေဟာ သဘာဝအတိုင်း ပိုမိုချောမွေ့ ပြောင်လက်စေတယ်လို့ ဆံပင်ပညာရှင်များက ဆိုပါတယ်။ ဒါကြောင့်မို့ ဆံပင်ကို သန့်ရှင်းတဲ့ ဘီးနဲ့ ပုံမှန်ဖြီးသင့်ပါတယ်။

အမျိုးသားများအတွက် ဘီးရွေးချယ်မှုက သိပ်ပြီး မလိုအပ်ပေမယ့် အမျိုးသမီးများအတွက် သူနေရာနဲ့သူ အသုံးပြုသင့်တဲ့ ဘီးအမျိုးအစား ဒီဇိုင်းပုံစံ အမျိုးမျိုး ရှိပါတယ်။

ဆံပင်အုံ ထူသလား၊ ပါးတဲ့ ဆံပင်လား၊ ဖြောင့်စင်းတဲ့ ဆံပင်လား၊ ဆံပင် အကောက်လား၊ ကိုယ့်ရဲ့ဆံပင်က နူးညံ့ပျော့ပျောင်းသလား၊ ဒါမှမဟုတ် ကြမ်းတမ်းသလား၊ ကိုယ့်ရဲ့ဆံပင်နဲ့ သင့်တော်တဲ့ဘီး သုံးတာကအစ စနစ်တကျ ရှိဖို့တော့ လိုအပ်ပါတယ်။

ခေါင်းဖြီးတဲ့အခါ အကြေးခွံ သေးသေးလေးတွေ လိုမျိုး ဖွာပြီးကျတာကို အင်္ဂလိပ်လို Damdruff လို့ ခေါ်ပါတယ်။ ယားလည်း ယားတတ်ပါတယ်။ အရေပြားမှီတစ်မျိုးကြောင့် ဖြစ်ရတာပါ။

သာမန်ဖြစ်ရိုးဖြစ်စဉ် ဟောက်ထတာမျိုးအပြင် HIV ပိုးရှိသူတို့၊ အာဟာရချို့တဲ့သူတွေမှာ ဆိုရင်တော့ ပိုပြီး အတွေ့ရများတတ်ပါတယ်။

လပြည့်ဝန်းမဂ္ဂဇင်း (စက်တင်ဘာလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

Ketoconazole ဆိုတဲ့ မှိုသတ်ဆေးပါတဲ့ ခေါင်းလျှော်ရည်တို့၊ Selinium Suphide ပါတဲ့ ခေါင်းလျှော်ရည်တို့ သုံးပေးရင် သက်သာနိုင်ပါတယ်။

ဒီခေါင်းလျှော်ရည်တွေ သုံးတဲ့အခါ တခြားသာမန် ခေါင်းလျှော်ရည်တွေ သုံးသလို ချက်ချင်း ရေလောင်းချခြင်းမပြုဘဲ နည်းနည်းကြာကြာလေး ဥပမာ- (၅)မိနစ်လောက်နေပြီး ရေလောင်းချမှ ဆေးအာနိသင် ရရှိနိုင်ပါတယ်။

ပြီးတော့ ခရီးဖော်များရဲ့ ခေါင်းမှာ သန်းရှိတာ တကယ့်ကို ပြဿနာပါ။ ကလေးတွေမှာ အဖြစ်များပေမယ့် **လူကြီးတွေ အထူးသဖြင့် အမျိုးသမီးတွေမှာလည်း သန်းစွဲတတ်ပါတယ်။ ဦးထုပ်တို့၊ ဘီးတို့၊ ခေါင်းအုံးတို့ကတစ်ဆင့် ကူးတာလည်း များပါတယ်။**

ပိုးသတ်ဆေးလို့ အသိများတဲ့ 0.5 ရာနှုန်း ပြင်းအားရှိတဲ့ မာလာသီယွန် (Malathion) ကို ခေါင်းမှာ အုန်းဆီလိမ်းသလို တစ်ပတ်ကို တစ်ကြိမ်လောက်နဲ့ နှစ်ပတ်လောက် လိမ်းပေးရုံနဲ့ သန်းရော၊ သန်းဥရော အလွယ်တကူ ကင်းစင်နိုင်ပါတယ်။

နောက်တစ်မျိုးကတော့ လင်ဒိန်း (Lindane)- ပိုးသတ်ဆေး (၁)ရာခိုင်နှုန်းပါတဲ့ ဆေးရည်နဲ့ ခေါင်းကို သုံးလေးမိနစ်အကြာလောက် လိမ်းထားပြီး လျှော်ပေးမယ် ဆိုရင်လည်း သက်သာနိုင်ပါတယ်။

ကိုယ်ဝန်ဆောင်မိခင်နဲ့ နို့တိုက်မိခင်တွေကိုတော့ ဒီပိုးသတ်ဆေးတွေ မသုံးသင့်ပါဘူး။ အများသိကြတဲ့ ဘီးစိပ်နဲ့ ခေါင်းကို မှန်မှန်တိုက်ရင်လည်း ရပါတယ်။ သန်းဥတွေက ကျန်ခဲ့နိုင်တာမို့ **အဖြစ်ပြတ်အောင် မှန်မှန်တိုက်ပေးဖို့**တော့ လိုအပ် ပါတယ်။

သန်းပြန်မစွဲအောင် တစ်ကိုယ်ရေ သန့်ရှင်းရေး ကောင်းဖို့နဲ့ ဘီး၊ ဦးထုပ်၊ ခေါင်းအုံး စတာတွေကို အရောရော အနှောနှော မသုံးမိဖို့လည်း အရေးကြီးပါတယ်။

အသက် (၅၀)ကျော် ပုဂ္ဂိုလ်တစ်ဝက်လောက်မှာ အနည်းနဲ့အများ ဆံပင်စပြီးဖြူတာ ဇရာအရ ဖြစ်ပေမယ့် အသက်(၃၅)နှစ်မတိုင်ခင် ဆံပင်ဖြူတယ်ဆိုရင်တော့ အဲဒါကို ဆေးပညာအရ Premature greying လို့ ခေါ်ပါတယ်။

အဲဒီလို ဆံပင်စောပြီးဖြူစေတာဟာ မျိုးရိုးလိုက်ပြီး ဖြစ်တာမျိုးရှိသလို တခြားရောဂါလက္ခဏာတွေနဲ့ စုပေါင်းပြီး

ဖြစ်တဲ့ ဆင်ဒရုန်း (Syndrome) တွေကြောင့်လည်း ဖြစ်နိုင်ပါတယ်။

ဖြစ်နိုင်ခြေ အများစုကတော့ အာဟာရ မမျှတတဲ့အခါ ဆံပင်ဖြူတတ်ပါတယ်။ သွေးထဲမှာ သံဓာတ်၊ သွပ်ဓာတ် ချို့တဲ့ရင်လည်း ဆံပင်ဖြူစေပါတယ်။

အာယုဗေဒ ဆေးစာတမ်းတစ်ခုမှာတော့ လက်ဖက်ရည်၊ ကော်ဖီ၊ အရက်၊ အပူအစပ်နဲ့ ဆီကြော်မုန့်တွေ အလွန်အကျွံ စားသုံးရင်လည်း ဒီလို အရွယ်မတိုင်ခင် ဆံပင်ဖြူစေတတ်တယ်လို့ ဆိုပါတယ်။

ဆံပင်နဲ့ပတ်သက်ပြီး ဆံပင်သန့်စင်အောင် လျှော်ကဲ့ခေါင်းလျှော်ရည် (Shampoo)၊ ဆံပင်ပျော့ပျောင်း နူးညံ့စေတဲ့ဆေး (Conditioners)၊ ဆံပင်ကို အရောင်ပြောင်းလဲစေတဲ့ ဆံပင်ဆိုးဆေးအမျိုးမျိုး (Hair dyes)၊ ဆံပင်အရောင်ချွတ်တဲ့ ချွတ်ဆေး (Bleaches)နဲ့ ဆံပင်ဖြောင့်ဆေး (Hair Straighteners)တို့ ရှိတယ်မဟုတ်လား။

အလှပြင်ပစ္စည်းတစ်ခုမှာ သူ့ရဲ့အဓိက ပင်မစစ္စည်းအပြင် အဲဒီပစ္စည်းကို ကြာရှည်ခံအောင်၊ ပိုးမွှားတွေ မဝင်အောင် (Preservatives) ဆိုတာလည်း ပါရပါသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒါ့အပြင် ပစ္စည်းရဲ့ အသုံးပြုမှုနဲ့ အဆင်ပြေမယ့် အနုံတစ်ခုခု ထည့်ပေးရပါတယ်။

အလှကုန်ပစ္စည်းတစ်ခုမှာ ထုတ်လုပ်တဲ့ ကုမ္ပဏီက အဲဒီပစ္စည်းဘူးအပေါ်မှာ ပါဝင်တဲ့ ပစ္စည်းစာရင်း (Ingredients)ကို ဖော်ပြထားတတ်ပါတယ်။ အဲဒီပစ္စည်းတွေကြောင့် အခန့်မသင့်ရင် ဖြစ်တတ်တဲ့ အရေပြား ပြဿနာတွေမှာ အဖြစ်အများဆုံး ဖြစ်တယ်ဆိုတဲ့ အရေပြား ယားကျဉ် ရောင်ရမ်းမှုပါပဲ။

အလှပြင်ပစ္စည်းနဲ့ ထိတွေ့တဲ့ နေရာမှာ ကွက်ပြီး အရေပြား ရောင်လာပြီးတော့ ယားသလိုလို၊ ကျဉ်သလိုလို၊ ပူသလိုလို၊ စပ်သလိုလို၊ စူးသလိုလို နေရခက်တဲ့ ပြဿနာပါ။ ဆံပင်ဖြောင့်ဆေးတွေက ပိုပြီး ဒီပြဿနာကို ဖြစ်စေပါတယ်။

ပစ္စည်းတစ်ခုနဲ့တစ်ခု မတူပါဘူး။ တချို့ အလှပြင်ပစ္စည်းက တစ်ခါသုံးတာနဲ့ပဲ မတည့်မှန်း သိသာပါတယ်။ တချို့ အလှပြင်ပစ္စည်းကျတော့ အကြာကြီးသုံးမှ၊ ခဏခဏသုံးမှ ဒီပြဿနာပေါ်တတ်ပါတယ်။ 'Cumulative irritation လို့ ခေါ်ပါတယ်။

တချို့ အလှပြင်ပစ္စည်းတွေကို သုံးစွဲတဲ့အခါမှာ နာရီဂဂ်၊ တစ်နာရီအတွင်းမှာပဲ ချက်ချင်းဆိုသလို အင်ဖျဉ်လို ယားယံဖုတွေ ထွက်လာတာမျိုး ရှိတတ်ပါတယ်။ သာမန်အားဖြင့် ဒီလိုမတည့်တဲ့အခါ ယားပြီး အဖုအပိမ့်ထွက်တာလောက်ပဲ ရှိပါတယ်။ အဲဒါအပြင် သိပ်ပြင်းရင်တော့ နှာရည်ယိုတာ၊ မျက်စိရောင်တာတွေအပြင် အသက်ရှူကျပ်ပြီး အသက်အန္တရာယ်တောင် ရှိပါတယ်။

အဲဒါအပြင် အလှပြင်ပစ္စည်းနဲ့ ပထမတော့ တည့်သလိုလို ဘာမှပြဿနာမဖြစ်ပေမယ့် နောင်တစ်ချိန် အဲဒီပစ္စည်းကို ပြန်သုံးတဲ့အခါ မတည့်တော့ဘဲ အရေပြား ရောင်ရမ်းပြီး နှင်းခူ ဖြစ်တတ်မါတယ်။ Allergic Contact Dermatitis လို့ခေါ်ပါတယ်။ အလာဂျိဖြစ်တယ်လို့ပဲ ပြောရင် ရပါတယ်။

အဲလှပြင်ပစ္စည်းမှာပါတဲ့ အမွှေးနံ့အတွက် ထည့်ရတဲ့ ဓာတုပစ္စည်းနဲ့ ကြာရှည်ခံအောင် ထည့်သုံးရတဲ့ Preservatives ဆိုတဲ့ ဓာတုပစ္စည်းတွေကြောင့် ဖြစ်တာပါ။

တချို့ကျတော့လည်း အဲဒီပစ္စည်းတွေကြောင့် နေရောင်နဲ့ ထိတွေ့တဲ့နေရာတွေမှာ အသားလောင်သွားတာ မျိုးလည်း ရှိတတ်ပါတယ်။ မသုံးစွဲခင် ပစ္စည်းရဲ့ အရည်အသွေးကို ဦးဆုံးအကဲခတ်ဖို့ လိုပါတယ်။ အန္တရာယ်ကင်းပါတယ်ဆိုတဲ့ စာတန်းပါ၊ မပါပေါ့။ ဒါ့အပြင် ထုတ်လုပ်သူရဲ့ အသုံးပြုပုံလမ်းညွှန်ကိုလည်း သေချာလိုက်နာဖို့ လိုအပ်ပါတယ်။

အထူးသဖြင့် ဆံပင် အလှပြုပြင်ရေးပစ္စည်းတွေ သုံးစွဲတဲ့အခါမှာ ဂရုစိုက်ဖို့ အထူးလိုအပ်ပါတယ်။ အခန့်မသင့်လို့ မတည့်ရင် ဘာလုပ်ရမလဲဆိုတာပါ တချို့ကုမ္ပဏီတွေက သေသေချာချာ လမ်းညွှန်ထားတာတွေ ပါတတ်ပါတယ်။

ပြဿနာ တစ်ခုရှိတာက တချို့လမ်းညွှန်တွေက ထုတ်လုပ်တဲ့နိုင်ငံရဲ့ ဘာသာစကားတွေ ရေးထားတော့ ရောင်းတဲ့သူကိုပဲ သေသေချာချာ မေးမြန်းစုံစမ်းသင့်ပါတယ်။ ဥပမာအားဖြင့် ဂျပန်လိုရေးထားတာ၊ ယိုးဒယားလို့ ရေးထားတာမျိုးပါ။

အလှကုန်ပစ္စည်းနဲ့ မာတ်မတည့်မှုတွေက ထုတ်လုပ်သူက ဘယ်လိုပဲ အထပ်ထပ်အခါခါ စမ်းသပ်ထားပါစေ၊ အခန့်မသင့်ရင် ကြုံတတ်၊ ဖြစ်တတ်ပါတယ်။

ဓာတုပစ္စည်းနဲ့ တည့်၊ မတည့် စမ်းသပ်တဲ့ (Patch Test)ဆိုတာ ရှိပါတယ်။ အလှကုန်မှာပါတဲ့ အသုံးများတဲ့ ဓာတုပစ္စည်းကို ကြယ်သီးပုံစံအရွယ် ပလတ်စတစ်ပြားလေးတွေမှာ ထည့်ပြီး နောက်ကျောမှာ သုံးရက်လောက် ပလာစတာနဲ့ ကပ်ပေးထားပြီး စမ်းသပ်တဲ့နည်းပါ။ မတည့်တဲ့ပစ္စည်း ရှိတဲ့နေရာမှာ ရဲပြီးရောင်ရမ်းနေတာ တွေ့ရတာမို့ အဲဒီပစ္စည်းပါတဲ့ အလှကုန်ကို ရှောင်နိုင်တာပေါ့။

အလှကုန်ပစ္စည်းတွေကို မတင်းနိုင်တဲ့ လူတွေအတွက် သုံးစွဲလို့ ထူးခြားမှုတစ်ခုခုဖြစ်ရင် ချက်ချင်းရပ်လိုက်ပါလို့ သတိပေးချင်မိပါတယ်။ တကယ်လို့ အဲဒီလို ရပ်လိုက်တာတောင် ပိုဆိုးလာတယ်ဆိုရင်၊ မသက်သာရင်တော့ တတ်ကျွမ်းနားလည်တဲ့ ဆရာဝန်နဲ့ ပြသတိုင်ပင်ပြီး ဆေးကုသမှု စောင့်ရှောက်မှု ခံယူကြစေချင်ပါတယ်။

ဒေါက်တာနိုက်တင်ဇေယ်

❑

www.burmeseclassic.com

www.burmeseclassic.com

တိရစ္ဆာန်များမှ လူသားများတို့ အတိုးပြုပုံ

သမားတော်ကြီး ဒေါက်တာသက်ဆွေ



မြန်မာ့မှီးရာ တိုင်းရင်းဆေးပညာ၌ တိရစ္ဆာန်များ၏ အသွေး၊ အသား၊ အရိုး စသည်များဖြင့် ဆေးဝါး ဖော်စပ်အသုံးပြုကြသည်များ ရှိပါသည်။ အချို့တိရစ္ဆာန်များအား ယဉ်ပါးအောင် မွေးမြူ၍ ခိုင်းစေကြရခြင်းများလည်း ရှိပါသည်။ ထို့ကြောင့် တိရစ္ဆာန်များမှ လူသားများ အကျိုးပြုပုံကို ရေးသား တင်ပြသွားမည် ဖြစ်ပါသည်။

ကြွက်

ကြွက်များသည် ကုန်းနေ ခြေလေးချောင်းသတ္တဝါ မျိုးနွယ်တွင် ပါဝင်ပြီး လူနေအိမ်များတွင် နေထိုင်၍ လူသုံးပစ္စည်းများကို ဖျက်ဆီးတတ်၏။ အစားအစာများကိုလည်း ခိုးယူ စားသောက်တတ်ကြ၏။ ကြွက်စားပြီး အစာကို စားမိပါက ရောဂါပိုးများ ကူးစက်တတ်၏။

ကြွက်များတွင် အိမ်ကြွက်၊ တောကြွက်ရှိပြီး တောကြွက်သည် အံကောင်ကြီး၏။ ကြွက်ဝမ်းဖြူ၊ ကြွက်စုတ်ဟူ၍လည်း ရှိသေး၏။

ကြွက်စုတ်များသည် နှုတ်သီးချွန်၍ တစ်ကောင်နှင့် တစ်ကောင် အပြိုးကိုက်၍ တန်းပြီးသွားတတ်ကြ၏။ ထိုကဲ့သို့ ကြွက်မြီးတန်းတွင် ရှေ့ဆုံးကောင်မှ ကိုက်လိုက်ပါက အဆိပ်တက်၍ သေတတ်သည်ဟု ဆိရှိရ၏။

ငင်းအပြင် ကြွက်ကတိုးဟုလည်း ရှိသေး၏။ ငင်း၏ အနံ့သည် ကတိုးနံ့နှင့်တူသဖြင့် ကြွက်ကတိုးဟု ခေါ်ဆိုကြ၏။ အဆိုးဆုံးသော မန်းကြွက်ခေါ် ကြွက်တစ်မျိုးလည်း ရှိသေး၏။ ငင်းမန်းကြွက်ကိုက်လျှင် အဆိပ်တက်၍ သေတတ်၏။ ငင်းအဆိပ်ကို ဆီးသီးစိမ်းဖြင့်ဖြေ၍ ပျောက်သည်ဟု ဥတုဘောဇနသင်္ဂဟကျမ်းကြီးမှ ပြဆိုထား၏။ ငင်းအပြင် သာရကောမုဒီကျမ်းတွင် ကြွက်များသည် ဇင်္ဂမအဆိပ်မျိုးတွင် ပါဝင်သည်ဟု ဖော်ပြထား၏။

ကြွက်များ၏ အကျိုးသွားအာနိသင် ဆေးဖက်ဝင်ပုံများမှာ ကြွက်သားသည် ချိဆိမ့်၏။ အားကိုဖြစ်စေ၏။ သုက်ကိုပွားစေ၏။ ကျင်ကြီး၊ ကျင်ငယ်တို့ကို ခိုင်စေ၏။ ချောင်းဆိုး၊ ရင်ကျပ်၊ ပန်းနာရောဂါတို့ကို ပျောက်ကင်းစေ၏။ ဓာတ်ကုန်ခန်းသော ရောဂါနှင့် မြင်းသရိုက်ရောဂါများကိုလည်း ပျောက်ကင်းစေ၏။

ဘေသဇမဉ္ဇူသာကျမ်း အလိုအားဖြင့် ကြွက်သားသည် သုက်ကိုပွားစေ၏။ အားအင်ကုန်ခန်းသော ခယရုပ်ရောဂါကိုနိုင်၏။ ကာမအားကို ပြည့်စေ၏။ အရိုးအဆစ်နာကျင်ခြင်းလည်း ပျောက်ကင်းစေ၏။

နယမာလာကျမ်းတွင်လည်း ကလေးသူငယ်နာရောဂါ၊ ဝမ်းဖော၊ ဝမ်းရောင်၊ ဝမ်းချုပ်ရောဂါများကို ကြွက်ချေး ၂ ပဲသား၊ ရွှေဖြူမြစ် ၂ ပဲသား၊ ရှိန်းခို ၂ ပဲသား၊ ဆီတံဖူး ၂ ပဲသား၊ လင်းလေ ၂ ပဲသား၊ ပဲစိပ်နို ၂ ပဲသား တို့ကို စုပေါင်းကြိတ်ပြီးလျှင် နှမ်းဆီဖြင့် ရော၍ တိုက်ပေးက ပျောက်၏။

ရှေးခေတ် တိုင်းရင်းသမားတော်ကြီးများကလည်း လူမမာကို ဓာတ်စာကျွေးရာတွင် 'တောမှာပျော်းပတ်

www.burmeseclassic.com

www.burmeseclassic.com

ဖွတ်၊ ပဒပ်၊ ကြွက်' ဟု စာဆိုပြုထားသည်ကိုလည်း သိရှိရ၏။

ကျွန်တော်များ အညာဒေသတွင် လယ်ကြွက်ကြီးများကို ဖမ်းယူပြီး ကင်၍လည်းကောင်း၊ ကြော်ချက်၍လည်းကောင်း စားသုံးကြ၏။ အချို့ပုဂ္ဂိုလ်များသည် လယ်ကြွက်များကိုဖမ်းပြီး ကင်၍လည်းကောင်း၊ ကြော်၍လည်းကောင်း စီးပွားဖြစ် ရောင်းစားကြ၏။

တောကြွက် (ဝါ) လယ်ကြွက်သားများကို အချို့ပုဂ္ဂိုလ်များက ကြက်သားနှင့် လဲ၍မစားနိုင်ဟု ဆိုကြ၏။ မည်သို့ပင်ဆိုစေ ကြွက်သားသည် ကျန်းမာရေးအတွက် များစွာအထောက်အကူပြုပေသည်။

ကြောင်

ကြောင်များသည် အိမ်မွေးသတ္တဝါများ ဖြစ်၍ လူတိုင်း သိပြီးဖြစ်ပါသည်။ ကြောင်များ၏ ထူးခြားချက်သည် မျက်လုံးပင်ဖြစ်သည်။ ကြောင်၏ မျက်လုံးသူငယ်အိမ်တွင် နေ့အခါကျဉ်း၍ ညအခါ ကျယ်လာသောကြောင့် ညအမှောင်ထဲတွင် အားလုံး မြင်ရသည်။ ညဦးအချိန် ကြောင်မျက်လုံးကို ဓာတ်မီးဖြင့် ထိုးကြည့်ပါက မီးရောင်ကဲ့သို့ တောက်နေသည်ကို တွေ့ရသည်။

ကြောင်ဟူသော ဝေါဟာရသည် မြန်မာဟောရာရဖြစ်သည်။ ကြောင်၊ ကျား၊ ခြင်္သေ့ စသည့် သတ္တဝါများသည် အသားစား သတ္တဝါများဖြစ်ပြီး မြန်မာဝေါဟာရအသုံးအနှုန်းအရ 'ကျားဆရာ ကြောင်' ဟုခေါ်သဖြင့် ကြောင်သည် ခေါင်းဆောင်ဖြစ်သည်။

သိပ္ပံဆရာများကလည်း ကျားနှင့် ခြင်္သေ့တို့သည် ကြောင်အုပ်စုဝင်များ ဖြစ်သည်ဟုဆို၏။ ကြောင်များသည် ကြွက်ဖမ်းရာတွင် အမြီးကိုမမြည်အောင်ဝှက်၍ ဖမ်းသဖြင့် ရ၏။ ကျားများကို သားကောင်ဖမ်းနည်း သင်ပေးရာတွင် အမြီးကို သိုသိပ်ထားရန် သင်မပေးသဖြင့် အမြီးသည် တဘုတ်ဘုတ်မြည်သောကြောင့် သားကောင်များ ပြေး၍ လွတ်ကုန်၏။

ထိုအခါ ကျားသည် ကြောင်က ပညာစုံသင်မပေး၍ဟု ဆိုကာ အမျက်ဒေါသထွက်ပြီး ကြောင်တွေ့လျှင် ကိုက်သတ်စားမည်။ ချေးတွေ့လျှင်လည်း စားမည်ဟု ကြိမ်မောင်းလေ၏။ ထို့ကြောင့် ကြောင်များသည် ယနေ့တိုင် ချေးပါပြီးတိုင်း ဖုံးအုပ်လေ့ရှိကြ၏။

ရှေးခေတ်က ခွေးဖိုး တစ်ထောင်၊ ကြောင်ဖိုး တစ်သိန်းဟု စာဆိုရှိသဖြင့် အိမ်မွေးတိရစ္ဆာန်များတွင် ကြောင်သည် တန်ဖိုးအကြီးဆုံးဖြစ်၏။ ကြောင်များသည် အိမ်ပူလျှင်လည်းကောင်း၊ အိမ်သားများ နာမကျန်းဖြစ်လျှင်လည်းကောင်း ထွက်သွားတတ်ကြ၏။ ခွေးများကတော့ လူ၏ဒုက်ကို ခံယူ၏။ ကြောင်များကဲ့သို့ မဟုတ်ပါ။ ထို့ကြောင့် လူ၏ဒုက် ခံသည်ဆို၏။

ကြောင်များသည် အိမ်တွင် ဖျက်ဆီးတတ်သော ကြွက်များကို ခုတ်စားသဖြင့် လူတို့၏ မိတ်ဆွေအဖြစ် သတ်မှတ်ထားသော်လည်း ကြွက်များသည် ကြောင်၏အစာဖြစ်၏။ တိရစ္ဆာန်လောကတွင် ကြောင်နှင့်ကြွက်၊ ကျီးနှင့် ခင်ပုပ်၊ ကြက်နှင့်ကင်းခြေများ၊ ဒေါင်းနှင့်မြွေ၊ မြွေပါနှင့် မြွေတို့သည် ကမ္ဘာ့ရန်ဖက်များ ဖြစ်ကြပေသည်။

ကြောင်များသည် အိမ်မွေးကြောင်နှင့် တောကြောင်ဟူ၍ ရှိပြီးလျှင် ကြောင်ခေါင်းတို့၊ ကြောင်နံ့သာ၊ ကြောင်ဝံပိုက်၊ ကြောင်ကတိုး၊ ကြောင်မြင်းဟု အမျိုးမျိုး ရှိ၏။ ဤတောကြောင်များသည် အိမ်မွေးကြောင်ကဲ့သို့ မယဉ်ပါးဘဲ တောတွင်း၌ အနေများ၏။ တစ်ခါတစ်ရံ ဘုန်းတော်ကြီးကျောင်း ဘုံများထဲတွင် လာနေတတ်ပြီး ဘုန်းကြီးကျောင်းမှ စွန့်ပစ်သော ဆွမ်းကျန်ဟင်းကျန်များ စား၍နေတတ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com

ကြောင်ကတိုးများသည် ၎င်းတို့၏ ကပွါယ်အိတ်မှ ကတိုးနံ့ရ၏။ ကြောင်ဝံပိုက်သည် ကြောင်အနက်များဖြစ်ပြီး အမွေးများနက်၏။ မျက်လုံးပါ နက်၏။ အချို့ခြေသည်းလက်သည်းပါ နက်လျှင် အစွမ်းထက်သည်ဟု သိရှိရ၏။ ခြေသည်းပါနက်သော ကြောင်ဝံပိုက်ကို အိုးတွင်ထည့်ပြီး အလုံပိတ်ထားပါက မကြာမီ သူ့အလိုလို ပြန်ထွက်နိုင်သည်ဟု သိရှိရ၏။

ကြောင်များ၏ အကျိုးသွားအာနိသင် ဆေးဖက်ဝင်ပုံကို ရသဝိပါက ကျမ်းအလိုအားဖြင့် ကြောင်သားသည် မွေး၏။ အားကို ဖြစ်စေ၏။ သည်းခြေကို ပျက်စေ၏။ လေကိုနိုင်၏။ မျက်စိနာ ပျောက်၏။ ဘာဝပွကာသ ဆေးကျမ်းမှ ကြောင်နံ့သာခေါ် ကြောင်ကတိုးသားသည် အားကို ဖြစ်စေ၏။ သုက်ကိုပွားစေ၏။ အရေပြားရောဂါများ၊ ကလေးသူငယ်နာရောဂါများပါ ပျောက်၏။ သွေးပျက်နာပါပျောက်၏။

နိဃဏ္ဏုရတနာကရကျမ်းအလိုအားဖြင့် ကြောင်ကတိုးသည် မျက်စိကို ကျေးဇူးပြု၏။ ချမ်းသာသုခကို ပေးတတ်၏။ သုက်ကို ပွားစေတတ်၏။ သုက်သွေးကိုလည်း ကျေးဇူးပြု၏။ ခန္ဓာကိုယ် ဝဖြိုးစေပြီး ကျက်သရေရှိစေ၏။ အဆိပ်သင့်နာ၊ ယားနာ၊ နူနာ၊ လည်ချောင်းနာ စသည်တို့ကို ပျောက်ကင်းစေ၏ဟု ဖော်ပြထား၏။

ကြောင်နှင့်ပတ်သက်သည့် ဆေးနည်းများကို ဖော်ပြရမည်ဆိုပါက နှစ်ရှည်လများ ခံစားနေရသော ပန်းနာ၊ ရင်ကြပ်ရောဂါ ဝေဒနာများကို ကြောင်သေတစ်ကောင်ကို မြေအိုးတွင်ထည့်ပြီး ဖွဲမီးဖြင့် ပြာကျအောင် ဖုတ်ပါ။

၎င်းပြာ ၅ ကျပ်သား၊ ပျားရည် ၁၀ သားဖြင့် တော်၍ စ၀်သား တစ်နေ့ (၂) ကြိမ်သောက်က အမြစ်ပြတ်ပျောက်၏။ ကိုယ်လက်နာကျင်ကိုက်ခဲ ဝေဒနာဖြစ်ပါက ကြောင်မွေး၊ ငှက်ခါးခြေး၊ နွားချို၊ ဆိတ်ဖူး၊ လင်းလေး၊ ဆေးဒန်း၊ ကန့်၊ ဆေးသူငယ်ချက်၊ တမာရွက်၊ လင်းနို့ခြေး အမျှစီစုပြာချ ပြီးလျှင် မုန်ညင်းဆီဖြင့်ဖျော်၍ လိမ်းပေးပါက အမြန်ဆုံး ပျောက်ကင်းစေ၏။

ကြောင်နှင့်ပတ်သက်သော ဆေးနည်းပေါင်း များစွာရှိသော်လည်း အမြွက်မျှ ဖော်ပြလိုက်ပါသည်။

ကျားသစ်



ကျားသစ်များသည် ကြောင်မျိုးနွယ်စုတွင် ပါဝင်၍ ကျား၊ ခြင်္သေ့တို့ကဲ့သို့ ကြောက်မက်ဖွယ်ကောင်းသော ကုန်းသတ္တဝါများဖြစ်သည်။ ကိုယ်ပေါ်တွင် တောက်ပြောင်သော ရွှေဝါရောင် အရေပြားပေါ်၌ အနက်ပြောက်များ ပါရှိသဖြင့် အလွန်လှပ၏။

ထို့ကြောင့် ကျားသစ်ရေကို အကျီများချုပ်၍ လည်းကောင်း၊ တဘက်အဖြစ် လည်းကောင်း၊ အမျိုးသမီးများ လက်ကိုင်အိတ်အဖြစ် လည်းကောင်း ပြုလုပ်သုံးစွဲကြ၏။

ကျားသစ်၏အရပ်သည် ၃ ပေခန့်ရှည်၍ လုံးပတ် ၂ ပေ ပတ်လည်ခန့်ရှိသည်။ အလျားမှာ ၇ ပေခန့် ရှည်ပါသည်။ သားစားသတ္တဝါများဖြစ်ပြီး သမင်၊ ဒရယ်၊ ဝိုင်၊ ဆတ် စသောသတ္တဝါများကို ဖမ်းယူစားသောက်ကြ၏။ ကျားသစ်များသည် အရပ်ဒေသကိုလိုက်၍ အရောင်များကွဲပြား၏။ ကျားသစ်များသည် အာရှတိုက်၊ အာဖရိကတိုက်၊ မာလာယုကျွန်းစုများတွင် ပေါက်ဖွား ကျက်စားကြ၏။ အမေရိကတိုက်၌ 'ဂျက်ဂွါး' ခေါ် ကျားသစ်တစ်မျိုးရှိပြီး ၎င်းကို သစ်ကျွတ် ဟုလည်းခေါ်ဆိုကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် တစ်ကိုယ်လုံး မဲနက်နေသော ကျားသစ်နက်လည်းရှိ၏။ အိန္ဒိယတောကြီးများတွင် ကျားသစ်နက်များ တွေ့ရှိရ၏။ ကျားသစ်နက်များသည် ကိလေသာနည်းပါးသည်ဟု သိရ၏။ ထို့ကြောင့် အိန္ဒိယယောဂီကြီးများသည် သစ်နက်ရေကို ခြုံကြ၏။ ကျားသစ်များ၏ အမွေးများသည် မထူမပါးရှိပြီး ချောချိနေ၏။

ကျားသစ်များသည် အလွန်လျင်မြန်သောကြောင့် သမင်များကိုပင် ဖမ်းနိုင်၏။ သစ်ပင်တက်လည်း ကျွမ်းကျင်သဖြင့် မျောက်များကိုပင် ဖမ်းနိုင်၏။ ကျားသစ်များသည် ကျားများထက် လျင်မြန်၍ ပရိယာယ်များ၏။ လူသား စားသော ကျားသစ်မရှိသော်လည်း လူနှင့်ရင်ဆိုင်တွေ့လျှင် ကုတ်ဖဲ့တတ်၏။ ရေအိုင်အနီး ခုံများထဲတွင် ပုန်းအောင်းနေတတ်ပြီး ရေသောက်ဆင်းသော သတ္တဝါများကို ဖမ်းယူစားသောက်တတ်၏။

ကျားသစ်နှင့် ကျားများ၏ ဆေးဖက်ဝင်ပုံမှာ တူညီကြ၏။ ကျားနို့ကို ရေနွေးနှင့်ဖျော်တိုက်ပါက အားကိုဖြစ်စေ၏။ ကျားသစ်နို့လည်း ၎င်းကဲ့သို့ အာနိသင်ရှိ၏။ ကလေးငယ်များ၊ ကျားသစ်ရိုးကို ဧသွေးတိုက်ပေးပါက သူငယ်နာရောဂါများ ပျောက်၏။ ကျားသစ်ရိုးသွေးပြီး သံပရာရည်ဖြင့် လိမ်းပေးပါက ကိုယ်လက်ကိုက်ခဲနာကျင်ခြင်းများ ပျောက်၏။ ကျားသစ်၏ ရင်၊ ဒူးခိုးကို မီးဖုတ်ပြာချပြီးလျှင် ၎င်းပြာနှစ်ပဲသားကို ချင်း(ဂျင်း)ရည် ခိုသားထဲထည့်၍ သောက်ပေးခြင်းဖြင့် သွေးတိုးခြင်း၊ အာရုံကြော ပိတ်ခြင်းများ ပျောက်ကင်းပြီး လေဖြတ်သောဝေဒနာများ ကင်းဝေးစေပါသည်။ ကျားသစ်၏ နှလုံးသားကို စားပေးပါက အားအင်ပြည့်ဖြိုး၍ ကိုယ်သားကိုယ်ရေ လှပစေပါသည်။

ကျားသစ်နှင့် ပတ်သက်၍ ကျန်းမာရေး အထောက်အကူပြုပေးသည့် ဆေးနည်းပေါင်းများစွာ ရှိသော်လည်း အမြွက်မျှ ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

သမားတော်ကြီး ဒေါက်တာသက်ဆွေ

"ပညာကို သေရာယူမသွားပါ"

ရွှေဟောင်း နန်းတွင်းအကြောဖွင့်ပညာကို သိပ်ပွန်းကျ (E.M.S) စက်ဖြင့်
စာတွေ့ (၂)လ၊ လက်တွေ့ (၁)လ အခမဲ့သင်ကြားပေးမည်။ စက်များပါ တီထွင်ထုတ်လုပ်လျက်ရှိသည်။

အမြန်ဆက်သွယ်ရန်_(သင်တန်းသား ကန့်သတ်ချက်ရှိသည်)

သမားတော်ကြီး ဒေါက်တာသက်ဆွေ

Ph-D (AYURVEDIC MEDICINE) (KOL-INDIA)

အကြောရောဝါ အထူးကုပါရဂူ

မှုတ်ချက် - သွေးတိုး၊ ဆီးချို၊ လေငန်း၊ လေဖြတ်ရောဂါများပါ ကုသပေးလျက်ရှိသည်။
နေ့စဉ် နံနက် (၉း၃၀)နာရီမှ ညနေ (၅း၃၀)ထိ တနင်္လာနှင့် ရုံးပိတ်ရက် ပိတ်သည်။

ညွှန့်မေဇ္ဈာသမဝါယမအသင်းလိမိတက်၊ ပုသိမ်ညွှန့်ရပ်ကွက် (၄)လမ်းထိပ်၊ သဲကွင်းရေ့ သမိန်ဗရမ်းလမ်း လမ်းမကြီးပေါ်
မင်္ဂလာတောင်ညွှန့်မြို့နယ်။ ☎ ၀၄ ၉၇၅၂၆၀၉၄

www.burmeseclassic.com

www.burmeseclassic.com

အင်အားမီရောဂါ

အောင်ဘုန်းမြင့် (ကချင်မြေ)

အအေးမိရောဂါ

လူကြီး၊ လူလတ်၊ လူငယ် လူတန်းစားမရွေး မလွတ်တမ်းဖြစ်တတ်သော ရောဂါများထဲတွင် အအေးမိရောဂါသည် ထိပ်ဆုံးကဖြစ်လေ၏။ တုပ်ကွေးဖြစ်တတ်သော ရာသီအကူးအပြောင်းမျိုးတွင် မထင်မှတ်ဘဲ ကောက်ရသလို ဖြစ်လာတတ်သော ရောဂါဖြစ်သော်လည်း ရက်အနည်းငယ်အတွင်း အလိုလို ပျောက်ကင်းသွားတတ်သည်။

အအေးမိရောဂါ စွဲကပ်လာလျှင် ခေါင်းကိုက်၊ နှာစေး၊ နှာပိတ်၊ နှာမွန်၊ နှာရည်ယို၊ ချောင်းဆိုးဖြစ်သော ကြောင့် ကိုယ်လက်အင်္ဂါ မအီမသာ နာတျင်ကိုက်ခဲတတ်၏။ မလုပ်ချင်၊ မကိုင်ချင် ဖြစ်လာတတ်၏။ တစ်ခါတစ်ရံ မစားချင်၊ မသောက်ချင် တရွတ်ရွတ် ဖြစ်နေတတ်၏။ အဆိုးရွားဆုံးမှာ အဖျား ရောဝင်လာတတ်ခြင်း ဖြစ်ပါသည်။

အအေးမိရောဂါ စွဲကပ်ခံရပါက အင်္ဂလိပ်ဆေး၊ တိုင်းရင်းဆေး၊ ရိုးရာဆေးတစ်မျိုးမျိုး သောက်သုံးလိုက်ရုံမျှဖြင့် ပျောက်ကင်းနိုင်သလို ရိုးရာအာဟာရဓာတ်စာကုန်းနှင့်လည်း ပျောက်ကင်း ချမ်းသာရနိုင်သည်။

အစွမ်းထက် အပျောက်မြန်သော အာဟာရဓာတ်စာကုန်းအချို့ကို အောက်တွင် တင်ပြထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ထန်းလျက်၊ ချင်း လက်ဖက်ရည်

အအေးမိ၍ နှာစေး၊ ချောင်းဆိုး၊ ကိုယ်လက်အင်္ဂါတစ်ကိုယ်လုံး ကိုက်ခဲနာကျင်ပြီး ချမ်းစိမ့်၊ ကိုယ်ပူတက်လာလျှင် ထန်းလျက်နှင့်ချင်း ရောကျိုပြီး လက်ဖက်အချို့ခြောက် သင့်ရုံခတ်ထည့်၍ ထန်းလျက်၊ ချင်း လက်ဖက်ရည် ဖျော်သောက်ပေးခြင်းဖြင့် ပျောက်ကင်းသိသာနိုင်၏။ တစ်နေ့လျှင် အနည်းဆုံး တစ်ကြိမ်မှ အများဆုံး သုံးကြိမ်အထိ သောက်သုံးပေးခြင်းဖြင့် အကျိုးထူးစေနိုင်သည်။

ရေအေးနှင့် မျက်နှာသစ်ပါ

နွေ၊ မိုး၊ ဆောင်း ရာသီဥတု ပြောင်းလဲလာသော်လည်း မပြောင်းလဲဘဲ နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် ရေအေးနှင့် ဆပ်ပြာကောင်းကောင်း အသုံးပြု၍ မျက်နှာသစ်ပေးခြင်းဖြင့် အအေးမိရောဂါကို ကာကွယ်နိုင်သည်။ ရေအေးနှင့် မျက်နှာသစ်ပေးသောကြောင့် မျက်နှာတွင် သွေးလည်ပတ်မှု ပိုမိုကောင်းမွန်စေပြီး ရောဂါကာကွယ်နိုင်သောစွမ်းအား မြင့်တင်ပေးနိုင်သည်။ အအေးဒဏ်ခံနိုင်သောစွမ်းအား ရှိလာစေနိုင်သည်။

ရေနွေးငွေ့ရှူပေးပါ

ပူကျက်နေသော ရေနွေးကို အဝကျယ်သော ပန်းကန်လုံးအနေတော်တွင် ထည့်ပါ။ အပူငွေ့ထောင်းထောင်းထနေသော ရေနွေးငွေ့ပန်းကန်လုံးပေါ် မျက်နှာငုံ့ထားပြီး ရေနွေးငွေ့ကို ရှူသွင်း၊ ရှူထုတ်သော လေကျင့်ခန်းကို မိမိတို့ ခံနိုင်သလောက် ပြုလုပ်ပေးနိုင်သည်။ ကိုယ်ခန္ဓာ နွေးထွေးသွားပါလိမ့်မည်။ တစ်နေ့ လေးကြိမ်၊ ငါးကြိမ် ပြုလုပ်ပေးခြင်းဖြင့် အအေးမိ၊ နှာစေးနှာမွှန်ခေါင်းမူးခေါင်းကိုက် ပျောက်ကင်းနိုင်သည်။

အိပ်ရေးဝအိပ်ပါ

လူ့သဘာဝတွင် အိပ်ရေးဝ အိပ်စက်ပေးခြင်းဖြင့် ကိုယ်ခန္ဓာရောဂါ ကာကွယ်ရေးစနစ် ခုခံအားကို ကောင်းမွန်စေနိုင်သော အတ်ဆစ်ဓာတ်တစ်မျိုး ထုတ်ပေးသည်ဟု ဆိုသည်။ သို့ဖြစ်၍ ကောင်းစွာအိပ်စက် အနားယူခြင်းသည်လည်း ရောဂါကုသနည်းတစ်နည်း ဖြစ်သည်။

အိပ်ရေးဝလျှင် ရောဂါဘယ ကင်းဝေးနိုင်သည်။ အထူးသဖြင့် နှာစေး၊ ချောင်းဆိုး၊ အအေးမိခြင်းကို ကာကွယ် ပေးနိုင်သည်။

တဆေးစားသုံးပေးခြင်း

YEAST မုန့်ပွဆေးခေါ် ပေါင်မုန့်ဖုတ်သောအခါ ထည့်သွင်း အသုံးပြုရသည့် တဆေးကို ဆေးဝါးအဖြစ် စားသုံးပေးလျှင် အအေးမိခြင်းကို ကောင်းစေနိုင်သည်။ တဆေးတွင် နှာစေး၊ နှာမွှန်၊ အအေးမိခြင်းကို ဖြစ်စေတတ်သော ရောဂါပိုးများ၏ မျိုးပွားပုံနှံ့ ကူးစက်နိုင်မှုကို ကာကွယ်ဟန့်တားပေးနိုင်သည့် ပဋိဆေးပစ္စည်းများ ပါဝင်သောကြောင့် ဖြစ်သည်ဟု ဆိုသည်။

ပျားရည်သောက်ပါ

ပျားရည်သည် ကျန်းမာရေးကို ကောင်းမွန်စေပြီး ခွန်အား၊ စွမ်းအားကို ဖြစ်စေ၍ အသက်ရှည်စေနိုင်သော သဘာဝဆေးတစ်ပါးဖြစ်သည်။

ပျားရည်၏ ဆေးအာနိသင်ကို ကျမ်းကြီး၊ ကျမ်းငယ် အများအပြားတွင် ဖော်ပြထားကြ၏။ ပျားရည်တွင် လွန်စွာအစွမ်းထက်သော ဇီဝဆေးပစ္စည်း မြောက်မြားစွာ ပါဝင်လေ၏။ ပျားရည်ကို နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် ရေနွေးနှင့်ဖြစ်စေ (သို့) ရေကျက်အေးနှင့်ဖြစ်စေ ဖျော်သောက်ပေးခြင်းဖြင့် အအေးမိရောဂါကို ကြိုတင်ကာကွယ်ထားနိုင်သည်။

ကြက်စွပ်ပြုတ်သောက်ပေးပါ

ကြက်စွပ်ပြုတ်သည် ကျန်းမာရေးကို ကောင်းစေနိုင်သည့်အပြင် အမျိုးမျိုးသော ရောဂါဘယများကိုလည်း

www.burmeseclassic.com

www.burmeseclassic.com

ကာကွယ်ပေးသည်။ အာခေါင်၊ လည်ချောင်းနှင့် အသက်ရှူလမ်းကြောင်းတွင် ဖြစ်ပွားတတ်သော ရောဂါများကို ကာကွယ်ထိန်းချုပ်ပေးနိုင်သည်ဟု ဆိုသည်။

လတ်ဆတ်သော ကြက်သားတွင် **လူ့ကျန်းမာရေး** အတွက် အရေးပါသော **AMINO ACID** အမိုင်နို အက်စစ်ဓာတ် ကြွယ်ဝစွာပါဝင်သည်။ သို့ဖြစ်၍ သွက်ရှိခန္ဓာကိုယ်အတွက် **အာဟာရဖြစ်စေပြီး** ရောဂါကာကွယ်တိုက်ထုတ်ပေးနိုင်သည့် **စွမ်းအား**ကိုလည်း မြှင့်တင်ပေးနိုင်သည်။

ကြက်သား၏ ထူးခြားသော ဆေးအာနိသင် တစ်မျိုးမှာ **အာခေါင်**လွှောလည်ပတ်မှုနှင့် နှာခေါင်းအတွင်း အရည်**စွတ်စိုစေမှု**ကို အားကောင်းစေသဖြင့် အသက်ရှူလမ်းကြောင်းရောဂါ ကင်းပစေပြီး အသက်ရှူ ကောင်းစေခြင်းဖြစ်သည်။

ထို့ကြောင့် ကြက်စွပ်ပြုတ်ရည် သောက်ပေးခြင်းဖြင့် အအေးမိရောဂါကို သက်သာကောင်းစေနိုင်၏။ ကြက်စွပ်ပြုတ်ရည်တွင် ဟင်းသီးဟင်းရွက် ခတ်သောက်ပေးပါက ပို၍ အကျိုးဖြစ်စေနိုင်ပါသည်။

ဟင်းခတ်အမွှေးအကြိုင်များ

လူ့သမိုဒ်းတွင် ဟင်းခတ်အမွှေးအကြိုင်ကြောင့် နယ်ချဲ့စစ်ပွဲပေါင်း များစွာ ဖြစ်ခဲ့၏။ အနောက်တိုင်း လူဖြူများက အရှေ့တိုင်းနှင့် အခြားဒေသများမှ ဟင်းခတ်အမွှေးအကြိုင်များကို အလုအယက် ယူငင်ရောင်းဝယ် ဖောက်ကားခဲ့ကြ၏။ ဟင်းခတ်အမွှေးအကြိုင်များကြောင့် ကမ္ဘာကြီးကို ဆက်စပ်စေခဲ့ခြင်း ဖြစ်သည်။ ယခုအခါ ဟင်းခတ်အမွှေးအကြိုင်များသည် ကမ္ဘာ့ကုန်သွယ်ရေးတွင် ကြီးမားသည့်ကဏ္ဍမှ ပါဝင်လျက်ရှိလေ၏။

ငရုတ်ကောင်း၊ ငရုတ်သီးခြောက်၊ ချင်းစိမ်း၊ ကြက်သွန်ဖြူများသည် ခွဲပျော်စေပြီး နှာစေး၊ ချောင်ဆိုးများကို သက်သာကောင်းစေနိုင်သည်။ အထူးသဖြင့် ကြက်သွန်ဖြူသည် လူ့ခန္ဓာကိုယ်အတွင်း ရောဂါဆိုးကာကွယ်ရေး**စနစ်** **စွမ်းအား**ကို မြှင့်တင်ပေးနိုင်သည့်အပြင် ရောဂါ**ဘယအမျိုးမျိုး**ကိုလည်း ကာကွယ်ပေးနိုင်သည်။

ဟင်းခတ်အမွှေးအကြိုင်များဖြင့် ချက်ပြုတ်ထား**သော** **အစွေ့**တထောင်းထောင်းထနေသည့် ပူပူစပ်စပ် ဟင်းလျာများသည် **အအေးမိရောဂါနှင့် အခြားရောဂါ**များကို သက်သာပျောက်ကင်းစေနိုင်ပါသည်။

ဆားလျှော့စားပါ

ဆားသည် **လူ့ကျန်းမာရေး**အတွက် **မရှိမဖြစ်** အရေးပါလိုအပ်သလို လွန်ကဲစွာ စားသုံးမိပါက **အန္တရာယ်** သင့်စေနိုင်၏။

သို့ဖြစ်၍ ဆားသည် တန်ဆေး လွန်ဘေး ဖြစ်တတ်သော ဆိုဒီယမ်ဓာတ် ပါဝင်သော အိမ်သုံးဆား၊ ဟင်းခတ်မှုန့်၊ အချိုမှုန့်များကို လျှော့စားခြင်းဖြင့် အာခံတွင်းကို ကာကွယ်ထိန်းသိမ်းပေးသော ENZYNE အင်ဇိုင်းအရည်ပါဝင်မှုကို မြှင့်တင်ပေးသဖြင့် ရောဂါပိုးမွှားများကို ပိုမိုနှိမ်နင်း ကာကွယ်ပေးနိုင်သည်။ လည်ချောင်းရောဂါကို လျော့နည်းကင်းစေနိုင်သည်။

ထို့ကြောင့် အိမ်သုံးဆားနှင့် ဆိုဒီယမ်ဓာတ် ပါဝင်နိုင်သော ဟင်းခတ်မှုန့်၊ အချိုမှုန့်၊ ကြက်သားအတုမှုန့်၊ အခြား အလားတူ အရသာမှုန့်များကို လျှော့စားခြင်းဖြင့် အအေးမိခြင်းကို ကာကွယ်နိုင်ပါလိမ့်မည်။

နွေးနွေးထွေးထွေးနေထိုင်ခြင်း

ရာသီဥတု အပူအအေးကို မျှတအောင် ကာကွယ်ပေးသော အဝတ်အစားများသည်လည်း ကျန်းမာရေးအတွက် ဆေးတစ်လက်ဖြစ်၏။ စား၊ ဝတ်၊ နေရေးကို သတိဖြင့် စနစ်တကျ စားသောက် ဝတ်ဆင် နေထိုင်ကြခြင်းဖြင့် ရောဂါဘယများကို ကာကွယ်ပေးပြီး ကျန်းမာ**ရေး**အသက်ရှည်စေနိုင်ပါသည်။

သို့ဖြစ်၍ လတ်ဆတ်ကောင်းမွန် သန့်ရှင်းသော ရေနှင့် အစားအစာများကို **စနစ်တကျ** စားသုံးခြင်း၊ နွေအခါတွင် အေးမြပေါ့ပါးသော အဝတ်၊ မိုးရာသီတွင် လေမိုးလုံခြုံသောအဝတ်၊ ဆောင်းကာလတွင် အအေးဒဏ်ကိုခံနိုင်သော နွေးထွေးသည့် အဝတ်၊ ဦးထုပ်၊ ခြေစွပ်များကို ဝတ်ဆင်အသုံးပြုခြင်းနှင့် နေထိုင်ရေး၌ အလင်းရောင် လေကောင်းလေသန့်နှင့် သက်သောင့်သက်သာဖြစ်မည့် နေအိမ်မျိုးတွင် နေထိုင်ကြခြင်းဖြင့် မြောက်မြားစွာသော ရာသီပေါ်ရောဂါများနှင့်အတူ အအေးမိခြင်းကိုလည်း ကင်းစေနိုင်မည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

မုန်လာဥဆေး

လတ်ဆတ်ကောင်းမွန်သော မုန်လာဥကို ရေဆေးသန့်စင်၍ လက်ဖက်ရည်ပန်းကန်လုံးခန့်ရအောင် အရည်ညှစ်ယူပါ။ အလားတူ လတ်ဆတ်သော ချင်းကိုလည်း ရေဆေးထုထောင်းပြီး အရည်ညှစ်ယူရမည်။ မုန်လာဥအရည်တွင် ချင်းညှစ်ရည်၊ သင့်ရုံရောပြီး ပျားရည်၊ ထမင်းစားဇွန်းနှင့် တစ်ဇွန်းခွဲခန့် ထည့်မွှေ၍ သောက်သုံးပေးခြင်းဖြင့် အအေးမိရောဂါ ကင်းရှင်းနိုင်သည်။ တစ်နေ့လျှင် နံနက်၊ ည နှစ်ကြိမ်သောက်ပေးလျှင် အပူကင်းရှင်း အဆိပ်ပြေစေပြီး ရောဂါဝင်ရောက်မှုမှ ကာကွယ်ပေးနိုင်သည်။

ငွေးပူလေ့ကျင့်ခန်း

လေ့ကျင့်ခန်း မှန်မှန်ပြုလုပ်ခြင်းသည်လည်း ကျန်းမာရေးအတွက် အရေးပါသော ဆေးကောင်းတစ်လက်ဖြစ်သည်။ ခေါင်း၊ လက်၊ ခါး၊ ခြေ လေ့ကျင့်ခန်း မှန်မှန်လုပ်ပေးခြင်းဖြင့် ကိုယ်ခန္ဓာဖွဲ့စည်းမှု အနေအထားမှန်စေပြီး ကိုယ်တွင်း၌ ခိုကပ်နေသော အညစ်အကြေးများ၊ ချွေး၊ အခိုးအငွေ့များ ထွက်စေကာ သွေးသားဓာတ် လေးပါးကို မှန်စေနိုင်၏။ ကိုယ်ခန္ဓာကို ပေါ့ပါးလန်းဆန်း ဖျတ်လတ်စေ၏။ ကျန်းမာသန့်ရှင်း နုပျိုစေနိုင်၏။ ကိုယ်ခံစွမ်းအားကို မြင့်မားစေပြီး ရောဂါဘယအမျိုးမျိုးကို ကာကွယ်တားဆီးတိုက်ထုတ်ပေး၏။ စားဝတ်နေရေးကောင်းပြီး ကျန်းမာရေးပြုလုပ်ပေးခြင်းဖြင့် အသက်ရှည် အနာမဲ့နိုင်ပါသည်။

ကိုယ်လက်လှုပ်ရှား သွေးပူလေ့ကျင့်ခန်း အမြဲမှန်မှန် လုပ်ပေးနိုင်လျှင် ရှိပြီးသား စွဲကပ်နေသော ရောဂါကြီးလျှင် လျော့နည်းသက်သာ ရပ်တန့်သွားစေနိုင်ပြီး သေးလျှင် အရှင်းပျောက်ကင်း ချမ်းသာရစေနိုင်သည်။

ထို့အတူ နွေမိုးဆောင်း ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်း (သို့) သွေးပူလေ့ကျင့်ခန်းကို တစ်နိုင်တစ်ပိုင် နေ့စဉ်မပျက် လှုပ်ရှားလေ့ကျင့်ပေးခြင်းဖြင့် ရာသီဥတုနှင့် အအေးဒဏ်ကို ခံနိုင်ရည်ရှိစေပြီး အအေးမိ၊ နှာစေး၊ ချောင်းဆိုးခြင်း ရောဂါများမှ ကင်းဝေးနိုင်ပါလိမ့်မည်။

ပန်းလို စမ်းလို လမင်းလို သာယာချမ်းမြေ့ကြပါစေ။

အောင်ဘုန်းမြင့် (ကချင်မြေ)

ဆုတောင်းပြည့်

ဆရာကြီး အောင်ဘုန်းမြင့်

နက္ခတ္တဗေဒ ဖလိတဗညာရှင့် - မဟာဂန္ဓာရီ ဗေဒင် လက္ခဏာသုတေသီ

စာရေးဆရာ – အောင်ဘုန်းမြင့် (ကချင်မြေ)

ကလောင်ခွဲ – ကာလီခါချ် (မြန်မာပြည်)

- ယဉ်ကြာဓာတ်ရိုက်ဓာတ်ဆင် အထူးဆောင်ရွက်ပေးသည်။
- ဘဝရွေးရေးလမ်းညွှန်အတိုင်ပင်ခံသည်။
- နေ့စဉ် နံနက်(၆)နာရီမှ (၉)နာရီအတွင်း အခမဲ့ ဖုန်းဖြင့် ဟောကြားပေးသည်။

အမှတ်(၄၂)၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။

ဗေဒင် ☎ ၀၁-၅၄၀၇၂၀၊ စုံစမ်းရေး ☎ ၀၉-၃၁၀၂၂၈၁၆

www.burmeseclassic.com

www.burmeseclassic.com

စံပယ်ရွက်နှင့် သွေးတိုးရောဂါ

ရောဗြေ ခိုင်ခန့်ကျော်

ကျွန်တော့်အနေဖြင့် ယခုရက်ပိုင်းအတွင်း စီးပွားရေးလုပ်ငန်းကိုင်ငန်းတွေ အဆင်မပြေလှ။

သို့ကြောင့်မို့ 'တစ်ရွာမပြောင်းသူကောင်းမဖြစ်' ဆိုတဲ့စကားကို လက်ကိုင်ထားရင်း လုပ်ငန်းကိုင်ငန်း အဆင်ပြေရာ နေရာသို့ ခေတ္တပြောင်းရွှေ့ခဲ့ရသည်။ ဓာတ်နေရာနှင့် တစ်နေရာ အပြောင်းသည် ကောင်းလှသည်ဟူတော့ မဆိုသာ။ အခက်အခဲများစွာ ဆိုတာနှင့်တော့ ရင်ဆိုင်ရစမြဲဖြစ်သည်။

ဤသို့ အခက်အခဲများစွာထဲတွင် ချူချာလှသော ကျွန်တော်တို့ ဇနီးမောင်နှံမှာ အဓိကအကျဆုံး အခက်အခဲဆိုတာ ဆေးဆိုင်ရှားပါးခြင်းသာလျှင် ဖြစ်ပေသည်။

ကျွန်တော်တို့ ဇနီးမောင်နှံသည် ဆေးဆိုင်နှင့် ဝေးဝေးနေ၍မရ၊ မကြာခဏ ဆိုသလို ဟိုဝေဒနာဖြစ်လိုက်၊ ဒီဝေဒနာဖြစ်လိုက် ဆေးထုပ် ခေါင်းစိုက်လို့ အိပ်ရသည့်လူမျိုးတွေ။ သူ့မှာ မကြာခဏ ဆိုသလို၊ နှလုံးရောဂါထတ်ပြီး ဗိုက်အောင့်၊ အကြောတက်နှင့် ဆေးချက်အမျိုးမျိုးပြောင်း၊ တစ်မျိုးကောင်း တစ်မျိုးဖြစ်နှင့်။

တကယ်စိတ် ညစ်စရာဖြစ်သလို ကျွန်တော်ကလည်း အစားမှား၍မရ၊ အသောက်မှား၍မဖြစ်၊ လစ်လျှင် လစ်သလို တက်တတ်သည့် သွေးတိုး။

တစ်ရေးနိုးလည်း သတိထား၊ အစားစားလည်း သတိယှဉ်၊ အမြဲပင်ပြုပြင်နေရသည့်လူ၊ ဒီလူနှစ်ယောက်။ အဲဒီလိုလူ နှစ်ယောက်က တကယ့် ဆေးဝါးနဲ့ဝေးရာ 'ရွာသာကြီး' ဆိုတဲ့ ရွာကိုမှ ရွေးချယ်ကာ ရောက်လာရတဲ့ အဖြစ်က တကယ့် စိတ်ညစ်စရာလို့ပဲ ဆိုရပေမည်။

ဤရွာသည် ဆေးခန်းရှား၏။ ဆေးဆိုင်ပင်လျှင် သိပ်မရှိ၊ ဤသို့သော နေရာမျိုးတွင် ရုတ်ချည်းဆိုသလို ဖြစ်ပေါ်လာတတ်သော သွေးတိုးရောဂါသည် အလွန်ပင် အန္တရာယ်ရှိသည်ဟု

www.burmeseclassic.com

www.burmeseclassic.com

ဆိုရပေမည်။ ထို့ကြောင့် စာရေးသူမှာ ဆေးကို ကြိုတင်ဆောင်ထားသော်ငြား နေ့စဉ်နှင့်အမျှ ရင်တထိတ်ထိတ်တော့ ရှိနေရပေသည်။

ဤသို့သောအခါတွင် ကျွန်ုတော် အားမငယ်ရေး အမြဲတမ်းအားပေးတတ်သူ နှစ်ယောက်ကတော့ ကိုဝင်းဗိုလ်နှင့် မမိုးမိုးတို့ပင် ဖြစ်သည်။

"မကြောက်စမ်းပါနဲ့ ကိုခိုင်ရာ၊ သွေးတိုး ဆိုတာ ဆေးမသိလျှင်သာ ကြောက်စရာဆိုပေမယ့် ဆေးသိတဲ့အခါ အလွယ်လေးပါဗျာ"

ဟူ၍ အမြဲတမ်း အားပေးတတ်ပေမယ့် ကိုယ့်ဝေဒနာ ကိုယ်သာသိမို့ အမြဲတော့ သတိရှိရှိနေမိတာကတော့ ကျွန်တော့်ရဲ့ နေ့စဉ်အလုပ်သာ။ ဤသည့်အခါ ဝေဒနာသည် သူ့အပေါ်ကို သတိပြုစောင့်ကြည့်နေသည်ကို သိလေရော့သလားမသိ။ သွေးမတိုးသည့် ကာလ ကြာပေါ့ဟူ၍ ဆိုရပေမည်။

တစ်လ၊ နှစ်လ၊ သုံးလ ဤမျှ အထိကြာသော်လည်း ဝေဒနာက ခြေရာ မပြခဲ့။

သည်လိုနဲ့ တစ်နေ့မှာတော့ မထင်မမှတ် ဘယ်အရပ်က ပြန်လာသည်မသိသော သွေးတိုးက တစ်ရေးနိုး ဝင်ရောက်လာခဲ့သည်။

"ဟာ- မင်းမျက်ခွံတွေ မို့နေပါလား"

"ဟုတ်တယ် ကိုဝင်းဗိုလ်၊ ကျွန်တော် သွေးတိုးနေပြီ၊ ခေါင်းလည်း မထူချင်တော့ဘူး၊ အိပ်ပဲနေချင်တယ်ဗျာ"

"နိုး-ဒါနဲ့ နေစမ်းပါဦး၊ အခု မင်း ဘာဆေးတွေ သောက်ထားလဲ"

"ဆေးက အစ်ကိုညီမ သွားဝယ်နေတာ အခုထိ မရောက်သေးလို့ ဘာမှ မသောက်ရသေးဘူး၊ သွေးတိုးကျဆေးနဲ့ သံပရာသီးတော့ ဝယ်ခိုင်းလိုက်တာပဲ"

"ဒါဆို ကြာဦးမှာပေါ့၊ ကဲ-မိုးမိုး၊ စံပယ်ရွက် လေးငါးရွက်သာ သွားခူးလိုက်"

"ဒါနဲ့ နေစမ်းပါဦး ကိုဝင်းဗိုလ်၊ စံပယ်ရွက်က ဘာလုပ်ဖို့လဲ"

"ဟာ- ဟော့ကောင့်ရ၊ ဘာလုပ်ရမှာလဲ၊ မင်းကို တိုက်မလို့ပေါ့ကွ"

"ဗျာ- ကျွန်တော့်ကို စံပယ်ရွက် တိုက်မယ်"

"အေး၊ ဟုတ်တယ်လေ"

"စံပယ်ရွက်ဆိုတာ စံပယ်ပန်းရဲ့ အရွက်ကို ပြောတာလား"

"ဟုတ်ပါ့ဗျာ၊ ခင်ဗျားတို့ ပန်ဖို့ သာသိ၊ မွှေးဖို့သာသိတဲ့ စံပယ်မွှေးမွှေး ပန်းကလေးတွေရဲ့အရွက်ဟာ သွေးတိုး အတွက် ဆေးတစ်ခွက်ဗျ။

အခုလို သွေးတိုးလို့ကတော့ စံပယ်ရွက် ငါးရွက်လောက်ကို ဝါးသာစားလိုက်၊ ချက်ချင်းသောက် လက်ငင်း ပျောက်တဲ့ အကောင်းဆုံး ဆေးတစ်ခွက်ပဲ ကိုခိုင်ရေ"

ဟူ၍ ရှင်းလည်းပြ၊ လက်တွေ့လည်း တိုက်နေတဲ့ ကိုဝင်းဗိုလ်ရဲ့ ဆေးတစ်ခွက်ကို မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် သောက်လိုက်တဲ့ အဲဒီမနက်က ကျွန်တော့် အတွက်တော့ 'ဂွတ်ရှယ် ဆေးတစ်ခွက်' ဖြစ်ခဲ့ရပါတော့သည်။

ရောမြေ ခိုင်ခန့်ကျော်

❑

www.burmeseclassic.com

www.burmeseclassic.com

ဆေးလိပ်ဇွဲ့

လက်ဝါးပြင်သန့်စင်မှုနှင့်

ဖယ်ရှားစရာများ

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာကြီးသည် နေ့စဉ်နှင့်အမျှ ပြောင်းလဲမှုများ ရှိသကဲ့သို့ ကမ္ဘာ့ဆေးပညာလောကသည်လည်း အစဉ်သဖြင့် ပြောင်းလဲတိုးတက်နေပါသည်။ ခေတ်နှင့်တစ်ပြေးညီ အတွေးအခေါ် အယူအဆများလည်း မတူကွဲပြားလာကြပါသည်။

ထိုအယူအဆများသည် လူတေသနလုပ်ငန်းမှ ထွက်ပေါ်လာသော ခိုင်မာသည့် ကိန်းဂဏန်းပေါ်တွင် အခြေပြုပါသည်။ ဆေးပညာ၏ မှတ်တိုင်သဖွယ်ဖြစ်သော တွေ့ရှိချက်အချို့ကို ရေးသားတင်ပြလိုက်ပါသည်။

ကလေးများနှင့် ဆေးလိပ်ငွေ့

ဆေးရွက်ကြီးငွေ့နှင့် ထိတွေ့နေသော ကလေးများသည် ဆေးလိပ်မသောက်သုံးသော မိသားစုများမှ ကလေးများနှင့်စာလျှင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားနိုင်ခြေ နှစ်ဆရှိပါသည်။ ထိုအယူအဆမှာ ဒက်ထရွိက်ပြည်နယ် ဝိန်းတက္ကသိုလ်မှ ဒေါက်တာပေါလ်ကင်မရွန် (DR. PAUL CAMERON) ၏ မိသားစု (၇၂၇)စုအား လေ့လာခဲ့သော သုတေသနအရ ပေါ်ထွက်ခဲ့ရခြင်း ဖြစ်ပါသည်။

"ကျွန်တော်တို့ဟာ အိမ်တွေမှာ ဆေးလိပ်ငွေ့ ပမာဏနဲ့ ရောဂါဖြစ်ပွားခြင်း ဆက်စပ်မှုကိုပါ ဖော်ထုတ်နိုင်ခဲ့ပါတယ်၊ ဆေးလိပ်ငွေ့ များလေလေ အသက်ရှူလမ်းကြောင်းရောဂါ များလေလေပါပဲ"ဟုဒေါက်တာကင်မရွန်က အင်တာဗျူးတစ်ခုတွင် ပြောပြပါသည်။

"ကျွန်တော်တို့ဟာ ဆေးလိပ်သောက်သုံးရင် သုံးစွဲတဲ့သူကို့ ထိခိုက်တယ်လို့ ခံယူထားကုန်းမှာပဲ ကျွန်တော်တို့ လေ့လာမှုအရ သူနဲ့အတူနေသူတွေကိုလည်း ထိခိုက်တယ်ဆိုတာ သိလာရတယ်၊ ဒါဟာ လူမှုရေးနဲ့ တရားဥပဒေရေးပါ ဆက်နွယ်လာနိုင်တဲ့ တွေ့ရှိချက်ပါပဲ" ဟု သူက ဆက်လက်ပြောပါသည်။

စူးစမ်းလေ့လာခဲ့သော မိသားစုများတွင် အသက် (၁၆) နှစ်အောက် ကလေးပေါင်း (၆၉၅)ယောက် ပါဝင်ခဲ့ပါသည်။ ဆေးလိပ်သုံးစွဲသော အိမ်များမှ ကလေး (၄၀၇) ယောက်တွင် လေ့လာမှု ပြုနေစဉ်မှာပင် (၃၆)ယောက်က ဖျားနာနေပါသည်။ အခြား (၂၄)ယောက်မှာ အသက်ရှူလမ်းကြောင်းရောဂါ ရှိပါသည်။ ထို့ပြင် (၂၆)ယောက်မှာ ဖျားနာမှုဝေဒနာကြောင့် နေ့အိမ်တွင်ပင် နေရခြင်းနှင့် ဆရာဝန် ပြသရခြင်းများ ရှိနေပါသည်။

ဆေးလိပ် မသုံးစွဲသော နေအိမ်များမှ ကလေး (၂၈၈)ယောက်တွင် ဖျားနာနေသူ (၁၆)ယောက်၊ အသက်ရှူလမ်းကြောင်းရောဂါရှိသူ (၉)ယောက်နှင့် အိမ်တွင်း ဖျားနာနေပြီး ဆေးကုသမှု ခံယူရသူ (၁၆)ယောက်သာ ရှိပါသည်။ ထိုကိန်းဂဏန်းများအရ ဆေးလိပ်သောက်သုံးသော မိသားစုတွင် အသက်ရှူလမ်းကြောင်းရောဂါ ဖြစ်နိုင်ခြေမှာ (၆)ရာခိုင်နှုန်းရှိပြီး ဆေးလိပ် လုံးဝမသုံးစွဲသော မိသားစုတွင် ထိုရောဂါဖြစ်နိုင်ခြေမှာ (၃)ရာခိုင်နှုန်းမျှသာ ရှိပါသည်။

ဆေးလိပ်သုံးစွဲသောအုပ်စုနှင့် မသုံးစွဲသောအုပ်စုမှာ ဤလေ့လာဆန်းစစ်ချက်အရ ပေါ်ထွက်သော ခြားနားမှုမှာ စာရင်းအင်းပညာ သဘောအရ သိသာထင်ရှားမှု ရှိကြောင်း ဒေါက်တာကင်မရွန်က ပြောပါသည်။

"ကလေးတွေဟာ လေထုညစ်ညမ်းမှုကြောင့်ထိခိုက်ခံစားရနိုင်တယ်ဆိုတာ သိရှိထားပါတယ်" ဟု သူက ဖြည့်စွက်ပြောပါသည်။

"ဒါ့အပြင် လေထုညစ်ညမ်းမှုမှာလည်း စီးကရက်၊ ဆေးပြင်းလိပ်နဲ့ ဆေးတံတွေကြောင့် ဖြစ်ရတဲ့ ညစ်ညမ်းမှုကို အတိအကျ ခံစားရတယ်ဆိုတာ တွေ့ရှိချက်တွေက အကြံဉာဏ်ပြုထားပါတယ်"

ကလေးသူငယ်များ ကျန်းမာရေး အလေးထားပါလျှင် ဆေးလိပ်ဖြတ်ပါ။

လက်ဝဲ၊ ဌဝဲများ သတိထား

ရော့ကီးတောင်တန်း အစက်အပြောက်ရောဂါ (ROCKY MOUNTAIN SPORTTED FEVER) ဟု အမည်ပေးထားရခြင်းမှာ ထိုရောဂါကို အဆိုပါတောင်တန်း ဒေသတွင် စတင်တွေ့ရှိခဲ့ရသောကြောင့် ဖြစ်သည်။

မည်သို့ဆိုစေ ရောဂါရှင်အများစုကို မစ္စစ္စပီမြစ်၏ အရှေ့ဘက်တွင် နှစ်ပေါင်းအတန်ကြာ တွေ့ခဲ့ရပါသည်။ ယခုအခါ အတ္တလန္တိတ်ကမ်းခြေတွင် အချိန်အစား မညီမျှသော ဖြစ်ပွားမှုကိန်းဂဏန်းများ ရှိနေပါသည်။

အစက်အပြောက်ရောဂါသည် မူမှန်မဟုတ်သော အဏုဇီဝပိုး (MICROBE) ကြောင့် ဖြစ်ပွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုပိုးမွှားတို့၏ သဘာဝမှာ ဗက်တီးရီးယား (BACTERIA) နှင့် ဗိုင်းရပ်(VIRUS) အကြားတွင် ရှိနေပါသည်။ ၎င်းတို့ကို ခွေးပင်များတွင် နေထိုင်သော လေးများ (TICKS)က သယ်ဆောင်ထားပါသည်။

ထိုလေးများသည် လူ၏လက်ဝါးပေါ်သို့ အစာအာဟာရ အလို့ငှာ တိုက်ရိုက်သွားသည်လည်း ရှိပါသည်။ သို့မဟုတ် ခွေး၏အမွေးများတွင် အသိုက်သဖွယ် နေထိုင်ပြီးမှ ခွေး၏သခင်ထံ သွားသည်လည်းရှိပါသည်။ မည်သည့်နည်းဖြင့်ဖြစ်စေ လေးက လူကို ကိုက်သောအခါ အဏုဇီဝပိုးများသည် သွေးကြောထဲ ရောက်ရှိသွားပြီးနောက် မျိုးပွားပါတော့သည်။ မကြာမီအချိန်တွင် အပူကြီးလာခြင်း၊ ကွဲမတတ် ခေါင်းကိုက်ခြင်း၊ ပြင်းထန်စွာ ကြွက်သားများနာကျင်ခြင်းနှင့် စိတ်ရှုပ်ထွေးခြင်း စသော လက္ခဏာများ ပေါ်ပေါက်လာပါသည်။

ထိုလက္ခဏာများမှာ အခြားသောရောဂါများတွင်လည်း ဖြစ်ပေါ်နိုင်ပါသည်။ သို့ရာတွင် အစက်အပြောက် ရောဂါတွင် ထူးခြားသောဝိသေသ လက္ခဏာရှိပါသည်။ ထိုရောဂါတွင် တုပ်ကွေးနှင့်ဆင်တူသော အနီစက်များ (RASH) ပေါ်ထွက်တတ်ပါသည်။ အထူးသဖြင့် လက်ဖဝါးနှင့် ခြေဖဝါးများတွင် သိသာထင်ရှားပါသည်။

ထိုရောဂါကို စောစောဖော်ထုတ်နိုင်ပါက သက်တန့်ရောင့်စုံ ပဋိဇီဝဆေးဖြင့် အမြဲတမ်းလိုလို ပျောက်ကင်းအောင် ကုသပေးနိုင်ပါသည်။ ဟားဗတ်တက္ကသိုလ် လူထုကျန်းမာရေးဌာနမှ ဒေါက်တာအက်ဒဝပ်အက်စ်မာရေး (DR. EDWARD S. MURRAY) ၏ အဆိုအရ ပြဿနာတစ်ရပ်မှာ အရှေ့ပိုင်းရှိ ဆရာဝန်များသည် အန္တရာယ်ကို ကောင်းစွာသတိမထားခြင်း ဖြစ်ပါသည်။ သူတို့ဟာ လက်ဝါးပြင်ပေါ်က အနီစက်တွေကို သတိမထားမိရင် ရိုးရိုးကုထုံးတွေနဲ့ပဲ ကုနေကြသည်။ ထိုနည်းများမှာ လုံးဝ အကျိုးမရှိချေ။ ဆရာဝန်များက လက်ဝါးပြင်ကို သတိထားမည်ဆိုလျှင် အသက်ပေါင်းများစွာ ကာကွယ်နိုင်မည် ဖြစ်ပါသည်။

စာရေးသူတို့ မြန်မာနိုင်ငံတွင် ထိုရောဂါ မဖြစ်ပွားဝါ။ သို့ရာတွင် လက်ဝါးပြင်က ဖော်ပြသော ကျန်းမာရေးမှာ အရေးကြီးပါသည်။ ဆရာဝန်များကလည်း အသေးစိတ် လေ့လာဆန်းစစ်ရန် လိုအပ်သကဲ့သို့ လူနာများကလည်း ပြည့်စုံအောင် သတင်းပေးသင့်ပါသည်။ အိမ်မွေးတိရစ္ဆာန် ချစ်တတ်သော ကလေးများကိုလည်း အလွန်အကျွမ်းဖြစ်ရန် သတိထားသင့်ပါသည်။

၉၉.၉၇ ရာခိုင်နှုန်း သန့်စင်ခြင်း

ယခုခေတ်တွင် ကိုယ်တွင်းအင်္ဂါ အစားထိုးခွဲစိတ်ကုသမှုလုပ်ငန်းသည် ဆေးလောကအား တစ်ခေတ်ပြောင်းလဲခြင်း ဖြစ်စေခဲ့ပါသည်။ ဆေးရုံများကလည်း ထိုခွဲစိတ်ခန်းများကို တစ်ခေတ်ပြောင်းရန် စီမံချက်များ ရေးဆွဲလာကြပါသည်။ ဥပမာအားဖြင့် ချီကာဂိုပြည်နယ်ရှိ စိန့်လုခ်ဆေးရုံ (St. LUKE) သည် အယူအဆသစ် ကို အကောင်အထည်ဖော်ရန် ဘက်ဂျက်အဖြစ် ဒေါ်လာ တစ်သန်း သုံးစွဲခဲ့ပါသည်။

စီမံချက်တွင် ရောဂါပိုးကာကွယ်ရန် ဇီဝဗေဒ သန့်စင်ထားသော ခွဲစိတ်ခန်းသုံးဝတ်စုံ လေးမျိုးပါဝင်သည်။ ထိုဝတ်စုံများက အဏုဇီဝပိုးများ ကင်းစင်သော အိတ်တစ်အိတ်သဖွယ် ရောဂါကူးစက်မှုများကို ကာကွယ်ပေးပါသည်။ လေထုအတွင်းမှတစ်ဆင့် ရောဂါပိုးမွှားများ၏ ပျံ့နှံ့ကူးစက်မှုအား အနိမ့်ဆုံးအဆင့်ရောက်အောင် လျှော့ချသွားနိုင်ပါသည်။

ဆရာဝန်နှင့် သူနာပြုများသည် ခွဲစိတ်ခန်းမဝင်မီ သမ်းရိုးကျဝတ်စုံနှင့် ကိရိယာတန်ဆာပလာများကို ဝတ်ဆင်ထားရပါမည်။ ခွဲစိတ်ခန်းဝင်ခါနီးတွင် ၉၉.၉၇ ရာခိုင်နှုန်း သန့်စင်သော လေထုအတွင်း ဖြတ်ဝင်ရပါ မည်။ ထိုလေက ခန္ဓာကိုယ်ပေါ်ရှိ ဗက်တီးရီးယားပိုး အားလုံးကို ရှင်းလင်းပေးမည် ဖြစ်ပါသည်။ အခန်းထဲတွင်လည်း ထိုလေသည် သံဆန်ခါများထဲမှ ဖြတ်သန်းရပါသည်။ ထိုသံဆန်ခါများသည် မျက်နှာကြက်တွင် တပ်ဆင်ထားပြီး ဖြတ်သန်းလာသော လေသည် ရောဂါပိုးများကို ဖယ်ရှားရန် ခွဲစိတ်အဖွဲ့နှင့် လူနာအား သန့်စင်ပေးပါသည်။ မသန့်ရှင်းသော လေသည် ကြမ်းပြင်ရှိ ထွက်ပေါက်မှ ပြင်ပသို့ ရောက်သွားပါသည်။

စီမံထားသည်မှာ ပုံမှန်ခွဲစိတ်ခန်း တစ်ခုဆိုလျှင် တစ်မိနစ်အတွင်း လေဖလှယ်ထုတ်ခြင်းကို သုံးကြိမ်မှ ငါးကြိမ်အထိ ဆောင်ရွက်နိုင်ပြီး တစ်နာရီအတွင်းဆိုလျှင် ခြောက်ကြိမ်မှ ဆယ့်နှစ်ကြိမ်အထိ ဆောင်ရွက်စေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းတရားနှင့်ကြွက်များ

ကြွက်များနှင့် အခြားတိရစ္ဆာန်ငယ်များသည် ခွဲစိတ်ခန်း ကျွမ်းကျင်ပညာရှင်များက ကိုင်တွယ်သောအခါတွင် သူတို့အား ချစ်ခင်မှုရှိသူတို့အား မတူကွဲပြားစွာ တုံ့ပြန်တတ်ကြကြောင်း အွန်တဲရီယိုပြည်နယ်၊ ကင်းစတုန်းမြို့ရှိ ကွင်းတက္ကသိုလ်မှ ဆေးဝါးဗေဒဌာန ပါမောက္ခ ဒေါက်တာအယ်လဒွန်ဘွိုက် (DR. ELDON BOYD) က ကနေဒါနိုင်ငံအဆိပ်အတောက်သုတေသန အဖွဲ့အား ပြောပြပါသည်။

သူက ကြွက်များကို နှစ်သက်ပြီး နာမည်များပင် ပေးထားသော ဓာတ်ခွဲပညာရှင်တစ်ဦးအကြောင်း ပြောပြပါသည်။ သူမက ဆေးပေးရန် တိရစ္ဆာန်လှောင်အိမ်များသို့ သွားလျှင် ကြွက်များက သူမထံ ပြေးသွားပါသည်။ ဆေးတိုက်ခြင်းနှင့် စပ်လျဉ်း၍ အနည်းအကျဉ်း သို့မဟုတ် လုံးဝမရှိသော ငြင်းဆန်မှုကို ပြပါသည်။ ဆေးကို ကြွက်များတွင် တစ်ဆင့်ထားသော အစာအိမ်ထဲအထိရှည်သော ပြွန်များမှတစ်ဆင့် ထည့်သွင်းပေးရပါသည်။ ထိုပြွန်တပ်ဆင်ထားခြင်းမှာ ကြွက်များအတွက် လုံးဝ အဆင်မပြေပါ။

ဓာတ်ခွဲခန်း ပညာရှင်က သေစေလောက်သော ဆေးပမာဏကို ထည့်သွင်းစေကာမူ (၂၀)ရာခိုင်နှုန်းမျှ သာ သေပါသည်။ အခြားဝန်ထမ်းများက အလားတူ ဆေးပမာဏပေးလျှင်မူ ပျမ်းမျှ (၈၀)ရာခိုင်နှုန်းခန့် သေဆုံးပါသည်။ ရှင်းပြနိုင်သည့် ဖြစ်နိုင်စရာအဖြေမှာ ကြွက်များက သူမကို နှစ်သက်သဘောကျ၍ ဖြစ်ပါသည်။

"အဲဒီခြားနားချက်ကိုဖြစ်စေတာ တခြားအကြောင်း မရှိနိုင်ဘူး" ဟု ဒေါက်တာဘွိုက်က ပြောပြပါသည်။

ထိုပြင် အလားတူဖြစ်စဉ်မျိုးသည် လူအများကြားတွင်လည်း ရှိနိုင်ကြောင်း သူက ထောက်ပြပါသည်။

ဆရာဝန်များသည် ဆေးဝါးတစ်မျိုး ညွှန်းတော့မည် ဆိုလျှင် စိတ်ခံစားမှု အကျိုးသက်ရောက်ဖွယ်ရာများကို အလေးထား စဉ်းစားသင့်ကြောင်း သူက အကြံပြုပါသည်။

ကလေးငယ်အား သူ၏မိခင်က တိုက်ကျွေးသော ဆေးပမာဏအပေါ် တုံ့ပြန်မှုသည် သူစိမ်းဖြစ်သော သူနာပြုက အလားတူ ဆေးပမာဏ တိုက်ကျွေးမှုအပေါ် တုံ့ပြန်မှုနှင့်စာလျှင် များစွာခြားနားပေလိမ့်မည်။

ဒေါက်တာဘွိုက်၏ အတွေ့အကြုံကို ဖြဲငုံကြည့်လျှင် စာရေးသူတို့ မြန်မာစကားတစ်ရပ်ဖြစ်သော မေတ္တာနှင့်ပေး သေဆေးတောင်အစွမ်းထက်သည် ဆိုသကဲ့သို့ ဖြစ်နေသည်။ ဓာတုဗေဒအပါအဝင် ရုပ်ဝတ္ထုစွမ်းဆောင်မှုထက်မြက်လှသော အနောက်တိုင်းဆေးပညာရှင်များသည် မေတ္တာတရား၏ အာနိသင်ကို ထည့်သွင်းစဉ်းစားလာကြပါသည်။ ကျွန်ုပ်တို့ ပြုစုနေသော(ဝါ)ကုသနေသော လူနာများကို မေတ္တာအပြည့်ထား၍ ဆေးပေးသွားသင့်ပါသည်။

တော်မြင့်(ဒုက်ဗျား)

Ref: News from world of medicine - Tiem, UPI. Readers Digest, May 1969.

❑

www.burmeseclassic.com

www.burmeseclassic.com

သိမှတ်စရာ ဆေးနည်းအပြားပြား

မောင်စာဆို(ကျုံစု)



နံနက်စာထမင်းစားအပြီး ဆေးဆောင်းပါး ရေးနိုင်ရေးအတွက် မှတ်တမ်းများ ပဟုသုတများရယူရန် လှိုင်သာယာမြို့နယ်၊ ရွှေရင်အေးဘုရားကြီး တည်ရှိရာ ကျုံစုရွာ၊ မင်္ဂလာတန်တောကြီးအနီး ဆိုင်းဘုတ်တပ်ဆင်၍ ဗေဒင်လက္ခဏာ၊ မင်္ဂလာအကြံပေး ဆောင်ရွက်လျက်ရှိသော ဆရာကြီး ဦးဆန်းဝင်းအိမ်သို့ ရောက်ရှိရှာသွားလေသည်။

"ဟ. . . မောင်စာဆို မှတ်လှချည်လားဟ၊ ဆေးဆရာလုပ်စားမှာလား၊ စာရေးဆရာ လုပ်မှာလားဟ"

"စာရေးဆရာလုပ်ပြီး ဆေးပဟုသုတတွေ ပေးချင်လို့ပါဆရာ"

"ကောင်းပါပြီ၊ ကဲ-ဒီနေ့ ဘာများသိချင်လဲဗျား"

"ပြီးခဲ့တဲ့အပတ်က ကုန်းထိကရုန်းအကြောင်း အကျဉ်းချုပ်တော့ ပါသွားပေမယ့် အဲဒီတစ်ခုတည်း အကျယ်တဝင့် သိချင်ပါတယ်ခင်ဗျ"

"အင်း. . . ကုန်းထိကရုန်းအပင်ဟာ လမ်းဘေးတစ်လျှောက် မြက်ပင်တွေနဲ့ ရောနှောပြီး အများအပြား ပေါက်တတ်တဲ့အပင်ဖြစ်ပြီး ဆရာများစွာတို့ရဲ့ လက်ကိုင်ထားရာ ဆေးမဟာလည်း ဖြစ်သကွ"

"ဟုတ်ကဲ့ဆရာ"

"ကုန်းထိကရုန်းကို ပြုတ်၍သက်သက် ဖြစ်စေ သို့မဟုတ် ထန်းလျက်နှင့်သော်လည်းကောင်း ထည့်ပြုတ်သောက်မယ်ဆိုရင် ဆီးအောင့်ရောဂါနဲ့ ဆီးနှီး၊ ဆီးဝဲ ရောဂါများကို ပျောက်ကင်းစေနိုင်ပါသည်။

သည်းခြေဖောက်ပြန်၍ ရူးချင်သော၊ ငိုချင်သော၊ ရယ်ချင်သော ရောဂါများကို ပျောက်ကင်းစေသော သဘောရှိပါသည်။

ကုန်းထိကရုန်းကို သကြားနှင့်ကျို၍သောက်လျှင် ဆီးအောင့်၊ ဆီးပုပ်ရောဂါ၊ သွေးအံသောရောဂါ၊ နှာခေါင်းသွေးလျှံသောရောဂါ၊ လူ၏ခန္ဓာကိုယ်တွင် သွေးဥကလေးများဖြစ်သော ရောဂါ၊ အမျိုးသမီးများမှာ ဖြစ်တတ်တဲ့ အင်္ဂါဇာတ်ယားယံ နာကျင်ကိုက်ခဲတဲ့ရောဂါ စသည်များကို ပျောက်ကင်းစေတတ်သော သဘောရှိ၏။

ကုန်းထိကရုန်း အရွက်နုကလေးများကို ခူးပြီး ငါးမွှေထိုးအခြောက်နှင့် ချက်၍သော်လည်းကောင်း၊ ပြုတ်

www.burmeseclassic.com

www.burmeseclassic.com

ကြော်ကြော်၍သော်လည်းကောင်း စားပါက ဒူလာသွေးဝမ်းရောဂါ၊ မီးယပ်သွေးစမ်းရောဂါ၊ တုတ်ကောင်ထိုးသောရောဂါ၊ အင်္ဂါဇာတ်အောင့်သောရောဂါ၊ အင်္ဂါဇာတ်ကိုက်ခဲသော ရောဂါများ ပျောက်ကင်းပါသည်။

ကုန်းထိကရုန်း၏ ပဉ္စငါးပါးကို နေရိပ်တွင် အခြောက်လှန်း၊ အမှုန့်ပြုလုပ်၍ နွားနို့၊ ကျွဲနို့၊ ဆိတ်နို့၊ ရရာနှင့် မန်ကျည်းစေ့ လေးစေ့ခန့် အကြမ်းပန်းကန်တစ်ဝက်ခန့် ဖျော်၍သောက်ပါက မြင်းသရိုက်၊ လိပ်ခေါင်းရောဂါကို ပျောက်ကင်းစေတတ်၏။ နံနက် တစ်ကြိမ်၊ ညနေ တစ်ကြိမ် တစ်နေ့နှစ်ကြိမ် သောက်ရပါမည်။

ယင်းပဉ္စငါးပါးအမှုန့်ကို ဗျားရည်ဖြင့်စော်၍ စားပါက မီးယပ်ကွက်ရောဂါ၊ မီးယပ်ခေါင်းကိုက်ရောဂါ၊ မီးယပ်ချမ်းထသောရောဂါ၊ မီးယပ်သွေးငုပ်ရောဂါ၊ မီးယပ်ဝမ်းကိုက်ရောဂါ၊ ဒူလာဝမ်းကိုက်ရောဂါတို့ကို ပျောက်ကင်းစေပါသည်။

ကုန်းထိကရုန်းကို ကြိတ်၍ ကန့်အနည်းငယ်နှင့် ဖျော်၍လိမ်းပါက ဝဲနာ၊ ယားနာ၊ မိန်းမစွဲများ သားဖွားပြီး အင်္ဂါဇာတ်မကျက်သောရောဂါ၊ နို့နာ၊ ပသိနာ၊ ပေါင်ခြံကွဲနာ၊ လည်ပင်းကွဲနာရောဂါ စသောရောဂါများကို ပျောက်ကင်းစေပါသည်။

အနာရောင်ခြင်း၊ ငန်းမန်းလိုက်ခြင်းဖြစ်ခါက ကုန်းထိကရုန်းရွက်ကိုကြိတ်၍ ထုံးအနည်းငယ်နှင့်နယ်၍ အုံပေးဝါက ပြည်ရှိစာပေါက်၍ ပြည်မရှိက အနာအယောင် လျှော့ကျစေသည်။

ကုန်းထိကရုန်း အရွက်နုများကို ခူး၍ ဝက်သားဟင်းတွင် ထည့်ချက်စားပါက ကိုယ်လက်ကိုက်ခဲ၍ ကာမစိတ်ကုန်ခန်းသောရောဂါ၊ ခြေလက်များ မသယ်လိုသောရောဂါ၊ အစားအသောက်များ ပျက်သောရောဂါများအားပျောက်ကင်းစေ၏။

ငါးသလောက်ဟင်းတွင် ၎င်းအရွက်နုများကို ထည့်ချက်စားပါက ဝမ်းပျက်ရောဂါ၊ သည်းခြေပျက်ရောဂါ၊ မစားမသောက်ချင်သောရောဂါများကို ပျောက်ကင်း၍ စားသောက်ကောင်းလာပါမည်"

"ဟုတ်ကဲ့ဆရာ၊ ကုန်းထိကရုန်းရဲ့ ရေလဲအသုံးပြုပုံနဲ့ ပျောက်ကင်းနိုင်တဲ့ရောဂါတွေသိရလို့ ဝမ်းသာပါတယ်"

"ကဲ. . . နောက်တစ်ခု ဘာများသိချင်သေးလဲ"

"ဆရာ ကွမ်းစားတာ ကြာပြီလား၊ ဆရာ ထုံးမပေါက်ဘူးလား"

"အင်း၊ အသက် ၃၀ လောက်က စားတာ၊ ယနေ့ ဖြင့် ရှိပြီ၊ တစ်ခါတစ်ခါ ထုံးပေါက်တာတော့ အခံရခက်တယ်ကွ"

"ဟုတ်ကဲ့ ဆရာ၊ ထုံးပေါက်ရင် အမြန်သက်သာတဲ့နည်းများရှိရင် အဓိန့်ရှိပါဆရာ"

"အင်း. . . ငါတို့ ကွမ်းစားတာ ဝါရင့်သွားပြီဆိုတော့ ထုံးပေါက်ရင် အမြန်သက်သာတဲ့နည်း သိထားတယ်၊ အခုမှကွမ်းစားတဲ့သူငယ်တွေအတွက် နည်းကောင်းလက်ဆောင်ပေါ့။

ထုံးပေါက်ဝေဒနာကို သက်သာအောင် ကုစားတဲ့ပထမနည်းကတော့ ထုံးပေါက်တဲ့နေရာကို ရှားစေးတို့ပေးရတာပဲ၊ သုတ်ထားလိုက်ရုံပါ။ ရှားစေးက ထုံးပေါက်တာကို နှိုင်တယ်။

ဒုတိယနည်းကတော့ ထုံးပေါက်တဲ့နေရာကို ဆီတစ်မျိုးမျိုး သုတ်ပေးရတယ်၊ သက်သာသွားမယ်၊ တတိယနည်းကတော့ ရေခဲတုံးကလေး ခပ်ငယ်ငယ်ကို ထုံးပေါက်တဲ့နေရာကို ကပ်ပေးရတာပဲ၊ ထုံကျင်ပြီး သက်သာသွားတာပါပဲ၊ နှစ်သက်ရာနဲ့ နီးစပ်ရာနည်းတွေ သုံးနိုင်ပါတယ်၊ ပျောက်တာချည်းပါပဲ"

"ကျေးဇူးပါပဲဆရာ"

"ကဲ. . . နောက်တစ်မျိုးပြော"

"အခုတစ်ခါ ပြောရမှာကတော့ ဟို-ယောကျ်ားတွေ အားနည်းနေတဲ့ကိစ္စပဲ ဆရာ၊ ဆေးအနေနဲ့ရော ဓာတ်စာအနေနဲ့ပါ ဘာများလုပ်သင့်ပါသလဲ ဆရာ"

"အေး. . . တစ်နေ့ ငါမြို့ထဲသွားရင်းနဲ့ လေအန်ကုန်းမှာ ဆရာကြီးတစ်ဦးနဲ့တွေ့တယ်ကွ၊ ငါက ငါ့ရောဂါ အကြောင်းပြောပြတာပေါ့။ ဆရာကြီးက -

'ဆေးနည်း တစ်ခုပေးမယ်၊ မကြာခဏလုပ်ပြီးစားပါ' လို့ ပြောတယ်။

'ကျကျနန ဆေးကုခံခဲ့တာတောင် မထူးလို့ ဖြစ်ပါ့မလား' လို့ မေးတယ်။

ဖြစ်ပါတယ်၊ စွဲသာစားပါ။ သူတောင့် အသက် (၇၀) နီးနီးမှာ မိန်းမကြီးဆုံးလို့ 'နောက်အိမ်ထောင်ထူထားတာ အသက် (၃၀) ကျော် အမျိုးသမီးနဲ့ပေါ့။ ဒီနည်းအကြိုး

www.burmeseclassic.com

www.burmeseclassic.com

မကြာခဏ စားပေးတယ်၊ ဆေးလည်း စားတာပေါ့ကွာတဲ့၊ ဆေးအဖြစ်ကတော့ စတုမဓုကို အားဖြစ်အောင် နံနက်၊ ည တစ်ဇွန်းစီစားပေးတဲ့၊ အဲ- မကြာခဏ လုပ်စားရမှာကတော့ ငါးကြင်းမီးဖုတ်မဲတဲ့ကွ"

"ငါးကြင်းကို ဘယ်လိုမီးဖုတ်စားရမှာလဲ ဆရာ"

"ငါးကြင်းသားကို အရိုးတွေအားလုံး ဖယ်လိုက်၊ ထောပတ်၊ ဆီ၊ ဆား၊ နနွင်း သင့်တင့်အောင် ထည့်ပြီးပြီး နယ်လိုက်ပြီးတော့ ငှက်ပျောဖက်နဲ့ထုပ်ပြီး မီးဖုတ်ပေါ့ကွာ၊ အဲဒါကို စားပေးရမှာတဲ့"

"စားကြည့်တော့ ဘယ်လိုများ ထူးခြားမှုရှိလဲ ဆရာ"

"ဆရာကြီးက ဒီလိုလုပ်စားပေးရင် အာရုံကြောတွေ ကောင်းလာတယ်၊ ဒါကြောင့် ပန်းသေ၊ ပန်းညှိုး ပျောက်စေတယ်၊ ခွန်အားကို တိုးစေတယ်လို့ ပြောတယ်ကွ"

"တကယ်ကော စွမ်းလို့လားဆရာ"

"တကယ်စွမ်းလို့ ငါ့ရောဂါပျောက်ပြီး အိမ်ထောင်ရေး အဆင်ပြေသွားတာပေါ့ကွာ၊ မင်း စာဖတ်ပရိသတ်တွေ ငါးကြင်းမီးဖုတ် မိတ်ဆက်ပေးပေတော့ဟေ့ မောင်စာဆို့ရ"

"ဒါလည်း ရွေးဟော်ငင်းနည်းတစ်ခုပါပဲ ဆရာ၊ အဲနောက်တစ်ခုဆို တော်ပါပြီဆရာ၊ မေးပါရစေဦး၊ ဟို-အမျိုးသားတွေ့မကြာခဏဖြစ်တတ်တဲ့ အပူရာသီရောက်လာရင် ဒါဖြစ်တတ်တာလေ ဆရာ၊ အူကျရောဂါ (တောကျ) ဖြစ်တာကိုပြောတာဆရာ၊ ဝေးစေ့တစ်လုံးကြီးပြီး အောက်တွဲကျနေတယ်၊ ပြီးတော့ အောင့်တယ်၊ နာတယ်၊ လမ်းလျှောက်ရင်အောင့်တယ်၊ နာတယ်၊ တစ်ခါတစ်လေ လမ်းတောင်မလျှောက်နိုင်ဘူးဆရာ၊ ဝမ်းကြောတွေ၊ ခါးကြောတွေပါ တောင့်တင်းကိုက်ခဲလာတော့တာပဲ ဆရာ"

"အေး. . . မှန်တယ်၊ နည်းမသိရင်တော့ ကြာကြာခံရသကွ၊ နည်းသိလို့ကတော့ တစ်ညတည်းနဲ့ ပျောက်နိုင်သကွ၊ ဆေးနည်းကလည်း ဘာမှခက်ခက်ခဲခဲ မဟုတ်ဘူးလေ"

"အား. . . လုပ်စမ်းပါ ဆရာရယ်၊ အဲဒီကိစ္စ ကျွန်တော်တို့တိုင်ဖြစ်ဖူးတာ မခံစားနိုင်ဘူး၊ ဒီတစ်ခါတော့ နိုင်တွတ်ရပြီပေါ့"

"လွယ်ပါတယ် ဆေးရွက်ကြီးတစ်ရွက် ရယူပါ"

"တွမ်းစားတဲ့ ဆေးရွက်ကြီးလား ဆရာ"

"ဟုတ်တယ်၊ အဲဒီဆေးရွက်ကြီးမှာ ကွမ်းစားထုံးခပ်ပါးပါးသုတ်လိမ်းပေးပါ၊ ကြက်ဆူမွှီးနီရွက် တစ်ရွက်ကိုလည်း ထုံးသုတ်ထားတဲ့အပေါ်က ထပ်အုပ်လိုက်ပါ၊ ပြီးလို့ရှိရင် အဲဒီကပ်ထားတဲ့ အရွက်နှစ်ခုကိုယူပြီး ဆေးရွက်ကြီးကို ဇာပုယ်အိတ်နဲ့ကပ်ဇျက် ကြက်ဆူမွှီးနီရွက်ကို အပြင်ဘက်ကထားပြီးထုပ်ပါ။

လျှောမကျအောင် ခါးသိုင်းပတ်တီးစနဲ့ သေချာစွာချည်နှောင်ပြီး ညအိပ်ရာဝင်ပါ၊ မနက်မိုးလင်းလျှင် အနာအကျင်မရှိ ပကတိမူလအတိုင်း ဖြစ်သွားပါလိမ့်မည်၊ အကယ်၍ တစ်ညနှင့်မပျောက်လျှင် စိတ်မပူပါနှင့် ဆက်လုပ်ပါ။

အမှန်အားဖြင့် တစ်ညတည်းနှင့် ဝေးစေ့ မူလနေရာ ပြန်တက်ပြီး အူကျဝေဒနာ သက်သာပျောက်ကင်းသည်များသည် ဖြစ်ပါသည်၊ ဒီနည်းက အကြောပြင်ဆရာကြီးများ၏ လျှို့ဝှက်နည်းဖြစ်ကြောင်း မှတ်သားရပါသည်"

"ကဲ. . . ဒါဆိုရပြီလား"

"ကောင်းလိုက်တာ၊ အသစ်အဆန်း အသိဗဟုသုတရတာပဲ၊ ကျေးဇူးတင်ပါတယ် ဆရာရယ်၊ ကဲ. . . အခြိန်လည်း အတော်ကြာသွားပြီ၊ သွားခွင့်ပြုပါဦး ဆရာ"

"ကောင်းပါပြီဗျား"

သို့နှင့် စာရေးသူသည် ဗေဒင်ဆရာ၊ စာရေးဆရာကြီးအိမ်မှ ရွှင်လန်းတက်ကြွစွာ မှတ်စုစာအုပ်အားပိုက်၍ မင်္ဂလာကန်တော်ကြီး၏ လမ်းဘောင်အတိုင်း လျှောက်လှမ်းခဲ့လေတော့သတည်း။

ကျမ်းကိုးစာမျိုး

ဆေးမှတ်စုများ၊ ဆရာ ဦးဆန်းဝင်း။

မောင်စာဆို(ကျုံရု)

❑

www.burmeseclassic.com

www.burmeseclassic.com

မြင့်မားသော တောင်တန်းကြီးများကိုပင် ဆောင်းနှင်းမြူမှုန်တို့က လွှမ်းခြုံ အုပ်ဆိုင်းလို့နေသည်။

နှမ့်ပန်းယွန်း ချောင်းကလေးအား ဖြတ်သန်းတိုက်ခတ်လာသည့် မြောက်ပြန်လေက ရိုးတွင်းစိမ့်အောင် အေးလွန်းလှသည်။ တောင်ကုန်းပေါ်ရှိ ရိုးတံရှည် ကိုင်းပင်တို့က လေအလာတွင် ဟိုဟိုဒီဒီ ယိမ်းခါလျက်။

ဘော်တွင်း မြေအောက်မိုင်းဂိတ်ကြီးတွင်တော့ မိုင်းလုပ်သားများက လုပ်ငန်းခွင်ဝင်ရောက်ရန်အသင့် ရှိနေကြသည်။

ဂိတ်ကြီးတွင် တပ်ဆင်ထားသည့် ဂိတ်ပုံး နှစ်လုံးကတော့ ပေ (၁၇၀၀) အနက် မြေစိုက်တွင်းသို့ နံနက် ၆ နာရီတစ်ကြိမ်၊ နေ့လယ် ၂ နာရီတစ်ကြိမ်၊ ည ၁၀ နာရီ တစ်ကြိမ် ပုံမှန်အတက်အဆင်း ပြုလုပ်နေရမြဲ။ တာဝန်ချိန်မရောက်မီ မိုင်းလုပ်သားများ အချင်းချင်း စကားဖောင်ဖွဲ့နေကြသည်။

"ကိုရင်မောင်နဲ့ ကိုလူအေး၊ ဒီနေ့ ခင်ဗျားတို့ နှစ်ယောက် ကျွန်တော်တို့ စတုပ်ထဲ လိုက်ရမယ်လို့ လေဘာအော်က ပြောတယ်"

မိုင်းလုပ်သား ကိုဘိုတင်၏ စကားကြောင့် ရင်မောင်နှင့် လူအေးတို့ နှစ်ဦးစလုံး ထခုန်လုမတတ် ဝမ်းသာသွားကြသည်။

စတုပ်ထဲ လိုက်ရပြီဆိုလျှင်တော့ ဘောနပ် (Bonus) စားရတော့မည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com

ရင်မောင်နှင့် လူအေးတို့ နှစ်ယောက်စလုံး မိုင်းလုပ်သားအဖြစ် အလုပ်ဝင်ခါစ လူငယ်လေးများဖြစ်ကြ၏။

"ကိုဘိုတင်အဖွဲ့မှာ ယမ်းထွန်းက ဦးကြီးတင် မဟုတ်လား၊ ဦးကြီးတင်က အလုပ်ကို လွှတ်ကြိုးစားတဲ့သူပဲ၊ ကိုရင်မောင်နဲ့ ကိုလူအေးတို့ ဘောနပ်မရမှာတော့ မဖြစ်လေနဲ့"

မိုင်းလုပ်သား ကိုခင်ထွန်းက ထိုသို့ဆိုသဖြင့် ရင်မောင် ပိုလို့အားတက်မိသည်။

မြေအောက်မိုင်းထဲတွင် ငါးပေပတ်လည်အကျယ်၊ ခုနစ်ပေ အမြင့်ရှိ ကျောက်သားကို ဒိုင်းနမိုက်ဖြင့် ခွဲထုတ်ယူပြီး မိုင်းအခေါ်ပေ၊ ထုတ်ကြိုး၊ ဆောင်းတိုင် စသည့် သစ်သားများ ကျားထောက်ကန်ခြင်းကို အခန်းဖွင့်သည်ဟု ခေါ်သည်။ ထိုသို့ ဆောင်ရွက်ပြီးသည်ကို အခန်းတစ်ခန်းပြီးသည်ဟု ဆိုပါသည်။ တစ်လအတွင်း ထိုသို့သော အခန်းများဖွင့်နိုင်လျှင် ဖွင့်နိုင်သလောက် မိုင်းလုပ်သားတို့ ဘောနပ် ခံစားခွင့်ရကြပါသည်။

စတုပ် (Stope) ခေါ် သတ္တုထုတ်လုပ်သည့် လုပ်ကွက်နေရာတွင် သတ္တုတူးဖော်ကြသည်မှာ ကျောက်သားထက် အဆပေါင်းများစွာ ပိုမို မာကျောသည့် ဘော်ကြော်ကြီးများကို **မရှင်း** (Machine) ကျောက်ဖောက် **စက်ဖြင့်** အပေါက်ငယ်များ ဖောက်ကြရသည်။ ထိုအပေါက်ငယ်များထဲသို့ **ထမ်း**တောင့်များထည့်ကာ စနက် **တံတို ဒီနို့**ဖောက်ခွဲရသည်။

တွဲအက် လွင့်ထွက်လာသော **ကျောက်တုံး** ကျောက်ခဲများ၊ မြေများနှင့် ရောနှောနေသော ဘော်များကို မိုင်းလက်တွန်းလှည်းပေါ် ဂေါ်ဖြင့် ပစ်တင်၍ လှည်းကိုတွန်းကာ ဘော်တိုက်သို့ ပို့ဆောင်၍သွင်းကြရသည်။

ဘော်ထွင်းမြေအောက် သတ္တုတွင်းသည့်ပေ (၁၇၀၀) အနက်ရှိပြီး အထပ်ပေါင်း (၁၄) ထပ်ရှိ၏။ ၎င်း အထပ်များကို 'လယ်ဗယ်' (Level) ဟုခေါ်တွင်ပြီး လယ်ဗယ်တစ်ခုနှင့် တစ်ခု အထက်အောက် ပေ (၁၀၀) ကျော် ဝေးကွာ၏။

ဂိတ်ပုံးဟုခေါ်သည့် တစ်ဖက်ပွင့် သံလှောင်အိမ် ဓာတ်လှေကား အတွင်းသို့ ဝင်ရောက်ပြီးသည့်အခါ 'ကြာလူး'ဟုခေါ်သောဓာတ်လှေကား နှင့်အမြဲလိုက်ပါရသူက ဝင်ပေါက်ကို သံချောင်းတစ်ချောင်းဖြင့် ကန့်လန့်ဖြတ်၍ ပိတ်လိုက်ကာ တွဲလောင်းကျနေသော သံကွင်းကိုဆွဲ၍အချက်ပေးလိုက်သည်။ လှေကားသည် အောက်သို့ ငြိမ့်ခနဲ နိမ့်ဆင်းသွားကာ လယ်ဗယ်များကို တစ်ထပ်ပြီး တစ်ထပ် အစဉ်လိုက် ဖြတ်သန်းသွား၏။

အထပ်တစ်ခုစီတွင် အမြင့် (၇)ပေ၊ ပတ်လည်အကျယ် (၅) ပေရှိ 'လိုဏ်မ' နှင့် ၎င်းလိုဏ်မမှ ခွဲထွက်သွားသည့် လိုဏ်မထက်ပို၍ ကျဉ်းမြောင်းသည့် 'လိုဏ်ခွဲ' များ ရှိကြသည်။ လိုဏ်ခွဲများအတိုင်း လိုက်သွားပါက သတ္တုကြောရှိရာသို့ ရောက်ရှိသည့်အခါ စတုပ် (Stope) ခေါ် သတ္တုထုတ်လုပ်၍ လုပ်ကွက်များကို တွေ့မြင်ရမည်ဖြစ်၏။

မြေအောက်သတ္တုကွင်းထဲတွင် အထပ် (၁၄) ထပ်ရှိသကဲ့သို့ အထပ်တစ်ခုစီတွင်လည်းစတုပ်(သတ္တုထုတ်လုပ်ရာလုပ်ကွက်)များက အနည်းဆုံး သုံးလေးခုမျှရှိ၏။ စတုပ်တစ်ခုစီတွင် (၅)ယောက်တစ်ဖွဲ့ဖြင့် အလုပ် လုပ်ကိုင်ကြပြီး အဖွဲ့၏ ရှေ့ဆောင်လုပ်သားကြီးကို 'ယမ်းထွန်း' ဟုခေါ်ပြီး လက်ထောက်ကိုမူ 'စက္ကင်း' ဟု ခေါ်ကြသည်။

"ဘော်. . . ဘော်"

နေ့လယ် ၂ နာရီထိုးသည့် ဥဩတွဲသံက ကျယ်လောင်စူးရှစွာ ထွက်ပေါ်လာသည့်အတွက် ရင်မောင်တို့ မိုင်းလုပ်သားများ မိုင်းတွင်းသို့ ဆင်းရန် ပြင်ဆင်ကြပါတော့သည်။

(၂)

"ယမ်းထုတ်ဖို့ရာ ခဏလေး စောင့်ဦး ကိုဘိုတင်၊ ဘာလိဝါလား ရောက်မလာသေးလို့"

ယမ်းထွန်း ဦးကြီးထွင်း စတုပ်ထဲတွင် အခန်းဆက်ဖွင့်ရန်အတွက် ယမ်းထုတ်ရာတွင် အတွေ့အကြုံရစေလိုသဖြင့် လူသစ်ဖြစ်သူ ရင်မောင်အား ကိုဘိုတင်နှင့်အတူ ထည့်ပေးလိုက်သည်။ ကိုဘိုတင်က လေဘာဘော ကိုဟန်တင်ထံ ယမ်းထုတ်ရန်အတွက် ယမ်းထွန်းကြီးက လွှတ်လိုက်ကြောင်း သတင်းပို့သည်။

လေဘာဘောကယမ်းတောင့် (၃၆)တောင့်နှင့် Cap ကပ်ထားသော ဖြူး(Fuse)ကြိုး (၉) ချောင်း ထုတ်ယူခွင့် လက်မှတ် ရေးပေးလိုက်သည်။ စတိုကလပ်(Store Clerk)အား ယမ်းထုတ်ယူရန် လက်မှတ်ပေးချိန်တွင် ယမ်းပို့သူ ဘာလိဝါလား မရောက်လာသေးသဖြင့် ခေတ္တစောင့်ခိုင်းခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

'ဘာလီဝါလား' ဆိုသည်မှာ 'ပစ္စည်းသယ်ပို့သူ' ဟူ၍ အဓိပ္ပာယ်ရပြီး မိုင်းထဲတွင် အလုပ်လုပ်ခဲ့သော အိန္ဒိယလူမျိုးများ၏ စကား အသုံးအနှုန်း ဖြစ်၏။

ကိုဘိုတင်နှင့် ရင်မောင်တို့ ယမ်းတောင့်များ ထုတ်၍ စတုပ်သို့ ပြန်ရောက်လာချိန်တွင် စတုပ်တွင် စက္ကင်း ကိုသန်းမြိုင်က မရှင်းဖြင့် ဘော်ကြောကို အပေါက်များဖောက်နေသည်။

မြေအောက်တွင်သတ္တုတူးဖော်သည်မှာ ဘော်ကြောကို ဒိုင်းနမိုက် ခွဲ၍ ငွေ၊ ခဲ၊ သွပ် ရောနေသော ဘော်များကို ထုတ်လုပ်ကြခြင်းဖြစ်၏။

ဒိုင်းနမိုက်ခွဲနိုင်ရန် ဘော်ကြောကို မရှင်းဖြင့် အပေါက်ငယ်များ ဖောက်ကြရ၏။ မရှင်း (ကျောက်ဖောက်စက်) ၏ထိပ်တွင် တစ်လက်မ ပတ်လည်ရှိပြီး လေးပေ ရှည်သော ဘာလီချောင်း (သံချောင်း) ကို တပ်ဆင်ထားကြပြီး ဘာလီချောင်း (သံချောင်း) ၏ထိပ်ဖျားတွင် ကျောက် (ဘော်ကြော) ကို ထိုးဖောက်နိုင်ရန် စိန်လွန်သွားကို တပ်ဆင်ထားလေသည်။

လေအား၊ ရေအား တို့သုံး၍ ကျောက်ဖောက်စက်ဖြင့် အပေါက်ငယ်လေးများ ဖောက်ပြီးသွားသော အခါ ယမ်းထွန်းက အပေါက်များထဲတွင် ခဲငယ်လေးများ ရှိမနေ့စေရန် နားဖာခွေးကလော်နှင့် ခပ်ဆင်ဆင် တူသော 'ဆမ်ရှူးဘာလီ'ဖြင့် ခဲများကို ဆွဲထုတ်၏။

ခဲငယ်လေးများ ရှိမနေမှသာ အပေါက်အောက်ခြေထိ ယမ်းတောင့်ကို ထည့်သွင်းနိုင်မည် ဖြစ်ပေသည်။ ထိုသို့ တစ်ဆုံးထိ သွင်းနိုင်မှလည်း ယမ်းကွဲအားကောင်းပေမည်။

ယမ်းထွန်းက အပေါက် တစ်ပေါက်စီတွင် ယမ်းတောင့်လေးတောင့် ထည့်ပြီး စနက်တံ တပ်ထားသော လေးပေရှည်သည့် ယမ်းကြိုးကို ထိပ်ဆုံး ယမ်းတောင့်ထဲတွင် စိုက်သွင်းလိုက်၏။ အပေါက်ကို ရွှံ့စိုစိုဖြင့် ဖိသိပ်ကာ ကျစ်လျစ်သိပ်သည်းစေရန် ရွှံ့ဆောင့်တုတ်တိုဖြင့် အကြိမ်ကြိမ် ဖိထောင်းပေးလေသည်။

ယမ်းထွန်းဦးကြီးတင်မှာ လုပ်သက်ရင့်လုပ်သားကြီးတစ်ဦးဖြစ်သကဲ့သို့ လုပ်ငန်းကျွမ်းကျင်သူ၊ ရိုးသား၍ ကြိုးစားသူလည်း ဖြစ်၏။ ယမ်းထွန်းဦးကြီးတင် ရှိနေလျှင် စိတ်ချရသည် မှန်သော်လည်း လေဘာဘော ကိုဟန်တင်ကတော့ သူလာမှသာ ယမ်းခွဲစေသည်။

စတုပ်တစ်ခုတွင် ယမ်းခွဲချိန်သည် အရေးကြီးဆုံး အချိန်ပင် ဖြစ်သည် မဟုတ်ပါလား။ ယမ်းခွဲရာတွင် အန္တရာယ်မရှိစေရန် လိုအပ်သလို ညွှန်ကြားမှု ပေးရစေသည်။

ယမ်းတောင့်များအပျောက်အရှမရှိစေရန်၊ မသမာသောမိုင်းလုပ်သားအချို့ ယမ်းတောင့်များကို သိုဝှက်၍ အပြင်ထုတ်ရောင်းစားခြင်း မပြုစေရန် စောင့်ကြပ်ပေးရသည်။

"အားလုံးတော့ အဆင်သင့်ဖြစ်နေပြီ၊ လေဘာဘော မိုင်းခွဲလိုက်ရတော့မလား"

"အဆင်သင့်ဖြစ်ပြီဆိုရင်တော့ ဆက်လုပ်ပါ၊ ကျွန်တော် ကျန်တဲ့ စတုပ်တွေကိုသွားကြည့်လိုက်ဦးမယ်၊ ဘေးအန္တရာယ်ကင်းရှင်းဖို့တော့သတိထားပါ၊ ကျွန်တော့် စိတ်ချပါရစေ"

"စိတ်ချပါ လေဘာဘော"

လေဘာဘော ကိုဟန်တင်က ခွင့်ပြုချက်ပေးပြီးနောက် စတုပ်ထဲမှ ထွက်ခွာသွားခဲ့သည်။

"ကိုဘိုတင်၊ ခင်ဗျား ကိုရင်မောင်နဲ့ ကိုလူအေးကို ခေါ်သွားပြီး စောင့်နေကျ လယ်ဗယ်တွေမှာ သွားစောင့်တော့"

ကိုဘိုတင်၊ ကိုရင်မောင်နှင့် ကိုလူအေးတို့ သုံးဦးအား လူသွားလမ်းနေရာဖြစ်သည့် လမ်းဆုံများတွင် သွားရောက်စောင့်ကြပ်ရန် ထွက်ခွာသွားခဲ့ကြသည်။ ယမ်းခွဲသည့်နေရာသို့ မည်သူမျှဝင်ရောက်မလာစေရန် သူတို့က စောင့်ကြပ်တားဆီးထားရမည်။

ယခုခွဲမည့်ယမ်းမှာ ကိုးလုံးဖြစ်၍ ကိုးလုံးကွဲပြီးသည့် အသံကြားမှသာ သူတို့လည်း စတုပ်သို့ ပြန်လာ၍ ရမည်သာ။ မိုင်းအခေါ်အားဖြင့် ယမ်းတွင်းတစ်တွင်းကို တစ်လုံးဟု ခေါ်ကြခြင်း ဖြစ်၏။

ယမ်းခွဲရာတွင် ယမ်းအားလုံး ပေါက်ကွဲရန်လည်း အရေးကြီးလှသည်။ ယမ်းအကုန်မကွဲဘဲ ကျန်နေပါက ဘော်ချချိန်တွင် ပေါက်ချွန်းဖြင့် ပေါက်မိပါက ထ၍ ပေါက်ကွဲကာ အန္တရာယ်ဖြစ်ရသည်မှာ မလွဲ။ ယမ်းအားလုံး ကွဲ၊ မကွဲကို သတိထား၍ နားထောင်ရန် မေ့လျော့၍ မဖြစ်။

မိုင်းခွဲချိန်တွင် တာဝန်အကြီးဆုံးမှာ ယမ်းထွန်းနှင့် စက္ကင်းဖြစ်သကဲ့သို့ အန္တရာယ် အကြီးဆုံးမှာလည်း သူတို့ပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

လေးပေအရှည် ဖြူး (Fuse) ကြိုးသည် နှစ်မိနစ် လောင်ပြီးလျှင် ကွဲတော့သည်ဖြစ်ရာ ယမ်းကိုးလုံးအား နှစ်မိနစ်အတွင်း မီးရှို့သည်နှင့် လွတ်အောင် ထွက်ပြေးရသည်။

မပြေးနိုင်ခဲ့ပါလျှင် အရှိန်ပြင်းစွာ ပေါက်ကွဲလွင့်စဉ်လာသော ဘော်ခဲ၊ ကျောက်ခဲများ ထိမှန်ကာ အသက်အန္တရာယ်ကိုပင် ထိခိုက်စေနိုင်ပါသည်။ ဝုန်းခနဲ ပေါက်ကွဲသံကြီးကား ကိုးချက်တိုင်တိုင် ပြင်းထန်စွာ ပေါက်ကွဲမြည်ဟည်းခဲ့ပြီးသည့်နောက် လယ်ဗယ်ထဲ၌ ယမ်းငွေ့များ ပြည့်သိပ်လွှမ်းလျက် ယမ်းခိုးယမ်းငွေ့ မှုန်ဝါးဝါးအောက်တွင် ကျောက်ခဲ၊ ဘော်ခဲကြီးများက စုဖုံလျက်။

"ယမ်းငွေ့ပြယ်တာနဲ့ အလုပ်စကြမယ်ဗျ၊ဘော်ချွတာရော၊လှည်းတွန်းတာရော သွက်သွက်လက်လက် ကလေးလုပ်ကြ၊ အခန်းများများ ဖွင့်နိုင်မှ ငါတို့တစ်တွေ ဘောနပ် များများရကြမှာ"

"အခန်းဘယ်နှခန်း ဖွင့်နိုင်မှ ဘောနပ်ရမှာလဲ ဦးကြီးတင်"

ရင်မောင်က စတုပ်ထဲသို့ ယနေ့မှစ၍ အလုပ်ဆင်းရသူ ဖြစ်သောကြောင့် သိချင်တာတွေက များလွန်းနေသည်။ သိရအောင်လည်း မေးရမှာ ဝန်မလေး။

"စတုပ် တစ်ခုကို ဖွင့်မယ်ဆို တစ်လလုံးအတွက် ပုံမှန် (၁၀) ခန်း ဖွင့်ရမှာ၊ (၁၀) ခန်းထက်ကျော်ပြီး ဖွင့်နိုင်ရန် ဖွင့်နိုင်သလောက် ဘောနပ်စားရမှာပေါ့ကွာ"

ဘော်တွင်းမိုင်းရှိ မိသားစုအများစုမှာ ခင်ပွန်းသည် မိုင်းလုပ်သားကြီး တစ်ဦးတည်း၏ လစာတစ်ခုတည်းပေါ်တွင် မှီခိုနေထိုင်ရသူများ ဖြစ်လေရာ ဘောနပ်များများ ရမှသာ မိသားစုအတွက် ချောင်ချောင်လည်လည် သုံးရမည်ဖြစ်၏။

"ဒါဆို ဘော်တွေများများတူးဖော်နိုင်လေ မိုင်းလုပ်သားတွေအတွက် အကျိုးရှိလေပဲပေါ့ မဟုတ်ဘူးလား ဦးကြီးတင်"

"မိုင်းလုပ်သားတွေ အတွက်တင် ဘယ်ကမလဲကွ၊ ဘော်တွေများများထွက်လေ ငါတို့နိုင်ငံတော်မှာလည်း ဘဏ္ဍာငွေများများရလေပဲပေါ့၊ တကယ်တမ်း တွေးကြည့်တော့လည်း ငါတို့ မိုင်းလုပ်သားတွေဟာ နိုင်ငံတော်အတွက် မြေအောက်ထဲကနေ သတ္တုရတနာတွေကို အသက်နဲ့ရင်းပြီး တူးဖော်ရှာဖွေပေးနေတဲ့သူတွေပါပဲ"

ဦးကြီးတင်၏ မြောစကားများက အမှန်တွေချည်းပင်။

ယမ်းပေါက်ကွဲ၍ လွင့်စဉ်လာသော ကျောက်ခဲ၊ ဘော်ခဲများကို အချိန်မီလွတ်အောင် မရှောင်နိုင်၍ ထိခိုက်ဒဏ်ရာရကာ သေဆုံးခဲ့ရသော မိုင်းလုပ်သားများ၊ မိုင်းခွဲစဉ်က အကုန်မကွဲဘဲ ကျန်ရှိနေကာ ဘော်များချခိုနိုင်တွင် ပေါက်ခွန်းဖြင့် ပေါက်မိရာမှ ပေါက်ကွဲကာ သေဆုံးရသည့် မိုင်းလုပ်သားများ၊ ဘော်တိုက်အတွင်းမှ ဘော်ခဲ၊ ဘော်မှုန့်၊ ရွှံ့စေး၊ မြေကြီးများ တစ်ဟုန်ထိုးစုပြုံဆင်းကာ ပြိုကျလာသော မြေထုပို၍ သေဆုံးရသော မိုင်းလုပ်သားများ၊ မြေပြိုကျ၍ ဂျမ်းထောက်ထားသော ပန်းပြားများနှင့် ထိခိုက်မိကာ သေဆုံးရသော မိုင်းလုပ်သားများ၊ မြေအောက်မိုင်းထဲတွင် ကြုံတွေ့နိုင်သည့် အန္တရာယ်တွေကား အမျိုးမျိုး အဖုံဖုံ။

ဝိန်းပိတ်မှောင်မည်းနေသော မြေအောက်ထဲတွင် ကာဘိုက်မီးခွက်မှ မီးရောင်လေးဖြင့်သာ အလုပ်လုပ်ကိုင်နေကြရခြင်းဖြစ်ပေရာ အတော်အတန်စိတ်ဓာတ်မခိုင်မာဘဲနှင့်တော့ မိုင်းလုပ်သား လုပ်ရန် မလွယ်ပါ။

ယမ်းငွေ့ကောင်းစွာ မပြယ်သေးသော်လည်း ယမ်းထွန်း ဦးကြီးတင်က စတင်ဦးဆောင်၍ ဘော်များကို ရှင်းလင်းရန် စတုပ်ထဲသို့ ဝင်ရောက်သဖြင့် ရင်မောင်တို့လည်း နောက်မှလိုက်၍ စတုပ်ထဲသို့ ဝင်ကြသည်။ စတုပ်ထဲတွင် ဘော်ခဲများကား ဖွာလန်ပြန့်ကျဲလျက်။

ထိုဘော်ခဲများသည် နိုင်ငံတော်အတွက် ဘဏ္ဍာငွေများ ဖြစ်ပါပေတကားဟု တွေးလိုက်မိသည်။

တစ်ဆက်တည်းမှာပင် -

'ဒီဘော်တွင်းမိုင်းကြီးကို . . ဘယ်သူတွေက ဘယ်အချိန်လောက်ကတည်းက စတင်တူးဖော်ခဲ့တာပါလိမ့်' ဟူ၍ သိလိုစိတ်တို့က အရာရာကို စူးစမ်း လေ့လာတတ်သည့် ရင်မောင်ထံတွင် မွေးဖွားလာခဲ့သည်။

ဦးကြီးတင်ကတော့ လုပ်သက်ရင့် မိုင်းလုပ်သားကြီးမို့ သိကောင်းလောက်မည်ဟုလည်းသူထင်မိသဖြင့် ဦးကြီးတင်ကို မေးမိသည်။

ဦးကြီးတင်က -

"ဒီဘော်တွင်းဒေသမှာ သတ္တုတူးဖော်တဲ့လုပ်ငန်းကိုစတင်လုပ်ကိုင်ခဲ့တဲ့သူတွေကတော့ တရုတ်လူမျိုးတွေပေါ့၊ သူတို့ဟာ ငွေသတ္တုရှာဖွေဖို့အတွက် ခရစ်နှစ် ၁၄၁၂ ခုနှစ်ကနေ

www.burmeseclassic.com

www.burmeseclassic.com

၁၈၆၈ ခုနှစ်အထိ လုပ်ကိုင်ခဲ့ကြတယ်။

တရုတ်တွေဟာ ဘော်မြေထဲက်နေ ငွေသတ္တုကိုသာ ကျိုချက် ထုတ်ယူတဲ့အတွက် စွန့်ပစ်တဲ့ အကြွင်းအကျန်တွေဟာ ခဲချော်ချေးအပုံကြီးတွေအဖြစ် ကျန်ရစ်တာပေါ့။

တို့နိုင်ငံကို အင်္ဂလိပ်တွေ ရောက်လာပြီးတဲ့နောက် ၁၉၀၃ ခုနှစ်လောက်မှာ ဂျီ၊ အီး၊ အမ်၊ စီလို့ ခေါ်တဲ့ မဟာအရှေ့ဖျားသတ္တုတွင်း ကုမ္ပဏီကို တည်ထောင်ပြီး ချော်ပုံကြီးတွေကို တူးယူပြီး ပြန်လည်ချက်လုပ်ကြတယ်။

၁၉၀၆ ခုနှစ်ပိုင်းရောက်တော့ ဂျီ၊ အီး၊ အမ်၊ စီ ကုမ္ပဏီဟာ သူ့လုပ်ငန်းကို ဘားမားပိုင်းလိမိတက်ကို ရောင်းလိုက်ပါလေရော၊ ဘားမားမိုင်းလီမိတက်မှာ အစုရှယ်ယာတန်ဖိုး စုစုပေါင်းရဲ့ ၉၉ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားတာက ဘားမားကော်ပိုရေးရှင်းလီမိတက် (လန်ဒန်) ပဲပေါ့"

"တရုတ်က လုပ်လိုက်၊ အင်္ဂလိပ်က လုပ်လိုက်နဲ့ ကျွန်တော်တို့ မြန်မာတွေက ဘယ်အချိန်မှ လုပ်တော့မှာလဲ ဦးကြီးတင်ရဲ့"

ရင်မောင်က မြန်မာဘက်ကနေ အားမလိုအားမရဖြစ်မိလို့ ဝင်မေးတော့တယ်။

"အေးကွဲ့၊ တို့မြန်မာတွေ စတင်လုပ်ကိုင်ကြတာတော့ ၁၉၅၁ ခုနှစ်လောက်မှ၊ မြန်မာနိုင်ငံအစိုးရက ဘားမားကော်ပိုရေးရှင်းလီမိတက်မှာ အစုရှယ်ယာ (၅၀) ရာခိုင်နှုန်း ပါဝင်ပြီး ဘားမားကော်ပိုရေးရှင်း (၁၉၅၁) လီမိတက်အမည်နဲ့ ဖက်စပ်လုပ်ငန်း လုပ်ကိုင်ခဲ့ကြတယ်။

၁၉၆၅ ခုနှစ် ဇွန်နဝါရီလ ၁၈ ရက်နေ့မှာတော့ အဲဒီဖက်စပ်ကုမ္ပဏီကို ပြည်သူပိုင် ပြုလုပ်ပြီး 'ပြည်သူ့ဘော်တွင်းလုပ်ငန်း' ဆိုပြီး အမည်ပြောင်းလဲ လုပ်ကိုင်ခဲ့ကြတယ်။

အဲဒီအချိန်ကစပြီး ဒီဘော်တွမ်းမိုင်းကို တိုက်ပြန်မှာတွေပဲ လုပ်ကိုင်ခဲ့ကြတာ ဒီနေ့ထိပဲပေါ့"

ထိုစကားကို ကြားရတော့မှ ရင်မောင်တစ်ယောက် ဘဝင်ကျမိတော့သည်။

ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်လူမျိုးကို ချစ်သူတိုင်း ရင်မောင်လိုပင် ခံစားကြရမည် မဟုတ်ပါလား။

"အဲဒီကနေ ၁၉၇၀ ပြည့်နှစ်၊ မတ်လ (၂) ရက်နေ့မှာတော့ 'ပြည်သူ့ဘော်တွင်းကော်ပိုရေးရှင်း' ဆိုပြီး အမည်ပြောင်းခဲ့တယ်။

၁၉၇၆ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှာတော့ 'အမှတ်(၁)သတ္တုတူးဖော်ထုတ်လုပ်ရေး ကော်ပိုရေးရှင်း' ဆိုပြီး အမည်ပြောင်းပြန်တယ်။

၁၉၈၉ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ကစပြီး 'အမှတ် (၁) သတ္တုတွင်း လုပ်ငန်း'လို့ ပြောင်းလဲခေါ်ဝေါ်ခဲ့တာ ဒီနေ့ထိပဲ ဆိုပါတော့ကွယ်"

"ဦးကြီးတင်က အရမ်းတော်တာပဲဗျာ၊ နံ့နံ့စပ်စပ်ကို အကုန်သိနေတော့တာပဲ"

"ဒါကတော့ မောင်လူအေး ရာ၊ ကိုယ်စီးတဲ့မြင်း အထီးမှန်း၊ အမမှန်း သိဖို့လိုသလို ကိုယ်လုပ်နေတဲ့အလုပ်နဲ့ ပတ်သက်ပြီး သိသင့် သိထိုက်သမျှ သိအောင် လုပ်ရမှာပေါ့။

ငါတို့လည်း ရှေ့မီနောက်မီသူတွေကို မေးမြန်းရင်း၊ စာအုပ်တွေထဲမှာ ဖတ်ရှုရင်း သိလာရတာပဲပေါ့"

"ဘော်တွင်းမိုင်းကြီးတ ဟိုးနှစ်ပေါင်းများစွာကတည်းက ကျွန်တော် တို့နိုင်ငံအတွက် အကျိုးပြုခဲ့၊ ဝင်ငွေရှာပေးခဲ့တာပဲနော်"

"မှန်တာပ မောင်ရင်မောင်ရယ်"

ရင်မောင်၏ နှလုံးအိမ်တွင်းဝယ် ဘော်တွင်းမိုင်းကြီး၏ ကျေးဇူးတရားများကို ရှုမြင်သုံးသပ်မိသကဲ့သို့ ဘော်တွင်းမိုင်းလုပ်သားအဖြစ် လုပ်ကိုင်ရသည့် မိမိကိုယ်မိမိလည်း ဂုဏ်ယူနေမိ၊ ကျေနပ်နေမိ၊ ဝိတိဖြာနေမိပါတော့သည်။

နိုင်မျိုးသစ္စာ(နမ္မတူ)

❑

www.burmeseclassic.com

www.burmeseclassic.com



ကော့ပြိုင်တောင်စောင်းမှ မိဘုန်ဝန်းများ

ဆရာကြီး ဦးအောင်မြိုင်

ကျွန်ုပ်သည် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လမှ စတင်ကာ အသက် (၆၃)နှစ်အတွက် ဂူကြီး၊ ဂူငယ် (၆၃) ဂူ၊ ကိုးနဝင်း မိဘုန် လိုက်ဝင်ခဲ့ပါသည်။ ထိုမိဘုန်ခရီးစဉ်တွင် တရင်ပြည်နယ်၊ ဘားအံဒေသ၊ သံလွင်မြစ် အနောက်ဘက်ကမ်းရှိ



ကော့ပြိုင်တောင်စောင်းရှိ မိဘုန်လိုက်ဂူအဝင်ပေါက်

ကော့ဖြိုင်တောင်စောင်းမှ မိဘုန်စခန်းများလည်း ပါဝင်ခဲ့ပါသည်။

ကော့ဖြိုင်တောင်ဟု ခေါ်ကြခြင်းမှာ ထိုတောင်နှင့် အနီးဆုံးကပ်လျက် တောင်ခြေတွင် ကော့ဖြိုင်ရွာ ရှိနေခြင်းကြောင့် ရွာနာမည်ကို အစွဲပြုခေါ်ဆိုခြင်း ဖြစ်ဟိန်တူပါသည်။ ကော့ဖြိုင်ရွာမှာ တောင်၏အရှေ့ဘက်နှင့် အရှေ့မြောက်ဘက် တောင်ခြေတွင် ကပ်လျက်တည်ရှိသော ရွာငယ်ဖြစ်သည်။ သံလွင်မြစ် အနောက်ဘက်ကမ်းနဖူးတွင် တည်ရှိသဖြင့် ရှေးအခါက ဖောင်၊ လှေ၊ မော်တော် စသည်တို့ဖြင့်သာ သွားလာနိုင်သော နေရာဖြစ်သည်။

ကော့ဖြိုင်ရွာ၏ တောင်ဘက် မိုင်ဝက်ကျော်ကျော် ခန့်တွင် မဲကရင်ကျေးရွာရှိပြီး ဘားအံ-ရွှေဝွန်း အဓိုးရ သဘော်များ ဆိုက်ကပ်ရာ ဆိပ်ကမ်းရှိသည်။ အလားတူ

www.burmeseclassic.com

www.burmeseclassic.com



ကော့ပြိုင်တောင်စောင်း မိဋ္ဌာန်လိုဏ်ဂူတွင်းရှိ ဘုရားခန်း



ကော့ပြိုင်တောင်စောင်း မိဋ္ဌာန်လိုဏ်ဂူတွင်းရှိ တစ်ပါးထိုင်ဂူခန်း

ကော့ဖြိုင်ရွာ၏မြောက်ဘက် တစ်မိုင်ကျော်ခန့်တွင် ဝတ်ကြီးရွာရှိသည်။ ဘားအံ-ရွှေဂွန်း အစိုးရသင်္ဘောများ ဆိုက်ကပ်ရာ ဆိပ်ကမ်းရှိသည်။ ထို့ကြောင့် ကော့ဖြိုင်ရွာသူ၊ ရွာသားများအနေဖြင့် ဘားအံမြို့သို့ဖြစ်စေ၊ ရွှေဂွန်းရွာကြီးသို့ဖြစ်စေ သွားလာလိုပါက သံလွင်မြစ်တွင်း ပြေးဆွဲသော အစိုးရသင်္ဘောကို မဲ့ကရင်ရွာမှဖြစ်စေ၊ ဝတ်ကြီးရွာမှဖြစ်စေ သွားရောက် စီးနင်းကြရသည်။ ဝတ်ကြီးရွာ မဲ့ကရင်တို့နှင့် ကော့ဖြိုင်ရွာတို့မှာ လူသွားလမ်း ခြေကျင်လမ်းသာရှိပါသည်။

ယခု ခေတ်ပြောင်းသွားပြီး သံလွင်မြစ်ကြောင်းမှ ရေလမ်းခရီးကို အသုံးပြုမှု မရှိသလောက် ဖြစ်နေပြီ။ သင်္ဘောလည်း မဆွဲတော့ပါ။ သံလွင်မြစ်၏ အနောက်ဘက်ကမ်း၊ သထုံ-စားအံကားလမ်းမှ ဝါးဘိုး တောကမခမ်ောင်း-ဖာပွန်ကတ္တရာ ကားလမ်းမကြီး ဖြူးနေပြီ။ သံလွင်မြစ်၏ အရှေ့ဘက်ကမ်းမှာလည်း ဘားအံ-လှိုင်းဘွဲ့ မော်တော်ကားလမ်း ထလုံးလမ်းခွဲမှ ရွှေဂွန်း-မြိုင်ကြီးငူ ကတ္တရာ မော်တော်ကားလမ်းကြီးလည်း ဖြူးနေပြီ။ ကား၊ ဆိုင်ကယ်တို့ဖြင့် ကုန်းလမ်းမှသာ ခရီးသွားလာမှုပြုကြသည်။

သံလွင်မြစ် အနောက်ဘက်ကမ်းရှိ မဲ့ကရင်ရွာမှလည်းကောင်း၊ ဝတ်ကြီးရွာမှလည်းကောင်း၊ ဘားအံ- ကမမောင်း-ဖာပွန် ကတ္တရာကားလမ်းမကြီးများသို့ ဆက်သွယ်သော မြေသားကားလမ်းများရှိနေပြီ။ ထို့ပြင် ဝတ်ကြီး-ကော့ဖြိုင်၊ မဲ့ကရင်၊ မုကွဒီ ရာစဉ်အတိုင်း သံလွင်တံတားအထိ၊ သံလွင်မြစ်ကမ်းဘေးနှင့်ယှဉ်၍ မော်တော်ဆိုင်ကယ်သွားလမ်းရှိသဖြင့် အချိန်တိုအတွင်း လွယ်ကူစွာ သွားလာနိုင်ကြပြီ။

မဲ့ကရင်ရွာမှ ကော့ဖြိုင်ရွာသို့ မော်တော်ဆိုင်ကယ်ဖြင့် သွားရာ (၅) မိနစ်ခန့်သာ ကြာပါသည်။ ကော့ဖြိုင်ရွာ ထိပ်သို့မဝင်မီ (၂) ဖာလုံခန့်တွင် ကော့ဖြိုင်တောင်စောင်းပေါ်မှာ ကျောက်တုံးများပေါ်၌ တည်ထားသော စေတီငယ်များကို ဖူးမြင်ရပါသည်။ အချို့စေတီတော်များအောက်တွင် မိဋ္ဌာန်လိုဏ်ဂူငယ်များ ရှိသည်။

ဤကော့ဖြိုင်ရွာတွင် ရှေးကတည်းက ရသေ့၊ ရဟန်း၊ သူတော်စင်ပုဂ္ဂိုလ်များ လာရောက်၍ တရားအားထုတ်၊ မိဋ္ဌာန်ဝင်ကြသော ဂူကြီး၊ ဂူငယ်များ ရှိကြောင်း သိရသည်။ ထိုသူတော်စင်ပုဂ္ဂိုလ်များ ဦးဆောင်မှုဖြင့် တောင်အနီးဝန်းကျင်ရှိ ဗုဒ္ဓဘာသာဝင် ရွာသူရွာသားတို့ ပေါင်းစုကာ စေတီ၊ ဘုရား၊ ရုပ်ပွားရုပ်တုများ တည်ထားခဲ့ကြသည်။

ယခု ဖူးမြင်ရသော စေတီငယ်များမှာလည်း ရှေးကတည်းက တည်ထားခဲ့သော စေတီငယ်များ၊ ပြိုပျက်နေသည်ကို ပြန်လည်ပြုပြင်ထားကြခြင်း ဖြစ်ပေသည်။

ထိုစေတီငယ်များရှိရာ တောင်စောင်းဆင်ခြေလျော့မှ တောင်ဘက် မနီးမဝေး ကိုက်(၁၀၀)ခန့်အကွာ ကော့ဖြိုင်ရွာတောင်စောင်း အရှေ့ဘက်တွင် မိဋ္ဌာန်ဂူငယ်တစ်ဂူကို တွေ့ရှိရသည်။ မော်တော်ဆိုင်ကယ်လမ်းမှ အနောက်ဘက် (၁၅)ပေခန့်အကွာမှ လိုဏ်ဂူပေါက်ဝအထိ အုတ်အင်္ဂတေလှေကားထစ်များ ပြုလုပ်ထားသည်။

ဂူဝမှာ အမြင့် (၁၅) ပေခန့်၊ အကျယ် (၁၅) ပေခန့် သာရှိပြီး အတွင်းမှာ သုံးလေး ပေခန့်ကျယ်သည်။ ဘုရားခန်း တစ်ခန်း၊ အိပ်ခန်း တစ်ခန်း၊ တရားထိုင်ခန်း တစ်ခန်း သီးသန့်စီ ပြုပြင်ထားဟန်ရှိသည်။ ဘုရားခန်းတွင် ကျောက်စက်မိုးမျှော်ကို ဖြတ်ညှိထားသော ပလ္လင်တော်ပေါ်မှာ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ပူဇော်ခံထားသည်။

ဗုဒ္ဓရုပ်ပွားတော် ပလ္လင်၏ ဘယ်ဘက်ခြမ်းမှာ သူတော်စင်တစ်ပါး လဲလျောင်းအိပ်စက်ရန် (သို့) ထိုင်၍

www.burmeseclassic.com

www.burmeseclassic.com

တရားအားထုတ်ရန် အကျယ်အမြင့်ရှိသော လိုဏ်ဂူခန်းငယ် တစ်ခန်းရှိသည်။ အလားတူ ဗုဒ္ဓရုပ်ပွားတော်ပလ္လင်၏ ညာဘက်ဘေးတွင် တောင်ပို့သဏ္ဌာန် ကျောက်စက်မိုးမျှော်ကြီးရှိပြီး ထိုကျောက်စက်မိုးမျှော်ကြီးဘေးတွင် ဆူတော်စင်တစ်ပါး လဲလျောင်းအိပ်စက်ရန် (သို့) ထိုင်၍ဖြစ်စေ၊ ရပ်၍ဖြစ်စေ တရားရှုမှတ်နိုင်သော လိုဏ်ဂူခန်းငယ် တစ်ခန်း တွေ့ရသည်။

ဂူတွင်းမှာ အသေအချာ မြေညှိပြုပြင်ထားသဖြင့် ဤနေရာတွင် ရဟန်း၊ ရသေ့၊ ယောဂီ၊ သူတော်စင်များ ယခုတိုင်အောင် မကြာခဏ စီဒြာန်လာဝင်နေကြဆဲဖြစ်ကြောင်း သိနိုင်ပေသည်။

ကျွန်ုပ်၏ ဂန္ဓိရုပညာ ဆရာတစ်ပါးဖြစ်သော ရသေ့ဦးပညာဂ္ဂဿိသည် လွန်ခဲ့သော အနှစ်(၃၀)ခန့်က ဤကေဒ့ဖြိုင်တောင်စောင်းသို့ ရောက်ရှိကာ ကေဒ့ဖြိုင်ရွေးဟောင်း ဘုရားဂူကြီးတွင် နှစ်အတော်ကြာအောင် သီတင်းသုံးနေထိုင်ကာ ရွေးဟောင်းဘုရားစေတီတော်များကို ပြုပြင်ထိန်းသိမ်း စောင့်ရှောက်ခဲ့ဖူးသည်။

ကေဒ့ဖြိုင်ဂူကြီးနှင့် မနီးမဝေးတွင် ရှိကြသော စီဒြာန်ဂူငယ်များကိုလည်း ရှာဖွေဖော်ထုတ် ပြုပြင်ပေးခဲ့သည်။ ယခု ကျွန်ုပ်ရောက်ရှိနေသော ကေဒ့ဖြိုင်တောင်စောင်းရှိ ဂူလေးစီဒြာန်စခန်းမှာလည်း ရသေ့ဦးပညာဂ္ဂဿိ ရှာဖွေဖော်ထုတ် ပြုပြင်ပေးခဲ့ဖူးသော နေရာထူးတစ်နေရာဖြစ်ပါသည်။

ကျွန်ုပ်၏ ဂူကြီး/ဂူငယ် (၆၃) ဂူ စီဒြာန်တွင် ဂူငယ်တစ်ဂူအဖြစ် ပါဝင်သဖြင့် (၁၀၈)လုံး အုန်းသား မွေးနုံပုတီး နှင့် ဘုရားဂုဏ်တော် (၉) ပါးကို အနုလုံပဋိလုံ ပုတီး (၉) ပတ် စိပ်ပွားခြင်း၊ မေတ္တာပို့ခြင်း၊ အမျှအတန်း ပေးဝေခြင်းများပြုကာ ကိုးနဝင်းစီဒြာန် ဝင်ခဲ့ပါသည်။

လွန်စွာ တိတ်ဆိတ်အေးချမ်းသော ကေဒ့ဖြိုင်တောင်စောင်းဂူလေး စီဒြာန်စခန်းမှာ သမာဓိရလွယ်သော နေရာထူးဖြစ်၍ တစ်ခါတစ်ခေါက် သွားရောက် အဓိဌာန်ဝင်နိုင်ကြစေရန် လမ်းညွှန်ဖော်ပြပေးလိုက်ရခြင်း ဖြစ်ပါသည်။

ဆရာကြီးဦးအောင်မြိုင်

ဆရာဦးပိုင်ဇေအောင် (ဝိဇ္ဇာဘွဲ့)

လက်ဝဲဟာဇေဒင်တောခန်း

တိုက် (၄၀)၊ အခန်း (B-1)၊ မြေညီထပ်၊ မဟာဗျိုင်းဘိလ်ရုပ်ရိပ်၊ ဦးဝိစာရလမ်း၊ (၄၁) ရပ်ကွက်၊ မြောက်ဒဂုံပြို့နယ်။

၀၉-၅၀၉၃၈၉၁၊ ၀၉-၇၃၁၄၇၀၂၄၂၊ ၀၉-၂၅၀၇၇၆၄၃၆

- ပြည်ပ နိုင်ငံခြား ပညာသင် ရွေးချယ်ခံရဖို့။
- ပြည်ပ သွားရောက်လုပ်ကိုင်ခွင့် စာမေးပွဲကို အမှတ်များများရရှိအောင်မြင် ရွေးချယ်ခံရစေဖို့။
- နိုင်ငံခြားမှ အလုပ်ခေါ်စာ အမြန်ဆုံးရောက်လာစေဖို့။
- မိမိသွားဖို့ လျှောက်ထားသော (သို့) ရည်မှန်းထားသော ပြည်ပနိုင်ငံကို အခက်အခဲမရှိ လွယ်ကူအဆင်ပြေစွာ အမြန်ဆုံးသွားရစေဖို့။
- ပြည်ပ နိုင်ငံခြား ရောက်ရှိနေသူ အမြန်ဆုံးပြန်လာစေဖို့။

● နိုင်ငံခြား သင်္ဘောသားသစ်များ အလိမ်အညာမခံရဘဲ နိုင်ငံခြားသင်္ဘော အမြန်ဆုံးတက်ရဖို့ ● နိုင်ငံခြား သင်္ဘောသားဟောင်းများ လိုင်းကောင်း၊ သင်္ဘောကောင်းမှာ လစာကောင်းဖြင့် အမြန်ဆုံး ပြန်တက်ရဖို့ ● နိုင်ငံခြားသင်္ဘောမှာ အစစအရာရာ အဆင်ပြေပြီး ဘေးရန်ကင်း ကျန်းမာစွာဖြင့် စာချုပ်သက်တမ်းပြည့်သည်အထိ ခိုင်မြဲစွာလုပ်ကိုင်ရဖို့ ● နိုင်ငံခြားသင်္ဘောဆိုင်ရာ အဆင့်ရာထူးတိုး (ရေးဖြေ၊ လက်တွေ့) စာမေးပွဲများ အခက်အခဲမရှိ တစ်ကြိမ်တည်းနဲ့ဖြေဆိုအောင်မြင်ဖို့။ [နည်းလမ်းကောင်းများရှိပါတယ်]

www.burmeseclassic.com

www.burmeseclassic.com

ပြုံးရယ်ရယ်ကဒ် ဟာသများ

သူအမြင်နှင့်သူ

အလွန်တရာ ကြွားဝါတတ်သော ချမ်းသာကြွယ်ဝသည့် အမျိုးသမီးကြီးက သူအပေါင်းအသင်း အမျိုးသမီးကို -

"ကျွန်မ ဒီနေ့ ဝယ်လိုက်တာ ဒုတိယငမောက်ပတ္တမြားလို့ ယူဆနေကြတဲ့ ပတ္တမြားနဲ့ ကွင်းထားတဲ့ လက်ပတ်ရတနာဖြစ်တယ်၊ ရှေးမင်းမျိုးမင်းနွယ် အစဉ်အဆက်က တစ်ဦးလက် တစ်ဦးပြောင်းပြီး လက်ဆင့်ကမ်း အမွေပေးခဲ့တဲ့ ပစ္စည်းတစ်ခု ဖြစ်တဲ့အတွက် . . . "

ကြွားဝါသော လေယူလေသိမ်း စကားလုံး အဆုံးမသတ်မီ အပေါင်းအသင်း အမျိုးသမီးက ကြားဖြတ်၍ ဝင်ပြော့လိုက်သည်မှာ -

"ညော်- လက်စသတ်တော့ ရှင်က သူများသုံးပြီးသား လက်ဝတ်ရတနာပစ္စည်း အဟောင်းအမြင်းတွေကိုလည်း ဝယ်ဝတ်လေ့ရှိတာကိုး" ဟူ၍ နှိမ့်ချဝေဖန်လိုက်လေသည်။

❐

မျိုသိပ်မှု၏ ရလဒ်

ကျွန်တော်၏ အစ်ကိုကြီးနှင့် မရီးဖြစ်သူတို့သည် အိုမ့်ထောင်သက် (၅၀)နှစ် ပြည့်မြောက်သော စိန်ရတုသဘင် ကျင်းပနိုင်ခဲ့သည်။ ထိုအခါ ကျွန်တော်က မရီးဖြစ်သူကို -

"မင်းတို့ အိမ်ထောင်ဘက်က အုံကြွစရာကောင်းလောက်အောင် ကြာခဲ့တာပဲနော်၊ ဘယ်လိုကြောင့် အဲဒီလောက် နှစ်ပေါင်းများစွာ ကြာခဲ့တာလဲဗျာ" ဟူ၍ မေးမိသည်။

"ထိန်းသိမ်း မျိုသိပ်နိုင်မှု အစွမ်းကြောင့်ပေါ့ကွာ၊ တကယ်လို့များ ငါ့အနေနဲ့ မင်းရဲ့အစ်ကိုကို သတ်ချင်စိတ် ပထမဆုံးဖြစ်ပေါ်တဲ့ အချိန်တုန်းကသာ ကိုယ်ထိလက်ရောက် သတ်ပစ်ခဲ့လို့ လူသတ်မှုနဲ့ ထောင်ကျခဲ့ရင် တောင် အခုလောက်ရှိပြစ်ဒဏ်စေ့လို့ ထောင်က လွတ်လောက်ပြီပေါ့ကွယ်" ဟု စဉ်းစဉ်းစားစား ဖြေလိုက်ပါသတဲ့။

❐

www.burmeseclassic.com

www.burmeseclassic.com

ပြုံးရယ်ရယ်အတိုးအသုတ်

အပြောင်းအလဲ

အမျိုးသမီးတစ်ယောက်က ဘယဆေး(Drugstore) ဆိုင်သို့သွား၍ စိန် (Arsenic) အဆိပ် ရောင်းမရောင်း မေးသည်။ ထိုအခါ ဘယဆေးဆိုင် ပိုင်ရှင်အမျိုးသားက -

"စိန်အဆိပ်ကို ဘယ်လိုအသုံးပြုဖို့လဲ" ဟုမေးသည်။

"ကျွန်မယောကျ်ားဟာ တခြားအမျိုးသမီးတစ်ယောက်နဲ့ ဖောက်ပြန်နေတဲ့အတွက် သူ့ကို အဆိပ်ခတ်ပြီး သတ်မလို့ပါ"

"ဟာ- ဒါတော့ မဖြစ်နိုင်ဘူး၊ လူသတ်ဖို့အတွက်တော့ ကျွပ် မရောင်းဘူး" ဟူ၍ ဆေးဆိုင်ပိုင်ရှင်က ခါးခါးသီးသီး ငြင်းသည်။

"ဟောဒီမှာကြည့်၊ ကျွန်မယောကျ်ားနဲ့ ချစ်ပွဲဝင်နေကြတဲ့ အမျိုးသမီးရဲ့ပုံကို တွေ့ရဲ့လား" ဟု စုံတွဲပုံကို ပြသည်။ ထိုအမျိုးသမီးမှာ ဘယဆေးဆိုင်ပိုင်ရှင်၏ ဇနီးမယား ဖြစ်နေသောအခါ -

"ဟာ- ဒါဆို စိန်အဆိပ်ကို ကျွပ်ရောင်းလိုက်မယ်" ဟူ၍ ဝမ်းမြောက်ဝမ်းသာ ရောင်းလိုက်လေသည်။

❐

အပြောကဲကြိုက်သူရယ်

ဒေါ်မမသည် အသက် (၃၀)နှစ်ပြည့်ခါစ အချိန်တွင် စီးပွားရေးကောင်းမွန်သော လင်ယောကျ်ား ရုတ်တရက် ဦးနှောက်အွေးကြောပြတ်၍ ကွယ်လွန်သွားသည်။ သူတို့ဇနီးမောင်နှံတွင် သားသမီးလည်း တစ်ဦးတစ်ယောက်မှ မရှိသေးသောကြောင့် အထီးကျန်ဖြစ်နေသော ဒေါ်မမသည် အသုဘချသောနေ့တွင် ခင်ပွန်းဖြစ်သူ၏ သချိုင်းဂူနံဘေးတွင် ဆွေးမြည့်ကြေကွဲစွာ ငိုကြွေးနေသည်။ ထိုအချိန်တွင် သပ်သပ်ရပ်ရပ် ဝတ်စားထားသော လူရွယ်တစ်ယောက်က ကြင်နာစွာဖြင့် ချဉ်းကပ်၍ ဘဝခရီးဖော်အဖြစ် စောင့်ရှောက်ခွင့် နှုတ်ဆက်သည်။

"အစ်မ၊ အခုလို မျှဖြူးမလိမ်း မခြယ်မသာဘဲ ကပိုကရိုနဲ့ တွေ့ရထာကိုက အင်မတန် စွဲမက်စရာကောင်းနေပါတယ်" ဟူ၍ တီးတိုးပြောလိုက်သည်။ ထိုအခါ ဒေါ်မမက -

"ဒါထက်ပိုပြီး စွဲမက်ရအောင် နိုင်ငံကျော် အလှဖန်တီးရှင်နဲ့ သေချာအလှပြင်လိုက်ဦးမယ်၊ အဲဒီအခါကျ မင်းအရမ်းအံ့သြသွားမှာ" ဟူ၏။

စွမ်းထက်အောင်

❐

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

အုပ်ပို့ တလွဲခင်ရယ်

ဟန်သီဇင်

လေအန်ကုန်းမှာ စာရေးဆရာ ကြီးကြီး ငယ်ငယ် ရုံးစု ရုံးစု ခေါင်း ချင်းဆိုင်နေကြသည်။

ထုံးစံအတိုင်း ခင် တစ်ယောက် အကြော်ထုပ်ကြီးဆွဲကာ ရောက်လို့လာ သည်။ စားပွဲပေါ် သို့ အကြော်ထုပ်ဖွင့် ကာ ကျွေးလည်း စိတ်မဝင်စားကြ။ ခင် အကဲခတ်လိုက်သည်။ တစ်ခုခုတော့ တစ်ခုခုပဲ။

"ဆရာတို့ ဘာတွေ တိုင်ပင်နေ ကြတာလဲ ဟင်"

သည်တော့မှ ဆရာတွေ အား နာပါးနာ လှည့်ကြည့်လာကြပြီး -

"ဒီလိုလေ ဆရာမရဲ့ ကွန်တော် တို့ စောင်စွန်းဘက်မှာ ပရဟိတ ကျောင်း အလှူရှင်များက စာရေးဆရာ ဆရာမတွေကို ဖိတ်ခိုင်းလိုက်တယ်၊ ပြောပြောပေးဖို့ရယ်၊ ဂီတနဲ့ ဖျော်ဖြေ ပေးဖို့ရယ်၊ အဲဒါ လိုက်မယ့်သူ စာရင်း ကောက်နေတာ"

ဆရာဆူဝိုက ရှင်းပြရှာသည်။

"ကိုယ့်စရိတ်နဲ့ ကိုယ်လား"

"စပွန်ဆာ ရှိတယ်လေ၊ ပြီးရင် တောင်စွန်း၊ ဘီးလင်း၊ ဘုရားစုံ ဖူးရမှာ"

"ဆရာမ ခင်၊ လိုက်မယ် မဟုတ် လား"

ဆရာညွန့်ဝင်းကိုက မေးလာ သည်။

"ခင်က လိုက်ပြီး ဘာလုပ်ရမှာ လဲ၊ ဟောပြောမယ့် ဆရာတွေကလည်း အပြည့်၊ ဆိုမယ့်သူကလည်း သူလူနဲ့သူ"

"ပြော် လိုက်ခဲ့ပါ ဆရာမရယ်၊ ဟိုရောက်တော့လည်း လိုအပ်တဲ့နေရာ အင်အား ဝိုင်းကူဖြည့်ကြတာပေါ့"

"အင်း သွားမှာက လိုသေးတယ် ပို့လား၊ ခင် စဉ်းစားဦးမယ်"

"လိုက်ခဲ့ပါ ဆရာမရယ်၊ ကိုယ့် မောင်နှမတွေပဲ ပျော်ပျော်ရွှင်ရွှင် သွားရ အောင်ပါ"

သိတဲ့ အတိုင်းပင်။ လေအန် ကုန်းမှ စာပေ မောင်နှမများနှင့်ဆိုလျှင် နှစ်ခါ မငြင်းတော့။

ခရီးစဉ် အုပ်စုထဲမှာ လေအန် ကုန်း ဒေါင်ဒေါင်မြည် သမုဒ္ဒရာဝေနှင့် နမော်နမဲ့ခင်က ရထားထိုင်ခုံနေရာ ရောက်တာနှင့် ပစ္စည်းတွေချထားကာ ရထားပေါ်မှ ဆရာတွေရဲ့အလစ်အငိုက် ပုံများ မှတ်တမ်းတင်တော့သည်။

*

တောင်စွန်းဘူတာသို့ စာရေး ဆရာအုပ်စုများ မကြာခဏလာလည်း

www.burmeseclassic.com

www.burmeseclassic.com

မရိုးနိုင်ရှာပါ။ လူတွေက ဝိုင်းကြည့်ခံရ စမြဲပင်။ ဘယ်နှခေါက်လာလာ။ ဆန်ပလော့ခေါ် သုံးဘီးဆိုင်ကယ်မော်ဒယ် အလုအယက်တက်ကာ တည်းခိုရာသို့ လိုက်ကြစမြဲပင်။

ပရဟိတကျောင်းသို့ ရောက်တာနှင့် ဗိုက်ထဲက ဆန္ဒပြလာပြီမို့ အဖွဲ့သားတွေ ထမင်းစားရုံသို့ လှမ်းမျှော်ကြရတာ အမော်ပင်။

"ဆရာမခင်နဲ့ ဆရာမတို့ ထမင်းစားပြီးရင် မနက်ဖြန် အစီအစဉ် ဆွေးနွေးဖို့ ဘုတ်အဆောင်ကို ကြွခဲ့ဦးနော်"

ဆရာမိုးမြော့ သံချောင်းလာခေါက်လေ၏။ သမုဒ္ဒရာဝေက နားမလည်စွာဖြင့် -

"ဟဲ့ ငါတို့ကို ဘယ်နေရာဘူးဖို့ ခေါ်တာလဲ"

"ဩော် မဝေကလည်း အတူနေ နားထောင်ခဲ့ လာသူချင်း အစီအစဉ်တွေ နားထောင်ဖို့ ဘယ်အချိန် ဘာဆိုတာ သိတော့မပေါ့"

"အေးပါဟာ၊ အေးပါ"

တစ်ခါတစ်ရံ မအူမလည် ပြုတတ်သည့် သမုဒ္ဒရာဝေပါ။

ဒုတိယမြောက် နေ့မှာတော့ ပရဟိတကျောင်းမှာ ဟောကြွေး ပြောကြ၊ ဆိုကြ၊ ကကြ၊ စည်ကားနေသည်။

သမုဒ္ဒရာဝေကလည်း သွားကြွေးထဲက လေထွက်သူမို့ အဟောနဲ့ အဆိုအသုံးမဝင်။

ခင်ကလည်း အများထဲက နာခေါင်းတစ်ပေါက် အသက်ပို့ရှူသူအဖြစ် လည်ပင်း ဖောက်ထားသူမို့ မမဝေနည်းတူ အပယ်ခံလေးတွေမို့ နှစ်ယောက်သား အနီးဘန်းကျင်မှ စေတီတော်ဘုရားဇရပ်မှာ ရေညှိလည်ကာ စာရေးကွက် ရှာဖွေတော့သည်။ သို့သော် ညနေစောင်းမှာတော့ -

"ဆရာမတို့နှစ်ယောက် ဘယ်ပျောက်နေတာလဲ၊ ဒီည မီးပုံပွဲရှိတယ်၊ ဆိုကြမယ်၊ ပျော်ကြမယ်"

ပရဟိတကျောင်းရှိ ကလေးများ ပျော်ရွှင်စေရန် ဓိမ်းကစားရင်း မီးပုံပွဲ လုပ်ပေးခြင်း ဖြစ်သည်။

"အစ်မဝေရေ ဒီညတော့ ရှောင်မရဘူး၊ သွားထိုင်ပေးမှ ကောင်းမယ်နော်"

"အေးပါ ညီမ ခင်ရယ်၊ ငါဆို့လှလှပပ မြင်ဆင်ပြီး သွားကြတာပေါ့"

ခဏတစ်ဖြုတ်နားပြီးပြီး ရေချိုးခန်းက အလှည့်ကျ ဝင်ရတာမို့ ညနေမီးပုံပွဲဆင်နွှဲရန် ရေမိုးချိုး ပျူတီပါလာဖွင့်။ အမှီသမီးဆောင်မှာ လှုပ်လှုပ်ရွရွ။ ညနေစောင်းမှိန်ရောက်သောအခါ -

"ဆရာမတို့ မီးပုံပွဲ ကြွလို့ရပါပြီ"

ကျောင်းသူလေးတွေ လာခေါ်ပြီမို့ ခင်တို့ လိုက်ခဲ့ကြသည်။ အော်ဒါတင်ခဲ့သော ကိုအေ့ကလည်း လက်ရွှင်ပြေသည်နှင့်တပေါ် ခေါ်ခေါ်ဆောင်ဆောင်လာလာ။

ကျောင်းသူ ကျောင်းသားလေးတွေ တစ်လှည့်စီ။ စာရေးဆရာ ဆရာမတွေတစ်လှည့်။ ဆိုသူ၊ ကသူတွေ လူစုံ။ လူကုန်သလောက်ရှိနေပါပြီ။

သို့သော် ကလေးတချို့ ပူဆာပုံက -

"သမီးတို့ ကျောင်းက အားလုံး လူကုန်ဖျော်ဖြေရတာ၊ အန်တီဆရာမကြီး နှစ်ယောက် မဖျော်ဖြေရသေးဘူး၊ သွက်ပြီး ဖျော်ဖြေပေးပါ"

အော်တာ ပြောသံများကြောင့် သမုဒ္ဒရာဝေမျက်လုံးပြူးကာ -

"ဟဲ့ နှမော်နမဲ့ရေ ငါတို့တော့ ဒုက္ခဖြစ်ပြီ၊ ဘယ်ရှိလုပ်ကြမလဲ၊ ငါက သီချင်း မဆိုတတ်ဘူး၊ ဒီတော့ အပြမယ်၊ နင်က သီချင်းဆိုပေး"

"အာ ဒီလည်ပင်းပေါက်နဲ့ အသံမှ မကောင်းတာ"

နှစ်ဦးသား တွတ်တွတ်ထိုး ကောင်းနေစဉ် -

"ကဲ ကဲ ဆရာမ ဘွားတော် နှစ်ယောက် မြန်မြန်လုပ်နော်၊ ကိုးဘုတ် ဆရာကလည်း လက်စွမ်းပြချင်ပြီ"

"ဆရာ ခင်က ဘာသီချင်းဆိုရမှာလဲ"

ခင် စဉ်းစားရင်း -

"အင်း ဖြူဖြူကျော့သိန်း သီချင်းဆိုရင် ကောင်းမလား၊ အဲဒီ စန္ဒီမြင့်လွင် သီချင်း"

နှုတ်မှ တရစပ်ရွတ်ပြစဉ် ကိုးဘုတ်ဆီရောက -

"နမော်နမဲ့ရေ ဆိုရင်း သီချင်း စာသား ပျောက်နေမယ်"

"ဟုတ်ပါရဲ့၊ အင်း တိမ်လွှာမို့မိုလွင် ဆိုမယ်"

ခင် ပဲဟာ ဘယ်ရမလဲ အချဲ့မပေးပေါင်။ တိမ်လွှာမို့မိုလွင် တီးလုံးအစွန်နှင့် မမဝေရဲ့ ထွောင့်ချိုးကတွက်ကလည်း ပေါ့စရာ။ ခင့်မှာ ဆိုရင်း အသံဖျက်ဆီးချက်သွားရာ အားပေးသော ဆရာမများက ခင့်အား လှမ်း၍ -

"ဟဲ့ နမော်နမဲ့ခင်၊ ဘယ်ပြောင်းဆို"

ခင့်လက်က မိုက်ကရိုဖုန်းကို ညာဘက်လက်နှင့် ကိုင်းထားခြင်းဖြစ်၍ ဘယ်လက်သို့ ပြောင်းခိုင်းခြင်းမို့ ဘယ်ဘက်လက်သို့ မိုက်ကို ပြောင်းဆိုသည်။ အသံက မထွက်ချင်။ နောက်ဆုံး အမြီးအမောက် မတည့်စွာ သီချင်းတီးလုံးပြီး ဆုံးသွားလေမှ အဆိုအတင်းရပ်ပစ်ရတော့သည်။

"ဟဲ့ နမော်နမဲ့ ဘယ်ပြောင်းဆိုလို့ ပြောတာ၊ နင့်ဘယ်ဘက်လက်ထဲ မိုက်ပြောင်းဆိုင်းတာ မဟုတ်ဘူးဟဲ့၊ ဘယ်သံပြောင်းဆိုလို့ပြောတာ၊ ဘလွဲခင်ရေ နင်ကဖောက် မြန်မာလို ပြောတာတောင် လွဲအောင် ဘာသာပြန်တဲ့ အံ့ပါ့ တလွဲခင်ရယ်"

အားလုံးက ဆရာဒေဝေါ၏ စကားအဆုံးမှာ ရယ်ပွဲ ဖွဲကြလေတော့သည်။

ဟန်သီဇင်

❑

www.burmeseclassic.com

www.burmeseclassic.com

ရာနှုန်းပြည့်နီးပါး မှန်ကန်သော

လက္ခဏာပညာ အဖေါ်များ

ဆရာကြီးဦးအောင်မြင့်

ဘယ်၊ ညာ လက်ဖဝါးနှစ်ဖက်စလုံးမှာ 'က' အက္ခရာနဲ့ ညွှန်ပြထားတာဟာ တရုတ်လက္ခဏာပညာအရ တံခါးကပ်ဖွေ ဖြစ်ပါတယ်။

အတိတ်ကုသိုလ်ကံကြောင့် ဒီဘဝမှာ ငွေကြေးဥစ္စာ အချောင်ပွပေါက်တိုး ရရှိတတ်တယ်။ အမွေရခြင်း၊ ထီပေါက်ခြင်း၊ ရေမြုပ်၊ မြေမြုပ် ပို့ဆောင်းဟောင်း၊ ရတနာသိုက် ရရှိခြင်း စသဖြင့် ဘယ်၊ ညာ လက်ဖဝါး နှစ်ဖက်စလုံးမှာ ပါရှိရမယ်။



'ခ' အက္ခရာနဲ့ ညွှန်ပြထားတာဟာ လက်ဖနောင့် ပိုင်းမှာ ကြိုဂံပုံသဏ်ဌာန် ပါရှိခြင်း ဖြစ်ပါတယ်။

ဒီသဏ်ဌာန်ဟာ အမွေရရှိခြင်းကို ဖြစ်စေတဲ့တံဆိပ်တံဆိပ်တယ်။

'ဂ' အက္ခရာနဲ့ ညွှန်ပြထားတာဟာ ဘယ်၊ ညာ လက်သူကြွယ်အောက် တနဂ်္ဂနွေ ဂြိုဟ်ခုံမှာ အောင်မြင်ရေးလမ်း၊ အကူလမ်း၊ သရဖူ သဏ်ဌာန်တွေ ထင်ရှားပါရှိခြင်း ဖြစ်တယ်။

ဒီသဏ်ဌာန်ကြောင့် ဘဝမှာအောင်မြင်ကျော်ကြားခြင်း ခမ်းသာကြီးပွားခြင်း ဖြစ်ပါမယ်။





'ဃ' အက္ခရာနဲ့ ညွှန်ပြထားတာမှာ လက်ခလယ်လောက် စနေဂြိုဟ်ခုံမှာ ကဲလမ်းကြောင်း ထင်ရှားပြီး ကြာဖူးငုံ မင်္ဂလာအခြံအရံမျိုးလည်းရှိခြင်း ဖြစ်ပါတယ်။

အဲဒီသဏ်ဌာန်ကြောင့် အသက်ကြီးပိုင်း ရောက်လေ ကဲကောင်းလေ၊ သားသမီး ဆွေမျိုးမိသားစုတို့အပေါ်မှာ သြဇာညောင်းလေ၊ အလုပ်အကိုင် စီးပွားအောင်မြင်တိုးတက်လေ ဖြစ်ပါမယ်။

'မိဘအမွေ ခံစားရကိန်း ရှိသလား' ဆိုတဲ့ မေးခွန်းကို အဲဒီလက္ခဏာရှင်က မေးပါတယ်။

စာဖတ်သူများ စဉ်းစားကြည့်ပါ။

လက္ခဏာပညာရှင် တစ်ဦးအနေနဲ့ အဲဒီမေးခွန်းကို ဘယ်လိုဟောမှာလဲ။

www.burmeseclassic.com

www.burmeseclassic.com

"ပြည်တွင်းမှာ တက္ကသိုလ် တက်ရင် ဥပဒေပညာ အဓိကနဲ့ အင်္ဂလိပ်စာအဓိက ဆိုတဲ့ လိုင်းနှစ်ခုမှာ ဘယ်လိုင်းကို သင်ယူသင့်သလဲ"

တက္ကသိုလ်ဝင်တန်း (၁၀)တန်း စာမေးပွဲ အောင်မြင်ထားတဲ့ အသက် (၁၇)နှစ်ဝန်းကျင် ကျောင်းသူကလေးက အဲဒီမေးခွန်းကို မေးပါတယ်။

"နိုင်ငံခြားမှာ ပညာသင် သွားရကိန်း ရှိပါသလား"

အဲဒီ ကျောင်းသူမလေးကပဲ ဒုတိယမေးခွန်းကို ဆက်မေးပါတယ်။

ယခု ဖော်ပြထားတဲ့ ဘယ်လက်ဖဝါးပုံစံဟာ အဲဒီ ကျောင်းသူလေးရဲ့ လက်ဖဝါးပုံစံ ဖြစ်ပါတယ်။

'က'အက္ခရာနဲ့ ညွှန်ပြထားတာဟာ လက်ဖနောင့်ပိုင်း လက်ဖဝါးစောင်း (တနယ်ဂြိုဟ်ခုံ) နေရာကတ်လင်းထီးနို့ စတင်ထွက်ခြင်း ဖြစ်ပါတယ်။

တနယ်ဂြိုဟ်ခုံဆိုတာ ပြဋ္ဌာန်းပုံ ပစ်သက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

ကံလမ်းကြောင်း (ကံလမ်းထီးရိုး)က အလုပ်အကိုင်နဲ့ သက်ဆိုင်တယ်။

ဒီတော့ သူမရဲ့ဘဝမှာ ပြည်ပနဲ့သက်ဆိုင်တဲ့ အလုပ်အကိုင်တွေ လုပ်ကိုင်ပြီး အကျိုးပေးနိုင်သူ ဖြစ်တယ်။

ဒါကြောင့် "အင်္ဂလိပ်စာအဓိက ဘာသာရပ်" ကို တက္ကသိုလ်မှာ တက်ရောက် သင်ယူသင့်တာပေါ့။

'ခ' အက္ခရာနဲ့ ညွှန်ပြထားတာဟာ အသက်လမ်းကြောင်းမှ တနလ်ာဂြိုဟ်ခံ ဘက်ကို နှိုင်းခြားခရီး လမ်းခွဲထွက်နေခြင်း ဖြစ်ပါတယ်။

ပြည်ပနဲ့သက်ဆိုင်တဲ့ တနလ်ာဂြိုဟ်ခံ ဘက်ကို နိုင်ငံခြားခရီး လမ်းခွဲထွက်နေတဲ့ အတွက် နိုင်ငံခြားမှာ ပညာသင်ကြားရကိန်းရှိတာပေါ့။

ဆရာကြီးဦးအောင်မြိုင် (ဥပဒေဘွဲ့)

❑

အမျိုးသမီးများ အချစ်ရေး၊ အိမ်ထောင်ရေး စိတ်အေးရစေပို့

✪ ကိုယ့်အမှားတစ်ခုကြောင့် ကိုယ့်အပေါ် စိတ်နာပြီး အဆက်အသွယ် ဖြတ်သွားတဲ့ ကိုယ့်ချစ်သူက စိတ်ဆိုးဒေါသေ ပြေပျောက်ပြီး ကိုယ့်အပေါ် ယခင်လို ချစ်ခင်ကြင်နာကာ အဆက်အသွယ် အမြန်ဆုံး ပြန်လုပ်လာစေချင်ပါသလား ✪ အကြောင်းတစ်မျိုးမျိုးကြောင့် အဆက်အသွယ် ပြတ်နေတဲ့ ကိုယ့်ချစ်သူနဲ့ အဆက်အသွယ် အမြန်ဆုံး ပြန်ရစေချင်သလား ✪ လက်ရှိ အဆင်မပြေဖြစ်နေတဲ့ အချစ်ရေးကိစ္စ အမြန်ဆုံး အဆင်ပြေလိုပါသလား ✪ ကိုယ့်ချစ်သူအပေါ် စကားအပြောအဆို အောင်မြင်ပြီး အမြန်ဆုံး စေ့စပ်လက်ထပ် ပေါင်းသင်းချင်သလား ✪ အိမ်ထောင်ရေး ရှုပ်ထွေးဖောက်ပြန်နေသူနဲ့ မကြည့်ချင်လောက်အောင် အမြန်ဆုံး မုန်းတီးပြတ်စဲ အဆက်အသွယ် ပြတ်သွားစေဖို့ ✪ နောက်ကွယ်မှာ ခြေမများတော့ဘဲ အမြန်ဆုံး ခြေငြိမ် အိမ်မြဲစေဖို့ ✪ မိမိပြောစကား သူအပေါ် အောင်မြင်ပြီး ရှာဖွေရရှိသမျှ ငွေကြေးဥစ္စာပစ္စည်းမျာ မိမိထံ အကုန်ပြန်အပ်နှံစေဖို့ ✪ တကျက်ကျက် ရန်မဖြစ်ရတော့ဘဲ အိမ်ထောင်ရေး အဆင်ပြေသာယာ ပျော်ရွှင်စေဖို့။

[ဝန်ခံရပညာ ယတြာအစီအရင် နည်းလမ်းကောင်းများရှိပါတယ်]

ဆရာမ ဒေါ်နှင်းသူဇာဦး

လက္ခဏာဗေဒင် + ယတြာအစီအရင် (အမျိုးသမီး သီးသန့်)

တိုက် (၄၀)၊ အခန်း (A-2)၊ ပထမထပ်၊ မဟာပြိုင်အိမ်ရာထိပ်၊ ဦးဝိစာရလမ်း၊ (၄၁) ရပ်ကွက်၊ မြောက်ဒဂုံပြို့နယ်။

ဝင်း-၅၀၉၃၇၈၃၊ ဝင်း-၇၃၁၄၄၇၀ ၂၄၊ ဝင်း-၂၅၀၇၇၃၆၃၆

www.burmeseclassic.com

ဘုန်းတော်ကြီးလေးတော်များ (၅)

အောင်ကြည်သန်း (ဓာတ်တော်သီ)

ကြာသပတေး သားသမီးတွေ့အတွက်
(ဂဠုန်အသို့က်၊ ပူးမင်း ကျားနှင့်ကိုက်)

ဒီနှစ် ရန်ကုန်မိုးက နောက်ကျလှသည်။ နေမင်းကြီးက ရက်ရက်စက်စက် ပူလွန်းနေသည်။ ခရမ်းလွန်ရောင်ခြည် ညွှန်ကိန်းက ရန်ကုန်မြို့တွင် (၉)နှင့်(၁၀) ကြားပြေးလွှားနေသည်။ မိုးက စစ်ကိုင်း၊ ကလေး စသည့် မြန်မာနိုင်ငံအထက်ပိုင်းတွင် သဲကြီးမဲကြီးရွာပြီး လေကြမ်းနှင့်အတူ မိုးသီးများပါ ရွာချနေသည်။ ရာသီဥတုဖောက်ပြန်မှုကြောင့် တောင်သူလယ်သမားများ၊ စိုက်ပျိုးရေးသမားများအတွက် သီးနှံများ ထိခိုက်ပျက်စီး ဆုံးရှုံးကြရလေသည်။

ကျွန်ုပ်ဗေဒင်ဆရာအဖြစ်ကလည်း အသက်ကလေးရလာလို့ အပူဒဏ်ကို သိပ်မခံနိုင်တော့သဖြင့် သည်နွေတွင် ဟောခန်းပိတ်ရက်တွေ တစ်လကျော်နေပြီ။ ဖောက်သည်တွေ ဖုန်းဆက်များလာလို့ ပူအိုက်သည့်ကြားကပဲ ဗေဒင်ဟောခန်း ပြန်ဖွင့်လိုက်ရသည်။

ဒီမနက်တော့ မိုးလေးက အုံ့ဆိုင်းပြီး ရွာတော့မယောင် ဟန်ပြင်နေသည်။ အနောက်တောင်လေလေး ကဝေ့ကာဝိုက်ကာ တိုက်ခတ်လာသဖြင့် ကျွန်တော့် ဗေဒင်ဟောခန်းရှေ့ တူရွှဲရှိ ဘဒဲပင်က ရော်ရွက်ဝါလေးတွေ ငှက်ငယ်ကလေးများပမာ လေဝယ်ပျံဝယ်ကာ မြေသို့ ကျလာနေကြသည်။ ကျွန်တော့်စိတ်တွေ ဝေ့တိုက်လာသည့် လေနှင့်အတူ မွေးရှင်ရွာ ယာတောက ပန်းခင်းထဲသို့ ဇောက်သွားသည်။ ပန်းခင်းထဲပြေးလွှားရင်း ပန်းခြံနံဘေးမှာ မောင်အလာ ပုန်းကွယ်နေတတ်သည့် ငယ်ချစ်ဦးကို လိုက်လံရှာဖွေနေစဉ် မမြကေသီတစ်ယောက် ဗေဒင်ဟောခန်းအတွင်းသို့ လှမ်းဝင်လာသည်။

မမြကေသီက အသားဖြူဖြူ လုံးကြီးပေါက်လှ ဝဝကစ်ကစ် မျက်နှာဝိုင်းလေးနှင့် သေချာကြည့်လေ ပိုလှလေပင်။ ပန်းနုရောင်ဝမ်းဆက်လေးနှင့် ရိုးရိုးယဉ်ယဉ်လေး။ ပြုံးပြီး နှုတ်ဆက်ရာတွင် ပါးချိုင့်လေးနှစ်ဖက်က အထင်းသား ဆွဲဆောင်အား ကောင်းလှသည်။

"မင်္ဂလာပါ ဆရာ၊ နေကောင်းတယ်နော်"

"မင်္ဂလာပါ၊ နေကောင်းပါတယ်၊ လာ ထိုင်သမီး၊ ဘယ်ပြော၊ ဆရာ ဘာအကူအညီပေးရမလဲ"

www.burmeseclassic.com

www.burmeseclassic.com

"သမီးဇာတာ ပြန်စစ်ပေးပါဦး၊ ပန်းတွေလည်း ရောင်းမကောင်းဘူး ဆရာ၊ သမီးဆိုင်နဲ့ မလှမ်းမကမ်းမှာ ပန်းဆိုင် နှစ်ဆိုင်တောင် ထပ်တိုးလာတယ်၊ သမီး ဖောက် သယ်တွေလာရင် သူတို့က အတင်းခေါ်ပြီး ရောင်းကြ တယ်၊ အင်း- နောက်ပြီး ဘယ်လိုပြောရမှန်းတောင် မသိ တော့ပါဘူး၊ သမီးချစ်သူဖေါ့ ဆရာ၊ သမီးအဖေါ် နှာရင် လို မဟုတ်တော့ဘူး၊ လေစိမ်းတွေ တိုက်နေတယ်၊ သူဆီ ဖုန်းဆက်ရင်တောင် မကိုင်ဘူး၊ ရှောင်ဖယ်ဖယ်နဲ့၊ သူ မိန်းကလေးတစ်ယောက်နဲ့ ဘာလိုလို အီစီကလိလုပ်နေ တယ်လို့ ကြားတယ်၊ အဲဒါကြောင့် ပန်းတွေရောင်းကောင်း အောင်ရယ်၊ သမီးချစ်သူနဲ့လည်း မြန်မြန်အဆင်ပြေလာ အောင် ယကြာကောင်းကောင်းလေး ပေးပါဦး ဆရာ"

"ဒီအတွက် မပူပါနဲ့ သမီးရာ၊ ဆရာ သျှန်္ခီမာတ် ယကြာ ပေးလိုက်မယ်၊ သမီးက ကြာသပတေးသမီးနော်"

"ဟုတ် ဆရာ"

"ဒီယကြာက သမီးမွေးနံ့ရဲ့ စတုရန်းကဲနေဆဲပတ်၊ အညွှန့်နံ့တွေရဲ့ အပွင့်ပန်း၊ အညွှန့်ပန်းနဲ့ စားဖွယ်တွေကို သမီးအိမ်ဘုရားမှာ ကပ်လှူရတာပဲ၊ လိုတဲ့ဆုတွေတောင်း ရင် အမြန်ပြည့်စေတယ်၊ သမီးရဲ့ အရောင်းအဝယ်ကိစ္စ ရော၊ အချစ်ရေးရော အဆင်ပြေသွားမယ်၊ ဆရာပြောတာ ကို သမီး သေချာသာ လိုက်မှတ်သွား"

"ဟုတ်၊ သမီးသေချာလိုက်မှတ်ပါ့မယ် ဆရာ"

"ကြာသပတေး သားသမီးတွေအတွက် တနင်္ဂနွေက စတုရန်းပဲ၊ စတုရန်းရဲ့ အညွှန့်က တနင်္လာ၊ စတုရန်း ရဲ့ ဆပွတ်က သောကြာပဲ သမီးရဲ့"

စတုရန်းရဲ့ အညွှန့်	၂	ကျား
ကြာသပတေးရဲ့ စတုရန်း	၁	ဂဠုန်
စတုရန်းရဲ့ ဆပွတ်	၆	ပူးမင်း

ဘုရားကပ်လှူဖို့အတွက် တနင်္ဂနွေရဲ့ အညွှန့် ဆပွတ်ဖြစ်တဲ့ တနင်္လာအစ သောကြာအဆုံး ကသစ်ပွင့်၊ ကသစ်ရွက်၊ ကြက်သဟင်းပွင့်၊ ကြက်သဟင်းရွက်၊ ကွမ်း သီးရွက်၊ ကွမ်းသီးပွင့်တွေထဲက ရနိုင်တဲ့ တစ်မျိုးရဲ့ အပွင့် ဒါမှမဟုတ် အရွက် (၆) ခက်။ အညွှန့်ဖြစ်တဲ့ တနင်္လာနံ့၊ ကုံကော်ပွင့်၊ ကုံကော်ရွက်၊ ကျည်းရွက်၊ ကုက္ကိုရွက်၊ ကြဲရွက်၊ ခဲရွက်၊ ကျဲကောရွက်၊ ကြာပွင့်တွေထဲက တစ်မျိုးမျိုးရဲ့ အပွင့် ဒါမှမဟုတ် အရွက်၊ အညွှန့် (၆) ခက်။ တနင်္ဂနွေရဲ့ ဆပွတ် အညွှန့် ဖြစ်တဲ့ သောကြာအစ တနင်္လာအဆုံး သကြားရွက်၊ သခွပ်ရွက်၊ သစ်ကြားရွက်၊ သစ်ချရွက်၊ သခွားရွက်၊ သက်နံ့ ပင်ရွက် ရနိုင်တဲ့ တစ်မျိုးမျိုးရဲ့ (၆) ခက်။ ဆပွတ်ဖြစ်တဲ့ သောကြာနံ့ သီးရွက်၊ သဲသတ်ရွက်၊ သီဟိုဠ်ရွက် တစ်မျိုးမျိုး ရဲ့ (၆) ခက်။ (၆)ခက် (၄)မျိုး အားလုံးပေါင်း (၂၄) ခက်ကို ပန်းအိုးတစ်လုံးမှာ ကြည့်လို့လှအောင် ပြင်ဆင်ထားရမယ်။

ဆွမ်းတော်အတွက် ကျွဲကောသီး၊ ကြံ၊ သကြား၊ သကြားသီး၊ သကြားသီးအဆံ၊ သကြားလုံး၊ သီဟိုဠ်ဆန်၊ သီးသီးတွေကို ရနိုင်သလောက် ပန်းကန်မှာ သင့်တင့်လှပ အောင် ထည့်ထားရမယ်။ ဆွမ်းထမင်း တစ်ပွဲ၊ သောက် တော်ရေ တစ်ခွက်၊ ဖယောင်းတိုင် တစ်တိုင်၊ အမွှေးတိုင် တစ်တိုင်ကို အဆင်သင့် ပြင်ဆင်ထားရမယ်။

ကြာသပတေးရဲ့ စတုရန်း တနင်္ဂနွေအခါဖြစ်တဲ့ ကြာသပတေးနေ့ မနက် ၉ နာရီ၊ သမီးအိမ်က ဘုရားမှာ ကပ်လှူရမယ်။

ဘုရားတပည့်တော်မ ကြာသပတေးသမီး မြကေသီက ကြာသပတေး၏ စတုရန်း တနင်္ဂနွေ၊ တနင်္ဂနွေ၏ အညွှန့်၊ ဆပွတ်ဖြစ်သော 'ဂဠုအသိုက် ပူးမင်းကျားနှင့် ကိုက် သျှန်္ခီမာတ်ယကြာ' ကို ဆက်ကပ်လှူခွင့်ပြုတော်မူပါသည် အမျှင့်ဘုရား' လို့ ရွတ်ဆိုပူဇော်ရမယ်။

ပန်းတွေ ရောင်းကောင်းအောင်ရယ်၊ ချစ်သူနဲ့ အမြန်အဆင်ပြေအောင်ရယ် အစရှိတဲ့ သမီးလိုတဲ့ဆုတွေ တောင်းရမယ်၊ ဘုံ သုံးဆယ့်တစ်ဖြာမှာရှိတဲ့ ရှု၊ နတ်၊ ဖြတ္တာ၊ သတ္တဝါတွေကို အမျှဝေပေးရမယ်၊ ကဲ သမီး၊ ဒီသျှန်္ခီမာတ်ယကြာကို လုပ်တတ်မလား"

"သမီး သေချာလိုက်မှတ်ထားတော့ လုပ်တတ်ပါ တယ် ဆရာ"

"ဒါဆို သမီးသေချာကြိုးစားလုပ်တော့၊ သမီး အားလုံး အဆင်ပြေသွားမယ်"

မမြကေသီတစ်ယောက် ပါးချိုင့်လေးတွေ ပေါ် အောင် ပြုံးပြီး နှုတ်ဆက်ကာ ပြန်သွားပါတော့သည်။

ယခုဖော်ပြပါ သျှန်္ခီမာတ်ယကြာကို ကြာသပတေး သားသမီးများ စီရင်ဆက်ကပ် လှူဒါန်းခြင်းဖြင့် မိမိတို့၏ တောင့်တအပ်ရာရာတို့နှင့် ပြည့်ဝကြပါလိမ့်မည်။

အောင်ကြည်သန်း(ဖောင်တော်ဆို)

❑

www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးအောင်ကြည်သန်း B.Sc (Bot)

လက္ခဏာ နှင့် နက္ခတ်ဗေဒင်ပညာရှင်

✪ စီးပွားလုပ်ငန်းအသစ် လုပ်ကိုင်ရန် ✪ အချစ်ရေး၊ အိမ်ထောင်ရေး အခြေအနေ သိရန် ✪ ကျန်းမာရေး အခြေအနေ သိရန် ✪ ယက်ထပ်ရန် သင့်၊ မသင့် ဇာတာတိုက်စစ်ရန် ✪ လက်ထပ်မင်္ဂလာအခါရွေးရန် ✪ ကလေး ခွဲစိတ်မွေးဖွားရန်အတွက် ရက်မြတ်ချိန်ခါရွေးရန် ✪ ကလေး နာမည်ပေးရန် ✪ အိမ်၊ တိုက်၊ အဆောက်အအုံ ဆောက်ရန်အတွက် မြေသန့်၊ ပန္နက်တင်မင်္ဂလာ ရွေးရန် ✪ သင်ယူလိုသော ပညာရေးလိုင်း အကျိုးပေး၊ မပေး သိရန် ✪ နိုင်ငံခြားထွက် အလုပ် လုပ်ရန် ဂေါင်း၊ ဆိုးသိရန် . . . အစရှိသော သိလိုသည့် အကြောင်းအရာများကို ဆရာနှင့် ဆွေးနွေးနိုင်ပါသည်။ အောင်မြင်လိုသော ကိစ္စတို့အတွက် ဓာတ်ရိုက်ဓာတ်ဆင်၊ နဝင်းယတြာ၊ အင်းယတြာ၊ ရတနာဒီပံယတြာ စသည့် အစီအရင်များဖြင့် လိုအပ်သလို အကူအညီ ပေးနေပါသည်။

ငွေကြိုးသွင်းပြီး ဖုန်းဖြင့် ဗေဒင်မေးနိုင်ပါသည်။ CB Bank A/c No - 0019600100036439

တောင်ဥက္ကလာဘဏ်ခွဲ၊ ရန်ကုန်မြို့ နိုင်ငံသားမှတ်ပုံတင်အမှတ် - ၁၀/မဒန(နိုင်) ၀၁၁၄၂၂

ဟောခန်း - အမှတ် (၆)၊ ပိုးကောင်းဘုရား ပြောက်တက်မုခ်၊ ရန်ကင်းပြိုငယ်၊ ရန်ကုန်မြို့ ။ ဖုန်း ၀၉ ၂၅၀ ၄၄၇၂၅၂

ဟောခန်းဖွင့်ချိန် - နေ့စဉ် နံနက် (၉ : ၃၀) မှ ညနေ (၅ : ၄၅) နာရီထိ။

ဆရာဦးမင်းထွန်း D.B.B.W - C.T (Med)

ဘုန်းသျှင် တိုင်းရင်းဆေးကုခန်း

အထူးကုသသောရောဂါများ

နလုံး၊ သွေးတိုး၊ လေငန်း၊ အစာအိမ်၊ ဆီးခွဲ၊ သွေးခွဲ၊ ဝမ်းတွင်းခွဲဖြစ်တတ်သော (ကင်ဆာ) မြစ်ပွားနာ အမျိုးမျိုး၊ ခန္ဓာကိုယ်ပြင်ပ၌ ဖြစ်တတ်သော အဖုအကိုတ်၊ ပို့နာ၊ မြစ်ပွားနာ (ကင်ဆာ)၊ သွေးကြောပိတ်ရောဂါနှင့် အကြောရောဂါအမျိုးမျိုး၊ လေးဖက်နာရောဂါ၊ အဆုတ်နာ၊ ခုခံအားကျရောဂါ (ခယယုဂ်နာ)၊ အသည်းနှင့်ပတ်သက်သောရောဂါများ၊ ပန်းသေ၊ ပန်ညှိုးရောဂါများ၊ ဗီယပ်နှင့်ပတ်သက်သော ရောဂါများ၊ သူငယ်နာရောဂါ အမျိုးမျိုး၊ လိပ်ခေါင်း၊ ကရင်ဂျီနာနှင့် နာတာရှည်ရောဂါကြီးများကို အထူးကုသပေးပါသည်။

ဆေးခန်းဖွင့်ချိန် ➳ နေ့စဉ် နံနက် (၈)နာရီမှ ည (၈)နာရီအထိ

လိပ်စာ ➳ အမှတ် (၆၈၁)၊ ဘုရင့်နောင်လမ်းမကြီး၊ အုပ်ချုပ်ရေးမှူးရုံးအနီး၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

☎ ➳ ၀၉-၇၃၁၃၆၄၁၊ ၀၉-၇၉၉၆၅၃၉၉၇၊ ၀၉-၂၅၄၉၃၂၂၆၉

လမ်းညွှန် ➳ ၁၉၉၊ ၁၀၁ (အတိ)၊ ၉၉၊ ၉၇၊ ၈၁၊ ၄၄၊ ၁၈၄၊ ၁၆၈၊ ၄၈ (အထူး)၊ ၂၀၂ (အထူး)၊ ၄၈ ကားလေးစီးရှိ ဆရာတော်ကြီးမှတ်တိုင်ဆင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



အရပ်၊ ဘုရားဒေတာ၊ သန့်ကျင်း၊ သောကတော် သမျှ ကင်းဝေးမှု၊ အဝတ်ချမ်းသာ ရလိမ့်မည်

အရပ် အစ ဘဝါအဆုံး၊ ဂုဏ်တော် (၉) ပါးကို တစ်ပါးလျှင် ဘုရား၊ စေတီ တစ်ဆူ၊ ပူတီး (၉) ပတ်၊ (၉) ရက်။ ဘုရားစေတီ (၉) ဆူ၊ ဂုဏ်တော် (၉) ပါး၊ (၈၁) ရက်ဖြစ်၏။

မူလပထမ ဝင်ထားသော ဘုရားစေတီတွင် ဒုတိယ အကြိမ်မြောက် ဂုဏ်တော် (၉)ပါးဖြစ်သော အရပ်အစ ဘဝါအဆုံးကို ပုတီးတစ်လုံးကျဖြင့် ပုတီး (၉) ပတ်၊ (၉) ရက်ဝင်ခြင်းအားဖြင့် ရက်ပေါင်း (၉၀) (၃)လတိတိကို သူတစ်ပါးအသက်ကို စားခြင်းမှ ရှောင်ကြဉ်၍ အသက်လွတ်စားပြီး အထူးအဓိဋ္ဌာန်ဝင်ခဲ့ပါသည်။

ဤနေ့သည် အဓိဋ္ဌာန်ပြီးမြောက်အောင်မြင်သော နေ့ဖြစ်ပါသည်။ မူလပထမ အဓိဋ္ဌာန်ဝင်ခဲ့သော ဘုရားစေတီသည် ကျွန်ုပ်နှင့် အကျိုးဆက်၊ အကြောင်းဆက် ရှိသော နေရာ၊ တစ်နည်းအားဖြင့် အောင်မြေ ပါရမီဆက်၊ ပဌာန်းဆက်နီးသော သန်လျင်မြို့၊ သောက်တော်တွင်း ရပ်ကွက်အတွင်းရှိ ဘုရားငုတ်တိုကြီး။ (ယခု အဘိုးသံတူညီထားကိုးကွယ်ပြီးဖြစ်သော 'အောင်တော်မူ ဘုရားဖြူစေတီတော်' ဖြစ်သည်။)

ဤအချိန်၊ ဤကာလမှစပြီး ဘုရားငုတ်တို၏အနီး 'ပါရမီဓာတ်နန်း'၌ (၇)ရက်သားသမီးများကို တန်းစီစနစ်ဖြင့် အထူးဟောကိန်းထုတ်၊ ဟောချက်ပေးခဲ့ပါသည်။

ယခုအချိန်သည် ဆည်းလည်းသံ တလွင်လွင်ဖြင့် ကြည်ညိုစရာ လွန်စွာမှကောင်းသော 'အောင်တော်မူ ဘုရားစေတီတော်' ကြီးကို အားပါးတရ ဖူးတွေ့နိုင်ပြီဖြစ်ပါသည်။

သည်နေ့ အဓိဋ္ဌာန်ပြီးမြောက်အောင်မြင်သော နေ့။ တနင်္ဂနွေနေ့။ မနက်ပိုင်းမှာ ကျွန်ုပ် အခက်အခဲ တစ်ခုကို အစိအရင် ပြုလုပ်ပေးခဲ့သော (၇) ရက်သားသမီး တစ်ဦး

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သူ ဦးကိုကိုလွင်မှ အကျိုး လုံခြုံတစ်စုံ၊ အကောင်းစား ဆေးဝါးများနှင့် ထိုက်ထိုက်တန်တန် ငွေ (×××) ကျပ်တိတိကို ကျွန်ုပ်အား လာရောက်ကန်တော့ပါသည်။ မင်္ဂလာရှိလှပေစွ။

ကန်တော့၍အပြီး သူနှင့်အတူပါလာသော ဧည့်သည်ကို လက်ညှိုးထိုးပြီး-

"ဆရာ . . . သူက ကျွန်တော့်မိတ်ဆွေပါ။ မိတ်ဆွေဆိုပေမဲ့ ညီအစ်ကိုအရင်းလို ချစ်ကြ၊ ခင်ကြတာပါ။ သူ့နာမည်က ကိုကျော်ကျော်ပါ ဆရာ၊ သူက တစ်ချိန်တုန်းကတော့ အတော်ကို ပြေလည်ပါတယ်၊ စီးပွားဖြစ်နေတာကိုး၊ လှူတယ်၊ တန်းတယ်၊ သဘောကလည်းကောင်းတော့ ပေးဟယ်၊ ကျွေးဟယ်နဲ့ပေါ့ဆရာ၊ အခု [illegible] ဘယ်လိုဖြစ်မှန်း မသိပါဘူး၊ သိသိသာသာကြီး စီးပွားရေးကျသွားတယ်" ဟု ဦးကိုကိုလွင်မှပြောပြီး ဆေးလိပ်တိုကို မီးညှိ ဖွာနေလေ၏။

"ဝင်ငွေက လုံးဝ လုံးဝကို ပိတ်သွားတယ်ဆရာ၊ တစ်ပြားတစ်ချပ်မှကို မဝင်တော့ဘူး၊ ဒီကြားထဲ ကြွေးရှင်တွေ လာလာတောင်းလို့ ရှောင်ပြေးနေရတာလည်း ခရာခဏပါပဲ ဆရာရယ်၊ မရှက်တော့ပါဘူး ဆရာရယ်၊ တစ်ခါတလေ ထမင်းတောင် ငတ်တယ်ဆရာ" ဟု ကိုကျော်ကျော်မှ အမှန်အတိုင်း တင်ပြပါတော့သည်။

"အဖြစ်ကတော့ အဲဒါပဲ ဆရာ၊ ကျွန်တော့်သူငယ်ချင်းရဲ့ အပူမီးတွေကို အမြန်ဆုံး ငြိမ်းသတ်ပေးပါဆရာ၊ အပူသောကတွေ ကင်းဝေးသွားရင် တော်ပါပြီ၊ ကဗျာတာပဲ နိမ့်နေလို့လား၊ အကုသိုလ်တွေပဲ ဖိစီးနေသလားဆိုတာတော့ ကျွန်တော် မတွေးတတ်ဘူး၊ ကျွန်တော့်သူငယ်ချင်းလည်း တွေးတတ်မှာ မဟုတ်ဘူး၊ သိမှာလည်း မဟုတ်ပါဘူးဆရာ၊ ဆရာပဲ သိမှာပါ၊ ဆရာပဲကူညီပါ ဆရာရယ်"

ဦးကိုကိုလွင်မှ သူငယ်ချင်းကိုယ်စား ကျွန်ုပ်အား အကူအညီတောင်းလေ၏။

"အပူ၊ သောက ဆိုတာ လူတိုင်းမကင်းကြပါဘူး၊ အနည်းအများပဲ ကွာတာပါ၊ အကြောင်းအမျိုးမျိုး၊ ကိစ္စအထွေထွေနဲ့ ပူနေကြရတာပါပဲ၊ ဒါပေမဲ့ သောကကြီးရင် ငယ်အောင်၊ ငယ်ရင် ပပျောက်သွားအောင်၊ ငြိမ်းချမ်းငြိမ်းအေးသွားအောင် ဆောင့်ရွက်တဲ့ လောကီနည်းပညာ အစွမ်းထက် ယဉ်ကြာတွေရှိပါတယ်၊ ကဲ ကဲ- ဦးကိုကိုလွင်ရဲ့ သူငယ်ချင်း ကိုကျော်ကျော်အတွက် **သောစာအပူကို ငြိမ်းအေးစေမယ့် ဆေးတစ်ခွက်ဆိုလည်း မမှားဘူး၊ အပူငြိမ်းဆေး** အအေးလာ၊ လာဘ်ကိုပွင့်စေမှာ၊ **အစွမ်းထက်ယဉ်ကြာတို့** ဆရာပေးလိုက်မယ်၊ လိုက်မှတ်ပေတော့"

'သောကဟူသမျှ ကင်းဝေးမှ၊ သုခချမ်းသာရလိမ့်မည်' ခေါင်းစီးလေးကို အရင်ရေးလိုက်ပါ၊ ဟုတ်ပြီ။

ပထမဆုံး ရှာရမှာက ကြက်သွန်နီ ၉ (၃) လုံးပဲ၊ ကိုကျော်ကျော်ရဲ့ နေအိမ်ဘုရားဆောင်မှာ ကိုကျော်ကျော် ဧမွေးနေ့၊ တနလ်ာနေ့နံနက် (၉ နာရီ ၉ မိနစ်) မှာ စတင်ပြီး ဒီအစွမ်းထက်ယဉ်ကြာကို စီရင်ရမယ်။

ယဉ်ကြာဆိုတာ မိမိမှာ ကြုံတွေ့ရင်ဆိုင်နေရတဲ့ အညှဉ်အဆိုးတွေကို ပြေပျောက်သွားအောင်၊ တန်ပြန်ကိုယ်စားပြုစီရင်တာပဲ၊ ပထမဆုံး ဝယ်ထားတဲ့ကြက်သွန်နီကို ကြွေပန်းကန်ပြားပေါ် တင်ပြီး အမွှေးတိုင်စိုက်ပြီး ထွန်းရမယ်၊ အမွှေးတိုင် (၂) တိုင်ဖြစ်ရမယ်။

အဲဒီအမွှေးတိုင် (၂) တိုင်စိုက်တဲ့ ကြက်သွန်ကို မိမိမှာ ကြုံတွေ့ရင်ဆိုင်နေရတဲ့ သောကဟူသမျှ ပြေပျောက်ကင်းစင်ပါစေလို့ နှုတ်ကသော်လည်းကောင်း၊ စိတ်ထဲကသော်လည်းကောင်း ယုံယုံကြည်ကြည်နဲ့ အာရုံပြု ဝုဒ္ဓဘုရားမှာ လှူဒါန်းပါ။

အဲဒီလို လှူဒါန်းပြီးတာနဲ့ တန်ခိုးကြီးဘုရားတစ်ဆူဖြစ်တဲ့ ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီးကို သွားပြီး တနလ်ာထောင့် ဂြိုဟ်တိုင် ဘုရားရှင်ရှေ့မှာ ကြက်သွန်တစ်လုံး၊ အမွှေးတိုင် (၂) တိုင် စိုက်ထူပူဇော်ပြီး လှူဒါန်းပြီးတာနဲ့ သောကြာဂြိုဟ်တိုင်မှာလည်း အဲဒီလို ပြုလုပ်ပြီး လှူဒါန်းပေးပါ ကိုကျော်ကျော်။

ပြီးတော့ တနလ်ာဂြိုဟ်တိုင်မှာ ကြက်သွန်ပေါ် အမွှေးတိုင်စိုက်ပြီး ပူဇော်ပြီးတာနဲ့ 'အရဟံဂုဏ်တော်' ကို ပုတီး (၉) ပတ်စိပ်ပါ၊ ပြီးမှ သောကြာဂြိုဟ်တိုင်မှာ လှူဒါန်းပုတီးစိပ်ပါ။

ဓမ္မတ္ထာပို့ပါ။ ကိုကျော်ကျော် ရင်ဆိုင်ကြုံတွေ့နေတဲ့ အပူသောကမီးတွေ အမြန်ဆုံးငြိမ်းအေးသွားပါလိမ့်မယ်၊ သောကဆိုတာ သေ-၆၊ က-၂ = ၆ + ၂ ဖြစ်ပါတယ်၊ ကြက်သွန်ဆိုတာ ကြက်-၂ သွန်-၆ = ၂ + ၆ ဖြစ်ပါတယ်၊

ကက်ကင်းမာတ်ကို ယူတာပါ၊ သောက ဆိုတဲ့ သောကြာ + တနလ်ာဂြိုဟ်ကိုလည်း ကက်ကင်းမာတ်

www.burmeseclassic.com

www.burmeseclassic.com

သဘောအရ တနလ်ာ+သောကြာ၊ ပုတီး (၁၈) ပတ်စိပ်ပြီး သတ္တဝါတွေကို မေတ္တာပို့ပါ ကိုကျော်ကျော်၊ ကဲ... မှတ်လည်းပြီးပြီ၊ လုပ်ဖြစ်အောင် လုပ်နော်"

"လုပ်မှာပါ ဆရာ၊ ဆရာပေးတဲ့ အစွမ်းထက်ယကြာက အပူသောကတွေလည်း ငြိမ်းအေးမယ်၊ ကုသိုလ်လည်းရမယ့် အလုပ်ပဲ၊ ကျွန်တော့်လို ဘာသာရေးနဲ့မှား တစ်ယောက်အတွက် လုပ်ရတာ မခဲယဉ်းပါဘူး၊ စိတ်တောင် ချမ်းသာနေမှာပါ ဆရာ"

"အစွမ်းထက်ယကြာကို လုပ်ကိုင်နေရတာ စိတ်ချမ်းသာနေမယ်ဆိုတာ မှန်ပါတယ်၊ ပြီးသွားရင် ကိုယ်ပါ ချမ်းသာသွားမှာပါ၊ ငွေကုန်ကြေးကျ မရှိပါဘူး၊ အိမ်မှာလှူဒါန်းထားတဲ့ ကြက်သွန်က ဘာမှမဖြစ်ပါဘူး၊ ဘုရားမှာ ရှိတဲ့ တနလ်ာနဲ့ သောကြာပြိုဟ်တိုင်မှာ ပူဇော်တဲ့ ကြက်သွန်ကတော့ ပျောက်၊ ပျက်မှာဖြစ်လို့ နေ့တိုင်း ကြက်သွန်အရွယ်တော် (၂) လုံးကတော့ အသုံးပြုရပါလိမ့်မယ်၊ (၉) ရက်ပဲ စီရင်မှုပြုပါ၊ သောကအပူတွေ သိသိသာသာကြီး ကင်းစင်ပမျောက်သွားပါလိမ့်မယ်။

ကြက်သွန်ကို အမြစ်ဘက်က အောက်မှာထားရမှာနော်၊ ငြိမ်သက်နေအောင် အမြစ်အောက်ကို ဓားလေးနဲ့ ဖြတ်လိုက်ပါ။ မယိုင်မလဲတော့ဘဲ ငြိမ်သက်နေပါလိမ့်မယ်၊ သောက ကင်းဝေးစေဖို့ ကြက်သွန်ကို ကက်ကင်းဓာတ် ဆင်ပေးလိုက်တာပါပဲ။

ဒီအစွမ်းထက်ယကြာနဲ့ပဲ (၇)ရက်သားသမီးတွေရဲ့ လောကဓံအဆိုးတွေ၊ အညှဉ်၊ အတိုက်အခိုက်တွေနဲ့ ရင်ဆိုင်ကြုံတွေ့ပြီး သောကအပူမီး တောက်နေကြသူတွေကို ငြိမ်းသတ်စေခဲ့တာပါ၊

အားလုံး အောင်မြင်ခဲ့တာပါပဲ၊ ကိုကျော်ကျော်လည်း အောင်မြင်မှာပါ၊ အမြန်ဆုံး အောင်မြင်ပါစေလို့ ဆရာ လိုက်လိုက်လဲလဲ ဆုတောင်းနေပါ့မယ် ကိုကျော်ကျော်"

"သူခီ အတ္ထာနံ ပရိဟရန္တု"

ဆရာ သုခအောင်(သန်လျင်)

❑

အင်းဂလိုင်ဘိုးဘိုးကြီးနန်း
အကြားအမြင်ဆရာမကြီး
ဒေါ်ကြည်ကြည်မို့

စီးပွားရေးတွေ နိမ့်ကျနေသလား။ ငွေကိစ္စ အခက်အခဲကြုံနေသလား။ လုပ်ငန်းကိစ္စ လွဲချော်နေသလား။ အိမ်ထောင်ရေး အဆင်ပြေချင်တာလား။ အိမ်ကယောကျ်ား ခြေလှမ်းမှားနေပြီလား။ ပစ္စည်းပျောက်၊ ငွေပျောက်၊ ရွှေပျောက်နေပြီလား။ အတိုက်အခံတွေ ပေါ်နေသလား။ ပြောရေးဆိုရေးတွေ အောင်မြင်ချင်တာလား။ အလုပ် အမြန်ရလိုတာလား။ ကျန်းမာရေးတွေ ညံ့နေလို့လား။ ဒါတွေဒါတွေ နိမ့်နေတာတွေ မြင့်ဖို့၊ ပိတ်နေတာတွေ ပွင့်ဖို့၊ ခက်နေတာတွေ လွယ်ဖို့ ဆရာမကြီးနဲ့ ဆွေးနွေးဖို့ အချိန်တန်ပြီ။

ဟောခန်းတည်ရာ ● အောင်မြေသာယာစေတီတော် တနင်္ဂနွေထောင့် အင်းဂလိုင်ဘိုးဘိုးကြီးနန်း
လမ်းညွှန် ● ၂၁၁၊ ၁၂၅၊ ၁၂၈၊ ၈၆၊ ၃၃၃၊ ၉၆ ကားများစီး၍ ရုံးရှေ့မှတ်တိုင် ဆင်းပါ။

● (ဝိတ်ရက်မရှိ) ပယောဂ အထူးကုပါသည်။ ●

ရှေ့ဖြစ်ဟော ဓာတ်ဆင် ဓာတ်ရိုက် ယကြာ အထူးဆောင်ရွက်ပေးသည်။
လိုင်သာယာပြိုနယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၂၆၁၁၃၃၇၇၊ ၀၉-၇၇၀၀၆၆၂၅၄၇

www.burmeseclassic.com

ဆရာသက္တ

သောကြာသတင်းစောင်-တစ်နှစ်တာ

"အားလုံးပေါင်း ဂြိုဟ်သက် (၁၀၈) ပေါ့နော်"

"ဟုတ်တယ်၊ ဒါက ဂြိုဟ်သက်ပေါ့၊ ပါပဂြိုဟ်နဲ့ သောမဂြိုဟ် ခွဲထားသေးတယ်"

"အဲဒါတွေက တနင်္ဂနွေ၊ အင်္ဂါ၊ စနေ၊ ရာဟု သူတို့က ပါပဂြိုဟ်ပေါ့နော်"

"မှန်တယ်၊ မှန်တယ်၊ ကျန် တနလ်၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာတို့ကို သောမဂြိုဟ်ပေါ့"

"ဆရာသက္တပြောတဲ့ ဂြိုဟ်သက် (၁၀၈) နှစ်က တနင်္ဂနွေ (၆) နှစ်၊ တနလ်ာ (၁၅) နှစ်၊ အင်္ဂါ (၈) နှစ်၊ ဗုဒ္ဓဟူး (၁၇) နှစ်၊ ကြာသပတေး (၁၉) နှစ်၊ သောကြာ (၂၁) နှစ်၊ စနေ (၁၀) နှစ်၊ ရာဟု (၁၂) နှစ်ပေါ့နော်"

"ဟုတ်တယ် ကိုမျိုး၊ စိတ်ဝင်စားပြီး လေ့လာရင် နားလည်လာမှာပါ၊ ကဲ-ထမင်းကြော်လေး စားလိုက်ဦး၊ စားပြီးမှ ဆက်ပြောကြတာပေါ့"

ဆရာကိုသက္တနှင့် ညီတော်မောင် ကိုမျိုးတို့ အခြေခံဗေဒင်ပညာ ပြောဆိုနေခြင်းဖြစ်သည်။ ကိုမျိုးသည် ဗေဒင်ပညာကို ဝါသနာပါသဖြင့် ဗေဒင်စာအုပ် ဝယ်ဖတ်၊ မှတ်စုရှင်းသည်များကို အစ်ကို ဆရာသက္တကို လာ၍မေးတတ်သည်။ ယခုလည်း ဂြိုဟ်စားသက်ရောက်အကြောင်း မရှင်းသည်များကို မေးရန်ဖြစ်သည်။ နှစ်ယောက်သား ထမင်းကြော်စားပြီးလျှင် ကိုမျိုးမှ သူသိချင်သမျှကို မေးလေသည်။

"အစ်ကိုသက္တ၊ ဒဿက်ရောက်ဂြိုဟ်စား ဆိုတာက တူလား"

"မတူဘူး ညီလေး၊ အစ်ကိုသိသလောက် ပြောပြမယ်၊ ညီလေးက ကြားသဲ့ပတေးသား၊ အခု အသက် ၃၅-နှစ်ဆိုတော့ ဒီဇယားလေးကို ကြည့်။

www.burmeseclassic.com

www.burmeseclassic.com

တနင်္လာ (၆)	တနင်္ဂါ (၁၅)	အင်္ဂါ (၈)
သောကြာ (၂၁)		ဗုဒ္ဓဟူး ( )
ရာဟု (၁၂)	ကြာသပတေး (၁၉)	စနေ (၁၀)

(အဋ္ဌလင်္ဂဇာ)

"ညီလေးက သောကြာဂြိုဟ်စား တစ်နည်း သောကြာဂြိုဟ်အိပ်ပေါ့၊ အေး၊ သက်ရောက်ကတော့ ညီလေး အသက် ၃၅-နှစ်ကို ၈ နှင့်စား ညီလေး၊ ၃-ကြွင်းရမယ်၊ ညီလေးမွေးနံကစပြီး လက်ယာရစ်ချသွားရင် သောကြာမှာ သက်ရောက်တယ်၊ ဒီနှစ် ညီလေး သောကြာသက်ရောက်ပေါ့"

ကျွန်ုပ် ရှင်းပြသည်ကို နားထောင်ပြီး ကိုမျိုးဝမ်းသာစွာဖြင့် -

"ဒါဆို အစ်ကို ကျွန်တော် သောကြာမှာ ဂြိုဟ်အိပ်တာပေါ့နော်"

"အေး. . . ညီလေးက သဘောပေါက်တာ မြန်သားပဲ၊ အေး. . . အဲဒီတော့ သောကြာရဲ့သဘောက ခရီးခရာထွက်ရမယ်၊ ဒီအချိန်မှာ ပညာသင်ရင် တတ်မြောက်အောင်မြင်မှုများမယ်၊ မိတ်ဆွေအပေါင်းအသင်းတွေ အရင်ကထက်များလာမယ်၊ လူအများကြားထဲမှာ ဒီနှစ်ပိုပြီးထင်ပေါ်မယ်၊ ငွေကြေးကိစ္စတွေ အောင်မြင်မယ် ညီလေး၊ အေး. . . အပျို၊ လူပျိုတွေ အိမ်ထောင်ကျတတ်တယ်၊ အဲဒီအချိန်မှာ ဆရာကောင်းတွေနဲ့ တွေ့ရ၊ နေရတတ်တယ်၊ ပျော်ရွှင်မှုကောင်းတဲ့ အချိန်လို့ ပြောလို့ရတယ်ညီလေး"

"ကြိုက်သွားပြီ အစ်ကို၊ ဗေဒင်ပညာက အတော်နက်ရှိုင်းတာပဲ၊ အခု ဂြိုဟ်အိပ်လေးသိတာနဲ့ပဲ အတော်ပြောလို့ရတာပဲနော်"

"ညီလေး ပညာက သင်ယူရင် ပြီးဆုံးတယ်မရှိဘူးကွ၊ အစ်ကိုတို့က သူငယ်တန်းအဆင့်တောင် မရောက်သေးဘူး၊ မူကြိုအဆင့်ပါ ညီလေးရာ"

"အခု အစ်ကိုပြောတာ ဟောချက်ပြီးပြီလား၊ ကျွန်သေးလား အစ်ကို"

ကိုမျိုး မကျေနပ်ဟန်နှင့် မေးပြန်သည်။ သူ့ကြည့်ရသည်မှာ ဗေဒင်ပညာကို တကယ် ဝါသနာပါသူပင်။ ရှင်းပြသည်များကို သေချာနားထောင်၍ မှတ်စုစာအုပ်တွင် လိုက်ရေးထားသည်။ ဒီလောက်ဝါသနာပါလျှင် ဗေဒင်သင်တန်းကို တက်ခိုင်းရမည်။ သူကျေနပ်အောင် သိသမျှ တော့ ပြောပြရပေမည်။

"သက်ရောက် ကျန်သေးတယ်၊ သက်ရောက်ဆိုတာ အခု ညီလေး သောကြာသက်ရောက်တယ်၊ အဲဒီ သောကြာကနေ သမသတ်မျှော်လိုက်တော့ ဗုဒ္ဓဟူးဖြစ်တယ်၊ အေး နောက်ကို တစ်ခွင်ဆုတ်လိုက်တော့ အင်္ဂါဟာ တန်းစီးဖြစ်သွားတယ် ညီလေး၊ နားရှုပ်သွားပြီလား၊ ခုနပုံလေးကိုကြည့်"

သောကြာနဲ့တည့်တည့်က ဗုဒ္ဓဟူးဂြိုဟ်လေ၊ အေး-တစ်ခွင်ဆုတ်ရမယ် ဆိုတော့ နောက်ဆုတ်လိုက်တော့ အင်္ဂါကိုရောက်တယ်၊ အင်္ဂါက တန်းစီးဖြစ်သွားတာပေါ့၊ အဲဒါကို တိုင်ထူလိုက်တော့ သုံးတန်ပေါ်နိစ်လို့ ခေါ်တယ်၊ သူ့မှာလည်း အတ္တတိုင်၊ ပရတိုင်တွေ ရှိတယ်၊ ဒါတွေကို နောက်မှ ရှင်းပြမယ်၊ ခုတော့ သက်ရောက် ဟောကွက်လေး ပြောပြမယ်"

"အစ်ကိုဆရာရယ်. . . တဖြည်းဖြည်းနဲ့ မမှတ်နိုင်တော့ဘူး၊ ခုလောလောဆယ် ကျွန်တော် သက်ရောက်နှစ် အဆိုးအကောင်းလေး သိချင်တယ် အစ်ကိုရာ၊ အဲဒါလေး ကူညီပေးပါ"

ကိုမျိုးတစ်ယောက် မျက်စိလည်သွားပြီ ထင်တယ်၊ ခေါင်းကုတ်ပြီး သူသိချင်တာကိုပင် မေးနေသည်။

"စောစောက ပြောထားသေးတယ်၊ အဲဒါက အကျဉ်းပေါ့၊ အေး. . . နားထောင် ကိုမျိုး၊ သောကြာသက်ရောက်ခိုန်မှာ အင်္ဂါနဲ့ ပစ္စည်းများ ဝင်တတ်တယ်၊ မိန်းမဆိုရင် ကိုယ့်လင်သား ချစ်ခြင်းအကျိုးကျေးဇူးတွေ ခံစားရမယ်၊ စက်မှုလုပ်ငန်းလုပ်ရင် အောင်မြင်မယ်၊ ငွေကြေး ကူညီမှုရမယ်၊ မင်းအိမ်အောက်မှာ ခွေးမွေးလိုက်မယ်ကွာ၊ နှစ်ကြိမ် နှစ်ခါ မင်္ဂလာပြုရတတ်တယ် ကိုမျိုး၊ ဒီနှစ်မျိုးမှာ ငွေကြေးကတော့ အဆင်ပြေမယ်၊ ကိုယ်လည်း ရွာလို့ရမယ်၊ သူတစ်ပါးကလည်း ကူညီမယ်"

www.burmeseclassic.com

www.burmeseclassic.com

"အစ်ကို ကြားရတာ မင်္ဂလာသတင်းပဲ၊ အကောင်းရှိရင် အဆိုးရှိတယ်ဆို၊ ဘယ်လိုမကောင်းတာတွေ ရှိသေးလဲ ပြောပါအစ်ကို"

"သားသမီးရှိသူများ သားသမီးအတွက် သောကရောက်တတ်တယ်၊ ဥပမာ- သားသမီးအိမ်က ထွက်သွားတတ်တယ်၊ သားနှင့် စကားများတတ်တယ်၊ ရွှေ-လူလိမ်ခံရတတ်တယ်၊ သားသမီးအတွက် သောကရောက်တဲ့ နှစ်ပေါ့ကွာ၊ အေး. . . သတိထားရမှာက ရေလမ်းခရီး ရှောင်ရမယ့်နှစ်ပေါ့ကွာ"

"ဟုတ်ကဲ့. . . မှတ်ထားပါ့မယ် အစ်ကို"

"တစ်ခု သတိထားရမှာက အလုပ်မှာ အတိုက်အခိုက်ရှိတတ်တယ်၊ လုပ်ငန်းပြိုင်ဘက်ပေါ်မယ်၊ အလုပ်နဲ့ပတ်သက်၍ အမှုပေါ်တတ်တယ်၊ စကားပြောရမယ်၊ အလုပ်အပြောင်းအရွှေ့ဖြစ်မယ်၊ စိတ်သောက၊ အပူဒုက္ခတွေ တွေ့တတ်တယ်လေ၊ မင်းအစိုးရနဲ့ ပတ်သက်ပြီး ပြဿနာပေါ်တတ်တယ်။

အစားအသောက် စားရာမှာ အစာအဆိပ်သင့်တတ်တယ်၊ အခိုင်းအစေ၊ လက်အောက်ငယ်သားများ တော်လှန်တတ်တယ်၊ အိမ်အနီးအနားမှာ နားလေးသူ၊ နားပင်းသူများ ရှိတတ်တယ်၊ အိမ်ပေါ်မှာလည်း ရှိတတ်တယ်၊ ရိုးရာဓလေ့ဝင်္ဂသ်ကျင်း၊ နတ်ဖမ်းစားခြင်း၊ ကိုယ်ပူခြင်းတွေလည်း ဖြစ်တတ်တယ်ကိုမျိုး။

အေး- ပြောရဦးမယ်၊ ဒီနှစ်မှာ ဖိနပ်လည်း ပျောက်လိမ့်မယ်၊ အရေးကြီးတာက ခရီးသွားရင် အနောက်တောင်အရပ်ကို အထူးရှောင်ပါ။ ကဲ- ကျေနပ်ရောပေါ့ ကိုမျိုး"

ကျွန်ုပ်လည်း မောသွား၍ ရေနွေးတစ်ခွက်ငှဲ့၍ သောက်လိုက်သည်။

"ကျွန်တော့်ကြောင့် အစ်ကိုလည်း ပင်ပန်းသွားပြီ၊ မနက်စာ ဆိုင်ကောင်းကောင်းမှာ ကျွန်တော်ကျွေးပါ့မယ်၊ ယတြာလေးပါ ကူညီပါဦး အစ်ကိုဆရာရယ်"

"အေးပါ၊ ပို့မယ့်ပို့ ကူးတို့ရောက်အောင် ပို့ပါ့မယ်၊ ဆီ၊ ဆား အစုံနဲ့ ဖြေစားရုံပါပဲ ကိုမျိုးရေ"

"ဟာ- အစ်ကိုကတော့ ပြောရော့မယ်"

"ကဲ- ကိုမျိုး၊ သောကြာသက်ရောက် ယတြာကတော့ စံပယ်(၈)ကုံး ဘုရားကပ်ပါ၊ ဆီထမင်း၊ စမူဆာ၊ မုန့်စိမ်းပေါင်း တစ်မျိုးမျိုး ဘုရားကပ်လျှုပါ၊ စနေနေ့ညမှာ ထန်းလျက် (၁၁)ခဲကို စက္ကူနှင့်ထုပ်၍ ခွေးတို့ ပစ်ပေါက်ကျွေးပါ။

အမဲသား၊ ဝက်သား ရှောင်ပါ။ အသုဘ ဝင်ရမလမ်းမှာ ခေါင်းတလားတွေ့ခဲ့ရင် အိမ်ရောက်တာနဲ့ အိမ်တံခါးကို (၃) ချက် ကန်လိုက်ပါ၊ သီလရှင်များကို ဆန်လှူဒါန်းပါ၊ တန်ခိုးကြီးဘုရားမှာ အနောက်အရပ်၊ ကြာသပတေးအရပ်မှ မီးသက်စေ့ ပူဇော်ပါ၊ မေတ္တာသုတ်ကို နေ့စဉ် ရွတ်ဖတ်ပါ၊ ဒါဆိုရင် အညှဉ်များ ပြေပျောက်ပြီး ကောင်းသွားမှာပါ"

ကျွန်ုပ် ပြောသည်များကို လိုက်ရေးနေသည်။

ပစ္စည်းများ သိမ်းပြီး ကိုမျိုးတစ်ယောက် ရွှင်မြူးစွာဖြင့် -

"အစ်ကိုဆရာရေ၊ ကျွန်တော့်အတွက်တော့ ဒီနေ့ မင်္ဂလာနေ့ရက်ပါ အစ်ကို၊ ဆောင်ရမှာလည်းသိပြီ၊ ရှောင်ရမှာလည်းသိပြီ၊ နောက်တစ်ခါလာရင်လည်း ရှင်းပြပေးပါနော်၊ ကဲ- အစ်ကိုလည်း အဝတ်လဲ၊ ကျွန်တော်တို့ ဆရာတပည့် မနက်စာကို ရွှေကံ့ကော်ဆိုင်မှာ စားလိုက်ရအောင် အစ်ကို"

"အဝတ်အစား အထူး လဲစရာမလိုပါဘူးကွာ၊ ကဲ- သွားကြမယ်"

ကျွန်ုပ်နဲ့ကိုမျိုး နှစ်ယောက်သား ရွှေကံ့ကော်ဆိုင်သို့ ဦးတည်၍ ထွက်လာခဲ့ကြလေတော့သည်။

လိုအင်ဆန္ဒပြည့်ဝပါစေ။

ဆရာသက္က

www.burmeseclassic.com

www.burmeseclassic.com

အဂ္ဂမျိုး
ဂုရာသစ်ဆန်း မတင်သန်း

"ညော်- မောင်အဂ္ဂတို့များ တရားစခန်းဝင် အားထုတ်လိုက်၊ စာလေး ရေးလိုက်၊ ဗေဒင်လက္ခဏာ ဟောလိုက်၊ ဝါသနာတူ သက်ရွယ်တူတွေနဲ့ ဆိုကြ၊ တီးကြ၊ မူတ်ကြနဲ့ တကယ့်ကို အေးချမ်းပါပေရဲ့၊ နင်တို့ရဲ့ မြန်မာသံစဉ် တေးချစ်သူများ အဖွဲ့အမည်က ဘာတဲ့ ညော်' -'ဂုရာသစ်ဆန်း' တဲ့၊ နာမည်က မိုက်တယ်နော်"

ကျွန်တော်တစ်ယောက်တည်း အမှတ် (၂၀/၂၂၅)၊ မြင်စိုင်းလမ်း၊ ရွှေပေါက်ကံမြို့ နေအိမ်တွင် ရှိနေစဉ် ရောက်ရှိလာခဲ့သည့် ကျွန်တော့်သူငယ်ချင်း အပျိုကြီး မတင်သန်းမှ ခရီးမဆိုက်မီ ပြောလိုက်ခြင်း ဖြစ်လေသည်။ အပျိုကြီးပီပီ ဟောဟောဒိုင်းဒိုင်းပင်။ ယခုကဲ့သို့ ပြောလေ့ရှိသူ ဖြစ်ပေသည်။

"ထိုင်များ ထိုင်စမ်းပါဦး မတင်သန်းရယ်၊ နင် လာလိုက်ရင် ဒီလိုချည်းပဲ၊ ငါ့မှာ နားရက်ကလေး အေးအေးဆေးဆေး စာလေး ဘာလေး ဖတ်မလားလို့"

"အေးပါ၊ နင့်ပရိသတ်တွေ မရှိတဲ့၊ နင်နားတဲ့ ဗုဒ္ဓဟူးနေ့ကိုမှ ငါ ရွေးပြီးလာတာ၊ နင့်ကို အေးအေးဆေးဆေး မေးချင်လို့ဟဲ့"

www.burmeseclassic.com

www.burmeseclassic.com

ဟုဆိုကာ မျက်စောင်းထိုးရင်း ရေနွေးဘူးမှ ရေနွေးတစ်ခွက်ငှဲ့၍ သောက်လေ၏။ ပြီးသော် တွန်တော့်အတွက် လက်ဆောင်ဟုဆိုကာ လိမ္မော်သီးနှင့် ပန်းသီးများ ပေးပြန်လေ၏။

ကျွန်တော်မှ -

"ကဲ နင့်လာရင်းကိစ္စပြော၊ ဒီညနေ တီဝိုင်းမှာ ငါ့ကို 'ဘုံဓမ္မတာ' သီချင်းဆိုဖို့ရှိတယ်" ဟု ဆိုရာတွင် သူမက -

"ဒီလိုဟာ၊ ငါ့သူငယ်ချင်းက အကူအညီတောင်းတာ၊ နင်ရေးတဲ့စာတွေ ဖတ်ပြီးကတည်းက နင့်ကို လေးစားကြည်ညိုနေတာဟဲ့၊ ခု သူက ကျန်းမာရေး မကောင်းရှာဘူး၊ တရှောင်ရှောင်ဖြစ်နေလေတော့ သင့်လျော်တဲ့ အဆောင်ယကြာလေးများ ရချင်ပါတယ်တဲ့၊ နေကောင်းတဲ့အခါ သူကိုယ်တိုင်လာပြီး ဂါရဝပြုပါ့မယ်တဲ့ဟ" ဟု ပြောပြီး ရေနွေးကြမ်းငဲ့ကာ သောက်ပြန်၏။

ထို့နောက် ရေးမှတ်ရန် မှတ်စုစာအုပ်တို့ထုတ် အသင့်ပြင်လေတော့သည်။ ကျွန်တော်က -

"မတင်သန်း သေချာသာမှတ်ကွာ၊ လိုတဲ့သူတွေ ရှိရင်လည်း ကူညီလိုက်ပေါ့ဟာ"

ဟုဆိုကာ မှတ်စုတွင်းမှ ထုတ်နုတ်ပြောပြရလေတော့သည်။

"ကျန်းမာရေး ကောင်းစေဖို့အတွက် ဒီအတိုင်း လုပ်ပေတော့၊ လိုအပ်တဲ့ သူ့ရဲ့အသက်ကို တည်ကိန်းထားဟာ၊ တည်ကိန်းကို ၄ နဲ့မြှောက်၊ ရတဲ့အရေအတွက်အတိုင်း တံခွန်လုံးကို ယူရတယ်၊ တံခွန်လုံးအရေအတွက်တို့ ၃ နဲ့ ထပ်မြှောက်၊ ရတဲ့အရေအတွက်အတိုင်း ပန်းပွင့်တစ်ဆို့ဆို့ကို လျှုရမယ်ဟ" ဟု ဆိုရာ သူမက -

"အိမ်ဘုရားမှာ လျှုရမှာလား၊ ဘယ်မှာ လျှုရမှာလဲဟ"

"ဆန္ဒမစောနဲ့ မတင်သန်းရယ်၊ ငါပြောပြမှာပါ။ လျှုရမယ့် ဘုရားစေတီကဖြင့် သက်ဆိုင်သူရဲ့ အသက်ကို ၃ နဲ့စား ကြွင်းတဲ့ဂဏန်းရဲ့ နံတူဘုရားစေတီမှာ လျှုရတယ်။ ဥပမာ- ခု ကြွင်းခဲ့ရင် ဆူးလေစေတီတော်၊ ၅ ကြွင်းခဲ့ရင် တော့ မဟာမြတ်မုနိ စသဖြင့်ပေါ့ဟာ" ဟု ပြောဆိုရှင်းပြရာ သူမက -

"အိုတော၊ သိုင်းကျွန်"ဟု ဝမ်းသာစကားဆိုလေ၏။

ပြီးသော် -

"နင့်ကို သံဝေဂရစေတဲ့ ဝိဋ္ဌကတ်အစွယ်ချီး တေးထပ်တစ်ပုဒ် လက်ဆောင်ပေးခဲ့မယ်၊ နင့်အတွက် အသုံးဝင်မယ်၊ တခြားသူတွေကို မျှဝေပေးပေါ့ဟယ်၊ စာကို ဖတ်လိုက်တာနဲ့ သဘောပေါက်လွယ်၊ နားလည်လွယ်ပါတယ်"

သူမက စာအိတ်တစ်ခုထဲတွင် သေသပ်စွာ ပိတ်သိမ်းထားသည့် ထိုစာအား ပေးခဲ့ကာ နှုတ်ဆက်စကား ဆိုရင်း ပြန်လည်ထွက်ခွာသွားခဲ့ပါတော့သည်။ ကျွန်တော်သည် ရေနွေးကြမ်းတစ်ခွက် သောက်လိုက်၏။ စီးကရက်မီးညှိဖွာပြီး စာအိတ်ကို အသာအယာဖွင့်ဖောက်ကာ စာကို အေးဆေးစွာဖြင့် ဖတ်ဖြစ်လေသည်။ ထိုစာမှာ အောက်ပါအတိုင်း ဖြစ်ပေတော့သည်။

[မှတ်ချက် ။ လယ်တီဆရာတော်၏ တေးထပ်ဖြစ်ပါသည်။]

ဝိဋ္ဌကတ်အစွယ်ချီး တေးထပ်

တစ်ပိုင်းကြောင် ကျက်စာရုံနှင့်
ခက်ပါလှသဘောဉာဏ်။
တက်မာန အပြောသန်တယ်
ဒေါသဓာန်ထူပွား။
စောဒက တုဖက်လာလျှင်
သူ့ထက်ငါ ငြင်းသည့်လူစား။
ဘုရားဟော မြတ်ဓမ္မခန်ကို
တတ်လေဟန်ယောင်ဝါး။
ပရမတ်ပြန် အကြောင်သမားတွေကို
ထောင်လွှားကြ သူ့ထက်ငါ။
အသိဉာဏ် တစ်ထွာလောက်ကယ်နှင့်
ညာမထောက် ဟောတတ်လှပါ။
ပရိသတ် ထောမနာအောင်
စောဒနာဉာဏ်အကောက်တွေနှင့်
တန်အကျောက် အတင်းမရှောင်
ငြင်းကြလှ,ဘောင်။
ဝိဋ္ဌကတ်အစွယ်ထောင်လျှင် အပါယ်ဘောင် ဆင်းရလိမ့်လေး။

အဂ္ဂမဟာပဏ္ဍိတ

❑

www.burmeseclassic.com

www.burmeseclassic.com

ဗာဒင်သဖွယ်တွေ့ရတတ်သော အိမ်ခြံမြေနှင့် သိကောင်းကျိုးယုတ်နည်းများ

ဆရာဦးခန့်ကျော်

ယခင်လမှအဆက်

အနားသုံးဖက် (သို့မဟုတ်) အနားလေးဖက်တွင် လမ်းများ ရှိနေခြင်း

ထိုပုံစံ မြေကွက်များကို ပုံ(၅၄)နှင့် ပုံ(၅၅)တို့တွင် ပြသထားပါသည်။

စင်စစ်အားဖြင့် ထိုမြေကွက်ပုံစံများက ရှားပါးလှပါသည်။ အကယ်၍ မိတ်ဆွေသာ မြေကွက်ကို ရွေးချယ်ရမည်ဆိုပါက အဖိုဓာတ်စွမ်းအားနှစ်ဖက်ရှိနေသည့် မြောက်ဘက်နှင့် အရှေ့ဘက်တို့တွင် လမ်းများတည်ရှိသည့်မြေကွက်ကို ရွေးချယ်ပြီး တောင်ဘက်နှင့် အနောက်ဘက်တွင် ဝင်းခြံတည်ဆောက်လိုက်ရပါမည်။

ထို့နောက် မြေကွက်ကို အရှေ့-မြောက်ထောင့်ကွက်ကဲ့သို့သဘောထားလိုက်ပြီး အရှေ့-မြောက်မြေကွက်များတွင် ပြုလုပ်ရသည့် လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာလုပ်ဆောင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ပုံ (၁၄)



ပုံ (၁၅)

ထိုကိစ္စတွင် အကောင်းဆုံး အကျိုးရလဒ် ရနိုင်သည့် အချက်မှာ အနောက်/တောင်ဘက်များတွင် ဆိုင်များ ဖွင့်ထားလိုက်ခြင်းပင် ဖြစ်သည်။ ကျန်နေရာများတွင်မူ လူနေအိမ်အတွက် တည်ဆောက်မှုများ ပြုလုပ်ရပါမည်။

စျေးဆိုင်များ၊ ဟိုတယ်များ၊ စီးပွားရေးလုပ်ငန်းများ တည်ဆောက်ခြင်းနှင့် စက်ရုံအလုပ်ရုံများ

.စျေးဆိုင်များ (Shops)

မြေညီထပ်တွင် စျေးဆိုင်များနှင့် စီးပွားရေးလုပ်ငန်း တည်ထောင်ရာတွင် လမ်းအနေအထား အဆင့်ဆင့် တက်နေခြင်းကလည်း လွန်စွာအရေးပါလှသည်။ ပထမအထပ်နှင့် အခြားအထပ်များ၌ နေထိုင်သူများတွင် ပြဿနာ မရှိပါ။ လမ်းအနေအထား အဆင့်ဆင့်တက်နေခြင်းက အန္တရာယ်မရှိရန်(သို့) မြောက်ဘက်နှင့်အရှေ့ဘက်သို့ ဆင်ခြေလျော်ဖြစ်နေခြင်း ရှိ/မရှိကို အသေအချာ စစ်ဆေးကြည့်ရပါမည်။

မြောက်ဘက်သို့ ဆင်ခြေလျော ဖြစ်နေခြင်းသည် အကောင်းဆုံးပင်ဖြစ်၏။

စျေးဆိုင်အနေဖြင့် လမ်းကို မျက်နှာပြုနေရန် လိုပါသည်။ စင်စစ်အားဖြင့် စျေးဆိုင်သည် အနောက်ဘက် (သို့) တောင်ဘက်များသို့ မျက်နှာပြုနေခြင်းသည်လည်း အရေးမကြီးလှပါ။ အရေးကြီးသည့်ကိစ္စမှာ မည်သည့်နေရာတွင် ထိုင်သည်၊ ပစ္စည်းများကို ကြမ်းပြင်ပေါ်၌ မည်သည့်နေရာတွင် စုပုံထားသည့် အချက်များက အဓိကကျပါသည်။

ထိုင်သင့်သည့် အကောင်းဆုံးနေရာက ဆောင်ဘက် (သို့)အနောက်ဘက် မျက်နှာပြုထားသည့် စျေးဆိုင်မျိုးတွင် အနောက်-တောင်ထောင့်တွင် ဖြစ်သည်။ ထိုနေရာတွင် ကုန်ကရိလောင်းထားသည့် ၄ လက်မအမြင့် ပလက်ဖောင်းကို ပြုလုပ်ထားရှိရပါမည်။ ပလက်ဖောင်း၏ အလျား၊ အနံများက ထိုအစိတ်အပိုင်း၏ အတိုင်းအတာအတိုင်း ဖြစ်ရမည်။ မြောက်ဘက်ကို မျက်နှာပြု၍ ထိုပလက်ဖောင်းတွင် ထိုင်ပါ။ အကယ်၍ အရှေ့ဘက်နှင့် မြောက်ဘက်ကို မျက်နှာပြုထားသည့်ဆိုင်များဖြစ်ပြီး အနောက်-တောင်ဘက်တွင် စျေးရောင်းသည့် အနေအထားမျိုးဖြစ်ပါက အနောက်ဘက်တွင် ထိုင်နိုင်သည်။

ကုန်ပစ္စည်းများကို စင်များဖြင့်တင်သည့်အခါ ဖော်ပြထားသည့် ကုန်တင်ဂရမ်တွင် ညွှန်ပြထားသည့်အတိုင်း စနစ်တကျ ထားရှိရပါမည်။ ပုံ (၁၆)

ငွေသေတ္တာကိုမူ အကယ်၍ မိတ်ဆွေက မြောက်ဘက်ကို မျက်နှာမူထားပါက မိတ်ဆွေ၏ လက်ဝဲဘက် ဘေးနှင့်၊ အကယ်၍ မိတ်ဆွေက အနောက်ဘက်ကို မျက်နှာမူထားပါက လက်ယာဘက်ဘေးတွင် ထားရှိရမည်။

ဟိုတယ်များ (Hotels:)

ရေလှောင်ကန်များကို အရှေ့-မြောက်ထောင့်တွင် တူးရမည်။ ဓာတ်ငွေ့ဘူးများကို အရှေ့-တောင်အစိတ်အပိုင်း နေရာတွင် ထားရှိရမည်။ စတိုခန်းကို အနောက်ဘက်တွင်

www.burmeseclassic.com



ပုံ (၅၆)

ပစ္စည်းထင်ဝရန်
(ပစ္စည်းများကို တွဲပြုကြခြားနားသည့် အစိတ်အပိုင်းနေရာများတွင်ထင်ခြင်း)
ပစ္စည်းများကို ထားသိုရာတွင် **ဇော်ပြပါ**
ပစ္စည်းတင်ဂရုပ်ကိုအခြေခံ၍
အလေးချိန်အလိုက်/ပစ္စည်းများအလိုက် ထားရှိရသည်။

ထား၍ ငွေကိုင်ကိုမူ အနောက်-တောင်ဘက် ခြင့်သည့် ပလက်ဖောင်းခုံမြင့်တွင် ထိုင်စေရမည်။ **ငွေသေတ္တာကိုမူ** အထက်တွင် ဖော်ပြထားသည့် **စားဆိုင်တွင် ထားရှိသည့်** စံနှုန်းများအတိုင်း လိုက်နာရပါမည်။

ည့်သည်များအတွက် **စားပွဲများ ခင်းကျင်းပေးခြင်းအို** လျှင် မြောက်ဘက်အဝင်,အထွက် **လွယ်တူစေရန် ချန်လှပ်ပြီး** ကျန်နေရာလပ်များတွင်သာ ပြင်ဆင်သင့်ပါသည်။

စီးပွားရေးလုပ်ငန်း အခြေစိုက်ခြင်းများ (Business Eatablishments:)

အကယ်၍ မိတ်ဆွေ၏လုပ်ငန်းက **ကြည်ထစ် ခဲခန်း** တစ်ခန်းဖြစ်ပါက လမ်း၏အဆင့်ဆင့် **အနိမ့်အမြင့်**ကို လေ့လာပါ။ အိမ်သာကို **အရှေ့မြောက်ဘက်နေရာတ** အရှေ့ဘက် ပထမတစ်ဝက်နှင့် **မြောက်ဘက်က ပထမတစ်ဝက်** နေရာတွင် ထားပါ။ **ခဲခန်းရေ**ယာအတွက် အကောင်းဆုံးက စတုရန်း(သို့)ထောင့်မှန်စတုဝံဝံစပ်ဖြစ်သည်။ **အထည်** ၍ ယက်မများက ပေါ်လွင်စွာ **ချွန်ထွက်နေပါက** ယက်မများ၏ အရေအတွက်သည် '၃' ဂဏန်းများ ဖြစ်ရပါမည်။ အခြေအနေမပေးပါက် ယက်မအတုများကို လိုအပ်သလို ဖန်တီးတပ်ဆင်ထားရပါမည်။

အကယ်၍ အခန်းရေယာသည် ပုံပန်းမကျဖြစ်နေပါက အခန်းများဖွဲ့၍ မတည်ဆောက်မီနှင့် အခြားသော အတွင်းဘက် အလှပြင်ခြင်းများ မပြုလုပ်မီ ဝါစတုပညာရှင်နှင့် တိုင်ပင်ဆွေးနွေးလျှင် အကောင်းဆုံး ဖြစ်ပါလိမ့်မည်။

နေအိမ်ငယ်တလေးများ (Lodges)

နေအိမ်ငယ်တလေးများ တည်ဆောက်ရာတွင် အကျိုးရလဒ်များ ရရှိနိုင်ရန်အတွက် ဝါစတုနည်းလမ်းများကို သုံးစွဲနိုင်လေသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ကြီးမားသည့် တိုးတက်မှုများကိုရရှိနိုင်ပြီး ည့်သည်များအတွက် ဇော်ရွှင်ချမ်းမြေ့မှုများကို စဉ်ဆက်မပြတ် ရနိုင်ပေသည်။

အမှန်တကယ်အားဖြင့် နေအိမ်ငယ်တလေးများကို မြေကွက်ကျယ်ကျယ် ရှိယာထဲတွင် အကွက်ချပြီး တည်ဆောက်လေ့ရှိကြသည်။ ထိုသို့တည်ဆောက်ရာတွင် မြေကွက်အနေအထားက ဝါစတုနည်းပညာအရ မှန်၊ မမှန်ကို မတည်ဆောက်မီ အသေအချာ စစ်ဆေးရန် လိုအပ်ပါလိမ့်မည်။

လမ်းဦးတည်ရာက အဓိက မကျလှသော်လည်း ဝါစတုပညာရှင်များနှင့်တိုင်ပင်ပြီးမှ စီမံကိန်းချသင့်ပါသည်။

နေအိမ်ငယ်တလေးများ တည်ဆောက်ရာတွင် အောက်ပါ ပုံစံအနေအထားသည် အကောင်းဆုံးဖြစ်သည်။ (ပုံ-၅၇)

ရေလှောင်ကန် တစ်ကန်ကို အရှေ့-မြောက်ထောင့်တွင် ထားရှိရန်စီစဉ်ပါ။ ထိုအစိတ်အပိုင်းတွင်ပင် ဝါစတုအတွဲ့ရလဒ် ပိုကောင်းမွန်ရန်နှင့် အလှအပ မျက်စိပသာဒအတွက် ရောနှောတစ်ခုလည်း ထားရှိပါ။

မီးဖိုချောင်ကို အရှေ့-တောင်ထောင့်တွင် လည်းကောင်း၊ စတိုခန်းကို မီးဖိုချောင်၏ ဇတ်ဝင်ဘက် (သို့) လတ်ယာဘက်တစ်နေရာရာတွင် ထားရှိရပါမည်။ ည့်ခန်းတို့ အနောက်-မြောက်အစိတ်အပိုင်းတွင် လည်းကောင်း၊ **စားသောက်ခန်း**ကို အနောက်ဘက်တွင် လည်းကောင်း ထားရှိရပါမည်။



ပုံ (၅၇)

www.burmeseclassic.com

www.burmeseclassic.com

အိပ်ခန်းများအားလုံးကို မြေကွက်ပေါ်တွင် အခြေအနေ ပေးပါက တောင်ဘက်နှင့် အနောက်ဘက်ခြမ်းတွင် ထားရပါမည်။ အကယ်၍ အိပ်ခန်းများကို အနောက်-တောင် ထောင့်တွင် ထားရှိရန် စီစဉ်ထားပါက အဖြေက ပိုကောင်းနိုင်ပါသည်။ ထို့ဧရိယာတွင် အဆောက်အအုံက မြင့်နေခြင်းသည် ဝါစတုအကျိုးရလဒ် ပိုမိုရစေနိုင်ပါသည်။

အကယ်၍ မြေကွက်က တောင်ဘက်(သို့)အနောက်ဘက်ကို မျက်နှာပြုထားပါက ဝင်ပေါက်ကို အနောက်ဘက် (သို့) အနောက်-မြောက်ဘက်တွင် ရှိသင့်ပြီး အကယ်၍ လမ်းက တောင်ဘက်တွင် တည်ရှိနေပါက ဝင်ပေါက်သည် တောင်ဘက်၏ အရှေ့-တောင်ဘက်တွင် ရှိသင့်သည်။ အကယ်၍ လမ်းက မြောက်ဘက်(သို့)အရှေ့ဘက်သို့ မျက်နှာပြုထားပါက ဝင်ပေါက်သည် မြောက်ဘက်၏ အရှေ့-မြောက်ဘက် (သို့) အရှေ့ဘက်၏ အရှေ့-မြောက်ဘက်တွင် ရှိသင့်ပေသည်။

ပိုမိုတိကျသည့် အထားအသို အစီအစဉ်များကို လိုအပ်ပါက ဝါစတုပညာရှင်များ၏ အကြံဉာဏ်များကို ရယူသင့်ပါသည်။

စက်မှုလက်မှုလုပ်ငန်းများ (Industries)

မည်သည့်နိုင်ငံတွင်မှ အိန္ဒိယနိုင်ငံမှာကဲ့သို့ နာမကျန်းဖြစ်နေသည့် စက်မှုလက်မှုလုပ်ငန်းများ များများစားစားမရှိဟု ဆိုပါသည်။ ထိုသို့ ဖြစ်ရခြင်း၏ အဓိကအကြောင်းရင်းခံမှာ ဝါစတုသျှတ္တရနှင့် ဆန့်ကျင်နေသည့်အတွက် ဖြစ်ပေသည်။ အိန္ဒိယနိုင်ငံ BIFR ၏ နောက်ဆုံးစာရင်းများအရ နာမကျန်းဖြစ်နေသည့် စက်မှုလက်မှုလုပ်ငန်းပေါင်း ၁၆၀၀ ကျော် ရှိနေသည်။

ဝါစတုပညာရှင်တို့အား စက်မှုလက်မှုလုပ်ငန်းရှင်များက မေးတတ်သည့် မေးခွန်းတစ်ခုရှိသည်။

"အနောက်နိုင်ငံတွေမှာ လုပ်ငန်းရှင်တွေက ဝါစတုကို လိုက်နာကြလို့လား၊ သူတို့ စိတ်လက်ပျော်ရွှင်ပြီး ကြီးပွားတိုးတက်နေကြတယ်လေ" ဟူ၍ဖြစ်သည်။

ထိုမေးခွန်းက အတော် ကောင်းပါသည်။ စိတ်ကျေနပ်လောက်သည့် အဖြေကိုလည်း တောင်းဆိုနေပါသည်။ ဤနေရာတွင် ကျယ်ဝန်းသည့် မြေကွက်တစ်ခု တည်ရှိသည့် နိုင်ငံကို စဉ်းစားရပါမည်။ ပြီးလျှင် ထိုမြေကွက်ပေါ်တွင် သက်ရောက်နေသည့် ဝါစတုစွမ်းအင်၏ အင်အားကိုလည်း ဆန်းစစ်ရပါမည်။

စီးပွားရေးတိုးတက်ကြီးထွားနေသည့် နိုင်ငံများတွင် အမေရိကန်နှင့် ဂျပန် စသည့်နိုင်ငံများ ပါရှိနေသည်ကို စာဖတ်သူ သိပြီးသားဖြစ်ပါလိမ့်မည်။ အဆိုပါနိုင်ငံများတွင် တိုပိုဂရပ်ဖီ (topography)ဟုခေါ်သည့် မြေပြင်အသွင်အပြင် အနေအထားက အနိမ့်ရော အမြင့်ပါ ရှိကြသည်။ ထိုအချက်က ဝါစတုပညာအရ အခွင့်အလမ်းသာစေသည်။ ဆိုလိုသည်မှာ မြင့်မားသည့်စွမ်းအင်များက သဘာဝအလျောက် နိုင်ငံတွင်း မြေမျက်နှာပြင်များပေါ်သို့ ဖြတ်သန်းစီးဝင်နေခြင်းဖြစ်သည်။ ထိုအချက်ကြောင့်ပင် အဖျက်သဘောဆောင်သည့် အနေအထားက သာမန်နှင့်မရဘဲ အတော်ကိုကြီးကြီးမားမား ဖြစ်အောင် ဖွဲ့စည်းတည်ဆောက်နေရတော့သည်။

အကယ်၍ အဆောက်အအုံတစ်ခုက ဝါစတုကို ဆန့်ကျင်သည့် အနေအထားမျိုး ၈၀ ရာခိုင်နှုန်း မှ ၉၀ ရာခိုင်နှုန်း အပြစ်အနာအဆာရှိနေလျှင် ထိုလုပ်ငန်းသည် အရှုံးနှင့် ရင်ဆိုင်သွားရမည်သာဖြစ်သည်။

ထို့ကြောင့် အဆိုပါနိုင်ငံများရှိ အချို့ကုမ္ပဏီများကို ပိတ်ပစ်လိုက်ရပြီး ဒေဝါလီခံသွားရသည်။

ဤနေရာတွင် တစ်ခုသတိပြုစရာ ရှိနေပါသည်။ တိုးတက်ကြီးပွားခြင်းနှင့် ပျော်ရွှင်ချမ်းမြေ့ခြင်း အမြင်မမှားကြဖို့ကိစ္စဖြစ်ပါသည်။ စီးပွားရေး တိုးတက်ကြီးပွားလာခြင်းသည် စိတ်ပျော်ရွှင်မှု ဖြစ်ပေါ်လာစေမည့် အကြောင်းအချက်များတွင် ပါဝင်သည်မှာ မှန်သော်လည်း တစ်ခုတည်းသော အကြောင်းအချက် မဟုတ်ပါ။

အမေရိကန် ပြည်ထောင်စုသည် တိုးတက်ဖွံ့ဖြိုးမှုကောင်းသည့် နိုင်ငံတစ်ခုဟု ပြောနိုင်သော်လည်း အားလုံးသော အမေရိကန်နိုင်ငံသူ၊ နိုင်ငံသားတိုင်း ပျော်ရွှင်နေကြသည်ဟုပြောနိုင်ပါသလား။ အိမ်ထောင်ရေးတွင် လင်မယားကွဲသည့်ပြဿနာ၊ ရာဇဝတ်မှုပြဿနာ၊ ဆေးဝါးစွဲနေသည့် ပြဿနာ၊ အကြမ်းဖက် တိုက်ခိုက်သတ်ဖြတ်မှုများက ထိုနိုင်ငံတွင် အများအပြားဖြစ်ပေါ်နေသည့်အချက်က တိုင်းပြည်နိုင်ငံတိုးတက်ကြီးပွား ချမ်းသာသည့်အတွက် နိုင်ငံသားများ ပျော်ရွှင်မှုနှင့် မည်သို့မှ မသက်ဆိုင်ကြောင်း ညွှန်းဆိုနေခြင်းဖြစ်ပါသည်။

ထိုအကြောင်းအချက်များအရ ဝင်ငွေမကောင်းသည့်အတွက် ဆင်းရဲတွင်းနက်နေကြသည့်သူများအနေဖြင့် ငြိမ်းအေးသည့်ဘဝ၊ ပျော်ရွှင်သည့်ဘဝမျိုး မရနိုင်ခြင်းဖြစ်သည်ဟူသော စကားကလည်း မမှန်နိုင်ချေ။ စာဖတ်သူအနေဖြင့် တွေ့ဖူးပါလိမ့်မည်။ အချို့သောလူများသည် ငွေကြေးမချမ်းသာသော်လည်း ဘဝတွင် ရောင့်ရဲပြီး ပျော်ပျော်ရွှင်ရွှင်နှင့် သက်ဆုံးတိုင် နေသွားကြရသည်။

အိန္ဒိယနိုင်ငံသည် ကံမကောင်း အကြောင်းမလှကြောင်းကို တွေ့ရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဝါစတုစွမ်းအားများက တစ်နိုင်ငံလုံး၏ တစ်နံတစ်လျားတွင် မရှိသလောက် ရှားပါးသည့် အနေအထားမျိုးဖြစ်နေသည်။

မြင့်မားသည့် ဟီမဝန္တာတောင်က မြောက်ဘက်တွင် တည်ရှိနေသည်။ ပင်လယ်ပြင်က တောင်ဘက်ခြမ်း

www.burmeseclassic.com

လုံးတွင်ရှိနေသည်။ ထိုအချက်များက ဝါစတုစ်ကွင်းကို အတင်းအဓမ္မ လုပ်ယူထားသကဲ့သို့ ဖြစ်နေစေတော့သည်။

အိန္ဒိယနိုင်ငံမိုင်းကြောင်းကို လေ့လာကြည့်မည်ဆိုပါကလည်း နန်းဆက်အတော်များများသည် နိုင်ငံကို ကြိုစား ပမ်းစား အုပ်ချုပ်ခဲ့ကြသော်လည်း မည်သည့်နန်းဆက်မှ နှစ်ပေါင်း ၂၀၀-၃၀၀ထက်ကျော်လွန်ပြီး မအုပ်ချုပ်ထားနိုင်ခဲ့ကြပေ။ အခုအချိန်အထိလည်း ပြဿနာပေါင်းစုံနှင့်ရင်ဆိုင်နေရပြီး ကသောင်းကနင်းဖြစ်မှုများက တစ်ခုပြီးတစ်ခု ပေါ်ပေါက်နေသောနိုင်ငံ ဖြစ်သည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံသည်လည်း အိန္ဒိယနိုင်ငံနှင့် ခပ်ဆင်ဆင် အနေအထားတွင်ရှိ၏။

ထို့ကြောင့် မိတ်ဆွေအနေဖြင့် မိမိ၏မြေကွက်ထဲတွင် ဝါစတုစက်ကွင်း တည်ရှိနေစေရန် ဖန်တီးယူရပေလိမ့်မည်။ ကျန်းမာပြီး ကိုယ်ခံစွမ်းအားကောင်းနေသည့် လူတစ်ယောက်အနေဖြင့် ခိုက်ခိုက်တုန်အေးမြသည့် ညဘက်တွင် အပြင်ထွက်သော်လည်း မည်သည့်ထီခိုက်မှုမှ မခံစားရသော်လည်း ပန်းနာသည်တစ်ဦးအဖို့ ထိုသူပုံစံမျိုး လုပ်၍ရမည်မဟုတ်ချေ။ ထိုနည်းအတိုင်းပင် အိန္ဒိယနိုင်ငံတွင်းမှ မြေကွက်များနှင့် မြန်မာနိုင်ငံတွင်းမှ မြေကွက်တိုင်းတွင် အဆောက်အအုံများ တည်ဆောက်မည်ဆိုပါက ဝါစတုသျှတ္တရပညာပိုင်းကို တိတိကျကျ လိုက်နာရန် လိုအပ်မည် ဖြစ်ပါသည်။

စွမ်းအင်စက်ကွင်း တည်ရှိနေသည့် ပိရမစ်တစ်ခုသည်ပင် သူ့ကိုထားရှိသည့်နေရာ မြေကြီးအပေါ် တုံ့ပြန်မှုမပြသည့်သဘောမျိုး ရှိနေတတ်သေးသည်။ မြေကွက်တစ်ခုတွင် ခြံစည်းရိုးတစ်ခုံ ရှိနေလျှင် ကမ္ဘာ့မည်သည့်နေရာနှင့်မဆို နှိုင်းယှဉ်နိုင်သည့် အားကောင်းသော စွမ်းအင်စက်ကွင်းကို ဖန်တီးနိုင်ပေသည်။

သို့သော်လည်း ထိုမြေကွက်သည် မိတ်ဆွေ နေထိုင်သည့် နိုင်ငံတွင် ပထဝီဝင်အနေအထားအရ ပျောက်ကွယ်နေပါလိမ့်မည်။

လွန်ခဲ့သည့် နှစ်အနည်းငယ်ခန့်က ဝါစတုပညာရှင် A.R Hari 'ဟိုဆာ'(Hosur)(ဘန်ဂလောမြို့အနီးမှ စက်မှုလုပ်ငန်းထွန်းကားသည့်မြို့တစ်မြို့)သို့ စက်ရုံတစ်ခု၏ ဝါစတုအနေအထားစစ်ဆေးရန်အတွက် ရောက်ရှိသွားခဲ့သည်။ ၎င်းရောက်ရှိသွားသည့် စက်ရုံ၏မျက်နှာချင်းဆိုင်နေရာတွင် ဧရာမစက်ရုံကြီးတစ်ခုက ဆောက်လက်စတန်းလန်း အခြေအနေတွင် တည်ရှိနေသည်။ ထို့ကြောင့် Hari က ၎င်း၏အမှုသည်အား လက်မြှောင့်ပြီး ထိုစက်ရုံက ဝါစတုအနေအထားနှင့် ဓာတ်ညီကြောင်းနှင့် ဆုံးရှုံးမှုအကြီးအကျယ် ကြုံရတော့မည်ဖြစ်ကြောင်း ပြောလိုက်သည်။ ထိုအခါ ၎င်း၏အမှုသည်က လက်မခံပါ။ သူကပြောသည်မှာ ထိုစက်ရုံပိုင်ရှင်သည် ဖိနပ်လုပ်သည့် လုပ်ငန်းပိုင်ရှင်ကြီး ဖြစ်ကြောင်းနှင့် ကမ္ဘာသိဝုတ်ရှိလ်ကြီးဖြစ်ကြောင်း ပြောပြသည်။

သူတွင် နာမည်ကြီး အဆင့်အတန်းမြင့်မြင့် အုပ်ချုပ်ရေးအဖွဲ့မျိုးလည်း ရှိထားကြောင်း ဆက်လက်ပြောလိုက်သေးသည်။

မကြာမီတွင်ပင် ကြားသိလိုက်ရသည်မှာ ယင်းလုပ်ငန်းရှင်ကြီး ရူးပီးငွေ ၂၅၅ ကုဋေ အရှုံးပေါ်သွားခြင်းသတင်းဖြစ်သည်။ ထိုအချက်ကို ဝါစတုပညာရှင်က ထောက်ပြခြင်းမှာ ဝါစတုထီခိုက်မှု အကြီးအကျယ် ဖြစ်ပေါ်နေမည်ဆိုပါက ကျွမ်းကျင်လှပါသည်ဆိုသည့် မည်သည့်စီမံခန့်ခွဲရေးအဖွဲ့ကမှ မကယ်တင်နိုင်သည့်သဘောကို နားလည်သဘောပေါက်စေရန် ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် စက်မှုတော်လှန်ရေးကာလအတွင်းသို့ ချင်းနင်းဝင်ရောက်နေသည့်အတွက် စက်မှုလုပ်ငန်းအတော်များများက တိုးတက်မှုအရှိန်အဟုန် မြန်ဆန်နေသည်။ တစ်ဖက်က တိုးတက်နေသော်လည်း စက်မှုလုပ်ငန်းအချို့မှာ စက်မှုနာမကျန်းရောဂါရလျက် ရူးပီးငွေ ကုဋေနှင့် ချီပြီး အရှုံးပေါ်နေသည်။

စက်မှုလုပ်ငန်းက ကြီးသည်၊ ငယ်သည်မဟူ လုပ်ငန်းရှင်များက တည်ဆောက်စကတည်းက အောင်မြင်မှုများရစေရန် အစွမ်းကုန်ကြိုးပမ်း အားထုတ်ခဲ့သည်က ငြင်းစရာမလိုပါချေ။ အချို့ကိစ္စများတွင် လုပ်ငန်းရှင်များအနေဖြင့် စက်မှုလုပ်ငန်းအပိုင်းတွင် လုပ်ရည်ကိုင်ရည်ရှိကြမြဲ သူတို့လုပ်နေသည့်အလုပ်ကိုလည်း သေသေချာချာ နားလည်ကြသည်။ သူတို့အနေဖြင့် စက်မှုလုပ်ငန်းများ မစတင်မီ စေ့စေ့ငုကြပ်ကို သေသေချာချာ လေ့လာမှုများ ပြုလုပ်သင့်သည်။ လုပ်ငန်းများကို ဂရုတစိုက်နှင့် အလေးထားလုပ်ကိုင်ကြသော်လည်း သူတို့၏စိတ်တွင် အရှုံးများ ရင်ဆိုင်ရလေမလားဟူသည့် စိတ်ပိုင်း ဆိုင်ရာ ငြိမ်းချမ်းမှု မရနိုင်ဖြစ်နေကြသည်။ အမှန်တကယ်မှာမူ သူတို့အနေနှင့် အပင်ပန်းခံစုဆောင်းထားရသည့် ငွေကြေးများ အလဟဿ ဖြစ်သွားမည်ကို စိုးရိမ်နေကြရသည်။

စက်မှုလုပ်ငန်းများ နာမကျန်းဖြစ်ရသည့် အနေအထားအပေါ် သံသယဖြစ်မိသဖြင့် သုံးသပ်ဆင်ခြင်မည်ဆိုလျှင် အဓိက အကြောင်းရင်းတစ်ခုမှာ 'ဝါစတုထီခိုက်မှု' ကြောင့်သာ ဖြစ်ကြောင်း သိမြင်နိုင်ပါသည်။

နာမကျန်းဖြစ်နေသည့် စက်မှုလုပ်ငန်းများအနေဖြင့် ကုသရန်နည်းတစ်နည်းသာရှိပေသည်။ ထိုကုသနည်းက ကုန်ကျစရိတ်ကလည်း မများလှပါ။ ဝါစတုပညာ ကျွမ်းကျင်သူ ပညာရှင်၏လမ်းညွှန်မှုဖြင့် အနေကြီးသည့် ပြုပြင်မှုများကို ပြုလုပ်ရပေမည်။ ထိုပြုပြင်မှုအတွက် ကုန်ကျစရိတ်ကိုလည်း မျက်ခြည်မပြတ်ပါစေနှင့်။

အမှန်စင်စစ်အားဖြင့် ရိုးသား၍ ကြိုးစားသည့် လုပ်ငန်းရှင်များ အနေဖြင့် ဝါစတုသိပ္ပံနည်းပညာရပ်ကို

www.burmeseclassic.com

www.burmeseclassic.com

လျစ်လျူရှုမိဆည့် လုပ်ရပ်များအတွက် အန္တုနှင့်ရင်ဆိုင်နေရသည့်အဖြစ်ကို ငွေကြေးဖြင့် အကူအညီ ထပ်ပေးသကဲ့သို့ ဝါစတုပညာရပ်ဖြင့် အမှားများကို ပြုပြင်ပေးပြီး သူတို့၏ စိတ်ကူးယဉ်အိပ်မက်များကို ပြန်မက်ခွင့်ပေးသင့်ပါသည်။

A.R Hari B. Sc, B.E သည် အရည်အသွေးပြည့် အင်ဂျင်နီယာတစ်ဦးအဖြစ် စက်ရုံကြီး, စက်ရုံငယ်များတွင် အဝယ်တော်အလုပ်နှင့် ဈေးကွက်သစ်ရှာသည့်ခရီးများတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်ပါသည်။ ထို့ပြင် ဝါစတုပညာ အကြံပေးပုဂ္ဂိုလ်အဖြစ်နှင့် နာမကျန်းဖြစ်နေသည့် စက်ရုံအတော်များများကိုလည်း ရောက်ခဲ့ဖူးသည်။

A.R Hari ဆောင်ရွက်ပေးလိုက်သဖြင့် စက်ရုံများသည် လိုအပ်သည့် အကျိုးရလဒ်များ ခံစားရရှိပြီး စက်ရုံလုပ်ငန်းရှင်များလည်း ပျော်ရွှင်စိတ်ချမ်းသာခွင့် ရသွားကြရသည်။

ထို့ကြောင့် စက်မှုလုပ်ငန်းများကို အောက်ပါအတိုင်း အကြမ်းဖျင်း ခွဲခြားနိုင်ပါသည်။

၁။ စက်မှုလုပ်ငန်းငယ်များတွင် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ပါဝင်သည်။ လုပ်ငန်းလုပ်ရန်အတွက် မြေကွက်များကို ငှားရမ်းလုပ်ကိုင်ခြင်း (သို့) ဝယ်ယူလုပ်ကိုင်ခြင်းများ ရှိသဖြင့် မြေကွက်အရွယ်အစား အမျိုးမျိုးနှင့် ပုံစံအမျိုးမျိုး ရှိနိုင်သည်။

၂။ စက်မှုလက်မှုအလုပ်ရုံ (shed)သည် ကိုယ်ပိုင်တည်ဆောက်ထားခြင်း (သို့) အစိုးရတည်ဆောက်ထားခြင်းများ ဖြစ်နိုင်သည်။ မည်သို့ပင်ဖြစ်စေ အတော်များများက ပုံစံတူများ ဖြစ်ကြသည်။

၃။ စက်ရုံကြီးများကမူ ကိုယ်ပိုင်မြေကွက်တွင် တည်ဆောက်တတ်ကြပြီး စက်ရုံပုံစံက ထုတ်လုပ်မည့် ကုန်ပစ္စည်းနှင့် ကုန်ပစ္စည်း အရေအတွက်အပေါ် မူတည်ပြီး အဆောက်အအုံ ဒီဇိုင်းကို ထုတ်လုပ်ရေးဆွဲတတ်ကြသည်။

ပထမဦးဆုံးအနေဖြင့် ကျွန်ုပ်တို့သည် စက်ရုံ အကြီးအသေးကို အလေးမထားဘဲ အထွေထွေစည်းကမ်း, နည်းလမ်းများကို လက်ခံကျင့်သုံးရပါမည်။ အထူးသဖြင့် စက်ရုံကြီးများတွင် တည်ရှိတတ်သည့် အစွန်အဖျား အသွင်အပြင် လက္ခဏာများကို ထည့်သွင်းစဉ်းစားရပါမည်။

အထွေထွေ စည်းကမ်းနည်းလမ်းများ

၁။ ဝင်ပေါက်ထားရမည့်နေရာမှာ-

(က) မြောက်ဘက်မျက်နှာပြုနေလျှင် (သို့) အရှေ့ဘက်ကလမ်းကို မျက်နှာပြုထားလျှင် အရှေ့-မြောက်၊

(ခ) အနောက်ဘက်(သို့)တောင်ဘက်လမ်းကို မျက်နှာပြုထားလျှင် အနောက်-မြောက်၊

မြောက်နှင့်တောင်ဘက်၏ အရှေ့-တောင်၊

၂။ အိမ်နောက်ဖေးထွက်ပေါက်ကို အိမ်ရှေ့ထွက်ပေါက်တံခါးမ လက်ယာဘက်တွင် ဖောက်လုပ်ထားရမည်။ (ခ) အတိုင်း ဝင်ပေါက်ကိုဖောက်ထားပါက လက်ယာဘက်တွင် နောက်ဖေးတံခါး ထားရမည်ဖြစ်ပြီး (က) အတိုင်း ရှေ့ဝင်ပေါက်ကို ဖောက်ထားပါက လက်ဝဲဘက်တွင် ဖောက်လုပ်ရပါမည်။

၃။ အကယ်၍ စက်များမောင်းနှင်စဉ် အသုံးပြုရန်အတွက် ရေများသိုလှောင်ထားရန် လိုအပ်ပါက မြေအောက်ရေ သိုလှောင်ကန်ကို အရှေ့-မြောက်ထောင့်တွင် တူးဖော်ထားနိုင်ပါသည်။

၄။ စက်ရုံခေါင်မိုး ဆင်ခြေလျှောကို ဂရုတစိုက်စောင့်ကြည့်ပါ။ အကယ်၍ အမိုးက ပြင်ညီမြဖစ်နေလျှင် ကိစ္စမရှိပါ။ ကြားနေ အနေအထားမျိုးဖြစ်သည်။ အကယ်၍ 'A' ပုံစံ နှစ်ဖက်ဆင်ခြေလျှောဖြစ်ပြီး ဒီဇိုင်းခွေဖြင့် မိုးထားပါကလည်း ကိစ္စမရှိပါ။ ယင်းကလည်း ကြားနေ အနေအထားမျိုးပင်ဖြစ်သည်။

အကယ်၍ ခေါင်မိုးသည် တစ်ဖက်လျှော ဖြစ်နေခဲ့လျှင် ဆင်ခြေလျှောက အရှေ့ဘက် (သို့) မြောက်ဘက် (သို့) အနောက်/တောင်ဘက်သို့ နိမ့်ဆင်းနေသလားဟူသည်ကို ကြည့်ပါ။ အရှေ့ဘက်နှင့်မြောက်ဘက်သို့ ဆင်ခြေလျှော ဖြစ်နေလျှင် ပြုပြင်စရာမလိုအပ်ပါ။ အနောက်/တောင်ဘက်သို့ နိမ့်ဆင်းနေပါက အမိုးကို အရှေ့ဘက်နှင့် မြောက်ဘက်သို့ ဆင်ခြေလျှော ဖြစ်သွားစေရန် ပြန်ပိုးရပါလိမ့်မည်။ သို့မဟုတ်ပါက မျက်နှာကြက်ကိုပြင်ဆင်ပြီး တစ်ညီတည်းဖြစ်အောင် ပြုလုပ်ရပါမည်။

၅။ မိမိ၏အလုပ်ရုံက စက်ရုံနီးချင်းအဆောက်အအုံတွင် မှီထောက်ထားသည့် အနေအထားမျိုး မည်သည့်ဘက်တွင်မှ ဖြစ်မနေစေသည်က အကောင်းဆုံးဖြစ်သည်။

၆။ မိတ်ဆွေအနေဖြင့် ဦးတည်မျက်နှာမူရာအရပ်များကို မိမိနှင့်သက်ဆိုင်သည့်နေရာရော မသက်ဆိုင်သည့် နေရာများသို့ပါ ဖွင့်ထားမိသည်ဆိုပါက မိတ်ဆွေအနေနှင့် ဦးတည်အရပ်နှင့် ဆင်ခြေလျှောကို ကြည့်ပါ။ အကယ်၍ ဖွင့်ထားသည့်နေရာက မြောက်ဘက် (သို့) အရှေ့ဘက်ဖြစ်နေပြီး ဆင်ခြေလျှောက မိမိ၏စက်ရုံဘက်သို့ဦးတည်နေပါက မိတ်ဆွေ၏နေရာတွင် အားကောင်းလှသည့်စက်တွင်း တည်ရှိနေသည်။ အကယ်၍ ဆင်ခြေလျှောက ဆန့်ကျင်ဘက်သို့ ဦးတည်နေပါက မိတ်ဆွေ၏စက်ရုံပတ်ပတ်လည်ကို ဝင်းထရံအပြည့်ကာရံ ရပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

ဖွင့်ထားသည့် ဧရိယာက 'အနောက်ဘက်'နှင့် တောင်ဘက်ဖြစ်နေပြီး ဆင်ခြေလျှောက မိမိနေရာမှ အဝေးသို့ ခွာသွားသည့် အခြေအနေရှိနေပါက ဝင်းထရံကာရံဖို့ မလိုအပ်ပါ။

အကယ်၍ ပထဝီအနေအထားက ဆန့်ကျင်သည့် သဘောဆောင်နေလျှင်မူ အမောတ်များ မဝင်စေရန် ကာကွယ်သည့်သဘောဖြင့် ခြံစည်းရိုး ကာရံရပါမည်။ ဤနေရာတွင် မှတ်သားရန်မှာ သာမန်ခြံစည်းရိုးသက်သက်ကာရံရုံနှင့် မရပါ။ ခြံစည်းရိုးနှံ့ရံဖြင့် ကာရံပြီး စွမ်းအားများ မည်သည့်ဘက်မှ မဝင်နိုင်အောင် တားဆီးရပါမည်။ သာမန်ခြံစည်းရိုးတို့တွင် စွမ်းအား အမျိုးမျိုးက ဝါစတုသဘောအရ ဝင်ရောက်နိုင်သဖြင့် အကျိုးမရှိလှပါ။ ထို့ကြောင့် စွမ်းအားများ ဝင်ရောက်ခြင်းကို တားဆီးနိုင်ရန်အတွက် လိုအပ်သည့်နေရာတွင် နံရံများကို တည်ဆောက်ရပါမည်။

၇။ အကယ်၍ စက်ရုံခြံစည်းရိုးနံရံက အဝိုင်းပုံစံဖြစ်နေလျှင် နေအိမ်ခြံဝင်းအဝိုင်းပုံစံ ဖြစ်နေသည့်အခါ လိုက်နာရမည့် စည်းကမ်းနည်းလမ်းများအတိုင်း လက်ခံကျင့်သုံးနိုင်ပါသည်။

၈။ ဆင်ခြေလျှောက မြေပိုနေရာတွင် တည်ရှိနေပါက မြေပိုရှိသည့် လူနေအိမ်ပုံစံတွင် ဖော်ပြထားသကဲ့သို့ လိုက်နာ ဆောင်ရွက်ရပါမည်။ ထိုအချက်များအတွက် ယခင်ဖော်ပြထားသည့် အခန်းများကို ပြန်၍လေ့လာပါ။



စက်ရုံများအတွက် ဝါစတုဂရဖ်ပုံကားချပ်
(Vastu chart for Industries)

- ပုံ (၅၈)

၉။ အထွေထွေဝါစတုပုံစံကို မိတ်ဆွေတို့အနေဖြင့် အခြေအနေအရပ်ရပ်အပေါ် မူတည်ပြီး ကိုးကားနိုင်စေရန် အတွက် ပုံ(၅၈)တွင် ဖော်ပြထားပါသည်။

အကောင်းဆုံးနည်းက စက်ရုံအတွက် စက်များ မတင်သွင်းမီ(သို့)မှားယွင်းနေသည်များကို မပြုပြင်မီ၊ မတိုးချဲ့မီ အချိန်တွင် ဝါစတုပညာရှင်၏ အကူအညီကို ယူခြင်းပင် ဖြစ်သည်။ ထို့ပြင် စာအုပ်တစ်နေရာတွင် ဖော်ပြထားသည့် ပစ္စည်းသွင်းခြင်း ဂရဖ်ကိုလည်း လေးလံကြီးမားသည့် စက်ပစ္စည်း ထည့်သွင်းသည့် အခါ လိုက်နာရမည့် အချက်အလက်များအတွက် ကိုးကားနိုင်ပါသည်။

မှတ်ချက်

A သည် အဝင်တံခါးမ တည်နေရာနှင့် B သည် အိမ်နောက်ဘက် ထွက်ပေါက်များအဖြစ် အရှေ့ဘက်မျက်နှာပြူထားသည့် မြေကွက်တွင် ဖောက်လုပ်ထားရှိသည်။ B သည် အဝင်တံခါးနှင့် A သည် အထွက်တံခါးအဖြစ် အနောက်ဘက်သို့ မျက်နှာပြူထားသည့်မြေတွက်တွင် ဖောက်လုပ်ထားသည်။

အလားတူပင် C သည် ဝင်ပေါက်တံခါးမ ဖြစ်ပြီး D မှာ ထွက်ပေါက်တံခါးတည်နေရာများအဖြစ် မြောက်ဘက်သို့ မျက်နှာပြူထားသည့် မြေကွက်တွင် တည်ရှိနေသည်။ D သည် ဝင်ပေါက်တံခါးမဖြစ်ပြီး C သည် ထွက်ပေါက်တံခါးအဖြစ် တောင်ဘက်မျက်နှာပြူထားသည့် မြေကွက်တွင် တည်ရှိနေသည်။

၁၀။ အကယ်၍ မိတ်ဆွေအနေဖြင့် စက်ကြီးထားရန် အတွက် မြေကွက်အတွင်း ကျင်းတူးရန်ရှိနေပါက ဝါစတုပညာရှင်၏ အကြံဉာဏ်ကိုရယူပြီး နေရာမှန်ကို ရွေးချယ်ပါ။ သို့မှသာ လုပ်ငန်းအဆင်ပြေ ချောမွေ့မှုဖြစ်ပေါ်နိုင်ပါလိမ့်မည်။

၁၁။ အကယ်၍ မိတ်ဆွေတွင် အထူးစိတ်ကူးစိတ်သန်းများရှိနေပြီး စက်များနှင့် လုပ်ငန်းတိုးချဲ့ရန် ရှိနေပါက စက်မှုလုပ်ငန်းလုပ်ကိုင်မည့် အလုပ်ရုံများကို မလွှဲမရှောင်ရှားမိ မိမိလုပ်ငန်းနှင့် အကိုက်ညီဆုံး ဖြစ်မည့် အလုပ်ရုံများကို ရရှိစေရန် ဝါစတုပညာရှင်များ၏ အကြံဉာဏ်ကို ရယူသင့်ပါသည်။

စက်ရုံများအတွက် အထားအသိုပုံစံကြမ်း (Lay-out for Industries)

A/B - ရေလှောင်ကန်တည်နေရာ
C - လျှော်ဖွပ်ကန်(ရေအေး)
D - ရေပူလျှော်ဖွပ်ကန်၊ ဘွိုင်လာ၊ ရေနွေးငွေ့ မီးစက်များ၊ ရေနွေးငွေ့သုံး တာဘိုင်စက်။

www.burmeseclassic.com

www.burmeseclassic.com



စက်ရုံများအတွက် အထားအသိုပုံစံကြမ်း

ပုံ (၅၉)

E - လျှပ်ပန်းမီးဖို (Arc furnaces)။ လျှပ်ညှို့ အပူပေးကိရိယာ(Induction Heat-er)။ ဆီသုံးမီးဖို (Oil fired furnaces)။ ဂေဟဆော်ကိရိယာ၊ အိမ်သာခန်းများ။

F-G - ကြီးမားလေးလံသည့် စက်များအတွက် မီး။

H-I - လေးလံသည့်ပစ္စည်းနှင့် ပေါ့ပါးသည့် ကိရိယာများ

I - ပြီးစီးထားပြီးသား ကုန်လှောင်ရုံ

G - အစိတ်အပိုင်းကို ပိုင်ရှင်အတွက်အခန်း၊ ကုန်ကြမ်းသိုလှောင်ခန်း၊ အလေးဆုံးပစ္စည်းများ ထားရန်အတွက် စဉ်းစားပါ။

I - အစိတ်အပိုင်းကို ကုန်ခြောအတွက်စတိုခန်း၊ ဝှန်ထမ်းများနှင့် စီမံခန့်ခွဲရေးဌာန အရာထမ်းများအတွက် စဉ်းစားပါ။

J မှ K ထိ အစိတ်အပိုင်းကို ပေါ့ပါးသည့်ကိရိယာများထားရှိပြီး၊ F မှ G ထိ အစိတ်အပိုင်းကို လေးလံသည့် ကိရိယာများ ထားရန်။ L မှ M ထိ အစိတ်အပိုင်းကို ပေါ့ပါးသည့်ကိရိယာများ ထားရှိပြီး၊ J မှ K အထိကို လေးလံသည့် ကိရိယာများ ထားရန်။ မြောက်ဘက်နှင့် အရှေ့ဘက်တွင် လူလျှောက်လမ်းအဖြစ် ထားရှိရန်။

စက်ရုံကြီးများ (Large Factories)

လုပ်ရိုးလုပ်စဉ်အရဆိုလျှင် ကြီးမားသည့်စက်ရုံကြီးများ တည်ဆောက်မည့်အခါ ပထမဦးစွာ နေရာအကွက်အကွင်းကို ရှာဖွေရသည်။ ထိုသို့ ရှာဖွေရာတွင် လုပ်သားများ ရနိုင်/မရနိုင်၊ လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများ အလွယ်တကူ ရနိုင်/မရနိုင်ဆိုသည်ကို ကြည့်ရှုမှက ရထားလမ်း၊ ကားလမ်း၊ သင်္ဘောလမ်း၊ လေကြောင်းလမ်းများ ဆက်သွယ်မှု စသည်ဖြင့် အစစအဆင်ပြေနေစေရန် လိုအပ်ပါသည်။

ထိုအချက်များ ပြည့်စုံသည့်အခါ စက်ရုံကြီးထူထောင်ဖို့ စိုင်းပြင်းကြပါတော့သည်။ ဝါစတုပညာရှင်နှင့် တိုင်ပင်ခြင်း၊ အကြံဉာဏ်ယူခြင်းမျိုးကို အရေးမကြီးလှဟု အထင်ရောက်နေတတ်ကြသည်။

စက်ရုံကြီးများနှင့် ပတ်သက်လာလျှင် အရင်းအနှီးကလည်း ကြီးမားလှပြီး ကုန်ကျရန် အကြောင်းရှိနေသည်။ ထိုငွေအရင်းပမာဏက မည်သည့်နေရာမှရသည်ဟူသည့်အချက်က အရေးမကြီးလှသော်လည်း ထိုမျှကြီးမားသည့် ငွေပမာဏဖြင့် လုပ်ကိုင်ထားသည့်အလုပ်က မျှော်လင့်ထားသည့် အကျိုးအမြတ် ရရှိနိုင်ဖို့ လိုအပ်ပေသည်။

အမှန်တကယ်အားဖြင့် ကြီးမားသည့်စက်ရုံကြီးများကို လုပ်ကိုင်နေကြသည်များရှိပါသည်။ လုပ်ငန်းကို ကောင်းမွန်စွာ စတင်လုပ်ဆောင်နိုင်ပြီး အချိန်ကာလတစ်ခုအထိ အဆင်ပြေ ကောင်းမွန်နေခဲ့သည်။ ထိုဖြစ်ရပ်များက စီမံခန့်ခွဲရေးသမားများကို လုပ်ငန်းတိုးချဲ့ရန်နှင့် အဆောက်အအုံများ တိုးချဲ့ရန် ရဲရင့်လာကြသည်။ ဝါစတုပညာရှင်များအပေါ် အလေးဂရုစိုက်စရာ မလိုဟုပင် ပြောလာတတ်ကြသည်။ အမှန်စင်စစ်ပြောရလျှင် ထိုအမှားကြောင့် တစ်ချိန်က အောင်မြင်တိုးတက်နေသည့် စက်မှုလုပ်ငန်းကြီးများသည် ရောဂါဝေဒနာ ခံစားလာရတော့၏။

ပြဿနာများက ပေါ်ပေါက်လာသည်။ ကိစ္စရပ်အတော်တော်များများသည် ပြုပြင်၍မဖြစ်နိုင်သည့် အခြေအနေတွင် ရောက်ရှိနေတော့သည်။ အကယ်၍သာ လုပ်ငန်းမတိုးချဲ့မီ ဝါစတုပညာရှင်များ၏ အကြံဉာဏ်ကိုယူပြီး ပြုလုပ်ခဲ့လျှင် အခြေအနေက တစ်မျိုးတစ်ဖုံ ဖြစ်သွားနိုင်သည်။

ဤအကြံပေးချက်က စက်မှုလုပ်ငန်းရှင် အားလုံးအတွက် ဖြစ်ပါသည်။ လက်ရှိ အောင်မြင်နေသည့်လုပ်ငန်းရှင်များ၊ စက်အသစ်တပ်ဆင်ရန် ရည်ရွယ်သူများ (သို့) အဆောက်အအုံ အသစ်တည်ဆောက်ရန် လိုအပ်နေသူများ အားလုံး ပါဝင်ပါသည်။

(ဆက်ရန်)

ဆရာဦးခန့်ကျော်

❑

www.burmeseclassic.com

www.burmeseclassic.com

ခုနစ်ရက်သားသမီးများအတွက်
၂၀၁၆.ခုနှစ်၊ စက်တင်ဘာလ

ဟောစာတမ်းနှင့်ယတြာ

ဦးညွန့်လှိုင်(ကြို့ပင်ကောက်)

တနင်္လာသားသမီးများ

တနင်္ဂလာသားသမီးများ

(က) **စီးပွား/လူမှု** - မူလဌာန၏ ကောင်းအားကို ပဝတ္တိဌာန၏ ဆိုးအားက အနည်းငယ် ပူးယှဉ်ထားသဖြင့် ယခင်လထက် သက်သာရာရလျက် အကြံအစည် ပွင့်လင်းမည်။ နာမည်ဖျက်မည့်သူ ပေါ်တတ်သလို စီးပွားရေး၊ လူမှုရေး၊ ပညာရေးတို့တွင် အတိုက်အခံ ပေါ်မည်။ သို့သော် ပတ်ဝန်းကျင်ဆွေမျိုးများ၏ အရှိန်ကြောင့် သက်သာရာရမည်။ အိမ်တွင်းလုပ်ငန်းတစ်ခုခု လုပ်ကိုင်ခွင့်ရှိမည်။ ငွေကြေး မမြဲသေးပါ။ ကြာသပတေး၊ စနေတို့၏ အနှောင့်အယှက် ရှိမည်။ ဝန်ထမ်းများ အတိုင်ခံရတတ်၏။

ယတြာ - လင်ပန်းဖြင့် ဆွမ်း၊ သောက်တော်ရေ ချမ်း ဘုရားတွင်ကပ်လှူပြီး လိုရာဆွတောင်းပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သင့်တင့်၏။

(ဂ) **ကျန်းမာရေး** - ကျောက်ကပ်၊ ဆီးတွင် ဥပဒ်ရှိ၏။

ယတြာ - နွဲဆွမ်း ကပ်လှူပါ။

(ဃ) **အတွေ့ပြုလုပ်ငန်း** - သောကြာနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဝဏ်နှုန်း** - (၆)ဂဏန်းနှင့် သောကြာနေ့ကောင်းပြီး (၅၊ ၇)ဂဏန်းနှင့် ကြာသပတေး၊ စနေနေ့ ညံ့၏။

မှတ်ချက်။ မေတ္တာပွားပါ။

(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိ ဌာနနှစ်ပါးတွင် ကောင်းအား၊ ဆိုးအား မျှနေရာ ဇာတာရှင်အဖို့ ယခင်လ နည်းတူ ရုန်းကန်လှုပ်ရှားနေရဆဲ ဖြစ်မည်။ မှားလုပ်အကိုင်သစ် ပေါ်မည်။ အဆွမျိုးအကြီးအကဲများ၏ ကူညီမစမှု ရမည်။ ပြည်ပရပ်ခြား ခရီးစဉ်တစ်ခု အမှတ်မထင် ပေါ်မည်။ ကြာသပတေးနံ သားသမီးတို့၏ အတိုက်အခံရှိမည်။ ကားလမ်းကူး၊ ကားမောင်းဂရုပြုပါ။ ဝန်ထမ်းများ ဌာနအပြောင်းအရွှေ့ ရှိမည်။

ယတြာ - မုန့်များ ဝေငှပေးပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သင့်တင့်၏။

(ဂ) **ကျန်းမာရေး** - ကျောကုန်း၊ ကျောက်ကပ်တွင် ဥပဒ်ရှိ။

ယတြာ - တနင်္ဂနွေသင်္ကန်းလှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - တနင်္ဂနွေနံသင့် လုပ်ငန်းများ။

(င) **အကျိုးပေးဝဏ်နှုန်း** - (၁) ဂဏန်းနှင့် တနင်္ဂနွေနေ့ကောင်းပြီး (၂၊ ၅)ဂဏန်းနှင့် တနင်္လာ၊ ကြာသပတေး၊ စနေနေ့ ညံ့၏။

မှတ်ချက်။ လောကဓံကို ကြံ့ကြံ့ခံပါ။

www.burmeseclassic.com

www.burmeseclassic.com

အင်္ဂါသားသမီးများ

(က) **စီးပွား/လူမှု** - မူလဌာန ကောင်းအားဆို ပဝတ္တိဌာန ဆိုးအားပူးယှဉ်နေသဖြင့် ယခုလအဖို့ လုပ်ငန်းအကြံအစည်များတွင် အစစအရာရာ ဂရုတစိုက် သုံးသပ်ဆုံးဖြတ်ရန် လိုအပ်၏။ အတွေးအခေါ်များ မှားယွင်းတတ်၏။ ရပ်ဝေးမှ အကူအညီရမည်။ ခရီးသွားလာခြင်းဖြင့် အကြံကောင်း ရနိုင်သည်။ ဗုဒ္ဓဟူးနံ့ သက်ရှိသက်မဲ့အတွက် ပူပန်မှုရှိမည်။ ခရီးသွားလာရေး လုပ်ငန်း အကျိုးပြုမည်။ ဝန်ထမ်းများ နယ်လှည့်ခရီးစဉ် များမည်။

ယတြာ - ဆွမ်းဆန်စိမ်း လောင်းလှူပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သင့်တင့်၏။

(ဂ) **ကျန်းမာရေး** - ဆီးတွင် ဥပဒ်ရှိ၏။ ဆေး၊ အဲစာ အဆိပ်သင့်တတ်၏။

ယတြာ - အုန်းညွှန့် (၆)ညွှန့် မွေးနေ့တွင် ဘုရားကပ်လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - သောကြာနံသင့် လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၆) ဂဏန်းနှင့် သောကြာနေ့ ကောင်းပြီး (၇) ဂဏန်းနှင့် စနေနေ့ ညှဉ်း၏။

မှတ်ချက်။ လောက၏ သဘာဝကို နားလည်ပါစေ။

ဗုဒ္ဓဟူးသားသမီးများ

(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ယခင်လနည်းတူ ကောင်းအားများရှိနေရာ ဘုန်းတန်ခိုးကြီးမည်။ မင်းစိုးရာဇာ အကြီးအကဲများ၏ အကူအညီရမည်။ မိမိကိုယ်တိုင်လည်း အများ၏ ခေါင်းဆောင်အဖြစ် နေရာပေးခံရတတ်၏။

လုပ်ငန်းဆောင်တာများ၊ အကြံအစည်များ ပွင့်လင်းမည်။ သောကြာနံ့အတွက် သောကရှိ၏။ မကောင်းသတင်း အလွှင့်ခံရတတ်၏။ ငွေကြေးများ ပြန့်နေတတ်၏။ ဆုံးရှုံးမှု မရှိပါ။ ဝန်ထမ်းများ နာမည်ကောင်းရတတ်၏။

ယတြာ - ရေချမ်းစင် (သို့) ရေသန့် လှူဒါန်းပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သင့်တင့်၏။

(ဂ) **ကျန်းမာရေး** - ခန္ဓာကိုယ်တွင် အနာပေါက်တတ်၏။

ယတြာ - စနေနံ့ပစ္စည်း လှူဒါန်းပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - စနေနံ့သင့် လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၇) ဂဏန်းနှင့် စနေနေ့ ကောင်းပြီး (၂) ဂဏန်းနှင့် တနင်္လာနေ့ ညှဉ်း၏။

မှတ်ချက်။ နာယကဝုဏ် ခြောက်ပါးကို ဆင်ခြင်ပါ။

ကြာသပတေးသားသမီးများ

(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိဌာန နှစ်ပါးတွင် ကောင်းအားများ ရှိနေရာ ယခင်စထက် အလုပ်အကိုင် အကြံအစည်ကောင်းမည်။ သို့တစ်ပါးကို အကူအညီ အများဆုံး ပေးရမည်။ အမှုအခင်းများတွင် အာမခံမှု မပြုရ။ အိမ်ထောင်ပျက်များ ဒုက္ခပေးတတ်၏။ ရပ်ဝေးတွင် ရင်းနှီးမြှုပ်နှံမှု တစ်စုံတစ်ရာ ပြုရတတ်၏။ သူခိုး သူဝှက် အိမ်သို့လာရောက် တည်းခိုတတ်၏။ ပြည်ပရေးရာကိစ္စများ၊ ပညာရေးဆိုင်ရာ ကိစ္စရပ်များ ကြန့်ကြာမည်။ ဝန်ထမ်းများ ငွေကြေးပြဿနာ အထူးဂရုပြုပါ။

ယတြာ - တနင်္ဂနွေထောင့်တွင် ပန်းမျိုးစုံ ကပ်လှူပါ။ သို့မဟုတ် တနင်္ဂနွေနေ့တိုင်း ပန်းအိုး လဲလှူပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သင့်တင့်၏။

(ဂ) **ကျန်းမာရေး** - ခြေထောက်တွင် ခွဲစိတ်ကိန်းရှိ၏။

ယတြာ - ဘုရားတွင် ဖိတောက်ညွှန့် (သို့မဟုတ်) မုန့်ဖတ်ထုပ် ကပ်လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - တနင်္ဂနွေသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၁)ဂဏန်းနှင့် တနင်္ဂနွေနေ့ ကောင်းပြီး (၆) ဂဏန်းနှင့် သောကြာနေ့ ညှဉ်း၏။

မှတ်ချက်။ လူတိုင်းကို မယုံကြည်သင့်ပါ။

www.burmeseclassic.com

www.burmeseclassic.com

(က) **စီးပွား/လူမှု** - မူလဌာန၏ ဆိုးအားကို ပဝတ္တိဌာန၏ ကောင်းအားက ကောင်းစွာခြေဖျက်နိုင်သဖြင့် ဇာတာရှင်အဖို့ ယခင်လထက် စိတ်သက်သာရာရမည်။ အကြံအစည်ကောင်းများ ပေါ်မည်။ မွေးနံ့ကို လာဘ်ဗြိဟ်, ပူးယှဉ်သဖြင့် လျှပ်တစ်ပြက် အခွင့်ကောင်းရတတ်၏။ ဆွေမျိုး မိတ်သင်္ဂဟများနှင့် တွဲစပ်လျက် လုပ်ငန်းသစ်များ လုပ်ကိုင်ရတတ်သည်။ ပြည်ပရပ်ခြားကိစ္စရပ်များ အမှတ်မထင် အဆင်ပြေမည်။ ဝန်ထမ်းများ ရာထူးတိုး နယ်ပြောင်းရွှေ့ရတတ်သည်။

ယတြာ - လာဘ်ဦး လာဘ်ဖျားကို သာသနာ့ဝန်ထမ်းများအား လှူဒါန်းပါ။

(ခ) **အိမ်ထောင်ရေး / လူငယ်အရေး** - သင့်တင့်၏။

(ဂ) **ကျန်းမာရေး** - သင့်တင့်၏။ မျက်လုံးတွင် ဥပဒ်ရှိ၏။

ယတြာ - စံပယ်ပန်း ဘုရားကပ်လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - သောကြာနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၆) ဂဏန်းနှင့် သောကြာနေ့ကောင်းပြီး (၄) ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့ ညှိ၏။

မှတ်ချက်။ မိဘကို လုပ်ကျွေးပါ။

(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိ ဌာနနှစ်ပါးစလုံးတွင် ဥပဒ်များ ကပ်ငြိနေသော်လည်း ပဝတ္တိဌာန၏ ဆိုးအားသည် အနည်းငယ်လျော့သဖြင့် ယခင်လထက် အနည်းငယ် သက်သာရာရမည်။ လုပ်ငန်းအကြံအစည်များ ပုံမှန်ရှိ၏။ ငွေများ ပြန်လည်စုစည်းမရဘဲ ကြန့်ကြာနေရာ အချို့ကိစ္စများတွင် တရားရုံး၌ အမှုဖွင့်လှစ်ရမည့်ကိစ္စများ ကြုံရတတ်သည်။ စာချုပ်စာတမ်းချုပ်ဆိုခြင်းနှင့် အသိသက်သေ လက်မှတ်ထိုးမှုတွင် ဆင်ခြင်ပါ။ ကြားသပတေးနံ သက်ရှိ၊ သက်မဲ့များအတွက် သောကရှိ၏။ ဝန်ထမ်းများ ပြဿနာဟောင်းကြောင့် စိတ်ဆင်းရဲရတတ်၏။

ယတြာ - စနေနံ သာသနာ့ဝန်ထမ်းများအား အာဟာရဖြင့် ပူဇော်ပါ။

(ခ) **အိမ်ထောင်ရေး / လူငယ်အရေး** - သင့်စား၏။

(ဂ) **ကျန်းမာရေး** - အူသိမ်၊ အူမ၊ အသည်း၊ အဆုတ်တွင် ဥပဒ်ရှိ၏။

ယတြာ - အုန်းသီးပါသော အာဟာရကို သက်ကြီးရွယ်အို များအား လှူဒါန်းပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - တနင်္ဂနွေနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၁) ဂဏန်းနှင့် တနင်္ဂနွေနေ့တို့ အကျိုးပြု၍ (၅) ဂဏန်းနှင့် ကြာသပတေးနေ့တို့ ညှိ၏။

မှတ်ချက်။ စိတ်ကို တည်ငြိမ်အောင် ထားပါ။

မေတ္တာပန်းနှင့်ရွှင်လန်းချမ်းမြေ့ကြပါစေ။

ဦးညွှန့်လှိုင် (ကြို့ပင်ကောက်)

တိုက်-အမှတ် (၄၁)၊ (၅)လွှာ ဘီ၊ ဝ၆၇ လမ်း၊

တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၄၀၀၉၃၃

နေ့စဉ် - နံနက် (၉း၀၀)နာရီမှ မွန်းလွဲ(၃း၀၀)နာရီအထိ

[တယ်လီဖုန်းဖြင့် မေးမြန်းခြင်း သည်းခံပါ။

ဟောစာတမ်းများအတွက် VPP ဖြင့် ငွေကြိုတင်ပို့ပေးမှသာ လက်ခံဆောင်ရွက်ပါသည်။]

စီးပွားရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး၊ နာမည်ပေး၊ ကုမ္ပဏီနာမည်ပေး၊ အထူးအရေးကြီးကိစ္စရပ်များအတွက်

ထိထိမိမိ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၆ ခုနှစ်၊ ရာသီခွင်နှင့် စက်တင်ဘာလ ဟောကိန်းများ

ဆရာဦးခန့်ကျော် (အခါဘောန်ကျမ်းပြုဗဟုဿုတရှင်)

CAPRICORN
မကာရရာသီ

(ဒီဇင်ဘာ - ၂၁ ရက် မှ ဇန်နဝါရီ - ၁၉ ရက် အတွင်းမွေး)
(မြန်မာလို ပြာသိုလမွေး)

ယခုကာလအတွင်း စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ လုပ်ငန်းခွင်အတွင်း အဆင်မပြေမှုများ၊ ရန်ပြဿနာများ တစ်ခုခုဖြစ်တတ်မည်။ ထို့အပြင် ပတ်ဝန်းကျင်တွင်သော်လည်းကောင်း၊ မိမိ၏အလုပ်ခန်း၊ ရုံးခန်း၊ အိမ်ခန်းထဲတွင်သော်လည်းကောင်း မီးအန္တရာယ်နှင့် ကြုံရတတ်မှုများ ရှိနေခြင်းကြောင့် အထူးသတိထားသင့်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက တစ်စုံတစ်ဦး၏ ပယောဂကြောင့် လင်မယားချင်း စကားများရန်ဖြစ်ရတတ်ခြင်းများ ရှိမည်။ ဝန်ထမ်းဖြစ်ပါက ရာထူးတိုးခြင်း၊ လစာတိုးခြင်း တစ်ခုခုရှိမည်။ ငယ်ရွယ် အချစ်ရှိပြီးသူများ မိမိချစ်သူနှင့် စေ့စပ်ကြောင်းလမ်းရခြင်း၊ လက်ထပ်မင်္ဂလာပြုရတတ်ခြင်းများ ရှိမည်။ အချစ်မရှိသေးသူများလည်း ချစ်သူရည်စား ရတတ်မည်။ မမျှော်လင့်ဘဲ ပြည်ပသွားရန် အခွင့်အလမ်းများ ပေါ်ပေါက်လာတတ်မည်။ ပညာသင်ကျောင်းသားဖြစ်ပါက ပညာရေးကဲ့ အထူးကောင်းနေမည်။ မိမိဆန္ဒရှိသည်များ ဖြစ်ရတတ်မည်။ လူမျိုးကွဲ၊ ဘာသာကွဲသူများထံမှ အကူအညီကောင်းများ ရရှိတတ်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ဆေးရုံဆေးခန်းသို့ အကြိမ်ကြိမ်သွားရတတ်ခြင်းများ ရှိမည်။ မကာရရာသီဖွားများအနေဖြင့် ယခုကာလအတွင်း ထိထိုးခြင်း၊ ကံစမ်းခြင်းများ ပြုမည်ဆိုပါက (၅၊ ၀၊ ၃၊ ၉) ဂဏန်းများဖြင့် ထိထိုး၊ ကံစမ်းနိုင်သည်။

AQUARIUS
ကုံရာသီ

(ဇန်နဝါရီ - ၂၀ မှ ဖေဖော်ဝါရီ - ၁၈ ရက် အတွင်းမွေး)
(မြန်မာလို တပို့တွဲလမွေး)

ဤကာလအတွင်း အစုစု အဆင်ပြေမှုများ စတင်ရရှိလာမည်။ မိမိအား စိတ်ဒုက္ခ၊ လူဒုက္ခဖြစ်ရန် ကြိုးစားနေသူများလည်း ပျောက်ကွယ်သွားမည်။ အရာရာကို စိတ်အေးအေးထားပြီး လုပ်ကိုင်နိုင်ရန် အရေးကြီးသည်။ မိမိ၏စိတ်မြန်မှု၊ သည်းခံစိတ်နည်းမှုကြောင့်သာ အမှားအယွင်းများ ဖြစ်ရတတ်သည်ကို သတိထားပါ။ ယခုလအတွင်းရှိ အင်္ဂလိပ်လို ရက်များမှ (၁၊ ၇၊ ၉၊ ၁၃၊ ၁၆၊ ၁၉၊ ၂၂၊ ၂၅၊ ၂၈၊ ၃၀)ရက်များသည် သင့်အတွက် ကံအထူးကောင်းစေသောရက်များဖြစ်၍ ထိုရက်များနှင့်တိုက်ဆိုင်ပြီး အရေးကြီးသောလုပ်ငန်းကိစ္စများကို ဆောင်ရွက်သင့်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိမိအိမ်ထောင်ဖက်အပေါ် ဂရုစိုက်သင့်သည်။ လိင်မတူသူ အနှောင့်အယှက်များရှိတတ်သည်။ သင့်အိမ်တွင် စနေသားသမီးရှိပါက စိုးရိမ်ပူပန်ရမှုများ ရှိတတ်သည်။ စနေသားသမီးနှင့်ပတ်သက်၍ ခရီးများထွက်ရတတ်ခြင်း၊ ငွေကုန်ကြေးကျ များရတတ်ခြင်းများရှိမည်။ ငယ်ရွယ်သူများ အချစ်ရေးကိစ္စ စိတ်မကူးသင့်သေးပါ။ လူလိမ် လူညာနှင့် တွေ့ရတတ်မည်။ ကျန်းမာရေးမှာ မသွားနိုင် မလာနိုင်၊ အိုမိုယလက်လေးလံခြင်းများ ခံစားရတတ်သည်။ ကုမ်ပဏီဖွဲ့စည်းများ ထိထိုးမည်ဆိုပါက (၉၊ ၅၊ ၄၊ ၀) ဂဏန်းများဖြင့် ထိကံစမ်းနိုင်ပါသည်။

PISCES
မိန်ရာသီ

(ဖေဖော်ဝါရီ - ၁၉ မှ မတ် - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တပေါင်းလမွေး)

မိန်ရာသီဖွားများအနေဖြင့် ဖက်စပ်လုပ်ငန်း၊ ရှယ်ယာလုပ်ငန်းများဖြင့် အကျိုးပေးတတ်မည်။ လက်ရှိ စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်မည်ဆိုပါက ယခုကာလအတွင်း အကောင်အထည်ဖော်ပါက ကောင်းပါသည်။ အင်္ဂလိပ်လို ရက်များမှ (၁၊ ၅၊ ၇၊ ၁၀၊ ၁၂၊ ၁၅၊ ၁၈၊ ၂၀၊ ၂၃၊ ၂၆၊ ၂၉) ရက်များသည် သင့်အတွက် ကံကုသိုလ်ကောင်းစေသောရက်များဖြစ်၍ ထိုရက်များနှင့် တိုက်ဆိုင်ပြီး အရေးကြီးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ပါ။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ဖက်၏ အိမ်ထောင်ရေးဖောက်ပြန်မှုကြောင့် မကြာခဏ စကားများခြင်း၊ ရန်ဖြစ်ရခြင်းများရှိမည်။ ဝန်ထမ်းဖြစ်ပါက လက်ရှိရင်ဆိုင်နေရသော အခက်အခဲများကို ကူညီဖြေရှင်းပေးမည့်သူ ပေါ်ပေါက်တတ်မည်။ ကိစ္စများ

www.burmeseclassic.com

www.burmeseclassic.com

အားလုံးပြေလည်သွားနိုင်မည်။ ငယ်ရွယ်သူများ အချစ်ရေးကိစ္စများ အဆင်ပြေတတ်မည်။ ချစ်သူနှင့်အတူ အိပ္ပေါ်ခရီးထွက်ရတတ်ခြင်းရှိမည်။ ပညာရေးလိုက်စားသူများ အပြိုင်အဆိုင် အခက်အခဲများကြားမှ အောင်မြင်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ သွေးပေါင်ကျခြင်း ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ ထီထိုးမည်ဆိုပါက (၁၊ ၃၊ ၉၊ ၀)ဂဏန်းများပါသော ထီကို ထိုးပါ။

ARIES
မိဿရာသီ

(မတ် - ၂၁ မှ ဧပြီ - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို ကန်ဂူးလမွေး)

ယခုကာလအတွင်း မိမိရရှိနိုင်သည့် အခွင့်အရေးများ လက်လွတ်ဆုံးရှုံးရခြင်းများ ရှိတတ်မည်။ သင်၏လုပ်ငန်းဌာနအတွင်း လုပ်ငန်းအပြောင်းအလဲ (သို့)အလုပ်သမားအပြောင်းအလဲများ ဖြစ်တတ်မည်။ အရေးကြီးလုပ်ငန်းတိုစွမ်းဆောင်ရွက်မည်ဆိုပါက အဝါရေ၊ ပန်းရောင်၊ အစိမ်းနုရောင် အဝတ်အစားများ ဝတ်ဆင်ဆောင်ရွက်ခြင်းဖြင့် အဆင်ပြေ အောင်မြင်မှုများ ပိုမိုရရှိနိုင်လိမ့်မည်။ အိမ်ထောင်ရှင်များ ပြည်တွင်း(သို့) ပြည်ပခရီးများ သွားရတတ်မည်ဖြစ်၍ မိမိအိမ်ထောင်ဖက်နှင့် ခေတ္တခွဲခွာနေရတတ်ခြင်းများ ရှိမည်။ ငယ်ရွယ်သူ အချစ်ရှိပြီးသူများ မမျှော်လင့်ဘဲ အိမ်ထောင်ကျတတ်ခြင်း ရှိမည်။ ပညာရေးက် အနည်းငယ် ညံ့နေတတ်မည်ဖြစ်၍ ယခင်ထက်ပိုပြီး ဝီရိယထား ကြိုးစားပေးသင့်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ မျက်စိနှင့် အာရုံကြောဆိုင်ရာဝေဒနာများ ပြင်းပြင်းထန်ထန်ခံစားရတတ်ခြင်း၊ဝမ်းချုပ်ခြင်း၊ ဝိုက်အောင့်ခြင်း၊ ဦးခေါင်းပိုင်းတွင် မတော်တဆ ထိခိုက်အနာတရဖြစ်တတ်ခြင်းများ သတိထားသင့်သည်။ မိဿရာသီဖွားများ ထီထိုးခြင်း၊ ကဲစမ်းခြင်းများ ပြုမည်ဆိုပါက(၄၊ ၉၊ ၂ ၇) ဂဏန်းများ ပါသောထီကို ထိုးပါ။

TAURUS
ဗြိဿရာသီ

(ဧပြီ - ၂၁ မှ မေ - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို ကဆုန်လမွေး)

ဗြိဿရာသီဖွားများ စီးပွားရေးလုပ်ငန်းတွင် ပြိုင်ဘက်များကြောင့် ဝင်ငွေအနည်းငယ် လျော့သွားနိုင်သည်။ ဇွဲရှိရှိနှင့် ဆက်၍လုပ်ကိုင်သင့်သည်။ အကူအညီပေးမည့်သူများလည်း ပေါ်ပေါက်တတ်မည်။ အလုပ်အကိုင် ရှာဖွေနေသူများ ဖြစ်ပါက အဆက်အသွယ်ကောင်းများ ရရှိမည်။ ဝန်ထမ်းဖြစ်ပါက မိမိအပြောကြောင့် တစ်ပါးသူ၏ အပြိုးအတေးပြုခြင်းတို့ ခံရတတ်သည်။ အထူးသဖြင့် လက်အောက်ငယ်သားများ၏ ရန်အတိုက်အခံပြုခြင်းများ သတိထားပါ။ တစ်လအတွင်းရှိ အင်္ဂလိပ်လိုရက်များမှ (၁၊ ၂၊ ၄၊ ၅၊ ၇၊ ၁၀၊ ၁၁၊ ၁၃၊ ၁၄၊ ၁၆၊ ၁၉၊ ၂၀၊ ၂၂) ရက်များသည် သင့်အတွက် ကံအထူးကောင်းစေသော ရက်များဖြစ်၍ ထိုရက်များတွင် လုပ်ငန်းကိစ္စ စတင်ဆောင်ရွက်ခြင်း၊ ခရီးထွက်ခြင်း၊ ပြောင်းရွှေ့ခြင်းများကို ပြုပါ။ အိမ်ထောင်ရှင်များ အိမ်တွင်းရေး အေးချမ်းမှုရှိမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ စိတ်ညစ်ရခြင်း၊ ငွေကုန်ကြေးကျများရတတ်ခြင်းများရှိမည်။ စိတ်နှင့်ပတ်သက်သော ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်မည်ဖြစ်၍ ပျော်ပျော်ရွှင်နေပေးခြင်းဖြင့် ကျန်းမာရေးကို အထောက်အကူ ပြုစေပါလိမ့်မည်။ ထီထိုးမည်ဆိုပါက (၂ ၀၊ ၇၊ ၃)ဂဏန်းများဖြင့် ထိုးပါ။

GEMINI
မေထုန်ရာသီ

(မေ - ၂၁ မှ ဇွန် - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို နယုန်လမွေး)

ဤကာလအတွင်း မေထုန်ရာသီဖွားများ နေအိမ်၊ တိုက်တာ၊ ခြံ၊ ကားအရောင်းအဝယ်ကိစ္စများမှ အမြတ်အစွန်းများရရှိတတ်မည်။ ရွှေနှင့် ရတနာပစ္စည်း ရောင်းဝယ်သူများ ဝင်ငွေကောင်းခြင်းနှင့်အတူ ပြဿနာများလည်း ကပ်ပါလာတတ်မည်။ ပြည်ပနှင့်ဆက်ဆံလုပ်ကိုင်ရသော လုပ်ငန်းရှင်များ အခက်အခဲများ၊ ကြန့်ကြာမှုများ ရှိလိမ့်မည်။ ရည်ရွယ်ထားသော လုပ်ငန်းတိုးချဲ့မှုများကို ခေတ္တရပ်ဆိုင်းထားသင့်သည်။ ဝန်ထမ်းဖြစ်ပါက လက်ရှိလုပ်ငန်းမှ အခြားလုပ်ငန်းလုပ်လိုသောဆန္ဒများ ပြင်းပြနေတတ်မည်။ တစ်လအတွင်းရှိ အင်္ဂလိပ်လိုရက်များမှ (၂ ၅၊ ၉၊ ၁၃၊ ၁၇၊ ၂၁၊ ၂၆၊ ၃၀)ရက်များသည် သင့်အတွက် ကံအထူးကောင်းစေသောရက်များဖြစ်၍ ထိုရက်များနှင့်တိုက်ဆိုင်ပြီး လုပ်ငန်းကိစ္စတို့ လုပ်ကိုင်သင့်သည်။ ပညာရေးတွင် မနာလိုသူ၏ အနှောင့်အယှက်ပြုခြင်းကို ခံရတတ်သည်။ ငယ်ရွယ်သူများ အချစ်ရေး စန်းပွင့်နေလိမ့်မည်။ အသွားအလာ သတိထား ဆင်ခြင်သင့်သည်။ ကျန်းမာရေးတွင် ကျောက်ကပ်ရောင်ခြင်း၊ အဆုတ်အအေးပတ်ခြင်း၊ အဆုတ်ရောင်ခြင်းဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ ထီထိုးမည်ဆိုပါက (၆၊ ၀၊ ၁၊ ၅)ဂဏန်းများဖြင့် ထိုးပါသော ထီကိုထိုးပါ။

www.burmeseclassic.com

www.burmeseclassic.com

CANCER
ကရကဋ်ရာသီ

(ဇွန် - ၂၁ မှ ဇူလိုင် - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို ဝါဆိုလမွေး)

ဤကာလအတွင်း လက်ရှိလုပ်ကိုင်နေသော ယာယီလုပ်ငန်းများ ရေရှည်အကျိုးပေးသွားနိုင်မည်။ အဓိက စီးပွားရေးလုပ်ငန်းကို မိမိမွေးရပ်မှကျော်လွှန်သော အရပ်ဒေသများတွင် အခြေချလုပ်ကိုင်ခြင်းဖြင့် အောင်မြင်မှုများ ပိုမိုရရှိနိုင်မည်။ ယခုကာလအတွင်း မမျှော်လင့်ဘဲ ရုပ်ဝေးနေဆွေမျိုးများ သင့်အိမ်သို့ ရောက်လာတတ်မည်။ မရည်ရွယ်ဘဲ အလှူအတန်းကိစ္စများ ပြုလုပ်ရတတ်မည်။ ဘုရားဖူးခရီးများထွက်ရတတ်မည်။ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်အား ဖူးတွေ့ရတတ်ခြင်းများ ရှိလိမ့်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက သားကောင်းရတနာများ ထွန်းကားတတ်ခြင်း၊ မိသားစုဝင်ဦးရေ တိုးလာခြင်းများ ရှိတတ်မည်။ ငယ်ရွယ်သူ အချစ်ရှိုးသူများ ချစ်သူနှစ်ဦးကြား ကြားလူ ခလောက်ဆန့်မှုများကြောင့် စိတ်ညစ်ရခြင်းများ ရှိမည်။ ပညာရေးလိုက်စားသူများ ပညာရေးကံကောင်းလိမ့်မည်။ မိမိဝါသနာပါရာ စာပေပညာကိုလည်း အမွေအနှစ်များ အဖြစ်ရရှိတတ်လိမ့်မည်။ ဝန်ထမ်းဖြစ်ပါက ကြီးမားသော တာဝန်များကို ထမ်းဆောင်ရခြင်း၊ အကြီးအကဲများ၏ ဂုဏ်ပြုခံးမြှင့်ခြင်းကို ခံရလိမ့်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ မျက်စိနာခြင်း၊ အအေးမိခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်းဝေဒနာများ ဖြစ်ပေါ် ခံစားရတတ်မည်။ ကရကဋ်ရာသီဖွားများအနေဖြင့် ထိထိုးခြင်း၊ ကံစမ်းခြင်းများ ပြုမည်ဆိုပါက (၇၊ ၉၊ ၀၊ ၆) ဂဏန်းများပါသောထီကို ထိုးပါ။

LEO
သိဟ်ရာသီ

(ဇူလိုင် - ၂၁ မှ သြဂုတ် - ၂၁ ရက်အတွင်းမွေး)
(မြန်မာလို ဝါဒေါင်လမွေး)

ဤကာလသည် သိဟ်ရာသီဖွားများအနေဖြင့် အိုး, အိမ် ပြောင်းရွှေ့ရတတ်ခြင်း၊ အလုပ်ခန်း၊ ဆိုင်ခန်း ပြောင်းရွှေ့ရခြင်းများ ရှိတတ်သည်။ ဝန်ထမ်းဖြစ်ပါက ဌာနဆိုင်ရာမှ စေလွှတ်သော ခရီးများသွားရတတ်ခြင်း၊ မတက်မဖြစ်သော သင်တန်းများ တက်ရောက်ရခြင်းများရှိမည်။ ယခုကာလအတွင်း သိသိနှင့် အလိမ်ခံရတတ်ခြင်းများ ရှိမည်ဖြစ်၍ လူတိုင်းအပေါ် ယုံကြည်တတ်မှုကို လျှော့သင့်သည်။ ရန်အတိုက်အခံများ ကင်းဝေးစေရန်၊ အံစစအဆင်ပြေ အောင်မြင်မှုများ ရရှိနိုင်ရန်အတွက် သန္တာကျောက်ကလေးကို မိမိနှင့်အတူ ဆောင်ထားခြင်း၊ ဝတ်ဆင်ထားခြင်းများ ပြုပေးသင့်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက သားသမီးတစ်ဦးအတွက် စိုးရိမ်ပူပန်ရခြင်း၊ ငွေကုန်ကြေးကျများရတတ်ခြင်းများ ရှိမည်။ ငယ်ရွယ်သူများ အချစ်ရေးကံ မကောင်းသေးပါ။ အချစ်အတွက် ကြိုးစားကြဲစည်မှုမှ ပြဿနာဖြစ်ရတတ်ခြင်း၊ သွေးထွက်သံယိုဖြစ်ရတတ်ခြင်းများအတွက် အထူးသတိထားပါ။ ပညာရေးလိုက်စားသူဖြစ်ပါက ပညာရေးအတွက် အခက်အခဲများရှိမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ဝမ်းကိုက်ခြင်း၊ မကြာခဏ သွေးတိုးခြင်း၊ မူးလဲတတ်ခြင်းဝေဒနာများ ဖြစ်ပေါ် ခံစားရတတ်မည်။ သိဟ်ရာသီဖွားများ ထိထိုးမည်ဆိုပါက (၀၊ ၆၊ ၅၊ ၈)ဂဏန်းများဖြင့် ထိထိုးကံစမ်းနိုင်သည်။

VIRGO
ကန်ရာသီ

(သြဂုတ် - ၂၂ မှ စက်တင်ဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို တော်သလင်းလမွေး)

ဤကာလအတွင်း တစ်လအတွင်းရှိ အပတ်လိုက်ရက်များမှ(၃၊ ၅၊ ၉၊ ၁၂၊ ၁၉၊ ၂၂၊ ၂၅၊ ၂၉၊ ၃၀)ရက်များသည် သင့်အတွက် ကံအထူးကောင်းစေသော ရက်များဖြစ်၍ ထိုရက်များတွင် အရေးကြီးသောကိစ္စများကို စတင်အကောင်အထည်ဖော် လုပ်ကိုင်ခြင်း၊ ခရီးထွက်ခြင်း၊ ရွှေ့ခြင်း၊ ပြောင်းခြင်းများ ပြုသင့်သည်။ ယခုကာလအတွင်း ပြည်ပရောက်ဆွေမျိုးများ ပြန်လည်ရောက်လာတတ်မှုများလည်း ရှိမည်။ စုတ်,လာဘ်ဝင်ကိန်းများ ရှိနေသဖြင့် အဖိုးတန်ပစ္စည်း လက်ဆောင်ရခြင်း၊ အမွေအနှစ်များရရှိတတ်ခြင်း၊ မမျှော်လင့်သော ငွေကြေးများ ပြန်လည်ရရှိတတ်ခြင်းများ ရှိနေမည်။ စာပေဆိုင်ရာလုပ်ငန်း လုပ်ကိုင်သူများ မိမိအတွက် အကျိုးရှိမည့် အခွင့်အလမ်းကောင်းများ ရရှိတတ်ခြင်း၊ မိတ်ကောင်း ဆွေကောင်း တိုးပွားတတ်ခြင်းများ ရှိမည်။ ကန်ရာသီဖွားများ လုပ်ငန်းကိစ္စအဝဝ အဆင်ပြေအောင်မြင်မှုများ ရရှိနိုင်ရန် အတွက် ယခုကာလအတွင်း ပုလဲကို ဝတ်ဆင်ခြင်း (သို့) ဆောင်ထားခြင်း ပြုသင့်သည်။ ပညာရေးနှင့်ပတ်သက်၍ ပညာရေးကံ ကောင်းနေမည်။ ကျန်းမာရေးနှင့် ပတ်သက်၍ ခန္ဓာကိုယ်အောက်ပိုင်း ဖောရောင်ခြင်း၊ အသွားမျှားယားယံခြင်း၊ သွေးသားမမှန်ခြင်း စသည့်ဝေဒနာများ ဖြစ်ပေါ် ခံစားရတတ်သည်။ သင်ထိထိုးမည်ဆိုပါက (၃၊ ၀၊ ၉၊ ၅) ဂဏန်းများဖြင့် ထိုးပါ။

www.burmeseclassic.com

www.burmeseclassic.com

LIBRA
တူရာသီ

(စက်တင်ဘာ - ၂၃ မှ အောက်တိုဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို သီတင်းကျွတ်လမွေး)

ဤကာလအတွင်း တူရာသီဖွားများအနေဖြင့် စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ လက်ရှိလုပ်ငန်းမှ ဝင်ငွေအလွန်နည်းနေတတ်မည်။ ပြောဆိုထားသော ငွေကြေးကိစ္စများ အဆင်မပြေ ဖြစ်တတ်မည်။ အရေးကြီးကိစ္စများအတွက် တနလ်ာသားသမီးများနှင့် တိုင်ပင်ခြင်း၊ ၎င်းတို့ထံမှ အကြံဉာဏ်တောင်းခံခြင်းများ ပြုသင့်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိမိအိမ်ထောင်ဖက်အတွက် စိုးရိမ်ပူပန်ရခြင်းများရှိမည်။ အိမ်ထောင်ဖက်၏ ကျန်းမာရေး အလွန်ညံ့နေသည်ကို သတိထားပါ။ ဝန်ထမ်းဖြစ်ပါက ပြင်ပစီးပွားရေးလုပ်ငန်း တစ်ခုလုပ်ကိုင်လိုသောဆန္ဒများ ဖြစ်ပေါ်လိမ့်မည်။ ပညာရေးလိုက်စားသူများ ပညာရေး ကောင်းမည်ဖြစ်သော်လည်း ကျန်းမာရေးကြောင့် အခွင့်အရေး ဆုံးရှုံးရခြင်းများ ဖြစ်တတ်မည်။ အချစ်ရေးတွင် လူပျိုကြီး၊ အပျိုကြီးများစွဲတတ်မည်။ အောင်သွယ်ကောင်းများ ရှိနေခြင်းကြောင့် မထင်မှတ်ဘဲ အိမ်ထောင်ကျတတ်ခြင်းများရှိမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ နှလုံးအားနည်းခြင်း၊ အသည်းရောင်ခြင်းဝေဒနာများ ဖြစ်ပေါ်ခဲ့စားရတတ်သည်။ တူရာသီဖွားများ ယခုကာလ အတွင်း (၈၊ ၀၊ ၄၊ ၉)ဂဏန်းများဖြင့် ထီထိုး ကံစမ်းနိုင်သည်။

SCORPIO
ဗြိစ္ဆာရာသီ

(အောက်တိုဘာ - ၂၃ မှ နိုဝင်ဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို တန်ဆောင်မုန်းလမွေး)

ဤကာလအတွင်း စီးပွားရေးလုပ်ငန်းများတွင် မိမိကသာ ဦးဆောင်လုပ်ကိုင်လိုခြင်း၊ တစ်ဖွဲတ်ထိုး လုပ်ကိုင်တတ်ခြင်းများကြောင့်လည်း လုပ်ငန်းတွင် အဆင်မပြေဖြစ်ရမှုများ ရှိနေမည်။ လက်ရှိလုပ်ငန်းဖြင့်လည်း အကျိုးပေးနိုင်မည်။ တီထွင်ဆန်းသစ် လုပ်ကိုင်ရသော လုပ်ငန်းမျိုးဖြင့် လည်းကောင်း။ အထည်ချုပ်လုပ်ငန်းများဖြင့် လည်းကောင်း အကျိုးပေး ထက်သန်နိုင်မည်။ ရွှေထည်ပစ္စည်း ရောင်းဝယ်ခြင်း၊ အရည်စိမ်လုပ်ငန်း လုပ်ကိုင်သူများ အဆင်ပြေမှုများရှိတတ်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်တွင်းရေး သာယာမည်။ သားသမီးများနှင့်အတူ ခရီးများထွက်ရတတ်မည်။ ငယ်ရွယ်သူများ၏ အချစ်ရေးမှာ ရှုပ်ထွေးမှုများ ရှိနေတတ်သည်။ ချစ်သူ၏ အထင်မြင်လွဲမှား ခံရတတ်ခြင်းများလည်း ရှိနေလိမ့်မည်။ အလုပ်အကိုင်ရှာဖွေနေသူဖြစ်ပါက ယခုလ၏ ပထမပတ်အတွင်း သတင်းကောင်းများ ကြားရတတ်ခြင်း။ လုပ်ငန်းခွင် ဝင်ရတတ်ခြင်းများရှိမည်။ ယခုကာလအတွင်း ထိခိုက်အနာတရ ဖြစ်တတ်ခြင်း၊ ချော်လဲခြင်း၊ အမြင့်မှပြုတ်ကျတတ်ခြင်းများအတွက် အထူးသတိထားပါ။ ကျန်းမာရေးနှင့် ပတ်သက်၍ အစာမှား၊ ဆေးမှားတတ်ခြင်း၊ အစာအဆိပ်ဖြစ်တတ်ခြင်းများရှိမည်။ ယခုကာလအတွင်း ထီထိုးမည်ဆိုပါက (၁၊ ၀၊ ၂ ၉)ဂဏန်းများဖြင့် ထီထိုးကံစမ်းနိုင်သည်။

SAGITTARIUS
ဓနုရာသီ

(နိုဝင်ဘာ - ၂၃ မှ ဒီဇင်ဘာ - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို နတ်တော်လမွေး)

ဓနုရာသီဖွားများသည် ယခုကာလအတွင်း ဝင်ငွေကောင်းခြင်း၊ လာဘ်လာဘတိုးတက်ခြင်းများ ရှိမည်။ သို့သော် ငွေကြေးကိစ္စနှင့် ပတ်သက်ပြီး စကားအရြေအတင်ပြောရတတ်ခြင်း ရှိမည်။ ဝန်ထမ်းဖြစ်ပါကလည်း၊ ဌာနအတွင်း ဝန်ထမ်းအချင်းချင်း အဆင်မပြေမှု၊ အထက်လူကြီးများ၏ အထင်မြင်လွဲမှားခံရတတ်မှုများလည်း ရှိတတ်သည်။ အရာရာကို သည်းခံလိုက်ခြင်းဖြင့် အဆင်ပြေမှုများ ပြန်လည်ရရှိနိုင်မည်။ တစ်လအတွင်းရှိ အင်္ဂလိပ်လိုရက်များမှ (၁၊ ၅၊ ၉၊ ၁၁၊ ၁၄၊ ၁၇၊ ၂၄၊ ၂၈၊ ၂၉)ရက်များသည် သင့်အတွက် ကံကောင်းစေနိုင်သော ရက်များဖြစ်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိသားစု အေးချမ်းသာယာမည်၊ မိသားစုအတွင်း သားသမီးဦးရေတိုးလာလိမ့်မည်။ ငယ်ရွယ်သူများ အချစ်ရေးကို ဦးစားမပေးသင့်ပါ။ ပညာရေးလိုက်စားသူဖြစ်ပါက ပညာသင်ကြားရေးနှင့်ပတ်သက်၍ အခက်အခဲများ ရှိနေတတ်မည်။ အလုပ်အကိုင် ရှာဖွေနေသူဖြစ်ပါက မိမိနှင့်သင့်တော်မည့် အလုပ်အကိုင် တစ်ခုခုရရှိတတ်မည်။ ပြည်ပသို့သွားရန် စီစဉ်ထားမှုများလည်း အဆင်ပြေမည်။ သို့သော် အလိမ်ခံရပြီးမှ အဆင်ပြေတတ်မည် ဖြစ်သည်။ ကျန်းမာရေးမှာ အလုပ်ပင်ပန်းမှုဒဏ် ခံရတတ်ခြင်းများရှိမည်။ သင်သည် ထီထိုးမည်ဆိုပါက (၀၊ ၆၊ ၂ ၅) ဂဏန်းများဖြင့် ထီကံစမ်းနိုင်သည်။

ဆရာဦးခန့်ကျော်
(အတိဿန်ကျမ်းပြုပညာရှင်)

အမှတ်(၂၇)၊ရွှေအုန်းဖွင့်တုရားရွေးတန်း၊(၉)ရပ်ကွက်၊
ရေနက်ကြီး၊ ဝုန္နန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
(၉) ၀၉-၄၅၀၂၂၂၂၂၅

www.burmeseclassic.com